ပရိယတ္တိသာသနဟိတဓမ္မာစရိယ

ရွှေကျင်နာယက ဆရာတော်

အရှင်သံဝရာဘိဝံသ

# ဗုဒ္ဓနိုင်ငံတော်

(ဒုတိယတွဲ)

တတိယအကြိမ်

သာသနာ-၂၅၅၁ ကောဇာ-၁၃၇၀ ခရစ်-၂၀၀၈

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤပိဋကနိုင်ငံတော် ကျမ်းကြီး ၃-ကျမ်းတို့ကို အဆက်မပြတ်

လည်ပတ်ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ

ပညာသံဝေဂတ္တနိကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာများ

# (ဦးမြင့်လွင်) + ဒေါ်သင်းသင်း

# သား

# ဒေါက်တာချမ်းငြိမ်း+ဒေါက်တာစိုးစိုးညွန့်

# ကိုစောငြိမ်း, ကိုလှမျိုး, ကိုမင်းသန့်

ခြံအမှတ် (၈၈/၃)၊ ၈၅-လမ်း

၃၂×၃၃-လမ်းကြား၊ မန္တလေးမြို့

ကောင်းမှု

# ရကြေပါစေ၊ အမျှဝေ

"ဓမ္မအလှူ ဖြစ်စေဟူ"၍၊ ဘယ်သူမန္တီး၊ ကိုယ်တိုင်နိုးလျက်၊ ကောင်းကျိုးရမှု၊ ကောင်းစွာပြုသား၊ ကောင်းမှုပေါင်းကို၊ သောင်းစကြဝဠာ၊ များစွာတွက်ရေ၊ ကုဋေတစ်သိန်း၊ တွက်ကိန်းဆဆ၊ အနန္တလျှင်၊ ဝိသယ, အာဏာ၊ ဇာတိဟူသား၊ ခေတ်သုံးပါးဝယ်၊ များလှသတ္တဝါ၊ ဝေနေယျာကို၊ မေတ္တာသနား၊ ဝေငှကြား၏။

ထူးခြားထိုမှ၊ ဂုဏ်ကြီးလှသား၊ မိဘ, ဘွား, ဘိုး၊ ဆွေမျိုးညာ တကာ၊ ကုလာဇေဋ္ဌ၊ ဝယ, သီလာ၊ ပညာဝါဖြင့်၊ ဆရာအရှင်၊ ကျေးဇူးဖြင်သည်၊ ဝန်းကျင်တွင်းပ၊ စောင့်ရှောက်မ-သား၊ ဂေဟ ဒေဝတာ၊ ဆယ်ဖြာကျိုးနတ်၊ မြတ်ထွဋ်ကုန်ကျ၊ အဋ္ဌအရိယာ၊ ဒေဝါ, သက္က၊ ဗြဟ္မမဟာ၊ လောကပါလ၊ စဋ္ဌာဟက၊ ယမတွင်ခြင်း၊ နတ်မင်းအများ၊ နဂါး, ယက္ခ၊ ကုမ္ဘဏ္ဍနှင့်၊ ဂန္ဓဗ္ဗများ၊ လေးခြားဒေဝတာ၊ သုံးဖြာနတ်မျိုး၊ အရိုးရိုးလျှင်၊ တန်ခိုးအာဏာ၊ ဂုဏ်ရှိန်ဝါဖြင့်၊ ပြည်, ရွာ, တိုင်းကား၊ လူတလွှားကို၊ စီးပွားရှာရှာ၊ သာသနာကို၊ မချာနေ့, ည၊ စောင့်ရှောက်ကြသား၊ ဘူမ, ရုက္ခာ၊ အာကာသဋ္ဌ၊ တွင်နာမဖြင့်၊ ပဗ္ဗတများမြောင်၊ တော, တောင်, ကုန်းကျဉ်း၊ မြစ်ခပင်းနှင့်၊ အိုင်မင်း ၇-ဖြာ၊ သတ္တရဘန် ၇-ရပ်၊ ၅-ထပ်အာလိန်၊ တေဇာရှိန်သာ၊ ဒေဝိန္ဒရာဇ်၊ ဖြစ်ဖြစ်ကုန်ကြ၊ နတ်ထိုမျှကို၊ ရပါလေစေ၊ အမျှဝေ၏။

စိတ်စေတနာ၊ ဝမ်းပမ်းသာ၍၊ ငါတို့ကောင်းမှု၊ ပြုပြုသမျှ၊ ဤပုညကို၊ ဒိဗ္ဗစက္ခု၊ မြင်မှုမပြတ်၊ ဆတ်ဆတ်နတ်နား၊ ဆင့်ဆင့်ကြားက၊ တို့အားချစ်ခင်၊ မိဘသွင်သို့ ကြင်ကြင်နာနာ၊ စောင့်ကုန်ပါ၍၊ ချမ်းသာကဲမိုး၊ သစ်သစ်တိုးသည်၊ ကောင်းကျိုးဆဆ-ပွါးစေတည်း။ ။

သာဓု သာဓု သာဓု။

# ဗုဒ္ဓနိုင်ငံတော်

## အရှင်သံဝရာဘိဝံသ

(ဒုတိယတွဲ)

ရွှေကျင်နာယက ဆရာတော်

# အရှင်သံဝရာဘိဝံသ

# ဗုဒ္ဓနိုင်ငံတော်

(ဒုတိယတွဲ)

တတိယအကြိမ်

သာသနာ-၂၅၅၁ ကောဇာ-၁၃၇၀ ခရစ်-၂၀၀၈

ပုံနှိပ်မှတ်တမ်း

-----

တတိယအကြိမ်

အုပ်ရေ (၁၀၀၀)


၁၃၆၉-ခုနှစ်၊ (၂၀၀၈- ခုနှစ်)

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း

မှတ်ပုံတင်အမှတ် (၀၃၈၄၃ / ၀၂၄၀၅) က

ပုံနှိပ်ထုတ်ဝေပါသည်။



ဆရာတော် အရှင်သံဝရာ ဘိဝံသ
ပရိယတ္တိသာသနဟိတဓမ္မာစရိယ
စကြာရန်အောင်ရွှေကျောင်းတိုက်
ဖျာပုံမြို့။

## ပုံနှိပ်ပြီးသော ကျမ်းစာများ

၁။ သီလက္ခန်အဋ္ဌကထာ မြန်မာပြန်
၂။ ဝိသုဒ္ဓိရုံကစ္စည်းသုတ်နက်ဋီကာ
၃။ ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိကျမ်း
၄။ နှုတ်ငုံဆောင် ဝိသုဒ္ဓါရုံ ပရမတ္ထသရူပဆိုရိုး
၅။ သိရီမဟာမာယာဒေဝီဝတ္ထုနိဿယ
၆။ ဝိစိတြဝန္ဒနာ
၇။ မင်္ဂလာ့အမြုတေ
၈။ လင်္ကာဒိမဂ္ဂဒီပနီ
၉။ မဟာဗောဓိဒိမဂ္ဂဒီပနီ
၁၀။ မဟာဝိသုဒ္ဓါရာမတိုက်အုပ် ဆရာတော်ထေရုပ္ပတ္တိ
၁၁။ ဝိမိဿမဓုရရစနာ (အရှင်စန္ဒဇောတိ)
၁၂။ အမေးတော်ဖြေ
၁၃။ ဘူမိစာလနိဒါန်းကျမ်း
၁၄။ ဓာတွတ္ထသင်္ဂဟပါဠိ + နိဿယ
၁၅။ တထာဂတဥဒါနဒီပနီ (ပထမတွဲ)
၁၆။ စွယ်စုံကျော်ထင်ဂဏ္ဌိကျမ်း
၁၇။ လူနှင့်တူသောလူ
၁၈။ ဗုဒ္ဓနိုင်ငံတော် (ပထမတွဲ)
၁၉။ ဗုဒ္ဓနိုင်ငံတော် (ဒုတိယတွဲ)

## ဗုဒ္ဓနိုင်ငံတော် အတွဲ (၂)
### အကျဉ်းညွှန်ပြချက်

ဤဗုဒ္ဓနိုင်ငံတော် အတွဲ(၁)ဖြစ်စဉ် ရေးသားခဲ့သော စာပေရသရှိရုံမျှနှင့် တိကျပြတ်သားသော ခေတ်က လက်မခံသကဲ့သို့ တစ်ဘက်သတ်ဝါဒအရ ရေးသားရုံမျှနှင့် ကျယ်ပြန့်သော ဗဟုသုတ လိုက်စားလာကြသော ဤခေတ်ကလည်း လက်မခံဘဲ ဘက်ချန်၍ မထား ဝေဖန်ရေးမှသာ ခေတ်စာကြည့်ပရိသတ်တို့ အသိအမှတ်ပြုကြပေမည်။

ထေရဝါဒ သာသနာဝင် မှတ်တမ်းများ၌ မဟာယာနဂိုဏ်း အကြောင်းအရာများ အလျှင်းမရေးသားသည့်အပြင် ၎င်းသာသနာဝင်မှာလည်း သီဟိုဠ်က ရေးသား၍ ၎င်းတို့နှင့် ဆက်သွယ်သော အသောကမင်းတရား လက်ထက်တိုင်ရုံသာ မဇ္ဈိမသာသနာနှင့် အစွန်အနား တိုင်းပြည်များ၏အကြောင်း ရေးသားသဖြင့် ၎င်းတို့၌ ထေရဝါဒသာသနာ ၂၀၀၀- ကျော်အောင် တည်ရှိစေကာမူ ၎င်းမင်းတရားကြီးနောက် သာသနာ ဆိတ်သုဉ်းသကဲ့သို့ မှတ်ထင်ကြလေသည်။

၎င်းပြင်လက်ရှိ မြန်မာနိုင်ငံမှ ထေရဝါဒ သာသနာ့ မှတ်တမ်းများ၌လည်း အလွန်ကျဉ်းမြောင်းစွာ မြန်မာနိုင်ငံ တစ်ဝှန်းသက်သက်လောက်သာ ဖြစ်ပွားသော သာသနာ့အတ္ထုပ္ပတ်မျှ ရေးသားကြသဖြင့် အနီးအနား ဆက်စပ်သော တိုင်းပြည်များဖြစ်သည့် ရှမ်း, ယိုးဒယား, မွန်, ရခိုင် စသော တိုင်းပြည်များမှ သာသနာအဖြစ်အပျက်များ စုံလင်စွာမပါဘဲ အချို့သာသနာပြု ဌာနများကိုပင် သာသနာသုဉ်းသကဲ့သို့ ရေးသားကြလေသည်။

၎င်းပြင် မဟာယာန မှတ်တမ်းများ၌လည်း ထေရာဝါဒသာသနာ အကြောင်းအရာ အနည်းငယ်မျှ ရေးသားကြစေကာမူ အစစ်အမှန် သဘာဝအကျ ရေးသားခြင်းမဟုတ်ဘဲ ရှုတ်ချသော အနေအားဖြင့် ထေရဝါဒ သာသနာမှာ တင်းလွန်း၍ မပြည့်စုံဘဲ ခဲခက်ကျဉ်းမြောင်းသေးငယ် ယုတ်နိမ့်သော သာဝကယာန ဟိနယာန သာသနာသာဖြစ်ကြောင်း ရေးသားကြကုန်၏။

ထို့ကြောင့် သာသနာခေတ် နှစ်အားလျော်စွာ နောက်ပိုင်းသာသနာ့ အယူဝါဒများနှင့် ရေးသားကြသော သာသနာ့ ဂန္ထဝင်များ တိုင်းနိုင်ငံဒေသ ခေတ်အလိုက် ဖြစ်ပွားကြသည်များကို အတိအကျ သိရှိရန်နှင့် အမှန်အကန် လိုက်စားကြသောသူများ လက်မခံနိုင်သည့် သာသနာ့ အတ္ထုပ္ပတ် လိုလားအပ်သည့်အတိုင်း ဗုဒ္ဓသာသနာတော်ကြီး တစစကျယ်ပြန့်သွားကြသည်ကိုပြဆိုသော ဤဗုဒ္ဓနိုင်ငံတော် ဗုဒ္ဓဓမ္မ ပသာရဏကဏ္ဍ အတွဲ (၂)ကို ရေးသားတင်ပြအပ်ပေသည်။

၎င်း၌ သာသနာ ၁၀၀၀-အတွင်းက တရုတ်ပြည်ကြီးသို့ သာသနာပြန့်ကျယ်သွား၍ ၁၀၀၀-ကျော်မှာကား ၎င်းတရုတ်ပြည်ကြီးမှ မွန်ဂိုလီယား, ကိုးရီးယား, ဂျပန်တိုင်းနိုင်ငံတို့သို့၎င်း, တိဗက်, ဘူတန်စသော ဟိမဝန္တာနိုင်ငံများသို့၎င်း, ပြန့်ကျယ်သော အလွန်ထွန်းကားသော မဟာယာန သာသနာ့ခေတ်ကြီး ဖြစ်ထွန်းလာပြီး ဗုဒ္ဓနိုင်ငံတော်ကြီးသည် အလွန်ကြီးကျယ်ခမ်းနား ကမ္ဘာ့ဘာသာကြီး ဖြစ်ပွားလာခဲ့လေသည်။

သာသနာတော် ၁၅၀၀-ကျော်ခေတ်မှာကား အရှေ့ဖျားနိုင်ငံများတို့ မူလထေရဝါဒ တည်ထွန်းရာ သုဝဏ္ဏဘူမိ တိုင်းဌာနမှာ တစစ ကျယ်ပြန့်သွားသည့်အပြင် မဟာယာန သာသနာ့ နိုင်ငံတော်များမှလည်း နီးစပ်သောနိုင်ငံများသို့ ၎င်းတို့ဝါဒ တစစ တိုးဝင်လာခဲ့ရာ များသောအားဖြင့် ၂၀၀၀-ကျော် ခေတ်မှာကား ၎င်းအရှေ့ဖျားနိုင်ငံများ၌ ထေရဝါဒ သာသနာလွှမ်းမိုးလျက် ယခုခေတ်မှာမူ မြန်မာ, ယိုးဒယား, ကမ္ဘောဒီးယား, လာအိုနိုင်ငံများ၌ ထေရဝါဒဗုဒ္ဓ သာသနာတော်သာ ထွန်းကားနေလေသည်။

ဤဗုဒ္ဓနိုင်ငံတော် အတွဲ -၂ ၌ ဆိုခဲ့ပြီးသော ဗုဒ္ဓသာသနာတော် အနှစ်-၂၀၀ကျော် ခေတ်အတွင်း၌ ထွန်းကားသော သာသနာ့နိုင်ငံတော် ပြန့်နှံ့ရာ တိုင်းနိုင်ငံများမှာ ဆုတ်ယုတ်တိုးပွားခြင်းများ ပြဆိုရေးသား၍ နိုင်ငံနှင့်ခေတ်အားလျော်စွာ ထွန်းကားသော ဝါဒအရ သိရှိမှတ်သားနိုင်ရန် ဖော်ပြရပေသတည်း။

✪✪✪✪✪

## ကျမ်းပြုဆရာတော် အရှင်သံသရာဘိဝံသက ဦးလာဘာဝတ (ယခု မိတ္ထီလာမြို့ အသောကာရုံရေလည်ဆရာတော်)အား နှုတ်တိုက်ရွတ်ဆို ချီးမြှင့်ခဲ့သော အာသီသ ပတ္ထနာ ၄-ဂါထာ

------- x --------

၁။ ဗုဒ္ဓဓမ္မော တဒါ စာရီ၊ လောကံ ပါလေတု အာယတိံ။
ဒဒါတု စ လောကသန္တိံ၊ ပါပေတု နိရုပဒ္ဒဝံ။ ။

ဗုဒ္ဓဓမ္မော၊ နည်းမှန်လမ်းမှန်၊ တကယ်တန်းကျင့်ကြံ အားထုတ်အပ်သော၊ ဗုဒ္ဓတရားတော်မြတ်သည်။ တဒါ'စာရီ၊ ထိုဗုဒ္ဓတရားတော်အရ နည်းလမ်းကျကျ ကျင့်ကြံအားထုတ်ကြသော။ လောကံ၊ လူ, နတ်, ဗြဟ္မာ၊ သတ္တဝါအပေါင်းကို။ အာယတိံ၊ ယနေ့မှနောက်၊ ခေတ်တလျှောက်လုံး၌။ ပါလေတု၊ 'ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ'- တရားနှင့်ညီစွာ၊ စောင့်ရှောက်နိုင်ပါစေသတည်း။ ဗုဒ္ဓဓမ္မော၊ တကယ်တန်းငြိမ်းချမ်းခြင်းကို၊ ပေးစွမ်းနိုင်သော ဗုဒ္ဓတရားတော်မြတ်သည်။ လောကသန္တိံ၊ အတွင်းကပူ၊ အပြင်ကပူသူနှင့်၊ ဆူပူသောင်းကြမ်း၊ ဘေးဘျမ်း ထူပြောသော လောကကြီး၏ ငြိမ်းချမ်းခြင်းကို။ ဒဒါတု၊ 'ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ'- တရားနှင့်ညီစွာ၊ ပေးစွမ်းတော်မူနိုင်ပါစေသတည်း။ စ၊ ထိုမှတပါး။ ဗုဒ္ဓဓမ္မော၊ နည်းမှန်လမ်းမှန်၊ တကယ်တန်း ကျင့်ကြံအားထုတ်အပ်သော၊ ဗုဒ္ဓတရားတော်မြတ်သည်။ နိရုပဒ္ဒဝံ၊ ကမ္ဘာကြီး ဖျက်မဟဲ့လို့၊ တစ်ဖက်နှင့်တစ်ဖက်၊ အပြိုင်အဆိုင် ကြိုးစားနေကြသော အဏုမြူစသော၊ ဥပဒ္ဒဝေါမရှိသော လောကကြီးသို့။ ပါပေတု၊ 'ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ'- တရားနှင့်ညီစွာ၊ မရောက်ရောက်အောင် ပို့ဆောင်နိုင်ပါစေသတည်း။ ။

၂။ အန္ဓိဘူတ ဘုဝနသ္မိံ၊ ဇာလေတု စ ဟုတာသနိံ။
နုဇုဘူတ ပထာစာရိံ၊ အာနေတု ဥဇုပဒ္ဓဝိံ။ ။

ဗုဒ္ဓဓမ္မော၊ တရားတည်းဟူသော အလင်းရောင်ကို၊ ပေးစွမ်းနိုင်သော ဗုဒ္ဓတရားတော်မြတ်သည်။ အန္ဓိဘူတ ဘုဝနသ္မိံ၊ တရားလမ်းမကြိုက်၊ အမှားလမ်းလိုက်၍၊ အမိုက်အတိ ဖြစ်၍နေသော လောကကြီး၌။ ဟုတာသနိံ၊ တရားမှန် အရောင်အလင်း၊ ထွန်းလင်းတောက်ပနိုင်သော မီးပုံကြီးကို။ ဇာလေတု၊ 'ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ'- တရားနှင့်ညီစွာ၊ ညီထွန်းတောက်ပနိုင်ပါစေသတည်း။ ဗုဒ္ဓဓမ္မော၊ အလယ်အလတ်၊ ကျင့်ကြံအပ်သော၊ ဗုဒ္ဓတရားတော်မြတ်သည်။ နုဇုဘူတ ပထာစာရိံ (န+ဥဇုဘူတ+ပထာစာရိံ)၊ လောကီလမ်းအမှောင့်တရားတို့ဖြင့်၊ အဖြောင့်မသွားဘဲ၊ လမ်းမှားသို့ လိုက်နေကြသည့်၊ လူ, နတ်, ဗြဟ္မာ၊ သတ္တဝါအပေါင်းကို။ ဥဇုပဒ္ဓဝိံ၊ မဇ္ဈိမပဋိပတ်၊ အကျင့်မြတ်ဖြင့်၊ ပရိယတ် မှတ်ကျောက်,

အတင်ခံနိုင်သည့်၊ တရားလမ်း အဖြောင့်အမှန်သို့။ အာနေတု၊ 'ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ'- တရားနှင့်ညီစွာ၊ ဆွဲဆောင်တော်မူနိုင်ပါစေသတည်း။

၃။ ပကာသေတု သစ္စဝါဒီ၊ မာနေတု စာ'ရိယပထိ။
တ ဒနု စ ပဋိပတ္တိ၊ ပါပေတု တံ နိရူပဓိ။ ။

ဗုဒ္ဓဓမ္မော၊ ဗုဒ္ဓ၏ အမှန်ဝါဒ, သစ္စာတရားတော်မြတ်သည်။ သစ္စဝါဒီ၊ နည်းမှန်လမ်းကျ သစ္စာဝါဒကို။ ပကာသေတု၊ 'ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ'- တရားနှင့်ညီစွာ၊ ထင်ရှားအောင်မသွေ၊ ပြသတော်မူနိုင်ပါစေသတည်း။ စ၊ ထိုမှတပါး ဆုတောင်းခြင်းကား။ ဗုဒ္ဓဓမ္မော၊ အလင်းထိန်လက်၊ ဓမ္မစက်သည်။ အရိယာပထိ၊ အရိယာအရှင်မြတ်တို့၏ တက်လမ်း၊ မဂ်, ဖိုလ် စခမ်းကို။ မာနေတု၊ 'ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ'- တရားနှင့်ညီစွာ၊ နှစ်သက်မြတ်နိုးတော်မူနိုင်ပါစေသတည်း။ တံ၊ ထို လူ, နတ်, ဗြဟ္မာ၊ သတ္တဝါအပေါင်းကို။ နိရူပဓိ၊ သံသရာစက်၏ အမှောင့်တရား, ကာမုပဓိ, ခန္ဓုပဓိ, ကိလေသုပဓိ, အဘိသင်္ခါ-ရုပဓိ တည်းဟူသော ဥပဓိလေးတန်၊ ချုပ်ရာမှန်သည့်၊ နိဗ္ဗာန်ချမ်းသာမြတ်ကြီးသို့။ ပါပေတု၊ မရောက်ရောက်အောင်၊ ပို့ဆောင်တော်မူနိုင်ပါစေသတည်း။ ။

၄။ ကပ္ပံ ဌာတု ဗုဒ္ဓဝါဒီ၊ ကပ္ပံ ဌာတု ဗုဒ္ဓဘာဏီ။
ကပ္ပံ ဘာတု ဓမ္မရံသီ၊ ကပ္ပံ ပါတု ဓမ္မစာရီ။ ။

ဗုဒ္ဓဝါဒီ၊ အကြောင်းအကျိုး ဆက်စပ်၍၊ ဟောကြားအပ်သည့်၊ လေးရပ်သော သစ္စာဓမ္မ ဗုဒ္ဓဝါဒတော်သည်။ ကပ္ပံ၊ လူတို့သက်တန်း, အရှည်တည်နေသမျှ၊ အာယုကပ် ကာလပတ်လုံး။ ဌာတု၊ တရားအမှန်၊ ကျင့်ကြံကာ အရှည်ခန့်၍ တည်တံ့ခိုင်မြဲပါစေသတည်း။

ဗုဒ္ဓဘာဏီ၊ ဘုရားရှင်နှုတ်တော်မှ၊ ထုတ်ဖော်ဟောကြား၊ ဓမ္မက္ခန်တရားတော်သည်။ ကပ္ပံ၊ လူတို့ သက်တန်း, အရှည်တည်နေသမျှ၊ အာယုကပ် ကာလပတ်လုံး။ ဌာတု၊ သင်အံ လေ့ကျက်၊ ဆောင်ရွက်ကြကာ၊ အစွန့်ရှည်ကြာအောင် တည်ပါစေသတည်း။

ဓမ္မရံသီ၊ မတရား အမှေ့, အမှောင်ခွင်းနိုင်သည့်၊ တရားဓမ္မ, အလင်းရောင်သည်။ ကပ္ပံ၊ မတရားစရိုက်၊ အမှားလိုက်လျက်၊ အမိုက်အတိဖြစ်၍နေသော ကပ္ပါအတွင်းသို့။ ဘာတု၊ အမိုက်ပယ်ဖျောက်၊ အလင်းရောက်လျက် ထွန်းတောက်ပါစေသတည်း။

ဓမ္မစာရီ၊ ပရိယတ်ဓမ္မက္ခန်နှင့်၊ တရားလမ်းမှန်ကို၊ လေ့လာကျင့်ကြံတော်မူကြသော သံဃာတော်သည်။ ကပ္ပံ၊ ကိုယ်ကျင့်တရား, ပျက်ပြား၍၊ အမှားဘက်အားသန်ကာ၊ မိစ္ဆာဝါဒ ဖုံးလွှမ်းနေသော လောကကြီးကို။ ပါတု၊ အမှားကင်းပျောက်၊ အမှန်ရောက်အောင်၊ စောင့်ရှောက်ကယ်တင်ပါစေသတည်း။ ။

# ဗုဒ္ဓနိုင်ငံတော် (ဒုတိယတွဲ)

ဗုဒ္ဓ ဓမ္မ ပသာရဏ ကဏ္ဍ

## ပုံတော် မာတိကာ

ဦးရေ | အကြောင်းအရာ | စာမျက်နှာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဆရာတော် အရှင်သံဝရာဘိဝံသပုံ | [ ၇ ] |
| ၂။ | အသောကနိုင်ငံတော်နှင့် သာသနာပြု (တိုင်း)ဌာန ကျောက်စာ, ကျောက်တိုင်ဌာနများ | [၂၆], [၂၇] |
| ၃။ | သာသနာ ၁၆၀၀-၁၇၀၀-ဗုဒ္ဓနိုင်ငံတော် ပျံ့ပွါးသော တိုင်းနိုင်ငံ ဒေသများ | [၂၈], [၂၉] |
| ၄။ | ဂန္ဓာရတိုင်း၊ တက္ကသီလမှ တူးဖေါ်ရရှိသောဗုဒ္ဓရုပ်ပွားတော် | ၈၄ |
| ၅။ | ဝေဒိဿစေတီ တံခါးမုခ် | ၁၂၀ |
| ၆။ | ဝေဒိဿ ဆန်ချီ စေတီတော် | ၁၂၀ |
| ၇။ | သုဝဏ္ဏဘူမိ ပထမ ရွှေတိဂုံ စေတီတော် | ၁၄၀ |
| ၈။ | အသောက မင်းတရား ကျောက်တိုင် | ၁၇၃ |
| ၉။ | အသောက မင်းတရား လိုဏ်ဂူတော် | ၁၇၃ |
| ၁၀။ | ကန္ဒီသျှကနိုင်ငံတော် | ၂၀၉ |
| ၁၁။ | တရုတ်ပြည်၊ စိနရဋ္ဌ ဗုဒ္ဓရုပ်ပွါးတော် | ၂၇၆ |
| ၁၂။ | တရုတ်ပြည် ဗုဒ္ဓရုပ်ပွါးတော် | ၂၇၇ |
| ၁၃။ | တရုတ်ရဟန်းတော်ဝှင်သျှင်၏-အိန္ဒိယ ခရီးစဉ်နိုင်ငံများ | ၃၂၅ |
| ၁၄။ | ပုဂံမြို့၊ ရွှေစည်းခုံစေတီတော် | ၄၁၇ |
| ၁၅။ | ယိုးဒယားပြည်၊ နဂေါ်ရ်ပထုမ် နဂရပထမစေတီတော် | ၄၆၁ |
| ၁၆။ | ကမ္ဘူဇ ကမ္ဘောဒိယ အံကော်ဝပ် ကျောက်ကျောင်းတော်ကြီး | ၄၆၂ |

# ဗုဒ္ဓနိုင်ငံတော် (ဒုတိယတွဲ)

## ဗုဒ္ဓ ဓမ္မ ပသာရဏ ကဏ္ဍ

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပထမ သံဂါယနာ တင်ကြောင်း | ၁ |
| ၂။ | ပဥ္စသတိက ပထမ သံဂါယနာ တင်တော်မူကြခြင်း | ၄ |
| ၃။ | အရှင်အာနန္ဒာ ရဟန္တာဖြစ်ခြင်း | ၇ |
| ၄။ | မထေရ်အဆက်ဆက်တို့ ပိဋက ဆောင်ရွက်တော်မူကြခြင်း | ၈ |
| ၅။ | နိကာယ် ၅-ဖြာ, အင်္ဂါ ၉-ပါးစသည် ပိုင်းခြားသံဂါယနာတင်ခြင်း | ၈ |
| ၆။ | သာသနာပြု မင်းများ | ၁၇ |
| ၇။ | အဇာတသတ်မင်း နန်းစံနှစ် | ၂၁ |
| ၈။ | သာသနာပြု မထေရ်များ၏ အဆက်အနွယ် | ၂၁ |
| ၉။ | ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာချီးမြှောက်သော မင်းဆက်များ | ၂၅ |
| ၁၀။ | သာသနာ၌ အဓမ္မဝါဒီ ၁၀-ပါးဖြင့် ကွဲပြားခြင်း | ၃၀ |
| ၁၁။ | ဒုတိယ သံဂါယနာအကြောင်း မှတ်ဖွယ်ရာများ | ၃၁ |
| ၁၂။ | အဓိကရုဏ်း ဆုံးဖြတ်ရန် ၂-ဖက်သံဃာ ရွေးကောက်ခြင်း | ၃၇ |
| ၁၃။ | စည်းဝေးရန်နေရာ စိစစ်ကြခြင်း | ၃၈ |
| ၁၄။ | ဂိုဏ်းကွဲ မဟာသံဃိက သံဂါယနာ | ၄၁ |
| ၁၅။ | ၁၈-ဂိုဏ်း ကွဲပြားခြင်း | ၄၂ |
| ၁၆။ | ဒုတိယ နှစ် ၂၀၀-အတွင်း သာသနာဝင်မင်းများ | ၄၄ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | မောရိယနိုင်ငံအကြောင်း | ၄၆ |
| ၁၈။ | ဇာနက္က-စာနကျပုဏ္ဏားကြီး မဂဓနိုင်ငံသစ် တည်ထောင်ခြင်း | ၄၇ |
| ၁၉။ | ယောနက (ဂရိတ် )များနှင့် စန္ဒဂုတ်တွေ့ခြင်း | ၅၀ |
| ၂၀။ | တိုင်းပြု, ပြည်ပြု, သာသနာပြု အသောကမင်းတရား | ၅၃ |
| ၂၁။ | အသောကမင်းသားအား ဥဇ္ဇေနီမြို့စား ခန့်အပ်ခြင်း | ၅၇ |
| ၂၂။ | ဒုတိယအမိန့်တော် ကျောက်စာ | ၆၂ |
| ၂၃။ | အသောကမင်းတရား၏ စစ်တပ်တော်အင်အား | ၆၄ |
| ၂၄။ | ၁၃-ခုမြောက် ကလိင် အမိန့်တော်ကျောက်စာ | ၆၆ |
| ၂၅။ | ဓမ္မမဟာမတ္တ ကျောက်စာဌာန သာသနာပြုဌာနခန့်ခြင်း | ၇၁ |
| ၂၆။ | သာသနာတော်၌ အတွင်းသူပုန် ဖြစ်ပွားခြင်း | ၇၂ |
| ၂၇။ | အရှင်မောဂ္ဂလိပုတ္တမထေရ်ပင့်၍ သာသနာပြုခြင်း | ၇၃ |
| ၂၈။ | ကုက္ကုဋာရာမ အသောကာရုံကျောင်းတော်ကြီးအကြောင်း | ၇၃ |
| ၂၉။ | အရှင်မောဂ္ဂလိပုတ္တမထေရ် တိတ္ထိတို့၏ဝါဒ ရှင်းလင်းသာသနာပြုခြင်း | ၇၈ |
| ၃၀။ | ၉-တိုင်း၊ ၉-ဌာန သာသနာပြု စေလွှတ်တော်မူသောအကြောင်း | ၈၀ |
| ၃၁။ | ၁။ ကသ္မီရ, ဂန္ဓာရတိုင်း သာသနာပြုခြင်း | ၈၁ |
| ၃၂။ | ၎င်းကသ္မီရတိုင်း မြို့နယ်များအကြောင်း | ၈၃ |
| ၃၃။ | ကနိသကမင်းဆက်နှင့် မဟာသံဃိကဂိုဏ်းသာသနာ | ၈၇ |
| ၃၄။ | ကသ္မီရတိုင်း၌ အာဒိစ္စမင်းမျိုးများအုပ်စိုး၍ သာသနာပြုခြင်း | ၈၈ |
| ၃၅။ | ဂန္ဓာရတိုင်းသာသနာ တက္ကသီလမြို့တော် | ၉၀ |
| ၃၆။ | ၂။ မဟိံသကမဏ္ဍလ သာသနာပြုဌာန | ၉၄ |
| ၃၇။ | ရဟန်းတော်ဝှင်သျှင်မှတ်တမ်း ကဋ္ဌိပူရမြို့ | ၉၆ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၈။ | ဒက္ခိဏပထတောင်ပိုင်း၌ သာသနာနှင့် စေတီပုထိုး စသည်များ | ၉၆ |
| ၃၉။ | ၎င်းသာသနာမှာ ကျောက်စာဖြင့် သာ၍ထင်ရှားခြင်း | ၉၉ |
| ၄၀။ | ၃။ ဝနဝါသီ သာသနာပြုဌာန ၎င်းအစဉ်အဆက် | ၁၀၀ |
| ၄၁။ | ၎င်းတိုင်း၌ ကျောက်စာအရ သာသနာရောက်ခြင်းအကြောင်း | ၁၀၂ |
| ၄၂။ | ၄။ အပရန္တ အနောက်တိုင်းသာသနာပြုဌာန | ၁၀၄ |
| ၄၃။ | အပရန္တတိုင်း အပိုင်းအခြားနိုင်ငံများ | ၁၀၆ |
| ၄၄။ | သုရဋ္ဌတိုင်း ဘုရင်ငယ် အုပ်ချုပ်ခြင်း၊ ပေတဝတ္ထု | ၁၀၇ |
| ၄၅။ | အပရန္တတိုင်း နယ်ပယ်ဒေသများ | ၁၀၉ |
| ၄၆။ | ပထမသာသနာပြုဌာန အပရန္တတိုင်းနေရာ | ၁၁၀ |
| ၄၇။ | ၅။ မဟာရဋ္ဌတိုင်း သာသနာ၊ အစဉ်အဆက်အကြောင်း | ၁၁၄ |
| ၄၈။ | မဟာရဋ္ဌ အမည်နှင့် အပိုင်းအခြား | ၁၁၇ |
| ၄၉။ | ၎င်းခေတ်နှင့် မင်းများပြောင်းလဲခြင်း သာသနာတော် | ၁၁၈ |
| ၅၀။ | ၆။ ယောနရဋ္ဌ သာသနာပြုဌာန ၎င်းအစဉ်အဆက် | ၁၂၃ |
| ၅၁။ | တူရကီစတန်, အာဖဂန်နီစတန်နယ် ဗုဒ္ဓသာသနာ, တရုတ်ရဟန်းတော်များ မှတ်တမ်းသာသနာ | ၁၂၈ |
| ၅၂။ | ၎င်းနိုင်ငံ တရုတ်ရဟန်းတော် ဝှင်ရှင်မှတ်တမ်း | ၁၂၉ |
| ၅၃။ | ၇။ ဟိမဝန္တာ သာသနာပြုဌာန ၎င်းအစဉ်အဆက် | ၁၃၀ |
| ၅၄။ | ဝူဌာန်တိုင်းနိုင်ငံသို့ တရုတ်ရဟန်းတော်ရောက်ခြင်း | ၁၃၃ |
| ၅၅။ | ၎င်းမထေရ်များ *(အကြောင်းကို)*ကျောက်စာဌာန*(က)* တွေ့ရှိခြင်း | ၁၃၄ |
| ၅၆။ | ၈။ သာသနာပြုဌာန သုဝဏ္ဏဘူမိတိုင်း | ၁၃၆ |
| ၅၇။ | ဆုမတြာကျွန်းမည်*(တွင်ခြင်းအ)*ကြောင်း | ၁၄၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၈။ | ၉။ နဝမသာသနာပြုဌာန လင်္ကာဒီပအကြောင်း | ၁၄၃ |
| ၅၉။ | အသောကမင်းတရား စိုးစံသောနှစ်(ကျောက်စာအရ) | ၁၄၇ |
| ၆၀။ | ၎င်းမင်းတရား၏ လုမ္ဗိနီသွား အခြားမှတ်တမ်း | ၁၅၂ |
| ၆၁။ | မင်းတရားကြီး ဓမ္မစကြာ ဟောမြွက်ရာ မိဂဒါဝုံသို့ရောက်ခြင်း | ၁၅၅ |
| ၆၂။ | မင်းတရားကြီး သာဝတ္ထိဇေတဝန်ကျောင်းတော်သို့ကြွခြင်း | ၁၅၅ |
| ၆၃။ | ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရ, တာဝတိံသာမှဆင်းရာ သင်္ကဿသို့ | ၁၅၆ |
| ၆၄။ | မင်းတရားကြီး ကျောက်စာတော်များ အကြောင်း | ၁၅၈ |
| ၆၅။ | ကျောက်ပြား ၁၄-ချပ် | ၁၅၉ |
| ၆၆။ | ကျောက်တိုင် ၇-တိုင်၊ သိလာထမ္ဘာ နုသာသနီ | ၁၆၇ |
| ၆၇။ | ကျောက်ချပ်ငယ် ၅-ခု | ၁၇၅ |
| ၆၈။ | ပဥ္စသီလာပတ္တာနုသာသန | ၁၇၅ |
| ၆၉။ | ကျောက်တိုင်ငယ် ၆-တိုင်၊ ဆခုဒ္ဒက သိလာထမ္ဘ လေခါ | ၁၇၈ |
| ၇၀။ | လိုဏ်ဂူကျောက်စာ ၃-ခု၊ ဂုဟာ လေခါယော | ၁၈၀ |
| ၇၁။ | မောရိယမင်းဆက်များ, အသောကမင်းကြီး နောက်ခေတ် | ၁၈၃ |
| ၇၂။ | မဟာသံဂိတိဂိုဏ်းသားများ တည်ရှိကြကြောင်း | ၁၈၅ |
| ၇၃။ | ထေရဝါဒဂိုဏ်း သာသနာတည်ရှိခြင်းအကြောင်း | ၁၈၆ |
| ၇၄။ | မောရိယမင်းဆက်များ | ၁၈၇ |
| ၇၅။ | မောရိယနိုင်ငံတော် အပိုင်းအခြား | ၁၈၉ |
| ၇၆။ | မင်းတရား၏ အဆက်အနွယ် ဝါဒကွဲမှတ်တမ်းများ | ၁၈၉ |
| ၇၇။ | အခြား သာသနာဝင် ဘုရင်များ အာဏာလွှမ်းမိုးခြင်း | ၁၉၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၈။ | သာသနာတော် စတုတ္ထနှစ်ရာ(စု)အတွင်း ဖြစ်ပွားသောအကြောင်း | ၁၉၃ |
| ၇၉။ | ယောနက (ဂရိတ်)များ တဖန် ဝင်ရောက်လာခြင်း | ၁၉၅ |
| ၈၀။ | မိလိန္ဒမင်းကြီး ဖွားရာဇာတိ တိုင်းနယ်အကြောင်း | ၁၉၆ |
| ၈၁။ | ၎င်းမိလိန္ဒမင်း၏ မြို့တော်တည်ရာဌာန | ၁၉၇ |
| ၈၂။ | မိလိန္ဒမင်းကြီး၏ အဆက်အနွယ်အကြောင်း | ၁၉၈ |
| ၈၃။ | အနှစ် ၉၀၀-ကျော် တရုတ်ရဟန်းတော်တို့ရောက်စဉ် | ၂၀၀ |
| ၈၄။ | သာသနာနှစ် ၄-ရာစု သီဟိုဠ်သာသနာအကြောင်း | ၂၀၂ |
| ၈၅။ | မဟာစေတီ တည်ရာ၌ ဇမ္ဗူဒီပမှ ရဟန္တာများကြွခြင်း | ၂၀၂ |
| ၈၆။ | သာသနာနှစ် ၄-ရာစု အဖြစ်အပျက် အကျဉ်းချုပ် | ၂၀၄ |
| ၈၇။ | သာသနာနှစ် ၅-ရာစုအတွင်း သာသနာ့နိုင်ငံတော်အကြောင်း | ၂၀၇ |
| ၈၈။ | အနောက်မြောက်ပိုင်း တိုင်းနယ်တို့၌ သာသနာ့နိုင်ငံတော် | ၂၁၁ |
| ၈၉။ | ၎င်း ၅-ရာစု, သီဟိုဠ်သာသနာတော်, စတုတ္ထသံဂါယနာအကြောင်း | ၂၁၃ |
| ၉၀။ | ၎င်းသံဂါယနာတင် ရဟန္တာများရွေးကောက်တော်မူခြင်း | ၂၁၄ |
| ၉၁။ | သီဟိုဠ်ကျွန်း၌ ဂိုဏ်းကြီး ၃-ဂိုဏ်း ကွဲပြားလာခြင်း | ၂၁၆ |
| ၉၂။ | စတုတ္ထသံဂါယနာ ပေထက်တင်သည်တိုင် မထေရ်အဆက် | ၂၁၇ |
| ၉၃။ | ၎င်း ၅-ရာစု သုဝဏ္ဏဘူမိ သာသနာတော် | ၂၁၈ |
| ၉၄။ | ၎င်းဟိမဝန္တာ သာသနာတော် | ၂၁၈ |
| ၉၅။ | ၆-ခုမြောက် သာသနာ နှစ်ရာစုအကြောင်း | ၂၁၉ |
| ၉၆။ | ဆီသီယန် သာကမင်းမျိုးတို့ အနောက်မြောက်တိုင်းတို့သို့ဝင်ခြင်း | ၂၂၀ |
| ၉၇။ | ၆-ရာစုသာသနာ, အခြားတိုင်းနယ်များ | ၂၂၁ |
| ၉၈။ | ၎င်းအခြား အပရန္တ သာသနာစသည် | ၂၂၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၉။ | သာသနာနှစ် ၆-ရာစု သီဟိုဠ်သာသနာအကြောင်း | ၂၂၂ |
| ၁၀၀။ | သာသနာ့ဘေးရန်များ, ခရစ်သက္ကရစ်ဖြစ်လာခြင်း | ၂၂၄ |
| ၁၀၁။ | ဂျွန်ဘက်ပတစ်စ်သည် ဗုဒ္ဓဝါဒမှ သက်ဆင်းလာခြင်း | ၂၂၄ |
| ၁၀၂။ | သာသနာနှစ် ၇၀၀-အတွင်း၌ သာသနာ့နိုင်ငံတော် | ၂၂၇ |
| ၁၀၃။ | မဇ္ဈိမမှ အခြားတိုင်းနယ် သာသနာတော် | ၂၂၈ |
| ၁၀၄။ | သာသနာနှစ် ၇၀၀-အတွင်း အနောက်မြောက်တိုင်းသာသနာ | ၂၂၉ |
| ၁၀၅။ | ကနိသကမင်း အုပ်စိုးခြင်း, သာသနာပြုခြင်း | ၂၂၉ |
| ၁၀၆။ | ၎င်းလက်ထက် သဗ္ဗတ္ထိကဝါဒီဂိုဏ်း ပိဋကတ်တော် | ၂၃၃ |
| ၁၀၇။ | ၎င်းလက်ထက် သက္ကတဘာသာအားဖြင့် သံဂါယနာတင်ခြင်း | ၂၃၄ |
| ၁၀၈။ | ၎င်းသံဂါယနာတင်သော ဝိဘာသာဗျာချာနီကာ ၃-ကျမ်း | ၂၃၅ |
| ၁၀၉။ | ၎င်းသံဂါယနာတင် နှစ်အပိုင်းအခြား | ၂၃၆ |
| ၁၁၀။ | မဟာသံဃိကဂိုဏ်းနှင့် ဗြာဟ္မဏဘာသာ | ၂၃၈ |
| ၁၁၁။ | အရှင်နာဂအဇ္ဈုန မဇ္ဈိမိကဂိုဏ်း တည်ထောင်ကြောင်း | ၂၄၀ |
| ၁၁၂။ | သီလာဒိစ္စဘုရင်နှင့် ထေရဝါဒမထေရ်များ | ၂၄၂ |
| ၁၁၃။ | ၇-ရာစုအတွင်း ထေရဝါဒ သာသနာ့ဌာနများ | ၂၄၄ |
| ၁၁၄။ | ၎င်း ၇-ရာစုအတွင်း တရုတ်ပြည် သာသနာတော်အကြောင်း | ၂၄၅ |
| ၁၁၅။ | တရုတ်ပြည်၌ သာသနာ တည်မြဲစွာရောက်ခြင်း | ၂၄၇ |
| ၁၁၆။ | ဗုဒ္ဓသာသနာပြု မင်းထီးလက်ထက် တာအိုသာသနာနှင့် ပြိုင်ခြင်း | ၂၄၉ |
| ၁၁၇။ | ၎င်းလက်ထက် မင်းမောင်းမ ၁၉၀-ဘိက္ခုနီမဖြစ်ခြင်း | ၂၅၀ |
| ၁၁၈။ | ၎င်း ၇-ရာစုနောက်ခေတ် တရုတ်ပြည်သာသနာတော်ဆက် | ၂၅၂ |
| ၁၁၉။ | ၎င်းပြည် အများဂိုဏ်း သာသနာအကြောင်း | ၂၅၃ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၀။ | တရုတ်ပြည် ၇-ရာစု၏ ရှေးဘာသာဝါဒများ | ၂၅၃ |
| ၁၂၁။ | သာသနာ ၈-ရာစုနှင့် ၉-ရာစု အဖြစ်အပျက်များ | ၂၅၅ |
| ၁၂၂။ | သာသနာ အနှစ် ၉၀၀-နှင့် ၉၀၀ကျော်အကြောင်း | ၂၅၆ |
| ၁၂၃။ | အရှင်မဟာဗုဒ္ဓဃောသ အတ္ထုပ္ပတ္တိ | ၂၅၇ |
| ၁၂၄။ | ၎င်းခေတ် မရှိမစသည် သာသနာရေးများ | ၂၅၉ |
| ၁၂၅။ | ထေရဝါဒနှင့် မဟာယာနဓမ္မသဘာ | ၂၆၃ |
| ၁၂၆။ | အရှင်ဗုဒ္ဓဃောသနှင့် အဋ္ဌကထာများ | ၂၆၆ |
| ၁၂၇။ | နာလန္ဒကျောင်းတိုက်ကြီးနှင့် မဟာသံဃိကဂိုဏ်း | ၂၇၈ |
| ၁၂၈။ | မဓျာမိက, ယောဂါစာရ မဟာယာန ၂-ဂိုဏ်းအကြောင်း | ၂၈၁ |
| ၁၂၉။ | ဗာလာဒိစ္စမင်းတရား၏ ထူးခြားသောအတ္ထုပ္ပတ် | ၂၈၃ |
| ၁၃၀။ | ရဟန်းတော် ဝှင်သျှင်၏မှတ်သားချက် | ၂၈၄ |
| ၁၃၁။ | တရုတ်ရဟန်းတော် ယွန်ချောင်၏မှတ်တမ်းအကျဉ်း | ၂၈၆ |
| ၁၃၂။ | နာလန္ဒကျောင်းတိုက်ကြီး ယွင်းပါးပျက်စီးချိန် | ၂၈၇ |
| ၁၃၃။ | သာသနာ ၉၀၀-ကျော် တရုတ်ပြည်ရဟန်းတော် အရှင်ဖါဟိုင် | ၂၈၈ |
| ၁၃၄။ | တရုတ်ပြည် ဘာသာပြန်အစည်းရုံးကြီး ဖွဲ့စည်းခြင်း | ၂၈၉ |
| ၁၃၅။ | အရှင်ကုမာရဇီဝပြုသော တရုတ်ပြည်သာသနာ | ၂၉၁ |
| ၁၃၆။ | သာသနာနှစ် ၉၀၀-ကျော်အတွင်း ဆုမတြာ, ဂျာဝါးစသည် | ၂၉၄ |
| ၁၃၇။ | သာသနာ့နိုင်ငံတော် ၁၀၀၀-၁၂၀၀ ခေတ် အကြောင်း | ၂၉၉ |
| ၁၃၈။ | အရှင်ဓမ္မပါလမထေရ်အကြောင်း | ၃၀၃ |
| ၁၃၉။ | ဗုဒ္ဓသာသနာ တွန်းလှန်သူများ၊ သက်ရာစရိယစသည် | ၃၀၆ |
| ၁၄၀။ | သာသနာ ၁၀၀၀-ကျော်၌ နိုင်ငံရေး, သာသနာရေး | ၃၀၈ |


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄၁။ | ၎င်းခေတ်၌ ဂုတ္တမင်းဆက်များ | ၃၁၀ |
| ၁၄၂။ | ၎င်းဂုတ္တခေတ်၌ ကနိသကမင်းဆက်များ ရှိနေသေးခြင်း | ၃၁၂ |
| ၁၄၃။ | ၎င်းခေတ် တောင်ပိုင်းမှာ သီဟိုဠ်သာသနာနှင့် ဆက်ခြင်း | ၃၁၃ |
| ၁၄၄။ | ၎င်း ၁၀၀၀-ကျော် တရုတ်သာသနာ့နိုင်ငံတော် | ၃၁၅ |
| ၁၄၅။ | တရုတ်ပြည်သို့ သျှာမ်း, ကမ္ဗောဒီယားစသည်မှ သံများ-ရောက်ရှိကြောင်း | ၃၁၉ |
| ၁၄၆။ | သာသနာပြုရဟန်းတော် ဝှင်သျှင် အံ့ဩဖွယ်အတ္ထုပ္ပတ် | ၃၂၀ |
| ၁၄၇။ | ရဟန်းတော်ဝှင်သျှင်၏ အကျဉ်းမှတ်ဖွယ် | ၃၂၀ |
| ၁၄၈။ | ၎င်းချန်အန်မြို့မှ သာသနာ ၁၁၇၃-ခု စထွက်ခြင်း | ၃၂၂ |
| ၁၄၉။ | သာသနာ ၁၁၇၇-ခု ကာဗုလ် အာဖဂန်သို့ရောက်ပုံ | ၃၂၂ |
| ၁၅၀။ | သာသနာ ၁၁၇၈-ခု အိန္ဒို,ကသ္မီရ,ပဉ္စာပသို့ရောက်ပုံ | ၃၂၃ |
| ၁၅၁။ | သာသနာ ၁၁၇၉-ခု စိနပတ္တမှ မစ္စ ဝိရာတ သုရဋ္ဌသို့ | ၃၂၄ |
| ၁၅၂။ | ၎င်းကန္နကုဇ္ဇဘုရင် ဟဿဝဓနမင်းနှင့် တွေ့ခြင်း | ၃၂၇ |
| ၁၅၃။ | သာသနာ ၁၁၈၁-ခု ရာမဂါမ ကုသိနာရသို့ရောက်ခြင်း | ၃၂၈ |
| ၁၅၄။ | ၎င်းနာလန္ဒကျောင်း၌ ပညာဆည်းပူးခြင်း | ၃၂၉ |
| ၁၅၅။ | ၎င်းယောဂါစာရ မဇ္ဈာမိက ဝါဒများလေ့လာ၍ ၎င်းဝါဒပြေငြိမ်းရေး သန္တိသမန္တ(သန္တိသမဂ္ဂ)ကျမ်းဂါထာ ၆၆၀၀-ရှိကြောင်း | ၃၃၀ |
| ၁၅၆။ | သာသနာ ၁၁၈၃-ခု တရုတ်ပြည်ပြန်ရန်, ခရီးစထွက်ခြင်း | ၃၃၁ |
| ၁၅၇။ | ၎င်းသည် အန္ဓတိုင်း၊ ယောနကမင်းတို့သည် စေတီများဖူးခြင်း | ၃၃၃ |
| ၁၅၈။ | အန္ဓတိုင်းမှ အနောက်တိုင်းနယ်များသို့ ၁၁၈၅-ခုရောက် | ၃၃၆ |
| ၁၅၉။ | ၎င်းမှ မဂဓသို့ ၁၁၈၆-ခုပြန်၍ သံသယရှင်းလင်း၏ | ၃၃၆ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၀။ | ၎င်းမှ လမ်မိယာန်မြို့သို့ ၁၁၈၈-ခုရောက်သည် | ၃၃၇ |
| ၁၆၁။ | ခရီး ၁၆-နှစ်မြောက် ချန်အန်သို့ ပြန်ရောက်သည် ၎င်းမှာ ဓာတ်တော် ၅၀၀- စန္ဒကူး, ရွှေ, ငွေ, ဆင်းတု-၄ဆူ ကျမ်းပေါင်း ၅၂၀-မြင်း ၂၂-စီးနှင့် တင်ခဲ့သည် | ၃၃၉ |
| ၁၆၂။ | ဝှင်သျှင်သည် ဘုရင့်အကူအညီဖြင့် စာပြုအဖွဲ့ ၂၁-ဖွဲ့ စာစောင် ၁၃၃၅၊ ကျောင်း ၃၇၁၆-သို့ ဖြန့်ဝေသည် | ၃၄၀ |
| ၁၆၃။ | သာသနာနှစ် ၁၀၀၀-ကျော် တိဗက် သာသနာအကြောင်း | ၃၄၀ |
| ၁၆၄။ | ၁၂၀၀-အတွင်း ဘုရင် တရုန်ဆန်ဂွန်ပို သုတေသနအဖွဲ့ နိုင်ငံခြားသို့ စေလွှတ်သည် | ၃၄၁ |
| ၁၆၅။ | ၁၂၀၀-ကျော် ထီဆရုန်ချူဆန် သာသနာပြုမင်းကြီး | ၃၄၄ |
| ၁၆၆။ | ဘုရင် ဆရုန်ဒူဆန် လက်ထက် ကမလသီလာ မထေရ်နှင့် မဂဓတိုင်းမှ မထေရ်များ ကျမ်းများစွာပြန်ဆိုသည် | ၃၄၅ |
| ၁၆၇။ | ကိုးရီးယားပြည် သာသနာဝင် အကျဉ်း | ၃၄၇ |
| ၁၆၈။ | သာသနာနှစ် ၁၀၀၀-ကျော် ဂျပန်နိုင်ငံ သာသနာထွန်းခြင်း | ၃၄၉ |
| ၁၆၉။ | ၎င်း ၁၀၀၀-ကျော်က ထေရဝါဒနိုင်ငံများ | ၃၅၁ |
| ၁၇၀။ | ၎င်း ကမ္ဘောဒီးယား (ကမ္ဘူဇ)နိုင်ငံ သာသနာရောက်ခြင်း | ၃၅၂ |
| ၁၇၁။ | ၎င်း ၁၀၀၀-ကျော် ဆုမတြာ, ဂျာဝါး သာသနာရောက် | ၃၅၄ |
| ၁၇၂။ | မလေး, မာလာယုကျွန်းဆွယ် ဗုဒ္ဓသာသနာအကျဉ်း | ၃၅၆ |
| ၁၇၃။ | သာသနာ ၁၀၀၁-၁၂၀၀-အတွင်း ဘေးရန်များ | ၃၅၆ |
| ၁၇၄။ | သာသနာ ၅၇၄-မှာ ဂီဆပ်စ် ခရစ်တော်ထွန်းကားခြင်း | ၃၅၈ |
| ၁၇၅။ | ခရစ်နှစ် ၆၂၂-ခု၊ သာသနာ ၁၁၆၆-မှာ မဟာမက်ထွန်းခြင်း | ၃၅၉ |


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၆။ | ၎င်း ၁၃၀၀-ကျော် ကုမာရိလဘတ္တ-သက်ရာစရိယတိုက် သာသနာတိုက် | ၃၆၀ |
| ၁၇၇။ | မဂဓ စသောနယ်အဝှန်း၌ သာသနာ ၁၅၀၀-ကျော်တည်ခြင်း | ၃၆၀ |
| ၁၇၈။ | အရှင်ဒီပင်္ကရာသီရိဉာဏအကြောင်း | ၃၆၀ |
| ၁၇၉။ | ထိုကာလက တိဗက်မင်းများ သာသနာပြုခြင်း | ၃၆၃ |
| ၁၈၀။ | ၎င်းလာတ်လာမမင်းတရား သာသနာအတွက်အသက်စွန့်လှူခြင်း | ၃၆၄ |
| ၁၈၁။ | အရှင်ဒီပင်္ကရ တိဗက်သို့ သာသနာပြုကြွခြင်း | ၃၇၀ |
| ၁၈၂။ | အရှင်ဒီပင်္ကရရေး ကျမ်းပေါင်း ၂၀-အကြောင်း | ၃၇၁ |
| ၁၈၃။ | မဇ္ဈိမ ဗုဒ္ဓနိုင်ငံတော် ၁၆၀၀-ကျော်တည်ရှိကြောင်း | ၃၇၂ |
| ၁၈၄။ | ၁၂၀၀-ကျော် တရုတ်ပြည် သာသနာအကျဉ်း | ၃၇၄ |
| ၁၈၅။ | ဝှင်သျှင်တို့နောက် တရုတ်သာသနာပြု ရဟန်းများ | ၃၇၅ |
| ၁၈၆။ | မွန်ဂိုလီးယား ဗုဒ္ဓနိုင်ငံတော် ၁၅၀၀-ကျော်အကြောင်း | ၃၇၆ |
| ၁၈၇။ | ၎င်းသာသနာပြု အရှင်ဆွန်ခပ | ၃၇၈ |
| ၁၈၈။ | သာသနာနှစ် ၁၅၀၀-၂၀၀၀-တရုတ်,တိဗက်,မွန်ဂိုလီးယားသာသနာ | ၃၈၀ |
| ၁၈၉။ | မွန်ဂိုလီးယား မင်းများလက်ထက် စာပေတိုးတက်ခြင်း | ၃၈၃ |
| ၁၉၀။ | သာသနာနှစ် ၁၅၀၀-၂၀၀၀-အတွင်း ဂျပန်ပြည် ဗုဒ္ဓနိုင်ငံတော် | ၃၈၆ |
| ၁၉၁။ | ဂျပန်ပြည်၌ ဂိုဏ်းကွဲပြားလာခြင်း | ၃၈၇ |
| ၁၉၂။ | ၎င်းဂိုဏ်းအားလျော်စွာ ဝတ်ကျောင်းများ တိုးခြင်း | ၃၉၁ |
| ၁၉၃။ | ၎င်းဂိုဏ်းများ အသွင်သဏ္ဌာန် ကွဲပြားလာခြင်း | ၃၉၃ |
| ၁၉၄။ | သာသနာနှစ် ၁၅၀၀-၂၀၀၀-အတွင်း သီဟိုဠ်သာသနာဝင် | ၃၉၄ |
| ၁၉၅။ | ဝိဇယဗာဟုမင်း မြန်မာသို့ စစ်ကူတောင်းခြင်း | ၃၉၆ |
| ၁၉၆။ | ပေါနရုဝ-ပုလတ္တိမြို့တော်တည် မြန်မာမှ သာသနာဆက်ခြင်း | ၃၉၆ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၉၇။ | ပရက္ကမဗာဟုမင်း စိုးစံသာသနာပြုခြင်း | ၃၉၉ |
| ၁၉၈။ | သာသနာ ၁၆၀၀-ကျော် မြန်မာနိုင်ငံသို့ သာသနာရောက်ခြင်း | ၄၀၅ |
| ၁၉၉။ | အနော်ရထာမင်း အရည်းတို့ကို မလေးစားခြင်း | ၄၀၆ |
| ၂၀၀။ | ၎င်းမင်းတရား ပိဋကတ်တို့ကို ပင့်ဆောင်ခြင်း | ၄၁၀ |
| ၂၀၁။ | ၎င်းမင်းတရား သီဟိုဠ်ကျွန်းမှ ပိဋကတ်တို့ကို ပင့်ခြင်း | ၄၁၅ |
| ၂၀၂။ | ကျန်စစ်မင်းတရား သာသနာဆက်ခံပြုစုခြင်း | ၄၁၉ |
| ၂၀၃။ | ၎င်းသားတော် ရာဇကုမာရ(မြစေတီ)တည်, ကျောက်စာထိုးခြင်း | ၄၂၁ |
| ၂၀၄။ | အလောင်းစည်သူမင်းကြီး သာသနာဆက်ခံခြင်း | ၄၂၈ |
| ၂၀၅။ | နရပတိစည်သူမင်းလက်ထက် သာသနာတော် | ၄၃၁ |
| ၂၀၆။ | ၎င်းလက်ထက် ဂိုဏ်း ၂-ဂိုဏ်း ကွဲပြားခြင်း | ၄၃၄ |
| ၂၀၇။ | ၎င်းလက်ထက် နောက် ၁-ဂိုဏ်း ထပ်မံကွဲခြင်း | ၄၃၅ |
| ၂၀၈။ | ပုဂံပြည် ဂိုဏ်း ၄-ဂိုဏ်း ကွဲပြားခြင်း | ၄၃၈ |
| ၂၀၉။ | ငစွယ်ရှင်, အရှင်ပွံ့သူကူအကြောင်း | ၄၄၃ |
| ၂၁၀။ | ပုဂံနောက်မင်းဆက်များ သာသနာ | ၄၄၈ |
| ၂၁၁။ | ကျမ်းဂန်ကျနသော ကျစွာမင်းအကြောင်း | ၄၅၀ |
| ၂၁၂။ | သာသနာ ၁၈-ရာစု ပုဂံနောက်ဆက် မင်းများ | ၄၅၂ |
| ၂၁၃။ | ပုဂံပြည် သာသနာဝင်မင်းဆက်ကုန်ဆုံးကြောင်း | ၄၅၃ |
| ၂၁၄။ | မြန်မာနိုင်ငံနှင့် ရှမ်းပြည်သာသနာ ဆက်စပ်ခြင်း | ၄၅၅ |
| ၂၁၅။ | ယိုးဒယား, ကမ္ဘောဒီးယား, မလေး သာသနာ-၂၀၀၀ အတွင်း | ၄၅၈ |
| ၂၁၆။ | သုခေါဒယ, သုခေါထိုင် နေပြည်တော် တည်ထောင်ကြောင်း | ၄၆၀ |
| ၂၁၇။ | အနော်ရထာမင်းတရား ယိုးဒယားသို့ သာသနာပြုလွှတ်ကြောင်း | ၄၆၃ |

------- x -------




အသောကနိုင်ငံတော်နှင့် သာသနာပြု (၉)ဌာန ကျောက်စာ ကျောက်တိုင်ဌာနများ



သာသနာ ၁၆၀၀ - ၁၇၀၀ ဗုဒ္ဓနိုင်ငံတော် ပြန့်ပွားသော တိုင်းနိုင်ငံ ဒေသများ

အရှင်သံဝရာဘိဝံသ

# ဗုဒ္ဓနိုင်ငံတော်

(ဒုတိယတွဲ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဗုဒ္ဓဓမ္မပသရဏာကဏ္ဍ

## တရားတော် ကျယ်ပြန့်ခြင်း အပိုင်း

### ပထမသံဂါယနာတင်ခြင်းအကြောင်း

လောက ၃-ပါးထက် အထွဋ်အထိပ်ဖြစ်တော်မူ၍ အတိုင်းမသိ ကြီးကျယ် မြင့်မြတ် လေးနက်ဆန်းကြယ်စွာ ထွင်းဖောက်သိမြင်တော်မူသော သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်သည် အတိုင်းမသိသော အသာဓာရဏ မဟာကရုဏာတော်မြတ်ဖြင့် လောကဓာတ်တစ်ခုလုံးအတွင်း၌ တရားဓာတ် အရောင်အလင်း ထွန်းလင်းတောက်ပစေခြင်းတည်းဟူသော အာဏာတန်ခိုး လွှမ်းမိုးစေတော်မူလျက် မရေမတွက်နိုင် ကုဋေ ကုဋာ များပြားလှစွာသော သတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးတော်မူကာ ချမ်းသာဘကာတို့ထက် အထွဋ်အဖူး ထူးကဲမြင့်မြတ် လောကီချမ်းသာတို့နှင့် မနှိုင်းယှဉ်အပ်သော လောကုတ္တရာ

ကြငှန်း နိဗ္ဗာန်ချမ်းသာဟူသော ရွှေပြည်နန်းသို့ ကိုယ်တော်မြတ်နှင့်အတူ လိုက်ပါစေတော်မူခဲ့လေပြီ။

ဤသို့ လောက ၃-ပါး၏ အထွဋ်အဖူး ပုဂ္ဂိုလ်အထူး ပုဂ္ဂိုလ်အမြတ်တစ်ဆူ ဖြစ်တော်မူသော မြတ်စွာဘုရားသည် လောကမှ လွန်မြောက်တော်မူကာ အမတာကြငှန်းသို့ ကြွမြန်းတော်မူသော်လည်း ၄၅-ဝါ ကာလပတ်လုံး ထစ်ချုန်းရွာသွန်းတော်မူခဲ့ပြီးသော တရားမိုးကြီး၏ တန်ခိုးသတ္တိ ဩဇာဓာတ်သည် လောကဓာတ်မြေအလုံး၌ သတ္တဝါအများ စားသုံးဖွယ်ရာ အမတအမြိုက်အရသာကို ဖြစ်စေလျက် ယခုထက်ထိ ဆက်လက်ကာ စိမ်းလန်းစိုပြေစေ၍ ကုဋေ, ကုဋာ သင်္ချေ, သင်္ချာ အတိုင်းမသိသော ဝေနေယျတို့မှာ အရှင်မြတ်၏ နောက်တော်သို့ လိုက်ပါကြပြီး, လိုက်ပါကြဆဲ, လိုက်ပါကြလတ္တံ့ ဖြစ်သဖြင့် ဘေးမဲ့ရာနိဗ္ဗာန်သောင်သို့ ပို့ဆောင်ကယ်တင် စိမ်းရွှင်တုန်းပင် ရှိသေး၏။

ထိုမှတပါး ဘုရားရှင်လက်ထက်တော်က သာသနာ့ဝန်ထမ်း ကြိုးပမ်းအားထုတ် ဗုဒ္ဓနိုင်ငံတော်ကြီး၏ ဦးစီးကိုယ်စားထားတော်မူကာ အာဒေသနာ ပါဋိဟာရိယတန်ခိုး၌ ထင်ရှားတော်မူသော တရားစစ်သူကြီး အရှင်သာရိပုတ္တရာ မဟာထေရ်မြတ်နှင့် မြတ်စွာဘုရား၏ အနန္တတန်ခိုးတော် တစ်စိတ်တစ်ဒေသ မှီငြမ်းရတော်မူသဖြင့် ဣဒ္ဓိပါဋိဟာရိယ၌ ထင်ရှားတော်မူသော အမျိုးမျိုးသော ဣဒ္ဓိပါဒ်နှင့် ပြည့်စုံတော်မူသည့် လက်ဝဲရံ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်တို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မမူမီကပင်လျှင် ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ကြ၍ ဗုဒ္ဓသာသနာ နိုင်ငံတော်ကြီး၌ ဝန်ဆောင်မထေရ်ကြီးများ အားနည်းကြသော်လည်း နောင်အနာဂတ် သာသနာ့နိုင်ငံတော်၌ ထင်ရှားတော်မူလျက် သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် သာသနာတည်းဟူသော ဓမ္မနိုင်ငံတော်ကြီးကို ဦးစီးပြုလုပ် အလဇ္ဇီအယုတ်တို့ကို ပုတ်ခတ်နှိမ်နင်းကာ ကောင်းစွာအုပ်ချုပ်တော်မူလိမ့်မည်ကို မြင်တော်မူ၍-

ဝတ်ရုံတော်မူသော သင်္ကန်းတော်ဖြင့် ချီးမြှင့်တော်မူခြင်း, မြတ်သောအကျင့်၌ မထေရ်မြတ် ဥပမာထား၍ ဟောကြားတော်မူခြင်း-စသည့် မြတ်လှစွာသော အချီးအမြှောက် ခံယူတော်မူရသော ဓုတင်ဆောင် ဧတဒဂ်ရ တတိယသာဝက အရှင်မဟာကဿပမထေရ်မြတ်နှင့် မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်တော်မူသော ဗဟုဿုတအရာ၌၎င်း, သတိမန္တအရာ၌၎င်း, ဂတိမန္တအရာ၌၎င်း, ဓိတိမန္တအရာ၌၎င်း, ဥပဋ္ဌာကအရာ၌၎င်း-ဧတဒဂ် ၅-ပါး ထားတော်မူသော အရှင်အာနန္ဒာ မထေရ်မြတ်တို့ ထင်ရှားရှိတော်မူကြသေးသဖြင့် ဗုဒ္ဓနိုင်ငံတော်ကြီးမှာ တိုးတက်ကြီးပွါးလျက်ပင် ရှိသေးကြောင်း၊ ၎င်းမထေရ်မြတ်တို့သည်

ပိဋကတ်ဓမ္မက္ခန်တို့ကို မှန်ကန်လေးနက် ပျက်ကွက်ချို့ယွင်းခြင်းမရှိအောင် ဆောင်ရွက်-တော်မူကြသော သံဂါယနာတင်ခြင်းစသော သာသနာ့ကိစ္စတို့ဖြင့် ထင်ရှားကုန်၏။

ၚင်းပြင်လည်း မြတ်စွာဘုရားလက်ထက်တော်က ဗုဒ္ဓနိုင်ငံတော်၏ တာဝန်ဆောင် မထေရ်များ လွန်တော်မူကြငြားလည်း ထိုမထေရ်မြတ်တို့၏ အစဉ်အဆက် ဆင်းသက်တော် မူကြသော တပည့်သာဝကများ ထင်ရှားရှိကြကုန်သေး၍ မြတ်စွာဘုရား နိဗ္ဗာန်ကြွသွားတော် မူပြီးနောက် အဆုံးအမတော်တည်းဟူသော သူတော်ကောင်းတရား ပျောက်ကွယ်မသွား စေရန် ပိဋကတ် ဓမ္မက္ခန်များ အသီးသီး ဝေဖန်ပိုင်းခြားလျက် ထိုအဆက်အနွယ်မထေရ်တို့ သည် ဆောင်ရွက်တော်မူလာခဲ့ကြလေပြီ။

သို့ဖြစ်၍ အရှင်မဟာကဿပမထေရ်မြတ်သည် သာသနာတော် ၃-ရပ် ကြီးပွား စည်ပင်စေခြင်းငှာ ရှေးဦးစွာ ပဌမသံဂါယနာဖြစ်သော **ပဉ္စသတိကသံဂါယနာ** တင်တော်မူရာ ၌ များသောအားဖြင့် မြတ်စွာဘုရားလက်ထက်တော်က ဧတဒဂ်တော်ရ ပဋိသမ္ဘိဒါပတ္တ ဆဠဘိညမထေရ်များ ရွေးကောက်တော်မူကြောင်း သံဂါယနာတင် အခမ်းအနား၌ အဋ္ဌကထာဆရာတော်များ ဖွင့်ဆိုရေးသားတော်မူကုန်၏။

ဤသံဂီတိခန္ဓက၌ အရှင်မဟာကဿပမထေရ်မြတ်သည် ကုသိနာရုံပြည်၌ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသောအခါ ပါဝါမြို့မှာရှိနေ၍ ၚင်းမှ ကုသိနာရုံသို့ များစွာ သော ရဟန်းပရိသတ်တို့နှင့် ကြွသွားတော်မူစဉ် ၚင်းပရိနိဗ္ဗာန် စံဝင်တော်မူရာမှ **မန္ဒာရဝ-နတ်ပန်း**ကို ဆောင်ယူလာကြသော အာဇီဝကတို့ကို တွေ့မြင်ကြ၍ သုံးလူ့ထွဋ်ထား မြတ်ဘုရားသည် လောက ၃-ပါးမှ အမတပြည်ခွင် စံဝင်တော်မူပြီဟု ရဟန်းအပေါင်းတို့ သိကြသဖြင့် ပုထုဇဉ် ရဟန်းတို့ မဆည်နိုင်, မတန့်နိုင် ယူကြုံးမရ ငိုကြွေးကြရာတွင် အနုပိယ မြို့သား ဆေတ္တာသည်ဖြစ်ဖူးသော ကြီးမှရဟန်းပြုသည့် **ဝုဍ္ဍပဗ္ဗဇိတ**ရဟန်းကြီးသည် ရဟန်းတို့အား-

> **အလံ အာဝုသော မာ သောစိတ္ထ၊ မာ ပရိဒေဝိတ္ထ။ သုမုတ္တာ မယံ တေန မဟာသမ-ဏေန။ ဥပဒ္ဒုတာ စ ဟောမ ကပ္ပတိ ကပ္ပတိ ဣဒံ ဝေါ ကပ္ပတိ ဣဒံ ဝေါ န ကပ္ပတီတိ၊ ဣဒါနိ ပန မယံ ယံ ဣစ္ဆိဿာမ၊ တံ ကရိဿာမ၊ ယံ န ဣစ္ဆိဿာမ၊ န တံ ကရိဿာမ။** (ဝိ၊ ၄၊ ၁။ ၄။)
>
> "ငါ့ရှင်တို့ မသင့်ပါ၊ မစိုးရိမ်ကြလင့်၊ မငိုကြလင့်။ ထိုအရှင်ရဟန်းကြီးမှ ငါတို့လွတ်ကြ ပြီ။ 'ဤအမှု အပ်၏၊ ဤအမှု မအပ်'ဟု ငါတို့ကို နှိပ်စက်အပ်ပြီ၊ ယခုကား ငါတို့ပြုလို သည်ကို လုပ်ရတော့အံ့။ မပြုလိုသည်ကို မလုပ်ရတော့အံ့"ဟု-

အဓမ္မဝါဒီ စကားကို ထင်ရှားရှိတော်မူသော အရှင်မဟာကဿပ-စသည် မထေရ်များ၏ မျက်နှာတော်ကို မထောက်ထားဘဲ မြတ်စွာဘုရား အနုပ်ယသို့ ကြွလာသောအခါ မအပ်မရာ ဆေတ္တာသည် အတတ်ဖြင့် စီမံအပ်သောဆွမ်းကို အလှူမခံခြင်းကြောင့် ရန်ငြိုးအားဖြင့် ပြောကြားသည်ကို အရှင်မဟာကဿပမထေရ်မြတ် ကြားတော်မူသော်လည်း တိတ္ထိတို့ ကဲ့ရဲ့ရှုတ်ချမည့်ဘေးကို မျှော်တွေးထောက်ထား၍ မည်သို့မှ မိန့်ကြားတော်မမူဘဲ ဓမ္မသံဝေဂသာဖြစ်တော်မူခဲ့၏။ ဤသို့ သူတော်ကောင်းများ၏ စိတ်နှလုံးကို တုန်လှုပ်စေတတ်သော မသူတော်၏စကားကို အရှင်မဟာကဿပမထေရ် ကြားတော်မူခြင်းသည်-

- မသူတော် တရားမဟုတ် မမှန်သောဝိနည်း မတရားဆိုသူများ မထွန်းကားမီ-
- သူတော် တရားဟုတ် ဝိနည်းမှန် တရားဆိုသူများ မကွယ်ပမီ-
- သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတို့ကို စုပေါင်းရွတ်ဆိုခြင်း ဟူသော သံဂါယနာတင်ရခြင်း

အကျိုးတရား ထင်ရှားဖြစ်လာ၍ သံဃာတော်တို့အား တိုက်တွန်းနှိုးဆော်ကာ ပဌမသံဂါယနာ တင်တော်မူကြကုန်၏။

✪ ✪ ✪ ✪ ✪

## ပဥ္စသတိကပဌမသံဂါယနာ တင်တော်မူကြခြင်း

ဤသို့ အကြောင်းအားလျော်စွာ ပထမသံဂါယနာတင်ရာ၌ **သင်္ဂီတိကာရကမထေရ်**များ ရွေးကောက်တော်မူရာတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာသို့ အတိုင်းတိုင်းမှ လာရောက်တော်မူကြသော သံဃာတော်များသည် အရှင်မဟာကဿပမထေရ် အမှူးပြုကာ သံဂါယနာတင်ရန် မထေရ်များရွေးကောက်ခြင်း၌ မထေရ်မြတ်ကို တာဝန်ထားသည့် အတိုင်း များသောအားဖြင့် ဘုရားရှင်လက်ထက်တော်က ဧတဒဂ်တော်ရ ဆဠဘိည ပဋိသမ္ဘိဒါပတ္တ ရဟန္တာမထေရ်များနှင့် ဧတဒဂ်ပင်မရသော်လည်း အသီတိသာဝက စသော မထေရ်များကဲ့သို့ ထင်ရှားသော ဆဠဘိည ပဋိသမ္ဘိဒါပတ္တ ရဟန္တာမထေရ်များအပြင် ရဟန္တာပင်မဟုတ်ငြားသော်လည်း ဧတဒဂ် ၅-ပါးရ၍ သာသနာတော်၌ ထင်ရှားသော ဘုရားရှင်၏ နိဗဒ္ဓ အလုပ်အကျွေး ညီတော်အာနန္ဒာမထေရ်မြတ်နှင့်တကွ ၅၀၀-သော မထေရ်များကို သံဂါယနာတင်တော်မူကြရန် ရွေးကောက်တော်မူ၏။

ဤသို့ ရွေးကောက်တော်မူပြီးလျှင် ဘုရားရှင်သာသနာတော် အဓွန့်ရှည်ကြာတည်တော်မူ၍ လောကကြီးအတွင်း ထွန်းလင်းတောက်ပတော်မူရန် သံဂါယနာတင်ရာ

သင့်တင့်လျှောက်ပတ်သော တိုင်းနယ်မြို့များ ပိုင်းခြားသတ်မှတ်တော်မူကြသောအခါ ဂေါစရဂါမ်အားဖြင့် ကျယ်ပြောလှ၍ သံဃာတော်တို့ သီတင်းသုံးတော်မူရာ ကျောင်းတိုက်-တော်ကြီး ၁၈-တိုက်တို့ဖြင့် ဝန်းရံလျက်ရှိသည့်အပြင် သာသနာတော်ကို ချီးမြှောက်ခြင်းငှာ စွမ်းနိုင်သော ဘုန်းတန်ခိုးအာဏာ လက်ရုံးအားလုံးတို့နှင့်ပြည့်စုံ၍ ပုထုဇဉ်တို့၏ သဒ္ဓါ တရားတွင်-

**"ပုထုဇ္ဇနိကာယ သဒ္ဓါယ သမန္နာဂတော နာမ ဣမိနာ ရညာ သဒိသော နာဟောသိ။**

ပုထုဇဉ် သဒ္ဓါနှင့် ပြည့်စုံသူတို့တွင် ဤမင်းနှင့်တူသူမရှိ"ဟု သာမညဖလသုတ် အဋ္ဌကထာ၌ မိန့်တော်မူသည်နှင့်အညီ သာသနာတော်၌ သက်ဝင်ယုံကြည်ကာ အမြင့်မြတ်-ဆုံး သဒ္ဓါတရားနှင့်ပြည့်စုံသည့် **အဇာတသတ္တုမင်းတရားသည်** ကောသလတိုင်း အရှင်ဘုရင် မင်းတရား မရှိသည့်နောက် အထင်ရှားဆုံးဖြစ်၍ သံဂါယနာတင်မှု၌လည်း ချီးမြှောက်နိုင် မည်ကို ကောင်းစွာသိတော်မူကြသဖြင့် **မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်တော်ကို** ရွေးချယ်မှတ်သား ပိုင်းခြားတော်မူကြလေ၏။

ဤသို့ သံဃာတော်များ တိုင်းနှင့်ပြည်တော်ကို ရွေးချယ်တော်မူကြပြီးနောက် သံဂါယနာတင်ရန် ဌာနရွေးချယ်ကြသောအခါ ၎င်းရာဇဂြိုဟ်မြို့တော်ကို ခြံရံဝန်းပတ်သော တောင် ၅-တန်တွင် မြောက်မျက်နှာ **ဝေဘာရတောင်နံပါး သတ္တပဏ္ဏိလိုဏ်ဂူ တံခါးအနီး** ရွေးချယ်တော်မူကြပြီးလျှင် ထိုနေပြည်တော်ကြီး၌ သံဂါယနာတင် မထေရ်များမှတပါး အခြားသံဃာများ ဝါမကပ်စေရန် သာသနာတော်၏ ထာဝရတည်တံ့မှုကို ဝိသဘာဂ သဘောမတူသော ပုဂ္ဂိုလ်များဝင်ရောက် မနှောင့်ယှက်စေခြင်းငှါ အရှင်မဟာကဿပ မထေရ်မြတ်သည် ဉာတ်ကမ္မဝါဖြင့် သံဃာတော်တို့အား သိစေပြီးနောက် ရွေးကောက် တော်မူပြီးသော သံဂါယနာတင်မထေရ်များ ဝါလနီးသောအခါ ရာဇဂြိုဟ်မြို့တော်သို့ ကြွရောက်တော်မူကြကုန်၏။

အားလုံးသော သံဂါယနာတင်မထေရ်များ အညီအညွတ် ရာဇဂြိုဟ်ပြည်ကြီး၌ စုဝေးတော်မူကြပြီး ဝါဆိုလပြည့်နေ့ ဥပုသ်ပြုတော်မူကြ၍ လပြည့်ကျော် ၁-ရက်နေ့မှာ အညီအညွတ် ဝါကပ်တော်မူကြပြီးလျှင် ပဌမလတွင် တိတ္ထိတို့ ကဲ့ရဲ့ခြင်းမှ လွတ်မြောက်ရန် မြို့တော်ရံလျက်ရှိသော ကျောင်းတိုက်ကြီးများကို ပြုပြင်ပြီးမှ မဇ္ဈိမဝါလယ်မှာ သံဂါယနာ တင်တော်မူကြရန် ကတိကဝတ်ပြုကြပြီး၍ နောက်နေ့ မထေရ်များ မင်းနန်းတော်သို့ သွားတော်မူကြ၍ ကျောင်းတိုက်ကြီးများ ပြုပြင်ရန် လက်မှုများ တောင်းတော်မူကြသောအခါ ဘုရင်မင်းမြတ်လည်း အရှင်မြတ်တို့ အလိုဆန္ဒ ပြည့်စုံစေလျက် ဆောင်ရွက်သဖြင့် ပထမလ အတွင်း ပြုပြင်ခြင်းကိစ္စ ပြီးဆုံးတော်မူကြ၏။

ဤသို့ ပြုပြင်တော်မူကြပြီးနောက် သံဂါယနာတင်ရန်ဌာန လိုသည့်အတွက် အဇာတသတ် ဘုရင်မင်းတရားအား မိန့်ကြားတော်မူကြသောအခါ သတ်မှတ်ပြီးသော ဝေဘာရတောင်နံရံ **သတ္တပဏ္ဏိလိုဏ်ဂူတံခါးအနီး၌** နတ်ဗိသုကာများ ဖန်ဆင်းထားသော မဏ္ဍပ်သဖွယ် အလွန်ဆန်းကြယ်ထူးဆန်း ရှုမခန်းသော တိုင်နံရံလှေကား, စောင်းတန်း, ခြူးပန်း, ခြူးနွယ်တို့ဖြင့် တန်ဆာဆင်ကာ မင်္ဂလာကျက်သရေအပေါင်းနှင့် ပြည့်စုံသော မဏ္ဍပ်တော်ကြီးကို ပြုလုပ်စေပြီးလျှင် ထိုမဏ္ဍပ်ကြီးအတွင်း၌ မြင့်မြတ်သောပုဂ္ဂိုလ်တို့သာ နေခြင်းငှာထိုက်သော ဓမ္မာသနပလ္လင်တော်မြတ်နှင့်တကွ သံဂါယနာတင်မထေရ်များ နေခြင်းငှာ လျောက်ပတ်သော ၅၀၀-သော အခင်းများ ပြုလုပ်စေပြီးနောက် မင်းတရားသည် မထေရ်မြတ်တို့အား လျှောက်ထားလျှင် သံဂါယနာတင် မထေရ်မြတ်များသည် သံဂါယနာတင်ရန် ဘုရားရှင်၏ ဘိုးတော်ပြုစုသော **မဟာသက္ကရာဇ် ၁၄၈-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅-ရက်နေ့၌** စည်းဝေးတော်မူကြလေ၏။

သို့ဖြစ်၍ မြတ်စွာဘုရားသည် မလ္လတိုင်း၊ ကုသိနာရုံမြို့တော်အနီး အင်ကြင်းဥယျာဉ်တော်တွင် မဟာသက္ကရာဇ် ၁၄၈-ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့၌ ပရိနိဗ္ဗာန်စံဝင်တော်မူ၍ ဘုရားရှင်၏ ရူပကာယတော်ကို ၇-ရက်ပတ်လုံး အမျိုးမျိုးအဖုံဖုံ ပူဇော်ကြပြီးနောက် ၇-ရက်ပတ်လုံး နံ့သာထင်းပုံထက် တင်ထားပူဇော် တေဇောဓာတ်လောင်တော်မူပြီး ကြွင်းကျန်သော မွေတော်များကို ၇-ရက်ပတ်လုံး ပူဇော်ကြပြီးကာ ၈-ပြည်ထောင်မင်းတို့အား ဝေဖန်သောနေ့၌ စည်းဝေးရောက်လာကြသော သံဃာအပေါင်းတို့အား ပြဆိုခဲ့ပြီးသော သုဘဒ်ရဟန်းကြီးပြောဆိုသော အဓမ္မဝါဒီစကားတို့ကို မိန့်ကြားတော်မူလျက် မြတ်စွာဘုရား သာသနာတော် တည်တံ့တော်မူရန် ကမ္မဝါဖြင့် အရှင်မဟာကဿပမထေရ်မြတ် မိန့်ကြားတော်မူပြီးလျှင် သံဂါယနာတင်မထေရ်များ ရာဇဂြိုဟ်မြို့တော်သို့ ဝါဆိုလပြည့်အတွင်း ရောက်တော်မူကြရန် ကတိကဝတ်ထား၍ ကြွသွားတော်မူကြကြောင်း အဋ္ဌကထာဆရာများ မိန့်ကြားတော်မူသည်နှင့်အညီ ၁၄၈-ခုနှစ်၊ နယုန်လဆန်း၊ ၅-ရက်နေ့၌ သံဃာစည်းဝေးပြီး ဝါဆိုလပြည့်ကျော် ၁-ရက်နေ့ ဝါကပ်တော်မူကြပြီး၍ သံဂါယနာတင် ပရိကမ်များ ပြုလုပ်တော်မူကြပြီးနောက် ဝါခေါင်လပြည့်ကျော်၊ ၅-ရက်နေ့ သံဂါယနာတင်တော်မူကြသောကြောင့် ပရိနိဗ္ဗာန် စံဝင်တော်မူပြီး ၃-လ၊ ၅-ရက်မြောက်မှာ ပဌမသံဂါယနာစ၍ တင်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## အရှင်အာနန္ဒာမထေရ် အာသဝေါကင်းကွာ ရဟန္တာ ဖြစ်တော်မူခြင်း

ဤပဌမသံဂါယနာကို သံဃာတော်ပေါင်း ၅၀၀-ရွေးချယ်လျက် တင်တော်မူကြသောကြောင့် **ပဉ္စသတိက သံဂါယနာ** ခေါ်ဆိုသမုတ်ကြ၍ ၎င်းသံဂါယနာတင်တော်မူကြရာတွင် ရွေးကောက်စဉ်က အရှင်အာနန္ဒာမထေရ်မြတ်သည် သေက္ခပင်ဖြစ်ငြားသော်လည်း မထေရ်အများ တိုက်တွန်းတော်မူကြခြင်းအားဖြင့် မိမိ၏ဖြည့်ဆည်းပူးအပ်ခဲ့ပြီးသော ပါရမီအားလျော်စွာ အားလုံးသော ပဋိသမ္ဘိဒါပတ္တ ဆဠဘိည တေဝိဇ္ဇဂုဏ် ပြည့်စုံကုန်သော ရဟန္တာမထေရ်မြတ်တို့ အလယ်၌ သေက္ခအဖြစ်ဖြင့်ကား သွားခြင်းငှာ မသင့်လျော်ကြောင်း ဆင်ခြင်တော်မူလျက်-

သံဂါယနာတင် အစည်းအဝေးသို့ ဝင်တော်မမူမီ မဟာသက္ကရာဇ် ၁၄၈-ခု၊ ဝါခေါင်လပြည့်ကျော်၊ ၄-ရက်နေ့တွင် တရားအားထုတ်ရာ ညဥ့်အခါ၌ ဝီရိယမျှတတော်မူရန် အိပ်ရာသို့ ခေတ္တဝင်သည်တွင် အုံးသို့ ဦးခေါင်းတော်မြတ်မရောက်မီ, ခြေတော်များလည်း မြေမှကြွ၍ လွတ်ခိုက်မှာ ဣရိယာပုတ် ၄-ပါးမှလွတ်တော်မူကာ ရဟန္တာအဖြစ်သို့ ရောက်တော်မူသဖြင့် ရဟန္တာမထေရ် အပေါင်းတို့ သံဂါယနာတင်တော်မူရာသို့ အာသဝေါကုန်ခန်း မထေရ်မြတ်တို့ကို ရွှင်လန်းစေလျက် တက်ရောက်တော်မူနိုင်ခဲ့လေ၏။

✪ ✪ ✪ ✪ ✪

## သံဂါယနာတင်တော်မူကြခြင်း

ဤသို့ သံဃာတော်မြတ်တို့သည် အညီအညွတ် သံဂါယနာတင်ရာ၌ ဝိနည်းပိဋကတ်ကို မြတ်စွာဘုရား လက်ထက်တော်က ဧတဒဂ် ထားတော်မူခဲ့၍ ဝိနယဓရ တစ်ဆူဖြစ်တော်မူသော **အရှင်ဥပါလိမထေရ်**မြတ် ထင်ရှားရှိလတ်သဖြင့် ဘုရားရှင် ဟောကြားတော်မူသော ပိဋကတ်တော်ဝယ် မျက်ကွယ်မရှိ-ဟု ဆိုတော်မူရသော အရှင်အာနန္ဒာ မထေရ်ပင် ရှိတော်မူသော်လည်း ဧတဒဂ် ထားတော်မူခဲ့သည်ကို လေးစားသောအားဖြင့် သံဂါယနာအမှူးဖြစ်တော်မူသော **အရှင်မဟာကဿပ**သည် ဥပါလိမထေရ်အား မေးတော်မူလျက် သံဂါယနာတင်တော်မူသည့်အပြင် ကြွင်းကျန်သော သုတ္တန်ဒေသနာတော်နှင့် အဘိဓမ္မာဒေသနာတော် မြတ်တို့ကို **အရှင်အာနန္ဒာမထေရ်**အား မေးမြန်းတော်မူကာ သံဂါယနာတင်တော်မူလေပြီ။

✪ ✪ ✪ ✪ ✪

## မထေရ် အဆက်ဆက်တို့ ပိဋကဆောင်ရွက်တော်မူကြခြင်း

ဤသို့ ဗုဒ္ဓဝစန မြတ်စွာဘုရား အဆုံးအမတော်တည်းဟူသော စကားတော် မြတ်ပိဋကတ်တို့ကို, နိဒါန်းအတ္ထုပ္ပတ္တိ အရပ်ရပ်တို့ကို မေးမြန်းစိစစ်ကာ သံဂါယနာတင်တော်မူကြပြီးနောက် ဝိနယပိဋကကို အရှင်ဥပါလိမထေရ်မြတ်၏ အဆက်အနွယ်ဖြစ်သော မထေရ်အဆက်ဆက်တို့ ဆောင်ရွက်တော်မူကြကြောင်း-

**ဥပါလိ ဒါသကော စေဝ၊ သောဏကော သိဂ္ဂဝေါ တထာ။**

**တိဿော မောဂ္ဂလိပုတ္တော စ၊ ပဉ္စေတေ ဝိဇိတာဝိနော။ ။(ဝိ၊ ၅၊ ၁။ ၂၄။)**

စသည်ဖြင့်-

၁။ ဥပါလိမထေရ်၊ မြတ်စွာဘုရား လက်ထက်တော်မှသံဂါယနာတင်သည်အထိ ထင်ရှားရှိတော်မူသော ဧတဒဂ်ရ မထေရ်၊

၂။ ဒါသက မထေရ်၊ အရှင် ဥပါလိမထေရ်၏ တပည့်ဖြစ်သည်။

၃။ သောဏကမထေရ်၊ အရှင် ဒါသကမထေရ်၏ တပည့်ဖြစ်သည်။

၄။ သိဂ္ဂဝမထေရ်၊ အရှင်သောဏကမထေရ်၏ တပည့်ဖြစ်သည်။

၅။ မောဂ္ဂလိပုတ္တတိဿမထေရ်၊ အရှင်သိဂ္ဂဝ မထေရ်၏တပည့်, ဘုရင်အသောက လက်ထက် တတိယသံဂါယနာအမှူး, မထေရ်မြတ်ဖြစ်သည်။

ဤသို့ မထေရ်မြတ် ၅-ပါးတို့ ဇမ္ဗူဒီပါကျွန်းကြီး၌ သာသနာတော် ထွန်းကားအောင် အဆက်ဆက် ဆောင်ရွက်တော်မူလာကြသော မထေရ်များဖြစ်ကြောင်း အဋ္ဌကထာမှတ်တမ်းတို့၌ ထင်ရှားစွာလာ၏။

✪ ✪ ✪ ✪ ✪

## ဒီဃနိကာယ် သံဂါယနာတင်ခြင်း

ဤသို့ ဝိနည်း ပိဋကတ်ကို သံဂါယနာတင်ပြီး၍ အရှင်ဥပါလိ မထေရ်အား အပ်နှင်းပြီးနောက် သုတ္တန်နှင့် အဘိဓမ္မာပိဋကတို့ကို ဘုရားရှင်၏ နိဗဒ္ဓအလုပ်အကျွေး ဧတဒဂ် ၅-တန်ရ အရှင်အာနန္ဒာမထေရ်အား မေးမြန်းစိစစ်၍ သံဂါယနာတင်တော်မူကြရာ သုတ်, အဘိဓမ္မာ ၂-ဖြာတို့တွင် သုတ္တန်ကို အလျှင်ဦးစွာ သံဂါယနာတင်တော်မူကြ၍ ၎င်းတွင်လည်း-

- **ဒီဃသံဂီတိ**
- **မဇ္ဈိမသံဂီတိ**
- **သံယုတ္တသံဂီတိ**
- **အင်္ဂုတ္တရသံဂီတိ**
- **ခုဒ္ဒကသံဂီတိ-**

အားဖြင့် သံဂီတိ၅-ပါးအနက် ဝဂ်အားဖြင့် ၃-ဝဂ်၊ သုတ်အားဖြင့် ၃၄-သုတ်တို့ဖြင့် တန်ဆာဆင်အပ်သော ဘာဏဝါရ-၆၄ အတိုင်းအရှည်ရှိ ဒီဃနိကာယ်ကို သံဂါယနာ တင်ပြီးလျှင် အရှင် အာနန္ဒာ မထေရ်မြတ်ကိုပင် အစဉ်အဆက်အားဖြင့် ဆောင်ရွက်တော်မူရန် မထေရ်အများတို့က အပ်နှင်းတော်မူကြလေ၏။

## မဇ္ဈိမနိကာယ်

ဒီဃနိကာယ်ကို သံဂါယနာတင်တော်မူကြပြီးနောက် ဘာဏဝါရ ၈၀-ပမာဏ ရှိ၍-

**မူလပဏ္ဏာသ၌ သုတ်ပေါင်း-၅၀၊**

**မဇ္ဈိမပဏ္ဏာသ၌ သုတ်ပေါင်း-၅၀၊**

**ဥပရိပဏ္ဏာသ၌ သုတ်ပေါင်း-၅၀၊**

ဤသို့အားဖြင့် သုတ်ပေါင်း ၁၅၀-ခန့် ပမာဏရှိသော မဇ္ဈိမနိကာယ်ကို စိစစ်မေးမြန်းကာ သံဂါယနာတင်တော်မူကြပြီးလျှင် တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာပင် မရှိသော်လည်း ထိုအရှင်မြတ်၏ တပည့်တို့ ထင်ရှားရှိကြသေးသဖြင့် ၎င်းတို့အား အဆက်ဆက် ဆောင်ရွက်ရန် အပ်နှင်းတော်မူကြလေ၏။

## သံယုတ္တနိကာယ်

မဇ္ဈိမနိကာယ်ကို သံဂါယနာတင်တော်မူကြပြီးနောက် သုတ်ပေါင်း ၇၇၆၂-သုတ် ပမာဏရှိ၍ ဘာဏဝါရပေါင်း ၁၀၀-အတိုင်းအရှည်ရှိသော **သံယုတ္တနိကာယ်**ကို မေးမြန်းစိစစ်ကာ သံဂါယနာတင်တော်မူကြပြီးလျှင် သံဃနာယက သံဂါယနာ အမှူးဖြစ်တော်မူသော အရှင်မဟာကဿပမထေရ်မြတ်၏ တပည့်အဆက်ဆက် ဆောင်ရွက်တော်မူရန် အပ်နှင်းတော်မူကြကုန်၏။

## အင်္ဂုတ္တရနိကာယ်

သံယုတ္တနိကာယ်ကို သံဂါယနာ တင်တော်မူကြပြီးနောက် ဘာဏဝါရ ၁၂၀-ပမာဏရှိ၍ သုတ်ပေါင်း ၉၅၅၇-သုတ် အတိုင်းအရှည်ရှိသော အင်္ဂါ ၁-ပါးရှိ ဧကအင်္ဂုတ္တရမှ အင်္ဂါ ၁၁-ပါးရှိ ဧကာဒသအင်္ဂုတ္တရတိုင်အောင် ၁၁-ပါးသော အင်္ဂုတ္တရနိကာယ်ကို မေးမြန်းစိစစ်ကာ သံဂါယနာတင်တော်မူကြပြီးလျှင် အရှင်အနုရုဒ္ဓါမထေရ်မြတ်အား တပည့်အဆက်ဆက် ဆောင်ရွက်တော်မူရန် အပ်နှင်းတော်မူကြကုန်၏။

## အဘိဓမ္မာ သံဂါယနာ

ဤသုတ္တန် ဒေသနာတော်မြတ်ဖြစ်သော-

- ဒီဃနိကာယ်၊ - မဇ္ဈိမနိကာယ်
- သံယုတ္တနိကာယ်၊ - အင်္ဂုတ္တရနိကာယ်

အားဖြင့် ၄-ပါးသော နိကာယ်ကြီးကို သံဂါယနာ တင်တော်မူကြပြီးနောက် ခဲခက်လေးနက်သော ဉာဏ်တို့၏ ကျက်စားရာဖြစ်၍ လေးနက်ဆန်းကြယ် သိမ်မွေ့ကျယ်ဝန်းလှစွာသော-

၁။ ဓမ္မသင်္ဂဏီ

၂။ ဝိဘင်္ဂ

၃။ ဓာတုကထာ

၄။ ပုဂ္ဂလပညတ္တိ

၅။ ကထာဝတ္ထု

၆။ ယမက

၇။ ပဋ္ဌာန

ဟု ဆိုအပ်သော အဘိဓမ္မာ ၇-ကျမ်းကို မေးမြန်းစိစစ်ကာ သံဂါယနာတင်တော်မူကြပြီးလျှင် မထေရ်အဆက်ဆက် ဆောင်ရွက်တော်မူကြကုန်၏။

✪ ✪ ✪ ✪ ✪

## ခုဒ္ဒကနိကာယ

အဘိဓမ္မာပိဋကတ်ကို သံဂါယနာတင်တော်မူကြပြီးနောက် နိကာယ်ကြီး ၄-ပါးကို ထောက်ထား၍ ခုဒ္ဒကနိကာယ်ဟု ဆိုအပ်သော-

| | | | | | |
|---|---|---|---|---|---|
| ၁။ | **ဇာတက** | ၂။ | **နိဒ္ဒေသ** | ၃။ | **ပဋိသမ္ဘိဒါမဂ္ဂ** |
| ၄။ | **အပဒါန** | ၅။ | **သုတ္တနိပါတ** | ၆။ | **ခုဒ္ဒကပါဌ** |
| ၇။ | **ဓမ္မပဒ** | ၈။ | **ဥဒါန** | ၉။ | **ဣတိဝုတ္တက** |
| ၁၀။ | **ဝိမာနဝတ္ထု** | ၁၁။ | **ပေတဝတ္ထု** | ၁၂။ | **ထေရဂါထာ** |
| ၁၃။ | **ထေရီဂါထာ** | ၁၄။ | **ဗုဒ္ဓဝံသ** | ၁၅။ | **စရိယာပိဋက** |

ဤ ၁၅-ပါးသော ပိဋကတ်ကို သံဂါယနာတင်တော်မူကြပြီးလျှင် သုတ္တန္တပိဋကဌ် သွင်းထား၍ ဆရာအဆက်ဆက် ဆောင်ရွက်တော်မူကြကုန်၏။

ဤသို့အားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူသော စကားတော်မြတ်ဟု ဆိုအပ်သော သာသနာအဆုံးအမတော်မှာ-

၁။ **အရသာအားဖြင့်** ဘဝ-သို့မဟုတ် ကိလေသာမှ လွတ်မြောက်ကြောင်း ဝိမုတ္တိရသ တစ်ပါးသာတည်း။

၂။ **ဒေသနာဘေဒအားဖြင့်**-

၁။ **ဝိနယ၊** ကိုယ်နှုတ် ၂-ပါး ဆုံးမကြောင်း ဒေသနာတော်

၂။ **ဓမ္မ၊** (က) **သုတ္တန္တဓမ္မ** ဒီဃနိကာယစသော သုတ်ဒေသနာတော်၊

(ခ) **အဘိဓမ္မ,** ဓမ္မသင်္ဂဏီစသော အဘိဓမ္မာ ဒေသနာတော်-

ဤသို့ ၂-ပါးပြား၏။

၃။ **ပိဋကအားဖြင့်**-

၁။ ဝိနယ ပိဋက၊ ယထာပရာဓ ဒေသနာ

၂။ သုတ္တန္တ ပိဋက၊ ယထာနုလောမ ဒေသနာ

၃။ အဘိဓမ္မပိဋက၊ ယထာဓမ္မ ဒေသနာ-

ဟူသော တည်ရာဌာန အနက်ရှိသော ပိဋက ၃-ပါးပြား၏။

၄။ ဗုဒ္ဓဝစနအားဖြင့်-

၁။ ပဌမဗုဒ္ဓဝစန၊ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ရှေးဦးစွာနှုတ်မြွက် ဟောကြားတော်မူသော စကားတော်

၂။ မဇ္ဈိမ ဗုဒ္ဓဝစန၊ ရှေးဦးစွာ ဟောကြားတော်မူအပ်သော ဒေသနာတော်မှစ၍ နောက်ဆုံးဟောကြား တော်မူအပ်သော ဒေသနာတိုင်အောင် ၄၅-ဝါအတွင်း ဟောကြားတော်မူသော ဒေသနာတော်

၃။ ပစ္ဆိမ ဗုဒ္ဓဝစန၊ ပရိနိဗ္ဗာန်စံဝင်တော်မူကာနီးနောက်ဆုံး အဆုံးအမစကားတော် အဖြစ်ဖြင့် ဟောထားတော်မူသော"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တ-ယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။ (ဒီ၊ ၂။ ၁၂၈)

ရဟန်းတို့ ယခုသင်တို့ကို မိန့်တော်မူမည်၊ ပြုပြင်အပ်သော တရားတို့ပျက်ခြင်း သဘောရှိကုန်၏။ မမေ့မလျော့ခြင်း သတိတရားနှင့် ပြည့်စုံကြကုန်" ဟု ဆိုအပ်သော စကားတော် ဤသို့ ၃-ပါး အပြားရှိ၏။

၅။ နိကာယ်အားဖြင့်-

၁။ ဒီဃနိကာယ၊ ရှည်သော ပမာဏရှိသော အချို့များသော အနုသန္ဓေရှိသော ဆိုခဲ့ပြီး ၃-ဝဂ်၊ ၃၄-သုတ်၊ ၆၄-ဘာဏဝါရ၊ ၁၆၀၀၀-ဂါထာ ပမာဏရှိသော သုတ္တန်ဒေသနာတော်

၂။ မဇ္ဈိမနိကာယ၊ အလယ်, အလတ် ပမာဏရှိသော သုတ်ပေါင်း ၅၀-ရှိ မူလ, မဇ္ဈိမ, ဥပရိအားဖြင့် ပဏ္ဏာသ ၃-ပါး၊ သုတ်အားဖြင့် ၁၅၂-သုတ်၊ ဘာဏဝါရအားဖြင့်-၈၀၊ ဂါထာ၊ ပမာဏအားဖြင့်- ၂၀၀၀၀ အတိုင်းအရှည်ရှိသော သုတ္တန်ဒေသနာတော်

၃။ သံယုတ္တနိကာယ၊ အကြောင်းဝတ္ထု စပ်ယှဉ်လျက် ဟောကြားတော်မူသော ဝဂ် အားဖြင့်-

| | |
|---|---|
| ၁။ သဂါထာဝဂ် | ၂။ နိဒါနဝဂ် |
| ၃။ ခန္ဓဝဂ် | ၄။ သဠာယတနဝဂ် |
| ၅။ မဟာဝဂ်- | ဟူ၍ ၅-ဝဂ်၊ |

သုတ်အားဖြင့် ၇၇၆၂-သုတ်၊

ဘာဏဝါရအားဖြင့်-၁၀၀ (တစ်ရာ)၊

ဂါထာ ပမာဏအားဖြင့်-၂၅၀၀၀ (နှစ်သောင်းငါးထောင်) အတိုင်းအရှည်ရှိသော ဒေသနာတော်

၄။ **အင်္ဂုတ္တရနိကာယ**၊ အင်္ဂါတစ်ပါးရှိသော သုတ်အပေါင်း၊ ထို့အတူ ၂-ပါးရှိသော သုတ်ပေါင်း၊ ၃-ပါးရှိသောသုတ်ပေါင်း- စသည်အားဖြင့် ၁၁-ပါးအပိုင်းအခြားရှိ၍-

သုတ်ပေါင်း ၉၅၅၇-သုတ်

ဘာဏဝါရအားဖြင့်-၁၂၀(တစ်ရာ့နှစ်ဆယ်)၊

ဂါထာပမာဏ-၃၀,၀၀၀ (သုံးသောင်း) အတိုင်းအရှည်ရှိသော ဒေသနာတော်

၅။ **ခုဒ္ဒကနိကာယ**၊ ကျမ်းပမာဏအားဖြင့် ရေးသားခဲ့ပြီးသော ၁၅-ကျမ်းရှိ၍ ဂါထာပမာဏအားဖြင့် ၄၄,၂၅၀ (လေးသောင်း လေးထောင် နှစ်ရာ့ ငါးဆယ်)ရှိသော, သုတ်များအားဖြင့်

အလုံးစုံသော **ဝိနယပိဋက**၊

အလုံးစုံသော **အဘိဓမ္မပိဋက**၊

ဤနိကာယ်ကြီး ၄-ပါးမှ တစ်ပါးသော မြတ်စွာဘုရားဟောကြားတော်မူသော ဒေသနာတော်အပေါင်း၊

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူသောဒေသနာတော်အပေါင်းသည် နိကာယ်အားဖြင့် ၅-ပါးရှိ၏။

၆။ **အင်္ဂါအားဖြင့်-**

၁။ သုတ္တ၊ ဥဘတော ဝိဘင်္ဂ, နိဒ္ဒေသ, ခန္ဓက, ပရိဝါသုတ္တနိပါတ, မင်္ဂလသုတ် အစရှိသော သုတ်အမည်ရှိသော ဟောကြားတော်မူသော ဒေသနာတော်

၂။ ဂေယျ၊ ဂါထာနှင့် တကွဖြစ်သော သုတ်များ၊ ၎င်းပြင် အထူးအားဖြင့် သံယုတ္တနိကာယ်၌ အလုံးစုံသော သဂါထာဝဂ်-ဟူသော ဂါထာနှင့်တကွ ဖြစ်သော ဟောကြားတော်မူအပ်သော ဒေသနာတော်

၃။ ဝေယျာကရဏ၊ ဂါထာမရှိသော သုတ်အပေါင်းနှင့်တကွ အားလုံးသော အဘိဓမ္မပိဋက၊ ဂုဏ်းပြင် အင်္ဂါ ၈-ပါး ရှိသော သုတ္တန်မှတစ်ပါး ဟောကြားတော်မူအပ်သော ဒေသနာတော်

၄။ ဂါထာ၊ ဓမ္မပဒ အစရှိသော ဂါထာသက်သက်ရှိသော ဒေသနာတော်နှင့် ထေရဂါထာ, ထေရီဂါထာတို့အပြင် သုတ္တနိပါတ်၌ သုတ်အမည် မရှိသော ဂါထာများ-ဟုဆိုအပ်သော ဟောကြားတော်မူအပ်သော ဒေသနာတော်

၅။ ဥဒါန၊ ဝမ်းမြောက်ဖွယ်နှင့် စပ်သောဉာဏ်တော်ဖြင့် ရွတ်ဆိုအပ်သော ဂါထာနှင့် ယှဉ်သည့် ၈၂ - သုတ်ရှိသော ဟောကြားတော်မူအပ်သော ဒေသနာတော်

၆။ ဣတိ ဝုတ္တက၊ မြတ်စွာဘုရားဟောကြားတော်မူအပ်သော သုတ္တန်များကို ညွှန်ပြကာ ဟောပြအပ်သည့် "ဝုတ္တံ ဟေတံ ဘဂဝတာ" စသော စကားနှင့်စပ်သော သုတ်ပေါင်း-၁၁၀ ရှိ ဟောကြားတော်မူအပ်သော ဒေသနာတော်

၇။ ဇာတက၊ မြတ်စွာဘုရားသည် ပစ္ဆိမဘဝသို့ မရောက်မီ လွန်ခဲ့သော ဘဝများက ပါရမီ ဖြည့်တော်မူစဉ် ကျင်လည်ခဲ့၍ ဖြစ်ပွားခဲ့သည့် အဖြစ်တော် အကြောင်းအရာ ၅၅၀-သော ဇာတ်တော်ဟု ဆိုအပ်သော ဟောကြားတော်မူအပ်သော ဒေသနာတော်

၈။ အဗ္ဘုတ ဓမ္မ၊ မဖြစ်စဖူး အထူးဖြစ်သော အကြောင်းအရာများနှင့် စပ်သော အရှင်အာနန္ဒာမထေရ် စသော မထေရ်များနှင့် စပ်၍ အံ့ဖွယ်ကောင်းသောအဖြစ်များ ဟောကြားတော်မူအပ်သော ဒေသနာတော်

၉။ ဝေဒလ္လ၊ ဟောကြားတော်မူသော ဒေသနာတော်တို့ကို အသိဉာဏ်တွင် ထင်မြင်လာသဖြင့် ဝမ်းမြောက်သည့်အတွက် ထပ်ခါထပ်ခါ မေးမြန်း ဟောကြားတော်မူအပ်သော သုတ်-ဟုဆိုအပ်သော စူဠဝေဒလ္လ, မဟာဝေဒလ္လသုတ်, သမ္မာဒိဋ္ဌိသုတ်, သက္ကပဉှသုတ်, သင်္ခါရဘာဇနိယသုတ်, မဟာပုဏ္ဏသုတ်စသော ဟောကြားတော်မူအပ်သော ဒေသနာတော်

ဤသို့အားဖြင့် မြတ်စွာဘုရား စကားတော်သည် အစိတ်အပိုင်း အင်္ဂါ ၉-ပါးရှိ၏။

၇။ **ဓမ္မက္ခန္ဓာအားဖြင့်-** မြတ်စွာဘုရား ဟောကြားတော်မူအပ်သော စကားတော်-ဟု ဆိုအပ်သော ပိဋကတ်တော်သည် တရားဓမ္မ ဟောပြတော်မူအပ်သော တရားအစု တရားအပုဒ်အားဖြင့် ၈၄,၀၀၀ (ရှစ်သောင်းလေးထောင်) ရှိကြောင်း အရှင်အာနန္ဒာသည် ဂေါပကမောဂ္ဂလာနပုဏ္ဏား၏ လျှောက်ထားချက်ကို ဖြေကြားရာ၌-

**ဒွါသီတိ ဗုဒ္ဓတော ဂဏှိံ၊ ဒွေသဟဿာနိ ဘိက္ခုတော။**
**စတုရာသီတိ သဟဿာနိ၊ ယေ မေ ဓမ္မာ ပဝတ္တိနော။ ။**

(ဝိ၊ ၄၊ ၁။ ၂၃။ ထေရဂါထာ၊ ၃၄၇။)

ဟု ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတို့မှာ ၈၂,၀၀၀-ကို ဘုရား ရှင်ထံမှ, ၂၀၀၀-ကို အရှင်သာရိပုတ္တရာ စသော ရဟန်းတို့ထံမှ သင်ယူကြောင်း မိန့်တော်မူခဲ့သည်ကို ထောက်ထား၍ ပိုင်းခြားမှတ်သားအပ်၏။

ဤသို့မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် ဟောကြားတော်မူအပ်သော ဒေသနာစကားတော်မြတ်တို့ကို စုပေါင်းလျက် အထက်၌ ဆိုအပ်ခဲ့ပြီးသော ရသ ဓမ္မ, **ဝိနယ; ပိဋက; ဗုဒ္ဓဝစန; နိကာယ; အင်္ဂါ; ဓမ္မက္ခန္ဓ** ၇-ပါးတို့ဖြင့် ပိုင်းခြားဝေဖန်ခြင်းမှတပါး-

၁။ ဥဒ္ဒါန သင်္ဂဟ
၂။ ဝဂ္ဂ သင်္ဂဟ
၃။ ပေယျာလ သင်္ဂဟ
၄။ နိပါတ သင်္ဂဟ
၅။ သံယုတ္တ သင်္ဂဟ
၆။ ပဏ္ဏာသ သင်္ဂဟ

စသော သင်္ဂဟအပြားတို့ကို ပိုင်းခြားဝေဖန်ပြီးလျှင် ၇-လတို့ဖြင့် သံဂါယနာတင်တော်မူကြခြင်း အဆုံးသို့ရောက်၍ အရှင်မဟာကဿပ အစရှိသော မြတ်စွာဘုရား၏ တပည့်သာဝက မဟာထေရ်မြတ်တို့သည် ဘုရားရှင်၏ ကမ္ဘာသခ်ျေအရေအတွက် အပိုင်းအခြားမရှိသော ဘဝများစွာက ဆည်းပူးတော်မူမှ ရတော်မူအပ်သော လေးနက်ဆန်းကြယ်သည့် တရားတော်မြတ်ကို နှစ်ထောင်ပေါင်းများစွာ တည်တံ့နိုင်ရန် ပြုလုပ်တော်မူကြသည်

ဟု ကောင်းချီးအနုမောဒနာ ဝမ်းမြောက်ဝမ်းသာ ပြုဘိသကဲ့သို့ အထူးထူးသော အံ့ဖွယ်အများ ဖြစ်ပွားစေလျက် နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီမြေကြီးသည် မရပ်မတည် အိုးထိမ်းစက်ကဲ့သို့ လည်လျက် အထူးထူးသော အခြင်းအရာဖြင့် တုန်လှုပ်ကြောင်း မြတ်စွာဘုရား၏ အလိုတော်ကျ သိမြင်တော်မူကြသော အဋ္ဌကထာ ဆရာအရှင်မြတ်တို့ ဖွင့်ဆိုတော်မူကြကုန်၏။

ဤသို့အားဖြင့် မြတ်စွာဘုရား စကားတော်မြတ်ဟု ဆိုအပ်သော အဆုံးအမ သာသနာတော်မြတ်ကို အဓွန့်ရှည်စွာ နှစ်ပေါင်းများစွာ တည်တံ့တော်မူရန် ပရိနိဗ္ဗာန်စံတော်မူသည်မှစ၍ သံဂါယနာတင်တော်မူသော အစနေ့ဖြစ်သည့် ဝါခေါင်လပြည့်ကျော်၊ ၅-ရက်နေ့တိုင်အောင် အားထုတ်ကြိုးပမ်းတော်မူကြသော သာသနာ့ဝန်ထမ်း မထေရ်ကြီးများ၏ လုံးလအားသည်း ကိစ္စတော်မြတ်ကြီးသည် ၎င်းဝါခေါင်လပြည့်ကျော်၊ ၅-ရက်နေ့မှစ၍ ၇-လကြာမြင့်ကြောင်း လာသည်နှင့်အညီ တပေါင်းလပြည့်ကျော်၊ ၅-ရက်နေ့တိုင်အောင် ဆောင်ရွက်တော်မူကြဆဲဖြစ်သဖြင့် ၎င်း ၅-ရက်နေ့သည်ကား အပြီးအဆုံးသို့ ရောက်သောနေ့ဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

ဤသို့ ၇-လတိုင်တိုင် တင်တော်မူအပ်သော ပဌမ သံဂါယနာကို-

**သတေဟိ ပဉ္စဟိ ကတာ၊ တေန ပဉ္စသတာတိ စ။**

**ထေရေဟေဝ ကတတ္တာ စ၊ ထေရိကာတိ ပဝုစ္စတိ။** ။(ဝိ၊ ၄၊ ၁။ ၂၃။)

ဟု ၅၀၀- အရေအတွက်ရှိသော အရှင်မြတ်များ တင်ခြင်းအမှု ပြုတော်မူသောကြောင့် ပဉ္စသတ ဟူ၍ ခေါ်ဆိုအပ်သည့်အပြင် မထေရ်ကြီးများတင်ခြင်း အမှုပြုတော်မူသောကြောင့် ထေရိကာ ဟူ၍လည်း ခေါ်ဆိုအပ်ကြောင်း အဋ္ဌကထာဆရာများ ဖွင့်ပြတော်မူကြသည်နှင့်အညီ-

**ပဉ္စသတ ထေရိကာ ပဌမ သံဂါယနာ-**

ဟု ဆိုအပ်သော သာသနာ့နိုင်ငံ တည်ထောင်တော်မူခြင်း၏ ပဌမအုတ်မြစ်ဖြစ်သည့် သိင်္ဂီတိ အစည်းရုံးတော်မြတ်ကြီးသည် ပရိနိဗ္ဗာန် စံဝင်တော်မူသည်မှစ၍-

၁၁-လ၊ ၅-ရက် (ဆယ့်တစ်လ၊ ငါးရက်မှာ) အပြီးအဆုံးသို့ ရောက်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## သာသနာပြုမင်းများ

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် သူတော်ကောင်းတရားတော်တည်းဟူသော အဆုံးအမ သာသနာတော်ကြီးကို စောင့်ရှောက်တော်မူကြသော ရဟန္တာမထေရ်မြတ်တို့ ဆိုခဲ့ပြီးသည့်အတိုင်း သံဂါယနာ တင်တော်မူလျက် ဗုဒ္ဓနိုင်ငံတော်ကြီး ခိုင်မြဲတည်တံ့စေရန် အမွေဆက်ခံပြုစု အားထုတ်တော်မူကြခြင်းမှာ ထင်ရှားစွာဆိုခဲ့ပြီးလေပြီ။ ထိုသာသနာ့အမွေခံ, သာသနာ့နိုင်ငံတော်ဝန်ထမ်း, သာသနာတော်တည်ထွန်းအောင် အားထုတ်ပြုစုတော်မူကြသော မထေရ် အဆက်ဆက်တို့အား ပစ္စည်း၄-ပါးတို့ဖြင့် ထောက်ပံ့ကာ သာသနာနိုင်ငံတော် ပြုစုမှုတွင် ပါဝင်ကြသော မင်းများနှင့် ၎င်းပြုစုမှုတွင် ထင်ရှားကြကုန်သော သူများကိုလည်း ထုတ်ဖော်ရေးသားအပ်မည်ဖြစ်၍ ၎င်းတို့ကို အကြောင်းအားလျော်စွာ ရေးသားဖော်ပြရပေမည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်က သောဠသတိုင်းကြီးများအနက် ကောသလတိုင်း, မဂဓတိုင်း, ဝံသတိုင်း, အဝန္တိတိုင်းတို့၌သာ အုပ်ချုပ်စိုးစံတော်မူသော ဘုရင်ကြီး ၄-ပါး ထင်ရှားရှိကြောင်း နောက်ကရေးသားခဲ့ပြီးသည့်အတိုင်း သာသနာတော်၌ ကိုင်းရှိုင်းလေးမြတ်သော ကောသလမင်းကြီးနှင့် သာသနာတော်ဝယ် ထင်ရှားသော နိဗဒ္ဓဝါတော် ၂၀-ကျော်အောင် အမြဲသီတင်းသုံးတော်မူရာ ကောသလတိုင်းကြီးသည်လည်း ဝိဍူဍဘဘေးရန်ဖြင့် ပျက်ပြားပြိုကွဲသည့်အပြင် သာကိယတိုင်းသည်လည်း ၎င်းမင်းသားဘေးဖြင့် ဖရိုဖရဲ တကွဲတပြား တိုင်းကားပြည်ရွာ မတည်မတံ့ဖြစ်ရ၍ ၎င်းကောသလတိုင်းကြီးနှင့်တကွ ၎င်းမင်းကြီး အုပ်ချုပ်သော ကာသိတိုင်းမှာ တန်ခိုးအာဏာကင်းလျက် သာသနာတော် ချီးမြှောက်ထောက်ပင့်ခြင်း၌ ထင်ရှား၍ တန်ခိုးကြီးမားသော မင်းကြီးများ မရှိကုန်။

၎င်းပြင် လက်ထက်တော်က ထင်ရှားသော ဘုရင်ကြီးတစ်ပါး အပါအဝင် ဝံသတိုင်း၊ ကောသမ္ဗီပြည်ကြီးရှင် ဘုရင် ဥတေနမင်းကြီးကား သာသနာတော်၌ လေးစားယုံကြည်သော မင်းတစ်ပါးဖြစ်စေကာမူ ၎င်းမြို့တော်၌ ဃောသကသူဌေးစသော သူဌေးကြီးများ ပြုစုသော ကျောင်းတိုက်ကြီးများသာ ထင်ရှား၍ မင်းကြီးမှာ သာသနာပြုမှု မထင်ရှားသည့်အပြင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့် နောက်ကာလ၌လည်း အရှင်အာနန္ဒာအား မောင်းမ ၅၀၀- က အထည် -၅၀၀ လှူဒါန်းရာ ကြည်ညိုသောအားဖြင့် ထပ်၍ မင်းကြီးကလည်း ၅၀၀-လှူဒါန်းကြောင်း စသည့် ပဉ္စသတိကခန္ဓက၌ လာသည်မှ တပါး သာသနာတော်၌ အားထုတ်မှု အထူးမလာသဖြင့် သာသနာပြု မင်းတစ်ပါး-ဟု

မှတ်တမ်းထားလောက်အောင် မဟုတ်၍ သာသနာ့ ဒါယကာမင်းများ အထဲတွင် မပါဝင်ကုန်။

ထိုမှတပါး အဝန္တိတိုင်းကြီးရှင် ဘုရင်စဏ္ဍပဇ္ဇောတမင်းကြီးမှာလည်း သာသနာတော် သက်ဝင်ယုံကြည်၍ အရှင်မဟာကစ္စည်း မထေရ်မြတ် ပင့်ဖိတ်ပြီးလျှင် ၎င်း၏ ဥယျာဉ်တော်တွင် ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းကြောင်း အဌကထာတို့တွင် လာသည်မှတပါး အခြားထင်ရှားသော သာသနာတော် ပြုစုမှုမလာသဖြင့် သာသနာ့မှတ်တမ်းတွင် သာသနာ့ဒါယကာ မင်းတစ်ပါး-ဟု မှတ်တမ်း မထားကုန်။

သို့ရာတွင် ၎င်း၏ တိုင်းနိုင်ငံတော်၌ကား အရှင်မဟာကစ္စည်းမထေရ် အကြောင်းပြုကာ သာသနာတော်ထွန်းကား စည်ပင်လျက် များစွာသော မြို့, နိဂုံးများတွင် သာသနာ သက်ဝင်ကြသောသူများ၍ ရဟန်းပြုသူများလည်းရှိရာ ရဟန်း, သံဃာကား နည်းပါးသဖြင့် ၎င်းတိုင်းနယ်များ၌ ပဒေသပညတ် ၄-ပါး ခွင့်ပြုရန် တောင်းပန်သည် အားလျော်စွာ ခွင့်ပြုပညတ်တော်မူကြောင်းလာသဖြင့် သာသနာတော်တွင် ပါဝင်ကြောင်း မှတ်သားအပ်၏။

ဤသို့ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့်နောက် မဇ္ဈိမတိုက်ကြီးတွင် သာသနာတော် ရှေးဦးစွာ အမြစ်ကျ တည်ထွန်းပြန့်ပွားရာဌာန မဂဓတိုင်းကြီးတွင် သာသနာတော်စည်ပင်၍ အထူးအားဖြင့် ရာဇဂြိုဟ်မြို့တော်ကြီးမှာလည်း သံဂါယနာတင် မထေရ်ကြီးများ သာသနာပြု ဌာနကြီးဖြစ်ကြောင်း သတ်မှတ်တော်မူကြသည့်အတိုင်း ကျောင်းတိုက်ကြီး ၁၈-ရပ်တို့ဖြင့်လည်း ဝန်းရံလှည့်ပတ်လျက်ရှိသည့်အပြင် ၎င်းတိုင်းပြည်ကြီးရှင်ဘုရင်အဇာ-တသတ်မင်းသည်လည်း ပုထုဇဉ်တို့ သဒ္ဓါတရားတွင် သာသနာသက်ဝင်မှု၌ ဇေတဒဂ်ထားထိုက်ကြောင်း အဌကထာတို့ ရေးသားသည်နှင့်အညီ သာသနာတော်အထူးယုံကြည်၍ ဘုန်းလက်ရုံး တန်ခိုးအားဖြင့်လည်း ကြီးမားသည့်အားလျော်စွာ ပဌမသံဂါယနာ သာသနာပြု သာသနာ့ဒါယကာ မင်းတရားဖြစ်ကြောင်း သာသနာ့မှတ်တမ်းတွင် တင်ထားကြကုန်၏။

ထိုမှတပါး မြတ်စွာဘုရား လက်ထက်တော်က ထင်ပေါ်ကျော်ကြား တန်ခိုးကြီးမားကြသော ဝဇ္ဇီတိုင်းကြီးကို အုပ်စိုးကြသည့် လိစ္ဆဝီ မင်းမျိုးများလည်း မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ကွဲပြားကြ၍ အင်အားတန်ခိုး ညှိုးမှိန်ပပျောက် တိုင်းနိုင်ငံလည်း ချောက်ချားကာ သာသနာတော် အရေးလည်း လေးစားသမှု အားထုတ်မည့်မင်းများ သာသနာ့မှတ်တမ်း ထားလောက်အောင် ၎င်းတိုင်းကြီး၌၎င်း, ဝေသာလီမြို့တော်၌၎င်း ထင်ရှား မရှိခဲ့ကုန်။

ၡင်းပြင် ဤတိုင်းအတွင်း ဘုရားရှင်နောက်ဆုံး သီတင်းသုံးခြင်းအားဖြင့် ဝါကပ်တော်မူပြီးလျှင် ၎င်းဝါတော်မှ ထမြောက်တော်မူ၍ ဒေသစာရီ ကြွချီတော်မူလျက် မလ္လတိုင်းသို့ သက်ရောက်ကာ ကုသိနာရုံမြို့တော်၌ ပရိနိဗ္ဗာန် စံတော်မူသည် အားလျော်စွာ ဝေသာလီပြည်သား လိစ္ဆဝီမင်းများလည်း မြတ်စွာဘုရား သရီရဓာတ်တော်များ ဝေစုယူကာ ပူဇော်ပသ စေတီတော်တည်ထား ကိုးကွယ်ကြကြောင်း မဟာပရိနိဗ္ဗာနသုတ် စသည်၌ မလာ၍ သာသနာတော်ကိုကား လေးစားကြသော မင်းများဖြစ်စေကာမူ ၎င်းမင်းဆက်များမှာ သာသနာတော်၌ အထူးပြုစုအားထုတ်ကြကြောင်း မှတ်တမ်းများကား ထင်ရှားမရှိကုန်။

ထို့အပြင် မြတ်စွာဘုရား နောက်ဆုံးပစ္ဆိမဒေသနာ ဟောကြားတော်မူရာ မလ္လတိုင်း၌ စိုးစံအုပ်ချုပ်ကြသော မလ္လမင်းများနှင့် အလ္လကပ္ပတိုင်း ဗူလိမင်းများလည်း သာသနာတော်ကို ကြည်ညိုလေးစားကြသဖြင့် စေတီတည်ထားကိုးကွယ်ပြုစု အားထုတ်သော်လည်း ၎င်းမှတပါး သာသနာ တိုးတက်ထွန်းကားအောင် တည်ထောင်အားထုတ် ပြုစုခြင်းကား ထင်ရှားမရှိသည့်အပြင် ၎င်းမင်းမျိုးများမှာ တန်ခိုးအင်အားနှင့် ထိုအခါက တိုင်းပြည်နိုင်ငံမှာလည်း ကြီးကျယ်ခြင်း မရှိသောကြောင့် ၎င်းမင်းမျိုးများလည်း ပရိနိဗ္ဗာန် စံဝင်တော်မူသည့်နောက် သာသနာ့မှတ်တမ်းများ၌ တင်ထားခြင်း မရှိကုန်။

သို့ရာတွင် ထိုစဉ်အခါကာလက တန်ခိုးအင်အားသေးငယ်၍ တိုင်းကြီးများအကြား ဘုရားရှင်လက်ထက်တော်က ဤမျှလောက် မထင်ရှားသော တိုင်းငယ်ကလေးအဖြစ်ဖြင့် ဓာတ်တော်ဝေစုတွင်ပါဝင်သော ပိပ္ပလိတိုင်းငယ်ကလေးနှင့် မောရိယမင်းမျိုးအနွယ် အဆက်တို့သည်ကား သာသနာတော် အနှစ် ၂၀၀-ကျော်တွင် အလွန်ထင်ရှား ကျော်ကြား၍ ကြီးကျယ်မြင့်မြတ်သော ဘုန်းလက်ရုံး တန်ခိုးအာဏာနှင့် ပြည့်စုံသော သာသနာပြုသာသနာ့ဒါယကာ မင်းကြီးတစ်ပါး ထင်ရှားဖြစ်လိမ့်မည်အကြောင်း နောင်သာသနာပြုအခမ်းအနား၌ ထင်ရှားပေလတ္တံ့ဖြစ်၍ ယခုရေးသားဖော်ပြရန် မလိုအပ်ကုန်။

သို့ဖြစ်၍ မြတ်စွာဘုရား သာသနာတော်မြတ် တည်ထွန်းတောက်ပ ကြီးကျယ်ပြန့်ပွါး စည်ကားဝပြောအောင် ပြုစုအားထုတ်နိုင်သော မြတ်စွာဘုရား သက်တော်ထင်ရှားမရှိသည့်နောက် တန်ခိုးအင်အား အကြီးမားဆုံးဖြစ်သော မင်းသည်ကား ရေးသားခဲ့ပြီးသော သာသနာကြည်ညိုမှု ပုထုဇဉ်သဒ္ဓါတို့တွင် အမြတ်ဆုံး-ဟု ဘုရားရှင် ချီးမွမ်းတော်မူခြင်းခံရသော မဂဓတိုင်းကြီးရှင် ဘုရင်အဇာတသတ်မင်းမြတ်ဖြစ်၍ သာသနာပြုသာသနာ့ဝန်ဆောင် ဗုဒ္ဓနိုင်ငံ, ဓမ္မနိုင်ငံတော်ကြီး ဖန်တီးတည်ထောင်တော်မူကြသော အရှင်မဟာကဿပ အစရှိသော သံဂါယနာ မထေရ်မြတ်တို့လည်း ထိုမင်းကို အထောက်အပံ့ အမှီပြုကာ သာသနာ့ဒါယကာထားပြီး ဤမဂဓတိုင်း၊ ရာဇဂြိုဟ်မြို့တော်ကြီးမှာပင် သာသနာတော် သုတ်သင်လျက် ပဌမသံဂါယနာတင်တော်မူကြကုန်၏။

ထို့ကြောင့်လည်း ထိုမင်းကြီးသည် ဘုရားရှင်ကိုဂုဏ်, ဂုဏ်တော်ကျေးဇူးတော်တို့ကို ဂုဏ် ယုံကြည်ကိုးစားသည့်အလျောက် ဓာတ်တော်တို့ကို ပင့်ဆောင်ရာတွင် ပူဇော်ပသ အားရတင်းတိမ်ခြင်းမရှိဘဲ လွန်ကဲစွာ အားထုတ်မှုကြောင့် အချို့သဒ္ဓါမရှိသူ သာသနာ၌ မကြည်ညိုသူ အပေါင်းတို့ ကဲ့ရဲ့ပြစ်မှား အကုသိုလ်ပွါး ပြိတ္တာများဖြစ်ကြောင်း လာသဖြင့် လည်း ထိုမင်းတရား၏ သဒ္ဓါလွန်ကဲမှု သာလွန်ထင်ရှား၏။

အရှင်မဟာကဿပ မထေရ်မြတ်လည်း နောင်အနာဂတ် သာသနာနှင့်စပ်၍ ဖြစ်ပွါးလတ္တံ့သော အခြင်းအရာနှင့် ဤမဂဓတိုင်းကြီး၌ ဖြစ်ထွန်းကြီးပွါးလတ္တံ့သော သာသနာ တော်မြတ်၏ တန်ခိုးတော် မျှော်ခေါ် စဉ်းစားတော်မူလျက် ထိုမင်းနှင့် တိုင်ပင်ကာ မြတ်စွာဘုရား သရီရဓာတ်တော်များကို ရန်သူမဖျက်ဆီးနိုင်အောင် တစ်နေရာတည်း၌ စုပေါင်းတည်ထား ခမ်းနားကြီးကျယ်သော ဓာတ်တော်တိုက်ခန်းကြီး ပြုလုပ်စီမံ၍ စက်ယန္တရားတို့ဖြင့် တပ်ဆင်ကာ မြို့ပြည်တိုင်းနယ် အများတို့၌ အသီးသီး ဝေစုရသော စေတီတော် အသီးသီး တည်ထားကိုးကွယ်ကြသည့် ဓာတ်တော်များကိုလည်း တန်ခိုးတော် ဖြင့် ဆောင်ယူပြီးလျှင် အမျိုးမျိုးသော ကုန်းပန်း, ရေပန်း အဆန်းတကျယ် ကြီးကျယ် ခမ်းနားစွာ ပူဇော်လျက် မီးတိုင်များဖြင့် ထွန်းညှိပူဇော်ကာ-

- ဤအမျိုးမျိုးသော ပန်းတို့သည် အမြဲစိမ်းလန်းလျက် မညှိုးနွမ်းပါစေသတည်း၊
- ဤထွန်းညှိသော တန်ဆောင်တိုင်တို့သည်လည်း ထွန်းပြောင်ထိန်လင်းလျက် တည်ပါစေသတည်း-

စသည်ဖြင့် မိဋ္ဌာန်ပူဇော် ထွန်းညှိထားခဲ့သည့်အပြင် အဇာတသတ်မင်းမြတ်သည်လည်း အမျိုးမျိုးသော ရတနာတို့ဖြင့် ပူဇော်ကာ နောင်အခါ၌ ဤရတနာတို့ဖြင့် နောက်မင်း များလည်း ထပ်မံပူဇော်နိုင်ရန် အဘိုးအနဂ္ဃထိုက်တန်သည့် ပတ္တမြားရတနာကြီး စွန့်လွှတ် လှူဒါန်းပြီးလျှင် ဤဓာတ်တော်ခန်းတိုက်ကြီးကို အခမ်းအနားဖြင့် တည်ထားပြုစုတော်မူကြ၍ ထိုအရှင် မဟာကဿပမထေရ်နှင့် ဘုရင်အဇာတသတ်မင်းတရားတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့်နောက် သာသနာတော်မြတ် ကြီးပွားကြောင်း အမွန်အစ အားထုတ်ကြသော သာသနာပြုမင်း သာသနာ့ဒါယကာနှင့် သာသနာပြု မထေရ်မြတ်တို့ ဖြစ်ကြောင်း မှတ်ယူအပ်၏။

✪ ✪ ✪ ✪ ✪

## အဇာတသတ်မင်း၏ နန်းစံနှစ်

ဤအဇာတသတ် မင်းမြတ်သည်ကား မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ အင်္ဂ, မဂဓတိုင်းအလုံး သိမ်းကျုံးအုပ်ချုပ် မင်းပြုလုပ်သောနှစ်မှာ ၈-နှစ်မျှသာရှိသေး၍ နှစ်ပရိစ္ဆေဒ မကြာမြင့်လှသေးသည့်အပြင် တိုးတက်ကြီးပွားသော အရွယ်၌ တည်သဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးနောက်လည်း-

**ပရိနိဗ္ဗုတေ စ သမ္ဗုဒ္ဓေ အဇာတသတ္တု စတုဝီသတိ ရဇ္ဇံ ကာရေသိ။**

"ဘုရားရှင် ပရိနိဗ္ဗာန် စံပြီးနောက်လည်း အဇာတသတ်မင်းသည် ၂၄-နှစ်မင်းပြု၏"

ဟု ပါရာဇိကဏ် အဋ္ဌကထာ နိဒါန်းလာသည်ကို-

၎င်းအဖွင့် သာရတ္ထဒီပနီဋီကာ၌လည်း-

**တတ္ထ အဇာတသတ္တုဿ စတုဝီသတိတိ ပရိနိဗ္ဗာနဝဿသင်္ခါတံ အဋ္ဌမဝဿံ မုဉ္စိတွာ ဝုတ္တံ။**

ထို၌ အဇာတသတ် ၂၄-နှစ်ဆိုသည်မှာ ပရိနိဗ္ဗာန်စံသောနှစ် ၈-ခုမြောက်ကို လွှတ်၍ မိန့်ဆိုကြောင်း ဖွင့်ပြသည်ကို ထောက်ထား၍ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ၂၄-နှစ် မင်းပြုလုပ်ခဲ့သေးကြောင်း, ထိုနှစ်များအတွင်းလည်း သာသနာတော်ခိုင်မြဲ တည်တံ့အောင် သာသနာ၌ အသက်တမျှ လေးစားကြည်ညိုတော်မူသော မင်းဖြစ်သည် အားလျော်စွာ အထူးအားထုတ် ပြုလုပ်ခဲ့မည်ကား ယုံမှားမဲ့ မှတ်သားအပ်၏။

✪✪✪✪✪

## သာသနာပြု မထေရ်များ၏ အဆက်အနွယ်

ထိုမင်းအား သာသနာ့ ဒါယကာထား၍ မြတ်စွာဘုရား သာသနာတော်တည်မြဲခိုင်ခန့် ထွန်းတောက်အောင် ဆောင်ရွက်ပြုစုတော်မူကြသော အရှင်မဟာကဿပ, အရှင်အနုရုဒ္ဓါ စသောမထေရ်များနှင့် ဧတဒဂ်တော် ရ, မရ, အသီတိသာဝက မထေရ်တို့တွင် ပါဝင်တော်မူကြသော အာသဝေါကုန်ခန်း ရဟန္တာမထေရ်များ မရေတွက်နိုင်အောင် ရှိကြသေး၍ ၎င်းမထေရ်များ၏ တပည့်များလည်း သာသနာတော် ၃-ရပ် လေးမြတ်စွာ အားထုတ်လျက် အဆက်အနွယ်မပြတ် ဆက်လက်ဆောင်ရွက်တော်မူကြကြောင်း အဋ္ဌကထာ ဆရာများ ဖွင့်ပြရေးသားသဖြင့် ထင်ရှားသိသာ၏။

သမန္တပါသာဒိက ဝိနည်းအဋ္ဌကထာ၌ ၎င်းသာသနာ့ဝန်ဆောင် မထေရ်များ အဆက်ဆက် ဝိနည်းကို ဆောင်ရွက်တော်မူကြကြောင်း-

**ဥပါလိ ဒါသကော စေဝ၊ သောဏကော သိဂ္ဂဝေါ တထာ။**
**တိဿော မောဂ္ဂလိပုတ္တော စ၊ ပဉ္စေတေ ဝိဇိတာဝိနော။ ။**

**ပရမ္ပရာယ ဝိနယံ၊ ဒီပေ ဇမ္ဗုသိရိဝှယေ။**
**အစ္ဆိန္နမာန မာနေသုံ၊ တတိယော ယာဝ သင်္ဂဟော။ ။**(ဝိ၊ ဋ၊ ၁။ ၂၄။)

**၁။ ဥပါလိ မထေရ်**

**၂။ ဒါသက မထေရ်**

**၃။ သောဏက မထေရ်**

**၄။ သိဂ္ဂဝ မထေရ်**

**၅။ မောဂ္ဂလိပုတ္တတိဿ မထေရ်**

ဤ ၅-ပါးသော မထေရ်ကြီး အဆက်ဆက်တို့သည် တတိယ သံဂါယနာ တိုင်အောင် မပြတ် ဝိနည်းသာသနာတော်ကို ဇမ္ဗူဒီပါကျွန်း၌ ဆောင်ရွက်တော်မူခဲ့ကြကုန်ပြီ-ဟု ဖော်ပြသည့်ပြင်-

၎င်းအဋ္ဌကထာအဖွင့် သာရတ္ထဒီပနီ ဋီကာ၌လည်း ထိုမထေရ်များ၏ အကြောင်း အတ္ထုပ္ပတ်ကို-

၁။ အရှင်ဥပါလိ မထေရ်မှာ- ဘုရားရှင် လက်ထက်တော်က ဝိနည်းအရာ၌ ဧတဒဂ် ရတော်မူသော မထေရ်မြတ်ဖြစ်၍ ထင်ရှားသော မထေရ်ဖြစ်တော်မူသည်။

၂။ အရှင်ဒါသက မထေရ်မှာ- ဝေသာလီပြည်သား ဒါသကမည်သော ပုဏ္ဏား လုလင်ဖြစ်ခဲ့၍ တပည့် ၃၀၀-တို့အား ဝေဒသင်ကြားနေသော ဆရာကြီးထံ ဝေဒသင်ကြား၍ တပည့် ၃၀၀-တို့၏ အကြီးအမှူး ဖြစ်သဖြင့် ၎င်းဝေဒတွင် ပါရဂူရောက် တတ်မြောက်သူ ဖြစ်ခဲ့၏။ တစ်နေ့သ၌ သူသည် တပည့်အဖော်များနှင့် ဝါလိကာရုံ ကျောင်း တိုက် အရှင်ဥပါလိထံ ချဉ်းကပ်၍ ဝေဒ၏ ခဲဆစ်တို့ကို စိစစ် မေးမြန်းရာ မဆိုင်းမတွ ရှင်းလင်းကျနစွာ ဖြေကြားနိုင်၍ အရှင်မြတ်

က မေးမြန်းသော ပိဋကတ်နှင့် စပ်လျဉ်းသည့် ပြဿနာတစ်ရပ်ကို ဖြေဆိုနိုင်ရန် အစွန်းအစ မတွေ့သဖြင့် ထိုမထေရ်ထံ ရဟန်းအဖြစ် တောင်းပန်ပြီးလျှင် ၎င်းကို အဦးထား၍ ရဟန္တာ ၁၀၀၀-အား ပိဋကသင်ကြားစေသောခါ ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်ဖြစ်၍ ဂဏနာယကဦးစီး မထေရ်ကြီးအဖြစ်ဖြင့် သာသနာတော်ကြီးပွားစီးအောင် ဝန်ဆောင်အားထုတ်တော်မူခဲ့လေ၏။

၃။ **အရှင်သောဏက** မထေရ်မှာ- **အရှင်ဒါသက** မထေရ်၏ တပည့်ဖြစ်၍ ၎င်းမထေရ်မှာ ကာသိတိုင်း ကုန်သည်တစ်ဦး၏ သားဖြစ်၍ တစ်နေ့သ၌ အမိအဘတို့နှင့် ကူးသန်းရန် ကိစ္စဖြင့် ရာဇဂြိုဟ်သို့ ရောက်သွားသော အခါ ဝေဠုဝန်ကျောင်းတော်သို့ ရောက်သဖြင့် တပည့်ပရိသတ်နှင့်တကွ အရှင်ဒါသကမထေရ်ကို ဖူးမြင်ရလျှင် အလွန်ပင် ကြည်ညိုလှ၍ အမိအဘတို့အား ခွင့်ပြုစေပြီး သူငယ်ဖော် ၅၅-ယောက်တို့နှင့် အတူ မထေရ်ထံ ရဟန်းပြုပြီး ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက် ပိဋကတတ်မြောက်တော်မူ၍ ဂဏပါမောက္ခ မထေရ်ကြီး အဖြစ်ဖြင့် များစွာသော ရဟန်းသံဃာတို့အား ပရိယတ္တိသာသနာ တော်မြတ် ဆောင်ရွက်အားထုတ်စေလျက် ပို့ချတော်မူကာ ဂဏနာယက သာသနာ့ဝန် ဆောင်ရွက်တော်မူခဲ့လေသည်။

၅။ **အရှင်မောဂ္ဂလိပုတ္တ** မထေရ်ကား- တတိယ သံဂါယနာတင် ဂဏနာယက သံဃာ့ဦးခိုင် ဖြစ်တော်မူသည့်အပြင် ကမ္ဘာ့ရာဇဝင်နှင့် သာသနာ့ဝင်တွင် အလွန်ထင်ရှားတော်မူ၍ အတိတ်, အနာဂတ်အဖို့ သာသနာ့မှတ်တမ်း၌ ထိပ်တန်းအကျဆုံး သာသနာ့ ဒါယကာတော် ဒေဝါနံပိယ-ဒဿီ **အသောကဓမ္မရာဇာ မင်းတရားကြီး** လက်ထက် သာသနာတော်ပြုဖက် ဖြစ်တော်မူသဖြင့် သာလွန်ထင်ရှား, နောက်ခေတ်အကြောင်း၌ ခမ်းနားစွာ ရေးသားရမည့် မထေရ်မြတ် ဖြစ်တော်မူလေသည်။

ထိုဆိုခဲ့ပြီး မထေရ်မြတ်ကြီးများကား မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သက်တော်ထင်ရှား ရှိတော်မူစဉ်က တေဒဂ်တော်ရ အရှင်ဥပါလိ မထေရ်မှစ၍ မပြတ်သော အစဉ်အဆက်ဖြင့် အသောကမင်းတရား လက်ထက်ကျအောင် ဝိနယပိဋကကို ဆောင်ရွက်တော်မူလာကြသော ဇမ္ဗူဒီပါကျွန်းကြီးတွင် ထင်ရှားတော်မူကြသော ဂဏပါမောက္ခမထေရ်ကြီးများဖြစ်ကြကုန်၏။

ထိုမှတပါး ပဉ္စမသံဂါယနာ တင်တော်မူကြပြီးနောက် အသီးသီး မထေရ်ကြီးတို့အား အမှူးထား၍ နိကာယ် ၅-ရပ်ကို အပ်နှင်းတော်မူလျက် အဆက်ဆက်သော မထေရ်များ ဆောင်ရွက်တော်မူလာကြသည်တွင် အဘိဓမ္မာပိဋကကို-

| | |
|---|---|
| ၁။ အရှင်သာရိပုတ္တရာ၏တပည့် | အရှင်ဘဒ္ဒဇိ မထေရ် |
| ၂။ ၎င်း၏တပည့် | အရှင်သောဘိတ မထေရ် |
| ၃။ ၎င်း၏တပည့် | အရှင်ပိယဇာလိ မထေရ် |
| ၄။ ၎င်း၏တပည့် | အရှင်ပိယပါလ မထေရ် |
| ၅။ ၎င်း၏တပည့် | အရှင်ပိယဒဿီ မထေရ် |
| ၆။ ၎င်း၏တပည့် | အရှင်ကောသိယပုတ္တ မထေရ် |
| ၇။ ၎င်း၏တပည့် | အရှင်သိဂ္ဂဝ မထေရ် |
| ၈။ ၎င်း၏တပည့် | အရှင်သန္ဒေဟ မထေရ် |
| | အရှင်မောဂ္ဂလိပုတ္တတိဿ |

တိုင်အောင် ဆောင်ရွက်တော်မူလာကြသည့်အပြင် ထိုမထေရ်တို့မှ ဆင်းသက်တော်မူကြ၍လည်း-

၁။ အရှင်သုဒတ္တ မထေရ်

၂။ အရှင်ဓမ္မိယ မထေရ်

၃။ အရှင် ဒါသက မထေရ်

၄။ အရှင်သောဏက မထေရ်

၅။ အရှင်ရေဝတ မထေရ်

စသော အဆက်ဆက်သော မထေရ်တို့သည် အဘိဓမ္မ ပိဋကတ်ကို ဤဇမ္ဗူဒီပါ ကျွန်း၌ ဆောင်ရွက်တော်မူလာကြကြောင်း အဋ္ဌသာလိနီ အဘိဓမ္မာ အဋ္ဌကထာ၌ အဘိဓမ္မာဆောင်မထေရ်များ အဆက်ဆက် ထုတ်ဖော်ပြတော်မူလေ၏။

ထို့ပြင်လည်း ပဉ္စမသံဂါယနာ တင်တော်မူကြသောအခါက အရှင်မဟာကဿပ မထေရ်မြတ်သည် များသောအားဖြင့် ဘုရားရှင်လက်ထက်တော်က ဧတဒဂ်တော်ရ မထေရ်များအပြင် ဆဠဘိညာ ပဋိသမ္ဘိဒါပတ္တ တေဝိဇ္ဇဂုဏ် ပြည့်စုံကုန်သော မထေရ်တို့ကို ရွေးကောက်တော်မူကြောင်း လာသဖြင့် ၎င်းအခါတွင် အသီတိ သာဝကစသော ထင်ရှား

သော မထေရ်များ ရှိတော်မူကြသည့်အပြင် ဒုတိယသံဂါယနာတင်သည် တိုင်အောင်ပင် မြတ်စွာဘုရားလက်ထက်တော်က မထေရ်အချို့ ရှိတော်မူကြသေးကြောင်း ဒုတိယသံဂါယနာ တင်အကြောင်း၌ ထင်ရှားလတ္တံ့ဖြစ်၍-

**လဇ္ဇီ သာသနံ ရက္ခိဿန္တိ-**

**လဇ္ဇီ သီလဝန်များ** သာသနာတော် စောင့်ရှောက်လိမ့်မည် ဟူသည်နှင့်အညီ လက်ထက်တော်မှစ၍ ဆင်းသက်တော်မူကြသော မထေရ် အဆက်ဆက်တို့ သာသနာတော် ဆောင်ရွက်တော်မူကြကြောင်း အထူးထင်ရှားသဖြင့် သာသနာ့ဝန်ဆောင် မထေရ်တို့ကား သာသနာဝင်တွင် ထင်ရှားခဲ့ကုန်ပြီ။

✪ ✪ ✪ ✪ ✪

## ပရိနိဗ္ဗာန် စံဝင်တော်မူသည့်နောက် သာသနာချီးမြှောက်သော မင်းဆက်များ

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသည့်နောက်၌ လက်ထက်တော်က သာသနာတော် အထူးတောက်ပခဲ့သော မဇ္ဈိမခရိုင်တစ်ဝှန်းလုံး ဇကရာဇ်ဘွဲ့ခံ နိုင်ငံများစွာ အုပ်ချုပ်ကြသော နိုင်ငံကြီးရှင်ဘုရင်ကြီးများအပြင် တိုင်းငယ်များ အုပ်ချုပ်သော ဘုရင်ကလေးများ ရွေးကောက်တင်မြှောက် အများသဘောကျ တစ်လှည့်စီ စိုးစံကြသော မင်းမျိုးများ အကြောင်း ရေးခဲ့ပြီးသော အပိုင်းကဏ္ဍ၌ နိုင်ငံဒေသ အားလျော်စွာ မြတ်စွာဘုရား ကြွရောက် ချီးမြှောက်တော်မူကာ တရားမိုးရွာတော်မူသဖြင့် သာသနာတော် ပြန့်ပွါး ထွန်းကားသည့်အပြင် ထိုထိုနိုင်ငံ ရှင်ဘုရင်အသီးသီးတို့လည်း သာသနာတော်ကြီး သက်ဝင်ယုံကြည်လာကြ၍ သာသနာ့ ဒါယကာများ ဖြစ်ကြသည်မှာ ထင်ရှားသော်လည်း သာသနာတော် ထောက်ပံ့နိုင်လောက်သော တန်ခိုးအာဏာကြီးမား၍ နိုင်ငံကျယ်ပြန့် လာသော မင်းမျိုးမင်းရိုး အနွယ်အဆက်မှာ မဂဓမင်းဆက်ဖြစ်ကြောင်း အထူးထင်ရှား သဖြင့် ရေးသားဖွယ် မရှိကုန်။

၎င်းတို့ မင်းမျိုး အဆက်အနွယ်မှာ ယုံကြည်အားထားလောက်သည့် အိန္ဒိယ မဇ္ဈိမ ရာဇဝင် ဆရာကြီးများ မှတ်တမ်းတစ်ခု ပြုစုရေးသားထားခြင်းကို ထောက်ထားသောအား ဖြင့်-

ကုရုပဉ္စာလတိုင်းမှ ဆင်းသက်လာသော **စန္ဒဝံသ**, လမင်းနွယ် ဖြစ်ကြ၍ ကောသလ မင်းမျိုး အဆက်အနွယ်ကား မဟာသမ္မတမင်းမှ ဆင်းသက်လာခဲ့သော **အာဒိစ္စဝံသ မဟာခတ္တိယ** အနွယ်ဖြစ်ကြသဖြင့် အမျိုးအနွယ်ခံသ ကြီးကျယ်မြင့်မြတ်ကြသော်လည်း ကမ္ဘာကြီး၏ သဘာဝအတိုင်း ပြောင်းလဲကာ သာသနာနောက်ခေတ်တွင် မထင်ရှားလှဘဲ အခြံအရံ ပြည်ငယ်များ တန်ခိုးအာဏာ မထွန်းပ၊ အနွယ်ဝံသ စောင့်ရှောက်ရုံမျှသာ ရာဇဝင် ခေတ်တွင် ကြွင်းကျန်ခဲ့ကြသောကြောင့် မဂဓမင်းမျိုးများသာ တန်ခိုးအာဏာကြီးမား၍ သာသနာတော်လည်း ကျေးဇူးများသဖြင့် ၎င်းမင်းဆက်များကို သာသနာ့ ဒါယကာမင်းဆက် များဟု မှတ်သားအပ်ကုန်၏။

၎င်းမင်းဆက် အနွယ်ဝံသမှာ မြတ်စွာဘုရား လောက ၃-ပါး၌ ထင်ရှားဖြစ်ထွန်း တော်မမူမီ ရှေးနှစ်ပေါင်း ၁၀၀၀-ကျော်လောက်က ဤမဂဓတိုင်းနယ်ကြီးကို ဗြိဟဒြထ သို့မဟုတ် ဝိဟဒတ္တ စန္ဒဝံသ လမင်းအနွယ် **ဇရာသန္ဓမင်းကြီးမှစ၍ ရိပုဉ္စယမင်းတိုင် အောင်** မင်းဆက်ပေါင်း ၂၃-ဆက် အုပ်ချုပ်စိုးစံပြီးလျှင် ၎င်းဝိဟဒတ္တမင်းမျိုးအဆက် နောက်ဆုံးဖြစ်သော ရိပုဉ္စယမင်းလက်ထက်၌ သုနိတမည်သော သက်တော်ရှည် အမတ်ချုပ်ကြီးသည် ရိပုဉ္စယဘုရင်ကိုပင် လုပ်ကြံပြီးလျှင် ၎င်း၏ သားရင်းဖြစ်သော **ပဇ္ဇောတကို** ထီးနန်းသိမ်းချုပ် မင်းလုပ်စေ၏။

ထိုအခါမှစ၍ ဤမဂဓတိုင်းနိုင်ငံကြီး၌ မင်းမျိုးမင်းနွယ် ပြောင်းလဲကာ ပဇ္ဇောတ မင်းမျိုး အုပ်စိုးလျက် ပဇ္ဇောတနိုင်ငံ တည်ထောင်ပြုလုပ်ပြီး ၎င်းအနွယ်ဝံသ ထွန်းကားလာခဲ့၏။

| | |
|---|---|
| ၁။ ၎င်း ပဇ္ဇောတမင်း စိုးစံပြီးနောက်- | ၂။ ၎င်း၏သား ပါလကမင်း စိုးစံ၏၊ |
| ၎င်းနောက်- | ၃။ ၎င်း၏သား ဝိသယူပမင်း စိုးစံ၏၊ |
| ၎င်းနောက်- | ၄။ ၎င်း၏သား ဇနကမင်း စိုးစံ၏၊ |
| ၎င်းနောက်- | ၅။ ၎င်း၏သား နန္ဒိဝဓ္မနမင်း စိုးစံ၏။ |

ဤမင်း ၅-ဆက်တို့သည် မဂဓတိုင်းကြီးအလုံး သိမ်းရုံးအုပ်ချုပ် မင်းလုပ်ကြသည်မှာ ၁၃၈ ( တစ်ရာ့သုံးဆယ့် ရှစ်နှစ်) ဖြစ်ကြ၍ မြတ်စွာဘုရား လောက ၃-ပါး၌ ဖြစ်ထွန်းတော် မမူမီ နှစ်ပေါင်း ၁၀၀-ကျော်အတွင်းသို့ ကျရောက်ပြီးလျှင် ၎င်းတိုင်းကြီးအတွင်း ၎င်းမင်းမျိုး တန်ခိုးအာဏာ သေးသိမ် တိမ်ကော ပပျောက်ကာ နောက်ထပ်တဖန် **သိသုနာဂမင်းမျိုး**တို့ သည် တန်ခိုးကြီးမား မဂဓတိုင်းမင်းဆက်များ ဖြစ်ပွားလျက် ၎င်းမင်းဆက်အနွယ်တို့မှာ-

| | |
|---|---|
| ၁။ | **သိသုနာဂမင်း** |
| ၂။ ၎င်း၏သား | **ကာကဝဏ္ဏမင်း** |

၃။ ၎င်း၏သား ခေမဓမ္မမင်း

၄။ ၎င်း၏သား ခတ္တုရောဇမင်း

၅။ ၎င်း၏သား ဗိမ္ဗိသာရမင်း

ဖြစ်ကြ၍ မြတ်စွာဘုရား အလောင်းတော် မဟာသက္ကရာဇ် ၆၈-ခုနှစ်၌ ဖွားမြင်တော်မူပြီး နောက် အနှစ်၂၀-သို့ရောက်၊ မဟာသက္ကရာဇ် ၈၈-ခုနှစ် မြောက်သောအခါ မဂဓ တိုင်းကြီးရှင် ဘုရင်ဗိမ္ဗိသာရမင်းတရားသည် ထီးနန်းသိမ်းချုပ် မင်းလုပ်တော်မူလေ၏။

သို့ဖြစ်၍ အလောင်းတော်မြတ် တောထွက်တော်မူပြီးလျှင် ဒုက္ကရစရိယာ ၆- နှစ် ကြာတော်မူပြီးနောက် လောက ၃-ပါး၌ ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ မင်းတရား၏ နန်းစံနှစ်မှာ ၁၂-နှစ်မျှ ရှိသေး၍ မြတ်စွာဘုရားသည် ပဌမဝါ မိဂဒါဝုန်တော၌ ဝါကပ်တော်မူပြီးနောက် ဝါကျွတ်တော်မူလျှင် ကိုယ်တော်တိုင်ပင် ဒေသစာရီကြွချီတော်မူ ကာ များစွာသော ရဟန်းတို့အားလည်း အသီးသီး ထိုထိုအရပ်တို့သို့ ကြွစေတော်မူလျက် သာသနာတော်ကြီး တိုးတက်ပွါးစီးစေပြီး ကဿပညီနောင် ရဟန်း ၁၀၀၀-တို့နှင့်တကွ ရာဇဂြိုဟ်မြို့တော်သို့ ကြွတော်မူပြီး၍ မဂဓတိုင်းကြီးရှင် ဘုရင်ဗိမ္ဗိသာရနှင့် ပဌမအကြိမ် တွေ့ဆုံတော်မူသည်မှာ မဟာသက္ကရာဇ် ၁၀၄-ခုနှစ်ဖြစ်ကြောင်း ထင်ရှားသဖြင့် ၎င်းမင်းတရားသည် အရွယ်အားဖြင့် တိုးတက်သောအရွယ်ဖြစ်၍ နန်းသက်အားဖြင့်လည်း တိုးတက်ထွန်းကား အားထုတ်နိုင်သော အချိန်အခါဖြစ်သောကြောင့် ၎င်းမင်းတရားကြီး လက်ထက် မဂဓတိုင်းမှာ သာသနာတော် အလွန်ကြီးပွါးလာခဲ့ကြောင်း ရေးသားခဲ့လေပြီ။

၎င်းတိုင်း၌ မြတ်စွာဘုရား ကြွသွားတော်မူသောနှစ်မှာပင် အရှင်သာရိပုတ္တရာ မထေရ်နှင့် အရှင်မောဂ္ဂလာန်မထေရ် အရှင်၂-ပါးနှင့်တကွ ၎င်းတို့တပည့် ၂၅၀-တို့ သိဉ္စည်းဆရာကြီး အထံမှ သာသနာတော်သို့ သက်ဝင် ရဟန္တာများဖြစ်ကြ၍ ပဌမသန္နိပါတ ရဟန္တာ အရှင်တို့၏ ရှေးဦးအကြိမ် အစည်းအဝေးမှာ ၁၂၅၀-စည်းဝေးတော်မူကြသည့် ပြင် မြတ်စွာဘုရား ကပိလနေပြည်တော်သို့ ကြွတော်မူသောအခါ အင်္ဂတိုင်း, မဂဓတိုင်း မှ ရဟန္တာပေါင်း တစ်သောင်းကျော်ရှိကြောင်း ဇာတတ္ထကီနိဒါန်း စသည်တို့၌ လာသည့် အတိုင်း ဤမဂဓတိုင်းကြီးနှင့်တကွ ဗိမ္ဗိသာရမင်းတရားကြီးမှာ လက်ဦး ပဌမ သာသနာ့နိုင်ငံ တော်ကြီးဖြစ်၍ လက်ဦးဆုံး သာသနာပြု မင်းတရားကြီးဖြစ်ကြောင်း မှတ်သားအပ်၏။

၎င်းမင်းတရားကြီးမှာ မြတ်စွာဘုရားနှင့် တွေ့ဆုံကာ မဂ်ဉာဏ်ရပြီးနောက် ၃၆- နှစ်လောက်ကြာအောင် သာသနာတော်ပြုစု အားထုတ်တော်မူပြီး သားတော်အဇာတသတ် ထီးနန်းအပ်နှင်းလျက် ဆရာဒေဝဒတ်နှင့်ပေါင်းဖက် ၎င်းသားတော်၏ လုပ်ကြံချက်ဖြင့်

နတ်ရွာစံတော်မူရရှာလေ၏။ ၎င်း၏သားတော် အဇာတသတ်ကား ဆရာဒေဝဒတ်နှင့် ပေါင်းမိခြင်းကြောင့်သာ သာသနာတော်နှင့် တွေ့ကြုံပါလျက် မဂ်ဖိုလ်မှ ဆုံးရှုံးသော်လည်း အရိယာဖြစ်သော ခမည်းတော်အား အသက်မှ မခွင်းခဲ့ပါလျှင် ဤသာမညဖလသုတ် ကြားနာရသည့် အဆုံး၌ မဂ်ဖိုလ်သို့ ရောက်ရာ၏-ဟု ပုထုဇဉ်တို့ သဒ္ဓါတရားတွင် ဘုရားရှင်ပင် မိန့်တော်မူခြင်းခံရ၍ သဒ္ဓါတရား တန်ခိုးအင်အားနှင့် ပြည့်စုံလျက်သာ သာသနာ၌ အထူးသက်ဝင် ဧတဒဂ်ပင်ထားလောက်သော ဘုရင်မင်းတစ်ပါးဖြစ်ကြောင်း အဋ္ဌကထာများနှင့် သာသနာဝင်, မဟာဝင်များ၌ ထင်ရှား၏။

ဤအဇာတသတ် ဘုရင်မင်းတရားသည် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ၂၄-နှစ် မဂဓတိုင်းကြီးစိုးအုပ် သာသနာ့ဒါယကာ ပြုလုပ်၍ သံဂါယနာတင်ခြင်း, ဓာတ်တော် မွေတော်များကို အရှည်ခန့်ငြားအောင် ဆောင်ရွက်တော်မူခြင်း-စသော သာသနာတော် ပြုစုအားထုတ်တော်မူသဖြင့် သာသနာတော်တည်းဟူသော ဗုဒ္ဓနိုင်ငံတော်ကြီးသည် ၎င်းမင်း ကြီးလက်ထက် တိုးတက်ထွန်းကား သာသနာ့ဆူးငြောင့် ဘေးရန်များလည်း မရှိဘဲ သံဃာ တော်များလည်း ညီညွတ်စွာ သာသနာ့ဒါယကာ အမှီထားလျက် ပစ္စည်း ၄-ပါး မကြောင့်ကြ ရ၊ ဓုရ ၂-ပါးဖြည့်ကျင့်ကာ သာသနာတော်ပွားစီးအောင် ဆောင်ရွက်တော်မူကြလေကုန်ပြီ။

ဤသို့ မဂဓတိုင်းကြီး၏ တန်ခိုးသည် မဇ္ဈိမတိုက်အလုံးကို သိမ်းကျုံးလွှမ်းမိုး လုအောင် ကြီးမားလျက် အဇာတသတ္တု ဘုရင်မင်းကြီးလက်ထက်မှ ဆင်းသက်ကာ အဆက် အနွယ်ဖြစ်သော မင်းများလည်း တန်ခိုးအာဏာကြီးမား သာသနာကိုလည်း လေးစားကြ သဖြင့် ဗုဒ္ဓနိုင်ငံတော်တည်းဟူသော သာသနာတော်မြတ်ကြီးမှာ အနှစ်-၁၀၀ နီးပါး ဂိုဏ်းဝါဒ မကွဲပြားဘဲ တည်မြဲလျက် နေကြကုန်၏။ ထိုသာသနာတော်အား ထောက်ပံ့ လေးစားကြ သော မင်းဆက်များမှာ-

၁။ အဇာတသတ္တုမင်း

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မမူမီ နန်းစံ ၈-နှစ်ရှိ၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နန်းစံ ၂၄-နှစ်စိုးစံအုပ်ချုပ် မင်းလုပ်တော်မူကာ သာသနာတော် ပြုစုအားထုတ်တော်မူကြောင်း-

၂။ ဥဒယဘဒ္ဒမင်း

၎င်းနောက် ၎င်းအဇာတသတ် သားတော် ဥဒယဘဒ္ဒမင်းသည် ခမည်း တော်၏ ထီးနန်းစည်းစိမ်ကို လုပ်ကြံလုယူပြီးလျှင် မဂဓတိုင်းကြီး၌ ၁၆-နှစ် စိုးစံ အုပ်ချုပ် သာသနာတော် ပြုစုအားထုတ်ကြောင်း-

၃။ **အနုရုဒ္ဓါမင်း**

ၚင်းနောက် ၚင်းမင်း၏သားတော် အနုရုဒ္ဓါမင်းသားလည်း ၚင်း၏ခမည်းတော် ဥဒယဘဒ္ဒမင်းကိုပင် လုပ်ကြံလျက် တိုင်းနိုင်ငံ လုယက်သိမ်းမြန်းပြီး ၈-နှစ် အုပ်ချုပ်မင်းလုပ်ကြောင်း-

၄။ **မုဏ္ဍမင်း**

ၚင်းမင်း၏ နောက်ဆက်ဖြစ်သော ၚင်း၏သား မုဏ္ဍမင်းသားလည်း ခမည်းတော်၏ အရိုက်အရာကို လုယက်၍ ထို့အတူ ၈-နှစ်မျှ စိုးစံအုပ်ချုပ် မင်းလုပ်ကြောင်း-

၅။ **နာဂဒါသကမင်း**

ၚင်းမင်း၏ နောက်ဆက်ဖြစ်သော ၚင်း၏သား နာဂဒါသကမင်းသားလည်း ခမည်းတော် မုဏ္ဍမင်း၏ ထီးနန်း အရိုက်အရာကို လုယက်ကာ ၂၄-နှစ် ကြာအောင် နိုင်ငံသိမ်းချုပ် မင်းလုပ်စိုးစံကြောင်း-

၆။ **သုသုနာဂမင်း**

ၚင်းနောက် သုသုနာဂမင်းသည် နာဂဒါသကမင်းကိုပင် ထီးနန်းချလျက် လုယက်အုပ်စိုးကာ အရိုက်အရာသိမ်းမြန်း၍ ၁၈-နှစ် ထီးနန်းအုပ်ချုပ်ကြောင်း-

၇။ **ကာလာသောကမင်း**

ၚင်းနောက် သုသုနာဂမင်းသားတော် ကာလာသောကမင်းသည် မဂဓ တိုင်းကြီး၏ အသရေကိုဆောင်လျက် ထီးနန်းအရိုက်အရာ သိမ်းမြန်းအုပ်ချုပ်ကြောင်း-

မင်းများ အစဉ်အဆက်ကို အဋ္ဌကထာ, ဋီကာတို့၌ ထင်ရှားသည့်အပြင် မဟာဝင်, ဒီပဝင်စသော ဝင်များ၌လည်း ထင်ရှားရှိကြောင်း မှတ်သားအပ်၏။

ဤသို့ ဆိုခဲ့ပြီးသော မင်းဆက်များတွင် သုသုနာဂမင်းတိုင်အောင် မဂဓရာဇဝင်၌ ထီးနန်းရိုက်ရာ လုယူဆက်ခံကြသဖြင့် စွန်းကွက်ရှုပ်ထွေးသော်လည်း ထိုမင်းများသည် သာသနာနှင့် စပ်လျဉ်းသည့် မှတ်တမ်း၌ကား ညှိစွန်းပျက်စီးခြင်းမရှိဘဲ သာသနာတော်၌ သက်ဝင်ယုံကြည်ကြသော သာသနာဝင် မင်းဆက်များအဖြစ် မှတ်တမ်းထားကြကုန်၏။ ထိုမင်းများ သာသနာ၌ အထူးဆောင်ရွက် အားထုတ်ခြင်းများ ရေးသားခြင်း မရှိစေကာမူ သာသနာတော်ကြီး၏ အရှိန်အဝါကား လွန်စွာကြီးမား၍ တကယ့်သာသနာ၌ လေးစား

တော်မူကြသော ဆဋ္ဌဘိညာပဋိသမ္ဘိဒါပတ္တ ရဟန္တာ မထေရ်ကြီးများ ထင်ရှားရှိသေးသည့်ပြင် လက်ထက်တော်က ဘုရားရှင်ကို ဖူးမျှော်ရသော မထေရ်ကြီးများ ဒုတိယသံဂါယနာတိုင်အောင်ပင် ထင်ရှားရှိသေးကြောင်းလာသဖြင့် ဗုဒ္ဓနိုင်ငံတော်၏ အတွင်းဝန်ထမ်း ရဟန်းသံဃာ တည်တံ့ခိုင်မြဲစွာ ရှိသောကြောင့် ဤမဂဓတိုင်းကြီးအတွင်း အနှစ်-၁၀၀ တိုင်အောင် သာသနာတော်တန်ခိုး မညှိုးမနွမ်း စိမ်းလန်းတောက်ပခဲ့လေပြီ။

✪ ✪ ✪ ✪ ✪

## သာသနာ၌ အဓမ္မဝါဒီ ၁၀-ပါးဖြင့် ကွဲပြားကြောင်း

သို့ရာတွင် သာသနာတော် အနှစ်-၁၀၀ ကျော်သောအခါ၌ကား ဗုဒ္ဓနိုင်ငံတော်၏ ဘေးရန်သူပုန်များ ကြီးပွါးလျက် သာသနာ့နိုင်ငံတော်ကြီး တုန်လှုပ်ချောက်ချား ကွဲပြားအောင် ပြုလုပ်သော ဝဇ္ဇီတိုင်းသား ဝေသာလီရဟန်းများတို့သည် အဓမ္မဝါဒီ ဝတ္ထု ၁၀-ပါး ထင်ရှားပြုလျက် သာသနာတော်ကြီး ပျက်စီးအောင် ပြုလုပ်ကြသည်မှာ-

၁။ သိင်္ဂီလောဏကပ္ပ - သားချိုဖြင့်ဆောင်သောဆားဖြင့် ယာဝကာလိကရောနှော၍အပ်ခြင်း။

၂။ ဒွင်္ဂုလကပ္ပ - မွန်းတည့်ပြီး အရိပ် ၂-သစ်လွန်အောင် ယာဝကာလိက စားအပ်ခြင်း။

၃။ ဂါမန္တရကပ္ပ - ရွာတစ်ပါးသွားလျှင် ပဝါရိတ်သင့်သော်လည်း အတိရိတ်ဝိနည်းကံ မပြုဘဲ စားအပ်ခြင်း။

၄။ အာဝါသကပ္ပ - တစ်သိမ်ထဲနေ ရဟန်းများ ကျောင်းအသီးသီး၌ ကံကြီး, ကံငယ် ပြုအပ်ခြင်း။

၅။ အနုမတိကပ္ပ - တစ်သိမ်ထဲ ရဟန်းတို့ ဆန္ဒမရောက်မီ နှလုံးသွင်းဖြင့် ဝဂ္ဂကံပြုအပ်ခြင်း။

၆။ အာစိဏ္ဏကပ္ပ - ဆရာဥပဇ္ဈာယ်တို့ အလေ့အကျင့်သည် အမှားဖြစ်စေ, အမှန်ဖြစ်စေ ပြုအပ်ခြင်း။

၇။ အမထိတကပ္ပ - နို့ဓမ်း မဖြစ်သေးသော နို့ရည်သည် ပဝါရိတ်သင့်သော ရဟန်းအား အပ်ခြင်း။

၈။ ဓဇ္ဇောဂီပိဝန = သေမဖြစ်သေးသော သေအရက် စိမ်ရေကို သောက်အပ်ခြင်း။

၉။ အဒသက နိသီဒန = အမြိတ်အဆာ မပါသော နိသိဒိုင် အခင်းအပ်ခြင်း။

၁၀။ ဇာတရူပ ရဇတ = သိက္ခာပုဒ် ၆-ပါး၌ လာသော ရွှေ, ငွေများ ရဟန်းတို့ အပ်ခြင်း။

စသည်တို့ဖြစ်၍ ၎င်းအဓမ္မဝါဒီ ၁၀-ပါး အရင်းထား၍ မတရားအမှုပြုလုပ်ကာ သာသနာတော်ကြီး ပုန်ကန်ကြလေကုန်ပြီ။

ထိုသို့ အနည်းငယ်သော အဓမ္မဝါဒီ အလဇ္ဇီပုဂ္ဂိုလ်တည်းဟူသော သူပုန်များ သာသနာ့နိုင်ငံတော်ကြီးကို ပုန်ကန်သောင်းကြမ်း လွှမ်းမိုးလိုကြသော်လည်း ဗုဒ္ဓနိုင်ငံတော်ကြီးမှာ အလွန်ခိုင်ခန့်ကြီးမားလှသော သူတော်ကောင်းတရားတည်းဟူသော ခံတုပ်, ခံတပ်, တံတိုင်းကြီးများနှင့် ထိုရန်သူအပေါင်းတို့ မလှုပ်ရှားနိုင်သော တရားထူး ဆည်းပူး အားထုတ် လေ့ကျင့်တော်မူပြီး ဖြစ်တော်မူကြသည့် လဇ္ဇီသီလဝန် ရဟန္တာမထေရ်မွန်တို့သည် ထင်ရှားရှိသေး၍ ထိုအရှင်မြတ်တို့သည် လစ်လျူပြုတော်မမူကြဘဲ ရန်သူဟူသည်ကြီး, ငယ်မမှတ်၊ ကြိုတင်သုတ်သင်အပ်သည့်အတိုင်း အရေးယူသုတ်သင်ရှင်းလင်း ဘေးရန်ကင်းအောင် ပြုလုပ်တော်မူကြပြီးလျှင် ဒုတိယသံဂါယနာတင်တော်မူကြရန် သူပုန်ဘေးရန် မကြီးပွားမီ အားထုတ်ကြံစည်တော်မူကြလေကုန်ပြီ။

✪ ✪ ✪ ✪ ✪

## ဒုတိယ သံဂါယနာ အကြောင်း မှတ်ဖွယ်ရာများ

ထိုသို့ ဝေသာလီရဟန်းဆိုး အလဇ္ဇီတို့သည် မြတ်စွာဘုရား မျက်နှာတော်နှင့် သာသနာတော် မထောက်၊ ဆူးငြောင့်ခလုတ်ပြုလုပ်ကြလျက် အဓမ္မဝါဒီ ၁၀-ပါးထင်ရှားပြပြီးလျှင် သာသနာတော် ထိပါးစော်ကား နေသောအခါက ကဏ္ဍကပုတ္တားကြီး၏ သားဖြစ်သော အရှင်ယသမထေရ်သည် ဝဇ္ဇီတိုင်းသို့ ဒေသစာရီကြွတော်မူကာ ဝေသာလီမြို့တော်သို့ရောက်၍ မဟာဝုန် ကူဋာဂါရ ကျောင်းတိုက်ကြီး၌ သီတင်းသုံးစဉ် ၎င်းအဓမ္မဝါဒီတို့၏ သာသနာ့အန္တရာယ် အကြီးအကျယ်ပြုမူခြင်းတို့ကို ကြားသိတော်မူလျှင် ကြောင့်ကြမဲ့မနေအပ် လျှောက်ပတ်သော ဓမ္မဝါဒီ အစည်းအရုံး စုဆောင်းကာ ရန်သူပုန်များ မကြီးပွားမီ နှိမ်နင်းရန် တာဝန်ကား သာသနာ့ဝန်ထမ်း လဇ္ဇီသီလဝန်မထေရ်မွန်တို့၏ အပေါ်၌တင်ရှိ

တည်နေကြောင်း အောက်မေ့ဆင်ခြင်တော်မူလျက် အဓမ္မဝါဒီ ရဟန်းဆိုးများ ဥပုသ်နေ့များ၌ ငွေခွက်ထားပြီး လာကုန်သော ဒကာ, ဒကာမတို့အား အလှူခံနေသည်ကို ဝေသာလီမြို့ တော်သူ, မြို့တော်သားတို့အား ရဟန်းများမှာ ရွှေ, ငွေသည် မအပ်၊ မပေးလှူအပ်-ဟု အလဇ္ဇီရဟန်းဆိုးများအလယ် ငြင်းပယ်ပြောဟော တရားသဘော တိုက်တွန်းနှိုးဆော်တော်မူလေ၏။

ထိုသို့ အရှင်ယသမထေရ် တရားသဘော ဟောပြောပါသော်လည်း တိတ္ထိနှင့်တပည့်သားတို့ကဲ့သို့ တရားသဘော မသက်ဝင်၊ အလဇ္ဇီ ရဟန်းများဘက်သို့ပင် လိုက်လျှောကာ ရွှေ, ငွေ ပေးလှူမြဲ ပေးလှူကြသည့်ပြင် ရွှေ, ငွေများ အဖို့ ဝေဖန်သည်ကို လက်မခံသောကြောင့် ဝဇ္ဇီတိုင်းသား အလဇ္ဇီရဟန်းများက အရှင်ယသအား "ဒါယကာတို့ သဒ္ဓါတရားပျက်အောင် ပြုလုပ်သည်"ဟု စွပ်စွဲကာ သတိပေးသောအားဖြင့် ပဋိသာရဏီယ ဝိနည်းကံပြုကြပြီးလျှင် အရှင်ယသသည် ပဋိသာရဏီယကံပြုကြသော ရဟန်းတို့ထံ အနုဒူတနောက်ထပ်တဖန် တောင်းအပ်ကြောင်း ဘုရားရှင်ဟော ဝိနည်းကံရှိသဖြင့် အနုဒူတနောက်ထပ်တဖန် တောင်းဆိုသောခါ ရဟန်းတစ်ပါးကို အနုဒူတအဖြစ်ဖြင့် ထည့်လိုက်၍ဝေသာလီသို့ ဝင်တော်မူပြီးလျှင် ဥပါသကာတို့အား ပြောကြားသည်မှာ-

"ဒကာတို့၊ ငါကား ဒကာတို့ သဒ္ဓါကို ကဲ့ရဲ့ရှုတ်ချ သဒ္ဓါမရှိအောင် ပြုလုပ်သည်၊ ငါကား မတရားကို မတရားဟု ဆို၏၊ တရားသည်ကို တရားသည်ဟု ဆို၏၊ ဝိနည်းမဟုတ်သည်ကို မဟုတ်ဟု ဆို၏၊ ဝိနည်းဟုတ်သည်ကို ဝိနည်းဟု ဆို၏"။

စသည်ဖြင့် စန္ဒဥပက္ကိလေသသုတ်ကို ဆောင်လျက် ရဟန်းတို့အား ရွှေ, ငွေမအပ်ကြောင်း ဟောကြား၏။ ရဟန်းတို့ ရွှေ, ငွေ အလှူခံသည်ကို မြစ်ပယ်၏။ ဤသို့လျှင် ကြည်ညိုပြီးသော ဥပါသကာတို့၏ သဒ္ဓါတရားကို ကဲ့ရဲ့ရှုတ်ချ၏။ သဒ္ဓါမရှိသည်ကို ပြု၏ဟု မှန်ကန်ကောင်းမြတ် တရားသဘောသက်ဝင်သော စကားတို့ဖြင့် ဒကာတို့အား သိစေ၏။

ဤသို့ အရှင်ယသ၏ တရားမှန်ကန်သော စကားတို့ကို ဒကာများ ကြားသိသော အခါ "အရှင်ယသသည်သာလျှင် တရားသဘောမှန်ကန်၍ ဓမ္မကံ ကျနပါသည်၊ အရှင်မြတ်ဤအရပ်၌ သီတင်းသုံးတော်မူပါ။ တပည့်တော်တို့ ပစ္စည်း ၄-ပါးအတွက် ကြောင့်ကြပြုပါကုန်အံ့"ဟု လျှောက်ထားကြကုန်၏။

ထိုနောက် ထည့်လိုက်သော အနုဒူတရဟန်းနှင့်အတူ ကျောင်းသို့ ပြန်ကြွလာသောအခါ ဝဇ္ဇီရဟန်းများသည် "အရှင်ယသ ဖျက်ဆီးသော သဒ္ဓါတရားရှိသော ဥပါသကာများအား ကျေနပ်စွာ သည်းခံစေအပ်ပါပြီလော"ဟု အနုဒူတရဟန်းအား မေးမြန်းလျှင်-

"ငါတို့အားပင် ရဟန်းမဟုတ်သည်ကို ပြုလုပ်၍ အရှင်ယသသာလျှင် တရားမှန်ကန်သော ရဟန်းပြုလုပ်သည်ကို ပြုလုပ်ကြောင်း" ပြောပြသဖြင့် မိမိတို့ အလိုရှိသော အဖြေကို မရ၍ အမျက်ဒေါသထွက်ပြီး အရှင်ယသအား "ရဟန်းတို့ မသမုတ်ဘဲ ဒဏ္ဍာတို့အား ထင်ရှားပြုရမည်လော"ဟု ဥက္ခေပနီယကံပြုခြင်းငှာ သံဃာအစည်းအဝေးပြုလျက် အရေးယူကြလျှင် အရှင်ယသသည် ကောင်းကင်သို့ ပျံတက်ကြွသွားတော်မူ၍ ကောသမ္ဗီမြို့တော်သို့ ရောက်လေ၏။

ထိုနောက် အရှင်ယသသည် ဤသာသနာ့ဘေးရန်ကြီးကို ကြီးလေးစွာ စိုးရိမ်ကြောင့်ကြတော်မူလျက် "လဇ္ဇီပက္ခ သူတော်အမွန် သီလဝန်များ အားထုတ်စိုက်ကာ ရှာဖွေသင့်သည်"ဟု စိတ်၌ ဆုံးဖြတ်တော်မူပြီးလျှင် ပါဝါတိုင်းသား ရဟန်းများအထံသို့၎င်း, အဝန္တိဒက္ခိဏာပထတိုင်းသား မထေရ်များအထံသို့၎င်း---

"အရှင်ဘုရားတို့၊ ဝဇ္ဇီတိုင်းသား ရဟန်းတို့ ဖြစ်ပွားနေသော အဓိကရုဏ်းကို-

- မသူတော်တို့တရား မထွန်းကားမီ
- သူတော်ကောင်းတရား မပပျောက်မီ
- ဝိနည်းမဟုတ်သောတရား မထွန်းကားမီ
- ဝိနည်းဟုတ်သောတရား မပပျောက်မီ

အပင်းအသင်းယူလျက် ဖြေရှင်း သုတ်သင်ကြပါကုန်အံ့၊ အရှင်မြတ်တို့ ကြွလာတော်မူကြပါ"ဟု-တမန်စေလွှတ် ကြောင့်ကြစိုက်ထုတ်တော်မူသည့်ပြင် ထိုအခါက သာဏအရပ်၌ သီတင်းသုံးတော်မူကာ အရှင်သမ္ဘူတမထေရ်ကြီးသည် အဟောဂင်္ဂါအရပ်၌ သီတင်းသုံး တော်မူကြောင်းကြား၍ ထိုအရပ်သို့ ကိုယ်တိုင်ကြွသွားတော်မူပြီးလျှင် အရှင်သမ္ဘူတထံ ချဉ်းကပ်၍-

"အရှင်မြတ်ဘုရား၊ ဝေသာလီမြို့သား ရဟန်းများသည် ၁၀-ပါးသော အဓမ္မဝါဒီဝတ္ထုတို့ကို ထင်စွာပြုလျက် သူတော်ကောင်း တရားတည်းဟူသော သာသနာတော်ကြီး ဖျက်ဆီးနေပါသည်ဘုရား၊ ၎င်းတို့ အဓမ္မဝါဒ မပြန့်ပွားမီ ထိုအဓိကရုဏ်းကိုယူ၍ ဖြေရှင်းသုတ်သင်ကြရပါမည်ဘုရား"ဟု-

လျှောက်ထားပြီးနောက် အလုံးစုံတောကျောင်း အရညကင်ဓုတင်, ပိဏ္ဍပါတ်ဓုတင်, ပံ့သုကူဓုတင်, တိစီဝရိတ်ဓုတင်တို့ကို ဆောင်တော်မူကြသည့် ပါဝါတိုင်းသား ၆-ကျိပ်သောရဟန္တာ အရှင်မြတ်တို့ကို၎င်း, ထို့ကဲ့သို့ အရညကင်, ပိဏ္ဍပါတ်, ပံ့သုကူ, တိစီဝရိတ်

ဓူတင်ဆောင် အချို့ဖြစ်တော်မူကြသည့် အဝန္တိတိုင်းသား ၈-ကျိပ်သော ရဟန္တာမထေရ်မြတ်တို့ကိုရင်း အရှင်သမ္ဘူတ မထေရ်မြတ်ရှိရာ အဟောဂင်္ဂါသို့ ကြွရောက်စည်းဝေး သာသနာတော်မြတ်ကြီးအရေး လေးနက်စွာ တိုင်ပင်ဆွေးနွေးရန် အားထုတ်ကြောင့်ကြ စိုက်တော်မူခဲ့လေ၏။

ဤသို့ ကြောင့်ကြစိုက်ထုတ်သည့်အတိုင်း မထေရ်ကြီးများနှင့် တိုင်ပင်ဆွေးနွေးတော်မူကြသည်ကား ဤအဓိကရုဏ်းသည် သေးငယ်လွယ်ကူသည်မဟုတ်၊ ကြမ်းကြုတ်ခတ်ထန်သည့်အပြင် အပင်းအသင်းလည်း ခိုင်မာသဖြင့် အလွန်ရဲရင့်ခိုင်ခံ့ လုံလောက်တည်ကြည်သော အပင်းအသင်းနှင့် လုံလောက်သော ဝိနယဓရ လဇ္ဇီပေသလ ဗဟုသုတ အာဂတာဂမ သိက္ခာကာမ စသောဂုဏ်နှင့်ပြည့်စုံသည့် မထေရ်ကိုရခြင်းငှာ ထိုက်ကြောင်းဆုံးဖြတ်တော်မူသည်နှင့်အညီ ထိုအင်္ဂါနှင့် ပြည့်စုံတော်မူသော အရှင်မြတ်မှာ ယခုသောရေယျ၌ သီတင်းသုံးတော်မူသော အရှင်ရေဝတမထေရ်ဖြစ်ကြောင်း၊ ထိုမထေရ်သာ ဤအဓိကရုဏ်းပြီးပြတ် ဖြေရှင်းနိုင်မည် ဖြစ်မည့်အပြင် သာသနာတော်၏ တိုးတက်ကြီးပွားခြင်းငှာ လဇ္ဇီပက္ခပါဝင်လျက် ဝိနည်းဓမ္မကံ ဆောင်ရွက်နိုင်မည်ဖြစ်၍ ထိုမထေရ်ကို ဤအဓိကရုဏ်း၌ ရထိုက်ကြောင်း ဆွေးနွေးပြောဆိုကြသည်ကို အရှင်ရေဝတမထေရ် ဒိဗ္ဗသောတဖြင့် ကြားသိတော်မူလျှင် ဤအဓိကရုဏ်းကား ခက်ထန်လှ၍ ဤအတွင်းသက်ရောက်ခြင်းငှာ မသင့်၊ ချမ်းသာခွင့်လည်းရမည်မဟုတ်၊ ထိုမထေရ်များ မလာရောက်မီ အစောကပင်ကြိုတင်ကြွသွားရန်သင့်ကြောင်း အောက်မေ့တော်မူသဖြင့် ၎င်းသောရေယျမြို့မှ ကြွသွားတော်မူနှင့်လေ၏။

မထေရ်များလည်း တိုင်ပင်ဆွေးနွေးတော်မူကြပြီးလျှင် သောရေယျမြို့သို့ ထိုအရှင်ရေဝတမထေရ်နှင့်တွေ့ရန် ကြွသွားတော်မူကြ၍ မထေရ်မြတ်ကို မေးမြန်းသောအခါ သက်ဿမြို့သို့ ကြွသွားကြောင်း လျှောက်ထားလျှင် ထိုအရှင်များသည် သက်ဿသို့ မထေရ်မြတ် နှင့် ဆွေးနွေးရန် လိုက်သွားတော်မူကြပြန်လေ၏။

ဤသို့အားဖြင့် မထေရ်တို့သည် အရှင်ရေဝတမထေရ်နှင့် တွေ့ရန်-

- သောရေယျမြို့မှ သက်ဿမြို့သို့
- သက်ဿမြို့မှ ကဏ္ဏကုဇ္ဇမြို့သို့
- ကဏ္ဏကုဇ္ဇမြို့မှ ဥဒုမ္ဗရမြို့သို့
- ဥဒုမ္ဗရမြို့မှ အဂ္ဂဠပုရမြို့သို့
- အဂ္ဂဠပုရမြို့မှ စေတီတိုင်း၊ သဟဇာတိမြို့သို့

လိုက်တော်မူကြ၍ ထိုမြို့၌ အရှင်ယသအမှူးရှိသော မထေရ်များသည် ဝိနည်းမိုရ် အရှင်ရေဝတမထေရ်နှင့် တွေ့ဆုံတော်မူကြသဖြင့် သာဏဝါသီ အရှင်သမ္ဘူတမထေရ်သည် အရှင်ယသမထေရ်အား ဤ ၁၀-ပါးသော ဝတ္ထုတို့ကို မေးမြန်းရန် တိုင်ပင်တော်မူကြလေ၏။

ထိုသို့ တိုင်ပင်တော်မူကြပြီးလျှင် အရှင်ရေဝတမထေရ်ထံ တပည့်တစ်ပါး ရှိတ်နေသော သရဘညအဆုံး၌ မထေရ်ကြီးအား ရှိခိုးပြီးလျှင် ဝဇ္ဇီတိုင်းသား အဓမ္မဝါဒီရဟန်းတို့ ထင်ရှားပြနေသော အဓမ္မဝါဒီဝတ္ထု ၁၀-ပါး အစဉ်အတိုင်း အကြောင်းအရာနှင့်တကွ လျှောက်ထားကြသောအခါ အရှင်ရေဝတမထေရ်သည် ဝိနည်းပိဋကတ်နှင့် လျော်ညီစွာ အဓမ္မဝတ္ထုတို့ကို ဖြေကြားရာ တရားမဟုတ် ဝိနည်းမဟုတ်ကြောင်း မိန့်ကြားတော်မူသဖြင့်-

"အရှင်ဘုရား၊ ဝေသာလီမြို့သား အဓမ္မဝါဒီ ရဟန်းများတို့သည် ဤ ၁၀-ပါးသော တရားဝိနည်းနှင့် ဆန့်ကျင်သော ဝတ္ထုတို့ကို ဖော်ပြလျက် အဓမ္မပြုမူနေကြပါသည်၊ ဤမသူတော်တို့၏ တရားဝိနည်းမဟုတ်သော ဝါဒမကြီးပွားမီ ဤအဓိကရုဏ်းကို ဖြေရှင်း သုတ်သင်ကြပါအံ့"ဟု လျှောက်ထားသည်ကို မထေရ်မြတ်သည် "ကောင်းပြီ"ဟု ဝန်ခံတော်မူလေ၏။

ဤကဲ့သို့ အရှင်ယသမထေရ် အဓိကရုဏ်း ဖြေရှင်းရန် ကြိုးစား၍ အသင်းအပင်း များစုကာ လုံလောက်စွာလည်း အကူအညီရကြောင်းကို ဝဇ္ဇီတိုင်းသား ရဟန်းများ ကြားသိ၍ "ဤအဓိကရုဏ်းကား ခဲခက်ကြီးကျယ်သဖြင့် မလွယ်ကူလှ၊ ခိုင်ခံ့သော အပင်းအသင်း ရယူကုန်အံ့"ဟု ကြံစည်ပြီးလျှင် အရှင်ရေဝတမထေရ်မြတ်အား များစွာသော ရဟန်းတို့အသုံးအဆောင် ပရိက္ခရာလှူဒါန်းလျက် ၎င်းတို့ဘက်ပါအောင် ဆွဲဆောင်မှသာ အင်အားကြီးမားသော အပင်းအသင်းဖြစ်ကုန်မည်-ဟု ဆုံးဖြတ်ကြသည့်အတိုင်း များစွာသော ပရိက္ခရာအသုံးအဆောင်တို့ကို စီရင်၊ လှေကြီးဖြင့်တင်ပြီးလျှင် အရှင်ရေဝတ သီတင်းသုံးတော်မူရာ သဟဇာတိမြို့သို့ ဆန်တက်သွားကြ၍ ရောက်ကြလျှင် လှေပေါ်မှ ပစ္စည်းတို့ကိုတင်ကာ သစ်ပင်ရင်းတစ်ခုသို့ ချဉ်းကပ်လျက် ဆွမ်းစားနေကြကုန်၏။

ထိုစဉ်အခါ အရှင်သာဠှမထေရ်သည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ပြီးလျှင် ဆင်ခြင် စဉ်းစားတော်မူသည်မှာ "အရှေ့တိုင်းသား ရဟန်းများသည် ဓမ္မဝါဒီဖြစ်လေသလော၊ သို့မဟုတ် ပါဝေယျကတိုင်းသား ရဟန်းများသည် ဓမ္မဝါဒီ ဖြစ်လေသလော"ဟု ဉာဏ်တော်ဖြင့် ဆင်ခြင်လျှင် ပါဝေယျက ရဟန်းများသာ ဓမ္မဝါဒီဖြစ်ကြောင်း ဉာဏ်တော် တွင် ထင်လာသည့်အပြင် သုဒ္ဓါဝါသပြဟ္မာကြီး ဆင်းလာပြီးလျှင် ထိုပါဝေယျက အရှင်များ သာ ယထာဓမ္မဖြစ်၍ တရားတော်အတိုင်း တည်တော်မူရန် အားထုတ်တော်မူပါမည့်

အကြောင်း တောင်းပန်လျှောက်ထားသောအခါ ဖြဟ္မာမင်းအား "ရှေးဦးကပင် တရားအတိုင်းတည်၍ ယခုလည်း တရားဟုတ်သည်၌ တည်စေအံ့"ဟု မိန့်တော်မူလေ၏။

ဝဇ္ဇီတိုင်းသား ရဟန်းများလည်း များစွာသော ပရိက္ခရာ အသုံးအဆောင်တို့ကို ယူပြီးလျှင် အရှင်ရေဝတ မထေရ်မြတ်ထံ ချဉ်းကပ်၍ "အပ်သောပရိက္ခရာများ အလှူခံတော်မူပါ"ဟု လျှုဒါန်းသောအခါ "ပြည့်စုံပြီ"ဟု ငြင်းပယ်အပ်သဖြင့် မထေရ်မြတ်၏ တပည့်ဝါ ၂၀-ရ **အရှင်ဥတ္တရ**ထံသို့ ချဉ်းကပ်လျက် "အလှူခံယူတော်မူပါ"ဟု လျှောက်ပြန်လျှင်လည်း မထေရ်ကြီးအတူ ငြင်းပယ်သည်ကို အမျိုးမျိုးလှည့်ပတ် တိုက်တွန်းလှသောကြောင့် သင်္ကန်းတစ်ထည်သာ ခံယူတော်မူကာ, "အရှင်ဘုရား၊ သံဃာ့အလယ်မှာ ပါစိနက အရှေ့တိုင်းသား ရဟန်းများသာ ဓမ္မဝါဒီဖြစ်ကြောင်း၊ ပါဝေယျကတိုင်းသား ရဟန်းများသည် အဓမ္မဝါဒီဖြစ်ကြောင်း အမိန့်ရှိတော်မူပါ"ဟု လျှောက်သည်ကို ဝန်ခံလျက် မထေရ်ထံ လျှောက်ထားက "မတရားသည်၌ တိုက်တွန်းဘိ၏"ဟု အရှင်ဥတ္တရမထေရ်အား နှင်ထုတ်လေ၏။

ထိုအခါ သံဃာတော်အပေါင်းတို့သည် ထိုအဓိကရုဏ်းကို ဆုံးဖြတ်ဖြေရှင်းရန် စည်းဝေးတော်မူကြ၍ "ဤအဓိကရုဏ်းကို တဖန်မလှုပ် မချောက်ချားနိုင်ရန် မူလဖြစ်ပွားရာ အရပ်သို့ သွား၍ ပြေငြိမ်းစေကုန်အံ့"ဟု အညီအညွတ် ကမ္မဝါစာဖြင့် ကြားပြီးလျှင် ဝေသာလီပြည်သို့ ကြွသွားတော်မူကြကုန်၏။ ထိုအခါ ဝေသာလီတွင် အရှင်အာနန္ဒာမထေရ်၏ သဒ္ဓိဝိဟာရိကဖြစ်သော သက်တော်-၁၂၀ ရှိ **အရှင်သဗ္ဗကာမိမထေရ်မြတ်** သီတင်းသုံးတော်မူ၍, အရှင်ရေဝတမထေရ်သည် ယင်းမထေရ်မြတ်ထံ ချဉ်းကပ်လျှောက်ထားရန် အရှင်သမ္ဘူတမထေရ်နှင့် တိုင်ပင်ကာ မထေရ်မြတ်ထံရောက်ကြသော်လည်း သမာပတ်ဖြင့် သီတင်းသုံးတော်မူစဉ် သမာပတ်ဝင်တော်မူကြပြီး မိုးသောက်မှ ၎င်းသမာပတ်အကြောင်း ပဋိသန္ထာရကထာစကား လျှောက်ကြားပြီးဆုံးပြီးနောက် ၎င်းအဓမ္မဝါဒီ ၁၀-ပါး ဖော်ပြဖြေရှင်းရန် လျှောက်ထားလျှင် "ငါ့ရှင်လည်း ဆရာ့ထံရင်း သင်ကြားအပ်သော သုတ်, ဝိနည်းရှိ၏၊ အသို့ဆင်ခြင်သနည်း"ဟု ပြန်၍မေးတော်မူသောအခါ "အရှေ့တိုင်းသားများသာ အဓမ္မဝါဒီ ဖြစ်ကြောင်း ဆုံးဖြတ်ပါသည်၊ သို့သော် သမုတ် ပြောဆိုရာ၏-ဟု ထင်စွာမပြဆိတ်ဆိတ် နေရပါသည်ဘုရား"ဟု လျှောက်ထားပြီးနောက် ထိုအဓိကရုဏ်းကို ဆုံးဖြတ်ရန် သံဃာစည်းဝေးတော်မူကြကုန်၏။

✪ ✪ ✪ ✪ ✪

## အဓိကရုဏ်း ဆုံးဖြတ်ရန် ၂-ဖက်သံဃာများ ရွေးကောက်ခြင်း

ဤသို့ သံဃာတော်များ အညီအညွတ် စည်းဝေးတော်မူကြပြီးလျှင် ဤအဓိကရုဏ်းကို ဆုံးဖြတ်ပြောဆိုရာ၌ "ရဟန်းသံဃာများ၏ အပိုင်းအခြားမရှိသော စကားတို့ဖြစ်ကုန်ရာ၏။ တစ်ဦးသောပုဂ္ဂိုလ်၏ စကားကိုမျှ ပိုင်းခြား၍ မသိနိုင်ရာ"ဟု အရှင်ရေဝတမထေရ်သည် ဉတ်ကမ္မဝါစာဖြင့် သံဃာတော်များအား သိကြားစေပြီးလျှင် အရှေ့တိုင်းသား ပါစိနက ရဟန်းများမှ-

၁။ အရှင် **သဗ္ဗကာမိ** မထေရ်

၂။ အရှင် **သာဠ** မထေရ်

၃။ အရှင် **ခုဇ္ဇသောဘိတ** မထေရ်

၄။ အရှင် **ဝါသဘဂါမိတ** မထေရ်၊ ဤ ၄-ပါး ရွေးကောက်တော်မူကာ,

ပါဝေယျက ရဟန်းများမှ-

၁။ အရှင် **ရေဝတ** မထေရ်

၂။အရှင် **သမ္ဘူတသာဝါသီ** မထေရ်

၃။ အရှင် **ယသကကဏ္ဍကပုတ္တ** မထေရ်

၄။ အရှင် **သုမန** မထေရ်

ဤ ၄-ပါးကို ရွေးကောက်တော်မူပြီးလျှင် ဤအရှင်တို့သည် ဤအဓိကရုဏ်း ဆုံးဖြတ်ငြိမ်းအေးစေရန် ဉတ်ကမ္မဝါစာဖြင့် သမုတ်တော်မူကြ၍ ဤသံဃာ့အစည်းအဝေးကြီးအတွက် နေရာထိုင်ခင်းစီရင်ရန် ၁၀-ဝါရ ပါတိမောက်ပြ အရှင်အဇိတရဟန်းအား သမုတ်တော်မူကြလေ၏။

✪ ✪ ✪ ✪ ✪

## စည်းဝေးရန်နေရာ စိစစ်ကြခြင်း

ထိုနောက် မထေရ်ကြီးများသည် "အဘယ်နေရာ၌ ဤအစည်းအဝေးကြီး ပြုလုပ်သင့်ပါသနည်း"ဟု ဆင်ခြင်တော်မူကြသောအခါ "ဤဝေသာလီမြို့တော်ကြီး၌ ဝါလိကာရုံကျောင်းတော်ကြီးကား မွေ့လျော်ဖွယ်, နည်းသော ဆူညံသံ ကြွေးကြော်သံရှိ၍ ကျယ်ပြန့်၏"ဟု အညီအညွတ် သတ်မှတ်တော်မူကြပြီးလျှင် နေရာထိုင်ခင်း စီရင်ပြုလုပ်စေပြီးနောက် အားလုံးသော သံဃာတော်တို့သည် ထိုဝါလိကာရုံကျောင်းတော်သို့ သွားရောက်တော်မူကြ၍ အညီအညွတ် စည်းဝေးတော်မူကြသောအခါ-

အရှင်ရေဝတမထေရ်မြတ်သည် အရှင်သဗ္ဗကာမိမထေရ်မြတ်အား ဝိနည်းပြဿနာ မေးလျှောက်ထားရန် သံဃာအား ဉာတ်ဖြင့် သိစေတော်မူပြီး၍ အရှင်သဗ္ဗသာမိမထေရ်မြတ်သည်လည်း အရှင်ရေဝတမထေရ်မြတ် မေးလျှောက်သော ဝိနည်းများကို ဖြေကြားရန် ဉာတ်ထားတော်မူကြပြီးနောက်-

"**ကပ္ပတိ ဘန္တေ သိင်္ဂီလောဏကပ္ပော-**

အရှင်ဘုရား၊ သားချိုဖြင့် ဆောင်သောဆားသည် (ယာဝကာလိကနှင့်ရော၍) သုံးဆောင်အပ်ပါသလော"-

စသည်ဖြင့် အဓမ္မဝတ္ထု၁ဝ-ပါးတို့ကို အသီးသီးမေးမြန်းတော်မူ၍ ၎င်းတို့ကို ဝိနည်းတရားအားလျော်စွာ ဝတ္ထုသက်သေ သာဓကနှင့်တကွ ဝိနယပိဋကတ်၌ လာသည်တို့ကို ထုတ်ပြဖြေကြား သံဃာတော်အများ အညီအညွတ် ဆုံးဖြတ်တော်မူကြပြီး အဓိကရုဏ်းငြိမ်းအေးပြီးပြတ် အဆုံးသတ်တော်မူကြလေ၏။

ဤဒုတိယ ဝိနယသံဂါယနာတင်ကြောင်း ဝတ္ထု ၁ဝ-ပါးတို့ကို ဝိနည်းပါဠိတော်တွင် သံဂါယနာတင် အရှင်မြတ်တို့ သွင်းထားတော်မူကြ၍ ဤဒုတိယ သံဂါယနာကို---

**သတေဟိ သတ္တဟိ ကတာ၊ တေန သတ္တသတာတိ စ။**

**ပုဗ္ဗေ ကတံ ဥပါဒါယ၊ ဒုတိယာတိ စ ဝုစ္စတိ။ ။**

သံဃာ-၇ဝဝ ပြုတော်မူ၍ သတ္တသတိက ဟူ၍၎င်း၊ ရှေးသံဂါယနာကို ထောက်ထား၍ ဒုတိယဟူ၍၎င်း သမုတ်တော်မူကြလေကုန်၏။

ဤဒုတိယ သံဂါယနာတင်တော်မူသောအခါ၌ကား ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ပေါင်း-၁ဝဝ လောက်သာရှိသေး၍ မြတ်စွာဘုရား မျက်နှာတော်ဖူးမျှော်ခဲ့ဖူးကြသော မထေရ်ကြီးများ ပါဝင်တော်မူကြောင်း-

**ယေဟိ ထေရေဟိ သင်္ဂီတာ၊ သင်္ဂီတိ တေသု ဝိဿုတာ။**

စသည်ဖြင့် အဋ္ဌကထာဆရာ ထုတ်ဖော်ပြအပ်သည်နှင့်အညီ

၁။ **အရှင်သဗ္ဗကာမိ မထေရ်၊** အရှင်အာနန္ဒာမထေရ်မြတ်၏ တပည့်ဖြစ်သည်။

၂။ **အရှင်သာဠ မထေရ်**

၃။ **အရှင်ရေဝ မထေရ်**

၄။ **အရှင်ခုဇ္ဇသောဘိတ မထေရ်**

၅။ **အရှင်ယသ မထေရ်**

၆။ **အရှင်သာဏသမ္ဘူတ မထေရ်အားဖြင့်-** ၆-ပါးသော မထေရ်တို့အပြင်-

အရှင်အနုရုဒ္ဓါ၏ တပည့်ဖြစ်သော-

၇။ **အရှင်သုမန မထေရ်**

၈။ **အရှင်ဝါသဘဂါမိ မထေရ်**

ဤ ၈-ပါးသော မထေရ်မြတ်တို့သည် မြတ်စွာဘုရားလက်ထက်တော်ကို မှီတော်မူခဲ့ကြ၍ မြတ်စွာဘုရားကိုယ်တော်တိုင်ကို ဖူးမျှော်ခဲ့ကြဖူးသော မထေရ်များဖြစ်ကြောင်း ဋီကာ၌ ထပ်၍ဖွင့်ပြသည်ကို ထောက်ဆသဖြင့် ထင်ရှား၏။

အထူးအားဖြင့် ဤဒုတိယ သံဂါယနာ၌ အတ္ထုပ္ပတ္တိ ဖြစ်ပွါးသော အဓမ္မဝတ္ထု ၁၀-ပါး ဝိနည်းတရားအားလျော်စွာ ဖြေရှင်းသုတ်သင် ဆုံးဖြတ်ချက် တင်တော်မူကြပြီးလျှင် ဖြစ်ပွါးသော အဓိကရဏ်း ငြိမ်းအေးသည်မှတစ်ပါး ပါဠိတော်အားဖြင့် အခြားဝိနည်း, သုတ်, အဘိဓမ္မာတို့ကို သံဂါယနာတင်ကြောင်း မလာသော်လည်း---

အဋ္ဌကထာ ဆရာတော်က---

**အထ ထေရာ ပုန ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယိဿာမာတိ တိပိဋကဓရေ ပတ္တပဋိသမ္ဘိဒေ သတ္တသတေ ဘိက္ခူ ဥစ္စိနိတွာ-**

စသည်ဖြင့် ထိုအဓိကရဏ်း ဆုံးဖြတ်ပြေငြိမ်းပြီးနောက် ဓမ္မဝိနယကို သံဂါယနာတင်ခြင်းငှာ ပိဋက ၃-ပုံဆောင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ၇၀၀-တို့ကို ရွေးကောက်တော်မူပြီးလျှင် ပထမသံဂါယနာတင်သောနည်းအတူ အလုံးစုံသော ဝိနယဓမ္မတို့ကို သုတ်သင်ရှင်းလင်းတော်မူလျက် ပိဋက, နိကာယ်, အင်္ဂါ, ဓမ္မက္ခန်တို့ကို ပိုင်းခြားကာ ၈-လတိုင်တိုင် သံဂါယနာတင်တော်မူကြကြောင်း မှတ်သားအပ်သည့်အပြင် သံဂါယနာတင်ရာအရပ်ကိုလည်း ဤ

ကျယ်ပြန့်ဆိတ်ငြိမ်သော ဝါလိကာရုံကျောင်းတော်ကြီး၌ တင်တော်မူကြကြောင်း မှတ်သားအပ်ကုန်၏။

ဤဒုတိယသံဂါယနာတင်သောအခါ၌ ဝဇ္ဇီတိုင်းကြီးလည်း ပျက်စီးလျက် ဝေသာလီမြို့တော်ကြီးမှာလည်း မင်းသီး, မင်းခြား မရှိသဖြင့် မဂဓတိုင်းကြီးရှင် ဘုရင်ကာလာသောကမင်းကိုပင်, ၎င်းလက်ထက်၌ သံဂါယနာတင်၍ သံဂါယနာတင်မင်း-ဟု သတ်မှတ်သော်လည်း အဇာတသတ်မင်းတရားသည် အာဏာစက်အားဖြင့် သံဂါယနာကို ကူညီသည့်အပြင် ပစ္စည်း၄-ပါး လိုအပ်သောအရာများဖြင့် ထောက်ပံ့ကာ ဒါယကာခံယူသကဲ့သို့ သံဂါယနာတင် ဒါယကာမင်းမြတ်-ဟု ဆိုထိုက်လောက်အောင် ထောက်ပံ့အားထုတ်သော အခြင်းအရာများ သံဂါယနာတင်မှတ်တမ်းများ၌ မရေးသားကြကုန်။

ထိုသို့ သံဂါယနာတင်မင်းတရား အထူးအားထုတ်ခြင်း မရှိသော်လည်း မြတ်စွာဘုရား ကိုယ်တော်တိုင်ကို ဖူးမျှော်ခဲ့ကြရသော မထေရ်ကြီးများအပြင် ဝဇ္ဇီတိုင်းသား အဓမ္မဝါဒီရဟန်းများနှင့် ဆန့်ကျင်ဘက် လဇ္ဇီ သီလဝန္တရဟန်းများမှာ အရှင်ယသမထေရ်မြတ်အား ထုတ်တော်မူခြင်းကြောင့် (၁၂,၀၀,၀၀၀) တစ်သန်း နှစ်သိန်းရှိ၍ ဤမျှလောက်များပြားသော သံဃာတော်အထုကြီး စည်းဝေးတော်မူကြောင်း---

**ဇဝံ တသ္မိံ စ သန္နိပါတေ ဒွါဒသဘိက္ခုသတသဟဿာနိ သန္နိပတိံသု အာယသ္မတာ ယသေန သမုဿာဟိတာ။**

ဟု သမန္တပါသာဒိက အဋ္ဌကထာ သံဂါယနာတင် နိဒါန်း၌ ပြဆိုတော်မူသည်ကို ထောက်ဆသောအားဖြင့် လဇ္ဇီ သီလဝန္တများကား ထိုခေတ်အခါမှာ များစွာတိုးတက်ကြီးပွါးလျက် ရှိသေး၍---

"လဇ္ဇီ သာသနံ ရက္ခိဿန္တိ-

သာသနာတော်ကား- လဇ္ဇီရဟန်းများ စောင့်ကုန်လတ္တံ့"ဟု အဋ္ဌကထာဆရာတို့ မိန့်အပ်သည်နှင့်အညီ-

အရှင်ယသမထေရ်မြတ် ကြောင့်ကြစိုက်တော်မူ၍ အရှင်သဗ္ဗကာမိမထေရ်မြတ်နှင့် အရှင်မဟာရေဝတမထေရ်မြတ်တို့ ကြီးကြပ်ပြုစုကာ သံဂါယနာမှု၌ အားထုတ်တော်မူကြသဖြင့် ဆိုခဲ့ပြီး ရဟန္တာမထေရ်မြတ်တို့သည် သာသနာတော်ဟု ဆိုအပ်သော ဗုဒ္ဓနိုင်ငံတော်ကြီး ခိုင်ဖြိုးတည်တံ့အောင် အားသွန်ကြိုးပန်းတော်မူကြကာ သာသနာအဆက်ဆက် မပျက်နိုင်သော မှတ်တမ်းကြီးတစ်ခု ပြုစုအောင်မြင်တော်မူခဲ့ကြလေသည်။

✪ ✪ ✪ ✪ ✪

## ဂိုဏ်းကွဲ မဟာသံဃိက သံဂါယနာ

ဤသို့ လဇ္ဇီသူတော်ကောင်းအပေါင်းတို့သည် တရားနှင့်ညီညွတ်စွာ ဤဒုတိယ သံဂါယနာကို အောင်မြင်စွာတင်ကြသော်လည်း အလဇ္ဇီရဟန်းများ, အဓမ္မဝါဒီဂိုဏ်းသားများကား လဇ္ဇီသူတော်ကောင်းများ ပြုစုအားထုတ်သည်ကို လိုလားနှစ်သက်ခြင်းမရှိဘဲ မိမိတို့ အပင်းအသင်းပါ အဓမ္မဝါဒီ ရဟန်းအပေါင်း စုဆောင်းလျက် တစ်သောင်းမျှသော ရဟန်းအပေါင်းတို့ စည်းဝေး၍ ကောသမ္ဗီမြို့တော်၌ သံဂါယနာတင်ပွဲကြီး ပြုလုပ်ကြပြီး နောက် ၎င်းတို့သံဂါယနာကို သံဃာ ၁၀,၀၀၀-မျှ သံဂါယနာတင်သောကြောင့် **မဟာသံဃိတိသံဂါယနာ**-ဟု သမုတ်ကြပြီး-

လဇ္ဇီ သူတော်ကောင်းမထေရ်ကြီးများ တည်ထောင်တော်မူကြသည့် ထေရဝါဒ ဂိုဏ်းကြီးမှ ခွဲထုတ်ကာ-

**မဟာသံဃိကဂိုဏ်း**-ဟု ဂိုဏ်းသီး, ဂိုဏ်းခြားတည်ထောင်ကာ ၎င်းတို့ဝါဒ ကျယ်ပြန့်အောင် အားထုတ်ကြလေကုန်၏။

မြတ်စွာဘုရား သာသနာတော်တည်းဟူသော ဗုဒ္ဓနိုင်ငံတော်ကြီးမှာ နှစ်ပေါင်း ၁၀၀-အတွင်း၌ သန့်ရှင်းစင်ကြယ်စွာ တည်ထွန်းတိုးတက် ကြီးပွားလျက်လာသော်လည်း ဒုတိယ-၂၀၀ အတွင်းမှာကား ဝဇ္ဇီတိုင်းသား အဓမ္မဝါဒီ ရဟန်းများမှ မျိုးစေ့ရသဖြင့် ဓမ္မဝါဒီ **လဇ္ဇီပေသလမထေရ်ကြီးများ** တည်ထောင်တော်မူခဲ့ကြသော ထေရဝါဒ သာသနာ့ နိုင်ငံတော်ကြီး၏ ပျက်စီးရာပျက်စီးကြောင်း မကောင်းဆိုးဝါး မတရားသော အယူဝါဒများကို တည်ထောင်ကြကာ သာသနာ့ဆူးငြောင့်ပမာ ဂိုဏ်းအမျိုးမျိုး ကွဲပြားလာကြသည်မှာ-

### ၁၀-ဂိုဏ်း ကွဲပြားခြင်း

(က)

**မဟာသံဂီတိ ဂိုဏ်းမှ**-

၁။ ဂေါကုလိကဂိုဏ်း ၂။ ဧကဗျောဟာရဂိုဏ်း ၂-ဂိုဏ်းကွဲပြားကြပြီး-

၎င်းတို့တွင် ဂေါကုလိကဂိုဏ်းမှ-

၃။ ပဏ္ဏတ္တိဂိုဏ်း ၄။ ဗဟုဿုတိကဂိုဏ်း ၂-ဂိုဏ်း ကွဲပြားသဖြင့်၊
၄-ဂိုဏ်းကွဲကာ-

၎င်းတို့အတွင်းမှာ-

**၅။ စေတိယဂိုဏ်း** ကွဲပြန်သဖြင့် မဟာသံဃိတိဂိုဏ်းရင်းနှင့်

တကွ ၆-ဂိုဏ်း ကွဲပြားကြလေကုန်၏။

(ခ)

ထေရဝါဒဂိုဏ်းကြီးမှာလည်း-

**၁။ မဟိသာသကဂိုဏ်း** **၂။ ဝဇ္ဇီပုတ္တကဂိုဏ်း** ၂-ဂိုဏ်းကွဲပြားပြီး-

၎င်းတို့တွင် မဟိသာသက ဂိုဏ်းမှ-

**၃။ သဗ္ဗတ္ထိဂိုဏ်း** **၄။ ဓမ္မဂုတ္တဂိုဏ်း**

ဝဇ္ဇီပုတ္တက ဂိုဏ်းမှ---

**၅။ ဓမ္မုတ္တရိယဂိုဏ်း** **၆။ ဘဒ္ဒယာနဂိုဏ်း**

**၇။ ဆန္နာဂါရိယဂိုဏ်း** **၈။ သမိတိဂိုဏ်း** ၄-ဂိုဏ်းကွဲပြားရာ-

၃။ သဗ္ဗတ္ထိ ဂိုဏ်းမှ-

**၉။ ကဿပိကဂိုဏ်း** **၁၀။ သင်္ကန္တိကဂိုဏ်း**

**၁၁။ သုတ္တဝါဒဂိုဏ်း** အားဖြင့် ၁၁-ဂိုဏ်းကွဲသဖြင့်

ထေရဝါဒဂိုဏ်းရင်းနှင့်တကွ ၁၂-ဂိုဏ်းဖြစ်၍-

(က) မဟာသံဃိတိဂိုဏ်းမှ ဂိုဏ်းရင်းနှင့်တကွ ၆-ဂိုဏ်း

(ခ) ထေရဝါဒဂိုဏ်းမှ ဂိုဏ်းရင်းနှင့်တကွ ၁၂-ဂိုဏ်း

ဤသို့အားဖြင့် ၁၈-ဂိုဏ်း ကွဲပြားကုန်၏။

၎င်းပြင် ဤသို့ ၁၈-ဂိုဏ်း ကွဲပြီးသည့်နောက်၌လည်း အဆက်ဆက် ကွဲပြားကြသည်မှာ---

၁။ **ဟေမဝတာဂိုဏ်း**
၂။ **ရာဇဂိရိကာဂိုဏ်း**
၃။ **သိဒ္ဓတ္ထိကာဂိုဏ်း**
၄။ **ပုဗ္ဗသေလိကာဂိုဏ်း**
၅။ **အပရသေလိကာဂိုဏ်း**
၆။ **ဝါဇိရိယာဂိုဏ်း**

ဟူ၍ ၆-ဂိုဏ်း ကွဲပြားသော်လည်း မထွန်းကားသည့်အပြင် ရှေးကကွဲပြားပြီး ၁၂-ဂိုဏ်းသည်လည်း နောင်အခါ သာသနာ နောက်ပိုင်းသို့ထိအောင် မပါကြကုန်။

ဆိုခဲ့ပြီးသော ၁၈-ဂိုဏ်းတို့အနက် ထေရဝါဒဂိုဏ်းကြီးသာ တည့်မတ်မှန်ကန် ဖြောင့်စင်းဖြူစင်သော အကျင့်တရားနှင့်တကွ မြင့်မိုရ်တောင်ကြီးပမာ မားမတ်စွာတည်ရှိ၍ အယူဝါဒကျနကောင်းမွန်၍ ဟောတော်မူအပ်သော ဝိနည်းတရားအတိုင်း မမှားမယွင်းဘဲ လိုက်နာကျင့်သုံးကြသဖြင့် ထေရဝါဒဂိုဏ်းကွဲတို့သည် အယူဝါဒ မကွဲပြားကြသော်လည်း ဂိုဏ်းရင်းမူလကဲ့သို့ တည့်မတ်ကျနသော ဝိနည်းတရား မလိုက်နိုင်ကြသောကြောင့် ခိုင်မြဲ တည်တံ့ခြင်းမရှိသည့်အပြင် ဒုတိယသံဂါယနာ မတင်မီကပင် မဟာသံဃီတိဂိုဏ်းသားတို့ ဖေါက်ပြားခြင်းကို အကြောင်းပြုကာ သံဂါယနာတင်ရသဖြင့် ၎င်းဂိုဏ်းမှ ဖြစ်ပွားသောဂိုဏ်းကွဲများကား နောက်သာသနာ၌ မှတ်ဖွယ်ရာကျန်ရစ်အောင် တည်ထောင်ထွန်းကားခြင်း မရှိကုန်။

ဤသို့အားဖြင့် မြတ်စွာဘုရား သာသနာတော် အနှစ် ၁၀၀-ကျော်မှာ ဖြစ်ပွား၍ လာကြသော ဂိုဏ်းများသည်ကား ၎င်းအနှစ်-၂၀၀ နောက်ပိုင်းမှာပင် ထင်ရှားခြင်းမရှိ၊ တတိယ-၂၀၀ သို့ ထိအောင် တည်တံ့ခြင်းမရှိသဖြင့် ၎င်းဂိုဏ်းများ၏ အကြောင်းအရာ အထူးရေးသားဖွယ် မလိုသောကြောင့် ၎င်းတို့ကို လစ်လျူရှုကာ အခြားသာသနာ၌ ဖြစ်ပွားသော အကြောင်းအရာများလည်း ရေးသားဖွယ်မရှိ၊ ဤနှစ် ၂၀၀-၏ အကြောင်းများ ဤတွင် အဆုံးထားအပ်ပေသည်။

✪ ✪ ✪ ✪ ✪

## ဒုတိယ နှစ် ၂၀၀-အတွင်း သာသနာ့ဝင်မင်းများ

ဒုတိယသံဂါယနာတင် ကာလာသောကဘုရင်တိုင်အောင် မဂဓတိုင်းကြီးတွင် ဘုရင်မင်းဆက်များအကြောင်း ရေးသားခဲ့ပြီးသည့်အတိုင်း ၎င်းမင်းများသည် သာသနာတော်၌ အထူးအားထုတ်ဆောင်ရွက် တိုးတက်ကြောင်း မှတ်တမ်းများ မရှိပြားသော်လည်း ၎င်းတို့သည် ဗုဒ္ဓဘာသာ သာသနာ့ဝင်မင်းများဖြစ်ကြ၍ ထည့်သွင်းပါဝင်သင့်ကြသောကြောင့် ၎င်းတို့သည် မဂဓတိုင်းကြီးတွင် သာသနာ့ဝင်မင်းများဟု သာမညအားဖြင့် မှတ်အပ်ကုန်၏။

ဤဒုတိယ သံဂါယနာတင်သော နှစ်-၁၀၀မြောက်မှာ သုသုနာဂမင်းဆက် ကာလာသောကမင်း၏ ထီးနန်းစိုးစံသည့်နှစ်မှာ ၂-နှစ်မျှသာရှိသေး၍ ထိုမင်းကား မဂဓမင်းဆက်များ၌ ထင်ရှားသည့်အပြင် သီဟဠမှတ်တမ်းများအရ ဤကာလာသောကမင်းလက်ထက်၌ပင် ဘုရားရှင်လက်ထက်တော်က ခံတပ်မြို့ကြီးအဖြစ် တည်ထောင်ခဲ့သော ပါဋလိပုတ်မြို့သစ်ကြီးသို့ ရွှေ့ပြောင်းကာ မဂဓတိုင်းကြီး၏ မြို့တော်သစ်, ထီးနန်းသစ် တည်ထောင်ဖန်ဆင်းသောမင်းဖြစ်ကြောင်း မှတ်သားအပ်၏။

သို့ရာတွင် ၎င်းပါဋလိမြို့သစ်ကြီးကား ဘုရားရှင်လက်ထက် အဇာတသတ်မင်းသည် ဝဇ္ဇီမင်းများ၏ တန်ခိုးအာဏာလွှမ်းမိုးခြင်းကို ချိုးဖျက်ခြင်းငှာ တည်ထောင်ပြုလုပ်၍ ၎င်းမြို့ ဖန်ဆင်းသောအခါ ဘုရားရှင်ကိုယ်တော်တိုင်ပင် ဒေသစာရီ ကြွချီတော်မူသောအားဖြင့် ရောက်တော်မူ၍ ၎င်းကို စီမံအုပ်ချုပ် တည်ထောင်သော သုနိဓ, ဝဿကာရ မည်သော မဂဓအမတ်ကြီးများ ပင့်လျှောက်ချက်အရ တစ်ညဉ့်သီတင်းသုံးတော်မူလျက် တိုးတက်ကြီးပွားကြောင်း တရားဟောကြားကာ နံနက်ဆွမ်းဘုဉ်းပေးတော်မူပြီး တိုင်းသစ်, ပြည်သစ် အနုမောဒနာပြုတော်မူပြီးကာ အရှင်အာနန္ဒာအား-

"ဤမြို့ကား နောင်အခါ၌ မြတ်သောသူတို့၏ နေထိုင်ရာ, ကြီးမြတ်ကျယ်ပြန့်သော ကုန်စည်ပစ္စည်းတို့၏ ရောင်းဝယ်ရာ အမြတ်ဆုံး, အထင်ရှားဆုံးမြို့ ဖြစ်မည်။ ထိုမှတပါး ဤမြို့ကြီးမှာ ရေဘေး, မီးဘေး အချင်းချင်း ကွဲပြားသောဘေး-ဟု အန္တရာယ် ၃-ပါးဖြစ်လိမ့်မည်"ဟု-

ဘုရားရှင်ကိုယ်တော်တိုင် မိန့်ကြားတော်မူကြောင်း မဟာပရိနိဗ္ဗာနသုတ်နှင့် အခြားသုတ္တန်တို့၌ လာသည်နှင့်အညီ မြတ်စွာဘုရားကိုယ်တော်တိုင် ဗျာဒိတ်တော်ထားခဲ့သော မြို့ကြီးဖြစ်လေသည်။

ဤကာလာသောကမင်းသည် ဤသို့မြို့သစ် တည်ထောင်ဖန်ဆင်း ချင်းနင်းလျက် ထီးနန်းသိမ်းမြန်း အုပ်စိုးသည်မှာ ၂၈-နှစ် ကြာပြီးသည့်နောက် ၎င်းဘုရင်မင်းမြတ်၏ သားများဖြစ်ကြသော-

| | | |
|---|---|---|
| ၁။ **ဘဒ္ဒသေန** | ၂။ **ကောရဏ္ဍဝဏ္ဏ** | ၃။ **မင်္ကုရ** |
| ၄။ **သဗ္ဗဇဟ** | ၅။ **ဇာလိက** | ၆။ **ဥဘက** |
| ၇။ **သဉ္စယ** | ၈။ **ကောရဗျ** | ၉။ **နန္ဒိဝဍ္ဎန** |
| ၁၀။ **ပဉ္စမက** | | |

ဟု ဆိုအပ်သော ညီနောင်တစ်ကျိပ်တို့သည် မဂဓတိုင်းကြီးတွင် ၎င်းတို့ခမည်းတော်မင်းတရားကြီး ရွှေ့ပြောင်းထီးနန်းစိုက်ထူသော ဤပါဋလိပုတ် နေပြည်တော်မှာပင် ၂၂-နှစ် အုပ်ချုပ်စိုးစံ အသီးသီးဆက်ခံကြပြီးနောက် ဤမဂဓမင်းမျိုး ရာဇဝင်အတွင်း၌ နန္ဒမင်းမျိုး ဆင်းသက်လာ၍ ၎င်းတို့မှာ-

| | | |
|---|---|---|
| ၁။ **ဥဂ္ဂသေနနန္ဒ** | ၂။ **ပဏ္ဍုကနန္ဒ** | ၃။ **ပဏ္ဍုဂတိနန္ဒ** |
| ၄။ **ဘူတပါလနန္ဒ** | ၅။ **ရဋ္ဌပါလနန္ဒ** | ၆။ **ဂေါဝိသာဏကနန္ဒ** |
| ၇။ **သဝိဒ္ဓကနန္ဒ** | ၈။ **ကေဝဋ္ဋကနန္ဒ** | ၉။ **ဓနနန္ဒ** |

ဟူ၍ နန္ဒမင်းမျိုး ၉-ဆက်တို့မှာ ထီးနန်းသက်အားဖြင့် အထက်ညီနောင် တစ်ကျိပ်တို့ကဲ့သို့ ၂၂-နှစ်သာ အုပ်စိုးကြပြီးလျှင် ကာလသောကမင်း၏ အနှစ် ၁၀၀-မြောက် သာသနာရောက်သောနှစ်ကို ချန်ထားလျက် သာသနာတော်နှစ်ကား ၁၇၀-သို့တိုင် ရောက်လာလေပြီ။

ထိုသို့ အနှစ်-၁၀၀မှ ကျော်လွန်၍ ၇၀-အတွင်း ချင်းနင်းရောက်လာငြား သော်လည်း ဆိုခဲ့ပြီးသော မဟာသံဃိတိဂိုဏ်း ၆-ဂိုဏ်း၊ ထေရဝါဒဂိုဏ်း ၁၂-ဂိုဏ်း ကွဲပြားသည်မှတစ်ပါး သာသနာ့နိုင်ငံတော်ကြီးအတွင်း ဆောင်ရွက်တော်မူကြသော မထေရ်ကြီးများ၏ ထူးခြားသောအကြောင်း အတ္ထုပ္ပတ်ကား သာသနာ့မှတ်တမ်း၌ ဖြစ်ပွားခြင်း မရှိကုန်။ ထိုမှတပါး သာသနာတော်နှင့် ယှဉ်တွဲ၍လာသော မဂဓရာဇဝင် မင်းဆက်များလည်း ဆိုခဲ့ပြီး နန္ဒမင်း ၉-ဆက်တွင် ဓနနန္ဒမင်းလက်ထက် ဇာနက္ကပုဏ္ဏားကြီး အင်အားစုရုံး ပုံစားပုန်ကန် ပြုလုပ်ကာ မောရိယမင်းဆက် တည်ထောင်သောကြောင့် ၎င်းပုဏ္ဏားကြီး၏ ညွှန်ပြချက်အရ ပြာဟ္မဏဘာသာ လွှမ်းမိုးလျက်လာ၍ ၎င်းမှထောက်ဆလျှင် ရှေးမဂဓမင်းစဉ်မှာ

ဗုဒ္ဓဘာသာ ဖြစ်ကြောင်းမျှသာ ရေးသားနိုင်သည်မှတစ်ပါး အခြားသာသနာတော်နှင့် စပ်လျဉ်းသော မှတ်သားဖွယ် အတ္ထုပ္ပတ္တိ ဖြစ်ပွားခြင်းမရှိ၊ သို့မဟုတ် အမှတ်အသား မထင်ရှားသဖြင့် မင်းစဉ်မင်းဆက်မျှသာ ရေးသားအပ်သတည်း။

✪ ✪ ✪ ✪ ✪

## မောရိယနိုင်ငံအကြောင်း

သီဟိုဠ်မှတ်တမ်းဖြစ်သော မဟာဝင်အရ နန္ဒမင်းမျိုးဆက်နွယ်လာသည်မှာ သူဆင်းရဲ သုဒ္ဒမျိုးဖြစ်သော ခိုးမှုကြီးနန္ဒသည် တိုင်းနိုင်ငံ အစွန်အဖျား တိုင်းသူပြည်သားတို့အား လုယက်ဖျက်ဆီး အသီးသီးသော ရွာ, နိဂုံးတို့ကို သိမ်းပိုက်ပြီးကာ မြို့ပြတိုင်းပြည်တို့ကို လုယက်တိုက်ဖျက် အောင်မြင်လျက် မင်းအဖြစ်ကိုပင်ရသောကြောင့် ဥဂ္ဂသေန-ဟူသော ဘွဲ့ကို ခံယူပြီး မဂဓတိုင်းကြီး၌ ထီးနန်းစိုက်ထူပြီးနောက် ၎င်း၏ ညီ ၈-ယောက်တို့သည် အစဉ်သဖြင့် ၂၂-တိုင်အောင် ထီးနန်းဆက်ခံ စိုးစံကြကြောင်း, ၎င်းနန္ဒမင်းဆက်များလည်း ဗြာဟ္မဏဘာသာလေးစား၍ ပုဏ္ဏားတို့အား ကျွေးမွေးလှူဒါန်းကြောင်း၊ တက္ကသိုလ်ပြည်သား ဇာနက္ကပုဏ္ဏားကြီးသည် ပညာဗဟုသုတ ရှာမှီး အသီးသီးသောတိုင်းပြည်များသို့ သွားလာကာ ပါဋလိပုတ်နေပြည်တော်သို့ရောက်ခိုက် ကြုံကြိုက်သဖြင့် ဓနနန္ဒမင်း အလှူတော်ပွဲသို့ ဝင်သည်တွင် အနှင်ထုတ်ခံရသောကြောင့် ရှက်လှ၍ ကြိမ်းဝါးလျက် ထွက်သွားသည်ကို မင်းချင်းတို့ လိုက်လံဖမ်းဆီးသော်လည်း ရုပ်ဖျောက်ထွက်သွား၍ ၎င်းမင်း၏သား ပဗ္ဗတမင်းသားကလေးကိုပင် ခိုးယူလျက် ထွက်ပြေးကြောင်း, ၎င်းနောက် သာကီဝင်မင်းမျိုး မောရိယအနွယ် စန္ဒဂုတ္တမည်သော မင်းသားငယ်ကို မွေးမြူပြီး မင်းကား၂-ယောက် မထိုက်သောကြောင့် ပဗ္ဗတမင်းသားငယ်ကို ပရိယာယ်နှင့် လုပ်ကြံစေပြီးလျှင် စစ်သည်ဗိုလ်ပါစုဆောင်းကာ မဂဓတိုင်းကြီး တိုက်ဖျက်အောင်မြင်၍ စန္ဒဂုတ္တကိုပင် မဂဓတိုင်းကြီးအလုံး သိမ်းကြုံးလွှမ်းမိုး အုပ်စိုးစေလျက် မင်းပြုလုပ်စေကြောင်း ရေးသား မှတ်တမ်းတင်ကြကုန်၏။

၎င်းပြင် မဇ္ဈိမရာဇဝင်ဆရာကြီးတို့သည် ရှေးဟောင်း ပုရာဏကျမ်းများနှင့် ညှိနှိုင်းကာ မဂဓတိုင်းကြီး၌ ရှေးအထက်အစဉ်အလာ အုပ်စိုးလာခဲ့သော စန္ဒဝံသ, လမင်းမျိုးနွယ် မင်းမျိုးတို့သည် အဇာတသတ် အဆက်အနွယ်ဖြစ်သော နာဂဒါသမင်းတိုင်အောင် စိုးအုပ်လာကြကြောင်း,

ငင်းနောက် သုသုနာဂမင်းမှစ၍ သုသုနာဂနိုင်ငံတည်ထောင်ကာ **မဟာနန္ဒီမင်း**တိုင်အောင် မဂဓတိုင်း၌ ဆက်လက်အုပ်စိုးလာ၍ ငင်းမဟာနန္ဒ သို့မဟုတ် မဟာပဒုမ အမည်ခံ **နနန္ဒမင်း**ကို ဇာနက္ကပုဏ္ဏားကြီးသည် လက်စားချေသောအားဖြင့် တိုင်းမှထွက်ခွာ၍ ဗိုလ်ပါစုရုံးပြီးလျှင် မောရိယမင်းမျိုး စန္ဒဂုတ္တကို မွေးမြူပညာသင်ကြား အင်အားပြည့်စုံသောအခါ မဂဓတိုင်းကြီးကို ပုန်ကန်လျက် အောင်မြင်ထမြောက် ငင်းစန္ဒဂုတ္တကိုပင် ထီးနန်းမြောက်ကြောင်း ငင်းမင်းမျိုး၏ အဦးအစ **သုဒ္ဒမျိုး** မုရာဆိုသူနှင့် ဘုရင်မင်းမြတ် ဆက်စပ်ဖွားမြင်သောကြောင့် **မောရိယ**-ဟု ခေါ်တွင်ကြောင်း မှတ်သားကြကုန်၏။

သို့ရာဇဝင်ဆရာကြီးများ မှတ်သားကြသော်လည်း မောရိယမင်းမျိုးကား ဘုရားရှင်လက်ထက်တော်က ထင်ရှားရှိသော **မဏ္ဍလခေါ်** ခရိုင်နယ်ကလေးများ၌ စိုးစံကြသော **ဗုလိယ အလ္လကပ္ပမင်းမျိုး**, **ကေသပုတ္တကာလာမ** မင်းမျိုးတို့ကဲ့သို့ ဟိမဝန္တာအနီး ပိပ္ပလိဝန မည်သော ခရိုင်သီးခြား၌ အုပ်စိုးကြသော မောရိယမင်းမျိုးဖြစ်သဖြင့် မြတ်စွာဘုရား၏ သရီရဓာတ်တော်ဝေစုကိုပင် မင်းမျိုးအနေအားဖြင့် တောင်းခံလာရာ ဓာတ်တော်များဝေဖန်ပြီးမှ ရောက်လာ၍ သင်္ဂြိုဟ်တော်မူသောနေရာမှ မီးသွေးမျှသာ ကျန်တော့သဖြင့် ငင်းကိုရ၍ **အင်္ဂါရစေတီ** တည်ထားကိုးကွယ်ကြောင်း, လာသည်ကို ထောက်ဆကာ ဗုဒ္ဓနိုင်ငံတော်မှာပါဝင်သော သာသနာ၌ လေးစားလျက် ဘုရားရှင်၏ တပည့်သား အဆက်အနွယ်မင်းမျိုးဖြစ်ကြောင်း၊ သို့ရာတွင် ငင်းဓာတ်တော်များ တောင်းရာတွင် ကပိလဝတ်မင်းမျိုးများကဲ့သို့ သာကီဝင်များ ဖြစ်ကြကြောင်းကား ဖော်ပြခြင်းမရှိသဖြင့် သာကိယအနွယ်ဟူ၍လည်း မဆိုနိုင်ကြောင်း, ငင်းမှာဟိမဝန္တာနှင့် နီးစပ်သော ကောသလတိုင်းရပ်တွင် ပါဝင်သင့်သဖြင့် ငင်းကောသလမင်းမျိုးမှာ အာဒိစ္စအနွယ်ဖြစ်ကြောင်း- နောက်ကရေးခဲ့သည့်အတိုင်း ငင်းသာကိယမျိုးနှင့်စပ်သော အနွယ်ဝံသဖြစ်ကြောင်းသာ မှတ်သားအပ်ကုန်၏။

## ဇာနက္က(စာဏကျ) ပုဏ္ဏားကြီး မဂဓနိုင်ငံသစ်ကို တည်ထောင်ခြင်း

ဇာနက္ကသို့မဟုတ် စာနကျ ပုဏ္ဏားကြီးသည် နန္ဒမင်းမျိုးကို ရန်ငြိုးထားသည်အားလျော်စွာ ငင်းတိုင်းနိုင်ငံမှ ထွက်ခွါလျက် အကြောင်းအရာတို့ကို စုံစမ်းရှာဖွေသောအခါ တိုင်းကြီး, ပြည်ကြီး တည်ထောင်ဖန်ဆင်းနိုင်မည့် ဘုန်းသမ္ဘာ လက္ခဏာနှင့် ပြည့်စုံသော မောရိယမင်းမျိုးမင်းနွယ်မှ ဆင်းသက်လာသော **စန္ဒဂုတ္တ**မင်းသားကလေးကို တွေ့ရှိသဖြင့် အလွန်ဝမ်းမြောက်စွာ ငင်းအား မွေးစားသိမ်းပိုက် မင်းတို့နှင့်ထိုက်သင့်သော ပညာ

အရပ်ရပ်တို့ကိုသင်ပြ၍ အချိန်အရွယ်သို့ ကျရောက်လာလျှင် ဗိုလ်ပါစုရုံးပြီး မဂဓတိုင်းကြီး စည်ထီးခရိုင် နိုင်ငံတော်အလုံးကိုပင် ထိုမင်းသားကလေး၏ ဘုန်းသမ္ဘာဖြင့် လွယ်ကူစွာ သိမ်းကြုံးအောင်မြင်လျက် ၎င်းအား ၎င်းမဂဓတိုင်းကြီးအရှင်အဖြစ် တင်မြှောက်သည့်အပြင် ထီးစည်ကြငှန်း တိုင်းခန်းပြည်မှူ ရေးရာတို့ကိုလည်း ပုရောဟိတ်ရာထူးဖြင့် ရှေးမင်းများနှင့် မတူအောင် ခမ်းနားကြီးကျယ်လှစွာ စီမံခန့်ခွဲ လွန်ကဲထူးခြားအောင် ပြုစုအားထုတ်လေ၏။

၎င်းပြင် အိန္ဒိယရာဇဝင်ဆရာကြီးများ၏ ညှိနှိုင်းယူဆချက်အရ ၎င်းစာဏကျ ပုဏ္ဏားကြီးသည် နောက်ဆုံးဖြစ်သော နန္ဒမင်းမျိုးအဆက် **ဓနနန္ဒ** သို့မဟုတ် အခြားမှတ်တမ်း များအရ **ပဒုမနန္ဒ**မင်းလက်ထက် ၎င်းအား မနှစ်သက်၍ ထွက်သွားတိမ်းရှောင်နေရာ မဇ္ဈိမ ဒေသမှ အနောက်မြောက်ပိုင်းဌာန အပိုင်းအခြားအားဖြင့် ဥတ္တရပထ ဖြစ်သော ပဉ္စာပတိုင်း, သိန္ဓုတိုင်းများသို့ ရောက်သွား၍ ယောနကတိုင်းသား ဂရိတ်များနှင့် တွေ့ဆုံကာ အထူး အားဖြင့် ကမ္ဘာ့ရာဇဝင်တွင် အလွန်ထင်ရှားသော ဘုန်းလက်ရုံးနှင့်ပြည့်စုံသည့် အလိက္ဂဇန္ဒာ ဘုရင်ကြီးနှင့်ပင် တွေ့ဆုံရင်ဆိုင်လျက် မဇ္ဈိမတိုင်းနယ်များတို့သို့ ချင်းနင်းထွင်းဖောက် တန်ခိုး အာဏာရောက်ရန် ကြံရွယ်လေ့လာနေကြသော ယောနကတိုင်းသားများ၏ စစ်ချီစစ်တက် စစ်ခင်း စစ်ဆင် စစ်အင်္ဂါအားလုံးကို ကိုယ်တိုင်သင်ကြားတတ်မြောက်၍ မင်းသားကလေး လည်း အချိန်အရွယ်ရောက်လာသဖြင့် အားလုံးသင်ကြားလျက် ဗိုလ်ပါအမြောက်အများ အင်အားစုစည်းပြီး မဂဓတိုင်းကြီးသို့ တိုက်စစ်ချီတက်ကာ မြို့ရွာနယ်ပယ်အလုံး သိမ်းကြုံး အောင်မြင် ၎င်းစန္ဒဂုတ္တမင်းသားအား ထီးနန်းတင်ကြောင်း ၎င်းပြင် မဂဓတိုင်းကြီး၏ စစ်တပ် အဖွဲ့ကြီးကိုလည်း တိုးချဲ့ကာ-

- ခြေလျင် တပ်မတော် (၆၀၀,၀၀၀)ခြောက်သိန်း၊
- မြင်း တပ်မတော် (၃၀,၀၀၀)သုံးသောင်း၊
- ဆင် တပ်မတော် (၉,၀၀၀)ကိုးထောင်တို့အပြင်-

အလွန်များပြားလှသော ရထားတပ်ကြီးကိုလည်း ကြီးကျယ်ခိုင်ခံ့စွာ ဖွဲ့စည်းတည်ထောင် ထားကြောင်း အခိုင်အမာ ရေးသားကုန်၏။

ယောနကတိုင်းသား ဂရိတ်များသည် နန္ဒမင်းမျိုးများ မဂဓတိုင်းတွင် အုပ်ချုပ် စိုးစံစဉ် အနောက်မြောက်ပိုင်းနယ်များဖြစ်သော ဂန္ဓာရကမ္ဘောဇတိုင်းနယ်အချို့ကို သိမ်းပိုက် အုပ်စိုး တန်ခိုးအာဏာ လွှမ်းမိုးလျက်ရှိနေ၍ ၎င်းတို့အာဏာတန်ခိုးများ ပျက်ပြားစေရန်နှင့် နိုင်ငံတော်တည်မြဲ ခိုင်ခန့်တည်တံ့ရန် အားလုံးတိုင်းကြီး, ပြည်ကြီးတို့၏ ကိစ္စအဝဝတို့ကို လည်း ၎င်းပုဏ္ဏားကြီးနှင့်တိုင်ပင်လျက် ဆောင်ရွက်အားထုတ်သဖြင့် အစစပြီးမြောက်

အောင်မြင်ခြင်းသို့ရောက်၍ ဘုန်းသမ္ဘာကြီးမားသော ဘုရင်မြတ်ဖြစ်သည့်အားလျော်စွာ အာဏာတန်ခိုးတို့သည် မဂဓတိုက် အလုံးတွင်မက မဇ္ဈိမတိုက်ကြီးနှင့်တကွ သောဠသခရိုင်တွင် အပါအဝင်ဖြစ်သော ယောနက ကမ္ဘောဇတိုင်းသို့ရောက်အောင်ပင် တန်ခိုးအာဏာပြန့်နှံ့သဖြင့် ရှေးနိပါတ်တော် စဉ်အလာတွင် ထင်ရှားသော မန္ဓာတ်စကြာစသော ဧကရာဇ်ဘုရင်မင်းမြတ်ကြီးတို့မှတစ်ပါး ခေတ်အားလျော်စွာဖြစ်သော ရာဇဝင်မှီသမျှတွင် **ရှေးဦးစွာဖြစ်သော ဧကရာဇ်ဘုရင်ကြီး** တစ်ပါးဖြစ်ကြောင်း ရှေးဟောင်း ရာဇဝင်ဆရာကြီးများ အလွန်ချီးမြှောက် ရေးသားကုန်၏။

ဤစန္ဒဂုတ္တမင်းကြီး ထီးနန်းစိုးစံသော ပါဋလိပုတ်မြို့တော်ကြီးသည်ကား မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မမူမီ ၄၄-ဝါတော်မြောက်မှ ထတော်မူကာ နောက်ဆုံး ပစ္ဆိမဒေသစာရီ ကြွချီတော်မူသောအခါ အဇာတသတ်သည် **သုနိဓ, ဝဿကာရအမတ်ကြီးများအား** စေလွှတ်၍ တည်ထားသောမြို့ကြီးဖြစ်သော်လည်း ဤမြို့တော်ကြီးကို မည်သို့တည်ထောင်သည်၊ မည်မျှ အပိုင်းအခြားရှိသည်၊ မည်ကဲ့သို့ ခမ်းနားကြီးကျယ်သည်-ဟု မဆိုစေကာမူ ဘုရားရှင်သည် "**ကြီးကျယ်ခမ်းနားသော မြို့တော်ကြီးဖြစ်လတ္တံ့**"ဟု ဗျာဒိတ်တော် ထားသည်နှင့်အညီ ခမ်းနားကြီးကျယ်သော မြို့တော်ကြီးဖြစ်သည်မှာ ယုံမှားမဲ့ မှတ်သားအပ်၏။

ဤမြို့တော်ကြီးကို ရှေးဟောင်းရာဇဝင် ဆရာကြီးများ ခန့်မှန်းရေးသားချက်အရ အဇာတသတ်မင်းလက်ထက်က အပြီးသို့မတိုင်ရောက်သည်ကို သားတော် ဥဒယဘဒ္ဒမင်းသည် ပြီးဆုံးအောင် ထပ်၍တည်ဆောက်ပြုလုပ်ကြောင်း ရေးကုန်၏။ သို့ရာတွင် ဤမြို့တော်ကြီး တည်ထောင်ဖန်ဆင်းစဉ်က အဇာတသတ်မင်းမှာ နန်းသက် ၇-နှစ်မျှသာရှိသေး၍ နန်းစံနှစ် ၁၅-နှစ်ကြွင်းကျန်သေးသဖြင့် ခေတ်အလျောက် ပြီးမြောက်အောင် တည်ထောင်ကာ ရာဇဂြိုဟ်မြို့တော်မှ ပါဋလိပုတ်မြို့တော်သို့ ပြောင်းရွှေ့သည့်အခါမှာလည်း ထပ်မံပြုပြင် စီရင်မည်ကား ယုံမှားမဲ့မှတ်အပ်၏။

အထူးအားဖြင့် ယောနကတိုင်းသား ဂရိတ်များ၏ မှတ်တမ်းအရ စန္ဒဂုတ္တဘုရင်မင်းမြတ် ထီးနန်းစိုက်ထူသော ဤပါဋလိပုတ်မြို့တော်ကြီး၏ **အလျားသည် ၄-ကောသခွဲခန့်ရှည်လျား၍ အနံကား ၁-ကောသခွဲခန့်** ကျယ်သည့်ပြင် ဂင်္ဂါမြစ်နှင့် ဟိရညဝတီ သို့မဟုတ် ရွှေအဆင်းသို့ ဝါဝင်းသော သဲသောင်ပြင်တို့ဖြင့် စီးဆင်းသောကြောင့် သုဝဏ္ဏမြစ် ယခု **ဆုန်မြစ်တို့** ပေါင်းဆုံရာအနီး၌ တည်ရှိ၍ ၃-ပယ်မျှကျယ်သော ကျုံးကြီးတို့ဖြင့် ဝန်းရံလျက်ရင်းမှာ **အနက်အားဖြင့် အတောင်-၃၀** ရှိသည့်အပြင် ခိုင်ခံ့ကြီးကျယ်သော မြို့တံတိုင်းကြီးမှာလည်း ရဲတိုက်ပြအိုးများ ၅၇၀ (ငါးရာခုနစ်ဆယ်)နှင့် တံခါးပေါင်း ၆၄-တို့ဖြင့်

တန်ဆာဆင်လျက်ရှိကြောင်း, အဝန်းမှာ ၁၂-ကောသကျော်ရှိ၍ ထိုအခါက လူဦးရေမှာ လေးသိန်းကျော်ရှိကြောင်း, ဤကဲ့သို့ ခိုင်ခံ့သော ဗိုလ်ပါအလုံးအရင်းနှင့် ခမ်းနားကြီးကျယ်သော မြို့တော်မှာ ထိုအခါက ဘယ်မှာမှမရှိသေးကြောင်း ရေးမှတ်ဖော်ပြကုန်၏။

၎င်းပြင် သီဟိုဠ်မှတ်တမ်းများ၌ ယောနကကိုင်းသားများ မဇ္ဈိမဒေသဘက်သို့ ချီတက်တိုက်ခိုက်ကြောင်း မဆိုသော်လည်း ၎င်းစန္ဒဂုတ္တမင်း အကြောင်းအရာနှင့် မောရိယနိုင်ငံတော် ပေါ်ထွန်းလာကြောင်းကား ဂရိတ်ရာဇဝင်များ၌ ထင်ရှားရှိကြောင်း ရေးသားကြသဖြင့် ၎င်းအကြောင်းအရာများသည် သာသနာတော်နှင့် မဆက်သွယ်သော်လည်း သာသနာတော်ပြန့်နှံ့ရာဒေသအဖြစ်ဖြင့် ရေသားရမည်ဖြစ်၍ ၎င်းယောနကတို့၏ အကြောင်းများကို ရေးသားရမည်ကား အခွင့်အားလျော်စွာ ဖြစ်ကုန်၏။

၎င်းယောနကတိုင်း ဂရိတ်ရာဇဝင်တွင် ထင်ရှားကျော်စောသော ဘုရင်မင်းကြီးကား အလိက္ကဇန္ဒာ ဘုရင်မင်းကြီးဖြစ်၍ ၎င်းသည် အနီးအနားဖြစ်သော ပါသိယ (ပါသျှား, ပသီ)နိုင်ငံတို့ကို ချီတက်အောင်မြင်သည့်အပြင် သာသနာတော်နှစ် ၁၅၀-ကျော်မှာ ဂန္ဓာရတိုင်း, ကမ္ဗောဇတိုင်းနယ်များကိုလည်း အောင်မြင်၍ သိန္ဓုမြစ်ကို ဖြတ်ကျော်ကာ ပဥ္စာပပန်ဂျာပ်နယ်သို့ ဝင်ရောက် ၎င်းမြစ်စဉ်တလျှောက် မြို့ရွာနယ်ပယ်များ လက်ရသိမ်းပိုက် အခြေစိုက်လျက် နေပြီဖြစ်သော်လည်း ၎င်းသိမ်းပိုက်ပြီး နိုင်ငံများ၏ အရေးသည် ရှုတ်ထွေးလာသဖြင့် သာသနာနှစ် ၁၅၅-လောက်မှာ ၎င်းမှဆုတ်ခွါ၍ အောင်မြင်ပြီး နယ်အသီးသီးတို့၌လည်း အအုပ်အချုပ် လက်အောက်ခံ ဘုရင်ခံခန့်ထားလျက် နောက်တစ်နှစ်မှာ အလိက္ကဇန္ဒာဘုရင်ကြီးသည် ကံတော်ကုန်ခဲ့လေ၏။

## ယောနက ဂရိတ်များနှင့် စန္ဒဂုတ္တ တွေ့ဆုံကြခြင်း

သို့ပင် အလိက္ကဇန္ဒာဘုရင်ကြီး ကွယ်လွန်စေကာမူ ခန့်အပ်ထားခဲ့သော လက်အောက်ခံ ဘုရင်ခံအသီးသီးရှိကြသေး၍ အနောက်မြောက်တိုင်းနယ်များဖြစ်သော ဥတ္တရပထတိုင်း မြို့နယ်တို့၌ ၎င်း၏အဆက်အနွယ်ဘုရင်များလည်း အသီးသီးအုပ်ချုပ်လျက် ရှိနေကြသေးသဖြင့် သာသနာနှစ် ၁၆၂-ခုနှစ်တွင် စန္ဒဂုတ္တမင်း ထီးနန်းစိုက်ထူ မဂဓတိုင်းကြီးကို အောင်မြတ်မူသောအခါ၌ပင် ၎င်း၏အနွယ်များဖြစ်သော ယောနကဘုရင်များ သိန္ဓုမြစ်အနောက်မြောက်နယ်ပယ်များ၌ ၎င်းတို့၏ အာဏာတန်ခိုးများ လွှမ်းမိုးကာ ရှိနေကြသေး၍-

သာသနာတော်နှစ် ၁၇၈-မှာ အလိက္ကဇန္ဒာဘုရင်ကြီး၏ အနွယ်ဖြစ်သော **သိရိယ ဆိရိယ** သို့မဟုတ် **ဆိုက်ရိယဘုရင် ဆိွလျူကော့**သည် ၎င်းနိုင်ငံ၏ အနီးအနားဖြစ်သော နိုင်ငံများကို အောင်မြင်သည့်အပြင် လွန်တော်မူသော ၎င်း၏အရှင် အလိက္ကဇန္ဒာဘုရင်ကြီး အောင်မြင် သိမ်းပိုက်ပြီး ဆုတ်ခွါခဲ့ရသော သိန္ဓုမြစ် တဖက်ကမ်းရှိ နယ်ပယ်များကို တဖန်အောင်မြင်ရန် စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့် ချီတက်ရန် မြစ်တစ်ဖက်သို့ ဖြတ်ကျော်လာရာ အတိုင်းမသိသော စစ်သည်ဗိုလ်ပါ အမြောက်အမြား ဆင်, မြင်း, ရထားတို့နှင့် ချီတက်လာသော စန္ဒဂုတ္တမင်းကြီးနှင့်တွေ့ဆုံဆိုင်ပြိုင်ရကာ အရေးမလှသဖြင့် ဆုတ်ခွါခဲ့ရသည့်အပြင် နယ်ကြီး ၄-နယ်ကို ပေးအပ်ပြီးလျှင် တုံ့ပြန်သောအားဖြင့် ဆင်-၅၀၀ ပေးအပ်လျက် စစ်ပြေငြိမ်းစာချုပ် ပြုလုပ်ရ၍ နောက်အခါ၌ သမီးတော်ကိုပင် ဆက်သကာ နိုင်ငံတော်ချင်း ဆက်သွယ်ပြီးလျှင် စန္ဒဂုတ္တမင်း၏ အထံတော်သို့ ဂန္ဓာရ တိုင်းကြီးကို ကြီးမှူးအုပ်ချုပ်ရသော အမတ်ကြီး **မေဂသေန မေဂထေန**ကို သံအမတ် အဖြစ်ဖြင့် ခစားစေကြောင်း ၎င်းယောနက ဂရိတ်မှတ်တမ်းများ၌ ရေးသားဖော်ပြသည့်ပြင် ၎င်းတို့ရာဇဝင်တွင်လည်း ထင်ရှား၏။

၎င်းစန္ဒဂုတ္တမင်းသည် ရာဇဝင်မှိုသမျှခေတ်တွင် တိုင်းနယ်အသီးသီးချဲ့ထွင် ဤဇမ္ဗူ ဒီပါကျွန်းကြီးအပြင်၌ ရှေးဦးစွာ ဧကရာဇ်ဘုရင်ပြုလုပ်ကြောင်း၊ ၎င်း၏တိုင်းနိုင်ငံသည် အနောက်မြောက် သိန္ဓုမြစ်ဝှမ်းနယ်ပယ်များနှင့် **ယောနက ကမ္ဗောဇ**တိုင်းများ အလုံးသိမ်း ကြုံးပါဝင်လျက် အနောက်ဘက်နယ် အမှတ်အသားမှာ **နမ္မဒါ** သို့မဟုတ် **နရ်မဒါ**မြစ်ဝှမ်းမှ ဟိမဝန္တာနယ်များအထိ အုပ်ချုပ်သိမ်းပိုက်ကြောင်း၊ ၎င်းဂရိတ်သံအမတ်ကြီး၏ မှတ်တမ်း၌ တင်လျက်ရှိသည့်အပြင် မြို့ပြအခြေအနေ ကြီးကျယ်ခမ်းနား စစ်သည်ဗိုလ်ပါ မြောက်မြား၍ နိုင်ငံတော်လည်း စည်ပင်ကြီးပွား ထွန်းကားတိုးတက်ကြောင်း ၎င်းမှတ်တမ်း၌ ထင်ရှားဖော်ပြ ရေးသားလျက်ရှိ၏။

သို့ရာတွင် ၎င်းစန္ဒဂုတ္တဘုရင်မင်းကြီးကား တိုင်းပြည်နိုင်ငံ အသီးသီးသိမ်းပိုက် အုပ်ချုပ်လျက် တစ်ဆူတည်းဟူသော ဘုရင်ဧကရာဇ်ကြီးဖြစ်ပါသော်လည်း ၎င်း၏လက် ထက်၌ သာသနာတော်မှာ ဘုရင့်ဘာသာမဟုတ်ဘဲ နောက်၌ရေးသားခဲ့သည့်အတိုင်း စာဏကျပုဏ္ဏားကြီးအား လေးစားသဖြင့် ဗြာဟ္မဏဘာသာကိုသာ ကိုးစား၍ ပုဏ္ဏားတို့ အားသာ ပေးကမ်းလှူဒါန်း ချီးမြှင့်မြှောက်စားစေကာမူ ၎င်း၏လက်ထက်၌ ဘာသာရေး ထက် နိုင်ငံအရေးသည် ကြီးလေးလျက်ရှိရကား ဘာသာတရားအထူးသဖြင့် အားထုတ် ကြောင်း ၎င်းရာဇဝင်၌ မထင်ရှားသည့်အပြင် ဗုဒ္ဓဘာသာတရားတော်ကိုလည်း ဖျက်ဆီး ကြောင်း သို့မဟုတ် အလေး(ဂရု)ပြုစုခြင်းလည်း မရှိကြောင်း မှတ်သားအပ်၏။

ထိုသို့မင်း၏ အချီးအမြှင့်မခံရ၍ မင်းဘာသာမဟုတ်သော်လည်း ဗုဒ္ဓနိုင်ငံတော်ကြီးမှာကား သာသနာတော်နှင့် သိက္ခာ ၃-ပါး အသက်ပမာထားလျက် လေးစားတော်မူကြကုန်သော မထေရ်ကြီးများသည် ဒုတိယသံဂါယနာမှ ဆင်းသက်တော်မူကာ နိုင်ငံအရေးမည်မျှ ရှုပ်ထွေး၍ ဘုရင်လည်း အားမပေးစေကာမူ အသားကြေ အရေခမ်းမျှ ကြိုးပမ်းအားထုတ်တော်မူကြသဖြင့် သာသနာတော်ကြီး ပွားစီးထွန်းကား အန္တယ်ဝံသ မပျက်ပြားဘဲ ထေရဝါဒ မထေရ်ကြီးများ၏ အဆုံးအမဖြင့် ဘုရားရှင်၏ အဆုံးမသာသနာတော်ကို လိုက်နာကြသော အရိယာမထေရ်ကြီးများ၏ အပေါင်းဖြစ်သော ဂိုဏ်းကြီးကား လောက၌ထင်ရှားစွာ တည်ရှိလျက်နေသေး၏။

ထိုကြောင့် ထိုဒုတိယသံဂါယနာတင် မထေရ်ကြီးများသည်လည်း-

၁။ အလဇ္ဇီဂိုဏ်းများ ကြီးပွားတိုးတက်ကာ သာသနာတော်ကြီးကို ဝင်ရောက်နှောင့်ယှက်လျက် ဂိုဏ်းအမျိုးမျိုးခွဲပြီးလျှင် ဖျက်ဆီးမည့်ဘေး၊

၂။ သာသနာမှအပဖြစ်သော ဗြာဟ္မဏဘာသာစသော အယူဝါဒများ ကြီးပွားလာမည်ဖြစ်သော အပြင်ပဘေး၊

၃။ တိုင်းရေး, ပြည်ရာ ရှုပ်ထွေးလျက် အမျိုးမျိုးဆင်းရဲဒုက္ခ တွေ့ကြုံကြမည်ဖြစ်သောဘေး-

စသော ဘေးရန်များကို အနာဂတံသဉာဏ်ဖြင့် ကြိုတင်သိမြင်ကြသည် အားလျော်စွာ နောက်အခါ၌ ဖြစ်ပျက်မည်ဖြစ်သော ဘေးရန်တို့ကို သုတ်သင်ရှင်းလင်း သာသနာတော်၏ တည်တံ့ခြင်းကို ပြုလုပ်အားထုတ်နိုင်မည်ဖြစ်သော တိဿဗြဟ္မာကြီးအား လူ့ပြည်သို့ ဆင်းသက် သာသနာပြုရန် တောင်းပန်ကြသဖြင့် ဝန်ခံကတိ ပဋိညာဏ် ရရှိသည့်အတိုင်း ၎င်းဗြဟ္မာကြီး လူ့ပြည်သို့ ဆင်းသက်သောအခါ သာသနာတော်ဝင်ရောက်အောင် အားထုတ်ရန်နှင့် သာသနာတော်သို့ ဝင်ရောက်သောအခါ မြတ်စွာဘုရား၏ ပိဋကတ်တော်များ သင်ကြားပေးရန် တာဝန်ထားလျက် ထိုအခါ ပိဋကတ္တယပါရဂူ ပဋိသမ္ဘိဒါပတ္တဂိုဏ်နှင့် ပြည့်စုံတော်မူကြသည့် သီတင်းငယ်ဖြစ်ကြသော အရှင်သိဂ္ဂဝမထေရ်နှင့် အရှင်စန္ဒဝဇ္ဇိမထေရ်တို့အား တာဝန်ထားလျက် လွှဲအပ်တော်မူခဲ့ကြလေသည်။

ထိုမထေရ် ၂-ပါးတို့သည်လည်း မထေရ်ကြီးများ လွှဲအပ်တာဝန်ထားရှိသော အရေးကိစ္စတို့ကို အလေးပြုလျက် အရှင်သိဂ္ဂဝမထေရ်သည်, မောဂ္ဂလာန် အနွယ်ဖြစ်သော ပုဏ္ဏေးမ၏ဝမ်း၌ တိဿဗြဟ္မာကြီး၏ ပဋိသန္ဓေနေခြင်းကို အစပြု၍ သာသနာတော်ဝင်လျက် သာမဏေပြုကာ သာသနာတော်မှ မဆုတ်မနစ် သောတာပန် ဖြစ်သည်တိုင်အောင်

စောင့်ရှောက်တော်မူလျက် **အရှင်စန္ဒဝဇ္ဇိမထေရ်မြတ်သည်လည်း** မြတ်စွာဘုရား ဟောကြားတော်မူသော ပိဋကတ်တို့ကို တတ်မြောက်စေ၍ အရဟတ္တဖိုလ်သို့ ရောက်သည်တိုင်အောင် စောင့်ရှောက်တော်မူကြပြီးလျှင် **အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်အား** သာသနာတော် သုတ်သင်ရှင်းလင်း ပြုစုတော်မူရန် တာဝန်ချထားကာ နိဗ္ဗာန်သို့ ကြွတော်မူကြကုန်၏။

ထိုမထေ်ရ် ၂-ပါးတို့တွင် သိဂ္ဂဝမထေရ်မြတ်မှာ ဥပါလိမထေရ်မှစ၍ ဆက်သွယ်သော အနွယ်တော်စဉ်ဆက် ရေတွက်သည်၌ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၏ **ဥပဇ္ဈာယ်မထေရ်ကို** ဆိုလိုသဖြင့် စန္ဒဝဇ္ဇိမထေရ်မှာကား အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်အား ပရိယတ္တိပိဋကတ်ဓမ္မက္ခန် ကျေပြွန်တတ်ကျွမ်းအောင် စောင့်ရှောက်တော်မူသော ဆရာအဖြစ်၌ မှတ်သားပြီးလျှင် မဇ္ဈိမတိုင်းနယ်များစွာတို့၌ ထိုမထေရ်တို့မှ ဆင်းသက်တော်မူကြသော အဆက်အနွယ်မထေရ်မြတ်တို့သည် သာသနာတော်တည်းဟူသော ဗုဒ္ဓနိုင်ငံတော်ကြီးကို တိုးတက်ထွန်းကားအောင် တည်ထောင်အား ထုတ်တော်မူလာခဲ့ကြကုန်၏။

✪ ✪ ✪ ✪ ✪

တိုင်းပြု, ပြည်ပြု, သာသနာပြု

ဒေဝါနံ ပီယဒသီ အသောက ဝဒ္ဓန ဓမ္မရာဇာဘွဲ့ထူးတံဆိပ် ခတ်နှိပ်အပ်သော

**အသောကမင်းတရားအကြောင်း**

မဂဓတိုင်းကြီး အလုံးနှင့်တကွ မဇ္ဈိမခရိုင် နိုင်ငံတော် ၁၆-တိုင်းတို့အပြင် ထက်ဝန်းကျင်ဖြစ်သော ပစ္စန္တဒေသတိုင်းနိုင်ငံ အသီးသီးတို့သည် လက်နက်နိုင်ငံအတွင်း သွတ်သွင်းသိမ်းရုံးကာ ဧကရာဇ ဘွဲ့ကြီးကို ခံယူပြီးလျှင် **စန္ဒဂုတ္တ**ဘုရင်မင်းမြတ်သည် မောရိယမင်းမျိုးများ၏ တန်ခိုးအာဏာ တည်ထွန်းစေလျက် ထီးနန်းအသက် ၂၄-နှစ်တိုင်အောင် အုပ်ချုပ်စိုးစံတော်မူပြီးနောက် မဟာမဏ္ဍလ နိုင်ငံတော်ကြီးအလုံးကို ၎င်း၏သားတော် ဗိန္ဒုသာရ **အမိတ္တဃာတ**မင်းမြတ် ဆက်ခံသိမ်းအုပ် မင်းပြုလုပ်တော်မူပြီးလျှင် နိုင်ငံတော်တောင်ဘက် ဒက္ခိဏာပထတိုင်းများသို့ ချဲ့ထွင်ကာ ခမည်းတော် စန္ဒဂုတ္တမင်းကြီး၏ အရိုက်အရာဖြစ်သော ထီးနန်းကို ဆက်ခံတော်မူ၍ ၂၅-နှစ်တိုင်အောင် စိုးစံလေ၏။

သို့ရာတွင် စန္ဒဂုတ္တမင်းကြီးနှင့် သားတော် ဗိန္ဒုသာရမင်းတို့သည်ကား တိုင်းပြည်နိုင်ငံတည်ထောင်ပြုစုမှုနှင့် တိုင်းပြည်နိုင်ငံတည်မြဲအောင် ကွပ်ကဲအုပ်ချုပ် အားထုတ်မှုပြုလုပ်ကြရ၍ စာဏကျဆရာပုဏ္ဏားကြီး၏ အစီအမံ အခန့်အခွဲခံရသဖြင့် ဗြာဟ္မဏဘာသာကို လေးစားကြသော်လည်း ရာဇဝင်များ၌ ၎င်းဘာသာကို မည်သို့ပြုစုကြောင်းနှင့် ဗြာဟ္မဏဘက် ကျွေးမွေးလှူဒါန်းသည်မှတစ်ပါး အခြားအကြောင်းအရာများ ထင်ရှားစွာ မလာသောကြောင့် ၎င်းတို့မှာ ဘာသာရေးထက် တိုင်းပြည်နိုင်ငံအရေးများသာ လေးစားပြုစု အားထုတ်မှုရှိကြ၍ ရာဇဝင်တွင် အနောက်နိုင်ငံများသို့တိုင်အောင်ပင် ပဋ္ဌမကျော်ကြား ထင်ရှားသော ဘုရင်မင်းများ ဖြစ်ကြကုန်၏။

ဤဗိန္ဒုသာရမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးသည် မောရိယပြည်မှ သာကိယအနွယ် ဓမ္မာအမည်ရှိသော မင်းသမီးကို ဆောင်ယူလျက် ဘိသိက်မြှောက်ခံတော်မူရသော မဟာဒေဝီဖြစ်ကြောင်း ၎င်းမိဖုရားကြီး၌-

၁။ ခြေ ၂-ဖက်တို့ဖြင့် နေ, လ တို့ကို နင်းလိုခြင်း၊

၂။ ကောင်းကင်၌ တိမ်ညွှန့်တို့ကို စားလိုခြင်း၊

၃။ ကောင်းကင်၌ ကြယ်တာရာတို့ကို စားလိုခြင်း၊

၄။ မြေအလုံးရှိ သစ်ညွှန့်တို့ကို စားလိုခြင်း၊

၅။ မြေအတွင်းရှိ တီသတ္တဝါတို့ကို စားလိုခြင်း-

တည်းဟူသော ၅-ပါးသော ချင်ခြင်းဖြစ်လျက် သန္ဓေတော်ရှိသဖြင့် ပညာရှိအများ စုဝေးကာ အကျိုး, အပြစ် စိစစ်မေးမြန်းတော်မူရာ ပိုင်းခြားစွာ မသိရ၍ ဓမ္မာမိဖုရား၏ဆရာ စရဏဇီဝကကို မေးမြန်းလျှင်-

၎င်းဆရာကြီးက မင်းကြီးအား "မိဖုရားကြီး၌ အဆင်း ၅-ဖြာ ကြန်အင်လက္ခဏာနှင့် ပြည့်စုံ၍ ဤဇမ္ဗူဒီပါ ကျွန်းကြီးအလုံး ဘုန်းတန်ခိုးလက်ရုံးတို့ဖြင့် ဖုံးအုပ်လွှမ်းမိုးခြင်းငှာ စွမ်းနိုင်သော ဘုန်းသမ္ဘာ ပညာကြီးမားသော သားကောင်းရတနာတစ်ပါး မြင်တော်မူမည့် နိမိတ်ဖြစ်ကြောင်း"ဟောပြသဖြင့် မိဖုရားကြီးနှင့်တကွ မင်းကြီးတို့မှာ လွန်စွာနှစ်သက်တော်မူလှ၍ ဆရာကြီးစရဏဇီဝကအား "ဟောကြားသည့်အကျိုးအတိုင်း ပြည့်စုံပါလျှင် ရွှေထမ်းစင်ဖြင့် ယူဆောင်ကာ ဆရာအတွက် ပူဇော်ပါမည်"ဟု ထိုက်သင့်သမျှ ပူဇော်ပြီးနောက် သန္ဓေတော်ရင့် အချိန်သင့်သောအခါ ဆရာကြီးဟောကြားသောအတိုင်း ကြန်အင်လက္ခဏာနှင့် ပြည့်စုံစွာသော သားတော်ရတနာတစ်ပါး ဖွားမြင်တော်မူ၍ အမည်တော်ပေးရန်အခါ သင့်က ပညာရှိများနှင့် တိုင်ပင်ဆွေးနွေးစည်းဝေးကာ အသောကမင်းသား-ဟု အမည်မှည့်တော်မူကြောင်း သိဟိုဠ်မှတ်တမ်းများ မဟာဝင်စသည်တို့၌ ခမ်းနားကြီးကျယ်စွာ မိန့်ဆိုရေးသား၏။

၎င်းပြင် နေပါလတိုင်းနိုင်ငံ၌ ရေးသားသော အသောကာဝဒါန မည်သော အသောကဘုရင်မင်းမြတ်၏ အတ္တုပ္ပတ်၌ ၎င်းဗိန္ဒုသာရမင်းကြီးမှာ သုသိမမည်သော သားတော်အကြီး ထွန်းကားတော်မူပြီးနောက် စမ္ပာမြို့တော်၌ ထိုအခါက ဥဒိစ္စအမျိုး ဖြစ်သော ပုဏ္ဏားကြီးတစ်ဦး၏ ပုဏ္ဏေးမဝယ် တင့်တယ်လှပ ကောင်းခြင်း ၅-ပါးနှင့် ပြည့်စုံသော သမီးရတနာတစ်ပါး ဖွားမြင်၏။

ပညာရှိတို့က "ဤသမီးကညာကား ဘုန်းသမ္ဘာနှင့် အာဏာတန်ခိုး လွှမ်းမိုးခြင်းငှာ စွမ်းနိုင်သော သားကောင်းသားမြတ်ရတနာ၏ မယ်တော်ဖြစ်လတ္တံ့"ဟု နိမိတ်ဖတ်ကြား ဟောပြသည့်အတိုင်း အမိနှင့်အဘ ပုဏ္ဏားကြီးတို့သည် ဤထိုက်တန်လှစွာသော သမီးရတနာကို ဗိန္ဒုသာရ ဘုရင်မင်းမြတ်အား လုပ်ကျွေးခစားစေရန် ဆက်သအပ်နှင်းလျှင် အခြားမိဖုရားတို့ မြင်ကြသောအခါ ၎င်း၏အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ ဂုဏ်အင်္ဂါ တို့နှင့် ပြည့်စုံခြင်းကို မနာလိုဝန်တို မစ္ဆေရရှိကြ၍ ဘုရင်မင်းမြတ် မြင်တော်မူမည်ကိုလည်း စိုးသဖြင့် ဘုရင်မင်းမြတ်အား "ဤသတို့သမီးကား အမျိုးဇာတ်အားဖြင့် ယုတ်ညံ့ဖျင်းသိမ် သော ဆတ္တာသည်မျိုးဖြစ်ကြောင်း" လျှောက်ထားကြကုန်၏။

ဤသို့ လျှောက်တင်ကြသဖြင့် ဗိန္ဒုသာရမင်းကြီးသည် ဤသတို့သမီးကား အသွင်အပြင် ကြန်အင်လက္ခဏာ အလွန်ထိုက်တန်ပါသော်လည်း အမျိုးဇာတ်က ၎င်း၏ ထိုက်တန်ခြင်းကို တားမြစ်နေသောကြောင့် သိမ်ဖျင်းလှ၍ ဆံတော်ရှင်း အလုပ်အကျွေး အရာမျှ ပေးအပ်တော်မူလေရာ မင်းကြီးအား, အခြားသောမောင်းမများ မတရားဖိနှိပ်ကာ သူ၏အမျိုးဇာတ် ဖုန်းကွယ်ဝှက်ထား အမျိုးအနွယ်မထင်ရှားစေဘဲ ယုတ်နိမ့်သော အမျိုးအနွယ်အားဖြင့်သာ ထင်မှတ်တော်မူစေကာမူ သူ၏နူးညံ့သိမ်မွေ့ ပြေပြစ်သော အမူအရာနှင့် သူ၏လှပတင့်တယ်သော အသွင်အလျာတို့သည်ကား မင်းကြီး၏ နှလုံးတော် တွင် သက်ဝင်မြတ်နိုးစေလျက် တစ်နေ့သ၌ မင်းတရားအပါးတော်မှာ အခြားသူ မရှိဘဲ တစ်ယောက်တည်း ဆံတော်ဖြေရှင်းရသဖြင့် မင်းကြီးက နှစ်သက်မြတ်နိုးသည် အားလျော်စွာ သင်အလိုရှိရာ ထိုက်တန်သောဆုတစ်ခုတောင်းရန် အမိန့်တော်ရှိလေလျှင်-

"အရှင်မင်းမြတ် မိဖုရားရတနာတစ်ပါးအဖြစ်ထား၍ ခစားလုပ်ကျွေးတော်မူပါရ စေချင်ကြောင်း" လျှောက်တင်က-

"သင်ကား အမျိုးဇာတ်အားဖြင့် မထိုက်တန်လှပေ၊ ထိုက်တန်လှသော ဆုတော် တစ်ခုကိုသာ တောင်းလေ"ဟု မိန့်တော်မူသောအခါ-

"အရှင်မင်းမြတ်၊ အမျိုးဇာတ်အားဖြင့် ဥဒိစ္စဗြာဟ္မဏမျိုးဖြစ်ပါသည်၊ အခြားမောင်းမ မိဖုရားများ အမျက်ထား၍ မတရားတင်လျှောက်သဖြင့်သာ ဆေတ္တာသည်အဖြစ် လုပ်ကျွေးရပါကြောင်း"-

အကြောင်းစုံ တင်လျှောက်ခွင့်ရသဖြင့် တင်လျှောက်မှ မင်းကြီး၏ ပင်ကိုယ်မြတ်နိုးတော်မူရင်း စိတ်ရှိတော်မူသည့်အတိုင်း မိဖုရားရတနာအဖြစ် မြှောက်စားတော်မူခြင်းခံရ၍ သူ၏အမည်ကိုလည်း သုဘဒ္ဒရံဂိဒေဝီ-ဟု ဘွဲ့ချီသတ်မှတ်တော်မူလေ၏။

ထိုမိဖုရားကလေးသည် ဗိန္ဓုသာရဘုရင်မင်းမြတ် ကြည်ဖြူမြတ်နိုးအပ်သောကြောင့် မိဖုရားကြီး အဆောင်အယောင်ဖြင့် မြှောက်စားတော်မူပြီး သားတော်တစ်ပါး ထွန်းကားတော်မူလျှင် ဆရာအရှင်ရသေ့ကြီး ပိင်္ဂလဝစ္ဆာဇီဝ သိတင်းသုံးရာ မင်္ဂလာဥယျာဉ်တော်သို့သွား၍ အမည်နာမ လျှောက်ထားကြသောအခါ အသောကအမည်ရှိသော ပန်းပင်အောက်၌ သိတင်းသုံးခိုက် လျှောက်ထားသဖြင့် စိုးရိမ်ခြင်းကင်းပျောက် အနက်အဓိပ္ပါယ်လည်း မင်္ဂလာရောက်၍ အသောက ဟူသောအမည်ကို မှည့်ခေါ်စေပြီးနောက် မကြာမီ သားတော်တစ်ပါး ထွန်းကားလာလျှင် သားတော်အကြီး၏ အနွယ်အစဉ်လိုက်၍ ဝိတသောက-ဟု မှည့်ခေါ်ကာ ဤသားရတနာ၂-ပါးကြောင့်လည်း ဘုရင်မင်းမြတ်၏ သာလွန်လေးမြတ်ခြင်း ခံယူရလေ၏။

ဤသို့ သားတော်၂-ပါး ထွန်းကားလေရာ သားတော်များ၏ နောက်အနာဂတ် အရေးနှင့်စပ်လျဉ်း၍ ထွန်းကားတိုးတက်ခြင်း မည်သို့ရှိမည်ကို သိတော်မူလှသဖြင့် ဆရာတော်ရသေ့ အရှင်ဝစ္ဆာဇီဝအား လျှောက်ထားလေလျှင် အသွင်သဏ္ဌာန်နှင့်တကွ သားတော်အကြီးကား ကြမ်းထန်းခက်ထန်လှသောကြောင့် ဘုရင်မင်းမြတ် နှစ်သက်တော်မူခြင်း မရှိသည်ကို သိ၍ အကြောင်းအရာ ဘာမျှမိန့်တော်မမူဘဲ တိတ်ဆိတ်သော အခါတစ်ပါး၌ သုဘဒ္ဒရံဂိမိဖုရားကိုသာ သားတော်၂-ပါးတို့တွင် သားတော်ကြီးအသောက ယည်သာ ဘိုးတော်, ဘေးတော်, ခမည်းတော်တို့၏ အရိုက်အရာ ထီးမွေနန်းရန် ခံစားထိုက်သော ဘုန်းသမ္ဘာဂုဏ်နှင့် ပြည့်စုံကြောင်း လျှို့ဝှက်စွာ ဟောကြားလျက် ၎င်းကို နှလုံး၌ သိုသိပ်ထားရန် မိန့်တော်မူလေ၏။

✪ ✪ ✪ ✪ ✪

## အသောကမင်းသားအား ဥဇ္ဇေနီမြို့စား ခန့်အပ်ခြင်း

ထို့ပြင်လည်း ရင်းမှတ်တမ်းအရ မင်းသား ၂-ပါးတို့မှာ ကောင်းမွန်စွာ အစဉ်သဖြင့် ကြီးပွား အရွယ်အားဖြင့် ပြည့်စုံသည့်အပြင် တတ်သင့်တတ်ထိုက်သော ပညာဂုဏ်တို့နှင့်လည်း လုံလောက်ကြသောအခါ ခမည်းတော်၏အမှုတော်များ ထမ်းရွက်ကြရန် မင်းညီမင်းသားတို့၏ အဆောင်အယောင်နှင့်တကွ အပ်နှင်းချီးမြှင့်တော်မူပြီး သားတော်များ အမှုတော်ထမ်းလျက်နေကြစဉ် တိုင်းပြည်နိုင်ငံတော်၏ အနောက်မြောက်ပိုင်းဖြစ်သော တက္ကသိုလ်မြို့တော်နှင့်တကွ ဂန္ဓာရ ကမ္ဗောဇတိုင်းနယ်များ၌ မငြိမ်မသက် သူပုန် သူကန်များ လှုပ်ရှားကြောင်း သိတော်မူသောအခါ-

ခမည်းတော်မင်းကြီးသည် အလွန်ကြီးမားသော ရန်သူ သူပုန်များနှင့် ရင်ဆိုင်ရမည်ကို သိတော်မူသော်လည်း စစ်မက်အင်္ဂါ စားနပ်ရိက္ခာ လက်နက်အင်အားများ လုံလောက်စွာ ပေးအပ်တော်မမူဘဲ သားတော်အကြီးကို နှစ်မြို့တော်မမူသည့်အတိုင်း ကြီးမားသော သူပုန်ရန်ကို သုတ်သင်ရန် စေလွှတ်တော်မူရာ ဘုန်းသမ္ဘာကြီးလှသော သားတော်ဖြစ်၍ စစ်သည်တော်အင်အားလည်း လိုသည်ထက်ပိုလျက် လက်နက်ရိက္ခာများလည်း အလိုအလျောက် မြေမှပေါ်ပေါက်လာသဖြင့် ရန်သူ သူပုန်တို့အား လွယ်ကူစွာ နှိမ်နင်းနိုင်ကြောင်း ခမည်းတော်မင်းကြီး ကြားတော်မူလျှင် အထူးပင် နှစ်လိုအားရ မြတ်နိုးတော်မူလှသဖြင့် တိုင်းတစ်ပါးနှင့် ဆက်သွယ်ရာ ဗဟိုဌာနလည်းဖြစ်၍ ကူးသန်းရောင်းဝယ်ရေးဌာန၌လည်း အလွန်အရေးကြီးလှသော ရှေးက တိုင်းကြီး, ပြည်ကြီး တစ်ဆူ တည်ထောင်လာခဲ့သော အဝန္တိတိုင်းနယ်ကြီးနှင့်တကွ ဥဇ္ဇေနီမြို့စား ခန့်အပ်ထားတော်မူလေ၏။

ဤဥဇ္ဇေနီမြို့ကား ပါဠိ, သကတ အားလုံးသောမှတ်တမ်းများ၌ တညီတညွတ်တည်း အသောကမင်းသားအား မြို့စားအဖြစ်ခန့်ထားကြောင်း လာသဖြင့် ဤမြို့တော်သည် ရှေးကလည်း မင်းနေပြည်မြို့တော်ဖြစ်သည်အားလျော်စွာ တိုင်းရေး, နိုင်ငံရေးအပြင် ဒက္ခိဏပထ, ဥတ္တရပထ တောင်ဘက်နိုင်ငံများနှင့် မြောက်ဘက်နိုင်ငံများ၏ နယ်ခြားဌာန ကူးသန်းရောင်းဝယ်ရေးအားဖြင့်လည်း အရေးကြီးသော မြို့ဖြစ်သည့်အတိုင်း ထီးနန်း၏ အညွန့်ဖြစ်သော ဘုန်းသတ္တိ ရဲရင့်ထက်မြက်လှသော ဤအသောကမင်းသားအား ခန့်ထားတော်မူသည်နှင့်အညီ ထိုဥဇ္ဇေနီမြို့တော်၌ပင် အဆောင်အယောင် အခမ်းအနားနှင့်တကွ မြို့စားဘုရင်ငယ်အဖြစ် နေထိုင်စဉ် ဝေဒိသကမြို့၌ အမျိုးမြတ်ဖြစ်သော မဟာဝင်အလိုအားဖြင့် သာကီဝင်ဖြစ်သော သူဌေးသမီးတစ်ဦးနှင့် အကြောင်းသင့်တင့်စွာ

စုလျားပတ်လျက် စုံဘက်တော်မူသဖြင့် သားတော်မဟိန္ဒမင်းသားနှင့် သမီးတော် သံဃမိတ္တာ နန်းညွန့်နန်းလျာ ၂-ပါး ဖွားမြင်တော်မူကာ များသောအားဖြင့် ဥဇ္ဇေနီမြို့တော်မှာပင် စိုးအုပ်နေထိုင်တော်မူလေ၏။

ထိုအတောအတွင်းမှာပင် အနောက်မြောက်နယ်ခြား တက္ကသိုလ်မြို့တော်နှင့် ဝန်းကျင်နယ်ပယ်များ၌ ရှေးကလိုပင် ဆူပူသောင်းကျန်းပြန်လျှင် သားတော်အကြီး သုမနအား ရန်သူသူပုန်များ ငြိမ်းအေးစေရန် လက်နက်အင်အား ဗိုလ်ပါမြောက်မြား- လှစွာနှင့် လွှတ်တော်မူသည့်အတိုင်း ရန်သူသူပုန်ကို ဖြိုဖျက်ပါသော်လည်း ၎င်းရန်သူ သူပုန်များတို့ တိုးပွားထကြွ အရေးတော်မလှကြောင်း ခမည်းတော်မင်းမြတ် ကြားသိတော် မူ၍ မင်းသားအား မြို့တော်သို့ ပြန်လည် ဆုတ်ခွါခဲ့ရန် အမိန့်တော်မြတ် သတ်မှတ်စေပို့စဉ် ဘုရင်မင်းမြတ်လည်း အသည်းအသန် မကျန်းမာတော်မူလာလျှင် ထိုအကြောင်းကိုပင် အသောကမင်းသား ကြားသိ၍ ချက်ချင်း တိုင်းတော်ပြည်တော်သို့ ချီတက်ကာ ခမည်းတော် မကျန်းမာသည်ကို ပြုစုလုပ်ကျွေးပါသော်လည်း အကျိုးမပြီးဘဲ ခမည်းတော်ဘုရား နတ်ထီးသို့ စံတော်မူသောအခါ များစွာသောမှူးမတ်တို့၏ သဘောတူညီချက်အရ ဤအသောကမင်းသားကိုပင် ထီးနန်းတင်သည်ကို သားတော်ကြီး သုမနမင်းသားနှင့်တကွ နောင်တော်အများ ကြားသိတော်မူကြ၍ ခမည်းတော်၏ အရိုက်အရာမှာ သားတော်ကြီး သာလျှင် ခံယူထိုက်ကြောင်း ဆုံးဖြတ်ကြလျက် စစ်မက်အင်အား အလုံးအရင်းကြီးမားစွာနှင့် ထီးမွေ, နန်းမွေလုရန် အပြင်းအထန် ချီတက်လာသော်လည်း မင်းသား၏ဘုန်းသမ္ဘာကို မယှဉ်နိုင်ကြသဖြင့် သုံ့ပန်းဖြစ်ကာ အားလုံး မင်းသား၏ လက်အောက်သို့ ရောက်ကြကုန်၏။

ထိုမှတပါး အသောကာဝဒါန အလိုအားဖြင့် အသောကမင်းသားသည် ဥဇ္ဇေနီပြည် ၌ ခမည်းတော် ခန့်အပ်တော်မူသည့်အတိုင်း စိုးအုပ်နေခိုက် နယ်ခြားသူပုန်များ ငြိမ်းအေး စေရန် သားတော်အကြီး သုသိမအား လက်နက်အင်အား ကြီးမားစွာနှင့် စေလွှတ်ပါသော် လည်း ရန်သူ သူပုန်တို့ကား လှုပ်ရှားဆိုးသွမ်းလျက်ပင်ရှိနေရာ ခမည်းတော် ဗိန္ဒုသာရ မင်းကြီးမှာလည်း သည်းထန်စွာ မကျန်းမာတော်မူကြောင်း ဥဇ္ဇေနီမြို့စား အသောက မင်းသား ကြားသိတော်မူလျှင် အဆောတလျင် ချီတက်ကာ မြို့တော်သို့ မကြာမီ ရောက်ပြီး- နောက် ခမည်းတော် မျက်မှောက်၌ ခစားလုပ်ကျွေးပြုစုခိုက်ပင် ခမည်းတော် မင်းတရား- ထံပါး၌ ခစားနေထိုင်ကြသော အမတ်-၅၀၀ တို့လည်း သားတော်အကြီး သုသိမအား ထီးနန်းဆက်ခံစေရန် မလိုလားကြသည့်အတိုင်း ဘုရင်မင်းလည်း နတ်ထီးသို့ ပြောင်းသွားရာ အထူးအံ့သြဖွယ်ရာ ဖြစ်ပွားသည်ကား နတ်များအပေါင်းတို့သည် အသောကမင်းသား၏ ဦးခေါင်းထက်တွင် ရတနာအပေါင်းတို့ဖြင့် စီချယ်သော မကိုဋ်သရဖူ ယူဆောင်လာ၍

တင်ကြသည်တို့ကို အားလုံးသော အမတ်အပေါင်းတို့ နှစ်ထောင်းအားရ အထူးဝမ်းမြောက်ကြကုန်၏။

သို့ရာတွင် ဘုရင်မင်းတရားကြီး သက်တော်ရှိစဉ်က လိုလားတောင့်တသည်ကား သားတော်အကြီး ထီးမွေနန်းရန် ခံစားထိုက်သည်ဟု ယူဆတော်မူ၍ ထီးနန်းကို ရဖို့ရန်, တက္ကသိုလ်ပြည်နယ် ပုန်ကန်သောင်းကျန်းခြင်းကို နှိမ်နင်းရန် အသောကမင်းသားအား လွှတ်လိုငြားသော်လည်း ဝတ္တရားရှိသည့်အတိုင်း ဤအကြိမ်မှာ တာဝန်ကျသည်အားလျော်စွာ ချီတက်သွားခိုက် 'ခမည်းတော်၏ အရိုက်အရာကို လုယူသည်'ဟု သားတော်ကြီးသည် အမျက်ဒေါသ ခြောင်းခြောင်းထလျက် စစ်မက်အလုံးအရင်းနှင့်တကွ ပါဋလိပုတ် နေပြည်တော်သို့ တဲ့ပြန်လာ၍ ထိုက်သင့်သောထီးနန်းကို သိမ်းယူရန် ကြိုးစားအားထုတ်သော်လည်း ရာဓာဂုတ္တစသော အမတ်အများနှင့်တကွ ပြည်တွင်းက ဗိုလ်ပါအလုံအလောက် ခွေးကောက်ပြီးလျှင် ကြံ့ကြံ့ခိုင်ခိုင် ခုခံသည့်ပြင် မြို့စောင့်ဘီလူးကြီးတစ်ဦးလည်း အသောကမင်းသားအား ခစားလာသဖြင့် ၎င်းအား တံခါးမှ စောင့်နေစေကာဝင်လာသော သုသိမကို ကျုံးထဲသို့ ပစ်ချပျက်စီးစေကြောင်း၊ ထိုအခါ စစ်သည်ဗိုလ်ပါများလည်း ကစင့်ကလျား ပျက်ပြားကြကြောင်း၊ သို့ဖြစ်၍ အသောကမင်းသားမှာ အလွယ်တကူနှင့် ထီးနန်းကို သိမ်းယူရကြောင်း ရေးသားကာ မှတ်တမ်းတင်ကြကုန်၏။

ထိုသို့ မှတ်တမ်းများ၌ အနည်းငယ် ချွတ်ယွင်းတိမ်းပါး အမှတ်အသား ကွဲလွဲကြသော်လည်း ရာဇဝင်ဆိုသည်မှာ တရားဓမ္မကဲ့သို့ မုချအမှန်အကန် အတိအကျ မဟုတ်ဘဲတင်စားတတ်ကြသည့်အတိုင်း သားတော်အကြီး သုသိမ သို့မဟုတ် သုမန-ဟု အမည်နာမကွဲပြားခြင်းနှင့် အကြောင်းခြင်းရာ အနည်းငယ် ခြားနားခြင်းတို့ကို မယူဆ မရေတွက်မူ၍အမှန်လိုအပ်သောအကြောင်းကား အသောကမင်းသားသည် ဘုန်းသမ္ဘာကြီးမားသည့်ပြင် ကြံရည် ဖန်ရည် နှလုံးရည်လည်း ပြည့်စုံလှသဖြင့် ထမ်းရွက်သော အမှုတော်လည်း ထင်ရှားကျော်ကြားသောကြောင့် အကြီးဖြစ်သော သားတော်များနှင့် မင်းသားငယ်အပေါင်းတို့ကို လွှမ်းမိုးကာ ထီးနန်းအရိုက်အရာ သိမ်းပိုက်တော်မူကြောင်း၊ ခမည်းတော်မင်းတရားသည် သားတော်အကြီး သုသိမအား ထီးနန်းကို လွှဲအပ်လိုငြားသော်လည်း အသောကမင်းသား၏ ဘုန်းကံကြောင့် အလိုလို ထီးနန်းစည်းစိမ် ခြံရံသင်းပင်းတို့သည်လည်း နတ်တို့ဖန်ဆင်းသကဲ့သို့ လက်တွင်းသို့ ရောက်ရှိကာ အမတ်ပုရောဟိတ်အပေါင်းတို့သည်လည်း မင်းသားအား အထူးလိုလားကြသည့်အတွက် တိုင်းရေးပြည်ရာ အဖြာဖြာတို့သည်လည်း အညီအညွတ် စီမံခန့်ခွဲလျက် အေးချမ်းငြိမ်သက်စွာ ဆူပွေ့ငြောင့်မရှိ အုပ်ချုပ်စီရင်တော်မူနိုင်ကြောင်း၊ ဘုန်းကံကြီးမား ဗျာဒိတ်ထားအပ်သော မင်းဖြစ်သည့်အတိုင်း တိုင်းပြု ပြည်ပြု

သာသနာပြု အရာတို့၌ ကမ္ဘာ့ရာဇဝင်တွင် ရှေးဦးစွာ မှတ်တမ်းတင်ထိုက်သော ဘုရင် မင်းတစ်ပါးဖြစ်ကြောင်း၊ သာသနာဝင်တွင်လည်း အထင်ရှားဆုံးဖြစ်သော သံဂါယနာ တင်ခြင်းနှင့် တိုင်းပြည်နိုင်ငံတော်အလုံး တရားလိုက်နာ၍ အေးချမ်းသာယာ ငြိမ်သက်စွာ ရှိစေရန် အမိန့်တော်ကျောက်စာ, တရားဓမ္မကျောက်စာတို့ကိုလည်း နိုင်ငံတော်အနှံ့အပြား စိုက်ထူထားသဖြင့် ကမ္ဘာကြီးတစ်ဝှမ်းလုံး ကျော်ကြားစေကြောင်း စသည်ဖြင့် မှန်ကန်သော အတ္ထုပ္ပတ္တိ အဖြစ်အပျက် အကြောင်းအရာတို့ကိုသာ လေးစားယုံကြည်အပ်ကုန်၏။

အသောကမင်းတရားသည် တိုင်းနိုင်ငံကြီးများ၏ တည်ထွန်းရာ အလယ်ပိုင်းဌာန မဇ္ဈိမခရိုင်အလုံးနှင့်တကွ အစွန်အနား ပစ္စန္တတိုင်းနယ်များပါ ဇမ္ဗူဒီပါကျွန်းကြီးကို စိုးမိုးအုပ်ချုပ် မင်းပြုလုပ်တော်မူ၍ ထီးနန်းအရိုက်အရာ ခံယူရပါသော်လည်း တိုင်းပြည်အရေးအရာ သာယာစည်ပင်စေရန် နိုင်ငံတော်ပြုစုအားထုတ်ခြင်း, ပိပြားသေဝပ် နယ်အရပ်ရပ်တို့၌ ကွပ်ကဲ အုပ်ချုပ်သူကိုယ်စား ဘုရင်ငယ်များ ခန့်ထားခြင်း, တိုင်းကြီး ပြည်ကြီးတို့၏ ဖွယ်ရာ အမျိုးမျိုးသော အင်္ဂါတို့နှင့် ပြည့်စုံစေရန် စီမံတော်မူရခြင်း-စသော မင်းမှု, စိုးမှု တိုင်းပြည်မှုတို့ ကြောင့် ခမည်းတော်မင်းမြတ် နတ်ရွာစံတော်မူပြီး ထီးနန်းဆက်ခံတော်မူသော နှစ်မှ ၄-နှစ်အကြာ အဆောင်အယောင် အခမ်းအနားကြီးမြတ်စွာနှင့် ရာဇာဘိသေက မင်္ဂလာသဘင် တော်ကြီးကို စီရင်တော်မမူသေးဘဲ နေတော်မူခဲ့လေ၏။

ဤသို့တိုင်းကြီး ပြည်ကြီး အသီးသီးတို့၌ ခန့်အပ်သော လက်အောက်ခံဘုရင်ပေါင်း များစွာတို့နှင့်တကွ ၎င်းတို့၏နောက်လိုက် နောက်ပါမရေတွက်နိုင်သော ဗိုလ်ပါအစုံအညီ တို့ဖြင့် အလွန်ကြီးကျယ်ခမ်းနားသော ရာဇာဘိသေက မင်္ဂလာသဘင်တော်ကြီးကို ၄-နှစ် လွန်မြောက်သောအခါမှ အတိုင်းတိုင်း အပြည်ပြည် နိုင်ငံအရပ်ရပ်တို့သို့ ပျံ့နှံ့ကျော်ကြား စေလျက် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှ ၂၁၈-နှစ်မြောက် ရောက်သောနှစ်၌ ဆင်ယင်ကျင်းပကုန်၏။

ဤသို့ အသောကမင်းတရားကြီးသည် အဘိသေက မင်္ဂလာခမ်းနားကြီးကျယ်စွာ ခံယူတော်မူပြီးလျှင် တိုင်းကြီး, ပြည်ကြီး ထီးနန်းအသရေနှင့်တကွ လက်ဆောင်ပဏ္ဏာတော် ဆက်သရသော တိုင်းပြည်အဝဝတို့မှာ အေးချမ်းစွာဖြင့် ဆူပြောင့်မရှိ ပကတိစည်းစိမ် ချမ်းသာနှင့်နေရသော်လည်း ဘာသာဝါဒ၌ကား မိမိခမည်းတော်, ဘိုးတော်တို့ ပြုစုခဲ့သော ခြောက်သောင်းသော ဗြာဟ္မဏဘတ်ကို ဆက်လက်ကျွေးမွေး လှူဒါန်းခြင်းမှတစ်ပါး တခြား အထူးတလည် ကြံစည်တော်မူခြင်းမရှိဘဲ မဟာဝင်စသည်တို့ အလိုအားဖြင့် ၄-နှစ် သို့တိုင်ရောက်သော်-

တစ်နေ့သောအခါ နောင်တော်ကြီး သုမနမင်းသား၏ မိဖုရားမှာ အရေးမလှသဖြင့် မထင်ရှားသော အသွင်ဖြင့် ထွက်သွားနေခိုက် ပညောင်ပင်အောက်မှာ ဖွားမြင်၍ နိဂြောဓ

မည်သော ၇-နှစ်အရွယ်ရှိ သာမဏေကလေးသည် အရွယ်ပင်ငယ်လျက် တည်ကြည် ငြိမ်သက်သော ဣန္ဒြေနှင့်နန်းတော်မှ မနီးမဝေးကြွသွားသည်ကို မင်းကြီးမြင်တော်မူက အဆောတလျှင်ပင့်စေ၍ ရောက်သောအခါ သင့်လျော်စွာထိုင်ရန် လျှောက်ထားလျှင် ရာဇပလ္လင်ပေါ်တက် ငြိမ်သက်စွာနေသည်ကို သာလွန်ကြည်ညို၍ တရားဟောရန် တောင်းပန်ရာ အပ္ပမာဒ တရားဟောကြားသဖြင့် အတိုင်းထက်အလွန် ကြည်ညိုကာ ရှေးကပြုလာခဲ့သော ဗြာဟ္မဏဘတ် အားလုံးကိုဖြတ်လျက် သာသနာတော် ကြည်ညို လေးစား ပုဏ္ဏားတို့အစား ရဟန်းတို့အား လှူဒါန်းထောက်ပံ့ကာ သာသနာ့ဒါယကာ ဘုရင်မင်းတရားအဖြစ်သို့ ရောက်တော်မူ၍ ထိုအခါမှပင် သာသနာတော်ကြီးမှာ မင်းဘာသာသို့ ကူးပြောင်းလျက် **နိုင်ငံတော်ဘာသာကြီး** ဖြစ်လာခဲ့လေသည်။

အချို့မှတ်တမ်းများ၌ အသောကမင်းတရားကား ဗုဒ္ဓဘာသာတည်းဟူသော နူးညံ့ သိမ်မွေ့သော တရားတော်နှင့်မတွေ့မီ အလွန်ကြမ်းကြုတ်လှ၍ ၎င်းတို့ပြောကြသည်ကား မောင်းမ-၅၀၀ တို့သည် မင်းကြီးအား ပြောင်လှောင်သော သဘောအားဖြင့် အသောကပန်း ပင်ကို ချိုးဖဲ့၍ အပွင့်များကို မင်းကြီးအား ဆက်သလေလျှင် "မထေရ်မဲ့မြင် ပြုရမည်လား"ဟု မောင်းမ-၅၀၀ တို့အား ကိုယ်တိုင်တော်ပင် ဓားဖြင့်ကွပ်မျက်တော်မူကြောင်း, ထို့အတူ အမတ်-၅၀၀ တို့အားလည်း ၎င်းအား မနှစ်သက်သောကြောင့် ကိုယ်တိုင်စီရင်တော်မူ ကြောင်း၊ ထိုအခါမှစ၍ **စဏ္ဍာသောကမင်း**-ဟု ခေါ်ဝေါ်ကြကြောင်း။

၎င်းပြင် ဒွတ္တိံသကမ္မကရဏ ၃၂-ပါးသော ကြမ္မာအမျိုးမျိုးတို့ဖြင့် ငရဲကြီးအလား စီရင်ထားသော ထောင်ကြီး ကြီးကျယ်စွာဆောက်လုပ်လျက် အလွန်ကြမ်းကြုတ် ရက်စက်သော စဏ္ဍဂိရိအမည်ရှိသော ထောင်မှူးကြီးကို အပိုင်စားခန့်ထားကာ တစ်နေ့ သောအခါ **သမုဒ္ဒဂုတ္တမထေရ်**သည် စက္ခုန္ဒြေစောင့်စည်းကာ ကြွလာလျှင် ထိုထောင်ကြီး အတွင်းသို့ ရောက်သွား၍ ရက်စက်ကြမ်းကြုတ်သော ထိုထောင်မှူးကြီးကား မထေရ်မြတ် အားဖမ်းယူပြီးလျှင် ထိုမထေရ်တောင်းပန်ခြင်းကြောင့် ၇-ရက်မျှ ခွင့်ပြုပြီးနောက် ရောက်မည်ဖြစ်သော ဘေးကို ဆင်ခြင်ကာ ဝိပဿနာပွားများလျက် ၎င်းရက်အတွင်း ရဟန္တာအဖြစ်သို့ ရောက်တော်မူ၍ ၇-ရက်မြောက်၌ ထောင်ပိုင်ကြီးအလိုရှိတိုင်း စီရင်စေရာ လောဟကုမ္ဘီ ငရဲအိုးကြီးထဲသို့ မထေရ်အား ပြစ်ချလိုက်လျှင် ၎င်းအတွင်းမှ လှည်းဘီး ပမာဏရှိ ကြာပန်းကြီး ပေါ်ထွက်လာလျက် ၎င်းအထက်၌ မထေရ်မြတ် ထက်ဝယ်ဖွဲ့ခွေ နေတော်မူသည်ကို မြင်ရလျှင် အထူးပင်အံ့ဩ၍ မဖြစ်စဖူး အထူးဖြစ်သည်ကို မင်းကြီးအား အမြန်သွား၍ သံတော်ဦးတင်ရာ မှူးမတ်ပိုလ်ပါခြံရံကာဖြင့် ထွက်တော်မူလာ၍ မထေရ်အား ဖူးမျှော်တော်မူကြောင်း၊ ထိုအခါ မထေရ်မြတ်သည် ပရိသတ်နှင့်တကွ မင်းမြတ်အား

တရားဟောကြားတော်မူရာ အကျွတ်တရားရ၍ အနှစ်သာရ၌ တည်သဖြင့် စီရင်ထားသော ထောင်ကြီးကိုလည်း ဖျက်ဆီးစေကာ ဖမ်းထားသော သူများစွာကိုလည်း လွှတ်တော်မူလျက် ထိုအခါမှစ၍ သာသနာတော် သက်ဝင်ယုံကြည်ကာ တရားနှင့်ညီစွာအုပ်ချုပ် မင်းပြု လုပ်တော်မူသောကြောင့် ဓမ္မသောက-ဟူသော အမည်ကို ခံယူတော်မူကြောင်း ရေးသား ကုန်၏။

ထိုသို့အမှတ်အသား ကွဲပြားကြ၍ မင်းတရား၏ အကြောင်းအရာ တန်ဆာဆင် လျက် မှတ်တမ်းတင်ကြသော်လည်း အမှန်အားဖြင့် မှတ်သားအပ်သည်ကား အချို့မှတ်တမ်း အရ အသောကဝဒ္ဓနမင်းတရားကြီးသည် ဇမ္ဗူဒီပါကျွန်းကြီးအလုံးမျှ နိုင်ငံအသီးသီးမှ ပဏ္ဏာတော်ဆက်သခြင်း ခံယူတော်မူကာ ထူးကဲမွန်မြတ်စွာသော ရာဇာဘိသေက မင်္ဂလာ သွန်းဖြန်းတော်မူပြီးနောက် တရားသဘော တွေးတောစဉ်းစားတော်မူလျက် ခမည်းတော်, ဘိုးတော်မင်းတရားတို့ တန်ခိုးအာဏာ ချဲ့ထွင်စီရင် အုပ်ချုပ်ခွဲခန့်တော်မူခဲ့ကြသော တိုင်းနိုင်ငံများကို တစ်သားတည်း ညီညွတ်စွာ စီရင်အုပ်ချုပ်တော်မူသဖြင့် မောရိယမင်းမျိုး တို့၏ အဆက်အနွယ်နှင့် မဂဓတိုင်း ရာဇဝင်တွင် ကမ္ဘာ့ရာဇဝင်များ စံနမူနာထား လောက်အောင် တိုးတက်ကျော်ကြားသည့်အပြင် မည်သည့်ကမ္ဘာ့ရာဇဝင်ဆရာမှ ချန်ထား၍ မဖြစ်နိုင်သော ရာဇဝင်စံပြဖြစ်၍ ကမ္ဘာရှိလူမျိုး အသီးသီးတို့က အထူးအစွန်းအကွက်မထင် အလွန်သန့်စင်သော အကြောင်းအရာများဖြင့် ရေးသားချီးမွမ်းကြကုန်၏။

ထိုမှတပါးလည်း တိုင်းသူပြည်သား နိုင်ငံအများတို့၏ အကျိုးငှာ ကူးသန်းသွားလာ နိုင်ရန် မဇ္ဈိမဒေသတိုင်းငယ်များနှင့် အစွန်အနား တိုင်းနယ်များတို့သို့ လမ်းပန်းအဆက် အသွယ် လွယ်ကူစေခြင်းငှာ မင်းလမ်းမကြီး ဖေါက်လုပ်စေတော်မူသည့်အပြင် ထိုလမ်းမကြီး တစ်လျှောက်၌လည်း စားကောင်း သောက်ဖွယ် အမျိုးမျိုးသော သစ်သီး, ပန်းမန်များနှင့် တကွ လူနှင့် တိရစ္ဆာန်တို့၏အဖို့ ဆေးဝါး, အသုံးဝင်သော ဆေးပင်အမျိုးမျိုး, တည်းခိုနား နေရာ အရိပ်အာဝါသများ ဆောက်လုပ်တည်ထားပြီးလျှင် ကမ္ပည်းကျောက်စာ အမိန့် တော်များ ထွင်းထုထားလျက် နိုင်ငံသူလူအများတို့ကို သိစေကြောင်း---

## ဒုတိယ အမိန့်တော် ကျောက်စာ၌-

သဗတ ဝိဇိတသိ ဒေဝါနံ ပိယသ ပိယဒသိနေ ရာဇိနေ ဧဝမပိ ယေ စ အန္တာ
အထာ စောဠာ ပံဍိယာ သာတိယ ပုတော ကေရလပုတော တံဗပံနိ အံတိယောဂေ
နာမ ယောနရာဇာ ယေ စာ အညေ တသ အံတိယောကသ သာမံတရာဇာနော
သဗတ ဒေဝါနံ ပိယသ ပိယဒသိနေ ရာဇိနေ ဒုဝေ စိကီသာ ကတာ မနုသ စိကိ

**သာ စ ပသု စိကိသာ စ ဩသဓာနိ စ ယာနိ မနုသောပဂါနိ စ ပသောပဂါနိ စ အတတ နထိ သဗတ ဟာရာပိတာနိ စ ရောပါပိတာနိ စ ဓဝမေဝ မူလာနိ ဖလာနိ စ အတတ နထိ သဗတာ ဟာရာပိတာနိ စ ရောပါပိတာနိ စ မဂေသု ရုခါနိ ကုပါနိ စ ရောပါပိတာနိ ခါနာပိတာနိ ဥဒုပါနာနိ ရုခါနိ ခါနာပိတာနိ ပရိဘောဂါယ ပသု မနုသာနံ။ ။**

နိုင်ငံတော်အလုံး၌ ဒေဝါနံ ပိယဒသ ပိယဒသီ ဘုရင်မင်းတရားကြီးသည် ဤသို့ တိုင်းပြည်နယ်ခြား နိုင်ငံခြား၊ ထို့မှတပါး စောဋတိုင်း, ပံဍျတိုင်း, သာတိယပြည်နယ်, ကေရလ ပြည်နယ်, တံပပါနိတိုင်အောင်သော ပြည်နယ်များ, အံတိယောကမည်သော ယောနကဘုရင် နှင့် တပါးသော အံတိယောက၏ အနီးအနား တိုင်းပြည်များ၌နေကြသော ဘုရင်များ၏ တိုင်းနိုင်ငံအလုံး၌ ဒေဝါနံ ပိယသ ပိယဒသီ မင်းတရားကြီးသည် လူများ၏ ဆေးကုဌာနနှင့် သားများ၏ ဆေးကုဌာန ပြုလုပ်စေတော်မူသည်။ လူများ၏ အကျိုးကျေးဇူး, သားများ၏ အကျိုးကျေးဇူးများသော ဆေးဝါးများ ထိုထိုအရပ်၌ မရှိသည်ကို ထိုအားလုံးသော အရပ်တို့ မှ ဆောင်ယူစေအပ်ကုန်၏။ ဤအတူ အမြစ်နှင့် အသီးများကိုလည်း ထိုထိုအရပ်၌ မရှိသည် ကို အရပ်အားလုံးမှ ဆောင်ယူတည်ထားတော်မူသည်။ ၎င်းဆေးပင်, သီးပင်တို့ကိုလည်း စိုက်ပျိုးစေတော်မူသည်။ လမ်းခရီးတို့၌ သစ်ပင်တို့နှင့် ရေတွင်း, ရေကန်, ရေချမ်းများ ကိုလည်း စိုက်ပျိုးထူထောင် တည်စေတော်မူသည်။ ထိုရေတွင်း, ရေကန်များ, သစ်ပင်များ သည် လူများနှင့်သားများ သုံးဆောင်စေရန် ဖြစ်သည်။

ဤသို့ စသည်ဖြင့် ကမ္ဗည်းကျောက်စာထိုးတော်မူ၍ အမိန့်တော်မြွတ် သတ်မှတ် တော်မူသည်။

ဤကျောက်စာအရ တရားဖြင့်လည်း အသောကဘုရင်မင်းတရားကြီး၏ ဘွဲ့တံဆိပ် နာမည်တော်မှာ ဒေဝါနံ ပိယသ ပိယဒသီ-ဒေဝါနံ ပိယဒသီရာဇာ-ဟူသော အမည်ကို ခံယူတော်မူ၍ မဇ္ဈိမတိုက်အလုံးနှင့် အစွန်ကျသော အန္တရဒေသနယ်ခြား ဌာနနိုင်ငံများဖြစ် သော ယောနက, ကမ္ဗောဇတိုင်းများနှင့် ၎င်း၏အနီးအနား တိုင်းနိုင်ငံများဖြစ်သော ယခု ခေတ် ဝေါဟာရအားဖြင့် ဥရောပအရှေ့စွန်း, အာဖရိကမြောက်စွန်း တိုင်းနယ်များအပြင် အာရှအလယ်ပိုင်း တိုင်းနယ်များသို့ ထိအောင် အာဏာတန်ခိုး လွှမ်းမိုးတော်မူကြောင်း၊ ထို့မှတပါး စောဋတိုင်း, ပံဍျတိုင်း, သာတိယပြည်နယ်, ကေရလပြည်နယ်များဟု ဆိုအပ်သော အနောက်ဘက်သမုဒ္ဒရာကမ်းခြေ နိုင်ငံများဖြစ်သော ကိုလာမဗူရာ မြို့နယ်များနှင့် ကံဂျီဝရမ် ကဍ္ဍိပူရ အနီးအနားရှိနယ်များ, မလဗာကမ်းခြေ တိုင်းနိုင်ငံများ, တံပပါနိ, သီဟဠဒီပ,

သီဟိုဠ်ကျွန်းသို့တိုင်အောင် တောင်ဘက်တိုင်းနိုင်ငံများသို့ လမ်းပန်းအဆက်အသွယ်ရေတွင်း, ရေကန် ဥယျာဉ်ပန်းမာလ်များ စိုက်ပျိုးပြုစုတော်မူစေကြောင်း ဖော်ပြသဖြင့် တောင်ပိုင်းနိုင်ငံများသို့လည်း တန်ခိုးအာဏာပျံ့နှံ့ လွှမ်းမိုးကြောင်း၊ အသောကမင်းတရားသည် ၎င်းတိုင်းနိုင်ငံများ၌လည်း လမ်းပန်းအဆက်အသွယ်နှင့် ဆေးပင်, ဝါးပင်, လူ, တိရစ္ဆာန်တို့အတွက် အသုံးဝင် အကျိုးများသော သစ်ပင်များ စိုက်ပျိုးပြုစုတော်မူကြောင်း၊ သို့ရာတွင် ဤတိုင်း နိုင်ငံများမှာ မင်းတရားကြီးလက်ထက် အောင်မြင်သိမ်းပိုက်တော်မူသော နိုင်ငံများမဟုတ်ဘဲ ဘိုးတော်စန္ဒဂုတ္တမင်းကြီး လက်ထက်တော်၌ သိမ်းပိုက်၍ လက်နက်နိုင်ငံပြုလုပ်တည်ထောင်ခဲ့သော တိုင်းနယ်များသာ များသောအားဖြင့်ဖြစ်ကြောင်း၊ ၎င်းမင်းတရား၏ အကြောင်းအတ္ထုပ္ပတ္တိ အမြွက်မျှ နောက်ကရေးသားခဲ့ပြီးဖြစ်သည့်အတိုင်း ဘိုးတော်စန္ဒဂုတ္တမင်းသည် အနောက်မြောက် အစွန်ကျသော တိုင်းနယ်တို့မှ ဝင်ရောက်ချင်းနင်းလာသော ယောနကတိုင်းသား ဂရိတ်များကို နှင်ထုတ်လျက် ၎င်းတို့ တိုင်းနယ်များသို့ ထိအောင် နိုင်ငံတော်ချဲ့ထွင် သတ်မှတ်တော်မူခဲ့ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## အသောကမင်းတရား၏ စစ်တပ်တော်အင်အား

၎င်းပြင် အသောကမင်းကြီးသည် သာသနာတော်သက်ဝင်ယုံကြည်တော်မူပြီးသည့်နောက် နှလုံးတော်လည်း နူးညံ့သိမ်မွေ့ သုစရိုက်၌သာ လေ့ကျင့်တော်မူကြောင်း မဟာဝင်စသော မှတ်တမ်းအများနှင့် ကျောက်စာများ၌ ထင်ရှားသော်လည်း ၎င်းမင်းတရားကြီးလက်ထက်၌ လက်နက်အင်အားနှင့် စစ်သည်အင်အားတို့မှာ ဂရိတ်မှတ်တမ်းများအရ မှန်လောက်သည်ဟု ခန့်မှန်းရသော---

| | | |
|---|---|---|
| ခြေလျင် စစ်သည်တော် | (ခြောက်သောင်း) | ၆၀,၀၀၀ |
| မြင်းတပ် စစ်သည် | (တစ်သောင်း) | ၁၀,၀၀၀ |
| ဆင်တပ် စစ်သည် | (ခုနစ်ရာ) | ၇၀၀ |

ရှိသော ကလိင်္ဂတိုင်းနယ်၊

ထို့ပြင်---

| | | |
|---|---|---|
| ခြေလျင်စစ်သည်တော် | (တစ်သိန်း) | ၁,၀၀,၀၀၀ |
| မြင်းတပ်စစ်သည် | (နှစ်ထောင်) | ၂,၀၀၀ |
| ဆင်တပ်စစ်သည် | (တစ်ထောင်) | ၁,၀၀၀ |

ရှိသော **အန္ဓြတိုင်းနယ်၊**

ထို့ပြင်---

| | | |
|---|---|---|
| ခြေလျင်စစ်သည်တော် | (ငါးသောင်း) | ၅၀,၀၀၀ |
| မြင်းတပ်စစ်သည် | (လေးထောင်) | ၄,၀၀၀ |
| ဆင်တပ်စစ်သည် | (ခုနှစ်ရာ) | ၇၀၀ |

ရှိသော တလုတ္တ **အနောက် ဝနဝါသိတိုင်းနယ်များ အသီးသီးအားလည်း** ဘုရင်ငယ်များ အသီးသီးခန့်ထား၍ လက်အောက်နိုင်ငံ အဖြစ်သိမ်းသွင်း ထားတော်မူခဲ့လေ၏။

ထို့ပြင် မဂဓတိုင်းမ ပြည်မအတွက်လည်း ဘိုးတော်စန္ဒဂုတ္တမင်းတရား တိုးချဲ့ထားသောအတိုင်း-

| | | |
|---|---|---|
| ခြေလျင်တပ်မတော်စစ်သည် | (ခြောက်သိန်း) | ၆,၀၀,၀၀၀ |
| မြင်းယာဉ်တပ်မတော် | (သုံးသောင်း) | ၃၀,၀၀၀ |
| ဆင်ယာဉ်တပ်မတော် | (ကိုးထောင်) | ၉,၀၀၀ |

ရှိသော စစ်အင်အား ကြီးမားစွာ ဖွဲ့စည်းတော်မူသည့်အပြင် များပြားလှစွာသော ရထားတပ်များ ဖွဲ့စည်းထားတော်မူပြီး လက်အောက်နိုင်ငံများကိုလည်း အသီးသီးဖွဲ့စည်းထားသော စစ်တပ်အင်အားဖြင့် အုပ်ချုပ်စေရာ ကလိင်္ဂတိုင်းနယ်မှာ သစ္စာတော် မကျိုးနွံဘဲ ပုန်ကန်ထကြွသောကြောင့် ၎င်းတိုင်းနှင့် စစ်ဖြစ်ပွားရာ များစွာသောသတ္တဝါတို့ သေကြေပျက်စီးလျက် လက်နက်နိုင်ငံပြုလုပ်ရသဖြင့် မိမိနိုင်ငံအတွက် အသက်များစွာသေရခြင်းကို နောင်တရတော်မူ၍ ဤကဲ့သို့အောင်မြင်ခြင်းကား အကျိုးတရားမမြင် တရားဖြင့်သာလျှင် အောင်မြင်မှ မုချအောင်သည်မည်ကြောင်း နှလုံးတော်ရှိသည်အားလျော်စွာ ကလိင်္ဂကျောက်စာ ရေးသားစိုက်ထူတော်မူကြောင်း လာသဖြင့် အသောကမင်းတရားကြီးသည် ကလိင်္ဂစစ်ကြီးအောင်မြင်ပြီးမှ ဘာသာတရားကို လေးစားလျက် တရားဓမ္မခင်မင် ဗုဒ္ဓဘာသာသို့ သက်ဝင်လာကြောင်း ယူဆကြကုန်၏။

ယခုခေတ် အားလျော်စွာ ကျောက်စာတို့ကို အခိုင်အမာပြု၍ ရေးသားကြသော မှတ်တမ်းများ၌ ၎င်းတို့ အယူအဆအားဖြင့် အသောကမင်းကြီးသည် ကလိင်္ဂတိုင်း အောင်မြင်ပြီးနောက် အဘိသိက်ခံယူတော်မူသောနှစ်မှ ၈-နှစ်လွန်မြောက် ၉-နှစ်သို့ရောက်သော အခါ ဗုဒ္ဓဘာသာသို့သက်ဝင်ကြောင်း, ဤသို့ တရားသက်ဝင် အကျိုးအပြစ် မြင်တော်မူသော ကြောင့် ဤအမိန့်တော်ကျောက်စာကို ရေးထုစေတော်မူကြောင်း, မွန်မြတ်လှစွာသော ဗုဒ္ဓဘာသာတရားတော်ကို သက်ဝင်ယုံကြည်ပြီးနောက် ဤကဲ့သို့ ရက်စက်ကြမ်းကြုတ်သည့် စစ်ပွဲကြီး မဖြစ်နိုင်ကြောင်း ရေးသားဖော်ပြကြကုန်၏။

အကြောင်းအားလျှော်စွာ ရေးထုသော ကလိင်္ဂကျောက်စာမှာ အောက်ပါအတိုင်း-

## ၁၃-ခုမြောက် ကလိင်္ဂအမိန့်တော်ကျောက်စာ

အဋ္ဌဝဿာဘိသိတဿ ဒေဝါနံ ပိယဿ ပိယဒသိနေ ရာဇိနေ ကလိင်္ဂါ ဝိဇိတာ။ ဒိယလမာတေ ပါဏ-သတ သဟဿေ ဧတတော အပဝုဎေ သတသဟဿ မာတေ တတဟတေ ဗဟု တဝတတေ မတေ တတော ပဆာ အဓုနာ လဓေသု ကလိင်္ဂေသု တိဗေ ဓံမ ဝါယာမေ ဓံမ ကာမတာ ဓံမာ နုသတိ စ ဒေဝါနံ ပိယဿ ယံ အတိ အနုသောစနံ ဒေဝါနံ ပိယဿာ ဝိဇိနိတု ကလိင်္ဂါနိ အဝိဇိတံ ဟိ ဝိဇိတ မနေ။ ယေ တတြ ဝဓံ ဝါ မရဏံ ဝါ အပဝါဟော ဝါ ဇနသတံ ဗာဠှ (ပါပံ) ဝေဒနိယ မတံ စ ဂုရု မတံ စ။ ဒေဝါနံ ပိယဿ ဣယံ ပိ စ တတော ဂုရု မတ တရံ ဒေဝါနံ ပိယဿ သဗတ ဝသတိ ဗြမဏ ဝါ သမဏ ဝါ အညေ ဝါ ပါသံဍဝ ဂိဟိယာ ဝါ ယေသု ဝိဟိတာ (ဧသ) အဂဘုတာ သုသုသာ မာတာ ပိတုသု သုသုသာ ဂုရုသုမိထ-သံထုတ-သဟာယ-နာတိကေသု ဒါသ ဘဋကေသု သမာ ပဋိပတိ ဒိဎ ဘဋိတာ။

တေသံ တတ ဟောတိ ဥပဃာတေ ဝါ ဝဓေ ဝါ အဘိရတနာနံ ဝါ ဝိနိ-ခမနေ ယေသံ ဝါပိ သံဝိဟိတာနံ သိနေဟော အဝိပဟိနေ ဧတေသံ မိတ-သံထုတ-သဟာယ-နာတိကာ-ဝိယသနံ (ဗျသနံ) ပါပုဏာတိ၊ တတ သော ပိ တေသ-မေဝ ဥပဃာတော ဟောတိ။ ပဋိဘာဂေ စ ဧတံ သဗ မနုသာနံ ဂုရုမတေ စ ဒေဝါနံ ပိယဿ။ နထိ စ သေ ဇနပဒေ ယတ နထိ ဣမေ နိကာယာ အညတာ ဗြာဟ္မဏေ စ သမဏေ စ နထိ စ ကုဗာပိ ဇနပဒသိ ယတ နထိ စ မနုသာနံ ဧကတရသိပိ ပါသံဍသိ နော နာမ ပသာဒေ။ သော ယဝတကေ ဇနေ တဒါ ကလိင်္ဂေသု ဟတေ စ လဓေသု ဟတေ စ မဋေ စ အပဝုဎေ စ။ တတ သတေ ဘာဂေ ဝါ သဟဿ ဘာဂေ ဝါ အဇ ဂုရုမတေ ဝါ ဒေဝါနံ ပိယဿ။

**ယော ပိ စ အပကရေယတိ ဆမိတဝိယ မတေ ဝေါ ဒေဝါနံ ပိယသ ယံ သတံ ဆမိတဝေ။ ယာ စပိ အဋဝိယော ဒေဝါနံ ပိယသ ဝိဇိတေ ဟောတိ။ တံ ပိ အနုနယတိ အနုနိဇ္ဈာပယတိ။ အနုတပေ ပိ စ ပဘာဝေ ဒေဝါနံ ပိယသ။ ဝုစတိ တေသံ ဒေဝါနံ ပိယသ။ ကိတိ အဝတြပေယု န စ န စ ဟနေယု ဣဆတိ ဟိ ဒေဝါနံ ပိယော သဗဘူတာနံ ဣဆတိ စ သံယမံ စ သပစရိယံ စ ရာဘသိယေ စ (မာဒဝံ စ) ဣယံ စ မုခမုတေ ဝိဇယေ ဒေဝါနံ ပိယသ ယေ ဓံမ ဝိဇယေ ယေ စ ပုန လဓေ ဒေဝါနံ ပိယသ ဣဓ စ အံတေသု အသသု (အဋသု) ပိ ယောဇန သတေသု အတ အံတိယောဂေ နာမ ယောနရာဇာ ပရံ စ တေန အံတိယောဂေန စတာရော ရာဇာနော တုရမယော စ နာမ အံတိကိနိ စ နာမ မကာ စ နာမ အလိကသုဒရေ စ နာမ။**

နိစံစောဋ ပိဍိယာ အဝံ တံဗပံနိယာ ဧဝမေဝ ဣဓ ရာဇာ ဝိသယမှိ ယောန ကံဗောဇေသု နာဘကေ နာဘပံ တိသု ဘောဇပိတိနိကေသု အံဓပုလိဒေသု သဗတ ဒေဝါနံ ပိယသ ဓံမာနုသတိ အနုဝတံတိ။ ယတ ပိ ဒုတာ ဒေဝါ နံ ပိယသ ဒုတန ယံတိ တေပကိသုတွာ ဒေဝါနံ ပိယသ ဓံမဝုတံ ဝိဓနံ ဓံမနုသတိ ဓံမံ အနုဝိဓိယံတိ စ။ ယေစ လဓေ ဧတေကေန ဟောတိ သဗတ ဝိဇယေ သဗတ ပုန ဝိဇယော ပိတိ ရသော သော လဓာ သာဟောတိ ပိတိ ပိတိ ဓံမ ဝိဇယသိ လဟုက တုခေါသာ ပိတိ ပါရံတိ ကမေဝ မဟဖလာ မံနံတိ ဒေဝါနံ ပိယော ဧတာယစ အထာယ ဣယံ ဓံမလိပိ လိခိတာ  ကိတိပုတာ ပပေါတာ မေ အသုနဝံ ဝိဇယံ မာ ဝိဇိတဝိယံ မနိသု သရသကေ ဧဝ ပိဇယသိ ခံတိစ လဟု ဒံဍတာ စ ရောစေတု။ တမေဝစ ဝိဇယံ မနထု ယေ ဓံမ ဝိဇယေ သောဟိဓ လောကိကော ပရလောကိကော။ သဗစ နိရတိ ဟောတု ယာ ဥယာမ ရတိသာတိ ဟိဒ လောကိကာ စ ပရလောကိကာ စ။

ဒေဝါနံ ပိယသ ပီယဒသီ အသောကမင်းတရားကြီးသည် အဘိသိက်ခံယူတော်မူ သည်မှ ၈-နှစ်မြောက်၌ ကလိင်္ဂတိုင်းကို အောင်မြင်တော်မူသည်။ တစ်သိန်းခွဲမျှသော (၁,၅၀,၀၀၀)သူများကို ဤတိုင်းမှ နှင်ထုတ်ရလေသည်။ တစ်သိန်းမျှသော *(၁,၀၀,၀၀၀)*သူတို့ ၎င်း ၎င်းထက်မြောက်မြားစွာ၎င်း ဤစစ်ပွဲ၌ သေကြေပျက်စီးလေသည်။ ယခု ကလိင်္ဂတိုင်း လက်ရသိမ်းပိုက်ယူရာ၌ အလွန်အားဖြင့် တရားအားထုတ် စောင့်ရှောက်တရားကို ဒေလိုရှိ တော်မူ၍ တရား၌သက်ဝင်ပြီးလျှင် ဒေဝါနံပီယဒသီ မင်းတရားကြီးသည် နောင်တ[illegible]န် ခြင်း ဖြစ်တော်မူသည်။

ဒေဝါနံ ပီယဒသီမင်းတရားကြီးသည် ကလိင်္ဂတိုင်းကို အောင်မြင်သော်လည်း "မအောင်အပ်သည်ကို အောင်မြင်တော်မူသည်"ဟု ထင်မှတ်တော်မူသည်။ ဒေဝါနံပီယ ပီယဒသီ မင်းတရားကြီးသည် "ဣင်း၌ သေကြေသော်ငင်း, သတ်ဖြတ်သော်ငင်း, နှင်ထုတ်သော်ငင်း, ဆင်းရဲလှသည်-ဟု မှတ်ထင်တော်မူသည်။ ဝန်လေးလှသည်"ဟုလည်း မှတ်ထင်တော်မူသည်။ ထို့ထက်ပင် ဝန်လေးသည်ဟု မင်းတရားမှတ်ထင်သည်ကား "အလုံးစုံသော အရပ်တို့၌ ရဟန်းသူမြတ်, ရသေ့, ပုဏ္ဏား အခြားအယူဝါဒရှိသူတို့ ပတ်ဝန်းကျင်ရှိ၍ ၎င်းတို့၌ ပြုထိုက်သော ဝတ်ကိုပြုခြင်း သား, သူငယ်နှင့် အမိ, အဖ၊ ဆရာနှင့်တပည့်၊ မိတ်ဆွေနှင့် သူငယ်ချင်း ဆွေမျိုးဉာတိ ကျွန်ကျေး အမှုလုပ်တို့ မှန်ကန် ကောင်းမွန်စွာ လိုက်နာကျင့်သုံးကြကုန်၏။ ထိုသူတို့အား ထိုနေရာ၌ သတ်ဖြတ် ညှဉ်းဆဲခြင်း, ချမ်းသာသဖြင့် နေထိုင်ကုန်သော သူတို့အား နှင်ထုတ်ခြင်း ဖြစ်ကုန်၏။ ချမ်းသာသဖြင့် နေထိုင်ကုန်သော အကြင်သူတို့အားလည်း ချစ်ကျွမ်းဝင်သူ မိတ်ဆွေ, ခင်ပွန်း, ဆွေမျိုးဉာတိတို့ကို ပျက်စီးခြင်းသို့ ရောက်စေ၍ ထိုသူတို့အားလည်း ညှဉ်းဆဲခြင်းသို့ ရောက်စေသည်မည်၏။" ဤသို့ ဖြစ်ပျက်ခြင်းကို ဒေဝါနံ ပီယ ပီယဒသီ မင်းတရားကြီးသည် သာလွန်ဝန်လေး သည်ဟု မှတ်ထင်တော်မူသည်။

"အကြင်အရပ်၌ အထူးထူး အပြားပြားသော ရဟန်း, ပုဏ္ဏားဘာသာဂိုဏ်းဂဏ မရှိ၊ ထိုသို့သော အရပ်ဒေသတိုင်းနယ်များလည်း မရှိရာ။ ထို့ပြင်လည်း အကြင်အရပ်ဒေသ၌ တစုံတခုသော အယူဝါဒ တရားလေးစားယုံကြည်သော သူများမရှိ၊ ဤသို့သော တိုင်းနယ် အရပ်ဒေသလည်း မရှိရာ။ ထို့ပြင် ကလိင်္ဂစစ်ပွဲကြီး၌ အကြင်မျှလောက်သော သူများသည် ထိုအခါက သေဆုံးကြ၍ လက်ရသိမ်းပိုက် သတ်ဖြတ်ခြင်း, တိုင်းပြည်နိုင်ငံမှ နှင်ထုတ်ခြင်း ပြုကုန်၏။ ထိုမျှပျက်စီးရခြင်း၌ ဒေဝါနံပီယပီယဒသီမင်းတရားသည် အဆအရာ, အဆ တစ်ထောင်မက အစုပါဝင်သည်"ဟု ယခုအခါ၌ မှတ်ထင်တော်မူလေသည်။

၎င်းပြင် ဘုရင်မင်းတရားကြီးသည် ကျေးဇူးမဲ့ကို ပြုသော်လည်း သည်းခံသင့်သည်ဟု အယူရှိတော်မူသည်။ အောင်မြင်ပြီး ကလိင်္ဂနိုင်ငံ အစွန်အဖျား တောနေသူတို့အားလည်း ဒေဝါနံ ပီယ ပီယဒသီ မင်းတရားကြီးသည် သနားကြင်နာ မေတ္တာတရား ထားတော်မူသည်။ သို့မဟုတ်လျှင် မင်းတရားကြီးသည် နောင်တပူပန်ခြင်း ဖြစ်ရာ၏။ ၎င်းတို့အား ပြန်ကြားပြောဆိုသည်ကား ဒေဝါနံ ပီယ ပီယဒသီ မင်းတရားကြီးသည် ထိုသူတို့အား ဘယ်သို့မဆို စောင့်ရှောက် တားမြစ်ရာ၏။ မညှဉ်းဆဲ, မနှိပ်စက်, မသတ်ဖြတ်ရာ။ ဒေဝါနံ ပီယ ပီယဒသီ မင်းတရားသည် အလုံးစုံသော သတ္တဝါတို့အား သည်းခံနိုင်ခြင်း, စောင့်စည်းခြင်း, ညီမျှစွာ ကျင့်ခြင်း, ဝမ်းမြောက်စေခြင်းတို့ကို အလိုရှိတော်မူသည်။

ၶင်းပြင် **ဒေဝါနံ ပိယ ပိယဒသီ** မင်းမြတ်သည် အောင်မြင်ခြင်းကိုလည်း တရားသဖြင့် အောင်မြင်တော်မူခြင်းကိုသာ မုချအားဖြင့် အလိုရှိတော်မူ၏။ ထိုတရားသဖြင့် အောင်မြင်ခြင်းကိုသာ ဘုရင်မင်းတရားကြီးသည် စင်စစ်အောင်မြင်ခြင်းဟု ထင်မှတ်တော်မူသည်။ ထို့ပြင် ဘုရင်မင်းတရားကြီးသည် ဤတိုင်းနိုင်ငံ၌ၶင်း တိုင်းခြားနယ်ခြား ယူဇနာခြောက်ရာ *(၆၀၀)*ရှိ **အံတိယောကဘုရင်**နှင့် ထိုအံတိယောကနှင့်တကွသော **တုလမယဘုရင်, အံတိကိနဘုရင်, မဂါဘုရင်, အလိကသံဒရဘုရင်** တိုင်းနီးချင်း ဘုရင် ၄-ပါးအပြင် လက်အောက် ဖြစ်သော စောဠတိုင်း, ပံချုတိုင်း ထိုမှတပါး တံဗပံဏိ တိုင်အောင်သော မင်းတို့ၶင်း ဤသို့တောင်ပိုင်း ဒက္ခိဏာပထတိုင်းသား မင်းအများတို့ၶင်း ဤအတူ ဝိသဇိတိုင်း, ယောနက ကမ္ဗောဇတိုင်း, နာဘဝံတိတိုင်း, ဘောဇတိုင်း, ဝိတိနိကတိုင်း, အံဓတိုင်း, ပုလိန္ဒတိုင်း- ဤတိုင်းအားလုံးတို့၌ ဒေဝါနံ ပိယ ပိယဒသီ မင်းတရားကြီးသည် တရားသဖြင့် ဆုံးမတော်မူခြင်းကို အကြင်အရပ်၌ ဒေဝါနံ ပိယ ပိယဒသီ ဘုရင်မင်းတရားသည် သံတမန်တော်ကို စေလွှတ်တော်မမူသေး၊ ထိုတိုင်းနိုင်ငံရှိ သူများအားလည်း တရားသဖြင့်ဖြစ်ရန် စီရင်တော်မူခြင်း, တရားသဖြင့် ဆုံးမတော်မူခြင်း, တရားသို့လိုက်၍ ကျင့်တော်မူစေခြင်းတို့ကို တရားအားလျော်စွာ လိုက်နာကျင့်ကြံ စေတော်မူ၏။ အကြင်မျှလောက် အောင်မြင်ရအပ်ပြီးသော တိုင်းနိုင်ငံအားလုံးတို့၌ တဖန် နှစ်သက်ဝမ်းမြောက်စေခြင်းတည်း-ဟူသော အောင်မြင်ခြင်းရအပ်ပြီ။ ထိုရအပ်သော ဝမ်းမြောက်ခြင်းသည်သာ တရားသဖြင့်အောင်မြင်ခြင်းမည်၏။ ထိုသို့ ဝမ်းမြောက်ခြင်းသည်ကား အနည်းငယ်မျှသာ ဖြစ်ငြားသော်လည်း တမလွန်ဘဝမှာမူ များစွာအကျိုးရှိ သည်ဟု ဒေဝါနံ ပိယ ပိယဒသီ မင်းတရားကြီးသည် စိတ်ထားတော်မူသည်။

ဤသို့ဖြင့် အကျိုးစီးပွား ဖြစ်ထွန်းစေခြင်းငှာ ဤတရားကျောက်စာကို ရေးသားတော်မူသည်။ အကြောင်းသော်ကား ငါ၏သားတော်အစဉ် မြေးတော်အဆက် အသစ်ဖြစ်သော အောင်မြင်ခြင်းကို မအောင်မြင်အပ်ဟု မှတ်ထင်စေတော်မူလို၏။ လေး, မြားလက်နက်ဖြင့် အောင်မြင်ခြင်းကို ငြိမ်းအေးသည်းခံ လျော့ပါးစေလျက် ဒဏ်မထားဘဲ တရားသဖြင့် အောင်မြင်ခြင်းကို နှစ်သက်စေလို၏။ ၶင်းပြင် တရားသဖြင့် အောင်မြင်သည်ကိုသာ အောင်မြင်ခြင်းဟု မှတ်ထင်စေတော်မူလို၏။ ၶင်းသည်သာ ဤလောကနှင့် တမလွန်လောက အကျိုးငှာ ဖြစ်၏။ အားလုံးသောသူများ ဝမ်းမြောက်နှစ်သက်ခြင်း ဖြစ်ပါစေဟု အားထုတ်ခြင်းသည်သာ ဤလောက, တမလွန်လောကအတွက် အကျိုးဖြစ်စေတော်မူစေသည်။

အရေးကြီး၍ ပဓာနဖြစ်သော ဤကျောက်စာအရေးအသားသည်ကား အသော က မင်းတရားကြီးလက်ထက်၌ ပြောဆိုသုံးစွဲသော မာဂဓီဘာသာ သို့မဟုတ် ပြာကတ- ပကတိဘာသာဖြစ်သဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှ အနှစ် ၂၂၀-ကျော် လွန်ပြီဖြစ်သောကြောင့် ဘာသာစကားတို့ အမြဲမတည်နိုင်သည် အားလျော်စွာ ဘုရားဟော မဂဓဘာသာနှင့် အနည်းငယ် ခြားနားသော်လည်း မဂဓဘာသာ အရေးအသား-ဟု မှတ်သားအပ်၏။

ဤကျောက်စာ၏ လိုရင်းပဓာန အဓိပ္ပါယ်မှာကား အသောကမင်းတရားကြီးသည် အဘိသိက်ခံယူတော်မူပြီး ၈-နှစ်မြောက်၌ ကလိင်္ဂတိုင်းကြီးနှင့် စစ်ကြီးဖြစ်ပွား၍ ထိုစစ်ပွဲ၌ များစွာသော သတ္တဝါတို့ သေကြေပျက်စီးသောကြောင့် ဤကား အောင်မြင်သည် မမည်၊ တရားသဖြင့် အောင်မြင်ခြင်းသည်သာ မုချအောင်မြင်သည်-ဟု နောင်တရတော်မူ၍ ဘာသာတရား လေးစားတော်မူခြင်းနှင့် ထင်မြင်ယူဆသော မိမိအယူဝါဒကို တိုင်းတစ်ပါးသို့ ပျံ့နှံ့စေရန် သားတော်အစဉ် မြေးတော်အဆက် နှစ်သက်စွာလိုက်နာကြစေရန် အကျဉ်းချုပ် အားဖြင့် မင်းတရား၏အကြောင်းအရာ ရေးသားဖော်ပြ၏။

ဇင်းပြင်လည်း အသောကမင်းတရားကြီးသည် ကလိင်္ဂတိုင်းကြီးကို အောင်မြင်ပြီး နောက် ထပ်မံစစ်ဖြစ်ပွားခြင်းမရှိဘဲ တရားသဖြင့် နိုင်ငံအားလုံး အသီးသီး စိုးမိုးအုပ်ချုပ် လိုက်နာကျင့်ကြံ အားထုတ်စေရန် ရည်သန်တော်မူလျက် ဤမဂဓတိုင်းကြီးမှ ယူဇနာ ၆၀၀- ဝေးကွာသော ယောနက, ကမ္ဘောဇတိုင်းတို့တိုင်အောင် တရားဓမ္မပျံ့နှံ့စေရန် သံတမန်များ နှင့် သာသနာပြုအများ ခန့်ထားစေလွှတ်တော်မူသည့်အပြင် နိုင်ငံတော်အတွင်း၌ ပါဝင်သော ဒက္ခိဏာပထ တောင်ဘက်တိုင်းနိုင်ငံများနှင့် အပရန္တက အနောက်တိုင်းနိုင်ငံများ သို့လည်း တရားဓမ္မပျံ့နှံ့စေရန် သာသနာပြု သံတမန်များ ခန့်ထားလျက် တရားနိုင်ငံ တည်ထောင်တော်မူကြောင်း ဘိသိက်တော်မယူသောနှစ်များ မပိုင်းခြားဘဲ ဘိသိက်တော်- သဘင် ဆင်ယင်တော်မူပြီးနောက် နှစ်အရေအတွက်အားဖြင့် ကျောက်စာများ မှတ်သား သည် အားလျော်စွာ မင်းတရားကြီးသည် ဤကျောက်စာကို ရေးထိုးသည်မှာ ၈-နှစ်မြောက် ဖြစ်သဖြင့် ဤကျောက်စာအရ တရားဓမ္မ အယူဝါဒဖြန့်ဖြူးရန် နိုင်ငံများစွာသို့ စေလွှတ်ခြင်း ကား သံဂါယနာမတင်မီ ၉-နှစ်ကပင်ဖြစ်ကြောင်း မှတ်သားအပ်၏။

ထိုမှတပါး အသောကမင်းတရားသည် သံဂါယနာမတင်မီ (ဇင်းသံဂါယနာတင်ခြင်း ၏ အကြောင်းမဖြစ်ပေါ်မီ ) ဤရှေ့သွားဖြစ်သော မိမိယုံကြည်အားထားသော မြတ်စွာ ဘုရား၏ တရားဓမ္မပျံ့နှံ့စေရန်-

## ဓမ္မမဟာမတ္တ, ကျောက်စာဌာန, သာသနာပြုဌာန ခန့်ခြင်း

**ဓမ္မ မဟာမတ္တ** - တရားတော်ဘက်ဌာန၌ စီမံခန့်ခွဲအုပ်ချုပ်သော အမတ်ကြီး ခန့်အပ်တော်မူပြီးလျှင် ၎င်း၏လက်အောက်၌-

**အမိန့်တော်** - ကျောက်စာဌာန

**သာသနာ** - ဖြန့်ဖြူးရေးဌာန

စသော ဌာနအသီးသီးခွဲခြားလျက် ဝိဝုတ္တ ခေါ်ဆိုခဲ့ပြီးသော ယောနက ဂရိတ် ၅-နိုင်ငံနှင့် အနီးအနား နိုင်ငံများအပြင် အစွန်အဖျားနိုင်ငံများသို့ သာသနာပြုများ စေလွှတ်ခန့်ထားတော်မူကြောင်း ၎င်းကျောက်စာနှင့် မှတ်တမ်းအများတို့ ညီညွတ်စွာ ရေးသားကြသဖြင့် မင်းတရားကြီးသည် မိမိရှေးရာဇဝင်ခေတ်တွင် မဖြစ်ပေါ်ဖူးသေးသော အမိန့်တော်ကျောက်တိုင် တရားဓမ္မကျောက်စာ မြောက်မြားစွာနှင့် အမိန့်တော်များ ရေးသားထွင်းထုကာ သာသနာပြုစုတော်မူသော ကမ္ဘာ့သာသနာပြု မင်းတရားဟု မှတ်သားအပ်ကြောင်း ခေတ်ရာဇဝင်ဆရာကြီးများ အထူးချီးမွမ်း ရေးသားကြကုန်၏။

ဤသို့ မင်းတရားကြီးလက်ထက်က သာသနာပြု စေလွှတ်တော်မူသည် အားလျော်စွာ-

**မာဆေဒမ်, ဣဂျိစ်, ဆီရီယ, အလသန္ဒ** ပြည်နယ်တို့၌လည်း သာသနာပြုများရောက်ကြောင်း၊ ၎င်းတို့မှာ ရဟန်းများဖြစ်ကြောင်း၊ ခရစ်မပေါ်မီက **အလသန္ဒ အလက္ကဇန္ဒြ**၌ ထေရပုတ္တမည်သော မထေရ်တစ်ပါးသီတင်းသုံး၍ မြတ်စွာဘုရား တရားတော်တို့ကို ဟောဖော်ပြသ လိုက်နာယုံကြည်ကြကြောင်း၊ ၎င်းပြင် ပါလစ္စတိုင်း၌ ဣသေနမည်သော မထေရ်တစ်ပါးထင်ရှားရှိ၍ ၎င်းနယ်၌လည်း မထေရ်မြတ် ဟောကြားတော်မူသော တရားတော်ကို လိုက်နာကြကြောင်း၊ ဂရိတ်ရာဇဝင်တွင် ထင်ရှားရှိကြောင်းများလည်း ရေးသားကြသဖြင့် ၎င်းတိုင်းနယ်များ၌ ရှေးကမင်းတရားကြီး ပြုစုတည်ထောင်တော်မူခဲ့သော ဗုဒ္ဓသာသနာတော် တည်ထွန်းခဲ့ဖူးကြောင်း၊ နောက်မှတစစပြောင်းလဲကာ ဘာသာဝါဒ ဖောက်ပျက်မိစ္ဆာဝါဒများ ရောယှက်ရောက်လာကြကြောင်း မှတ်ယူအပ်၏။

မင်းတရားကြီးသည် သံဃိယနာတင်တော်မူခြင်း၌ အကြောင်းအားလျော်စွာ အတ္တုပ္ပတ် မဖြစ်ပွားမီ သာသနာတော်သက်ဝင်ယုံကြည်တော်မူသည်ကစ၍ သာသနာရေး သာသနာမှု ပြုစုအားထုတ်တော်မူကာ များစွာသော ကျောက်စာများ ရေးသားထွင်းထု သည်တွင် ၁၄-ရပ်သော ပဓာနကျောက်စာကြီးများနှင့် ကလိင်္ဂကျောက်စာအပြင် အမိန့်တော်ကျောက်စာငယ်များ နန်းစံ၂၅-နှစ်အတွင်း ရေးသားထွင်းထု ဖြန့်ချီတော်မူကြောင်း၊

ၸင်းနောက် ပဓာနဖြစ်သော ကျောက်တိုင်အမိန့်တော် ၇-ရပ်နှင့်တကွ အဓိကဖြစ်သော နေရာများ၌ လုမ္ဗိနီကျောက်တိုင်စသော အထိမ်းအမှတ် ကျောက်တိုင်အငယ်များ၊ ဂူ, ကျောင်း စသည် လှူဒါန်းသော ကျောက်စာများ စသည်ဖြင့် သာသနာတော် အရေးနှင့်တကွ နိုင်ငံတော် စည်ပင်သာယာဝပြောရေး ကောင်းမွန်သော တရားတော် အားလျော်စွာ အထူးလိုက်နာကျင့်ကြံ၍ တရားတော်တည်းဟူသော ယဉ်ကျေးမှု အားလုံးသော နိုင်ငံအများ ရရှိကြ၍ ကမ္ဘာကြီးအားလုံး ငြိမ်းအေးချမ်းသာစေရန် ရည်သန်တော်မူလျက် သာသနာတော်ကြီး အထူးချီးမြှောက် မင်းဘာသာတော်သို့ရောက်စေကာ သာသနာ ပြုတော်မူသည့်အတိုင်း နိုင်ငံတိုင်းကလည်း လိုက်နာကြကုန်၏။

✪ ✪ ✪ ✪ ✪

## သာသနာတော်၌ အတွင်းသူပုန် ဖြစ်ပွားခြင်း

ဤသို့ တန်ခိုးအာဏာကြီးမား နိုင်ငံအသီးသီးတို့က ကိုးစားလေးမြတ်ခြင်းကို ခံယူတော်မူသော မင်းတရားကြီးသည် သာသနာတော်မြတ်ကို အထူးချီးမြှောက်တော်မူသဖြင့် သာသနာတော် ကြီးပွားသည်နှင့်အမျှ သာသနာ့ပြင်ပ၌ နေကြကုန်သော အယူဝါဒတစ်ပါး လိုက်နာကြသူများကား သာသနာဝပြောသလောက် ခေါင်းပါးခြင်းသို့ ရောက်ကြ၍ သာသနာတော်၌ အယူဝါဒနှစ်သက်ကြသော အဟန်ဖြင့် သာသနာတော်သို့ ဝင်ရောက်ကာ ၎င်းတို့ ဘာသာအယူဝါဒတည်းဟူသော မိစ္ဆာဝါဒတရားများကိုသာ ဟောကြားနေကြသော ကြောင့် သာသနာတော်ကြီး၌ အတွင်းသူပုန်ရန် ဖြစ်ပွားသဖြင့် အရိယာသူတော်ကောင်း အများတို့ လှုပ်ရှားတော်မူလျက် သံဃာတော် မသန့်ရှင်းခြင်းကို အကြောင်းပြုကာ ဥပုသ်, ပဝါရဏာ ၇-နှစ်တိုင်အောင် ပြုတော်မမူကြရဘဲ အလွန်ဆင်းရဲ ငြိုငြင်စွာ နေထိုင်တော်မူကြရကုန်၏။

ဤသို့ သာသနာတော်အတွင်း၌ ရောနှောရှုပ်ထွေးလျက် ဝင်ရောက်လာကြသော မိစ္ဆာဝါဒ အတွင်းဘေးရန် အဓိကရုဏ်းကို မဖြေရှင်းနိုင်ကြကြောင်း မင်းတရားကြီး သိတော်မူသဖြင့် သံဃာတော် အရှင်မြတ်တို့အား (အရှင်မြတ်တို့၏ အဓိကရုဏ်းကို ဖြေရှင်း သုတ်သင်နိုင်စွမ်းသော မထေရ်ရှိလျှင် ညွှန်ကြားတော်မူရန်) လျှောက်ထားသောအခါ များစွာသော မထေရ်များက ဤခဲခက်ကြီးမားသော အဓိကရုဏ်းကြီးကို ဖြေရှင်းနိုင်သော မထေရ်ကား အရှင်မောဂ္ဂလိပုတ္တ မထေရ်မြတ်ဖြစ်ကြောင်း၊ ယခုအခါ မထေရ်မြတ်သည် အဟောဂင်္ဂါ၌ သီတင်းသုံးတော်မူကြောင်း မိန့်ကြားတော်မူကြ၏။

## အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ပင့်ကာ သာသနာပြုခြင်း

ဤသို့ သံဃာတော်များ ညွှန်ကြားသည့်အတိုင်း မထေရ်၏အကြောင်း မင်းတရားကြီး ကြားသိတော်မူလျှင် အလွန်ပင် ကြည်ညိုလေးမြတ်တော်မူသဖြင့် ရဟန်း-၁၀၀၀ ခြံရံသော ကထိက ၄-ပါးနှင့် သူရဲ ၁၀၀၀-ခြံရံသော အမတ် ၄-ယောက်တို့ကို ရွေးချယ်စေလွှတ်၍ "သာသနာတော်၏ အရှုပ်အထွေး ရှင်းလင်းသုတ်သင် သာသနာတော်မြတ် စည်ပင်အောင် ပြုစုတော်မူပါ"ဟု ၃-ကြိမ်တိုင် မထေရ်အား ပင့်လျှောက်ထားမှ သာသနာတော် အရေးဖြစ်၍ ကြွလာတော်မူရန် ပဋိညာဉ် ဝန်ခံတော်မူခြင်းကို ရရှိလေ၏။ ဤသို့ မထေရ်မြတ်အထံမှ ဝန်ခံတော်မူခြင်းရလျှင် မင်းတရားကြီးကား အလွန်ကြီးကျယ်ခမ်းနားစွာ မင်းပရိသတ်ဗိုလ်ပါ မြောက်များစွာဖြင့် မင်းတရားကြီးကိုယ်တိုင် ဂင်္ဂါသို့ ဆင်းသက်ကြိုဆိုတော်မူ၍ ကြွလာတော်မူသော မထေရ်မြတ်အား အလွန်ကြည်ညို လေးစားစွာ အရိုအသေပြုကာ မင်းကြီးကိုယ်တိုင် ဥယျာဉ်တော်သို့ ပင့်ဆောင်တော်မူပြီးလျှင် ထိုဥယျာဉ်တော်၌ပင် အရှင်မြတ်အား သီတင်းသုံးစေတော်မူကာ ၇-ရက်ပတ်လုံး မိမိ၏ ယုံမှားသံသယများနှင့် သာသနာတော်အရေးများ ဆွေးနွေးလျှောက်ထားသည့်အပြင် သာသနာတော်၌ သုတ်သင်နိုင်ရန် အယူဝါဒအထူးထူးများ ရှေးဦးတင်ကြို သင်ကြားတော်မူပြီးမှ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကို **အသောကာရုံကျောင်းတော်ကြီး**သို့ ပင့်ဆောင်တော်မူလေ၏။

✪ ✪ ✪ ✪ ✪

## ကုက္ကုဋာရာမ အသောကာရုံကျောင်းတော်ကြီးအကြောင်း

ဤအသောကာရုံကျောင်းတော်ကြီးကား မြတ်စွာဘုရားလက်ထက်တော်က ထင်ရှားရှိသော ကုက္ကုဋာရာမကျောင်းတိုက်ကိုပင်လျှင် မင်းတရားကြီးလက်ထက် အသစ်ထပ်မံ ပြင်ဆင်ဆောက်လုပ်ကာ လှူဒါန်းသောကြောင့် **အသောကာရာမ** ကျောင်းတိုက်ကြီးဟု မင်းတရား၏ အမည်အားဖြင့်တွင်သော်လည်း အချို့မှတ်တမ်းများ၌ကား အသောကာရာမဟု မရေးသားကြဘဲ ကုက္ကုဋာရာမ-ဟု ရေးသားကြသည့်အပြင် ၎င်းကုက္ကုဋာရုံကျောင်းတိုက်ကြီးကို သတ္တဝိရဘွဲ့ထူးရှိသော **အရှင်ဥပဂုတ္တမထေရ်** သီတင်းသုံးတော်မူ၍ ထိုမထေရ်သီတင်းသုံးတော်မူစဉ် ဘုရင်မင်းမြတ်မှာ သားတော် ၁-ပါး ထွန်းကားသဖြင့် ကြီးကျယ်ခမ်းနားစွာ မင်္ဂလာသဘင် ဆင်ယင်ကျင်းပလျက် အမည်တော်သဘင်ပွဲတော်ကြီး ပြုလုပ်ကာ အမည်နာမ ရွေးချယ်ကြရာတွင် အလွန်လှပသည့် ဟိမဝန္တာ၌ရှိသော ကုဏာလငှက်မင်း

၏ မျက်လုံးနှင့်တူသော အသရေရှိသော မျက်လုံးရှိခြင်းကြောင့် ကုဏာလ-ဟု ဘွဲ့မည်တော်သ၍ မင်းတရားလည်း သားတော်ကလေးအား အလွန်မြတ်နိုးတော်မူသည့်အတိုင်း များစွာသော အခြံအရံနှင့်တကွ ချမ်းသာသဖြင့်ကြီးပွား၍ အစဉ်အားလျော်စွာ အရွယ်သို့ရောက်သောအခါ ဂန္ဓာရတိုင်း၊ တက္ကသိုလ်မြို့တော်မှ ကုန်သည်တစ်ယောက်ရောက်လာ၊ များစွာသော လက်ဆောင်ပဏ္ဏာတို့ဖြင့် မင်းတရားထံ အခစားဝင်လျှင် ဘုရင်မင်းမြတ်က-

"အို ကုန်သည်၊ သင်သွားရောက်တွေ့ကြုံသမျှ ဤသားတော်အတူ လှပသူများတွေ့ဖူးသလော"ဟု မေးမြန်းတော်မူလျှင်--

ကုန်သည်က လက်အုပ်ချီပြီးလျှင် "အို အရှင်မင်းမြတ်၊ ဂန္ဓာရတိုင်း၊ ပုပ္ဖဝေရောစယ ရွာကြီး၌ သုန္ဒြမည်သော လုလင်မှာ ဖွားမြင်စဉ်အခါက ရတနာအတိပြီးသော ရေကန်ကြီးပေါ်လာသည့်အပြင် နတ်ပန်း၊ နတ်နံ့သာတို့ဖြင့် မွှေးကြိုင်သော အသီး၊ အပွင့် အမျိုးမျိုးရှိသည့် သစ်ပင်များ မြေပြင်မှ ပေါ်ပေါက်ကာ အဆင်းသဏ္ဍာန်မှာလည်း ၎င်းလုလင်သည် နတ်သားတမျှ အလွန်လှပသောကြောင့် သုန္ဒြမည်ကြောင်း" လျှောက်တင်လေလျှင်---

မင်းတရားကြီးသည် အလွန်အံ့သြလျက် တွေ့လိုသောဆန္ဒဖြင့် သံတမန် စေလွှတ်ခေါ်စေရာ လက်ဆောင်ပဏ္ဏာတော် အမြောက်အမြားနှင့်တကွ အဖိုးတစ်သိန်းထိုက်တန်သည့် ပုလဲသွယ်ကြီးကို ယူဆောင်ကာ မင်းကြီးထံ ခစားလာလျှင် မျက်မှောက်တွေ့ရသောခါ သာလွန် အံ့သြတော်မူ၍ ၎င်းသုန္ဒြမည်သောလုလင်နှင့်အတူ ကုက္ကုဋာရာမကျောင်းတိုက် အရှင်သတ္တဝိရဥပဂုတ္တ မထေရ်မြတ်ထံ အဖူးအမျှော်ရောက်၍ ၎င်းလုလင်၏ အံ့သြဖွယ်ရာ အကြောင်းအရာတို့ကို လျှောက်ထားကြောင်း၊ မင်းတရားကြီးအား ဟောကြားသောတရားကို နာရသဖြင့် သုန္ဒြလုလင်သည် သာသနာတော်ကို ကြည်ညို၍ မင်းကြီးထံ ခွင့်တောင်းပြီးလျှင် သာသနာတော် ဝင်ရောက်ရဟန်းပြုပြီး တရားအားထုတ်ကာ မကြာမီ ရဟန္တာအဖြစ်သို့ ရောက်ကြောင်း ရေးသားဖော်ပြလေ၏။

ဤသို့ ရဟန္တာအဖြစ်သို့ ရောက်ပြီးနောက် တစ်နေ့သောအခါ မင်းတရားကြီးသည် ဥပဂုတ္တမထေရ်ထံ ချဉ်းကပ်ပြီးလျှင်---

"အရှင်ဘုရား အဘယ်ကောင်းမှုကြောင့် အရှင်သုန္ဒြသည် ဖွားမြင်စဉ်က ရတနာဖြင့်ပြီးသော နတ်ရေကန်၊ နတ်ဥယျာဉ်၊ နတ်ပန်း၊ နတ်နံ့သာတို့ ပေါ်လာလျက် လူထက်မကအဆင်းသဏ္ဍာန် လှပပါသနည်း"ဟု လျှောက်ထားသောအခါ မထေရ်အရှင်က-

"မင်းတရားမြတ်၊ ဤလုလင်ကား မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော်မူပြီးနောက် မကြာမီ အရှင်မဟာကဿပအမှူးရှိသော ၅၀၀-မျှသော မထေရ်တို့သည် မြတ်စွာဘုရား

စကားတော်တည်းဟူသော တရားတော်မြတ်တို့ကို သံဂါယနာတင်တော်မူရန် ရာဇဂြိုဟ်မြို့တော်သို့ ကြွလာတော်မူရာတွင် ဆရာဖြစ်တော်မူသော မြတ်စွာဘုရားနှင့်လည်း ကင်းကွာခရီးလမ်းတာကလည်း ကြမ်းတမ်း၍ ပင်ပန်းဆင်းရဲစွာ ဖုံအလိမ်းလိမ်းကပ်ကာ ကြွလာတော်မူကြသည်ကိုမြင်လျှင် အလွန်လျှင် သဒ္ဓါရောက်သော မြက်ရိတ်သမားတစ်ယောက် ဖြစ်ခဲ့၍ ဤအရှင်မဟာကဿပ အမှူးရှိသော မထေရ် ၅၀၀-တို့အား သုံးတော်ရေချမ်းဆက်ကပ်ပြီးလျှင် နံ့သာအမျိုးမျိုးတို့ဖြင့် ထုံအပ်သော ရေများဖြင့် ဖုံလိမ်းသောခြေများကို ဆေးကြောသုတ်သင် ဆွမ်းဘောဇဉ်ကိုလည်း ဆက်ကပ်ပြီး 'အရှင်ဘုရားတို့ သိတော်မူသော အရဟတ္တမဂ်ဖိုလ်ကို မျက်မှောက်ပြုကာ သိရပါလိုသည်'ဟု ဆုတောင်းခဲ့သဖြင့် ဤကဲ့သို့ အကျိုးတရားများရကြောင်း" မိန့်တော်မူလေလျှင်---

ဘုရင်မင်းတရားကြီးကား အလွန်ဝမ်းမြောက်စွာဖြင့် အနုမောဒနာပြုကြောင်းများလည်း ရေးသားကြ၏။

ထိုမှတပါး မဟာဝင်၌လည်း အရှင်ဥပဂုတ္တမထေရ်သည် ၈၄၀၀၀-သော မင်းတရားကြီး၏ ကုသိုလ်တော်တို့ကို ပူဇော်သော ပွဲသဘင်ကြီး ဆင်ယင်ကျင်းပရာ၌ ဖျက်ဆီးမည်ဟု ကြံစည်အားထုတ်သော မာရ်နတ်၏ရန်ကို တွန်းလှန်ဖြိုဖျက်ကာ မင်းတရားကြီး၏ ၈၄၀၀၀-သော ကျောင်းတော်, စေတီတော်, ရေတွင်း, ရေကန်တော် စသော ကောင်းမှုတော်အများတို့ကို မင်းတရားကြီးကိုယ်တိုင် ဖူးမျှော်ကြည်ညိုလျက် သဒ္ဓါထက်သန်တော်မူစေရန် လောကဝိဝရဏ တန်ခိုးဖွင့်၍ ပြတော်မူကြောင်း၊

ဤအရှင်၏ အမည်တော်ကား **တိဿနာဂဥပဂုတ္တ**ဖြစ်ကြောင်း၊ အရှင်သည် ပင်လယ်သမုဒ္ဒရာအတွင်း၌ ကြေးပြာသာဒ်နှင့် သီတင်းသုံးတော်မူ၍ များသောအားဖြင့် သမာပတ်ဝင်စားလျက် နေတော်မူကြောင်း၊ ဤမထေရ်ကို, သံဃာအစည်းအဝေး၌ ဆည်းကပ်လာသော နဂါးမင်းကို ထိုးသုတ်ရန် ဆင်းလာသော ဂဠုန်မင်းအား မထေရ်ကြီးများ တိုက်တွန်းချက်အရ ၇-နှစ် အရွယ်မျှ ရှိသေးသော သာမဏေငယ်အား တိုက်တွန်း၍ တန်ခိုးဖြင့် ကာကွယ်တားဆီး ပြန်သွားစေရာ ဤသာမဏေငယ်ကို စေတီပူဇော်ပွဲ၌ မာရ်နတ်ဘေးရန်တားဆီးရန် အမိန့်ပေးလျှင်, ၎င်းသာမဏေငယ်က ညွှန်ပြ၍ ပင့်ဆောင်ရကြောင်း၊ ထိုဥပဂုတ္တမထေရ်ကား, ဘုရားရှင်လက်ထက် အသောကမင်းတရားအလောင်း ပီယဒသီ သူငယ် လှူဒါန်းသော မြေမှုန့်အလှူခံတော်မူပြီးလျှင် ပြုံးတော်မူလျက်---

"ဤသူငယ်ကလေးကား ပီယဒသီမည်သော အသောကမင်းဖြစ်လတ္တံ့၊ ငါဘုရားသာသနာတော်၌ အလွန်ကြည်ညိုသဖြင့် ၇-လ၊ ၇-ရက် အလျှုကြီးပေးရာတွင်

မာရ်နတ်၏ ဘေးရန်ကို ဥပဂုတ္တမထေရ် တန်ခိုးအားဖြင့် တားဆီးပေလတ္တံ့" ဟု-

ဗျာဒိတ်ထားတော်မူကြောင်း စသည်များစွာ ရေးသားထုတ်ဖော်ကြကုန်၏။

ဤသို့များစွာအကြောင်း အတ္ထုပ္ပတ်ကို အစွဲပြု၍ သာသနာ၌ ကြည်ညိုလေးမြတ်သည်အားလျော်စွာ သာသနာ၏ ကြီးပွားထွန်းကားခြင်းကို အရင်းပြုကာ သဒ္ဓါရောက်သည့်အတိုင်း ချဲ့ထွင်ရေးသားကြသည်မှာ အတိအကျမှတ်သားအပ်သော တရားဓမ္မကဲ့သို့ အဆက်ဆက်မှ ဆောင်ရွက်လာလျက် တစ်ဆက်မှတစ်ဆက် မှတ်သားချက် ချို့ယွင်း ပျက်ပြားပြောင်းလဲတတ်သလို ပြောင်းရွှေ့လာကာ ချဲ့ထွင်ရေးသားခြင်း စသည်ဖြစ်နိုင်ကြောင်း မှတ်သားအပ်ကုန်၏။

ထိုမှတပါးလည်း မင်းတရားကြီးလက်ထက်၌ ဤမထေရ်အပြင် မင်းတရားကြီး၏ ကုသိုလ်တော် အရပ်ရပ်၌ တန်ခိုးဣဒ္ဓိပါဒ်အားဖြင့် ကြည့်ရှုတော်မူရသော သံဃာတော်အရှင်မြတ်တို့က ညွှန်ပြတိုက်တွန်းအပ်သော ဣန္ဒဂုတ္တမထေရ်မြတ်လည်း တန်ခိုးအရာ၌ ထင်ရှားသော မထေရ်တစ်ပါးဖြစ်ကြောင်း၊ ပါရာဇိကဏ်အဋ္ဌကထာ စသည်တို့၌လာသောကြောင့် မင်းတရားကြီးလက်ထက်မှာ များစွာတန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံသော **တေဝိဇ္ဇ ဆဠဘိည ပဋိသမ္ဘိဒါပတ္တမထေရ်အများရှိသဖြင့်** ဗုဒ္ဓနိုင်ငံ, သာသနာ့နိုင်ငံတော်ကြီးမှာ မင်းတရားကြီးပြုသော သာသနာတော်သို့ မရောက်မီ ရှေးစဉ်ကပင် စည်ပင်ပြန့်ပြော သူတော်ကောင်းများ ပေါများလျက်ရှိနေကြောင်း၊ သူတော်စင် အရှင်မြတ်များဘက်မှ ဆုတ်ယုတ်ခြင်း မရှိသေးကြောင်း၊ သာသနာတော်သည် မင်းဘာသာသို့ မရောက်သော်လည်း ဘုရားရှင်လက်ထက်ကကဲ့သို့ သူတော်ကောင်းတရား အားထုတ်တော်မူကြကြောင်း ကောင်းစွာမှတ်ယူအပ်၏။

မဟာဝင်နှင့်တကွ အဋ္ဌကထာတို့၌ လာရှိသည့်အတိုင်း မင်းတရားကြီး သာသနာတော်၌ သက်ဝင်ကြည်ညိုတော်မူသည်မှာ *(နန်းစံပြီးနောက်)* ဘိသိက်တော်မင်္ဂလာ ယူတော်မူသည်*(အထိ)* ၄-နှစ်ဖြစ်၍ သားတော်မဟိန္ဒမင်းသားနှင့် သမီးတော်သံဃမိတ္တာ မင်းသမီး ၂-ပါးတို့ ရဟန်းပြု သောအခါမှာ-

"ဥဘိန္နံ ပဗ္ဗဇိတကာလေ ရာဇာ ဆဗ္ဗဿာဘိသေကော ဟောတိ။"

မင်း၂-ပါးတို့ ရဟန်းပြုတော်မူသောအခါမှာ ဘိသိက်ခံယူတော်မူပြီးနောက် ၆-နှစ်မြောက်ဖြစ်၏-ဟု ပါရာဇိကဏ်အဋ္ဌကထာ၌ မိန့်သည့်စကားအရ အသောကမင်းတရားကြီးသည် ၈၄,၀၀၀-သော ကုသိုလ်ပူဇော်ပွဲ၌ **လောကဝိဝရဏ** တန်ခိုးအားဖြင့် မိမိ၏

ကုသိုလ်တော်အားလုံးကို မြင်တော်မူရ၍ အလွန်ဝမ်းမြောက် သဒ္ဓါရောက်တော်မူသော ကြောင့် သံဃာတော်အရှင်မြတ်တို့အား-

"တပည့်တော်ကဲ့သို့ သာသနာတော်ချီးမြှောက်သူသည် သာသနာ့အမွေ ခံယူ(ထိုက်) သူ ဖြစ်ပါသလော"ဟု လျှောက်ထားရာ-

သံဃာတော် အရှင်မြတ်များက တာဝန်ထားသည့်အတိုင်း အရှင်မောဂ္ဂလိပုတ္တ-တိဿမထေရ်သည် "မင်းကြီး၊ ပစ္စည်း၄-ပါးဖြင့် ချီးမြှောက်ထောက်ပင့်ခြင်းကား သာသန ဒါယာဒ သာသနာ့အမွေခံ မဖြစ်ကြောင်း-

မိမိသားမြေး, သူတစ်ပါးသားမြေးတို့ကို သာသနာ့အမွေခံ ယူစေမှသာလျှင် သာသနဒါယာဒ သာသနာ့အမွေခံဖြစ်ကြောင်း"ဖြင့်-

မင်းကြီးကို သဒ္ဓါတရားခိုင်မြဲစေရန် မိန့်တော်မူသောအခါမှ မင်းတရားကြီးသည် သားတော်, သမီးတော်တို့အား တိုက်တွန်းတော်မူကြောင်း လာသည်အားလျော်စွာ သာသနာတော်၌ သက်ဝင်ယုံကြည်ကာ သာသနာတော်ချီးမြှောက် ထိုအသောကာရုံ ကျောင်းတော်ကြီး ဆောက်လုပ်စေတော်မူခြင်းနှင့်တကွ ၈၄၀၀၀-သော ကျောင်း, ကန်, စေတီပုထိုးတော်အများ တည်ထားခြင်းကား သာသနာ့ဒါယကာဖြစ်တော်မူသည်မှ ၂-နှစ် အတွင်း လှူဒါန်းသော ကောင်းမှုတော်များဖြစ်ကြောင်း မှတ်ယူအပ်၏။

ထိုမှတပါးလည်း မင်းတရားကြီး ဘိသိက်ယူတော်မူသည်မှ ၈-နှစ်မြောက်၌ **ကောန္တပုတ္တတိဿမထေရ်** လေနာကုစားအံ့သောငှာ တစ်လက်ဆွမ်းမျှသော ထောပတ်ကို မရသဖြင့် ၎င်းရောဂါ မထမြောက်ဘဲ အာယုသင်္ခါရ ကုန်တော်မူ၍ ရဟန်းများအား အပ္ပမာဒတရားဖြင့် ဆုံးမတော်မူပြီးလျှင် ကောင်းကင်တွင် ထက်ဝယ်ဖွဲ့ခွေတော်မူလျက် တေဇောဓာတ်လောင်တော်မူကာ ပရိနိဗ္ဗာန်ပြုတော်မူကြောင်း မင်းတရားကြားသိတော်မူလျှင် အလွန်ပင် သံဝေဂရတော်မူ၍ "ငါကဲ့သို့ သာသနာတော် ထောက်ပံ့နိုင်သော မင်းရှိပါလျက် ဤတစ်လက်ဆွမ်းမျှသော ထောပတ်တည်းဟူသော ဆေးပစ္စည်းမရသောကြောင့် မထေရ်အရှင်မြတ် ပရိနိဗ္ဗာန်စံတော်မူရသည်မှာ ဝန်လေးစွ"ဟု တံခါး ၄-ခုတို့၌ ထောပတ်, ပျားသကာတို့ဖြင့်ပြည့်သော ဆေးကန် စသည်တို့ကို ပြုလုပ်လှူဒါန်းခြင်းစသော သာသနာတော်၌ များစွာသော ပစ္စယယာနုဂ္ဂဟဖြင့် ချီးမြှောက်၍ ပေါများသော လာဘ်သပ် ပူဇော်သက္ကာရှိသောအခါ သာသနာမှအပ ဖြစ်ကြကုန်သော တိတ္ထိအများတို့ ထိုလာဘ်ပေါ များခြင်းကို အရင်းပြုကာ သာသနာဝင်ကြ၍ ၎င်းတို့ဝါဒပြုကာ သာသနာ့အတွင်း ဘေးရန်သုတ်သင်ခြင်းငှာ ခဲယဉ်းသောကြောင့် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည်

အရှင်မဟိန္ဒမထေရ်အား သံဃာများကိုအပ်နှင်းကာ အဟောဂင်္ဂါသို့ ကြွတော်မူလျက် သာသနာပြုအံ့သော အချိန်အခါသမယ ငံ့လင့်လျက် သီတင်းသုံးတော်မူကြောင်း လာသဖြင့်လည်း အရှင်မဟိန္ဒမထေရ် သာသနာတော်သို့ရောက်ပြီးမှ တိတ္ထိဘေးတည်းဟူသော သာသနာတော် အရှုပ်အထွေး ဖြစ်ပေါ်လာကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် တိတ္ထိတို့၏ အယူဝါဒ ရှင်းလင်းသာသနာပြုခြင်း

ဤသို့ သာသနာတော်ကြီး ရှုပ်ထွေးကာ ဝါဒဘေးရန် အတွင်းသူပုန်ထကြွ သံဃာ့ကံဟူသမျှ ပြုမဖြစ်အောင် ပြတ်ကင်းသာသနာ မသန့်ရှင်းသည့်အခါကား ၇-နှစ်မျှကြာ ရှည်၍ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ကို မင်းတရားကြီးပင့်တော်မူ၍ ကြွလာတော်မူမှ မင်းတရား၏ သံသယများ ရှင်းလင်းပြီးလျှင် သာသနာတော်ကြီးကို အရှင်မြတ်၏ ဓမ္မစက်ဖြင့်၎င်း, မင်းတရားကြီး၏ အာဏာစက်ဖြင့်၎င်း သုတ်သင်ရှင်းလင်းပြီးကာ သာသနာတော် သန့်ရှင်းသည့် အခါသမယ၌ ခြောက်သန်းမျှသော ရဟန်းတို့ အစည်းအဝေးကြီး စည်းဝေးတော်မူကြရာ၌-

အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်သည် မြတ်စွာဘုရား ထားတော်မူခဲ့သော မာတိကာ ၈-ပါးကို အဦးထားလျက်-

- သကဝါဒ၌ သုတ်-၅၀၀၊
- ပရဝါဒ၌ သုတ်-၅၀၀-

*(စုစုပေါင်း)*သုတ် ၁၀၀၀-တို့ဖြင့် တန်ဆာဆင်အပ်သော **ကထာဝတ္ထုကျမ်းကို** ဟောကြားတော်မူပြီးလျှင် မြတ်စွာဘုရား ဟောကြားတော်မူသော ဝိနည်း, သုတ်, အဘိဓမ္မာ ၃-ဖြာ ပိဋကတ်တရားတော်မြတ်တို့ကို အညတိတ္ထိယ ပရဝါဒဘေးရန်တို့ မနှောင့်မယှက်နိုင်ဘဲ တည်မြဲခိုင်ခန့်ရန် သံဂါယနာတင်ရန် အားထုတ်ကြိုးပမ်းတော်မူလေ၏။

ဤသို့လျှင် မြတ်စွာဘုရား သာသနာတော်ကြီး ဘေးရန်ရှုပ်ထွေး မိစ္ဆာဒိဋ္ဌိတို့ နှောင့်ယှက်လာခြင်းတည်းဟူသော အရေးတို့ကြောင့် တဖန် တတိယသံဂါယနာ ၃-ကြိမ်မြောက် တင်အံ့သောအခါသို့ ရောက်လာသည်မှာကား-

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှ ပါဠိမှတ်တမ်းများ အလိုအားဖြင့် ၂၃၅-နှစ်ဖြစ်၍ မင်းတရားကြီး ဘိသိက်ခံပြီးနောက် နန်းစံသောနှစ် ၁၇-နှစ်မြောက် ရောက်သောအခါဖြစ်ကြောင်း၊ ၎င်းမှတ်တမ်းအလိုအားဖြင့် မင်းတရားကြီး နန်းစံ(သက်) ၄-နှစ်မြောက်မှာ သာသနာတော်ကို သက်ဝင်ကြည်ညိုသည်မှ ၁၃-နှစ်မြောက် ရောက်သောအခါဖြစ်ကြောင်း၊ ထိုအခါ အရှင်မဟိန္ဒမထေရ်သည်လည်း ၁၀-ဝါမြောက်မထေရ်အဖြစ်သို့ရောက်၍ သာသနာတော်ချီးမြှောက်နိုင်သော ဆဠဘိညပဋိသမ္ဘိဒါပတ္တအရှင်ဖြစ်သည် အားလျော်စွာ သာသနာ့တာဝန် လွှဲအပ်တော်မူခြင်း ခံယူရသောအခါဖြစ်ကြောင်းများလည်း မှတ်သားအပ်၏။

ဤကဲ့သို့ လဇ္ဇီသူတော်ကောင်း ရဟန်းအပေါင်း ခြောက်သန်းမျှ စည်းဝေးကြသောအခါ၌ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်သည် မိစ္ဆာဝါဒဘေးကြီး ရောထွေးယှက်သန်းခြင်းတည်းဟူသော အကြောင်းကို အရင်းထားလျက် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ်, အဘိဓမ္မာ, ဝိနည်းဟူသော ပိဋကတ်တော်များ စင်ကြယ်စေရန် သံဂါယနာတင်ခြင်းအကျိုးငှာ ပိဋကတ် ၃-ပုံဆောင် ပဋိသမ္ဘိဒါပတ္တ တေဝိဇ္ဇဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသော ရဟန္တာမထေရ် ၁၀၀၀-ရွေးကောက်တော်မူပြီးလျှင် ဤအသောကာရုံမည်သော ကုက္ကုဋာရုံကျောင်းတိုက်တော်ကြီး၌ပင်

- ရှေးကသံဂါယနာတင်တော်မူကြကုန်သော အရှင်မဟာကဿပအမှူးရှိသော **ပဌမသံဂါယနာ,**
- အရှင်ယသအမှူးရှိသော **ဒုတိယသံဂါယနာ** တို့ကဲ့သို့
- အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကို အမှူးထားကာ ၉-လတိုင်အောင် **တတိယသံဂါယနာ** တင်တော်မူကြ၍

- **အဇာတသတ်မင်း**သည် ပဌမသံဂါယနာ တင်တော်မူကြရာ၌ ချီးမြှောက်သကဲ့သို့ ဤတတိယသံဂါယနာ တင်တော်မူကြရာ၌ ဇမ္ဗူဒီပါကျွန်းကြီးအလုံးကို သိမ်းကြုံး အောင်မြင်ဧကရာဇ်ဘုရင်ဖြစ်တော်မူသော **ဒေဝါနံ ပိယ ပိယဒသီ အသောကဝဒ္ဓန မဟာဓမ္မရာဇာမင်းတရားကြီး**သည် သံဂါယနာတင်မထေရ်မြတ်တို့အား လိုအပ်သောပစ္စည်း ၄-ပါးထောက်ပံ့တော်မူပြီး ဤသံဂါယနာတင်ပွဲတော်ကြီး ပြီးဆုံးသည့်အခါ၌လည်း ပဌမသံဂါယနာကဲ့သို့ ကြီးစွာသောမြေလျှင်ကြီး မြည်ဟီးတုန်လှုပ်ကာ အနုမောဒနာ ပြုခဲ့လေ၏။

ဤသို့ဖြင့် တတိယသံဂါယနာ တင်ရခြင်း၏ အကြောင်းနှင့်တကွ ကြီးကျယ်စွာ တတိယသံဂါယနာ တင်တော်မူကြခြင်းအကြောင်း ပြီးဆုံးလေပြီ။

✪ ✪ ✪ ✪ ✪

## အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်နှင့် မင်းတရားကြီးတို့ ၉-တိုင်း၊ ၉-ဌာန သာသနာပြု စေလွှတ်တော်မူသော အကြောင်း

ဤဆိုအပ်ခဲ့ပြီးသော အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် အရှင်မြတ်သည် မိစ္ဆာဝါဒ-ဘေး စသော သာသနာ့အညစ်အကြေးတို့ကို သုတ်သင်တော်မူကာ သံဂါယနာတင်တော်မူပြီးနောက် သာသနာတော်၏ နောက်အနာဂတ်အရေးကို မြော်တွေးတော်မူလျက် တိုးတက်ပြန့်ပွား **ပစ္စန္တရာဇ်**တိုင်းနိုင်ငံများ၌လည်း သာသနာတော် ထွန်းကားတည်တံ့မည်ကို အနာဂတံသဉာဏ်ဖြင့် မြင်သိတော်မူသည်အားလျော်စွာ အစွန်အနား တိုင်းပြည်များနှင့် တိုင်းတပါးတို့သို့ သာသနာတော် ပြုစုနိုင်မည်ဖြစ်သော ပဋိသမ္ဘိဒါပတ္တ တေဝိဇ္ဇဂုဏ်စသည် ပြည့်စုံတော်မူကြ၍ သာသနာပြုရန် ထက်သန်တော်မူကြသော အမှူးဖြစ်သော မထေရ်များ ရွေးကောက်တော်မူသည်မှာ---

၁။ မဇ္ဈန္တိကမထေရ် အမှူးရှိသော သာသနာပြုများ **ကသ္မီရဂန္ဓာရ**တိုင်းသို့-

၂။ မဟာရေဝမထေရ် အမှူးရှိသော သာသနာပြုများ **မဟိံသကမဏ္ဍလ** မိုက်ဆိုးပြည်နယ်သို့-

၃။ ရက္ခိတမထေရ် အမှူးရှိသော သာသနာပြုများ ဒက္ခိဏပထတောင်ပိုင်း- **ဝနဝါသိ** မလဟာနယ်သို့-

၄။ ယောနက ဓမ္မရက္ခိတ မထေရ် အမှူးရှိသော သာသနာပြုများ **အပရန္တ** အိန္ဒိယ အနောက်ပိုင်း ဘောဇနယ်သို့-

၅။ မဟာဓမ္မရက္ခိတမထေရ် အမှူးရှိသော သာသနာပြုများ **မဟာရဋ္ဌ**တိုင်း ဗုံဗာဤ ဗုံပိုင်နယ်သို့-

၆။ မဟာရက္ခိတမထေရ် အမှူးရှိသော သာသနာပြုများ **ယောနက**တိုင်း ပါသိယန် ဂရိတ်နိုင်ငံတို့သို့-

၇။ မဇ္ဈိမမထေရ် အမှူးရှိသော သာသနာပြုများ **ဟိမဝန္တာ** တိုင်းနယ်များသို့-

၈။ သောဏမထေရ်နှင့် ဥတ္တရမထေရ် အမှူးရှိသော သာသနာပြုများ **သုဝဏ္ဏဘူမိ** ရာမညတိုင်းနယ်သို့-

၉။ မဟိန္ဒမထေရ် အမှူးရှိသော သာသနာပြုများ **တမ္ဗပဏ္ဏိ** သီဟိုဠ်ကျွန်းသို့-

အသီးသီး အမှူးထားသော မထေရ်များနှင့် ပစ္စန္တတိုင်းနိုင်ငံတို့၌ ဂဏ်ဆောင်ဥပသမ္ပဒ ပြုနိုင်ခြင်းငှာ ပြည့်စုံသော သာသနာပြုဖက်မထေရ်များ ၅-ပါးမျှစီသော မထေရ်များ အသီးသီးဖြစ်ကြ၍ ထိုမထေရ်မြတ်တို့လည်း သာသနာပြုရန် ပရိကမ်တို့ကို ပြုလုပ်ဆောင် ရွက်အားထုတ်ပြီးလျှင် သံဂါယနာတင်ပြီးသည့် အဆုံးဖြစ်သော တပို့တွဲလအတွင်း နှစ်ခြင်း ပင် မိမိတို့ညွှန်ပြသော သာသနာပြုဌာန အသီးသီးတို့သို့ စေလွှတ်တော်မူသည့်အတိုင်း ကြွသွားကာ သာသနာပြုစုတော်မူကြကုန်၏။

✪ ✪ ✪ ✪ ✪

## ၁။ ကသ္မီရ, ဂန္ဓာရ ၂-တိုင်းသို့ သာသနာပြုခြင်း အကြောင်း

အရှင်မဇ္ဈန္တိကမထေရ်မြတ်သည် သာသနာပြု သီတင်းသုံးဖော် မထေရ် ၅-ပါးနှင့် အတူတကွ ကသ္မီရ ဂန္ဓာရတိုင်းတို့သို့ ကြွတော်မူသောအခါ ကောက်များမှည့်သဖြင့် ရိတ် သိမ်းချိန်ဖြစ်သဖြင့် ၎င်းတိုင်းနယ်၌ ကိုးကွယ်တင်မြှောက် ပူဇော်ပသကြသော **အရဝါဠ**နဂါး မင်းကြီးသည်ကား အလွန်ထန်သည်းစွာ ဆီးနှင်းမိုးကြီး ရွာသွန်းပြီးလျှင် ကောက်ပင်များ ကို သမုဒ္ဒရာရေအယဉ်သို့ မျှောလျက်ဖျက်ဆီးတတ်သောကြောင့် ၎င်းနဂါးမင်းကြီးအား ပူဇော်ကြမည့် နေ့မတိုင်မီတွင်ဖြစ်သဖြင့် ဟိမဝန္တာအနီး အရဝါဠရေအိုင်ကြီး အပေါ်သို့ သာသနာပြုမထေရ်များ ကောင်းကင်မှ သက်ဆင်းတော်မူကြပြီး ရေပြင်ပေါ်တွင် စင်္ကြံ ကြွတော်မူခြင်း, ရပ်တော်မူကြခြင်း, ထိုင်တော်မူကြခြင်း, လျောင်းတော်မူကြခြင်း ဟူသော ဣရိယာပုထ် ၄-ပါး မျှတသီတင်းသုံးတော်မူကြသည်ကို နဂါးလုလင်တို့မြင်ကြ၍ အရဝါဠ နဂါးမင်းကြီးအား အကြောင်းအရာပြောကြား ထိုအရှင်မြတ်တို့အား ကြေမွပျက်စီးစေရန် ကောင်းကင်ယံဝယ် ကြောက်မက်ဖွယ်ကြီးများ ဖန်ဆင်းကာ ပြင်းထန်စွာသော သစ်ပင်, တော, တောင်များ ပြိုကွဲပျက်စီးလုမတတ် လေကြီးတိုက်ခတ်ခြင်း, ကြောက်မက်ဖွယ်ရာ မိုးကြီး သည်းထန်စွာရွာစေလျက် လျှပ်ပျက်ကာ မိုးကြိုးပြင်းထန်စွာ မည်ဟီးထစ်ချုန်းခြင်း, ကြောက်မက်ဖွယ်ရာ နဂါးအပေါင်းတို့လာကြ၍ အခိုးအလျှံလွှတ်ခြင်း, အမျိုးမျိုးသော လက်နက်မိုးကြီး ရွာသွန်းစေခြင်း-စသော နဂါးတို့၏ တန်ခိုးအမျိုးမျိုးကို သည်းခံငြိမ်းချမ်း တော်မူခြင်းတည်း-ဟူသော မေတ္တာတော်တန်ခိုးတော်တို့ဖြင့် မကျရောက်စေဘဲ နေမြဲနေ တော်မူကြလျက် နဂါးတို့၏တန်ခိုးကို ရှေးဦးနှိမ်ချိုး ဆုံးမတော်မူကြလေကုန်၏။

နဂါးမင်းကြီးလည်း မိမိ၏ တန်ခိုးက္ကဒ္ဓိပါဒ်ကား အကျိုးမပြီး အချည်းနှီး အားထုတ်နေရသဖြင့် နှလုံးမသာရှိလျက်နေလျှင် မထေရ်အရှင်မြတ်က-

" နဂါးမင်းကြီး၊ နတ်နှင့်တကွ တစ်လောကလုံး ခြောက်လှန့်ငြားလည်း ငါ့အား မကြောက်လန့်စေနိုင်၊ သမုဒ္ဒရာ၊ တော၊ တောင်နှင့်တကွ ဤမဟာပထဝီမြေကြီးအလုံးကို ငါ့ပေါ်သို့ ချသော်လည်း မကျရောက်နိုင်ရာ၊ သင်နဂါးမင်းသာလျှင် ပင်ပန်းရာ၏"ဟု မိန့်တော်မူပြီးလျှင်-

အကြောင်းအားလျော်စွာ တရားစကားဖြင့် နဂါးမင်းကြီးအား ရွှင်ပြနှစ်သိမ့် ထက်သန်စေလျက် ၈၄,၀၀၀-သော နဂါးပရိသတ်တို့နှင့်တကွ သရဏဂုံ၊ သီလတည်စေပြီးလျှင် ထိုမှတပါး ဟိမဝန္တာ၌နေကြကုန်သော ကုမ္ဘာဏ်ဘီလူး၊ ဂန္ဓဗ္ဗနတ်တို့အားလည်း သရဏဂုံ သီလ တည်စေကြသည့်အပြင် အထူးအားဖြင့် ပဥ္စဘီလူးမင်းမှာ သား ၅၀၀-နှင့် ဘီလူးမပါ သောတာပန်တည်ပြီး အားလုံးသော နဂါး၊ နတ်၊ ဘီလူးအပေါင်းတို့သည် မထေရ်မြတ်၏ အဆုံးအမတော်အတိုင်း လိုက်နာကျင့်သုံးကြလေ၏။

ဤသို့ နဂါးမင်းဆုံးမသော နေ့သည်ပင် နဂါးမင်းအား လူအများတို့ တင်မြှောက်ပူဇော်ကြသော နေ့ဖြစ်၍ ကြိုးနွံပြီးသော နဂါးမင်းသည် ခင်းထားအပ်သော ရတနာပလ္လင်ထက်ဝယ် မထေရ်မြတ်ဖွဲ့ခွေနေတော်မူစဉ် နဂါးမင်းလည်း အနီး၌ပင် ယပ်လေခပ်ကာ နေသည်ကို ကသ္မီရဂန္ဓာရ တိုင်းသူ၊ တိုင်းသားအားလုံးတို့သည် ပူဇော်ပသ တင်မြှောက်ကြရန်လာကြ၍ ထိုသို့ သီတင်းသုံးနေတော်မူသော မထေရ်ကို ဖူးမြင်ကြလျှင် "ငါတို့နဂါးမင်းကြီးထက် ဘုန်းတန်ခိုးကြီးမားပေစွ"ဟု မထေရ်မြတ်ကို အားလုံးရှိခိုးလျက် နေကြသော ၂-တိုင်းမှလာကြသော သူတို့အား **အာသီဝိသောပမ** အဆိတ်လျှင် ဥပမာရှိသော သုတ်တရားတော်ကို ဟောကြားတော်မူသဖြင့် များစွာသောသူတို့ တရားထူးရကြသည့်အပြင် သာသနာတော်၌ ကြည်ညိုကာ တစ်သိန်းမျှ လောက်သောသူတို့ ရဟန်းပြုကြလျက် ထိုလက်ထက်မှ အစပြုကာ **အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်** အဋ္ဌကထာများ ရေးသားပြုစုသော နှစ်ပေါင်း ၁၀၀၀-သို့တိုင်ရောက်အောင်ပင် သာသနာရောင်တို့ဖြင့် တောက်ပြောင်ထွန်းစွာ တည်ရှိကြောင်း ဝိနည်း၊ အဋ္ဌကထာ၊ ပါရာဇိကဏ်နိဒါန်း၌ ဖော်ပြသည့်အတိုင်း မဇ္ဈန္တိကမထေရ် အရှင်မြတ်တို့ ပြုစုတော်မူသော သာသနာတော်သည် ထိုကသ္မီရ၊ ဂန္ဓာရတိုင်းတို့၌ အစဉ်သဖြင့် တည်ထွန်းကြောင်း မှတ်အပ်၏။ ထိုကြောင့်-

"ဂန္ဓာ ကသ္မီရ-ဂန္ဓာရံ၊ ဣသိ မဇ္ဈန္တိကော တဒါ။
ဒုဋ္ဌံ နာဂံ ပသာဒေတွာ၊ မောစေသိ ဗန္ဓနာ ဗဟူ။ ။

**မဇ္ဈန္တိက၊ ကသ္မီရမည်။**
**ဂန္ဓာရသို့၊ ကြွတော်မူသည်။**
**ကြမ်းကြုတ်နဂါးကို၊ ကြည်ညိုစေသည်။**
**နတ်အများ၊ လွတ်ငြားနှောင်ဖွဲ့သည်။"**

ဟု ထိုတိုင်းကြီး ၂-တိုင်းတို့၏ သာသနာပြုစုသော အကြောင်းအရာ နိဂုံးဂါထာ လာသည့် အတိုင်း ထိုတိုင်းတို့မှာ နောက်အခါ၌လည်း သာသနာတော်ထွန်းကားလျက် သာသနာပြု မင်းတရားများလည်း သာသနာ့နိုင်ငံတော်ကြီး၌ အထူးသဖြင့် ပြုစုတည်ထောင်ကြကြောင်း နောက်သာသနာခေတ် အကြောင်းအရာရေးသားရာ၌ ထင်ရှားပေလတ္တံ့။

ထိုမထေရ်များ သာသနာပြုသော ကသ္မီရတိုင်းနှင့် ဂန္ဓာရတိုင်းတို့၏အကြောင်းများ နောက်က တိုင်းကြီးသောဌသအပိုင်းတွင် ထင်ရှားစွာရေးသားခဲ့ပြီး ဖြစ်သော်လည်း မြတ်စွာဘုရားလက်ထက်တော်က ဖြစ်ပျက်သော အကြောင်းအရာမျှနှင့် ထိုအခါက သာသနာ့အခြေအနေမျှသာ ခေတ်အားလျော်စွာ ရေးသားခဲ့သဖြင့် ယခုသာသနာပြုတော် မူသောအခါ၌ကား မြတ်စွာဘုရားလက်ထက်တော်၌ ဂန္ဓာရတိုင်းကြီးနှင့် စပ်လျဉ်း၍ ရောက်ရှိသော သာသနာတော်အခြင်းအရာမှာ မထင်ရှားသောကြောင့် အသောကမင်း တရားကြီး လက်ထက်ဝယ် စင်ကြယ်ကောင်းမွန်သော သာသနာတော် တည်ထွန်းစေရန် စေလွှတ်ပြုစုသော အကြောင်းအရာနှင့် နောင်အခါ၌လည်း ဤတိုင်းကြီး၌ တည်ထွန်းသော သာသနာတော် အခြင်းအရာများ ရေးသားရပေမည်ဖြစ်၍ အကျဉ်းသာ မှတ်သားအပ်၏။

## ၎င်းကသ္မီရတိုင်းမြို့နယ်များအကြောင်း

၎င်းပြင် ကသ္မီရတိုင်းသည် ဂန္ဓာရတိုင်းနှင့် စပ်လျက်တည်ရှိ၍ ယခုထက်တိုင် ထင်ရှား သည်ကား အထူးရေးသားဖွယ် မရှိသော်လည်း သာသနာတော်နှင့်စပ်သော အကြောင်းများ ကိုကား ရေးသားသင့်သည့်အတိုင်း ရှေးအခါက ဤတိုင်းများ ဂန္ဓရတိုင်း၏ လက်အောက် တိုင်းနယ်ဖြစ်၍ အသောကမင်းတရားကြီး လက်ထက်မတိုင်မီ ရှေးအဆက်အနွယ်မင်းများ အုပ်ချုပ်စဉ်အခါကလည်း အရေးကြီးသည်အားလျော်စွာ ဝပနသေန စသောမြို့တော်များ တည်ထောင်ပြုပြင်ခဲ့ကြသည့်အပြင် အသောကမင်းတရားကြီး လက်ထက်၌ပင် ဝိဇယပူရမြို့, ပန္တသောဘမြို့စသော ခံတပ်မြို့များ တည်ထောင်ဖန်ဆင်းကြောင်းလာသဖြင့် နယ်ခြားဌာန နိုင်ငံတော်အရေးအားဖြင့်လည်း အရေးကြီးသော တိုင်းနယ်ဒေသဖြစ်သည့်အပြင် သာသနာ တော်အားဖြင့်လည်း သာသနာတော်ဝေးကွာ ဘာသာဝါဒ ယဉ်ကျေးစွာမရှိသော တိုင်းနယ် ဒေသ နယ်ခြားဖြစ်၍ အရေးကြီးသောဌာန ဖြစ်သည်အားလျော်စွာ သာသနာတော်ပြုစုရန် မထေရ်အရှင်များ ယဉ်ကျေးအေးချမ်းစေရန် လွှတ်တော်မူရလေ၏။



ဂန္ဓာရတိုင်း တက္ကသီလမှ တူးဖော်ရရှိသော
ဗုဒ္ဓရုပ်ပွားတော် အတ္ထုပ္ပတ္တိ။

ထိုတိုင်းနိုင်ငံများသည် ရှေးအခါကစ၍ နဂါးမင်းကို ကိုးကွယ်ပူဇော်လာကြ၍ မထေရ်များ ဆုံးမသွန်သင် သာသနာဝင်ဖြစ်ကြသော်လည်း အစဉ်အလာ မပျက်ကြောင်းမှာ တရုတ်ရဟန်းတော် ဝှင်သျှင်ရောက်စဉ်အခါက သာသနာတော်နှစ် ၁,၀၀၀-ကျော်၌ပင် ၎င်းနဂါးမျိုးနွယ်ဘုရင်များ အုပ်စိုးလျက်ရှိသေး၍ ထိုစဉ်အခါက ၎င်းအနွယ် ဘုရင်မင်းကြီးမှာ ဒုဘလရာဇာအမည်ရှိ၍ ၎င်းသည် ဗုဒ္ဓဘာသာ မပစ်ပယ်သော်လည်း ဗြာဟ္မဏဘာသာ၌သာ အားသည်း၍ ၎င်းမင်းကြီး၏ မိဖုရားကြီးကား ဗုဒ္ဓဘာသာဝင် မိဖုရားကြီး ဖြစ်သည်-အားလျော်စွာ နယ်ခြား၌ တပ်ဦးများထားရှိရန် တောင်းဆိုလာသော **ကန္နောဇ္ဇပြည်ရှင် ဘုရင်ဟာသဝဒ္ဒနမင်းကြီး**ပေးအပ်သော စွယ်တော်မြတ်ကို လက်ခံပူဇော်ပြီးလျှင် ၎င်းမြို့တော် အနီးတွင် စေတီတည်ထားကိုးကွယ်တော်မူကြောင်း၊

ထို့ပြင် ၎င်းမင်း၏ မိဖုရားသည် မြို့တော်၌ ကြီးကျယ်ခမ်းနားသော ကျောင်းတော်ကြီး ဆောက်လုပ်တည်ထောင်ပြီးလျှင် ၎င်းမိဖုရား၏အမည်ဖြင့် **အနင်္ဂလေခါ**-ဟူသော အမည်ကိုစွဲ၍ **အနင်္ဂဘဝန**ဟူသော အမည်နာမကို သမုတ်မှည့်ခေါ်ကြောင်း၊ ၎င်းပြင် မင်းကြီးလည်း ဗိဿဏုဘုရားကျောင်း ဆောက်လုပ်ပြီးလျှင် ၎င်း၏အမည်ကို အစွဲပြု၍ **ဒုလဘဆွာမိ ဒုလဘသာမိ** အမည်မှည့်ခေါ် ပညတ်ကြောင်း စသည်ဖြင့် ၎င်းတိုင်းနယ်၌ ရေးသားသော ရာဇဝင်များလာသည့်အတိုင်း ၎င်းမင်းကြီးသည် ဗုဒ္ဓဘာသာတရားတော်ကိုလည်း ပစ်မထားဘဲ ကိုးကွယ်ဆည်းကပ်ခြင်း ရှိသည်ဟု မှတ်သားအပ်၏။

ထိုစဉ်အခါက မြို့တော်မှာ အသောကမင်းတရား၏ ရှေးအဆက်အနွယ် ဘုရင်များ တည်ထောင်ခဲ့၍ အသောကမင်းတရားကြီး ထပ်မံပြုပြင်တည်ထောင်သည်-ဟု ရေးသားကြသော ယခုတိုင်ထင်ရှားသော **သီရိနဂရ**မြို့တော်ဖြစ်၍ နောက်အခါ၌ စိုးစံအုပ်ချုပ်သော ဘုရင်များလည်း ၎င်းတို့အမည်အားဖြင့် ခေါ်ဝေါ်သမုတ်စေကာမူ ထိုဘုရင်တို့၏ ခေတ်မျှသာ တွင်၍ နောက်နောက်ခေတ် အစဉ်အလာမှာကား ရှေးအမည်နာမ သီရိနဂရ-ဟူသော အမည်သည်သာ ထင်ရှားခဲ့လေ၏။

ထိုတိုင်းသို့ တရုတ်ရဟန်းတော် ရောက်လာစဉ် အခါကလည်း ၎င်း၌များစွာသော ကျောင်း, ဘုရား, စေတီတော်များ ထင်ရှားရှိနေသေး၍ ရှေးကပြုစုတည်ထောင်ခဲ့သော သာသနာတော် အဆက်မပျက်သေးဘဲ တည်ရှိနေစဉ်ဖြစ်သဖြင့် သာသနာ့နိုင်ငံတော်ပင် ဖြစ်စေကာမူ ထိုရဟန်းတော် ဤနိုင်ငံသို့ဝင်ရောက်လာရာ ရှေးဦးစွာ ဥသက ဟုသျှက အမည်ရှိသော မြို့သို့ရောက်၍ ၎င်းအမည်ရှိ ကျောင်းတိုက်ကြီး၌ ဝင်ရောက်တည်းခိုခဲ့ရကြောင်း ရေးသားသည်ကို ထောက်ထားသဖြင့် ၎င်းဟုသျှက ဥသကသည် မဟာသံဂိတိ-ဂိုဏ်း သာသနာပြုမင်းကြီးဖြစ်သော **ကနိသျှက ကနိသက** ဘုရင်မင်း၏ညီတော်ဖြစ်၍

ဤကျောင်းတိုက်လည်း ၎င်းတည်ထောင်သော ကျောင်းတိုက်ဖြစ်သောကြောင့် မဟာ-
သံဃိတိ အဆက်အနွယ် သာသနာဝင်ထေရ်အရှင်များ၏ ကျောင်းတိုက်အာဝါသသာ
ဖြစ်ကြောင်း၊ မင်းတရားကြီးလက်ထက် မဇ္ဈန္တိကမထေရ်ပြုအပ်သော သာသနာတော်ကား
ထိုအခါ၌ ထိုတိုင်းများတွင် ထင်ရှားမရှိတော့ကြောင်း မှတ်သားအပ်၏။

သို့သော်လည်း မြတ်စွာဘုရား ဟောကြားတော်မူအပ်သော မဂဓတိုင်းသားတို့
ပြောဆိုကြသော ဘာသာဖြစ်သည့် ပါဠိဘာသာ, ကျမ်းဂန်, ပိဋကတ်စာပေများကား
ယောနကတိုင်းဖွား ဘုရင်မင်းတရား မိလိန္ဒလက်ထက်တိုင် ထွန်းကား၍ ထိုမင်းတရားကြီးနှင့်
**အရှင်နာဂသေနမထေရ်မြတ်တို့** မေး, ဖြေအပ်သော အကြောင်းအရာများ ပါဠိဘာသာ
အားဖြင့် မှတ်သားလေ့ကျက် ယခုထက်တိုင် ထင်ရှားရှိသောကြောင့် အသောကမင်းတရား
ကြီးလက်ထက်က အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် စေလွှတ်အပ်သော သာသနာပြုများမှ
ဆင်းသက်ဆောင်ယူလာခဲ့ကြသော ပိဋကတော်များ မဂဓဘာသာအားဖြင့် ထင်ရှား
ရှိသေးကြောင်း၊ ထိုမိလိန္ဒမင်းတရားကြီးကား သာသနာတော် အနှစ် ၄၀၀-ကျော်မှာ
ဖြစ်ကြောင်းမှတ်သားကြ၍ ကနိသကဘုရင်မင်း ပြုစုအပ်သော သာသနာသည်ကား
သကတဘာသာဖြစ်သဖြင့် မိလိန္ဒမင်းကြီးနောက် ခေတ်ပြောင်းလဲကာ မဟာသံဃိတိဂိုဏ်း
သာသနာသည် ထိုတိုင်းနိုင်ငံတို့၌ တွင်ကျယ်လာသည်ဟု မှတ်သားအပ်ကုန်၏။

၎င်းပြင် ဤတိုင်းနိုင်ငံများ၌ကား အနှံ့အပြားပင် မဟုတ်သော်လည်း မြတ်စွာဘုရား
လက်ထက်တော်ကပင် သာသနာအစဉ်အဆက် ရောက်ရှိကြောင်း၊ **မဇ္ဈိမပဏ္ဏာသ ဓာတုဝိ**
ဘင်္ဂသုတ် ဒေသနာတော်နှင့် အဋ္ဌကထာတို့၌ ဖွင့်ပြသည်တို့ကို ထောက်ထားခြင်းအားဖြင့်
ပက္ကုသာတိမင်းကြီးသည် ဂန္ဓာရတိုင်းမှ မြတ်စွာဘုရားကို ရည်မှန်း၍ ရဟန်းပြုခြင်း, **အရှင်**
မဟာကပ္ပိနသည် ၎င်းဂန္ဓာရတိုင်းအနီးဖြစ်သောတိုင်းမှ မြတ်စွာဘုရားတရားတော်ကို
နာယူရ၍ ဘုရားရှင်ကိုရည်မှန်း၍ တောထွက်လာကာ ဘုရားရှင်နှင့်တွေ့၍ ရဟန်းပြုခြင်း
စသည် ဘုရားရှင်လက်ထက်တော်က သာသနာ့တိုင်းနယ်များပြဆိုရာ ဒုတိယအပိုင်း၌
ရေးသားပြဆိုခဲ့လေပြီ။

၎င်းပြင်လည်း ဤကသ္မီရတိုင်း၌ အသောကမင်းတရားကြီး စိုးမိုးအုပ်ချုပ်သော
ခေတ်အခါမှ နောက်ကာလများမှာ နိုင်ငံတစ်ပါးမင်းများတို့ မကြာမကြာ ဝင်ရောက်တိုက်
ခိုက် နယ်ပယ်တို့ကို သိမ်းပိုက်ခဲ့သဖြင့် ၎င်းတို့အာဏာတန်ခိုး လွှမ်းမိုးစေရန် မြို့သစ်,
ရွာသစ်များ တည်ထောင်ကြလျက် ၎င်းတို့အမည်အားဖြင့် မှတ်သားကြသည် အားလျော်စွာ-

ဟူသျှကပူရ, ကနိသကပူရ, ပဒမပူရ, အဝန္တိပူရ-စသော မြို့ပြအများနှင့် မှတ်သား
ဖွယ်ရာများ ရေးသားကြသော်လည်း ဤဗုဒ္ဓနိုင်ငံ သာသနာတော်နှင့် မသက်ဆိုင်သော

ကြောင့် ၎င်းတို့ကိုမရေးသားဘဲ သာသနာတော်ဖြစ်ပွားသော အကြောင်းအရာများသာလျှင် ရေးသားအပ်ကုန်၏။

ဤမျှဖြင့် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ် စေလွှတ်ပြုစုအပ်သော ကသ္မီရတိုင်းနယ် သာသနာ အဆက်အနွယ်ကား နှစ်ပေါင်း ၅၀၀-မျှ တည်ထွန်းပြီးနောက် မဟာသံဃိတိ သာသနာရောက်၍၊ ၎င်းဂိုဏ်းနှင့် ၎င်းသာသနာကို နောက်အဆက်အနွယ် မင်းများ အားပေးပြုစု တည်ထောင်မှုကြောင့် တရုတ်ရဟန်းတော်များ ဗုဒ္ဓနိုင်ငံတော်တို့သို့ လှည့်လည်ကာ သာသနာတော်နှင့်စပ်သော ဗဟုသုတ ဗုဒ္ဓအယူဝါဒတို့ကို စုံစမ်းရှာဖွေကြသော အချိန်အခါ သာသနာနှစ် ၁,၀၀၀-ကျော်အောင် တည်ရှိလျက်နေကြောင်း အကျဉ်း-ချုပ်အားဖြင့် မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## ကနိသက မင်းဆက်နှင့် မဟာသံဃိတိဂိုဏ်း သာသနာ

ဤကသ္မီရတိုင်း၌ မဟာသံဃိတိဂိုဏ်းသာသနာကို တိုးတက်ထွန်းကားရန် အားထုတ်ပြုစုသော မဟာသံဃိတိဂိုဏ်း သာသနာပြု **သကဘုရင် ကနိသကမင်းကြီး** လက်ထက်မှစ၍ မဟာသံဃိတိသာသနာ ပြန့်ပွားထွန်းကားလျက် ၎င်းမင်းမှစ၍ ဆက်လက် စိုးစံကြသော အဘိမန္နျု-စသော ၃၁-ဆက်သော မင်းများတို့တွင်-

**၁။ အဘိမန္နျု** **၂။ ဂေါနဒ္ဓ** **၃။ ဝိဘိသန (၁)**

**၄။ ဣန္ဒြဇိတ** **၅။ ရဝဏ** **၆။ ဝိဘိသန (၂)**

ဤ ၆-ဆက်သောမင်းတို့ကား အဆက်အနွယ်အားဖြင့် ဗုဒ္ဓဝါဒအယူရှိကြ၍ အထူးရေးသား ဖော်ပြခြင်းမရှိဘဲ ၇-ဆက်မြောက် နာရဘုရင်လက်ထက်၌မှာမူ ၎င်းသည် ဗုဒ္ဓဘာသာ တရားတော်ကို မလေးစားဘဲ များစွာသော စေတီပုထိုး, ကျောင်း, အာရာမ် များကို မီးရှို့ဖျက်ဆီးကြောင်း၊ ၎င်းတိုင်းနယ် ရာဇဝင်များ၌ ရေးသားကြကုန်၏။

သို့ပင် ဖျက်ဆီးငြားသော်လည်း သာသနာတော်ကြီးကား မပျက်စီးဘဲ တခါတရံသာ နိမ့်ကျ အဖျက်ဆီးခံရ၍ ၎င်းနိုင်ငံ၌ မင်းများလည်း တခါတရံ နိုင်ငံတစ်ပါးမင်းများ အုပ်ချုပ်ကာ, တခါတရံကား တိုင်းရင်းသား မိလက္ခမင်းမျိုးတို့ စိုးမိုးအုပ်ချုပ်ကြရာ ၎င်းတို့ မင်းဆက်များအနက် ၂၈-ဆက်မြောက် မေဃဝါဟနမင်းတရားကြီး ဆက်ခံစိုးအုပ်စဉ် ဗုဒ္ဓသာသနာ-တော်ကို ကြည်ညိုလေးစား ဘုန်းသမ္ဘာကြီးမားသော ဘုရင်မင်းတရားကြီးဖြစ်၍

ၛင်းမင်းတရားကြီး၏နိုင်ငံကား လက်ာဒီပသို့ရောက်အောင်ပင် ကျယ်ပြန့်လျက် အထူးအားဖြင့် ၛင်းမင်းကြီး၏ နိုင်ငံ၌ကား သားသတ်ခြင်း, ညှဉ်းဆဲနှိပ်စက်ခြင်းများ အလျင်းမရှိရ ပိတ်ပင်တားမြစ်သည့်အပြင် များစွာသော ကျောင်း, ဘုရား, စေတီပုထိုးများ ရှေးဗုဒ္ဓဘာသာမလေးစားသောမင်းများ ဖျက်ဆီးခဲ့သည်များကို ထပ်မံပြုပြင် ဆောက်လုပ်ကြောင်း၊ ၛင်းမင်းကြီး၏မိဖုရားကြီးလည်း မင်းကြီးအတူ သာသနာတော်ကို အလွန်ကြည်ဖြူကာ များစွာသော ကျောင်း, အာရာမ်များ ဆောက်လုပ်လှူဒါန်းလျက် ပစ္စည်း ၄-ပါးထောက်ပံ့ကာ များစွာသော ရဟန်းသံဃာတော်များ သီတင်းသုံးစေတော်မူကြောင်း ကလျာဏပဏ္ဍိတ စီရင်ရေးသားသော ၛင်းနိုင်ငံရာဇဝင် ရာဇတရင်္ဂိနီကျမ်း၌ ရေးသားဖော်ပြ၏။

ဤရာဇဝင် မှတ်သားကြသည်နှင့်အညီ ဤမင်းကြီးလက်ထက်၌ သာသနာတော်တိုးတက်ထွန်းကားလာ၍ ၛင်းမင်းတရား၏သားတော် သေဋ္ဌသေနမင်းနှင့် ၛင်းမင်းဆက်ဟိရညတို့ ဆက်ခံကာ ဗုဒ္ဓသာသနာတော်ကြီးကို ဆက်လက်ပြုစုကြပြီးနောက် ၛင်းတိုင်းနိုင်ငံ၌ မိတြိဂုတ္တမည်သော အဝန္တိမင်းမျိုးများ ဝင်ရောက်ထီးနန်းဆက်ခံအုပ်စိုးကြရာ ၛင်းတို့၏ အကြောင်းအရာကို ထင်ရှားစွာဖော်ပြခြင်းမရှိသဖြင့် မထင်ရှားကုန်။

ထိုကသ္မီရတိုင်းသား မင်းမျိုးများနှင့် စပ်လျဉ်း၍ ဝှင်သျှင်ရောက်လာစဉ်က ၛင်း၌ အုပ်ချုပ်စိုးစံသည့်မင်းကား နောက်ကရေးသားခဲ့ပြီး ဒုလဘမင်းကြီးဖြစ်၍ တိုင်းရင်းသားကိရာတမိလက္ခမင်းမျိုးဖြစ်ကြောင်း ဖော်ပြရေးသားသည်နှင့်အညီ ထိုရဟန်းတော်ရောက်စဉ် သာသနာတော် အနှစ် ၁၀၀၀-ကျော်၌ ကျောင်း, ဘုရား, စေတီများနှင့် ရဟန်းသံဃာများ များစွာရှိသည့်အပြင် မင်းကြီးနှင့်တကွ မိဖုရားကြီးတို့ ဗုဒ္ဓသာသနာတော်ကို ကြည်ညိုလေးမြတ်ကြ၍ တိုင်းသူ, ပြည်သားအားလုံးတို့သည် သာသနာတော်ကို ရိုသေကိုင်းရှိုင်းကြသဖြင့် စေတီ, ပုထိုး, ကျောင်း, ဘုရားတို့ ပေါ်များကြကြောင်း, ၛင်းမိလက္ခမင်းမျိုးမှာ သာသနာပြုမထေရ်များ ရောက်စဉ်က နဂါးကိုးကွယ်သော မင်းမျိုးအဆက်အနွယ်များဖြစ်ကြောင်း မှတ်သားကြကုန်၏။

✪ ✪ ✪ ✪ ✪

## ကသ္မီရတိုင်း၌ အာဒိစ္စမင်းမျိုးများ အုပ်စိုး၍ သာသနာပြုကြောင်း

ထို့ပြင် ၛင်းမင်းမျိုးများနောက် ဆက်ခံကြသောမင်းမျိုးဖြစ်သည့် ပရတာပါဒိစ္စ, လလိတာဒိစ္စ စသော အာဒိစ္စဝံသအနွယ် ဖြစ်ကြကုန်သောမင်းများလည်း ဗုဒ္ဓသာသနာတော်ကို များစွာကြည်ညိုကြ၍ ကျောင်း, ဘုရား, စေတီပုထိုးများ ထပ်မံတည်ထောင် ပြုစုကြ-

ကြောင်း၊ ၎င်းပြင် ၎င်းမင်းများလည်း ၎င်းတို့၏အထိမ်းအမှတ်အားဖြင့် **ပရိဟာသပူရ** မြို့တော်ကိုလည်း တည်ထောင်ဖန်ဆင်းပြီးလျှင် ၎င်း၌လည်းစေတီပုထိုး အများ တည်ထား ကိုးကွယ်ကြကြောင်း၊ ၎င်းတို့၏အဆက် မြေးတော်ဇယပိဒမင်းသည်လည်း ရေအိုင်ကြီး အလယ်၌ ဇယပူရခေါ် အတွင်းမြို့တော် တည်ထောင်ဖန်ဆင်းလျက် ကျောင်း, ဘုရား, စေတီပုထိုးများလည်း တည်ထားကြောင်း မှတ်သားကြကုန်၏။

၎င်း**ပရိဟာသ**မြို့တော်နှင့်စပ်လျဉ်း၍ ထူးထွေသော အကြောင်းအရာများ ရေးသားကြသည်မှာ ၎င်းမင်းဆက်များ စိုးစံကြပြီးနောက် အနှစ် ၁၀၀-လောက်တွင် ထိုတိုင်း၌ **သံကရဝမ္မ**မည်သော ဘုရင်မင်းသည် **ပရိဟာသပူရ**မြို့ဟောင်းမှ ရွှေ့ပြောင်း လျက် သူ၏အမည်အားဖြင့် **သံကရပူရ**ခေါ် မြို့တော်သစ် တည်ထောင်ဖန်ဆင်းရာ အဆောက်အဦး ကျောက်တုံးများ ဖြိုဖျက်ယူဆောင်သော်လည်း ၎င်းမြို့တော်၌ လလိတာဒိစ္စ **မင်းတရားကြီး** တည်ထားပြုစုခဲ့သော အလွန်မြင့်မားသည့် အလွန်တင့်တယ်ဆန်းကြယ်သော ဘုရားကျောင်းတော်ကြီးများ, ပုထိုးတော်ကြီးများ စသောကောင်းမှုတော်များ ကြွင်းကျန် ရစ်၍ ၎င်းနောက်နှစ်ပေါင်း ၆၀၀-လောက် ရောက်သောအခါ ၎င်းတိုင်း၌ မဟာမက် အယူများ လွှမ်းမိုးလာခဲ့ရာ ၎င်းအယူဝါဒရှိသော **ဆိုကန်ဒါရ်**မင်းသည် ၎င်းပုထိုးတော်ကြီးကို ဖြိုဖျက်ရာ၌ ရွှေပြားဖြင့် ရေးသားထားသော မှတ်တမ်းကိုတွေ့ရကြောင်း၊ ၎င်းတိုင်းနယ် ဘာသာအားဖြင့် ရေးသားသည့်အဓိပ္ပါယ်မှာ---

ဤပုထိုးတော်ကြီးကား လလိတာဒိစ္စမင်းတရား တည်ထားပြုစုတော်မူသည်။ ဝေါဟာရနှစ် ၁၁၀၀-မှာ **သိကန်ဒါရ်** မည်သောသူသည် ဤဘုရားကျောင်းတော်ကြီး ကို ဖြိုဖျက်လတ္တံ့-

ဟု အလွန်ထူးဆန်းစွာ တွေ့ရှိရကြောင်း, မဟာမေဒင်ဆရာကြီး အဗ္ဗုဖဇရ် ရေးသား ကြောင်း, ရှေးဟောင်းပထဝီဝင်ဆရာကြီး ကာနင်ဂဟန်မှတ်သား၍ ၎င်းတိုင်းနယ်မှာ မဟာမက်ဘာသာ လွှမ်းမိုးလာသည်တိုင်အောင် သာသနာတော်နှင့်ဆိုင်သော အဆောက် အဦးများ ထင်ရှားရှိသေးကြောင်း မှတ်ယူအပ်၏။

ဤသို့ ကသ္မိရတိုင်းနယ်ကြီး၌ အသောကမင်းတရားကြီးလက်ထက် အရှင်မဟာ မောဂ္ဂလိပုတ္တတိဿမထေရ်မြတ် စေလွှတ်အပ်သော **အရှင်မဇ္ဈန္တိက**မထေရ် အမှူးရှိသော သာသနာပြုမထေရ်တို့၏ ထေရဝါဒ သာသနာ့နိုင်ငံတော်သည် နှစ်ပေါင်း ၁၀၀-ကျော် အောင် တည်ရှိပြီးနောက် မဟာသံဃိကဂိုဏ်းသာသနာကား အနှစ်-၁၀၀၀, ၁၀၀၀-ကျော် အောင် တည်ထွန်းကာ များစွာသော ကျောင်း, ဘုရား, စေတီပုထိုးများ တိုးတက်ပြန့်ပြော ကာ ထင်ရှားသော သာသနာ့တိုင်းနိုင်ငံတော်ကြီးဖြစ်ဖူးကြောင်း, ရှေးဟောင်းကျောက်စာ

တို့ဖြင့် ထင်ရှားသည့်အပြင် ယခုအခါတိုင်အောင်လည်း ရှေးဟောင်း ဗုဒ္ဓဘာသာ စေတီပုထိုးဟောင်းများ ထင်ရှားရှိသေးကြောင်း, ၎င်းကသ္မီရတိုင်းနယ်၊ ပက်သျှဝါမြို့ ရှေးဟောင်း စေတီတော် ၁-ဆူမှ ဓာတ်တော်များကို ရရှိ၍ အိန္ဒိယနိုင်ငံဘုရင်ခံချုပ်မင်းသည် မြန်မာနိုင်ငံ ဘုရင်ခံမင်းထံ ပေးအပ်သဖြင့် မြန်မာတိုင်းသားတို့သည် ၎င်းသရီရဓာတ်တော်များကို ကြီးကျယ်ခမ်းနားစွာ ဘုရင်ခံမင်းနှင့်တကွ ကြိုဆိုဧည့်ခံပြီးလျှင် မန္တလေးတောင်သို့ ပင့်ဆောင်တော်မူပြီး ကိုးကွယ်ကြလျက် ရသေ့သူတော်မြတ် ဦးခန္တီတည်ဆောက်သော ဓာတ်တော်တိုက်ကြီးတွင် တည်ရှိကိန်းဝပ်တော်မူသဖြင့်, ဤ(ကသ္မီရတိုင်း)နိုင်ငံမှာ သာသနာတော် အဆောက်အဦးများ ယခုတိုင်အောင်တည်ရှိ ကြွင်းကျန်သေးကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ဂန္ဓာရတိုင်းသာသနာ, တက္ကသီလမြို့တော်

အရှင်မဇ္ဈန္တိကမထေရ်မြတ် သာသနာပြုတော်မူစဉ်က ဤဂန္ဓာရတိုင်းသားများလည်း အရဝါဠနဂါးမင်းအား ကိုးကွယ်ကြသောသူများဖြစ်သဖြင့် မထေရ်မြတ်တရားတော်ကို နာယူကြရ၍ များစွာသောသူတို့ တရားထူးရကြသည့်အပြင် များစွာသောသူများလည်း ရဟန်းပြုကြ၍ သာသနာတော်ထွန်းပသော သာသနာ့နိုင်ငံတော်ဖြစ်ကြောင်း ထင်ရှားသောကြောင့် ဤတိုင်းနိုင်ငံ၏ မြို့တော်ဖြစ်သော တက္ကသိုလ်မြို့တော်ကြီးသည်လည်း ရှေးနိပါတ်တော် အစဉ်အလာ ရာဇဝင်ဆက်ပေါင်းများစွာတို့၌ အထူးထင်ရှားသည့်အားလျော်စွာ ဗုဒ္ဓဘာသာဟူသမျှ တက္ကသီလမြို့တော်၏အမည်ကို မသိသူမရှိသလောက်ဖြစ်၍ ဗုဒ္ဓဘာသာကျမ်းစာများ၌ ကျော်ကြားသည့်အတိုင်း သာသနာ့နိုင်ငံတွင် ထွန်းပသောမြို့တော်ဖြစ်ကြောင်း မှတ်သားအပ်၏။

ဤဂန္ဓာရတိုင်း၌ မြတ်စွာဘုရားလက်ထက်တော်ကပင် သာသနာ့နိုင်ငံတော်ဖြစ်ခဲ့ကြောင်း*(ကို)* ပက္ကုသာတိမင်းကြီး, မဟာကပ္ပိနမင်းကြီးတို့၏ ဝတ္ထုတို့ကို ထောက်ထား၍ ရေးသားခဲ့ပြီး ဖြစ်သည့်အတိုင်း အထူးရေးသားရန် မလိုသော်လည်း အသောကမင်းတရားကြီးလက်ထက် ပြုစုသော သာသနာတော်နှင့်စပ် ရေးသားအပ်သဖြင့်-

၎င်းသာသနာသည် မည်မျှကြာအောင် တည်ရှိသည်၊

- မည်သို့ တည်ရှိသည်၊

- မည်သည့်ကာလ မည်သို့ဖြစ်ပွားသည် စသည်-

အမေးပြဿနာများ ဖြေကြားရန် တာဝန်ရှိသည်အားလျော်စွာ ၎င်းတို့နှင့်စပ်သော အကြောင်းအရာများ ထင်ရှားအောင် ရေးသားရပေမည်။

ဤတက္ကသိုလ်မြို့တော်ကြီးသည် မင်းတရားကြီးလက်ထက်၌, ဘိုးတော်စန္ဒဂုတ္တမင်းတရားကြီး လက်ထက်မှစ၍ယောနကတိုင်းသားဂရိတ်များနှင့် နိုင်ငံအရေးရှုပ်ထွေးလာလျက် ယောနကတိုင်းသားများအတွက် မဇ္ဈိမတိုင်းနယ်များသို့ ချဉ်းနင်းဝင်ရောက်ရန် အချက်အချာဖြစ်သော မြို့တော်ဖြစ်သည်အားလျော်စွာ, နိုင်ငံရေးအားဖြင့်လည်း အရေးကြီးသောမြို့ဖြစ်သည့်အပြင် မင်းတရားကြီး ကိုယ်တိုင်ပင်လျှင် မင်းသားဖြစ်စဉ်က ဂန္ဓာရတိုင်း ဤမြို့တော်ကြီး၌ ဘုရင်ငယ် အရိုက်အရာ အဆောင်အယောင်ဖြင့် ဘုရင့်ကိုယ်စား အုပ်ချုပ်စိုးစံခဲ့ဖူး၍ ဤတိုင်းနယ်ကား-

- **လူမျိုးရေးအားဖြင့်လည်း** တိုင်းနိုင်ငံခြား လူမျိုးများနှင့် ဆက်ဆံ၍ အနိုင်နိုင်ငံမှ ရောက်လာကြသော လူအများတို့၏ နေရာဌာနဖြစ်၍ အရေးပါအရာရောက်သည့် မြို့တော်ဖြစ်သည့်အတိုင်း-

- **သာသနာရေးအားဖြင့်လည်း** များစွာသောနိုင်ငံများ စုပေါင်းဝင်ရောက်ရာဌာနဖြစ်သောကြောင့် များစွာသောနိုင်ငံနှင့် များစွာသောလူမျိုးများသို့ ပျံ့နှံ့စေရန် အချက်အချာဌာနကြီး ဖြစ်သည့်အလျောက် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်နှင့် မင်းတရားကြီးတို့ သတ်မှတ်ရွေးချယ်တော်မူကြလေ၏။ ၎င်းပြင် (ဤတိုင်းနယ်ကား ဆိုခဲ့ပြီးသော တိုင်းရေး, ပြည်ရေး, သာသနာတော်အရေးတို့အပြင်)-

- **ပစ္စည်းဘဏ္ဍာတော် အရေးအားဖြင့်လည်း** အရေးကြီးသော မြို့တော်ဖြစ်ကြောင်း ရေးသားကြသည်မှာ ဘိုးတော်စန္ဒဂုတ္တမင်းကြီးသည် ချဉ်းနင်းဝင်ရောက်လာကြသော ယောနကတိုင်းသား ဂရိတ်များကို တွန်းလှန်ပြီးနောက် ဗိန္ဒုသာရမင်းကြီးလက်ထက်၌လည်း ဆက်လက်စိုးမိုးအုပ်ချုပ်နေစဉ် ပုန်ကန်ခြားနား၍ သားတော်အကြီး သုသိမကို ဆင်, မြင်း, ဗိုလ်ပါ မြောက်များစွာနှင့် တက္ကသီလမြို့တော်သို့ ချီတက်စေရာ အရေးတော် မသာသောကြောင့် ဆုတ်ခွါခဲ့ရာ **အသောကမင်းသားအား** အလုံးအရင်း ဆင်, မြင်း, ဗိုလ်ပါမြောက်များစွာနှင့် တဖန်ချီတက်စေရာ ထိုတိုင်းသူပုန်သူကန်တို့သည် သစ္စာတော်ကို ခံယူကာ ၂-**ကောသခွဲခန့်** ခရီးသို့တိုင်ရောက်အောင် ချေင်စွာလာ၍ ခရီးဦး ကြိုကြသည့်အပြင် အသောကမင်းတရား ထီးနန်းသိမ်းပိုက်တော်မူသောအခါ၌လည်း ၃၆-ကုဋေသော ဘဏ္ဍာတော်ငွေများ ဆက်သကြောင်း ၎င်းမှတ်တမ်းများ၌ ရေးသားမှတ်သားကြကုန်၏။

ၑင်းပြင်လည်း ဤမြို့တော်အမည်နှင့် စပ်လျဉ်း၍ မှတ်တမ်းများ၌ ရေးသားကြသည်မှာ ဤမြို့တော်ကား မြတ်စွာဘုရားအလောင်းတော်သည် ရှေးအဖြစ်ပေါင်းများစွာသောဘဝတို့၌ အထောင်မက များလှစွာသော ဦးခေါင်းတို့ကိုဖြတ်လျက် မငဲ့ကွက် မတွန့်တိုဘဲ လှူခဲ့ဖူးသော နေရာဌာနနှင့် မြို့တည်သဖြင့်-

တက္ခ-သိရ

ၑင်းမှ တက္က-သိရ

ၑင်းမှ တက္က-သိလ-

ဟုပြောင်းလဲလာကြောင်း၊ အသောကမင်းတရားသည် ၑင်းမြို့တော်၏မြောက် ၂-ကောသလောက်တွင် ဘုရားအလောင်း ဦးခေါင်းတော်ပေးလှူရာဌာနသတ်မှတ်ကာ ကြီးစွာသော စေတီတော်ကြီး တည်ထားကိုးကွယ်သည့်အပြင် များစွာသော ကျောင်းတော်ကြီးများလည်း ဆောက်လုပ်လှူဒါန်းတော်မူကြောင်း မှတ်သားကြသဖြင့်လည်း အသောကမင်းတရားကြီးသည် အရေးပါအရာရောက်သည့် ကိုယ်တိုင်သာသနာတော်မြတ် ချီးမြှောက်တော်မူသောတိုင်းနယ်ဖြစ်သည်ဟု ဆိုအပ်ကုန်၏။

ထို့ပြင် ဤမြို့တော်နှင့် မြို့တော်ထက်ဝန်းကျင် မြို့, ရွာ, နိဂုံးများ၌လည်း မင်းတရားကြီးအကြောင်းပြုကာ သာသနာတော်ထွန်းကား၍ ကျောင်း, ကန်, ဘုရားများလည်း အခြားနယ်များထက် ပေါများကြောင်း,

မဇ္ဈိမဗုဒ္ဓနိုင်ငံတော်သို့ သာသနာတော်နှင့်စပ်သော ဗဟုသုတရှာမှီးတော်မူကြရန် တရုတ်နိုင်ငံမှ လာရောက်တော်မူကြသော ရဟန်းတော် ဖာဟိုင်နှင့် ဗဟုသုတပညာ အထူးစုံလင်၍ မဇ္ဈိမဒေသမှ ပိဋကတ်တော်များစွာတို့ကို တရုတ်ဘာသာသို့ ပြန်ဆိုရေးသားတော်မူသော ရဟန်းတော် ဝှင်သျှင်တို့ လာရောက်ကြစဉ်က ဤတိုင်းနိုင်ငံများ၌ အထူးသဖြင့် များလှစွာ ကျောင်း, ဘုရား, စေတီများ တွေ့ရှိရကြောင်း,

ၑင်းရဟန်းတော်များ၏ မှတ်တမ်းများ၌ဆိုသဖြင့် ၑင်းရဟန်းတော်တို့သည် သာသနာနှစ် ၉၀၀-ကျော်နှင့် ၁၀၀၀-ကျော်တို့၌ ဖြစ်သဖြင့် မင်းတရားပြုစုတော်မူသော သာသနာတော်မှ အစပြု၍ သာသနာအဆက် အနှစ် ၁၀၀၀-ကျော်အောင် ထွန်းကားလျက်ရှိကြောင်း,

သို့ရာတွင် ထေရဝါဒသာသနာကား နောက်ခေတ်များ၌ ပြောင်းလဲကာ များသောအားဖြင့် မဟာသံဂိတိဂိုဏ်း ထွန်းကားကြောင်း- မှတ်သားယူဆကြကုန်၏။

ဤမြို့တော်ကြီးကို မှီငြမ်းပြုကာ သာသနာတော်ထွန်းကားကြောင်း ၎င်းနယ်ပယ်ဆိုင်ရာ ထိုရဟန်းတော်များ၏ မှတ်တမ်းအားဖြင့် ထင်ရှားသည့်အပြင် ၎င်းတိုင်းနယ်၌ ကိုယ်တွေ့ ဗဟုသုတနှင့်စပ်၍ အထူးမှတ်သားချက်တစ်ရပ်မှာ မြတ်စွာဘုရားအလောင်းတော်သည် ပါရမီတော် ဖြည့်စဉ်အခါက ၎င်း၏ကိုယ်ကို အစာမစားရ၍ အားပြတ်နေသော ကျားငတ်ကြီး တစ်ကောင်အား သဒ္ဓါတရားထက်သန်စွာနှင့် အစာကျွေး လှူဒါန်းခဲ့သောနေရာ၌ စေတီတော်ကြီးတစ်ဆူတည်ထား၍ ၎င်းတိုင်းနယ်သူများအပြင် အနီးအနားတိုင်းနိုင်ငံများမှလည်း လာရောက်ပူဇော်ကြ၍ အထက်က ဖော်ပြခဲ့ပြီး **တက္ကသီရစေတီတော်ကြီး**ကဲ့သို့ပင် ထင်ရှားကြောင်း-

၎င်းစေတီတော်မှာ ၎င်းတရုတ်ရဟန်းတော် ခရီးသည်အ**ရှင်ဖာဟိုင်**နှင့် အရှင်ဝှင်သျှင်တို့ ဖော်ပြသည့်အပြင် ရှေးဟောင်းကျောက်စာနှင့် ပထဝီဝင်ဆရာကြီး **ကာနင်ဂဟန်**သည် ၎င်းစေတီ၏ တည်ရာဌာနဖြစ်သော **မနိကပူရ** မြို့တော်နှင့် **မာနိစာလ** စေတီတော်ကြီးအကြောင်း ရေးသားရာ၌ မနိကမည်သောမင်းကြီး တည်ထောင်သောမြို့ဖြစ်၍ ၎င်း၏အမည်အားဖြင့် တွင်သည့်အပြင် ၎င်းစေတီတော်မှာလည်း ၎င်းမင်းကြီး၏အမည်ကို အခြေပြုကာ **မနိစာလစေတီတော်**ဟု ခေါ်တွင်ကြောင်း-

စသည်ရေးသားဖော်ပြသဖြင့် ၎င်းမနိကပူရမြို့မှာလည်း တက္ကသီလမြို့တော်နှင့် နီးကပ်သော ၄-ယူဇနာမျှ ကွာဝေးသည့်မြို့ဖြစ်၍ ၎င်းဂန္ဓာရတိုင်း သာသနာမှ ပြန့်ပွားထွန်းကားသော သာသနာဖြစ်ကြောင်း-

ကောင်းစွာမှတ်ယူအပ်ကုန်၏။

၎င်းမနိစာလစေတီတော်မှာ မြို့နှင့်မနီးမဝေး ကုန်းမြင့်ကလေးမှာတည်ရှိ၍ ၎င်းဌာန၏ ပတ်ဝန်းကျင် အနီးအနား များစွာထူထပ်စုပုံလျက်ရှိသော ကောင်းမွန်ဆန်းကြယ်တင့်တယ်လှပစွာ ထုလုပ်ထားသည့် ကျောက်နံရံ, ကျောက်ပြား, ရေတွင်း, ရေကန်များကို တွေ့ရှိရသဖြင့် ၎င်းတို့မှာ သာသနာတော်ထွန်းကားစည်ပင်စဉ်က ရဟန်းတော်များ သီတင်းသုံးရာ ကျောင်းတိုက်ကြီးများ ဖြစ်မည်ဟူ၍လည်း ရေးသားသည့်အပြင် ဤတိုင်းနယ်အုပ်စိုးကြသော မင်းမျိုးတို့မှာလည်း သာသနာတော် ကြည်ညိုလေးစားသော သဒ္ဓါတရားအလျောက် ချီးမြှောက်ကြသည့်လက္ခဏာများ ထင်ရှားသောကြောင့် မင်းတရားကြီးသာသနာသည် ထိုအခါမှစ၍ နောင်အစဉ် စိမ်းလန်းကာ ဆက်နွယ်လာ၍ ၎င်းလက်ရာများသည် ယခုအခါတိုင်အောင် ထိုဂန္ဓာရတိုင်း, ကသ္မိရတိုင်းနယ်တို့၌ ရှေးဟောင်း အဆောက်အဦးများရှိသေး၍ သာသနာတော်ကြီး အကျိုးရှိအောင် ကျေးဇူးပြုသော တိုင်းဌာနဖြစ်ကြောင်း ကောင်းစွာမှတ်သားအပ်၏။

ဤမျှဖြင့် အမှတ် ၁-သာသနာပြုဌာန **အရှင်မဇ္ဈန္တိကမထေရ်ကြီးမှူးသော** သာသနာပြုအဖွဲ့အစည်း မထေရ်ကြီးများပြုကြသော ဂန္ဓာရတိုင်း, ကသ္မီရတိုင်း သာသနာဝင်ကို အကျဉ်းအားဖြင့် ဆိုခဲ့သည့်အတိုင်း မှတ်ယူအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## ၂။ မဟိံသက မဏ္ဍလ သာသနာပြုဌာန

မဟိံသက မဏ္ဍလ ဒုတိယသာသနာပြုဌာနဖြစ်သော တိုင်းနိုင်ငံများသို့ နောက်က ဖော်ပြခဲ့ပြီးသော အစဉ်အတိုင်း အရှင်မဟာရေဝမထေရ်အား တာဝန်လွှဲတော်မူ၍ ထိုမထေရ်အမှူးရှိသော မထေရ်မြတ်များ ကြွသွားတော်မူပြီးလျှင် သံဝေဂတရား ရစိမ့်သော-ငှာ ဒေဝဒူတသုတ္တန် ဒေသနာတော်ကို ဟောကြားတော်မူသဖြင့် ၄၀,၀၀၀-သော သတ္တဝါများ ဓမ္မစက္ခုမဂ်ဉာဏ်အမြင်ကို ရကြကုန်၍ ၄၀,၀၀၀-သော သူတို့ ရဟန်းပြုကြကြောင်း-

"ဂန္တွာန ရဋ္ဌံ မဟိံသံ၊ မဟာရေဝေါ မဟိဒ္ဓိကော။
စောဒေတွာ ဒေဝဒူတေဟိ၊ မောစေသိ ဗန္ဓနာ ဗဟူ။ ။"

တန်ခိုးကြီးလှ၊ ရေဝမထေရ်။
မဟိံသက၊ မြန်းကြွခဲ့သည်။
ဒေဝဒူတ၊ ဟောပြလေသည်။
နှောင်ဖွဲ့မှ၊ လွတ်ကြများစွာသည်။

ဟူ၍ အကျဉ်းမျှသာ အဋ္ဌကထာမထေရ်တို့ ရေးသားကြကုန်၏။

ထိုစဉ်အခါက မင်းတရားကြီး ပြုစုတော်မူသော သာသနာတော်မြတ်သည် ထိုမဟိံသက မဏ္ဍလတိုင်းနယ်အတွင်း၌ ၄၀,၀၀၀-မျှသောသူတို့ အမြိုက်တရား ရကြကြောင်း, ၄၀,၀၀၀-မျှသောသူတို့ ရဟန်းပြုကြကြောင်း ပြဆိုရသဖြင့် အခြေအမြစ်တည်ရှိပြီးဖြစ်ကြောင်း သိရသည့်အပြင် ထိုနယ်ပယ်တွင်မျှသာမဟုတ် အနီးအနားတိုင်းနယ်များမှလည်း ထိုမထေရ်များ၏ တရားတော်ကိုနာရ၍ အမြိုက်တရားရကြသော သူတို့တွင် ပါဝင်ကြပေလိမ့်မည်ဖြစ်၍ သာသနာတော်စက်မှာထိုနယ်ကို အရင်းထားလျက် ပြန့်ပွားထွန်းကားခဲ့မည် ဖြစ်ကြောင်း-

ထို ၄၀,၀၀၀-မျှသော ရဟန်းအရှင်မြတ်တို့သည် ၎င်းတို့တစ်ဆက်တွင်သာ တည်နေတော်မူခဲ့ကြသည်ဟု မယူဆထိုက်ကြောင်း-

ထို ၄၀,၀၀၀-မျှသော သံဃာတော်အပေါင်းနှင့် သင့်လျော်လျောက်ပတ်သော ကျောင်း, အာရာမ် အာဝါသများလည်း ထိုသည်အားလျော်စွာ ရှိခဲ့ကြမည်ဖြစ်ကြောင်း-

၎င်းပြင်လည်း ထိုဒက္ခိဏာပထတိုင်းနယ်များသို့ မြတ်စွာဘုရားလက်ထက်တော်က လည်း သာသနာတော် နှင့် စပ်လျဉ်း၍ ဗာဝရီဆရာကြီးနှင့် ၎င်း၏တပည့်များဖြစ်ကြသော **အဇိတ, တိဿ, မေတ္တယျ** အစရှိသော ၁၆-ယောက်တို့၏ နေထိုင်ရာ ဂေါဓရဂါမ် နယ်ပယ်များ ဖြစ်ကြောင်း-ကိုလည်း နောက်က ရေးသားခဲ့ပြီးဖြစ်သဖြင့် သာသနာ့အဆက်အနွယ် ဖြစ်ထွန်းခဲ့ဖူးကြောင်း ထင်ရှား၏။

၎င်းမဟိသက မဏ္ဍလ မိုက်ဆိုးရ် တိုင်းကြီးမှာ ထိုစဉ်အခါက ဒက္ခိဏာပထတောင်ပိုင်း နိုင်ငံတို့တွင်ထင်ရှားသောတိုင်းကြီးဖြစ်၍ ၎င်းတိုင်းနှင့် စပ်လျက်တည်ရှိသော---

- စောဠ မဏ္ဍလ-စောဠတိုင်း
- ဒမိလ မဏ္ဍလ-ဒြဝိဒ-ဒမိလတိုင်း
- ပဏ္ဍျ မဏ္ဍလ-ပဏ္ဍျတိုင်း

စသော တောင်စွန်းကျသော တိုင်းနိုင်ငံများသို့တိုင်အောင် သာသနာတော်အရောင် ထွန်းပြောင်တောက်ပနိုင်မည်ကို မြော်ခေါ် စဉ်းစားတော်မူသော အရှင်မဟာမောဂ္ဂလိပုတ္တ တိဿမထေရ်မြတ်နှင့် အသောကဘုရင် မင်းတရားကြီးများ၏ သာသနာ့နိုင်ငံတော် တည်ထောင်ပြုစုတော်မူကြခြင်း၏အကျိုးမှာ ၎င်းနယ်ပယ်များ၌ သာသနာတော် နှစ် ၁,၀၀၀- ကျော်အောင် တည်ရှိထွန်းကားကြောင်း တရုတ်ရဟန်းတော် အရှင်ဝှင်သျှင်တို့၏ ခရီးစဉ်မှတ်တမ်းများ၌ ထင်ရှားသည့်အပြင် ဗုဒ္ဓသာသနာနှင့်စပ်လျဉ်း၍ ရှေးဟောင်း ဗဟုသုတ ရှာဖွေကြသော ပုဂ္ဂိုလ်များမှတ်တမ်းများ၌လည်း ၎င်းတောင်ပိုင်း သာသနာ့ နိုင်ငံများအကြောင်း ထင်ရှားစွာ ရေးသားဖော်ပြကြကုန်၏။

✪ ✪ ✪ ✪ ✪

## ရဟန်းတော် ဝှင်သျှင်၏မှတ်တမ်း ကခ္ခိပူရမြို့

ဧင်းတရုတ် ရဟန်းတော်ဝှင်သျှင်သည် တောင်ဖက်ဒက္ခိဏာပထ တိုင်းနိုင်ငံများသို့ လှည့်လည်၍ ဗုဒ္ဓနိုင်ငံတို့၌ သာသနာ့ ဗဟုသုတဆည်းပူးရှာဖွေစဉ် ဒမိလတိုင်း၊ ကခ္ခိပူရမြို့တော်ရောက်၍ အဖြစ်အပျက်တစ်ခုတွေ့ဆုံရသည်မှာ ဧင်းရဟန်းတော်သည် ထိုဒက္ခိဏာပထတိုင်းများမှ ဆက်လက်ကာ လင်္ကာဒီပသီဟိုဠ်ကျွန်းသို့ ခရီးထွက်ဖို့ရန် စိတ်အကြံအစည်ဖြင့် ဤကခ္ခိပူရမြို့တော်မှာ သာသနာနှင့်စပ်သော ဗဟုသုတများရှာဖွေနေခိုက် သီဟိုဠ်ကျွန်းမှ ၃၀၀-မျှသော ရဟန်းတော်အပေါင်းတို့သည် မင်းပြောင်းမင်းလဲ တိုင်းပြည်နိုင်ငံ၏ အခက်အခဲနှင့် တွေ့ကြုံကြလျက် မငြိမ်မသက်ရှိနေသောကြောင့် ထိုကျွန်း၌ ကြည်ရွှင်ချမ်းမြေ့စွာ ပရိယတ်ပဋိပတ်တရား မပွားများနိုင်ကြသဖြင့် သာသနာတော်ထွန်းကားသော ဤကခ္ခိပူရသို့ ရောက်လာတော်မူကြ၍ အကျိုးအကြောင်း သိရသောအခါ တရုတ်ရဟန်းတော်မှာ ဧင်းမှဆက်လက်၍ သီဟိုဠ်ကျွန်းသို့ ခရီးစဉ်ရှိသည်ကို ပယ်ဖျက်ပြီးကာ ဧင်း၏အနီးအနားဖြစ်သော နယ်ပယ်များသို့ လှည့်လည်ပြီးလျှင် သမုဒ္ဒရာကမ်းခြေဖြစ်သော တိုင်းနိုင်ငံများနှင့် မဟာရဋ္ဌတိုင်းဘက်သို့ ပြန်လည်လာရကြောင်း ဧင်းတရုတ်ရဟန်းတော် ဝှင်သျှင်၏ ခရီးစဉ် မှတ်တမ်းအရ ဒက္ခိဏာပထတိုင်းနိုင်ငံများမှာ သာသနာတော် အနှစ် ၁,၀၀၀-ကျော်အောင်ပင် မင်းတရားကြီး ပြုစုတည်ထားခဲ့သော သာသနာတော်မှာ သို့စဉ်ရှည်မြင့်စွာ တည်ထွန်းလျက် ရှိကြောင်းများလည်း ကောင်းစွာမှတ်သား အပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## ဒက္ခိဏာပထတောင်ပိုင်း၌ သာသနာနှင့် စေတီပုထိုး စသည်များ

ဧင်းတောင်ပိုင်းနိုင်ငံများ၌ ထွန်းကားခဲ့သော သာသနာတော်မှာ မဟိံသက မဏ္ဍလ သာသနာပြုဌာနမှ ပြန့်ပွားရောက်ရှိလာသော သာသနာတော်ဖြစ်၍ နောက်လက်ထက်တို့၌လည်း ထေရဝါဒသာသနာသည်သာ ထွန်းကားကြောင်း၊ ဧင်းတရုတ်ရဟန်းတော် ဝှင်သျှင်၏ မှတ်တမ်းအရ သီဟိုဠ်ကျွန်းမှ ထေရဝါဒဂိုဏ်းသား ရဟန်းသံဃာတော်အများ ကခ္ခိပူရသို့ လာရောက်တော်မူကြသည်ကို ထောက်ဆသဖြင့် သိနိုင်ကြောင်း၊ ဧင်းပြင်ထိုကျွန်း၌ သံဂီတိဂိုဏ်း မဟာယာနသာသနာမရောက်ရှိဘဲ ဧင်း၌ ထေရဝါဒဂိုဏ်းကွဲမျှသာ ရှိ၍ ဧင်းကျွန်းသာသနာတော်မှာလည်း အရှင်မဟိန္ဒပြုစုသော သာသနာပင်ဖြစ်သဖြင့် နောက်အခါ၌လည်း ဧင်းကောင်ပိုင်း ဓောဠဟိုင်း, ဒမိလတိုင်းတို့မှ ထင်ရှားကျော်ကြား ပိဋကတ်

ကျမ်းဂန်တတ်မထေရ်များ ထိုကျွန်းသို့ သွားရောက်နေထိုင်ကြ၍ များစွာသောကျမ်းဂန်များ ရေးသားကြောင်း၊ ၎င်းကျွန်းပိဋကစာပေ သမိုင်းအရဖြင့်လည်း သိရကြောင်း မှတ်သားအပ်၏။

၎င်းပြင် ထိုတိုင်းနိုင်ငံတို့သို့ ရဟန်းတော် **အရှင်ဖာဟိုင်ရောက်စဉ်က** ၎င်းတောင်ပိုင်းဒေသများသို့ ခရီးအခက်အခဲတွေ့ကြုံရ၍ မရောက်နိုင်ခဲ့သော်လည်း ၎င်းဒက္ခိဏပထတောင်ပိုင်းတိုင်းနိုင်ငံများ၌လည်း သာသနာတော်ထွန်းကားလျက်ရှိကြောင်း ၎င်းမှတ်တမ်း၌ ဖော်ပြရေးသားသည့်အပြင် ရဟန်းတော်ဟ္ဝင်သျှင် ရောက်စဉ်ကလည်း ထေရဝါဒဂိုဏ်းသာသနာထွန်းကား၍ အသောကမင်းတရားကြီး တည်ထားပြုစုတော်မူခဲ့သော စေတီတော်ကြီးများ **စောဠမဏ္ဍလ စောဠတိုင်း**, **ပလ္လဝ** သို့မဟုတ် **ဒမိဠတိုင်းများ၌** ဖူးမြော်ခဲ့ရသည့်အပြင် ဒက္ခိဏပထတိုင်း တောင်စွန်းဘက်စွန်းကျသော **ပဏ္ဍုတိုင်း**, **မာလကုဋတိုင်းတို့၌** ထိုထက်ပင်လျှင် စေတီပုထိုးများ များပြား၍ ဗုဒ္ဓဘာသာသာသနာသည်လည်း နိုင်ငံရှင်ဘုရင်မင်းတို့ ကိုးကွယ်သော မင်းဘာသာတော်ဖြစ်၍ စည်ပင်ထွန်းကားလျက် ဘိက္ခုနီမအာရာမ်ကြီးများနှင့် မြို့တော်ကြီးမှာ များစွာသော သံဃာ့အာရာမ်များကို တွေ့မြင်ခဲ့ရကြောင်း၊ ထိုမှတပါး အရှင်မဟိန္ဒ တည်ထောင်ခဲ့သော မဟိန္ဒကျောင်းတိုက်ကြီးများနှင့် ၎င်းမှ အရှေ့မနီးမဝေးမှလည်း အသောကမင်းတရားကြီး အာရာမ်များ တည်ထားတော်မူကြောင်း၊ ၎င်းတို့မှာ ပျက်စီးယိုယွင်း၍ နေထိုင်သောသံဃာများကား မရှိကြောင်းများ ၎င်းတို့မှတ်တမ်းများ၌ ရေးသားဖော်ပြသဖြင့် တောင်ပိုင်းထေရဝါဒ သာသနာတော်ကား အနှစ် ၁၀၀၀-ကျော် အောင်ပင် ထင်ရှားတည်ထွန်းလျက်ရှိကြောင်း မှတ်သားအပ်၏။

ထိုမှတပါးလည်း ထိုတိုင်းနိုင်ငံများသို့ အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ် လက်ထက်တော်ကပင် ဆက်သွယ်ခြင်းရှိကြ၍ အရှင်မဟာဗုဒ္ဓဃောသသည်ပင်လျှင် နေထိုင် သီတင်းသုံးဖူးကြောင်း အရှင်မြတ်ပြုစုတော်မူသော မနောရထပူရဏီမည်သော **အင်္ဂုတ္တရ နိကာယအဋ္ဌကထာ**၊ နိဂုံးဂါထာ၌-

**အာယာစိတော သုမတိနာ၊ ထေရေန ဘဒန္တဇောတိပါလေန။**
**ကဉ္စိပုရာဒိသု အယံ၊ ပုဗ္ဗသန္တိ ဝသေနာပိ။ ။**

စသည်ဖြင့် ကဉ္စိပူရမြို့တော်၌ ရှေးကဆက်စပ်ခဲ့ဖူးသော ကောင်းမြတ်သော ပညာနှင့်ပြည့်စုံသော အရှင်ဇောတိပါလ မထေရ်မြတ် တောင်းပန်အပ်သည်ဖြစ်၍ ဤအဋ္ဌကထာ ကျမ်းကို ရေးသားပြုစုရကြောင်း, သာသနာတော် ရှည်မြင့်စွာတည်စေလိုသောဆန္ဒနှင့် ရှေးကရည်မှန်းတိုင်းသော ကျမ်းဂန်ပြီးမြောက်ခြင်းတည်းဟူသော အလိုဆန္ဒ ပြည့်စုံခြင်းကြောင့် အဋ္ဌကထာကို မနောရထပူရဏီခေါ်တွင်ကြောင်း ရေးသားဖော်ပြသည်ကို ထောက်ဆ၍ ထင်ရှားသိသာ၏။

ထိုမှတပါးလည်း အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာမြတ်တို့၏ နောက်လက်ထက် သာသနာတော် အနှစ် ၁၀၀၀-ကျော်ခေတ်မှာ ၎င်းမထေရ်မြတ် ရေးသားတော်မူအပ်သော အဋ္ဌကထာကြီးများ၏ အဖွင့်သံဝဏ္ဏနာ*(အဖြစ်)* ဋီကာကျမ်းများစွာတို့ကို ပြုစုသည့်အပြင် ၎င်းတို့မှကြွင်းကျန်သော ခုဒ္ဒကနိကာယ်၊ အဋ္ဌကထာကျမ်းပေါင်းများစွာ ပြုစုတော်မူ၍ သီဟိုဠ်ကျွန်းနှင့်တကွ ထေရဝါဒဂိုဏ်း သာသနာတော်ပျံ့နှံ့ရာ တိုင်းနိုင်ငံများ၌ အထူးကျော်ကြားသော ဒုတိယ အဋ္ဌကထာကျမ်းပြု ဆရာအရှင်ဖြစ်သော **အရှင်ဓမ္မပါလမထေရ်**သည်လည်း ဤစောဠတိုင်းသားဖြစ်ကြောင်း၊ ထိုမထေရ်မြတ်သည် ကဉ္စိပူရမြို့တော်မှာပင် သီတင်းသုံးတော်မူကြောင်း၊ ၎င်းမထေရ်မြတ် ရေးသားတော်မူအပ်သော ကျမ်းဂန်တို့ကို ထောက်ထားသဖြင့် ဤတိုင်းနိုင်ငံများ၌ ပြန့်ပွားထွန်းကားသော သာသနာမှာ ထေရဝါဒသာသနာတော်ဖြစ်ကြောင်း၊ ၎င်းပြင် စောဠတိုင်းသား မထေရ်များစွာတို့ သီဟိုဠ်ကျွန်း၌ ထင်ရှားကျော်ကြားသော ပိဋကတ်ကျမ်းဂန်တတ်မထေရ်များဖြစ်ကြ၍ များစွာသော ကျမ်းဂန်တို့ကို ရေးသားတော်မူကြောင်း သီဟိုဠ်ပိဋကတ်သမိုင်းတို့၌ ကောင်းစွာထင်ရှား၏။

ဤသို့အားဖြင့် အသောကမင်းတရားကြီးလက်ထက် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်တို့ ပြုစုတော်မူသော ဒက္ခိဏာပထတောင်ပိုင်းဌာနဖြစ်သော မဟိသကမဏ္ဍလတိုင်း သာသနာ့နိုင်ငံတော်သည် ထိုစဉ်အခါမှစ၍ သာသနာတော် အနှစ် ၁၀၀၀-ကျော် အရှင်ဓမ္မပါလမထေရ်မြတ်တို့ လက်ထက်အလွန် အခွန့်ရှည်စွာပင် တည်ထွန်းလျက်ရှိကြောင်း၊ ၎င်းမှနောက် လက်ထက်တော်၌လည်း ပရိယတ်ပြန့်ပွား၍ ကျမ်းတတ်, ဂန်တတ် ပိဋကတ်ကျွမ်းကျင်တော်မူကြသော မထေရ်အဆက်အနွယ်များ ထင်ရှားလျက်ရှိနေသေးကြောင်း ရူပသိဒ္ဓိသဒ္ဒါကျမ်းကို ရေးသားသော အရှင်ဗုဒ္ဓပိယတို့ကို ထောက်ထား၍ ၎င်းမထေရ်ရေးသားသော နိဂုံး၌-

"သိဿော ဒီပင်္ကရာချာဒ္ဒမိလ-
ဝသုမတိ ဒီပလဒ္ဓပကာသကော။

ဒမိလတိုင်းသားပညာရှိ သီဟိုဠ်ကျွန်း၌ ထင်ရှားသော မထေရ်မြတ်၏တပည့်"-

စသည်ဖြင့် အရှင်ဗုဒ္ဓပိယမထေရ်သည် ဒမိလတိုင်းသားဖြစ်သည်ဟု ဖော်ပြရေးသားသဖြင့် ၎င်းမထေရ်များ ဒမိလတိုင်းသားဖြစ်သည်မှာ ထင်ရှားကြောင်း, ၎င်းတိုင်းမှာ သီဟိုဠ်ကျွန်းနှင့် နီးကပ်လျက်ရှိနေသဖြင့်လည်း ၎င်းသာသနာမြတ်သည် ထေရဝါဒသာသနာဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

## ၎င်းသာသနာတော်မှာ ကျောက်စာဖြင့် သာ၍ထင်ရှားခြင်းအကြောင်း

ဤအထက်၌ ဆိုအပ်ခဲ့ပြီးသော စောဠမဏ္ဍလ, မဟိံသက မဏ္ဍလ တိုင်းနိုင်ငံများ၌ မင်းတရားကြီး စေလွှတ်ပြုစုတော်မူသော သာသနာတော်အကြောင်းအရာများကား မဟာဝင်, ဒီပဝင်-စသည်တို့ကို အမှီပြု၍ အဋ္ဌကထာတို့၌ ဆိုအပ်သော သာသနာဝင် အကြောင်းအရာမျှသာဖြစ်သဖြင့် အကျယ်ပင်မဆိုသော်လည်း ခိုင်လုံသော အထောက် အထားဖြင့် ၎င်းထက်ထင်ရှားသည်မှာ မင်းတရားကြီး စိုက်ထူခဲ့သော ကျောက်စာ မြောက်မြားစွာတို့ဖြစ်သည်တွင် မဟိံသက မဏ္ဍလ၌ပင်-

၁။ ဗြဟ္မဂိရိ   မဟိံသက မဏ္ဍလမြောက်ပိုင်း

၂။ သိဒ္ဓပူရ   ၎င်းတိုင်း စိတြဲဒုဂနယ်

၃။ ဇတိံ ဂရာမေဿရ ၎င်းနယ်များ၌ ကျောက်တိုင်များ စိုက်ထူထားသည့် အပြင် မင်းတရား၏အမိန့်တော် ကျောက်စာအမှတ် ၂-၌လည်း-

### အမိန့်တော် ကျောက်စာအမှတ်- ၂

**သဝတာ ဝိဇိတသိ ဒေဝါနံ ပိယသာ ပိယဒသိနေ ရညော ဧဝ မပိ ယေ စ အံ- တာ ယထာ စောဠာ ပံဍိယာ သတိယပုတော ကေရလပုတော အာ တံပပါဏိ အံတိယောဂေ နာမ ယောနရာဇာ ယေ စာပိ အညေ တသာ အံတိယောဂသာ သာမံတာ ရာဇာနော။ ။**

ဒေဝါနံ ပိယဒသီ အသောကမင်းတရားကြီးသည် မိမိ၏နိုင်ငံတော် အလုံးကဲ့သို့ အုပ်စိုးတော်မူသော တိုင်းစွန်ဖြစ်ကြကုန်သော စောဠတိုင်း, ပဏ္ဍျတိုင်း, သတိယပုတတိုင်း, ကေရလပုတတိုင်း, တံပပါဏိ တိုင်အောင်သော တိုင်းများ၊ အံတိယောဂမည်သော ယောနက မင်းနှင့် အနီးအနားတိုင်းပြည်များတို့၌ လူနှင့်စပ်သော ဆေးပင်အမျိုးမျိုး စိုက်ပျိုးတော်မူ သည်-

စသည်ဖြင့် ထိုတိုင်းနိုင်ငံများ၌ မင်းတရားကြီး၏ အာဏာပျံ့နှံ့သည် အားလျော်စွာ အမိန့်တော် တရားကျောက်စာ စိုက်ထူလျက် သာသနာပြုစုတော်မူကြောင်း ထင်ရှား၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ထေရဝါဒဂိုဏ်းဝင် သာသနာတော် အစဉ်အဆက်များနှင့် တကွ တရုတ်ရဟန်းတော်များ ရှာဖွေကြ၍တွေ့ရှိသော မြတ်စွာဘုရား၏ သာသနာတော်

ပျံ့နှံ့ရာဌာန နယ်ပယ်ဒေသများ အကြောင်းအရာများအပြင် ထေရဝါဒဂိုဏ်း အားလျော်စွာ ပိဋကတ်ကျမ်းဂန် စာပေများနှင့် ၎င်းတို့နှင့်သက်ဆိုင်သော စာပေသမိုင်း ဗဟုသုတများကို ထောက်ထားလျက် ရေးသားဖော်ပြခဲ့ပြီးသော မဟိံသကမဏ္ဍလ, ဒက္ခိဏာပထ တောင်ပိုင်း သာသနာပြုစုခြင်းနှင့် ၎င်းသာသနာတော် အဆက်အနွယ်များ ထင်ရှားတည်ထွန်းလျက်ရှိကြောင်း အခြင်းအရာအတ္တုပ္ပတ္တိမှာ ဤမျှ ဤတွင် စကားအစဉ်ဖြင့် အပြီးသတ်အပ်သတည်း။

မဟိံသကမဏ္ဍလ သာသနာပြုခဏ်း

ဤတွင် အပြီးသို့ ရောက်၏။

✪ ✪ ✪ ✪ ✪

## ၃။ ဝနဝါသီ သာသနာပြုဌာန၊ ၎င်းအစဉ်အဆက်အကြောင်း

တတိယ သာသနာပြုဌာန ဝနဝါသီတိုင်းမှာ ဒက္ခိဏာပထ အနောက်ဘက် တိုင်းနိုင်ငံများဖြစ်၍ ၎င်းတိုင်းနိုင်ငံများသို့ အရှင်ရက္ခိတမထေရ်အမှူးရှိသော ရဟန္တာမထေရ်တို့အား တာဝန်လွှဲအပ်ထားသည်နှင့်အညီ ထိုသံဂါယနာတင်သောနှစ်မှာပင် ထိုသာသနာပြုမထေရ်တို့သည် ကောင်းကင်ခရီးမှ ကြွတော်မူလျက် တိုင်း, နိုင်ငံ, မြို့, ရွာနယ်သား အားလုံးတို့အား ကြည်ညိုသဒ္ဓါတရား ပွားများစေရန် ကောင်းကင်မှနေ၍ **အနမတဂ္ဂ ပရိယာယကထာ** ကို ဟောကြားတော်မူခြင်းအားဖြင့် ဝနဝါသီ တိုင်းနိုင်ငံသားတို့အား ကြည်ညိုစေ၍ ၆၀,၀၀၀-သော သူများတို့အား မဂ်ဖိုလ်တည်းဟူသော တရားထူး အမြိုက်အရသာကို ရစေတော်မူကြောင်း, ၎င်းပြင် ၇၀,၀၀၀-သူတို့မှာ သာသနာတော်ဝင်ကာ ရဟန်းပြုကြသည့်အပြင် ကျောင်းအာရာမ်ပေါင်း ၅၀၀-ကိုလည်း တည်ထောင်ဆောက်လုပ်စေကြောင်း-

**ဂန္ဘာန ရက္ခိတထေရော၊ ဝနဝါသီ မဟိဒ္ဓိကော။**
**အန္တလိက္ခေ ဌိတော တတ္ထ၊ ဒေသေသိ အနမတဂ္ဂိယံ။ ။**

တန်ခိုးကြီးမြတ်တော်မူသော အရှင်ရက္ခိတမထေရ်သည် ဝနဝါသီတိုင်းပြည်နိုင်ငံသို့ ကြွတော်မူလျက် ကောင်းကင်ထက်မှ ရပ်တည်တော်မူကာ အနမတဂ္ဂိယ ဒေသနာမြတ်ဟောတော်မူအပ်ပြီ--

စသည်ဖြင့် အဋ္ဌကထာများ၌ ထိုတိုင်းနိုင်ငံတွင် သာသနာတော်ပြုစုတော်မူသော အကြောင်းအရာများ အကျဉ်းအားဖြင့် သာမည ရေးသားတော်မူကြလေပြီ။

ဤအကျဉ်းမျှ ရေးသားသော အဌကထာဆရာ၏ စကားအရ သာသနာတော်၏ အခြေအမြစ် အရင်းခံဖြစ်သော အရိယာအရှင်များ ထွန်းကားသည့်အပြင် ၇၀,၀၀၀-သော သူများ သာသနာတော်တွင် ဝင်ကြလျက် ရဟန်းပြုကာ သာသနာ့အမွေ ထမ်းရွက်ကြခြင်းကို ထောက်ဆ၍ ထိုရဟန်းသံဃာတော်များ၏ အဆက်အနွယ်မှ အဌကထာဆရာပင် အထူး မရေးသားသော်လည်း ကျောင်းအာရာမ် အာဝါသ ထိုအခါက ၅၀၀-မျှဖြစ်ပွားသဖြင့် အလွန် မထွန်းကားစေကာမူ အဆက်အနွယ်ကား ကာလအသင့်ကြာအောင် တည်ထွန်းခဲ့မည်ကား မငြင်းနိုင်သည်မှာ ၎င်းတစ်ဆက်တည်းသာ တည်နေသည်ဟု မဆိုနိုင်သည့်အပြင်, မည်မျှ တည်ထွန်းလျက်ရှိကြောင်း မှတ်တမ်းများမရှိသော်လည်း အဆက်အနွယ် ရှိခဲ့မည်ကား အမှန်အားဖြင့် ယူထိုက်ကြောင်း ကောင်းစွာ မှတ်သားအပ်ကုန်၏။

ထိုပြင်လည်း ထိုဆောက်လုပ်ထားသော ကျောင်းအာရာမ်တို့မှာ တဆက်တည်းသာ တည်နေခဲ့ကြမည်မဟုတ်ဘဲ ၎င်းတို့မပျက်စီးသမျှ သံဃာ့အဆက်အနွယ်များ ကျန်ရှိလျက် အာဝါသများလည်း ပျက်ပြားသွားကြမည်မဟုတ်သည်ကို အမှန်အားဖြင့် မှတ်ယူအပ်ကုန်၏။

ထိုသို့ ဆိုခဲ့ပြီးသော အကြောင်းအရာများမှတပါး အခြားသာသနာ့ဗဟုသုတ ရှာဖွေစုဆောင်းကြသော တရုတ်ရဟန်းတော်ဖှင်သျှင်သည် ဒက္ခိဏပထတောင်ပိုင်း သာသနာပြုဌာနဖြစ်သော မဟိံသကမဏ္ဍလ, စောဠမဏ္ဍလ, ဒမိလမဏ္ဍလ, ပဏ္ဍျတိုင်းများ သို့ သာသနာတော်နှင့်ဆိုင်ရာ ဗဟုသုတ ရှာဖွေစုဆောင်းပြီးလျှင် မလျကုဋမြို့တော်မှ ဒမိလတိုင်း ကဉ္စိပူရသို့ တဖန်ပြန်လာပြီးနောက် အနောက်ဘက်ကျသော ဝနဝါသီတိုင်း၊ ကောကန မြို့သို့သွားကြောင်း, ၎င်းတိုင်းနယ်, မြို့, ရွာများ၌ သာသနာတော်နှင့် စပ်ဆိုင်သော ဗဟုသုတများ ရှာဖွေစုဆောင်းကာ နေထိုင်ကြောင်းများ ရေးသားသဖြင့်-

- ထိုရဟန်းတော် ရောက်သည့်အခါ နှစ်ပေါင်း ၁၀၀၀-ကျော် ထိုတိုင်းနိုင်ငံများ၌ သာသနာတော် အဆက်အနွယ်များ ရှိသေးကြောင်း,
- ထိုဌာနသာသနာတော်မှာလည်း ထိုနိုင်ငံမှ သီဟိုဠ် ကျွန်းနှင့် ဆက်ဆံခြင်းရှိသဖြင့် ထေရဝါဒ သီဟိုဠ်ဂိုဏ်း သာသနာသာလျှင် ဖြစ်ပေမည်ဟု မှတ်ယူအပ်ကြောင်း,
- သို့သော်လည်း အချို့နေရာများ၌ အနောက်မြောက်ပိုင်း၊ မဟာရဋ္ဌတိုင်း သာသနာနှင့် နီးစပ်သဖြင့် ၎င်းသာသနာလည်း ရောယှက်ဆက်ဆံဖွယ်ရှိကြောင်း

မှတ်သားအပ်၏။

ထိုတိုင်းနယ်အကြောင်း သီဟိုဠ်မှတ်တမ်းများ၌ ၎င်းတိုင်းနယ် လူမျိုးတို့ကို စေရ ခေါ်ဆို၍ ၎င်းအဖတ်အရွတ်အားဖြင့် ကျေရဟု ဖတ်ကာ မြန်မာတို့က ကျေးကုလားဟု

ခေါ်သော ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် အနောက်ဘက် တိုင်းနိုင်ငံများဖြစ်သော ကေရလာ သို့မဟုတ် မလဗာနယ်ပယ်များဟု မှတ်သားအပ်၍-

- ထိုတိုင်းနယ်ပယ်များ၌ ရှေးဟောင်းကျောင်းတိုက် မြောက်မြားစွာတို့အပြင် အဆန်းတကြယ် ထွင်းဖောက်ထုလုပ် ထားသော ကျောက်ဂူကြီးများ မြောက်မြားစွာတွေ့ရှိရကြောင်း၊
- ၎င်းရှေးကျောင်းကြီးတို့မှာ ကျောက်သားထုလုပ်ထား၍ ယခုတိုင် ထင်ရှားရှိသေးကြောင်း၊
- ရှေးဟောင်းအဆောက်အဦး ကျောက်ပန်းပု အဆန်းတကြယ် ထုလုပ်ထားသော ဂူကျောင်းများ အပေါ်များဆုံး နယ်ပယ် ဖြစ်၍ ၁၀၀-လျှင် ၉၀-မျှ ရှေးဟောင်းအဆောက်အဦးများရှိသောနယ်ပယ်ဟု အိန္ဒိယ ရာဇဝင်ဆရာကြီးများ ခန့်မှန်းရေးသားကြသဖြင့် ဤတိုင်းသာသနာတော်မှာ နှစ်အတော်ကြာအောင် တည်ရှိခဲ့ကြောင်း-

များလည်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ၎င်းတိုင်း၌ အသောကမင်းတရား ကျောက်စာအရ သာသနာရောက်(ခြင်းအ)ကြောင်း

ထိုမှတပါး အသောကမင်းတရားကြီးသည် ထိုနယ်များ၌ ၎င်း၏အယူဝါဒ ပျံ့နှံ့ရန် လမ်းပန်းအဆက်အသွယ် ပြုပြင်ခြင်း ဆေးပင်စိုက်ပျိုးခြင်းစသော ကျေးဇူးထွန်းကားမှုများ ဆောင်ရွက်ပြုလုပ်လျက် ကမ္ပည်းကျောက်စာတိုင်များ စိုက်ထူတည်ထားပြီးလျှင်-

- ဓမ္မယုတ္တ ဓမ္မမဟာမတ္တ တရားဓမ္မ ဘာသာဝါဒမျိုး
- အမတ်ကြီး၏ လက်အောက်ခံ ဝါဒပျံ့နှံ့ရေးမှုးများ-

ကိုလည်း ခန့်အပ်တော်မူကြောင်း-

"ယေ စ အံ့တာ ယထာ စောဍာ ပံဍိယာ သတိယပုတော ကေရလပုတော"

စသည်ဖြင့် အစွန်အဖျားဖြစ်သော စောဠတိုင်း, ပဏ္ဍျတိုင်း, သတိယ ပုတတိုင်း, ကေရလ ပုတတိုင်းများသို့-ဟု မင်းတရား၏ တရားကျောက်စာမူ အစိတ်အပိုင်းကို နောက်

အခန်းက ရေးသားခဲ့လေပြီ။ ထိုကျောက်စာ၌ သတိယပုတ, ကေရလပုတတိုင်းတို့မှာ ၎င်းဝနဝါသီ တိုင်းအစွန်နယ်များဖြစ်၍ ၎င်းတို့လည်း ဆက်စပ်လျက်ရှိသဖြင့်-

သတိယပုတော ကေရလပုတော-ဟု ယှဉ်တွဲရေးသား ဖော်ပြကြောင်း, ဤအတူ ဆက်စပ် နီးကပ်သောတိုင်းများကို ယောနကတိုင်း, ကမ္ဗောဇတိုင်း စသည်တို့ဖြင့် မင်းတရားကြီး၏ ကျောက်စာတွင် ဖော်ပြကြောင်း, ၎င်းတို့မှာ ဒက္ခိဏာပထ တောင်ပိုင်း တိုင်းကြီးတို့တွင် ပါဝင်လျက်-

- အနောက်ဘက် ကမ်းခြေတစ်လျှောက် အစွန်ကျသော တိုင်းနယ်များဖြစ်ကြောင်း,
- ၎င်းတိုင်း၏ အပိုင်းအခြားမှာ တောင်ဘက် မာလျကုဋတိုင်း, ဒမိလတိုင်းများဖြစ်၍
- အရှေ့ဘက်ကား ကလိင်္ဂတိုင်း, အန္ဓတိုင်းများ ဖြစ်သည့်အပြင် မြောက်ဘက်မှာ မဟာရဋ္ဌတိုင်းကြီးနှင့်
- အနောက်ဘက် ပင်လယ်ကမ်းခြေသမုဒ္ဒရာတလျှောက်ဖြင့် ပိုင်းခြားသတ်မှတ် အပ်သောနယ်ကြီးဖြစ်ကြောင်း-

၎င်းတိုင်း၏မှတ်တမ်းများ၌ ရေးသားဆုံး ဖြတ်ကြ၏။

ဤသို့အားဖြင့် မင်းတရားလက်ထက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ် ပြုစုစေလွှတ်အပ်သော **ဝနဝါသီတိုင်း၊ မာလဗာနယ် ကမ်းခြေတလျှောက်ဖြစ်သော** သာသနာတော်သည် ထိုစဉ်ကလည်း တိုးတက်ကြီးပွား ကျောင်းများ ဖြစ်ထွန်းသည့်အပြင်-

- နောက်သာသနာတော် အနှစ် ၁၀၀၀-ကျော်အောင်ပင် တရုတ်ရဟန်းတော် ဝှင်သျှင်တို့ ရောက်သည်တိုင်အောင် တည်ရှိထွန်းကားကြောင်း၊
- ၎င်းတိုင်းမှာ မူလသာသနာပြုဌာနမှ ထောက်စာက အနောက်ပိုင်းနယ်ပယ်ဌာနဖြစ်ကြောင်း၊
- သာသနာတော် အဆက်အနွယ် အားဖြင့် မူလထေရဝါဒဂိုဏ်း တည်ရှိရာတွင် နောက်ခေတ်များ၌လည်း ၎င်းဂိုဏ်းသားများ ထွန်းကားသော တောင်ပိုင်းတိုင်းနယ်များနှင့် နီးစပ်ကာ ထေရဝါဒဂိုဏ်း သာသနာဝင်ဖြစ်သည်ဟု မှတ်အပ်ကြောင်း၊

- ထိုနယ်များ၌ ရှေးကသာသနာပြုစုခဲ့သည့် နေရာဌာနဖြစ်သည်အားလျော်စွာ ၎င်းအထိမ်းအမှတ်အားဖြင့် ဂူကျောင်းစသော ရှေးဟောင်းအဆောက်အဦးများ ယခုတိုင် ထင်ရှားတွေ့ရှိနိုင်သေးသဖြင့် ထိုနယ်၏ သာသနာထွန်းကားခဲ့ခြင်း အကြောင်း-

ကောင်းစွာမှတ်သားအပ်၏။

ဤမျှဖြင့် ဝနဝါသီ မလဗာနယ် သာသနာပြုခြင်းအကြောင်း အပြီးအဆုံးမှတ်သား အပ်၏။

**မလဗာနယ် ဝနဝါသီတိုင်းသာသနာ ပြီးပြီ။**

✪ ✪ ✪ ✪ ✪

## ၄။ အပရန္တ အနောက်တိုင်း သာသနာပြု ဌာန

မဇ္ဈိမဒေသ ဗဟိုအချက်အချာ သာသနာပြု မူလဌာန ပါဋလိပုတ္တနေပြည်တော်မှ အနောက်ပိုင်းကျသော အပရန္တတိုင်း သို့မဟုတ် ဘောဇနယ်နှင့် ဗုံဗာအီ (ဘုံဘိုင်)နယ် မြောက်ပိုင်း-ဟုဆိုအပ်သော တိုင်းဌာနသို့-

ယောနက ရက္ခိတမထေရ် အမှူးရှိသော မထေရ်များသို့ တာဝန်လွှဲလျက် ထိုအရှင်များသည် မိမိတို့တာဝန်ကျသော ထိုဌာနများသို့ သံဂါယနာတင်သောနှစ်၌ပင်လျှင် ကြွသွားတော်မူကြကာ အပရန္တတိုင်းသားများအား **အဂ္ဂိက္ခန္ဓူပမ သုတ္တန်ဒေသနာတော်**အားဖြင့်-

- ကြည်ညို နှစ်သက်စေပြီးလျှင် ၇ဝ,ဝဝဝ-သော သူတို့အား တရားအမြိုက်ရေ သောက်သုံးစေတော်မူကြောင်း၊
- ၎င်းတို့တွင် မင်းမျိုးထဲမှပင် ရဟန်း ၁ဝဝဝ-ကျော် ပြုကြသည့်အပြင် ၆,ဝဝဝ-ကျော် မိန်းမများလည်း ရဟန်းပြုကြကြောင်း-

"အပရန္တံ ဝိဂါဟေတွာ၊ ယောနကော မဟာရက္ခိတော။
အဂ္ဂိက္ခန္ဓူပမေနေ'တ္ထ၊ ပသာဒေသိ ဇနေ ဗဟူ။ ။

ယောနက ဓမ္မရက္ခိတ မထေရ်မြတ်သည် အပရန္တတိုင်းသို့ ကြွတော်မူကာ အဂ္ဂိက္ခန္ဓူပမသုတ္တန် ဒေသနာတော်ဖြင့် ထိုတိုင်းသူများစွာတို့ကို ကြည်ညိုစေခဲ့ပြီ"-

စသည်ဖြင့် အဋ္ဌကထာ၌ အကျဉ်းချုပ်မိန့်ဆိုတော်မူကြကုန်၏။

ဤအမှတ်-၄ သာသနာပြုဌာနဖြစ်သော **အပရန္တတိုင်း**သည်ကား ဗဟိုဌာန မူလ သာသနာပြုရာ မဇ္ဈိမဒေသအလယ်ပိုင်း တိုင်းနိုင်ငံများမှ ထောက်စာလျက် ဝေဖန်စိတ်ဖြာ ဤဇမ္ဗူဒီပါကျွန်းကြီးကို ၄-ပိုင်းခွဲဝေရာတွင် အနောက်ဘက်တိုင်းနိုင်ငံ၌ ပါဝင်သဖြင့်၎င်း, ထိုမှတစ်ပါး အနောက်ကျွန်းသားတို့၏နေရာ အပရဂေါယာနကျွန်းကို အစွဲပြုပြီး ၎င်းအမည် အားဖြင့်၎င်း- ခေါ်ဝေါ်သောနိုင်ငံဖြစ်၍ ၎င်းသည်လည်း တစ်တိုင်းတည်းသာမဟုတ်၊ အနီး အနား တိုင်းနိုင်ငံများကို စုပေါင်းခေါ်ဝေါ်အပ်သော အမည်ဟု မှတ်သားအပ်ကုန်၏။

ထိုမှတပါး ထိုမဇ္ဈိမဒေသ အလယ်ပိုင်းတိုင်းနိုင်ငံများမှ-

- အရှေ့ဘက်တိုင်းနိုင်ငံများ ဖြစ်သော ဝိဒေဟတိုင်းစသည်တို့ကို ပုဗ္ဗဝိဒေဟကျွန်း ကိုစွဲ၍ ဝိဒေဟတိုင်းဟူ၍၎င်း,
- မြောက်ဘက်တိုင်းနိုင်ငံများကို ဥတ္တရကုရုကျွန်းကိုစွဲ၍ ကုရုတိုင်းဟူ၍၎င်း,
- ၎င်းမဇ္ဈိမ အပိုင်းအခြားမှ မြောက်စွန်းတိုင်းများကို ဥတ္တရပထဟူ၍၎င်း,
- ၎င်းမှ တောင်ဘက်အစွန်းနိုင်ငံတို့ကို ဒက္ခိဏပထတိုင်းဟူ၍၎င်း-

ခေါ်ဝေါ်ကြ၍ ဤအနောက်ဘက် တိုင်းနိုင်ငံကိုလည်း တိုင်းပြည်နိုင်ငံဝေဖန်သော အပိုင်းက ရေးသားဖော်ပြခဲ့ပြီးအတိုင်း **အပရန္တတိုင်း**ဟူ၍ ခေါ်ကြကုန်၏။

✪ ✪ ✪ ✪ ✪

## ဤဌာန သာသနာ့ အခြေအနေ

ဤတိုင်းသို့ မင်းတရားကြီးလက်ထက် သာသနာပြုရာ အထူးအားဖြင့် ၇၀,၀၀၀- သောသူတို့ အမြိုက်တရားရ၍ မဂ်ဖိုလ်ရောက်ကြသည်တွင် မင်းဆွေမင်းမျိုးထဲမှပင် ရဟန်း ၁,၀၀၀-ကျော်ပြုကြသဖြင့် ၎င်းတိုင်းပြည်နိုင်ငံများ၌ ထိုအခါက မင်းတရားကြီး လက်အောက် ခံ ပဒေသရာဇ်တိုင်းငယ်များဖြစ်၍ မင်းတရားကြီးအာဏာစက်ပျံ့နှံ့ရာ နယ်ပယ်ဖြစ်ကြောင်း မှတ်သားအပ်သည့်အပြင် ဘိက္ခုနီမသာသနာလည်း အခြားသာသနာပြုဌာနများထက် ထူး၍ ၆,၀၀၀-ကျော်မျှ ဖြစ်သည်ဟုဆိုသဖြင့် ၎င်းဌာန၌ ဘိက္ခုနီမသာသနာ အထူး ထွန်းကားကြောင်း၊ ထိုဘိက္ခု, ဘိက္ခုနီမများတို့၏ သီတင်းသုံးရာ ကျောင်း, ကန်, အာဝါသ များလည်း ထင်ရှားရှိခဲ့သည်ကို မှတ်သားကြောင်း၊ သို့ဖြစ်၍ ဤတိုင်း၌ သာသနာ အထူးသဖြင့် ထွန်းကားကြောင်း မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## အပရန္တတိုင်း အပိုင်းအခြား တိုင်းနိုင်ငံနယ်

ဤအပရန္တတိုင်း သာသနာပြုဌာနမှာ မြို့ရွာဒေသ ညွှန်ပြဖော်ထုတ်ခြင်းမရှိဘဲ သာမညဖော်ပြသဖြင့် အနောက်ဘက်တိုင်းနိုင်ငံများဖြစ်ကြသော ဘောဇတိုင်း, သုရဋ္ဌတိုင်း စသော မဟာရဋ္ဌတိုင်းလျှင် အပိုင်းအခြားရှိသော တိုင်းနိုင်ငံများဟု ပိုင်းခြားသတ်မှတ် အပ်သည့်အပြင်, မြို့တော်များကို သတ်မှတ်ပိုင်းခြား ပြဆိုခြင်းမရှိသဖြင့် မြို့, ရွာဒေသ သေချာစွာ မဖော်ပြနိုင်သော်လည်း ၎င်းတိုင်း၌ ရှေးဟောင်းရာဇဝင် နိပါတ်များအရ ရှေးကျသော မြို့တော်များကား-

- သုပ္ပါရက သင်္ဘောဆိပ်ကမ်းမြို့ကြီးနှင့်
- နမ္မဒါ သို့မဟုတ် ယခုနရ်ဂဒါ မြစ်ကမ်း၌ တည်ရှိသော ရှေးကဘာရိဂု ကစ္ဆ
- ထို့နောက် ဘာရုကစ္ဆ ယခု ဘရိုးချ် ခေါ်သော ဆိပ်ကမ်းမြို့များအပြင်
- နောက်လက်ထက်များ၌ ကျော်ကြားသော သကတအားဖြင့် အဇယန္တိ ယခုအခါ အဇန္တာနှင့် အဲလိုရာဒေသများဖြစ်ကြောင်း,

သို့ရာတွင် သာသနာပြုစဉ်အခါက တိုင်းမျှကိုသာ ညွှန်ပြသဖြင့် ၎င်းတိုင်း၌ မင်းငယ် လက်အောက်ဘုရင်များ အုပ်ချုပ်သောတိုင်းဖြစ်၍ ထိုအခါက သုရဋ္ဌတိုင်းများ၌ ဘုရင်ရှိကြောင်း ဖော်ပြလတ္တံ့ ဖြစ်သဖြင့်လည်း ၎င်းတိုင်းများဖြစ်ကြောင်း မှတ်သား အပ်ကုန်၏။

ဤ၌ နမ္မဒါ နရ်မဒါ နရ်ဗဒ္ဒါမြစ်ကား, ဤဇမ္ဗူဒီပါ ကျွန်းဆွယ်ကြီးကို အလယ်ပိုင်းမှ ကန့်လန့်ဖြတ်လျက် ဆည်းကာတည်ရှိသောကြောင့် ဝိန္ဈစလ ဝိဥ္ဈာစလခေါ် ဝိန္ဈတောင် တန်းမှ စီးဆင်း၍ စမ္ဗဝတီမည်သော ယမုနာမြစ်လက်တက်နှင့် မြစ်ဖျားဆိုင်လျက်တည်ရှိ သော မြစ်တစ်ခုဖြစ်၍ ၎င်း၏အထက်ပိုင်းမှာ စေတီတိုင်း အထက်ပိုင်းနိုင်ငံများသို့ရောက်၍ ထိုစေတီတိုင်း၏ မြို့တော်ဖြစ်သော တြိပူရီနှင့် မဟိဿမတီတို့မှာ ထိုနမ္မဒါမြစ်ကမ်းအနီး တည်ရှိကြောင်း စေတီတိုင်း အကြောင်းအရာ၌ ရေးသားခဲ့သည့်အပြင် ဗာဝရီဆရာကြီး၏ တပည့်များ သွားကြသော လမ်းစဉ်မှာလည်း အဿကတိုင်းမှ မဟိဿတိ, ဥဇ္ဇေနီ, ဂေါနဒ္ဓ- စသောမြို့များ ဖြတ်ကျော်သွားရကြောင်း ရေးသားပြဆိုခဲ့ပြီးလေပြီ။

✪ ✪ ✪ ✪ ✪

## သုရဋ္ဌတိုင်းဘုရင်ငယ် အုပ်ချုပ်ခြင်းအကြောင်း ပေတဝတ္ထု

ဤအပရန္တတိုင်းတွင် ပါဝင်သော သုရဋ္ဌတိုင်းမှာ မင်းတရားကြီးလက်ထက်က ပဒေသရာဇ်မင်းကလေးတစ်ပါး အုပ်ချုပ်သောတိုင်းနယ်ဖြစ်၍ မင်းတရားနိုင်ငံသို့ ပဏ္ဏာတော်ဆက်သရသော တိုင်းနိုင်ငံဖြစ်ကြောင်း။

ပေတဝတ္ထု၌ သုရဋ္ဌတိုင်း ပိင်္ဂလမင်း၏ စစ်သူကြီးနန္ဒကသည် လှူဒါန်းပေးကမ်းခြင်း၏ အကျိုးတရားမရှိ စသည်ဖြင့် နတ္ထိက ဒိဋ္ဌိအယူရှိ၍ မိစ္ဆာဝါဒမစွန့်ဘဲ ကွယ်လွန်ရာ ဤဝိန္ဈာစလတောင်ဖီလာကြီး၏အနီး ဝိန္ဈာဋဝီတောအုပ်ကြီးတွင် ပညောင်ပင်ကြီး၌ ဝေမာနိက ပြိတ္တာကြီးဖြစ်နေရာ သမ္မာအယူရှိသော သမီးဥတ္တရသည် အဖကို ရည်မှန်း၍ မုယောမုန့်ဆွမ်းနှင့် ရေချမ်းကို လှူဒါန်းအမျှပေးဝေသောအခါ မွန်မြတ်ကောင်းမွန်သော နတ်ဩဇာမုန့်ခဲဖွယ် အမြိုက်ရေစင်များ သုံးစားရသော အကျိုးတရားကို တွေ့ရသဖြင့် မိမိအယူမှားခဲ့, ပြောဆိုခဲ့(မှု)တို့ကို နောင်တရကာ ပိင်္ဂလမင်းသည် မောရိယမင်းတရားကြီးထံ အခစားသွားရောက် အပြန်တွင် မင်းအား မျက်စိလှည့်ဖျား ဗိမာန်အနားသို့ဆောင်လျက် အဖြစ်အပျက် အကြောင်းအရာများ ပြောကြားကြောင်း-

**"ရာဇာ ပိင်္ဂလကော နာမ၊ သုရဋ္ဌာနံ အဓိပတိ အဟု။**

**မောရိယာနမုပဋ္ဌာနံ၊ ဂန္တွာ သုရဋ္ဌံ ပုနရာဂမာ။ ။**

ပိင်္ဂလမည်သောမင်းသည် သုရဋ္ဌတိုင်းဘုရင်ဖြစ်၏။

မောရိယတိုင်းသို့ အခစားသွား၍ သုရဋ္ဌတိုင်းသို့ ပြန်ခဲ့သည်-"

စသည်ဖြင့် နန္ဒကပေတဝတ္ထု အဋ္ဌကထာ၌ ဖွင့်ပြခဲ့ပြီ။ ၎င်းပြင် အဋ္ဌကထာဆရာသည်-

**"သုရဋ္ဌာနံ အဓိပတိ အဟူတိ သုရဋ္ဌာနံ အဓိပတိ အဟု။**

**မောရိယာနံတိ မောရိယရာဇူနံ ဓမ္မာသောကံ သန္ဓာယ ဝဒတိ။ ။**

သုရဋ္ဌာနံ အဓိပတိ အဟု-ဆိုသည်မှာ သုရဋ္ဌတိုင်းကို အစိုးရသော မင်းဖြစ်ခဲ့ပြီ။

မောရိယာနံ ဟူသည်ကား- မောရိယမင်းဖြစ်သော ဓမ္မာသောကမင်းကို ဆို၏။"

စသည်ဖြင့် ထပ်၍ဖွင့်ပြတော်မူ၏။

ဤနန္ဒကပေတဝတ္ထု၌ အဋ္ဌကထာဖွင့်ပြသည်နှင့်အညီ ဤသုရဋ္ဌတိုင်းကား တိုင်းပြည်နိုင်ငံအရေးအားဖြင့် ဆက်သွယ်လျက် မင်းတစ်ပါးအုပ်ချုပ်သော တိုင်းနယ်ဖြစ်သည့်အတိုင်း ၎င်း၏စစ်သူကြီး နန္ဒကမှာ မိစ္ဆာအယူရှိသော်လည်း ၎င်း၏သမီးမှာ

ရတနာ ၃-ပါး အားထားဆည်းကပ်လျက် အဖကိုရည်မှန်း၍ ရဟန္တာမထေရ်မြတ်အား ဆွမ်း, ရေချမ်း-လှူဒါန်းသောကြောင့် အဖ၏ဆင်းရဲဒုက္ခမှ လွတ်ကင်းစေကြောင်း ဖွင့်ပြသဖြင့်လည်း ဤတိုင်းနယ်မှာ သာသနာတော်ထွန်းကား၍ ရဟန္တာမထေရ်တို့ ထင်ရှားရှိကြောင်း, ၎င်းမင်းတရားကြီးပြုစုတော်မူသော သာသနာတော်ဖြစ်ကြောင်း မှတ်သားအပ်၏။

ထိုမှတပါးလည်း ထိုတိုင်း၏အနီးအနား တိုင်းနိုင်ငံကြီးတစ်ခုဖြစ်သော **အဿက** တိုင်း၌ **အရှင်မဟာကစ္စာနမထေရ်** မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သီတင်းသုံးတော်မူသောအခါ ၎င်းအဿကတိုင်းရှင် ဘုရင်မင်းမြတ်၏ **သားသုဇာတာ သတို့သားနှင့်** တွေ့၍ တရားဓမ္မဟောပြတော်မူကြောင်း-

**"အဿကာဓိပတိဿာဟံ၊ ဘန္တေ ပုတ္တော ဝနေ စရော။**

**နာမံ မေ ဘိက္ခု တေ ဗြူမိ၊ သုဇာတာက္ကတိ မံ ဝိဒူ။ ။**

အရှင်ဘုရား တပည့်တော်သည် အဿကဘုရင်၏သား တော၌ကျက်စားသူဖြစ်ပါသည်။ အရှင်ရဟန်းအား နာမည်လျှောက်ကြားပါမည်။ သုဇာတာဟု သိရှိကြပါသည်-"

စသည်ဖြင့် **စူဠရထဝိမာနဝတ္ထု**ကိုးကားလျက် အဿကတိုင်း၏ အကြောင်းအရာများကို ရေးသားခဲ့သည့်အတိုင်း အဿကတိုင်းသည်လည်း ၎င်းမဇ္ဈိမဒေသမှ အနောက်ပိုင်းကျသော တိုင်းတို့တွင် ပါဝင်၍ ဤသာသနာပြုဌာန အပရန္တတိုင်းနယ်များမှာ ကျယ်ပြန့်လျက် သာသနာ့နိုင်ငံသည်လည်း အပြောကျယ်စွာတည်ရှိကြောင်း ကောင်းစွာ မှတ်သားအပ်၏။

ဤသို့ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်နှင့် မင်းတရားကြီးတို့ ပြုစုတော်မူသော သာသနာတော်သည် အဆက်အနွယ်အားဖြင့် မည်မျှကြာအောင် တည်ရှိကြောင်း မှတ်သားအပ်သော သာသနာအစဉ်အဆက် မှတ်တမ်းမရှိသော်လည်း ၎င်းတိုင်းနယ်များ၌ ရှိသော ရှေးဟောင်းဂူကျောင်းများကို ထောက်ဆခြင်းအားဖြင့်၎င်း, မောရိယမင်းဆက် နောက်လက်ထက်မင်းများ အုပ်ချုပ်စိုးစံချိန် ကာလလောက်ကပင် ဆောက်လုပ်တည်ထောင်သည်ဟု ခန့်မှန်းနိုင်သော လက်မှုပညာများနှင့် အက္ခရာများကို စိစစ်သောအားဖြင့်၎င်း ၎င်းတို့ကို သိရှိနိုင်ကြောင်းကို ရှေးဟောင်းကျောက်စာများနှင့် နယ်ပယ်ဌာန အထိမ်းအမှတ်များ ရှာဖွေကြလျက် အိန္ဒိယရှေးဟောင်းရာဇဝင်ဆရာကြီးတို့ ရေးသားဖော်ပြကြကုန်၏။

ထို့ပြင် ပေတဝတ္ထုအဋ္ဌကထာ၌ ဖွင့်ပြသည်နှင့်အညီ မောရိယနိုင်ငံသို့ ပဏ္ဏာတော်ဆက်သရသော တိုင်းနယ်တစ်ခုဖြစ်ကြောင်း, ယခုအခါ၌ ထိုနယ်၌ထင်ရှားသော ဂိရ်နာရ်တောင်ထိပ်မှာ အသောကမင်းတရားကြီး၏ စုဒ္ဒသသီလာလိပိခေါ် ၁၄-ရပ်ရှိ အမိန့်တော်

ကျောက်စာကြီးတို့တွင်ပါဝင်သော ကျောက်ချပ်ကြီးများ ထင်ရှားရှိသည့်အပြင် ၎င်းဂိရိနာရ် တောင်နှင့် ဒတာရိတောင်အကူးတွင် အသောကမင်းတရားကြီး၏ ဘိုးတော်စန္ဒဂုတ္တမင်းကြီး၏ အမိန့်အရ တည်ဆောက်အပ်သော သုဒဿနေါ် ရေကန်ကြီးကို မင်းတရားကြီး လက်ထက်မှာလည်း ကျောက်သားပကတိတို့ဖြင့် အဆန်းတကြယ် ထွင်းထုစီမံ ပြုပြင်ကာ ခမ်းနားစွာ ထပ်မံတည်ဆောက်တော်မူကြောင်း, ထိုနောက်မှ စန္ဒဂုတ္တစသော ဂုတ္တမင်းမျိုးများ စိုးမိုးအုပ်ချုပ်သောခေတ်၌လည်း ထပ်မံပြင်ဆင်ပြီးလျှင် ကျောက်စာ, ကျောက်ချပ်များ ထပ်မံရေးသားကြကြောင်း, ၎င်းရာဇဝင်ဆရာကြီးများလည်း ဆိုကြသဖြင့် ထိုတိုင်းနိုင်ငံမှာ မောရိယမင်းများ၏ အာဏာစက်အောက် ဘိုးတော်စန္ဒဂုတ္တမင်းကြီးလက်ထက်မှစ၍ ရောက်လာခဲ့သော တိုင်းနယ်ဒေသဖြစ်ကြောင်း ကောင်းစွာမှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## အပရန္တတိုင်း၏ အပိုင်းအခြား နယ်ပယ်ဒေသများ

၎င်းအပရန္တတိုင်း၏ အပိုင်းအခြားမှာ ရှေးဟောင်းမှတ်တမ်းများအရ မြောက်ဘက်မှာ **မောဟိနီ** သို့မဟုတ် **မဟီ**မြစ်ဖြင့်ပိုင်းခြား၍ တောင်ဘက်မှာ **မဟာရဋ္ဌ**တိုင်းဖြင့် ပိုင်းခြားသည့်အပြင် အနောက်ဘက် မျက်နှာ၌မူ ပင်လယ်သမုဒ္ဒရာဖြင့် ပိုင်းခြားအပ်ကုန်၏။ အရှေ့ဘက် မျက်နှာမှာမူ သကတကျမ်းဂန် ကာဗျမီမံသာကျမ်းအရ မှတ်သားကြသည်မှာ-

> "**ဒေဝသဘာယ ပရတး ပစ္စဒေသး။**
>
> **တတြ ဒေဝသဘာ သုရဋ္ဌာ ဒသေရကာ တြဝန ဘရိဂုကစ္ဆလ-ဇနပဒး။**
>
> ဒေဝသဘာနယ်မှ အနောက်အရပ်အဖို့မှာ အပရန္တ အနောက်ဘက်နိုင်ငံမည်ကုန်၏။
>
> ၎င်းတို့မှာ ဒေဝသဘာ သုရဋ္ဌ ဒသေရက တြဝန ဘရိဂုကစ္ဆလ-စသောနိုင်ငံတို့တည်း။"

စသည်ဖြင့် အပိုင်းအခြား ရေးမှတ်ကြသည့်အတိုင်း ဒေဝသဘာနယ်မှာ သေချာစွာ မညွှန်ပြသော်လည်း တိုင်းနီးချင်းဖြစ်ကြသော သုရဋ္ဌတိုင်း စသည်တို့ကို ထောက်ထားသဖြင့် မဇ္ဈိမတိုက်နယ်မှ အပြင်ကျသော ဥဇ္ဇေနီနယ်, အဝန္တိတိုင်းနှင့်နီးစပ်သော တိုင်းနိုင်ငံဖြစ်ကြောင်း ခန့်မှန်းဆုံးဖြတ်နိုင်၏။

ဤဆိုအပ်ပြီးသော တိုင်းနယ်အပိုင်းအခြားကား ခေတ်ကာလအားလျော်စွာ အာဏာတန်ခိုး လွှမ်းမိုးအုပ်ချုပ်သောမင်းများ၏ အစွမ်းသတ္တိ အကြောင်းပြုလျက် တိုးတက် ကျယ်ပြန့်နိုင်၍ နောက်ခေတ်များ၌ ရွေ့ရှားပြောင်းနိုင်စေကာမူ မပြောင်းလဲနိုင်သော တောင်, မြစ်အဝှမ်းတို့ဖြင့် မှတ်သားနိုင်သောကြောင့် ၎င်းတိုင်းနယ်၏အပိုင်းအခြားအမှန်မှာ

- မြောက်ဘက်၌ **မောဟိနီမြစ်**၊
- တောင်ဘက်၌ **နမ္မဒါမြစ်**၊
- ၎င်း၏တောင်ဘက် **သုပ္ပါရက သင်္ဘောဆိပ်**၊
- အနောက်ဘက်၌ ၎င်းသုပ္ပါရက သင်္ဘောဆိပ်မှ **မောဟိနီမြစ်ဝ** သမုဒ္ဒရာ ကမ်းခြေ၊
- ၎င်းပြင် အရှေ့မြောက် **နမ္မဒါနှင့် တပတီမြစ်များ-**

ဖြစ်သော အရပ်များ၌ တည်ရှိသော တိုင်းနယ်များစသည်ဖြင့် ပိုင်းခြားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## ပထမ သာသနာပြုဌာန အပရန္တတိုင်းနေရာ

ဤကျယ်ပြန့်လှသော အပရန္တတိုင်းကြီး၌ သာသနာ့နိုင်ငံတော် တည်ထောင်တော်မူကြသော သာသနာပြုမထေရ်များ **အဂ္ဂိခန္ဓူပမ သုတ္တန်**ကို ဟောတော်မူလျက် ပဌမသာသနာ ပြုရာ အချက်အချာ မြို့, ရွာဌာနသည်ကား ရေးမှတ်ထားခဲ့သော မှတ်တမ်းများတွင် ထင်ရှား မရှိသဖြင့် အသေအချာညွှန်ပြရန် ခဲယဉ်းသော်လည်း နောက်အခါ၌ သာသနာတော် တည်တံ့ထွန်းကားလျက် များပြားစွာသော သက်သေခံအဆောက်အဦးကြီးများ ခမ်းနား ကြီးကျယ်စွာ တည်ရှိနေသော **အဇန္တ အဇန္တ** သို့မဟုတ် **အဂျန္တ** ခေါ်သော ရှေးအဆောက် အဦးကြီးများ၏ တည်နေရာဖြစ်နိုင်သည်-ဟု တည်ရှိသောဌာနကို ထောက်ဆလျက် ဝေဖန် ရေးသားကြကုန်၏။

ဤအဂျန္တာ၌ ရှေးအကျဆုံးဖြစ်သော ကျောင်းဂူကြီးတို့မှာ မောရိယမင်းမျိုးများ တန်ခိုးအာဏာ လွှမ်းမိုးသောခေတ်လောက်က ဖြစ်ခဲ့မည်ဟု ခန့်မှန်းကြသည့်အပြင် နောက် အကျဆုံးဖြစ်သော ကျောင်းဂူကြီးများမှာ သာသနာတော် အနှစ် ၁၀၀၀-ကျော်ဟု ပိုင်းဖြတ် ကြသဖြင့် ဤဌာန၌ ဇမ္ဗူဒီပမှ သာသနာနိမ့်ကျသောခေတ်သို့တိုင်အောင် စည်ကား

ထွန်းတောက်လျက် ရှိနေသေးကြောင်း ကောင်းစွာမှတ်သားထိုက်သည်ထက် ယခု လက်ထက်တိုင်အောင်ပင် ဆန်းကြယ်ခမ်းနား များပြားသော ကျောင်းတော်ဂူကြီးစေတီတို့ကို သက်သေထားလျက် အထောင်မက များပြားလှစွာသော တိုင်းတစ်ပါးအမျိုးသားများလည်း ဗုဒ္ဓနိုင်ငံတော်ကြီးသို့ ကိုင်းရှိုင်းကာ သာသနာနှင့် စပ်သောစာတမ်းများ ရေးသားဖြန့်ဖြူး ကြသဖြင့် သာသနာအဆက် ထွန်းကားတောက်ပလျက် ရှိသေးသည်ဟု ဆိုအပ်နိုင်ကုန်၏။

ဤအဂျန္တာကျောင်းဆောင်ကြီးများနှင့်စပ်လျဉ်း၍ ရှေးဟောင်း အစဉ်အဆက် အဖြစ်အပျက်များ ရေးသားကြသော စာစောင်များစွာရှိသည့်အပြင် အလွန်ရှေးကျသော ပန်းချီပညာများ ကြီးမြင့်လှသော အဆောက်အဦးကြီးများ၌ ကျောက်သားပကတိ ထုထွင်း ထားသော အဆန်းတစ်ကြယ် နုနယ်သိမ်မွေ့လှစွာသော ကျောက်ခက်, ကျောက်ပန်းနှင့် ရှေးကျလှစွာသော လူများအခြေအနေ အကြောင်းအရာများကို ဖော်ပြသော ရုပ်ပုံ, ရုပ်လုံး တို့ဖြင့် ထင်ရှားပြသော ကျောက်ဆစ်ပန်းပုပညာများ ရှေးသူဟောင်းများ၏ ကြီးကျယ် မြင့်မြတ်သောစိတ်ဓာတ်များ ရှိသည့်အလျောက် ကြီးမားမြင့်မောက်သော အဆောက်အဦး ကြီးများ ထင်ရှားစွာဖော်ပြသောကြောင့် သာသနာတော်၌ မည်မျှလေးစားယုံကြည် အားထားကြကြောင်း, မည်မျှခိုင်မြဲစွာ ကြောင့်ကြစိုက်ထုတ်ကြကြောင်း ထင်ရှားပြလျက် ၎င်းအဆောက် အဦးကြီးများ မားမားမတ်မတ်တည်ရှိကာ သာသနာတန်ခိုး ယခုတိုင် မညှိုးမနွမ်း စိမ်းလန်းလျက်ပင် ရှိကုန်သေး၏။

ဤအဂျန္တာ၌ ဂူကျောင်း, စေတီများ ၂၉-ခုမျှရှိ၍ ကိုးကွယ်ပူဇော်သော စေတီတော် များကား ၄-ဆူမျှရှိကြောင်း မှတ်သားကြသဖြင့် ဤဌာနကား အဆက်ဆက် သာသနာတော် နှစ် ၃၀၀-ကျော်, ၄၀၀-တွင်းက ၁၀၀၀-ကျော်အောင် ဤမျှများပြားသော အဆောက်ဦး များ အဆက်ဆက် ထွန်းကားလာခဲ့သည်ကို ထောက်ဆလျက် သာသနာတော်ဝယ် ကြီးကျယ်စွာထောက်ခံ၍ ကျေးဇူးထွန်းကားသောဌာနဖြစ်ကြောင်း ကောင်းစွာမှတ်အပ် သည့်အပြင် ၎င်းတို့အကြောင်းအတ္ထုပ္ပတ္တိ ရေးသားဖြန့်ချိသောအားဖြင့်လည်း သာသနာ တိုးတက်မှုကို ဆောင်ရွက်ရာ၌ များစွာကျေးဇူးများကြောင်း ကောင်းစွာမှတ်သားအပ် ကုန်၏။

၎င်းပြင်လည်း အပရန္တတိုင်း ထင်ရှားသောဌာန ၎င်းမှတစ်ပါးရှိသေးရာ ၎င်းတို့မှာ အဂျန္တာကဲ့သို့ များသောအဆောက်အဦးမရှိသော်လည်း ကျောက်စာအရေးအသား အားဖြင့် ၎င်း, အစဉ်အဆက် မှတ်သားခြင်းအားဖြင့်၎င်း, မှတ်တမ်းတစ်ခု ပြုလုပ်နိုင်လောက်အောင် ကျောင်း, ဂူ, စေတီပုထိုးများ ထင်ရှားရှိနေသေးသော အရပ်ဌာနမှာ အဲလိုရာ, နာသိကာ,

ဂိရိနာရ် စသော ရှေးဟောင်း ကျောင်း, ဂူ, စေတီတော်များ တည်ရှိသောဒေသတို့ ဖြစ်ကြ၍ ဗုဒ္ဓနိုင်ငံတော်ကြီး၏ ထွန်းလင်းတောက်ပသော တန်ခိုးအရောင်တို့ဖြင့် ထွန်းပြောင်ကာ သာသနာတော်စက်ရိပ်တွင် ခိုဝင်ကြသောနယ်ပယ်များဖြစ်ကြောင်း ယုံမှားမဲ့ မှတ်သား အပ်ကုန်၏။

ထိုမှတပါး ပါဠိကျမ်းဂန်တို့၌ ထင်ရှားသော သုပ္ပါရကဆိပ်ကမ်းမြို့နှင့် ဘာရုကစ္ဆ, နမ္မဒါမြစ် ဆိပ်ကမ်းမြို့တို့မှာကား

- ၎င်းတို့တွင် သုပ္ပါရက **သင်္ဘောဆိပ်မြို့**၌ အသောကဘုရင် မင်းမြတ်မင်းတရား စိုက်ထူထားသော ကျောက်ချပ်ကျောက်စာမှတစ်ပါး ထင်ရှားကြီးကျယ်သော အဆောက်-အဦးရှိကြောင်း မရေးသားကြသဖြင့် အထူးဖော်ပြရန်မရှိ၊

- ဘာရုကစ္ဆမြို့မှာ မဟာယာန ဗုဒ္ဓဘာသာ မှတ်တမ်းများ၌ သောဝိရတိုင်း၊ **ရောရုကပြည့်ရှင်** ဘုရင်ရုဒြာယနအား သားတော် **သိခဏ္ဍီမင်းသား** လုပ်ကြံသတ်ဖြတ် ထီးမွေနန်းရပ် လုယူသော မကောင်းမှုကြောင့် သဲမိုးရွာ၍ မြို့တော်မှာ အားလုံးပျက်စီးခြင်းသို့ ရောက်ရာ အမတ်ကြီး ၈-ယောက်နှင့် ရဟန်းတော် ၁-ပါးသာ ကျန်သည်တွင် ၎င်းအရပ်မှ ထွက်ခွါပြီးနောက် ၎င်းတို့တွင်-

- ဘိရုမည်သော ပညာရှိအမတ်ကြီးသည် တည်အပ်သော ဆိပ်ကမ်းမြို့ဖြစ်၍ ဘိရုကစ္ဆ
- နောက်အခါမှ ဘာရုကစ္ဆဖြစ်လာကြောင်း
- ကစ္ဆဆိုသည်မှာ ဆိပ်ကမ်းဖြစ်ကြောင်း-

စသည် ရေးသားဖော်ပြခြင်းမှတပါး မှတ်သားလောက်သော ဗုဒ္ဓနိုင်ငံတော်ဆိုင်ရာ အဆောက်အဦးများ အထူးမရေးသားသဖြင့် ၎င်းတို့အကြောင်းကို ကောင်းစွာ မမှတ်သား နိုင်ကုန်။

၎င်းပြင် ဤတိုင်းနယ်များ၌ မောရိယမင်းမျိုးများ၏ အာဏာတန်ခိုး လွှမ်းမိုးပြီးသည့် နောက် ခတြပမင်းမျိုးများ လက်အောက်သို့ ကျရောက်သည့်ပြင် သာသနာတော်နှစ် ၉၀၀-လောက်တွင် ကျယ်ပြန့်လာသော ဂုတ္တမင်းမျိုးများ၏ နိုင်ငံအတွင်းသို့ သိပ်သွင်းကျရောက် ကာ သာသနာတော်လည်း ထွန်းလင်းလာ၍ ထိုမင်းများ လက်ထက်၌ပင် တရုတ်ရဟန်း တော်များ ရောက်လာလျက် သာသနာပျံ့နှံ့ရာဌာနများဖြစ်ကြသည့် **ဘရုကစ္ဆ, မလဝ, ခေဒ, ဝဒရိ ဝလာဘိ, သုရဋ္ဌ, ဥဒုပ္ပရ** သို့မဟုတ် **ကစ္ဆ**စသော မြို့တော်များသို့ သာသနာ့ ဗဟုသုတ ရှာဖွေတော်မူကြလျက် ထိုအပရန္တတိုင်းမှ သိန္ဓုတိုင်းသို့ ကြွချီတော်မူကြပြီးလျှင် ၎င်း၌လည်း

ရှေးဟောင်းမြို့နယ် ဒေသများနှင့် သာသနာ့ဗဟုသုတများကို ရှာဖွေစုဆောင်းကြကြောင်း, ထိုရဟန်းတော်များ ရောက်စဉ်က ထိုတိုင်းနယ်များ၌ သာသနာတော် တည်ထွန်းလျက် ရှိသေးကြောင်း, အထူးအားဖြင့် အဂ္ဂန္တာ၌ စည်ပင်ထွန်းကား၍ များစွာသော ရဟန်းများ သီတင်းသုံးလျက်ရှိကြောင်း, ၎င်းပြင် သုရဋ္ဌကျွန်းဆွယ်သို့လည်းရောက်ကြ၍ ရှေးက ဇာတ်နိပါတ်တော်တွင် ထင်ရှားကျော်ကြားသော ဒွါရာဝတီ သို့မဟုတ် ဒွါရကမြို့များသို့ လည်း ရောက်ကြောင်းများ ရေးသားသဖြင့် ၎င်းတိုင်းနယ်များ၌ ရှေးအမည်များလည်း ထင်ရှားရှိသေး၍ သာသနာလည်း စည်ပင်ထွန်းကားလျက်ရှိကြောင်း မှတ်သားအပ်ကုန်၏။

ဤသို့အားဖြင့် အပရန္တတိုင်း၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်နှင့် အသောက မင်းတရားကြီးတို့ ပြုစုတော်မူကြသော အနောက်ဘက် အပရန္တတိုင်း သာသနာ တော်မှာ ဤဆိုခဲ့ပြီးကာလတိုင်အောင် အဓွန့်ရှည်စွာ တည်ရှိတော်မူကြောင်း, သို့ရာတွင် ရှေးရာဇဝင် ကျောက်စာများအရ တွေ့ရှိရသော အဆောက်အဦးတို့ကို ထောက်စာလျှင် နောက်ပိုင်းတွင်မှာကား အများဂိုဏ်းဖြစ်သော မြောက်ပိုင်းသာသနာ အယူဝါဒ ထွန်းကား လာ၍ ထေရဝါဒသာသနာအယူဝါဒမှာ အားနည်းလာကြပြီးလျှင် ၎င်းထေရဝါဒ ထွန်း ကားသော ဒက္ခိဏပထတောင်ပိုင်းသို့ တစစရွှေ့ပြောင်းသွားသည်ဟု ခန့်မှန်းနိုင်သည်မှ တပါး အခြားမှတ်သားနိုင်လောက်အောင် အထောက်အထားမရှိသဖြင့် မည်မျှတာရှည်စွာ တည်ရှိကြောင်း အတိအကျရေးသားရန် ခဲယဉ်းစေကာမူ မဟာယာနဝါဒ ဖြန့်ဖြူးပျံ့နှံ့စေ သော မြောက်ပိုင်းသံဃာယနာတင် ဘုရင်မင်းကြီးကို ထောက်စာလျှင် သာသနာတော်နှစ် ၇၀၀-ထက် မစောနိုင်ကြောင်း ခန့်မှန်းပိုင်းခြားနိုင်ကုန်၏။

ဤမျှဖြင့် သာသနာပြုရာဌာနမှ အနောက်တိုင်းဖြစ်သော အပရန္တ သာသနာတော် သည် ယခုထင်ရှားရှိနေသေးသော ခမ်းနားကြီးကျယ်သော အဆောက်အဦးကြီးများ၏ အကြောင်းအရာများ တခမ်းတနား ခန့်မှန်းပိုင်းခြားနိုင်သော သက်သေသာဓက ထောက်ဆ လျက် အမျိုးမျိုးရေးသားခြင်းမှတစ်ပါး သာသနာအဆက်အနွယ် ဖော်ပြရေးသားခြင်း စသော အတ္ထုပ္ပတ္တိများ အထူးမရှိသည့်အပြင် ၎င်းသာသနာ၏ အရင်းမူလရှာဖွေရန် ခဲယဉ်း သောကြောင့် ရေးသားရန်လည်း မလိုသောကြောင့် ဤတွင် အဆုံးသတ်လျက် နိဂုံးမှတ်အပ် သတည်း။

ဤတွင် အပရန္တတိုင်း အနောက်ပိုင်း သာသနာအကြောင်း ပြီး၏။

✪ ✪ ✪ ✪ ✪

## ၅။ မဟာရဋ္ဌတိုင်း သာသနာတော် အစဉ်အဆက်အကြောင်း

ပဉ္စမသာသနာပြုဌာန မဟာရဋ္ဌတိုင်းသည်ကား အနောက်ပိုင်းတိုင်းနယ်တို့တွင် အလယ်ပိုင်းတိုင်းနယ်ဖြစ်သော ဤတိုင်းကြီးသို့ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် မြတ်သည် ရွေးချယ်စိစစ်၍ စေလွှတ်တော်မူသော အရှင်မဟာရက္ခိတထေရ်အမှူးရှိသော မထေရ်မြတ်တို့ ကြွတော်မူပြီးလျှင် **နာရဒကဿပဇာတ်တော်ကို** ဟောကြားတော်မူ၍ ဤမဟာရဋ္ဌတိုင်းသူ တိုင်းသားတို့အား ကြည်ညိုနှစ်သိမ့်စေလျက် ၈၄,၀၀၀-သော သတ္တဝါတို့အား မဂ်ဖိုလ်တည်းဟူသော အမြိုက်တရားတော်မြတ်ကိုရစေကာ ၁၃,၀၀၀-သော သူတို့မှာ သာသနာတော်ဝင်၍ ရဟန်းပြုကြကြောင်း-

**"မဟာရဋ္ဌံ ဣသိ ဂန္တွာ၊ သော မဟာဓမ္မရက္ခိတော။**

**ဇာတကံ ကထယိတွာန၊ ပသာဒေသိ မဟာဇနံ။ ။**

မဟာဓမ္မရက္ခိတမထေရ်မြတ် မဟာရဋ္ဌတိုင်းသို့ ကြွတော်မူပြီးလျှင် မဟာနာရဒ ဇာတ်တော်ဟောကြား၍ အများသူတို့ ကြည်ညိုစေပြီ။"

စသည်ဖြင့် အကျဉ်းမျှသာ အဋ္ဌကထာတို့၌ မိန့်ဆိုတော်မူကြကုန်၏။

ဤအဋ္ဌကထာဆရာမြတ် အကျဉ်းမျှ မိန့်ကြားအပ်သောစကားကို ဝေဖန်လျှင် သာသနာပြု မထေရ်အရှင်တို့ ဟောကြားညွှန်ပြဆုံးမတော်မူသဖြင့် ၈၄,၀၀၀-မျှ မဂ်ဖိုလ် ရကြခြင်းများသည် သာသနာ့နိုင်ငံတော် အခြေခံဥပါသကာ သာသနာပြုသူများ ထင်ရှား ရှိလာကြသည်တွင် ၁၃,၀၀၀-မျှပင် ရဟန်းပြုကြသည်ကို ထောက်ဆလျှင် အရိယာ သူတော်စင်များ ဖြစ်ကြသဖြင့် ၎င်းမထေရ်များ၏ အဆက်အနွယ်ဝံသတို့လည်း ဆက်ခံကာ မြတ်စွာဘုရား၏ သာသနာ့နိုင်ငံတော်ကြီး တိုးတက်ထွန်းကားမှု ပြုခဲ့ကြကုန်မည်ကား ယုံမှားမဲ့ မှတ်အပ်ကုန်၏။

၎င်းပြင် ၁၀,၀၀၀-ကျော်သော သံဃာတော်တို့ ကောင်းမွန်စွာ သီတင်းသုံးနိုင်ရန် ထိုက်တန်သော အဆောက်အဦးများလည်း အမှန်အားဖြင့် ရှိရသည်မှာ သာသနာ့အဆက် အနွယ် ကွယ်ပသွားမည်မဟုတ်၊ မြတ်စွာဘုရားပညတ်ထားသော ဝိနည်းကမ်နှင့်အညီ ကျောင်းအာဝါသများ၌ သီတင်းသုံးကာ သာသနာတော်ကို ဆောင်ရွက်တော်မူကြမည် ဖြစ်ကြောင်း ကောင်းစွာဆုံးဖြတ် ပိုင်းခြားနိုင်သည်ဖြစ်၍ ၎င်းတိုင်းနယ်ဌာနများ၌ ယခုအခါ ထင်ရှားရှိနေသော အဆောက်အဦးများကို ထောက်ဆခြင်းအားဖြင့် ၎င်းတိုင်းနယ်တွင် အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ် စေလွှတ်အပ်သော သာသနာတော်၏ တည်နေခြင်း

ကား အနီးအနား တိုင်းနိုင်ငံဖြစ်သည့် အပရန္တတိုင်းနယ်များကဲ့သို့ ထင်ရှားကြောင်း ကောင်းစွာ မှတ်သားအပ်ကုန်၏။

ထိုမထေရ်များ ပြုအပ်သော သာသနာပြု နေရာဌာနသည်လည်း အပရန္တတိုင်းကဲ့သို့ ဌာနညွှန်ပြခြင်းမရှိသဖြင့် အမှန်ဆုံးဖြတ်ပိုင်းခြားရန် ခဲယဉ်းသော်လည်း ရှေးဟောင်း အဆောက်အဦးနှင့် ကျောက်စာတို့ကို ထောက်ဆခြင်းအားဖြင့် ခန့်မှန်းပိုင်းခြားနိုင်၍ ဤမဟာရဋ္ဌတိုင်းကြီး၏ မြို့တော်မှာ မြတ်စွာဘုရား လက်ထက်တော်က ဗာဝရီဆရာကြီး၏ ဂေါစရဂါမ်မြို့များဖြစ်ကြသည့်အတိုင်း ၎င်း၏တပည့်များစေလွှတ်ရာ ဝတ္ထုကထာ၌-

**မုဠကဿ စ ပတိဋ္ဌာနံ၊ ပုရံ မာဟိဿတိ တဒါ။**

စသည်ဖြင့်လာသော ပတိဋ္ဌာနမြို့တော်ပင် ဖြစ်နိုင်သောကြောင့် ၎င်းမြို့သည် မင်းတရားကြီး လက်ထက်မှ နောက်အခါ၌လည်း တည်ရှိလာခဲ့သဖြင့် အမှန်ဟု ဆုံးဖြတ်ပိုင်း ခြား၍ ၎င်းမြို့တော်၏အနီးအနားမှာ ရဟန်းတော်တို့ သီတင်းသုံးခြင်းငှာ လျောက်ပတ်သော နေရာဌာန၌ သီတင်းသုံးတော်မူပြီးလျှင် ထိုသာသနာပြုအရှင်တို့ သာသနာပြုခဲ့ကြပေလိမ့် မည်ဟု မှတ်သားအပ်ကုန်၏။

ထိုတိုင်းနယ်များ၌ အရေးကြီးသော ရှေးဟောင်း အဆောက်အဦးများရှိသော ဌာန မှာ နာသိကတောင်ကုန်းမြင့်ဖြစ်၍ ၎င်းတောင်ကုန်းပေါ်၌ ထင်ရှားသော ကျောင်းတိုက်ကြီး များရှိကြသဖြင့် ၎င်းတို့မှာ-

- **နဟပန ဝိဟာရ နဟပန ကျောင်းကြီး၊**
- **ဂေါတမီပုတ္တ ဝိဟာရ ဂေါတမီပုတ္တ ကျောင်းကြီး၊**
- **ယာဒုယသီရိ ဝိဟာရ ယာဒုယသီရိ ကျောင်းကြီး-**

စသော ထင်ရှားသော ကျောင်းတိုက်ကြီးများအပြင် သာသနာတော်နှင့်ဆိုင်ရာ များစွာသော အဆောက်အဦးများရှိသောဌာနဖြစ်ကြောင်း, ရှေးဟောင်းရာဇဝင်နှင့် ရှေးခေတ်အဆောက်အဦးများအကြောင်း ရှာဖွေမှတ်သား၍ မှတ်တမ်းများရေးသား ဖော်ပြ ကြကုန်၏။

ဤဆိုခဲ့ပြီးသော ကျောင်းတော်ကြီးများတွင် နဟပနဝိဟာရမှာ ၎င်းအမည်ရှိသော မင်းကြီး၏ကောင်းမှုတော်ဖြစ်၍ ၎င်းမင်းကြီးကား ခတြပမင်းမျိုးတို့၏ အဆက်အနွယ်ကို တည်ထောင်သောမင်းတရားဖြစ်သည့်အပြင် အပရန္တ, သုရဋ္ဌ, မဟာရဋ္ဌ- စသော အနောက် ဖက်သမုဒ္ဒရာ ဆိပ်ကမ်းတစ်လျောက် တိုင်းနိုင်ငံများကို စိုးမိုးပိုင်သ အုပ်ချုပ်တော်မူသည်

အားလျော်စွာ ဤနာသိကတောင်၌ ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းပြီး အခြား လူအများ တဲခိုနားနေရာဌာနဖြစ်သော ဘာရုကစ္ဆဆိပ်ကမ်း, ဒသပူရ, ဂေါဝဒ္ဓန, သောပါရက- စသော အရပ်များ၌လည်း ဇရပ်, ရေတွင်း, ရေကန်, ဥယျာဉ်စိုက်ပျိုးခြင်း လမ်းပန်း ဆက်သွယ် ဖောက်လုပ်ခြင်း စသောကောင်းမှုတို့ကို ပြုလုပ်သည့်အပြင် **ဣဗာ, ပရဒ, ဒမန, တပိ, ကရဘိန, ဒဟုနုက-ဆိပ်ကမ်းများ၌** ကူးတို့လှေများ ထားခြင်းစသော များပြားလှသော ကောင်းမှုကုသိုလ်များ ပြုလုပ်ပြီးလျှင် ကျောက်စာကမ္ပည်း ထွင်းထုခတ်နှိပ် လှူဒါန်းတော် မူကြောင်း, ၎င်းမင်းကြီးမှာ သာသနာ ၆၀၂-ခုနှစ်၌ ထီးနန်းသိမ်းပိုက်ပြီးနောက် ဤမြောက်မြားလှစွာသော ကောင်းမှုကုသိုလ်တော်များ ပြုလုပ်ကြောင်း ယုံမှားမဲ့မှတ်သား အပ်ကုန်၏။

ထိုမှတပါး အထက်၌ဖော်ပြခဲ့ပြီးသော **ဂေါတမီပုတ္တ ဝိဟာရမှာ** ဆောက်လုပ်လှူ ဒါန်းခဲ့သော မင်း၏အမည်အားဖြင့် ကျော်ကြားခဲ့၍ ၎င်းအမည်အားဖြင့် ထင်ရှားသော မင်းသည်ကား **အန္ဓြသို့မဟုတ် အန္ဓမင်းမျိုးတို့၏** တန်ခိုးအာဏာ လွှမ်းမိုးသောခေတ် သာသနာနှစ် ၇၀၀-ကျော်က မင်းပြုသော ၎င်းမင်းမျိုးတို့၏ အစဉ်အဆက်တွင် ၇- ဆက်မြောက်ဖြစ်သော **ဂေါတမီပုတ္တမင်းဖြစ်၍** ၎င်းမင်းတရားသည် အထူးအားဖြင့် ထင်ရှားသော ကျောက်စာ, ကမ္ပည်းမော်ကွန်းများ ထိုးထားခြင်းမရှိခဲ့သောကြောင့် ကျောင်းတော်ဆောက်လုပ်သော ခုနှစ်များကို မပိုင်းခြားနိုင်သည့်အပြင် ၎င်းမင်း လှူဒါန်း ပြုစုခဲ့သော ကောင်းမှုများကိုလည်း မဖော်ပြနိုင်စေကာမူ အမည်နာမ အခိုင်အမာထား၍ ရာဇဝင်မှတ်တမ်းများ၌ ပိုင်းခြားဝေဖန်ကြကုန်၏။

၎င်းပြင်လည်း ၃-ခုမြောက်သော **ယာဒုယသီရိကျောင်းတော်ကြီးကား** ခမ်းနားကြီး ကျယ်သော အခမ်းကြီးအပြင် သံဃာတော်များ သီတင်းသုံးရန် အခန်းပေါင်း ၂၁-ခန်းရှိ၍ ကျောက်သားပကတိ ထွင်းထုထားသော ဆန်းကြယ်သော သီတိုင်ကြီးများ တင့်တယ်စွာ တည်ရှိကြောင်း, ၎င်းကျောင်းတော်ကြီး၏ခုနှစ်မှာ ကျောက်စာများထောက်ထားသောအား ဖြင့် သာသနာအနှစ် ၉၀၀-လောက်ဟု ခန့်မှန်းရကြောင်း, ၎င်းတိုင်းနယ် ဗုဒ္ဓဘာသာ မှတ်တမ်းများ၌ ရေးသားဖော်ပြကြကုန်၏။ ၎င်းကျောင်းတော်ကြီး၏ အမည်အရ ၎င်းမဟာရဋ္ဌတိုင်းကြီးအတွင်း၌ ပဒေသရာဇ်နယ်စားမင်းများတို့တွင် ပါဝင်သော **သေဥဏာတိုင်း** နာသိကတောင်အနီးရှိ မြို့တော်သိန္နာရ၊ ၎င်းနောက် ဒေဝဂီရိမြို့ကို တည်ထောင် အုပ်ချုပ် သော ယာဒုမင်းမျိုးများ တည်ဆောက်ခဲ့သည်ဟု ခန့်မှန်းပိုင်းခြားကြကုန်၏။

၎င်းနောက် တရုတ်ရဟန်းတော် ဗှင်သျှင်တို့ရောက်သောအခါ သာသနာတော် ၁၀၀၀-ကျော်သို့ ရောက်သည်တိုင်အောင်ပင် ၎င်းတိုင်းနိုင်ငံများ၌ သာသနာထွန်းကား

လျက်ရှိကြောင်း, ကျောင်းတိုက်များ စေတီတော်များ မြောက်မြားစွာနှင့် သံဃာတော် အမြောက်အမြား တွေ့ရှိရကြောင်း, အထူးအားဖြင့် ၎င်းတိုင်းနိုင်ငံတော် အရှေ့ပိုင်းတွင် ရဟန္တာမထေရ်များ သီတင်းသုံးတော်မူရာ ကျောင်းတိုက်ကြီးမှာ မြင့်မားလှစွာသော တောင်ကြီးတစ်ခု၌ ရှေးအခါက တည်ထောင်ဆောက်လုပ်ခဲ့၍ ၎င်းကျောင်းကြီးအလယ်တွင် အတောင် ၄၀-ကျော် ဉာဏ်တော်မြင့်မားသော ရုပ်ပွားတော်ကြီး တည်ထားကိုးကွယ် သည့်အပြင် ၎င်း၌ အဆန်းတကြယ် နုနယ်သိမ်မွေ့လှစွာသော ကျောက်ဆစ်ပန်းပု အနုပညာတို့ဖြင့် ကျောက်သားပကတိ ထွင်းထုထားသော ဇာတ်တော်, နိပါတ်တော် များအပြင် မြတ်စွာဘုရားလက်ထက်တော်က ဖြစ်ပျက်သော အတ္ထုပ္ပတ်များတို့ဖြင့် ခမ်းနား ဆန်းကြယ်သော မှန်ကူကွက် တံတိုင်းနံရံများ ကာရံထားကြောင်း- စသည် ရေးသားဖော်ပြ၍ ၎င်းတိုင်းနယ်များ၌ သာသနာတော်နှစ် ၁၀၀၀-ကျော်တိုင်အောင် သာသနာ တည်ရှိကြောင်း မှတ်သားအပ်ကုန်၏။

ဤသို့ဆိုခဲ့ပြီးသော **နာသိကတောင်**၌ တည်ရှိနေသော ကျောင်းတော်ကြီးများ၏ အစဉ်အဆက်မှတ်တမ်းများနှင့် ဤတရုတ်ရဟန်းတော်များ ရောက်ရှိတွေ့မြင်ရသော အကြောင်းအရာမှတ်တမ်းများကို ထောက်ဆ၍ ဤမဟာရဋ္ဌတိုင်း သာသနာပြုဌာန၌ သာသနာအနှစ် ၁၀၀၀-ကြာအောင် တည်ထွန်းလျက် မင်းအဆက်ဆက်တို့လည်း မပျက် မကွက် ကိုးကွယ်ဆည်းကပ်ကာ သာသနာကို ကောင်းစွာချီးမြှောက် ထောက်ပင့်လာကြ ကြောင်း ယုံမှားမဲ့ မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## မဟာရဋ္ဌ အမည်နှင့် အပိုင်းအခြား

ဤမဟာရဋ္ဌတိုင်းကို အသောကမင်းတရားကြီး၏ ကျောက်စာများ၌ ရဋ္ဌိက အချို့၌ **ဒေဝရဋ္ဌ**ဟု ရေးသား၍ ဤတိုင်းနယ်၏ အပိုင်းအခြားမှာ မင်းတရားကြီးလက်ထက် သာသနာပြုစဉ်က အပိုင်းအခြား မဖော်ပြသဖြင့် အသေအချာ မမှတ်သားနိုင်စေကာမူ **တတိယသာသနာပြုဌာနဖြစ်သော ဝနဝါသီတိုင်းနှင့် စတုတ္ထသာသနာပြုဌာနဖြစ်သော အပရန္တ တိုင်းတို့၏** အလယ်၌တည်ရှိသော တိုင်းနိုင်ငံဟု မှတ်သားအပ်သည့်အပြင် နောက်အစဉ် အဆက် မှတ်သားကြသော အပိုင်းအခြားများနှင့် ခရီးသည် တရုတ်ရဟန်းတော်များ ပိုင်းခြား အပ်သော အပိုင်းအခြားမှာ-

- အရှေ့ အန္တြတိုင်းနယ်
- အနောက် သမုဒ္ဒရာပင်လယ်
- တောင် ကောကနက (ဝနဝါသီတိုင်း မြို့တော်)
- မြောက် မလဝါတိုင်း (အပရန္တတိုင်းနယ်)

များဖြစ်၍ ဆိုခဲ့ပြီးသော တိုင်းကြီး၂-ခုတို့၏ စပ်ကြားတည်ရှိသော တိုင်းနယ်ဖြစ်ကြောင်း ကောင်းစွာ မှတ်သားအပ်၏။

ဤမဟာရဋ္ဌ ရဋ္ဌိက ဒေဝရဋ္ဌ အမည်တို့ဖြင့် ထင်ရှားသောတိုင်းကြီးသည်ကား ၃-ပိုင်း ခွဲဝေရာ ဤဇမ္ဗူဒီပါ ကျွန်းကြီးအလုံး၏ အပိုင်းတို့တွင် ဒက္ခိဏပထတောင်ပိုင်းတွင် ပါဝင်၍ တောင်ပိုင်းသာသနာနှင့် နီးစပ်သဖြင့် မင်းတရားကြီးလက်ထက် သာသနာပြုပြီးနောက် ဆက်လက်တည်ရှိသော သာသနာမှာလည်း ထေရဝါဒဂိုဏ်း တောင်ပိုင်းသာသနာတော်သာ အစဉ်အဆက် ဖြစ်နိုင်ကြောင်းများကိုလည်း မှတ်သားအပ်သည့်အပြင် ၎င်းတိုင်းနယ်၌ ရှေးဟောင်းမြို့တော်ဟု သတ်မှတ်ပိုင်းခြားသော ပတိဋ္ဌာနမြို့တော်မှာ တောင်ပိုင်းဒေသ၌ ကျော်ကြားသော ဂေါဒါဝရီမြစ်ကမ်းတွင်တည်ရှိ၍ ၎င်းမြို့တော်သည်လည်း ထေရဝါဒဂိုဏ်းများ ထွန်းကားသော အန္ဓြတိုင်း, ဒမိလတိုင်း, စောဠတိုင်း, ပဏ္ဍုတိုင်း စသော ဂေါဒါဝရီမြစ်ဖျားနိုင်ငံများနှင့် ဆက်စပ်နေသဖြင့်လည်း ၎င်းအဆက်အနွယ် သာသနာဖြစ်သည်ဟု ခန့်မှန်းပိုင်းခြား အခိုင်အမာ မှတ်သားနိုင်ကုန်၏။

✪ ✪ ✪ ✪ ✪

## ၎င်းခေတ်နှင့် မင်းများပြောင်းလဲခြင်း သာသနာတော်

ဤတိုင်းနိုင်ငံများ၌ နိုင်ငံရေးအားလျော်စွာ သာသနာတော် အရေးလည်းဖြစ်ပွား၍ တိုင်းနိုင်ငံမင်းများ တန်ခိုးအာဏာပြောင်းလဲခြင်းကဲ့သို့ သာသနာတော်လည်း ညှိုးနွမ်းသည့်အခါ ညှိုးနွမ်းလျက်, ပွင့်လန်းသည့်အခါ ပွင့်လန်းတိုးတက်သည့်အပြင် တည်ရာဌာနလည်း ကြည်ညိုလေးစားသော မင်းများ၏နေပြည်တော် အမှီပြုကာ တည်ထွန်းလာ၍ ၎င်းနေပြည်တော်များလည်း တစ်ခေတ်တစ်ခေတ်၌ အသစ်အသစ်တည်ထောင်ကြကာ ပြောင်းရွှေ့လာကြကုန်သဖြင့် ၎င်းတို့အားလျော်စွာ ဌာနများပြောင်းလဲကြလျက် သာသနာတော် ထွန်းပလာခဲ့ကြကြောင်း ရှေးဟောင်း ရာဇဝင်မှတ်တမ်းများအရ ထင်ရှားကုန်၏။

ဂုင်းတိုင်းနယ်များ၌ ခေတ်အားလျော်စွာ ရှေးဟောင်းရာဇဝင်မှတ်တမ်းများအရ ထင်ရှားသော တိုင်းနယ်များနှင့် မြို့တော်များမှာ-

၁။ ပတိဌာန၊ ဂုင်းမြို့တော်မှာ မြတ်စွာဘုရားလက်ထက် ဗာဝရီဆရာကြီး၏ ကျောင်းသင်္ခမ်းတည်ရှိရာ ဂုင်း၏ဂေါစရဂါမ်မြို့တော်ကြီး ဖြစ်သည့်အပြင် နောက်အခါ၌လည်း အသောကမင်းတရားကြီး လက်ထက်တိုင်အောင် မပြောင်းလဲဘဲ တည်ရှိ၍ ဂုင်းတိုင်းနယ်သာသနာပြုစဉ်က အမှီပြုရသော မြို့တော်ဟု ခန့်မှန်းအပ်သော မြို့ကြီးဖြစ်လေသည်။

၂။ ကလျာဏမှာ မဟာခတြပမင်းမျိုးများ အုပ်စိုးကြစဉ် မြို့တော်ဖြစ်၍ ယခုအခါ ပုံဗာအီ (ဘုံဘိုင်)မြို့တော်ကြီး၏အနီး အရှေ့ဘက်ကမ်း၌ တည်ရှိသောမြို့ဖြစ်လေးသည်။

၃။ ဗဒမိမြို့တော်မှာ ရှေးစာလုကျမင်းမျိုးများ ဂုင်းတိုင်းနယ်၌ အုပ်ချုပ်စိုးစံစဉ် မြို့တော်ဖြစ်၍ ယခုအခါ ဗိုက်ဂျပူရ်နယ်မှာ တည်ရှိလေသည်။

၄။ နာသိကမြို့တော်မှာ ယူချီမင်းများလက်ထက် မြို့တော်ဟု မှတ်သား၍ဆိုခဲ့ပြီးသော ကျောင်းတော်ကြီးများ တည်ရာတောင်အနီးတည်ရှိသော မြို့ဖြစ်လေသည်။

၅။ မာနျခေတကမြို့မှာ ရဋ္ဌကုဋ္ဌ မင်းမျိုးများလက်ထက် မာလခေဒဟု ခေါ်သော မြို့တော်ဖြစ်လေသည်။

၆။ ကလျာနီမြို့တော် နောက်ခေတ်ဖြစ်သော စာလုကျမင်းမျိုး၏ မြို့တော်ဖြစ်၍ နိဇာမ်နယ် ဗီဒါမြို့အနီး တည်ရှိသောမြို့တော်နေရာ ဖြစ်လေသည်။


၇။ ရတနဂီရိမြို့တော်မှာ ကလျာနီမြို့တော်ဟောင်းမှ အရှေ့တောင် ၈-ယူဇနာ ကွာဝေးသော ဝိကြမာဒိတျ တြိဘုဝနမလ္လမင်း မြို့တော် ဖြစ်လေသည်။

၈။ ဒေဝဂီရိမြို့တော်မှာ ယာဒဝမင်းမျိုးတို့၏ မြို့တော်ဖြစ်၍ ယခုအခါ ဒေါလတာဗာဒ် မြို့တော် ဖြစ်လေသည်။

ဤသို့ အသီးသီးမြို့တော်များ ဖြစ်ကြလေသည်။



ဝေဒိသစေတီ တံခါးမုခ်



ဝေဒိသ – ဆန်ချီစေတီတော်

ဤဆိုခဲ့ပြီးသော ခေတ်အားလျော်စွာ မြို့တော်မင်းမျိုး တန်ခိုးအာဏာများ ဤတိုင်းနယ်တွင် အစဉ်အားဖြင့် ပြောင်းလဲလာခဲ့ကြ၍ ၎င်းမင်းမျိုးနှင့် ခေတ်များမှာ ကျောက်စာအရ ၎င်းတို့တည်ဆောက်ခဲ့ကြသော ကောင်းမှုကုသိုလ်တို့ကို ထောက်ဆ၍သိရသည့်အပြင် သာသနာတော်တွင် ထောက်ပံ့ပြုစုကြသော မင်းတို့မှာ မဟာခတြပ နိုင်ငံတည်ထောင်ပြုလုပ်သော **နဟပနမင်းတရားနှင့် ယာဒုယသီရိကျောင်းတော်ကြီးကို ဆောက်လုပ်သော** ယာဒဝမင်းများသာလျှင် ဖြစ်ကြကြောင်း၊ ၎င်းပြင် **မဟာခတြပ** မင်းဆက်တွင် **ရုဒြဒမန** သို့မဟုတ် ရုဒြမန်အမည်တွင်သော ၃၀-မြောက်မင်းတရားသည် အသောကမင်းတရားကြီး ပြုစုတော်မူခဲ့သော သုဒဿန ရေကန်တော်ကြီး ပျက်စီးယိုယွင်းနေသည်ကို ထပ်မံပြုပြင်ကမ္ပည်းကျောက်စာတင်လျက် ဆက်လက်၍ ကုသိုလ်တော်များ အားထုတ်ဆည်းပူးတော်မူကြောင်း၊ ဤမဟာခတြပမင်းမျိုးများသည် ဤတိုင်းနယ်တွင် နှစ်ပေါင်း ၃၀၀-မျှ မင်းဆက်ပေါင်း ၂၇-ဆက်မျှ အုပ်ချုပ်ခဲ့၍ များသောအားဖြင့် သာသနာ၀င်မင်းများ ဖြစ်ကြကြောင်း ခန့်မှန်းနိုင်၍ ဤတိုင်းနယ်တွင် မင်း၀ာရားကြီး ပြုစုတော်မူသော သာသနာတော် နှစ်ပေါင်း ၁၀၀၀-ကျော်အောင် တည်ရှိကြောင်း တရုတ်ရဟန်းတော်များ ရေးသားသော မှတ်တမ်းများအရကိုလည်း ထောက်ဆသောအားဖြင့် အမှန်ဟုယုံမှားမဲ့ မှတ်သားအပ်ကုန်၏။

၎င်းမှတပါး **အန္ဓြမင်းမျိုးများလည်း** မြတ်စွာဘုရား သာသနာတော်ကို ကြည်ညိုလေးစားသည်အားလျော်စွာ ၎င်းတို့မင်းဆက်များတွင် ၂၂-ဆက်မြောက်ဖြစ်သော **ယညသီရိဂေါတမီပုတ္တမင်းမြတ်သည်** သာသနာနှစ် ၈၀၀-ကျော်လောက်က ဆောက်လုပ်လှူဒါန်းခဲ့သော နာသိကတောင် ဂေါတမီပုတ္တဝိဟာရကျောင်းတော်ကြီး၌ ထွင်းထုအပ်သော ကျောက်စာအရ ၎င်း၏နိုင်ငံသည် သုရဋ္ဌတိုင်းသို့ရောက်အောင်ပင် ကျယ်ပြန့်လျက် ၎င်း၏ အထိမ်းအမှတ်အားဖြင့် ဤကျောင်း၏ ဂူတော်ကြီးကို ဆောက်လုပ်လှူဒါန်းကြောင်း, ရေးသားသဖြင့် အန္ဓြမင်းမျိုးများသည် သာသနာကြည်ညိုလေးစားကြကြောင်း, ၎င်းတို့၏ ခေတ်နောက်ပိုင်း၌ မဟာခတြပ မင်းမျိုးများနှင့် တန်ခိုးအာဏာ ပြိုင်ဆိုင်ကြကြောင်းများလည်း မှတ်သားအပ်ကုန်၏။

ထိုမှတပါး မဟာရဋ္ဌတိုင်းနယ်ကြီးအတွင်း၌ နောက်ခေတ်များမှာ နိုင်ငံရေးရှုပ်ထွေးလာ၍ ပဒေသရာဇ် နိုင်ငံကလေးများ အစိတ်စိတ်ကွဲပြားကာ ယာဒုမင်းမျိုးများ၏ မြို့တော်များလည်း ဒေဝဂီရိ စသည် ကွဲပြားပြီးလျှင် အသီးသီးစိုးစံကြကာ ၎င်းတိုင်းရာဇဝင်လာအရ အကြောင်းများစွာ ရေးသားဖွယ် ရှိပါသော်လည်း ဗုဒ္ဓနိုင်ငံတော် သာသနာတော်နှင့်မစပ်ဆိုင်သဖြင့် ချန်လှပ်ပြီးကာ ဤနိုင်ငံ ဗုဒ္ဓသာသနာတော်နှင့်ဆိုင်ရာ ကျောင်းအာဝါသ စသည်တို့နှင့် စပ်လျဉ်းသော အခြားဌာနများ ရေးသားဖွယ်ရှိ၍ ၎င်းတို့ကိုသာ ဗုဒ္ဓသာသနာတော်၏ အဖြစ်အပျက်များ ဖြစ်သောကြောင့် ရေးသားရပေမည်။

ဤတိုင်းအတွင်းဝယ် နာသိကတောင်၌ရှိသော ထင်ရှားကျော်ကြားသည့် ကျောင်းတော်ကြီးများမှတစ်ပါး ဘောဃစသည့် အရပ်တို့၌ရှိသောကျောင်းများ, နာသိကတောင်အနီးအနား၌လည်း ဆိုခဲ့ပြီးကျောင်းတော်ကြီးများလောက် မကြီးသော်လည်း ရာဇဝင်အစဉ်အလာအရ ယခုခေတ်တိုင်အောင် လမ်းစရှာဖွေ တွေ့ရှိနိုင်သေးသော ၎င်းတို့ခေတ်အားလျော်စွာ ကြီးကျယ်ခမ်းနားသော ကျောင်းအာဝါသ စေတီပုထိုးများလည်း များစွာရှိကြကုန်သေး၏။

၎င်းပြင် ရှေးမင်းများသည် အဆန်းတကြယ် ထွင်းဖောက်ဆောက်လုပ် လှူဒါန်းထားသော ဂူတော်ကြီးများလည်း ဤမဟာရဋ္ဌတိုင်းအတွင်းမှာ အများအပြားရှိရာ ယခုအခါတိုင်အောင် ထင်ရှားရှိနေသေးသော ဗုံဗိုင်နှင့် ပုဏ္ဏားမြို့အကြားတည်ရှိသော **ကာရလိ** အရပ်များ၌ ဂူကျောင်းနှင့် စေတီတော်ဖြစ်၍ ၎င်းစေတီတော်မှာ သာသနာတော်အနှစ် ၃၀၀-ကျော်က တည်ဆောက်သည်ဟု ကျောက်စာကမ္ပည်းများ ခန့်မှန်းပိုင်းခြားနိုင်သေးသဖြင့် အသောကမင်းတရားကြီး ပြုစုတော်မူသော သာသနာတော်ထွန်းကားသောခေတ်၌ ဖြစ်ခဲ့လိမ့်မည်ဟု ခန့်မှန်းပိုင်းခြားနိုင်ကုန်၏။

ထိုမှတပါးလည်း ဤတိုင်းနယ်၌ ဂူကျောင်းများစွာရှိကြ၍ ယခုအခါ **ဘက်ဒဆာ** စသော အရပ်များနှင့် သုပ္ပါရက သုပ္ပါရား ဆိပ်ကမ်းအနီး ဒေသများအပြင် ဆိုခဲ့ပြီးနာသိကတောင်ပြင်မှာလည်း အခြားဂူကျောင်းငယ်များ များစွာရှိသည်တို့ကိုငင်း စေတီပုထိုးတို့ကိုငင်း ထောက်ထားလျက် ၎င်းတို့၏ ကာလအပိုင်းအခြားနှင့်တကွ ဗုဒ္ဓသာသနာတော်နှင့်ဆိုင်ရာ အကြောင်းအရာအတ္ထုပ္ပတ် အဆန်းတကြယ် ထွင်းထုထားသော ရှေးဟောင်းလက်မှုပညာများ(ကိုလည်း) ထောက်ထားသဖြင့် ၎င်းတို့မှာလည်း များသောအားဖြင့် ဘုရင်မင်းများ၏ ကုသိုလ်များသာလျှင်ဖြစ်၍ ဤတိုင်းနယ်တွင် ထိုခေတ်ကမင်းနှင့်တကွ တိုင်းပြည်နိုင်ငံသူ နိုင်ငံသားများ သာသနာတော်၌ ကြည်ညိုလေးစားကြကြောင်းလည်း ကောင်းစွာ မှတ်သားအပ်ကုန်၏။

ဤသို့အားဖြင့် မဟာရဋ္ဌတိုင်းအတွင်း၌ တည်ရှိသော စေတီပုထိုး, ကျောင်း, ဂူစသည်တို့ကို ထောက်ထားလျက် အသောကမင်းတရားကြီးနှင့်တကွ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်တို့ ပြုစုတော်မူအပ်သော ဗုဒ္ဓနိုင်ငံတော် သာသနာမြတ်သည် အနှစ် ၁၀၀၀-ကျော် တရုတ်ရဟန်းတော်များ သာသနာတော်နှင့် စပ်ဆိုင်သော ဗဟုသုတ အရပ်ရပ်ရှာဖွေကြသော ခေတ်တိုင်အောင် တည်ထွန်းလျက်ရှိကြကြောင်း, ၎င်းတိုင်းနယ်ဆိုင်ရာ သာသနာ အထိမ်းအမှတ် အချို့များ(သည်) ဆန့်ကျင်ဘက် ဘာသာများ လွှမ်းမိုးအုပ်စိုးသောခေတ်က ပျောက်ပျက်သွားကြသော်လည်း ယခုအခါ ထင်ရှားသောသက်သေများအဖြစ် ပြနိုင်သေးသော ရှေးလက်ရာများဖြင့် ကောင်းစွာမှတ်သားနိုင်ကုန်၏။

ဤသို့ ဤမျှ ကြာရှည်လေးမြင့် တည်ထွန်းတောက်ပနေသော ဗုဒ္ဓသာသနာတော် မြတ်ကြီးမှာ ၎င်းတို့နှင့်နီးစပ်သော တိုင်းနိုင်ငံများနှင့် ၎င်းတို့၌တည်ထွန်းခဲ့သော သာသနာတော် အစဉ်အဆက် ဆင်းသက်လာသည်ကို ထောက်ထားကာ ၎င်းတိုင်းမှာ ထေရဝါဒ ဂိုဏ်း သာသနာတော်သာဖြစ်ကြောင်း မြောက်ပိုင်း မဟာသံဃိကဂိုဏ်း သာသနာနှင့် အဆက် အသွယ်မရှိကြောင်း ကောင်းစွာမှတ်သား၍ ဤမျှဖြင့် မဟာရဋ္ဌသာသနာတော် ဤတွင် အဆုံးသတ်အပ်သတည်း။

မဟာရဋ္ဌတိုင်း သာသနာ ပြီးပြီ။

✪ ✪ ✪ ✪ ✪

## ၆။ ယောနရဋ္ဌ သာသနာပြုဌာန၊ ၎င်းအစဉ်အဆက်အကြောင်း

ဆဋ္ဌဌာန ၆-ခုမြောက် သာသနာပြုရာ ဌာနဖြစ်သော ယောနတိုင်းမှာ မဇ္ဈိမ ဒေသအပိုင်းအခြားမှ အနောက်မြောက် တိုင်းနယ်များဖြစ်၍ မြတ်စွာဘုရားလက်ထက် တော်မှာ ဤဇမ္ဗူဒီပါကျွန်းကြီး၏ တိုင်းနယ်များပိုင်းခြားရာ ဥတ္တရပထမြောက်ဘက် တိုင်းနယ်တို့တွင်ပါဝင်၍ အနောက်မြောက်ကျသော ဂန္ဓာရတိုင်းကို အပိုင်းအခြားထားလျက် ၎င်း၏အပြင်ဘက် တိုင်းနယ်များဖြစ်သဖြင့် အရပ်ဒေသလည်း ဝေးကွာ, သွားလာရန်လည်း အလွန်ခဲခက်သော အရပ်ဌာနဖြစ်သော်လည်း ၎င်းယောနကတိုင်းသားတို့နှင့် အသောက မင်းတရားကြီးတို့မှာ တိုင်းပြည်ရေးရာအားဖြင့် ဘိုးတော်စန္ဒဂုတ္တမင်းတရားကြီး လက်ထက်မှ စ၍ ဆက်သွယ်လာခဲ့သော တိုင်းနိုင်ငံများ ဖြစ်သည့်အလျောက် နိုင်ငံအချင်းချင်း တရားမျှ တတူညီကြရန် ရည်သန်တော်မူကာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်နှင့် ညှိနှိုင်း တော်မူပြီးလျှင် အရှင်မဟာရက္ခိတမထေရ်မြတ်အား အမှူးထားလျက် ၎င်းတိုင်းသို့ သာသနာပြု စေလွှတ်ပြုစုခဲ့စေသည်။

ယောနကတိုင်းကြီးသို့ သာသနာပြု စေလွှတ်တော်မူအပ်သော အရှင်မဟာရက္ခိတ မထေရ်မြတ်သည်လည်း ၎င်းတိုင်းကြီးသို့ သာသနာပြုဘက် မထေရ်ကြီးများနှင့် ကြွသွား တော်မူပြီး-

ကာဠကာရာမသုတ္တန်ဒေသနာတော်ဖြင့် တိုင်းသူတိုင်းသားတို့အား တရားအမြိုက် တိုက်ကျွေးဆုံးမတော်မူရာ တစ်သိန်းခုနှစ်သောင်းသော သတ္တဝါတို့အား အမြိုက်တရား သုံးစားရလျက် မဂ်ဖိုလ်သို့ရောက်ကြကြောင်း-

**"ယောနရဋ္ဌံ တဒါ ဂန္တွာ၊ သော မဟာရက္ခိတော ဣသိ။**
**ကာဠကာရာမသုတ္တန္တ၊ တေ ပသာဒေသိ ယောနကေ။ ။**

အရှင်မဟာရက္ခိတမထေရ်သည် ယောနကတိုင်းသို့ ကြွတော်မူကာ ကာဠ-ကာရာမသုတ္တန်ဒေသနာဖြင့် ယောနကတိုင်းသားတို့အား ကြည်ညိုစေပြီ။"

စသည်ဖြင့် အဋ္ဌကထာအရှင်မြတ်တို့ အကျဉ်းအားဖြင့် မိန့်ကြားတော်မူအပ်ကုန်၏။

ဤကျယ်ဝန်းလှသော ယောနကတိုင်းကြီးအတွင်းမှာ သာသနာရောင် တောက်ပြောင်စေလျက် တစ်သိန်းခုနှစ်သောင်းသောသူများ အကျွတ်တရားရကြသည့်အပြင် ၁၀,၀၀၀-မျှသောသူတို့မှာ သာသနာတော်၌ဝင်၍ ရဟန်းပြုကြကြောင်း အမြွက်မျှ အဋ္ဌကထာဆရာထုတ်ဖော်ရေးသားသော်လည်း အခြားဌာနများထက် ဤမျှများပြားသော အကျွတ်တရားရသူများနှင့် သာသနာ့နိုင်ငံတွင် ကိုယ်တိုင်ဝင်၍ ထမ်းဆောင်ကြကုန်သော သူတို့တွင်လည်းများစွာသော အရိယာသံဃာတော်များပါဝင်ကြ၍ ၎င်းတို့၏ အဆက်အနွယ်များ ဆင်းသက်လာခဲ့ကြမည်ကား အမှန်အားဖြင့် ဆုံးဖြတ်နိုင်ကုန်၏။

ဤယောနကတိုင်းကြီးကား မဇ္ဈိမတိုင်းနိုင်ငံတွင် နေကြသူအပေါင်းတို့က ၎င်းတို့နှင့် နီးကပ်လျက်ရှိသော ကသ္မိရတိုင်း, ဂန္ဓာရတိုင်းတို့၏ အနောက်မြောက် အပြင်ကျသော တိုင်းနိုင်ငံများကို ယောန, ယောနကတိုင်းများဟု ခေါ်ဝေါ်ကြ၍ မြတ်စွာဘုရားလက်ထက်တော်ကပင် ထင်ရှားသောတိုင်းနိုင်ငံဖြစ်သည့်အားလျော်စွာ မြတ်စွာဘုရားသည် တစ်ခါတစ်ရံ ၎င်းတိုင်းနိုင်ငံကို ဥပမာထား၍ ဟောကြားဆုံးမတော်မူကြောင်း မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ အဿလာယနသုတ်၌-

**"တံ ကိံ မညသိ အဿလာယန သုတ္တန္တေ ယောနကမ္ဗောဇေသု အညေသု စ ပစ္စန္တိမေသု ဇနပဒေသု ဒွေ ဝဏ္ဏာ အယျော စေဝ ဒါသော စ။ အယျော ဟုတွာ ဒါသော ဟောတိ။ ဒါသော ဟုတွာ အယျော ဟောတိ။**

အဿလာယန အဘယ်သို့ ထင်မှတ်သနည်း-

ယောနတိုင်း, ကမ္ဗောဇတိုင်းတို့နှင့် အခြားအစွန်ကျသော တိုင်းများမှာ ကျွန်နှင့်အရှင် အမျိုး၂-ပါးသာ ရှိသည်ဟု သင်ကြားဖူး၏လော၊ အရှင်ဖြစ်၍ ကျွန်ဖြစ်နိုင်သည်။ ကျွန်ဖြစ်၍ အရှင်ဖြစ်နိုင်သည်။"

စသည်ဖြင့် အမျိုးဇာတ်နှင့်စပ်လျဉ်း၍ ပစ္စန္တရတိုင်းသားတို့ကို ဥပမာထား၍ ဟောကြားတော်မူသည်များ ထောက်ဆသိအပ်၏။

ဤတိုင်းကား ဝေးကွာခြားသော်လည်း မင်းတရားကြီးနှင့် နိုင်ငံရေးအားဖြင့် ဆက်သွယ်ကြောင်းကား ဘိုးတော်စန္ဒဂုတ္တမင်းတရားလက်ထက် ချင်းနင်းဝင်ရောက်လာကြသော ယောနတိုင်းသား ယခုအခေါ် အားဖြင့် ဂရိတ်လူမျိုးများကို တွန်းလှန်ဖြိုဖျက်ကာ နယ်ခြားစစ်ပွဲများ မကြာခဏဖြစ်ပွားကြသည်တွင် စစ်သည်တော် အင်အားဖြည့်စွက်လျက် စစ်မက် နောက်ထပ်မဖြစ်ပွားနိုင်ရန် အလုံးအရင်းနှင့် ဖြိုဖျက်တိုက်ခိုက်ရာ နောက်ဆုံး၌ ဂရိတ် **ဆီလျူကောသနိကေထ**ကိုအောင်မြင်ပြီး တိုင်းနယ် ၄-ခု ပေးအပ်ကာ ၎င်းတို့အားလည်း ဆင်တော် ၅၀၀-တို့ပြန်ပေး၍ မဟာမိတ်စာချုပ်ပြုလုပ်ပြီးလျှင် သမီးကညာဆက်သကြောင်း, ရာဇဝင်များရေးသားသည့်အတိုင်း နိုင်ငံရေးအားဖြင့် ပြေအေးရန် ရည်သန်တော်မူခဲ့ရင်းရှိသည်နှင့်အညီ ယခုအခါ သာသနာပြုစုခြင်းအားဖြင့်လည်း တရားဓမ္မဖြင့် ငြိမ်းချမ်းတော်မူရန် ရည်သန်တော်မူ၍ သာသနာပြုရာဌာန ရွေးချယ်သတ်မှတ်စေလွှတ်ပြုစုစေတော်မူသော နိုင်ငံကြီးဖြစ်လေသည်။

၎င်းပြင် မင်းတရားကြီး စိုက်ထူတော်မူသော ဒုတိယအနုသာသနီ ကျောက်ချပ်၌-

"အံတိယောကေ နာမ ယောနရာဇာ ယေ စာပိ အံညေ တသ အံတိယောကသ သာမံတာ ရာဇာနော။

အံတိယောကမည်သော ယောနမင်းနှင့်အခြား ထိုအံတိယောက၏ အနီးအနားမင်းများ၏နိုင်ငံတို့၌"-

စသည်ဖြင့် မင်းတရားကြီးသည် မိမိစိုးမိုးပိုင်သသော ဒက္ခိဏာပထ တောင်ဘက် တိုင်းနိုင်ငံများအပြင် အနောက်မြောက်ပိုင်းကျသော ဂရိတ်ပါသိယတိုင်းနိုင်ငံများ၌လည်း လူများနှင့် တိရစ္ဆာန်များ ဆေးကုဌာနတို့ကို တည်ထားပြီး ဆေးဝါးဖော်စပ်ရာတို့၌ အသုံးဝင်သော ဆေးပင်, ဝါးပင်များကိုလည်း စိုက်ပျိုးတည်ထားတော်မူကြောင်း ရေးသားဖော်ပြသဖြင့် အခြားတိုင်းနိုင်ငံများဖြစ်သော ယောနကမင်းများနှင့် ချစ်ကြည်ရေး အားထုတ်တော်မူသည်ကား ၎င်းကျောက်စာအားဖြင့် ထင်ရှား၏။

ဤကျောက်စာ၌ **အံတိယောဂ**မည်သော ဂရိတ်မင်းကြီးကား ရာဇဝင်ဆရာများ အလိုအားဖြင့် မင်းတရား၏ ဘိုးတော်စန္ဒဂုတ္တမင်းနှင့် စစ်ဖြစ်ပွားခဲ့သော **ဆီလျူကော-ဆနိကေတ**ရမည်သော ယောနကစစ်ဘုရင်ကြီး၏မြေးဖြစ်၍ ထိုအခါက ထင်ရှားကျော်ကြားသော မင်းတစ်ပါး ဖြစ်ခဲ့သည်နှင့်အညီ ၎င်းမင်းကို အမှူးထားလျက် အခြားသော ယောနကမင်း၏ တိုင်းနိုင်ငံများသို့ တရားဓမ္မဖြန့်ဖြူးရန် တရားကျောက်စာတော် ဓမ္မလိပိတို့ကို ထွင်းထုခပ်နှိပ်တော်မူခြင်းအားဖြင့် တရားဓမ္မဖြန့်ဝေကာ သာယာငြိမ်းချမ်းမှု

ရလိုသောကြောင့် မင်းတရားကြီး အားထုတ်တော်မူသည်ကား ထင်ရှားသည့်အပြင် ၎င်းကျောက်စာ၌ပင်လျှင်-

- ဓမ္မ မဟာမတ္တ တရားဖြန့်ဖြူးရေး အမတ်

- ဓမ္မနိယုတ္တ တရားဖြန့်ဖြူးရေး တမန်-

အဖွဲ့များ ခန့်ထားစေလွှတ်ကြောင်း ရေးသားခြင်းအားဖြင့်လည်း သာ၍ထင်ရှားကြောင်း ကောင်းစွာမှတ်အပ်၏။

ထိုမှတပါး တရားကျောက်စာအမှတ် ၁၃-တွင် ယောနကဘုရင်များနှင့် တရားဓမ္မ ငြိမ်းချမ်းခြင်း အတူအမျှ ရရှိစေရန် ရည်သန်တော်မူလျက်-

**"ဣဟ သဗေသု အန္တေသု အသသုပိ ယောနဇ သတေသု အတ အံတိယောဂေ နာမ ယောနရာဇာ ပရံ စ ထေန အံတိယောဂေန စတာလိ ရာဇာနော တုလမယေ စ နာမ အံတိကိနေ စ နာမ မကာ စ နာမ အလိကသုဒရေ စ နာမ။**

ဤနိုင်ငံတော် အစွန်းအနား ယူဇနာရှစ်ရာ ကွာဝေးကြသော တိုင်းနိုင်ငံများ၌ အံတိယောဂမည်သော ယောနကမင်းကြီးအပြင် ထိုအံတိယောဂမင်းနှင့် တကွ တုလမယမင်း၎င်း, အံတိကိနမင်း၎င်း, မကမင်း၎င်း, အလိကသုဒရမင်း၎င်း ဤ ၄-ပါးသောမင်းတို့၎င်း"-

စသည်ဖြင့် ဓမ္မဝိဇယတရားသဖြင့် အောင်မြင်တော်မူခြင်းကို လိုလားတော်မူလျက် ဤတရားကျောက်စာကို ရေးထိုးတော်မူစေခဲ့သည်။

ဤကျောက်စာတော်၏ အဓိပ္ပါယ်အကျဉ်းချုပ်မှာ-

မင်းတရားကြီးသည် ဘိသိတ်တော်မင်္ဂလာယူတော်မူပြီးသည်မှ ၈-နှစ်မြောက်၌ ကလိင်္ဂတိုင်းနှင့် စစ်ဖြစ်၍ အသိန်းမကသောလူများ သေကြေပျက်စီးစေလျက် အောင်မြင်သော်လည်း အောင်မြင်ရာမရောက်ဟု နောင်တပူပန်တော်မူခြင်း ရှိသဖြင့် တရားဓမ္မအားဖြင့် အောင်မြင်ခြင်းသည်သာလျှင် အမှန်စင်စစ် အောင်မြင်ခြင်းဖြစ်သည်ကို သတိရတော်မူကာ မိမိ၏နိုင်ငံတော်အတွင်းနှင့် အနီးအနား နိုင်ငံအများတို့အပြင် ဝေးကွာသော်လည်း ရင်းနှီးဆက်သွယ်သောနိုင်ငံတို့အား တရားမျှတ ငြိမ်းချမ်းခြင်းရအောင် ရည်ဆောင်တော်မူကာ ဤတရားကျောက်စာဖြင့် ဝါဒဖြန့်ဖြူးတော်မူလေသည်။

အထက်ပါကျောက်စာ ကောက်နုတ်ချက်အရ ထိုအခါက ယောနကတိုင်းကား ယူဇနာ ၈၀၀-ကွာဝေးသော်လည်း ဘိုးတော်လက်ထက်က မဟာမိတ်စာချုပ်ပြုလုပ်ပြီး

ရင်းနှီးသောနိုင်ငံ ဖြစ်သည်အားလျော်စွာ ယောနက ၅-တိုင်းနှင့် အနီးအနားနိုင်ငံများသို့ တရားဓမ္မပျံ့နှံ့ရန် ၎င်းတိုင်းနိုင်ငံများရှင် ဘုရင်များဖြစ်ကြသော-

၁။ **အံတိအိုက** အံတိယိုချ်စ်မင်း ဆိုက်ရီယ **ဆီရီယတိုင်း**

၂။ **တုလမယ** တိုလမီမင်း **ဖိလစ်ဒလ** အီဂျစ်တိုင်း

၃။ **အံ့တိကိနီ** အံတိဂိုနေ့စ်မင်း **မက်ဆီဒိုနီယာတိုင်း**

၄။ **မကမဂစ်မင်း** **ဆိုက်ရံနီ** အီဂျစ်အနောက်တိုင်း

၅။ **အလိကသုဒရ** အဲလက္ကဇန္ဒြာမင်း **အပွိရောဆ်တိုင်းများသို့-**

ဓမ္မနိယုတ္တတရား ဖြန့်ဖြူးရေးအဖွဲ့များ စေလွှတ်တော်မူပြီးနောက် တိုင်းနိုင်ငံငြိမ်းချမ်းရေး ချုပ်ဆိုပြီးလျှင် နိုင်ငံရှင်ဘုရင်များထံမှ အခွင့်ယူပြီးမှ သာသနာပြုမထေရ်အရှင်များ ကြွသွားတော်မူကြောင်း ၎င်းတို့ ရာဇဝင်မှတ်တမ်းများ၌ ရေးသားကြသည်နှင့် အညီ သာသနာပြုမထေရ်အရှင်များ ကြွသွားတော်မမူမီကပင်လျှင် ထိုနိုင်ငံများတွင် တရားဝါဒ ပျံ့နှံ့ပြီးဖြစ်သဖြင့် မထေရ်များ ကြွသွားတော်မူသောအခါ တစ်သိန်းခုနှစ်သောင်းလောက် ဤမျှများပြားစွာ တရားထူး ရကြကြောင်းများ မှတ်သားအပ်၏။

၎င်းပြင် ထိုစဉ်အခါက ၎င်းတိုင်းနိုင်ငံများမှ ဤမျှများပြားသောသူတို့ သာသနာတော်၌ ဝင်ရောက်ထမ်းဆောင်ကြသည်တွင် အရိယာအရှင်များ၏ အဆက်အနွယ်ကား အမှတ်အသား မှတ်တမ်းများမရှိသော်လည်း ရှိခဲ့မည်ကား ယုံမှားမဲ့ဖြစ်သည့်အပြင် ၎င်းတို့ ရာဇဝင်တွင်လည်း ဗုဒ္ဓသာသနာ အနွယ်ဝံသ သမဏအမည်ခံ ပညာရှိအများ ထွန်းကားလျက် ထင်ရှားရှိသည်မှာ သာသနာအနှစ် ၅၀၀-လောက်က သမဏအမည်ခံ

- **အရှင်ပိယုတထေရ** **အလက္ကဇန္ဒြီယပြည်သား**နှင့်
- **အရှင်က္လသေနေသ** ပါလစ္စတိုင်းပြည်သားများ

၎င်းတို့ နယ်၌ တရားဓမ္မ ဟောပြောကြကြောင်း ထင်ရှားစွာ ရေးသားသဖြင့် သာ၍ခိုင်မြဲစွာ မှတ်ယူအပ်ကုန်၏။

၎င်းတို့ ရာဇဝင်မှတ်တမ်းများ၌ ဆက်လက်ရေးသားကြသည်မှာ ထိုအရှင်တို့သည် အသောကမင်းတရားကြီးလက်ထက်က အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ် စေလွှတ်အပ်သော သာသနာမှဆင်းသက်လာသော အနွယ်ဝံသဖြစ်ကြောင်း ထိုအရှင် ၂-ပါးတွင် အရှင်ထေရပိယုတမှာ အနောက်ဘက် တိုင်းနိုင်ငံများ၌ တရားဝါဒဖြန့်ဖြူးကာ သီတင်းသုံးနေထိုင်သည့်အပြင် အရှင်က္လသေနကား ပါလစ္စတိုင်းပြည်နယ်များ တစ်လျှောက်နှင့် အနီး

အနားတိုင်းနိုင်ငံများတို့၌ တရားအယူဝါဒ ဖြန့်ဖြူးဝေငှလျက် သီတင်းသုံးတော်မူကြ၍ ၎င်းဗုဒ္ဓဝါဒသည် **ဟက်ဘရူး** သို့မဟုတ် ဂျူးလူမျိုးများနှင့် **အာရဘီယံ, ပါသိယံ** လူမျိုးများ အတွင်းပျံ့နှံ့လျက်ရှိစဉ် ခရစ်ယာန်အယူဝါဒ တည်ထောင်သော ဂျီဆတ်ဆ်(သည်) ၎င်းနယ်၌ဖွားမြင်ကာ နောက်အခါ၌ ၎င်း၏ဝါဒ တည်ထောင်ဟောပြော လိုက်နာကြ ကြောင်း၊ **သို့ဖြစ်၍ ခရစ်မပေါ်မီ ထိုနိုင်ငံများတွင် ဗုဒ္ဓအယူဝါဒ ထွန်းကားနေခဲ့သဖြင့် ၎င်းအယူဝါဒသည် ဗုဒ္ဓဝါဒမှ နည်းယူရသော အယူဝါဒဖြစ်ကြောင်းများလည်း ရေးသား** သည်ကို ထောက်ဆ၍ မင်းတရားကြီးလက်ထက် ပြုစုတော်မူသော ထိုတိုင်း သာသနာမှာ အနှစ် ၃၀၀-ကျော်အောင်ပင် တည်ရှိသေးကြောင်း ကောင်းစွာမှတ်သား နိုင်ကုန်၏။

✪ ✪ ✪ ✪ ✪

## တူရကီစတန်နှင့် အာဖဂန်နီစတန်နယ် ဗုဒ္ဓသာသနာ

၎င်းပြင် ရာဇဝင်တစ်စောင်၌ အနှစ် ၈၀၀-ကျော်, ၉၀၀-တိုင်အောင်ပင် အရှေ့ တူရကီစတန်, အာဖဂန်နီစတန် တိုင်းနယ်များနှင့် ပါသိယန်တိုင်းနယ်များတွင် ဗုဒ္ဓသာသနာ အယူဝါဒ ပျံ့နှံ့လျက်တည်ရှိနေသေးခဲ့ကြောင်း၊ ထိုစဉ်အခါက အာဖဂန်တိုင်းနိုင်ငံ ရှင်ဘုရင် မင်းမြတ်မှာ ဗုဒ္ဓဝါဒသက်ဝင်သော ဘုရင်ဖြစ်၍ အနီးအနား တိုင်းနိုင်ငံကလေးများ အားလုံး ကို အုပ်ချုပ်စိုးစံကြောင်း ရေးသားသဖြင့် ၎င်းအနောက်မြောက်တိုင်းဖြစ်သော ကမ္ဗောဇ, ယောနကတိုင်းသာသနာမှာ သို့စဉ်မျှ နှစ်ပေါင်းကြာအောင်တည်ရှိကြောင်း မှတ်သားအပ် ကုန်၏။ သို့ရာတွင် ဤတိုင်းနိုင်ငံများ၌ တည်ထွန်းသော သာသနာဝံသမှာ ထေရဝါဒ အနွယ်ဝံသမဟုတ်၊ မြောက်ပိုင်းမဟာယာနဂိုဏ်း သာသနာအဆက်ဖြစ်ခဲ့မည်ဟု မြောက်ပိုင်း ကနိသကပြုစုသော သာသနာ့နိုင်ငံတိုင်းနယ်များကို ထောက်ထားသဖြင့် ဝေဖန် ပိုင်းခြားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## တရုပ်ရဟန်းတော်များ မှတ်တမ်းသာသနာ

ထိုမှတပါး သာသနာတော် အနှစ် ၉၀၀-ကျော်က မဇ္ဈိမဒေသနှင့်အခြား သာသနာ တော် ထွန်းလင်းရာဒေသများသို့ သာသနာတော်နှင့်ဆိုင်သော ဗဟုသုတများ ရှာဖွေစု- ဆောင်းတော်မူခဲ့သော တရုတ်ရဟန်းတော် အရှင်ဖါဟိုင် ဖါဟီယန်သည် ထိုနိုင်ငံများသို့ လာရောက်စဉ်က များစွာသာသနာတော်နှင့်ဆိုင်သော အဆောက်အဦးများအပြင် များစွာ

သော ရဟန်းတော်များကိုလည်း တွေ့ရကြောင်း၊ ၎င်းမှတ်တမ်း၌ ရေးမှတ်ထား၍ ၎င်းယောနကတိုင်း နယ်စပ်ဖြစ်သော **ကမ္ဘောဇတိုင်း, ကာဗူလ် ဥဒယာနတိုင်းတို့မှာ** မဟာယာနဂိုဏ်း သာသနာတော်ထွန်းကားလျက် ၎င်းဂိုဏ်းဝင်သံဃာများသာလျှင် ဖြစ်ကြောင်း၊ သို့ရာတွင် ရှေးသာသနာပြု အဆက်အနွယ်များဖြစ်သော ထေရဝါဒဂိုဏ်း သံဃာများလည်း ရှိကြသေးကြောင်း အချို့ရေးသားကြကုန်၏။

၎င်းရဟန်းတော်တို့၏ မှတ်တမ်း၌ ၎င်းတို့ရောက်စဉ်က ဥဒယာနတိုင်း, ကမ္ဘောဇ-တိုင်းတို့နှင့် အနီးအနားတိုင်းပြည်များတွင် သံဃာ့အာရာမ်ပေါင်း ၅၀၀-လောက်ရှိကြသေးကြောင်း၊ ၎င်းအာရာမ်တို့၌လည်း များစွာသောသံဃာတော်များ သီတင်းသုံးလျက်ရှိကြကြောင်း ရေးသားသဖြင့် ၎င်းနယ်များ၌ သာသနာအားနည်းညှိုးငယ်စွာမဟုတ်ဘဲ ခေတ်အားလျော်စွာ သာသနာမြတ် ကိန်းဝပ်တည်နေလျက် တိုင်းနိုင်ငံ ရှင်ဘုရင်မင်းများနှင့်တကွ တိုင်းသားပြည်သူတို့ပါ ကြည်ဖြူလေးစား အားထားကိုးကွယ်သော ဘာသာတော်မြတ်ဖြစ်ကြောင်းလည်း ကောင်းစွာမှတ်သားအပ်၏။

ဤသာသနာတော် အနှစ် ၉၀၀-ကျော်မှာ ဒက္ခိဏာပထတောင်ပိုင်း တိုင်းနိုင်ငံများ၌ ထေရဝါဒသာသနာတော်ခေတ် ထွန်းသစ်သောအချိန်အခါဖြစ်၍ များစွာကျော်ကြားထင်ရှားသော ကျမ်းဂန်, ပိဋကတ် တတ်မြောက်တော်မူကြသော ပုဂ္ဂိုလ်ကြီးများထွန်းကား၍ သာသနာတော်နှင့် စပ်သောကျမ်းဂန်အရပ်ရပ် အဋ္ဌကထာများ ရေးသားကြသောခေတ်ဖြစ်သည့်အပြင် သီဟိုဠ်ကျွန်းနှင့်လည်း သာသနာအရေးအားဖြင့် ရင်းနှီးစွာဆက်စပ်သဖြင့် ၎င်းအနှစ် ၉၀၀-ကျော်ခေတ်မှာပင် အထင်ရှားဆုံး အဋ္ဌကထာပြု အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်ပင် ထိုဒက္ခိဏာပထတိုင်းတို့သို့ လှည့်လည်သီတင်းသုံးတော်မူကာ သာသနာကိစ္စ ဆောင်ရွက်တော်မူကြောင်း ၎င်းအဋ္ဌကထာ အချို့နိဂုံးများတွင် ရေးသားသည်ကို ထောက်ဆ၍ သာသနာတော် ထွန်းသစ်သော အခါကာလဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## တရုတ်ရဟန်းတော် ဝှင်သျှင်မှတ်တမ်း

ထိုမှတပါး ထိုတိုင်းနိုင်ငံများ၌ ရဟန်းတော်ဖါဟိုင် အရှင်မြတ်နောက် သာသနာတော်ဗဟုသုတ ရှာဖွေစုဆောင်းရန် ရောက်လာတော်မူသော အရှင်ဝှင်သျှင်သည်လည်း ထိုတိုင်းနိုင်ငံတို့သို့ရောက်၍ ထိုနိုင်ငံများမှာ သာသနာ ထွန်းကားစည်ပင်လျက်ရှိသေး

ကြောင်း၊ ရဟန်းတော်အရှင်ဖါဟိုင် ဖော်ပြသကဲ့သို့ပင် ကျောင်းအာရာမ်များလည်း ထင်ရှားရှိသေး၍ ထိုအာရာမ်တို့၌လည်း များစွာသောသံဃာတော်များ သီတင်းသုံးလျက် ရှိသေးကြောင်း ဖော်ပြသဖြင့် သာသနာအနှစ် ၁၁၀၀-ကျော်, ၁၂၀၀-အတွင်းမှာပင် စည်ပင်လျက်ရှိကြောင်း မှတ်သားအပ်၏။

ဤသို့အားဖြင့် မင်းတရားကြီးနှင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်တို့ ပြုစုသော သာသနာတော် အနှစ် ၃၀၀-အတွင်းမှသည် အနှစ် ၁၂၀၀-အတွင်း ရောက် အောင်ပင် အနှစ် ၈၀၀-ကျော် တည်ထွန်းကြောင်း၊ သာသနာတော် ၅၀၀-ကျော်လောက်-မှာ ၎င်းသာသနာတော်ဝါဒအရှုပ်အထွေး ဂိုဏ်းဂဏအရေးနှင့်စပ်လျဉ်း၍ ဆန့်ကျင်ဘက် ကွဲပြားကြသော ဝါဒအသီးသီး ဖြစ်ပွားကြသဖြင့် ကနိသကဘုရင်မင်းတရားကြီးသည် အသောကမင်းတရားကဲ့သို့ ၎င်းတို့ထေရဝါဒအများကို ဖြေရှင်းသုတ်သင်ကာ သံဂါယနာ တင်ရ၍, သို့ပင်တင်ရသော်လည်း ရှေးကပြုစုခဲ့သော သာသနာ အဆက်အနွယ် မကွယ် မပျောက်ဘဲ ဂိုဏ်းကွဲလျက်ပင် တည်ရှိနေသေးကြောင်း၊ ၎င်းမင်းတရားကြီး သာသနာမှာ မဟာယာနဂိုဏ်းသာသနာဖြစ်ကြောင်း၊ ၎င်းမှနောက်ခေတ်များ၌လည်း ထေရဝါဒဂိုဏ်း သာသနာပပျောက်မသွားဘဲ အဆက်အနွယ်ကား အနည်းဂိုဏ်းအားဖြင့် တည်လျက်ပင် ရှိနေခဲ့သေးကြောင်း မှတ်သားလျက် ဤတိုင်းနိုင်ငံများ၌ သာသနာပြုစုကာ သာသနာ့ နိုင်ငံတော်ဖြစ်ကြောင်း ဤမျှဖြင့် အဆုံးသတ်အပ်သတည်း။

**ယောနကတိုင်း သာသနာဝံသ ပြီး၏။**

✪ ✪ ✪ ✪ ✪

## ၇။ ဟိမဝန္တာပဒေသ သာသနာဌာန၊ ၎င်းအစဉ်အဆက်အကြောင်း

သတ္တမဌာန၊ ၇-ခုမြောက် သာသနာပြုဌာန တိုင်းနိုင်ငံသည်ကား ဟိမဝန္တာ နယ်စပ် တိုင်းနိုင်ငံများဖြစ်၍ ၎င်းဌာနသည် မူလသာသနာပြုရာ ဌာနမှ ထောက်စာလျှင် ဟိမာလယတောင်ပိုင်း တိုင်းနိုင်ငံများဖြစ်သည် အားလျော်စွာ တောတောင်ထူထပ် ခဲကပ် သော တိုင်းနိုင်ငံများဖြစ်၍ နယ်အသီးသီး ခွဲဝေကာ သာသနာတော်ပြုစုရန် ခေါင်းဆောင် မထေရ် ၅-ပါး ရွေးချယ်ခန့်ထားရာ ၎င်းမထေရ်များမှာ-

၁။ အရှင် မဇ္ဈိမ မထေရ်

၂။ အရှင် ကဿပဂေါတ္တ မထေရ်

**၃။ အရှင် အဋကရေဝ မထေရ်**

**၄။ အရှင် ဒုန္ဒုဘိသ မထေရ်**

**၅။ အရှင် မဟာရေဝတ မထေရ်များ-**

ဖြစ်ကြကြောင်း၊ ထိုမထေရ် ၅-ပါး အမှူးထားလျက် ဟိမဝန္တာဌာနသို့ သံဂါယနာတင်သော နှစ်၌ပင် ကြွသွားတော်မူပြီး ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော်ဖြင့် တိုင်းသူပြည်သား တို့အား အမြိုက်တရား ရစေသည့်အပြင် မထေရ်များသည်လည်း ၅-တိုင်း, ၅-ဌာနသို့ အသီးသီးကြွတော်မူကြပြီး သာသနာပြုစု တည်ထောင်တော်မူကြကြောင်း၊ ထိုမထေရ်များ ထံ၌ တိုင်းအသီးသီးမှ တစ်သိန်းမျှစီ ရဟန်းပြုကြကြောင်း-

**သမန္တပါသာဒိက ဝိနည်း၊ အဋ္ဌကထာ သာသနာပြုအခန်း၌-**

> **"ဂန္တာန မဇ္ဈိမထေရော၊ ဟိမဝန္တံ ပသာဒယိ။**
> **ယက္ခသေနံ ပကာသေန္တော၊ ဓမ္မစက္ကပဝတ္တနံ' တိ။ ။**
>
> မဇ္ဈိမ မထေရ်မြတ် ဟိမဝန္တာအရပ်သို့ ကြွတော်မူကာ နတ်စစ်သည်အပေါင်း အား ဓမ္မစကြာတရားဖြင့် ကြည်ညိုစေပြီ။"

စသည်ဖြင့် အကျဉ်းမျှ မိန့်ဆိုလေပြီ။

ဤပြဆိုအပ်ပြီးသော ဟိမဝန္တာ ပဥ္စရဋ္ဌကို အဋ္ဌကထာဆရာမြတ် အထူးမဖော်ပြ သော်လည်း **နေပါလနယ်** တောင်တန်းဒေသများနှင့် **ဘူတန်, တိဗက်**စသော နိုင်ငံများ အပြင် ဟိမဝန္တာတောင် အစွန်းအဖျား တောင်ဖက်ကျသောနိုင်ငံများဖြစ်သည်ဟု ရာဇဝင် ဆရာကြီးများ ရေးသားကြသဖြင့် ထိုနိုင်ငံများသည် အဆက်အသွယ် အသွားအလာ ခက်သောကြောင့် သာသနာတော်ဆိုင်ရာ မှတ်တမ်းရှိစေကာမူ အခြားနိုင်ငံသို့ ရောက်ရန် မလွယ်ကူသည့်အတိုင်း ၎င်းတို့မှတ်တမ်းများ အခြားနိုင်ငံသို့ မရောက်ကြကြောင်း ဝေဖန် ရေးသားကြကုန်၏။

ဤနေပါလနိုင်ငံသည် သက္ကတိုင်းနှင့် စပ်လျက်တည်ရှိသော တောင်ကုန်းထူထပ် သော တိုင်းနယ်များဖြစ်၍ သာသနာတော်တည်ရာ တိုင်းနယ်များနှင့် နီးကပ်လျက် တည်ရှိ သော **ဆိက္ကန်, ဘူတန်, ဝူထန်, တိဗက်** စသော တောင်ကုန်းမြေမြင့် တိုင်းနိုင်ငံများလည်း ၎င်းနှင့်ဆက်သွယ်သော နိုင်ငံများဖြစ်သဖြင့် ၎င်းတိုင်းနယ်တို့သို့ ထိုသာသနာပြုစဉ်အခါက ရောက်ရှိပြီး ယခုတိုင်အောင် ၎င်းနိုင်ငံများ၌ သာသနာအနွယ်များ မပျက်ဆက်လက်တည်ရှိ ကြလေသည်။ သို့ရာတွင် ယခုအခါ၌ကား ထိုတိုင်းများ၌ မဟာယာနမြောက်ပိုင်း သာသနာ

များသောအားဖြင့် ထွန်းကားလျက်ရှိရာ သာသနာအဆက်ဆက် ခေတ်ကာလ ပြောင်းလဲသဖြင့် ထေရဝါဒမှ တဖြည်းဖြည်းနီးစပ်ရာ ပြောင်းလဲ(သွား)လျက် ၎င်းဝါဒပြန့်ကျယ်လာကြောင်း မှတ်သားအပ်၏။

၎င်းတိုင်းနိုင်ငံတို့တွင် ဝူထန် သို့မဟုတ် ခူတန် ခိုတန်နိုင်ငံနှင့် စပ်လျဉ်း၍ တိဗက်ရာဇဝင်များ၌ ရေးသားသည်ဟု ဟိမဝါနယ်မြေ မှတ်တမ်းရေးသားသော ဆရာကြီး ထုတ်ဖော်ရေးသားသည်မှာ **စိနရဋ္ဌ-စိန့်တိုင်း** တရုတ်ပြည်ကြီးရှင် ဘုရင်ဂျိဝမ်တီ **ဆလနု** မင်းမြတ်သားတော်ကို စစ်သည်တော် ၁၀,၀၀၀-ကျော်နှင့် အနောက်ဘက်တိုင်းနိုင်ငံများသို့ လက်နက်နိုင်ငံပြုလုပ်ရန် စေလွှတ်တော်မူရာ ဝူ-ဌန် (ဝူ ▪ ၅-ခု၊ ဌန် = နယ်မြေ)ဟု အမိပ္ပါယ်ရှိသော အရပ်သို့ ချီတက်ပြီးလျှင် မေရကမြို့သို့ ဆိုက်ရောက်ကြကြောင်း၊

ထိုအချိန်၌ပင် အသောကမင်းတရားကြီး၏ အမတ်ဟောင်း ပြည်နှင်ဒဏ်ခံရ၍ အပေါင်းအသင်း ၇၀၀-နှင့် ချီတက်လာသော ယက္ခမည်သော အမတ်သည်လည်း ထိုတိုင်းသို့ပင်ချီတက်ကာ မြို့, ရွာ တည်ထောင်နေထိုင်ရန် ယှဲ-ချပ်-ကောန်မ ခေါ် မြစ်ညာ၌ တပ်စခန်းချလျက် နေကြကြောင်း၊

ထိုအခါ ၎င်းတို့ငယ်သားများမှစ၍ တစတစ တွေ့ကြုံသိကျွမ်းကြပြီးလျှင် **ဝူဌန်** တောင်ကြားမှပင် တိုင်းနိုင်ငံ တည်ထောင်ပြုစုရန် ဆုံးဖြတ်ပြီး ဝူထန်မြောက်ပိုင်း တိုင်းနိုင်ငံဖြစ်သော **ဒေါလ္လာ, မေကရ, ကမ်ယှင်းနယ်**များကို ဆလနုမင်းသားအား ပေးအပ်၍ ၎င်းကို **ချင်ဌန် (ချိနဌာန-စိနဌာန)**ဟု တရုတ်လိုခေါ်ဆိုလျက် ၎င်းဝူဌန်အထက်ပိုင်းတိုင်းနယ်များကို အမတ်ကြီး ယက္ခနှင့်တကွ နောက်လိုက်ငယ်သားတို့အား အပ်နှင်းကာ ၎င်းအရပ်ကို **အရဋ္ဌန်** (အရိယာဌာန)ဟု ခေါ်ပြီးလျှင် ၎င်းတို့အသီးသီးထိုနယ်များတွင် အုပ်ချုပ်ကာ တိုင်းပြည်တည်ထောင် နေထိုင်ကြကြောင်း၊

၎င်းတို့နယ်စပ်မှာ **အာရဟံ** **အက္ခရာ** သုံးစွဲ၍ အမူအရာမှာ တရုတ်လိုလိုက်၍ ပြုလုပ်ကြကြောင်း၊ **ဆလနုမင်းကြီး**မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် ၅၄-နှစ်မှာ ဖွားမြင်၍ ၁၉-နှစ်မှာ နန်းစံကြောင်း၊ ၎င်းသားယူလာသည့်ထီးနန်းကို ဆက်ခံသောအခါ ဝူထန် သို့မဟုတ် ခိုထန်မြို့ကို ဖန်ဆင်းတည်ထောင်ကြောင်း ရေးသား၏။

ဤခိုတန်မြို့ကို တည်ထောင်သော အခါသမယမှာ တရုတ်နိုင်ငံတော်ကြီး၌ ရာဇာဓိရာဇာဖြစ်သော ဂျိဝမ်တီမင်းကြီးလက်ထက်ဖြစ်၍ အလွန်ကြီးကျယ် ခမ်းနားသော နယ်ခြားတံတိုင်းကြီး ဆောက်လုပ်သော၊ အချိန်ဖြစ်သည့်အပြင် အသောကမင်းတရားကြီးနှင့်လည်း ထီးပြိုင်, နန်းပြိုင်ဖြစ်ကြောင်းများ ရေးသားသဖြင့်လည်း မင်းတရားကြီး လက်ထက်မှာပင် ထိုဟိမဝန္တာ၊ တောင်ပိုင်းနယ်များနှင့် ဆက်သွယ်လျက်ရှိကြောင်း ထင်ရှားသိသာ၏။

✪ ✪ ✪ ✪ ✪

## ဝူဌန် တိုင်းနိုင်ငံသို့ တရုတ်ရဟန်းတော် ရောက်စဉ်

ထိုဝူဌန် သို့မဟုတ် ခိုထန်တိုင်းပြည်သို့ တရုတ်ရဟန်းတော် ဖါဟိုင်ရောက်ရှိသော သာသနာတော် အနှစ် ၉၀၀-ကျော်မှာ သာသနာထွန်းပလျက် လူနေအိမ်ခြေ စည်ကားသော မြို့တော်ကြီး ဖြစ်သည့်အပြင် ပစ္စည်းဥစ္စာပေါများကြွယ်ဝသော နိုင်ငံဖြစ်သည့်အလျောက် ၁၀,၀၀၀-ကျော်မျှသော သံဃာတော်များ သီတင်းသုံးနေထိုင်ကြကြောင်း၊ ထိုစဉ်အခါက ၎င်းမြို့တော်ကြီးမှာ ပြည့်ရှင်မင်းတရား ထင်ရှားရှိ၍ ရဟန်းတော်ဖါဟိုင်ရောက်သောအခါ မင်းတရားကြီး တည်ထောင်ကိုးကွယ်သော ဂိုမတီဝိဟာရ ကျောင်းတိုက်ကြီး၌ သီတင်းသုံးစေလျက် ဝတ်ကြီးဝတ်ငယ် ဆောင်ရွက်စေကြောင်း၊ ၎င်းကျောင်းတိုက်ကြီးမှာ ရဟန်းသံဃာ ၃၀၀၀-ကျော်မျှ သီတင်းသုံးတော်မူ၍ ရဟန်းတော်များလည်း ဝိနည်းသိက္ခာပုဒ်တို့ကို အထူးလေးစားလျက် ဘုရင်မင်းတရားကြီး ဆည်းကပ်သော ကျောင်းတိုက်ကြီးဖြစ်ကြောင်း၊ ထိုမှတပါး ထိုကဲ့သို့ ထင်ရှားသော အခြားကျောင်းတိုက်ကြီး ၁၄-တိုက်ရှိသည့်အပြင် မထင်မရှား ငယ်သောကျောင်းတိုက်ကလေးများလည်း အများအပြားရှိကြောင်း ၎င်းမှတ်တမ်း၌ ရေးသားထားလေသည်။

သို့ရာတွင် ထိုစဉ်အခါက ထိုတိုင်းနယ်များမှာ မဟာယာနဂိုဏ်း သာသနာ မြောက်ပိုင်းဝါဒလွှမ်းမိုးလျက် ၎င်းအယူဝါဒ သာသနာဖြစ်ကြောင်း ၎င်းမှတ်တမ်း၌ ရေးသားသော်လည်း ထိုတိုင်းနယ်များမှာ ရှေးက မင်းတရားကြီးနှင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်တို့ ပြုစုစေလွှတ်အပ်သော ထေရဝါဒဂိုဏ်းသာသနာ အဆက်မပျက် တည်ရှိနေစဉ် မြောက်ပိုင်းမဟာယာနဝါဒ သာသနာရောက်လာလျက် ၎င်းတို့သာသနာသည် တစထက်တစ လွှမ်းမိုးလာခဲ့လိမ့်မည်ဖြစ်၍ နောက်ခေတ်များ၌ကား ၎င်းအဆက်အနွယ်များသာ ၎င်းတိုင်းနယ်၌ တည်ရှိနေခဲ့လိမ့်မည်ဟု ဝေဖန်ရေးသားကြကုန်၏။

ထိုမှတပါး ခိုတန်မြို့တော်၌ တရုတ်ရဟန်းတော်တို့သည် ၃-လခန့်ဆက်လက် သီတင်းသုံးနေတော်မူခဲ့ကြ၍ ကြီးကျယ်ခမ်းနားသော ဘုရားလှည့်ပွဲတော်ကြီးများ အံ့သြ ချီးမွမ်း၍ မကုန်နိုင်လောက်အောင် ထူးထွေကောင်းမွန် ဆန်းပြားကြီးကျယ်၍ အနှစ်-၈၀၊ မင်း ၃-ဆက်မြောက်အောင် တည်ဆောက်ရသော ဘုရင့်ကျောင်းတော်သစ်ကြီး စသော သာသနာနှင့်စပ်သော ဗဟုသုတများ ခမ်းနားစွာရေးသားသည့်အပြင် ၎င်းတိုင်းနိုင်ငံ၏ အနီးအနားတိုင်းနိုင်ငံများသည်လည်း အားလုံး ဗုဒ္ဓအယူဝါဒရှိကြကြောင်း စသည် ရေးသားသဖြင့်လည်း ဤဟိမဝန္တာအနီးအနား တောင်တန်းဒေသများ၌ အခြားအယူဝါဒ မရှိဘဲ ထိုစဉ်ကဗုဒ္ဓသာသနာတော်ထွန်းကားသော တိုင်းနယ်များသာဖြစ်ကြောင်း ကောင်းစွာ မှတ်သားအပ်၏။

ဋင်းပြင် တိဗက်, ဘူတန်-စသောတိုင်းနယ်များသည် မဇ္ဈိမဒေသ သာသနာတော်ထွန်းကားရာဒေသနှင့်ဆက်သွယ်လျက် အဆက်ဆက်သာသနာနှင့် ဆိုင်ရာကျမ်းဂန်ဗဟုသုတများ သွားရောက်ရှာဖွေကြသည့်အတိုင်း သာသနာတော်နောက်ပိုင်းမှာ မဇ္ဈိမတိုင်းတို့မှာလည်း အများနည်း လိုက်နာကြ၍ မဟာယာနဂိုဏ်းသာသနာဘက် ကူးပြောင်းသွားကြသည်ကား များပြား၍ တရုတ်, တိဗက်စသော အခြားတိုင်းနိုင်ငံများမှ ဗဟုသုတ လာရောက်ရှာဖွေကြသဖြင့် ရရှိကြသော ကျမ်းဂန်ဗဟုသုတ နည်းနာနယများသည် များသောအားဖြင့် အများယူကြသော မဟာယာနဂိုဏ်း အယူဝါဒများသာဖြစ်ကြောင်းထင်ရှား၍ ထိုဟိမဝန္တာတိုင်းနယ်များ တလျှောက်၌ မဟာယာနအများဂိုဏ်း သာသနာသာ နောက်ခေတ်များတွင် တည်ထွန်းကြောင်း၊ ၎င်းနောက် သာသနိကဝါဒမဟုတ်သော အယူဝါဒများလည်း ရောပြွမ်းလာရာ မူလတည်ထွန်းရင်း သာသနာရောင်အလင်းသည် မှေးမှိန်ပပျောက်ကွယ်မလောက်ဖြစ်သွားကြောင်း၊ သို့ရာတွင် ဗုဒ္ဓအယူဝါဒ အဆုံးအမတော် မှန်ကန်ကျနစွာ မရှိစေကာမူ အယူဝါဒ အခြားမဟုတ်ဘဲ ခိုင်မြဲအယူသည်းသော မဟာယာနဗုဒ္ဓဘာသာ ဖြစ်လာကြ၍ ၎င်းမှာ ထေရဝါဒနှင့် အချို့အဝက် ကိုယ်ကျင့်တရားကား တူညီကြလေသည်။

ဤဟိမဝန္တာနယ် ၅-ရပ်တို့၌ သာသနာပြုတော်မူကြကုန်သော မထေရ်အရှင် ၅-ပါး အသီးသီးအားဖြင့် ကြွသွားတော်မူကြကာ သာသနာပြုကြသော်လည်း ၎င်းမထေရ်အသီးသီးတို့၏ တိုင်းဌာနများ ခွဲခြားမှတ်သားခြင်း မရှိသောကြောင့် မည်သည့်တိုင်း၌ မည်သည့် မထေရ်အရှင်တို့ မည်သို့သာသနာပြုတော်မူကြသည်ဟု ထင်ရှားစွာရေးသားဖော်ပြရန် ခဲယဉ်းစေကာမူ ၎င်းတိုင်းဌာနတို့၌ ယခုတိုင်သာသနာထွန်းတောက်ပလျက်ရှိနေခြင်းကား အထက်၌ ရေးသားခဲ့ပြီးသော အကြောင်းအရာများဖြင့် ထင်ရှားသိသာနိုင်ပြီဖြစ်၍ အထူးရေးသာဖော်ပြရန် မလိုကုန်။

## ၎င်းမထေရ်များ*(အကြောင်းကို)* ကျောက်စာဌာန*(က)* ရှာဖွေတွေ့ရှိခြင်း အကြောင်း

ထိုမှတပါး ဟိမာလယ သာသနာပြုမထေရ်များသည် ထိုတိုင်းများ၌ အမြဲသီတင်းသုံးတော်မူသည်, သို့မဟုတ် သာသနာတည်တံ့စေတော်မူပြီးလျှင် မဇ္ဈိမဒေသသို့ပင် ပြန်လည် ကြွလာတော်မူသည်ကို ထင်ရှားစွာ ဖော်ပြရေးသားသော မှတ်တမ်းများမရှိသော်လည်း ကျောက်စာဝန် ရှေးဟောင်းမဏ္ဍိမပထဝီဝင်ကျမ်းကြီးပြုစုသော **အလိက္ကဇန္ဒာကာနင်ဂဟံ** သည် ဆန်ချီခေါ် အရှင်မဟိန္ဒမထေရ်မြတ်၏ ဇာတိဒေသ **ဝေဒိဿ စေတိယ** **တောင်**၌ ထိုဟိမဝန္တာ သာသနာပြုမထေရ်များ၏ အရိုးအိုးများ တွေ့ရှိရကြောင်း၊

၎င်းတို့ကို ရှာဖွေရာ၌ အိုးများတွင်-

**မဇ္ဈိမထေရော** ဂေါင်္ဂိနိပုတ္တော-

**ကဿပဂေါတ္တထေရော** ကောင်္ဂိပုတ္တော-

**ဒုန္ဒုဘိသာရထေရော** ဂေါတိပုတ္တော-

စသည်ဖြင့် ထိုမထေရ်များ၏ အမည်များရေးသား ထွင်းထုထားကြောင်း၊ ထိုကျောက်စာ၌နက မစူးစမ်းမိ လူများဖျက်ဆီးလျက် ရွှေ, ငွေများ ရှာဖွေကြသော အရိုးအိုးများလည်းရှိသေးကြောင်း၊ ၎င်းစာ၌-

**ဟိမဝန္တဒေသ အာစရိယ** စသည်ဖြင့် **ဟိမဝန္တာ သာသနာပြုမထေရ်များ**-ဟု ရေးသားဖော်ပြ၍ ဤသာသနာပြုမထေရ်များသည် ဟိမဝန္တာနယ်များ၌ သာသနာတော် တည်တံ့စေပြီးလျှင် မဇ္ဈိမဒေသသို့ပင် ပြန်ကြွသီတင်းသုံးကြသည်မှာ ထိုမထေရ်များ၏ အထိမ်းအမှတ်စေတီတို့ဖြင့် ထင်ရှားကုန်၏။

ထိုဟိမဝန္တာ သာသနာပြုမထေရ်များသည် ၎င်းတိုင်းတို့၌ ဥတုသပ္ပါယ မျှတတော်မူခြင်း မရှိသဖြင့် အသက်ထက်ဆုံး သီတင်းသုံးတော် မမူကြောင်း၊ သို့သော် ထိုမထေရ် အသီးသီးထံ၌ တစ်သိန်းမျှစီ ရဟန်းပြုကြသည်တွင် အရိယာသူတော်စင်အနွယ်များ ထင်ရှား ဖြစ်စေလျက် သာသနာတော်ဆောင်ရွက်နိုင်မည်ဖြစ်သောမထေရ်များ ထင်ရှားဖြစ်စေခဲ့ပြီးမှ ပြန်ကြွလာတော်မူခဲ့မည်(ကို)ကား အမှန်အားဖြင့် ဆုံးဖြတ်နိုင်သည်မှာ နောက်ခေတ်များ၌ ရောက်လာကြသော တရုတ်ရဟန်းတော်များ၏မှတ်တမ်းများက ထင်ရှားစွာ သက်သေခံလျက်ရှိကုန်၏။ ဤသို့ ရေးသားခဲ့ပြီး တရုတ်ရဟန်းတော်ဖါဟိုင်သည် ၎င်းတိုင်းနယ် အကြောင်းနှင့် သာသနာအကြောင်း ခမ်းနားစွာရေးသားဖော်ပြသော်လည်း ၎င်းနောက် ရောက်ရှိသော ရဟန်းတော်ဝှင်သျှင်မှာမူ မဇ္ဈိမဒေသ တိုင်းနိုင်ငံများမှ သာသနာ့ဗဟုသုတ ရှာဖွေဆည်းပူးခဲ့ပြီး မိမိတိုင်းနိုင်ငံသို့ ပြန်လည်လာသောအခါ ထိုနိုင်ငံတို့သို့ ရောက်၍ ၇-ရက်မျှလောက် သီတင်းသုံးခဲ့ကြောင်း, ၎င်းတိုင်းနယ်များ၌ သာသနာထင်ရှားရှိသေး ကြောင်း သာမညအကြောင်းအရာမှတပါး အထူးရေးသားခြင်းမရှိကုန်။

ဤမျှလောက် ဆိုအပ်ခဲ့ပြီးသော ဟိမဝန္တာ၌ာန သာသနာပြုမထေရ်မြတ်များနှင့် မူလသာသနာတော် တည်တံ့စေတော်မူသော အကြောင်းအရာများအပြင် ၎င်းမထေရ်များ ပြုစုတော်မူခဲ့သော သာသနာတော်ကား နောင်အဆက်ဆက် တည်တံ့ထွန်းကားလာသဖြင့် တရုတ်ရဟန်းတော်အရှင်ဖာဟိုင် ဟိမဝန္တာ သာသနာပြု၌ာနအပါအဝင် ခိုတန်နိုင်ငံသို့ ရောက်စဉ်က ကြီးကျယ်ခမ်းနားသော ဗုဒ္ဓနိုင်ငံတော်ကြီးဖြစ်ထွန်းလျက် ကြွယ်ဝစည်ပင်

နိုင်ငံရှင်ဘုရင်မင်းများလည်း သာသနာ့ဒါယကာတော်များဖြစ်ကြ၍ သာသနာတော်အားထုတ်ချီးမြှောက်ထောက်ပံ့ကြကြောင်း ရေးသားခဲ့ပြီးဖြစ်သည့်အတိုင်း ဤမျှဖြင့် ဤဟိမဝန္တာ သာသနာပြုဌာနအကြောင်း အဆုံးကမွတ် နိဂုံးမှတ်အပ်သတည်း။

**ဟိမဝန္တာ သာသနာပြု ဌာနအကြောင်း ဤတွင် ပြီးပြီ။**

✪ ✪ ✪ ✪ ✪

## ၈။ သာသနာပြုဌာန သုဝဏ္ဏဘူမိတိုင်း

၈။ အမှတ် ဌာနဖြစ်သော သုဝဏ္ဏဘူမိတိုင်းသို့ တန်ခိုးဣဒ္ဓိပါဒ်ကြီးမြတ်တော်မူလှသော အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့အား အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ရွေးချယ်တော်မူသည်နှင့်အညီ ထိုမထေရ်မြတ်တို့သည် သုဝဏ္ဏဘူမိတိုင်းသို့ ထိုသံဂါယနာတင်သောနှစ်မှာပင် ကြွသွားတော်မူကြ၍ ထိုအရှင်မြတ်တို့ ကြွတော်မူချိန်မှာ ထိုတိုင်းနိုင်ငံ၌ ဘီလူးရက္ခိုက် ဘေးရန်ရှိနေ၍ နိုင်ငံရှင်ဘုရင်မင်းမြတ်၏ နန်းတော်မှာ ဖွားတိုင်း, ဖွားတိုင်းသော သတို့သားတို့ကို ဘီလူးလာ၍စားခဲ့ရာ မထေရ်မြတ်တို့ ကြွလာတော်မူခိုက် မင်း၏နန်းတော်၌ သားရတနာ ဖွားမြင်သောအခါနှင့် ကြုံကြိုက်၍ မထေရ်မြတ်တို့ကြွလာသည်ကိုပင် ထိုရက္ခိုက်များ၏ အပင်းအသင်းဟု မှတ်ထင်ကြလျက် လက်နက်စွဲကာ လူအများလာကြသည်တွင် "အရှင်များက အဘယ်ကြောင့် လက်နက်စွဲကာ လာကြသနည်း"ဟု မေးတော်မူရာ "မင်းအိမ်မှ ဖွားတိုင်း, ဖွားတိုင်းသောသူငယ်များ*(ကို)* ဘီလူးစား*(စားသွားသဖြင့်)* အရှင်တို့*(ကို)*လည်း ထိုဘီလူးတို့၏ အပင်းအသင်းဟု မှတ်ထင်ကာ လက်နက်စွဲကိုင်လာကြပါကြောင်း" လျှောက်ထားကြကုန်၏။

မထေရ်မြတ်တို့သည် "ငါတို့ကား တရား, ဓမ္မ, သီလ သီတင်း၌ မွေ့လျော်ကျင့်ကြံကြသော ရဟန်းများဖြစ်ကြကြောင်း" လူအပေါင်းတို့အား ပြောပြနေစဉ် သမုဒ္ဒရာကမ်းအပြင်မှ အခြွေအရံနှင့် တက်လာသော ဘီလူးမကို လူအများမြင်ကြသဖြင့် "အရှင်ဘုရားတို့ ဘီလူးအများ မင်းအိမ်၌ဖွားမြင်သော သတို့သားကို စားရန်လာကြပါပြီ"ဟု ကြောက်ရွံ့၍ မြည်တမ်းကြသည်ကို ၎င်းတို့အား "ကြောက်ခြင်း မရှိရန်"ပြောကြား၍ ၎င်းဘီလူးများထက် ၂-ဆကြီးမားသော ကိုယ်ခန္ဓာများ ဖန်ဆင်းကာ လာသောဘီလူးတို့ကို နှင်ထုတ်လျက် လူအများအား သက်သာရာရစေပြီး ထိုဘီလူဘေးကြီးမှ အကာအကွယ် အစောင့်အရှောက်ထားတော်မူကာ ရောက်လာကုန်သော ပရိသတ်တို့အား-

ဗြဟ္မဇာလသုတ် ဒေသနာတော် ဟောကြားတော်မူသဖြင့် ၆၀,၀၀၀-သော သတ္တဝါတို့အား အမြိုက်တရားရစေလျက် ၃,၅၀၀-သော အမျိုးကောင်းသားများနှင့် ၂,၅၀၀-သော အမျိုးသမီးများ ရဟန်းပြုကြကြောင်း သမန္တပါသာဒိက ဝိနည်း အဋ္ဌကထာ၌-

**"သုဝဏ္ဏဘူမိံ ဂန္ဒာန၊ သောနုတ္တရာ မဟိဒ္ဓိကာ။**
**ပိသာစေ နိဒ္ဓမိတွာန၊ ဗြဟ္မဇာလ မဒေသယုံ။ ။**

သုဝဏ္ဏဘူမိတိုင်းသို့ သောနမထေရ်, ဥတ္တရမထေရ်တို့ ကြွတော်မူ၍ ဘီလူးဘေးရန်နှိမ်နင်းပြီး ဗြဟ္မဇာလသုတ် ဟောတော်မူကုန်ပြီ။"

စသည်ဖြင့် အကျဉ်းချုပ်မြွက်ကြားတော်မူ၏။

ဤတိုင်းဌာန၌လည်း သာမညအားဖြင့်သာ ဖော်ပြ၍ မြို့, ရွာဒေသ မင်းစသည်တို့ကို မဖော်ပြသဖြင့် ၎င်းမြို့, ရွာဒေသ ပိုင်းခြားဝေဖန်ရန် ခဲယဉ်းသော်လည်း-

ဤသုဝဏ္ဏဘူမိတိုင်းကို မြန်မာတိုင်းကြီးအလုံး သိမ်းကြုံးယူပြီးလျှင်-

ဤတိုင်းနိုင်ငံရာဇဝင်တို့နှင့် ညှိနှိုင်းကာ ကလျာဏီကျောက်စာအရ ရာမညဒေသဖြစ်သော ဤမြန်မာတိုင်း အောက်ပိုင်းနိုင်ငံသို့ ရောက်ကြောင်း၊

ထိုသုဝဏ္ဏဘူမိတိုင်းသို့ သာသနာပြုမထေရ်များ ကြွလာတော်မူစဉ်က ထိုတိုင်း၏မြို့တော်မှာ ယခုအခါ ကေလာသတောင်၏ အနောက်တောင်ဘက် သမုဒ္ဒရာ အနီးတည်ရှိ၍ ဂေါလမတ္တိကမြို့တော်ဟုတွင်ကြောင်း၊

ထိုမြို့တော်၌ သီရိမာသောကမင်းကြီး ထီးနန်းအုပ်ချုပ် မင်းပြုလုပ်တော်မူကြောင်း-

စသည်ဖြင့် သာသနာတော်မှတ်တမ်းများ၌ ရေးသားကြသည်အားလျော်စွာ ယခုအခါ သာသနာတော်ရောင် ထွန်းပြောင်လျက်ရှိနေသည်ကို ထောက်ဆ၍ ဆိုခဲ့ပြီး သုဝဏ္ဏဘူမိတိုင်းဟု ဆိုအပ်သော ရာမညတိုင်းမှ အစပြုကာ သာသနာတော် ပြန့်ပွားလာခဲ့ကြောင်း၊ ယခုတည်ထွန်းလျက်ရှိသော သာသနာအဆက်မှာလည်း မင်းတရားကြီး လက်ထက်ပြုစုခဲ့သော အနွယ်ဝံသအဆက်ဆက် သာသနာမှဆင်းသက်လာခဲ့ကြောင်း ကောင်းစွာမှတ်သားအပ်၏။

ထိုမှတပါး အထက်၌ဖော်ပြခဲ့သော သောဏမထေရ်နှင့် ဥတ္တရမထေရ်မြတ်တို့ သာသနာပြုရာ သုဝဏ္ဏဘူမိတိုင်းကား ဤရာမညတိုင်း အောက်ပိုင်းတိုင်းနိုင်ငံများဖြစ်ကြောင်း အညီအညွတ် အများဆုံးဖြတ်ကြသော်လည်း-

"ထေရောပိ တေ ယာဝ အဒဿနံ၊ တာဝ ပလာပေတွာ ဒီပဿ သမန္တတော ရက္ခံ ထပေသိ။

မထေရ်မြတ်သည်လည်း ၎င်းဘီလူးတို့ မတွေ့ရသည်တိုင်အောင် ပြေးသွားစေပြီးလျှင် ကျွန်း၏ ထက်ဝန်းကျင်မှ အစောင့်အရှောက် ထားတော်မူ၏။"

စသည်ဖြင့် အဋ္ဌကထာ၌ ဒီပသဒ္ဒါနှင့် ဖော်ပြမိန့်ဆိုသည်နှင့်အညီ **သုဝဏ္ဏဒီပ**-ဟု မှတ်သားဖွယ်ရာရှိ၍ **ဆုမတြာ** သို့မဟုတ် **သုမတြာကျွန်း** ဖြစ်မည်လား-ဟု အချို့ယုံးမှားကြသော်လည်း ဤအရာ၌ ဒီပသဒ္ဒါသည် ရေတို့ဖြင့်ပိုင်းခြားသော ကျွန်းဆွယ်ကိုလည်း ဒီပ-ဟု ခေါ်ဆိုနိုင်သဖြင့်-

ဤဇမ္ဗူဒီပါကျွန်းကြီးသည်လည်း-

- အနောက်ဘက် အနောက်အာရေဗျပင်လယ်
- အရှေ့ဘက် အရှေ့သမုဒ္ဒရာ ဘင်္ဂလားပင်လယ်
- တောင်ဘက် လင်္ကာဒီပ ရေလက်ကြား-

ဟု ဆိုအပ်သော ရေ ၃-မျက်နှာတို့ဖြင့် ပိုင်းခြားအပ်သောကြောင့် **ဇမ္ဗူဒီပ**-ဟု ခေါ်ဝေါ်ကြောင်း စသည်ဖြင့် ရေးသားခဲ့သည့်အပြင် ဤကျွန်းကို အရံနှင့်တကွ ၉-ပိုင်းခွဲရာ၌လည်း-

- **ဣန္ဒြဒီပ** ရာမညတိုင်း အဝင်အပါ မြန်မာတိုင်းအလုံး
- **သုဝဏ္ဏဘူမိ** အရှေ့ဘက် ရွှေမြေတိုင်းနယ်
- **ဟိရညဘူမိ** အနောက်ဘက် ငွေမြေကျွန်းဆွယ်-


ဟု ခေါ်ဆိုကြောင်းများ ရေးသားခဲ့လေပြီ။

ဤ ဆုမတြာ သုမတြာကျွန်းကား အသီးအခြားဖြစ်သော ကျွန်းတစ်ခုဖြစ်၍ မြန်မာတိုင်းနိုင်ငံနှင့် အတော်ဝေးကွာသော်လည်း ၎င်းနှင့်နီးစပ်သည့် **ဂျာဝါးကျွန်း**, **ဗာလီ** ကျွန်း စသည်တို့နှင့် ဆက်သွယ်လျက် မလေး- မလယကျွန်းဆွယ်နှင့် နီးစပ်သည့် ရာမညတိုင်း ၃-ရပ်တို့သည် ရှေးအခါက သွားလာဆက်ဆံသော နိုင်ငံများဖြစ်သည့်အပြင် ရာမညတိုင်းမှာလည်း မြန်မာတိုင်းများနှင့် ဆက်သွယ်ကြကာ မြန်မာတိုင်းနိုင်ငံများ၌ပင် ထိုကျွန်းများ၌ သုံးစွဲသော ဝေါဟာရများနှင့် အချို့ပုံပြင်ဝတ္ထုများလည်း ရောက်ရှိသည်ကို ထောက်ဆလျှင် လောကအရေးအရာဆက်ဆံကြသဖြင့် သာသနာရေးလည်း သုဝဏ္ဏဘူမိမှ တစ်စတစ်စ ဆက်သွယ်ရောက်ရှိကာ ထိုကျွန်းတို့မှာ သာသနာ့နိုင်ငံဖြစ်လာကြောင်း မှတ်သားအပ်၏။

ထိုကျွန်းများ၌ ရှေးဟောင်းခေတ်များ အကြောင်းရေးသားသော မှတ်တမ်းရာဇဝင်များ, ၎င်းပြင် ၎င်းတို့အကြောင်း ဖော်ပြသောကျောက်စာများ မရှိသလောက် နည်းပါး၍

နောက်ခေတ်များ၌ လိုက်လံရှာဖွေကြသော်လည်း ၎င်းရှေးခေတ်အကြောင်း ဆက်သွယ်ပိုင်းခြားနိုင်လောက်အောင် မတွေ့ရဘဲ ရှေးခေတ်ဟောင်းက ဗုဒ္ဓဘာသာဆိုင်ရာ လက်မှုပညာရပ်များနှင့် ၎င်းအထိမ်းအမှတ် စေတီပုထိုးတော်ကြီးများဖြင့် ယခုတိုင် မပျက်မစီး တည်နေခြင်းဖြင့်သာ ဤတိုင်းနိုင်ငံကား ရှေးခေတ်က ဗုဒ္ဓဝါဒလွှမ်းမိုးကာ သာသနာတော်ထွန်းကားသော သာသနာ့နိုင်ငံတော်ဖြစ်ခဲ့ဖူးကြောင်း ကောင်းစွာထင်ရှား၏။

✪ ✪ ✪ ✪ ✪



သုဝဏ္ဏဘူမိ ပထမ ရွှေတိဂုံစေတီတော်

## ဆုမတြာကျွန်း မည်(တွင်ခြင်းအ)ကြောင်း

ဤဆုမာတြာကျွန်းနှင့်စပ်လျဉ်း၍ သုတေသနရှာဖွေကြသော ကမ္ဘာ့ရာဇဝင်ဆရာတို့ ရေးသားကြသည်ကား ဤကျွန်းများသို့ မဇ္ဈိမနှင့် အိန္ဒိယတိုင်းကြီးအဝှမ်းရှိ ပင်လယ်သမုဒ္ဒရာ ရေကြောင်းခရီးဖြင့် ကူးသန်းသွားလာကြသော ရှေးခေတ်ကကုန်သည်ကြီးတို့သည် သုဝဏ္ဏဘူမိသို့၎င်း ၎င်း၏အနီးအနားကျွန်းများသို့၎င်း, ၎င်းနှင့်စပ်လျက်တည်ရှိသော တိုင်းနိုင်ငံများသို့၎င်း- ရောက်လေ့ရှိကြ၍ ဤကျွန်းနိုင်ငံသို့ သာသနာတော် အနှစ် ၄၀၀-လောက်တွင် သုမိတ္တ-သုမိတြမည်သော ကုန်သည်ကြီးအမျုးထားလျက် အိန္ဒိယတောင်ပိုင်း **ကဏ္ဍနဒီ-ကစ္စနား** မြစ်ဝ၊ ကစ္စတနတိုင်းနယ် **သီရိကုလမ-သီရိကုမ္ဘ- သျှရိကုလမမြို့**မှ သမုဒ္ဒရာခရီး သင်္ဘောကြီးများဖြင့် ထွက်ကြပြီး၍ လေသင့်သည်အားလျော်စွာ ရောက်လာကြပြီးလျှင် ဤကျွန်းတွင် ကျွန်းသူ, ကျွန်းသား လူရိုင်းများနှင့် တွေ့ဆုံကြသဖြင့် အဦးအစ၌ မကျွမ်းကျေသည့်အတိုင်း အနှိပ်အစက် အညှဉ်းပန်းခံရသော်လည်း ကောင်းစွာ လေ့ကျင့်အပ်သော လက်နက်များဖြင့် ကာလမြင့်ကြာသောအခါ ၎င်းတို့ အောင်မြင်နှိမ်နင်းနိုင်သည်ဖြစ်၍ ၎င်းကျွန်း၌ တိုင်းတစ်ခုဖွဲ့စည်း တည်ထောင်ကြလျက် သုမိတ္တမည်သော ကုန်သည်မျုးကို အစွဲပြုကာ သုမိတြာမြို့(မည်သော)ကို တည်ထောင်ဖန်ဆင်းကြကုန်၏။

ရှေးအခါက ၎င်းနယ်ကို **အပ်ဂျ် အဇ္ဇ**ခေါ်၍ ယခု**အချင်နယ်**-ဟု ခေါ်သော ၎င်းတို့ တည်ထောင်သောနယ်မှာ တိုင်းရင်းသားတို့မှ သီးခြားနယ်တစ်ခုအဖြစ် နေထိုင်ကြပြီးနောက် ခေတ်ကာလပြောင်းလဲလာသောအခါ **သုမိတ္တနယ်**ဟုတွင်လာပြီး ၎င်းမှတိုင်းနယ် ကျယ်ပြန့်ကာ အချိန်ကာလကြာမြင့်သော နောက်အခါ၌ ကျွန်းအလုံးကိုပင် သုမိတြာ၊ ၎င်းမှ သုမတြာ**ကျွန်း**-ဟု တွင်ကျယ်ထင်ရှားလာကြောင်း, ၎င်းကျွန်း၌ မဇ္ဈိမဒေသ ယဉ်ကျေးမှုများရောက်ရှိကာ ယဉ်ကျေးသောကျွန်းနိုင်ငံများ ဖြစ်လာကြောင်းများလည်း ရေးသားကြကုန်၏။

၎င်းရာဇဝင်ဆရာတို့ အလိုအားဖြင့် ဤကျွန်း၌ ဗုဒ္ဓဝါဒတရားတော်မြတ်သည်ကား ၎င်းနောက် အနှစ် ၄၀၀-လောက်မှ အိန္ဒိယအနောက်မြောက်ပိုင်း သိန္ဓုတိုင်းမှ၎င်း ဂျရာဇ် **ဇရာဇ်နယ်** ဒါရကမြို့တော်မှ၎င်း သင့်တင့်သော တိုင်းဌာနနယ်ပယ်များကို ရှာဖွေကြလျက် လက်ကာဒီပသို့ စ၍ ခရီးထွက်ကြပြီးလျှင် ရွက်လွှင့်ကြရာ ဤဆုမတြာကျွန်းသို့ ရောက်ကြ၍ ဤကျွန်း၌ပင် နောက်အခါ အခြေစိုက်ကြပြီး ၎င်း**အဇ္ဇ, အချင်**တိုင်းနယ်၌ပင် ပါသိရမြို့တော်ကိုတည်ထောင်ကြပြီး ၎င်းတို့မှာ ဗုဒ္ဓဝါဒရှိသူများဖြစ်သည်အားလျော်စွာ ဗုဒ္ဓနိုင်ငံ အခြေတည်ကြကြောင်း၊ နောက်ခေတ်များ၌ ဗုဒ္ဓဝါဒနှင့် ရှေးကရောက်နှင့်ပြီး ဟိန္ဒူအယူဝါဒတို့မှာ ဝါဒတစ်ခုနှင့်တစ်ခု မဆန့်ကျင်ကြဘဲ တွဲဖက်ပြီး ၎င်းဗုဒ္ဓဝါဒ ဖြန့်ဖြူးကြသဖြင့် တစ်ကျွန်းလုံး

ပျံ့နှံ့ကာ နောက်အခါ၌ တြိလောကဗတံမြို့, လမ်ပေါ်န်နယ် စသည်တို့၌ စင်ကြယ်သော ဗုဒ္ဓဘာသာများဖြစ်လာကြောင်း ရေးသားကြကုန်၏။

သို့ဖြစ်၍ ဤကျွန်း၌ တည်ထွန်းခဲ့သော ဗုဒ္ဓသာသနာတော်မှာ သုဝဏ္ဏဘူမိတိုင်းမှ ပျံ့နှံ့လာသော သာသနာအဆက်အနွယ်မဟုတ်၊ အိန္ဒိယမှဆင်းသက်ခဲ့သော သာသနာဖြစ်သော်လည်း နောက်အခါ၌ အနီးအနားတိုင်းနယ်များဖြစ်ကြသော ယိုးဒယားနိုင်ငံမှ ဘုရင်သောမဒတ္တပရမိန္ဒြ စူဠာလင်္ကာရမင်းမြတ်သည် ဤကျွန်းသို့ ၂-ကြိမ်ရောက်ရှိလျက် ဗုဒ္ဓဘာသာ အယူဝါဒများစုံစမ်းကာ ၎င်းတိုင်းနိုင်ငံ၌တည်ထွန်းသော ထေရဝါဒသာသနာထွန်းကားရန် အားထုတ်ခဲ့ကြောင်း စသည် ၎င်းရာဇဝင်ဆရာတို့ မှတ်သားကြသောကြောင့် နောက်ခေတ်များ၌ ထေရဝါဒသာသနာဂိုဏ်း အယူဝါဒများလည်း ထိုကျွန်း၌ ထွန်းကားဖူးကြောင်း ၎င်းထေရဝါဒ သာသနာသည်လည်း မင်းတရားကြီးတို့ပြုစုသော အဆက်အနွယ်ဖြစ်ကြောင်း ကောင်းစွာမှတ်သားအပ်ကုန်၏။

ဤသုဝဏ္ဏဘူမိတိုင်းဌာန သာသနာပြုခြင်းအကြောင်းအရာများကား အဆက်အနွယ် အယူဝါဒ ဂိုဏ်းအမျိုးမျိုးနှင့် တိုင်းပြည်အရေးအရာများပါ များစွာကျယ်ဝန်းလှသောကြောင့် နောက်၌လည်း ခေတ်အားလျော်စွာ ရေးသားလတ္တံ့ဖြစ်သော သာသနာ အတ္ထုပ္ပတ္တိသာသနာဝင်တွင် ထင်ရှားလတ္တံ့ဖြစ်၍ ယခုရေးဆဲဖြစ်သော အသောကမင်းတရားကြီးနှင့် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်တို့ စေလွှတ်တော်မူအပ်သော သာသနာပြုဌာနနှင့် စပ်လျဉ်းလျက် လင်းပါးချက်မရှိ ပကတိတည်မြဲတိုင်းပင် ယခုတိုင်အောင် တည်ရှိနေသဖြင့် အထူးရေးသားဖွယ် မရှိသောကြောင့် ဤတိုင်းမူလဌာန အကြောင်းများသာ ရေးသားအပ်ပေသည်။

ဤမြန်မာနိုင်ငံတော် အဝင်အပါ ယခုသာသနာတည်ထွန်းရာဌာန အရှေ့တိုင်းနိုင်ငံ ဒေသများလည်း များသောအားဖြင့် ဤသုဝဏ္ဏဘူမိတိုင်းမှ သာသနာအမွန်အစရှိသည်ဟု ဆိုအပ်သည့်အပြင် ၎င်းသာသနာနောက်ပိုင်း ရာမညတိုင်းမှာ သာသနာတော်ဆုတ်ယုတ် အားနည်းလာသောအခါ သီဟိုဠ်ကျွန်းမှ အဆက်ယူကာ သာသနာတော်ကိုထပ်မံသုတ်သင်ရသော်လည်း မင်းတရားကြီး ပြုစုတော်မူသော သာသနာ အဆက်အနွယ်သာဖြစ်၍ ထေရဝါဒဂိုဏ်း သာသနာသာလျှင် ထပ်မံဖြည့်စွက် တည်ထောင်ရသောကြောင့် ထေရဝါဒဂိုဏ်း သာသနာတော်ဖြစ်ကြောင်း မှတ်သားအပ်၏။

ဤသို့အားဖြင့် ဤသုဝဏ္ဏဘူမိတိုင်းဌာန၌ မထေရ်မြတ်တို့ပြုစုတော်မူအပ်သော သာသနာ့ နိုင်ငံတော်သည် ဤတိုင်းအဝင်အပါ ရာမညတိုင်း ၃-ရပ်၌၎င်း, ၎င်းတိုင်းနှင့် ဆက်သွယ်လျက်ရှိသော ခမာ, ယိုးဒယား, ကမ္ဘောဒီးယား, လော, လာအို, အနန်စသော

တိုင်းနယ်တို့၌ငှင်း, ထိုနယ်တို့နှင့် စပ်လျက်တည်ရှိသော ရှမ်း, မောတိုင်းနယ်အသီးသီးတို့၌ ငှင်း, မြန်မာ့တိုင်းကြီးအလုံး၌ငှင်း, ဤတိုင်းနိုင်ငံအားလုံးတို့မှာ ယခုအခါတိုင်အောင် ဤမျှ လောက် အဝွန့်ရှည်စွာ သာသနာတော်တည်လျက် ထွန်းတက်စည်ကားနေသဖြင့် အထူး ရေးသားဖွယ်မရှိသောကြောင့် ဤဌာနသာသနာတော် အကြောင်းကား ဤမျှဖြင့်အပြီး အဆုံးသတ်အပ်ပေသည်။

**ဤသည်ကား သုဝဏ္ဏဘူမိတိုင်းနှင့်ငှင်းအနီးအနားတိုင်းများ၌**

**တည်ထွန်းသော သာသနာအကြောင်း ပြီး၏။**

✪ ✪ ✪ ✪ ✪

## ၉။ နဝမ သာသနာပြုဌာန

## လင်္ကာဒီပသာသနာ အစဉ်အဆက်အကြောင်းများ

၉။ နဝမသာသနာပြုဌာနသည်လည်း-

ရာမညတိုင်း ၃-ရပ် သာသနာတော်မြတ်ကဲ့သို့ ယခုတိုင် မပျက်မပြား ထင်ရှားရှိနေ သော သာသနာ့နိုင်ငံတော်ဖြစ်၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်နှင့် အသောကမင်းတရားကြီး တည်ထားသော သာသနာတော်မြတ် မည်သို့မည်မျှ ကြာရှည်စွာ တည်ရှိသည် စသည်ဖြင့် မေးရန်မလိုသော်လည်း ဤကျွန်းဌာနသို့ "မည်သည့်အခါ သာသနာတော် ရောက်သနည်း၊ မည်သူဆောင်သနည်း" စသော အမေးနှင့်စပ်လျဉ်း၍ မေးသင့်မေးအပ်သည်အားလျော်စွာ ဤဌာနသို့ သာသနာပြုနှစ်မှာ-

သီဟိုဠ်မှတ်တမ်း မဟာဝင်အလိုအားဖြင့် အရှင်မဟိန္ဒ မထေရ်မြတ်သည် သံဂါယနာတင်သော သာသနာ ၂၃၅-ခုနှစ်မှာ လင်္ကာဒီပကျွန်းသို့ သွားအံ့သောငှာ အကြောင်းအရာကို ဆင်ခြင်တော်မူလျှင် ယခုအခါ မုဋသိဝမင်းကြီးကား အသက်အရွယ် အားဖြင့် အိုမင်းလှပြီဖြစ်၍ ငှင်းမင်းနှင့် သာသနာပြုခြင်းငှာ မစွမ်းနိုင်ရာ၊ နောက် ၁-နှစ် မှာ ဒေဝါနံ ပိယတိဿမင်း ထီးနန်းစိုးစံ တိုင်းနိုင်ငံ အုပ်ချုပ်သောအခါ သာသနာတော်ကို ချီးမြှောက် ထောက်ပင့်နိုင်လတ္တံ့သည်ကို မြင်တော်မူသဖြင့် နောက်အချိန်ကာလများမှာ ဆွေမျိုးဉာတိအပေါင်းနှင့် တွေ့ဆုံရန် အခွင့်ရသင့်မှုရနိုင်မည်ဖြစ်၍ သာသနာပြုအံ့သော အခါကာလကို ငံ့လင့်ခြင်းနှင့် ဆွေမျိုးဉာတိတို့ တွေ့ဆုံကြည်ညိုစေခြင်း အကျိုးကို ရည်ညွှန်း ကာ ၂၃၆-ခုနှစ်မှ ငှင်းဌာနသို့ ကြွတော်မူရန် ဆုံးဖြတ်တော်မူပြီးလျှင် ဥပဇ္ဈာယ် ဆရာမြတ်

နှင့် သံဃာတော်အရှင်များကို ရှိခိုးပြီးလျှင် ပါဋလိပုတ္တ နေပြည်တော်မှ ထွက်လျက် ဒက္ခိဏ-ဂိရိတောင်ဘက်တိုင်းသို့ နောက်လိုက်ရဟန်းတော် အရှင်ဣန္ဒိယ စသော မထေရ် ၄-ပါး အပြင် သံဃမိတ္တာ၏ သားတော်သုမဏသာမဏေနှင့် ဘဏ္ဍုကမည်သော ဥပါသကာတို့ပါ ကြွသွားတော်မူကြ၍ အရှင်မဟိန္ဒမထေရ်မြတ်၏ မယ်တော်ရှိရာ ဝေဒိသဂိရိမြို့သို့ ကြွရောက်တော်မူပြီး မယ်တော်၏ ဆွမ်းစသော ပစ္စည်း ၄-ပါးဖြင့် လှူဒါန်းပြုစုခြင်းကို ချီးမြှောက်ကာ ဆောက်လုပ်လှူဒါန်းသော ကျောင်းတော်၌ သီတင်းသုံးတော်မူပြီး ပြုအပ်သောကိစ္စ ပြီးဆုံးစေ၍ နောက်တဖန်သွားအံ့သောအခါကာလအတွက် -

"ငါ၏ခမည်းတော်မင်းတရားကြီး ပေးပို့အပ်သော အဘိသိက် အစီအရင် ပြုပြင်စီမံစေဦး-

၎င်းပြင် ခမည်းတော်မင်းတရား စေတော်မူသော ရတနာ ၃-ပါး၏ဂုဏ်တော် ကျေးဇူးတော်တို့ကို ရှေးဦးစွာ ကြားနာစေဦး-

ဒေဝါနံပိယတိဿ မင်းကလေးသည် ပွဲသဘင်တော် အခမ်းအနားအတွက် ထွက်တော်မူမှ ၎င်းနှင့်တွေ့ရမည်"ဟု ဆင်ခြင်တော်မူပြီးနောက် ၁-လမျှ သီတင်း သုံးလျက် ဇေဋ္ဌမာသ နယုန်လသို့ ရောက်၍ လပြည့်နေ့တွင် သိကြားမင်း တောင်းပန်ခြင်းကို အကြောင်းပြုကာ ဝေဒိသမှ အိန္ဒိယစသော မထေရ်များ နှင့်တကွ ကောင်းကင်ခရီးမှ ကြွသွားတော်မူကြကြောင်း"-

စသည်လာသဖြင့် သာသနာတော် ၂၃၆-ခုနှစ်၊ နယုန်လပြည့်နေ့၌ သာသနာပြု တော်မူရန် ကြွတော်မူကြကြောင်း မှတ်သားအပ်ကုန်၏။

၎င်းပြင်လည်း မဟာဝင်မှတ်တမ်းအရ သာသနာပြု ကြွတော်မူသော အချိန်အခါမှ အရှင်မဟာမဟိန္ဒမထေရ်မြတ်သည် သိက္ခာတော် ၁၂-ဝါမျှသာရှိသေးကြောင်း၊ ထိုမှတပါး အသောကမင်းတရားကြီး အဘိသိက်တော်ယူပြီးနောက် ၁၈-နှစ်မြောက် အချိန်အခါမှာ ဤလင်္ကာကျွန်းသို့ သာသနာတော်ရောက်ကြောင်း သမန္တပါသာဒိကဝိနည်း, အဋ္ဌကထာ တို့၌ လာသောကြောင့် မင်းတရားကြီး အဘိသိက်ခံယူတော်မူပြီးကာ ၆-နှစ်မြောက်မှာ အရှင်မဟာမဟိန္ဒမထေရ်မြတ် သာသနာတော်ဝင်ကြောင်းလည်း မှတ်သားအပ်၏။

မထေရ်မြတ်တို့ သာသနာပြု ကြွတော်မူသော အခါသမယမှာ သီဟိုဠ်ကျွန်း၌ ဇေဋ္ဌနက္ခတ် ပွဲသဘင်တော်နှင့် ကြုံကြိုက်၍မင်းကလေးသည် မှူးတော်, မတ်တော်ဗိုလ်ပါ အပေါင်းတို့နှင့်တကွ တိုင်းသူပြည်သား အမြောက်အမြားတို့ မိဿကတောင်သို့ တောကစား ထွက်တော်မူသည်တွင် တောင်စောင့်နတ်မင်းသည် ကြံ့၏အသွင်ဖန်ဆင်းကာ မထေရ်မြတ်

ရှိရာသို့ ယူဆောင်လျက် မျက်မှောက်တော်သို့ရောက်လျှင် အကြောင်းအရာ အလ္လာပ သလ္လာပ သင့်တင့်သောစကား ပြောကြားပြီး၍ ၎င်းနောက် မင်း၏ပရိသတ်တို့ရောက်သော အခါ-

**စူဠဟတ္ထိပဒေါပမသုတ္တန်** ဒေသနာတော်မြတ် ဟောကြားတော်မူရာ ၄၀,၀၀၀-သော ပရိသတ်နှင့်တကွ သရဏဂုံသီလ တည်ကြကြောင်းသာလာသဖြင့် ထိုအခါ မဂ်ဖိုလ် အမြိုက်တရား အရသာသောက်စို့ရသောသူ မရှိသေးကြောင်း မှတ်သားအပ်၏။

သို့သော်လည်း အရှင်မဟိန္ဒမထေရ်သည် ညဉ့်အခါ ဤမိဿကတောင်မှာပင် တရားနာ ကြွေးကြော်စေလျက် စည်းဝေး၍လာကြကုန်သော မရေတွက်နိုင်ကုန်သော နတ်တို့အား-

**သမစိတ္တသုတ္တန်** ဒေသနာတော်မြတ် ဟောကြား၍ အပိုင်းအခြားမရှိသော နတ်အပေါင်းတို့အား အကျွတ်တရားရစေသည့်အပြင် မင်း၏ပင့်လျှောက်ထားချက်ဖြင့် မင်းမြတ်၏နန်းတော်သို့ကြွတော်မူကာ မွန်မြတ်လှစွာသော ဆွမ်း, ဘောဇဉ် ကပ်လှူပြီးနောက် **ပေတဝတ္ထု, ဝိမာနဝတ္ထု, သစ္စသံယုတ်** တရားတော်မြတ်ဟောကြားတော်မူရာ **အနုလာဒေဝီမိဖုရားကြီး**နှင့်တကွ မောင်းမ ၅၀၀-တို့ သောတာပန်ဖြစ်ကြပြီးလျှင် နန်းတော်သူ, နန်းတော်သားများမှတပါး တိုင်းသူပြည်သား အများတို့လည်း စည်းဝေးရောက်လာ၍ ပရိသတ်ကြီးကျယ်သဖြင့် ဆင်တင်းကုတ်တော်သို့ ရွှေ့ပြောင်းဆင်ယင်ကာ ရောက်လာသော ပရိသတ်တို့အား **ဒေဝဒူတသုတ္တန်**ဒေသနာတော် ဟောကြားတော်မူသဖြင့် အားလုံးသော သူတို့ သရဏဂုံသီလ တည်ကြသည့်ပြင် ၁,၀၀၀-မျှသောသူများ မဂ်ဖိုလ်တရားကို ရကြကြောင်း စသည်လာသဖြင့် သာသနာတော်၏ အခြေဖြစ်သောတရားထူးကို ဤကျွန်း၌ တည်စေတော်မူကြောင်း ကောင်းစွာမှတ်သားအပ်၏။

ဤသို့အားဖြင့် သီဟိုဠ်မှတ်တမ်းအရ ဤကျွန်းမြတ်၌ မြတ်စွာဘုရား သာသနာတော်မြတ်သည် သာသနာတော် ၂၃၆-ခုနှစ်မှာ အစပြု တည်ထွန်းတော်မူကြောင်း၊ အရှင်မြတ် ပြုတော်မူအပ်သော သာသနာတော်သည် ယခုအခါတိုင်အောင်ပင် ကျွန်းအလုံး ပျံ့နှံ့လျက်တည်ရှိကြောင်း၊ အကြားအကြား ခေတ်သမယတို့၌ကား ယုတ်လျော့အားနည်းကာ-

- တခါတရံ ရာမညတိုင်းမှပင် သာသနာဆက်ကို ယူရ၍ ရာမညဂိုဏ်း-ဟူ၍၎င်း
- တခါတရံ မြန်မာနိုင်ငံ အထက်ပိုင်းမှယူရ၍ အမရပူရဂိုဏ်း-ဟူ၍၎င်း
- တခါတရံ ယိုးဒယားနိုင်ငံမှ ရယူ၍ သျှာမနိကာယ သျှာမ်းဂိုဏ်း-ဟူ၍၎င်း

ဂိုဏ်းသီး, ဂိုဏ်းခြားများ ဖြစ်လာသည်အားလျော်စွာ ဝိနည်း အယူအဆ အချို့၌ာနန့်၌ ကွဲပြားကြကြောင်း၊ သို့ရာတွင် များသောအားဖြင့် တူညီကြကြောင်း၊ ယခု တိုင်အောင်ပင် ထိုဂိုဏ်းများ ထင်ရှားရှိနေသေးကြောင်း၊ ၎င်းတို့ကို ထောက်ထားလျှင် သာသနာတော် အစဉ်အဆက် ပျက်စီးမသွားဘဲ တစ်ခေတ်တစ်ခါ အားနည်းရုံသာ ရှိခဲ့ကြောင်း ကောင်းစွာ ထင်ရှား၍ မင်းတရားကြီးတို့ ပြုစုတော်မူခဲ့သော သာသနာတော်မြတ်သည် ဤမျှ အဓွန့် ရှည်စွာ တည်ရှိကြောင်း မှတ်သားအပ်ကုန်၏။

ထိုမှတပါး အခြားသော အသောကမင်းတရားကြီးအကြောင်း ရေးသားကြသော ခေတ်အားလျော်စွာ ကျောက်စာအထောက်အထားများနှင့် ကိုးကားရေးသားသည့် အကြောင်းအရာ အတ္ထုပ္ပတ္တိများစွာရှိရာ များသောအားဖြင့် ရေးသားကြသော မင်းတရားကြီး၏ အတ္ထုပ္ပတ္တိ၌-

“မင်းတရားကြီးသည် များစွာသော ကျောက်ချပ်, ကျောက်တိုင်တို့ဖြင့် တရား အယူဝါဒ ပျံ့နှံ့စေရန် အားထုတ်ပြုစုတော်မူပြီးလျှင် မင်းတရားကြီး စိုးစံ အုပ်ချုပ် သော နှစ် ၃၀-မြောက်မှာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ် ကြီးမှူးကာ တတိယ သံဂါယနာတင်ပြီးနောက် ၉-တိုင်း, ၉-ဌာနသို့ သာသနာပြု စေလွှတ်တော်မူကြောင်း” အိန္ဒိယ ရှေးဟောင်းရာဇဝင်ကြီးနှင့် အသောကမင်းတရားကြီး အတ္ထုပ္ပတ္တိ ရေးသားသော ဝင်ဆင်ဆမစ်သ်သည် ထုတ်ဖော်ရေးသားခဲ့လေသည်။

ဤအရာ၌ မဟာဝင်ဆိုသည့်အတိုင်း အဘိသိက်ခံပြီးနောက် ၁၈-နှစ်မြောက်မှာ အရှင်မဟာမဟိန္ဒမထေရ် ကြွသွားတော်မူကြောင်း လာသည်နှင့် အဘိသိက်မယူသော ၄-နှစ်ကို အုပ်ချုပ်စိုးစံသော နှစ်ထဲ၌ ပေါင်းစပ်ရေတွက်လျှင် ၂၂-နှစ်ဖြစ်၍ ၎င်းဆရာကြီး ရေးသားသော အနှစ် ၃၀-မှာ ၈-နှစ်ကွာခြားလျက်ရှိသော်လည်း တစ်နည်းအားဖြင့် အမှတ် အသား ချွတ်ယွင်းချက် ရှိနိုင်သောကြောင့် ထိုမျှကွာခြားသည်ကို အမှန်ဟု ယူဆထိုက်သည့် အတိုင်း ပိုင်းခြားသောနှစ်တို့မှာ ကျောက်စာအရဆိုလျှင်သာ၍ပင် ထင်ရှား၍ မင်းတရား ကြီး၏ အတ္ထုပ္ပတ်မှာ အထူးကြီးကျယ် ခမ်းနားစွာ ကမ္ဘာ့ရာဇဝင်တွင် မတင်ဖူးသေးသော အကြောင်းအရာများ ရေးသားထုတ်ဖော်ရမည်ဖြစ်၍ ဤသာသနာပြု အခမ်းအနားဝယ် ၎င်းတို့ကို ချန်လှပ်ထားအပ်ကုန်၏။

၎င်းပြင်လည်း ဤကျွန်းတွင် သာသနာတော်မထေရ် အစဉ်အဆက်အနွယ်များ လည်း တခြားတစ်သတ် ရေးသားအပ်လတ္တံ့ဖြစ်၍ သာသနာတော်၏ တည်တံ့ထွန်းကား ကြောင်းလည်း အထူးရေးသားရန် မလိုအပ်သေးသောကြောင့် ဤကျွန်းသာသနာဝင်လည်း တစ်ပိုင်းကဏ္ဍ ရေးရမည်ဖြစ်သည့်အတိုင်း ခေတ်အားလျော်စွာ ဤကျွန်းသာသနာ၏

အနိမ့်, အမြင့်မျှသာ အယူဝါဒကား မင်းတရားကြီးနှင့် အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်တို့ ပြုစုတော်မူရင်းဖြစ်သော ထေရဝါဒဂိုဏ်း အယူဝါဒ မပြောင်းလဲဘဲ ယခုခေတ်တိုင်အောင် တည်ရှိလာကြောင်း မှတ်သား၍ ဤမျှအားဖြင့် ဤကျွန်းသာသနာပြု ဌာနအကြောင်း အဆုံးထားလျက် နိဂုံးသတ် အပ်သတည်း။

**ဤတွင် မင်းတရားကြီးနှင့် မောဂ္ဂလိပုတ္တတိဿမထေရ် ပြုအပ်သော သီဟိုဠ်ကျွန်း သာသနာ ပြီး၏။**

✪ ✪ ✪ ✪ ✪

## အသောကမင်းတရားကြီး စိုးစံသောနှစ် အပိုင်းအခြား ကျောက်စာအားဖြင့် ဖော်ပြခြင်း

ဤသို့ ဆိုအပ်ခဲ့ပြီးသော မင်းတရားကြီး၏ အဘိသိက်တော်ယူပြီးသည်မှ ၁၈-နှစ်မြောက်၌ အတိုင်းတိုင်း အပြည်ပြည်သို့ သာသနာပြု စေလွှတ်တော်မူကြောင်းကား-

မဟာဝင်, ဒီပဝင်စသော သီဟိုဠ်မှတ်တမ်းများ အကိုးအကားပြုလျက် ရေးသားချက်ပင်ဖြစ်၍ ထိုမဟာဝင်စသော သီဟိုဠ်မှတ်တမ်းများ၌လည်း မင်းတရားကြီး တည်ထားပြုစုခဲ့သော အထိမ်းအမှတ် အမိန့်တော်ကျောက်စာ, တရားကျောက်စာများနှင့် စိုက်ထူထားခဲ့သော ကျောက်တိုင်များ၏ အကြောင်းအရာများ ရေးသားဖော်ပြခြင်း မရှိခြင်းကြောင့် ယခုအခါ၌ ထိုကျောက်စာ, ကျောက်တိုင်တို့ကို အလေးပြုထောက်ထား၍ ရေးသားကြသည်အားလျော်စွာ ထိုကျောက်စာ, ကျောက်တိုင်တို့၌လည်း အုပ်ချုပ်စိုးစံသော နှစ်အပိုင်းအခြားတို့ကို ရေးသားလျက် ထင်ရှားစွာ ဆိုထား၍ ၎င်းတို့အရ စိုးစံသောနှစ်များ ရေးသားအပ်ကုန်၏။

မင်းတရားကြီးသည် အဘိသိက်ယူတော်မူပြီးနောက် ၈-နှစ်မြောက်၌ ကလိင်္ဂတိုင်းကြီးကို အောင်မြင်ပြီးလျှင် သားတော်အစဉ် မြေးတော်အဆက် မပျက်လိုက်နာစေရန် ရေးသားခဲ့ပြီး ၁၃-ခုမြောက် ကျောက်စာကို ထွင်းထုခတ်နှိပ် အမိန့်တော်မြတ် မှတ်ထားသည်ကား ထီးနန်းစိုးစံသော ၉-နှစ်မြောက်မှာ အယူဝါဒ စွဲမြဲအားထုတ်လေ့ကျက်လျက် နိုင်ငံတော်အားလုံး အေးမြချမ်းသာစေရန် ရည်သန်တော်မူသော စိတ်နှလုံးတော်ဖြင့် ရေးထုစေကြောင်း ကောင်းစွာထင်ရှား၏။

မင်းတရားကြီးတည်ထားသော ကျောက်စာအချို့မှာ-

**ပဓာန သိလာလေခ တတိယ ဓမ္မလိပိ၌-**

ဒေဝါနံ ပိယ ပိယဒသီ ရာဇာ ဧဝံ အာဟ(*တိ*) ဒွါဒသ ဝသာဘိသိတေန မယာ ဣယံ အာနာပယိတေ။

ဒေဝါနံ ပိယ ပိယဒသီမင်းတရားသည် အမိန့်တော်မြတ်ရှိသည်ကား- 'ငါသည် အဘိသိက် မင်္ဂလာယူတော်မူသည်မှ ၁၂-နှစ်မြောက်သောခါ ဤအမိန့်တော်ကျောက်စာကို ထုတ်ပြန်တော်မူစေအပ်သည်-'

စသည်ဖြင့် ကျောက်စာအမိန့်တော်များ ထုတ်ဖော် ရေးသားထုတ်ဝေခဲ့လေသည်။

ထိုမှတပါး **စုဒ္ဒသသီလာလိပိ၌လည်း စတုတ္ထလိပိဝယ်-**

"ဒွါဒသ ဘိသိကေန ဒေဝါနံ ပိယေန ပိယဒသိနာ ရာဇာ ဣယံ လိခါပိတေ။

အဘိသိက်မှ ၁၂-နှစ်မြောက်၌ ဒေဝါနံ ပိယဒသီ မင်းတရားသည် ဤအမိန့်တော် ရေးသားစေသည်။"

စသည်ဖြင့် အဆုံးသတ်ကျောက်စာ ရေးသားစေသည့်အပြင်-

ဂုင်းစုဒ္ဒသသိလာလိပိ ပဉ္စမလိပိ၌လည်း-

တေဒသာဝသာဘိသိတေနာ မယာ ဓံမ မဟာမတာ ကတာ တေ သဝ ပါသံဋေသု ပိယာပတာ ဓံမဓိဋ္ဌာနာ စ ဓံမဝပိယာ ဟိတသုခါယ စ ဓံမယုတသာ စ ယောန ကံဗောဇ ဝံဓာလာနံ ရဋ္ဌိက ပတေနိကာနံ။

ဘိသိက်တော်မှ ၁၃-နှစ်မြောက်၌ "ငါသည် တရားဌာန အမတ်ချုပ်ကို ခန့်အပ်တော်မူပြီ။ ထိုအမတ်သည် ခပ်သိမ်းသော အယူဝါဒတို့၌-

- တရားတော်မြတ် ဆောက်တည်စေခြင်းငှာ
- ဂုင်းတရား တိုးပွားစေခြင်းငှာ
- ယောနကတိုင်းသား, ကမ္ဘောဇတိုင်းသား, ဂံဓလတိုင်းသား, ရဋ္ဌိကတိုင်းသား, ပတိဌာနတိုင်းသားတို့၏ အကျိုးစီးပွား ချမ်းသာသုခတရားနှင့် ယှဉ်စေခြင်းငှာ"-

စသည်ဖြင့် အယူဝါဒ တရားတော်မြတ် မြဲမြံစွာ ဆောက်တည်ကြစေရန် ရည်သန်တော်မူလျက် တရားဘက်ဌာန ဝါဒဖြန့်ဖြူးရေး, သာသနာပြုစုရေးများနှင့် ဂုင်းဌာနစီမံအုပ် ချုပ်ရေး ဓမ္မမဟာမတ္တ တရားဖြန့်ဖြူးရေး အမှုးအမတ်ချုပ်များ ခန့်ထားတော်မူကြောင်း၊

ရေးသားသဖြင့် မင်းတရားကြီး၏ အကြောင်းအရာ အတ္ထုပ္ပတ္တိ အခြေအမြစ်တို့သည် ၎င်းကျောက်စာတွင် ထင်ရှား၍ မင်းတရားကြီး စိုးစံတော်မူသော နှစ်အပိုင်းအခြားများလည်း ဤကျောက်စာတွင် ထင်ရှားစွာ ဖော်ပြလေသည်။

ဤသို့အားဖြင့် မင်းတရားကြီး စိုးစံအုပ်ချုပ်သော နှစ်အရေအတွက် အပိုင်းအခြား ဤကျောက်စာများဖြင့် ဖော်ပြသည့်အပြင် အဘိသိက်တော်ယူသမှ ၈-နှစ်မြောက်၌ ကလိင်္ဂတိုင်းကြီးကို အောင်မြင် လက်တော်ပင် ရောက်သော်လည်း များစွာသော သတ္တဝါတို့ ပျက်စီး ဆုံးရှုံးသောကြောင့် စိတ်နှလုံးတော်တွင် ယူကြုံးမရ နောင်တကြီးစွာပူပန်ရ၍ တရားသဖြင့် အောင်မြင်ခြင်းသာ စိတ်နှလုံးတော် အေးမြစွာနှင့် နောင်သံသရာအတွက်လည်း အောင်မြင်ကြောင်း ကောင်းမွန်စွာ တွေးထင်မှတ်သား ပိုင်းခြားတော်မူပြီး နောက်အဖို့ဖြစ်သော နှစ်ကာလတို့၌ တရားဓမ္မ ဌာနတစ်ခု အဖြစ်ဖြင့် ဖွင့်တော်မူကာ-

**ဓမ္မမဟာမတ္တ တရားဌာနမှူး** အမတ်ကြီး ခန့်အပ်တော်မူပြီးလျှင် ၎င်း၏လက်အောက်၌ တရားဓမ္မဝါဒ ဖြန့်ဖြူးရန် **ဓမ္မယုတ္တ တရားဓမ္မ** ဝါဒဖြန့်သူများ ခန့်အပ်တော်မူ၍ နိုင်ငံတော်အတွင်းနှင့် နိုင်ငံတော်အပ အာဏာစက် မှီနိုင်သမျှ တရားဓမ္မ ကျောက်စာကမ္ပည်း အဆုံးမတော်များကို ဖြန့်စေတော်မူခဲ့လေပြီ။

ထိုမှတပါး မင်းတရားကြီး စိုက်ထူတော်မူသော ကျောက်စာများတွင် မင်းတရားကြီး စိုးစံအုပ်ချုပ်သော နှစ်အားဖြင့် နောက်ဆုံးအပိုင်းအခြား ရေးသားစေတော်မူသော ကျောက်စာများ တွေ့ရသည်မှာ-

**ပထမ သိလာထမ္ဘာနုသာသနီ၌-**

> "ဒေဝါနံ ပီယေန ပီယဒသီ ရာဇာ ဟေဝံ အာဟ သဍ္ဍဝီသတိ ဝသာဘိသိ- တေန မေ ဣယံ ဓံမလိပိ လိခါပိတာ---
>
> ဒေဝါနံ ပီယဒသီ မင်းတရားသည် ဤသို့ မိန့်ကြားတော်မူပြီ။ ငါသည် အဘိသိက်တော်မှ ၂၆-နှစ်မြောက်၌ ဤတရားကျောက်စာတော်ကို ရေးထုစေတော်မူအပ်ပြီ"-

ဟူ၍ အဘိသိက်ယူတော်မူသည်မှ အုပ်ချုပ်စိုးစံတော်မူသောနှစ် အရေအတွက်များ ပိုင်းခြား ဖော်ပြသည့်အပြင်-

စတုတ္ထ, ပဉ္စမတို့၌လည်း ထို့အတူ ဖော်ပြ၍ သတ္တမသိလာထမ္ဘာနုသာသနီ ကျောက်တိုင်၌ကား-

ဒဒ သတစီသာဘိသိတေန မေ ဣယံ ဓံမလိပိ လာခါပိတာတိ။ ဧတံ ဒေဝါနံ ပီယေ အာဟ ဣယံ ဓံမလိပိ အတ အထိ သီလာထမ္ဘာနိ ဝါ သီလာဖလ-ကာနိ ဝါ တတ ကဋဝိယာ ဧန စီလဋိတိကာ သိယာ-

အဘိသိက်ယူတော်မူသည်မှ ၂၇-နှစ်မြောက်၌ ဤတရားတော် ကျောက်ချပ်ကို ရေးထုစေအပ်ပြီ။ ဒေဝါနံ ပီယဒသီ မင်းတရားကား ဤသို့ မိန့်တော်မူခဲ့လေပြီ။ ဤတရား ကျောက်စာတည်ရာ တိုင်းနယ်ဒေသများ၌ ဤကျောက်စာ, ကျောက်တိုင်များ မပျက်ပြားဘဲ ကာလမြင့်ရှည် တည်တံ့ရန် ထပ်မံပြင်ဆင်ကြစေကုန်သတည်း"

ဟူ၍ အဆုံးသတ်စကား နိဂုံးထားလျက် မိန့်ကြားတော်မူခဲ့လေပြီ။

ဤသို့လျှင် မင်းတရားကြီးသည် သားတော်အစဉ် မြေးတော်အဆက် နောက်ခေတ် ရာဇဝင် လက်ထက်တို့၌ တရားဓမ္မ အယူဝါဒ ဖြန့်ဖြူးတော်မူရန် ရည်သန်လျက် ဤမျှ လောက် ကျောက်စာ, ကျောက်တိုင်, လိုဏ်ဂူကမ္ပည်းကျောက်စာများ ရေးသားစေတော် မူကာ အထိမ်းအမှတ် ထားတော်မူခဲ့သည့်အတွက် မင်းတရားကြီးအမှီပြုကာ ယခုအခါ တိုင်အောင် သာသနာရောင်အလင်းသည် ကမ္ဘာအရပ်ရပ်သို့ ချင်းနင်းဝင်ရောက်ကာ လူအမျိုးမျိုးတို့၏ စိတ်ဓာတ်ကို ဆွဲဆောင်လျက် နေသည့်အပြင် မည်သည့်ရာဇဝင်ဆရာမျှ မင်းတရားကြီး ဂုဏ်ပုဒ်များကို ကျော်လွန်၍ မသွားနိုင်ကြကုန်။

ဤသို့ ညီညွတ်စွာ ဘာသာအယူဝါဒ တရားများကို မှန်ကန်ကောင်းမြတ် လေးစား အပ်အောင် ကြံဆောင်တော်မူကာ တရားကျောက်စာတော်အများ တည်ထားစေတော်မူ သည့်အပြင် မင်းတရားကြီး ကိုယ်တိုင်လည်း အခြားမင်းများ၏ အလေ့အကျက် တောကစား ထွက်တော်မူမည့်အစား ကျောင်း, ဘုရားသို့ လှည့်လည်ဖူးမျှော် တရားတော်နာရ တရားဓမ္မ ကိုလည်း ထိုဒေသတွင် အစဉ်လိုက်နာ ကျင့်ကြံစေရန် ဟောပြတိုက်တွန်းတော်မူခြင်း အကျိုးငှာ ခရီးထွက်တော်မူကြောင်း-

**အဋ္ဌမ သီလာနုသာသနီ ၈-ခုမြောက် တရားကျောက်စာ၌-**

"အတိကံတံ အံတလံ ရာဇာနော ဝိဟာရ ယာတံ နာမ နိခမိသု။ ဣဟ မိဂဝိယာ အံနာနိ စ ဧဒိသာနိ အဘိရမာနိ အဟုံသု။ သေ ဒေဝါနံ ပီယော ပီယ ဒသီ ရာဇာ ဒသဝသာ ဘိသိတော နိခမိ သံဗောဓိ။

လွန်လေပြီး ရှည်မြင့်စွာ ကာလပတ်လုံး မင်းအများတို့ ကျောင်း,ဘုရား သွားရောက် အဖူးအမျှော် ထွက်တော်မူခဲ့ကြကုန်ပြီ။ ဤသို့ထွက်တော်မူရာ သားသမင်လိုက်ခြင်း, တောကစားခြင်းအပြင် အခြားပျော်ရွှင်မှုများ ဖြစ်ကုန်ပြီ။ ထိုသို့အားဖြင့် မင်းတရားကြီး

သည်လည်း အဘိသိက်မှ ၁၀-နှစ်မြောက်၌ ဘုရားလျှာတို့ သစ္စာ ၄-ဆင့် ပွင့်တော်မူရာ **မဟာဗောဓိ သိရိအောင်မြေသို့ ထွက်စံကြွမြန်းခဲ့လေပြီ။"**

စသည်ဖြင့် ၁၀-နှစ်မြောက်သောအခါ မဟာဗောဓိမဏ္ဍိုင်သို့ အဖူးအမျှော်ရောက်တော်မူကြောင်း, တိုင်းသူပြည်သားတို့အား တရားဓမ္မ အယူဝါဒ၌ သက်ဝင်ကြောင်း, ရတနာ ၃-ပါးတို့၌ လေးစားကြည်ညိုစေကြောင်း, ရေးသား၍ ဤကျောက်စာအရ မင်းတရားကြီးသည် ရတနာ၃-ပါး၌ မွေ့လျော်တော်မူကြောင်း ကောင်းစွာ ထင်ရှား၏

ငင်းပြင်လည်း မင်းတရားကြီးသည် မြတ်စွာဘုရားတို့၏ မစွန့်ရာ **အဝိဇဟိဘဌာန** ဖြစ်ကြကုန်သော-

၁။ နိဗဒ္ဒ ဝါတော်မြတ်ဖြင့် သီတင်းသုံးတော်မူရာ **ဇေတဝန်** ကျောင်းတော်ကြီးသို့ငင်း

၂။ ဓမ္မစကြာ တရားဦးဟောတော်မူရာ **ဣသိပတန** မိဂါဒါဝုံ ကျောင်းတော်ကြီးသို့ငင်း

၃။ ဘုရားအလောင်းတော်မြတ် ဖွားမြင်တော်မူရာ **လုမ္ဗိနီဥယျာဉ်တော်သို့ငင်း**

၄။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်တော်သို့ငင်း

အဖူးအမျှော် ထွက်တော်မူကြောင်း စသည်ဖြင့် **အသောကာဝဒါနမည်သော** အသောကမင်းတရားကြီး၏ အတ္ထုပ္ပတ္တိ၌ ရေးသားသည့်အပြင် ဤကဲ့သို့ တရားအားလျော်သော ခရီးထွက်ခြင်းများ ပြုလုပ်၍ပူဇော်ထိုက်သော ဌာနများ ပူဇော်တော်မူကြောင်း-

**လုမ္ဗိနီ အထိမ်းအမှတ်ကျောက်စာ၌-**

> "ဒေဝါနံ ပိယေန ပိယ ဒသိနာ ရာဇိနာ ဝီသတိ ဝသာ ဘိသိတေန အတန အဂါ စ မဟီယတေ ဟိဒ ဗုဓေ ဇာတေ သကျမုနိတိ။ သီလာ ဝိဂဍာဘီ စ ကာလာပိတာ သီလာ ထံဘေ စ ဉသပါပိတေ ဟိဒ ဘဂဝံ ဇာတေတိ။ လုံမိနိ ဂါမေ ဉဗလိကေ ကဋေ့ အဋ္ဌဘာဂိယေ စ။

ဒေဝါနံ ပိယဒသီ အသောကမင်းတရားကြီးသည် အဘိသိက်တော်ယူသည်မှ အနှစ် ၂၀-မြောက် ရောက်သောခါ သာကီဝင်မင်းများ၏ အထွဋ်ဖြစ်တော်မူသော သစ္စာသိမြင် ဘုရားရှင်၏ ဖွားမြင်တော်မူရာ ဤအရပ်သို့ အဖူးအမျှော် ရောက်တော်မူ၍ မြတ်နိုးပူဇော်အပ်လေပြီ။

ထိုမှတပါး တခဲနက် ကျောက်သားဖြင့်ပြီးသော ပူဇော်ရာဌာန အထိမ်းအမှတ် တည်ထားပြုလုပ်စေပြီး ဤနေရာကား ဘုရားရှင်ဖွားမြင်တော်မူရာ-ဟု ကျောက်တိုင်ကမ္ပည်းကိုလည်း စိုက်ထူစေတော်မူအပ်ခဲ့ပြီ။

လုမ္ဗိနီရွာကိုလည်း အခွန်တော် ၈-ပုံ, ၁-ပုံသာ ခံယူစေလျက် လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူခဲ့လေပြီ။"

ဟူ၍ ကျောက်တိုင် စိုက်ထူမှတ်သားသဖြင့် အသောကမင်းတရားကြီး၏ ကျောင်း, ဘုရားပုထိုးများသို့ ရှိခိုးပူဇော်ရန် ရံဖန်ရံခါ ခရီးထွက်တော်မူကြောင်း ထင်ရှား၏။

✪ ✪ ✪ ✪ ✪

## ၎င်းမင်းတရားကြီး၏ လုမ္ဗိနီသွား အခြားမှတ်တမ်း

ထိုမှတပါး အသောကမင်းတရား၏ မှတ်တမ်းတစ်ခု၌ မင်းတရားကြီးသည် မြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်သို့ ထွက်စံတော်မူရာ လွန်စွာသာယာစိုပြေလှသော တောတောင်ရေမြေ ရဂုံစိမ့်စမ်းတို့ဖြင့် ရှုမခမ်းဖွယ်ရာ အလွန်တင့်တယ်လှစွာသော ဥတုရာသီတို့၏ ကောင်းမွန်ခြင်းတို့ကို တွေ့ရသောကြောင့် ကြည်နူးနှစ်သိမ့်သော စိတ်နှလုံးတော်ရှိသည့်အတိုင်း အထိမ်းအမှတ် မပျောက်ပျက်နိုင်ရန်နှင့် သားတော်အစဉ် မြေးတော်အဆက် မပျက်မစီး ခိုင်ဖြိုးတည်တံ့အောင် ပြုပြင်အားထုတ် ပူဇော်ကြရန် ရည်သန်တောင့်တတော်မူလျက် ကျောက်တိုင်ကမ္ပည်း စိုက်ထူတော်မူသည့်အပြင် ကွေ့မြှောင်ချောက်ခြားကမ္ဘာရှုရိုး အမျိုးမျိုးသော လမ်းသေးလမ်းငယ်တို့ဖြင့် တင့်တယ်သာယာလှသော မြေပြင်စခန်းတို့ကို တွေ့မြင်ရသောခါ နောင်ရာဇဝင်ခေတ် အဆက်ဆက် မပျက်စေရန် မင်းတရားကြီး ရောက်တော်မူသော အထိမ်းအမှတ်ဖြင့် မြို့တော်သစ်တည်ဆောက်ရန် တိမ်းညွတ်သော စိတ်နှလုံးတော်ရှိသည့်အတိုင်း ယခုအခါ **ကတမဏ္ဍုမြို့**တော်ခေါ်၍ ရှေးကမဋ္ဌုပတန မည်သော မြို့တော်၏ အရှေ့တောင် ၂-ကောသမျှ ဝေးကွာသော တင့်တယ်သာယာသော မြေမျက်နှာအပြင်ကို ရွေးချယ်တော်မူလျက်-

လလိတ ပတနမြို့တော်သစ် တည်ထောင်ဖန်ဆင်းတော်မူပြီး အလယ်ချက်ချာ ဌာန၌ ကြီးကျယ်ခမ်းနားလှစွာသော ဘုရားကျောင်းတော်ကြီး ဆောက်လုပ်ပြီးလျှင် လေးပြင်လေးမျက်နှာ၌လည်း အထိမ်းအမှတ် စေတီတော် တစ်ဆူစီ တည်ထားတော်မူကြောင်း စသည် ကြီးကျယ်ခမ်းနား မှတ်သားဖွယ်ရာ ရေးသားဖော်ပြကုန်၏။

ထို့အပြင် ၎င်းမှတ်တမ်း၌ပင် မင်းတရားကြီး ထွက်စံ စံပယ်တော်မူသောအခါ မှူးမတ်ဗိုလ်ပါ ဆင်, မြင်းအလုံးအရင်း ကြီးကျယ်ခမ်းနားစွာဖြင့် ထွက်တော်မူသည့်အပြင် သမီးတော် စာရုမတီ မင်းသမီးကလေးလည်း သူ၏ကြင်ရာတော် ဒေဝပါလ မင်းသားက

လေးနှင့် အတူတကွ နောက်တော်က ပါတော်မူ၍ ၎င်းတို့လည်း ဤတိုင်းနိုင်ငံ၏ သာယာကြည်နူး အထူးစိုပြေသော ရေ, မြေ, ဥတုရာသီများ၏ ဆောင်ယူရာသို့ လိုက်ပါကြလျက် မင်းတရားအထံ ခွင့်ပန်ပြီးကာ ဤတိုင်းနိုင်ငံမှာပင် မြို့သစ်တည်ထောင်ကာ နေထိုင်ခွင့်ရရှိသည်အားလျော်စွာ ၎င်းတို့လည်း ညီညာသောမြေပြင်ဌာန သတ်မှတ်ရွေးချယ်ပြီးကာ **ဒေဝပတန**မြို့သစ်တစ်ခု တည်ထောင်ဖန်ဆင်းပြီးလျှင် ၎င်းတို့၏ ဆွေမျိုး အလုံးအရင်းနှင့်တကွ နေထိုင်ကြ၍ ၎င်းတို့ အသက်အရွယ်ကြီးရင့်သောအခါ အသီးသီး အဓိဋ္ဌာနရှိသည့်အတိုင်း **စာရုမတီ** မင်းသမီးသည် ဘိက္ခုနီမ ကျောင်းတိုက်ကြီး တည်ထောင်ဆောက်လုပ်လှူဒါန်းကာ ကိုယ်တိုင်လည်း ဘိက္ခုနီသံဃာသို့ ဝင်တော်မူကြောင်း, သို့ပါသော်လည်း **ဒေဝပါလ** မင်းသားကား ၎င်း၏ ကျောင်းတိုက်ကြီး မပြီးဘဲလျှင် မကောင်းသော ကံကြမ္မာဆောင်ယူရာသို့ လိုက်ပါတော်မူရကြောင်း တခမ်းတနားရေးသား ဖော်ပြကုန်၏။

ဤသို့ အထက်၌ ဆိုအပ်ပြီးသော ဒေဝါနံပိယဒသီမင်းတရား ကိုယ်တော်တိုင်စိုက်ထူတော်မူခဲ့သော မြတ်စွာဘုရား မွေးဖွားတော်မူရာဌာန အထိမ်းအမှတ် ကျောက်တိုင်တို့အပြင် ထို့အတူ ဆိုအပ်ခဲ့ပြီးသော မင်းခမ်းမင်းနား ကြီးကျယ်စွာနှင့် ထွက်တော်မူ၍ မြို့သစ်, ပြည်သစ်ပင် တည်ထောင်ဖန်ဆင်းကြောင်းများ သီဟိုဠ်(*မှတ်တမ်း*)များ၌ မပါသော်လည်း ယခုတိုင်ပင် ထင်ရှားလျက်ရှိသော ကျောက်တိုင်, ကျောက်စာအထိမ်းအမှတ်များကို ထောက်ထားလျက် များသောအားဖြင့် မှန်ကန်သော မှတ်တမ်းများဟု ယုံကြည်အပ်ကုန်၏။

၎င်းမှတပါး မင်းတရားကြီးသည် ဤလုမ္ဗိနီကျောက်တိုင်ကိုသာ စိုက်ထူတော်မူသည်မဟုတ်သေး၊ ရှေးကပျက်စီး ယိုယွင်းနေသော ဤဘဒ္ဒကမ္ဘာမြတ်တွင် ၂-ဆူမြောက် ပွင့်တော်မူခဲ့သော **ကောဏာဂုံ** မြတ်စွာဘုရား ကျောက်စာအရ **ကဏကမုနိ** မြတ်စွာဘုရား၏ စေတီတော်မြတ်ကိုလည်း မင်းတရားကြီး ဘုရားဖူးထွက်တော်မူရာ လုမ္ဗိနီသို့ ဖြန့်ချီတော်မူသောအခါ၌ပင် ထပ်မံပြင်ဆင်တော်မူခဲ့ကြောင်း၊ ၎င်းအရပ်သို့ မင်းတရားကြီး ဘိသိက်တော်ယူပြီးနောက် ၁၄-နှစ်မြောက်သောအခါက ၎င်းစေတီတော်မြတ်ကို တိုးချဲ့မွမ်းမံတော်မူခဲ့ကြောင်း စသည်များ ၎င်းစေတီတော်တည်ရာ နိဂလီဟဝါအရပ်၌ စိုက်ထူအပ်သော **ကျောက်တိုင် သီလာထမ္ဘာအနုသာသနီ** ၌-

> "ဒေဝါနံ ပီယေန ပိယ ဒသီနာ ရာဇိနာ စောဒသ ဝသာဘိသိတေန ဗုဓသ ကောနာကံမနသ ထုပေ ဒုတိယံ ဝပိတေ။ ဝီသတိ ဝသာ ဘိသိတေန စ အတနာ အာဂါ စ မဟီယိတေ။ သီလာ ထံဘေ စ ဥသာပါပိတေ။

ဒေဝါနံပိယ ပီယဒသီမင်းတရားကြီးသည် အဘိသိက်တော်မှ ၁၄-နှစ်မြောက်၌ ကောဏာဂုံမြတ်စွာဘုရား၏ စေတီတော်မြတ်ကို နောက်ထပ် ပြင်ဆင်တော်မူခဲ့လေပြီ။

အဘိသိက်ယူတော်မူသည်မှ အနှစ် ၂၀-မြောက်၌လည်း ဤစေတီတော် တည်ရှိရာဌာနသို့ အဖူးအမျှော် ရောက်တော်မူ၍ ပူဇော်တော်မူခဲ့လေပြီ။

ကျောက်တိုင်ကမ္ပည်းကိုလည်း စိုက်ထူတော်မူခဲ့လေပြီ-ဟူ၍ ကောဏဂုံကျောက်စာ၌ ထင်စွာဆိုခဲ့လေပြီ။"

ဤသို့ မြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီဉယျာဉ်တော်နေရာ၌ စိုက်ထူအပ်သော ကျောက်စာတိုင်နှင့် ဤကောဏဂုံ မြတ်စွာဘုရား၏ ကျောက်စာတိုင်တို့ကို ထောက်ထား၍ မင်းတရားကြီးသည် သတ္တတိုင်းဟု ရှေးကခေါ်ဝေါ်၍ ယခုအခါ **နေပါလ**ခေါ်သော မြတ်စွာဘုရား ဖွားမြင်တော်မူရာဌာနနှင့် အလောင်းတော်မြတ် စိုးစံအုပ်ချုပ်တော်မူရာ ကပိလနေပြည်တော်သို့ သွားရောက်ကြည်ရှု့တော်မူကြောင်း, အသောကမင်းတရားကြီး အတ္ထုပ္ပတ်ကို ဖော်ပြရေးသားသော

**အသောကာဝဒါန၌**ကား မင်းတရားကြီးသည် ဤမြတ်စွာဘုရား ဖွားမြင်တော်မူရာ စသော အဝိဇဟိတဌာနတော်မြတ်တို့ကို တန်ခိုးက္ကဒ္ဓိပွါဒ် ကြီးမြတ်တော်မူလှသော **အရှင်ဉပဂုတ္တမထေရ်**မြတ်ကို ပင့်ဆောင်တော်မူကာ ထိုအရှင်မြတ်လည်း ဤကား မြတ်စွာဘုရား အလောင်းတော်မြတ် လောက ၃-ရပ်၌ အမိဝမ်းကြာတိုက်မှ သက်ဆင်းတော်မူကာ ထင်ရှားဖြစ်တော်မူသောနေရာ၊ ဤကား မြတ်စွာဘုရား အလောင်းတော်မြတ် မြောက်အရပ်သို့ ၇-လှမ်း ကြွမြန်းတော်မူပြီး အရပ်၄-မျက်နှာ ကြည့်ရှုတော်မူလျက်-

- ငါသည် လောက ၃-ပါးထက် **အထွဋ်အထိပ်ဖြစ်**၏။
- ငါသည် လောက ၃-ပါးထက် **အကြီးဆုံးဖြစ်**၏။
- ငါသည် လောက ၃-ပါးထက် **အမြတ်ဆုံးဖြစ်**၏။
- ငါသည် ဤဘဝတွင် ဇာတိ **ကုန်ဆုံးခြင်းသို့** ရောက်၏။

-ဟု ခြင်္သေ့မင်းအလား မကြောက်မရွံ့ ရဲဝံ့သော စကားတော်တို့ကို မြွက်ကြားရာ ဌာနတည်း-

စသည်ဖြင့် ဘုရားအလောင်းတော်မြတ် အတ္ထုပ္ပတ်ဖြစ်တော်မူရာ ဌာနများ ညွှန်ကြား မိန့်မြွက်တော်မူသောအခါ မင်းတရားကြီးသည် အတိုင်းထက်အလွန် သဒ္ဓါကြည်ညို ပူဇော်လိုသောဆန္ဒတော်ဖြင့် တစ်သိန်းမျှသော ရွှေသပြာတို့နှင့် ပူဇော်တော်မူကြောင်း" အကျယ်တဝင့် အလွန်ခမ်းနားစွာ ရေးသားကုန်၏။

✪ ✪ ✪ ✪ ✪

## မင်းတရားကြီး ဓမ္မစကြာ ဟောမြွက်တော်မူရာ မိဂဒါဝုံသို့ ရောက်ကြောင်း

ထိုမှတပါး အသောကမင်းတရားကြီးသည် ဗောဓိမဏ္ဍိုင်၌ မြတ်စွာဘုရား သစ္စာ ၄-ပါးသိတော်မူပြီးနောက် သဟံပတိ ဗြဟ္မာမင်း တောင်းပန်လျှောက်ထားခြင်းကို အကြောင်းပြုကာ ၁၈-ယူဇနာ ကွာဝေးသော ဗာရာဏသီ မိဂဒါဝုံတောသို့ ကြွတော်မူပြီး အရှင်ကောဏ္ဍည အမှူးရှိသော ပဉ္စဝဂ္ဂီ ၅-ဦးတို့နှင့်တကွ မရေတွက်နိုင်သော နတ်, ဗြဟ္မာ အပေါင်းတို့အား ဓမ္မစကြာတရားတော်မြတ် ဟောကြားတော်မူရာဌာန၌-

**ဓမ္မစက္ကထူပ- ဓမ္မေကထူပ**

ဓမ္မစကြာစေတီတော် တည်ထားတော်မူသည့်အပြင် နောင်သောအခါ မင်းတရားကြီးသည် ဤနေရာသို့ ရောက်တော်မူကြောင်း အထိမ်းအမှတ်ဖြစ်စေခြင်းငှာ-

**မိဂဒါယ သီလာထမ္ဘ** မိဂဒါဝုံ ကျောက်တိုင်ကိုလည်း စိုက်ထူစေလျက် အသိန်းမကသော ရွှေသပြာတို့ဖြင့် ပူဇော်တော်မူကြောင်း, ၎င်းအသောကာဝဒါန၌ပင် ရေးသားဖော်ပြသည့်အတိုင်း ယခုတိုင်လည်း ၎င်းကျောက်တိုင်ကား ထင်ရှားရှိနေသဖြင့် ဤမိဂဒါဝုံသို့လည်း မင်းတရားကြီးသည် အခမ်းအနား ကြီးကျယ်စွာဖြင့် ကြွရောက် ပူဇော်တော်မူကြောင်း အမှန်အားဖြင့် မှတ်ယူအပ်၏။

✪ ✪ ✪ ✪ ✪

## မင်းတရားကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွရောက်တော်မူကြောင်း

၎င်းပြင်လည်း ၎င်းအသောကာဝဒါန၌ပင် မြတ်စွာဘုရား နိဗ္ဗဝါတော်မြတ်ဖြင့် ဝါတော် ၂၀-ကျော်အောင် သီတင်းသုံးတော်မူရာ သာဝတ္ထိမြို့တော်ကြီး၏အနီး ဇေတဝန်ကျောင်းတော်ကြီးသို့လည်း အဖူးအမျှော် ရောက်တော်မူ၍-

ထိုကျောင်းတော်ကြီးမှာလည်း-

- အရှင်သာရိပုတ္တ စေတီတော်
- အရှင်မောဂ္ဂလာန စေတီတော်

- အရှင်မဟာကဿပ စေတီတော်
- အရှင်ဗာကုလ စေတီတော်
- အရှင်အာနန္ဒာ စေတီတော်

ဤစေတီတော်များသို့လည်း ဖူးမျှော်တော်မူ၍ အထူးအားဖြင့် အရှင်အာနန္ဒာ မထေရ်မြတ်အား ကြည်ညိုသောအားဖြင့် ရွှေသပြာ ၆-သိန်းတို့ဖြင့် ပူဇော်တော်မူကြောင်း ရေးသား ဖော်ပြကုန်၏။ သို့ရာတွင် ၎င်းသာဝတ္ထိ ဇေတဝန်ကျောင်းတော်၌ကား ထင်ရှား သော မင်းတရားကြီး၏ အထိမ်းအမှတ် မတွေ့ရပေ။ သို့သော်လည်း အခြားသော အဝိဇဟိတဌာနသို့ ရောက်တော်မူကြောင်းကား ထင်ရှားသဖြင့် ၎င်းဌာနသို့လည်း မင်းတရားကြီး သွားရောက်တော်မူခဲ့မည်ဖြစ်ကြောင်း ကောင်းစွာ ယုံကြည်မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရ, တာဝတိံသာမှ ဆင်းသက်တော်မူရာ သက်ဿသို့ ရောက်ကြောင်း

ထိုမှတပါး မင်းတရားကြီးသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရမြို့ တော်သို့ရောက်၍ ဓာတ်ပေါင်းစေတီတော် ပြုစုတည်ထောင်တော်မူခြင်း၊ ပရိနိဗ္ဗာန်စံတော်မူ ရာ၌ ပူဇော်တော်မူခြင်း စသည်တို့ကို ပြုတော်မူကြောင်း၊ ထို့ပြင်လည်း မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှ ဆင်းသက်တော်မူရာ သက်ဿမြို့တော်သို့ ရောက်တော်မူ၍ ၎င်း ဌာန၌လည်း များစွာသော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်တော်မူပြီးလျှင် ၎င်း၌ အထိမ်းအမှတ် ဖြစ်စေခြင်းငှာ ကျောက်တိုင်, ကျောက်စာများ စိုက်ထူတော်မူကြောင်း ရေးသားကြ၏။

ထိုမှတပါး အထူးအားဖြင့် မင်းတရားကြီးသည် ဥဇ္ဇေနီမြို့စားအဖြစ်ဖြင့် ခမည်းတော် ဗိန္ဒုသာရမင်းကြီး ခန့်ထားခြင်းခံယူရသော မင်းသားဖြစ်စဉ်က ဝေဒိသမြို့သို့ ရောက်သော အခါ ဝေဒိသကဒေဝီနှင့် အကြောင်းတော်မျှ၍ သားတော် မဟိန္ဒမင်းသား, သမီးတော် သံဃမိတ္တာ မင်းသမီးတို့ ဖြစ်ထွန်းပြီးနောက် မင်းတရားကြီး အထွဋ်အထိပ်သို့ ရောက်တော်မူ သောအခါ ဝေဒိသကဒေဝီမှာ မြို့တော်သို့ရောက်အောင် မလိုက်ဘဲ သူ၏ဇာတိမြို့တွင် နေရစ်ခဲ့ပြီးလျှင် အေးချမ်းစွာ နေထိုင်ခဲ့ရာ အရှင်မဟာမဟိန္ဒမထေရ် သီဟိုဠ်ကျွန်းသို့ ကြွတော်မမူမီ မယ်တော်အား ချီးမြှောက်ရန် ကြွသွားတော်မူ၍ မယ်တော်ကလည်း ဝေဒိသဂီရိကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းသဖြင့် ထိုမယ်တော်ကျောင်းတိုက်

မှာပင် တစ်ဝါ သီတင်းသုံးတော်မူပြီးမှ သီဟိုဠ်သို့ သာသနာပြု ကြွတော်မူကြောင်း မင်းတရားကြီးသည် ဂုဏ်ကျောင်းတိုက်ကြီးကိုရင်း ထိုမှတပါး ကြီးကျယ်ခမ်းနားစွာ စေတီတော်မြတ်ကိုရင်း တည်ထားပြုစုတော်မူကြောင်း ရာဇဝင်မှတ်တမ်းများ၌ ရေးသား ကြသည်နှင့်အညီ ယခုအခါတိုင်အောင်ပင် ထိုနေရာဌာန၌ ခမ်းနားကြီးကျယ်သော စေတီတော်မြတ်နှင့် အလွန်ဆန်းကြယ်စွာ ထွင်းထုထားသော ကျောက်လက်ရမ်း, တံတိုင်း, ကျောက်တံခါးမုခ်စသည်တို့ဖြင့် တန်ဆာဆင်အပ်သော အာရာမ်များ၊ ထိုမှတပါး များပြား လှစွာသော စေတီပုထိုးများ ထင်ရှားရှိနေသေးလျက် ယခုလက်ထက်မှာကား ရှေးဝေါဟာရ ပျောက်ကွယ်ကာ **ဆံချီသို့မဟုတ် သဉ္စိ**-ဟု ခေါ်တွင်ကြောင်း မှတ်သားအပ်၏။

ဤသို့အားဖြင့် မင်းတရားကြီးသည် မိမိစိုးစံ အုပ်ချုပ်မင်းပြုလုပ်တော်မူသော နှစ် ကာလ လက်ထက်များ၌ တရားသဖြင့် သတ္တဝါအများနှင့် တိုင်းသူပြည်သားတို့အား တရား ဓမ္မလိုက်နာကြ၍ ငြိမ်းသက်ချမ်းသာကြစေရန် ရည်သန်တော်မူခြင်းဖြင့် အရပ်ရပ်သော တိုင်းခရိုင် နယ်ပယ်အလုံးတို့၌ တရားကျောက်စာကမ္ပည်း အထိမ်းအမှတ် အမိန့်ကျောက်စာ များ မြောက်မြားစွာ စိုက်ထူတော်မူစေပြီး တရားဓမ္မဝါဒ ပျံ့နှံ့စေရန် တရားဌာနဖွဲ့စည်းပြီး ၎င်းဌာန၌ တရားအမတ်ချုပ် ဝါဒဖြန့်ဖြူးရေး သာသနာပြု စသည် ခန့်ထားလျက် အုပ်ချုပ် စေကာ သတ္တဝါအများအကျိုး သည်ပိုးရွက်ဆောင်စေတော်မူ၏။

ထို့ပြင် တိရစ္ဆာန် သားငှက် စသည်တို့အားလည်း သနားကရုဏာ ရှေးဟားတော်မူ လျက် ဘေးမဲ့ပေးထားသော နေ့ရက်များ သတ်မှတ်ပိုင်းခြား၍ သတ္တဝါများ သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ရန် တိရစ္ဆာန်အများအပြား သတ်မှတ်ထားသည့်အပြင် မင်း၏စားတော်ရုံ၌ပင် သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ကာ နောက်အခါ၌ သတ္တဝါအားလုံး စားတော်အိမ်၌ မသုံးဘဲ လုံးလုံးပင် ရှောင်ရှားကြောင်း ကျောက်စာ၌ ထင်ရှားစွာ ထွင်းထုရေးသားထားသဖြင့် မင်းတရားကြီးသည် အားလုံးသော သတ္တဝါတို့အား သနားကရုဏာ ထားတော်မူ၍ သတ္တဝါ တို့၏အကျိုး သည်ပိုးရွက်ဆောင်တော်မူကြောင်း ကောင်းစွာ မှတ်အပ်၏။

ထိုမှတပါး မင်းတရားကြီးသည် တိုင်းသူပြည်သား အားလုံးတို့အား အစစပြည့်စုံ ကြွယ်ဝ၍ နိုင်ငံတော်အလုံး သာယာဝပြောစေရန် ဆည်, ချောင်း, မြောင်း, ရေတွင်း, ရေကန်တော်များ မြောက်များစွာ တူးဖော် ဆောက်လုပ်စေတော်မူကြောင်း၊ တစ်မြို့နှင့် တစ်မြို့၊ တစ်တိုင်းနှင့် တစ်တိုင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံတို့သို့ ကူးသန်းလွယ်ကူစေရန် ရှည်လျားသော လမ်းပန်းအဆက်အသွယ်များကိုလည်း များစွာဆောက်လုပ်စေသည့်ပြင် ထိုလမ်းစခန်းအများ၌လည်း လူအများအား အကျိုးများစေရန် ရည်သန်တော်မူလျက် များစွာအသုံးဝင်သော ဆေးပင်, ဝါးပင်များ စိုက်ထားပြုစုစေတော်မူကြောင်း၊ ၎င်းပြင်

တည်းခိုနေထိုင်ကြစေရန် ဇရပ်များနှင့် မကျန်းမာသောသူများ နေထိုင်စေရန် သူနာပြုဌာနများကိုလည်း တည်ထားစေကြောင်း မင်းတရား၏ ကျောက်စာများ၌ ထင်ရှားရှိသဖြင့် ထိုကျောက်စာများသည် မင်းတရားကြီး၏ မှတ်တမ်းအဖြစ်အပျက်များ နှစ်အပိုင်းအခြား သေချာထင်ရှားစွာ ဖော်ပြရေးသားကြကုန်၏။

✪ ✪ ✪ ✪ ✪

## မင်းတရားကြီး၏ ကျောက်စာတော်များ အကြောင်း

မင်းတရားကြီးသည် ခမည်းတော် ဗိန္ဒုသာရမင်းကြီး နယ်ပယ်နိုင်ငံတော် အရေးကြောင့် အဝေးသို့ အုပ်ချုပ်စေရန် ပို့ထားသော်လည်း ၎င်းမင်းကြီး လွန်တော်မူသောအခါ ခမည်းတော် အရိုက်အရာ အားလုံးသိမ်းရုံးပြီး နိုင်ငံတော်လက်ဝယ်သို့ ရောက်စေကာမူ အဘိသိက် မင်္ဂလာယူတော် မမူသေးဘဲ ၄-နှစ်တိုင်တိုင် တိုင်းပြည်ငြိမ်သက် အေးချမ်းရေး ကိစ္စအဝဝတို့ကို ဆောင်ရွက်တော်မူလျက် ၄-နှစ်လွန်မှ အဘိသိက်တော် မင်္ဂလာကို ခံယူတော်မူကြောင်း မှတ်တမ်းအများ၌ လာသည်အားလျော်စွာ ၎င်း ၄-နှစ်ကို ထား၍ ကျောက်စာ အသီးသီးတို့၌ ဘိသိက်တော်ယူပြီးမှ ရေတွက်သောနှစ်များကို ဖော်ပြသည့်အတိုင်း အားလုံးသော ကျောက်စာတို့တွင် မူလစိုက်ထူတော်မူသော ကျောက်စာများမှာ စုဒ္ဒသ သီလာပတ္တာ နုသာသနီ ၁၄-ချပ်သော အနုသာသနီ ကျောက်စာများဖြစ်၍ ၎င်းတို့တွင် နှစ်အရေအတွက်အားဖြင့် ကလိင်္ဂတိုင်းကြီး အောင်မြင်တော်မူကြောင်း ရေးထိုးသော, အဘိသိက်ယူတော်မူသည်မှ ၈-နှစ်မြောက် ကျောက်စာဖြစ်သဖြင့် ရှေးအကျဆုံးဟု ပိုင်းခြားအပ်၏။

၎င်းကျောက်စာ မရေးသားမီ ရှေးနှစ်များ အကြောင်းအရာများကိုကား အထူးအားဖြင့် ရေးသားဖော်ပြခြင်း မရှိသောကြောင့် ၎င်းနှစ်များ၌ အထူးဖြစ်ပွားသော အရေးအရာ ကျောက်စာရေးထိုး မှတ်သားလောက်အောင် အတ္တုပ္ပတ်မဖြစ်ပေါ်ဘဲ တိုင်းရေးပြည်ရာ ဆောင်ရွက်ကာမျှသာဖြစ်၍ အထူးဖော်ပြခြင်း မရှိကြောင်း မှတ်သားအပ်၏။ မင်းတရား၏ ကျောက်စာများကို ကျောက်စာဌာန အစီအစဉ်အရ နှစ်ကာလ အပိုင်းအခြားအားဖြင့် မထားဘဲ အကြီး, အငယ် အရွယ်ပမာဏ ကျောက်ပြား, ကျောက်တိုင်အားဖြင့် စီစဉ်ထား၍ ၎င်းတို့မှာ-

၁။ စုဒ္ဒသ သီလာပတ္တာနုသာသနီ ၁၄-ခုသော ကျောက်ပြား အဆုံးအမ တရားတော်၊

၂။ သတ္တ သီလာထမ္ဘာနုသာသနီ ၇-ခုသော ကျောက်တိုင် အဆုံးအမ တရားတော်၊

၃။ ပဥ္စ ခုဒ္ဒ သီလာပတ္တာနုသာသနီ ၅-ခုသော ကျောက်ချပ် အဆုံးအမ တရားတော်၊

၄။ ဆခုဒ္ဒက သိလာထမ္ဘ လေခါ ၆-ခုသော ကျောက်တိုင်ငယ် အဆုံးအမ အရေး အသား၊

၅။ တီဏိ ဂုဟာ လေခါနိ ၃-ခုသော ဂူကျောက်စာများ-

ဤသို့အားဖြင့် ၃၅-ခုသော ကျောက်ချပ်, ကျောက်တိုင်များ ထင်ရှားရှိကုန်၏။

ထိုကျောက်တိုင်, ကျောက်ချပ်များ၏ အဓိပ္ပါယ် အကျဉ်းအချုပ်မှာ-

## ကျောက်ပြား ၁၄-ချပ်

၁။ **ပထမသိလာပတ္တာနုသာသနီ-** မင်းတရားကြီးသည် အားလုံးသော နယ်ပယ်များ၌ သတ္တဝါများ သတ်ဖြတ် ယဇ် နတ်ပူဇော်ခြင်းကို တားမြစ်တော်မူသည့်ပြင် နက္ခတ်ပွဲ, ပျော်ရွှင်ပွဲများ၌ များစွာအပြစ်မြင်၍ တားမြစ်တော်မူသည်။ ၎င်းပြင် မင်းအိမ်, စားတော်ရုံများ၌ သားများသတ်ခြင်းမှ ရှောင်ကြဉ်ရန် ရွေးချယ် သတ်မှတ်တော်မူလေသည်။

၂။ **ဒုတိယသိလာနုသာသနီ-** မင်းတရားကြီးသည် မိမိစိုးပိုင် အုပ်ချုပ်တော်မူသော ဒက္ခိဏာပထ တောင်ဘက်တိုင်း နိုင်ငံတော် အလုံးနှင့်တကွ ယောနကတိုင်း, ကမ္ဗောဇတိုင်း နိုင်ငံများထိအောင် သားငှက် တိရစ္ဆာန် အကျိုးငှာ အမျိုးမျိုးသော ဆေးပင်, ဝါးပင်များနှင့် လူများအကျိုး အမျိုးမျိုးသော ဆေးဝါးပင်များ, အသုံးဝင်သော အပင်များ စိုက်ပျိုးပြုစု တော်မူသည့်အပြင် များစွာသော ဆေးကုဌာနများလည်း တည်ထားဆောက်လုပ်တော်မူကြောင်း၊ လူနှင့် သားငှက်တို့ အကျိုးငှာ များစွာသော ရေတွင်း, ရေကန်များတည်ထား ပြုစုတော်မူကြောင်း ရေးသားဖော်ပြ၏။

အချို့မှတ်တမ်းများ၌ **သုသုတဆေးကျမ်း နှင့် စရကဆေးကျမ်းများသည် မင်းတရား ကြီး** လက်ထက်တော်၌ ထင်ရှားကျော်ကြားသော ဆေးဆရာကြီးများ ညှိနှိုင်းတိုင်ပင်၍ ရေးသားသော ကျမ်းများဖြစ်ကြောင်း ရေးသားသည်မှာ ဤကျောက်စာကို ထောက်ထား သဖြင့် မှန်ကန်သည်ဟု မှတ်သားထိုက်ကုန်၏။

၃။ **တတိယ သိလာပတ္တာနုသာသနီ-** ဒေဝါနံ ပိယဒသီ မင်းတရားကြီးသည် အဘိသိက် ယူတော်မူသည်မှ ၁၂-နှစ်မြောက်၌ အမိန့်တော် ထုတ်ပြန်သည်ကား "တိုင်းတော်ပြည်တော်နှင့်တကွ လက်အောက် နိုင်ငံတော်

အားလုံးတို့၌ ၅-နှစ် တစ်ကြိမ်ကျ တရားဓမ္မ ဆွေးနွေးတိုင်ပင်ရန်, တရားဓမ္မ ဝါဒပျံ့နှံ့စေရန် နယ်လှည့်သာသနာပြုများ ထွက်ကြရမည်အကြောင်း၊ ၎င်းအပြင် အမိ, အဘ, ဆွေမျိုးညာတိ, ရဟန်း, ပုဏ္ဏားတို့အား ပေးကမ်းလှူဒါန်းခြင်း ပစ္စည်းဥစ္စာ ချွေတာသုံးစွဲ၍ အသုံးအဆောင် နည်းပါးခြင်းများသည် ကောင်းမွန်သော အကျင့်တရားဖြစ်၍ ၎င်းတို့ကိုလည်း အစည်းအရုံး အဖွဲ့လွှတ်တော်များ လိုက်နာကျင့်သုံးအောင် ဆောင်ရွက်ကြရမည်"-ဟု အမိန့်တော်မြတ် သတ်မှတ်တော်မူလေသည်။

၄။ **စတုတ္ထ သိလာပတ္တာနုသာသနီ-** ဒေဝါနံ ပိယဒေသီ မင်းတရားကြီးသည် အမိန့်တော်သတ်မှတ်သည်ကား လွန်ခဲ့သော နှစ်ရာပေါင်းများစွာက သတ္တဝါတို့သည် မတရားမှုတို့ဖြင့် ကာလလွန်စေ၍ ၎င်းတို့မှ ရှောင်ကြဉ်ကြစေရန် တရားစည်ကြီး ရိုက်တီးစေတော်မူပြီ။

လောက၌ အမျိုးမျိုးသော ပျော်ရွှင်မှုတို့ဖြင့် ကာလကုန်မည့်အစား တရားဓမ္မဖြင့် အချိန်ကာလကို လွန်ကြစေရန် မင်းတရား နှိုးဆော်တိုက်တွန်းတော်မူခဲ့လေပြီ။

ထိုသို့ တရားမွေ့သဖြင့် ပစ္စုပ္ပန်, တမလွန် ၂-တန်သော အကျိုးတရား တိုးပွားကြောင်းဖြစ်၍ တိုင်းသူပြည်သားတို့အား အကျိုး ၂-ပါး တိုးပွားစေရန် အဘိသိက်တော်ယူသည်မှ ၁၂-နှစ်မြောက်၌ တရားဓမ္မညွှန်ပြသော အမိန့်တော်မြတ် သတ်မှတ်တော်မူလျက် တရားစည်ကြီး ရိုက်တီးတော်မူလေပြီ။

၅။ **ပဉ္စမ သိလာပတ္တာနုသာသနီ-** ဒေဝါနံ ပိယဒေသီ မင်းတရားကြီးသည် ကောင်းမှုမှာ ပြုနိုင်ခဲ၍ မကောင်းမှုကား ပြုလွယ်သောကြောင့် ကုသိုလ်ကောင်းမှုများ သားတော်အစဉ် မြေးတော်အဆက် လိုက်နာကျင့်သုံးကြလျက် ကမ္ဘာဆုံးသည်တိုင်အောင် ကောင်းမှုကုသိုလ်စု၌ သတ္တဝါအားလုံးတို့ လိုက်နာကျင့်သုံးကြစေရန် ရည်သန်တော်မူသည်နှင့်အညီ ရှေးက မရှိဖူးသေးသော အထူးသဖြင့် တရားဓမ္မညွှန်ကြား ဆုံးမသြဝါဒပေးလျက် အုပ်ချုပ်စေခြင်းငှာ ဘိသိက်တော်ယူသည်မှ ၁၃-နှစ်မြောက်၌ တရားဓမ္မဌာန၌ ဓမ္မမဟာမတ္တ တရားညွှန်ပြရေး အမတ်ချုပ်နှင့်တကွ ဝါဒဖြန့်ဖြူးရေးလက်အောက် ဓမ္မကထိကများကိုလည်း ခန့်အပ်တော်မူခဲ့လေပြီ။

ထိုအမတ်ကြီးတို့ကို ယောနကတိုင်း, ကမ္ဗောဇတိုင်း, ဂန္ဓာရတိုင်းများသို့၎င်း, မဟာရဋ္ဌတိုင်း, သုရဋ္ဌတိုင်း, အပရန္တတိုင်းများသို့၎င်း ထိုတိုင်းများအတွင်း၌ နေထိုင်ကြကုန်သော အမျိုး၄-ပါးတို့အား တရားဓမ္မကျင့်ကြံရာ၌ အနှောင့်အယှက် မရှိစေရန် အမှုတော်

ထမ်း၍ရွက် စေတော်မူသည့်အပြင် ဤပါဠိလိပုတ် နေပြည်တော်အလုံးနှင့်တကွ အပဖြစ်သော မြို့ပြ၊ ပြည်ရွာ၊ နိဂုံးတို့၌ နေထိုင်ကြသောသူများ နန်းတော်သူ၊ နန်းတော်သား၊ ဆွေတော်မျိုးတော် များအပြင် အားလုံးသော တိုင်းသူပြည်သားတို့အား တရားဓမ္မ အားထုတ်ကြစေရန် တိုက်တွန်းတော်မူ၍ အားလုံးတရား ကျင့်သုံးစေကြကုန်ပြီ။

၆။ **ဆဋ္ဌသိလာပတ္တာနုသာသနီ** ဒေဝါနံ ပိယဒဿီမင်းတရားကြီး အမိန့်တော်မြတ် မှတ်တော်မူသည်ကား ရှေးအခါ မခန့်အပ်ခဲ့ဖူးသေးသော ပဋိဝေဒက အဆောတလျှင် ပြန်ကြားရေးဝန် ခန့်အပ်တော်မူ၍ ထိုအမတ်သည် "ငါဘုရင်မင်းမြတ် စားတော်ပွဲတည်တော်မူသော အခါ၌ဖြစ်စေ၊ မောင်းမဆောင်၌ နေတော်မူသော အခါ၌ဖြစ်စေ၊ သီးသန့်သော အခန်း၌ဖြစ်စေ၊ တိုင်းခမ်းလှည့်လည်တော်မူသောအခါ၌ဖြစ်စေ၊ ဥယျာဉ်တော်ကစား ထွက်တော်မူသော အခါ၌ဖြစ်စေ၊ မည်သည့်အခါ၌မဆို ငါမင်းမြတ် အရေးကိစ္စနှင့်ဖြစ်စေ၊ တိုင်းသူပြည်သားတို့၏ အရေးကိစ္စနှင့် ဖြစ်စေ တစ်စုံတစ်ရာ အလျှင်လိုသော ကိစ္စများကို လျှောက်ထားတင်နိုင်ခွင့် ရရှိနိုင်စေရန် အမိန့်တော်မြတ် သတ်မှတ်တော်မူလေပြီ။"

ဤသို့သော အမတ်ခန့်အပ်တော်မူသဖြင့် တိုင်းသားပြည်သူ ခပ်သိမ်းသူတို့၏ အဆောတလျှင် တရားဝိနိစ္ဆယ ဆုံးဖြတ်ကြရာ၌ ချွတ်ချော်တိမ်းပါး မှားယွင်းခြင်း မရှိစေဘဲ တည့်မတ်စေလျက် အားလုံးသော သူတို့အား ကုသိုလ်တရား ပွားများစေခြင်းနှင့် ပစ္စုပ္ပန်၊ တမလွန် ၂-တန်သော ဘဝတို့၌ ချမ်းသာသုခနှင့် သုဂတိသို့ ရောက်ကြစေရန်၊ ထို့ပြင် သားတော်အစဉ် မြေးတော်အဆက်တို့လည်း တိုင်းသူပြည်သားတို့၏ အကျိုးတရားကို ငါမင်းတရားကဲ့သို့ ဆောင်ရွက်ကြစေရန် ရည်သန်တော်မူသည့်အတိုင်း ဤတရားကျောက်စာ အဆုံးအမတော်ကို ရေးထုစေတော်မူအပ်ခဲ့ပြီ။

၇။ **သတ္တမ သိလာပတ္တာနုသာသနီ** ဒေဝါနံ ပိယဒဿီ မင်းတရားမြတ် အလိုရှိတော်မူအပ်သည်ကား နိုင်ငံတော်အဝှမ်း အခြားသော ပါသဏ္ဍ အယူဝါဒများလည်း ထင်ရှားရှိကြ၍ တိုင်းနိုင်ငံ၌ နေထိုင်လိုက်နာကြစေရန် လိုလားတော်မူသည်မှာ ထိုသူများလည်း မကောင်းမှု အကုသိုလ်တရား မပြုကြဘဲ စောင့်စည်းကြလျက် ဘဝသုဒ္ဓိ ဘဝ၏စင်ကြယ်ခြင်းကို အလိုရှိကြသည့်အတိုင်း ၎င်းတို့ တရား အယူဝါဒရှိသည် အားလျော်စွာ တရားဓမ္မကျင့်ကြစေလိုကုန်၏။

စင်စစ် ဤလောက၌ လူများသည် အလိုဆန္ဒ အယုတ်, အမြတ်ရှိကြ၍ ထိုအလိုဆန္ဒ နှစ်သက်စွဲလမ်းသည်အားလျော်စွာ ကုသိုလ်ကောင်းမှုနှင့် ဘဝ၏စင်ကြယ်ရေးများ အနိမ့်, အမြင့် အားထုတ်ရာသည် ဖြစ်ခြင်းကြောင့် သို့မဟုတ်လျှင် ဆည်းကပ်ခစားမှု တရားဓမ္မ အားထုတ်မှုမှ ဆုတ်ယုတ်နိမ့်ကျရာသောကြောင့်, ဤအမိန့်တော်ကို သတ်မှတ်တော်မူလေသည်။

၈။ **အဋ္ဌမ သိလာပတ္တာနုသာသနီ** ဒေဝါနံ ပိယဒသီမင်းတရားကြီးသည် လွန်လေပြီးသောကာလတို့၌ မင်းအများတို့ တောကစားခြင်း, သားလိုက်ခြင်းနှင့် အလားတူ အပျော်အပါး ထွက်ကြမည့်အစား ကျောင်း, ဘုရားစေတီများသို့ အဖူးအမျှော် ထွက်စံတော်မူလေ့ရှိသည်အတိုင်း ဘိသိက်ယူတော်မူသည်မှ ၁၀-နှစ်မြောက်၌ ဗောဓိရွှေညောင်တော်ကွန့်မြူးရာ မဟာဗောဓိသို့ အဖူးအမျှော် ထွက်တော်မူခဲ့လေပြီ။

ဤသို့သော ဌာနများသို့ အဖူးအမျှော်ရောက်တော်မူသဖြင့် ရဟန်း, ပုဏ္ဏားတို့အား ဖူးမျှော်ရခြင်း, တရားဓမ္မနာကြားရခြင်း, တိုင်းသူပြည်သားတို့အားလည်း တရားဓမ္မ ဟောပြသွန်သင်ဆုံးမရခြင်း, တရားတော်ဆွေးနွေးရခြင်းတည်းဟူသော အကျိုးတရား ဖြစ်ထွန်းစေတော်မူအပ်လေပြီ။

၉။ **နဝမ သိလာပတ္တာနုသာသနီ** ဒေဝါနံ ပိယဒသီမင်းတရားကြီး အမိန့်တော်မြတ် သတ်မှတ်တော်မူသည်ကား ဤလောက၌ အယုတ်, အမြတ် မင်္ဂလာတရား အများရှိကြရာ အနာရောဂါ တွေ့ထိနှိပ်စက်သောအခါဖြစ်စေ, သားသမီးရတနာဖွားမြင်သောအခါဖြစ်စေ, ခရီးယာယီထွက်သောအခါဖြစ်စေ အလားတူ အမှုကိစ္စများ၌ မင်္ဂလာအမျိုးမျိုး ပြုလုပ်ကြရာ ထိုလောကီမင်္ဂလာတရားများကား လောကကျိုးမျှသာဖြစ်၍ စင်စစ်အကျိုးမများ၊ မြတ်စွာဘုရားဟောကြားတော်မူသော ၃၈-ဖြာမင်္ဂလာသည်သာ ကြီးကျယ်ထွန်းကား အကျိုးများသောကြောင့် ကျေးကျွန်သင်းပင်း အစေအပါးတို့အား ကောင်းမွန်စွာ တရားနှင့်အညီအညွတ်ကျင့်ခြင်း၊ အမိ, အဘ, ဆရာ အသက်သိက္ခာကြီးရင့်သူတို့ကို ရိုသေကျိုးနွံခြင်း၊ သတ္တဝါအပေါင်း သတ်ဖြတ်ညှဉ်းဆဲမရှိခြင်း၊ အလှူဒါနပေးကမ်းစွန့်ကြဲခြင်း-စသော မင်္ဂလာအမှုတို့ကို ပြုလုပ်အားထုတ် ကြိုးပမ်းကြရမည်ဟု အမိန့်တော်မြတ် မှတ်တော်မူလေသည်။

ဤမင်္ဂလာတရားတို့ကို အမိ, အဘတို့၌ရှင်း သား, သမီးတို့၌ရှင်း ညီအစ်ကို မောင်နှမတို့၌ရှင်း အရှင်သခင်, ကျေးကျွန်တို့၌ရှင်း အိမ်နီးချင်းတို့၌ရှင်း မိတ်ဆွေ, ခင်ပွန်း, ချစ်ကျွမ်းဝင်သူတို့၌ရှင်း ပြုကျင့်အပ်ကုန်သည်ဖြစ်၍ ဤမင်္ဂလာတို့ကား ပစ္စက္ခအားဖြင့် အကျိုးတရားမထွန်းကားစေကာမူ ပစ္စုပ္ပန်, တမလွန်အကျိုးကား ကြီးပွားဖြစ်ထွန်းမည် ဖြစ်သောကြောင့် ပစ္စုပ္ပန်, တမလွန် ၂-တန်သောအကျိုးတရားကို တိုးပွားရာတိုးပွားကြောင်း မင်္ဂလာများကို အားထုတ်ကြရမည်။

**၁၀။ ဒသမ သိလာပတ္တာနုသာသနီ** ဒေဝါနံ ပိယဒသီ အသောကမင်းတရားသည် "အခြံအရံကိုရှင်း အကျော်အစောကိုရှင်း ပစ္စက္ခမျက်မှောက် အကျိုးငှာသာ လိုလားတော်မူသည်မဟုတ်၊ စင်စစ်သော်ကား နောက်သား နောင်လာတို့အတွက် အစဉ်သဖြင့် တရားဓမ္မ နှစ်သက်ကြစေရန် ငါဘုရင်မင်းမြတ်၏ အတုအားဖြင့် ကောင်းမှုတရား ပွားများစေရန် ရည်သန်တော်မူလျက် အခြံအရံ အကျော် အစောတို့ကို လိုလားနှစ်သက်တော်မူရကြောင်း။" စင်စစ်သော်ကား မင်းတရားကြီးသည် "ဤဒါနစသော ကောင်းမှုများသည် ပစ္စုပ္ပန်လောက ညစ်ကြေးကင်းဝေး နိုင်မည်နည်း" ဟု စဉ်းစားတော်မူ၍ လောက ၃-ပါးမှ လွတ်ကင်းရာ နိဗ္ဗာန်ချမ်းသာမြတ် တောင့်တအပ် သည်နှင့်အညီ ဒါန, သီလ-စသော သုစရိုက်တရားများကို နိဗ္ဗာန်ရောက်ကြောင်း ကောင်း မြတ်သော အကျင့်အဦးအစ အာဒိဗြဟ္မစရိယဖြစ်ကြောင်း ဆင်ခြင်တော်မူသဖြင့် ယုတ်မြတ် မဟူ ခပ်သိမ်းသူတို့ သုစရိုက်တရား ပွားများအားထုတ်စေရန် လိုလားတော်မူအပ်သည်။

**၁၁။ ဧကာဒသမ သိလာပတ္တာနုသာသနီ** ဒေဝါနံ ပိယဒသီ အသောကမင်းတရားကြီး အမိန့်တော်မြတ် သတ်မှတ်တော်မူသည်ကား အလှူဒါနအများတို့တွင် တရားတည်းဟူသော ဓမ္မဒါနထက် မြတ်သောဒါနမရှိ၊ တရားတော် နှင့်ညီစွာ ပေါင်းသင်းဆက်ဆံခြင်း, ဝေဖန်ခြင်း, ဆက်စပ်ခြင်း ဤတရားတို့နှင့် တူမျှသော အလှူဒါန မရှိပြီ။

ကျွန်အမှုလုပ်များ၌ ကောင်းစွာကျင့်ခြင်း, အမိ, အဘ စကားတို့ကို ကောင်းစွာ လိုက်နာခြင်း, အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူ ဉာတိသင်္ဂဟများ၏ စကားကိုနာယူခြင်း, ရဟန်း, ပုဏ္ဏား, သူတော်သူမြတ်တို့အား လှူဒါန်းပေးကမ်းခြင်း, သတ္တဝါတို့အား သနား ကြင်နာ၍ သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း စသည်တို့သည် ဓမ္မဒါနဖြစ်ကုန်၏။

ဤသို့တရားတော်နှင့်ညီစွာ ကျင့်ကြံခြင်း ဓမ္မဒါနကို အမိ, အဘ, သားသမီး, အဆွေခင်ပွန်း, ချစ်ကျွမ်းဝင်သူ ဆွေမျိုးသားချင်းတို့၌၎င်း, အိမ်နီးဝန်းကျင်တို့၌၎င်း လိုက်နာပြုကျင့်အပ်ပေသည်။

ဤသို့ ဤပစ္စက္ခ မျက်မှောက်ဘဝ၌လည်း ချမ်းသာသုခ နှစ်သက်ဝမ်းမြောက်ရ၍ နောင်တမလွန်ဘဝ၌လည်း များစွာသော ဓမ္မဒါန အကျိုးတိုးတက် ကြီးပွားကုန်ရာသည်။

၁၂။ ဒွါဒသမ သိလာပတ္တာနုသာသနီ ဒေဝါနံ ပိယဒသီ အသောကမင်းတရားကြီးသည် အားလုံးသော အယူဝါဒရှိသူ အိမ်ရာမထောင် ရဟန်းဘောင်၌ နေထိုင်သူဖြစ်စေ, အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေသူဖြစ်စေ ၎င်းတို့ကို ပေးကမ်းပူဇော်ခြင်းဖြင့် အနှစ်သာရကို လိုလားနှစ်သက်တော်မူခြင်း မရှိဘဲ ခပ်သိမ်းသော အယူဝါဒတရားတို့မှာ အထူးထူး အပြားပြားရှိကြ၍ ၎င်းတို့အားလျော်စွာ လေးစားကြသဖြင့် မိမိဘာသာဝါဒကို ချီးမြှင့်၍ သူတပါးတို့၏ အယူဝါဒကို ရှုတ်ချမှုကား လူအများတို့ ကွဲရဲ့စကား ပြောကြားကြမည့်ပြင် မိမိအယူဝါဒလည်း ပေါင်းသင်းဆက်ဆံမှု ချို့ယွင်းခြင်းအားဖြင့် မလေးမစား ရှိရာသောကြောင့် အခြားအယူဝါဒ ရှိသူများကိုလည်း ပူဇော်ပေးကမ်း လှူဒါန်းခြင်း ပြုတော်မူသည်။

ဤသို့ အခြားပါသဏ္ဍ အယူများ၌ အနှစ်သာရ မယုံကြည်ဘဲ လှူဒါန်းပူဇော်ခြင်းဖြင့် အများတို့ ကဲ့ရဲ့ခြင်းဘေးမှ ကင်းဝေးနိုင်သည့်အပြင် မိမိတို့ ဘာသာဝါဒ အယူတရားကို လေးစားကြည်ညိုစေလျက် မိမိတို့ဘာသာဘက်မှာ တိုးပွားရာသောကြောင့်, ၎င်းပြင် အခြားပါသဏ္ဍအယူများ၌လည်း ၎င်းတို့အားလျော်စွာ ကောင်းမှုများ တိုးတက်ကြီးပွားအောင် အားထုတ်မည် ဖြစ်သောကြောင့် အယူဝါဒ ဆွေးနွေးမေးမြန်းခြင်း အချင်းချင်း တစ်ဦးသည် တစ်ဦး၏ တရားကို မှတ်သားနာယူခြင်း ဖြစ်ပွား၍ ညီညွတ်ခြင်းအားဖြင့် အကျိုးတရား တိုးပွားနိုင်ကုန်ရာသည်။

စင်စစ်သော်ကား မင်းတရားကြီးသည် ခပ်သိမ်းသောအယူဝါဒများကို ချီးမြောက်ခြင်းအားဖြင့် နိဗ္ဗာန်တည်းဟူသော အနှစ်သာရ အကျိုးတရား အားထားတော်မူခြင်းမရှိဘဲ ၎င်းတို့အယူဝါဒများ ပွားများကြသဖြင့် ၎င်းတို့အားလျော်စွာ ကောင်းသောအကျင့်တရားတို့၌ အားထုတ်စေ၍ တိုးတက်ကောင်းမွန်စေခြင်းငှာ ၎င်းတို့အတွင်း၌ တရားကြီးကြပ်သော အမတ်ကို၎င်း, မိန်းမအထိန်းအကြပ် အမတ်တို့ကို၎င်း, သံတော်ဆင့် အမတ်များကို၎င်း ခန့်ထားချီးမြောက်တော်မူလေသည်။

**၁၃။ တေရသမ သိလာပတ္တာနုသာသနီ** ဒေဝါနံ ပိယဒသိ အသောကမင်းတရားသည် အဘိသိက်မှ ၈-နှစ်မြောက်၌ ကလိင်္ဂတိုင်းကြီးနှင့် စစ်မက်ဖြစ်ပွား၍ ထိုတိုင်းကြီးအလုံး သိမ်းကြုံးကာ လက်နက်နိုင်ငံတော်အဖြစ်ဖြင့် သိပ်သွင်းအောင်မြင်သော်လည်း လူပေါင်းသိန်းငါးသောင်းမျှ ကိုယ့်တိုင်းပြည် အခြေအနေတို့ကို စွန့်ခွါထွက်သွားရသည့်ပြင် ၁-သိန်းကျော်မျှတို့မှာ စစ်မြေပြင်မှာပင် ဆုံးရှုံးပျက်စီးသည်ကို သိရှိတွေ့မြင်တော်မူရသောကြောင့် ဤသို့ အောင်ပင်အောင်ငြားသော်လည်း တရားနှင့်သော်ကား စင်စစ်အားဖြင့် မိမိပယောဂအကြောင်းရင်းကြောင့် ဤမျှလောက်များပြားသောအသက်များ ဆုံးပါးရလေသည်ဟု နောင်တ တဖန်ပူပန်ရ၍ "အောင်မြင်တော်မူသည်"ဟု မှတ်ထင်တော်မမူ။

ထို့ပြင် မင်းတရားကြီးသည် အားလုံးသောသတ္တဝါအများ သေကြေပျက်ပြားဆုံးပါးရသဖြင့် စိတ်နှလုံးတော်၌ နောင်တပူပန်ရသည်ထက် ထိုကလိင်္ဂတိုင်းကြီးအလုံး၌ ကောင်းမွန်သော တရားဓမ္မ ကျင့်ကြံအားထုတ်ကြကုန်သော သူတော်သူမြတ်များလည်း အများအပြားရှိကြမည်ဖြစ်ရာ ထိုတရားသုံးကြသော သူတော်အားလုံးတို့တွင်လည်း အချို့သေကြေပျက်စီးကြ၍ အချို့ကား မိမိနှစ်သက်ပျော်မွေ့သော အရပ်ဒေသ နေခင်းထိုင်သာတို့မှ ထွက်ခွာကြရသဖြင့် ဆင်းရဲဒုက္ခ ရောက်ကြခဲ့ရမည်ကို တွေးတောဆင်ခြင်တော်မူမိသောအခါ သာလွန်၍ပင် ဝန်ထုပ်ဝန်ပိုးကြီးတမျှ စိတ်နှလုံး၌ ဝန်လေးတော်မူရလေသည်။

ထို့ကြောင့် မင်းတရားကြီးသည် မိမိတိုင်းနိုင်ငံ၌၎င်း ထိုဆိုခဲ့ပြီးသော လက်နက်နိုင်ငံအဖြစ် သိမ်းပိုက်အောင်မြင်တော်မူသော ကလိင်္ဂတိုင်းကြီးအလုံး၌၎င်း နိုင်ငံတော်မှ ယူဇနာ ၈၀၀-ကွာဝေးသော လက်နက်နိုင်ငံတော်အဆုံး အပိုင်းအခြားဖြစ်သော ယောနကတိုင်းနိုင်ငံတို့၌၎င်း ထိုတိုင်းနယ်တို့၏ အနီးအပါး ဖြစ်ကြကုန်သော

- **တုလမယ-တိုလမိ** မည်သော မင်း၏ တိုင်းနိုင်ငံများ၌၎င်း
- **အံတိဂိုနော့** မည်သော **အံတီကိနိ**ဘုရင်၏ တိုင်းနိုင်ငံများ၌၎င်း
- မဂမည်သော ဘုရင်၏တိုင်းနိုင်ငံတို့၌၎င်း
- **အလက္ကဇန္ဒာ** သို့မဟုတ် **အလိကသုဒရ**မင်း၏ တိုင်းနိုင်ငံတို့၌၎င်း
- ထို့အတူ တောင်ဘက်ဒက္ခိဏာပထ တိုင်းနိုင်ငံများဖြစ်ကြသော စောဠတိုင်း ပဲ့ချတိုင်း, တံဗပံဏိတိုင်အောင်သော ဒက္ခိဏာပထ တိုင်းနိုင်ငံများ၌၎င်း
- ၎င်းပြင် ယောနက, ကမ္ဗောဇ, နဘပံတိ, နာတက, ဘောဇ, ပိတိနိက အန္ဓြ, ပုလိန္ဒ-စသော တိုင်းနိုင်ငံတို့၌၎င်း-

၎င်းတိုင်းနိုင်ငံတို့၌ နေထိုင်ကြကုန်သော လက်အောက်ခံ မင်းအများနှင့် စိုးမိုးအုပ်ချုပ်သော မင်းတို့ထံ သံတော်တမန်တော် စေလွှတ်၍၎င်း ထိုမင်းအပေါင်းတို့နှင့် တွေ့ဆုံဆွေးနွေးတော်မူ၍၎င်း တရားဓမ္မ အယူတော်မြတ်ကို လိုက်နာစေလျက် နောင်တတဖန် ပူပန်ခြင်းမရှိစေဘဲ အစဉ်အမြဲ နှစ်သက်ဝမ်းမြောက်စွာ အောင်မြင်ခြင်း အပေါင်းတို့ထက် ထူးကဲလှစွာ တရားတော်တည်းဟူသော အောင်မြင်ခြင်းကို ရရှိစေရန် မင်းတရားကြီး ရည်သန်တော်မူလျက် တရားဓမ္မ ဖြန့်ချီဝေငှတော်မူခဲ့လေပြီ။

၁၄။ စုဒ္ဒသမ သိလာပတ္တာနုသာသနီ ဒေဝါနံ ပိယဒသီ အသောကမင်းတရားကြီးသည် အကျဉ်းချုပ်အားဖြင့်၎င်း အလယ်အလတ်အားဖြင့်၎င်း အကျယ်အားဖြင့်၎င်း ရေးသားထွင်းထု စိုက်ထူတော်မူစေသည်မှာ အရပ်ဒေသ တိုင်းပြည်, မြို့, ရွာများသည် တစ်နယ်နှင့် တစ်နယ်မတူ၊ ကွဲပြားခြားနားသောကြောင့် ၎င်းတို့နယ်ပယ် ဒေသအားလျော်စွာ ရေးသားတော်မူရလေသည်။

ထို့ပြင် တူညီသော အကြောင်းအရာများ စကားအထပ်ထပ် ရေးသားအပ်သည်မှာလည်း ထိုထိုညွှန်ပြသော နည်းလမ်းဓမ္မတို့ကို ကျနစွာ လိုက်နာကျင့်ကြံကြစေခြင်းငှာ ချိုမြိန်သာယာစေသောအားဖြင့် ရေးသားခြင်း ဖြစ်လေသည်။

၎င်းပြင် အမိန့်တော် တရားဓမ္မ အရေးအသားအချို့ ချွတ်ယွင်းတတ်သည်များလည်း ရှိတတ်ရာ ၎င်းတို့မှာ တစ်ခုနှင့်တစ်ခု အယူဝါဒ မှားယွင်းကြသောကြောင့် ဖြစ်ကြောင်း မှတ်ယူရာသည်။

ဤကျောက်စာကား ခပ်သိမ်းသော တရားဓမ္မကျောက်စာ အရေးအသားတို့၌ မှားယွင်းတတ်သောအရာနှင့် အကျဉ်းနှင့်အကျယ် မတူမျှသော အကြောင်းအရာများ ထင်ရှားစေရန် ၎င်းအကြောင်းအားလျော်စွာ အကျဉ်းချုပ် သဘောအားဖြင့် နိဂုံးရေးသားသော ကျောက်စာဖြစ်၍ အထူးအကြောင်းအရာကား ရေးသားခြင်းမရှိပေ။

ဤသို့မင်းတရားကြီး ရေးသားစိုက်ထူစေအပ်သော

၁၄-ချပ်သောတရား အနုသာသနီကျောက်စာကား

ဤတွင် အပြီးအဆုံး နိဂုံးသို့ ရောက်ပြီ။

✪✪✪✪✪

## သိလာထမ္ဘာနုသာသနီ ကျောက်တိုင် အမိန့်တော်များ

ဆိုအပ်ခဲ့ပြီးသော အမိန့်တော်ကျောက်စာတို့အားဖြင့် မင်းတရားကြီးသည် ယခုထင်ရှိနေ၍ မှီသမျှသော ရာဇဝင်ခေတ်တွင် "မည်သည့်အခါ မည်သည့်လက်ထက်မှာမှ အတိုင်းတိုင်းအပြည်ပြည်တို့၌ အလွန်ကျယ်ဝန်းစွာ ကျောက်စာကမ္ပည်းများ စိုက်ထူထားလျက် တရားသဖြင့် တိုင်းသူပြည်သား လူအများတို့၏အကျိုးငှာ အမျိုးမျိုးသော တရားဓမ္မတို့ကို ညွှန်ပြရေးသား တိုင်းပြည်နိုင်ငံငြိမ်ဝပ်ပိပြားအောင် အားထုတ်စွဲမြဲသော လုံ့လပယောဂဖြင့် အုပ်ချုပ်စိုးမိုးသော မင်းကား ရေးသားခဲ့သမျှသော ရာဇဝင်တို့တွင် ထင်ရှားမရှိ"ဟု ဆိုထိုက်အောင် များမြောင်ကြီးကျယ်သောဂုဏ်တို့နှင့် ပြည့်စုံသော မင်းတရားဖြစ်သည်မှာ မည်သူမှ မငြင်းဆိုနိုင်သည့်အပြင် သာသနာတော်ဘက်၌လည်း သာသနာတော်၏ ကြီးပွားကြောင်း အားထုတ်ရာ၌ သာသနာဝင်ခေတ်များတွင် မဖြစ်စဖူး မပေါ်စဖူးသေးဟု ဆိုနိုင်လောက်အောင် အလွန်ထင်ရှားသော မင်းတရားကြီးတစ်ပါးဖြစ်ကြောင်း မည်သူမှ မငြင်းဆိုနိုင်ကုန်။

ထိုမှတပါး မင်းတရားကြီးသည် ကျောက်ပြား, ကျောက်ချပ်တို့ဖြင့် အမိန့်တော် အရပ်ရပ် သတ်မှတ်မိန့်ကြားတော်မူသည့်အပြင် ထင်ရှားသော ကျောက်တိုင်ကြီးများ စိုက်ထူတော်မူလျက် အမိန့်တော်များ မှတ်သားမြွက်ဆိုတော်မူသည့်အတိုင်း ၎င်းကျောက်တိုင်ကြီး ၇-တိုင်တို့၌ ရေးသားကာ အမိန့်တော်များ ထားတော်မူခဲ့သည်မှာ-

**၁။ ပထမ သိလာထမ္ဘာနုသာသနီ-**

**ပထမ ကျောက်တိုင်အမိန့်တော်**

ဒေဝါနံပိယဒသီ မင်းတရားကြီးသည် အဘိသိက် ယူတော်မူသည်မှ ၂၆-နှစ်မြောက်၌ ဤအမိန့်တော် ကျောက်တိုင် စိုက်ထူစေကာ အမိန့်တော်မြတ် သတ်မှတ်တော်မူသည်ကား "ဤပစ္စက္ခကောင်းကျိုး, တမလွန်ကောင်းကျိုးတရားတို့ကို လိုလားနှစ်သက်ခြင်းနှင့် ကင်း၍၎င်း ပညာဉာဏ်အဆင်ခြင်နှင့် ကင်း၍၎င်း ပစ္စုပ္ပန်, တမလွန်ဘေးတို့မှ ကြောက်ရွံ့ခြင်းနှင့် ကင်း၍၎င်း အားထုတ်လုံ့လ ကင်း၍၎င်း ရရှိဖို့ရန် ခဲယဉ်း သည့်အတိုင်း ငါမင်းမြတ်သည် တရားအားလျော်သော အဆုံးအမဩဝါဒများ ရေးသားစေ၍ လိုက်နာသော သူများကား စင်စစ်အားဖြင့် ကြီးပွားတိုးတက်မည်သာတည်း။

ထိုမှတပါး ငါဘုရင်မင်းမြတ်၏ နိုင်ငံတော်ဝန်ထမ်း အဖွဲ့ဝင် မှူးတော်, မတ်တော်များ အကြီး, အလတ်, အငယ်အားဖြင့် အားလုံးသော အတန်းအစားတို့သည်လည်း ငါ၏အတူ လိုက်နာကြလျက် ဆင့်တက်တိုးပွားအောင် ဆောင်ရွက်စီမံခန့်ခွဲကာ တိုင်းသူ

ပြည်သားများအား တရားလမ်းမှန်သို့ ရောက်အောင် ပို့ဆောင်စေရန် အမိန့်တော်မြတ် သတ်မှတ်တော်မူလေသည်။"

**၂။ ဒုတိယ သိလာထမ္ဘာနုသာသနီ-**
**ဒုတိယ ကျောက်တိုင်အမိန့်တော်**

ဒေဝါနံ ပိယဒသီ မင်းတရားကြီးသည် အမိန့်တော်မြတ် သတ်မှတ်တော်မူသည်ကား "တရားတော်မြတ်ကို ကောင်းစွာလိုက်နာခြင်းဟူသည် သတ္တဝါတို့အား သနားခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ မှန်ကန်တိမတ်ခြင်း၊ ကိုယ်, နှုတ်, စိတ်တို့ကို ဖြူစင်စေခြင်း စသည်တို့ဖြစ်၍ ငါဘုရင်မင်းမြတ်သည် အမျိုးမျိုး အစားစား များပြားလှစွာသောသတ္တဝါတို့အား ဘေးမဲ့ပေးအပ်ခဲ့လေပြီ။

ဤသို့သောအကျိုးငှာ ဤတရားကျောက်စာ အဆုံးအမတော် ရေးသားတော်မူခဲ့၍ ဤတရားဓမ္မကျောက်စာကို အတုလိုက်ကာ ကြာရှည်လေးမြင့် တရားတော် ထွန်းလင်းအောင် ဆောင်ရွက်အားထုတ်ကြ၍ ပစ္စုပ္ပန်, သံသရာ ၂-ဖြာသော အကျိုးတရား တိုးပွားကြီးမြင့်စေကုန်သတည်း။"

**၃။ တတိယ သိလာထမ္ဘာနုသာသနီ-**
**တတိယ ကျောက်တိုင်အမိန့်တော်**

ဒေဝါနံ ပိယဒသီ မင်းတရားကြီးသည် အမိန့်တော်မြတ် ဆုံးမတော်မူအပ်သည်ကား "လူအများသည် ကောင်းမှုပြုခဲ့မိမူ ငါကားကောင်းမှုတရား အားထုတ်ခဲ့ပြီ ဟူ၍ ရှုဆင်ခြင်တတ်သော်လည်း မကောင်းမှုပြုခဲ့မိမူ ရှုဆင်ခြင်းနည်းပါးသည်မှာ အကုသိုလ်အသစ် နောက်ထပ် ဖြစ်သည် ထင်၍သာဖြစ်သဖြင့် ဤသို့သော်ကား မရှုအပ်ပေ၊ စင်စစ် ဤသို့ရှုခြင်းသည်ကား မသင့်သောအားဖြင့် ရှုခြင်းမည်၏။

ထိုမှတပါး လူအများတို့ ရှုအပ်သည်ကား ကြမ်းတမ်းခက်ထန်ခြင်း, ဒေါသအမျက်ခြောင်းခြောင်းထွက်ခြင်း, သူတပါးကို မနာလိုငြူစူခြင်းတို့သည်ကား မကောင်းသော ဒုစရိုက်များ၏ ရှေ့သွားအကုသိုလ်များဟု ဆင်ခြင်ကုန်ရာသည်။

ဤမကောင်းမှုတို့ကား ပစ္စုပ္ပန်, တမလွန် ၂-တန်သော မကောင်းကျိုးသာ ပွားများရာလတ္တံ့၊ ဆင်ခြင်အပ်ကြောင်း မင်းတရားမြွက်ကြားတော်မူလေပြီ။"

**၄။ စတုတ္ထ သိလာထမ္ဘာသာသနီ-**
**စတုတ္ထ ကျောက်တိုင်အမိန့်တော်**

ဒေဝါနံ ပီယဒသီ မင်းတရားကြီး အမိန့်တော်မြွတ် မှတ်တော်မူသည်ကား "ငါဘုရင်မင်းမြတ် အဘိသိက်ယူအပ်သည်မှ ၂၆-နှစ်မြောက်၌ ဤတရား ကျောက်စာကို ရေးသားစေအပ်ပြီ။ ငါ၏ကိုယ်စား ဘုရင်ငယ်များခန့်ထား၍ သိန်းပေါင်းများစွာသော တိုင်းပြည်သူများအပေါ်၌ မှုခင်းကိစ္စအလုံးနှင့် ရာဇဝတ်ပြစ်ဒဏ်များ ကွပ်ကဲအုပ်ချုပ်နိုင်စေရန် အမိန့်အာဏာလွှဲအပ်တော်မူပြီ။

၎င်းတို့ကား တိုင်းပြည်သားတို့၏ အကျိုးတရားတိုးပွားစေရန် ရည်သန်တော်မူသည့်အတိုင်း နိုင်ငံတော်၏အကျိုးကို ပစ္စုပ္ပန်, တမလွန် ချမ်းသာစီးပွား များပြားတိုးတက်အောင် ငါဘုရင်မင်းမြတ်ကိုယ်စား မိမိတို့ စိုးပိုင်အုပ်ချုပ်သော ပြည်နယ်များကို အုပ်ချုပ်စေတော်မူလေသည်။

ငါဘုရင်မင်းမြတ်ကိုယ်စား မင်းငယ်အများတို့သည်လည်း ငါ့အားခစားလျက် စိတ်အားထက်သန်စွာ ဖြစ်ခြင်းသည် အားလုံးသော အမှုအရာ ထမ်းရွက်သူအများတို့အားလည်း ငါ၏အလိုဆန္ဒအတိုင်း ဖြစ်စေ၍ ကိုယ်စားဘုရင်ငယ်များကိုလည်း အားရနှစ်သက်စေသည်မည်သောကြောင့် ပမာအားဖြင့် နို့ထိမ်းအား သားငယ်အပ်နှံ ထိမ်းစေရခြင်းသည် "ကလေး၏ ချမ်းသာသဖြင့် ကြီးပွားစေကြောင်း ကောင်းမွန်စွာ အားထုတ်စေမူ ဖြစ်စေဘိ"သကဲ့သို့ နို့ထိမ်းကလည်း "မိမိအားယုံကြည်စွာ အပ်နှံခြင်းသည် သူငယ်အား ကြီးပွား ချမ်းသာစေလိုသည်ဖြစ်၍ အထူးစောင့်ရှောက်ရမည်"ဟု ယုံကြည်သကဲ့သို့ ထို့အတူ ငါဘုရင်အလိုရှိတော်မူအပ်သော တိုင်းကျိုး, ပြည်ကျိုး ငါဘုရင်မင်းမြတ်အကျိုး သည်ပိုးရွက်ဆောင်ကုန်ရာသည်။

ထိုကြောင့် ငါဘုရင်မင်းမြတ်ကိုယ်စား ဘုရင်ငယ်များသည် မှုခင်းကိစ္စ ဆုံးဖြတ်စီရင်ကြရာ မည်သို့အားဖြင့် ညီညွတ်မျှတစွာ ဖြစ်နိုင်ပါအံ့နည်း-ဟု ကြံစည်စိတ်ထားကြစေရန် ငါဘုရင်မင်းမြတ် ဤအမိန့်တော် ထုတ်ပြန်အပ်လေသည်။"

အကြောင်းသော်ကား မှုပြစ်ဒဏ် အားလုံးတို့၌ မှားယွင်းဆုံးဖြတ်ခြင်းအားဖြင့် သေဒဏ်ဖြစ်ရာသော်၎င်း ထိုပြစ်ဒဏ်ကို ပြန်လှန်စူးစမ်းရန်သော်၎င်း ရာဇဝတ်ပြစ်ဒဏ်သင့်သူအတွက်လည်း နောင်ဘဝကောင်းစေရန် တရားဓမ္မဆင်ခြင်သုံးသပ်နိုင်ခြင်းငှာ ၃-ရက်ပေးရန် အမိန့်တော်မှတ်သည်ကား မိတ်ဆွေဉာတိများ၏ ကိုးစားရာရ၍ ၎င်းအပြစ်မှလွတ်ရာသည့်အပြင် နောင်ဘဝ ကောင်းကျိုးတရား အားထုတ်စေရန် ရည်သန်တော်မူလေသည်။

ထိုသို့ ပြုခွင့်ပေးရန် အမိန့်တော်မြတ် သတ်မှတ်တော်မူသည်ကား ဤမျှလောက် ကြမ်းကြုတ်ကြီးလေးသော ပြစ်မှုကြူးလွန်သူဖြစ်စေကာမူ နောင်တမလွန်ဘဝ ကောင်းစားရေး တရားဓမ္မကျင့်ကြံအားထုတ်ရေး အလျှဒါန ပေးကမ်းစွန့်ကြဲရေး တိုင်းသူပြည်သားများ၌ အထူးလိုလားတော်မူသည်။

**၅။ ပဉ္စမ သိလာထမ္ဘာနုသာသနီ-**
**ပဉ္စမ ကျောက်တိုက် အမိန့်ကျောက်စာတော်**

ဒေဝါနံ ပိယဒသီ မင်းတရားကြီး မိန့်ကြားတော်မူသည်မှာ "ငါဘုရင်မင်းမြတ် ဘိသိက်တော်ခံယူသည်မှ ၂၆-နှစ်မြောက်ရောက်ရှိသောခါ ဤဆိုလတ္တံ့သော သက်ရှိသတ္တဝါများကို သတ်ဖြတ်ခြင်းမှ မြစ်တားပိတ်ပင်တော်မူအပ်လေပြီ။

ဂင်းတို့မှာ ကျေး, သာလိကာ, ဆက်ရက်, ငှက်ကြီးဒုံးစပ်, စက္ကဝက်, ဟင်္သာ, နန္ဒီမုခ မည်သောငှက်, ဂေလာတ မည်သောငှက်, လင်းနို့, ပရွက်, ခြဘုရင်မ, လိပ်, အရိုးမရှိသောငါး, ဝေဒဝေယျကမည်သောငါး, ဂံဂပုပုတက မည်သောငါး, ပင်လယ်ငါးလင်ပန်း, မြစ်လိပ်, ရေလိပ်, ဖြူ, သစ်တက်ရှဉ့်မွဲ, ဗာရသီသံဂ, ဦးချိုတက်များသော ဆတ်, နွားလား, မျောက်, ဥချိုးဖြူ, ခိုဖြူ, ခိုပြာ, အသုံးမပြုသော ခြေ ၄-ချောင်းသတ္တဝါများကို မစားအပ်။

သို့ပြင် ကိုယ်ဝန်ရှိသော သို့မဟုတ် နို့စို့သားငယ်ရှိသော ဆိတ်မ, သိုးမ, ဝက်မ ဂင်းတို့သားငယ် ကြီးပွားခြင်းသို့ ရောက်သည်တိုင်အောင် မသတ်ဖြတ်အပ်ကုန်။

ကြက်တိုက်ခြင်း, ကြက်တယ်ခြင်း ထိုမှတပါး သက်ရှိသတ္တဝါများကို အသက်ရှင်လျက် မီးတိုက်သတ်ဖြတ်ခြင်းများ ရှောင်ရှားရမည်။

တော၌နေကုန်သော သတ္တဝါတို့အား မှီခိုရာမဲ့ဖြစ်စေခြင်း သတ်ဖြတ်ညှင်းဆဲခြင်းငှာ တောမီးမတိုက်ရ။ သတ္တဝါတစ်ဦး၏ အသားဖြင့် သတ္တဝါတစ်ဦးအား အစာကျွေး၍ မမွေးမြူအပ်။

ဥတုရာသီတို့၏ အဆုံးဖြစ်သော ၃-ဥတု၊ ပုဏ္ဏမာသီ ၃-ရက်၊ လဆန်း၊ လဆုတ် ၁၄-ရက်၊ ၁၅-ရက်၊ အထွက် ၁-ရက်တို့နှင့် အမြဲဥပုသ်နေ့များ၌ ငါးဖမ်းခြင်း, သတ်ဖြတ်ခြင်း, ရောင်းခြင်း, ဝယ်ခြင်း မပြုရ။

ထိုနေ့ ထိုရက်များ အတွင်း၌ ဆင်တို့နေရာ တောတောင်များနှင့် တံငါသည်တို့ ကျက်စားရာ အင်း, အိုင်, ချောင်း, မြောင်းတို့၌ သားငါးသတ်ဖြတ်ခြင်း, တောလိုက်ခြင်း စသည်တို့ကို မပြုမလုပ်ရ။

လတိုင်းလတိုင်း ၈-ရက်မြောက်, ၁၄-ရက်မြောက်, ၁၅-ရက်မြောက် ၃-ရက်တို့နှင့် ပုနပသု နက္ခတ်ပွဲနေ့တို့၌ရင်း ၃-ဥတုတို့၏ အဆုံး ၄-လပြည့်သောနေ့တို့၌ရင်း နွား, ဆိတ်, သိုး, ဝက်များနှင့် အခြားသတ္တဝါများကို သင်းမကွပ်ရ။

ထိုပုနပသု နက္ခတ်ပွဲနေ့ ၄-လပြည့်သောနေ့တို့၌ နွား, မြင်းတို့ကို သတ်ဖြတ်ရန် တံဆိပ်ထိုးမှတ်ခြင်း မပြုရ။

ငါဘုရင်မင်းမြတ်သည် အဘိသိက်တော်ယူသည်မှ ၂၆-နှစ်မြောက်၌ ဤတရား အဆုံးအမ ကန့်မြစ်စာကို ရေးသားတော်မူအပ်ပြီ။

ထို့အတူလည်း ၂၅-ကြိမ် အကျဉ်းသားတို့ကို အကျဉ်းထောင်မှ လွတ်စေတော်မူ အပ်ပြီ။"

**၆။ ဆဌ သိလာထမ္ဘာနုသာသနီ-**
**ဆဌ ကျောက်တိုင်အမိန့် ကျောက်စာတော်**

ဒေဝါနံ ပိယဒသီမင်းတရားကြီးသည် အဘိသိက်တော်မှ ၁၂-နှစ်မြောက်၌ ဤတရားအဆုံးအမ ကျောက်စာတော် ရေးသားစေအပ်ခဲ့ပြီ၊ "တိုင်းသူပြည်သား အားလုံးတို့၏ စီးပွားချမ်းသာ အလို့ငှာ မကောင်းသောဝါဒကိုစွန့်ပယ်၍ ကောင်းမှုတရား တိုးပွား စေခြင်းသည် လောက၏အစီးအပွားဟု စဉ်းစားဆင်ခြင်တော်မူသဖြင့် ငါ၏ဆွေတော် မျိုးတော်တို့နှင့်တကွ ထံနီးပါး၌ ခစားသူများ ကျင့်ဆောင်ရန် ရည်သန်တော်မူအပ်ပြီ။

ဤသို့အားဖြင့် အခြားအယူရှိသူများလည်း တိုးပွားကောင်းမွန်စေရန် ရည်သန် တော်မူ၍ အယူတပါးတို့ကိုလည်း ချီးမြောက်ပူဇော်အပ်လေပြီ။ ဤသို့အားဖြင့် အယူတပါး ရှိသူများ နှိုးနှော့မိရန် အမိန့်တော်မြတ် သတ်မှတ်တော်မူအပ်ပြီ။

ဤအဆုံးအမ ကျောက်စာတော်ကို အဘိသိက်တော်မှ ၂၆-နှစ်မြောက်တွင် ရေးထိုးစေခဲ့ပြီ။"

**၇။ သတ္တမ သိလာထမ္ဘာနုသာသနီ-**
**သတ္တမ ကျောက်တိုင်အမိန့် ကျောက်စာတော်**

ဒေဝါနံ ပိယဒသီ မင်းတရားကြီး အမိန့်တော်မြတ် မှတ်တော်မူအပ်သည်မှာ "လွန်ခဲ့ ပြီးသော အခါကာလတို့က မင်းအများတို့သည် မည်သည့်နည်း အားဖြင့် တိုင်းပြည်သူ လူအများနှင့် တရားညီညွတ်စွာ တိုးပွားစေရကုန်အံ့နည်း၊ မဆန့်ကျင်စေရအံ့နည်းဟု အလိုဆန္ဒ ရှိကြလေကုန်ပြီ။

ဤအရာ၌ ငါဘုရင်မင်းမြတ် ထင်မှတ်တော်မူသည်မှာ လူများတို့ တရားသဖြင့် ကြီးပွားတိုးတက်ကြောင်း ကောင်းမွန်သောဝါဒ ဖြန့်ဖြူးရပါမည်နည်းဟု ကြံစည်လျက်ကာ လွန်စေအပ်၏ဟု စဉ်းစားမိတော်မူခဲ့ပြီ။

ဤတရားတော် တိုးပွားကြောင်း အမိန့်တော်မှတ်သည်မှာ တရားဓမ္မ ကြားနာရမည့်အပြင် ၎င်းတရားတော် သွန်သင်ညွှန်ပြသည်ကို လိုက်နာမှတ်ယူအပ်သဖြင့် ဤများပြားလှစွာသော တရားဓမ္မ ကျောက်စာတို့ကို အရပ်ရပ်တို့၌ စိုက်ထူစေလျက် ညွှန်ပြသွန်သင်သူ ဓမ္မမဟာမတ္တတို့လည်း ခန့်ထားစေတော်မူအပ်ပြီ။


မင်းတရားကြီး မိန့်ကြားတော်မူသည်ကား သား, ငှက်, တိရိစ္ဆာန်အများနှင့် အများ ဗိုလ်လူတို့ တည်းခိုနားနေရန် အရိပ်အာဝါသ ပညောင်, သရက်, ပိန္နဲ စသောသစ်ပင်များ စိုက်ပျိုးပြုစုရမည်ဟု အမိန့်တော်မြတ် သတ်မှတ်တော်မူလေပြီ။

၎င်းပြင် ကောသဝက်, ကောသဝက် ကွားခြားသောနေရာများတို့၌လည်း ရေတွင်း, ရေကန်တို့ကို လူ,တိရိစ္ဆာန်အားလုံး သောက်သုံးစေခြင်းငှာ တူးဖော်အပ်သည့်အပြင် ရေအိုးစင်, ရေအိုင်, ရေကျင်းတို့ကိုလည်း တည်ထားစေအပ်ပြီ။

ဤသို့ အနည်းငယ်ဖြစ်သော ပြုစုအားထုတ်အပ်သည့် ကုသိုလ်ကောင်းမှုများကို ရှေးမင်းများနည်းတူ ငါဘုရင်မင်းမြတ် ပြုစုအားထုတ်တော်မူအပ်ပြီ။

မင်းတရားကြီး မိန့်ကြားတော်မူသည်ကား တရားတော်ဘက်ဆိုင်ရာ အမတ်များကို မိမိတို့ ဗုဒ္ဓဝါဒ အယူရှိကြသူများ တိုးပွားဖြစ်ထွန်းအောင် အားထုတ်စေတော်မူသည့်အပြင် အခြားအယူများကိုလည်း၎င်း တို့အားလျော်စွာ တိုးပွားစေရန် တရားအမတ်ခန့်အပ်တော်မူအပ်ပြီ။

ထို့အတူ ဗြာဟ္မဏ အာဇီဝက နိဂဏ္ဌတို့၌လည်း အသီးသီးကြီးမြင့်ထွန်းကားစေကြောင်း ၎င်းတို့အားလျော်စွာ အားထုတ်စေတော်မူအပ်လေပြီ။”



အသောကမင်း ဝေသာလီကျောက်တိုင်



ဆန့်ချီစေတီမှ ဓမ္မစကြာစက်ဝန်း

မင်းတရားကြီး မိန့်ကြားတော်မူသည်ကား "ဆိုခဲ့ပြီးသော ကောင်းမှုကုသိုလ်တို့ကို ၎င်း, လှူဒါန်းပေးကမ်းခြင်း သီလသီတင်း ဆောက်တည်ခြင်းတို့ကို ၎င်း, မိမိနှစ်သက်သော ငါ၏ ကောင်းမှုတော်တို့ကို၎င်း, မိဖုရားကြီးငယ်နှင့် နန်းတွင်းသူများအပြင် တိုင်းသူပြည်သား တို့ကို ၎င်း, အလိုရှိရာဌာန ကောင်းမှုကုသိုလ်များကို အားထုတ်စေနိုင်ရန် သတ်မှတ်တော်မူခဲ့ပြီ။"

"မင်းတရားကြီး အမိန့်တော်ရှိသည်ကား ငါ၏ကောင်းမှု ကုသိုလ်တို့ကို တိုင်းသူပြည်သားများ အတုလိုက်ကာ အစဉ်အလာအားဖြင့် တိုင်းတက်စေရန် ရည်သန်တော်မူသည့်အတိုင်း ကောင်းမှုတရားတိုးပွား၍ အမိ, အဖ, ဆရာသမားတို့၏ အဆုံးအမတို့ကို လိုက်နာခြင်း၊ အသက်သိက္ခာ ဂုဏ်ဝါကြီးသူ ရဟန်း, ပုဏ္ဏား ဆင်းရဲသူအများတို့၌ တရားသဖြင့် ကျင့်ဆောင်စေခြင်း၊ ကျွန်အမှုလုပ် သူခစားတို့၌လည်း တရားသဖြင့် ဖြောင့်မတ် ကောင်းမွန်စွာ ကျင့်စေခြင်းစသော ကောင်းမွန်သောတရားများ တိုးပွားစေရန် အမိန့်တော်မြတ် မှတ်တော်မူအပ်လေပြီ။"

မင်းတရားကြီး မိန့်ကြားတော်မူအပ်သည်ကား "ဤလောက၌ လူအများတို့ တရားတိုးပွားကြောင်းကား ပကတိသဘောဖြင့်၎င်း တရားသဘော တွေးတောဆင်ခြင်ခြင်းအားဖြင့်၎င်း ကြီးပွားတိုးတက်ခြင်းကား ဖြစ်နိုင်ကြသည်တွင် ပကတိအားဖြင့်ကား နည်းပါးလှ၍ တရားသဘောတွေးတော ဆင်ခြင်ခြင်းဖြင့်သာလျှင် တိုးတက်နိုင်သောကြောင့် ပကတိအားဖြင့် သတ်မှုဖြတ်မှု ဖြစ်ကြ၍ တရားတော်အတိုင်း ထွန်းကားတိုးတက်စေရန် ငါဘုရင်မင်းမြတ် နှိုးဆော်တိုက်တွန်းအပ်သတည်း။

ထိုမှတပါး ထင်ရှားသော သတ္တဝါများ မညှဉ်းဆဲစေခြင်းငှာ၎င်း မထင်ရှားသော သတ္တဝါများ မနှိပ်စက်စေရန်အကျိုးငှာ၎င်း သိရှိစေရန်တရားမှန်ကို ငါ၏သားတော်အစဉ် မြေးတော်အဆက်တို့လည်း အမြဲပေါ်ထွက်လျက်နေသော လမင်း, နေမင်းပမာ ထင်ရှားစွာ ကျင့်ကြံအားထုတ်စေရန် ငါဘုရင်မင်းမြတ် ရည်သန်တော်မူလေသည်။

ဤသို့ဆိုခဲ့ပြီးသော ကောင်းမှုကုသိုလ်တို့ကို အတုလိုက်နာပြုကျင့်သူတို့မှာ ပစ္စုပ္ပန် သံသရာ အကျိုးတရားတိုးပွားကြမည်ဖြစ်၍ ဤအမိန့်တော်ကျောက်စာကို အဘိသိက်တော် ယူသည်မှ ၂၇-နှစ်မြောက်၌ စိုက်ထူတော်မူစေပြီးလျှင် နောင်အစဉ်သဖြင့် ဤကျောက်စာ တည်ရာဌာန၌ တာရှည်လေးမြင့် တည်ထွန်းစေရန် အစဉ်ပြုပြင်ဖို့ ငါမင်းတရား မိန့်ကြားတော်မူခဲ့လေပြီ။"

၇-ခုမြောက် အမိန့်တော်ကျောက်တိုင် ဩဝါဒ ပြီး၏။

✪ ✪ ✪ ✪ ✪

## ပဉ္စသိလာပတ္တာနုသာသနီ
## ကျောက်ချပ်ငယ်၅-ခု ဩဝါဒတော်

ဤသို့ မင်းတရားကြီးသည် ထင်ရှားသော ကျောက်ချပ်ဩဝါဒ ၁၄-ခု စိုက်ထူတော်မူပြီးလျှင် တရားဓမ္မ တိုးတက်ထွန်းကားစေရန် တိုင်းသူပြည်သားတို့အား လိုလားတော်မူသည့်အတိုင်း ဤထင်ရှားသော ကျောက်တိုင်ကြီးများဖြင့်လည်း အဆုံးအမ ဩဝါဒပေးတော်မူသည့်အပြင် သတ္တဝါအပေါင်းတို့အားလည်း သနားညှာတာတော်မူသည့်အလျောက် သတ္တဝါအများနှင့် နေ့, ရက်အများ ကန့်သတ်ပေးထားတော်မူခဲ့လေပြီ။

ဤကျောက်တိုင် အမိန့်တော်ဩဝါဒများမှာ များသောအားဖြင့် အဘိသိက်တော်ယူသည်မှ ၂၆-နှစ်, ၂၇-နှစ်မြောက်တို့ ဖြစ်ကြ၍ မင်းတရားကြီး စိုးစံတော်မူသော နှစ်များတွင် နောက်ပိုင်းပင်ဖြစ်သောကြောင့် အတိုင်းတိုင်း, အနိုင်နိုင်ငံတို့သို့ သာသနာပြု အမတ်အဖွဲ့များနှင့် ဝါဒဖြန့်ဖြူးရေးဆိုင်ရာ အဖွဲ့များခန့်အပ်ထားပြီးဖြစ်ကြောင်း ဆိုခဲ့ပြီးသော သိလာပတ္တာနုသာသနီများကို ထောက်ထားသောအားဖြင့် ထင်ရှားသိသာပြီ။

ထိုမှတပါး မင်းတရားကြီးသည် တိုင်းသူပြည်သားတို့အကျိုး, နိုင်ငံတော်အကျိုး, ကိုယ်တော်မြတ်၏အကျိုးတို့ကို ရည်ညွှန်းတော်မူသည့်အတိုင်း ကျောက်ချပ်ငယ်များနှင့် ကျောက်တိုင်ငယ်များကိုလည်း ရေးသားစိုက်ထူစေလျက် စိုးပိုင်တော်မူသော နိုင်ငံတော်အတွင်း၌ တရားဩဝါဒ ဝေငှဖြန့်ဖြူးတော်မူကြောင်း ဤဆိုလတ္တံ့သော ကျောက်ချပ်ငယ် ကျောက်တိုင်ငယ်တို့ဖြင့် ထင်ရှားကုန်၏။

**၁။ ပထမ သိလာပတ္တာနုသာသနီ-**
**ပထမ ကျောက်ချပ်ငယ် ဩဝါဒအကျဉ်း**

ဒေဝါနံ ပိယဒသီ မင်းတရားကြီး အမိန့်တော်ရှိသည်ကား "အားလုံးသော အမတ်များနှင့် မြို့ကွပ်, မြို့ကြပ် များတို့သည် တရားနှင့်အညီ တိုင်းသူပြည်သားတို့အား ပစ္စုပ္ပန်အကျိုး, တမလွန်အကျိုးသည်ပိုး၍ဆောင်စေ၍ လိုက်နာကျင့်ကြံစေအပ်သော တရားတော်နှင့် ယှတ်ညံ့သော ငြူစူမှု, ခက်ထန်မှု, မစာနာမှု, ကောင်းစွာမပြုမှု, ပျင်းရိမှု, ပင်ပန်းမှု စသော မကောင်းမှုများမှ ရှောင်ရှားစေရန် ထိုသို့ လူအများတို့ တရားအားထုတ်ကြ၍ အပါယ်ဘေးမှ လွတ်မြောက်နတ်ရွာသုဂတိသို့ ရောက်ဖို့ရန် ဤတရားကျောက်စာကို ရေးသားတော်မူကြောင်း ၎င်းပြင် ဤတရား ကျောက်စာကို ဝါဆိုလပြည့်တိုင်းနှင့် အခွင့်ရသောအခါ ပြောကြား နာယူမှတ်သားရမည့်အပြင် မြို့, ရွာဒေသ ကွပ်ကဲကြသော အမှုထမ်းတို့သည်လည်း ဤတရားကျောက်စာအရ ညီညွတ်စွာ လိုက်နာကြစေရန် အားထုတ်ကြိုးပမ်းရမည်ကိုလည်း အမိန့်ရှိတော်မူလေသည်။

ဤတရားကျောက်စာအရ ၅-နှစ် ၁-ကြိမ်ကျ အအုပ်အချုပ်တို့သည် နယ်လှည့်ကာ သွန်သင်ဟောပြောကြရမည့်အပြင် ဥဇ္ဇေနီပြည်၌ မင်းငယ်နှင့် တက္ကသီလမှ အအုပ်အချုပ်တို့သည် ၃-နှစ် ၁-ကြိမ်ကျ နယ်သို့လှည့်လည်ကာ တရားဓမ္မ ဟောပြောကြရမည်။ အမိန့်-တော်မြတ်သတ်မှတ်တော်မူခဲ့လေပြီ။

**၂။ ဒုတိယ ခုဒ္ဒက သိလာနုသာသနီ**
**ဒုတိယ ကျောက်ချပ်ငယ် အမိန့်ကျောက်စာတော်**

"ဒေဝါနံ ပိယဒသီမင်းတရားကြီးသည် ဆိုလိုသောတရားအဓိပ္ပါယ်တို့ကို တိုင်းသူပြည်သားအားလုံး သိရှိလိုက်နာစေရန် အကွပ်အကဲ အကြီးအကြပ်တို့သည် အားထုတ်ကြိုးပမ်း တိုင်းခန်းလှည့်လည်ကာ ပစ္စုပ္ပန်, တမလွန် ၂-တန်သော ကောင်းကျိုးတို့ဖြင့် ဟောပြောသွန်သင်ရမည်။ သို့မှသာ ငါဘုရင်မင်းမြတ်၏ အားထုတ်ကြိုးပမ်းလျက်ကျောက်ထက်တင်ကာ အဆုံးအမတရားများစွာတို့ကို ရေးသားညွှန်ပြသော ကျေးဇူးဥပကာရ ကြွေးမြီမှ လွတ်ကင်းမည်ဖြစ်၍ သင်တို့အားလည်း နတ်ပြည်ရောက်ကြောင်းတရားတိုးပွားကြမည်ဖြစ်ကြောင်း, ၎င်းအဆုံးအမကိုလည်း ၄-လ ၁-ကြိမ်ကျနှင့် ဝါဆိုလပြည့်နေ့တိုင်းတို့၌ နာကြားစေရမည့်အကြောင်း အမိန့်တော်မြတ် သတ်မှတ်တော်မူလေပြီ။"

**၃။ တတိယ ခုဒ္ဒက သိလာနုသာသနီ-**
**တတိယ ကျောက်ချပ်ငယ် အမိန့်ကျောက်စာတော်**

သုဝဏ္ဏဂီရိမြို့၌ တည်နေတော်မူ-စဉ် မင်းတရားကြီး၏ သားတော်စကား, အမတ်ကြီးများ၏စကားဖြင့် ဣသိလအမတ်များ မပျက်မကွက်လိုက်နာရမည့်အကြောင်း မင်းတရားကြီး အမိန့်တော်ရှိသည်မှာ "ငါဘုရင်မင်းမြတ်သည်ရှေး၂-နှစ်ခွဲအချိန်ကာလက ရတနာ ၃-ပါးအား သာမညအားဖြင့် ဆည်းကပ်ယုံကြည်သော ဥပါသကာဖြစ်သော်လည်း သံဃာတော်အရှင်မြတ်တို့ထံ ကျိုးနွံခစား တရားဓမ္မ နာယူမှတ်သားသောအားဖြင့် ရတနာမြတ် ၃-ပါးကို အထူးကြည်ညိုလေးစားသော ဥပါသကာဂုဏ်ရည် စုံညီသောအဖြစ်သို့ ရောက်သည်ဖြစ်၍ ဤဇမ္ဗူဒီပါကျွန်းကြီးအတွင်း မှီတင်းနေထိုင်ကြသော လူအပေါင်းတို့အား နတ်ပြည်ရောက်ကြောင်း တရားတို့ကို ညွှန်ပြတော်မူခဲ့လေပြီ။

ဤသို့ နတ်ပြည်ရောက်ရာရောက်ကြောင်း တရားကောင်းများနှင့် ဆထက်တန်ပိုးတိုး၍ အားထုတ်သဖြင့် ဆထက်တန်ပိုး အကျိုးတရားတိုးပွားလိမ့်မည်ဟု ယုံကြည်တော်မူ

ကာ ငါဘုရင်ရေးမှတ်တော်မူအပ်သော အမိန့်တော်တရားများကို လိုက်နာကျင့်ကြံကြစေရန် ရည်သန်တော်မူသည့်အတိုင်း လိုက်နာအားထုတ် ကြိုးစားကြစေကုန်ရာ၏။

**၄။ စတုတ္ထ ခုဒ္ဒက သိလာနုသာသနီ-**
**စတုတ္ထ ကျောက်ချပ်ငယ် အမိန့်ကျောက်စာတော်**

သို့အားဖြင့် ဒေဝါနံ ပိယဒသီ မင်းတရားကြီး မိန့်ကြားတော်မူသည်ကား "အမိ, အဘ, ဆရာသမားတို့အား လေးစားလိုက်နာ၍ ဆွေမျိုးဉာတကာ မိတ်ဆွေသင်္ဂဟ ကျေးကျွန်အမှုလုပ် စသည်တို့၌ တရားနှင့်ညီစွာ ကျင့်ကြံရမည့်အပြင် သတ္တဝါတို့အား မညှဉ်းဆဲဘဲ ဖြောင့်စင်းဖြူစင် ကောင်းမြတ်သော စကားတို့ကိုပြောကြား၍ ကောင်းမြတ်သောတရားကို လိုက်နာကျင့်ကြံခြင်းသည်ကား ရှေးအစဉ်အလာ ဓမ္မတာဖြစ်သော လမ်းရိုးလမ်းမှန်ဖြစ်၍ လိုက်နာပြုကျင့်ကြရမည်။"

**၅။ ပဉ္စမ ခုဒ္ဒက သိလာနုသာသနီ-**
**ပဉ္စမကျောက်ချပ်ငယ် အမိန့်ကျောက်စာ**

ဒေဝါနံ ပိယဒသီ မင်းတရားကြီးသည် မဂဓတိုင်းကြီးအတွင်း သီတင်းသုံးတော်မူကြသော သံဃာတော်အရှင်မြတ်တို့ထံ ဆည်းကပ်ခစား၍ ရဟန်းသံဃာတော် အရှင်မြတ်တို့အား ကျန်းမာတော်မူကြောင်း, ချမ်းသာတော်မူကြောင်း, အနှောင့်အယှက်မရှိကြောင်းများ လျှောက်ထားပြီးနောက် မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်တို့ကို ဟောကြားညွှန်ပြတော်မူရန် လျှောက်ထားတောင်းပန်သဖြင့်-

- **အရိယဝံသ** တရားတော်
- **အနာဂတဘယ** ဒေသနာတော်
- **မောနေယျသုတ္တန်** ဒေသနာတော်
- **မုနိသုတ္တန်** ဒေသနာတော်
- **သာရိပုတ္တသုတ္တန်** ဒေသနာတော်
- **ရာဟုလောဝါဒသုတ္တန်** ဒေသနာတော်

ဤသုတ္တန် ဒေသနာတော်များ နာယူတော်မူကာ အားလုံးသော ရတနာ ၃-ပါး ဆည်းကပ်ယုံကြည်သူ ဥပါသကာအပေါင်းတို့အား တရားတော်နာယူမှတ်သားစေရန် ရေးသား ဟောကြားတော်မူကြရန် တကာတော်အလိုရှိပါကြောင်း လျှောက်ထားတော်မူလေပြီ။

ဤသို့အားဖြင့် မင်းတရားကြီး ရေးသားစေတော်မူအပ်သော အမိန့်တော်ကျောက်ချပ်ငယ်များကား များသောအားဖြင့် နှစ်အပိုင်းအခြားများ ရေးသားဖော်ပြခြင်း အထူးမရှိသော်လည်း ရေးသားအပ်သော တရားကျောက်စာ အဓိပ္ပါယ်များကို ထောက်ဆလျက် မင်းတရားကြီး အဘိသိက်တော်ယူသည်မှ ၁၃-နှစ်မှာဖြစ်ကြောင်း ၎င်းပြင် ရေးသားခဲ့ပြီးသော စုဒ္ဒသသိလာပတ္တာနုသာသနီတို့ကား အဘိသိက်တော်ယူသည်မှ ၁၃-နှစ်မှ ၁၄-နှစ်အတွင်းမှာ ဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

ထိုမှတပါး ကျောက်တိုင်ငယ်များနှင့် ကျောက်တိုင်ကြီးများ ရေးသားထွင်းထုစေတော်မူရာ များသောအားဖြင့် ကျောက်တိုင်ကြီးအမိန့်တော် ဩဝါဒများကား နှစ်အပိုင်းအခြား ထင်ရှားစွာဖော်ပြကြ၍ ကျောက်တိုင်ငယ်များကား အထိမ်းအမှတ် ပူဇော်အပ်သော ဌာနများကို အစဉ်အဆက်လူအများ ပူဇော်ကြရန် ဖြစ်လေသည်။

ထိုမင်းတရားကြီး အထိမ်းအမှတ်အားဖြင့် စိုက်ထူစေအပ်သော ကျောက်တိုင်ငယ်များကား အောက်၌ဖော်ပြသည့်အတိုင်း ဖြစ်ကုန်၏။

✪ ✪ ✪ ✪ ✪

## ကျောက်တိုင်ငယ် ၆-တိုင်၊

## ဆခုဒ္ဒက သိလာထမ္ဘလေခါ-

၁။ လုမ္ဗိနီ သိလာထမ္ဘလေခါ-
လုမ္ဗိနီ အထိမ်းအမှတ် ကျောက်တိုင်

ဒေဝါနံပိယဒသီ မင်းတရားကြီးသည် အဘိသိက်တော် ယူသည်မှ အနှစ် ၂၀-မြောက်၌ ဤမြတ်စွာဘုရား အလောင်းတော် ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်သို့ အဖူးအမျှော် ရောက်တော်မူ၍ အထူးတလည် ပူဇော်တော်မူပြီးလျှင် ကျောက်စာကမွည်းစိုက်ထူကာ ဘုရားလောင်းလျာ ဖွားမြင်တော်မူရာ အရပ်ဟူ၍ အထိမ်းအမှတ်ကျောက်တိုင် စိုက်ထူစေတော်မူအပ်လေပြီ။

၎င်းပြင် ဤအရပ်၌ နေကြကုန်သောသူတို့အား အခွန်တော် ၈-ပုံ ၁-ပုံခန့် လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူအပ်လေပြီ။

၂။ **နိဂလီဝ သိလာထမ္ဘလေခါ-**
**နိဂလီဝ ကောနာဂမန စေတီတော် အထိမ်းအမှတ်ကျောက်စာ**

ဒေဝါနံ ပိယဒသီ မင်းတရားကြီးသည် အဘိသိက်တော်ခံယူပြီးသည်မှ ၁၄-နှစ်မြောက်၌ ကောဏာဂုံ မြတ်စွာဘုရား၏ စေတီတော်မြတ်ကို ၂-ကြိမ်မြောက် တိုး၍ပြင်ဆင်တော်မူလေပြီ။ ထိုမှတပါး ဤနေရာ၌ အဘိသိက်တော်မှ ၂၀-မြောက် ရောက်တော်မူသောအခါ အထူးထူးသော ပူဇော်ဖွယ်များနှင့် ပူဇော်တော်မူပြီးလျှင် ဤမြတ်စွာဘုရားစေတီတော် အထိမ်းအမှတ်ကျောက်တိုင်ကိုလည်း စိုက်ထူအပ်လေပြီ။

၃။ **မိဂဒါယ သိလာထမ္ဘလေခါ-**
**မိဂဒါဝုံအထိမ်းအမှတ်ကျောက်တိုင်**

ဒေဝါနံ ပိယဒသီ မင်းတရားကြီးသည် ရဟန်းယောကျ်ား, ရဟန်းမိန်းမ သံဃာတော်တို့၏ အလုပ်အကျွေးအဖြစ်ဖြင့် အနာဂါရိက မဟုတ်သော လူဝတ်ဖြူများကိုလည်း နေထိုင်စေပြီးလျှင် သံဃာတော်အရှင်မြတ်တို့အား လျှောက်ထားပြီးနောက် အမိန့်တော်စာ သဝဏ်များ ပေးအပ်ထားလျက် ၎င်းတို့ကိုလည်း ဥပါသကာများထံအပ်နှံ၍ ၎င်းတို့ကို ဥပုသ်နေ့များ၌ဖတ်ကြားစေရန် အမိန့်တော်ထားရှိ လေသည်။

၄။ **သဥ္စိ သိလာထမ္ဘလေခါ-**
**စတုတ္ထ သဥ္စိကျောက်တိုင် အထိမ်းအမှတ်ကျောက်စာ**

သံဃာတော် အရှင်မြတ်တို့ ညီညွတ်ချမ်းသာစွာ တရားကို ကျင့်ကြံတော်မူနိုင်ကြရန် ဥပါသကာ, ဥပါသကီများလည်း ဝတ်ဖြူစင်ကြယ် ဝတ်စားလျက် ခစားလုပ်ကျွေးရမည်။

ငါဘုရင်မင်းမြတ်သည် သားတော်အစဉ် မြေးတော်အဆက် မပျက်စေဘဲ ရဟန်းယောကျ်ား, ရဟန်းမိန်းမတို့အား မကွဲမပြား ညီညွတ်မျှတစွာ သာသနာတော် အခွန့်ရှည်သမျှ ကာလပတ်လုံး တည်တော်မူကြရန် အလိုရှိတော်မူလေသည်။

၅။ **ကောသမ္ဗီ သိလာထမ္ဘလေခါ-**
**ပဥ္စမ ကောသမ္ဗီ အထိမ်းအမှတ် ကျောက်စာ**

ဒေဝါနံ ပိယဒသီ မင်းတရားကြီးသည် ကောသမ္ဗီအမတ်ချုပ်ကြီးအား စေလွှတ်တော်မူသည်မှာ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, သံဃာတော်တို့အား ခစားလုပ်ကျွေးလျက် သံဃာတော်တို့အား ချမ်းသာစေရန် အားထုတ်ပြုစုရမည်ဟု အမိန့်တော်ရှိလေသည်။

၆။ မဟေသိယာ သိလာထမ္ဘလေခါ
ဆဋ္ဌမ မိဖုရားကြီး ကျောက်စာ

ဒေဝါနံ ပိယဒသီ မင်းတရားကြီး အမိန့်တော်အားဖြင့် အားလုံးသော အမတ်များ အားထုတ်အပ်သည်မှာ ငါမင်းမြတ်၏ ဒုတိယဒေဝီ, ၂-ယောက်မြောက် မိဖုရားကြီး၏ အမ္ဗာဝဋ္ဋကာရာမ ကျောင်းတော်ကြီးကို တိဝလမယ်တော် ကာရုဝါကီ မည်သော ဒုတိယမိဖုရားကြီး-

ဤသို့အားဖြင့် မင်းတရားကြီးသည် အထိမ်းအမှတ်ကျောက်တိုင်များ စိုက်ထူတော်မူကာ အမိန့်တော်မြတ် သတ်မှတ်ရေးသား တော်မူခဲ့လေပြီ။

**အထိမ်းအမှတ် ကျောက်တိုင် ၆-ခု ပြီးပြီ။**

✪ ✪ ✪ ✪ ✪

## လိုဏ်ဂူကျောက်စာ ၃-ခု၊
## ဂုဟာလေခါယော

၁။ ဗေရာဗာရ တောင်လိုဏ်ဂူ ကျောက်စာများ
နိဂြောဓလိုဏ်ဂူကျောက်စာ သို့မဟုတ် သုဓမ္မဂုဟာလေခါ

ဒေဝါနံ ပိယဒသီ မင်းတရားကြီး သည် အဘိသိက်တော်မှ ၁၂-နှစ်မြောက်၌ ဤနိဂြောဓလိုဏ်ဂူကို လှူတော်မူလေသည်။

၂။ ခလတိက ပဗ္ဗတ ဂုဟာလေခါ-
ခလတိကတောင်လိုဏ်ဂူကျောက်စာ

ဒေဝါနံ ပိယဒသီ မင်းတရားကြီး သည် အဘိသိက် သွန်းတော်မူပြီးသည်မှ ၁၂-နှစ်မြောက်၌ ဤခလတိက လိုဏ်ဂူကို လှူဒါန်းတော်မူလေသည်။

၃။ ခလတိက ပဗ္ဗတ သုပိယ ဂုဟာလေခါ-
ခလတိကတောင် သုပိယလိုဏ်ဂူကျောက်စာ

ဒေဝါနံ ပိယဒသီ မင်းတရားကြီးသည် အဘိသိက်သွန်းတော်မူပြီးသည်မှ ၁၉-နှစ်မြောက်၌ ဤသုပိယလိုဏ်ဂူကို လှူဒါန်းတော်မူလေသည်။

ဤသို့အားဖြင့် မင်းတရားကြီးသည် တိုင်းသူပြည်သား လူအများနှင့် အားလုံးသော သတ္တဝါများအကျိုးငှာ ဤမျှလောက်များပြားလှစွာသော ကျောက်ချပ်အမိန့်တော် တရားကျောက်စာ အကြီးအငယ်များတို့ဖြင့် တရားဓမ္မ ဖြန့်ဖြူးတော်မူသည့်အပြင် ထင်ရှားလှသော

ကျောက်တိုင် အမိန့်တော်ကျောက်စာများနှင့် အထိမ်းအမှတ် ကျောက်တိုင်များကိုလည်း စိုက်ထူတော်မူကာ လိုဏ်ဂူတော်များကိုလည်း လှူဒါန်းတော်မူပြီးလျှင် မိမိအကျိုး, ဆွေတော်မျိုးတော်တို့၏အကျိုး, တိုင်းပြည်နိုင်ငံအားလုံး သတ္တဝါတို့၏အကျိုး, အထူးအားဖြင့် သာသနာတော်၏အကျိုး, တိုးပွားစေကြောင်း ကောင်းမြတ်ကြီးကျယ်သော သာသနာတော် *(ကို)* ပြုစုအားထုတ်ကြိုးပမ်းတော်မူခဲ့လေသည်။

ဤသို့ ပြဆိုခဲ့ပြီးသော ကျောက်စာတို့၏ အဓိပ္ပါယ်တို့ကို ထောက်ထားခြင်းအားဖြင့် မင်းတရားကြီး အုပ်ချုပ်တော်မူခြင်းနှင့် အားထုတ်တော်မူသော သာသနာတော် အရေးကိစ္စများထင်ရှားသိသာနိုင်လောက်သည့်အပြင် ဤကျောက်စာများကား တစ်နေရာထဲ မဟုတ်ဘဲ

- နိုင်ငံတော်တောင်ပိုင်း ဒက္ခိဏပထတိုင်းများ၌၎င်း,
- နိုင်ငံတော်အနောက်ပိုင်း အပရန္တတိုင်း များ၌၎င်း,
- နိုင်ငံတော်အနောက်မြောက်ပိုင်း ယောနက ကမ္ဘောဇတိုင်အောင်နိုင်ငံများသို့၎င်း,
- နိုင်ငံတော်အရှေ့ပိုင်း ကလိင်္ဂတိုင်း သမတတ္တ သမုဒ္ဒရာ မြေနုကျွန်းပေါ်တိုင်းနိုင်ငံများသို့၎င်း,
- နိုင်ငံတော်မြောက်ပိုင်း ဟိမဝန္တာနယ်ပယ် တိုင်းနိုင်ငံများသို့၎င်း,

အနှံ့အပြန့် ဝါဒတော် ဖြန့်ဖြူးစေလျက် အထူးထူးသောနေရာများ၌ တည်ထားတော်မူခဲ့လေသည်။

၎င်းကျောက်စာတော်များ၏ အကျဉ်းချုပ်အရေအတွက်မှာ-

| | | |
|---|---|---|
| ၁။ | ခုဒ္ဒက သိလာပတ္တာနုသာသနီ-<br>နေရာဌာန ၆-၇ အားဖြင့်- | ၇၉-ချပ် |
| ၂။ | ခုဒ္ဒက သိသာပတ္တာနုသာသနီ<br>နေရာဌာန ၅-အသီးသီးအားဖြင့်- | ၁၂-ချပ် |
| ၃။ | သတ္တသိလာထမ္ဘာနုသာသနီ-<br>အရပ်ဌာန အသီးသီးအားဖြင့်- | ၃၇-ချပ် |
| ၄။ | ခုဒ္ဒက သိလာထမ္ဘာလေခါ-<br>အထိမ်းအမှတ် တစ်နေရာစီအားဖြင့်- | ၆-ချပ် |
| ၅။ | ဂုဟာ လေခါ တစ်နေရာတည်းဖြင့်- | ၃-ချပ် |
| | အားလုံးပေါင်း | ၁၃၇-ခု- |

၁၃၇-ရှိလေသည်။

ဤသို့ ရာဇဝင်မှီသမျှခေတ်များတွင် ထင်ရှားမဖြစ်ဖူးသေးသော ယခုတိုင် မညှိုးအောင် ကျောက်စာတော် အမြောက်အများထိုးလျက် နိုင်ငံတော်အနှံ့အပြား တရားအထူးဖြန့်ဖြူးတော်မူကာ ရဟန္တာမထေရ်အများကိုလည်း အတိုင်းတိုင်းသို့ သာသနာတော် ပြုစုတည်ထောင်တော်မူရန် တောင်းပန်စေလွှတ်တော်မူပြီး သာသနာတော်ကြီး ချီးမြှောက်တော်မူသောအားဖြင့် ယခုတိုင်အောင် ကမ္ဘာအရပ်ရပ် သာသနာတော်ရောင်လျှပ်လျက်တောက်ပတည်ထွန်းနေလေပြီ။

ထိုမှတပါး မင်းတရားကြီးသည် သီဟိုဠ်ကျွန်းသို့ အရှင်မဟိန္ဒ မထေရ်မြတ် သာသနာတော်ပြုစုစေအပ်ပြီးနောက် ဘိက္ခုနီသာသနာတော်ထွန်းကားစေခြင်း*(၄၇)* သမီးတော် သံဃမိတ္တာထေရီမကို အထူးအုံ့ဖွယ် အသွယ်သွယ်နှင့်တကွ မဟာဗောဓိတောင်ကိုင်းစိုက်ပျိုးတော်မူကာ သာသနာလက်ဆောင်တော် ပဏ္ဏာပြုလျက် စေလွှတ်တော်မူကြောင်း မဟာဝင် စသည်တို့၌ ခမ်းနားစွာ ရေးသားသည့်အတိုင်း ကမ္ဘာအရပ်ရပ်သို့ ဓာတ်မွေ့ သရီတော်များနှင့် ပရိဘောဂစေတီတော်များလည်း တည်ထားပျံ့နှံ့စေတော်မူသဖြင့် ယခုတိုင်တည်လျက် နေလေပြီ။

ဤသို့ မင်းတရားကြီး၌ အားထုတ်ပြုစုတော်မူခဲ့သော ကောင်းကျိုးတရား ကမ္ဘာလောကအလုံး ထင်ရှားစေလျက် အဆက်ဆက် ယခုလက်ထက်တိုင် တောက်ထွန်းသော ဂုဏ်ရောင်တို့ကား ညှိုးနွမ်းမသွားဘဲ စိမ်းလန်းစိုပြေကာ ဇမ္ဗူဒီပါကျွန်းအလုံး လွှမ်းဖုံးတည်လျက်ရှိနေကုန်ပြီ။ ဤသို့ ဘုန်းလက်ရုံး သမ္ဘာတော်ကြီးမားလှသော မင်းတရားကြီးကား ရာဇာဘိသိက်တော်ယူပြီးနောက် ၃၇-နှစ်တိုင် တိုင်းပြည်နိုင်ငံ သာသနာတော်အကျိုးသည်ပိုးတော်မူကာ သာသနာတော် ၂၅၅-နှစ်၌ လူ့ဘဝငြီးတော်မူ၍ နတ်ထီးသို့ မြန်းကြွတော်မူကြောင်း မှတ်တမ်းများ၌ ရေးသားဖော်ပြကုန်၏။

ဤတွင်ကား ဒေဝါနံပိယ ပိယဒသီ ဘွဲ့ထူးချီသော ဇမ္ဗူဒိပ်ကျွန်းအလုံးတွင် လွှင့်တင်စိုက်ထူအပ်သော အလွန်မြင့်မားသော တံခွန်ကြီးသဖွယ် တင့်တယ်ခန့်ညားလှစွာသော အသောကဝဒ္ဒန မဟာဓမ္မရာဇာ မင်းတရားကြီး၏ အကြောင်းကား ပြီးပြီ။

✪ ✪ ✪ ✪ ✪

## မောရိယမင်းဆက်များ, အသောကမင်းကြီး နောက်ခေတ်

မဟာဝင်အစရှိသော သီဟိုဠ်၌ ရေးသားကြသော သာသနာဝင်မှတ်တမ်းအများ ပင်ရှိကြသော်လည်း အသောကမင်းတရားကြီး၏အကြောင်းသာ ခမ်းနားကြီးကျယ်စွာ တန်ဆာဆင်လျက် ရေးသားကြ၍ ထိုမင်းတရားကြီးနောက် မောရိယမင်းဆက်များ၏ အဖြစ်အပျက်များနှင့် မဇ္ဈိမတိုက်အဝှမ်းမှ အပြင်ဘက် အစွန်းအနား နိုင်ငံများ၌ မင်းတရားကြီး ပြုစုထားခဲ့သော သာသနာတော် အတ္ထုပ္ပတ်တို့ကိုကား ရေးသားဖော်ပြခြင်း မရှိကြသဖြင့် များစွာသောသူတို့မှာ မင်းတရားကြီးမရှိသည့်နောက် မောရိယနိုင်ငံတော်သည် ပျက်ပြား၊ သာသနာတော်လည်း မထွန်းကားတော့ဘဲ သီဟိုဠ်ကျွန်းသို့သာလျှင် ရွှေ့ပြောင်းသကဲ့သို့ ထင်မြင်နေကြစေကာမူ ရာဇဝင်နှင့် တိုင်းနိုင်ငံတို့၏ ဗဟုသုတလိုက်စားကြသောသူတို့မှာကား ဤမျှလောက် မင်းတရားကြီးသည် ကြီးမားသောလုံ့လတော်စိုက်ထုတ်ကာ သာသနာတော်၏ တည်မြဲထွန်းကားရေး ပြုစုတော်မူခြင်း၌ ဤမျှလောက် နှစ်များတွင် ပျက်ပြားနိုင်ဖွယ်မရှိကြောင်း ကောင်းစွာယုံကြည်ကြကုန်၏။

ထိုသို့ ဗဟုသုတ လိုက်စားကြသောသူများ၏ ထင်မြင်ယူဆချက်အတိုင်းလည်း မောရိယနိုင်ငံတော်အလုံး ပျက်ပြုန်း၍ မသွားဘဲ မြတ်စွာဘုရား၏ သာသနာတော်မြတ်လည်း မင်းတရားကြီး၏ ထပ်မံပြုစု အခြေခံရရှိသဖြင့် တိုးတက်ပြုစုမှုမရှိသော်လည်း ဆက်လက်တည်မြဲထွန်းကားအောင် နောက်အဆက်ဖြစ်သောမင်းများ ဆက်လက်ဆောင်ရွက်အားထုတ်ကြသည့်အပြင် နိုင်ငံတော် အနှံ့အပြားသို့ မင်းတရားကြီး ဖြန့်ဖြူးထားသော သာသနာတော်တို့သည်လည်း ထို့နည်းအတူ မပျက်မပြားဘဲ စည်ကားလျက် ဆက်လက်တည် ထွန်းနေကြသေးကြောင်း ကောင်းစွာမှတ်သားအပ်ကုန်၏။

သို့သော်လည်း သာသနာတော်ကြီးကား အတွင်းရန်သူနှင့် တူကုန်သော အဓမ္မဝါဒီဂိုဏ်းသား အယူဝါဒ ကွဲပြားနေကြကုန်သော သူတို့၏ စောင်းမြောင်းနေမှုနှင့် အပရန်သူပမာ သာသနာပ နိဂဏ္ဌ, ပရိဗ္ဗာဇက အယူများ, ဝေဒအယူဝါဒ ရှိကြကုန်သော ဗြာဟ္မဏ အယူ-ဝါဒများလည်း စောင့်စားကြည့်ရှုနေကြ၍ ထေရဝါဒသာသနာ အားနည်းလာသောအခါ အစား ဝင်လာလျက် ၎င်းထေရဝါဒတို့၏ အစဉ်အဆက်များနှင့် မှတ်တမ်းများကိုလည်း ဖျက်ဆီးခဲ့လိမ့်မည့်အပြင် နိဂဏ္ဌနှင့် ဗြာဟ္မဏဘာသာဝင်တို့လည်း ဗုဒ္ဓဘာသာကြီး အားနည်းလာသောအခါ ၎င်းတို့ ဝေဒန္တအယူဝါဒများဟောကြားကာ ၎င်းတို့ဝါဒများ ဗုဒ္ဓတရားတော်နှင့် ရောနှောလျက် ပျက်ပြားပြီး တဖြည်းဖြည်း ထေရဝါဒသာသနာ ကွယ်ပျောက်လျက် အဆက်အနွယ်မှတ်တမ်းများ ပျက်ပြားကြသဖြင့် မဇ္ဈိမထေရဝါဒ သာသနာဝင်များ မထင်ရှားကြောင်း မှတ်သားအပ်ကုန်၏။

ထိုမှတပါး မင်းတရားကြီးလက်ထက် ပါဋလိပုတ်နေပြည်တော်ကြီး၌ သာသနာတော်ထွန်းကား၍ သံဃာ့အာရာမ်များ များစွာရှိခဲ့ပေလိမ့်မည့်အပြင် အခြားအာရာမ်တို့ကိုထား၍

- မြတ်စွာဘုရားလက်ထက်တော်က ကုက္ကုဋာရာမတွင်၍

- မင်းတရားကြီးလက်ထက်၌ အသစ်ထပ်မံပြုပြင်ကာ **အသောကာရာမ**-ဟုတွင်သော ကျောင်းတိုက်တော်ကြီး၌ **သံဃာတော် ၃၀,၀၀၀-ကျော်** သီတင်းသုံးတော်မူကြကြောင်း၊ ၎င်းပြင် နိုင်ငံတော်အလုံးမှ သံဂါယနာတင်ရွေးကောက်မည့် အစည်းအဝေးကြီး၌ **သံဃာတော် ၆-သန်းကျော်**ရှိကြောင်း၊ မဟာဝင်စသည်နှင့် သံဂါယနာတင် နိဒါန်းအဖွင့်တို့၌ ရေးသားသည်ကိုထောက်ထားလျှင် မင်းတရားကြီး ချီးမြှောက်၍ ဤမျှလောက် ကြီးပွားတိုးတက်ထွန်းကားသော သာသနာတော်ကြီးမှာ ဘယ်နည်းနှင့်မျှ အဆက်အနွယ်တော်သုဉ်းပြီးပျက်စီးသွားခဲ့မည်ကား မယုံမှားအပ်သောကြောင့် အစဉ်အလာ မှတ်တမ်းများမှာ အထက်ပါအကြောင်းများကြောင့် ပျက်ပြား၍သာ, သို့မဟုတ် အဆက်အနွယ် မရှိခြင်းကြောင့်သာ မဟာဝင်, ဒီပဝင် စသည်တို့၌ မဇ္ဈိမထေရဝါဒ သာသနာဝင် ထင်စွာရေးသားဖော်ပြခြင်း မရှိကုန်။

မင်းတရားကြီး လက်ထက်မှစ၍ သာသနာ အစဉ်အဆက် ဆင်းသက်ထွန်းကားလာသောကြောင့်သာ **အရှင်မဟာဗုဒ္ဓဃောသ** လက်ထက် သာသနာတော် အနှစ် ၉၀၀-ကျော်သို့ ရောက်သည်တိုင်အောင် ထေရဝါဒသာသနာတော် မဇ္ဈိမတိုင်းနယ်များ ထင်ရှားရှိနေကြောင်း ရေးသားကြသော အရှင်မဟာဗုဒ္ဓဃောသမထေရ် အဋ္ဌကထာတို့ကို ယုံကြည်သောအားဖြင့် နှစ်ပရိစ္ဆေဒ ပိုင်းခြားလျှင် မဂဓတိုင်းနှင့်တကွ မဇ္ဈိမအလယ်ပိုင်း တိုင်းနိုင်ငံတို့တွင် သာသနာတော်ကို ပြုစုချီးမြှောက်သောမင်းများ မထင်ရှားသော်လည်း-

**"လဇ္ဇီ ဘိက္ခု အနာဂတေ သာသနံ ရက္ခိဿန္တိ**

လဇ္ဇီရဟန်းများ နောက်အခါ သာသနာ စောင့်*(ရစ်ကြကုန်)*လတ္တံ့."-ဟူသည်နှင့်အညီ လဇ္ဇီသူတော်ကောင်း ရဟန်းများသည် မင်းစသော နိုင်ငံကိုပဓာနအုပ်ချုပ်သူတို့မှအကူအညီ မရငြားသော်လည်း သာသနာတော်ကြီးကို ခိုင်မြဲတည်တံ့အောင် မထေရ်အဆက်ဆက် ဆောင်ရွက်အားထုတ် ပြုစုခဲ့ကြကြောင်း ကောင်းစွာယုံကြည်အပ်ကုန်၏။

ထိုမှတပါး မင်းတရားကြီး ပြုစုအားထုတ်တော်မူခဲ့သော တိုင်းတပါး၌ သာသနာတော် တည်တံ့သော နှစ်ကာလအပိုင်းအခြားများမှာ နောက်လွန်ခဲ့သော သာသနာပြု

**ကဏ္ဍ**က ရေးသားဖော်ပြခဲ့သည့်အတိုင်း အနှစ် ၁၀၀၀-ကျော်အောင် တည်ထွန်းသည်ကို ထောက်ဆသဖြင့်လည်း ဤမဂဓတိုင်း အလယ်ပိုင်းနိုင်ငံများ၌ သာသနာတော် မပျက်ပြား ဘဲ လဇ္ဇီသူတော်ကောင်းများ စောင့်ရှောက်သောကြောင့် အစဉ်အဆက် တည်ထွန်းလာခဲ့ ကြောင်းကိုလည်း ကောင်းစွာမှတ်သားအပ်ကုန်၏။

ငင်းပြင် အချို့သာသနာဝင်မှတ်တမ်းများ၌ မင်းတရားကြီးလက်ထက် သာသနာ တော် ချီးမြှောက်၍ သာသနာပ တိတ္ထိတို့၏အယူဝါဒများ ရောက်လာသဖြင့် ငင်းချဉ်းနင်း ဝင်ရောက်သော တိတ္ထိရဟန်းများကို သံဂါယနာတင်မထေရ်များ သုတ်သင်ကြ၍ ဂိုဏ်းဝါဒ မတူသော အထက်မဟာသံဂိတိဂိုဏ်းမှ ဆင်းသက်လာသော ရဟန်းတို့ကား ထေရဝါဒ ဂိုဏ်းသို့ မဝင်ကြဘဲ အခြားတိုင်းနယ်များသို့ ထွက်သွား၍ ဂိုဏ်းသီးခြား တည်ထောင်ကြ ကြောင်း၊ ငင်းမဟာသံဂိတိဂိုဏ်း သံဃာများသည် **နာလန္ဒ** မြို့၌ပင် စင်ပြိုင် အစည်းအဝေး ပြုလုပ်ကြကြောင်း ရေးသားသော်လည်း ငင်းနာလန္ဒမြို့မှာ ရာဇဂြိုဟ်နှင့် မနီးမဝေးဖြစ်သည့် အပြင် ပါဋ္ဌလိပုတ်နေပြည်တော်နှင့်လည်း မကွာလှသောကြောင့် ငင်းတို့စင်ပြိုင် သံဂါယနာ တင်ရန် ခဲယဉ်းခဲ့ပေလိမ့်မည်ဟု ခန့်မှန်းရေးသားနိုင်ကုန်၏။

သို့ရာတွင် နာလန္ဒာကျောင်းတော်ကြီးကား သာသနာတော် နောက်ခေတ်များ၌ အလွန်ကျော်ကြားသော ကျောင်းတော်ကြီးဖြစ်၍ ဘုရားရှင်လက်ထက်တော်က ပါဝါရိ- **ကမ္ဗဝန** ခေါ်တွင်သော ပါဝါရိကသူဌေး ဆောက်လုပ်လှူဒါန်းခဲ့သည့် **ပါဝါရိကာရုံကျောင်း တော်ကြီး(နှင့်)** အသောကမင်းတရားကြီးလက်ထက် ကုက္ကုဋာရုံကျောင်းတိုက်ကြီးကို ပြုပြင်ကာ အသစ်ထပ်မံ ပြင်ဆင်တည်ဆောက်ပြီး **အသောကာရုံကျောင်းတိုက်တော်ကြီး**ဟု တွင်လာသကဲ့သို့ ငင်းမြို့၏ အမည်အားဖြင့် **နာလန္ဒကျောင်းတော်ကြီး**ဟု တွင်လာကြောင်း အိန္ဒိယရာဇဝင်နှင့် အသောက အတ္ထုပ္ပတ္တိ ရေးသောဝင်ဆင်ဆမစ် ရေးသားဖော်ပြသည်ကို ထောက်ဆလျက် မှတ်သားအပ်ကုန်၏။

## မဟာသံဂိတိဂိုဏ်းများ တည်ရှိကြကြောင်း

မင်းတရားကြီးလက်ထက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်သည် ခပ်သိမ်းသော အယူဝါဒ၌ ဗြာဟ္မဏမျိုး ဖြစ်သည်အားလျော်စွာ သာသနာတော်သို့ ဝင်တော် မမူမီကပင်လျှင် ကုန်စင်အောင် တတ်မြောက်ပြီးအပြင် သာသနာတော်တွင်လည်း ပဋိသမ္ဘိဒါ ပတ္တ ဖြစ်တော်မူသည့်အတိုင်း အားလုံးသော ဘာသာဝါဒ အမျိုးမျိုးခွဲခြမ်း စိတ်ဖြာလျက် သကဝါဒီမှ သုတ်-၅၀၀, ပရဝါဒီမှ သုတ်-၅၀၀၊ *(ပေါင်း)*သုတ် ၁၀၀၀-တို့ဖြင့် တန်ဆာဆင် အပ်သော **ကထာဝတ္ထုကျမ်းကြီး**ကို ဟောကြားတော်မူရာ ထိုသာသနာဂိုဏ်းကွဲသူတို့ ယူအပ်

သည့် ပုဂ္ဂလဝါဒ, သဗ္ဗတ္ထိဝါဒတို့လည်း ပါဝင်ဖြေရှင်းရ၍ ထိုဝါဒရှိသော ပုဂ္ဂိုလ်များသည် ပါဠိလိပုတ်နေပြည်တော် အနီးအနား မင်းတရားကြီး သံဃါယနာပွဲကို ယှဉ်နွဲတူပြိုင်ရန် ခဲယဉ်းသော်လည်း မင်းတရားကြီးလက်ထက် ထိုအယူဝါဒရှိကြသော ပုဂ္ဂိုလ်တို့ကားပျောက်ကွယ် မသွားကြောင်း, ၎င်းပြင်နေပြည်တော်၌ မထွန်းကားသော်လည်း ဝေးကွာသော တိုင်းနယ်များကား ပြန့်ပွားလျက်ရှိကြောင်း ကောင်းစွာမှတ်သားအပ်ကုန်၏။

## ထေရဝါဒဂိုဏ်း သာသနာတည်ရှိခြင်းအကြောင်း

သာသနာတော်ဝင် အစဉ်အလာမှတ်တမ်းများ မတွေ့ပြားသော်လည်း ထေရဝါဒဂိုဏ်း သာသနာအဆက်အနွယ်များ မဇ္ဈိမအလယ်ပိုင်း တိုင်းနိုင်ငံများ၌ မပျက်ပြားဘဲ ထင်ရှားရှိခဲ့မည်မှာ အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်တို့ လက်ထက်တိုင်အောင် သာသနာတော်စဉ်ဆက်တည်ရှိနေသောကြောင့် မယုံမှားဘဲ ပိုင်းခြားအပ်သည့်အပြင် ဤအရှင်ကား သာသနာတော်၌ အထူးထင်ရှားကျော်ကြား၍ ပိဋကတ်တော်၌ တဖက်ကမ်းရောက် တတ်မြောက်တော်မူကြောင်း, ၎င်းပြင်လည်း ထိုအရှင်၏ ဥပဇ္ဈာယ်ဆရာမြတ်ကား ခီဏာသဝ ဣဒ္ဓိပတ္တမထေရ်မြတ်ဖြစ်ကြောင်းလာသဖြင့် **ပဋိပတ္တိ, ပဋိဝေဓ** သာသနာတော် ၂-ရပ်လည်း ရောင်ဝါမနွမ်း တည်ထွန်းလျက် ရှိကြောင်းထင်ရှားကုန်၏။

ဤအရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်၏ လက်ထက်တော်က မဇ္ဈိမတိုင်းနယ်များ၌သာ သာသနာတော်ထွန်းကားသည် မဟုတ်သေး၊ ဒက္ခိဏာပထတောင်ပိုင်း တိုင်းနိုင်ငံများ ဖြစ်ကြသော စောဠတိုင်း, ဒမိလတိုင်း စသည်တို့မှာ ထေရဝါဒဂိုဏ်း သာသနာတော် ထွန်းတောက်ပသော အခါသမယဖြစ်၍ **အရှင်မဟာဗုဒ္ဓဃောသ**သည်ပင် ထိုတိုင်းနိုင်ငံများ၌ သီတင်းသုံးတော်မူဖူးကြောင်း*(ကို)* **အင်္ဂုတ္တိုရ် အဋ္ဌကထာ**နိဂုံး၌ဖော်ပြသဖြင့် ထင်ရှား၍ ၎င်းပြင် ထိုခေတ်က သီဟိုဠ်ကျွန်းမှာကား အထူးသဖြင့် စည်ပင်ပြန့်ပွားထွန်းကားခိုက်ဖြစ်ကြောင်း၊ ထို့ကြောင့် မထေရ်မြတ်သည် အိန္ဒိယတောင်ပိုင်းမှကူး၍ ၎င်းကျွန်း၌ တည်ရှိသော သီဟိုဠ်အဋ္ဌကထာများကို ပါဠိပြန်ဆိုရေးသားရကြောင်း ၎င်းမထေရ် အတ္ထုပ္ပတ္တိ၌ ထင်ရှားစွာ ဖော်ပြ၏။

ထိုမှတပါး အချို့မှတ်တမ်းများ၌ အခိုင်အမာရေးသားကြသည်မှာ အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်သည် ပိဋကတ်တော်များ ကူးယူရေးသားပြန်ဆိုကာ ထေရဝါဒ သာသနာစည်ပင်ထွန်းကားသော မြန်မာနိုင်ငံသို့ ကြွတော်မူလာကြောင်း၊ ထိုစဉ်အခါက ယနေ့မြန်မာတိုင်းနိုင်ငံအောက်ပိုင်းသည် ရာမညရဋ္ဌ ရာမညတိုင်းဟုတွင်၍ ၎င်းတိုင်း၏ မြို့တော် သုဓမ္မပူရ သထုံမြို့၌ သီတင်းသုံးတော်မူ၍ သာသနာပြုစုတော်မူကြောင်း ရေးသား

သဖြင့်လည်း အရှင်မဟာဗုဒ္ဓဃောသခေတ်၌ သာသနာတော်ကား မဇ္ဈိမတိုက်နယ်များနှင့် မင်းတရားကြီးပြုစုတော်မူသော တိုင်းနိုင်ငံများဝယ် ထွန်းကားစည်ပင်လျက်ရှိသော ခေတ်ဖြစ်ကြောင်းများလည်း မှတ်သားအပ်၏။

သို့ဖြစ်၍ အသောကမင်းတရားကြီး၏ အဆက်အနွယ် မင်းမျိုးများလည်း မင်းတရားကြီး နတ်ထီးစံတော်မူပြီးနောက် ကွယ်ပျောက်၍မသွားဘဲ ဆက်လက်တည်မြဲလျက် မောရိယနိုင်ငံတော်ကား မပျက်ပြားမူ၍ ၎င်း၂-ရာစု အဆုံးတိုင်အောင် အာဏာတန်ခိုး လွှမ်းမိုးကာရှိနေသေးကြောင်း၊ ၎င်းမင်းများသည် သာသနာဝင်မှတ်တမ်းပင် ထင်ရှားမရှိစေကာမူ သာသနာတော်ကြည်ညိုစွာ ထိုက်သည်အားလျော်စွာ ပြုစုလာခဲ့ကြမည်ဖြစ်ကြောင်း၊ ထို့အတူပင် မင်းတရားကြီးလက်ထက်တော်မှစ၍ မထေရ်အရှင်များ၏ အနွယ်ဝံသတော်များလည်း အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ် လက်ထက်တိုင်အောင် မှတ်တမ်းပင်မရှိငြားသော်လည်း အစဉ်အဆက် မပျက်ပြားဘဲ တည်မြဲစွာထွန်းကားလျက် ရှိမည်ဖြစ်ကြောင်း ကောင်းစွာယုံကြည်အပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## မောရိယ မင်းဆက်များ

ထိုသာသနာဝံသ မှတ်တမ်းများ၌ မောရိယမင်းဆက်များ ထင်ရှားမဖော်ပြသော်လည်း ၎င်းတို့၏မင်းဆက်များကို အကျဉ်းအားဖြင့်-

ဗြာဟ္မဏမှတ်တမ်း, ပူရာဏ်ကျမ်း, ဒိဗျာဝဒါန-မည်သော အသောကအတ္ထုပ္ပတ္တိများ၌ ဖော်ပြကြ၍ ၎င်းတို့တွင် ဗြာဟ္မဏမှတ်တမ်း, ပူရာဏ်ကျမ်းများ၌-

၁။ သုယသဘွဲ့ခံ ကုနာလမင်းသည် အသောကမင်းတရားကြီး နောက်ဆက်ခံ၍ ၈-နှစ် စိုးစံခဲ့လေသည်။

၂။ ဗန္ဓုပါလိတ မင်း၊ ကုနာလမင်း၏သား ၇-နှစ် စိုးစံသည်။

၃။ ဣန္ဒြပါလိတ မင်း၊ ဗန္ဓုပါလိတ၏သား ၈-နှစ် စိုးစံသည်။

၄။ ဒသန မင်း၊ ဣန္ဒြပါလိတ၏သား ၇-နှစ် စိုးစံသည်။

၅။ ဒသရထ မင်း၊ ဒသနမင်း၏ သား ၈-နှစ် စိုးစံသည်။

၆။ သမ္ပတိ မင်း၊ ဒသရထ၏ သား ၉-နှစ် စိုးစံသည်။

၇။ သာလိသုက မင်း၊ သမ္ပတိမင်း၏သား ၁၃-နှစ် စိုးစံသည်။

၈။ ဒေဝဓမ္မ မင်း၊ သာလိသုက၏ သား ၇-နှစ် စိုးစံသည်။

၉။ သာလဓမ္မန မင်း၊ ဒေဝဓမ္မ၏ သား ၈-နှစ် စိုးစံသည်။

၁၀။ ဝိဟဒဋ္ဌ မင်း၊ သာလဓမ္မန၏ သား ၇-နှစ် စိုစံသည်။

စသည်ဖြင့် မင်းဆက် ၁၀-ဆက်မျှ စိုးစံကြ၍ နှစ်ပေါင်းအားဖြင့် ၈၂-နှစ်ကြာအောင် မောရိယမင်းဆက်များ ဤပါဋလိပုတ်နေပြည်တော်ကြီးမှာပင် စိုးစံအုပ်ချုပ်ကြကြောင်း ရေးသားဖော်ပြကြကုန်၏။

သို့ရာတွင် ရာဇဝင်အရပ်ရပ်တို့နှင့် ညှိနှိုင်းဝေဖန်ချက်အရ အသောကမင်းတရားကြီးနောက် ၅၈-နှစ်တိုင်အောင် မောရိယမင်းမျိုးများ၏ တန်ခိုးအာဏာများ ဆက်လက်တည်ရှိနေခဲ့ကြောင်း ရေးသားကြသည်အားလျော်စွာ ဒိဗျာဝဒါနမည်သော အသောကအတ္ထုပ္ပတ်၌ ရေးသားဖော်ပြသည်နှင့် သင့်တင့်ညီညွတ်သဖြင့် ၎င်းမှတ်တမ်းအရ-

ဒိဗျာဝဒါန၌ မောရိယမင်းဆက်များမှာ-

၁။ သုယသမင်း၊ အသောကမင်း၏ သားတော်

၂။ ဒသရထမင်း၊ သုယသမင်း၏ သားတော်

၃။ သင်္ဂတမင်း၊ ဒသရထမင်း၏ သားတော်

၄။ သာလိသုကမင်း၊ သင်္ဂတမင်း၏ သားတော်

၅။ သောမသမနမင်း၊ သာလိသုကမင်း၏ သားတော်

၆။ ဝိဟဒဋ္ဌမင်း၊ သောမသမနမင်း၏ သားတော်-

အားဖြင့် ၆-ဆက်မျှသာရှိ၍ နှစ်အပိုင်းအခြား မထင်ရှားသော်လည်း ဆိုခဲ့ပြီးနှစ်အရေအတွက် မှတ်သားချက်နှင့် ကိုက်ညီသဖြင့် ဤဒိဗျာဝဒါန၌ ဖော်ပြသော မင်းဆက်များမှာ မှန်ကန်လောက်သည်ဟု မှတ်သား၍ နှစ်ပရိစ္ဆေဒအားဖြင့်လည်း ၄၆-နှစ်ဖြစ်၍ အခြားရာဇဝင်တစ်စောင်အရ ရှေးမင်း ၅-ဆက်မှာ ၇-နှစ်မျှစီသာ နောက်ဆုံး ဝိဟဒဋ္ဌမင်းကား နန်းစံ ၁၁-နှစ်ရှိကြောင်း ရေးသားသည်နှင့် ညီညွတ်သည့်အတိုင်း အသောကမင်းတရားကြီးနောက် မင်းဆက်ပေါင်း ၆-ဆက်ရှိကြောင်း အတည်ပြု မှတ်သားအပ်ကုန်၏။

## မောရိယနိုင်ငံတော် နှစ်အပိုင်းအခြား

ရှေးနန္ဒမင်းရိုး အမျိုးအနွယ်ကိုဖြတ်၍ ဇာနကျပုဏ္ဏားကြီး တည်ထောင်အပ်သော မောရိယမင်းမျိုးအုပ်စိုးသည့် နှစ်အရေအတွက် အပိုင်းအခြားမှာ-

| | | |
|---|---|---|
| ၁။ | **စန္ဒဂုတ္တမင်းတရားကြီး၊** မောရိယနိုင်ငံတော်ကြီးကို နန်းစံ အဦးအစ တည်ထောင်သည်။ | ၂၄-နှစ် |
| ၂။ | ဗိန္ဒုသာရမင်း၊ စန္ဒဂုတ္တမင်းကြီး၏ သားတော်၊ နန်းစံနှစ် | ၂၈-နှစ် |
| ၃။ | **အသောကမင်းတရားကြီး၊** သာသနာပြု သံဂါယနာတင်မင်း၊ နန်းစံ | ၃၇-နှစ် |
| ၄။ | သုယသမင်းမှ ဝိဟာဒဋ္ဌမင်းတိုင် အသောကမင်း နောက် နန်းစံ | ၄၆-နှစ် |

အားဖြင့် ၁၃၅-နှစ်ရှိကြောင်း မှတ်သားအပ်ကုန်၏။

## မင်းတရားကြီး၏ အဆက်အနွယ် ဝါဒကွဲမှတ်တမ်းများ

ထိုမှတပါး အချို့မှတ်တမ်းများ၌ သားတော်မဟိန္ဒ ကုမာရမင်းသားမှာ သာသနာတော်ဝင်သို့ ဝင်၍ မင်းတရားကြီးမှာ ထီးနန်းဆက်ခံနိုင်သော သားတော်မရှိရကား မြေးတော် ဒသရထမင်းသား ထီးမွေဆက်ခံ၍ ၎င်းမင်း၏လိုဏ်ဂူတော် ကျောက်စာများ ထင်ရှားရှိကြောင်း၊ ၎င်းပြင် အချို့မှတ်တမ်းများ၌ကား

- **ကုနာလမင်းသား** ဆိုသည်မှာ ပုံပြင်မျှသာဖြစ်၍
- ကသ္မီရတိုင်းနယ် အုပ်ချုပ်သော သားတော် ဇလောကမင်းသားမှာလည်း မင်း-တရား နောက်ပိုင်း အဋ္ဌုပ္ပတ်တွင် မပါ၊
- ကျောက်စာတော်၌ ရေးသားသော စာရဝါကီမည်သော ဒုတိယမိဖုရား၏ သားတော် **တိဝရမင်းသား**ဆိုသည်မှာ ထင်စွာမရှိကြောင်း ရေးသားကြ ကုန်၏။

၎င်းပြင် အချို့မှတ်တမ်းများ၌ကား မင်းတရားကြီးမှာ နတ်ရွာသို့ စံတော်မူသော အခါ သားတော်များ ထင်ရှားမရှိ၍ မြေးတော် ၂-ပါး ထီးနန်းဆက်ခံအုပ်စိုးကြကြောင်း၊ ထို ၂-ပါးတို့တွင်

- **ဒသရထမင်းသား**မှာ မင်းတရားကြီး၏ နိုင်ငံတော် အရှေ့ဘက်တိုင်းနယ်များ၌ အုပ်စိုး၍
- အခြားသော မြေးတော်တစ်ပါးကား အနောက်ပိုင်းတိုင်းနိုင်ငံများ၌ အုပ်စိုးကြောင်း၊

မင်းတရားကြီး မရှိသည့်နောက် နိုင်ငံတော်ကွဲပြား၍ ဆိုခဲ့ပြီးသော အဆက် အနွယ်များမှာ အရှေ့တိုင်းနိုင်ငံများဖြစ်ကြောင်း၊ နိုင်ငံတော်အချို့အစိတ်အပိုင်း၌ အဆက် အနွယ်တော် မပျက်ပြားဘဲ တရုတ်ရဟန်းတော်ဝှင်သျှင်မရောက်မီ ၁၀၀၀-ကျော် နှစ်သမယတိုင်အောင် ထင်ရှားရှိသေး၍ ဝဂ်တိုင်းဘုရင်သသက်ဖျက်ဆီးသော မဟာဗောဓိပင်မြတ်ကို အသောက မင်းတရားကြီး၏အနွယ် မင်းတစ်ပါး ပြုစုကြောင်းများ ရေးသားကုန်၏။

သို့ရာတွင် ထိုမင်းများ၏ သာသနာတော်နှင့်စပ်လျဉ်း၍ ထင်ရှားသော အကြောင်း အရာများ မရှိခြင်းမှာ သာသနာနောက်ပိုင်း၌ ဗုဒ္ဓဘာသာ မထွန်းကားသော ခေတ်တွင် အခြားဘာသာဝင်တို့ လွှမ်းမိုးကာ အစဉ်အလာမှတ်တမ်းများ ပျက်ပြားတိမ်မြုပ်သွားသော ကြောင့် ဖြစ်သည်ဟု မှတ်သားအပ်ကြောင်း၊ ထိုမောရိယမင်းဆက်များကား သာသနာဝင် ဘုရင်များပင် ဖြစ်ကြသော်လည်း ၎င်းတို့ခေတ်အားလျော်စွာ သာသနာတော်ကို ပြုစုအားထုတ်ကြမည်ကား မယုံမှားအပ်စေကာမူ နောက်ခေတ်တို့၌ အခြားဘာသာဝင်မင်း များ တန်ခိုးလွှမ်းမိုးလာခြင်းကြောင့် ပြုစုအားထုတ်အပ်သော အခြင်းအရာမှတ်တမ်းများ ထင်ရှားမရှိစေဘဲလျက် အဆက်အနွယ်မျှသာ ကြွင်းကျန်ကြောင်း မှတ်သားအပ်ကုန်၏။

## အခြားသာသနာဝင် ဘုရင်များ တန်ခိုးအာဏာ လွှမ်းမိုးလာခြင်း အကြောင်း

ဆိုခဲ့ပြီးသော မောရိယမင်းဆက်တို့တွင် နောက်ဆုံးဖြစ်သော **ဝိဟဒ္ဒမင်းကား** သာသနာတော်နှစ် ၂၉၁-ခု၌ ထီးနန်းသိမ်းပိုက်အုပ်ချုပ် မင်းလုပ်၍ သာသနာတော် ၃၀၁- ခုနှစ်မှာ ၎င်းမင်း၏ အဂ္ဂသေနာပတိဖြစ်သော **ပုဿမိတ္တသုင်အမတ်သည်** လုပ်ကြံသဖြင့် နတ်ရွာစံပြီးနောက် ၎င်းအမတ်သည်ပင် ထီးနန်းကို ဆက်ခံစိုးအုပ် မင်းလုပ်သဖြင့် မောရိယ မင်းဆက်ကား မဂဓတိုင်းကြီးနှင့်တကွ ကျယ်ဝန်းလှသည့် နိုင်ငံတော်အလုံးမှ ဘုန်းတန်ခိုး အာဏာ လျှောကျဆင်းခဲ့လေသည့်အပြင် ၎င်းမင်းမျိုးတို့ ပြုစုတည်ထောင်အားထား ဆည်းကပ်ခဲ့သော ဗုဒ္ဓသာသနာတော်မြတ်လည်း မင်းဘာသာတော်အဖြစ်မှ ကျဆင်း၍ **သုင်မင်းတို့၏** ဗြာဟ္မဏဘာသာသည်သာ အစိုးရဘာသာတော်ဟု အသိအမှတ် ပြုခဲ့ လေသည်။

ဤသို့ ဗုဒ္ဓဘာသာဝင်ဘုရင်များ မဂဓတိုင်းနှင့် နိုင်ငံတော်မှ လျှောကျသော်လည်း အဆက်ဆက်သော မထေရ်မြတ်တို့ သူတော်ကောင်းတရားတော်တည်းဟူသော သာသနာ တော်ကြီးကို အသက်သဖွယ် အနွယ်တော်မပျက် ဆက်လက်ဆောင်ရွက်တော်မူကြသဖြင့်

မပျက်မစီး တည်ထွန်းလျက်နေခဲ့သည့်အပြင် ဗြာဟ္မဏဘာသာဝင် ဘုရင်များလည်း သာသနာတော်နှင့် ဗုဒ္ဓဘာသာတရားတော်မြတ်ကို ကျူးကျော်ဖျက်ဆီးကြောင်း ၎င်းတို့ မှတ်တမ်းများ၌ ထင်ရှားမရှိသောကြောင့် ၎င်းမင်းတို့သည် ဗုဒ္ဓနိုင်ငံတော်ကို မချီးမြှောက် စေကာမူ မဖျက်ဆီးကြောင်းမှာ ကောင်းစွာထင်ရှား၏။

ဤသို့အားဖြင့် မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သာသနာတော် အနှစ် ၃၀၀-အတွင်း ဖြစ်ပွားခဲ့သော မောရိယမင်းမျိုးများ ထွန်းကား၍ သာသနာတော်လည်း အထွဋ်အထိပ်ရောက်အောင် စည်ပင်ပြန့်ပွား အတိုင်းတိုင်း, အနိုင်နိုင်ငံသို့ ရောက်သွားကြောင်း၊ ဤခေတ်အတွင်းမှာပင် ပဋိပတ္တိ, ပဋိဝေဓ သာသနာတော်လည်း အထွဋ်အထိပ်မှာပင် တည်ရှိလျက် **တတိယ သံဂါယနာ**တင်တော်မူကြသော တေဝိဇ္ဇဂုဏ်, ဆဠဘိညဂုဏ်, ပဋိသမ္ဘိဒါပတ္တဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသော ရဟန္တာမထေရ်မြတ်များနှင့် သာသနာတော်ကြီးဝယ် အထွဋ်အထိပ် သို့ရောက်အောင် တင့်တယ်သောခေတ်ကြီးဖြစ်ခဲ့သည်မှာ ယုံမှားဖွယ်ရာ မရှိကုန်။

ပရိယတ္တိ သာသနာတော်မြတ်ကား ထိုခေတ်သမယများက များသောအားဖြင့် ညာဉ် ပဋိဘာန် ရင့်သန်တော်မူကြသော ပုဂ္ဂိုလ်များသာဖြစ်ကြ၍ အဖွင့်သံဝဏ္ဏနာ၊ အဋ္ဌကထာတို့နှင့်တကွ ပိဋကတ ၃-သွယ်၊ နိကာယ် ၅-ပါးတို့ကို နှုတ်ငုံအာဂမ ဆောင်ရွက်တော် မူကြလျက် ထေရဝါဒဂိုဏ်းကြီးအတွင်းမှာ အယူဝါဒကွဲပြားချက်များလည်း ထင်ရှားမရှိ၊ တညီတညွတ်တည်း စည်းလုံးညီညွတ်တော်မူကြ၍ မင်းတရားကြီးလက်ထက် သာသနာ တော် သုတ်သင်ပြီးနောက် အယူဝါဒကွဲပြားခြင်းအားဖြင့်၎င်း အယူတစ်ပါးရောနှော သောအားဖြင့်၎င်း ဘေးရန်မပြု တူညီသော အကျင့်သီလ ရှိကြကုန်သည်ဖြစ်၍ ထိုစည်းဝေး တော်မူကြသော သံဃာတော်များအလယ်မှာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ် သည် မြတ်စွာဘုရား ညွှန်ကြားတော်မူသော မာတိကာ ၈-ပါးကို မူလထားလျက် ဘုရားရှင် ၏ အလိုတော်အားလျော်စွာ သကပက္ခသုတ်-၅၀၀၊ ပရပက္ခသုတ်-၅၀၀၊ ဝါဒ ၂-ရပ်၌ သုတ်ပေါင်း ၁၀၀၀-တို့ဖြင့် တန်ဆာဆင်အပ်သော ကထာဝတ္ထုကျမ်းကို ဟောကြား တော်မူပြီး အညီအညွတ် ဆောင်ရွက်တော်မူကြကုန်၏။

ထိုမှတပါး အခြားဝါဒ မဟာသံဃိကဂိုဏ်း စသည်တို့မှာကား မူလကွဲပြားလာခဲ့သော ဒုတိယသံဂါယနာကစ၍ ၁၈-ဂိုဏ်းဖြစ်ပွားသည်အထိ သုတ်အမျိုးမျိုး, ဝါဒအမျိုးမျိုး မိမိတို့ နှစ်သက်သော အယူဝါဒများအပြင် အခြားဗြာဟ္မဏအယူများလည်း သက်ဝင်ရောနှော မစင်ကြယ်သော ဝါဒများဖြစ်ပွားလျက် ထိုလက်ထက်က ထင်ရှားရှိခဲ့သော သဗ္ဗတ္ထိဝါဒ သည်ကား ယခုတိုင်ပင် အချို့အရပ်များ၌ ထင်ရှားရှိသေး၍ ထိုဝါဒ၏ အမွန်အ[illegible]

**ထေရဝါဒဂိုဏ်းကြီးမှ-**

- တောင်ပိုင်း **မဟာသကတိုင်းကို** အစွဲပြု၍ **မဟာသာသကဂိုဏ်း**
- မြောက်ပိုင်း **ဝဇ္ဇီတိုင်းကို** အစွဲပြု၍ **ဝဇ္ဇီပုတ္တကဂိုဏ်း-**

ဟူ၍ ၂-ဂိုဏ်းကွဲပြီးလျှင် ၎င်းတို့တွင် မဟာသာသကမှ တဖန်-

- **သဗ္ဗတ္ထိဝါဒဂိုဏ်း**
- **ဓမ္မဂုတ္တိကဂိုဏ်း-**

ဟူ၍ ၂-ဂိုဏ်း ကွဲပြားလာကြောင်း၊ နှစ်ရာပေါင်း ၂-ခုအတွင်းက သာသနာတော်ဂိုဏ်း ကွဲလာခဲ့ကြောင်း ရေးသားခဲ့သည်နှင့်အညီ မဟာသာသက တောင်ပိုင်းသားတို့၏ ဝါဒဖြစ်၍ ၎င်းသဗ္ဗတ္ထိဝါဒကား တတိယသံဂါယနာတိုင်အောင် ထင်စွာရှိသဖြင့် ကထာဝတ္ထု၌ ၎င်းဝါဒကို ဖြေရှင်းဟောကြားခဲ့ရ၏။

၎င်းသဗ္ဗတ္ထိဝါဒ ဂိုဏ်းသားတို့သည် တတိယသံဂါယနာ တင်ကြသောအခါ နာလန္ဒမြို့မှာ စင်ခွဲသံဂါယနာတင်ပွဲဖြစ်ကြောင်း ရေးသားကြသော်လည်း "မည်သည့်မထေရ် ကြီးမှူးလျက် မည်သို့သော သုတ်, အဘိဓမ္မာနှင့် ဝိနည်းများကို မည်သို့ခွဲခြားစိတ်ဖြာ စိစစ်ဝေဖန်ကာ သံဂါယနာတင်ကြကြောင်း၊ မည်သို့အားဖြင့် ဆောင်ရွက်လာကြကြောင်း" စသည်တို့ဖြင့် မေးစစ်လျှင် ထင်ရှားမှတ်သားလောက်သော အဖြေမရ၊ အခြေမရှိလှသောကြောင့် မြောက်ပိုင်းသာသနာ*(ကို)* ထေရဝါဒ သံဂါယနာတင်ပွဲကဲ့သို့ ထင်ရှားခိုင်မာစွာ မှတ်သားလာခဲ့သော အကြောင်းအတ္ထုပ္ပတ်များ ရေးမှတ်ထားခြင်း မရှိကုန်။

ထိုသဗ္ဗတ္ထိဂိုဏ်းသားတို့၏ ထိုသဗ္ဗတ္ထိဝါဒသည်ကား စင်စစ်ယခုအခါ ထင်ရှားယူလျက်ရှိကြသော ထာဝရ ဣဿရ အယူမျိုးတို့ ရောနှောလျက် အမြဲတည်ရှိသော တရားထင်ရှားရှိကြောင်းယူသော ကထာဝတ္ထု ဓမ္မကထာသို့ အနည်းငယ် သက်ဝင်သော ဗြာဟ္မဏအယူဝါဒသာလျှင် လွှမ်းမိုးကာ ဗုဒ္ဓအယူဝါဒမျိုးစေ့မှာမူ ကံတရားယုံကြည်ခြင်းမျှသာဖြစ်၍ ဗုဒ္ဓရှင်တော်ဘုရား ဟောထားတော်မူသော ကိုယ်နှုတ်စောင့်စည်းမှု ကိုယ်ကျင့်တရားမှတပါး လေးနက်သော တရားမရှိကြောင်း မှတ်သားအပ်ကုန်၏။

ထိုသဗ္ဗတ္ထိဝါဒဂိုဏ်း အကြောင်းအရာများကိုလည်း ၎င်းနှစ်ရာအတွင်း နောက်ပိုင်းမှာ ထင်ရှားလတ္တံ့ဖြစ်၍ ယခုအခါ ထင်စွာဖော်ပြရေးသားရန် မလိုသေးသဖြင့် ၎င်းဂိုဏ်းသားတို့လည်း ထင်ရှားရှိသေးကြောင်း၊ ပျောက်ကွယ်၍ မသွားကြောင်း၊ ၎င်းအဓမ္မဝါဒီအဆက်အနွယ်တို့သည် ၎င်းတို့အယူဝါဒများ စွဲမြဲလျက်ရှိကြကြောင်းမျှသာ ဤနေရာ၌ လိုအပ်သဖြင့်လည်း ဤမျှသာ ရေးသားအပ်ကြောင်း၊ ထိုဂိုဏ်းမှတစ်ပါးအခြား ဂိုဏ်းများ

လည်း ၎င်းတို့ အယူဝါဒ အသီးသီး၌ တည်ရှိနေကြသေး၍သာ နောက်အခါ မြောက်ပိုင်း သံဂါယနာ အရှုပ်အထွေးများ၌ သုတ်သင်ရှင်းလင်းရကြောင်း မှတ်သားအပ်ကုန်၏။

ဤသို့လျှင် တတိယ နှစ်ရာပေါင်းအတွင်း၌ မင်းတရားကြီးလက်ထက် သာသနာတော် အတိုင်းထက်အလွန် စည်ကား၍ မင်းတရားကြီး လွန်သောအခါလည်း ပြုစုလာခဲ့သော သာသနာအရှိန် မမှိန်မပျောက်သေးဘဲ ထွန်းတောက်မြဲပင် ရှိနေသော်လည်း သာသနာ့ဒါယကာများဖြစ်ကြသော မောရိယမင်းဆက်များ အကြောင်းအရာ အတ္ထုပ္ပတ္တိ မှတ်တမ်းများ ထင်ရှားမရသဖြင့် ထူးခြားသောအကြောင်းများ အထူးရေးသားဖွယ်မရှိ၊ တည်လျက်ကားနေခဲ့ကြောင်း၊ အခြားမဟာသံဂီတိဂိုဏ်းမှ ဆင်းသက်လာခဲ့သော ဂိုဏ်းများ သည်လည်း ၎င်းတို့ဝါဒအသီးသီး၌ တည်ရှိနေကြကြောင်း ကောင်းစွာမှတ်သားအပ်ကုန်၏။

**ဤမျှဖြင့် တတိယ နှစ်ရာ(စု)အတွင်း ဖြစ်ပွားသော**
**သာသနာ့နိုင်ငံတော်အကြောင်း ပြီးဆုံးပြီ။**

✪ ✪ ✪ ✪ ✪

## သာသနာတော် စတုတ္ထ နှစ်ရာ(စု)အတွင်း ဖြစ်ပွားသော အကြောင်းများ

မောရိယမင်းမျိုးတည်းဟူသော သာသနာ့ဒါယကာ မင်းဆက်များ မဇ္ဈိမသသနာ့ နိုင်ငံတော်ကြီးမှ လွန်သွားပြီး နောက်ခေတ်တွင် ဗြာဟ္မဏဘာသာဝင် သုင်္ဂမင်းမျိုးများ၏ အာဏာတန်ခိုးလွှမ်းမိုးလာ၍ မဂဓတိုင်းအတွင်း မင်းပြုလုပ်သည်မှာ သာသနာတော်နှစ် ၃၀၁-ခုနှစ်မှ ၄၁၃-ခုနှစ်တိုင်အောင် နှစ်ပေါင်း ၁၁၂-နှစ်မျှကြာသည့် အနှစ် ၄၀၀-အတွင်း မှာ သာသနာရေးအားဖြင့်၎င်း, ၎င်းတို့ဘာသာရေးအားဖြင့်၎င်း ထူးခြားသောအဖြစ် အပျက်တို့သည် ၎င်းတို့မင်းဆက်မှတပါး အခြားထင်ရှားသော အကြောင်းအရာများ ရှေး ဟောင်းမှတ်တမ်း ပူရာဏ်ကျမ်းများ၌ ထင်ရှားအောင် မဖော်ပြသဖြင့် ဘာသာဝါဒဖြစ်ပွား သော အကြောင်းအရာများ အထူးရေးသားရန်မရှိသော်လည်း သာသနာနှင့်လည်း နီး စပ်လျက် ဖြစ်ပွားသော နိုင်ငံရေးများ ရှုပ်ထွေးလာခဲ့လေသည်။

၎င်းသုင်္ဂမင်းမျိုးတို့မှာ အဆက်အနွယ်အားဖြင့် ၁၀-ဆက်မျှကြာ၍ မောရိယမင်း မျိုးတို့၏ တန်ခိုးအာဏာ လုယူစိုးစံကြသော်လည်း အသောကမင်းတရားကြီး၏ နိုင်ငံတော် အလုံးကို သိမ်းကြုံးစိုးမိုးအုပ်ချုပ်ခြင်း မပြုနိုင်ဘဲ နိုင်ငံအသီးသီးတို့လည်း ကွဲပြား [illegible]

၎င်းတို့သည်လည်း နောက်မင်းများလက်ထက်၌ မဂဓတိုင်းကြီးအချက်အချာမှ ဆုတ်ခွါလာရကြောင်း **ကင်းဘရိတ် အိန္ဒိယရာဇဝင်ဆရာကြီးတို့** ရေးသားခဲ့လေသည်။

၎င်းရာဇဝင်ကြီးအရ မောရိယမင်းဆက်ကို လုယက်ဆက်ခံသော **ပုဿျမိတြ ပုပ္ဖမိတ္တ** သုင်္ဂမင်းသည် မဂဓတိုင်းကြီးတွင် ၃၆-နှစ် နန်းစံကာ စွန့်ခွါပြီးနောက် ၎င်းမင်း၏သား **အဂ္နိမိတြ** အဂ္ဂမိတ္တဆက်လက်စိုးစံရာတွင် တိုင်းပြည်ရေးရာ မငြိမ်မသက် လှုပ်ရှားထကြွမှုများ ဖြစ်ပွားသည့်အပြင် အနောက်မြောက်ပိုင်း သိန္ဓုတိုင်းနှင့် တက္ကသီလပြည်နယ်ခြားများမှလည်း ယောနက ဂရိတ်များ ချင်းနင်းဝင်ရောက်သိမ်းပိုက်ပြီးကာ တိုင်း, နိုင်ငံ, ပြည်နယ်များ လုယူဖျက်ဆီးမှုတို့ကြောင့် ၎င်းတို့ရန် ကာကွယ်နိုင်ရန် **ဝေဒိသမြို့**သို့ နေပြည်တော်ပြောင်းရွှေ့ပြီး ထီးသစ်, နန်းသစ် စိုက်ထူရကြောင်း အထင်အရှား ရေးသားဖော်ပြခဲ့လေသည်။

သို့ဖြစ်၍ ထိုသုင်္ဂမင်းဆက်တို့မှာ အောက်၌ဖော်ပြသည့်အတိုင်း မဂဓတိုင်းတွင် ၂-ဆက်မျှ တည်ရှိ၍ ၎င်းနောက် မင်းဆက်များမှာ ဝေဒိသကမြို့တော်၌ ဖြစ်ကြောင်း ထိုမင်းဆက်များမှာ-

| | | | | |
|---|---|---|---|---|
| ၁။ | ပုပ္ဖမိတ္တ သုင်္ဂမင်း | မဂဓ | နန်းစံ | ၃၆-နှစ် |
| ၂။ | ၎င်း၏သား အဂ္ဂိမိတ္တ | ဝေဒိသ | နန်းစံ | ၈-နှစ် |
| ၃။ | ၎င်း၏သား ဝါသုဇေဋ္ဌ | ဝေဒိသ | နန်းစံ | ၇-နှစ် |
| ၄။ | ၎င်း၏သား ဝါသုမိတ္တ | ဝေဒိသ | နန်းစံ | ၁၀-နှစ် |
| ၅။ | ၎င်း၏သား ဩဒြက ဩဒက | ဝေဒိသ | နန်းစံ | ၇-နှစ် |
| ၆။ | ၎င်း၏သား ပုလိန္ဒမိတ္တ | ဝေဒိသ | နန်းစံ | ၃-နှစ် |
| ၇။ | ၎င်း၏သား ဂေါသာလမိတ္တ | ဝေဒိသ | နန်းစံ | ၃-နှစ် |
| ၈။ | ၎င်း၏သား ဝဇိရမိတ္တ | ဝေဒိသ | နန်းစံ | ၇-နှစ် |
| ၉။ | ၎င်း၏သား ဘဂဝတမိတ္တ | ဝေဒိသ | နန်းစံ | ၃၂-နှစ် |
| ၁၀။ | ၎င်း၏သား ဒေဝဘူတိမိတ္တ | ဝေဒိသ | နန်းစံ | ၁၀-နှစ် |

ဤသို့အားဖြင့် ၁၀-ဆက်ဖြစ်ကြောင်း ရေးသားကုန်၏။

အထက်၌ ဖော်ပြပြီးသော မင်းဆက်များကား ရာဇဝင်တစ်စောင်၌ ရေးသားဖော်ပြသော မင်းဆက်များဖြစ်၍ နှစ်အားဖြင့်ကား ၁၁၂-**နှစ်ကြာမျှ** အုပ်စိုးခဲ့ကြောင်း ၎င်းတို့တိုင်းပြည်နိုင်ငံကား မောရိယနိုင်ငံတော်လောက် မကျယ်ပြန့်ဘဲ ဆိုခဲ့ပြီး အနောက်မြောက်နိုင်ငံနယ်ပယ်များမှ ဂရိတ်ယောနကမင်းများ ဝင်ရောက်တိုက်ခိုက်၍ ၎င်းနယ်များကို သိမ်း

ပိုက်ကြသည့်အပြင် ဝါသုဒေဝမိတ္တမင်းနှင့် ဩဒြကမိတ္တမင်းတို့ လက်ထက်မှာလည်း ကောသမ္ဗီမြို့တော်၌ ဝိဟသတိမိတ္တမင်း ထီးနန်းစိုက်ထူ ၎င်းနယ်ပယ်များကို သိမ်းယူပြီး ၎င်းတို့နှင့် ထီးပြိုင်နန်းပြိုင် ပြုလုပ်ကြောင်း ရာဇဝင်တစ်စောင်၌ဆိုသဖြင့် တိုင်းပြည်နယ်များ ကွဲပြားပျက်စီး၍ ၎င်းတို့၏တန်ခိုးကား မောရိယမင်းမျိုးများကဲ့သို့ မကြီးမားကုန်။

✪ ✪ ✪ ✪ ✪

## ဂရိတ်ယောနကများ တဖန်ဝင်ရောက်ခြင်း

၎င်းမှတပါး ၎င်းမင်းများ၏ နောက်ဆက်ဖြစ်သော ဘဂဝတမိတ္တမင်းလက်ထက် သာသနာတော် ၄၀၀-ကုန်ခါနီးတွင် ဂရိတ်ယောနကမင်းများ ချင်းနင်း ဝင်ရောက်ကာ ၎င်းယောနကဘုရင် အံတိယာလဆိဒသည် တက္ကသီလမြို့တော် ထီးနန်းစိုက်ထူ၍ ၎င်းအနီးအနား နယ်ပယ်များကို သိမ်းယူကြောင်း ကင်းဘရိတ် ရှေးဟောင်းအိန္ဒိယရာဇဝင်ကြီး၌ပင် ဆိုသဖြင့် ဂရိတ်များလည်း အနောက်မြောက်ပိုင်းနယ်များကို သိမ်းကျုံးတိုက်ခိုက် လုယူကြလေသည်ဟု ၎င်းတို့ရာဇဝင်အရ သိရလေသည်။

သို့ရာတွင် ထိုချင်းနင်းဝင်ရောက်လာကြသော ယောနကမင်းမျိုးများကား အယူဝါဒအားဖြင့် အသောကမင်းတရားကြီး သာသနာတော်ပြုစုပြီးနောက် ထိုယောနကနှင့် ကမ္ဘောဇ-ဟု ဆိုအပ်သော ယွန်း၊ ဂွန်း၊ ဂရိတ်နှင့် ပါသီ၊ ကာဗူလီ၊ ကမ္ဘောဇတိုင်းနယ်များ၌ ထိုစဉ်အခါက ဗုဒ္ဓနိုင်ငံတော်တွင် သက်ဝင်ကြသည်အားလျော်စွာ ဗုဒ္ဓဘာသာ သာသနာတော်၌ သက်ဝင်ကြည်ညိုကြသော လူမျိုးများဖြစ်ကြောင်း ကောင်းစွာမှတ်ယူအပ်သည့်အပြင် ၎င်းယောနက ဂရိတ်မင်းမျိုးများ၏ အဆက်အနွယ်ဖြစ်၍ ဗုဒ္ဓသာသနာဝင်တွင် အထင်အရှားဆုံးဖြစ်သော မိလိန္ဒမင်းကြီးသည်ကား ၎င်းတို့(မှ) အထင်ရှားဆုံး ဘုန်းလက်ရုံးတန်ခိုးအာဏာဖြင့်လည်း ကျော်ကြားသည်ထက် အထူးအားဖြင့် ပညာဉာဏ်စွမ်းရည်မှာ ဇမ္ဗူဒီပါအလုံး လွှမ်းအုပ်ဖုံးလျက် ပြိုင်ဘက်မရှိသော မင်းတစ်ပါးဖြစ်၍ သာသနာဝင် မှတ်တမ်းတွင် အလွန်လျှင် ခမ်းနားတင့်တယ်လေသည်။

၎င်းမိလိန္ဒမင်းကြီးသည် ၎င်း၏ဘုန်းလက်ရုံးအားဖြင့် ထင်ရှားသည့်အပြင် ထိုစဉ်က အနောက်မြောက်တိုင်းနယ်တွင် ထင်ရှားသော ဘက္ကတြိယမင်းမျိုး ဇာတိအနွယ်တော်ရှိ၍ ၎င်းတို့သည် သုင်္ဂမင်းများနှင့် ၎င်းမင်းကြီး မဝင်ရောက်မီကပင် စစ်ဖြစ်ပွားခဲ့ရာ အရေးတော်သာခဲ့သည့်အတိုင်း ၎င်းမိလိန္ဒမင်းတရားကြီးမှာ လွယ်ကူစွာဖြင့် အနောက်မြောက်တိုင်းနယ်များသို့ ချင်းနင်းဝင်ရောက်ပြီး မဒ္ဒတိုင်း၊ သာဂလမြို့တော်ကြီး၌ ထီးနန်းစိုက်ထူပြီးနောက်

၎င်းနိုင်ငံတော်ကို ကထိယာဝရ အနောက်ဘက် ကျွန်းဆွယ်ထိအောင် ချဲ့ထွင်လျက် အရှေ့ဘက်ကား မဇ္ဈိမရမြို့နယ်များဖြစ်သော ဂင်္ဂါမြစ်ဝှမ်းထိအောင်ချဲ့ပြီးလျှင် အနောက်ပိုင်းတိုင်းနယ်အလုံးကို သိမ်းရုံးပြီးကာ သာသနာတော် အနှစ် ၃၀၀-ကျော်၊ ၄-ရာစု အတွင်း၌ မင်းပြုစိုးစံတော်မူကြောင်း အိန္ဒိယရာဇဝင်မှတ်တမ်းများ၌ ထင်ရှားစွာ ဆိုကြ၏။

သို့သော်လည်း ၎င်းမင်းကြီး၏ အကြောင်းအတ္ထုပ္ပတ် ခမ်းနားကြီးကျယ်စွာ ရေးသားအပ်သော ဗုဒ္ဓဘာသာမှတ်တမ်းဖြစ်သည့် မိလိန္ဒပဉှာမှာမူကား သာသနာတော် အနှစ် ၅၀၀-ကျော်တွင် ဖြစ်ကြောင်း ဆိုသည်နှင့်မူ နှစ်ပေါင်း ၁၅၀-ခန့် ကွာခြားနေရာ နှစ်ပရိစ္ဆေဒ အယူအဆများမှာ အမှတ်အသား မှားယွင်းနိုင်သောကြောင့် ၎င်းကိုပမာန မထားဘဲ ဖြစ်ပွားသော အတ္ထုပ္ပတ္တိများသာ ပမာနထား၍ မှန်ကန်နိုင်သည်ဟု မှတ်သားအပ်သည်။

## မိလိန္ဒမင်းကြီး၏ ဖွားရာဇာတိ တိုင်းနယ်အကြောင်း

မိလိန္ဒမင်းတရားကြီး၏ ဇာတိမွေးဖွားတော်မူရာဌာန တိုင်းနယ်ကား **အလသန္ဒ**ဟု ရှေးကခေါ်ဆို၍ ယခု **အလက္ကဇန္ဒရိယ** ခေါ်ဆိုသောနယ်ဖြစ်ကြောင်း၊ ၎င်းမင်းကြီး၏ ထီးနန်းစိုက်ထူတော်မူသော **သာဂလ** မြို့တော်နှင့်မူ ယူဇနာအားဖြင့် ၂၀၀-ဝေးကွာကြောင်း၊ ၎င်းမင်းတရားကြီးသည် **အရှင်နာဂသေနမထေရ်**(၏) အရပ်ဒေသအမေးကို ဖြေဆိုသဖြင့် ထင်ရှားကြောင်း၊ ၎င်းပြင် အရှင်နာဂသေနမထေရ်မြတ်၏ အကြောင်းအတ္ထုပ္ပတ်ရေးသားရာ၌လည်း **အရှင်အဿဂုတ္တမထေရ်**မြတ်၏ ကျောင်းတိုက်မှ ပါဋ္ဌလိပုတ်မြို့တော် အသောကာရုံကျောင်းတိုက်ကြီးသို့ ဝိနည်းနှင့် သုတ္တန်တို့ကို သင်ကြားရန် စေလွှတ်ကြောင်း၊ အရှင်အဿဂုတ္တမထေရ်၏ **ဝေတ္တနိက**ကျောင်းတိုက်မှ ပါဋ္ဌလိပုတ်သို့ ယူဇနာ ၁၀၀-ဝေးကွာကြောင်း လာသဖြင့် ၎င်းသာဂလမြို့တော်၏ အကွာအဝေး ပမာဏတည်ရှိနေပုံမှာ သိသာထင်ရှား၏။

၎င်းမြို့တော်မှာ ရှေးဇာတ်နိပါတ်တော်ခေတ်ကပင် ထင်ပေါ်ကျော်ကြားသော ကုသမင်းကြီးသည် ထီးနန်းစွန့်ခွာလျက် လိုက်တော်မူရာ မဒ္ဒတိုင်း၊ သာဂလမြို့တော်ဟု မဆိုနိုင်စေကာမူ ၎င်းမှာ ယခုအခါ **ပဥ္စာပ-ပန်ဂျပ်**တိုင်းနယ်ဖြစ်ကြောင်း ကောင်းစွာမှတ်သားအပ်သည့်အပြင် ရှေးဟောင်း ပထဝီဝင်ဆရာကြီး ကာနင်ဂဟန်ကလည်း မိလိန္ဒမင်းကြီး ထီးနန်းစိုက်ထူသော သာဂလမြို့တော်မှာ ၎င်းသာဖြစ်ကြောင်း ဆိုလို၍ ကုသဇာတ်တော် ကိုးကားပြီးလျှင် ပဘာဝတီ မင်းသမီးကလေးအား ၇-ပြည်ထောင်မင်းသားများ ဝိုင်းဝန်းလျက် တောင်းဆိုကြသည်ကို ကုသမင်းကြီး ဆင်တော်စီးလျက် ထွက်တော်မူပြီးလျှင်

"ငါ ကုသမင်းကြီး လာပြီ"ဟု ကြွေးကြော်သံကို ကြားကြသဖြင့် ၎င်းတို့ ကြောက်လန့် တုန်လှုပ်ကာ ထွက်ပြေးကြကြောင်း ၎င်းဇာတ်တော်အရ ညီအစ်ကို မောင်နှစ်မ ၇-ယောက် တို့၏ မြို့တော်ဖြစ်သော **အမ္ဗကာပမြို့**မှာ မိုင် ၄၀-ခန့်, ၆-ယူဇနာမျှ ကွာဝေးသဖြင့် ၎င်း၌ အုပ်ချုပ်ကြသော မင်းသား ၇-ယောက် ဖြစ်ပေမည်ဟု ခန့်မှန်းဖွယ်ရှိကြောင်း အကျယ် ရေးသားပြဆိုခဲ့လေသည်။

## မိလိန္ဒမင်း၏ မြို့တော် တည်ရာဌာန

၎င်းသာဂလမြို့တော်၏ တည်ရာဌာနကား ချင်နာဗ် ခေါ်သော ချန္ဒြဘာဂါ **စန္ဒဘာဂါ** မြစ်နှင့် ရဗိခေါ်သော **ဧရာဝတီ** မြစ်၂-ခုတို့၏အကြား ၎င်းမြစ်များမှ ၃-ရက် မြောက် ချီတက်သွားရာ မိုင် ၆၀-မျှကွာဝေးသော ဥတ္တရာသီ စိမ့်စမ်းရဂုံတို့ဖြင့် သာယာစို ပြေသော တောင်ကုန်းဖြစ်၍ ၎င်းကို အသောကမင်းမြတ်မတိုင်မီ မောရိယနိုင်ငံတော် အကူးအပြောင်းမှာ ယောနကမင်းကြီး ၁-ပါး ၎င်းနယ်ပယ်ကို ဖြတ်ကျော်ချီတက် ဂင်္ဂါမြစ် တဘက်သို့ ဆက်လက်ချီတက်ကာ ပြန်အလာတွင် ၎င်းနယ်၌ ခံတပ်ကြီးဆောက်လုပ်ပြီး ၎င်းအမည်ဖြင့် အလက္ကဇန္ဒာခံတပ်ဟု ကျော်ကြားသော ဧရာဝတီမြစ်ကမ်း ခံတပ်မြို့နှင့် လည်း မိုင် ၆၀-မျှ ကွာဝေးကြောင်း ၎င်းဆရာကြီး ကာနယ်ဂဟန်ရေးသားသဖြင့် ၎င်းနယ် ၌ တည်ရှိသော **ဆီလာကော့တ် သီလကုဋ္ဌ** ရာဇဝင်ဆရာများ ရေးသားကြကုန်၏။

ဤသာဂလမြို့တော်၌ မိလိန္ဒမင်းကြီးသည် ယောနကဂရိတ်မှ များစွာသော စစ် သည်ဗိုလ်ပါ အလုံးအရင်းနှင့်တကွ ချီတက်တိုက်ခိုက် များစွာသောနယ်ပယ်တို့ကို သိမ်းပိုက် ပြီးလျှင် ထီးနန်းစိုက်ထူ မင်းလုပ်တော်မူ၍ ပညာဗဟုသုတတို့ကိုလည်း ရှာဖွေဆည်းပူး တော်မူကာ သာသနာတော်ကြီးကိုလည်း ကြည်ညိုလေးစားသော မင်းမြတ် ၁-ပါးဖြစ်သည့် အလျောက် မြောက်မြားလှစွာသော ပိဋကဗေဒတို့ကိုလည်း သင်ကြားတော်မူပြီး ယုံမှားဖွယ် အရပ်ရပ်တို့ကို ပညာရှိအများသို့ ချဉ်းကပ်လျက် ၎င်း၏သံသယကို ပပျောက်ရန် မေးမြန်း ငြားလည်း သံသယကင်းစင်အောင် ဖြေကြားနိုင်သူ ရဟန်း, ပုဏ္ဏား ပညာရှိသူများ မရှိ၍ မိလိန္ဒမင်းကြီး ကြံစည်မိသည်ကား-

"တုစ္ဆော ဝတ ဘော ဇမ္ဗုဒီပေါ၊ ပလာပေါ ဝတ ဘော ဇမ္ဗုဒီပေါ-

- ဇမ္ဗူဒီပါကျွန်းကြီးကား အချည်းနှီးပါတကား-
- ဇမ္ဗူဒီပါကျွန်းကြီးကား အမှိုက်သရိုက်ပါတကား

ဟု ညည်းညူ မြွက်ဆိုတော်မူခဲ့လေ၏။

ဎင်းနောက် ရဟန္တာမထေရ်မြတ်တို့သည် ဒိဗ္ဗသောတဖြင့် ကြားတော်မူကြ၍ စည်းဝေးတော်မူကြပြီး တာဝတိံသာသို့ ကြွတော်မူကာ **နာဂသေနမည်သော နတ်သားသို့** ချဉ်းကပ်လျက် မင်းကြီး၏ပြဿနာများ ဖြေရှင်းကာ သာသနာတော်ကို သုတ်သင်ပြုစုရန် အကြောင်း တောင်းပန်ကြသဖြင့် ဎင်းနတ်သားလည်း မထေရ်မြတ်တို့အား ဝန်ခံလျှောက် ထားပြီးလျှင် လူ့ပြည်မှာ ပဋိသန္ဓေယူ၍ အချိန်သင့်သောခါ ရဟန်းပြုလျက် ဆုတောင်း ဘက်ဖြစ်သည့်အတိုင်း မင်းကြီးမေးလျှောက်သမျှသော ပြဿနာရပ်များကို ထင်ရှားသိသာ နှစ်သက်စွာ ဖြေကြားနိုင်သဖြင့် မင်းကြီးသည် သာသနာတော်မြတ်ကို အတိုင်းမသိ ကြည်ညိုလေးစား အမျိုးမျိုးသော ပစ္စည်း ၄-ပါးတို့ဖြင့် ထောက်ပံ့ပြီးလျှင် ရဟန်းရောင်တို့ဖြင့် နိုင်ငံတော်အလုံး လွှမ်းဖုံးစေတော်မူပြီးကာ ထီးနန်းကိုစွန့်လျက် သာသနာသို့ ကိုယ်တော်တိုင် ဝင်ရောက် ရဟန်းပြုကြောင်း မိလိန္ဒပဉှာ၌ ထင်ရှားဖော်ပြကုန်၏။

## မိလိန္ဒမင်းကြီး၏ အဆက်အနွယ်

မိလိန္ဒမင်းကြီးသည်ကား သူ၏မွေးဖွားရာ အလသန္ဒ အလက္ကဇန္ဒြ အရပ်မှ မည် သည့်အခါ မည်သို့အရေးအကြောင်းဖြင့် ချီတက်တိုက်ခိုက် တိုင်းနယ်များကို သိမ်းပိုက်လျက် လက်ရယူကြောင်း မိလိန္ဒပဉှာ၌ အစဉ်အဆက်ရာဇဝင် မထင်ရှားစေကာမူ ယောနကတိုင်း၌ ဖွားမြင်၍ အခြားအနောက်မြောက်ပိုင်း ရာဇဝင်များအရ ဎင်း၏အထက် အဆက်အနွယ်တို့ မှာ-

၁။ ယူသိဒိပုမင်း
၂။ ဝိမင်တြုမင်း
၃။ အက်ပိုလိုဒိုတု မင်း-၁ *(ပထမ)*
၄။ အက်ပိုလိုဒိုတု မင်း-၂ *(ဒုတိယ)*

တို့ဖြစ်ကြသဖြင့် ထိုမင်းများလက်ထက်ကပင် သိန္ဓုတိုင်းနယ်သို့ ဝင်ရောက်ကာ ဎင်းတို့၏ကိုယ်စားလည်း မင်းငယ်များအုပ်ချုပ်စေကြောင်း ဎင်းအက်ပိုလို ဒု ၂ *(ဒုတိယ)*-မင်းလက်ထက်မှဆက်၍ မိလိန္ဒမင်းကြီးလက်ထက်မှာကား ဎင်းသိန္ဓုတိုင်းကို ကျော်လွန်ကာ ဂန္ဓာရတိုင်းကြီး အနီးအနားဖြစ်သော ဆိုခဲ့ပြီး မဒ္ဒတိုင်း၊ သာဂလမြို့တော်ကြီးကိုပင် အသစ်တဖန် တည်ထောင်ဖန်ဆင်းလျက် ယောနကအမတ် ၅၀၀-နှင့် တိုင်ပင်ဆွေးနွေးပြီး တိုင်းရေးပြည်ရာများခွဲခန့် ချထားတော်မူပြီးလျှင် ဘာသာဝါဒ တရားတော်တို့ကိုလည်း

ၛင်း ၅၀၀-သော ယောနကအမတ်များနှင့် တိုင်ပင်ညီညွတ်ကာ ဆည်းကပ်တော်မူကြောင်း ထိုကြောင့် ဆရာအမျိုးမျိုးသို့ ဆည်းကပ်လျှောက်ထားသောအခါ ယောနကအမတ်များလည်း အတူတကွ မင်းတရားကြီးနှင့် လိုက်ပါကြကြောင်း ၎င်းမိလိန္ဒပဉှာ၌ ထင်ရှားစွာ ဖော်ပြရေးသား၏။

ထိုသာဂလမြို့တော်၌ ရှေးကလည်း သာသနာတော် အဆက်အနွယ်ရှိ၍ ရဟန်းသံဃာတော်များစွာ သီတင်းသုံးတော်မူသော မြို့တော်ဖြစ်ကြောင်း, ၎င်းမြို့တော်၌ များစွာသော ကျောင်းတိုက်ကြီးများရှိကြ၍ ၎င်းတို့တွင် **သင်္ချေယျပရိဝေဏ ကျောင်းတိုက်ဟော်ကြီး** မှာ အထူးထင်ရှားလျက် **အာယုပါလမထေရ်မြတ်ကြီး**သည် ၎င်းကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူကြောင်း ရေးသားသဖြင့် ၎င်းမိလိန္ဒမင်းတရားကြီး ထီးနန်းမစိုက်မီကပင်လျှင် သာသနာတော် ထွန်းကားလျက်ရှိကြောင်း မှတ်သားအပ်ကုန်၏။

ထိုသို့ နေပြည်တော်၌ သံဃာတော်များ ရှိကြငြားလည်း မင်းကြီး၏ ခက်ခဲသိမ်မွေ့သော ပြဿနာများ လျှောက်ထားမေးမြန်းခြင်းကြောင့် ရဟန်း, သံဃာတို့ ဟိမဝန္တာ ရက္ခိတတလအရပ်သို့ ချဉ်းကပ်တော်မူကြလျက် အညီအညွတ်တိုင်ပင်တော်မူကြကာ ဆုတောင်းဘက်နာဂသေန နတ်သားအား တောင်းပန်ကြပြီး ၎င်းအစည်းအဝေး၌ သမာပတ်ဝင်စားသဖြင့် မလာသော **အရှင်ရောဟဏ** မထေရ်အား တာဝန်ထား၍ ဟိမဝန္တာအနီး ဇဇင်္ဂလရွာ ပုဏ္ဏားမ၏ ဝမ်းတိုက်၌ ပဋိသန္ဓေတည်နေသော **နာဂသေန**အား ၇-နှစ်ရွယ် သာမဏေငယ် ဖြစ်သည်တိုင်အောင် စောင့်ရှောက်ရန် ဒဏ်ထားတော်မူကြသည့်အတိုင်း ကြောင့်ကြစိုက်ကာ သာမဏေ ပြုခွင့်ရပြီးနောက် **ဝတ္တနိကကျောင်းတိုက်**မှ ရဟန္တာမထေရ်များ သီတင်းသုံးတော်မူရာ ရက္ခိတတလသို့ ခေါ်ဆောင်သာမဏေပြုကြောင်း, အရှင်နာဂသေန ဖွားမြင်ရာ **ဇဇင်္ဂလရွာ**မှာ ဟိမဝန္တာအနီးဖြစ်၍ ဝတ္တနိကကျောင်းတိုက်လည်း မနီးမဝေးမှာတည်ရှိကြောင်း, ၎င်းမှ ယူဇနာ ၁၀၀-ဝေးကွာသော အသောကာရာမ ကျောင်းတိုက်သို့ သွား၍ သုတ်, ဝိနည်းများသင်ယူကြောင်း လာသဖြင့်လည်း ထိုအခါက ၎င်းတိုင်းနယ် သံဃာတော်များကား မဂဓတိုင်း ထေရဝါဒဂိုဏ်းကြီးနှင့် ဆက်သွယ်ကြကြောင်း ကောင်းစွာ ထင်ရှား၏။

၎င်းပြင် မိလိန္ဒမင်းကြီးသည် အနောက်ပိုင်းတိုင်းနယ်တို့ကို သိမ်းပိုက်ပြီး သာသနာတော်ပြုစဉ် အလယ်ပိုင်းတိုင်းနိုင်ငံများအတွင်း၌ ဗြာဟ္မဏဘာသာဝင် သုင်မင်းမျိုးများ စိုးမိုးအုပ်ချုပ်လျက်ရှိကြ၍ ၎င်းမင်းများသည် သာသနာရေးနှင့် မစပ်မဆိုင်သော်လည်း တိုင်းနိုင်ငံ၌ရှိသော ဗုဒ္ဓသာသနာတော်ကိုလည်း ဖျက်ဆီးခြင်းမပြုဘဲ ရှိခြင်းကြောင့်သာလျှင် ထိုအခါက အသောကာရုံကျောင်းတိုက်ကြီးမှာ သံဃာတော်များ သီတင်းသုံးတော်မူကြ

လျက်ရှိကြောင်း, ၎င်းပြင် ပါဋလိပုတ်သူဌေးလည်း အနောက်မြောက်ပိုင်း မဒ္ဒတိုင်း စသည်သို့ ကူးသန်းရောင်းဝယ် ကုန်သွယ်ခြင်းငှာ လှည်း ၅၀၀-နှင့် ပြန်အလာတွင် အရှင်နာဂသေန ပါဋလိပုတ်သို့ ကြွတော်မူသည်နှင့် တွေ့ကြုံကြောင်း လာသဖြင့်လည်း မြတ်စွာဘုရားလက်ထက်တော်က ထင်ရှားရှိသော မဇ္ဈိမဒေသမှ တက္ကသီလစသော အနောက်မြောက်တိုင်းများ သို့သွားရောက်ရာ မင်းလမ်းမကြီးနှင့် ဝတ္တနိယတောကျောင်းမှာ မကွာဝေးလှကြောင်း ဟိမဝန္တာအနီးပင်ဆိုသော်လည်း သာဂလနေပြည်တော်နှင့်လည်း အလွန်ကွာဝေးသော ခရီးမဟုတ်ကြောင်း မှတ်သားအပ်ကုန်၏။

ထိုမှတပါး ထိုတိုင်းနိုင်ငံများ၌ သီတင်းသုံးတော်မူကြသော ထေရဝါဒဂိုဏ်း သာသနာတော်ဝင် မထေရ်မြတ်တို့မှာ မဂဓဘာသာကိုပင် ဘုရားရှင်လက်ထက်တော်ကကဲ့သို့ လေးစားလျက် ပိဋကတ်တော်များ အစဉ်အလာအားဖြင့် သင်ကြားတော်မူကြကြောင်း, သို့ဖြစ်၍ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေန မထေရ်မြတ်တို့ မေးဖြေအပ်သော ပြဿနာများကို မဂဓဘာသာအားဖြင့် မှတ်တမ်းတင်ထားတော်မူကြကြောင်း ကောင်းစွာမှတ်သားအပ်ကုန်၏။

## အနှစ် ၉၀၀-ကျော် တရုတ်ရဟန်းတော်တို့ ရောက်စဉ်

ထို့ပြင်လည်း သာသနာတော် ၉၀၀-ကျော်မှာ ဗုဒ္ဓနိုင်ငံတော်ဆိုင်ရာ မဇ္ဈိမဒေသသို့ ဗဟုသုတ ရှာဖွေရန်လာရောက်သော ရဟန်းတော်ဖါဟိုင် ရောက်စဉ်က ၎င်းအနောက်မြောက် တိုင်းနိုင်ငံများဖြစ်သော ဥဒယာနတိုင်း, ဂန္ဓာရတိုင်း, ကသ္မီရတိုင်း စသည်တို့ကို ရောက်ခဲ့၍ ၎င်းတိုင်းများ၌ ကျောင်းတိုက်ကြီးများ များစွာတွေ့ရသည့်အပြင် ထေရဝါဒဂိုဏ်းဝင် သံဃာတော်များလည်းတွေ့ရကြောင်း ရေးသား၍ ၎င်းနောက် နှစ်ပေါင်း ၂၀၀-ကျော် သာသနာတော် ၁,၀၀၀-ကျော်၌ လာရောက်သော ရဟန်းတော်ဝှင်သျှင် ရောက်စဉ် အခါကမူ သာဂလမြို့တော်နှင့် အနီးအနားမြို့များသို့လည်းရောက်၍ ၎င်းတို့၌ သံဃာအာရာမ် ကျောင်းတိုက်မြောက်မြားစွာပင် တွေ့ရသော်လည်း သံဃာတော်ကား များစွာမတွေ့ရကြောင်း ရေးသား၏။

ထိုမှတပါးလည်း ၎င်းသာဂလမြို့တော်၏ အရှေ့မြောက် ၂-ကောသလောက် အကွာတွင် ဘကိယသို့မဟုတ် ယခုအဆရ ခေါ်မြို့ရှိ၍ ၎င်းမြို့မှာပင် ကျောင်းတိုက်ပေါင်း ၁၀-တိုက်မျှတွေ့ရာ မည်မျှသံဃာရှိကြောင်း မလာသည့်အပြင် ဗုဒ္ဓသာသနာတော်ကို ကြည်ညိုသောသူများကား အနည်းငယ်မျှရှိကြောင်း၊ ၎င်းမှ ၁-ကောသလောက်ကွာဝေးသော အရှေ့မြောက်ယွန်းယွန်းမှာ အသောကမင်းတရားကြီး တည်ထားတော်မူသော အမြင့်

အတောင် ၁၃၀-ကျော်ရှိသည့် စေတီတော်ကြီး ၁-ဆူတည်ရှိ၍ ၎င်းစေတီတော်ကြီးကား ဘုရားရှင်သီတင်းသုံးတော်မူဖူးသော နေရာတော်တွင် များစွာသောဓာတ်တော်များ ဌာပနာ၍တည်ထားကြောင်း၊ ၎င်းမြို့မှ အရှေ့သို့သွားသောအခါ ၄-ကောသအကွာ လောက်တွင် **နရသီဟ**မြို့သို့ရောက်၍ ၎င်း၌မူကား စေတီတော်အဟောင်းများ တွေ့ရသည့် အပြင် ၁၈-တောင်မျှရှိသော မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူဟန် လျောင်းတော်ကြီးမှာ ပျက်စီးချို့ယွင်းနေသည်ကို တွေ့မြင်ဖူးမျှော်ခဲ့ရကြောင်းများလည်း ရေးသားဖော်ပြ လေသည်။

၎င်းမှတ်တမ်းများအရ ထိုရဟန်းတော်များရောက်သော သာသနာတော်အနှစ် ၁၀၀၀-ကျော်အောင် ထိုနေရာဌာနများ၌ ဗုဒ္ဓဘာသာဆိုင်ရာ အထိမ်းအမှတ် အမြောက် အမြား သာဂလမြို့တော်ကြီးနှင့် အနီးအနား ထက်ဝန်းကျင်မြို့များမှာ ရှိနေသေးသည်ကို ထောက်ဆလျှင် မဟာမိလိန္ဒမင်းကြီး၏ခေတ်၌ သာသနာတော် အကြီးအကျယ်ပြန့်ပွား၍ နိုင်ငံတော် အနှံ့အပြားတည်ထွန်းကြောင်း, မိလိန္ဒပဥှာကို ထောက်ထား၍ မဂဓဘာသာ အားထားသော ထေရဝါဒဂိုဏ်းများ*(ပြား)*ကြောင်း, မဟာသံဃိတိဂိုဏ်းသားများ လေးစား သော သကတဘာသာ သာသနာမှတ်တမ်းများကား မထင်ရှားလှကြောင်း မှတ်သား အပ်ကုန်၏။

သို့ရာတွင် မဟာသံဃိတိ ဂိုဏ်းသားများကား ပဌမ, ဒုတိယ သံဂါယနာတင်သော အခါ ကွဲပြားလာစဉ်ကပင် အနောက်မြောက်ပိုင်းတိုင်းများသို့ တဖြည်းဖြည်းရောက်သွား ကြသည်ဖြင့် ထိုတိုင်းဌာနများကား များသောအားဖြင့် မဟာသံဃိက အများဂိုဏ်းသားများ ခိုအောင်း တည်နေရာကြီးဖြစ်စေကာမူ မိလိန္ဒမင်းတရားကြီးလက်ထက်မှာ ထိုမဟာသံဃိက ဂိုဏ်းသားများသည် ကသ္မီရဂန္ဓာတိုင်းတို့၌ ရှိငြားသော်လည်း ၎င်းတို့သည် မင်းဘာသာ မဟုတ်သဖြင့် ၎င်းမှတ်တမ်းများတွင် ထင်ရှားမပြကုန်။

ထိုသို့ မဟာသံဃိက ဂိုဏ်းသားများလည်း ထင်ရှားရှိခြင်းကြောင့်သာ ၎င်းနောက် သာသနာ အနှစ် ၂၀၀-လောက်မှာ ၎င်းမဟာသံဃိတဂိုဏ်းသားများ တစတစ တိုးပွားလာ လျက် ထွန်းတက်လာပြီးလျှင် မင်းဘာသာအဖြစ်သို့ ရောက်လာခဲ့၍ ၎င်းဂိုဏ်း သာသနာ အရ သံဂါယနာတင်ကြကြောင်း, ၎င်းအကြောင်းအရာများကို နောက်သာသနာခေတ် ၂-ရာစုအခန်း၌ ရေးသားလတ္တံ့ဖြစ်၍ ယခုဤမျှသာ ရေးသားအပ်ကြောင်း မှတ်သား အပ်ကုန်၏။

ဤအနောက်မြောက်ပိုင်း တိုင်းနယ်များကား ရာဇဝင်အားဖြင့် အဖြစ်အပျက် အပြောင်းအလဲ နိုင်ငံရေးအခက်အခဲများ မကြာမကြာ ခေတ်ပြောင်းသကဲ့သို့ သာသနာ

တော်တည်းဟူသော ဗုဒ္ဓနိုင်ငံတော်ကြီးလည်း အခြားဘာသာများ ဝင်ရောက်နှောက်ယှက်ခြင်း, သာသနာတော်အတွင်း ဂိုဏ်းအယူဝါဒ ကွဲပြားခြင်းစသော အနှောက်အယှက်ဘေးတို့ကြောင့် အမျိုးမျိုးပြောင်းလဲလာလျက် တစ်ခေတ်တစ်ခါ တစ်သာသနာစီ အသီးအခြား ဖြစ်ပွားလာခဲ့ကြလေကုန်၏။

✪ ✪ ✪ ✪ ✪

## သာသနာတော်နှစ် ၄-ရာစု
## သီဟိုဠ်သာသနာ မဟာစေတီတည်ခြင်းအကြောင်း

ဤသာသနာတော် အနှစ် ၄၀၀-အတွင်း၌ သီဟိုဠ်ကျွန်းမှာ မင်းတရားကြီး ပြုစုတော်မူခဲ့သော သာသနာတော်သည် လွန်စွာပွားစီးလျက် ထွန်းတက်သော အချိန်အခါဖြစ်၍ သာသနာပြု သာသနာ့ဒါယကာ မင်းတရားလည်း သီဟိုဠ်ရာဇဝင်ခေတ်၌ တက်သစ်သော နေအလား အလွန်ထင်ရှားသော ဒုဋ္ဌဂါမဏိမင်းတရားကြီး လက်ထက်ဖြစ်သဖြင့် သာသနာတော်လည်း တက်သစ်သောနေအသွင် အလွန်လျှင် တင့်တယ်ထွန်းတောက်သောအခါ ဖြစ်ကြောင်း သီဟိုဠ်မဟာဝင်မှတ်တမ်းများ၌ အလွန်ခမ်းနားကြီးကျယ်စွာ ရေးသားကြကုန်၏။

### မဟာစေတီတည်ရာ၌ ဇမ္ဗူဒီပမှ ရဟန္တာများ ကြွခြင်း

ဤမင်းတရားကြီးလက်ထက်၌ပင် သီဟိုဠ်ကျွန်းတွင် အထင်ရှားဆုံး တန်ခိုးအကြီးဆုံးဖြစ်တော်မူသော မဟာစေတီတော်မြတ်ကြီးကိုလည်း တည်တော်မူ၍ ထိုစေတီတော် တည်တော်မူသော အခမ်းအနား၌ ဇမ္ဗူဒီပါကျွန်းကြီးမှလည်း များစွာသော သံဃာတော်များ ကြွရောက်ချီးမြှောက်တော်မူကြကြောင်း ၎င်းမထေရ်များနှင့် အရပ်ဒေသ ထိုထိုတိုင်းများမှာ-

၁။ မဂဓတိုင်း ရာဇဂြိုဟ်ပြည်မှ အရှင်ဣန္ဒဂုတ္တ ကြီးမှူးသော သံဃာတော်များ

၂။ ကာသိတိုင်း ဣသိပတန မိဂဒါဝုံမှ အရှင်ဓမ္မသေန ကြီးမှူးသော သံဃာတော်များ

၃။ ဝဇ္ဇီတိုင်း ဝေသာလီပြည် မဟာဝုံမှ အရှင်ဗုဒ္ဓရက္ခိတ ကြီးမှူးသော သံဃာတော်များ

၄။ ဝံသတိုင်း ကောသမ္ဗီပြည် ဃောသိတာရုံမှ အရှင်ဓမ္မရက္ခိတ ကြီးမှူးသော သံဃာတော်များ

၅။ အဝန္တိတိုင်း ဥဇ္ဇေနီပြည် ဒက္ခိဏာဂီရိမှ အရှင်သံဃရက္ခိတ ကြီးမှူးသော သံဃာတော်များ

၆။ **မဂဓတိုင်း** ပါဋလိပုတ်ပြည် **အသောကာရုံ**မှ **အရှင်ပတ္တုန္န** ကြီးမှူးသော သံဃာတော်များ

၇။ **ပန္ဒိရမဏ** အရပ်မှ အရှင်**နတ္တုန္န** ကြီးမှူးသော သံဃာတော်များ

၈။ **မလ္လာဝဘောဂ** အရပ်မှ အရှင်**မဟာဒေဝ** ကြီးမှူးသော သံဃာတော်များ

၉။ **အလသန္ဒ** ကျွန်းမှ အရှင်**ယောနကဓမ္မရက္ခိတ** ကြီးမှူးသော သံဃာတော်များ

၁၀။ **ဝိဉ္ဈာဋဝီ**တောအုပ် **ဝတ္တနိယ** ကျောင်းတိုက်မှ အရှင်**ဥတ္တရ** ကြီးမှူးသော သံဃာတော်များ

၁၁။ **ဗောဓိမဏ္ဍိုင်** ကျောင်းတိုက်မှ အရှင်**စိတ္တဂုတ္တ** ကြီးမှူးသော သံဃာတော်များ

၁၂။ **ဝနဝါသီ** အရပ်မှ အရှင်**စန္ဒဂုတ္တ** မထေရ်ကြီးမှူးသော သံဃာတော်များ

၁၃။ **ကေလာသ**ကျောင်းတိုက်မှ အရှင်**သူရိယဂုတ္တ** ကြီးမှူးသော သံဃာတော်များ-

အစရှိသော များစွာသော သံဃာတော်များဖြစ်ကြ၍ ဤမျှလောက် များပြားကြီးကျယ်စွာ သံဃာတော်အပေါင်းဖြင့် မဟာစေတီတော်မြတ် တည်ထားတော်မူကြောင်း ခမ်းနားစွာ ရေးသားဖော်ပြကုန်၏။

ဤမဟာဝင် သီဟိုဠ်မှတ်တမ်းအရ ထိုစဉ်ကာလက ဇမ္ဗူဒီပတိုင်း နိုင်ငံအများ၌လည်း သာသနာတော် ထွန်းကားစည်ပင်လျက် အဆက်အနွယ်ဝံသ ထေရဝါဒ ဖြစ်တော်မူကြသည် အားလျော်စွာ ၎င်းတို့ သဘာဝအလျောက် ချီးမြှောက်တော်မူကြခြင်း၊ ၎င်းပြင် ရဟန္တာအရှင်တို့ဖြစ်ကြ၍ မင်းကြီး၏ အလိုကို သိတော်မူကြသဖြင့် သဘာဂ သံဃာတော်များ ဤမျှ များပြားစွာ အခြားတိုင်းနိုင်ငံတို့မှာလည်း ရှိတော်မူကြကြောင်း သိရ၍ အထူးသက်ဝင် ကြည်ညိုစေခြင်းငှာ ကြွလာတော်မူကြကြောင်း ကောင်းစွာမှတ်သားအပ်ကုန်၏။

ဤသို့ ကြွလာတော်မူကြသော သံဃာတော်များတွင် မဇ္ဈိမဒေသတိုင်းနယ်များဖြစ်သော မဂဓတိုင်း, ဝဇ္ဇီတိုင်း, ကာသိတိုင်း, ဝံသတိုင်းစသော အလယ်ပိုင်း တိုင်းနိုင်ငံများမှ သံဃာတော်များ ကြွလာတော်မူကြသည်ကို ထောက်ဆ၍ ၎င်းအလယ်ပိုင်း တိုင်းနိုင်ငံများ၌ ထို ၂-ရာစုက အုပ်စိုးကြသော ဘုရင်တို့မှာ သာသနာဝင်များ မဟုတ်ငြားလည်း သာသနာတော်ကြီးကား မထေရ်မြတ်တို့ ဘုန်းကံတော်အားဖြင့် ထွန်းကား၍ ထေရဝါဒ သာသနာ ပင် စည်ကားလျက်ရှိကြောင်း၊ ထို့ပြင် မင်းတရားကြီးနှင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်တို့ ပြုစုအပ်သော ဝနဝါသီတိုင်း, **အပရန္တ**တိုင်းတို့မှ အထူးအားဖြင့် ယောနကတိုင်း **အလသန္ဒ** မည်သော မိလိန္ဒမင်းတရား၏ ဇာတိဖြစ်သော နေရပ်မှ ယောနကဓမ္မ

ရက္ခိတမထေရ်၏ ကြီးမှူးသော သံဃာတော်များနှင့် အရှင်နာဂသေနမထေရ်၏ သာသနာတော်ဝင်ရာ ဝတ္တနိယကျောင်းတိုက်မှ သံဃာများလည်း ကြွလာတော်မူသည်ကို ထောက်ဆ၍ မိလိန္ဒမင်းကြီးကား ယောနကတိုင်းဖွားဖြစ်၍ အသောကမင်းတရားတို့ပြုစုသော သာသနာတော်မှ ဆက်နွယ်ကာ ထေရဝါဒသာသနာ မဂဓဘာသာအားဖြင့် ပိဋကတ်တော်များ လေ့လာတော်မူကြောင်း၊

## သာသနာနှစ် ၄-ရာစု အဖြစ်အပျက် အကျဉ်းချုပ်

ထို့ပြင် ထိုတိုင်းနယ်များဖြစ်သော ယောနကမ္ဗောဇတိုင်းများလည်း ထေရဝါဒသာသနာသာလျှင် ထွန်းကားကြောင်း၊ ထိုစဉ်အခါက မင်းတရားကြီး ပြုစုတော်မူခဲ့သော သာသနာတော်ကြီးမှာ အနှစ် ၄-ရာစုအတွင်း မဇ္ဈိမတိုက်အလုံးနှင့်တကွ အပရန္တတိုင်း အနောက်မြောက်ပိုင်း တိုင်းနယ်များနှင့် ယောနကဂရိတ်တိုင်းနယ်အထိ ထွန်းကားလျက်ရှိကြောင်း ကောင်းစွာ မှတ်သားအပ်ကုန်၏။

ဒုဋ္ဌဂါမဏိ မင်းကြီးကား လင်္ကာကျွန်းတွင် အလွန်ပင်ထင်ရှားသော ၎င်းကျွန်း၏ ရာဇဝင်ခေတ်ကြီးကို အမြင့်ဆုံးအတန်းသို့ တင်ပေးတော်မူသော သီဟဠလူမျိုးများ၏ အားထားရာ မင်းကြီးတစ်ပါးဖြစ်သည့်အပြင် သာသနာတော်ခေတ်တွင်လည်း ၎င်းကျွန်းမှာ သာသနာတော်လည်း ဆုံး, ဘာသာလည်း ပြုန်းမည်ဖြစ်သော စောဠတိုင်းသား ဒမိဠလူမျိုးများ လွှမ်းမိုးကာ တန်ခိုးအာဏာကြီးမားလျက် တိုင်းရင်းသားတို့ အရေးတော်မလှ, သာသနာတော်လည်း မှေးမှိန်သော ခေတ်သမယသို့ ကျရောက်တော့မည်ရှိသည်တွင် ၎င်းဝင်ရောက်လာသော ဒမိဠ ၁၈-ပြည်ထောင်တို့ကို နှိမ်ချိုးသုတ်သင်၊ ၎င်းဝါဒဘေးမှလည်း သာသနာကို ကင်းစင်စေလျက် စင်ကြယ်မြင့်မြတ်သော သာသနာ့ဂုဏ်တန်ဖိုး တိုးတက်တောက်ပ ဗုဒ္ဓနိုင်ငံတော် တည်မြဲထွန်းကားအောင် ဆောင်ရွက်တော်မူသော သာသနာဝင်တွင် အထူးထင်ရှားသော မင်းကြီးတစ်ပါး ဖြစ်ခဲ့၏။

၎င်းမင်းတရားသည် မဟာဝင်လာသည့်အတိုင်း သာသနာ အနှစ် ၃၆၄-ခုနှစ်တွင် ထီးနန်းသိမ်းပိုက် ခမည်းတော်၏ အရိုက်အရာကို ခံယူတော်မူကြောင်း၊ ၎င်းပြင် တိုင်းပြည်နိုင်ငံ ရန်ဆူးရန်ငြောင့်တို့ကို အကုန်အစင် သုတ်သင်ရှင်းလင်း သာသနာတော်ကိုလည်း အထူးသဖြင့် ထွန်းလင်းစေလျက် အနှစ် ၆၀-တိုင်အောင်ပင် လင်္ကာကျွန်းတွင် မင်းပြုလုပ်တော်မူကြောင်း၊ အတိုင်းမသိသော ကုသိုလ်ကောင်းမှုတော် အရပ်ရပ်တို့ကို ပြုစုတော်မူကာ အထူးအားဖြင့် အကြီးအကျယ် အခမ်းအနားဆုံးဖြစ်သော ကျော်ကြားအတိပြီးသော

ကျောက်တိုင်တို့ဖြင့် စိုက်ထူလျက် ယခုတိုင် ထင်ရှားရှိသော ကုဋေ ၃၀-ကုန်ကျသည့် လောဟပါသာဒ ကြေးပြာသာဒ်တော်ကြီးနှင့် မရေတွက်နိုင်သော ဥစ္စာပစ္စည်းတို့ကို စွန့်ကာ သာသနာတွင် အထူးလေးစား၍ သဒ္ဓါပွားဖွယ်ရာ ရေတွက်၍ မဆုံးနိုင်သော သရီရဓာတ်, မွေသရီတော်မြတ် ကိန်းဝပ်တည်နေတော်မူသည့် မဟာစေတီတော်ကြီး စသည်တို့ကို ပြုစုတည်ဆောက်တော်မူလျက် သာသနာတော် ၄၂၄-ခုနှစ်၊ နတ်ပြည်သို့ ကြွတော်မူကြောင်း ထင်ရှားစွာ လာ၏။

၎င်းပြင် မဟာဝင်စကားအရ ဤဒုဋ္ဌဂါမဏိမင်းကြီးကား ၎င်း၏နန်းစံတော်နှစ် နောက်ပိုင်းတွင် ဤမဟာစေတီတော်ကို အားထုတ်ပြုလုပ်စေအပ်သဖြင့် ဤစေတီတော် အပြီးတွင် မင်းကြီးလည်း မကျန်းမာတော်မူ၍ အလွန်သည်းထန်(စွာနာ)သောအခါ ညောင်စောင်းနှင့်တကွ မဟာစေတီတော်ရင်ပြင်သို့ ယူဆောင်စေပြီးလျှင် ရဟန္တာမထေရ် အပေါင်း ဝန်းရံကာ များစွာသော ကုသိုလ်တော်စာရင်းများ ဖတ်ကြားစေလျက် သံဃာတော် အရှင်မြတ်များကိုလည်း အထူးထူးသော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်တော်မူပြီး မဟာစေတီ တော်မြတ်ကြီးကိုလည်း အမျိုးမျိုးပူဇော်၊ ညီတော်ကိုလည်း စေတီတော်ကြီးမပြီးသေးသော ပြုလုပ်ဖွယ်များ ဆက်လက်အားထုတ်ရစ်ရန် အတန်တန်သော စကားတို့ဖြင့် မှာကြားတော် မူလျက် မပျက်သော စေတီတော်အာရုံကိုယူပြီး တုသိတာနတ်ထီးသို့ မြန်းကြွတော်မူကြောင်း ထင်ရှားစွာလာ၏။

ဤသို့အားဖြင့် ဤမဟာစေတီတော်မြတ်ကြီးကား သာသနာတော် ၄၂၄-ခုနှစ်၌ အုတ်, အင်္ဂတေ မွမ်းမံပြီးစီးကြောင်းနှင့် မင်းကြီး မမာတော်မူ၍ ရင်ပြင်တော်သို့ ညောင်စောင်းဖြင့် ယူဆောင်ရွှေ့ပြောင်းလာသောအခါ ကုဋေများစွာသော မထေရ် အပေါင်းတို့ သာသနာတော်၌ ကျေးဇူးများသော မင်းတရားကြီးဖြစ်သည့်အလျောက် ၎င်းအား သဒ္ဓါကြည်ညိုဖြစ်စေရန် ကြွလာတော်မူကြကြောင်း စသည်လာသဖြင့် သာသနာတော် အနှစ် ၄၀၀-ကျော်အောင် အရပ်များစွာ တိုင်းဌာန အသီးသီးတို့၌ သာသနာတော်မြတ်ကြီး ပွားစီးလျက်ပင်ရှိကြောင်း၊ ဤမင်းကြီးလက်ထက်မှာ မဇ္ဈိမ သာသနာနှင့် သာသနာပြု တိုင်းဌာနတို့၌ သာသနာတော် ထွန်းပလျက်ရှိသဖြင့်သာ နိုင်ငံ အသီးသီးမှ ရဟန်းသံဃာတော် အမြောက်အများ ကြွလာတော်မူကြကြောင်း၊ ၎င်းပြင် သာသနာဝင်မဟုတ်သော မင်းများ၏ တိုင်းနိုင်ငံတို့၌ မင်းဘာသာ မဟုတ်စေကာမူ မဖျက်ဆီးသဖြင့် စည်ကားလျက်ရှိကြောင်း ကောင်းစွာမှတ်အပ်၏။

ဤသို့လျှင် သာသနာ့နိုင်ငံတော်သည် နှစ်ပေါင်း ၄၀၀-အတွင်း သာသနာခေတ် သာသနာဝင် မှတ်တမ်းတင်လောက်သော အဖြစ်အပျက် အချုပ်အားဖြင့်-

- ဗုဒ္ဓသာသနာဝင် မောရိယမင်းမျိုးများ တန်ခိုးအာဏာလျော့ကျ၍ ဗြာဟ္မဏဘာသာဝင် သုင်္ဂ ကဏ္ဍ မင်းမျိုးတို့ တန်ခိုးအာဏာ တိုးတက်ကာ မဂဓတိုင်း အလယ်ပိုင်းမှ ဗုဒ္ဓသာသနာသည် မင်းဘာသာမဟုတ် ဖြစ်ခဲ့ရာ သာသနာကား စည်ပင်လျက်ရှိခြင်း
- သို့ရာတွင် အစွန်အနားတိုင်းနယ်များသို့ သာသနာရောက်ရှိ ဒါဌာဓာတုဝင်ကို ထောက်ထားခြင်းအားဖြင့် ကလိင်္ဂတိုင်း, ဝံသတိုင်းစသော တိုင်းနိုင်ငံအချို့ မဂဓ လက်အောက်မှလွတ်မြောက်ပြီး ဗုဒ္ဓဘာသာမင်းမျိုးများ အုပ်ချုပ်ကာ သာသနာပြုကြခြင်း
- ထိုမှတစ်ပါး အနောက်မြောက် တိုင်းနိုင်ငံများဖြစ်ကြသော ယောနက ကမ္ဗောဇတိုင်းများမှ ၎င်းတို့၌ ဗုဒ္ဓတရားတော် ပျံ့နှံ့သည်အားလျော်စွာ ဗုဒ္ဓဘာသာ မင်းမျိုးများ၏တန်ခိုး လွှမ်းမိုးကာ သိန္ဓုမြစ် ကျော်ဖြတ်တိုက်ခိုက် တိုင်းနိုင်ငံတို့ကို သိမ်းပိုက်ပြီး တိုင်းနိုင်ငံသစ် ချဲ့ထွင်လာကြရာ ၎င်းတို့တွင် မိလိန္ဒမင်းကြီးကား ထင်ရှားစွာ သာသနာတော် ပြုစုတော်မူခြင်း
- အထူးသဖြင့် သီဟိုဠ်ကျွန်း သာသနာတော်ကား ရေးသားပြီးသည့်အတိုင်း နှစ် ၄၀၀- အတွင်းမှာ ဗြာဟ္မဏအယူဝါဒရှိသော စောဠတိုင်းသား မင်းဆက်များကို ဖျက်ဆီးလျက် ဗုဒ္ဓသာသနာတော်ကြီးကို တက်သစ်သော နေမင်းပမာ လွန်စွာတောက်ပစေသည့်အပြင် သီဟိုဠ်ကျွန်း တိုင်းရင်းသားတို့၏ တန်ခိုးကိုလည်း အထူးမြှင့်တင်ခဲ့သော ဒုဋ္ဌဂါမဏိ မင်းတရားကြီး သာသနာတော်ပြုစုခြင်း
- ၎င်းပြင်လည်း သုဝဏ္ဏဘူမိတိုင်း သာသနာကား အဖြစ်အပျက် အကြောင်းအရာများ ထင်ရှားမရှိစေကာမူ သာသနာပြု အရှင်သောဏမထေရ်, အရှင်ဥတ္တရမထေရ်တို့၏ ထေရဝံသ အဆက်အနွယ်တို့ကို ထောက်ဆ၍ စဉ်လာမပျက် စည်ကားလျက်ရှိခြင်း-

စသည်တို့ဖြင့် သာသနာတော် အနှစ် ၄၀၀- အတွင်းဖြစ်ပွားသော ဗုဒ္ဓနိုင်ငံတော် အတ္ထုပ္ပတ္တိကား ဤတွင် အဆုံးသတ်အပ်ပြီ။

✪ ✪ ✪ ✪ ✪

## သာသနာနှစ် ၅-ရာစု အတွင်း
## သာသနာ့နိုင်ငံတော်အကြောင်း

မြတ်စွာဘုရားလက်ထက်တော်က မဇ္ဈိမတိုက်နိုင်ငံများ၌ မင်းတို့မှာ သာသနာတော်ကို သက်ဝင်ကြည်ညိုကြသည့်အပြင် ဘုရားရှင်ကိုယ်တော်တိုင်လည်း အသီးသီးသော တိုင်းနိုင်ငံများသို့ ဒေသစာရီကြွချီတော်မူကာ သတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးဆုံးမတော်မူသဖြင့် ၎င်းနိုင်ငံတို့၌ ပွင့်တော်မမူမီ ရှေးအစဉ်အလာအရ ဗြာဟ္မဏဘာသာအားနည်း၍ လာသော်လည်း အနွယ်ဝံသ အဆက်ဆက် မပျက်စီးဘဲ အခွင့်အရေးအားလျော်စွာ ရံခါရံခါ၌ ထွန်းကားလာကြောင်း၊ နောက်အပိုင်း ၂-ရာစုက ရေးသားခဲ့သည့်အတိုင်း ဗြာဟ္မဏဘာသာဝင် ဘုရင်မင်းမျိုးဖြစ်ကြသည့် သုင်္ဂမင်းဆက်များ အုပ်စိုးလာခဲ့သဖြင့် ၎င်းဘာသာတရားများ ထွန်းကားလာကြောင်း၊ ဗုဒ္ဓသာသနာတော်မြတ်ကား ထိုခေတ်က သီလဝန္တ မထေရ်အရှင်မြတ်များ စောင့်ရှောက်ခဲ့ကြောင်း ရေးသားခဲ့လေပြီ။

ထို့အတူပင် ၅-နှစ်မြောက် နှစ်ရာစုအတွင်းမှာလည်း သာသနာတော်မြတ်ကြီးကား မင်းဘာသာမဟုတ်ဘဲ အလယ်ပိုင်းတိုင်းတို့*(ကား)* ဗြာဟ္မဏဘာသာဝင်ဘုရင်များ လက်အောက်သို့ ကျရောက်ခဲ့သည်မှာ ၎င်းဘာသာဝင် သုင်္ဂမင်းဆက်၏ နောက်ဆုံး **ဒေဝဘူတိမင်းအား** ၎င်း၏အမတ်ကြီး **ဝါသုဒေဝကာဏ္ဍ**သည် လုပ်ကြံ၍ မဂဓတိုင်းနယ်ကြီးကို **ကာဏ္ဍနိုင်ငံအဖြစ်** တည်ထောင်အုပ်စိုး၍ဖြစ်ကြောင်း၊ ၎င်းတို့လည်း ဗြာဟ္မဏဘာသဝင်ဖြစ်ကြ၍ နှစ်အားဖြင့် ၄၅-နှစ်သာရှိ၍ မင်းဆက်အားဖြင့်-

၁။ **ဝါသုဒေဝကာဏ္ဍမင်း**

၂။ **ဘူမိမိတ္တမင်း**

၃။ **နာရာယနမင်း**

၄။ **သုသမနမင်း**-

ဟူသော ၄-ဆက်မျှသာရှိကြောင်း၊ ၎င်းတို့မှာလည်း ဆင်းသက်သော အဆက်အနွယ်မှတစ်ပါး ထူးခြားသောမှတ်တမ်းမရှိ၊ ဗုဒ္ဓနိုင်ငံတော်၏ အစဉ်အလာမှာလည်း ရှေးကကဲ့သို့ မပျက်စီးဘဲ သီလဝန်မထေရ်မြတ်များ စောင့်ရှောက်လာကြောင်း မှတ်သားအပ်၏။

ထိုမှတပါး ၅၂-ရာစု အတွင်းမှာပင် ၎င်းကာဏ္ဍမင်းမျိုး တန်ခိုးသေးသိမ်လျက် ၎င်းမင်းဆက်၏ နောက်ဆုံးဖြစ်သော သုသမနမင်းအား အခစားအမှုထမ်းဖြစ်သော သိပရက အန္ဓတိုင်းသားသည် လုပ်ကြံ၍ မဂဓတိုင်းကြီးကို အန္ဓြဘရိတျ, အန္ဓဘစ္စ, အန္ဓလူမျိုးတို့၏

ဆင်းရဲသားနိုင်ငံအဖြစ် တည်ထောင်ပြီးလျှင် အန္ဓနိုင်ငံတော်ပြုလုပ်ကာ ခေတ်တစ်မျိုး ပြောင်းလဲလာခဲ့လေ၏။

ၡင်းမင်းမျိုးမင်းဆက်ကား တန်ခိုးကြီးမား၍-


မင်းဆက်အားဖြင့် အဆက်- ၃၀

အုပ်စိုးသော နှစ်အားဖြင့် ၄၃၀

သာသနာတော်နှစ် ၄၆၀-မှ ၈၉၀-ခုနှစ်ထိအောင် ၎င်းမင်းတို့၏တန်ခိုး လွှမ်းမိုးအုပ်ချုပ်ခဲ့သည်တွင် အချို့ကား ၎င်းတို့၏ကျောက်စာ ကမ္ပည်းတို့ကို ထောက်ဆ၍ ဗုဒ္ဓသာသနာဝင် ဘုရင်များဖြစ်ကြောင်း၊ အချို့ကား ၎င်းတို့၏ အဆက်အနွယ်တို့ကို ထောက်ထား၍ ဗြာဟ္မဏ ဘာသာဝင်များဖြစ်ကြောင်း ၎င်းတို့ရာဇဝင် ကျောက်စာများအရ ထင်ရှား၏။

ဤသို့အလယ်ပိုင်း တိုင်းနိုင်ငံများ, မင်းများ ပြောင်းလဲလာသည်နှင့်အမျှ မင်းဘာသာများ ပြောင်းလဲသော်လည်း ဗုဒ္ဓသာသနာတော်မြတ်မှာ မင်းဘာသာမှ အနိမ့်အကျရှိစေကာမူ အလယ်ပိုင်းတိုင်းသူပြည်သားတို့ကား များသောအားဖြင့် ထိုစဉ်အခါက ဗုဒ္ဓဘာသာသာလျှင် များကြောင်း၊ ထို့ကြောင့်ပင် သာသနာတော်ထမ်း ရဟန်းတော်အဆက်ဆက် အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်တို့ လက်ထက်ကျအောင် ထောက်ပံ့သူ ဒါယကာများရှိ၍သာ စည်ပင်ထွန်းကားလာခဲ့ကြောင်း ၎င်းအရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်၏ အတ္ထုပ္ပတ္တိကို ထောက်ထားသဖြင့် အထူးထင်ရှား၏။

သို့ရာတွင် အန္ဓမင်းမျိုးများ အဆက်အနွယ်၌ပင် အချို့မင်းတို့၏ လက်ထက် ဗုဒ္ဓသာသနာတော်ကြီးသည် မင်း၏သာသနာတော် အဖြစ်သို့ရောက်၍ တိုင်းသူပြည်သားတို့နှင့်တကွ ဘုရင်မင်းမြတ်တို့ပါ သာသနာပြုစု အားထုတ်တော်မူကြကြောင်း၊ အထူးအားဖြင့် ဆိုခဲ့ပြီးသည့် အပရန္တတိုင်းတွင် ထင်ရှားကျော်စောသော နာသိကကျောင်းတော်ကြီး ၃-ကျောင်းတွင် အပါအဝင်ဖြစ်သော ဂေါတမီပုတ္တ ဝိဟာရကျောင်းတော်ကြီးမှာ ဤအန္ဓမင်းမျိုးအနွယ်တွင် ပါဝင်သည့် ဂေါတမီပုတ္တဘုရင်မင်းမြတ် ဆောက်လုပ်လှူဒါန်းအပ်ကြောင်း ရေးသားသည်ကို ထောက်ဆကာ သာသနာတော်မြတ်ကို ကြည်ညိုကြသော မင်းများလည်း ရှိကြကြောင်း၊ ၎င်းပြင် ထိုတောင်ပိုင်း တိုင်းနိုင်ငံများ၌ အန္ဓမင်းမျိုးများ တန်ခိုးလွှမ်းမိုးကြစဉ် သာသနာတော်နှစ် ၈၀၀-မတိုင်မီကပင် ထိုဒက္ခိဏပထတိုင်းများမှာ ထေရဝါဒသာသနာ ပျံ့နှံ့လျက် သီဟိုဠ်ကျွန်း သာသနာနှင့် ဆက်သွယ်ကြောင်း၊ ထိုထိုမှတ်တမ်း ရာဇဝင်တို့တွင် ထင်ရှား ဆိုကြသဖြင့်လည်း ထိုမင်းမျိုးများ အချို့သာသနာဝင် ဘုရင်များဖြစ်ကြောင်း မှတ်သားအပ်၏။


PESHAWAR
KASHMIR
HIMALAYA MTS
KANISHKA'S EMPIRE
KOSALA
KACI
MAGADHA
KALINGA
ANDHRA
CHOLA
ကာသိ
ကလိင်္ဂ
အန္ဓတိုင်း
စောဠတိုင်း
လင်္ကာဒီပ

ကန္ဋိသျှက နိုင်ငံတော်

ထိုအန္ဓမင်းမျိုးတို့၏ နောက်ဆုံးဖြစ်သော တောင်ပိုင်းတိုင်း နိုင်ငံတို့၏ မြို့တော်မှာ **အမရဝတီမြို့တော်**ဖြစ်၍ ၎င်းမြို့တော်ကြီးမှာ ၎င်းတို့တန်ခိုး အာဏာကျယ်ပြန့်စဉ်က စည်ကားဝပြောသော နေပြည်တော်ကြီးဖြစ်သဖြင့် ၎င်း၌များစွာသော ဗုဒ္ဓသာသနာတော်နှင့်ဆိုင်သော အဆောက်အဦးများအပြင် အထူးအားဖြင့် အမရဝတီ စေတီတော်ကြီးဖြစ်ကြောင်း၊ ထိုစေတီတော်ကြီးမှာ ယခုအခါတိုင် ထင်ရှားသော စေတီတော်ကြီးများတွင် အပါအဝင်ဖြစ်သည့်အလျောက် ၎င်းစေတီတော်သမိုင်းကို ဗုဒ္ဓဘာသာမှတ်တမ်းများ၌ ထင်ရှားစွာဆိုသဖြင့် ၎င်းသည် အန္ဓမင်းမျိုးများ တည်ထောင်ကြောင်း ခန့်မှန်းယူဆနိုင်ကုန်၏။

ထိုစေတီတော်ကြီး၌ ၎င်းသမိုင်းအရ အထူးသဖြင့် ဆန်းကြယ်လှစွာသော မြတ်စွာဘုရား အဖြစ်တော်များနှင့် အလောင်းတော်ဘဝတို့၌ ဖြည့်ကျင့်တော်မူခဲ့သော ဇာတ်တော်, နိပါတ်တော်များကို ခမ်းနားစွာထုလုပ်သော အတွင်း, အပြင် ၂-ထပ် ကျောက်လက်ရမ်း, ကျောက်တုရိုဏ်, တိုင်တံခါး, မုခ်ဦးတို့ဖြင့် လှည့်ပတ်ဝန်းရံ တည်ထားအပ်သည်ကို ထောက်ထား၍ မင်းများသာလျှင် တည်ဆောက်နိုင်ရာသောကြောင့် ထိုအန္ဓမင်းတို့ တန်ခိုးအာဏာ အုပ်စိုးသော ခေတ်ဖြစ်သည့်အတိုင်း ၎င်းမင်းမျိုးဗုဒ္ဓဘာသာဝင် ဘုရင်များဖြစ်ကြောင်း ဆုံးဖြတ်ကြကုန်၏။

သို့ဖြစ်၍ အန္ဓမင်းမျိုးများ အလယ်ပိုင်း တိုင်းနိုင်ငံတို့၌ အုပ်ချုပ်စဉ် သာသနာတော်ကြီးသည် ထိုတိုင်းနယ်တွင် တည်မြဲလျက်ပင် အဆက်အနွယ်မပျက် ဆင်းသက်လာခဲ့ကြောင်း၊ ၎င်းတိုင်းနယ်ရှိ မဟာဗောဓိစသော ဗုဒ္ဓဘာသာဆိုင်ရာ ကိုးကွယ်ဆည်းကပ်ပူဇော်အပ်သော အရပ်ဌာနတို့ကိုလည်း အဆက်ဆက် ပြုပြင်လာကြကာ ယခုအခါတိုင်အောင် ထင်ရှားရှိနေသေးသည်ကို ထောက်ဆလျှင် ၎င်းတို့သည် ဗုဒ္ဓသာသနာတော်ကြီးကို မဖျက်ဆီးကြောင်း ကောင်းစွာထင်ရှား ဝေဖန်မှတ်သားအပ်၏။

ဤသို့မြတ်စွာဘုရား သာသနာတော် အနှစ် ၅၀၀-အတွင်း ထေရဝါဒဂိုဏ်းမှာ တိုင်းသူပြည်သား သဒ္ဓါယုံကြည်သူများ၏ အပူဇော်ခံယူကာ ဆင်းရဲသား ဘာသာဖြစ်သော်လည်း အစဉ်အဆက်ကား မပျက်စည်ကား၍ ထိုမှတပါး မဟာသံဃိက အများဂိုဏ်းသာသနာလည်း နောက်ရာစုတို့၌ ထင်ရှားသော နာလန္ဒကျောင်းတော်ကြီးတို့ကို ထောက်ထား၍ အလယ်ပိုင်း တိုင်းနိုင်ငံများ၌ ဂိုဏ်းတစ်ခုအဖြစ် တည်ထောင်ကာ မိမိတို့သာသနာကို မိမိတို့ဂိုဏ်းအလျောက် စောင့်ရှောက်ကြပြီးလျှင် ကြီးပွားတိုးတက်အောင် ဆောင်ရွက်အားထုတ် လာခဲ့ကြကုန်၏။

ထိုနှစ်ရာစုအတွင်း ဂိုဏ်း၂-ဂိုဏ်းမှ သာသနာတော်မှာ တိုင်းရေးပြည်ရာအားဖြင့်၎င်း, ဂိုဏ်းအတွင်း ရှုပ်ထွေးခြင်းအားဖြင့်၎င်း, အနိမ့်အကျနှင့် တိုးတက်ခြင်းများ ဖြစ်ကြသည့်အပြင် အခြားဘာသာအယူဝါဒ ဘေးနှင့်လည်း တခါတရံ ရင်ဆိုင်ကြလျက် ၎င်းတို့ဝါဒအရေးများလည်း ရှုပ်ထွေးလာခဲ့ကြလေသည်။ ထိုမှတပါး မှတ်တမ်းများကိုလည်း မိမိတို့အယူဝါဒဘက်သို့သာ တဖက်သတ် ရေးမှတ်တင်ထားကြ၍ အခြားအယူဝါဒများကို လှစ်လျူထားကြသဖြင့် သာသနာတော် အဖြစ်အပျက် အပြည့်အစုံမှတ်တမ်းများ ထင်ရှားမရှိဘဲ ၎င်းတို့ထွန်းကားသော ခေတ်လောက်သာ ရေးသားလာခဲ့ကြကုန်၏။

## အနောက်မြောက်ပိုင်း တိုင်းနယ်တို့၌ သာသနာ့နိုင်ငံတော်

ထိုနှစ် ၅၀၀-အတွင်း အနောက်မြောက်ပိုင်း တိုင်းနိုင်ငံများမှာ နိုင်ငံရေးရာအားဖြင့် လှုပ်ရှားပြောင်းလဲ လာကြသည့်အတိုင်း သာသနာရေးလည်း အလေးပြုကြသော မင်းတို့အားလျော်စွာ ဖြစ်ပွားခဲ့ကြသည်မှာ ၎င်းနယ်၌ မိလိန္ဒမင်းတရားကြီး အုပ်စိုးစဉ်က ယောနကမင်းမျိုးတို့ တန်ခိုးအာဏာမှာ မထုရာ မြို့နယ်ထိအောင် ကျယ်ပြန့်လျက် ငြိမ်သက်သောနိုင်ငံကြီးဖြစ်သော်လည်း နောက်ခေတ်များ၌ ၎င်းနိုင်ငံကွဲပြားကာ နိုင်ငံရေးရာ မငြိမ်မသက်ရှိသည့်အပြင် **ဆစ်သီယန်** သို့မဟုတ် **သာကမင်းမျိုးများ** လှုပ်ရှားထကြွကာ ကသ္မီရတိုင်းနယ်ထိအောင် ဝင်ရောက်တိုက်ခိုက် နယ်များသိမ်းပိုက်လျက် ၎င်းတို့အာဏာအောက်သို့ တိုင်းနယ်များ သွပ်သွင်းခဲ့ကြလေသည်။

၎င်းမင်းမျိုးတို့သည် **ဟိန္ဒူကုသ**တောင်ဝှန်းနယ်ပယ်မှ ပါသိယနယ်, **ကမ္ဘောဇ**ခေါ် **ကာဗုလ်တိုင်း** နယ်များတလျှောက် ၎င်းတို့ အာဏာပျံ့နှံ့စေလျက် နယ်ချဲ့လာခဲ့ကြရာ ၎င်းတို့၏မင်းမျိုး **ဟုဆက ဟုသက** မင်းသားသည် ၎င်း၏အမည်ဖြင့် **ဟုသကပူရ**မြို့တော် တည်ထောင် ဖန်ဆင်းပြီးလျှင် **ဆစ်သီယန်** **သာကနိုင်ငံတော်** ပြုလုပ် အုပ်စိုးကြောင်း ရာဇတရင်္ဂနီ ရာဇဝင်ကျမ်း၌ ဆိုသည်ကို ကိုးကား၍ ရှေးဟောင်း ပထဝီဝင်ဆရာကြီး ကာနင်ဂဟာန်က "၎င်းမြို့တော်မှာ ကသ္မီရအနီး ပြည်နယ်ဖြစ်၍ ယခုတိုင်ပင် အမည်နာမ မပျက်ဘဲ ရွာငယ်အဖြစ် ပြောင်းလဲကာတည်ရှိကြောင်း" ရေးသားလေသည်။

၎င်းသာကမင်းမျိုးများသည် အနွယ်အားဖြင့် ဗုဒ္ဓသာသနာ ဆည်းကပ်ကိုးကွယ်ကြသော်လည်း ၎င်းတို့သည် ကသ္မီရစသော အနောက်မြောက်ပိုင်း တိုင်းနိုင်ငံများသို့ ရောက်သောအခါ ရှုပ်ထွေးများပြားလှစွာသော ဂိုဏ်းအယူဝါဒနှင့် တွေ့ကြုံကြလျက် ထေရဝါဒ

ဂိုဏ်းအယူဝါဒကား ဤတိုင်းဌာနများ၌ မထင်ရှားလှဘဲ မဟာသံဃိတိ အယူဝါဒများသာ အထူးသဖြင့် ထင်ရှား၍ ၎င်းသာမင်းဘာသာ ပြုလုပ်သောကြောင့် ဤထေရဝါဒ သာသနာတော်ကြီးမှာ ၎င်းတို့ သာမဂ္ဂီတရားဖြင့် စောင့်ရှောက်တော်မူကြကာ ခိုင်မြဲစွာတည်နေတော်မူရန် အားထုတ်တော်မူကြရကုန်၏။

သို့ရာတွင် ၎င်းမင်းမျိုးများလက်ထက် ၎င်းတိုင်းနယ်များတွင် သုတ်သင်ရှင်းလင်းရန် ခဲယဉ်းအောင် ဂိုဏ်းအယူဝါဒ ရှုပ်ထွေးလာ၍ နောက်လက်ထက်များ၌ ဝါဒအရှုပ်အထွေးကို ရှင်းလင်းသုတ်သင်ကာ သံဂါယနာတင်တော်မူသော အသောကမင်းတရားကဲ့သို့ မဟာသံဃိကအများဂိုဏ်း ဝါဒအရှုပ်အထွေးတို့ကို သုတ်သင်ရှင်းလင်းလျက် နောက်၂-ရာစုအတွင်းမှာ သံဂါယနာ တင်ရလောက်အောင် ဖြစ်လာသဖြင့် ၎င်းတို့ဂိုဏ်းအသီးသီးမိမိတို့မှတ်တမ်းအရ အစဉ်အဆက် ရေးသားကြရာ ထေရဝါဒဂိုဏ်းကြီးမှာ ထိုအခါက ထိုနယ်မှာ မင်းဘာသာ မဟုတ်သောကြောင့် ထင်ရှားစွာမှတ်တမ်းများ ရေးမှတ်ခြင်း မရှိကြကုန်။

ထိုစဉ်အခါက ကသ္မီရတိုင်း၊ ဂန္ဓာရတိုင်း၊ ကမ္ဗောဇ၊ ယောနကတိုင်းများသို့တိုင်အောင် ဗုဒ္ဓသာသနာတော် ထွန်းကားကြောင်း၊ နောက်ခေတ် တရုတ်ရဟန်းတော်ဖှင်သျှင်တို့ ရောက်ကြစဉ်အခါမှာပင် ကာဗူလနယ်များ၌ ကျောင်းတိုက်ပေါင်းများစွာထွန်းကားလျက် တွေ့မြင်ခဲ့ရသေးကြောင်း၊ ၎င်းတို့မှတ်တမ်း၌ ရေးသားသဖြင့် ထင်ရှား၍ ရှေးက ၎င်းတိုင်းနယ်၌ အလေးပြုကြသော နတ်များနှင့် ဂြိုဟ်၊ နက္ခတ်၊ တာရာ ကိုးကွယ်ကြသည်များကို စွန့်ပစ်ကြကြောင်း မှတ်သားအပ်၏။

၎င်းမင်းမျိုးတို့သည် ရှေးဟောင်းအယူဝါဒတို့ကို စွန့်ပစ်ကြပြီး ဗုဒ္ဓသာသနာတော်ကြီးကို အားထားယုံကြည်ကြ၍ ၎င်းဘာသာဝါဒနှင့်စပ်လျက် နိုင်ငံရေးဘက်ကား တိုင်းရေးပြည်ရေး ရှုပ်ထွေးလာသဖြင့် မဇ္ဈိမဒေသသို့ ချီတက်ရန် အနောက်မြောက်တိုင်းနယ်ရှိမင်းများကြိုးစားကြသော်လည်း ၎င်းအလယ်ပိုင်းနိုင်ငံများသို့ မရောက်နိုင်ကြဘဲ ဤကသ္မီရ၊ ဂန္ဓာရတိုင်းတို့မှာပင် အခြေစိုက်လျက် တိုင်းသစ်ပြည်သစ်များ တည်ထောင်ကြကုန်၏။

မဟာသံဃိက အများဂိုဏ်း မှတ်တမ်းများအရ ထိုသာကမင်းမျိုးများသည် ဗုဒ္ဓသာသနာတော် လေးစား၍ ထွန်းကားစည်ပင်ရန် အားထုတ်ကြိုးစားကြကြောင်း၊ ကနိသက ဘုရင်မင်း၏ အနွယ်ဝံသ ဟဝိသကဘုရင်မင်းသည် မိမိအုပ်ချုပ်သော ကမ္ဗောဇကာဗူလနယ်မှ ကသ္မီရတိုင်းနယ်သို့ဝင်ရောက်ပြီး ဟုသကရမြို့တော်သစ်ကြီးကို တည်ထောင်ဖန်ဆင်းကြောင်း၊ ၎င်း၏နိုင်ငံ၌ များစွာသော ကျောင်းတိုက်ကြီးများ တည်ထောင်သည့်အပြင် ၎င်း၏ အာဏာပြန့်နှံ့ရာ နယ်ခြားဌာန မထူရမြို့တော်၌လည်း ကျောင်းများစွာဆောက်လုပ်ကြောင်း၊ ၎င်းနောက် ၎င်း၏ အရိုက်ရာကို ခံယူသော ဟသကမင်းလည်း

ထိုနည်းအတူ သာသနာချီးမြောက် ကျောင်းတိုက်များ တည်ဆောက်ကြောင်း၊ ၎င်းတို့မှာ မဟာသံဃိကဂိုဏ်း သာသနာဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

ထိုမင်းမျိုးများ အုပ်စိုးသောခေတ်ကား မြတ်စွာဘုရား သာသနာတော် အနှစ် ၅၀၀-ကုန်ခါနီးဖြစ်၍ အလယ်ပိုင်း တိုင်းနိုင်ငံများ၌ အန္ဓမင်းမျိုးများ တန်ခိုးကြီးသော ခေတ်အခါဖြစ်သောကြောင့် အလယ်ပိုင်း ထေရဝါဒဂိုဏ်း သာသနာတော်မြတ်မှာ တခါတရံသာ မင်းများအလေးပြုကြသည် အားလျော်စွာ မင်းဘာသာအဖြစ်သို့ ရောက်၍ မထေရ်မြတ်တို့ အစဉ်အဆက်ကား မပျက်စီးအောင် စောင့်ရှောက်တော်မူလာခဲ့ကြောင်း မှတ်သားအပ်ကုန်၏။

ထိုမှတပါး မင်းစဉ်မင်းဆက်အားဖြင့် မသေချာသော်လည်း ဒါဌာဓာတုဝင်၌ ဆိုသော စကားအရ ၎င်းအလယ်ပိုင်းတိုင်းတို့၏ အနီးအနားဖြစ်သော ကလိင်္ဂတိုင်းကြီးသည် လည်း မင်းသီးမင်းခြား အုပ်ချုပ်လျက် နေစဉ် မဂဓတိုင်း ရှင်ဘုရင်များသည် သာသနာ မကြည်ညို၍ မြတ်စွာဘုရား၏ စွယ်တော်ဓာတ်ကို မြတ်နိုးကြည်ညိုသော ကလိင်္ဂတိုင်းရှင် **ဘုရင်ဂုဟသီဝမင်း**နှင့် ၎င်းစွယ်တော်ကို ပူဇော်ခြင်းစသည်ကြောင့် ဘာသာရေးအကြောင်း ပြုလျက် စစ်ဖြစ်ပွားကြောင်းဆိုသဖြင့် ထိုစဉ်အခါက မဂဓတိုင်းနိုင်ငံမှာ အန္ဓမင်းမျိုးများ အုပ်စိုးသော အချိန်အခါဖြစ်သဖြင့် ၎င်းအတ္တုပ္ပတ်များလည်း ထို၂-ရာစုအတွင်းမှာပင် ဖြစ်ပွားကြောင်း မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## သာသနာနှစ် ၅-ရာစုအတွင်း သီဟိုဠ်သာသနာတော် စတုတ္ထ သံဂါယနာတင်ကြောင်း

ထိုမှတပါး ထိုသာသနာတော် နှစ် ၅-ရာစုအတွင်း အခြားနိုင်ငံသာသနာနှင့် စပ်လျဉ်း၍ အထူးအားဖြင့် ဖြစ်ပွားသော အကြောင်းကား သီဟိုဠ်သာသနာဝင်ဖြစ်၍ ထိုကျွန်း၌ အရှင်မဟာမဟိန္ဒ မထေရ်လက်ထက်မှ သာသနာတော်အစဉ်မပျက် မြတ်စွာဘုရား၏ စကားတော် မြတ်သော နိကာယ် ၅-ရပ်တို့ကို ပုဒ်ပါဌ် မချွတ်ယွင်းစေဘဲ စွဲမြဲသော သတိသမ္ပဇဉ် တို့ဖြင့် နှုတ်တက်အာဂုမ် ဆောင်ရွက်တော်မူလာခဲ့ရာ သာသနာ ၄၅၀-သို့ရောက်၍ သီဟိုဠ်ရာဇဝင်အရ ၁၈-ဆက်မြောက် သဒ္ဓါတိဿမင်းကြီး၏ သားတော်ဝဋ္ဋဂါမဏီမင်း ၏ နန်းစံ ၆-နှစ်တွင် ရှေးအစဉ်အလာအတိုင်း အဆက်ဆက် ရဟန္တာမထေရ်များ ဆောင် ရွက်တော်မူခဲ့သော ပိဋကတ်တော်များသည် နောင်သောအခါ သာသနာတော် ဆုတ်ယုတ်

လာလျှင် ခဲယဉ်းငြိုငြင်စွာ ဆောင်ရွက်နိုင်ကြလိမ့်မည့်ဘေးကို မျှော်တွေးတော်မူလျက် ရဟန္တာမထေရ်မြတ်များနှင့် အညီအညွတ် ပိဋကတ်တော်များကို ပေထက်တင်၍ မှတ်သား ဆောင်ရွက်ရန် ဆုံးဖြတ်တော်မူကြသည့်အတိုင်း ဝဋ္ဋဂါမဏိမင်းကြီးကို အမှီပြုကာ ပေထက် အက္ခရာ တင်တော်မူခြင်းတည်းဟူသော စတုတ္ထသံဂါယနာ တင်တော်မူရခြင်းအကြောင်း ဖြစ်ပွားလာခဲ့လေ၏။

ထိုစတုတ္ထပေထက် အက္ခရာတင်ရန် ဖြစ်ပွားသည်မှာ သီဟိုဠ်ကျွန်း၌ ခိုးသူကြီး **စောရနာဂဘေးကြောင့်၎င်း, ၁၂-နှစ်တိုင်အောင် ရှားပါးငတ်မွတ်ခြင်းဘေးကြီး ဆိုက်ရောက်** သောကြောင့်၎င်း သံဃာတော် အရှင်မြတ်တို့မှာ ပရိယတ္တိသာသနာတော် ခဲယဉ်းစွာ ရွက် ဆောင်တော်မူကြရ၍ သိကြားမင်းကိုယ်တိုင် ဖောင်တော်ကြီး ဖန်ဆင်းပြီးကာ များစွာသော မထေရ်များကို ဇမ္ဗူဒိပ်ကမ်းသို့ ပို့ဆောင်တော်မူပြီး ပရိယတ္တိ သာသနာတော်မြတ်ကြီး မပျောက်ပျက်ရန် ထက်သန်သော သဒ္ဓါ, သတိ, ဝိရိယ, ပညာတော်တို့ဖြင့် ရွက်ဆောင်တော် မူကြကုန်၏။

✪ ✪ ✪ ✪ ✪

## ၎င်းသံဂါယနာတင် ရဟန္တာများ ရွေးကောက်တော်မူခြင်း

ဤသို့ဆိုခဲ့ပြီးသော ပရိယတ္တိ သာသနာတော်မြတ်ကြီး ခဲယဉ်းငြိုငြင်စွာ ပို့ဆောင် တော်မူရခြင်းတည်းဟူသော အကြောင်းတို့ကြောင့် ဤဝဋ္ဋဂါမဏိမင်းကြီးလက်ထက်၌ နောင်အခါ လွယ်ကူစွာ ပရိယတ္တိ သာသနာတော်ကို ဆောင်ယူနိုင်ကြရန် နိုင်ငံတော်အတွင်း ရှိ ရဟန္တာမထေရ်မြတ်တို့အား တိုင်ပင်တော်မူလျက် အရှင်မဟာဓမ္မရက္ခိတမထေရ် အမှူး ရှိသော ရဟန္တာ ၅၀၀-တို့ကို ရွေးကောက်တော်မူပြီးလျှင် ၎င်းကျွန်း၊ မလယဇနပုဒ်၊ **အာလောကလိုဏ်တော်ကြီး၌ ဝဋ္ဋဂါမဏိမင်းတရား၏ ပစ္စည်း ၄-ပါး ထောက်ပင့်လှူဒါန်းခြင်း** အားဖြင့် ချီးမြှောက်ထောက်ပင့်ကာ ချမ်းသာစွာ ပိဋကတ်တော်များကို ပေထက်အက္ခရာ တင်တော်မူခြင်းတည်းဟူသော **စတုတ္ထ** ပေါတ္ထကာရုဠ္ဌ သံဂါယနာတင်ပွဲတော်ကြီး ကြီးကျယ် ခမ်းနားစွာ ပြုတော်မူကြကုန်၏။

ဤနိကာယ် ၅-ရပ်ပါဠိတော်မြတ်နှင့် အဋ္ဌကထာများ ပေထက်ရေးသားတော်မူကြ သော နှစ်ကာလ အပိုင်းအခြားကား မဟာဝင်စသည်တို့၌ သေချာစွာဖော်ပြခြင်း မပြုသော် လည်း ၎င်းဝဋ္ဋဂါမဏိ နန်းစံနှစ်မှာ ၁၂-နှစ်ဖြစ်၍ ၎င်းမင်းတရားကြီး နန်းစံ ၆-နှစ်မြောက်မှာ သံဂါယနာ တင်ကြောင်းလာသဖြင့် ၎င်းမင်းတရားကြီး၏ နန်းစံနောက်ပိုင်း နှစ်များအတွင်း

ဖြစ်ကြောင်း၊ အချိန်ကာလကား နှုပ်ဖြင့် တင်တော်မူခဲ့ကြသော ရှေးသံဂါယနာတို့ထက် အချိန်ကာလကြာမြင့်စွာ တင်တော်မူရကြောင်း မှတ်သားအပ်ကုန်၏။

ဂုင်းပြင်လည်း မြတ်စွာဘုရား ဟောကြားတော်မူသော ပရိယတ္တိ သာသနာတော်မြတ် ဆောင်ရွက်ရန် ခဲယဉ်းအပ်သည့် အကြောင်းတစ်ရပ်ဖြစ်ပွားသည်မှာ သီဟိုဠ်ကျွန်း ပုနပ္ပသုမည်သော သူကြွယ်၏သား **တိဿ**မည်သော မထေရ်သည် ပိဋကတ်တော် သင်ကြားရန် သီဟိုဠ်မှ ဇမ္ဗူဒိပ်ကမ်းဘက်သို့ ကူးသွားရာ ထိုအခါက ယောနကတိုင်းမှာ သာသနာတော်ထွန်းကား၍ ပိဋကတ် တတ်ကျွမ်းလိမ္မာ သိမြင်တော်မူထသော မထေရ်များစွာ ရှိကြသဖြင့် ဂုင်းယောနကတိုင်း အရှင်**ဓမ္မရက္ခိတ** မထေရ်မြတ်ထံသို့ ကြွသွားပြီးလျှင် ပိဋကတ်တော် သင်ကြားကြောင်း၊

သင်ကြားတတ်မြောက် လုံလောက်ပေပြီဟု ထင်မှတ်တော်မူကာ သီဟိုဠ်ကျွန်းသို့ ပြန်ကြွလာရာ သင်္ဘောဆိပ်သို့ရောက်မှ ပုဒ် ၁-ပုဒ်၌ ယုံမှား သံသယရှိ၍ မဆုံးဖြတ်နိုင်သောကြောင့် ဂုင်းမှယူဇနာ ၁၀၀-ဝေးကွာသော ယောနကတိုင်း၊ အရှင်ဓမ္မရက္ခိတထံသို့ ပြန်သွားရကြောင်း၊ ဂုင်းအသွားတွင် ဒါယကာသူကြွယ်တစ်ဦး မေးလျှောက်သော ပြဿနာကို ဖြေကြား၍ သဒ္ဓါကြည်ညိုသည်အားလျော်စွာ တစ်သိန်းတန်သော ကမ္ဗလာကို လှူဒါန်းလျှင် အလွန်ပင်ဝမ်းမြောက်စွာ ဆရာ့ထံသို့ ရောက်သောအခါ လှူဒါန်းတော်မူကြောင်း၊ မထေရ်မြတ်က အကြောင်းမေးမြန်းရာ "ဤယူဇနာ ၁၀၀-ဝေးသောခရီးကို စဉ်လျက် ပုဒ် ၁-ခု၌ ယုံမှားမှုအတွက် ဤမျှအပင်ပန်းခံကာ ပြန်လာကြောင်း၊ နောက်အခါ ပြောစမှတ်တွင်ရစ်ရန်နှင့် ထို့အတူ ကျင့်ကြံပါစေ နှလုံးထားဖြင့် ပြန်လာပါသည်ဟု လျှောက်ထားက ယုံမှားသံသယကင်းပစေပြီး ပြန်ကြွလာရကြောင်း" ဝိဘင်းအဋ္ဌကထာ၌ လာသည်ကို ထောက်ဆ၍ ဤမျှဆောင်ရွက်ရန် ခဲယဉ်းကြောင်း မှတ်သားအပ်၏။

ဤအကြောင်းများကို ထောက်ဆလျက် ထိုနှစ် ၅၀၀-အတွင်း ပိဋကတ်တော် ဆောင်ရွက်တော်မူကြသော အရှင်များမှာ ဇမ္ဗူဒိပ်၌ ပရိယတ္တိ, ပဋိပတ္တိ သာသနာတော် ထွန်းကားသည့်အလျောက် များစွာရှိကြောင်း၊ အထူးအားဖြင့် ဝိဘင်းအဋ္ဌကထာ၌ အထက်ပါ အတ္ထုပ္ပတ္တိအရ ယောနကတိုင်းမှာ ထေရဝါဒ သာသနာပြန့်ပွား၍ ပိဋကတ်တတ်မြောက်သော မထေရ်များကြောင်း၊ သီဟိုဠ်ကျွန်းမှပင် လာရောက်သင်ကြားရ၍ ဂုင်းတို့မှာ ထေရဝါဒ ပိဋကတ်တော် များသာဖြစ်ကြောင်း သိမှတ်ပိုင်းခြား အပ်သည့်အပြင် ထိုနိုင်ငံတို့တွင် ထွန်းကားသော သာသနာတော်ကား အသောကမင်းတရားကြီး ပြုစုတော်မူသော သာသနာ ပြဋ္ဌာန်ဖြစ်၍ ဂုင်းမှဆက်သွယ် ဆင်းသက်တည်ရှိသော သာသနာဖြစ်ကြောင်း ပိုင်းခြားမှတ်သားအပ်၏။

ငင်းပြင် သာသနာ ထို ၅-ရာစုနှစ်အတွင်းမှာပင် သာကမင်းမျိုးဖြစ်သော ဟဝိသက မင်းကြီးလက်ထက်၌ တရုတ်ပြည်ကြီးသို့ သာသနာအရေးနှင့် စပ်လျဉ်း၍ သံတမန်တော်များ လွှတ်ကြောင်း၊ ထိုအခါ တရုတ်ပြည်ကြီးမှာ ဘုရင်အာယ်လိမင်းကြီး စိုးစံကြောင်း၊ ထိုဟဝိသက မင်းတရားကြီး၏ သံတမန်တော်များသည် များစွာသော စာအုပ်ပေစာ ကျမ်းဂန် အမြောက်အမြားကို လက်ဆောင်ပဏ္ဏာတော်အဖြစ်ဖြင့် ဘုရင့်ထံသို့ ဆက်သကြောင်း၊ အိန္ဒိယ ဗုဒ္ဓဘာသာဝင် ကျမ်းတစ်စောင်၌ဆိုသဖြင့် ငင်းနှစ်ရာစု အတွင်းမှာပင် တရုတ်ပြည် သို့ သာသနာတော် အစပြု၍ ရောက်ခဲ့သည်ဟု မှတ်အပ်သော်လည်း ငင်း၌ မည်ကဲ့သို့ သာသနာထွန်းကားစည်ပင်ကြောင်း သေချာစွာ မလာသည်ဖြစ်၍ ထိုစဉ်အခါက သာသနာ ရှေးပြေး အလင်းရောင်ကား မုချအားဖြင့် ထွန်းပခဲ့လိမ့်မည် ဖြစ်ကြောင်း မှတ်သားအပ်၏။

## သီဟိုဠ်ကျွန်း၌ ဂိုဏ်းကြီး ၃-ဂိုဏ်း ကွဲပြားလာကြောင်း

ထိုမှတပါး ထိုသာသနာ ၅-ရာစုနှစ် အတွင်းမှာပင် ဖြစ်ပွားသော ထူးခြားသော အတ္ထုပ္ပတ္တိမှာ သာသနာတော် ၂၃၆-ခုနှစ် အရှင်မဟာမဟိန္ဒ တည်ထောင်တော်မူခဲ့သည်မှ စ၍ အညီအညွတ် မကွဲမပြားဘဲ ဆောင်ရွက်လာခဲ့တော်မူကြရာ ငင်းဝဋ္ဋဂါမဏီ မင်းကြီး လက်ထက် သာသနာ ၄၅၄-ခုနှစ်မှာ ငင်းမင်းတရားကြီး မြှောက်စားကိုးကွယ်သော အဘယဂီရိကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူသော ကုပိက်လတိဿ မထေရ်အား ဂိဟိသံသဂ္ဂ များလှ၍ အဓမ္မမူသော အခြင်းအရာရှိသောကြောင့် မဟာဝိဟာရဝါသီ မထေရ်မြတ်တို့၏ ဂိုဏ်းမှ တူမျှသော ပေါင်းဖော်ခြင်း မပြုသောအခါ ထိုမထေရ်၏ တပည့် ဖြစ်သော ဗဟလတိဿမထေရ်သည် အမျက်ထွက်သဖြင့် ထိုအခါမှစ၍ ဂိုဏ်းသီးဂိုဏ်းခြား ပြုလုပ်လျက် အဘယဂီရိ ဂိုဏ်းကြီး တည်ထောင်ပြီး ဂိုဏ်းကြီး ၂-ဂိုဏ်းကွဲလာခဲ့လေ၏။

သီဟိုဠ်ကျွန်း၌ ဦးစွာတည်ရှိသော မဟာဝိဟာရဝါသီဂိုဏ်းကြီးကား မြတ်စွာဘုရား သာသနာတော် အမွန်အစ ဘုရားရှင်၏ လက်ထက်တော်မှစ၍ စဉ်လာမပျက် ဆောင်ရွက် တော်မူလာခဲ့ကြသော ဟောကြားတော်မူတိုင်း စကားတော်မြတ်ကို ကျနမှန်ကန်စွာ လိုက်နာ ကျင့်ကြံတော်မူကြသော ထေရဝါဒဂိုဏ်းကြီးဖြစ်သဖြင့် သာသနာတော်မြတ်ကြီး၏ ကိုယ် ထည်ကြီးသဖွယ် ထင်ရှားတည့်နေပြီး နောက်နှစ်ပေါင်း ၂၁၈-နှစ်သို့ ရောက်သောအခါ ထိုအဘယဂီရိဝါသီ ဂိုဏ်းကြီး ကွဲပြားလာ၍ ထိုဂိုဏ်းမှာ သီဟိုဠ်ကျွန်းတွင် ထင်ရှားသော ဂိုဏ်းကြီး၄-ဂိုဏ်းတွင် အပါအဝင် ထင်ရှားသော ဂိုဏ်းကြီးတစ်ခု ဖြစ်ပွားခဲ့လေ၏။

ထိုနောက် ၃-ခုမြောက်ဖြစ်သော ဂိုဏ်းကြီးကား **ဇေတဝနဝါသီ** ဂိုဏ်းကြီးဖြစ်၍ ၎င်းမှာနောက်ဖြစ်သော နှစ်ရာစုအတွင်း ဖြစ်ပွားသည့် အားလျော်စွာ ရေးသားလတ္တံ့ ဖြစ်သော မဟာသေနမင်း လက်ထက်ဖြစ်ပွား၍ ဤမှ အနှစ် ၃၀၀-ကျော်နောက် ခေတ်နှစ်ရာစု သာသနာအတွင်းဖြစ်သဖြင့် ယခုရေးသားဖော်ပြရန် မလိုသေးပေ။

## စတုတ္ထ သံဂါယနာ ပေထက်အက္ခရာ တင်သည်တိုင်အောင် မထေရ်အစဉ်အဆက်

ဤသို့အားဖြင့် သီဟိုဠ်ကျွန်း အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ် သာသနာပြု စေလွှတ်တော်မူအပ်သည်မှစ၍ အရှင်မဟာမဟိန္ဒမထေရ် အမှူးရှိသော မထေရ်အဆက်ဆက်တို့မှာ သာသနာလင်္ကာရ စာတမ်းအရ **အရှင်ဥတ္တိယမထေရ်**စသည် ဆက်သော်လည်း ထိုမထေရ်များကား ဇမ္ဗူဒိပ်မှ အရှင်မဟိန္ဒမထေရ်နှင့်အတူ ကြွလာတော်မူကြသော မထေရ်များဖြစ်ကြ၍-

> **တတော မဟိန္ဒော ဣဋ္ဋိယော၊**
> **ဥဋ္ဋိယော သမ္ဗလော တထာ။**
> **ဘဒ္ဒနာမော စ ပဏ္ဍိတော၊**
> **ဧတေ နာဂါ မဟာပညာ ဇမ္ဗုဒီပါ ဣဓာဂတာ။ ။**

စသည်ဖြင့် **အရှင်မဟိန္ဒ, အရှင်ဣဋ္ဋိယ, အရှင်ဥဋ္ဋိယ, အရှင်သမ္ဗလ, အရှင်ဘဒ္ဒနာမ** မထေရ်တို့ကား ဇမ္ဗူဒိပ်မှကြွလာကြသော မထေရ်များဖြစ်ကြောင်း သာရတ္ထဒီပနီ ဝိနည်းဋီကာ၌ ဖွင့်ပြသည့်အပြင် ၎င်းမှဆက်၍-

> **တတော အရိဋ္ဌော မေဓာဝီ၊ တိဿဒတ္တော စ ပဏ္ဍိတော။**
> **ဝိသာရဒေါ ကာလသုမနော၊ ထေရော စ ဒီဃနာမကော။ ။**

စသည်ဖြင့်-

- အရှင်အရိဋ္ဌ, အရှင်တိဿဒတ္တ, အရှင်ကာလသုမန, အရှင်ဒီဃသုမန မထေရ်များ၊
- တဖန် အရှင်ကာလသုမန မထေရ်မှ အရှင်နာဂ, အရှင်ဗုဒ္ဓရက္ခိတ, အရှင်တိဿ, အရှင်ရေဝတ၊
- တဖန် ၎င်းအရှင်သုမန, အရှင်စူဠနာဂ ယောနကတိုင်း အရှင်ဓမ္မပါလိတ, အရှင်ခေမ, အရှင်ဥပတိဿ, အရှင်ဖုဿဒေဝ၊

- တဖန် အရှင် သုမန, အရှင်မဟာပဒုမ, အရှင်မဟာသီဝ၊
- တဖန် အရှင်တိဿ, အရှင်သုမန, အရှင်စူဠာဘယ၊
- တဖန် အရှင်တိဿ, အရှင်စူဠဒေဝ, အရှင်သီဝ၊

ဤမထေရ်တို့ကား စတုတ္ထသံဂါယနာ ပေထက်အက္ခရာတင်သည်တိုင်အောင် အဆက်ဆက် ဆင်းသက်တော်မူကြသော မထေရ်များဖြစ်ကြကြောင်း မှတ်သားအပ်ကုန်၏။

## ၎င်း ၅-ရာစု သာသနာတွင်း အခြားတိုင်းသာသနာ သုဝဏ္ဏဘူမိ သာသနာ

ထိုမှတပါး အသောကမင်းတရား၏ အခြားသာသနာပြုဌာနဖြစ်ကြသော မြန်မာနိုင်ငံအဝင်အပါ သုဝဏ္ဏဘူမိ သာသနာ စသည်တို့မှာ ထိုနှစ်ရာစုအတွင်း မထေရ်အစဉ်အဆက်မှတပါး ထူးခြားစွာရေးသားသော အတ္ထုပ္ပတ္တိ မှတ်တမ်းများ မရှိသဖြင့် ၎င်းမထေရ်အစဉ်အဆက်တို့ကို ထောက်ထား၍ သာသနာတော် တည်ထွန်းလာခဲ့ကြောင်းမျှသာ မှတ်သားနိုင်၍ ၎င်းအစဉ်အဆက်ကိုလည်း နောက်ခေတ်မှာ ရေးလတ္တံ့ဖြစ်သဖြင့် အထူးရေးသားဖွယ်မရှိကုန်။

## ၎င်း ဟိမဝန္တာသာသနာ

၎င်းပြင်လည်း ဟိမဝန္တာတိုင်းနယ်များ၌ မင်းတရားကြီးပြုစုတော်မူသော သာသနာတော်မှာ အစဉ်အဆက်အားဖြင့် မှတ်သားလာခဲ့သော အတ္ထုပ္ပတ္တိများ ထင်ရှားမရှိ၍ အဆက်အနွယ် ထေရဝံသမျှ မဖော်ပြနိုင်သော်လည်း နောက်ခေတ်၌ ၎င်းတိုင်းသာသနာတော်တို့ကိုငင်း တရုတ်ရဟန်းတို့ ရောက်စဉ်က တည်ရှိသော သာသနာတို့ကိုငင်း ထောက်ဆ၍ ထွန်းပလျက် ရှိခဲ့လိမ့်မည်ဟု ခန့်မှန်းနိုင်သည်မှတပါး အထူးရေးသားဖွယ်မရှိကုန်။

ဤသို့လျှင် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသော နှစ်မှစ၍ ရေတွက်လာခဲ့သော သာသနာတော် နှစ် ၅၀၀-စုအတွင်း၌ ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကား ၎င်းသာသနာ မှတ်တမ်းများနှင့်စပ်သော မဟာဝင်, ဒီပဝင်, ထူပဝင်, ဓာတုဝင် စသည်တို့ အပြင် ယခုခေတ်အားလျော်စွာ ရှေးဟောင်းအကြောင်းအရာများ လိုက်စားလျက်

ရှေးကတည်ထောင်ပြုလုပ်တည်ဆောက်ခဲ့သော ကျောင်း, ဘုရား, စေတီ, ဂူ, လိုဏ် စသည် တို့ကို အထောက်အထား အကိုးအကားပြုကာ ရှေးဟောင်းစာတမ်းများနှင့်လည်း ညှိနှိုင်း ဝေဖန်လျက် မှန်ကန်လောက်သော အကြောင်းအရာများဟု ထောက်ထားရေးသား အပ်သည်ဖြစ်၍ ဤမျှဖြင့်ပြည့်စုံလောက်ပြီဟု ပိုင်းခြားကာ အဆုံးသတ်အပ်သတည်း။

✪ ✪ ✪ ✪ ✪

## ၎င်း ၆-ခုမြောက် သာသနာနှစ် ရာစုအကြောင်း

သာသနာတော်မြတ်ကြီးသည် တခါတရံကား ချီးမြှောက် ထောက်ပံ့သူများသည့် အပြင် တိုင်းပြည်ရှင်ဘုရင်တို့လည်း ကိုးကွယ်ဆည်းကပ်ကြ၍ ဘုရင့်သာသနာတော် အဖြစ်သို့ရောက်ကာ ပြန့်ပြောထွန်းကား လာခဲ့ကြကုန်သဖြင့် မှတ်တမ်းများ ခမ်းနား ကြီးကျယ်စွာ ရေးသားနိုင်ကြသော်လည်း တခါတရံမှာကား ချီးမြှောက်သူနည်းလျက် ဘုရင်မင်းများလည်း မလေးစားကြ၍ ထင်ရှားကျော်စောခြင်း မရှိဘဲ သီလသိက္ခာ စွဲမြဲ ယုံကြည်တော်မူသော အရှင်များသာ သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက် မထေရ်မြတ်တို့ကိုယ်တိုင် ချီးမြှောက်ကြရသဖြင့် ခမ်းနားကြီးကျယ်သော မှတ်တမ်းများ မရှိသည်မှာကား သဘောတရားဖြစ်ကြောင်း ကောင်းစွာ မှတ်အပ်ကုန်၏။

သို့ဖြစ်၍ နောက်ကဆိုခဲ့ပြီးသော နှစ်ရာစု ၃၀၀-အတွင်း သာသနာတော်မှာ အလွန် ဘုန်းကံတော်ကြီးမားလှသော မင်းတရားကြီး ချီးမြှောက်တော်မူသော သာသနာတော်ဖြစ်၍ တစ်ကမ္ဘာလုံးတွင် ထင်ရှားလာခဲ့သော်လည်း နောက်ခေတ် နှစ်ရာစုမှာကား ဤမျှလောက် မထွန်းကားသည့်အပြင် အလယ်ပိုင်းတိုင်းနိုင်ငံများ၌ နိုင်ငံရေးလည်း ရှုပ်ထွေးရောယှက် မင်းဘာသာတော်မှုလည်း လျှော့သက်သဖြင့် ထင်ရှားကျော်ကြားခြင်း မရှိလှဘဲ များသော အားဖြင့် အစွန်အဖျားနိုင်ငံများ၌သာ စည်ပင်ထွန်းကားကြောင်း နောက်ကရေးသား ခဲ့လေပြီ။

ဤဆိုခဲ့ပြီးသော သာသနာတော် နှစ်ရာစုများကဲ့သို့ ၆-ခုမြောက် နှစ်ရာစုများလည်း အလယ်ပိုင်း တိုင်းနိုင်ငံများ၌ **အန္ဓမင်းမျိုးများ** တန်ခိုးအာဏာ ထွန်းကားသော ခေတ်ဖြစ်၍ ၎င်းတို့မှာ အချို့ဗုဒ္ဓသာသနာ နိုင်ငံတော်အောက် ရောက်ရှိ၍ သာသနာတော်ကို ယုံကြည် ကြသော်လည်း များသောအားဖြင့် ဤမင်းဆက်နွယ်များမှာ ဗြာဟ္မဏဘာသာဝင်များ ဖြစ်ကြသဖြင့် ၎င်းတို့ဘုရင့်ဘာသာအရ ထွန်းကားကြောင်း အထိမ်းအမှတ် နတ်ကွန်းစေတ်, ဂူ, လိုဏ်များ ထင်ရှားရှိနေ၍ ဗုဒ္ဓဘာသာကြီးမှာမူ အလယ်ပိုင်းမှတစ်ပါး အခြားတိုင်းနယ်

များ၌သာ ထွန်းကားစည်ပင်ခဲ့ကြောင်း ဤဆိုလတ္တံ့ ၆-ရာစုအတွင်း အဖြစ်အပျက်များဖြင့် ထင်ရှားသိပေကုန်အံ့။

၂-ရာစု ၄-ခု ၅-ခုအတွင်း အနောက်မြောက်ပိုင်း တိုင်းနိုင်ငံများ၌ အထူးသဖြင့် ထင်ရှားသော မိလိန္ဒမင်းတရားကြီး အာဏာတန်ခိုး လွှမ်းမိုးစဉ်က ထေရဝါဒသာသနာတော်ကြီး ပွားစီးထွန်းပသဖြင့် ယောနက ဂရိတ်သို့တိုင်အောင် သာသနာရောင် တောက်ထွန်းပြီး ပရိယတ္တိမှာလည်း အထူးကျော်ကြား၍ သီဟိုဠ်ကျွန်းမှပင် အချို့ယောနက သို့သွားကာ ပရိယတ္တိသင်ယူရကြောင်း၊ ဤ ၆-စု သာသနာနှစ်အတွင်းမှာကား ၎င်းတိုင်းနယ်များ၌ **ဆိစ်သီယန် သာကမင်းမျိုးများ၏** တန်ခိုးအာဏာကြီးမားလာ၍ ၎င်းမင်းမျိုးများလည်း သာသနာတော်ကိုလေးစား၍ ၎င်းမင်းမျိုးများလည်း သာသနာဝင်များဖြစ်ကြစေကာမူ ရှေးနှစ်ပေါင်း ၂-ရာကျော်က အလယ်ပိုင်းမှ ကွဲပြား၍ အယူဝါဒ မတူမျှသော မဟာသံဃိက အများဂိုဏ်း သာသနာဖြစ်သည် အားလျော်စွာ ၎င်းတို့သာသနာအရကိုးကွယ်ချီးမြှောက်ကြကုန်၏။

## ဆိစ်သီယန် သာကမင်းမျိုးတို့ အနောက်မြောက်တိုင်းတို့သို့ ဝင်ရောက်ကြောင်း

ဤသာသနာ ၆-ရာစု ခေတ်အတွင်း၌ သာကမင်းမျိုးတို့ တန်ခိုးအာဏာ ကြီးမား၍ တိုင်းနိုင်ငံများ တိုးချဲ့တိုက်ခိုက် သိမ်းပိုက်ပြီးလျှင် ကသ္မီရဂန္ဓာရသို့ရောက်၍ ၎င်းတိုင်းနယ်၌ ၎င်းမင်းမျိုး **ဟူသကမင်းကြီးသည်** ၎င်း၏အမည်ဖြင့် **ဟူသကမြို့တော်** တည်ထောင်ဖန်ဆင်းကာ ၎င်းမှာပင် ထီးနန်းစိုက်ထူပြီး ကြီးကျယ်သောကျောင်းတိုက်ကြီးများ တည်ဆောက်ကာ ၎င်းတို့ဆည်းကပ်သော **မဟာသံဃိက** အများဂိုဏ်းသာသနာကို ချီးမြှောက်ကြောင်း-

၎င်းနောက် ၎င်းမင်း၏ညီတော် **ဂျုဆက ဇုသက** အချို့မှတ်တမ်းအရ **တုရုသက** မင်းသားလည်း ၎င်းတိုင်းနယ်တွင် **ဇုသကမြို့တော်** တည်ထောင်ဖန်ဆင်းပြီးလျှင် ထီးနန်းစိုက်ထူကာ နောင်တော်များကဲ့သို့ သာသနာတော်ချီးမြှောက်၍ များစွာသော ကျောင်း, ဘုရား, စေတီများ တည်ဆောက်ကိုးကွယ်ကြောင်း ၎င်းတို့ မှတ်တမ်းများ၌ ရေးသားကုန်၏။

ထိုသာကမင်းမျိုးများ တည်ထောင်ခဲ့သော ကသ္မီရတိုင်းအတွင်းရှိ **ဟူသကပုရ** မြို့တော်နှင့် **ဇုသကပုရမြို့တော်**များသည် တရုတ်ရဟန်းတော်များ လာရောက်သော

သာသနာနှစ် ၉၀၀-လောက်ထိအောင်ပင် ထင်ရှားရှိသည့်အပြင် ၎င်းတို့ဆောက်လုပ်ခဲ့သော ကျောင်းတိုက်ကြီးများလည်း ထင်ရှားရှိနေသေးကြောင်း ဖော်ပြသဖြင့် ၎င်းမင်းတို့၏ အဆက်အနွယ်များသည် သာသနာဝင်ဘုရင်များဖြစ်ကြောင်း၊ ၎င်းတို့နောက် ဆက်ခံမည် ဖြစ်သော မင်းကြီးနှင့် ၎င်းပြုစုသော သာသနာကို ထောက်ဆ၍ အများဂိုဏ်း မဟာသံဃိက သာသနာဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

၎င်းပြင် တရုတ်ရဟန်းတော်ဂုင်သျှင်ရောက်စဉ်အခါကလည်း ၎င်းတိုင်းနယ်များ၌ များစွာသော ကျောင်းတိုက်ကြီးများ ထင်ရှားရှိနေသေးသည့်အပြင် ထေရဝါဒဂိုဏ်းဝင် မထေရ်အရှင်မြတ်တို့ပင် ၎င်းတို့၌သီတင်းသုံးလျက်နေကြကြောင်း၊ ၎င်းရဟန်းတော် တို့သည် ၎င်းတိုင်းနယ်သို့ရောက်စဉ်က ဟူသကမြို့တော်သို့ရောက်၍ ၎င်းအမည်ဖြင့် ဆောက်လုပ်ထားသော ဟူသကကျောင်းတိုက်မှာပင် တည်းခိုနေထိုင်ခဲ့ရကြောင်း ရေးသား ဖော်ပြသဖြင့် ထိုမင်းတို့ပြုစုခဲ့သော ကောင်းမှုတော်များသည် သာသနာတော် ၁၀၀၀- ကျော်အောင်ပင် တည်ရှိနေသေးကြောင်း မှတ်သားအပ်၏။

ဤသို့ သာကမင်းမျိုး မဟာသံဃိကဂိုဏ်း သာသနာဝင် ဘုရင်မင်းများသည် တန်ခိုး အာဏာလွှမ်းမိုးကာ ထိုတိုင်းနယ်များ တိုးချဲ့အောင်မြင်၍ မိလိန္ဒမင်းကြီး တန်ခိုးအာဏာ လွှမ်းမိုးကြီးကျယ်သလောက် ၎င်းတို့၏ နယ်ပယ်များကျယ်ပြန့်ကာ ၎င်းတို့သည် ဗုဒ္ဓသာသနာတော်ကိုလည်း ဆည်းကပ်ကိုးကွယ်ကြကာ သာသနာပြုစုကြကြောင်း၊ ၎င်းအနောက်မြောက်ပိုင်း တိုင်းနိုင်ငံဒေသများသည် သာသနာ့နိုင်ငံတော်ပင်ဖြစ်သော် လည်း ထေရဝါဒဂိုဏ်းမှ ရွေ့လျောသော မဟာယာန အများဂိုဏ်း မဟာသံဃိတိ သာသနာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ နောက်နှစ်ရာစုအတွင်း၌ ၎င်းဂိုဏ်းသာသနာအရ သံဂါယနာ တင်ပွဲကြီးအကြောင်း ရေးသားလတ္တံ့ဖြစ်၍ ဤမျှဖြင့် သာကမင်းမျိုး၏ ၆-ရာစုသာသနာ အကြောင်းရာများ အဆုံးသတ်အပ်သတည်း။

## ၆-ရာစု သာသနာ, အခြားတိုင်းနယ်များ

၎င်း ၆-ရာစု သာသနာတော်နှစ်အတွင်း၌ အခြားသာသနာပြုဌာနများဖြစ်ကြသော သုဝဏ္ဏဘူမိ သာသနာမှာ သေချာသော သာသနာ့မှတ်တမ်းများ မရှိငြားသော်လည်း သာသနာဝံသ အစဉ်အဆက် အမှတ်အသားကို ယုံကြည်သောအားဖြင့် ပဌမသာသနာပြု မထေရ်များ ဖြစ်တော်မူကြသော အရှင်သောဏမထေရ်, အရှင်ဥတ္တရမထေရ်တို့မှ ဆင်း သက်လာခဲ့သော အနွယ်ဝံသကား သာသနာအနှစ် ၁၀၀၀-ကျော် ပုဂံသာသနာသို့ ရောက်သည်တိုင်အောင် အစဉ်အဆက် ရေတွက်လာခဲ့ကြသောကြောင့် ထိုသာသနာ

နှစ်ရာစုအတွင်း ထိုသုဝဏ္ဏဘူမိတိုင်းနှင့်တကွ အနီးအနားတိုင်းနိုင်ငံတို့မှာ သာသနာ တည်ထွန်းလျက် မထေရ်အဆက်ဆက်တို့လည်း သာသနာ့ဝန်ကို ဆောင်ရွက်တော်မူလာကြကြောင်း ကောင်းစွာမှတ်သားအပ်ကုန်၏။

## အခြားအပရန္တသာသနာ စသည်အကြောင်း

ထိုမှတစ်ပါး မင်းတရားကြီးပြုစုတော်မူခဲ့သော သာသနာပြုဌာနများဖြစ်ကြသော အိန္ဒိယအနောက်ပိုင်း၊ **အပရန္တတိုင်း၊ မုံဗာဤ**, ဗုံဗာဤ, ဗုံဗိုင်တိုင်းနယ်ဖြစ်သော **မဟာရဋ္ဌ** သာသနာပြုဌာန အနောက်တောင်ပိုင်း တိုင်းနယ်များဖြစ်သော **မလဝါ ကနာရ်** စသော **ဝနဝါသီ**တိုင်း သာသနာပြုဌာနများတို့၌လည်း နောက်ခေတ်များကိုထောက်ထား၍ သာသနာတော်ကား လွန်စွာတောက်ပ၍ မှတ်တမ်းထားလောက်အောင်ပင် အစဉ်အလာများ မရှိငြားသော်လည်း ၎င်းတို့တိုင်းနယ်အလျောက် ထွန်းတောက်လျက်ရှိကြကြောင်း မှတ်သားအပ်ကုန်၏။

## ဟိမဝန္တ သာသနာအကြောင်း

မင်းတရားကြီးလက်ထက်က သာသနာပြုခဲ့သော ဟိမဝန္တာတိုင်း ပြည်နယ်တို့မှာ အစွန်မျှဖြစ်သော ပြည်နယ်များဖြစ်၍ ၎င်း၌သာသနာကား များစွာထွန်းကားကြောင်း မှတ်တမ်းများ ထင်ရှားမရှိသည့်အပြင် နောက်ခေတ်များ၌ ရောက်ရှိသောသာသနာသည်သာ အခိုင်အမာတည်ရှိကြောင်း မှတ်တမ်းများရှိ၍ နောက်ခေတ် သာသနာအပိုင်းမှ ရေးသားရမည်ဖြစ်ကြောင်း၊ ၎င်းသည်လည်း ယခုခေတ်တိုင်အောင်ပင် သာသနာ အဆက်အနွယ်များ ထင်ရှားရှိနေသေး၍ အနွယ်ဝံသကား ပျက်ပြားမသွားကြောင်း မှတ်သားအပ်၏။

## သာသနာနှစ် ၆-ရာစုအတွင်း သီဟိုဠ်သာသနာ

သီဟိုဠ်ကျွန်း၌ ၆-ရာစုအတွင်း သာသနာမှာလည်း ဝဋ္ဋဂါမဏိမင်းတရားကြီး အားလုံးသော ပိဋကတ်တော်များ အဋ္ဌကထာနှင့်တကွ ပေထက်အက္ခရာ တင်တော်မူပြီးသည်မှနောက် ၎င်းမင်းကြီး လွန်သောအခါ သာသနာ ၄၇၀-ခုနှစ် နန်းတက်သော မဟာစူဠတိဿမင်း လက်ထက်သာသနာပြုစု၍ ၎င်းနောက် သာသနာ ၄၈၄-ခုနှစ်မှာ နန်းတက်သော စောရနာဂမင်းလက်ထက်မှာကား ၎င်းသည် ခိုးသားပြုလုပ် တိုင်းပြည်

ပုန်ကန်နေစဉ်က ၁၈-ရပ်သော ကျောင်းတိုက်ကြီးတို့၌ တည်းခိုနေထိုင်ခွင့်မပြုသောကြောင့် ဖျက်ဆီးစေ၍ ၎င်းလက်ထက် သာသနာချီးမြှောက်ခြင်း မခံရသော်လည်း တိုင်းပြည်လူများကား သာသနာကိုင်းရှိုင်းလေးစား၍ သာသနာကား ထွန်းပလျက် ရှိခဲ့လေ၏။

၎င်းပြင် **အနုဠာဒေဝီ မိဖုရား**သည် စောရနာဂအား အဆိပ်ဖြင့်သတ်၍ ကံကုန်ပြီးနောက် **စူဠတိဿမင်း**သည် ၎င်းအနုဠာဒေဝီကိုပင် နန်းတင်ပြီး သာသနာပြုရာ ၎င်းမိဖုရား (သူ)ယုတ်မာသည် နန်းစံ ၃-နှစ်၌ ၎င်းကိုသတ်၍ သာသနာ ၄၉၉-မှ ၅၀၄-ခုနှစ်တိုင် ၅-နှစ် အလိုရှိသောယောကျ်ားများကို မြှောက်စားလျက် ကိုယ်တိုင်မင်းပြုနေစဉ် **မဟာစူဠိက-မင်း**၏သားတော် **ကုဋိကဏ္ဏတိဿ**သည် ၎င်းမိဖုရားယုတ်ဘေးမှထွက်ပြေး တိမ်းရှောင်ပြီးကာ ဗိုလ်ပါစုရုံးမိလျှင် ထီးနန်းကို တိုက်ခိုက်သိမ်းယူကာ ၎င်းမိဖုရားကိုသတ်ဖြတ်ပြီး မင်းပြုလုပ်သောအခါ သာသနာတော်ကို ကြည်ညိုလေးမြတ်သည့်အတိုင်း သာသနာပြုစုလေ၏။

၎င်းနောက် ၎င်းအနှစ် ၆-ရာစု သာသနာအတွင်း မင်းအဆက်ဆက်တို့ ထိုက်သည်အားလျော်စွာ သာသနာတော်ကို ပူဇော်ချီးမြှောက်လာခဲ့ကြသည်မှာ-

| | |
|---|---|
| ၁။ **ကုဋိကဏ္ဏတိဿမင်း**- | သာသနာ ၅၀၄-မှ ၅၂၆-ခုနှစ်တိုင်အောင် ၂၂-နှစ် မင်းပြု၍ သာသနာပြုချီးမြှောက်၏။ ကျောင်း, ဘုရားများစွာ ပြုပြင်၏။ |
| ၂။ **တတ္တိကာဘယမင်း**- | သာသနာ ၅၂၆-မှ ၅၅၄-ခုနှစ်တိုင် ၂၈-နှစ်မင်းပြု၍ သာသနာချီးမြှောက် ကျောင်း, ဘုရား, စေတီပြုပြင် တည်ဆောက်၏။ |
| ၃။ **မဟာဒါဒိကမင်း**- | သာသနာ ၅၅၄-မှ ၅၆၃-ခုနှစ်ထိ ၉-နှစ် မင်းပြု၍ သာသနာပြုစုတော်မူသည့်အပြင် ဆီဂီရိယစေတီတော် တည်ဆောက်၏။ |
| ၄။ **အာမဏ္ဍဂါမဏိမင်း**- | သာသနာ ၅၆၃-မှ ၅၈၄-တိုင်အောင် ၂၁-နှစ် မင်းပြု၍ သာသနာ အထူးချီးမြှင့်သည့်အပြင် သား-ကောင်များ သတ်ဖြတ်ခြင်းမှ ရှောင်စေပြီး များစွာ-သော လယ်ယာများ တိုးချဲ့လုပ်ကိုင်စေ၏။ |
| ၅။ **ကနိရဇနတိဿမင်း**- | သာသနာ ၅၈၄-မှ ၆၁၄-တိုင်အောင် အနှစ်-၃၀ မင်းပြု၍ ဥပုသ် အငြင်းအခုံ ဆုံးဖြတ်စေ၏။ |

<u>တိုင်းပြည် ပုန်ကန်ရန်ကြံစည်ကြသော ရဟန်း-၆၀ တို့ကိုလည်း စေတီယချောက်၌ ပစ်ချသတ်ဖြတ်လေ၏။</u>

ဤသို့အားဖြင့် သာသနာ အနှစ် ၆-ရာစုအတွင်း သီဟိုဠ်ကျွန်း၌ ဖြစ်ပျက်သော တိုင်းရေးပြည်ရာနှင့် သာသနာတော် အဖြစ်အပျက်များကား အကျဉ်းအားဖြင့် ဤမျှသာ ဖြစ်ကုန်၏။

ဤ ၆-ရာစုနှစ်အတွင်း၌ အခြားတိုင်းနိုင်ငံသို့ သာသနာပျံ့နှံ့ ကျယ်ဝန်းခြင်း မရှိဘဲ အသောကမင်းတရားကြီး ပြုစုခဲ့သော သာသနာပြု ဌာနများလောက်သာ သာသနာတော် အဖြစ်အပျက် အနည်းငယ်မျှသာဖြစ်၍ အထူးအခြား မှတ်သားလောက်အောင် အတ္ထုပ္ပတ္တိ များ ထင်ရှားမရှိသဖြင့် ဤ ၆-ရာစု သာသနာတော်အကြောင်းကား ဤတွင် အပြီးအဆုံး နိဂုံးသတ်အပ်သတည်း။

**၆-ရာစု သာသနာတော်နှစ်အတွင်း ဖြစ်ပွားခဲ့သော**

**အတ္ထုပ္ပတ္တိကား ဤတွင် ပြီးပြီ။**

✪ ✪ ✪ ✪ ✪

## ၎င်း ၆-ရာစုအတွင်း သာသနာ့ဘေးရန်များ

သာသနာတော် ၅-ရာစုအတွင်းက အနောက်မြောက်တိုင်းနယ်များဖြစ်သော ဂန္ဓာရ, ကမ္ဘောဇတိုင်းနယ်တို့ကိုအစပြု၍ ဟိန္ဒူကုသတိုင်းနယ်, အလသန္ဒတိုင်းနယ်, ယောနက, ဂရိတ်တိုင်းနယ်သို့ထိအောင် သာသနာတော်ပျံ့နှံ့၍ ပရိယတ္တိသာသနာလည်း ထွန်းကားသဖြင့် သီဟိုဠ်မှပင် သွားရောက်သင်ကြား အားထုတ်ရကြောင်း ရေးသားခဲ့သည်နှင့်အညီ သာသနာ့နိုင်ငံတော် ဖြစ်ကြသော်လည်း ကမ္ဘောဇတိုင်းနယ်များတွင် ပါဝင်သော ဣသရေလယတိုင်းများ၌ ရှေးကကိုးကွယ်လာခဲ့ကြသော နတ်များနှင့် ဟက်ဗရူးဘာသာ ရှေးကျမ်းဂန်များ ယုံကြည်ကြလျက်ရှိကြသေး၍ ၎င်းဘာသာအရ ကမ္ဘာလောကကြီးကို ဂေါဒ့်ဣသရ ဖန်ဆင်း၏ဟူသော ယုံကြည်စွဲမြဲချက်များ ရှိနေကြသေးသဖြင့် ၎င်းတို့ ယုံကြည်သည့်အတိုင်း ဟောပြောသော ခရစ်တော်ဂျီဆပ်စ်သည် ၎င်းတိုင်းနယ်များ၌ ထင်ရှား ဖြစ်ပေါ်လာခဲ့လေ၏။

## ခရစ်သက္ကရာဇ် ဖြစ်ပေါ်ခြင်း

ဂျီဆပ်စ်ခရစ်သည် သာသနာနှစ် အရေအတွက်အားဖြင့် ၅၄၃-ခုနှစ်မှာ **ယုဒတိုင်းနိုင်ငံ၊ ဟီရောဒ်ဘုရင်**၏လက်ထက် **ဘေသလဟင်**အရပ်၌ **ဂျိုးဇက်ပ်**၏ ဇနီးဖြစ်သော **မေရီ**မှ ဖွားမြင်၍ အစဉ်သဖြင့် အရွယ်သို့ရောက်သောအခါ ၎င်းတိုင်းနယ်များ၌ ဣဿရ အယူဝါဒကို ဟောပြောလျက် လိုက်နာယူသောလူများနှင့် တပည့်များလည်း များပြားကြီးကျယ်လာသဖြင့် ၎င်းဂျီဆပ်စ် ခရစ်၏အမှတ်အသားအရ ၎င်းမွေးဖွားသော နှစ်ကို အမှတ်အသားပြု၍ **ဘီစီ** နှင့် **အေဒီ** ခွဲခြားကာ ခရစ်မဖြစ်ပွားမီ နှစ်တို့ကို **ဘီစီ**-ဟုခေါ်ပြီးလျှင် ၎င်းခရစ်ဖွားမြင်သည်မှ နောက်၌နှစ်များကို **အေဒီ**ခရစ်၏ လက်ထက်နိုင်ငံတော်ဟု သုံးစွဲ ခေါ်ဝေါ်လာကြကုန်၏။

သို့ဖြစ်၍ ခရစ်ယာန်များ၏ ကျမ်းစာများ, အဖြစ်အပျက်များ သို့မဟုတ် ခရစ်ယာန်ဘာသာဝင်တို့ ရေးသာသောကျမ်းများ, အတ္ထုပ္ပတ်ဆိုင်ရာများ၌ ခရစ်မပေါ်မီ ဖြစ်ပွားသော အတ္ထုပ္ပတ်တို့ကို ရေးရာ၌ ဘီစီခုနှစ်ဖြင့် မှတ်သား၍ ခရစ်ပေါ်သည်မှ နောက်ဖြစ်ပွားသော အတ္ထုပ္ပတ်များကို ရေးသားရာ၌ အေဒီခုနှစ်ဖြင့် မှတ်သားကြကုန်၏။

## ဂျွန်ဘက်ပတစ်သည် ဗုဒ္ဓဝါဒမှ ဆင်းသက်လာခြင်း

ဤသို့ ဂျီဆပ်စ်သည် ဤတိုင်းနယ်ရှိလူများအား ကိုယ်ကျင့်တရား ဟောပြောနေစဉ်အခါ **ဂျွန်ဘတ်ပတစ်ဇမ်-ဂျွန်-ဂျောန်-အဘိသေက**သည်လည်း ဂျော်ဒန်မြစ်ဝှမ်း၌ **အက်ဆင်နိဇမ်- ဣသိနိသ** တရားများ ဟောကြားနေရာ ၎င်းသတင်းကျော်ကြားခြင်းဖြင့် ဂျောဒန်မြစ်အနီး **နရဇတ်** အရပ်သို့သွား၍ ၎င်းနှင့်တွေ့ဆုံကာ ကိုယ်ကျင့်တရား နှီးနှောသည့်အပြင် ၎င်းအထံမှ **ဘတ်ပတစ်ဇမ်- အဘိသေက** ရေဖြန်းမင်္ဂလာယူကြောင်း ၎င်းတို့ကျမ်းစာ၌ ထင်ရှားဆိုသဖြင့် ရှေးဟောင်းမှတ်တမ်းအရ ၎င်းဟောပြောသော တရားတို့မှာ **ဣသိနိသ- အက်ဆင်နိဇမ်** <u>ကိုယ်ကျင့်တရားများ</u> ပါဝင်ကြောင်းမှတ်သားအပ်၏။

၎င်းဣသိနိသ ကိုယ်ကျင့်တရားကား ဗုဒ္ဓဘာသာမှ ဆင်းသက်ရွှေ့လျောလာ၍ ၎င်းကို ဣသိနိသမည်သော ပုဂ္ဂိုလ်သည် အလသန္ဒ-အလက္ကဇန္ဒနယ်များနှင့် ပါလစ္စတိုင် ပါလစ္စတိန နယ်ပယ်များ၌ ၎င်းတရားတို့ကို ဟောပြောရာ, ၎င်းဒေသအားလျော်စွာ 'ဘုရားရှင်လက်ထက်က ဗြာဟ္မဏဘာသာအားလျော်စွာ ဗြာဟ္မဏဝဂ်, ဗြာဟ္မဏသုတ်တို့ကို ဟောပြောကာ သရဏဂုံ သီလတည်စေဘိသကဲ့သို့' ထုံးတမ်းစဉ်လာအရ အဘိသေကရေစင်ဖြင့် ဗုဒ္ဓဘာသာသို့ဝင်စေလျက် အဆက်မပြတ် ဆင်းသက်လာရာ ၎င်းဂျွန်သို့ရောက်အောင် တည်မြဲလာခဲ့လေသည်။

၎င်းဣလသိနိသ လက်ထက်က ၎င်းကဲ့သို့ထင်ရှားသော ပုဂ္ဂိုလ်တစ်ပါးရှိ၍ ၎င်းမှာ **ဆရမဏ- သမဏ**ဟု ခေါ်တွင်သဖြင့် ဤပုဂ္ဂိုလ်လည်း ၎င်းအနောက်မြောက် တိုင်းနယ်တို့တွင် အပါအဝင် အလသန္ဒတိုင်းများ၌ ကိုယ်ကျင့်တရားများ ဟောကြားနေကြရာ ၎င်းတို့မှာ မင်းတရားကြီးလက်ထက်က ၎င်းတိုင်းနယ်သို့ သာသနာပြုခဲ့သော မထေရ်များမှ ဆင်းသက်လာခဲ့သော အနွယ်ဝံသဖြစ်ကြောင်း, ၎င်းတို့ ၂-ပါးလည်း သာသနာ ၅၀၀-နောက်ပိုင်းနှင့် ၆-ရာစု အစကဖြစ်ကြောင်း မှတ်အပ်၏။

သို့ဖြစ်၍ ၎င်းဂျီဆပ်စ်ခရစ် ဟောသော ကိုယ်ကျင့်တရားတို့မှာ ရှေးဟက်ဘရူး ဘာသာမှ၎င်း ဗုဒ္ဓဘာသာမှ ဆင်းသက်လာခဲ့သော ကိုယ်ကျင့်တရားတို့နှင့်ဆိုင်သော တရားတို့မှ၎င်း ဟောပြောကြောင်းကား ဂျွန်နှင့်တွေ့ဆုံ နှီးနှောခြင်းအားဖြင့် ၎င်းဂျွန်သည် ဂျေရုဆလင်၌ ဂျီဆပ်စ်ခရစ် မဖွားမီ ၆-လက ဖွားမြင်သဖြင့် ၎င်းထက် အသက်ဂုဏ်ကြီးသောကြောင့် လေးစားသောအားဖြင့် ၎င်းနှင့်တွေ့ဆုံကာ အဘိသိက်မင်္ဂလာပြုကြောင်း မှတ်သားအပ်၏။

ဤသို့အားဖြင့် အနောက်တိုင်းဖြစ်သော ယောနကလောက၌ ပျံ့နှံ့နေသော သာသနာအဆက်အနွယ်များမှာ နောက်ခေတ်များစွာတွင် ပြောင်းလဲသွား၍ အချို့ ခရစ်ယာန်ဘာသာသို့ သက်ဝင်ကြသော်လည်း ၎င်းဘာသာမှာ များသောအားဖြင့် အိန္ဒိယ အတွင်းသို့မသက်ဆင်းဘဲ နောက်ခေတ်များ၌ ဥရောပနိုင်ငံတွင်းသို့ ရောက်သွား၍ ၎င်းနိုင်ငံများ၌ ထွန်းကားကြောင်း၊

သို့ဖြစ်၍ တရုတ်ရဟန်းတော် အရှင်ဖါဟိုင်နှင့် အရှင်ဝှင်သျှင်တို့ လာရောက်ကြသောအခါ ကာဗုလ်, အာဖဂန်-စသော ယောနကတိုင်းနှင့် ဆက်စပ်လျက်ရှိသော တိုင်းနယ်များမှာ ဗုဒ္ဓဘာသာတရား ထွန်းကားလျက် ရှိနေသေးကြောင်း၊ ကာဗုလ်မှာ များစွာသော ဘုန်းကြီးကျောင်းများ တွေ့မြင်ခဲ့ရသေးကြောင်း စသည်ဖြင့် ၎င်းတို့မှတ်တမ်း၌ ရေးသားဖော်ပြကုန်၏။

ဤသို့ သာသနာနိုင်ငံတော်သည် အနောက်မြောက်ပိုင်းတိုင်းနယ် တစ်စိတ်တစ်ဒေသမှ တစ်ဘာသာ ဖြစ်သွားသော်လည်း များသောအားဖြင့် အနီးအနား တိုင်းနိုင်ငံများမှာ သာသနာ အနှစ် ၁၀၀၀-ကျော် ရှည်မြင့်သည့်တိုင်အောင် တည်ရှိနေသေးကြောင်း ဆိုခဲ့ပြီးသော တရုတ်ရဟန်းတော်များ၏ မှတ်တမ်းများအရ ထင်ရှား၍ ၎င်းတိုင်းတို့၌ မူလတည်ထောင်ရင်း သာသနာမှာကား ကနိသကမင်းလက်ထက် တင်သောသံဂါယနာမှ နောက်ခေတ်အခါတို့၌ မဟာသံဃိက မဟာယာန သာသနာသို့ ပြောင်းသွား၍ ထိုရဟန်း

တော်များ ရောက်စဉ်က မဟာယာနဂိုဏ်းဝင် သံဃာများသာဖြစ်ကြောင်း ထိုနယ်မှ တရုတ်ပြည်သို့ ကျမ်းဂန်များစွာ မဟာယာနသုတ္တန်များရောက်ကြောင်း၊ ထိုနယ်များ၌ အခြားအခြေတည်လျက်မရှိသေးကြောင်း မှတ်သားအပ်၏။

ဤသို့လျှင် အနှစ် ၆-ရာစု သာသနာတော်အဖြစ်အပျက် အတ္ထုပ္ပတ်များနှင့် ၎င်းနှစ်အတွင်း သာသနာ့ဘေးရန်များဖြစ်ပွားကာ အချို့နယ်များ၌ သာသနာ့နိုင်ငံတော် ဆုတ်ယုတ်ပျက်ပြားလာရကြောင်း သို့ရာတွင် အချို့နယ်များ၌ကား တိုးတက်လျက်ရှိကြောင်း မှတ်သားကာ ဤရာစု သာသနာတော်အကြောင်း ဤတွင်အပြီးသတ်အပ်သတည်း။

## သာသနာနှစ် (၆၀၀-ကျော် ၇၀၀) အတွင်း၌ သာသနာ့နိုင်ငံတော်

သာသနာ ၇-ရာစုအတွင်း၌ မဇ္ဈိမဒေသ အလယ်ပိုင်းတိုင်းနိုင်ငံများ၌ သာသနာဝင်ဘုရင်များ မဟုတ်သဖြင့် ဗုဒ္ဓဘာသာတော်သည် မင်း၏ဘာသာတော်ပင် မဟုတ်သော်လည်း မထေရ်အဆက်ဆက်တို့ကား ဆောင်ရွက်တော်မူလာကြသဖြင့် ဗုဒ္ဓနိုင်ငံကြီးကား ပျက်စီးမသွားဘဲ တည်တံ့လျက်ပင်ရှိကြောင်း၊ သို့ရာတွင် မှတ်တမ်းများ ထင်ရှားမရှိ၍ သာအဖြစ်အပျက် အဆက်အနွယ်များ ထင်ရှားမဖော်ပြနိုင်သော်လည်း သာသနာတော် ၃-ရပ်တို့ ထွန်းကားလျက်ရှိကြောင်းမှာ နောက်အနှစ် ၉၀၀-ကျော်ခေတ်က အရှင်ဗုဒ္ဓဃောသမထေရ်မြတ်တို့၏ အတ္ထုပ္ပတ္တိကို ထောက်ဆသဖြင့်၎င်း, ၎င်းအလယ်ပိုင်းသို့ သာသနာ့ဗဟုသုတရှာဖွေရန် ရောက်လာတော်မူကြသော တရုတ်ရဟန်းတော်များ၏ အတ္ထုပ္ပတ္တိတို့ကို ထောက်ဆသဖြင့်၎င်း ထင်ရှားသိသာ၏။

၎င်းပြင် အလယ်ပိုင်းတိုင်းနိုင်ငံများ၌ သာသနာတော် ထို ၇-ရာစုနှစ်အတွင်းက ထင်ရှားရှိကြောင်းမှာ အိန္ဒိယကျောက်စာဌာနမှ စုဆောင်းရရှိသော ဗုဒ္ဓဘာသာနှင့်ဆိုင်သော အနုပညာများ၌ ထိုးထားသော ကမ္ပည်းကျောက်စာများအရ အလယ်ပိုင်းတိုင်းနိုင်ငံများ သာသနာတော် တည်ထွန်းလျက်ရှိကြောင်း၊ ၎င်းတိုင်းနယ်များ၌ များစွာသော စေတီပုထိုးများတည်ထား၍ ၎င်းတို့အထိမ်းအမှတ်ကမ္ပည်းများ ထိုးထားကြောင်း၊ ၎င်းခေတ်အပိုင်းအခြားမှာ အန္ဓ- အန္ဓရမင်းများ တန်ခိုးအာဏာ လွှမ်းမိုးသောခေတ်ဖြစ်ကြောင်း မှတ်သားအပ်၏။

## မဇ္ဈိမဒေသ သာသနာမှ အခြား တိုင်းနယ် သာသနာတော်

ၑင်းခေတ်အတွင်းက သာသနာတော်ကား အသောကမင်းတရားကြီး ပြုစုတော်မူခဲ့သော သာသနာတော်ကြီး မကွယ်ပျောက်ဘဲ အလွန်မထွန်းတောက်သော်လည်း အဆက်အနွယ်မပြတ်

- အရှေ့ဘက် ကလိင်္ဂတိုင်းနယ်များ၌ၑင်း
- တောင်ပိုင်း စောဠတိုင်း, ပဏ္ဍုတိုင်း တို့၌ၑင်း
- အနောက်မြောက်တိုင်း ဂန္ဓာရတိုင်း, ကမ္ဘောဇတိုင်းတို့၌ၑင်း
- *(အနောက်ပိုင်း)*အပရန္တတိုင်း, ဝနဝါသီတိုင်းတို့၌ၑင်း

ထိုခေတ်အခါ တည်ဆောက်ကြသော ကျောင်း, စေတီ အဆောက်အဦးများကို ထောက်ဆသဖြင့် တည်ရှိနေသေးကြောင်း မှတ်သားအပ်၏။

သို့ရာတွင် ၑင်းတိုင်းနယ်များ၌ ထင်ရှားသောမှတ်တမ်း သာသနာဝင်များ ထင်ရှားမရှိသောကြောင့် အသေအချာကား ခေတ်ပိုင်းခြားနိုင်သည်မှတစ်ပါး ရေးသားဝေဖန်ရန်ခဲယဉ်းကြောင်း၊ အဇန္တာကျောင်းတိုက် စေတီဂူများ၌ၑင်း, တက္ကသီလ ရှေးဟောင်း ဗုဒ္ဓဘာသာ စေတီပုထိုး အဆောက်အဦးများ၌ၑင်း, ၑင်းတို့၏ခုနှစ်များ ပိုင်းခြားဝေဖန် ရေးသားသည်ကိုထောက်ဆ၍ ၑင်းတိုင်းနိုင်ငံများ၌ အနွယ်မပြတ်ရှိကြောင်းမျှသာ မှတ်သားရာ၏။

သုဝဏ္ဏဘူမိတိုင်း ၇-ရာစု သာသနာမှာကား **သာသနဝံသဒီပနီ, သာသနာလင်္ကာရ** မှတ်တမ်းတို့၌ ရေးသားသည့်အတိုင်း-

သာသနာပြု အရှင်သောဏမထေရ်, အရှင်ဥတ္တရမထေရ်တို့မှစ၍ မြန်မာနိုင်ငံသာသနာတော်ဆက် သာသနာပြု **အရှင်အရဟံ**အမည်ရှိတော်မူသော **အရှင်ဓမ္မဒဿီ**မထေရ်တိုင်အောင် ရဟန္တာမထေရ်များ အဆက်အနွယ်ဖြစ်ကြောင်း မှတ်သားကြသဖြင့် သာသနာပြု အရှင်သောဏမထေရ်တို့၏ခေတ်မှာ သာသနာ ၂၃၅-ခုနှစ်ဖြစ်၍ အရှင်အရဟံမထေရ်၏ခေတ်မှာ သာသနာတော် ၁၀၀၀-ကျော်ဖြစ်သဖြင့် ၑင်းခေတ်အတွင်း သာသနာအဆက် ထွန်းတောက်လျက်ပင် ရှိခဲ့ကြောင်းမှတ်သားအပ်၏။

## သာသနာနှစ် (၆၀၀-ကျော် ၇၀၀) အတွင်း ဖြစ်ပွားသော အနောက်မြောက်တိုင်း သာသနာ

**အနောက်မြောက်ပိုင်း** သာသနာတော် အနှစ် ၅၀၀-အတွင်းက ထင်ရှားကျော်စောခဲ့သော **ဂရိတ် ယောနက** မင်းဆက် **မိလိန္ဒ** မင်းတရားအကြောင်း ရေးသားခဲ့သည့်အတိုင်း နောက်ခေတ်၌ကား အနှစ် ၆-ရာစုအတွင်းက **ဆိုက်သီယမ်-သာက**မင်းမျိုးများ တန်ခိုးအာဏာ တိုးတက်လာ၍ အနောက်မြောက်တိုင်းနယ်တို့၌ ၎င်းတို့လွှမ်းမိုးလာခဲ့ကြောင်း ရေးသားခဲ့သည်နှင့်အညီ ဤ ၇-ရာစု အတွင်းမှာကား ၎င်းတို့တန်ခိုးအာဏာ ကြီးမားသည့်အလျောက် သာသနာလည်း ထွန်းတောက်လာခဲ့လေသည်။

### ကနိသကဘုရင်မင်းတရား အုပ်စိုးခြင်း၊ သာသနာပြုခြင်း အကြောင်း

၎င်းသာကမင်းမျိုးတို့တွင် တန်ခိုးကြီးမား၍ နိုင်ငံတော်အားဖြင့်လည်း ကျယ်ဝန်းသောနယ်ပယ်များ သတ်မှတ်ပိုင်းခြား များစွာသော လက်အောက်ဘုရင်ခံများ ထားရှိသော မင်းတရားကြီးမှာ **ကနိသကဘုရင်မင်းတရားကြီး**ဖြစ်၍ ၎င်းမင်းတရားသည် **ကသ္မိရ**တိုင်းနယ်တွင် ၎င်း၏အမည်ဖြင့် နောင်တော်များကဲ့သို့ **ကနိသကပူရ**ဟု မြို့သစ်ကြီးတည်ထောင် ဖန်ဆင်းခဲ့လေသည်။

သို့ရာတွင် ၎င်း၌ ထီးသစ်၊ နန်းသစ် မစိုက်ထူဘဲ ရှေးမြို့တော်ဟောင်းဖြစ်သော **ပုရှသပူရ ပက်သျှဝါ** မြို့တော်ကို အသစ်တဖန် ပြုပြင်မွမ်းမံ ဖန်ဆင်းကာ ထီးသစ်၊ နန်းသစ် တည်ဆောက်လျက် ၎င်းမင်းတရား၏ နိုင်ငံတော်မှာ-

- **ကာဗုလ**မြို့နယ်မှ **ဟိန္ဒူကုသ**တိုင်းနယ်တိုင်အောင်လည်းကောင်း
- **ဘောလရ တောင်ယက္ခန**နှင့် **ခိုတန** ခိုတန်ပြည်သို့လည်းကောင်း
- **ကသ္မိရ လဓက**နယ်များနှင့် **ဟိမာလယ**အလယ်ပိုင်းသို့လည်းကောင်း-

၎င်းပြင် လွင်ပြင်ဒေသများ၌-

- ဂင်္ဂါမြစ်ဝှမ်းအထက်ပိုင်းနှင့် ယမုနာမြစ်ဖျား တိုင်းနယ်တို့သို့လည်းကောင်း
- **ရာဇပုတ္တ ဝူဇရာတ သိန္ဒူ** နယ်များနှင့် **ပဉ္စာပ ပန်ဂျပ်** တိုင်းနယ် အားလုံးတို့ကိုလည်းကောင်း- သိမ်းကျုံး စိုးပိုင်တော်မူခဲ့လေသည်။

၎င်းပြင် တတိယသံဂါယနာတင် ဘုရင်မင်းတရား အသောကကဲ့သို့ အနောက်မြောက်ပိုင်းတိုင်းနယ်အလုံး တန်ခိုးအာဏာ လွှမ်းဖုံးခဲ့သည့်အပြင် ၎င်းမင်းတရားကြီး လက်ထက်မှာပင် မဟာယာန မဟာသံဂိတိဂိုဏ်း သာသနာထွန်းကားသည့်အလျောက် ၎င်းဂိုဏ်းသာသနာဝင် အစဉ်အလာအရ ဘုရင့်ဘာသာတော်အဖြစ်ဖြင့် မှတ်တမ်းထားကာ သံဂါယနာတင်ခဲ့လေသည်။

သို့ရာတွင် ၎င်းဂိုဏ်းအယူဝါဒ သာသနာကို ထေရဝါဒဂိုဏ်းကြီးက အသိအမှတ်မပြုခဲ့သဖြင့် ထိုစဉ်အခါက ထေရဝါဒဂိုဏ်းသာသနာ ထင်ရှားရှိလျက် ၎င်းတို့မှတ်တမ်းများ၌ ၎င်းသံဂါယနာတင်ခြင်းကို အသိအမှတ်မပြုသည့်အပြင် သံယာအစဉ်အဆက်ကိုလည်း မရေတွက်ကြကုန်။ ထို့အတူ မဟာသံဃိကဂိုဏ်းသားတို့ကလည်း ၎င်းတို့သည် ဒုတိယသံဂါယနာမှ ကွဲပြားလာသည်အားလျော်စွာ ထေရဝါဒတတိယသံဂါယနာ အလွန်ထင်ရှားပါလျက် ၎င်းမှတ်တမ်း၌ အမှတ်အသားမပြုကုန်။

ကနိသကဘုရင်မင်းတရားကြီးမှာ ကသ္မီရတိုင်း, ဂန္ဓာရတိုင်းတို့ကို နိုင်ငံတော်ပြုလုပ်လျက် အနောက်မြောက် ဟိန္ဒူကုသတိုင်အောင် တောင်ဘက်ယမုနာနှင့် ဂင်္ဂါမြစ်ဝှမ်းဖြစ်သော မထုရာ, အာဂရာသို့တိုင်အောင် အာဏာလွှမ်းမိုးကျယ်ပြန့်၍ ၎င်းတို့မှတ်တမ်းအရ ၎င်းမင်းကြီးလက်ထက်၌ အယူအဆကွဲပြားကြသည်မှတစ်ပါး ဆန့်ကျင်ဘက် အယူဝါဒတစ်ပါးမရှိဟု ရေးသားကြသော်လည်း မဟာသံဃိကဂိုဏ်းမှာ ဘုရင့်ဘာသာတော် ဖြစ်သည့်အတိုင်း များသောနေရာတို့၌ ၎င်းတို့အယူဝါဒထွန်းကားခြင်းမျှသာ၊ ထေရဝါဒဂိုဏ်း မထေရ်များမှာကား ၎င်းတို့ဝိနည်းတရားဖြင့် သဘာဂဂိုဏ်းသားခြင်း မှီတင်းနေထိုင် ၎င်းဂိုဏ်းကြီး မယိမ်းယိုင်အောင် စောင့်ရှောက်နေထိုင်တော်မူကြကာ အသီးအခြားသာ ဖြစ်ကြကုန်၏။

မဟာသံဂိတိဂိုဏ်းကြီးကား ဒုတိယသံဂါယနာမှစ၍ ကွဲပြားလာခဲ့သော ဂိုဏ်းဖြစ်၍ ၎င်းတို့ဂိုဏ်း အယူဝါဒများ၌ ပြာဟ္မဏအယူဝါဒ ရောယှက်ရှုပ်ထွေးကာ တတိယသံဂါယနာ မတင်မီ အရှင်မဟာမောဂ္ဂလိပုတ္တမထေရ်မြတ်သည် များစွာသော သံဃာ့အစည်းဝေးကြီး၌ ဖြေရှင်းသုတ်သင်ခဲ့သော ခပ်သိမ်းသောအရာတို့သည် တည်ရှိသည်ဟု သဗ္ဗတ္ထိဝါဒကို နှစ်သက်ကြ၍ ၎င်းဝါဒအားလျော်စွာ မှတ်သားသင်ကြားခဲ့သော ပိဋကတ် အဆက်အဆက်တို့မှာလည်း မြတ်စွာဘုရား ဟောကြားတော်မူရင်း ပိဋကတ်အမှန်မှ ၎င်းဝါဒသို့ သက်ဆင်းကာ ထည့်စွက်ပြင်ဆင်ထားသော ပိဋကတ်များသာ ဖြစ်ခဲ့လေသည်။

၎င်းမင်းတရားကြီးသည်လည်း သာသနာတော်ကြီးကို ကြည်ညိုလေးစားသည် အလျောက် စည်ပင်ပြန့်ပွားအောင် ပြုစုအားထုတ်သော မြောက်ပိုင်းဂိုဏ်း သာသနာ၏ သာသနာပြုဒါယကာ မဟာကေရာဇ် ဖြစ်တော်မူသည့်အတိုင်း ၎င်း၏တိုင်းတော်, နိုင်ငံတော်

အလုံးမှာ များစွာသော ကျောင်းတိုက်, စေတီပုထိုးစသော သာသနာတော်နှင့် စပ်ဆိုင်သော အဆောက်အဦများစွာတို့အပြင် အထူးအားဖြင့် ထင်ရှားသောကောင်းမှုကုသိုလ်တော်မှာ ရတနာတို့ဖြင့် မွမ်းမံစီချယ် ပုလဲသွယ်ရာဇမတ်အကွက်ဖုံးအုပ်သော ရတနာကြုတ်နှင့်တကွ မွေတော်, ဓာတ်တော်များစွာ ဌာပနာပြီး အံ့ချီးဖွယ်ရာ ဆန်းကြယ်လှစွာသော ပူဇော်ဖွယ် အမျိုးမျိုးနှင့် စိုက်ပျိုးတည်ထားတော်မူသော **ပုရုသ-ပုရမြို့**တော်မှ ၁-ကောသလောက် ကွာသောအရပ်တွင် ထင်ရှားရှိသော **ဗောဓိပင်မြတ်**ဖြစ်၍ ၎င်းဗောဓိပင်မြတ်သည် နှစ်ပေါင်း များစွာတည်ရှိသဖြင့် တရုတ်ရဟန်းတော်များရောက်လာသော သာသနာနှစ် ၁၀၀၀-ကျော် အောင်ပင် ထင်ရှားရှိသေးကြောင်း ရေးသားကြကုန်၏။

၎င်းပြင်လည်း မြတ်စွာဘုရား သပိတ်တော်နှင့် ဓာတ်မွေသရီတော်များ ဌာပနာတော် မူလျက် အမြင့်အားဖြင့် သံတောင် ၂၆၀-ကျော်၊ အဝန်းအားဖြင့် သံတောင် ၃၀၀-မျှရှိသော ၎င်းမင်းကြီး၏ အမည်တော်ဖြင့် **ကနိသက စေတီတော်**ဟု ထင်ရှားသော စေတီတော်မြတ်ကြီး ကိုလည်း ၎င်းဗောဓိပင်မြတ်၏ တောင်အရပ်၌ တည်ထားတော်မူကြောင်း၊ ၎င်းစေတီတော် မြတ်ကို မဟာယာနဂိုဏ်း သို့မဟုတ် မဟာသံဂိတိဂိုဏ်းကွဲတို့တွင် ထင်ရှားသော ဆိုခဲ့ပြီး **သဗ္ဗတ္ထိဝါဒီဂိုဏ်းကြီး**ကကြီးမှူးကာ တည်ထားကြောင်း၊ ထိုကြောင့် ၎င်းစေတီတော်မှ ရရှိသော ဓာတ်တော်ကြုတ်မှာ ၎င်းဂိုဏ်းအမည်အားဖြင့် ကမ္ပည်းထိုးထားကြောင်း မှတ်သားအပ်၏။

ထိုမှတစ်ပါး ထိုမဟာဗောဓိပင်မြတ်နှင့် စေတီတော်ကြီးတို့အပြင် ၎င်းစေတီတော် ၏အနောက်ဘက်မှာ ကြီးကျယ်ခမ်းနားလှစွာသော ကျောင်းတိုက်ကြီးကိုလည်း တည် ထောင်တော်မူ၍ ၎င်းကျောင်းတိုက်ကြီးကိုလည်း 'အသောကမင်းတရား တည်ထား၍ အသောကကျောင်းတိုက်တော်ကြီးတွင်သကဲ့သို့' ၎င်းမင်းတရားကြီး၏ အမည်အားဖြင့် **ကနိသကကျောင်းတိုက်တော်** အမည်တွင်လျက် ၎င်းကို ထိုစဉ်က ဘုရင့်ဂိုဏ်းတော်ကြီး ဖြစ်သည့် **မဟာသံဂိတိ သဗ္ဗတ္ထိဝါဒီ**ဂိုဏ်းတွင်ထင်ရှား၍ နာယကဖြစ်ကြသော-

- **အရှင်အရိယပါသိကမထေရ်**
- **အရှင်မနောဟိတမထေရ်**
- **အရှင်ဝသုဗန္ဓုမထေရ်**

အရှင်မြတ်တို့အား တင်လျှုဒါန်းတော်မူပြီးလျှင် ၎င်းမထေရ်များ၏ အဆုံးအမ ဩဝါဒဖြင့် သာသနာတော်ပြုစုအားထုတ်တော်မူ၍ ၎င်းမထေရ်ကြီးများကို ရာဇဂုရု အဖြစ်ဖြင့် ကိုးကွယ်ဆည်းကပ် စေတီတော်ကြီးကိုလည်း မထေရ်ကြီးများကို အုပ်ချုပ်ရန် အပ်နှင်းတော်မူခဲ့လေသည်။

ထို့ကြောင့် ထိုစေတီတော်မြတ်ကြီးကား တရုတ်ရဟန်းတော်တို့ ရောက်သောခေတ် အနှစ် ၁၀၀၀-ကျော်အောင် မပျက်မစီးတည်ရှိ၍ အမြင့်ဉာဏ်တော် လုံးပတ်အဝန်းဖော် ပြသည့်အပြင် နောက်ခေတ်တွင်ကား ပျက်ပြားယိုယွင်းလျက် ကျောက်စာဘက်ဌာနက ရှေးဟောင်း အဆောက်အဦးများ ရှာဖွေရာတွေ့၍ ၎င်းစေတီတော်ဟောင်းကြီးမှ ရရှိသည့် ဓာတ်တော်ကြုတ်၌ သကတဘာသာအားဖြင့်-

**အာစရယျာန် သဗ္ဗတ္ထိဝါဒီနံ ' ပရိဂြဟေ-**

- **အသံ အာစရယျာန် ဆရပသ်ဆတိ ဗာဒီနံ ပရိဂရဟေ-**
- ပါဠိဘာသာအားဖြင့် **အာစရိယာနံ သဗ္ဗတ္ထိဝါဒီနံ ပရိဂ္ဂဟေ-**

မြန်မာအားဖြင့် ဤဓာတ်မွေတော်များကို သဗ္ဗတ္ထိဂိုဏ်း ဆရာမထေရ်တို့ စောင့် ရှောက်သိမ်းဆည်း ပိုင်ဆိုင်ကြောင်း ကမ္ပည်းထိုးထားကြ၍ သာ၍ပင် ထင်ရှားစွာ ထိုမင်း တရား လက်ထက်က အများဂိုဏ်း မဟာသံဃိကဂိုဏ်း ကြီးမှုးကြောင်း သိသာ၏။

သို့ရာတွင် ထိုကနိသက မင်းတရားကြီးလက်ထက်က မဟာသံဃိကဂိုဏ်း မထေရ် ကြီးများ ကြီးမှုးအုပ်ချုပ်ခဲ့သော ထိုကနိသကကျောင်းတိုက်ကြီးမှာ တရုတ်ရဟန်းတော်များ ရောက်ရှိသောအခါက ထေရဝါဒဂိုဏ်း သံဃာတော်များ ကြီးမှုးအုပ်ချုပ်လျက် ၎င်းတို့လက် ထက်၌ ထင်ရှားကျော်စောသောမထေရ်ကြီးများ သီတင်းသုံးတော်မူကြသဖြင့် အရပ်ထက် ဝန်းကျင် ကျော်ကြားရာ မဇ္ဈိမအလယ်ပိုင်း မဂဓတိုင်းမှပင် အရှင်ဝီရဒေဝမထေရ်သည် သာသနာနှစ် ၁၀၀၀-ကျော်မှာ ကနိသကကျောင်းတော်ကြီးသို့ ထေရဝါဒ စဉ်အလာ ဖြစ်သော ပိဋကတ်တော်များ သင်ကြားဆည်းပူးရန် ကြွရောက်သီတင်းသုံးတော်မူကြောင်း အချို့မှတ်တမ်း၌ ဆိုသောကြောင့် ခေတ်အားလျော်စွာ ပြောင်းလဲလာကြောင်း ကောင်းစွာ မှတ်အပ်၏။

ထိုမှတပါးလည်း ထိုမင်းကြီး စိုက်ပျိုးပြုစုတော်မူသော မဟာဗောဓိပင်ကြီးသည် လည်း မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်တော်ကြီးတမျှ အတောင် ၆၀-ကျော် ကြီးမြင့်လျက် အကိုင်းအခက် ဝေဖြာတင့်တယ်စွာ တည်ရှိသည့်အပြင်-

- အရှင် ကကုသန် မြတ်စွာဘုရား
- အရှင် ကောဏာဂုံ မြတ်စွာဘုရား
- အရှင် ကဿပ မြတ်စွာဘုရား
- အရှင် ဂေါတမ မြတ်စွာဘုရား-

တည်းဟူသော ၄-ဆူသော ဘုရားရှင်တို့၏ ရုပ်ရှင်တော်မြတ်တို့နှင့် အထူးသဖြင့် သပ္ပါယ် ကြည်ညိုဖွယ်ရှိလှကြောင်း ထိုတရုတ်ရဟန်းတော်များ ရေးသားသဖြင့် ထိုတိုင်းနယ်မှာ သာသနာတော် အဆက်မပျက်တည်ရှိ၍ မင်းအဆက်ဆက်တို့လည်း ဆက်လက်ကိုးကွယ်-လာကြကြောင်း ကောင်းစွာမှတ်သားအပ်ကုန်၏။

ထို့ပြင်လည်း **ကနိသကဘုရင်မင်းတရားကြီး**၏လက်ထက်မှာ နိုင်ငံတော် ကျယ်ဝန်းလှ၍ နိုင်ငံတော်အလုံးမှာ လက်အောက်ခံ ဘုရင်ခံများခန့်ထားလျက် သာသနာတော် အရေးနှင့် နိုင်ငံတော်အရေးများ ဆောင်ရွက်စေတော်မူကြောင်း ၎င်းတို့မှာ **ကာဗုလနယ်, ဘူတန်နယ်**စသော အနောက်မြောက်ပိုင်း တိုင်းနယ်များအပြင် ဂင်္ဂါမြစ်အဝှမ်းရှိ **မထုရာ** ပြည်နယ်, **ဥဇ္ဇေနီ**ပြည်နယ်, **ရာဇပုတ္တ**ပြည်နယ်များနှင့် **ဂန္ဓာရ**တိုင်းနယ်များ၌ပင် ၎င်းတို့ သာသနာဖြစ်သော **သဗ္ဗတ္ထိဝါဒီဂိုဏ်း** သာသနာပြုစု အားထုတ်လျက် ၎င်းနိုင်ငံအတွင်း ဖြစ်သော ဟုသကမြို့တော်, ဇုသကမြို့တော်, ကနိသကမြို့တော်များ၌ ရှေးကရှိနှင့်ပြီးသော အဆောက်အဦးများအပြင် မိမိမြို့တော်၌လည်း များစွာသောကျောင်းတိုက်ကြီးများ တည်ဆောက်ပြုပြင်တော်မူကြောင်း ရေးသား၏။

ထိုမှတပါး တိုင်းအနီးအနားဖြစ်သော ရှေးကအသောကမင်းတရားကြီးတို့ တည်ထောင်ဆောက်လုပ်တော်မူခဲ့သော ရှေးစာဟောင်းများအရ သင်းကျစ်တော် ဌာပနာလျက် တည်ထားကိုးကွယ်ခဲ့သော **နဂရာဟာရ**တိုင်း၊ **ဟတ္ထိနဂရ**မြို့တော်ရှိ **ဥဏှိသ** စေတီတော်ကိုရင်း, **မနိစာလ**မြို့တော်အနီး တည်ထားတော်မူခဲ့သော **မနိစာလ**စေတီတော် ကိုရင်း ထပ်မံပြင်ဆင် ပူဇော်တော်မူကြောင်းများလည်း မှတ်သားဖော်ပြကုန်၏။

## ၎င်းလက်ထက် သဗ္ဗတ္ထိဝါဒီဂိုဏ်း ပိဋကတ်တော်

**ကနိသက**မင်းကြီးလက်ထက် သာသနာတော်မှာ မဟာသံဃိကဂိုဏ်းမှ ဆင်းသက်လာခဲ့သော **သဗ္ဗတ္ထိဝါဒီ**ဂိုဏ်းအားလျော်စွာ ပိဋကကျမ်းစာများကိုလည်း သကတဘာသာ ဖြင့် ပြုပြင်ရေးသား၍ အလိုရှိသော အနက်အဓိပ္ပါယ်များကိုသာ ထင်ရှားစေလျက် အဆက် ဆက် ပြင်ဆင်လာကြသဖြင့် ပိဋကမူရင်း အတိအကျကား အနည်းငယ်မျှသာ လိုရာဆွဲငင် ပြင်ဆင်ထားသော သုတ္တန်များနှင့် ၎င်းကိုအကျင့်တရားအတိုင်း ထုတ်နုတ်ရေးသားသော ဝိနည်းများအပြင် ဗြာဟ္မဏဘာသာအရ ဝေဖန်ရေးသားသော ဝေဒကျမ်းများ, ဝေဒန္တ, ယောဂကျမ်းများနှင့် တက္ကကျမ်းများ ရောပြွမ်းလျက် သကတဘာသာအားဖြင့်သာ လေ့ကျက်သင်ကြား ၎င်းမင်းတရားကြီးလက်ထက် သကတဘာသာ ထွန်းကားခဲ့၏။

ထို့ကြောင့် ၎င်းမင်းတရားကြီးလက်ထက် ခုနှစ်သေချာစွာ မပိုင်းခြားနိုင်သော်လည်း ၎င်းခေတ်က ကျော်ကြားတော်မူ၍ သံဂိတိကာရက အမှူးတစ်ပါးဖြစ်တော်မူသော အရှင် **အဿယောသမထေရ်မြတ်၏** ဗုဒ္ဓစရိတ မြတ်စွာဘုရား၏ အဖြစ်တော်စဉ်ကျမ်းကြီးကို သကတဘာသာအားဖြင့် ရေးသားတော်မူခဲ့၍ ၎င်းကျမ်းကြီးမှာ ယခုတိုင်အောင် ထင်ရှားရှိနေသေးကြောင်း၊ ၎င်းပြင်နန္ဒကာဗျကျမ်း, လလိတဝိတ္ထာရ ဗုဒ္ဓဝင်များ သကတဘာသာအားဖြင့်ရေးသားခဲ့ကြောင်း၊ သို့ဖြစ်၍ ထိုလက်ထက်က မင်းအလေးပြုသောဘာသာဖြစ်လာကြောင်း မှတ်သားအပ်၏။

## ထေရဝါဒနှင့် ပါဠိဘာသာ

၎င်းမင်းတရားကြီး လက်ထက်က ၎င်းနိုင်ငံတော်အတွင်း မှီတင်းနေထိုင် သီတင်းသုံးတော်မူကြသော ထေရဝါဒဂိုဏ်းဝင် မထေရ်အရှင်တို့ ထင်ရှားရှိပင် ရှိလင့်ကစား ၎င်းကို မပစ်ပယ်ဘဲ ကိုးကွယ်ငြားလည်း ဆိုခဲ့ပြီးသော မဟာသံဃိကဂိုဏ်းများကဲ့သို့ မထင်ရှားလှသည့်အပြင် ၎င်းမထေရ်အရှင်တို့သည် မြတ်စွာဘုရားလက်ထက်တော်မှစ၍ လေ့ကျက်လာတော်မူခဲ့ကြသော ဘုရားဟော ပါဠိ, ပိဋကတ်တော်များကိုလည်း လေးစားဂရု အားပေးခြင်းမပြုသဖြင့် ၎င်းပါဠိ ပိဋကတ်တော်ကို ထေရဝါဒသံဃာတော်များသာ မပျက်စီးအောင် ဆောင်ရွက်အားထုတ်တော်မူလာခဲ့ကြကုန်၏။

## ၎င်းလက်ထက် သကတဘာသာဖြင့် သံဂါယနာတင်ကြခြင်း

ကနိသကမင်းတရားကြီးလက်ထက် အများဂိုဏ်းသာသနာ၌ သဗ္ဗတ္ထိဝါဒဂိုဏ်းမှ တစ်ပါး အခြားဂိုဏ်း အယူဝါဒများလည်းရှိကြသဖြင့် အယူအဆလည်း အချင်းချင်း မတူမျှကြသောကြောင့် ၎င်းအရှုပ်အထွေး အညစ်အကြေးတို့မှ သန့်ရှင်းစင်ကြယ်စေရန် ၎င်းသဗ္ဗတ္ထိဝါဒီဂိုဏ်းကြီး၏ အကြီးအမှူး ရာဇဂုရုဖြစ်သော **အရှင်ဝါသိကမထေရ်မြတ်** ညွှန်ကြား-တော်မူသည့်အတိုင်း ၎င်းတို့ဂိုဏ်းအယူရှိသော ပိဋကတ်တော်များကို သံဂါယနာတင်ရန် မင်းတရားကြီးအား "အကူအညီပေးကာ သာသနာတော်ပြုစုရန်" မိန့်ကြားတော်မူကြသည်နှင့်အညီ ၎င်းမင်းတရား၏ အချီးအမြှောက်ကို ခံယူတော်မူကြပြီး **အရှင်ဝသုဗန္ဓုမထေရ်မြတ်** အကြီးအမှူးထား၍ ၎င်းဂိုဏ်းဝင် ထင်ရှားကျော်ကြားသော မထေရ်ကြီး ၅၀၀-တို့ကို ရွေးကောက်တော်မူပြီး ထေရဝါဒဂိုဏ်းမထေရ်ကြီးများ သံဂါယနာတင်တော်မူကြသကဲ့သို့

ထို့အတူ ၎င်းဂိုဏ်းကြီးက အလေးပြုသော **သကတဘာသာအားဖြင့်** ပြန်ဆိုထားသော ပိဋကတ်များကို **ပုရုသပုရ-ပက်ရှာဝါမြို့တော်မှာ** သံဂါယနာတင်တော်မူကြကုန်၏။

## ဝိဝက္ခာ-ဗျာချာနီကာ ၃-ကျမ်း

၎င်းတို့ သံဂါယနာတင်သော ပိဋကတ်တော်များမှာ သကတဘာသာအားဖြင့် ဖြစ်သည့်အပြင် ၎င်းတို့အလိုရှိရာ အယူဝါဒများ ထည့်သွင်းပြင်ဆင်ရေးသားသော **ဝိဝတ္တသျှ ဝိဝက္ခာ- ဗျာချာန်အဖွင့်** ဋီကာကျမ်းကြီး ၃-ဆောင်တို့ကို အတည်ပြုကာ-

၎င်းတို့မှာ ဝိနည်း၌- ၁။ **ဝိနယ ဗျာချာသာတ္ထ**

သုတ္တန်ပိဋက၌- ၂။ **ဥပဒေသ ဗျာချာသာတ္ထ**

အဘိဓမ္မာ၌- ၃။ **အဘိဓမ္မ ဗျာချာသာတ္ထ-**

ကျမ်းကြီးများဖြစ်ကြ၍ ၎င်းတို့ အညီအညွတ်တိုင်ပင်ဆုံးဖြတ်ပြီး ၎င်းတို့ကို ကြေးပြား ပေါ်တွင် ထွင်းထုပြီးနောက် ကျောက်သေတ္တာတွင်ထည့်သွင်းလျက် **ကနိသက စေတီတော်** ကြီး၌ ဌာပနာတော်မူကြကြောင်း ရေးသားကြကုန်၏။

၎င်းပြင် ထိုမထေရ်များ တင်သောပိဋကတ်များကိုလည်း **ကနိသကမင်းတရားသည်** အတိုင်းတိုင်း, အပြည်ပြည်သို့ ပျံ့နှံ့စေရန် ကူညီဆောင်ရွက်တော်မူလျက် အနီးအနားဖြစ် သော မိမိအာဏာပျံ့နှံ့ရာ တိုင်းပြည်များအပြင် **တိဗက်အစရှိသော** ဟိမဝန္တာတိုင်းနိုင်ငံ များသို့၎င်း, **တရုတ်ပြည်အစရှိသော** အနီးအနားတိုင်းပြည်များသို့၎င်း အသောကမင်းတရား ကြီးကဲ့သို့ သာသနာပြုများ စေလွှတ်တော်မူကာ သာသနာကို ပြုစုခဲ့လေသည်။

ဤသို့ ကနိသကမင်းတရားကြီးနှင့် အမျိုးဖြစ်သော **အရှင်ဝသုဗန္ဓုမထေရ်တို့** သာသနာပြုစု တည်ထောင်ခဲ့ကြသဖြင့် ယခုတိုင် ထိုတိုင်းပြည်များ၌ မူလသာသနာပင် မဟုတ်ငြားသော်လည်း တဖြည်းဖြည်းပြန့်ပွား မဟာယာနသာသနာ ထွန်းကားလျက်ရှိသည် ကို ထောက်ဆလျှင် စဉ်လာမပျက် အဆက်ဆက်ဖြစ်သောခေတ်တို့၌ အသစ်တဖန် ပြုစုလာ ကြကာ ဤမျှရှည်ကြာအောင် တည်တံ့လျက်ရှိကြောင်း မှတ်သားအပ်ကုန်၏။

၎င်းမင်းတရားကြီးလက်ထက် ရှေးကလည်း တရုတ်ပြည်ကြီးနှင့် နိုင်ငံရေးရာ ဆက် သွယ်ကြသည်အားလျော်စွာ တရုတ်မင်းသားများ လက်ဆောင်ပဏ္ဏာတော် မြောက်မြားစွာ

နှင့် သံတမန်တော်အဖြစ်ရောက်လာကြရာ မိမိထံသို့ ရောက်လာသော သံတမန်တော်များအား ဧည့်ဝတ်ကျေပွန်စွာ သံတမန်ကြီးအရာ၌ထားပြီး ခမ်းနားကြီးကျယ်စွာ မြို့တစ်မြို့၌ ချထားတော်မူကြောင်း၊

၎င်းမြို့ကို **စိနရာဇပုတ္တိ, စိန ရာဇပတ္တိ**-ဟု တွင်၍ နောက်ခေတ်များ၌ **စိနပတ္တိမြို့** ဟုသာ တွင်လာခဲ့ကြောင်း၊ ၎င်းမြို့မှာလည်း မင်းတရားကြီးလက်ထက်က စည်ကားသော မြို့ကြီးတစ်မြို့ ဖြစ်သည့်အတိုင်း သာသနာတော်လည်း ထွန်းကား၍ ၎င်း၏မနီးမဝေးမှာ ထင်ရှားသော **တာမသဝန ဝိဟာရ** ခေါ် တောရကျောင်းတိုက်ကြီးရှိကြောင်း တရုတ်ရဟန်းတော်များ၏မှတ်တမ်း၌ ရေးသားသဖြင့် တရုတ်ပြည်ကြီးနှင့် သာသနာရေးအားဖြင့်လည်း ဆက်သွယ်ကြောင်း မှတ်သားအပ်ကုန်၏။

## ၎င်းသံဂါယနာတင် နှစ်အပိုင်းအခြား

ထိုကနိသကမင်းတရားကြီး တင်အပ်သောသံဂါယနာမှာ နှစ်ကာလအပိုင်းအခြားအားဖြင့် ၎င်းမှတ်တမ်းများ၌ အသေအချာ ရေးသားဖော်ပြခြင်းမရှိ၍ အတိအကျမည်သည့် ခုနှစ်မှာ သံဂါယနာတင်ကြောင်း, မည်သည့်ခုနှစ်မှာ သာသနာပြု စေလွှတ်ကြောင်းများ မပိုင်းခြားနိုင်သော်လည်း **ဇောတိသတ္တကျမ်း**တို့၌ ၎င်းမင်း၏အမှတ်အသား နှစ်အပိုင်းအခြားဖြစ်သော **သာကဗ္ဗ = သာက + အဗ္ဗ, သက ဝဿ** နန်းတက်သောနှစ်မှာ သာသနာ၆၂၂-ခု ဖြစ်၍ မြန်မာနိုင်ငံ ဒေါဒေါရသ ကိန်းနှင့်လည်း ညီမျှသောနှစ်ဖြစ်သဖြင့် ၎င်းမှာ **အရှင်မဟာကဿပမထေရ်မြတ်နှင့် အဇာတသတ်**တို့ ထားတော်မူခဲ့သော သာသနာတော်နှစ်ကို ဖြိုပြီး မှတ်သားသောနှစ်ဖြစ်ကြောင်း, သို့ဖြစ်၍ ၎င်း ၆၂၂-ခုမှ ၎င်းသာကမင်း၏ နန်းသက် ၆၆၀-ခုသို့တိုင်အောင် ၃၈-နှစ်အတွင်းသာဖြစ်ကြောင်း အကြမ်းဖျင်းအားဖြင့် မှတ်သားအပ်၏။

၎င်းပြင် ဒေါဒေါရသ-ဟူသော ၆၂၂-နှစ် သာသနာနှစ်ဖြိုကိန်းမှာ မြန်မာနိုင်ငံ သုမုန္ဒြီ မင်းတရားကြီး ၎င်းဖြိုကိန်းအရ သာသနာနှစ်ကို ဖြိုလျက် နှစ်အရေအတွက် အသစ်ပိုင်းခြား မှတ်သားလာခဲ့သော မြန်မာခုနှစ်လည်းဖြစ်ကြောင်း၊ မြန်မာတွက်ရိုးကျမ်းကြီးတို့၌ ဆိုသဖြင့် ထိုသာကမင်းတရား၏ လက်ထက်သည် မြန်မာနိုင်ငံ သုမုန္ဒြီ မင်းတရားကြီးနှင့်လည်း ထီးနန်းပြိုင်ကြောင်း မှတ်သားအပ်၏။

ထိုသာကမင်းကြီး ပြုစုခဲ့သော သာသနာနှင့် ၎င်းလက်ထက် ရေးသားပြုစုခဲ့သော ဝိဝက္ခာ- ဗျာချာ ကျမ်းကြီးများမှာ သကတဘာသာဖြင့်ရေးသား၍ တရုတ်ပြည်စသည်သို့

ပျံ့နှံ့သွားသောအခါမှာလည်း ၎င်းသကတဘာသာမှ တရုတ်ဘာသာသို့ ပြန်ဆိုရေးသားခဲ့ကြသဖြင့် ယခုထက်တိုင် ၎င်းတို့မှာ တရုတ်ဘာသာဖြင့် ထင်ရှားရှိသေးသည့်အပြင် တရုတ်ပြည်ဘုရင် အဆက်ဆက်တို့စေလွှတ် ကူးယူသော ပိဋကကျမ်းစာ အမြောက်အများတို့သည်လည်း သကတဘာသာမှ ကူးယူကြ၍ များသောအားဖြင့် မဟာသံဂီတိဂိုဏ်း သာသနာဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

၎င်းနောက်ခေတ်များ၌လည်း မဇ္ဈိမဒေသ တိုင်းနိုင်ငံများသို့ သာသနာ့ဗဟုသုတရှာဖွေအားထုတ်တော်မူကြသော တရုတ်ရဟန်းတော်အများသည် ၎င်းတို့လာရောက်သောခေတ်က ထေရဝါဒဂိုဏ်းများ မြောက်မြားစွာတွေ့သော်လည်း ၎င်းတို့ထံမှ ပိဋကကျမ်းစာများ သင်ယူမှတ်သားခြင်းနည်းပါး၍ များသောအားဖြင့် မဟာသံဃိကဂိုဏ်း အယူဝါဒများသာလျှင် သင်ကြားမှတ်သားကူးယူသွားကြောင်း ၎င်းတို့မှတ်တမ်း၌ ရေးသားကြသဖြင့် နောက်ထပ်ရောက်ရှိသော ပိဋကကျမ်းများလည်း မဟာသံဃိကဂိုဏ်း အယူဝါဒများဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

ဤသို့အားဖြင့် မဇ္ဈိမဒေသမှ အနောက်မြောက်ပိုင်း တိုင်းနိုင်ငံများဖြစ်ကြသော **သိန္ဓုသောဝိရ** တိုင်းနယ်များနှင့် **ကသ္မီရ ဂန္ဓာရ** တိုင်းနယ်များ၌ ထွန်းကားသော သာသနာတော် အနှစ် ၆၀၀-ကျော်တွင် ထင်ရှားသော မဟာသံဃိက မဟာယာနဂိုဏ်း သာသနာဝင်တွင် အသောကမင်းတရားကြီးကဲ့သို့ သာသနာပြုရာ၌၎င်း, ဘုန်းတန်ခိုးအာဏာ ကျယ်ပြန့်ရာ၌၎င်း ကျော်ကြားသော **ကနိသကမင်းတရားကြီး**မှာ ထေရဝါဒဂိုဏ်း သာသနာကို မပစ်ပယ်သော်လည်း ၎င်းမင်းကြီး ပြုစုခဲ့သော သာသနာနှင့် သံဂါယနာမှာ မဟာယာနဂိုဏ်းဖြစ်၍ ထေရဝါဒဂိုဏ်း သာသနာဝင်မှတ်တမ်းများ၌ အသိအမှတ်မပြုကြကုန်။

၎င်းပြင်လည်း ထေရဝါဒဂိုဏ်း၌ သာသနာတော်ကို ကြီးကျယ်ခမ်းနားစွာ ချီးမြှောက်တော်မူ၍ တိုင်းပြည်၏ အကျိုးကြီးကျယ်စွာ ဆောင်ရွက်တော်မူခဲ့သော အသောကမင်းတရားကြီးလက်ထက် ပြုစုတည်ထောင်ခဲ့သော သာသနာတော် အဆက်ဆက်မှာ ယခုအခါတိုင်အောင် သာသနာပြု တိုင်းဌာနများတို့၌ ထွန်းကားစွာ တည်ရှိသေးသကဲ့သို့ ကနိသကမင်းတရားကြီး ပြုစုအားထုတ်ခဲ့သော မဟာသံဃိက အများဂိုဏ်းသာသနာသည်လည်း ၎င်းပြုစုခဲ့သော တိုင်းနယ်အချို့တို့၌ များသောအားဖြင့် တရုတ်ပြည်ကြီး၌ ယခုတိုင်ထင်ရှားစွာ တည်ရှိသေးကြောင်း၊ တရုတ်ပိဋကတ်တို့မှာ မဟာသံဃိကဂိုဏ်း သံဃာများလေ့လာသော ပိဋကတ်များသာလျှင်ဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

ဤသို့လျှင် မဟာသံဃိကဂိုဏ်း သာသနာနှင့် ၎င်းသာသနာထွန်းကားရာ တိုင်းနိုင်ငံဒေသများ ထိုခေတ်အခါ သာသနာ ၇-ရာစုအတွင်းက ဖြစ်ပွားသောအကြောင်း အတ္ထုပ္ပတ္တိ

တို့ထက် ရေးသားဖွယ် အထူးမရှိ၍ ဤမျှဖြင့် မဟာသံဃိက, မဟာယာန, သာသနာဝင်နှင့် ၎င်းသာသနာ့ဒါယကာ သာသနာပြုဘုရင်များအကြောင်း ဤတွင် အဆုံးထားအပ်သတည်း။

**မြောက်ပိုင်းသာသနာ,**

**ကနိသကမင်း သံဂါယနာအကြောင်း ပြီးပြီ။**

✪ ✪ ✪ ✪ ✪

## မဟာသံဃိကဂိုဏ်းနှင့် ပြာဟ္မဏဘာသာ

ဆိုခဲ့ပြီး မဟာသံဃိကဂိုဏ်းကြီးကား ဒုတိယသံဂါယနာမှစ၍ ထေရဝါဒဂိုဏ်း၏ ဆန့်ကျင်ဘက် အများဂိုဏ်းကြီးဖြစ်၍ ၁၈-ဂိုဏ်း ကွဲပြားလာခဲ့ကြောင်း ရေးသားခဲ့သည့်အတိုင်း ဂိုဏ်းပင်ကွဲပြားသော်လည်း မဟာသံဃိကဟူသောအမည်ကား မပျောက်ဘဲ တွင်ကျယ်လာပြီးလျှင် ခေတ်အဆက်ဆက်တို့၌ **ပြာဟ္မဏ ဝေဒန္တ** အယူဝါဒများ ဝင်ရောက်စွက်ဖက်ကာ ပြာဟ္မဏဗုဒ္ဓဘာသာ ဖြစ်လာခဲ့ကြောင်း ပြဆိုခဲ့ပြီးလေပြီ။

၎င်းပြာဟ္မဏ အယူဝါဒကား မြတ်စွာဘုရားလက်ထက်တော်မှစ၍ တည်ရှိနေလာခဲ့ရာ အသောကမင်းတရားကြီးလက်ထက်၌ ၎င်းတို့ဝါဒ ဗုဒ္ဓအယူဝါဒအတွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့သည်တွင် ၎င်းတို့ဝါဒ၌၎င်း, ဗုဒ္ဓဝါဒ၌၎င်း တစ်ဖက်ကမ်းရောက် တတ်မြောက်တော်မူသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ် သုတ်သင်ရှင်းလင်းခဲ့၍ ထိုခေတ်က ထိုဘေးမှကင်းကွာခဲ့သော်လည်း နောက်ခေတ်များ၌ တဖန်သက်ရောက်လာပြန်သဖြင့် မဟာသံဃိကသုတ္တန်တို့မှာ ဝေဒန္တသုတ်များနှင့် ရောစွက်သည့်အပြင် ၎င်းတို့အဘိဓမ္မာကျမ်းများ၌လည်း ဝေဒန္တယောဂဝိသေသိက စသော ပြာဟ္မဏဘာသာများ ရောနှောလာကြကုန်၏။

ထိုမဟာသံဃိက ဂိုဏ်းသည်ပင် ၎င်းတို့အမည်နာမမြင့်လျက် **မဟာယာန သာသနာ,** အများဂိုဏ်းသာသနာ, မြတ်သောအယူဝါဒအယာဉ်ဟု ခေါ်တွင်လာကြ၍ ၎င်းကိုပင် အရပ်ဒေသအားလျော်စွာ ထွန်းကားသောနိုင်ငံကို အကြောင်းပြု၍ **မြောက်ပိုင်းသာသနာ** ဟုခေါ်တွင်လာခဲ့သည့်အပြင် ဘုရားရှင်လက်ထက်က ဟောကြားတော်မူတိုင်း မှန်ကန်သော ထေရဝါဒ သာသနာကိုကား ရှုတ်ချသောအားဖြင့် **ဟိနယာန, အနည်းဂိုဏ်း, ယုတ်နိမ့်သောအယာဉ်**-ဟု ၎င်းမဟာသံဃိကများက ခေါ်ဝေါ်ကြ၍ အရပ်ဒေသအားဖြင့်လည်း တောင်ပိုင်းသာသနာဟု ခေါ်ဆိုကြကုန်၏။

ထိုမှတပါး မဟာယာန၏ အမည်များကို ၎င်းဂိုဏ်းအားလျော်စွာ အဓိပ္ပါယ်အမျိုးမျိုး ယူဆလျက်-

- **ဗုဒ္ဓယာန** ဘုရားအဖြစ်ကိုတောင့်တလျက် ကျင့်ကြံ၍ ဘုရားရှင်တို့၏ ကျင့်စဉ်အားထုတ်သောဂိုဏ်း၊
- **ဗောဓိသတ္တယာန** ဘုရားဖြစ်ရန် ကြီးမြတ်သောကရုဏာဖြင့် အပင်ပန်း အဆင်းရဲ ခံလျက် ကျင့်သောအယူဝါဒ-

သို့ဖြစ်၍ မြင့်မြတ်သော မြတ်စွာဘုရားနှင့် ဘုရားအလောင်းတော်များကျင့်စဉ်ကို လိုက်သောကြောင့် **မဟာယာနခေါ်၍ ထေရဝါဒကိုကား** ရှုတ်ချလျက် ၎င်းတို့ကဲ့သို့ မြင့်မြတ်သော အယူဝါဒမလိုက်ဘဲ ပစ္စေကဗုဒ္ဓါဘုရားတို့ကဲ့သို့ တစ်ဦးတည်း ပဓာနထား၍ကျင့်သော-

- **ပစ္စေကဗုဒ္ဓယာန** တစ်ပါးတည်း လွတ်မြောက်ရန် ကျင့်သောအယူဝါဒ
- **သာဝကယာန** ကိုယ်တိုင်ဘုရားဖြစ်ရန် မကျင့်ကြံဘဲ သာဝကအဖြစ်ဖြင့်သာ တစ်ပါးတည်း လွတ်မြောက်ရန် ကျင့်သောဝါဒ-

ဟု ထေရဝါဒဂိုဏ်းကို သေးနုတ်သော ပဋိပတ်ရှိသောကြောင့် မလိုက်နာအပ်ကြောင်း မဟာယာနဂိုဏ်းသုတ်များ၌ အပြစ်ရေးသား ဖော်ပြကြကုန်၏။ ထိုမှတပါးလည်း-

- **ထေရဝါဒဂိုဏ်းကို** ဂုယှယာန လျှို့ဝှက်သော, မပေါ်လွင် မထင်ရှားသော ဂိုဏ်း အယူဝါဒ
- **မဟာယာနဂိုဏ်းကို** ဗျတ္တယာန ထင်ရှားပေါ်လွင်သော အယူဝါဒအယာဉ်

စသည်တို့ဖြင့်လည်း များစွာဝေဖန်ရေးသားကြကုန်သေးသော်လည်း အကျိုးမများ၍ အထူးမရေးသားတော့ပြီ။

၎င်မဟာသံဃိကဂိုဏ်းမှ ကွဲပြားလာသောဂိုဏ်းတို့မှာ တတိယသံဂါယနာတင်ပြီး နောက် များသောအားဖြင့် ကွယ်ပျောက်သွားသော်လည်း သဗ္ဗတ္ထိဝါဒီဂိုဏ်း စသည်ဂိုဏ်း အနည်းတို့သာ နောက်ခေတ်များသို့ လိုက်၍ ထေရဝါဒသာသနာကို တိုက်ခိုက်လာခဲ့ရာ ထေရဝါဒဂိုဏ်းမှာမူကား တုပြိုင်ခြင်းမပြုဘဲ သူတော်ကောင်းတရားတည်မြဲအောင် အားထုတ်ဆောင်ရွက်တော်မူလာကြကုန်၏။

၎င်းမဟာယာနဂိုဏ်း အစပြုတည်ထောင်သော ခုနှစ်အပိုင်းအခြား အမျိုးမျိုးရေးသားကြသော်လည်း သာလွန်ရှေးကျ၍ တိုင်းနိုင်ငံအခြေအနေအားဖြင့်လည်း မှန်ကန်လောက်သည်ဟု ယူဆအပ်သော **သီရိသာရတ် စုန္ဒြဒါသ** အဂ္ဂျာလိပညာရှိကြီးရေးသည့် ဆနိုးလင်းဒ် ဆီးနှင်းမြေပြင် အိန္ဒိယပညာရှင်ခေါ်သော **တိဗက်, တရုတ်, မွန်ဂိုလ်** စသော တိုင်းပြည်ရောက် မဟာယာနသာသနာအကြောင်း ရေးသားသောစာတမ်း၌ သာသနာ ၅၀၀-အတွင်း နောက်ပိုင်းလောက်က ဒက္ခိဏာပထတိုင်းနယ်များတွင် အပါအဝင် မဟာရဋ္ဌတိုင်းကြီး၌ တည်ရှိသော **ဝိဒရဘနိုင်ငံ**မှာ ထင်ရှားသော မဟာသံဃိကဂိုဏ်းဝင် **အရှင်နာဂါရဇ္ဇုန**, **အရှင်နာဂအဇ္ဈုန**မထေရ်သည် **အလောကိကဓမ္မ** ကွယ်ဝှက်တိမ်မြုပ်သော ဝါဒကိုပြလျက် **သာဓာရဏဓမ္မ** ထင်ရှားပေါ်လွင်သောတရားထက် လေးနက်သောအယူအဆ သဘာဝဓမ္မတို့ကို ထင်ရှားစွာ ဟောဖော်ပြပြီးလျှင် ထိုစဉ်က ထိုတိုင်းတွင် ဘုန်းတန်ခိုးကြီး၍ အစဉ်အလာ ဗြာဟ္မဏဘာသာဝင် ဘုရင်တစ်ပါးအား ၇-နှစ်တိုင်အောင် ကြိုးစားအားထုတ်မှုဖြင့် အောင်မြင်လျက် ဗုဒ္ဓဘာသာသက်ဝင်ယုံကြည်လာကြောင်း၊ ၎င်းဘုရင်မှာ **ဘောဇဘဒြ** အမည်ရှိ၍ ၎င်းဗုဒ္ဓဘာသာဝင် ဖြစ်လာသောအခါ ရှေးက မနှစ်သက်ကြသော **၁၀,၀၀၀-**မျှသော ဗြာဟ္မဏတို့သည် **အရှင်နာဂအဇ္ဈုန**အား ချီးမွမ်းပြောဆို အစွမ်းသတ္တိကို အံ့သြကြလျက် ၎င်းထံတွင် ရဟန်းပြုကြကြောင်း ရေးသားဖော်ပြထား၏။

၎င်းပြင်လည်း ထိုစဉ်က **အရှင်နာဂအဇ္ဈုန**၏ ထိုသို့ထက်မြတ်သော ဉာဏ်ပညာနှင့် အစွမ်းသတ္တိတို့မှာ **စန္ဒိကာနတ်သမီး** အကူအညီ အထောက်အပံ့ရသဖြင့် အောင်မြင်ရကြောင်း၊ ၎င်းတို့ ရှေးအယူဝါဒအတိုင်း ကြံဆတွေးတောလျက် ပညာရှိများ ချီးမွမ်းပြောဆိုသည်အားလျော်စွာ ထိုအရှင်သည် များစွာသောကျမ်းဂန် မဟာယာနသုတ်များအပြင် အဘိဓမ္မစိတ်ပညာများ သင်ကြားလေ့လာ ရေးသားပြီးနောက် **မဇ္ဈာမိက- မဇ္ဈိမိက** မျှတညီညွတ်သောဂိုဏ်းတည်ထောင်ကာ **ပရမတ္ထသစ္စာ, သမုတိသစ္စာ** ၂-နှစ်ပါးကို အခြေခံထား၍ ၎င်း၏အယူဝါဒများ ဟောကြားခဲ့ကြောင်း ရေးသားဖော်ပြ၏။

အချုပ်အားဖြင့် ၎င်း၏အယူဝါဒနှင့်ဂိုဏ်းမှာ သာမည ကိုယ်ကျင့်တရားဖြင့် ဘဝသံသရာမှ လွတ်မြောက်ရာသို့ ရောက်ရှိခံစားနိုင်ရန် အခြေခံအကျင့်တရားဖြစ်သော **ဒါန, သီလ, ဝီရိယ, ခန္တီ, သမာဓိ, ပညာ** တရားများ လေ့လာလျက် အလယ်အလတ်ဖြစ်သော **မဇ္ဈိမိက**လမ်းသည် နိဗ္ဗာန်စခန်းသို့ အကြီးအကျယ် အမြင့်မြတ် အကောင်းမွန်ဆုံး ယူဆောင်နိုင်သောကြောင့် **မဟာယာန** မွန်မြတ်ကြီးကျယ်သော ခရီးအယာဉ်ဖြစ်ကြောင်း ရေးသားသည့်အပြင် ဗြာဟ္မဏအယူဝါဒဖြစ်သော **ဗြဟ္မာ, ဗိဿနိုး, မဟေသရ, ကာလီ, တာရာ** စသော ဝေဒကျမ်းလာ နတ်များကိုလည်း ကမ်းတစ်ဖတ်ရောက် တတ်မြောက်သည်အားလျော်စွာ

၎င်းတို့၏ဂုဏ်ပုဒ်များ ချီးကျူးရေးသား ၎င်းဗြာဟ္မဏဘာသာအရလည်း ထည့်သွင်းဖော်ပြထားလေသည်။

ဤခေတ်အခါ၌ကား ဗြာဟ္မဏဘာသာနှင့် ဗုဒ္ဓဘာသာတို့ ပြိုင်ဆိုင်နေသော ခေတ်အခါ ဖြစ်သည့်အတိုင်း ၎င်းတို့အားကိုးသော နတ်များနှင့် ဘာသာတရားအရ ညှိနှိုင်းကာ ဟောပြောရေးသားသော မှတ်တမ်းများတွင် ထိုစဉ်က တိဗက်မှတ်တမ်းတစ်ခု၌ ဖော်ပြရေးသားသည်မှာ-

အခါတပါး ဗာရာဏသီမြို့တော်မှာ ချမ်းသာကြွယ်ဝသော ကုန်သည်ညီနောင် ၃-ယောက်တို့ရှိကြ၍ ၎င်းတို့မှာ ဗြာဟ္မဏဘာသာဝင်ဖြစ်ကြသော်လည်း ၎င်းတို့မိခင်ကြီးမှာမူ ဗုဒ္ဓဘာသာကိုယူလျက် မြတ်စွာဘုရားကို ကြည်ညိုသူတစ်ယောက်ဖြစ်ပြီးလျှင် သားအမိချင်းပင် ဘာသာမတူဘဲနေကြရာ ကိုးကွယ်သည့်ဘာသာနှင့်စပ်လျဉ်း၍ မည်သည့် ဘာသာကမြင့်မြတ်ကြောင်း စကားဆွေးနွေးငြင်းခုံမှု ဖြစ်ပွားသည်တွင် မိခင်ကြီးက ၎င်းတို့ကို "သင်တို့အားကိုးသော ကေလာသတောင်ရှိ မဟေသရနတ်မင်းကြီး ထံသွားရောက်၍ ရှင်းလင်းမှ ပြေလည်နိုင်မည်"ဟု ပြောကြားရာ ၎င်းတို့လည်း သဘောကျသဖြင့် ၎င်းမဟေသရနတ်မင်းကြီးကို ကြံစည်အောင့်မေ့ တောင့်တကြလျှင် ညဉ့်အခါတွင် မဟေသရနတ်မင်းကြီး အိမ်မက်ထဲမှာ ထင်ရှားစွာပေါ်လာလျက် ထင်ရှားပြတ်သားသောဘာသာဖြင့်-

"လွတ်မြောက်ကြောင်းကား ဗုဒ္ဓမြတ်စွာ၏ တရားတော်မှတပါး အခြားမရှိ။ ဗုဒ္ဓမြတ်စွာသည် ဆင်းရဲအပေါင်းမှ လွတ်မြောက်၍ ချမ်းသာတို့၏ အထွဋ်သို့ရောက်အောင် အမြိုက်အရသာနှင့်တူသော တရားတော်မြတ် ပေးစွမ်းနိုင်ကြောင်း"-

ဟောပြအမိန့်ပေးသောကြောင့် ဗုဒ္ဓမြတ်စွာ၏ တရားတော်၌ သက်ဝင်ယုံကြည်ကာ မဟာဗောဓိမဏ္ဍလ စေတီတော်ကြီးကို များစွာသော ရတနာအမျိုးမျိုး အကုန်အကျခံလျက် ဆောက်လုပ်လှူဒါန်းကြပြီးလျှင် ဝဇီရာသန- ကြာပလ္လင်၌လည်း အမျိုးမျိုးသော ရတနာများ စီချယ်ထားသော မဟာဗောဓိစံတော်မူဟန် ရုပ်ထုတော်မြတ်ကို တည်ထားကိုးကွယ်ကြောင်း ရေးသားဖော်ပြ၏။

ထိုမဟာယာနဂိုဏ်းကြီး ထင်ရှားရှိလာသော ခေတ်မှစ၍ များသောအားဖြင့် ဗြာဟ္မဏဘာသာဝင်တို့က ဂေါတမမြတ်စွာဘုရားကား အခြားမဟုတ်၊ ဗိဿနုိ ကိုယ်ပွားလူတို့အား တရားဟောပြောရန် ဆင်းသက်သည်ဟု အယူရှိလာကြ၍ ၎င်းတို့ကိုးကွယ်ခြင်းကား ဗိဿနုအနေအားဖြင့် ကိုးကွယ်ခြင်း ဖြစ်သည့်အပြင် ထိုစဉ်က ဗုဒ္ဓဘာသာဝင်တို့ကလည်း အဝလောကိတေသရ, ပဒ္မပါဏိ ဗောဓိသတ္တ တို့မှာ ဗိဿနုဖြစ်ကြောင်း၊ မဥ္ဇူသီရိ

**ဗောဓိသတ္တသည် မဟေသရ- မဟာဒေဝဖြစ်ကြောင်း၊ ဝဇိရပါဏိ ဗောဓိသတ္တသည် ဣန္ဒြနတ်** ဖြစ်ကြောင်း စသည် အယူရှိလာကြသဖြင့် ဗြာဟ္မဏဘာသာအရ နတ်များလည်း ဗုဒ္ဓဘာသာနတ်များဖြစ်လာကြကာ ဘာသာ ၂-ရပ်တို့ယှဉ်စပ်လျက် ယူကြကြောင်း မှတ်သားအပ်၏။

## ရှင်နာဂအဇ္ဇုန မဇ္ဈိမိကဂိုဏ်း တည်ထောင်ကြောင်း

ဤသို့ ဗြာဟ္မဏဘာသာနှင့် မဟာယာနဂိုဏ်းတို့ ဆက်စပ်ယှဉ်တွဲကာ အလယ်အလတ်ဖြစ်သော မဇ္ဈိမိက- မဓျမကဂိုဏ်းကြီးတည်ထောင်ပြီး၍ ဗြာဟ္မဏဘာသာကျမ်းဂန်များနှင့် ဗုဒ္ဓဘာသာကျမ်းဂန်များ ညှိနှိုင်းရောနှောပြီးလျှင် ဘာသာဝါဒ တည်ထောင်ပြုစုသော **အရှင်နာဂအဇ္ဇုန** လက်ထက်မှ စ၍လည်း ထိုမဟာယာနဂိုဏ်းကြီးသည် အထူးထင်ရှားလျက် အနောက်မြောက် တိုင်းနယ်များဖြစ်သော ဂန္ဓာရ, ကမ္ဗောဇ, ကသ္မိရ-စသော တိုင်းနယ်များအပြင် ဝိဒရဘ, မဟာရဋ္ဌစသော အနောက်တိုင်းများနှင့် ဒက္ခိဏပထ တောင်ပိုင်းတိုင်းနိုင်ငံများသို့လည်း ပြန့်ပွား ထွန်းကားသွားလေသည်။

ထိုအရှင်နာဂအဇ္ဇုနလက်ထက်မှစ၍ ၎င်းမဟာယာန သာသနာ ထွန်းကားသွားသော်လည်း မထေရ်ကြီးများ၏ဂိုဏ်းဖြစ်သော ထေရဝါဒဂိုဏ်း မထေရ်အရှင်တို့မှာ မင်းဘာသာမဟုတ်၍ တိုင်းနိုင်ငံတွင် ပေါ်လွင်ထင်ရှားခြင်း မရှိစေကာမူ မိမိတို့ ဂိုဏ်းကြီးကို မပျက်စီးအောင် လဇ္ဇီသူတော်ကောင်းများ ဖြစ်သည်အားလျော်စွာ စောင့်ရှောက်ကြလျက် မှန်ကန်သော ပိဋကနှင့် အကျင့်တရားများ အဆက်ဆက်ဆောင်ရွက် အားထုတ်လာကြကုန်သဖြင့် ထေရဝါဒသာသနာလည်း တည်မြဲလာခဲ့လေသည်။

ထိုသို့ ထေရဝါဒသာသနာသည် ထိုအခါက ထင်ပေါ်ကျော်ကြားသော မဟာယာနဂိုဏ်းကြီးနှင့် ယှဉ်တွဲလျက် နှစ်ပေါင်း ၁၀၀၀-ကျော်အောင် တစ်သီးတစ်ခြား တည်နေကြောင်း၊ တရုတ်ရဟန်းတော်များ မဇ္ဈိမတိုင်းဌာနသို့ ရောက်စဉ်က အဖြစ်အပျက် တစ်ခုမှာ-

## သီလာဒိစ္စဘုရင်နှင့် ထေရဝါဒမထေရ်များ

မဂဓတိုင်းရှင် ဘုရင်သီလာဒိစ္စမင်းကြီးသည် ကောန်ညောဓမည်သော ယခုဂန်ဂျမ်နယ် အစွန်အနားတိုင်းပြည်များ မငြိမ်သက်မှု နှိမ်နင်းရန် သွား၍ ပြန်အလာ ဩရိသနယ်သို့ ရောက်သောအခါ ထိုနယ်ရှိ **ထေရဝါဒမထေရ်တို့က** "မဟာယာနဂိုဏ်းမထေရ်တို့အား ကောင်းကင်ပန်းဆွတ်ခူးကြသည့် အယူမှားများ-ဟု ပြောဆိုလေ့ရှိသည့်အပြင် ၎င်းတို့အယူ-ကား ဘုရားဟောအတိုင်းမဟုတ်"ဟု ကဲ့ရဲ့လေ့ရှိကြရာ ၎င်းတို့ထံရောက်ရှိသော ထိုဘုရင်မင်းမြတ်အား အလ္လာပ သလ္လာပစကား ပြောကြားပြီးနောက်-

"အရှင်မင်းကြီး၏ သတင်းကား နာလန္ဒကျောင်းတိုက်ကြီး၌ ထိုက်တန်မွန်မြတ်လှစွာသော ကြေးပြာသာဒ်ကြီး ဆောက်လုပ်လှူဒါန်းတော်မူကြောင်း ကြားရပါသည်။ အရှင်မင်းကြီး အဘယ့်ကြောင့် ကာပါလိကသီဝ ကျောင်းဆောင်ဆောက်လုပ် ရပါသနည်း" ဟု မထေရ်ကြီးများက မိန့်ကြားတော်မူသောအခါ ဘုရင်မင်းမြတ်က "အရှင်ဘုရား အဘယ့်ကြောင့် ကဲ့ရဲ့ပြစ်တင်ရှုတ်ချသောစကား မိန့်ကြားတော်မူပါသနည်း"ဟု လျှောက်ထားလျှင် မင်းကြီးအား "မင်းကြီး၊ ၎င်းတို့ဟောကြား ယူဆသော တရားအရ **အာကာသ ပုပ္ဖ ဓမ္မ-ကား သီဝ** သို့မဟုတ် **မဟေသရ** အယူဝါဒရှိသော ကာပါလိက ဂိုဏ်းသားများနှင့် မထူးခြား၍ ထိုဂိုဏ်းသားများဟု ဆရာတော်တို့ အယူရှိကြောင်း" ဖြေဆို မိန့်ကြားတော်မူခဲ့လေသည်။

ဤအကြောင်းအရာ အဖြစ်အပျက်များကို ထောက်ဆ၍ ထိုနာလန္ဒကျောင်းတိုက်ကြီး ထွန်းကားသောခေတ်မှာလည်း ထေရဝါဒဂိုဏ်း သာသနာ **ဩရိသ**, **အော်ရစ္ဆာနယ်**၌ ထင်ရှားစွာရှိနေ၍ ၎င်းဂိုဏ်းက ယူဆသည့်အတိုင်းပင် မဟာယာန သာသနာ၌ သီဝနှင့် ဗိဿနု အယူရှိသော ဗြာဟ္မဏဘာသာ ရောယှက်သည့်အပြင် နောက်ခေတ်များ၌ တည်ထောင်သော ယောဂါစာရဂိုဏ်းများမှာလည်း ဝေဒကျမ်း အလေ့အကျင့်ဖြစ်သော ယောဂကျမ်းများအရ ဗြာဟ္မဏ ဘာသာဝင်တို့လည်း လေ့လာနိုင်ရန် ပြုလုပ်တည်ထောင်သော ဂိုဏ်းဖြစ်ကြောင်း ကောင်းစွာမှတ်သားအပ်၏။

သို့ဖြစ်၍ ရေးသားခဲ့ပြီး မဟာယာနဂိုဏ်းနှင့် စပ်လျဉ်းသော အကြောင်းအရာများ ထောက်ထားနှိုင်းစာလျှင် ၎င်းတို့၏အစဉ်အလာ အဆက်အနွယ်များကား ဝေဒကျမ်းလာ အကျင့်တရားများနှင့် ရောယှက်၊ ဝေဒကျမ်း၏ အလေ့အကျက်များဖြစ်၍ ဘုရားအလောင်းတော်များပင် သီဝ, ဗိဿနုများဟု အယူရှိကြသဖြင့် အလွန်များပြားသော သုတ်များခဲ့ထွင် ရေးသားစေကာမူ ၎င်း*(ဝေဒကျမ်း)*တို့၏ အကျယ်မျှ ဖြစ်သောကြောင့် ၎င်း၌ ဗုဒ္ဓဝါဒကား အနည်းငယ်မျှ*(သာ)* ကြွင်းကျန်ကြောင်း မှတ်သားအပ်၏။

ဤသို့ဖြင့် မဟာသံဃိက အများဂိုဏ်းကြီး တဖြည်းဖြည်း ကွဲပြားလျက် တရားတော်ဓမ္မစက်လည်း ဝေဒန္တဘက်သို့ တိမ်းယိမ်းသက်ဝင်ကာ ဗြာဟ္မဏဘာသာများ၍ ၎င်းတို့၏ အယူဝါဒ ကြည့်ရှုရသော ဘာသာခြားတို့မှာ "ဗုဒ္ဓဘာသာသည်ကား မြတ်စွာဘုရားသည် ဝေဒကျမ်းမှ ကောင်းမွန်မှန်ကန်သောတရားများကို ကောက်နုတ်ရွေးချယ်ပြီးလျှင် ဆန်းကြယ်စွာတန်ဆာဆင်လျက် ဟောကြားတော်မူသော တရားတော်ဖြစ်သည်"ဟု ဆုံးဖြတ်မှတ်သားကုန်၏။

၎င်းပြင် အနောက်ဥရောပ ဗုဒ္ဓဘာသာတို့ ထုတ်ဝေသော ဗုဒ္ဓဘာသာ စာစောင်၌ မြောက်ပိုင်း သာသနာသည် ကနိသကမင်းကြီးလက်ထက် အတိုင်းတိုင်း, အပြည်ပြည်သို့ ဖြန့်ဝေသည်တွင် ယခုအင်ဒိုချိုင်းနား နိုင်ငံများသို့လည်း ရောက်ရှိ၍ ဗုဒ္ဓအယူဝါဒနှင့်တကွ ၎င်း၏ယဉ်ကျေးမှုများ ရရှိကြကြောင်း၊ ထိုမှတပါး ဂျာဝါးကျွန်းရာဇဝင်တွင် သာကသက္ကရာဇ် ပ၄၅မနှစ်ဦး၌ **အဇိတသာက** သို့မဟုတ် ဘွဲ့အားဖြင့် **ပရဘူဇယာဘယ**မည်သော မင်းသား တစ်ပါးသည် ၎င်းကျွန်းသို့ အလုံးအရင်းနှင့်ရောက်ရှိ၍ ၎င်းကျွန်း၌ပင် သာကမင်း၏ လက်အောက်ခံ တိုင်းနိုင်ငံ တည်ထောင်ပြီးကာ သာသနာလည်းပြုစုကြောင်း၊ တရားဥပဒေ များလည်း ထိုအခါမှစ၍ ပြုစုကြောင်းများ ရေးသားသဖြင့် ၎င်းမြောက်ပိုင်း သာသနာသည် အရှေ့တိုင်းများသို့ပင် ပျံ့နှံ့ကြောင်း မှတ်သားအပ်၏။

ဤသို့လျှင် ပြဆိုခဲ့ပြီးသော မြောက်ပိုင်း မဟာသံဃိသာသနာသည် ပျံ့နှံ့ရာ တိုင်းနိုင်ငံများနှင့် ခေတ်အခါကား ဤမျှသာ ဝေဖန်မှတ်သားဖွယ်ရှိ၍ နောက်ခေတ် များ၌လည်း ခေတ်အားလျော်စွာ ဝေဖန်ရေးသားရန်ရှိသောကြောင့် မဟာသံဃိက, မဟာယာနမြောက်ပိုင်း သာသနာအကြောင်းကား ဤတွင် အဆုံးထားလျက် နိဂုံးအားဖြင့် မှတ်သားအပ်သတည်း။

**ဤမျှဖြင့် မဟာသံဃိက မြောက်ပိုင်း သံဂါယနာနှင့်မဟာယာန သာသနာအကြောင်းကား ဤတွင် အပြီးအဆုံး သတ်အပ်ပြီ။**

✪ ✪ ✪ ✪ ✪

## ၇-ရာစုအတွင်း ထေရဝါဒ သာသနာနှင့် ဌာနများ

ဤသာသနာတော် ၇-ရာစုအတွင်း မဟာသံဃိက သာသနာ အထူးဖြစ်ပွား ပြောင်းလဲလာသော်လည်း ထေရဝါဒ သာသနာမှာ အထူးကွဲပြားသည်မရှိ၊ ပကတိဖြူစင် သော အကျင့်သီလအားဖြင့် ဘုရားရှင်လက်ထက်တော်အတိုင်း သီလ, သမာဓိ, ပညာတို့ဖြင့် ကိုင်းရှိုင်းတော်မူကာ သာသနာတော်ကို ဆောင်ရွက်လာကြကုန်သည်ဖြစ်၍ သီဟိုဠ်ကျွန်း စသော ထိုထိုသာသနာပြုဌာနများ၌ သာသနာတော်ထွန်းကားလျက် တည်ရှိကြကုန်ပြီ။

ထို့ပြင် မဇ္ဈိမထေရဝါဒဂိုဏ်း သာသနာတော်များလည်း ၎င်းတို့၏ အဖြစ်အပျက် လက်ထက် အပိုင်းအခြားအားဖြင့် အထူးဖြစ်ပွားကြောင်း သာသနာဝင်မှတ်တမ်းများ မရှိသဖြင့် သေချာစွာမသိရသော်လည်း နောက်ခေတ်များ၌ သာသနာတော် အကြောင်း တို့ကို ထောက်ထား၍ မပျက်ပြားဘဲ ထင်ရှားတည်ရှိလျက်ပင် ထွန်းကားခဲ့ကြကုန်ပြီ။

အထူးအားဖြင့် မြန်မာနိုင်ငံ သာသနာတော်မှာမူ အသောကမင်းတရားကြီး သာသနာပြုစုတော်မူခဲ့သော သုဝဏ္ဏဘူမိတိုင်း သာသနာမှတပါး အထူးမထင်ရှားသော်လည်း မြန်မာတို့၏ နှစ်အရေအတွက်မှာ သာသနာတော်နှစ်အားဖြင့် ရေတွက်လာခဲ့ရာ ၎င်းသာသနာတော်နှစ်ကို မြန်မာနိုင်ငံတော် သရေခေတ္တရာပြည်၊ သုမုန္ဒြီ မင်းကြီးလက်ထက် ဒေါဒေါရသ ကိန်းအရ သာသနာ ၆၂၂-ခုကို ဖြိုပြီးလျှင် မြန်မာတို့ ခုနှစ်ရေတွက်လာကြောင်း၊ နက္ခတ်ကိန်းခန်း အစဉ်အလာအတိုင်း မှတ်တမ်းများရှိသောကြောင့် သာသနာတော်လည်း ထိုအခါက အရှိန်အဝါရှိလျက် ထွန်းတက်နေကြောင်း မှတ်သားအပ်၏။

ထို့ပြင် အထူးဖြစ်ပွားခြင်းမှာ ထိုဒေါဒေါရသ ဖြိုကြွင်းမှာ ဆိုခဲ့ပြီး အနောက်မြောက်ပိုင်း၊ ကသ္မီရနယ်၊ ပုရုသပူရ၌ မင်းပြုတော်မူသော သံဂါယနာတင် ဘုရင်မင်းတရားကြီး တစ်ပါးဖြစ်သည့် ကနိသက သာကဘုရင်ကြီး၏ ဖြိုကြွင်းခုနှစ်နှင့် ပြိုင်နေသည့်အပြင် သက္ကရာဇ်ဟူသော ခေါ်ဝေါ်ခြင်းမှာလည်း ၎င်းသာကရာဇဟူသော ဝေါဟာရကိုစွဲ၍ သုံးစွဲလာကြရကား ထူးခြားသော သာသနာအဖြစ်အပျက် နှစ်အရေအတွက် ဖြစ်ကြောင်း မှတ်သားအပ်၏။

## ၎င်း ၇-ရာစုအတွင်း တရုတ်ပြည် သာသနာတော်အကြောင်း

လွန်ခဲ့သော နှစ်ရာစုအတွင်းက ကနိသက မင်းတရားကြီး တရုတ်, ခိုတန်စသော တိုင်းပြည်များသို့ သာသနာပြုစုကြောင်း အမြွက်မျှလာသော်လည်း ၎င်းသာသနာပြုခြင်း အခြင်းအရာ သာသနာတည်ထွန်းကြောင်း သာသနာတည်ထွန်းရာ ဌာနများ ထင်ရှားအောင် ဖော်ပြခြင်းမရှိသဖြင့် တိုင်းပြည်နိုင်ငံဌာန အသေအချာကား ရေးသားခြင်း မရှိကုန်။

ထို့အတူပင် ဘုရင်အသောက မင်းတရားကြီး လက်ထက်က သာသနာပြု ဌာန ဟိမဝန္တာ ၅-တိုင်းမှာ တရုတ်ပြည်နယ်စပ်ဖြစ်သော ခိုတန်နိုင်ငံ စသည်သို့ရောက်ကြောင်း ရေးသားခဲ့သည်နှင့်အညီ တရုတ်ပြည်အစွန်အနားသို့ကား ထိုလက်ထက်က ရောက်ငြားစေကာမူ ထိုသာသနာလည်း အသေအချာ တည်တံ့ကြောင်း ရေးသားသော မှတ်တမ်းများ ထင်ရှား မရှိကုန်။

ထို့အပြင် တရုတ်ပြည် မှတ်တမ်းများ၌လည်း သာသနာတော် ၃၂၇-ခုနှစ်လောက်က ဗုဒ္ဓဝါဒဖြန့်ဖြူးရန်နှင့် တိုင်းပြည်နိုင်ငံ အခြေအနေများ စူးစမ်းရန် မဇ္ဈိမဒေသမှ သျှမ်စီနိုင်ငံ ဘုရင်မင်းမြတ်ထံ သာသနာပြုများရောက်လာ၍ ၎င်းတို့၌ ရွှေဆင်းတုတစ်ဆူ

ယူဆောင်လာကာ ပူဇော်ရန်ဆက်သကြောင်း, ဗုဒ္ဓဝါဒကိုလည်း မင်းကြီးအား လျှောက်ထားကြောင်း လာ၏။

ထိုမှတပါးလည်း ဖာလင်မည်သော ရာဇဝင်ဆရာကြီး ရေးသားသည်ကား ဗုဒ္ဓဘာသာ ကျမ်းစာများသည် သာသနာ အနှစ် ၃၀၀-လောက်က တရုတ်ပြည်ကြီးအလုံး ဧကရာဇ်ဘုရင်ကြီးအဖြစ်ဖြင့် ရှေးဦးစွာ အုပ်ချုပ်စိုးစံသော သျှိဝမ်ထီဘုရင်မင်းကြီး မတိုင်မီကပင် ရောက်ရှိ၍ သူ၏နန်းစံ ၂၆-နှစ်မှာ တရုတ်ပြည်ကြီး၏ တံတိုင်းကြီးကို ဆောက်လုပ်ကြောင်း၊ ၎င်းသည်များစွာသော ကျမ်းစာများ ဖျက်ဆီးရာတွင် ဗုဒ္ဓဘာသာကျမ်းစာများလည်း ပါဝင်ကြောင်း ရေးသား၏။

ထို့ပြင် သို့ဖျက်ဆီးစေကာမူ ၎င်းမင်းကြီးလက်ထက် လီဖန်အမည်ရှိသော မထေရ်မြတ်သည် နောက်လိုက် ၁၇-ပါးနှင့် မင်းကြီးအား တရားဓမ္မဟောပြရန် များစွာသော ဗုဒ္ဓဘာသာ ကျမ်းဂန်များနှင့်တကွ ရောက်ရှိရာ ထိုရဟန်းတို့အား သူလျှိုဟု ထင်မှား၍ အချုပ်အနှောင်သွင်းထားလျှင် မထေရ်ရှင်တို့၏ သီလ သမာဒေဝနတ်များ၏ တန်ခိုးအားဖြင့် အချုပ်အနှောင်ခန်းများ ပွင့်လင်းသည်တွင် ဘုရင်မင်းကြီး နောင်တရ၍ ထိုမထေရ်တို့အား တောင်းပန်လျှောက်ထားပြီး မထေရ်တို့အား ကိုးကွယ်ဆည်းကပ်ကြောင်း ရေးသား၏။

ထိုနောက် သာသနာအနှစ် ၄၄၀-တွင်လည်း တရုတ်ပြည်ကြီးသည် ကမ္ဗောဇတိုင်း, ပါသိယတိုင်းတို့နှင့် တိုင်းပြည်ရေးရာများ ဆက်သွယ်ရင်းနှီးသည် အားလျော်စွာ ဟန်မင်းကြီးလက်ထက် ချန်အီယမ်မည်သော စစ်ဗိုလ်ကြီးသည် တိုင်းပြည်ရေးရာဖြင့် ၎င်းတိုင်းတို့သို့ သွားရောက်ရာ ပြန်အလာတွင် မြတ်စွာဘုရား၏ ရုပ်ပွားတော်တစ်ဆူနှင့် ဗုဒ္ဓဘာသာ ကျမ်းစာများ ယူဆောင်လာခဲ့ကြောင်းဆိုသဖြင့် ထိုခေတ်အခါက ၎င်းအနောက်မြောက်တိုင်းနိုင်ငံတို့၌ ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားခိုက် ဖြစ်သည့်အတိုင်း ထူးလည်သော ပဏ္ဏာတော်အဖြစ် ယူဆောင်ခဲ့မည်ကား ထင်ရှား၏။

၎င်းပြင်လည်း ရှေးတရုတ်ရာဇဝင်မှတ်တမ်း၌ ထင်ရှားသော အကြောင်းအရာ တစ်ခု မှတ်သားသည်မှာ-

၅-ခုမြောက် တေဟု နိုင်ငံတော် ချောင်ဝမ်ဘုရင်မင်းတရားကြီး၏ နန်းစံ ၂၆-နှစ်မြောက်၌ ၎င်းနိုင်ငံတော်၏ အနောက်တောင်အရပ်ဒေသများက ဘယ်အခါမှ စမြင်စဖူး ထူးကဲမြင့်မြတ်သော အရောင်တော်ကြီး တောက်ထွန်းနေသည်ကို ထိုမင်းကြီး ကိုယ်တိုင် တွေ့မြင်ရသောအခါ များစွာသော မှူးမတ်ပရိသတ်နှင့်တကွ ပညာရှိ ပုရောဟိတ်တို့အား ထင်ရှားသက်သေပြလျက် ၎င်းအရောင်တော်၏ အဖြစ်အပျက်အကြောင်း နိမိတ်များ

မေးမြန်းရာ ဖြေကြားသည်မှာ "ဤင်းအရောင်တော်မြတ် ထွန်းလင်းတောက်ပသော အရပ်၌ လောကတွင် မဖြစ်ပေါ်စဖူး ထူးကဲမွန်မြတ်သော ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ် ဖြစ်ထွန်းတော်မူသော နိမိတ်မြတ် ဖြစ်ပါသည်။ ထိုအရှင်မြတ်၏ အဆုံးအမ သာသနာတော်ကိုလည်း နှစ်ပေါင်း ၁၀၀၀-ကျော်လျှင် ဤနိုင်ငံသို့ ရောက်ရှိကာ အထူးသဖြင့် စည်ပင်ထွန်းလင်းပါလိမ့်မည်"ဟု လျှောက်ထားလေလျှင် ဘုရင်မင်းတရားကြီးမှာ အထူးသဖြင့် ကြည်ညိုလေးမြတ်၍ ဤကဲ့သို့ မြင့်မြတ်သော အကြောင်းအရာများကို နိုင်ငံတော်မှတ်တမ်းများ အားလုံး၌ တင်ထားရန် အမိန့်တော်မြတ် မှတ်ထားပြီးနောက်-

မြတ်စွာဘုရား သာသနာတော် ဤနိုင်ငံ၌ ဖြစ်ထွန်းလာသော နောက်ခေတ်များ၌ ဤရာဇဝင်တွင် မှတ်တမ်းတင်ထားသော အဖြစ်အပျက်များသည် လောက ၃-ပါး၌ မြတ်စွာဘုရား ထင်ရှားဖြစ်ပေါ်တော်မူသော အချိန်အခါနှင့် ကိုက်ညီလျက်နေသည်ကို အထူးအံ့သြကြောင်း ရေးမှတ်ထားသဖြင့် ရှေးအခါကပင် ဤတိုင်းနိုင်ငံများ၌ သာသနာ ထွန်းလင်းအံ့သော အကြောင်းနိမိတ်များ ထင်ရှားဖြစ်ထွန်းခဲ့လေပြီ။

## တရုတ်ပြည်၌ သာသနာ တည်မြဲစွာရောက်ကြောင်း

ဤင်းတရုတ်ပြည်ကြီး၌ ရှေးကပင် သာသနာတော် တည်ထွန်းတောက်ပမည့် အကြောင်း ရှေးပြေးနိမိတ် ရှိသည်အားလျော်စွာ ဤင်းတို့ရာဇဝင် မှတ်တမ်းများ၌ မှတ်ထားသည်မှာ-

သာသနာတော် ၆၀၄-ခုနှစ် အရှေ့တိုင်း ဟန်မင်းမျိုးတို့၏ နိုင်ငံ လင်အမျိုးအနွယ်ဖြစ်သော **မင်းထီး**သည် ကျက်သရေမင်္ဂလာရှိသော တစ်ညသ၌ ထူးခြားကြီးကျယ် မြင့်မြတ်သော အိမ်မက်တော်မြင်မက်သည်မှာ နေရောင်ပမာ အရောင်တော် ၆-ဖြာတို့ဖြင့် တင့်တယ်တောက်ပ အလွန်ကြည်ညိုဖွယ် ကောင်းလှသော ရွှေဆင်းတု ရုပ်ပွားတော်တစ်ဆူသည် ကောင်းကင်မှကြွလာတော်မူ၍ အသူ ၃-ပြန်၊ ၃-လံခွဲခန့် ပမာဏရှိသော ကောင်းကင်ပြင်၌ တန့်ရပ်တည်နေတော်မူသည်ကို ကြည်ညိုဝမ်းမြောက်စွာ ဖူးမြင်ရကြောင်း မြင်မက်တော်မူလေ၏။

ဤင်းနောက် မိုးသောက်ထအခါ ကောင်းမြတ်သော ညီလာခံသဘင်၌ မင်းကြီးသည် မြင်မက်တော်မူသော မင်္ဂလာအိမ်မက်တော်ကို ပညာရှိတို့အား ပြောကြားလေလျှင် ပညာရှိ **ဖူရီ** အမည်ရှိသော ပုရောဟိတ်ကြီးက "အရှင်မင်းကြီး၊ ဤမင်္ဂလာရှိသော အိမ်မက်တော်ကား လောက ၃-ပါး၌ ထင်ရှားပွင့်ထွန်းတော်မူသော ဘုရားအရှင်တို့၏ ကောင်းမြတ်သော

အဆုံးအမ သာသနာတော်သည် ဤနိုင်ငံတော်သို့ မကြာမီ ရောက်လာမည့် ကောင်းမြတ်သော နိမိတ်ဖြစ်ပါသည်”ဟု လျှောက်ထားက ဘုရင်မင်းတရားလည်း ရှေးရာဇဝင် မှတ်တမ်းများ ကိုးကားဖော်ပြသည့်အတိုင်း အဟုတ်အမှန်ဖြစ်ကြောင်း ကိုယ်တိုင်သိရသောအခါ အတိုင်းထက်အလွန် ဝမ်းမြောက်တော်မူလှ၍ ဝမ်းဆွမ်းဆိုက်ယင်- သျှင်ကင်မည်သော ပညာရှိ ၃-ဦးတို့ကို ရွေးချယ်ပြီးလျှင် နောက်ပါအခြံအရံ ၁၈-ယောက်နှင့်တကွ အနောက်ဘက်တိုင်းနိုင်ငံ ဗုဒ္ဓသာသနာတော် ပွင့်လင်းရာ မဇ္ဈိမတိုင်းနိုင်ငံတို့သို့ ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်တည်းဟူသော အဆုံးမ တရားတော်များကို ဆည်းပူးရှာဖွေရန် သာသနာရေးအဖွဲ့ကြီး စေလွှတ်တော်မူကြောင်း ထင်ရှားစွာ မှတ်ထားလေ၏။

ထို့နောက် ဝမ်ဆွမ် အမှူးရှိသော ဗုဒ္ဓသာသန သုတေသနအဖွဲ့ကြီးသည် သာသနာ ၆၀၈-ခုဟု အချို့မှတ်တမ်းရှိသည့်အတိုင်း ၎င်းခုနှစ်က ခရီးစ၍ ထွက်ကြပြီးလျှင် ယူချီသို့မဟုတ် **သာကနိုင်ငံ, တာတာနိုင်ငံ, ဘက္ကတြိယမ်စသော** ဂရိတ်နယ်ခြားနိုင်ငံများကို ဖြတ်ကျော်လျက် ဂန္ဓာရတိုင်းသို့ရောက်ကြရာ ထိုတိုင်း၌ မဂဓတိုင်းမှာ ကဿပ ပုဏ္ဏားနွယ်ဖြစ်သော အရှင်ကဿပမာတင်္ဂနှင့် အရှင်သုဝဏ္ဏပဏ္ဍိတ တို့သည် အနောက်ဘက်တိုင်းနိုင်ငံများမှ သုဝဏ္ဏပဘာသသုတ်ကို ဟောပြောရန် ပင့်လျှောက်ထားချက်အရ ထိုနိုင်ငံသို့ လှည့်လည်တော်မူရင်း ရောက်ရှိခိုက်နှင့် ကြုံကြိုက်သဖြင့် ထိုအရှင်တို့အား တရုတ်ပြည်မှ သုတေသနအဖွဲ့က ၎င်းတို့နိုင်ငံသို့ ကြွရောက်ချီးမြှောက်တော်မူ၍ သာသနာတော်ကြီးပွားစီးပြန့်ပြောအောင် အားထုတ်ပါမည့်အကြောင်း လျှောက်ထားလျှင် ထိုအရှင်တို့လည်း အလွန်ပင ဝေးလှသော အရပ်ဒေသတိုင်းနိုင်ငံများမှ လာရောက်ကြသည့် အကြောင်းရင်းနှင့် ၎င်းတို့ တိုင်းနိုင်ငံ၌ သာသနာတော် မရောက်သေးကြောင်းများကို ထောက်ထားတော်မူသဖြင့် ၎င်းတို့ဖိတ်မံချက် လက်ခံတော်မူပြီး သွားလာအံ့သော ခရီးစဉ်များ စီစဉ်တော်မူကြလေ၏။

ထိုသို့ခရီးစဉ် စီစဉ်စုံးစမ်းပြီးနောက် များစွာသော ပိဋကတ်ကျမ်းစာများ မြတ်စွာဘုရားကိုယ်စား ရုပ်ပွားတော်များ များစွာသော သရီရဓာတ်တော်များ, မွေတော်များ စသော ဗုဒ္ဓမြတ်စွာ သာသနာနှင့် ဆိုင်သောအရာများ ပြုပြင်တော်မူကြ၍ ထိုသုတေသနအဖွဲ့နှင့် တစ်ပါတည်းပင ၎င်းဓာတ်မွေတော်တို့ကို မြင်းဖြူကြီးအပေါ်မှ သီးခြား တင်ဆောင်တော်မူလျက် သတိပညာတည်းဟူသော လက်နက်ဖြင့် ဤမျှဝေးကွာသော ခရီးကန္တာကြီးကို ကူးမြောက် သာသနာတော်ရောက်အောင် ကြိုးစားအားထုတ်မည်ဟူသော ဝီရိယဓာတ်ခိုင်မြဲစွာထား၍ တရုတ်နိုင်ငံကြီးသို့ ခရီးထွက်တော်မူကြရာ သာသနာတော် ၆၁၁-ခုနှစ်မှာ တရုတ်ပြည်ကြီး အဝင်အပါ လိုယန်နယ်သို့ ရောက်တော်မူကြလေ၏။

ရင်းသတင်းကို ဘုရင်မင်းတရားကြီး **မင်းထီး**သည်ကြားရ၍ အလွန်ဝမ်းမြောက်တော်မူလှသဖြင့် ၎င်းသုတေသန အဖွဲ့ကြီးကို အကြိုတော်များလွှတ်၍ ပင့်ဆောင်စေပြီးလျှင် ၎င်းအရှင်၂-ပါးနှင့် သုတေသနအဖွဲ့များသည် ၎င်းတို့ ခဲယဉ်းစွာ ၁၂-လ၊ အရက်-၃၀ ယူဆောင်လာခဲ့ရသော **ဓာတ်တော်, မွေတော်, ရုပ်ပွားတော်များနှင့် ကျမ်းစာများအပြင်** လက်ဆောင် ပဏ္ဏာတော်များဆက်သကြရာ မင်းတရားကြီးမှာ အထူးအားဖြင့် မိမိကိုယ်တိုင် အိမ်မက်တွင်ဖူးမြင်ရသော ရုပ်ပွားတော်နှင့် တူညီလှသော, ၎င်းတို့ယူဆောင်လာခဲ့သော ရုပ်ပွားတော်ကို ဖူးမျှော်ရသောအခါ သာလွန်ဝမ်းမြောက် သဒ္ဓါပေါက်သည့်အပြင် မထေရ်အရှင်တို့၏ တရားတော်နှင့် တန်ခိုးတော်များ ဖူးတွေ့ရသောအခါ သာသနာတော်၌ သက်ဝင်ယုံကြည် ဆည်းကပ်သော **ဥပါသကာဘုရင်မင်းမြတ်** ဖြစ်လာခဲ့လေ၏။

ရင်းနောက် ဘုရင်မင်းထီးသည် ကြီးကျယ်ခမ်းနားစွာ ရုပ်ပွားတော်နှင့် ဓာတ်တော် မွေတော်များကို ပူဇော်ပြီးလျှင် ၎င်းတို့ကို ပင့်ဆောင်တော်မူလာစဉ်က ကျက်သရေမင်္ဂလာနှင့် ပြည့်စုံစွာသော မြင်းဖြူထက်တွင် တင်ဆောင်လာသည်ကို အစွဲပြု၍ **ပိုက်-မာ-စီ**၊ **ပိုက်**- ဖြူသော၊ **မာ**- မြင်း၊ **စီ**- ကျောင်းတော်ဟု အမိပ္ပါယ်ရှိသည့် မြင်းဖြူကျောင်းတော်ကို ဆောက်လုပ်တော်မူ၍ ၎င်းသည် ထိုမင်းတရား၏ နန်းစံ ၁၄-နှစ်၊ သာသနာတော် ၆၁၅-ခုနှစ်မှာ အပြီးသတ်လေပြီ။

## ဗုဒ္ဓသာသနာပြုမင်းထီးလက်ထက် တာအိုသာသနာနှင့် ပြိုင်ခြင်း

သို့ရာတွင် ထိုနိုင်ငံ၌ ရှေးကရှိနေပြီးဖြစ်သော အစဉ်အဆက် ကိုးကွယ်လာကြသဖြင့် ထွန်းကားလာခဲ့သော ဘာသာကြီး တစ်ခုတည်ရှိနေသေး၍ ၎င်းမှာ တရုတ်ဘာသာအားဖြင့် **တို- ဦ- စီ** အတိုအားဖြင့် **တောက်ဘာသာ**ဟု ခေါ်တွင်လျက် နိုင်ငံတော်အလုံးမှာ ၎င်းဘာသာဖြင့် ဖုံးလွှမ်းပြီးလျှင် ၎င်းတို့ဘာသာအားလျော်စွာ များစွာသော ကျမ်းဂန်များနှင့် ၎င်းကျမ်းဂန်အတိုင်း ကျင့်ကြံကြကုန်သော ဘုန်းကြီးများရှိကြရာ ဘုရင်မင်းတရားကြီးသည် ရှေးကကိုးကွယ်ရင်း ဘာသာဖြစ်သော်လည်း မှန်ကန်ရာ ကိုးကွယ်လိုသော ဆန္ဒတော်ဖြင့် ရှေးကရှိနှင့်ပြီးဖြစ်သော တာ- အို- စီ ဘာသာနှင့် အသစ် ရောက်လာသော ဗုဒ္ဓဘာသာတော်မြတ်ကြီးတို့ကို အချင်းချင်း ညှိနှိုင်းကြရန် အစည်းအဝေး ကျင်းပပြုလုပ်ဘာသာညီလာခံကြီး ကြီးကျယ်စွာ ဆင်ယင်တော်မူခဲ့လေသည်။

ထိုသို့ အစည်းအဝေး ကျင်းပရာ ထိုအခါက ကျော်ကြားသော တောင် ၅-လုံးတွင် သီတင်းသုံးကြသော တို- ဦ- စီ ဘုန်းကြီး **အရှင်ဆီလောန်**နှင့် **အရှင်ချူယုင်**တို့ ကြီးမှူးသည့် ဘုန်းတော်ကြီးအများတို့သည် ၎င်းတို့ အားထားလေ့ကျက်ခဲ့သော ကျမ်းဂန်များ အပြည့်အစုံနှင့်တကွ ရောက်ရှိကြ၍ အမှားအမှန် ဆွေးနွေးတိုင်ပင်ကြရာ နောက်ဆုံး၌ ဘာသာဆိုင်ရာကျမ်းစာများကို ပလ္လင်ပေါ်တွင်တင်လျက် မီးရှို့ကာ သစ္စာမူ၍-

"မှန်ကန်သော ဘာသာကျမ်းစာများ မီးမလောင်ဘဲ အံ့သြစွာဖြင့် ထင်ရှားစွာတည်ရှိနေလိမ့်မည်။ မမှန်ကန်သော ဘာသာမူကား တစ်ခါတည်း လောင်ကျွမ်း၍သွားလိမ့်မည်"ဟု ဆုံးဖြတ်သဘောတူကြပြီးလျှင် တို- ဦ- စီ ဘာသာကျမ်းစာများကို ပိုက်-မာ- စီ ခေါ် မြင်းဖြူကျောင်းဆောင်တော် တောင်တံခါး၌ ၎င်းတို့ဘာသာအားလျော်စွာ ပလ္လင်ပြုလုပ်ပြီး ဗုဒ္ဓဘာသာကျမ်းဂန်များနှင့်တကွ ဆင်းတုရုပ်ရှင်တော်များကို ၎င်းကျောင်းဆောင်တော်၏ အနောက်ဘက် ပလ္လင်ပြုလုပ်ပြီးလျှင် အသီးသီးသော ဘာသာဝင်များတို့ အထူးထူး အပြားပြား ဘာသာအားလျော်စွာ ပူဇော်ပသ တိုင်တည်ရွတ်ဆိုကြပြီးလျှင် အသီးသီး မီးရှို့ကြသောအခါ တို- ဦ- စီ ဘာသာကျမ်းစာများ မီးလောင်ကျွမ်းရာ ၎င်းဘာသာဝင်တို့ ယူကြုံးမရ ရှုံးရသည်တွင် ၎င်းသဘင်ကြီး၌ အမှူးဖြစ်သော ချောင်ယင်သည် "အသင်တို့ အရေးနိမ့်၍ အနောက်နိုင်ငံမှ ရောက်လာသော ဘာသာတရားနှင့် ကျမ်းစာများမှာ မှန်ကန်ကောင်းမြတ်ကြောင်း"ကျေညာလိုက်ရာ ဘုရင်မင်းမြတ်ကြီးနှင့်တကွ အားလုံးသော မင်းမှူးမတ် ပရိသတ်အများတို့သည် အားရနှစ်သက်စွာ ဗုဒ္ဓဘာသာတော်မြတ်၏ မှန်ကန်ကြောင်း ကောင်းစွာယုံကြည်ကိုးစား၍ ဆည်းကပ်လာကြကုန်၏။

ထိုဘာသာရေးသဘင်ကြီး၌ တို, ဦ, စီဘာသာဝင်များ အရေးရှုံးနိမ့်သည်တွင် ၎င်းတို့၏ အမှူးဖြစ်သော ချီလောန်နှင့် ချူယှင်အမည်ရှိသော ဘုန်းကြီးအချုပ်များအပြင် အခြားတို့လည်း ၎င်းတို့ကိုယ်တိုင် အဆုံးစီရင်လိုက်ကြ၍ ၎င်းဘာသာဝင် အချို့တို့ ဗုဒ္ဓဘာသာသို့ သက်ဝင်လာကြသည်တွင် ဘုရားသခင်၏ သရီရဓာတ်တော်များလည်း ၆-ပါးသော ရောင်ခြည်တော်ထွန်းပလျက် ကောင်းကင်ထက်ဝယ် နေရောင်သဖွယ် ဆန်းကြယ်စွာ အမျိုးမျိုးသော တန်ခိုးတော်များ ပြတော်မူရာ လာရောက်ကြသော များစွာသော ပရိသတ်တို့လည်း ဗုဒ္ဓဘာသာကို ယုံကြည် ဆည်းကပ်ကြသည့်အပြင် များစွာသောသူများလည်း ရဟန်းပြုကြကုန်၏။

## ၎င်းလက်ထက် မင်းမောင်းမ ၁၉၀-ဘိက္ခုနီမဖြစ်ခြင်း

၎င်းနောက် အရှင်ကဿပမာတင် လည်း အံ့သြဖွယ်ရာ ရောက်လာသော ပရိသတ်တို့အား မြတ်စွာဘုရား၏ တရားတော် ဟောဖော်ညွှန်ပြသောအခါ မင်းပရိတ်သတ်နှင့်တကွ များစွာသောသူတို့ ရဟန်းပြုကြသည့်အပြင် မင်းတရား၏ မိဖုရားကြီးတစ်ဦး ဖြစ်သော သျှိဦး နှင့် ၁၉၀-သော မောင်းမများတို့လည်း ဘိက္ခုနီမများဖြစ်ကြ၍ မင်းမှူးတော်, မတ်တော်-များ အထဲမှလည်း ၂၆၈-ယောက်၊ တို, ဦ, စီ ရှင်အရီးတို့မှလည်း တောင်ကြီး ၄-တောင်မှ ၆၂၀-သော သူတို့ ရဟန်းပြုကြကုန်၏။

ဤသို့ တရုတ်ပြည်ကြီးရှင် ဘုရင်မင်းထီးသည် ဗုဒ္ဓသာသနာတော်၌ သက်ဝင်ယုံကြည်သော ဥပါသကာ သာသနာပြုမင်းတစ်ပါးဖြစ်လာသဖြင့် မင်းမောင်းမ ပရိသတ်မှူးမတ် ဗိုလ်ပါများစွာ ၁၀,၀၀၀-ကျော်မျှ သာသနာတော်သို့ဝင်ကြ၍ ဤပိုက် မာ စီ မြင်းဖြူကျောင်းဆောင်တော်တွင် ဓာတ်တော်, မွေတော် ရုပ်ရှင်တော်များနှင့် ကျမ်းစာများ ၁-လခန့်မျှ တိုင်းသူပြည်သားတို့ အပူဇော် အပသခံယူပြီးလျှင် ၎င်းကျောင်းတော်ကြီးကို ပဓာနထား၍ မြို့ပြင်၌ ဘုရားကျောင်းတော် ၇-ဆောင်, မြို့တွင်း၌ ၃-ဆောင်ထပ်မံလျက် လူအများ အပူဇော်ခံယူရန် အလို့ငှာ တည်ထောင်တော်မူသည့်အပြင် ၎င်းမာတင်္ဂမထေရ်အရှင်မြတ်သည် ဘုရင်မင်းတရားကြီး အကူအညီ အထောက်အပံ့ဖြင့် များစွာအရေးကြီးသော သုတ် ၄၂-ကဏ္ဍတို့ကို တရုတ်ဘာသာသို့ ပြန်ဆိုကြ၍ ထိုမထေရ်နှင့်အတူ ကြွလာတော်မူခဲ့သော အရှင်သုဝဏ္ဏပဏ္ဍိတမှာ ဒသဘူမိသုတ်နှင့်တကွ သုတ်အပိုင်းတို့ကို တရုတ်ဘာသာသို့ ပြန်ဆိုကြပြီးလျှင် ထိုအရှင်၂-ပါး ညှိနှိုင်းကာ အခြားသုတ် ၅-သုတ်တို့ကို ပြန်ဆိုကြကုန်လျက် မထေရ်များနှင့်အတူ သာသနာပြုတော်မူ၏။

ဤသို့အားဖြင့် ရာဇဝင်တွင် မင်းထီးဟု ထင်ရှားသော ပိုင် နယူချွင်မင်းတရားကြီးလက်ထက် မဟာယာန သာသနာရောက်၍ များစွာသော ကျမ်းဂန်များနှင့်တကွ ပညာသုတအဝဝတို့ကို တရုတ်ဘာသာ ပြန်ဆိုစေလျက် များစွာသောကျောင်းတော်များ ဆောက်လုပ်လှူဒါန်းကာ သာသနဒါယကာ သာသနာပြု မင်းတရားအဖြစ်သို့ရောက်၍ ၎င်းမင်းတရားအား သာသနာပြန့်ပွားအောင် ရှေးဦးစွာ ဆောင်ရွက် အားထုတ်သော မင်းတစ်ပါးအဖြစ်ဖြင့် ၎င်းမဟာယာန မှတ်တမ်း၌ ထင်ရှားကျော်ကြားခဲ့လေ၏။ ဤသို့လျှင် တရုတ်ပြည်ကြီး၌ ဘုရင်မင်းထီးလက်ထက်မှစ၍ ဗုဒ္ဓနိုင်ငံတော် အခိုင်အမြဲ တည်ထွန်းကြောင်း မှတ်သားအပ်၏။

ဤတရုတ်ပြည်ကြီး၌ ဤမင်းတရား မင်းထီးလက်ထက်မှစ၍ သာသနာတော်အခြေစိုက်ပြီးလျှင် ၎င်းမင်းတရားကြီး၏ အဆက်အနွယ် အစဉ်အလာအားဖြင့် များစွာသော မင်းတို့ လက်ထက်၌လည်း အသီးသီး သာသနာပြုကြလျက် သာသနာတော် ၇-ရာစုအတွင်း ထိုမင်းတို့လက်ထက်-

- အရှင် **အရိယာကာသ** မထေရ်
- အရှင် **သတ္တဝိရစီလုကက္ခ**မထေရ်
- အရှင် **သမဏ သုဝိနယ** မထေရ်-

တို့ကို မဇ္ဈိမဒေသ သာသနာထွန်းရာ တိုင်းဌာနတို့မှ ပင့်ဆောင်ကာ သာသနာဖြန့်ဖြူးကြရာ ၎င်းမထေရ်တို့သည်လည်း အခြားသာသနာ မရောက်သေးသော တိုင်းနယ်များသို့ သာသနာပြုခြင်း, ရှေးသာသနာပြုမထေရ်များ ပြန်ဆိုသည်မှ ကြွင်းကျန်သော ကျမ်းဂန်များ

ကို တရုတ်ဘာသာသို့ ပြန်ဆိုခြင်း-စသော သာသနာတော်ဝန်ကို အားသွန်ကြိုးပမ်း ထမ်းရွက်တော်မူကြကုန်၏။

ထို့နောက် သာသနာတော် ၆၉၀-ကျော်မှာ **ပါသိရတိုင်း** အလယ်ပိုင်းများ၌ သာသနာတော် ထွန်းလင်းသော အချိန်အခါ ဖြစ်သည့် အားလျော်စွာ ၎င်းတိုင်းမှ အရှင်**အာရိသိယ** မထေရ်မြတ်သည် တရုတ်ပြည်သို့ သာသနာပြု ကြွရောက်တော်မူ၍ များစွာသော ဗုဒ္ဓကျမ်းစာများကို **သကတ** ဘာသာမှ တရုတ်ဘာသာသို့ ပြန်ဆိုရေးသားတော်မူကြောင်း၊

၎င်းနောက် ဝူမင်းမျိုးများလက်ထက် သာသနာတော် အနှစ် ၇၀၀-ကျော်, ၈၀၀-အစလောက်တွင် များစွာသော ကျမ်းဂန်များကို မဇ္ဈိမဒေသမှမထေရ်များ ယူဆောင်ကာ တရုတ်ဘာသာသို့ပြန်ဆိုလျက် သာသနာပြုကြကြောင်း၊ ၎င်းခေတ်က ပြန်ဆိုကြသော ကျမ်းဂန်များမှာ အရေအတွက်အားဖြင် **၁၇၆**-ကျမ်း၊ အပိုင်းအားဖြင့် **၁၉၀**-ကျော်ရှိကြောင်း ၎င်းတို့ မှတ်တမ်းများ၌ ထင်ရှားစွာ ရှိကြကုန်၏။

## ၇-ရာစု နောက်ခေတ် တရုတ်ပြည် သာသနာတော်ဆက်

၎င်းမှ နောက်၌လည်းများစွာသော မထေရ်အဆက်ဆက်တို့ကို ပင့်ဆောင်ကာ သာသနာပြုကြသည့်ပြင် တရုတ်နိုင်ငံမှာလည်း များစွာသော ပညာရှိများ စေလွှတ်ပြီးကာ သာသနာနှင့်ဆိုင်ရာ ဗဟုသုတများ ရှာဖွေဆည်းပူးကြသည်မှာ-

သာသနာတော် ၇၅၀-ကျော်၌ **သဒ္ဓမ္မပုဏ္ဍရိက** သုတ်စသော သုတ်များပြန်ဆိုကြပြီးနောက် ဝိနည်း ပိဋကတ်များကိုလည်း **လိုယန်** နိုင်ငံ၌တရုတ်ဘာသာသို့ပြန်ဆိုကြောင်း-

သာသနာတော်အနှစ် ၈၀၀-ကျော် ၈၃၀-လောက်တွင် **ချူဆူဟင်**မည်သော တရုတ်ပညာရှိကြီးသည် **ဝူထန်** သို့မဟုတ် **ခိုထန်**ပြည်မှ လှည့်၍ အနောက်မြောက်ပိုင်းတိုင်းများသို့ သွားရောက်ပြီးလျှင် များစွာသောကျမ်းဂန်များ, ၉၀-မျှသောသုတ်များ စုဆောင်းယူဆောင်လာပြီးကာ နေရင်းဌာန **ဟူနန်း**၌ တရုတ်ဘာသာ ပြန်ဆိုကြောင်း-

၎င်းနောက်လည်း လိုယန်နယ်၌ **ချဖဟု**အမည်ရှိသော ပညာရှိကြီးသည် ၎င်းအနောက်မြောက်ပိုင်း သာကတိုင်းနိုင်ငံသို့ သွားရောက်ကာ ဗုဒ္ဓသာသနာ့ ဗဟုသုတ ရှာဖွေကြပြီးလျှင် များစွာသောသုတ်များ ဘာသာပြန်ဆို ရေးသားကြောင်း၊ ထိုပညာရှိကြီးသည် သကတဘာသာကို ကောင်းစွာတတ်မြောက်၍ ၎င်းပြန်ဆိုသော ကျမ်းဂန်များမှာ သကတဘာသာမှဖြစ်ကြောင်း ရေးသားကြကုန်၏။

ဤသို့လျှင် တရုတ်ပြည်ကြီးသို့ ဘုရင်မင်းထီး လက်ထက်တော်မှစ၍ ဗုဒ္ဓသာသနာ ခိုင်မြဲစွာ အခြေတည်ပြီးလျှင် အစဉ်အဆက် မပျက်မစီး ပွားစီးတိုးတက်သဖြင့် များစွာသော

ကျမ်းဂန်များလည်း တရုတ်ဘာသာသို့ ပြန်ဆိုရေးသားကြသောကြောင့် ဗုဒ္ဓဘာသာ တရားတော်မြတ် ထွန်းကား၍ငင်းတို့ဘာသာ အားလျော်စွာ သာသနာတော်၌ ရဟန်းပြုကြလျက် တရုတ်ပြည်မြောက်ပိုင်း ချန်မင်းမျိုးများ စိုးမိုးစဉ် သာသနာ စည်ပင်ပြန့်ပွား သကတဘာသာလည်း ထွန်ကားသဖြင့် ကျောင်း, ဘုရား, စေတီတို့မှာ သာသနာတော် ၈၀၀-ကျော်, ၉၀၀-အတွင်း ကျောင်းတိုက်ပေါင်း ၈၉၃-ရှိကြောင်း ၎င်းတို့မှတ်တမ်းများ၌ ရေးသားကြကုန်၏။

## ၎င်းပြည် အများဂိုဏ်း မဟာယာနသာသနာ

၎င်းပြင်လည်း နောက်ခေတ်များ၌ နှစ် ၁၀၀၀-ကျော်အောင် တရုတ်ပြည်သို့ သာသနာပြုနှင့် ကျမ်းဂန်များမှာ မဟာယာနဂိုဏ်းသာသနာနှင့် ကျမ်းဂန်များသာဖြစ်ကြောင်း၊ အချို့ပရိနိဗ္ဗာနသုတ်စသည် ထေရဝါဒနှင့် အမည်သညာပင်တူသော်လည်း ၎င်းတို့ဝါဒအားလျော်အောင် ရေးသား၍ ဗုဒ္ဓဝင်များမှာလည်း လလိတဝိတ္ထာရစသော မဟာယာန ဗုဒ္ဓဝင်များဖြစ်ကြောင်း၊ ၎င်းတို့အဆက်ဆက် ဆည်းပူးခဲ့ကြသော သာသနာ့ဗဟုသုတတို့၌ ထေရဝါဒ အနည်းငယ် ပါဝင်သော်လည်း မထင်ရှားဘဲ များသောအားဖြင့် မဟာယာနမြောက်ပိုင်း သာသနာဖြစ်ကြောင်း မှတ်သားအပ်၏။

ဤမျှဖြင့် မြတ်စွာဘုရား သာသနာတော် ၇-ရာစုအတွင်း အဖြစ်အပျက်များနှင့် နောက်ခေတ်များတွင်လည်း သာသနာအယာဉ် အစဉ်မပြတ်ဘဲ ခိုင်မြဲတည်တံ့စွာ တိုးတက်ပြောင်းလဲလာခြင်းဖြစ်ကြောင်း နိဂုံးကမွတ် အပြီးသတ်အပ်ပြီ။

✪ ✪ ✪ ✪ ✪

## တရုတ်ပြည် ၇-ရာစု၏ ရှေးဘာသာဝါဒများ

တရုတ်ပြည်ကြီးသို့ ဗုဒ္ဓအလင်းရောင် မရောက်မီ ဗုဒ္ဓနိုင်ငံတော် မဖြစ်မီက ၎င်းပြည်သားတို့ ကိုးစားကြသည်မှာ တာ- အို- စီဘာသာနှင့် ကောင်- ဖူ- စီ- ဦ ဘာသာတို့ဖြစ်ကြ၍ ၎င်းတွင် ရှေးဘာသာမှာ လာ- အို- စီ- ဦ လောက်ဇူမည်သော ပညာရှိသည် ကိုယ်ကျင့်ရှေးရိုးတရား ထုတ်ဖော်ညွှန်ပြသောဝါဒဖြစ်၍ ၎င်းမှာသာသနာနှစ် အစလောက်က တရုတ်ပြည်ဟူနန်းနယ်စပ်၌ ဖွားမြင်၍ လိုယန်နယ် (ဟိုနန်းဖူး)၌ အမှုတွဲ ထိမ်းအရာရှိအဖြစ် အမှုထမ်းဆောင်ဖူးကြောင်း၊ သူသည်နောက်ပိုင်း သူ၏အတ္ထုပ္ပတ္တိ၌ တရားကိုရှာ၍ အနောက်ဖက်နိုင်ငံသို့ ထွက်ခွာသွားကြောင်း၊ ၎င်းနောက် သူ၏ဝါဒဖြစ်သော စာအုပ်ကျမ်းဂန်တို့ကို ရေးသား၍ ထိုထိုနယ်တို့၌ ဟောကြားသဖြင့် ၎င်းနောက်သို့ လိုက်နာသူများ

အမြောက်အမြား ရှိသည့်အပြင် ၎င်း၏အဆုံးအမဖြင့် ရဟန်းပြုကြသူအများရှိ၍ နောက်ခေတ်များ၌ ဂိုဏ်းဂဏကြီးကျယ်လာပြီးလျှင် ဗုဒ္ဓဘာသာ ရောက်လာချိန်၌ကား ထွန်းကားသော ဘာသာကြီးတစ်ခုဖြစ်၍ ဗုဒ္ဓဘာသာနှင့်ပင် ပြိုင်ဆိုင်ကြောင်း-

ထို့နောက် မကြာမီ ၎င်းဘာသာနှင့် ပြိုင်ဆိုင်လာသော နောက် တစ်ဘာသာကား **ကောင်- ဖူ- စီ- ဦ** ဘာသာဖြစ်၍ ၎င်းဘာသာလည်း ကိုယ်ကျင့်တရားနှင့်ဆိုင်သော အယူဝါဒတရားတို့ကို ဟောကြား၍ များသောအားဖြင့် လောက်ဇူး ဟောကြားသော တရားတို့ကို အချို့ဆန့်ကျင်လျက် ၎င်းဘာသာအရ တရားဓမ္မ ညွှန်ပြဟောကြား ဘာသာဝါဒ တခြားပြုလုပ်လျက် ဂိုဏ်းသီးခြား ထူထောင်ကြောင်း၊

၎င်းဘာသာတို့ကား ဗုဒ္ဓတရားတော်မြတ် ရောက်လာသောအခါ ညှိုးမှိန်လျက် အချို့ဗုဒ္ဓဘာသာသို့ သက်ဝင်ကြသည်သာများ၍ ဗုဒ္ဓတရားတော် ထွန်းကားလာချိန်မှစ၍ တရုတ်နိုင်ငံတော်၌ ၎င်းဘာသာဝင်တို့ မထင်မရှားဖြစ်ကာ အချို့တိုင်းနယ်များ၌ လုံးဝ ပျောက်ကွယ်သွား၍ ၎င်းတို့ကျမ်းစာများလည်း တိမ်ကောပျောက်ပျက်သွားကြကုန်၏။

၎င်းတရုတ်ပြည်ကြီးသို့ ဗုဒ္ဓဘာသာ ရောက်လာချိန်မှစ၍အဆက်ဆက်သော ပညာရှိတို့သည် ဗုဒ္ဓဘာသာထွန်းကားရာ တိုင်းနိုင်ငံများဖြစ်ကြသော မဇ္ဈိမဒေသနှင့် အနောက်မြောက်ပိုင်း တိုင်းနိုင်ငံများသွားရောက်၍ ဗုဒ္ဓဘာသာကျမ်းဂန်များနှင့် ၎င်းတို့နှင့် ဆိုင်ရာဗဟုသုတများ ရှာဖွေစုဆောင်းကာ တရုတ်ဘာသာသို့ ပြန်ဆိုရေးသားကြရာ များသောအားဖြင့် မဟာယာနဂိုဏ်း အယူဝါဒအားလျော်စွာ ရေးသားသော ဗုဒ္ဓဘာသာ ကျမ်းဂန်များသာ ဖြစ်ကြသည့်ပြင် ဘာသာပြန်စဉ်ကလည်း မူလဆိုရင်း အယူဝါဒနှင့် အချို့မညီဘဲ အချို့ကား နောက်များ၌ တဖြည်းဖြည်း ပြောင်းလဲလာကြကြောင်း၊ သို့ဖြစ်၍ တရုတ်ဗုဒ္ဓနိုင်ငံတော်မှာ ထေရဝါဒ အယူဝါဒ အရိပ်အမြွက်မျှသာ၊ မဟာသံဃိကများ အယူဝါဒများသာလျှင် ထိုစဉ်က ရောက်ရှိကြောင်း မှတ်သားအပ်၏။

ဤသို့ တရုတ်ပြည်ကြီး၌ ဗုဒ္ဓနိုင်ငံ မထွန်းကားမီ **တာ- အို- စီ**ဘာသာနှင့် **ကောင်- ဖူ- စီ- ဦ** ဘာသာတို့ ခေတ်အားလျော်စွာ ထွန်းကား၍ ဗုဒ္ဓတရားတော် ထွန်းလင်းတော်မူသောအခါမှာကား မှေးမှိန်သွားရာ ၎င်းတို့ဘာသာလည်း လုံးဝမပျောက်ဘဲ နောက်ခေတ်များ၌ အထိုက်အလျောက် တောက်ပသေးသဖြင့် နောက်ခေတ် အပိုင်းတို့၌ အခွင့်ဆိုက်-သည်အားလျော်စွာ ရေးသားရမည်ဖြစ်သောကြောင့် ဤမျှဖြင့် ၎င်းဘာသာတို့နှင့် စပ်လျဉ်းသော စကားရပ် အပြီးသတ်အပ်သတည်း။

✪ ✪ ✪ ✪ ✪

## သာသနာတော် ၈-ရာစုနှင့် ၉-ရာစုအတွင်း အဖြစ်အပျက်အကြောင်း

သာသနာတော် ၈-ရာစုအတွင်း၌ကား သာသနာတော် ထွန်းလင်းရာ တိုင်းဌာနများ၌ ထူးခြားသော အတ္ထုပ္ပတ်များ အထူးဖြစ်ပွားခြင်းမရှိ၊ မဇ္ဈိမတိုင်းဌာန သာသနာမှာလည်း ဆရာစဉ်ဆက်မှတပါး မှတ်သားလောက်အောင် အဖြစ်အပျက်များမရှိ၊ ၎င်းခေတ်အတွင်းက အသောကမင်းတရား ပြုထားသော သာသနာပြုတိုင်းနယ်များတွင် ရှေးယခင်က ရေးသားခဲ့သည့်အတိုင်း မထေရ်များ အဆက်ဆက်တို့ ဆောင်ရွက်အားထုတ်တော်မူကြသဖြင့် တည်မြဲစွာ သာသနာတော် ထွန်းတောက်ကြောင်းမှတပါး ထင်ရှားသော အဖြစ်အပျက်များမရှိသဖြင့် အထူးရေးသားဖွယ်မရှိ၊ နောက်ခေတ် ပျံ့နှံ့သော သာသနာ နိုင်ငံတော်တို့၌ တည်မြဲတိုင်းပင် တည်ရှိကြောင်းသာ မှတ်သားအပ်ကုန်၏။

၎င်းပြင် သီဟိုဠ်ကျွန်း သာသနာ၌လည်း ၎င်းမဟာဝင်လာသော မင်းစဉ်အဆက်မပျက်ပြားဘဲ သာသနာတော်၌ **ကနိဋ္ဌတိဿမင်း** လက်ထက်မှစ၍ **သံဃဗောဓိမင်း** လက်ထက်တိုင်အောင် သာသနာတော်နှင့်ဆိုင်သော ကျောင်း, ဘုရား, စေတီတည်းထားခြင်း၊ ရှေးဟောင်း ကျောင်း, ဘုရားများကိုလည်း မွန်းမံပြုစုခြင်း၊ သာသနာတော်၌ ထင်ရှားကုန်သော မထေရ်မြတ်တို့အား ပစ္စည်း ၄-ပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းခြင်းစသည် အစဉ်လာအရ သာသနာကိစ္စတို့၌ ဆောင်ရွက်အားထုတ်ကြသည်မှတစ်ပါး ထူးခြားသော အကြောင်းအရာ မရှိသဖြင့် အထူးရေးသားဖွယ် မရှိကုန်။

၎င်းနှစ်ရာစုအတွင်း၌ တရုတ်ပြည်သာသနာနှင့် စပ်လျဉ်း၍လည်း နောက် ၇-ရာစုမှ ဆက်၍ မပျက်စီးဘဲ ခိုင်မြဲတည်တံ့စွာ နောက်လက်ထက်တို့မှာလည်း နယ်အသီးသီးတို့၌ တိုးတက်ကာ သာသနာ၌ ဆောင်ရွက်အားထုတ်ကြကြောင်း၊ ၎င်းပြင် ကျောင်း, ဘုရား, စေတီများလည်း ထိုရာစုအတွင်း၌ မြောက်များစွာ ဆောက်လုပ်ကြ၍ သာသနာတော်အတွင်းသို့လည်း များစွာသောသူတို့ ဝင်ရောက်ကာ သာသနာ့အမွေခံယူလျက် ရဟန်းအဖြစ်သို့ တက်ရောက်ကြကြောင်း၊ သို့ရာတွင် ၎င်းသာသနာမှာ မဟာယာန သာသနာပင် ဖြစ်ကြောင်း နောက်က ရေးသားပြဆို အပ်ခဲ့ပြီးသည့်အတိုင်း မှတ်သားအပ်၏။

ထိုမှတပါး **သုဝဏ္ဏဘူမိတိုင်း** သာသနာမှာလည်း အသောကမင်းတရားကြီး ပြုစုတော်မူခဲ့သော အရှင်သောဏမထေရ်, အရှင်ဥတ္တမထေရ်တို့မှ ဆင်းသက်လာသော သာသနာတော်မြတ်သည် နောက်ခေတ် ပုဂံသာသနာတော်သို့ရောက်အောင်ပင် အစဉ်-အဆက် မပျက်တည်ရှိကြောင်း၊ ရာဇဝင်သမိုင်းအားဖြင့်၎င်း, သာသနာဝင်မှတ်တမ်း

များတို့ဖြင့်၎င်း အခိုင်အမာဆိုထားသဖြင့် ၎င်းသာသနာမှာလည်း အဆက်ဆက် ဆောင်ရွက်အားထုတ်ကာ မထေရ်မြတ်တို့သည် သာသနာ့ဝန်ကို အားသွန်ကြိုးပမ်းလျက် မပျက်မစီးရအောင် စောင့်ရှောက်တော်မူလာခဲ့ကြကြောင်း မှတ်သားအပ်ကုန်၏။

သို့ဖြစ်၍ သာသနာ ၈-ရာစုအတွင်း၌ ဗုဒ္ဓနိုင်ငံတော်ကား ထူးခြားစွာ ရေးသားအပ်သော အတ္ထုပ္ပတ်များ မထင်ရှားသဖြင့် အထူးမရေးသားတော့ဘဲ သာသနာတော် အနှစ် ၉-ရာစုအတွင်းနှင့် ၎င်း ၉၀၀-ကျော်ခေတ်များ၌ ထူးခြားသော အဖြစ်အပျက် ထင်ရှားရှိသည် အားလျော်စွာ ရေးသားဖော်ပြပေအံ့။

## သာသနာတော်အနှစ် ၉-ရာစုနှင့် ၉၀၀-ကျော် ဖြစ်ပေါ်လာသော အကြောင်းများ

သာသနာတော် အနှစ် ၉-ရာစုအတွင်းမှာ မဇ္ဈိမဒေသ၌ **ထေရဝါဒဂိုဏ်း** သာသနာတော်မြတ်ကြီးသည် ရှေးအစဉ်အလာအတိုင်း အဆက်ဆက် မထေရ်မြတ်များ ဆောင်ရွက်တော်မူလာကြ၍ ခိုင်မြဲတည်တံ့စွာ အရှင်**မဟာဗုဒ္ဓဃောသ** မထေရ်မြတ်တို့ လက်ထက်သို့ကျအောင် သာသနာတော် ၃-ရပ်လုံး ထွန်းလင်းတောက်ပလျက် ရှိသည့်အပြင် ထိုခေတ်က ထိုဂိုဏ်းသာသနာမှာ မြန်မာနိုင်ငံတော်အောက်ပိုင်း ရာမညတိုင်းနှင့် သီဟိုဠ်ကျွန်း၌လည်း ထွန်းလင်းကြောင်း အရှင်မဟာဗုဒ္ဓမထေရ်မြတ်၏ အတ္ထုပ္ပတ္တိ ထောက်ထားလျက် ရေးသားကြကုန်၏။

ထိုအရှင်တို့ လက်ထက်၌ မဇ္ဈိမထေရဝါဒသာသနာ ထွန်းကားသည့်အပြင် မဟာသံဃိက သာသနာလည်း အထူးပွားစီး ထွန်းပသောခေတ်ကာလဖြစ်သည် အားလျော်စွာ ဂိုဏ်းကြီး ၂-ခုမှာ အပြိုင်ကဲ့သို့ ဖြစ်သော်လည်း ထေရဝါဒဂိုဏ်းသာသနာမူကား သာသနာစင်ကြယ်မှု ကိုသာ လေးစားလျက် ဆောင်ရွက်တော်မူကြ၍ ၎င်းတို့၌ ဝါဒတူမျှသော တိုင်းနိုင်ငံဒေသတို့နှင့် ဆက်ဆံသွားလာ ပညာဗဟုသုတ ရှာဖွေတော်မူကြရာ ထိုအခါက မဇ္ဈိမအရှေ့ပိုင်းကျသော တိုင်းနိုင်ငံများနှင့် **ဒက္ခိဏာပထ** တောင်ပိုင်းများတွင်လည်း ထေရဝါဒ သာသနာထွန်း ကားသဖြင့် ထိုတိုင်းများသို့လည်း သွားလာကြကုန်၏။

ထိုခေတ်အခါက အရှင်မဟာ ဗုဒ္ဓဃောသမထေရ်မြတ်မှာ သာသနာတော်ခေတ်အတွင်း၌ 'အသောကမင်းတရားကြီးသည် သာသနာတော် ချီးမြှင့်ထောက်ပံ့ကာ သာသနာတော် ပြုစုမှု၌ ကမ္ဘာက သိရှိချီးမွမ်းခြင်း ခံယူရသကဲ့သို့' ကိုယ်တိုင်သာသနာပြုမှု၊ များစွာသော သာသနိကကျမ်းဂန်များ ရေးသားမှုအားဖြင့် သာသနာ့ဝင် ဗုဒ္ဓနိုင်ငံတော်

တည်းထွန်းရာဌာနတို့တွင် အထင်ရှားဆုံးသော မထေရ်မြတ်တစ်ပါးဖြစ်ကြောင်း, ယခုခေတ် ထွန်းကား လျက်ရှိသော ဗုဒ္ဓစာပေကျမ်းဂန်တို့မှာ ထိုအရှင်မြတ် ရေးသားတော်မူအပ်သော အဋ္ဌကထာ များသာလျှင် အမွန်အစဖြစ်၍ နောက်ခေတ် အဋ္ဌကထာတို့လည်း ၎င်းတို့ကို စုထား၍ ရေးသားကြသော အဋ္ဌကထာများသာလျှင် ဖြစ်ကြကုန်၏။

ထိုအရှင် မရေးသားမီ ရှေးအဋ္ဌကထာများ ရှိငြားပါသော်လည်း ထိုအရှင်၏ အဋ္ဌကထာများသည်သာ ခေတ်စား၍ ယခုတိုင်လေ့လာ သင်ကြားအားထုတ်ကြသဖြင့် ရှေးအဋ္ဌကထာများ ဂန္ထန္တရ ကျမ်းဂန်များမှာ တဖြည်းဖြည်း တိမ်မြုပ်သွားကြကာ အမည်မျှသာ ကြွင်းကျန်ကြ၍ ၎င်းအဋ္ဌကထာများနှင့် ၎င်းတို့၏အတ္ထုပ္ပတ်များ ရေးသားဖော်ပြနိုင်ရန် ခဲယဉ်းကုန်၏။

၎င်းပြင် ထိုအရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်၏ အကြောင်းအရာများ*(ကို)*အချို့ ရေးသားကြကုန်ရာ၌ 'မထေရ်မြတ်၏ အဋ္ဌကထာများမှာ သီဟိုဠ်ဘာသာမှ ပါဠိဘာသာသို့ ပြန်ဆိုရေးသားခြင်းမျှသာဟု ထင်မှတ်ဖွယ်ရှိသော်လည်း ၎င်းအဋ္ဌကထာများကို ကောင်းစွာ လေ့လာပါမူ ၎င်းသီဟိုဠ်ဘာသာ အဋ္ဌကထာများမှာ မှီရာနိသျှသာဖြစ်၍ ၎င်းကို နည်းယူပြီးလျှင် ကျယ်လွန်းသည်ကို ချုံ့လျက် အနက်အဓိပ္ပာယ် မထင်ရှား ကျဉ်းလွန်းသောအရာတို့ကို ချဲ့ဆိုထုတ်ပြကာ ပါဠိဘာသာဖြင့် အသစ်ထုတ်ဖော်*(ခြင်းပင်)*' ဖြစ်ကြကုန်၏။

## အရှင်မဟာဗုဒ္ဓဃောသ အတ္ထုပ္ပတ္တိ

ထိုအရှင်မြတ်၏ အကြောင်းအတ္ထုပ္ပတ္တိများမှာ သီဟိုရ်မထေရ်များ ပြုစုသော **ဗုဒ္ဓဃောသုပ္ပတ္တိကျမ်း**၌ များစွာချဲ့ထွင် တန်ဆာဆင်လျက် ရေးသားအပ်သော အကြောင်းအတ္ထုပ္ပတ် အကျယ်နှင့် စူဠဝင်၌လာသော အကြောင်းအတ္ထုပ္ပတ္တိများအပြင် ၎င်းတို့ကို အလေးမပြုဘဲ ထိုမဟာထေရ်မြတ် ရေးသားတော်မူအပ်သော အဋ္ဌကထာများကို ပမာဏထားလျက် ယခုကာလ၌ ခေတ်အားလျော်စွာ အဖြစ်အပျက်များနှင့် ခုနှစ်အပိုင်းအခြားတို့ကို ခန့်မှန်းဝေဖန်ကာ အင်္ဂလိပ်ဘာသာ, ဗင်္ဂါလီဘာသာစသော ဘာသာများဖြင့် ရေးသားကြသော စာအုပ်များရှိကြ၍ ၎င်းတို့၌ မိမိတို့အားသန်ရာ ဆွဲငင်ရေးသားကြကုန်၏။

ပမာအားဖြင့် ဘင်္ဂါလီများက ရေးသားကြသည်မှာ ၎င်းအရှင်မဟာ ဗုဒ္ဓဃောသ မထေရ်မြတ်သည် ၎င်းတို့၏ အနွယ်ဖြစ်ကြောင်း၊ ဃောသသို့မဟုတ် ၎င်းတို့ အသံအားဖြင့် **ဃိုသ-ဃိုသျှ**အနွယ်မှာ ယခုတိုင်ထင်ရှားရှိကြောင်း၊ သို့ဖြစ်၍ ယခုရဝိန္ဒရာနာထဃိုသ

စသည်ဖြင့် ထင်ရှားသော ၎င်းအနွယ်ဖြစ်သော ပုဂ္ဂိုလ်များရှိသေးကြောင်း စသည်ဖြင့် ၎င်းတို့ အလိုရှိရာသို့ ဆွဲယူရေးသားကြသော အတ္ထုပ္ပတ်များ ထင်ရှားရှိကုန်၏။

ထိုသို့ပင် အလိုရှိရာသို့ ဆွဲလျက် ဃောသဟူသော အမည်ကို အစွဲပြု၍ ၎င်းတို့ အနွယ်ဖြစ်ကြောင်း ရေးသားကြသော်လည်း ထိုအရှင်မြတ် ရေးသားတော်မူအပ်သော အဋ္ဌကထာတိုင်း၏ နိဂုံး၌-

**ဝိပုလဝိသုဒ္ဓဗုဒ္ဓိနာ ဗုဒ္ဓဃောသောတိ ဂရူဟိ ဂဟိတ နာမဓေယျေန ထေရေန ကတာ။**

ပြန့်ပြောစင်ကြယ်သော အသိဉာဏ်နှင့် ပြည့်စုံသော ဗုဒ္ဓဃောသဟု ဆရာမြတ်တို့ ယူအပ်သော အမည်ရှိသော မထေရ်မြတ် ပြုစီရင်အပ်သော-

ဟု ရေးသားတော်မူသည်ကို ထောက်ထားက ဗုဒ္ဓဃောသဟူသော အမည်မှာ ဆရာတို့ မှည့်ခေါ်သော အမည်ဖြစ်၍ ဃောသမည်သော ရွာ၏အမည်လည်းမဟုတ်၊ အနွယ်အား လျော်စွာ အရှင်မဟာကဿပ စသည်ကဲ့သို့ ခေါ်ဝေါ်သော အမည်လည်း မဟုတ်၊ ငယ်စဉ်က ထွင်လာသော အမည်လည်း မဟုတ်ကြောင်း၊ ဂုဏ်အားလျော်စွာ ရရှိအပ် သော အမည်ဖြစ်ကြောင်း မှတ်သားအပ်၏။

ထိုအရှင်မြတ်၏ အကြောင်းအတ္ထုပ္ပတ် ရေးသားအပ်သော ကျမ်းဂန်တို့မှာ များသောအားဖြင့် မဂဓတိုင်းဖွား ပုဏ္ဏားအမျိုးအနွယ်ဖြစ်ကြောင်း၊ ငယ်ရွယ်စဉ်ကပင် ပုဏ္ဏားတို့၏ အတတ်ဖြစ်သည့် ဗေဒ ၄-ရပ်၌ ကမ်းတစ်ဖက်ရောက် တတ်မြောက်ကျွမ်းကျင် ၍ ၎င်းနှင့် စပ်လျဉ်းလျက် ခက်ထန်သော မာနတံခွန် စိုက်ထူနေခိုက် ဆဋ္ဌာဘိညပဋိသမ္ဘိ ဒါပတ္တမထေရ်မြတ်နှင့် တစ်နေ့မှာ ကြုံကြိုက်နေရာ ဗေဒနှင့်ဆိုင်သော ပြဿနာများ လျှောက်ထား၊ အဖြေများရပြီးနောက် မထေရ်အထံမှ **အဘိဓမ္မာ**နှင့် စပ်သော တရား ဒေသနာတော်များ ကြားနာရသောအခါ သိမ့်မွေခက်ခဲ နက်နဲထူးမြတ်သော တရားအဆီကို ကြည်ညိုသဖြင့် သာသနာတော်သို့ ဝင်ရောက်ကြောင်း ထက်သန်သော ပဋိဘာန် ရှိသည်အားလျော်စွာ မကြာမီပိဋကတ်၌ ကမ်းတစ်ဖက်ရောက် တတ်မြောက် တော်မူ၍ **ပရစိတ္တဝိဇာနနဉာဏ်** ရတော်မူသော ဆရာအရှင်မထေရ်ကိုပင် မထေမဲ့ ကြံစည်မိရာ မထေရ်မြတ်သိတော်မူသဖြင့် နောင်တရအောင် ဆုံးမတော်မူပြီး ၎င်းကို ဒဏ်ထားသော အားဖြင့် မဇ္ဈိမဒေသ မဂဓတိုင်းနယ်မှာ ပြည့်စုံစွာ မရှိသည့် အဋ္ဌကထာများ သီဟိုဠ်ကျွန်း သို့သွား၍ လေ့လာဆည်းပူးရန် လွှတ်တော်မူလျှင် ၎င်း၌အဋ္ဌကထာများ လေ့လာသင်ကြား၍ အဋ္ဌကထာသစ်များ ပြုစုအားထုတ်တော်မူကြောင်း ရေးသား ကြကုန်၏။

## ၎င်းခေတ် မဖွံ့မစသည် သာသနာရေးများ

ထိုသို့ အရှင်မြတ်၏ အကြောင်းများ ရေးသားကြသော်လည်း ထိုစဉ်အခါက မဂဓ တိုင်းကြီး၌ သာသနာထွန်းကားစေကာမူ နိကာယတစ်ပါး မဟာသံဃိက ဂိုဏ်းသားများသာ လွှမ်းမိုးနေ၍ ထေရဝါဒဂိုဏ်းသားများ, မထေရ်များ ရှိပင်ရှိနေငြားလည်း အများဂိုဏ်းကြီး များကဲ့သို့ မထင်ရှားသည့်အပြင် ၎င်းတိုင်း၌ ထင်ရှားသော မင်း, ပုဏ္ဏားစသည်တို့လည်း ထိုဂိုဏ်းကြီးသို့ ညွတ်ကြသည်သာများ၍ ရဟန်းတော် အရှင်ဖါဟိုင်တို့ ရောက်ရှိစဉ် အရှင် **မဟာဗုဒ္ဓဃောသ** ပိဋကတ် ပြုစုတော်မူသောအချိန် သာသနာတော် ၉၀၀-ကျော်ဖြစ်သဖြင့် ထိုအရှင်ဖါဟိုင်၏ မှတ်တမ်းအရ မဂဓတိုင်းနယ်များမှာ မဟာသံဃိက သာသနာစည်ပင် လျက်ရှိကြောင်း ရေးသား၏။

ထိုရဟန်းတော်၏ ခရီးစဉ်မှာ မဂဓတိုင်းနယ်၌ ပါဋလိပုတ်, ရာဇဂြိုဟ်, နာလန္ဒ, ဗုဒ္ဓဂယာစသော သာသနာတော်ဝယ် ကြီးကျယ်သော အရပ်ဌာနများသို့ သွားရောက်နေ ထိုင်တော်မူကာ သာသနာတော်နှင့်ဆိုင်သော ဗဟုသုတ ပိဋကတ်ကျမ်းဂန် အရပ်ရပ်တို့ကို ဆည်းပူးရှာဖွေ စုဆောင်းတော်မူကြောင်း၊ ၎င်းတို့မှာ များသောအားဖြင့် မဟာသံဃိကဂိုဏ်း မဟာယာနသုတ္တန်များနှင့် ဝိနည်းမှာလည်း ၎င်းတို့လေ့လာသော ဝိနည်းများသာဖြစ်ကြောင်း ၎င်းမှတ်တမ်း၌ ရေးသားဖော်ပြထား၏။

ထိုပြင်လည်း အရှင်မဟာဃောသရေးသားတော်မူသော အဋ္ဌကထာများမှာ များသောအားဖြင့် သီဟိုဠ်ကျွန်း၌ ဖြစ်ပွားသော အတ္ထုပ္ပတ္တိများကို အမှီပြုသည် အားလျော်စွာ ၎င်း၌ဖြစ်ပွားသော သာသနာတော်နှင့်ဆိုင်ရာ အကြောင်းအရာများနှင့် အချို့အနည်းငယ် တောင်ပိုင်း ဒက္ခိဏာပထတိုင်း၌ ဖြစ်ပွားသော အခြင်းအရာများ ရေးသားရာ-

မနောရထပူရဏီ မည်သော အင်္ဂုတ္တိုရ် **အဋ္ဌကထာ** နိဂုံး၌-

**အာယာစိတော သုမတိနာ၊ ထေရေန ဘဒန္တဇောတိပါလေန။**

**ကဉ္စိပုရာဒိသု မယာ၊ ပုဗ္ဗေသဒ္ဓိံသန္တေန။ ။**

**ကဉ္စိပုရ(ကန်ဂျီဝရမ်)** စသည်တို့၌ ရှေးကဆက်စပ်ဖူးသဖြင့် ကောင်းသောပညာရှိ အရှင်ဇောတိပါလမထေရ်မြတ် တောင်းပန်၍ ဤ**မနောရထပူရဏီ** အဋ္ဌကထာ ရေးသားစီရင်ကြောင်း စသည်ဖြင့် ၎င်း-

ပပဉ္စသူဒနီမည်သော **မဇ္ဈိမနိကာယ် အဋ္ဌကထာနိဂုံး၌လည်း-**

**အာယာစိတော သုမတိနာ၊ ထေရေန ဘဒ္ဒန္တဗုဒ္ဓမိတ္တေန၊**

**ပုဗ္ဗေ မယူရဒူတ-ပဋ္ဋနမှိ သဒ္ဓိံ နိဝသန္တေန။ ။**

ရှေးကမယူရဒူတ ဆိပ်ကမ်းကျောင်း၌ သီတင်းသုံးစဉ် ကောင်းသော ပညာရှိ အရှင်ဗုဒ္ဓမိတ္တမထေရ် တောင်းပန်၍ ဤ(**ပပဉ္စသူဒနီ**) **မဇ္ဈိမနိကာယ် အဋ္ဌကထာ**ကို ရေးသားတော် မူရကြောင်း-

စသည်ဖြင့်ရင်း ပါရှိ၍ မဂဓတိုင်း အလယ်ပိုင်းတိုင်းနယ်များ၌ နေထိုင်သီတင်းသုံးတော်မူ၍ စီရင်ရေးသားသော ကျမ်းဂန်များ ၎င်းအဋ္ဌကထာများတွင် မတွေ့ရကြောင်း၊ သို့ဖြစ်၍ ထိုအရှင်ဗုဒ္ဓဃောသသည် ဒက္ခိဏပထတောင်ပိုင်း, အန္ဓတိုင်းသား, ပုဏ္ဏားအနွယ်ဖြစ်ကြောင်း၊ ၎င်းတောင်ပိုင်းသားတို့က ၎င်းတို့ဘက်သို့ ဆွဲယူရေးသားကြကုန်၏။

ထိုအရှင်မြတ်ကိုယ်တော်တိုင် ဖွားရာဇာတိနှင့် မထေရ်မြတ်၏ သာသနာဝင် အတ္ထုပ္ပတ်များ*(ကို)* တစ်စုံတစ်ခု အဋ္ဌကထာများ၌၎င်း, ဂန္ထန္တရကျမ်းဂန်များ၌၎င်း, ထင်ရှား အောင် ရေးသားဖော်ပြခြင်းမရှိ၍ အတိအကျ ဧကန္တအားဖြင့် မဖော်ပြနိုင်သော်လည်း ဇမ္ဗူဒီပ နိုင်ငံအရပ်ရပ်တို့မှာများစွာ ဗဟုသုတ ဆည်းပူးတော်မူဖူးကြောင်း အထူးအားဖြင့် တောင်ပိုင်းသာသနာ ထွန်းလင်းရာ **ကဉ္စိပူရ မယူရဒူတပဋ္ဋ**စသော မြို့တို့၌ အထက်ပါ နိဂုံးများထောက်ထား၍ သီတင်းသုံးတော်မူဖူးကြောင်း၊ ထိုစဉ်က ထိုတိုင်းနယ်တွင် ထင်ရှား သော ထေရဝါဒဂိုဏ်း မထေရ်များနှင့် ပရိယတ္တိ သာသနာတော်အကြောင်း ဆွေးနွေး တိုင်ပင်ကာ အဋ္ဌကထာသစ်များ ရေးသားဖို့အကြောင်း နိဒါန်းတစ်ခုဖြစ်ခဲ့ဖူးကြောင်း ထင်ရှား၏။

ထိုဒက္ခိဏပထ တောင်ပိုင်းနိုင်ငံများဖြစ်သော **မဟိံသကမဏ္ဍလ, စောဠမဏ္ဍလ** ပဏ္ဍု-စသော နိုင်ငံတို့မှာ သီဟိုဠ်ကျွန်းနှင့် သာသနာတော် အရေးဆက်ဆံကြ၍ ထိုတိုင်းနယ်များမှ မထေရ်များ သီဟိုဠ်ကျွန်း၌ ပိဋကတ်တော်များ လေ့လာအားထုတ်ကာ ၎င်းကျွန်းသာသနာ၌ ထင်ရှားသော မထေရ်မြတ်များဖြစ်ကြောင်း၊ ၎င်းမှာ အရှင်-မဟာဗုဒ္ဓဃောသမထေရ်တို့ မတိုင်မီက ၎င်းနောက်ခေတ်များတိုင်အောင် အဆက်ဆက်မှာ ဆက်သွယ်ရင်းနှီးလျက် ပရိယတ္တိသာသနာတော်ကို ဆောင်ရွက်အားထုတ်တော်မူကြောင်း နောက်ခေတ် အရှင်ဓမ္မပါလ အဋ္ဌကထာဆရာများ ရေးသားသည်တို့ကို ထောက်ထား၍ ထင်ရှားသိနိုင်ကုန်၏။

သို့ဖြစ်၍ တောင်ပိုင်းနိုင်ငံများမှာ ထေရဝါဒ သာသနာထွန်းကား၍ အလယ်ပိုင်းတိုင်းနိုင်ငံငယ်များ၌ မဟာသံဃိကဂိုဏ်း သာသနာထွန်းကားကြောင်း ဆိုခဲ့ပြီး အကြောင်းအရာများအပြင် တရုတ်ရဟန်းတော်ဖာဟိုင်၏ ခရီးစဉ်ကလည်း ထိုနည်းအတူဖြစ်၍ ၎င်းရဟန်းတော်ကူးယူခဲ့သော ပိဋကတ်တို့မှာ ၎င်းဂိုဏ်းဝါဒအတိုင်း ပါဠိလိပုတ်ပြည်၊ ကုက္ကုဋာရာမ အသောကာရုံကျောင်းတော်ကြီးမှာ မဟာယာန သဗ္ဗတ္ထိဝါဒီ ဂိုဏ်းသားများလေ့ကျက်သော-

- ဂါထာ-၇၀၀၀ (ခုနစ်ထောင်)ရှိသော ဝိနည်းပိဋကတ်
- ဂါထာ-၆၀၀၀ (ခြောက်ထောင်)ရှိ အဘိဓမ္မာကောက်နုတ်ချက်များ
- ဂါထာ-၂၅၀၀ (နှစ်ထောင်ငါးရာ)ရှိ ယင်းမည်သော သုတ္တန်ပိဋက
- ဂါထာ-၅၀၀၀ (ငါးထောင်)ရှိ ဝေပလ္လပရိနိဗ္ဗာနသုတ်-

စသည်တို့ဖြစ်ကြောင်း ၎င်းမှတ်တမ်း၌ ရေးသားသဖြင့် မဟာသံဃိက ပိဋကတ်များသာ ဖြစ်ကြောင်း အထူးထင်ရှား၏။

အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်၏ သာသနာပြုစုသော အချိန်ကာလ တိုင်းနိုင်ငံရေးအားဖြင့် ကြည့်ရှုပါမူ မဂဓတိုင်းအလယ်ပိုင်း၌ ပါလမင်းမျိုးများ အုပ်စိုး၍ ၎င်းတို့၏ တန်ခိုးအာဏာကား မကြီးမားလှဘဲ ထိုမင်းမျိုးတို့မှာ မဟာယာနဂိုဏ်း သာသနာကို ချီးမြှောက်ကြောင်း၊ ၎င်းပြင် သာသနာ ၈၄၄-ခုနှစ်လောက်မှစ၍ ကန္နကုဇ္ဇ နေပြည်တော်ကြီးကို ထပ်မံမြို့တော်ပြုလုပ် အုပ်ချုပ်စိုးစံသော ဂုတ္တမင်းမျိုးများ၏ နိုင်ငံမှာကား တန်ခိုးအာဏာအားဖြင့်၎င်း တိုင်းနိုင်ငံအားဖြင့်၎င်း ကျယ်ဝန်းကြီးမား၍ အရှေ့ဘက် သမတိတ္ထကာမရူပ, စသော အာသံနိုင်ငံများနှင့် ဗြဟ္မပုတြမြစ်ဝှမ်း နိုင်ငံများတိုင်အောင် သုရဋ္ဌမဟာရဋ္ဌ စသော အပရန္တ အနောက်ဘက်တိုင်းနိုင်ငံများသို့တိုင်အောင် ဂုတ္တနိုင်ငံတော် ပြုလုပ်ပြီးလျှင် အစဉ်အဆက် အုပ်စိုးလာခဲ့ရာ သာသနာ အနှစ် ၉၀၀-ကျော်မှာ ၎င်းအဆက်အနွယ် စန္ဒဂုတ္တမင်းဖြစ်ကြောင်း၊ ၎င်းမင်းမျိုးတို့မှာ သာသနာ ၁၀၀၀- ကျော်အောင် ၎င်းတို့အာဏာတန်ခိုး လွှမ်းမိုးကာ အချို့ထင်ရှားစွာ သာသနာတော်ပြုစုကြကြောင်း၊ ၎င်းတို့တိုင်းနယ်မှတ်တမ်းများ၌ ထင်ရှားဖော်ပြကုန်၏။

ထိုမှတပါး အနောက်မြောက်တိုင်းနိုင်ငံများဖြစ်သော ကသ္မီရ, ဂန္ဓာရ, ကမ္ဘောဇတိုင်းတို့၌ကား ကနိသကမည်သော သာကမင်းတရား အုပ်စိုးလာခဲ့သည်မှစ၍ ၎င်းတို့မင်းမျိုးမဟုတ်သော်လည်း အစဉ်မပျက် ဆက်လက်အုပ်စိုးလာခဲ့သော မင်းဆက်များမှာ အချို့ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်၍ အချို့ကား ဗြာဟ္မဏဘာသာတရားကို လေးစားမှီး

မြောက်ကြကြောင်း, ၎င်းမင်းစဉ်မင်းဆက်များတွင် ၂၁-ဆက်မြောက် **နရိန္ဒာဒိစ္စမင်း** လက်ထက် တိုင်းနိုင်ငံကား ကနိသကမင်းတရားကြီး၏ နိုင်ငံကဲ့သို့ မကျယ်ဝန်းတော့ဘဲ နောက်လက်ထက်များ၌ အစိတ်စိတ်ကွဲကာ အနီးအနား နိုင်ငံလောက်သာ ရှိတော့ကြောင်း သာသနာတော် အတ္ထုပ္ပတ္တိကား ထူးခြားစွာ မရှိသဖြင့် အစဉ်အလာ မပြတ်ရုံမျှ ရှိကြောင်း မှတ်သားအပ်၏။

ထိုမှတပါးလည်း ဒက္ခိဏပထတောင်ပိုင်းနိုင်ငံများ၌ကား **အန္ဓြမင်းမျိုးများ** အုပ်စိုး လျက်ပင် ရှိနေသေး၍ ၎င်းမင်းတို့၏ အဆက်အနွယ် ၂၀-မြောက် **ဒုတိယ ဂေါတမိပုတ္တ** မင်းလက်ထက် တန်ခိုးအာဏာကြီးမား နိုင်ငံတော်ကြီးကျယ်ပြန့်ပွား၍များပြားလှစွာသော ကုသိုလ်ကောင်းမှုများ အားထုတ်ပြုလုပ်ကာ သာသနာတော်အကျိုး သည်ပိုးဆောင်ရွက် တော်မူသည်နှင့်အညီ မိမိအာဏာစက်ပျံ့နှံ့ရာ အနောက်တိုင်းနယ်ဖြစ်သော **နာသိကတောင်** ၌ ၎င်း၏အမည်ဖြင့် **ဂေါတမိပုတ္တဝိဟာရ** ကျောင်းတိုက်တော်ကြီးနှင့် ၎င်း၏မြို့တော် **အမရဝတီ** နေပြည်တော်၏အနီး၌လည်း ကြီးကျယ်သော **ကျောင်းတိုက် စေတီ**ပုထိုးများ တည်ထား ပြုစုတော်မူသဖြင့် ယခုတိုင်အောင်ပင် ၎င်းတို့ထင်ရှားတွေ့မြင်ရကြောင်း ကောင်းစွာမှတ်သားအပ်၏။

၎င်းပြင် ထိုတောင်ပိုင်း သာသနာထွန်းကားစဉ်က တည်ထောင်သည်ဟု အများ အားဖြင့် ပညာရှိတို့ မှတ်တမ်းတင်ထား သာသနာတော် ၉၀၀-ကျော်ဟု ခန့်မှန်းပိုင်းခြားအပ် သည့် ဥပစာအားဖြင့် အမည်တွင်သော **အမရဝတီ** စေတီတော်ကြီးသည် အထူးထင်ရှား၍ ၎င်း၌အထူးအပြား ဆန်းကြယ်ခမ်းနားသော ဇာတ်တော်, နိပါတ်တော် အစုံအလင် ထွင်းထုထားသော ကျောက်တံတိုင်း လက်ရမ်း၂-ထပ်တို့ဖြင့် ဝန်းရံကာ ထိုတောင်ပိုင်း သာသနာတော်၏ တံခွန်သဖွယ် ဖြစ်လောက်အောင် ၎င်းအန္ဓြမင်းများ တည်ထောင် ဆောက်လုပ်ထားခဲ့သည်ဟု ယုံကြည်မှတ်သားကြကုန်၏။

ထိုတောင်ပိုင်း တိုင်းငံများ၌ များသောအားဖြင့် ထေရဝါဒဂိုဏ်း သာသနာတော် ကြီး ထွန်းကားလာသော ခေတ်အခါက ၎င်းဂိုဏ်းကို **တောင်ပိုင်းသာသနာ**ဟု ထင်ရှားလာ သည့်အပြင် မဟာသံဃိက မဟာယာနဂိုဏ်းမှာ များသောအားဖြင့် အနောက်မြောက်ပိုင်း, မြောက်ပိုင်းတို့၌ ထွန်းကားသောကြောင့် **မြောက်ပိုင်းသာသနာ**ဟု တိုင်းနိုင်ငံကိုစွဲကာ ၎င်းတို့ ၂-ဂိုဏ်းအမည် ကွဲပြားလာသည်ကို ထောက်ဆသဖြင့်လည်း အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်မှာ တောင်ပိုင်း ထေရဝါဒဂိုဏ်းဖြစ်၍ ၎င်းတောင်ပိုင်းနိုင်ငံများ၌ နေထိုင် သီတင်းသုံးပြီးမှ ပိဋကတ်တော်များစုဆောင်းကာ အဋ္ဌကထာသစ်ကို ပြုစုစီရင်ရန် သီဟိုဠ်သို့ ကြွတော်မူကြောင်း၊ ၎င်းပိဋကတ်များကို ယူဆောင်ရန်သွားစဉ်ကလည်း တောင်ပိုင်းတွင်

ထင်ရှားသော **အရှင်မဟာဗုဒ္ဓဒတ္တမထေရ်**နှင့် တွေ့ဆုံနှီးနှောပြောဆိုကြောင်း လာသဖြင့်-လည်း တောင်ပိုင်းတိုင်းနိုင်ငံတို့၌ သီတင်းသုံးကာ ထိုမထေရ်တို့နှင့်အတူ **ပရိယတ္တိ** သာသနာတော်ကို အားထုတ်တော်မူဖူးကြောင်း ထင်ရှား၏။

## ထေရဝါဒနှင့် မဟာယာန ဓမ္မသဘာ

ထိုတောင်းပိုင်း ဩရိယတိုင်း၌ ဖြစ်ပွားခဲ့ဖူးသော 'ထေရဝါဒဂိုဏ်း မထေရ်များနှင့် သီလာဒိစ္စမင်း'၏အကြောင်း အမြွက်ရေးသားခဲ့သည့်အပြင် ၎င်းတောင်ပိုင်း ထေရဝါဒ ဂိုဏ်းနှင့် အလယ်ပိုင်း မဟာသံဃိကဂိုဏ်းတို့ ဆွေးနွေးပြောဆိုရသော အကြောင်းအရာ တစ်ခုဖြစ်ပွားသည်မှာ-

တောင်ပိုင်းတိုင်းနိုင်ငံ ဘုရင်တစ်ပါး၏ဆရာ **ပညာဂုတ္တ**မည်သော ဗြာဟ္မဏ နွယ်ဝင် ဆရာရှင်တစ်ပါးသည် မဟာယာနဂိုဏ်း အယူဝါဒနှင့် ဆန့်ကျင်သော ဂါထာ ၇၀၀-တို့ဖြင့် တန်ဆာဆင်အပ်သော ကျမ်းတစ်စောင်ပြုစုပြီးလျှင် အရှင်မင်းမြတ်အား ၎င်းကျမ်းကိုပြလျက် "အရှင်မင်းမြတ်၊ ဤကျမ်း၌လာသော ဂါထာပါဒ တစ်ပါဒမျှ အခြားဂိုဏ်း အယူဝါဒတို့ ချေပနိုင်မည်မဟုတ်ကြောင်း" လျှောက်ထားလျှင်-

ဘုရင်မင်းကြီးသည် အံ့ဩ၍ တုံ့ပြန်ပြောကြားသည်ကား-

"ကျွန်ုပ်ကြားဖူးသည်မှာ မြေခွေးတစ်ကောင်သည် မြက်ခင်း၌ ကျက်စားသော ကြွက်တစ်ကောင်ကို အဖော်ပြုလျက်လာစဉ် အားလုံးသော တိရစ္ဆာန်တို့မှာ ခြင်္သေ့များနှင့် ယခုအခါ ကျေအေးစွာ နေနိုင်ကြပါပြီ-ဟု ပြောကြားလာရာ မကြာမီ ခြင်္သေ့နှင့်တွေ့သော အခါ ကြွားဝါသမျှ အချည်းနှီးဖြစ်ပြီး အသီးသီးထွက်ပြေးကြကြောင်း ကြားဖူးပါသည်၊ အကယ်၍ မဟာယာနဂိုဏ်းဝင် အရှင်များနှင့်တွေ့လျှင် ယခင်က ကြွားဝါဖူးသော မြေခွေး များ ဖြစ်မည်လားဟု စိုးရိမ်ကြောင့်ကြပါသည်" ပြောသောအခါ ထေရဝါဒဆရာများက "မင်းကြီးသို့ဖြစ်လျှင် **ထေရဝါဒ**ဂိုဏ်းဝင်အရှင်၏များနှင့် ဆွေးနွေးပွဲသဘင်ပြုလုပ်က သံသယ ကင်းရှင်းပါလိမ့်မည်"ဟု ဖြေကြားသည်ကို ဘုရင်မင်းမြတ်လည်း သဘောတူညီ လျက် ထိုနေ့မှာပင် နာလန္ဒကျောင်းတော်ကြီး၌ အကြီးအမှူးဖြစ်သော အရှင်သီလာဘဒြ အထံသို့ အောက်ပါ အကြောင်းအရာများ ဖော်ပြလျက် အစည်းအဝေးသို့ ကြွရောက်တော် မူရန် သဝဏ်စာတစ်စောင် ဆက်ကပ်သည်မှာ-

"အရှင်ဘုရား၊ အခါတပါး တပည့်သည် ဩရိသတိုင်းသို့ တိုင်းပြည်ရေးရာ အကြောင်းအရာတစ်ခုနှင့်သွားရောက်စဉ် အချို့သော ထေရဝါဒဂိုဏ်းဝင် မထေရ်များနှင့်

တွေ့ဆုံ၍ ၎င်းတို့က မဟာယာနကျမ်းဂန်များကို ရွတ်ချပြောဆို မဟာယာနဂိုဏ်းကြီးကိုပင် ပုတ်ခတ်လျက် မထေရ်မဲ့ ပျက်ရယ်ပြုသည်ကို ရရှိခဲ့ပါသည်၊ ၎င်းဂိုဏ်းဝင် အရှင်များကိုလည်း သီဝအယူရှိသူများဟု ပြောဆိုခြင်းပြုကာ ရွတ်ချကြပါသည်။

သို့ဖြစ်၍အရှင်မြတ်တို့ ကျောင်းတိုက်ကြီး၌ ဝါဒအမျိုးမျိုး ကျွမ်းကျင်၍အဆစ်အပိုင်းကျနစွာ ၎င်းတို့ဝါဒ သဘောတရား ဖြေကြားပြောဆိုနိုင်စွမ်းသော အရှင် ၄-ပါးတို့ကို ရွေးချယ်ပြီးလျှင် ဩရိသတိုင်းသို့ စေလွှတ်တော်မူပါမည့်အကြောင်း”ဟု ရေးသားလေသည်။

ထိုသဝဏ်စာရရှိလျှင် အရှင်သီလဘဒြသည် ပညာရှိများ ဆွေးနွေးတိုင်ပင်လျက် ပါရဂူမထေရ် ဖြစ်တော်မူသော-

- အရှင်**သီလာဘဒြ** မထေရ်နှင့်တကွ
- အရှင်**သာဂရမဘိ** မထေရ်
- အရှင် **ပညာရသ္မိ** မထေရ်
- အရှင်**သီဟရသ္မိ** မထေရ်

တို့ကို ရွေးချယ်ပြီးလျှင် ဘုရင်မင်းမြတ်ထံ ပြန်ကြားပြီးနောက် ၎င်းအရှင်များ ဩရိသတိုင်းသို့ ရောက်ကြ၍ ထေရဝါဒဂိုဏ်းသားများရေးသားသော ဂါထာ ၇၀၀-တို့ကို ကြည့်ရှုသုံးသပ်ပြီး ၎င်းတို့ကို ချေပသောအားဖြင့် ဂါထာပေါင်း ၆၀၀-ရှိသော အဖြေကျမ်းကို ချက်ခြင်း ရေးသား၍ ဘုရင်မင်းအား တင်ဆက်ပြသကြောင်း-

၎င်းတို့ မှတ်တမ်းများ၌ လာသည်ကို ထောက်ဆ၍ ဩရိသတိုင်းနယ်မှ တောင်ဘက်တိုင်းနယ်များမှာ များသောအားဖြင့် ထေရဝါဒဂိုဏ်း သာသနာဝင်ဖြစ်ကြ၍ အလယ်ပိုင်းတိုင်းနယ်များနှင့် မြောက်ပိုင်းတိုင်းနယ်များမှာ များသောအားဖြင့် မဟာယာနဂိုဏ်း သာသနာဝင်များသာ ဖြစ်ကြကြောင်း ကောင်းစွာမှတ်အပ်၏။

ဤသို့အားဖြင့် အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်သည် တောင်ပိုင်း ထေရဝါဒဂိုဏ်း ပိဋကတ်တော်များ ဆည်းပူးတော်မူပြီးလျှင် ၎င်းတိုင်း၌သီတင်းသုံးတော်မူကြသော မထေရ်အချို့ တောင်းပန်သဖြင့် များသောအားဖြင့် သီဟိုဠ်ကျွန်းသား မထေရ်အများ တောင်းပန်သဖြင့် အဋ္ဌကထာ သစ်များကိုရေးသည်ဟု ၎င်းအဋ္ဌကထာတို့၏ နိဂုံး၌ ထင်ရှားသည့်အပြင်-

ဇာတတ္ထကီ နိဒါန်းတို့၌ အဋ္ဌကထာသစ် ရေးသားရန် အတ္ထုပ္ပတ်တို့သည် သာလွန်ထင်ရှား များသောအားဖြင့် တောင်ပိုင်းနှင့်သာစပ်သောကြောင့် သီဟိုဠ်ကျွန်းသို့ အဋ္ဌကထာ

သစ်များရေးသားရန် တောင်ပိုင်းတိုင်းနယ်များမှ ကြွသွားတော်မူကြောင်း ဆိုသဖြင့်လည်း ၎င်းနိဂုံးစကားနှင့် နိဒါန်းစကားတို့ ညီညွတ်ကြောင်း မှတ်သားအပ်၏။

**၎င်းဇာတတ္တကီ နိဒါန်းကို-**

**အသံသဋ္ဌဝိဟာရေန၊ သဒါ သုဒ္ဓဝိဟာရိနာ။**
**တထေဝ ဗုဒ္ဓမိတ္တေန၊ သန္တစိတ္တေန ဝိညုနာ။**

**မဟိသာသကဝံသမှိ၊ သုဇာတေန နယညုနာ။**
**စေတသာ ဗုဒ္ဓဒေဝေန၊ ဘိက္ခုနာ သုဒ္ဓဗုဒ္ဓိနာ။**

ဂိုဏ်းတစ်ပါးနှင့် မရောဘဲ အမြဲစင်ကြယ် ငြိမ်သက် သိကြားလိမ္မာသော အရှင်ဗုဒ္ဓမိတ္တမထေရ်သည်၎င်း တောင်ပိုင်း မဟိသာသကဂိုဏ်းအနွယ်၌ ကောင်းစွာ ဖြစ်တော်မူသော နည်းနယစင်ကြယ်သော အသိဉာဏ်ရှိတော်မူသော အရှင်ဗုဒ္ဓဒေဝမထေရ်သည်၎င်း တောင်းပန်သဖြင့် ဤဇာတတ္တကီနိဒါန်းကို အရှင်ဗုဒ္ဓဃောသ မထေရ် စီရင်တော်မူကြောင်းဆိုသဖြင့် ထေရဝါဒဂိုဏ်း သံဃာယနာတင်အပ်သော ဇာတ်တော်များနှင့် ဗုဒ္ဓဝင်ကို ကြာမြင့်စွာတည်စေရန်-

၎င်းပြင် ထေရဝါဒဂိုဏ်း ဆင်းသက်သော ဗုဒ္ဓဒေဝမထေရ်အရှင်လည်း တောင်းပန်ကြောင်းပြသဖြင့် ထေရဝါဒဂိုဏ်း သာသနာလည်း ထွန်းလင်းစေရန် ရည်သန်တော်မူလျက် ရေးသားတော်မူကြောင်း ထင်ရှား၏။

ထေရဝါဒဂိုဏ်းကြီးသည် မူလဘူတဂိုဏ်းကြီးဖြစ်သည်အားလျော်စွာ မူလဝဇ္ဇီဂိုဏ်းသားတို့ အဓမ္မဝါဒီဂိုဏ်းကြီး သီးခြားတည်ထောင်ပြီးနောက် ထေရဝါဒဂိုဏ်းကြီးမှလည်း အရပ်ဌာနအားလျော်စွာ-

- တောင်ပိုင်း မဟိသာသက ဂိုဏ်း
- မြောက်ပိုင်း ဝဇ္ဇီပုတ္တက ဂိုဏ်း-

ဟူ၍ ၂-ဂိုဏ်း ထပ်မံကွဲပြန်ရာ မဟိသာသကမှာ တိုင်းနိုင်ငံကိုစွဲ၍ တောင်ပိုင်းသာသနာဟူ၍၎င်း ဝဇ္ဇီပုတ္တကဂိုဏ်းမှာ မြောက်ပိုင်းတိုင်းနယ် ဖြစ်သောကြောင့် မြောက်ပိုင်းသာသနာဟူ၍၎င်း အသီးသီး အမည်တွင်လာကြသည်တွင်-

ဤဇာတတ္တကီ နိဒါန်းမှာ တောင်ပိုင်းသာသနာ အားလျော်သော ဇာတ်နိပါတ်တော်များနှင့် ၎င်းတောင်ပိုင်းဗုဒ္ဓဝင်ကို အစဉ်တည်တံ့ရန် ရည်သန်တောင့်တ တောင်းပန်ကြသဖြင့် ရေးသားတော်မူကြောင်း ထင်ရှားသည့်အတိုင်း ၎င်းအရှင်မဟာဗုဒ္ဓဃောသ

မထေရ်မြတ်မှာ တောင်ပိုင်းနိုင်ငံတော် သာသနာနှင့်သာ ဆက်သွယ်တော်မူကြောင်း ကောင်းစွာ မှတ်သားအပ်၏။

## အရှင်မဟာ ဗုဒ္ဓဃောသမထေရ်မြတ်နှင့် ၎င်းရေးသားအပ်သော အဋ္ဌကထာများ

အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်သည် ဤသို့ထေရဝါဒဂိုဏ်း တောင်ပိုင်း သာသနာတော်ဆိုင်ရာ ပိဋကတ်ကျမ်းစာများ လေ့လာဆည်းပူး အထူးအားထုတ်တော်မူပြီးလျှင် ဇမ္ဗူဒီပတိုင်း၌သာနတို့၌လည်း အချို့ပိဋကတ်ဆိုင်ရာ အဋ္ဌကထာများ အစုံအလင် မရှိသဖြင့် ၎င်းထေရဝါဒဂိုဏ်းနှင့် အဆက်အနွယ် တူညီသော သီဟိုဠ်ကျွန်းသို့ ကူးမြောက်တော်မူကြောင်း၊ ၎င်းတိုင်းနိုင်ငံ၌လည်း ဘာသာရပ်များ လေ့လာတော်မူပြီးနောက် နိကာယ်ကြီး ၄-ရပ်တို့၏ အလယ်၌တည်သော ၎င်းတို့တွင် ထင်ရှားစွာ ဟောကြားတော်မူသော ဒေသနာတော်များကို အကျဉ်းချုံးသောအားဖြင့် ရေးသားထုတ်ဖော်သော **ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ** 'စင်ကြယ်ကြောင်း လမ်းစဉ်'ကို ရှေးဦးစွာရေးသားတော်မူခဲ့ကြောင်း၊

ထိုအခါ ၎င်းကျွန်း၌ရှိသော ထင်ရှားသည့် မထေရ်များတို့ အထူးသဖြင့် ချီးမွမ်းတော်မူကြ၍ ရှေးကရှိပြီးဖြစ်သော သီဟိုဠ်ဘာသာဖြင့် ကျယ်ဝန်းစွာ ရေးထားသော သီဟိုဠ်အဋ္ဌကထာများကို ၎င်းဝိသုဒ္ဓိမဂ် အဋ္ဌကထာကဲ့သို့ **သင်္ခေပအဋ္ဌကထာသစ်**များ ရေးသားရန် ထိုကျွန်းရှိ မထေရ်များတောင်းပန်၍ အချို့အဋ္ဌကထာများ ရေးသားတော်မူကြောင်း။

အချို့ကား တောင်ပိုင်းတိုင်းနိုင်ငံများတွင် နေစဉ်ကပင် စကားဆက်စပ် တောင်းပန်အပ်သဖြင့် ရေးသားတော်မူကြောင်း ၎င်းမထေရ်မြတ်၏ အဋ္ဌကထာ နိဂုံး၌ပင် ထင်ရှားကုန်၏။

ထိုမထေရ်မြတ်၏ သီဟိုဠ်ကျွန်းသို့ ကူးမြောက်သော နှစ်အရေအတွက်မှာ အယူအဆ မှတ်တမ်းဂဏ်ခုနှင့်တစ်ခု မတူကြသဖြင့် ကွဲလွဲကြသော်ကြလည်း ၎င်းမှာအလွန် အရေးကြီးသော အရာမဟုတ်၊ ထိုအရှင်မြတ်ရေးသားသော ကျမ်းဂန်များနှင့် ၎င်းတို့၏ အကြောင်းအရာများသာလျှင် အမှန်စင်စစ် ရှာဖွေအပ်သော အကြောင်းအရာများဖြစ်၍ ၎င်းဟို့ကိုသာ မှတ်တမ်းအခိုင်အမာထားလျက် ရေးသားထုတ်ဖော်အပ်ကုန်၏။

ထိုအရှင်မြတ် သီဟိုဠ်ကျွန်းသို့ ကူးသော နှစ်ကာလအပိုင်းအခြားကို ၎င်းအဋ္ဌကထာများနှင့် အခြားကျမ်းဂန်များ၌ ထင်ရှားစွာပြဆိုခြင်း မရှိသော်လည်း ထိုအရှင် ရောက်တော်မူ

စဉ်က မင်းများ၏နှစ်ကာလများဖြင့် ထောက်ထားအပ်သည့်အပြင် ၎င်းနှင့်မရှေးမနှောင်းဖြစ်ပွားသော အကြောင်းအရာများဖြင့် ပိုင်းခြားအပ်သည်ဖြစ်၍ **မထေရ်မြတ် ကြွတော်မမူမီ တရုတ်ရဟန်းတော် ဖါဟိုင်လည်းရောက်ကြောင်း** အချို့ရာဇဝင်၌ဆိုသဖြင့် ၎င်းမှတ်တမ်းအရ သာသနာ ၉၅၇-ခုနှစ်၌ ရောက်ကြောင်း၊ ၎င်းပြင် **ရာဇဝင်အချို့၌ မရှေးမနှောင်းရောက်ကြောင်း** ဆိုသည်တို့ကို ထောက်ဆအပ်သည့်အပြင် ထိုစဉ်က ၎င်းကျွန်း၌ အုပ်ချုပ်စိုးစံသောမင်းမှာ မဟာယာနမင်းဖြစ်ကြောင်း၊ ၎င်းမင်း၏ နန်းစံနောက်ပိုင်း၌ မထေရ်မြတ်ရောက်ကြောင်း၊ သာသနာဝင်များ၌ **၉၃၀**-ကျော်ဆိုသည်မှာ နှစ်ကာလပိုင်းခြားရုံမျှသာ ပမာဏဖြစ်ကြောင်း မှတ်သားအပ်၏။

တရုတ်ရဟန်းတော် ဖါဟိုင်၏အကြောင်း အတ္ထုပ္ပတ်များကို ထေရဝါဒဂိုဏ်းဝင် အစဉ်အဆက် မှတ်တမ်းများတွင် မထင်ရှားသော်လည်း ယခုခေတ် ရှေးဟောင်းရာဇဝင် အတ္ထုပ္ပတ္တိများ လိုက်စားဝေဖန် အစစ်အမှန်ဖြစ်သော အတ္ထုပ္ပတ္တိများ ရှာဖွေတွေ့ရှိခိုင်မာသော ရာဇဝင်များနှင့် ညှိပြီးလျှင် မှန်ကန်သည်ဟု လေးစားဆုံးဖြတ် ရေးသားပြန်ဆိုအပ်သော အစဉ်အလာ မှတ်တမ်းများ ဖြစ်ကုန်၏။

ထိုအရှင် မဟာဗုဒ္ဓဃောသမထေရ်မြတ် ရောက်သောအခါမှာ **မဟာဝိဟာရဝါသီဂိုဏ်း, အဘယဂီရိဝါသီဂိုဏ်း, ဇေတဝနဝါသီဂိုဏ်း** ဂိုဏ်းကြီး ၃-ဂိုဏ်း ထင်ရှား၍-

- အရှင်မဟာမဟိန္ဒမထေရ်မှ ဆက်သွယ်ဆင်းသက်လာသောဂိုဏ်းမှာ **မဟာဝိဟာရဝါသီဂိုဏ်း**-
- ဝဋ္ဋဂါမဏိ မင်းတရားကြီး ဆောက်လုပ်လှူဒါန်းသော အဘယဂီရိကျောင်းကို အစွဲပြု၍ မဟာဝိဟာရမှ ခွဲထွက်သော **အဘယဂီရိဝါသီဂိုဏ်း**-
- သာသနာ ၇၉၆-ခုနှစ်တွင် မဟာသေနမင်း ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်ကြီးကို အစွဲပြု၍ မဟာဝိဟာရဝါသီ အဘယဂီရိဝါသီဂိုဏ်းတို့ကို ခြားနားလျက် သီးခြားနေသော **ဇေတဝနဝါသီဂိုဏ်း**-

ဟူ၍ ၃-ဂိုဏ်းရှိရာ မထေရ်မြတ်မှာ မဟာဝိဟာရဝါသီဂိုဏ်း အစဉ်အလာဖြင့် ၎င်းအမည်ကို ယူတော်မူခဲ့၏။

သို့ဖြစ်၍ မထေရ်မြတ် ရေးသားသော အဋ္ဌကထာ ကျမ်းသစ်များ၌လည်း မဟာဝိဟာရဝါသီဂိုဏ်း၏ အယူဝါဒကို ကိုင်ထားလျက် ထည့်စွက်ယူသင့်သော အနက်အဓိပ္ပာယ်များကို အခြားဂိုဏ်းမှယူပြီးလျှင် စီရင်ရေးသားကြောင်း၊ ၎င်းမထေရ်မြတ်၏ အဋ္ဌကထာ နိဒါန်းစသည်တို့နှင့် အဋ္ဌကထာများတွင် ဝါဒကွဲပြရာတို့၌ ထင်ရှားစွာရေးသားဖော်ပြကုန်၏။

ထိုမှတစ်ပါး ၎င်းအဋ္ဌကထာများ မရေးသားမီကပင် သီဟိုဠ်ကျွန်းတွင် ၎င်းကျွန်း၏ အကြောင်းအရာနှင့် သာသနာတော် အကြောင်းရေးသားထားသော **ဒီပဝံသကျမ်း**, **မဟာဝံသကျမ်း**, ၎င်းသာသနာ နောက်ဆက်ကို ရေးသားသော **စူဠဝံသကျမ်း**များလည်း ထင်ရှားရှိပြီးဖြစ်၍ ၎င်းအဋ္ဌကထာများ ကျမ်းဂန်နှင့်ဆက်ဆိုင်သော အရာတို့မှာ-

- **တေနာဟု ပေါရာဏာ** ဟူ၍၎င်း
- **ဝုတ္တံပိ စေတံ မဟာဝံသေ** ဟူ၍၎င်း
- **ဝုတ္တံပိ စေတံ ဒီပဝံသေ** ဟူ၍၎င်း

အလေးပြုသောအားဖြင့် အကိုးအကား အထောက်အထားပြုလျက် မိန့်မြွက်တော်မူလေပြီ။

အရှင်မြတ်သည် မဟာဝိဟာရဂိုဏ်းကြီး၏ သံဃထေရ် ဖြစ်တော်မူသော အရှင်သံဃပါလမထေရ်မြတ်ထံ သီဟိုဠ် အဋ္ဌကထာများနှင့် အဆက်ဆက်ဖြစ်သော မထေရ်များ၏ အယူဝါဒများကို ကြားနာပြီးလျှင် ထိုမထေရ်ကြီးထံ အဋ္ဌကထာများ ပြုစုပါရန် ခွင့်ပန်လျှောက်ထားရာ သံဃမထေရ်မြတ်က-

**သီလေ ပတိဋ္ဌာယ နရော သပညော၊**
**စိတ္တံ ပညဉ္စ ဘာဝယံ။**
**အာတာပီ နိပကော ဘိက္ခု၊**
**သော ဣမံ ဝိဇဋယေ ဇဋံ။ ။**

ဟူသော သံယုတ္တနိကာယ်၌ မြတ်စွာဘုရားသည် သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တစ်ခုသော ညဉ့်အခါ နတ်တစ်ပါးလာ၍-

**အန္တောဇဋာ ဗဟိဇဋာ၊**
**ဇဋာယ ဇဋိတာ ပဇာ၊**
**တံ တံ ဂေါတမ ပုစ္ဆာမိ၊**
**ကော ဣမံ ဝိဇဋယေ ဇဋံ။ ။**
**အတွင်းအပ၊ နှစ်ဝ အရှုပ်၊**
**ထွေးရှုပ်ရစ်ကာ၊ သတ္တဝါတို့၊**
**ဘယ်ခါ ထင်လင်း၊ ဘယ်သူ ရှင်းအံ့၊**
**ယင်းကို အရှင်၊ မေးလျှောက်တင်၏-**

ဟူသော အမေးရှိလာသည်ကို ဖြေကြားတော်မူသော-

**သီလ တည်၍၊ ပညာ ပြည့်သူ၊**

**စိတ်မူတဖြာ၊ ပညာ ပွားလျက်၊**

**ရင့်ကျက် ဉာဏ်ရှိ၊ လုံ့လ ရှိငြား၊**

**ရဟန်းများ၊ ထင်ရှားဖြေရှင်းနိုင်ရာ၏-**

ဟုအဖြေဂါထာကို ထုတ်ဖော်ပြတော်မူ၍ "ငါအရှင်သည်ကား ဤဂါထာကို မြတ်စွာဘုရား အလိုကျ ဖွင့်ပြပြီးလျှင် အဋ္ဌကထာ တစ်ကျမ်းပြုစုရန်" အမိန့်ရှိတော်မူလေ၏။

မထေရ်မြတ်သည် ၎င်းဂါထာကို သံဝဏ္ဏေတဗ္ဗထားတော်မူ၍ ဂါထာပမာဏအား ဖြင့် -၁,၄၀,၀၀၀ (တစ်သိန်းလေးသောင်း)ရှိသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းကို ရေးဦးစွာ ပြုစီရင်၍ မထေရ်မြတ်ထံ ဆက်ကပ်ရာ သီဟိုဠ်ကျွန်းတွင် ထင်ရှားကုန်သော မထေရ်တို့ကို ပြ၍အလွန် နှစ်သက်တော်မူကြသဖြင့် အဋ္ဌကထာသစ်တို့ကို ၎င်း'ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို မူထားလျက်' ရေးသားပြုစုရန် တောင်းပန်လျှောက်ထားကြသဖြင့် ၎င်းကျမ်းကား ရေးလတ္တံ့ ဖြစ်သော အဋ္ဌကထာသစ်များ၏ အကြောင်းနိဒါန်းတစ်ခု ဖြစ်ပေါ်လာပေ၏။

၎င်းအဋ္ဌကထာဖြင့် သီဟိုဠ်ကျွန်းတွင် ကျော်ကြား၍ ထင်ရှားကုန်သော မထေရ်မြတ်တို့၏ နှစ်သက်ခြင်းကို ရသည်အားလျော်စွာ မဟာဝိဟာရဝါသီ ဂိုဏ်းသားများ အဋ္ဌကထာသစ်ကို ပြုစုရေးသားရန် တောင်းပန်ကြသဖြင့် အဋ္ဌကထာသစ်များ ရေးသားပြုစုသော်လည်း ၎င်းအဋ္ဌကထာတို့၏ နိဒါန်းအားဖြင့်၎င်း, နိဂုံးအားဖြင့်၎င်း မည်သည့် အဋ္ဌကထာများ ရေးဦးစွာပြုကြောင်း သို့မဟုတ် မည်သည့်ကျမ်းကို သီဟိုဠ်သို့ရောက်ပြီး ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ရေးသားပြီးနောက် ပြုစုတော်မူကြောင်းကား အစဉ်အလာ မှတ်တမ်းများလည်း အသေအချာမရှိ၍ ထင်ရှားစွာ ဖော်ပြရန် ခဲယဉ်းကုန်၏။

သို့ရာတွင် စူဠဝင်အရ သာသနာ လင်္ကာရ စာတမ်း၌ကား အရှင်မဟာဗုဒ္ဓဃောသမထေရ်သည် မဂဓတိုင်းမှာပင် အဋ္ဌသာလိနီအဋ္ဌကထာနှင့် ဉာဏောဒယကျမ်းကို ရေးသားပြီးနောက် ကြွင်းကျန်သေးသော အဋ္ဌကထာများကိုလည်း ရေးသားရန် အားထုတ်ဆဲမှာ ဆရာ အရှင်ရေဝတမထေရ်က ဇမ္ဗူဒီပါမှာ အဋ္ဌကထာ ပြည့်စုံစွာမရှိသည့်အပြင် ထေရဝါဒလည်း အကွဲကွဲ အပြားပြားရှိ၍ သီဟိုဠ်ကျွန်းသို့ သွားရောက်ပြီး ထေရဝါဒနှင့် သီဟိုဠ်အဋ္ဌကထာများကို မဂဓဘာသာသို့ ပြန်ဆိုရေးသားရန် တိုက်တွန်းစေလွှတ်သောကြောင့် ကြွတော်မူကြောင်း ရေးသား၍ ၎င်းအဋ္ဌကထာမှာ သီဟိုဠ်သို့ မရောက်မီကပင် ပြုစီရင်ပြီးသည်ဟု ၎င်းအရ မှတ်ယူရမည်ကဲ့သို့ ဖြစ်၏။

သို့သော်လည်း ၎င်းအဋ္ဌသာလိနီအဋ္ဌကထာပဏ္ဏာမ စကား၌-

**ဝိသုဒ္ဓါစာရသီလေန၊ နိပုဏာမလဗုဒ္ဓိနာ။**
**ဘိက္ခုနာ ဗုဒ္ဓဃောသေန၊ သက္ကစ္စံ အဘိယာစိတော။ ။**

အကျင့်သီလ စင်ကြယ်၊ သိမ်မွေ့ ဖြူစင်သော၊
ပညာရှိ စူဠဗုဒ္ဓဃောသ
ရှိသေစွာ တောင်းပန်အပ်သောကြောင့်

ဤအဋ္ဌကထာ ရေးသားကြောင်း၊ ထိုအရှင်စူဠဗုဒ္ဓဃောသ မထေရ်သည်လည်း သီဟိုဠ်ကျွန်းတွင် အရှင်မဟာဗုဒ္ဓဃောသမထေရ် ဇာတ်တို့၏ နိဒါန်းဇာတက္ကိကျမ်းကို ရေးသားတော်မူလျှင် ကွင်းကျန်၍ မထင်ရှားသော ရှေး၌ဖြစ်သော ဘုရားရှင်တို့၏ အကြောင်းအရာများကို ထင်ရှားစွာပြဆိုသော သောတတ္တကီနိဒါန်းကို ရေးသားတော်မူသော မဟာဝိဟာရဝါသီဂိုဏ်းဝင် အရှင်တစ်ပါးဖြစ်သဖြင့် ၎င်းအဋ္ဌသာလိနီအဋ္ဌကထာကို သီဟိုဠ်သို့(ရောက်)မှ ရေးသားကြောင်း ထင်ရှား၍ မရောက်မီရေးသည်ဟူသော စကားမှာ အဋ္ဌကထာ နိဒါန်းစကားအရ မဖြစ်နိုင်ဟု မှတ်ယူအပ်ကုန်၏။

## အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ် ရေးသားသော အဋ္ဌကထာများ

ထိုအရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ် ရေးသားတော်မူအပ်သော အဋ္ဌကထာ သစ်များမှာ များသောအားဖြင့် အသီးသီး တောင်းပန်တိုက်တွန်းကြသောမထေရ်များ ထင်ရှားရှိကြ၍ အနည်းငယ်မျှသာ မထင်ရှားသော နိဒါန်းများရှိသဖြင့် မထေရ်မြတ်၏ အဋ္ဌကထာများကို အစ,အဆုံး၊ နိဂုံး, နိဒါန်းကို ကြည့်ခြင်းအားဖြင့် ထင်ရှားကုန်၏။

အရှင်မဟာဗုဒ္ဓဃောသရေးသားသော အဋ္ဌကထာများ-

၁။ သမန္တပါသာဒိက မည်သော ဝိနည်း ၅-ကျမ်း အဋ္ဌကထာ၊

၂။ အဋ္ဌသာလိနီ မည်သော **ဓမ္မသင်္ဂဏီ** အဋ္ဌကထာ၊

၃။ သမ္မောဟဝိနောဒနီ မည်သော ဝိဘင်း အဋ္ဌကထာ၊

၄။ ပဉ္စပကရဏ မည်သောကျန် **အဘိဓမ္မာ** ၅-ကျမ်း အဋ္ဌကထာ၊

၅။ သုမင်္ဂလဝိလာသိနီ မည်သော ဒီဃနိကာယ အဋ္ဌကထာ၊
၆။ ပပဉ္စသူဒနီ မည်သော မဇ္ဈိမနိကာယ အဋ္ဌကထာ၊
၇။ သာရတ္ထပကာသနီ မည်သော သံယုတ္တနိကာယ အဋ္ဌကထာ၊
၈။ မနောရထပူရဏီ မည်သော အင်္ဂုတ္တရနိကာယ အဋ္ဌကထာ၊
၉။ ပရမတ္ထဇောတိက မည်သော သုတ္တနိပါတ အဋ္ဌကထာ၊
၁၀။ သဒ္ဓမ္မပဇ္ဇောတိက မည်သော နိဒ္ဒေသ အဋ္ဌကထာ၊
၁၁။ ဝိသုဒ္ဓဇနဝိလာသိနီ မည်သော အပဒါန အဋ္ဌကထာ၊
၁၂။ စရိယာပိဋက အဋ္ဌကထာ၊
၁၃။ ဓမ္မပဒ အဋ္ဌကထာ၊
၁၄။ ဇာတ်အဋ္ဌကထာ ငါးရာ့ငါးဆယ်၊
၁၅။ ကင်္ခါဝိတရဏီ မည်သော ပါတိမောက် အဋ္ဌကထာ၊
၁၆။ ဇာတတ္ထကီနိဒါန ငါးရာ့ငါးဆယ်ဇာတ်တို့၏ နိဒါန်း-

စသော ကျမ်းဂန်အမည်များသာ ထင်ရှား၍ ထိုမှတစ်ပါး တိမ်မြုပ်သော ကျမ်းဂန်များလည်း ရှိပေလိမ့်မည်လားဟု ယုံမှားအပ်ဖွယ် ရှိသေး၏။

ထိုအရှင် မဟာဗုဒ္ဓဃောသမထေရ်မြတ် ရေးသားတော်မူသော အဋ္ဌကထာများသည် ရှေးကရှိနေနှင့်ပြီး ဖြစ်ကုန်သော-

- အန္ဓ အဋ္ဌကထာ
- ကုရုန္ဒီ အဋ္ဌကထာ
- ပစ္စရိ အဋ္ဌကထာ

အားဖြင့် ၃-ကျမ်းတို့အပြင် မဟာအဋ္ဌကထာကို ကိုယ်ထားလျက် ဂဏ္ဌိပုဒ်များမှလည်း ယူသင့်ယူထိုက်သော အနက်အဓိပ္ပာယ်များကို ယူပြီးလျှင် ချဲ့၍ စီရင်သောကြောင့်-

သင်္ခေပ အဋ္ဌကထာ အကျဉ်းဖြစ်သော အဋ္ဌကထာဟူ၍၎င်း ရှေးဟောင်း အဋ္ဌကထာတို့မှ ထောက်ထား၍ နဝအဋ္ဌကထာ အသစ်ဖြစ်သော အဋ္ဌကထာဟူ၍၎င်း ခေါ်ဆိုအပ်ကုန်၏။

အဋ္ဌကထာများမှာ များသောအားဖြင့် တောင်းပန်လျှောက်ထားကြသော မထေရ်များကို အကြောင်းပြု၍ ရေးသားတော်မူရာ အချို့အဋ္ဌကထာများ၌ နိဒါန်းတွင် ဖော်ပြလျက် အချို့မှာ နိဂုံး၌ ထုတ်ဖော်ရေးသားကုန်၏။ ၎င်းတို့မှာ-

၁။ **သမန္တပါသာဒိက ဝိနည်း အဋ္ဌကထာ၌-**

**တသ္မာ ဣမံ ပါဠိနယာနုရူပံ၊**
**သံဝဏ္ဏနံ ဒါနိ သမာရဘိဿံ။**

**အဇ္ဈေသနံ ဗုဒ္ဓသိရိဝှယဿ၊**
**ထေရဿသမ္မာ သမနုဿရန္တော။ ။**

ဟူ၍ ပဏာမနိဒါန်းတွင် **အရှင်ဗုဒ္ဓသိရိ** တောင်းပန်ခြင်းကို အောင့်မေ့လျက် ဤပါဠိနည်း အားလျော်စွာ အဋ္ဌကထာကို ယခုအားထုတ်ပေအံ့ဟု ရေးသားတော်မူ၏။

၂။ **အဋ္ဌသာလိနီ** မည်သော **ဓမ္မသင်္ဂဏီ** အဋ္ဌကထာ၌-

**ဝိသုဒ္ဓါစာရသီလေန၊ နိပုဏာမလဗုဒ္ဓိနာ။**
**ဘိက္ခုနာ ဗုဒ္ဓဃောသေန၊ သက္ကစ္စံ အဘိယာစိတော။ ။**

ဟူ၍ ပမာဏတွင်ပင် စင်ကြယ်သော အကျင့်သီလရှိ၍ သိမ်မွေ့ဖြူစင်သော အသိဉာဏ်ရှိသော **စူဠဗုဒ္ဓဃောသမထေရ်** တောင်းပန်အပ်သည်ဖြစ်၍ ရေးသားတော်မူကြောင်း မိန့်ဆို၏။

၆။ ပပဉ္စသူဒနီ မည်သော **မဇ္ဈိမနိကာယ** အဋ္ဌကထာ၌-

**အာယာစိတော သုမတိနာ၊ ထေရေန ဘဒန္တဗုဒ္ဓမိတ္တေန။**
**ပုဗ္ဗေ မယူရဒူတပဋ္ဋနမှိ၊ သဒ္ဓိံ နိဝသန္တေန။ ။**

ဟူ၍ နိဂုံးတွင် မယူရဒူတ ဆိပ်ကမ်းမှာနေစဉ် **အရှင်ဘဒန္တဗုဒ္ဓမိတ္တမထေရ်** တောင်းပန်ခြင်းကို အကြောင်းပြု၍ ရေးသားတော်မူကြောင်း ရေးသားတော်မူ၏။

၇။ သာရတ္ထပကာသနီ မည်သော **သံယုတ္တနိကာယ** အဋ္ဌကထာ၌-

**ဇောတိဿ ကရဏတ္ထံ၊ ထေရေန ဘဒန္တဇောတိပါလေန။**
**သုစိသီလေန သုဘာသိတဿ၊ ပကာသယန္တ ဉာဏေန။ ။**

ဟူ၍ နိဂုံးတွင် စင်ကြယ်သော သီလရှိသော **အရှင်ဇောတိပါလ မထေရ်**သည် ဤအဋ္ဌကထာကို ပြုစုရန် တောင်းပန်အပ်သည်ဖြစ်၍ ရေးသားတော်မူကြောင်း မိန့်ဆို၏။

**၈။ မနောရထပူရဏီ မည်သော အင်္ဂုတ္တိုရ်အဋ္ဌကထာ၌-**

**အာယာစိတော သုမတိနာ၊ ထေရေနဘဒ္ဒန္တဇောတိပါလေန။ ။**
**ကဉ္စိပုရာဒိသု မယာ၊ ပုဗ္ဗေသဒ္ဓိံဝသန္တေန။ ။**

ဟူ၍ နိဂုံးမှာပင် ကဉ္စိပူရမြို့၌ ရှေးကနေကြစဉ် ဤအဋ္ဌကထာကို အရှင်ဇောတိပါလမထေရ်မြတ် တောင်းပန်သောကြောင့် ရေးသားတော်မူကြောင်း မိန့်ဆို၏။ ၎င်းပြင် ၎င်းနိဂုံး၌ ဆက်၍-

**ဝရတမ္ဗပဏ္ဏိဒီပေ၊ မဟာဝိဟာရမှိ ဝသနကာလေပိ။**
**ပါရံ ပိဋကတ္တယသာဂရဿ ဂန္ဒာ ဌိတေန သုမတိနာ။**
**ပရိသုဒ္ဓါဇီဝေနာဘိ၊ ယာစိတော ဇီဝကေနာပိ။ ။**

ဟူ၍ သီဟိုဠ်ကျွန်းမြတ် မဟာဝိဟာရကျောင်းတိုက်၌ နေစဉ်ကလည်း ပိဋကတ် ကမ်းတစ်ဖက်ရောက် တတ်မြောက်တော်မူသော စင်ကြယ်သော အသက်မွေးခြင်းရှိသော အရှင်ဇီဝကမထေရ် တောင်းပန်အပ်သည်ဖြစ်၍ ဤအဋ္ဌကထာကို ရေးသားတော်မူကြောင်း မိန့်ဆို၏။

၁၃။ ဓမ္မပဒ အဋ္ဌကထာ၌-

**ဣတိ အာသိသမာနေန၊ ဒန္တေန သမစာရိနာ။**
**ကုမာရကဿပေနာဟံ၊ ထေရေန 'ထိရစေတသာ။ ။**

ဟူ၍ နိဒါန်းတွင် ဤသို့ ဤအဋ္ဌကထာ ရေးသားရန် တောင့်တသော, ကောင်းမြတ်ယဉ်ကျေးသော အကျင့်ရှိသော ကုမာရကဿပမထေရ် တောင်းပန်အပ်သောကြောင့် ရေးသားတော်မူကြောင်း မိန့်ဆို၏။

၁၄။ ဇာတ်အဋ္ဌကထာ၌၎င်း-

၁၅။ ဇာတတ္တကီ နိဒါန်း၌၎င်း-

ယာစိတော အဘိဂန္တွာန၊ ထေရေန အတ္ထဒဿိနာ။
အသံသဋ္ဌဝိဟာရေန၊ သဒါ သုဒ္ဓဝိဟာရိနာ။ ။

တထေဝ ဗုဒ္ဓမိတ္တေန၊ သန္တစိတ္တေန ဝိညုနာ။
မဟိံသာသကဝံသမှိ၊ သမ္ဘူတေန နယညုနာ။
ဗုဒ္ဓဒေဝေန တထာ၊ ဘိက္ခုနာ သုဒ္ဓဗုဒ္ဓိနာ။ ။

ဟူ၍ နိဒါန်းတွင် အကျိုးကို မြင်သိ၍စင်ကြယ်သန့်ရှင်းစွာ အမြဲနေလေ့ရှိသော **ဗုဒ္ဓမိတ္တ** မထေရ်မြတ်နှင့် ငြိမ်သက်တည်ကြည် မဟိသကဂိုဏ်းနွယ်၌ နည်းနာမြင်သိ စင်ကြယ်သော အသိဉာဏ်ရှိသော **ဗုဒ္ဓဒေဝမထေရ်**တို့ တောင်းပန်သဖြင့် ရေးသားတော်မူကြောင်း မိန့်ဆို၏။

**၁၅။ ကင်္ခါဝိတရဏီ ပါတိမောက် အဋ္ဌကထာ၌-**

**သူရတေန နိဝါတေန၊ သုစိသလ္လေခဝုတ္တိနာ။**

**ဝိနယာစာရယုတ္တေန၊ သောဏတ္ထေရေန ယာစိတော။ ။**

ဟူ၍ နိဒါန်း၌ ရဲရင့်၍ စင်ကြယ်ခေါင်းပါးသော အသက်မွေးခြင်းရှိသော ဝိနည်း အကျင့်နှင့် ယှဉ်သော **သောဏမထေရ်** တောင်းပန်သောကြောင့် ရေးသားကြောင်း မိန့်ဆို၏။

ဤသို့စသည် မထေရ်မြတ်ရေးသားတော်မူသော အဋ္ဌကထာများ၏ နိဒါန်း, နိဂုံး များ၌ ထင်ရှားစွာဆိုတော်မူသဖြင့် အဋ္ဌကထာအသီးသီးတို့မှာ တောင်းပန်လျှောက်ထားကြ သောကြောင့် ရေးသားတော်မူကြောင်း ထင်ရှား၏။

ဤသို့ မထေရ်မြတ်သည် အဋ္ဌကထာများပြုစုရန် သီဟိုဠ်သို့ ကြွလာတော်မူ၍ အဋ္ဌကထာသစ်များ ပြုတော်မူသော်လည်း မည်မျှလောက်ကြာအောင် သီဟိုဠ်မထေရ်တို့ထံ ထေရဝါဒနှင့် သီဟိုဠ်အဋ္ဌကထာများ ဆည်းပူးလေ့လာရသည်, မည်မျှကြာမှ မထေရ်ကြီး များ တောင်းပန်ကြ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းကို စီရင်ရေးသားတော်မူသည်။ ထို့နောက် အဋ္ဌကထာများရေးသားလျက် ထိုကျွန်း၌ မည်မျှသီတင်းသုံးတော်မူသည်-စသည်တို့ကား ၎င်းအဋ္ဌကထာတို့၏ နိဒါန်းများ၌သော်၎င်း နိဂုံးများ၌သော်၎င်း ဖော်ပြရေးသားခြင်းမရှိ သဖြင့် ၎င်းတို့အပိုင်းအခြား ရေးသားရန် ခဲယဉ်းကုန်၏။

သို့ရာတွင် အချို့သောမှတ်တမ်းများ၌ ၎င်းတို့ရေးသားသော နှစ်အပိုင်းအခြားအရ အနှစ် ၂၀-မျှ သီတင်းသုံးတော်မူ၍ အဋ္ဌကထာအရပ်ရပ်တို့ကို ပြုစုတော်မူပြီးနောက် သာသနာအနှစ် ၉၅၀-ကျော်မှာ အသောကမင်းတရားပြုစုခဲ့သော သာသနာပြု ဌာနတိုင်း နယ်များသို့ လှည့်လည်တော်မူ၍ သာသနာ့ဗဟုသုတဆည်းပူးတော်မူရန် ၉-ဌာန အပါ- အဝင် အရှင်သောဏ, အရှင်ဥတ္တရမထေရ်မြတ်တို့ ပြုစုတော်မူခဲ့ရာ သုဝဏ္ဏဘူမိ တိုင်းဌာန သို့ ကြွတော်မူကြောင်း၊ ၎င်း၌ရေးသားပြီးသော အဋ္ဌကထာများယူဆောင်လာ၍ သာသနာ ထွန်းကားသည်အားလျှော်စွာ နှစ်အတော်ကြာအောင် သီတင်းသုံးလျက် သာသနာပြုစု တော်မူကြောင်း၊ ၎င်းနောက် မဇ္ဈိမတိုင်းနယ်များသို့ ကြွရောက်တော်မူကြောင်း ရေးသား ကြကုန်၏။

ဤသုဝဏ္ဏဘူမိတိုင်းအဝင်အပါ မြန်မာနိုင်ငံသည်ကား ထိုခေတ်အခါက ရာမညတိုင်း အောက်ပိုင်းနိုင်ငံများ၌ သာသနာစည်ပင်လျက်ရှိကြောင်း, သာသနာဝင် အစဉ်အဆက် များ ထောက်ထားသဖြင့်၎င်း သိရိခေတ္တရာ သာသနာအကြောင်း ရေးသားဝေဖန်ကြသည့် အတိုင်း ၎င်းတိုင်းနိုင်ငံများ၌လည်း သာသနာတော် ထွန်းကားရောက်ရှိနေကြောင်း ရေးသား ကြသည်ကို ထောက်ထားသဖြင့်၎င်း သာသနာတော်နှစ်ကို အခြေပြုကာ မြန်မာတို့ခုနှစ် ရေတွက်သည့်ပြင် ၎င်းကိုပင် ဒေါဒေါရသဖြိုကိန်းအရ ၎င်းသိရိခေတ္တရာပြည် သုမုန္ဒရိ မင်းကြီးဖြိုလျက် အစဉ်အဆက် မှတ်သားလာခဲ့သည်ကို ထောက်ထားသဖြင့်၎င်း ၎င်းအထက်ပါ ဝေဖန်ချက်များ၌ အဋ္ဌကထာများ အစုံအလင် မြန်မာနိုင်ငံတွင် ရှေးခေတ်ကပင် အစဉ်-အဆက် ဆောင်ရွက်လာခဲ့သည်အရ မပိုင်းခြားနိုင်သော်လည်း ပယ်ဖျက်ရန် ခဲယဉ်းကုန်၏။

အရှင်မြတ်ရေးသားတော်မူသော ရှေးဦးအဋ္ဌကထာ ဝိသုဒ္ဓိမဂ်ကျမ်းကို ထောက်ဆ ၍ ၎င်းမိန့်ဆိုတော်မူသော ထေရဝါဒများ, ၎င်းကျွန်း၌ ထင်ရှားဖြစ်ခဲ့ဖူးသော သမထ ဝိပဿနာဆိုင်ရာ ရှေးသူတော်ကောင်းများစွာ၏ အတ္ထုပ္ပတ္တိများ, ၎င်းဆိုင်ရာ ဗဟုသုတများ ရေးသားတော်မူသည်ကို ထောက်ဆ၍ ၎င်း၌ ၎င်းတို့ကို အတော်ကြာ လေ့လာဆည်းပူးပြီးမှ ရေးသားတော်မူကြောင်း၊ ၎င်းနောက် မထေရ်ကြီးများ တောင်းပန်လျှောက်ထားကြသဖြင့် ကာလအသင့်ကြာမြင့်စွာ သီတင်းသုံးလျက် အဋ္ဌကထာကြီးများ ရေးသားပြုစုတော်မူ ကြောင်းကား ထင်ရှား၏။

မထေရ်မြတ်သည် မြန်မာနိုင်ငံအဝင်အပါ အလယ်ခေတ်အခါက ရာမညတိုင်းဟု ခေါ်တွင်သည့် သုဝဏ္ဏဘူမိတိုင်းသို့ ကြွတော်မူပြီးလျှင် အထူးသာသနာပြုစုကြောင်းမှာ မှတ်တမ်းပင် မရှိသော်လည်း မထေရ်မြတ်၏အယူဝါဒ အဋ္ဌကထာများကား ထင်ရှား ကြောင်း၊ မြန်မာနိုင်ငံ၌ ပိဋကတ်တော်ရောက်သည့် မှတ်တမ်းမှတ်ချက်များရှိခဲ့လိမ့်မည်ဟု ယုံကြည်သော်လည်း ကာလရှည်လျားသဖြင့်၎င်း, အကြောင်းချို့ယွင်းချက်များကြောင့်၎င်း ယခုအခါ ထင်ရှားစွာမရှိကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံသို့ သုဝဏ္ဏဘူမိတိုင်းမှ သာသနာ ရောက်သောအခါ ပိဋကတ်တော်များ ရောက်ရှိကြောင်း၊ မှတ်တမ်းများရှိသည်ကို ထောက်-ဆသဖြင့်လည်း ထိုတိုင်း၌ ထိုအခါတိုင်အောင်ပင် ပိဋကတ်တော်များ အစဉ်အဆက်အားဖြင့် ထင်ရှားရှိကြောင်း သိရသဖြင့် အရှင်ဗုဒ္ဓဃောသမထေရ်မြတ်၏ လက်ထက်တော်မှ နောက် အခါ၌လည်း ၎င်းပါဠိအဋ္ဌကထာများကို ဆည်းပူးလေ့လာ၍ ယခုအခါတိုင်အောင် ထေရဝါဒသာသနာတော်ကြီး တည့်တံ့တော်မူခဲ့ကြောင်း မှတ်သားအပ်ကုန်၏။



တရုတ်ပြည် စိနရှဋ္ဌ ဗုဒ္ဓရုပ်ပွားတော်



တရုတ်ပြည် ဗုဒ္ဓရုပ်ပွားတော်

ဤသို့လျှင် မြန်မာနိုင်ငံတော်၌ ထေရဝါဒသာသနာတော် ပျံ့နှံ့ခြင်းကို အထောက်အထားပြုကာ "မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာ"ရေးသားသော **နိဟာရရဉ္စန်ရေး ကလကတ္တား ယူနီဗာစီတီပါမောက္ခဆရာကြီး**ကလည်း "အရှင်မဟာဗုဒ္ဓဃောသမထေရ် ရေးသားသောခေတ်မှာ မဇ္ဈိမဒေသအလယ်ပိုင်းမဂဓတိုင်းနယ် စသည်တို့မှာ ထေရဝါဒ သာသနာမထွန်းကားဘဲ များသောအားဖြင့် မဟာသံဃိကသာသနာ ထွန်းကားသောခေတ် ဖြစ်၍ ၎င်းသာသနာ၏ပင်မ နာလန္ဒကျောင်းတော်ကြီးများ စည်းကားတိုးတက်လာချိန် ဖြစ်သဖြင့်၎င်း ထေရဝါဒသာသနာ ထိုစဉ်အခါက ရာမညတိုင်းနှင့် သီရိခေတ္တရာပြည်နယ် များသို့ပင် ထင်ရှားလျက်ရှိသည်ကို ထောက်ထားသဖြင့်၎င်း ၎င်းမထေရ်မြတ်မြန်မာနိုင်ငံ၌ အထူး သာသနာပြုတော်မူကြောင်း" အကိုးအကားများစွာဖြင့် ရေးသား၏။

ဤသို့ဖြင့်ပင်လျှင် အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်နှင့် စပ်လျဉ်းသော လိုအပ်သည့်အကြောင်းအရာများ ပြည့်စုံလုံလောက် အထောက်အထား ခိုင်မာစွာရှိပြီဖြစ်၍ ကြွင်းကျန်သော အကြောင်းအရာများကိုလည်း အခြားများစွာသော အတ္ထုပ္ပတ္တိများ ကြည့်ရှု သုံးသပ်နိုင်သောကြောင့် ထို့ထက်ရေးသားရန် လိုအပ်သည်ထက် ကျယ်ဝန်းဖွယ် ရှိမည်ကို ထောက်ဆလျက် ဤတွင်အဆုံး နိဂမထားအပ်သတည်း။

**အရှင်မဟာဃောသမထေရ်မြတ်အကြောင်း ပြီးပြီ။**

✪ ✪ ✪ ✪ ✪

## နာလန္ဒကျောင်းတိုက်ကြီးနှင့် မဟာသံဃိကဂိုဏ်းကြီး ကြီးပွားလာခြင်းအကြောင်း

မဇ္ဈိမအလယ်ပိုင်း တိုင်းနိုင်ငံများ၌ သာသနာတော် အနှစ် ၇၀၀-ကျော် ၈၀၀-အတွင်းကပင် ၎င်းမဟာသံဃိကအများဂိုဏ်းကြီး ကြီးပွားလာခဲ့ကြောင်း ဆိုခဲ့ပြီးဖြစ်သည့်အပြင် ထိုနှစ်ရာအတွင်းလောက်က မဂဓတိုင်းကြီး၌ အုပ်ချုပ်စိုးစံသော ဘုရင်မှာကား သာသနာဝင် မဟုတ်ဘဲ အနှစ် ၈၀၀-ကျော်အောင် ဗြာဟ္မဏဘာသာဝင်ဖြစ်၍ ဓာဌာ ဓာတုဝင် စီရင် ရေးသားသောဆရာ၏ အယူဝါဒအရ ထိုစဉ်က မဂဓတိုင်းမှာ ထင်ရှားကျော်ကြားသော ဗြာဟ္မဏဘာသာဝင် ဘုရင်ကြီးတစ်ပါးအုပ်စိုး၍ အနီးအပါးနိုင်ငံများသို့ ၎င်း၏အာဏာ အောက်သို့ သိပ်သွင်းလိုသောဆန္ဒရှိနေကြောင်း၊ ၎င်းဘုရင်ကြီးသည် ကလိင်္ဂတိုင်းနယ်၊ ဘုရင်ထံ သံတမန်များစေလွှတ်ရာ မနာယူဘဲ ၎င်း ၂-တိုင်းစစ်ဖြစ်ပွားကြောင်း ရေးသား၏။

ကလိင်္ဂတိုင်းကား ရှေးအစဉ်အလာအတိုင်း ဗုဒ္ဓဘာသာသက်ဝင်ယုံကြည်သော ဘုရင်များအုပ်စိုးလာခဲ့၍ ၎င်းတိုင်းသို့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူ၍ တေဇောဓာတ်လောင်တော်မမူမီ တန်ခိုးကြွဒိပါဒ် ပြည့်စုံတော်မူသော အရှင်ခေမာအမည်ရှိ ရဟန္တာအရှင်မြတ်သည် လက်ဝဲစွယ်တော်ဓာတ်ကို ယူဆောင်တော်မူကာ ထိုအခါက ကလိင်္ဂတိုင်း၊ ဒန္တပူရမြို့တော် ဗြဟ္မဒတ်မင်းအား ပေးသနားတော်မူသဖြင့် ထိုအခါမှစ၍ အစဉ်အလာမပျက် မင်းအဆက်ဆက်တို့ ကိုးကွယ်လာခဲ့ရာ မသမာသော မိစ္ဆာအယူရှိအမတ်များ ဂုံးချောသောအားဖြင့် ၎င်းတိုင်း ရှင်ဘုရင်ဂုဟသီဝလက်ထက် မဂဓတိုင်းကြီးနှင့် စစ်ဖြစ်ပွားရာအရေးတော်မလှသည့်အတွက် ၎င်းမင်းသည်သမီးတော် ဟေမမာလာနှင့် သားမက်တော် ဒန္တကုမာရမင်းသားတို့ကို သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓဘာသာအချင်းချင်း ရင်းနှီးသော နိုင်ငံဘုရင်ဖြစ်သည်အားလျော်စွာ စွယ်တော်မြတ်ကို ယူဆောင်ဖို့ စေလွှတ်တော်မူ၍ သာသနာတော်အနှစ် ၈၃၀-မှာ ၎င်းကျွန်းသို့ စွယ်တော်မြတ်ရောက်ကြောင်း ရေးသားသဖြင့် ၎င်းမဂဓတိုင်းမှာ အနှစ် ၈၀၀-ကျော်အောင် ဗြာဟ္မဏဘာသာဝင် ဘုရင်များအုပ်စိုးနေကြောင်း မှတ်သားအပ်၏။

သို့ရာတွင် အနှစ်-၉၀၀ ကျော်မှာကား ဗုဒ္ဓဘာသာဝင်ဘုရင်များ တန်ခိုးကြီးလာ၍ ထိုအခါက ဂုတ္တမင်းမျိုးများ အုပ်စိုးသောခေတ် ဖြစ်သည်အားလျော်စွာ သာသနာတော်မြတ်ကြီး ပွားစီးအောင် ထူထောင်ပြုစုလာကြသဖြင့် နာလန္ဒကျောင်းတိုက်တော်ကြီးမှာ ထိုစဉ်အခါက အစပြုလျက် တန်ခိုးအာဏာတက်လာပြီး နိုင်ငံကြီးများ၏ ကိုးကွယ်ရာ, ပြုစုရာကျောင်းတိုက်ကြီးဖြစ်လာသည့်အပြင် နောက်ခေတ်များတွင်ကား သာလွန်ကြီးမား ထင်ရှား-သော အားလုံးပညာ အရပ်ရပ်တို့သင်ကြားအားထုတ်ရာ ဗဟိုရ်ဌာနကြီးအဖြစ်ဖြင့် ကမ္ဘာတွင် ရှေးဦးစွာတည်ထောင်သော မဟာသံဃိကဂိုဏ်း ဘုန်းကြီးများ၏ တက္ကသိုလ်သိပ္ပံကျောင်းတိုက်ကြီး ဖြစ်လာခဲ့လေ၏။

၎င်းနာလန္ဒကျောင်းကြီး၏ အကြောင်းအရာများကို ဘုရားရှင်လက်ထက်တော်က ဖြစ်ခဲ့သော အဋ္ဌုပ္ပတ္တိများ၌ ရေးသားဖော်ပြခဲ့ပြီးသော်လည်း အခြေအမြစ်တဖန်သိရန် လိုအပ်သည့်အတိုင်း ၎င်းကျောင်းကြီးကား မြတ်စွာဘုရားလက်ထက်တော်က ပါဝါရိကသူဌေးကြီး လှူဒါန်းသော ပါဝါရိကမွဝနဝိဟာရ-ပါဝါရိကသရက်တောကျောင်းတိုက်ကြီးပင် ဖြစ်နိုင်စရာရှိ၍ ၎င်းမှာနောက်ခေတ်များ၌ မြို့အမည်အားဖြင့် ထင်ရှားလာခဲ့ပေလိမ့်မည်။

ထိုနာလန္ဒမြို့သည်လည်း လက်ထက်တော်က မဂဓတိုင်းမြို့တော် ရာဇဂြိုဟ်နှင့် ၁-ယူဇနာမျှကွာဝေးသော မဂဓတိုင်းဘုရင်များ တိုင်းခန်းလှည့်လည်သောအခါ တည်းခို[illegible]န်မင်းကွန်းတဲနန်းတော်, စံနန်းတော်လည်း တည်ရှိ၍ ထင်ရှားသော မြို့ကြီးဖြစ်သည့်အပြ[illegible]

**သူဌေးကြီးဥပါလိ** အစရှိသော ချမ်းသာကြွယ်ဝသော သူဌေးကြီးများသည် နိဂဏ္ဌတို့၏ ဒါယကာအရင်းဖြစ်လျက် တရားတော်ဓမ္မစက်ကို နာယူရာတွင် ဗုဒ္ဓဘာသာဝင် ဒကာ ဖြစ်လာကြောင်း၊ သုတ္တန်အားဖြင့်ထင်ရှား၍ ပါဝါရိကသူဌေးစသော သူဌေးကြီးများလည်း ၎င်းတို့ဆောက်လုပ်လှူဒါန်းသော ကျောင်းတိုက်ကြီးအားဖြင့် ထင်ရှားကြောင်း၊ ၎င်းအဋ္ဌ- ကထာတို့၌ ခမ်းနားစွာရေးသားသော မြို့ကြီးဖြစ်လေသည်။

၎င်းပြင် အချို့မှတ်တမ်းများ၌ ၎င်းနာလန္ဒကျောင်းတိုက်တော်ကြီးကို အသောက မင်းတရားကြီးလက်ထက် ထပ်မံပြင်ဆင်ဆောက်လုပ်လျက် ၎င်းအမည်ဖြင့် ထိုအခါကစ၍ တွင်ကျယ်လာခဲ့ကြောင်း ၎င်းကျောင်းတိုက်ကြီး၌ ထိုအခါက ထင်ရှား၍ တန်းခိုးကြီးမားသော ထေရဝါဒဂိုဏ်း မထေရ်ကြီးများ သီတင်းသုံး နေထိုင်တော်မူခဲ့ကြောင်း၊ သို့ရာတွင် နောက် လက်ထက်များ၌ သာသနာလည်း ယုတ်လျော့လာ၍ မဟာသံဃိကဂိုဏ်း သံဃာများ လွှမ်းမိုးလာကာ ၎င်းတို့ဩဇာနှင့်အယူဝါဒများ ထင်ရှားလာကြောင်း မှတ်သားကြကုန်၏။

သို့ဖြစ်၍ မောရိယမင်းမျိုးများ တန်ခိုးကြီးမားစဉ်က ထေရဝါဒဂိုဏ်းတော်ကြီးမှာ အာဏာတန်းခိုးကြီးမား၍ သာသနာတော်ကို ဦးစီးဦးကိုင် စိုးမိုးအုပ်ချုပ်ကာ ဝါဒဖြန့်ဖြူးခဲ့ ကြသော်လည်း ၎င်းမင်းမျိုးများ တန်ခိုးအာဏာ ညှိုးမှိန်လာသော နောက်မင်းဆက်များမှာမူ အများဂိုဏ်း မဟာသံဃိက သာသနာကသာလျှင် လွှမ်းမိုး၍ ၎င်းတို့ဝါဒသာ ကြီးစိုးလာခဲ့ ကြလေ၏။

၎င်းဂိုဏ်းကြီးသည် **အရှင်အဇ္ဈုနတို့** လက်ထက်ကစ၍ မဟာယာနဂိုဏ်း-ဟူသော အမည်ထင်ရှားခဲ့သည့်အပြင် **ဟိန္ဒူယောဂကျမ်း**များအရ လေ့လာသော **ယောဂါစာရ-** ဂိုဏ်းကွဲများလည်းရှိကြသဖြင့် ထိုခေတ်ကရောက်လာကြသော တရုတ်ရဟန်းတော်ဖာဟိုင်း စသည်တို့မှာ မဟာယာနသာသနာကို လေ့လာဆည်းပူးသွားခဲ့ရလေသည်။

ထိုအခါက နာလန္ဒကျောင်းတော်ကြီး၌ မဟာယာနတွင် ထင်ရှားသော အယူဝါဒများကား

- **အန္ဓ**တိုင်းသား **အရှင်နာဂအဇ္ဈုန**တည်ထောင်သော **မဓျာမိက-မဇ္ဈိမက**-ဂိုဏ်း အယူဝါဒနှင့်
- ၎င်းခေတ်ကထင်ရှားသော **အယုဒ္ဓယ, သာကေတ, ကောသလ**တိုင်းတို့၌ ကျော်ကြားသော အရှင်**မေတ္တေယျနာထ**, အရှင်**အသင်္ဂ**, အရှင်**ဝသုဗန္ဓု** တို့ တည်ထောင်သော **ယောဂါစာရ**ဂိုဏ်း အယူဝါဒတို့ဖြစ်ကြ၍

နာလန္ဒကျောင်းတိုက်ကြီး၏ ပညာရပ်တို့တွင် ထို ၂-ဂိုဏ်းတို့၏ အယူဝါဒများပါဝင်ကြ၍ ၎င်းဝါဒ အဆက်အနွယ်များ တိုးပွားလာခဲ့ကြလေသည်။

ဧင်းနောက်လည်း အယူဝါဒများကွဲပြားလာကြသည်မှာ **အရှင်နာဂဗောဓိ၏-တန္တြယာနတို့ပြင် ဧင်းမဟာယာနကိုလည်း ဗုဒ္ဓယာန, ဗောဓိသတ္တယာန**-စသည်တို့ဖြင့် မြှင့်တင်ပြီးကာ ထေရဝါဒဂိုဏ်းကိုကား **ပစ္စေကဗုဒ္ဓယာန, သာဝကယာန, ဟိနယာန**-ဂိုဏ်းဟု နှိမ့်ချခေါ်ဝေါ်ကြ၍ ဧင်းတို့၏အယူဝါဒအားလျော်စွာ ဟိနယာနဂိုဏ်း အယူဝါဒများကိုလည်း ဧင်းနာလန္ဒကျောင်းတိုက်ကြီး၌ လေ့လာသင်ကြားကြကြောင်း ဧင်းမှတ်တမ်းများ၌ ရေးသားကြကုန်၏။

ဧင်း၌ ပဓာနထင်ရှားသော ဝါဒကြီးဖြစ်သော-

၁။ **မဇ္ဈိမကဂိုဏ်းနှင့်**

၂။ **ယောဂါစာရဂိုဏ်း** ၂-ဂိုဏ်းတို့ နောက်အဆက်ဆက် ကြီးပွားခဲ့ရာ-*(မဇ္ဈိမကဂိုဏ်းအဆက်အနွယ်များသည်)*

၁။ အရှင် နာဂအဇ္ဇုန၏ မဇ္ဈိမကဂိုဏ်းကြီးမှ အဆက်အနွယ်မထေရ်တို့မှာ-

| | |
|---|---|
| ၁။ **အရှင် ဘဝဝိဝေက** | ၂။ **အရှင် ဉာဏပဘာ** |
| ၃။ **အရှင် စန္ဒကိတ္တိ** | ၄။ **အရှင် သီတပဘာ** |
| ၅။ **အရှင် ဇိနပဘာ** | ၆။ **အရှင် သန္တိဒေဝ-** |

တို့ဖြစ်ကြ၍ အနှစ် ၁၀၀၀-ကျော် တည်ထွန်းဆင်းသက်လာသည့်အပြင် ယောဂါစာရဂိုဏ်း အယူဝါဒ အဆက်ဆက်နွယ်များမှာလည်း-

| | |
|---|---|
| ၁။ အရှင် ဂုဏမတိ | ၂။ အရှင် ဒိန္နာဂ |
| ၃။ အရှင် ထိရမတိ | ၄။ အရှင် သက်ရသာမိ |
| ၅။ အရှင် နန္ဒ | ၆။ အရှင် ဝိမလစန္ဒ |
| ၇။ အရှင် ဓမ္မပါလ | ၈။ အရှင် သီလဘဒ္ဒ |
| ၉။ အရှင် ဓမ္မကိတ္တိ | ၁၀။ အရှင် ဇိနပုတ္တ |
| ၁၁။ အရှင် ဝိသေသမိတ္တ | ၁၂။ အရှင် ဉာဏစန္ဒ |
| ၁၃။ အရှင် ဗန္ဓုပဘာ | |

တို့ဖြစ်ကြ၍ သာသနာ ၂၀၀၀-ကျော်အောင် ဆင်းသက်လာကြကြောင်း-

ဧင်းတို့တွင်- **အရှင်ဝိသေသမိတ္တ, အရှင်ဉာဏစန္ဒ, အရှင်ဗန္ဓုပဘာ** တို့သည်ကား ထေရဝါဒဂိုဏ်း တောင်ပိုင်းသာသနာ၌ အရှင်မဟာဗုဒ္ဓဃောသနောက် ထင်ရှားသော

အဋ္ဌကထာပြု **အရှင်ဓမ္မပါလမထေရ်**နှင့် ခေတ်ပြိုင်ဖြစ်ကြောင်းလည်း ၎င်းတို့မှတ်တမ်း၌ ရေးသားကြကုန်၏။

ဤနာလန္ဒကျောင်းတိုက်ကြီးကား **အရှင်မဟာဗုဒ္ဓဃောသမထေရ်**တို့လက်ထက် အနှစ် ၉၀၀-ကျော်လောက်၌ အသင့်အတင့် ထင်ရှားလာ၍ **တရုတ်ရဟန်းတော်ဖာဟိုင်** ရောက်စဉ်က မကြီးကျယ်လှသော်လည်း နောက်ခေတ်များတွင် အတော်ပင်ခေတ်စားလျက် နောက်လက်ထက် ရဟန်းတော်ဗှင်သျှင်တို့ရောက်သောအခါ၌မူ အထူးကျော်ကြား များပြားလှသော ပညာအရပ်ရပ်တို့ သင်ကြားရာဖြစ်သည့်အပြင် အရပ်ထက်ဝန်းကျင် ပညာရှင်အပေါင်းတို့လည်း ၎င်းကျောင်းတော်ကြီး၌ စုဝေးနေထိုင် ပညာသုတ ဆည်းပူး အားထုတ်ကြသည့် တပည့်အပေါင်းတို့အား ပညာသုတဝေငှ၍ မိမိတို့ ဆွေးနွေးလေ့လာ ကြလျက် သီတင်းသုံးတော်မူကြကြောင်း ရေးသားဖော်ပြကုန်၏။

- ထိုမှတစ်ပါး ဤကျောင်းတိုက်ကြီး အနီးအနားဖြစ်ကြသော တိုင်းနိုင်ငံများသာ မက
- အရပ်ထက်ဝန်းကျင် နိုင်ငံများအပြင် အရပ်ဒေသဝေးကွာလှသော တိုင်းနိုင်ငံ များမှလည်း လာရောက်ကြ၍ အမျိုးမျိုးသော ကုသိုလ်ကောင်းမှု ပြုစု အားထုတ် ကြကြောင်း၊
- တိုင်းနိုင်ငံ အသီးသီးရှိ ဘုရင်များတို့လည်း အားပေးချီးမြှောက် များစွာသော အဆောက်အဦးများ ဆောက်လုပ်ကြကြောင်း၊

- အထူးအားဖြင့် ထိုတိုင်းနိုင်ငံ အုပ်ချုပ်စိုးစံသော **သက္ကာဒိစ္စမင်း** တရားသည် ၎င်းကျောင်းတိုက်ကြီးတွင် အလွန်ကြီးကျယ်လှ၍ အလွန်ခမ်းနားလှစွာသော ကျောင်းကြီး တစ်ဆောင် ဆောက်လုပ်သော်လည်း အပြီးမသတ်ရှိသည်ကို ၎င်းမင်းတရား၏ ထီးမွေ နန်းမွေဆက်ခံသော ၎င်းမင်း၏သားတော် ဗုဒ္ဓဂုတ္တမင်းသည် ခမည်းတော်၏ ကျောင်းတော် ကြီးကို ဆက်လက်အားထုတ် အပြီးသတ်ပြီးနောက် ၎င်းမင်း၏သားတော် **တထာဂတ-ဂုတ္တ**မင်းသည်လည်း ၎င်းဘိုးတော်မင်းတရား ဆောက်လုပ်ထားခဲ့သော ကျောင်းတိုက်ကြီး၏ အရှေ့ဘက်၌ ကျောင်းတိုက်ကြီးတစ်တိုက် တည်ထောင်ဆောက်လုပ် ပြီးစီးစေသည့်အပြင် ၎င်း၏ သားတော် ဗာလာဒိစ္စသည်လည်း ၎င်းတို့၏အရှေ့မြောက် ဘက်၌ သီးခြားကျောင်း-တိုက်ကြီး ဆောက်လုပ်ကြောင်း၊

- ထိုမင်းတို့သည် မဂဓတိုင်းနယ်တွင် စီရင်အုပ်ချုပ်တော်မူကြသော မင်းများဖြစ်ကြ၍ သာသနာတော်ကို ကြည်ညိုပြုစုတော်မူကြသော မင်းများဖြစ်ကြကြောင်း-၎င်းတို့သာသနာဝင် မှတ်တမ်းများ၌ အခိုင်အမာရေးသား ဖော်ပြကြကုန်၏။

## ဗာလာဒိစ္စမင်းတရား၏ ထူးခြားသော အတ္တုပ္ပတ်

ငင်းအာဒိစ္စဝံသမင်းဆက်များတွင် ဗာလာဒိစ္စမင်းတရားသည်ကား သာသနာတော်ကို အထူးကြည်ညို၍ ငင်းကျောင်းတော်ကြီး ဆောက်လုပ်ပြီးသည့်နောက် ငင်းကျောင်းတိုက်၌ကြီးကျယ်သော ရဟန်းသံဃာအစည်းအဝေးကြီး ပြုလုပ်ခြင်းငှာ အတိုင်းတိုင်းအပြည်ပြည်မှ ရဟန်းသံဃာတော်များ ဖိတ်ကြားပင့်လျှောက်စေသည့်အပြင် အလွန်ပင်ဝေးကွာလှသော ယူဇနာ ၃၀၀-ကျော် တရုတ်ပြည်မှလည်း ပင့်ဖိတ်စေတော်မူကြောင်း။

ငင်းအစည်းအဝေးကြီးစ၍ အသီးသီးမိမိတို့ကျရောက်သော နေရာများ၌ နေထိုင်တော်မူကြစဉ် ငင်းအစည်းအဝေးကြီးသို့ တရုတ်ပြည်မှ ရဟန်းတော် ၂-ပါးတို့သည် ရောက်လာသောအခါ ငင်းတို့ကို ငင်းကျောင်းတော်ကြီး အပေါ်သုံးထပ်သို့ ပင့်ဆောင်ပြီးလျှင်-

"အရှင်တို့ အဘယ်ကြောင့် နောက်ကျရပါသနည်း၊ အဘယ်အရပ်, အဘယ်တိုင်းနိုင်ငံက ကြွလာတော်မူကြပါသနည်း"စသည်ဖြင့် မေးမြန်းလျှောက်ထားကြသောအခါ-

"သူတို့မှာ တရုတ်ပြည်ကြီးမှ ကြွလာရကြောင်း၊ သူတို့၏ဆရာတော် မကျန်းမာသည်ကို ဂိလာနုပဋ္ဌာက ပြုလုပ်နေရသောကြောင့် အစည်းအဝေးနောက်ကျရပါကြောင်း၊ ဘုရင်မင်းမြတ်၏ဖိတ်မံခြင်းကို လေးစားပါသောအားဖြင့် ယခုကြွလာရကြောင်း"များ ပြန်ကြားလျှောက်ထားသည်ကို ကြားနာရသောရဟန်းတို့သည် များစွာအံ့သြလျက် ချက်ခြင်းပင် ဘုရင့်အထံသို့ မိန့်ကြားတော်မူကြရာ ဘုရင်မင်းမြတ်လည်း မကြာမီပင် ကျောင်းတော်သို့ ထွက်တော်မူလျက် ငင်းအရှင်မြတ်တို့မှာ မိမိ၏ ဖိတ်မံခြင်း အကြောင်းအရာများ ယူဇနာ ၃၀၀-ကျော်က သိမြင်တော်မူကြသည်မှာ ထူးမြတ်သောအသိဉာဏ်စျာန်တန်ခိုးရှိပေလိမ့်မည်ဟု ယုံကြည်တော်မူပြီးလျှင် ကိုယ်တိုင်ပင် ကျောင်းတော်ကြီး၏ အပေါ် ၃-ထပ်သို့ တက်ရောက်သောအခါ ရဟန်းတော်များ မတွေ့ရတော့သဖြင့် အထူးအံ့သြခြင်းနှင့်တကွ သာသနာတော်ကို အလွန်ကြည်ညို၍ တိုင်းပြည်နိုင်ငံကိုပင် စွန့်ပစ်ကာ သာသနာဘောင်သို့ ရောက်သွားတော်မူကြောင်းများ ငင်းတို့မှတ်တမ်း၌ အထူးရေးသား ဖော်ပြကုန်၏။

ငင်းပြင် ထိုမင်းကြီး၏သားတော်သည်လည်း ခမည်းတော်ထီးနန်းစွန့်ခွါ နိုင်ငံတော်လွှဲအပ်သွားသောအခါ ခမည်းတော်နည်းတူ သာသနာတော် ချီးမြှင့်ထောက်ပံ့လျက် ခမည်းတော်တို့၏ ကုသိုလ်တော်များ ဆက်လက်ပြုစုသည့်အပြင် အနောက်ဘက်၌ ကျောင်းကြီး တစ်ဆောင်လည်း ဆောက်လုပ်လှူဒါန်းလေ၏။

ထိုမှတပါး အလယ်ပိုင်းတိုင်းနိုင်ငံများ၌ စိုးစံအုပ်ချုပ်သော ဘုရင်မင်းအဆက်ဆက်တို့သည် ၎င်းကျောင်းတိုက်တော်ကြီး၏ ကြီးကျယ်ခမ်းနားသော အဆောက်အဦးများ မွမ်းမံပြင်ဆင်ဆောက်လုပ် အားထုတ်ကြသဖြင့် သာသနာတော် အနှစ် ၁၀၀၀-ကျော် တရုတ်ရဟန်းတော်ဝှင်သျှင်တို့ ရောက်လာသောအခါ၌မူ အလွန်ကြီးမားသော တက္ကသိုလ်ကျောင်းတော်ကြီး ဖြစ်ပွားလျက်ရှိလေ၏။

## ရဟန်းတော်ဝှင်သျှင်၏ မှတ်သားချက်

ထိုရဟန်းတော်ဝှင်သျှင်၏ ရေးသားသောအကြောင်းအရာ အထူးခမ်းနားကြီးကျယ်သည်မှာ အကျဉ်းအားဖြင့် ထိုကျောင်းတိုက်တော်ကြီးများ၌ ဝန်းဝိုင်းမြင့်မားသော တံတိုင်းကြီးများဖြင့် ဝန်းရံထားသည့်အပြင် ၎င်း၏အလယ်၌ ကြီးကျယ်သော စာသင်ခန်းမကြီးရှိ၍ ၎င်းခန်းမကြီး၌ ကျောင်းတိုက်ကြီး၏နာယက အချုပ်အခြာပညာရှိကြီးများ ပညာသင်ကြားပြသကာ ၎င်းကိုဝန်းရံကာ ပညာသင်ကြားသော အခြားကျောင်းဆောင်အရံများ ၈-ဆောင်မျှရှိရာ ထိုကျောင်းရံများမှလည်း အသီးသီးသော ကျမ်းဂန်တတ်မြောက်ကျော်ကြားသော မထေရ်များ သင်ကြားပို့ချနေထိုင်ကြကြောင်း။

ထိုမှတစ်ပါးလည်း ၎င်းမထေရ်များနှင့် စာသင်တပည့်များ နေထိုင်ကြသော ကျောင်းပေါင်းများစွာရှိသည့်အပြင် မြင့်မောက်ကြီးမားသော တန်ဆောင်းပြာသာဒ်ကြီးများတို့ဖြင့် ဖောက်ထွင်းကာ ကောင်းကင်မှာ တန်ဆာဆင်လျက် နတ်များဆင်းသက်ဖန်ဆင်းသည့်အလား အလွန်ခမ်းနားတင့်တယ်ကြီးကျယ်သော ကျောင်းတိုက်တော်ကြီးထက် ၎င်း၌ သီတင်းသုံးတော်မူကြသော မထေရ်များ၏ ကျော်ကြားထင်ရှားသော ပညာဂုဏ်တို့ဖြင့် သာလွန်တင့်တယ်သည်မှာ ၎င်း၌ မဟာယာနဂိုဏ်းကြီးနှင့်တကွ အခြားထင်ရှားသော ဂိုဏ်း ၁၈-ဂိုဏ်းတို့၏ အယူဝါဒများနှင့်တကွ သာသနာတော်မှအပ ဗြာဟ္မဏအယူဝါဒဖြစ်ကြသော ဝေဒဝေဒင်္ဂကျမ်းဂန် အရပ်ရပ်များကိုလည်း သင်ကြားအားထုတ်ကြကြောင်း။

ထိုကျောင်းတိုက်ကြီး၌ ရဟန်းတော်ပေါင်း ၁၀,၀၀၀-ကျော်ရှိသည်တွင် ၁,၀၀၀-မျှသော ရဟန်းတော်တို့မှာ ဘာသာ ၂၀-တို့ကို သင်ကြားပို့ချနိုင်ကြောင်း။

၅၀-သော ရဟန်းတော်တို့မှာ ၃၀-တို့ကို သင်ကြားပို့ချနိုင်ကြောင်း။

တရုတ်ရဟန်းတော် အဝင်အပါ ၁၀-ပါးသော ရဟန်းတော်တို့မှာ ဘာသာ ၅၀-တို့ကို သင်ကြားပို့ချနိုင်ကြောင်း။

ငင်းကျောင်းတိုက်၌ ငင်းတရုတ်ရဟန်းတော်ရောက်စဉ်အခါက ပါမောက္ခ မထေရ်မြတ် **အရှင်သီလဘဒြ**အုပ်ချုပ်၍ ငင်းမထေရ်မြတ်မှာ အားလုံးသော ဘာသာရပ်များ သင်ကြားပို့ချနိုင်ကြောင်း စသည်တို့ဖြင့် ငင်းကျောင်းတိုက်ကြီး၏ ကြီးမားသော ဂုဏ်သတင်းများ ကမ္ဘာအနှံ့ကျော်ကြားကြောင်းများ ရေးသားဖော်ပြလေ၏။

ငင်းကျောင်းတိုက်ကြီး၏ ထက်ဝန်းကျင် အနီးအနားဖြစ်ကြသော ရွာပေါင်း ၁၀၀-ကျော်တို့ကိုလည်း ငင်းကျောင်းတိုက်ကြီး၏ ဆွမ်းစသော ပစ္စည်း ၄-ပါးနှင့်တကွ သံဃာတော်တို့၏အလိုရှိအပ်သော ဝတ်နိဗဒ်အမှုကြီးငယ်တို့ကို ဆောင်ရွက်ရန် ဝတ္ထုကံရွာနယ်များအဖြစ်ဖြင့် သတ်မှတ်လျက် ထက်ဝန်းကျင်ရှိသော တိုင်းနိုင်ငံများမှ မင်းအများတို့သည်လည်း ငင်းကျောင်းတိုက်ကြီးကို ထောက်ပံ့လှူဒါန်ခြင်းတို့ဖြင့် ပြုစုချီးမြှောက်ကြ၍ ထိုတရုတ်ရဟန်းတော်များ ရောက်စဉ်အခါက ငင်းကျောင်းတိုက်ကြီးမှာ ပစ္စည်း ၄-ပါးမှစ၍ အားလုံးသောအရာများ ပြည့်စုံလုံလောက်လျက် တုဘက်မရှိ ထင်ရှားသော ကျောင်းတိုက်ကြီးဖြစ်ကြောင်းများလည်း ငင်းမှတ်တမ်း၌ ရေးသားထားလေသည်။

ထိုသို့ကျောင်းတိုက်ကြီး၏ သာသနာဝင်၌ အလွန်ထင်ရှားကျော်ကြားလောက်အောင် ကြီးကျယ်ခမ်းနားသော်လည်း ငင်ကျောင်းတိုက်ကြီး၌ လေ့လာအားထုတ်လျက် သင်ကြားပို့ချသော ပိဋကတ်များမှာကား မဟာယာနဂိုဏ်းအားလျော်စွာ အဆက်ဆက်ပြုပြင်လာကြသော သုတ္တန်များနှင့် ဝိနည်းတော်များအပြင် အဘိဓမ္မာ-ဟုခေါ်သော ကျမ်းဂန်ပိဋကတ်များမှာမူ များသောအားဖြင့် ဝေဒကျမ်းဂန်အားလျော်စွာ စီရင်ပြုစုထားသော **အဘိဓမ္မသာတ္ထ**-ကျမ်းများဖြစ်ကြ၍ ပိဋကမူရင်းနှင့် များစွာမညီညွတ်သော အဓိပ္ပာယ်ရှိသည့် ပိဋကတ်များသာ ဖြစ်ကြကုန်၏။

ငင်းတို့မှတ်တမ်းများ၌ မဟာယာနပိဋကများမှတစ်ပါး ဟိနယာန ထေရဝါဒပိဋကများကိုလည်း လေ့လာသင်ကြားကြကြောင်း၊ ရေးသားစေကာမူ ငင်းမှာထေရာဝါဒမူရင်းကျသော ပိဋကတ်များမဟုတ်ကြောင်း၊ ငင်းတို့ရေးသားသော သုတ်များကို ထောက်ထားသဖြင့် ထင်ရှားသိသာသည့်အပြင် ထိုစဉ်က ထေရဝါဒဂိုဏ်း သံဃာရှိစေကာမူ ငင်းတို့ဂိုဏ်းအားလျော်စွာ အမှတ်အသား မပြုကြကုန်။

ထိုတရုတ်ရဟန်းတော်များရောက်စဉ်က ထေရဝါဒဂိုဏ်းသံဃာများ ဩရိသတိုင်း၌ များစွာသီတင်းသုံးလျက်ရှိခဲ့ကြောင်း၊ ငင်းတို့ကကြေးပြာသာဒ် ကျောင်းဒကာ ဘုရင်မင်းမြတ်ကိုပင် ကာပါလိကကျောင်းဒကာ-ဟု ခေါ်ဆိုကြကြောင်းများ ရေးသားခဲ့ပြီးသည့်အတိုင်း ထိုမဟာယာနဂိုဏ်းဝင် အရှင်တို့မှာ ဝေဒန္တကျမ်းဂန်တို့အားလျော်စွာ **သီဝ**, တာရာ-

ဒေဝီ စသော နတ်အယူဝါဒများ ရောနှောလျက်ရှိရာ ထေရဝါဒဂိုဏ်းမှာကား ဘုရားဟော ပိဋကတ သက်သက်သာ သင်ကြားလေ့လာကြကြောင်း မှတ်သားအပ်၏။

## တရုတ်ရဟန်းတော် ယွန်ချောင်၏ မှတ်ချက်အကျဉ်းချုပ်

ၓင်းပြင်တရုတ်ရဟန်းတော် ယွန်ချောင်၏မှတ်တမ်းများ၌ကား- ရှေးကပင် ကြီးကျယ်ခမ်းနားသော အဆောက်အဦးများရှိ၍ ၎င်း၏မှတ်တမ်းအရ မြတ်စွာဘုရား လက်ထက်တော်က ကုန်သည်သူဌေး ၅၀၀-တို့သည် ရွှေသပြာ ၁-သိန်းဖြင့် ဥယျာဉ်တော်ကို ဝယ်ယူပြီးလျှင် ကျောင်းတော်ဆောက်လုပ်၍ ဘုရားရှင်အားလှူဒါန်းကြောင်း၊ မြတ်စွာဘုရား လည်း ဝါကပ်တော်မူပြီးလျှင် များစွာသောဝေနေယျတို့အား တရားဓမ္မဟောပြတော်မူသော ကျောင်းတော်ရာများလည်း ထင်ရှားရှိကြောင်း၊ ၎င်းမှာကျောင်းတိုက်ကြီးတွင် သီးခြားတည်ရှိ ကြောင်း။

၎င်းကျောင်းတိုက်ကြီးကို **သက္ကာဒိစ္စမင်း**တရားမှစ၍ ၎င်းတိုင်းနယ်အုပ်ချုပ်သော မင်း ၅-ဆက်တိုင်အောင် အထူးအားထုတ်တည်ထောင်ကြပြီးနောက် အဆက်ဆက်သော မင်းများနှင့် အခြားတိုင်းနိုင်ငံမှ မင်းအများတို့သည်လည်း ၎င်းကျောင်းတိုက်ကြီးကို တတ်အားသမျှ ကူညီထောက်ပံ့ကြလျက် များစွာသော ကုသိုလ်ကောင်းမှုများ ပြုစုအားထုတ် ကြကြောင်း၊ ထို့မှတစ်ပါးလည်း အတိုင်းတိုင်းမှလည်း များစွာသော တိုင်းနိုင်ငံသားတို့သည် လည်း ၎င်းတို့တတ်စွမ်းသမျှ အားထုတ်ပြုစုကြကြောင်းများ ရေးသားဖော်ပြလေ၏။

ဤသို့ ဤကျောင်းတိုက်ကြီးကို အဆက်ဆက်သောမင်းတို့ အားထုတ်ပြုစုလာ ကြသည်မှာ နှစ်ကာလအတော်ကြာသည်တိုင်အောင်ဖြစ်၍ ယခုအခါ၌ တူးဖော်ရရှိသော ကြေးပြားပေါ်တွင် ထွင်းထုထားသည့်စာအရ သာသနာတော် ၁၃၀၀-ကျော်မှာ ဝင်္ဂတိုင်း၌ အုပ်ချုပ်စိုးစံသော **ပါလမင်း**မျိုးတို့တွင် ၃-ယောက်မြောက် **ဒေဝပါလမင်း**၏ ကောင်းမှု ကုသိုလ်များ ရေးသားထားသည်ကို တွေ့ရှိရသည့်အပြင် အခြားတိုင်းနိုင်ငံများမှလည်း ဘုရင်များ ကုသိုလ်ကောင်းမှု ပြုစုအားထုတ်လှူဒါန်းကြကြောင်း ၎င်းမှတ်တမ်း၌ **သုဝဏ္ဏဒီပ** ခေါ် သုမတြာကျွန်းနိုင်ငံ ရှင်ဘုရင် **သီရိဗလပုတ္တဒေဝမင်း**သည် ဤနာလန္ဒကျောင်းတိုက်ကြီး တွင် ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်၍ သူ၏နိုင်ငံမှ ၎င်းအတွက် ဝတ္ထုကံရွာနယ်များ လှူဒါန်းပြီး ဝင်္ဂတိုင်းကြီးရှင်ဘုရင် **ဒေဝပါလမင်း**နှင့် ရာဇဂဟ, ဂယာ, ပါဋလိပုတ်နယ်များမှ ရွာများလဲလှယ် လှူဒါန်းကြောင်းများ ရေးသားထားသည်ကို တွေ့ရှိရသဖြင့် နှစ်ပေါင်း

၁,၃၀၀-ကျော်အောင် သာသနာတော် ထိုနယ်၌ တည်ရှိသည်နှင့်အမျှ ၎င်းကျောင်းတိုက်ကြီး ထင်ရှားလျက်တည်ရှိကြောင်း ကောင်းစွာ မှတ်သားအပ်၏။

## နာလန္ဒကျောင်းတိုက်ကြီး ယွင်းပါးပျက်စီးတိမ်မြုပ်ချိန်

၎င်းနာလန္ဒကျောင်းတိုက်ကြီးကား မင်းအဆက်ဆက်တို့ချီးမြှင့်လျက် တိုးတက်ထွန်းကားလာခဲ့ရာ ၎င်းသင်ကြားသောဘာသာများ ရောယှက်ခြင်းဘေးအားဖြင့် သာသနာတော်အစစ်မှာ မှေးမှိန်လာခဲ့သည်တွင် ထိုစဉ်က ဗြာဟ္မဏဘာသာ အားထုတ်ပြုစုကြသော **ကုမာရလိလာ, သင်္ကရာစာရယ**-စသော ဆရာကြီးများပေါ်ထွန်းကာ နိုင်ငံတကာသို့ ဟောပြော လှည့်လည်ကြရာ များစွာသောသူများ ၎င်းတို့ဟောပြောချက်ကို လိုက်နာကြ၍ ၎င်းဘာသာဝင်များဖြစ်သွား၊ ဗုဒ္ဓဘာသာတရားမှာကား အားထုတ်သူမရှိဘဲ အားနည်းဆုတ်ယုတ်လာပြီးနောက် မဟာမေဒင်ဘုရင်များ ဝင်ရောက်လာသောအခါ အခြားဘာသာတို့ကိုဖျက်ဆီးရာတွင် ဗုဒ္ဓဘာသာလည်းပါဝင်၍ ဟိန္ဒူဘာသာ, ဂျိန်းဘာသာတို့မှာကား ၎င်းတို့အားလျော်စွာ အစားထိုးပြုပြင်မည့်သူများ ထင်ရှားရှိနေကြ၍ ဗုဒ္ဓဘာသာမှာမူ ပြုပြင်သူများအားနည်းကာ ပျက်ဆီးဆုံးရှုံးခြင်းသာ အဆုံးသတ်လျက် အဆောက်အဦးများ တည်ထောင်မှုအားဖြင့်၎င်း ဘာသာဝါဒဂိုဏ်းတစ်ခု တည်ထောင်မှုအားဖြင့်၎င်း မတည်ဆောက်နိုင်တော့ဘဲ ၎င်းတို့ဝင်ရောက်လာသော တိုင်းနယ်များမှ ဖယ်သွားကြရလေကုန်၏။

ဤသို့အားဖြင့် ဤကျောင်းတော်ကြီးကား အမှန်အားဖြင့် မဟာယာနဂိုဏ်း သံဃာများထွန်းကားရာ ဗဟိုဌာနကြီးဖြစ်သော်လည်း ကမ္ဘာမဆန် ပျံ့နှံ့ကျော်ကြား၍ သာသနာဝင်များ လွန်ကျော်၍မသွားနိုင်သော အကြောင်းအတ္ထုပ္ပတ္တိ ပြည့်ကျပ်နေရာ အကျဉ်းချုပ်ဤမျှသာဖြင့် ဤကျောင်းတိုက်ကြီး တည်ထွန်းလာခဲ့ခြင်း အကြောင်းအရာများနှင့် ထွန်းကားသောသံဃာဂိုဏ်း အယူဝါဒများထင်ရှားသိသာနိုင်လောက်ပြီဖြစ်၍ ထိုမှတစ်ပါး ထိုခေတ်သာသနာ အခြားအကြောင်းအရာများ ရေးသားရန်ရှိသေးသည့်အတိုင်း ဤအပိုင်းကဏ္ဍဤမျှဖြင့် အဆုံးသတ်အပ်ပေသတည်း။

ဤတွင်ထင်ရှားသော နာလန္ဒကျောင်းတိုက်ကြီးနှင့်

၎င်းသာသနာဝင် ပြီးပြီ။

✪ ✪ ✪ ✪ ✪

## သာသနာတော် ၉၀၀-ကျော် တရုတ်ပြည်သာသနာဝင်အကြောင်း မဇ္ဈိမသို့ သာသနာ့ဗဟုသုတ သွားရောက်ဆည်းပူးသော ရဟန်းတော်ဖါဟိုင်အကြောင်း

သာသနာတော်နှစ်ပေါင်း ၉၀၀-ကျော်၌ မဇ္ဈိမတိုက်အလယ်ပိုင်းတိုင်းနိုင်ငံများမှာ ထေရဝါဒဂိုဏ်းကြီး မပျက်စီးသော်လည်း အားသေးလျက် နာလန္ဒကျောင်းတိုက်ကြီးနှင့် တကွ မဟာယာနဂိုဏ်းကြီးက လွှမ်းမိုးတိုးတက်လာချိန်ဖြစ်ကြောင်း ရေးသားခဲ့ပြီးဖြစ်သည့် အပြင် ၎င်းခေတ်အချိန်အခါက ကလိင်္ဂတိုင်းမှစ၍ တောင်ဘက် ဒက္ခိဏာပထတိုင်းများ၌ကား ထေရဝါဒဂိုဏ်းကြီးထွန်းကားလျက် သီဟိုဠ်ကျွန်းနှင့် ဆက်သွယ်ရင်းနှီး အသီးသီးသော ကျမ်းဂန်များ ရေးသားကြကြောင်း **အရှင်မဟာဗုဒ္ဓဃောသအတ္ထုပ္ပတ်** အကျဉ်းကို ရေးသားခဲ့ ပြီးဖြစ်၍ ၎င်းတိုင်းနယ်များမှာ သာသနာတော် စည်ပင်ထွန်းကားကြောင်းများ ထင်ရှားကုန်၏။

ထိုမှတစ်ပါး ထိုခေတ်သမယများ၌ ဘိုင်းတစ်ပါးဖြစ်သော တရုတ်နိုင်ငံကြီးမှာလည်း ရေးသားဖော်ပြခဲ့ပြီး သာသနာပြုမင်းထီးလက်ထက်မှစ၍ အဆက်ဆက်အားထုတ်ခဲ့ကြ-သည့်အားလျော်စွာ သာသနာတော်တိုးတက်နေသော ခေတ်သမယဖြစ်သည့်အတိုင်း များစွာသောတရုတ်ပြည်ကြီး နိုင်ငံအသီးသီးရှိ မင်းအပေါင်းတို့သည်လည်း သာသနာတော်နှင့်ဆိုင်သော တိုးတက်ကြီးပွားမှု၏ အခြေခံဖြစ်သည့် စာပေကျမ်းဂန်များ စုဆောင်းဆည်းပူးခြင်း၌ ကူညီထောက်ပံ့ကာ လေးစားလာခဲ့သော ခေတ်ကြီးဖြစ်ခဲ့လေပြီ။

ထိုသို့ ပြုစုလာသဖြင့် ၁၀၀-မှာ ၉၀-ကျော်ပင် ဗုဒ္ဓဘာသာသာသနာတော်ကို ကြည်ညိုကြသူများဖြစ်ကြ၍ ရဟန်းတို့မှလည်း မဟာယာနဂိုဏ်းသံဃာများဖြစ်ကြသဖြင့် မဇ္ဈိမဒေသနှင့် သာသနာထွန်းကားရာဒေသတို့မှ သာသနာပြုရောက်လာကြကုန်သော ၎င်းဂိုဏ်းဝင် အရှင်များတို့သည် အမျိုးမျိုးသောကျမ်းဂန်များယူဆောင်လာကြရာ ဘုရင်မင်းများနှင့် နိုင်ငံတော်ပညာရှိများ၏ အကူအညီဖြင့် ၎င်းတို့ကို ပြန်ဆိုရေးသားကြကုန်၏။

ထိုနှစ်ပေါင်း ၉၀၀-ကျော်ခေတ်က **သဗ္ဗတ္ထိဝါဒီဂိုဏ်း** ထွန်းကားသည်အားလျော်စွာ ထိုစဉ်ကယူဆောင်လာကြသော ကျမ်းဂန်တို့မှာ ၎င်းဂိုဏ်းအယူဝါဒများသာဖြစ်၍ လွန်ခဲ့သောနှစ်ရာစုအတွင်းက ကျော်ကြားခဲ့သော**အရှင်မာတင်္ဂကဲ့**သို့ ထိုခေတ်၌ **အရှင်ကုမာရဇီဝ** မထေရ်မြတ်သည် အထူးသဖြင့် ကျော်ကြား၍မင်းနှင့်တကွ တိုင်းပြည်အလုံး ကိုးစားကြသော မထေရ်ဖြစ်သည်အားလျော်စွာ မထေရ်မြတ်သည် မင်း၏အကူအညီဖြင့် များစွာသော ကျမ်းဂန်များ ရေးသားပြန်ဆိုခဲ့လေသည်။

## တရုတ်ပြည် ဘာသာပြန်အစည်းအရုံးကြီး ဖွဲ့စည်းတည်ထောင်ခြင်း

ထိုအရှင်ကုမာရဇီဝသည် တိဗက်ပြည် အနောက်မြောက်ဘက် **ကသ္မီရတိုင်း ခူစီနယ်**၌ သီတင်းသုံးတော်မူသောအခါ သာသနာ ၉၅၂-ခုနှစ်တွင် **အရှင်ဝိမလက္ခ**နှင့်အတူ တရုတ်ပြည်မှသာသနာပြု ပင့်ဖိတ်ခြင်းကို လက်ခံ၍ ထိုနှစ်မှာပင် တရုတ်ပြည်ကြီးသို့ ကြွရောက်တော်မူကြောင်း၊ သို့ရာတွင် အရှင်ဝိမလက္ခမှာ မကြာမီ ပျံလွန်တော်မူကြောင်း၊ ထို့နောက် **အရှင်ကုမာရဇီဝ**သည် သဗ္ဗတ္ထိဝါဒီဂိုဏ်း ဝိနည်းပိဋကတ်ကို တရုတ်ဘာသာသို့ ပြန်ဆိုတော်မူကြောင်း။

တရုတ်ပြည်ကြီးရှင် ဘုရင်မင်းမြတ်သည်လည်း ထိုအရှင်အား အလွန်လေးစားသည့်အတိုင်းပိဋကတ်ကျမ်းစာများကို သူကိုယ်တိုင် ထိုအရှင်ထံ သင်ကြားအားထုတ်တော်မူကြောင်း၊ ထိုအရှင်သည် **သက္ကတ**ဘာသာ, **တရုတ်**ဘာသာများကို ကောင်းစွာတတ်မြောက်ကျွမ်းကျင်သည့်အလျှောက် ဘုရင်မင်းမြတ်သည် တောင်းပန်လျှောက်ထား အားပေးကူညီတော်မူသည့်အတိုင်း အစည်းအဝေးဖိတ်ခေါ်ပြီးလျှင် စာတော်ပြန်အစည်းအရုံးကြီးဖွဲ့စည်းပြီးနောက် မဇ္ဈိမတိုင်းနိုင်ငံငယ်တို့မှ ပညာရှိ ၈၀၀-ကျော်တို့ကို ခေါ်ယူပင့်ဖိတ်၍ ၎င်းပညာရှိအများနှင့် ညှိနှိုင်းတိုင်ပင် ဆွေးနွေးပြီးလျှင် ၎င်းတို့ ဗုဒ္ဓဘာသာကျမ်းဂန် ၃၀၀-ကျော်တို့ကို တရုတ်ဘာသာသို့ ပြန်ဆိုကြကြောင်း၊ ၎င်းပြင် ထိုအရှင်သည် ရှေးဟန်မင်းမျိုးတို့ လက်ထက်က ပြန်ဆိုခဲ့ပြီးသော **မဟာယာန အမိတာဘာသုတ္တန်**ကိုလည်း ထပ်မံစကားပြေပြန်ဆိုသည့်အပြင် အခြားများစွာသောကျမ်းဂန်များကိုလည်း ပြန်ဆိုရေးသားကြောင်း။

၎င်းတို့သာသနာဝင်မှတ်တမ်းများ၌ အခိုင်အမာရေးသားဖော်ပြ၍ ဤခေတ်၌ တရုတ်ပြည်ကြီးမှာ သာသနာ အလွန်ကြီးပွားထွန်းကားသော ခေတ်ကြီးဟု မှတ်ယူအပ်ကုန်၏။

ဤသို့ **အရှင်ကုမာရဇီဝ**သည် တရုတ်ပြည်ကြီး၌ ထင်ရှားစွာ သာသနာမပြုမီ သာသနာတော် ၉၄၄-ခုနှစ်က များစွာသော တရုတ်ပြည်သား ရဟန်းအများနှင့် သာသနာတော်ဆိုင်ရာ ဗဟုသုတ ရှာဖွေစုဆောင်းရန် ကြွသွားကြရာ ၎င်းတို့တွင် ရဟန်းတော်ဖါဟိုင်သည် ထင်ရှားသော ခေါင်းဆောင်ရဟန်းတော်ဖြစ် ၎င်းတို့သည် **ချန်အန်မြို့**(*ခုန်အန်*)မှ ၎င်းတို့၏ ရှည်လျားလှစွာသော ခရီးအစပြု ထွက်ခဲ့ကြလေသည်။

ထိုသို့ထွက်ခဲ့ကြရာ အလွန်ခက်ခဲသော ခရီးခဲကြီးများလွန်မြောက်၊ မဇ္ဈိမတိုင်းများ၏ အနောက်မြောက် တိုင်းနိုင်ငံများဖြစ်သော ထိုစဉ်က ဗုဒ္ဓဘာသာထွန်းကားသော ဥဒျာန-ခေါ် **ကာဗုလ်အာဖဂန်နစ်စတန်** တိုင်းနိုင်ငံသို့ ရှေးဦးစွာရောက်ကြ၍ ထိုစဉ်က ထိုတိုင်းနိုင်ငံ

များမှာ သာသနာတော်ထွန်းကားသည်နှင့်အညီ ကျောင်းတိုက်ပေါင်း ၅၀၀-ကျော်မျှ တွေ့ရသဖြင့် ၎င်းတို့မှ သာသနာ့ဗဟုသုတများ ရှာဖွေစုဆောင်းခဲ့ရကြောင်း၊ ၎င်းမှ **ဂန္ဓာရတိုင်း တက္ကသီလာမြို့တော်နှင့် ကသ္မီရတိုင်း ပုရိသ ပူရ ပေသျှဝါမြို့တော်များ**၌လည်း ရဟန်းသံဃာတော်များ ကျောင်းတိုက်များစွာရှိရာသို့ သွားရောက်သာသနာ့ဗဟုသုတများ ရှာဖွေပြီးနောက် သိန္ဓုမြစ်ကိုဖြတ်ကျော်ကာ များစွာသောတိုင်းနယ်များ ကျော်လွန်လျက် ထိုလက်ထက်က သာသနာထွန်းကားရာ ဌာနတစ်ခုဖြစ်သော ယမုနာကမ်းခြေရှိ **မထုရာမြို့**တော်သို့ရောက်၍ ၎င်း၌ ကျောင်းတိုက်ကြီး ၂၀-ကျော်နှင့် သံဃာတော် ၃၀၀၀-ခန့်မျှ တွေ့ရသည့်ပြင် ထို၌လည်း ဒေသဗဟုသုတ, သာသနာ့ဗဟုသုတ ရှာဖွေဆည်းပူးခဲ့ကြောင်း။

၎င်းမှသံကဿမြို့ကို ဖြတ်ကျော်ပြီးကာ ဂုတ္တမင်းမျိုးများ၏ တိုင်းနိုင်ငံမြို့တော်ဖြစ်သော **ကန္နကုဇ္ဇ, ကန္နောဇ္ဇ**သို့ ရောက်ရာ ၎င်းမှာကျောင်းတိုက်ကြီး ၂-တိုက်မျှ သံဃာသီတင်းသုံးသည်မှတစ်ပါး အခြားမှတ်သားဖွယ်ရာ မရှိသည့်အလျှောက် ၎င်းတို့မှာ ထေရဝါဒဂိုဏ်းသာသနာဝင်အရှင်များသာ ဖြစ်ကြောင်းမျှ မှတ်သားလျက် ၎င်းမှ အသောကမင်းတရားကြီး၏သားတော် **မဟိန္ဒကုမာရ** ဖွားမြင်ရာ **ဝေဒိသကမြို့တော်**သို့ကူးပြီးလျှင် ထိုစဉ်က ၎င်းမှာ **ဆန်ချီ**-ဟုခေါ်၍ ၎င်းမြို့၏အနီးမှာ ဆန်းကြယ်ခမ်းနားစွာသော စေတီတော်များ တည်ဆောက်လျက် တင့်တယ်သာယာသော တောင်ကုန်းငယ်ရှိရာ ၎င်းမှာရှိသော အမျိုးမျိုးသောဗဟုသုတများကို ရှာဖွေစုဆောင်းခဲ့ကြောင်း။

၎င်းမှ **အယုဒ္ဓယ, သာကေတ, သာဝတ္ထိမြို့တော်**သို့ရောက်၍ မြတ်စွာဘုရားနောက်ပိုင်း နိဗဒ္ဓဝါတော်အဖြစ်ဖြင့် သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်မြတ်ကို ဖူးမြော်ပြီး ၎င်းမှကပိလနေပြည်တော် အလောင်းတော်မြတ် ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်, ပရိနိဗ္ဗာန်စံဝင်တော်မူရာ **ကုသိနာရုံပြည် အင်ကြင်းဥယျာဉ်တော်**, ဒုတိယသံဂါယနာတင်ရာ **ဝေသာလီမြို့တော်**, **မဟာဝုံကျောင်းတော်**- စသည်တို့သို့ သွားရောက်၍ ရှေးဟောင်းဗဟုသုပာများ ရှာဖွေပြီးနောက် ဂင်္ဂါမြစ်ကို ဖြတ်ကျော်ပြီးလျှင် အသောကမင်းတရား၏မြို့တော် **ပါဋလိပုတ်** နေပြည်တော်သို့ သွားရောက်ကာ ၎င်းမှာကြီးကျယ်ခမ်းနား ထင်ရှားသော ဘုရားသုည့်ပွဲကြီး စသည့်သာသနာနှင့်စပ်သော အခမ်းအနားများကို မှတ်သားပြီး အသောကမင်းကြီး၏ ကျောင်းတိုက်တော်ကြီး ထင်ရှားရှိသေးရာ ၎င်းမှာ ထေရဝါဒဂိုဏ်းသံဃာ ၇၀၀-ကျော်မျှ ရှိသည့်အပြင် အများဂိုဏ်းသံဃာများလည်း အခြားမှာ ရှိသေး၍ ၎င်း ၂-ဂိုဏ်းမှ ဗဟုသုတများ ဆည်းပူးပြီးနောက် ၎င်းမှ ရာဇဂြိုဟ်မြို့တော်သို့၎င်း ထိုခေတ်စားလျက်ရှိသော နာလန္ဒကျောင်းတိုက်တော်ကြီးသို့၎င်း သွားရောက် သာသနာ့ဗဟုသုတများဆည်းပူးပြီး ၎င်းမှ အဝိဇဟိတဌာနတို့တွင် အပါအဝင်ဖြစ်သည့် ဗုဒ္ဓဂယာ

မဟာဗောဓိသို့ရှင်း ဓမ္မစကြာတရား ဟောကြားတော်မူရာ **ဗာရာဏသီ ဣသိပတန မိဂဒါယ** သို့ရှင်း သွားရောက်ဖူးမျှော် ကောသမ္ဗီမြို့တော်သို့ရှင်း သွားရောက်ဆည်းပူး ရှာဖွေကြောင်း။

ဤသို့အားဖြင့် ရဟန်းတော်ဖါဟိုင်းသည် ၆-နှစ်ကျော် သာသနာ့ဗဟုသုတများ ရှာဖွေပြီးမှ တဖန် **ဗာရာဏသီ** ပါဋလိပုတ်ပြည်တို့သို့ ပြန်လည်ကာ ၃-နှစ်ကြာမျှ ပိဋကတ်ကျမ်းဂန်များ စုဆောင်းပြီးနောက် **တာမလိတ္တိ** သို့ရောက်ကာ ၂-နှစ်ကြာမျှ ၎င်း၌နေထိုင်လျက် သာသနာ့ဗဟုသုတ ဆည်းပူးကြောင်း။

၎င်းမှ **သီဟိုဠ်ကျွန်း**သို့ကူးပြီး ထိုကျွန်း၌လည်း များစွာသော ထေရဝါဒဂိုဏ်း ဗဟုသုတကျမ်းဂန်များ ၂-နှစ်မျှစုဆောင်းနေထိုင်ပြီးလျှင် ၎င်းမှရေလမ်းသင်္ဘောဖြင့် **ဂျာဝါးကျွန်း, သုမတြာကျွန်း**များသို့ လှည့်လည်ကာ ၂-နှစ်မျှ ခရီးကြာပြီးနောက် တစ်ဖန်တရုတ်ပြည်သို့ ၁၅-နှစ်ကြာမှ ရဟန်းတော်ဖါဟိုင်းအရှင်သည် ပြန်လည်ရောက်ရှိခဲ့လေသည်။ ထိုရဟန်းတော်ဖါဟိုင်းအရှင်သည် ဤကဲ့သို့ စွန့်စားလျက် ဤမျှလောက်ကြာမြင့်စွာ သာသနာတော်နှင့်ဆိုင်ရာ ဗဟုသုတများနှင့် တိုင်းပြည်နိုင်ငံဆိုင်ရာ ဗဟုသုတများ ရှာဖွေစုဆောင်းလာခဲ့သည်များ အထူးအားဖြင့် အံ့သြဖွယ်ရှိသည်မှာ အထူးပြောဖွယ် မရှိကုန်။

ထိုအရှင်မြတ်သည် သာသနာတော်ထွန်းကားရာ မဇ္ဈိမဒေသနှင့်တကွ အနောက်မြောက်ပိုင်းဌာနများသို့ ရောက်ရှိခဲ့ရာ မဟာသံဃိကဂိုဏ်းဆိုင်ရာ များစွာသောကျမ်းဂန်များ စုဆောင်းရရှိသည့်အပြင် တောင်ပိုင်းတိုင်းနိုင်ငံများသို့ မရောက်သော်လည်း **တာမလိတ္တိ**မှ **သီဟိုဠ်ကျွန်း**သို့ ကြွတော်မူကာ ထိုစဉ်အခါကလည်း အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ် ပိဋကတ်တို့ကို အားထုတ်ပြုစုနေခိုက် ဖြစ်သည်အားလျော်စွာ ထေရဝါဒဂိုဏ်းဆိုင်ရာ များစွာသော ဗဟုသုတရရှိခဲ့မည် အမှန်ဖြစ်စေကာမူ ရှေးဦးစွာ တရုတ်ပြည်ကြီးသို့ ရောက်နေသော **မဟာယာနသုတ္တန်**များက များပြားသဖြင့် ၎င်းသို့သာ ညွှတ်သည့်အတိုင်း **အရှင်ဖါဟိုင်း** ယူဆောင်လာခဲ့သော ပိဋကတ်တို့မှာ ထိုအခါက **အရှင်ကုမာရဇီဝ** သာသနာပြု မဟာယာနဂိုဏ်းဝင် အရှင်လည်း ထင်ရှားရှိနေသဖြင့် ထိုအရှင်တို့နှင့် ညှိနှိုင်းကာ မဟာယာန **ပိဋကတ်ကျမ်းစာ**များသာ ပဓာနအားဖြင့် မှတ်တမ်းတင်ထားကြကုန်၏။

## အရှင်ကုမာရဇီဝ ပြုစုသော တရုတ်ပြည်သာသနာ

ထိုရဟန်းတော် ဖါဟိုင်းတို့ ပြန်လာသောအခါ **အရှင်ကုမာရဇီဝ** တရုတ်ပြည်ကြီး၌ ထင်ရှားစွာ သာသနာပြုနေသောအခါဖြစ်၍ ထိုအရှင်တို့ ညှိနှိုင်းတိုင်ပင်ပြီးလျှင် ပြန်ဆိုရေးသားကြသည့်အပြင် ထိုအရှင်တို့မှ ဆင်းသက်ကာ များစွာသောပညာရှိများ ပိဋကတ်ကျမ်းဂန်

များ ပြန်ဆိုရေးသားကြသည်မှာ ၎င်းတို့မှတ်တမ်းအရ အရှင်ကုမာရဇီဝ လက်ထက်က အထက်ကပြဆိုခဲ့ပြီး ထင်ရှားသောကျမ်းဂန်များအပြင် အထူးအားဖြင့် ၎င်းအရှင်နှင့်တကွ-

**အရှင်ဗောဓိညာဏ** **အရှင်ဓမ္မရုစိ**

**အရှင်သတ္တဝီရ** **အရှင်သံဃဓမ္မ-**

တို့နှင့်ညှိနှိုင်းကာ **ဗျာကရုဏ်းကျမ်းကြီး** ၄-ကျမ်းတို့ကို ဘာသာပြန်ဆိုကြကုန်၏။

၎င်းပြင် သာသနာတော် ၉၇၂-ခုနှစ်တွင် **အရှင်ဓမ္မရက္ခိတမထေရ်**သည် သကတဘာသာ **မဟာပရိနိဗ္ဗာနသုတ်**ကို တရုတ်ပြည်သို့ ယူဆောင်လာ၍ ကောချောင်မြို့မှာ **ချီမင်**မည်သော ပညာရှိစီရင်သော အဓိပ္ပာယ်ပြန်ဆိုချက်နှင့် ညှိနှိုင်းပြီးလျှင် တရုတ်ဘာသာသို့ ပြန်ဆိုရေးသားခဲ့လေသည်။

ထိုအရှင်ကား မန္တန်အားဖြင့် နိုင်ငံ၏အဖြစ်အပျက်ကို ဟောကြားပြောဆိုနိုင်ကြောင်း ကျော်ကြားသည်အားလျော်စွာ တာတာနိုင်ငံ **ရှင်ဗိုမင်းမျိုးဘုရင်မင်းမြတ်**က မန္တန်၏တန်ခိုးကို သိလို၍နန်းတော်သို့ ပင့်စေပါသော်လည်း ငြင်းပယ်သဖြင့် အသတ်ခံရလေ၏။

၎င်းနောက် သာသနာတော် ၉၇၅-ခုနှစ်မှာ **အရှင်ဓမ္မဗောဓိ**သည် တရုတ်ပြည်သို့ သာသနာပြုရောက်လာ၍ ၎င်း၏ဝါဒဖြစ်သော **သဗ္ဗတ္ထိဝါဒီဂိုဏ်း**အားလျော်စွာ ဘိက္ခုနီဝိဘင်းကို တရုတ်ဘာသာသို့ ပြန်ဆိုရေးသားခဲ့လေ၏။

ထိုစဉ်အခါက တရုတ်ပြည်ကြီး၌ ဘိက္ခုနီဝိဘင်းများရှိသည်မှာ သာသနာတော် ၉၇၃-ခုနှစ် ပြည်ကြီး၌ **ဝမ်-မင်းမျိုး**များ အုပ်စိုးစဉ် သီဟိုဠ်ကျွန်းမှ ရဟန်းတော် ၂-ပါး, ၃-ပါး ရောက်လာသည့်အပြင် ၎င်းနောက် သာသနာ ၉၇၇-ခုနှစ်မှာ **နန္ဒီ**ခေါ် သင်္ဘောဖြင့် **ဘိက္ခုနီမ**များလည်း သီဟိုဠ်ကျွန်းမှ နောက်ထပ်ရောက်လာကြောင်း ၎င်း**ဘိက္ခုနီ**နိဒါန်း၌ ဖော်ပြလေ၏။

ထိုမှတပါး တိဗက်မှတ်တမ်းများ၌လည်း **ဒေဝသရာ**မည်သော ဘိက္ခုနီမသည် သီဟိုဠ်ကျွန်းမှ မဇ္ဈိမတိုင်းဒေသများသို့ လှည့်လည်လာရောက်ပြီးလျှင် ၎င်းမှဘိက္ခုနီမ ၁၀-ပါး အဖော်ပြုကာ တရုတ်ပြည်သို့ ရောက်လာကြောင်း ဖော်ပြသဖြင့် သိရလေသည်။

၎င်းပြင် သာသနာတော် ၉၇၉-ခုနှစ်မှာ ရဟန်းတော် **အရှင်ကုမာရဗောဓိ**သည် ချင်အန်မြို့၌ သီတင်းသုံးတော်မူပြီးလျှင် များစွာသော ပိဋကတ်တော်များကို တရုတ်ဘာသာသို့ ပြန်ဆိုရေးသား များစွာသော ကျမ်းဂန်များကိုလည်း ပြုစုခဲ့လေသည်။

ထိုမှတပါး သာသနာတော် ၉၉၀-ခုနှစ်မှာ ရဟန်းတော် **အရှင်ဓမ္မပိယ**သည် မဇ္ဈိမဒေသမှ တရုတ်ပြည်သို့ကြွလာတော်မူပြီးလျှင် ၎င်းချင်အန်မြို့၌ပင် သီတင်းသုံးလျက် မဟာယာန

ဂိုဏ်း, သုတ္တန်တို့တွင် ထင်ရှားသော **ပညာပါရမီတာ**သုတ်ကို တရုတ်ဘာသာသို့ ပြန်ဆိုရေးသားခဲ့လေသည်။

၎င်းပြင်လည်း သာသနာတော် ၉၉၂-ခုနှစ်မှာ **တူရကီအမျိုးသားရဟန်းတော် အရှင်ဓမ္မနန္ဒ**သည် များစွာသောနိုင်ငံများသို့ လှည့်လည်ကြွတော်မူခဲ့ပြီးလျှင် နောက်ဆုံး၌ တရုတ်ပြည်သို့ရောက်၍ ဗုဒ္ဓဘာသာကျမ်းဂန် ၅-စောင်ကို တရုတ်ဘာသာသို့ ပြန်ဆိုရေးသားခဲ့လေသည်။

ထိုနောက် သာသနာတော် ၁၀၀၄-ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ ရဟန်းတော် ၅-ပါးတို့သည် တရုတ်ပြည်သို့ တိဗက်ပြည်မှ ဖြတ်ကျော်လာ၍ ၎င်းတို့တွင် **အရှင်ယသိတ**နှင့် **အရှင်ဗုဒ္ဓနန္ဒီ** မထေရ် ၂-ပါးတို့သည် ဆန်းကြယ်လှစွာသော ဆင်းတုရုပ်ပွားတော် ၁-ဆူနှင့် ကျမ်းဂန်များစွာ ယူလာခဲ့ကြလေသည်။

ဤသို့ သာသနာတော် ၉၀၀-ကျော်တွင် တရုတ်ပြည်၌ **ရဟန်းတော်ဖါဟိုင်း**တို့အပြင် မဇ္ဈိမဒေသ သာသနာထွန်းကားရာ တိုင်းဌာနများနှင့် များသောအားဖြင့် **မဟာယာနဂိုဏ်း** ထွန်းကားရာ **ဂန္ဓာရ, တက္ကသီလာ**စသော တိုင်းများမှ ပညာရှိ**အရှင်ကုမာရဇီဝမထေရ်** စသည်အဆက်ဆက်တို့သည် များစွာသောကျမ်းဂန်များကို ပြုစုကာ သာသနာတော်ပြုစုကြကြောင်း ဆိုခဲ့ပြီးသော အတ္ထုပ္ပတ္တိများထောက်ထား၍ ထင်ရှားသိအပ်ကုန်၏။

ထိုမထေရ်များ အကြောင်းအရာတို့တွင် ထင်ရှားကျော်ကြား၍ ကျေးဇူးအများဆုံးမှာ တရုတ်ရဟန်းတော် **အရှင်ဖါဟိုင်း**နှင့် **အရှင်ကုမာရဇီဝမထေရ်**တို့ဖြစ်ကြ၍ ထိုအရှင်တို့တွင် အရှင်ဖါဟိုင်းမှာ ၁၅-နှစ်မျှကြာအောင် အထူးထူးသောအရပ်တို့မှ များစွာသောသာသနာ့ဗဟုသုတများ စုဆောင်းယူလာခဲ့ကြကြောင်း၊ ထိုမထေရ်ခရီးထွက်စဉ်က **အရှင်-ကုမာရဇီဝ**သည် များစွာသောကျမ်းဂန်များကို ယူဆောင်လာလျက်(ရှိနေ၍) ပြန်လာသောအခါ ထိုအရှင်နှင့် တိုင်ပင်ညှိနှိုင်းပြီးလျှင် များစွားသောကျမ်းဂန်များ တရုတ်ဘာသာသို့ပြန်ဆိုရေးသားကြောင်း။

သို့ရာတွင် **အရှင်ဖါဟိုင်း**သည် မဇ္ဈိမတိုင်းနယ်များမှ အနည်းငယ်သော **ထေရဝါဒကျမ်းဂန်**များနှင့် သီဟိုဠ်ကျွန်း ၂-နှစ်မျှ သာသနာ့ဗဟုသုတဆည်းပူးခဲ့ရာ **မဟိသာသကဂိုဏ်း ဒီဃနိကာယ်, သံယုတ္တနိကာယ်သုတ္တန်**များနှင့် ဝိနည်းပိဋကတ်များ ကူးယူသွားခဲ့သော်လည်း ကျမ်းဂန်များကို တည်းဖြတ်ပြုစုသော **အရှင်ကုမာရဇီဝ**သည်ကား မဟာယာနဂိုဏ်းဝင် ထင်ရှားသော မထေရ်တစ်ပါး ဖြစ်သည်အားလျော်စွာ ၎င်းတို့ဂိုဏ်း ပိဋကတ်များကိုမူ ထား၍ တည်းဖြတ်ပြင်ဆင်သောကြောင့် များသောအားဖြင့် အားလုံးသောကျမ်းဂန်တို့မှာ

မဟာယာနိကကျမ်းဂန်တို့သာလျှင်ဖြစ်သဖြင့် တရုတ်သာသနာမှာ ယခုအခါတိုင်အောင် ပင် မဟာယာနဂိုဏ်းသာသနာတော်သာ ထွန်းကားကြောင်း ကောင်းစွာမှတ်သားအပ် ကုန်၏။

ဤသို့လျှင် သာသနာတော်အနှစ်ပေါင်း ၉၀၀-ကျော်အတွင်း **အရှင်ဖါဟိုင်း, အရှင်ကုမာရဇီဝ** တို့မှအစပြု၍ မထေရ်များစွာတို့သည် သာသနာဆိုင်ရာ များစွာသော ကျမ်းဂန်များပြုစုကာ သာသနာတော်ပြုစုကြလျက် တိုးတက်နေသောခေတ် ဖြစ်သည့်အပြင် မဇ္ဈိမဒေသနှင့်တကွ သီဟိုဠ်ကျွန်း **ပါသိယ, ကာဗုလ, ဂန္ဓာရ** စသော နိုင်ငံအများမှလည်း လာရောက် သာသနာပြုကာ များစွာသော သာသနာ့နိုင်ငံများနှင့်လည်း ဆက်ဆံကူးသန်း လျက် သာသနာ့အဆက်အသွယ်ရှိကြကြောင်း၊ ရေးသားခဲ့ပြီးဖြစ်သည့်အတိုင်း ထိုတိုင်းရှိ ဘုရင်တို့မှာ သာသနာ့ဒါယကာများဖြစ်ကြသည့်အားလျော်စွာ ဗုဒ္ဓသာသနာသည် အစိုးရ ဘုရင့်ဘာသာတော်ဖြစ်သောခေတ်ဖြစ်ကြောင်း၊ ကောင်းစွာထင်ရှားသဖြင့် ဤမျှဖြင့် တရုတ် သာသနာ ၉၀၀-ကျော်ခေတ်အတွင်း အကြောင်းအရာများ ပြည့်စုံပေပြီ။

ဤခေတ်မှ နောက်အနှစ် ၁၀၀၀-ကျော်မှာ **ယောဂါစာရဂိုဏ်း, ဈာန်ဂိုဏ်း, ကမ္ဗောဇနဂိုဏ်း** စသည်ဂိုဏ်းများ ဖြစ်ထွန်းကာ များစွာသော သာသနာ့အတ္ထုပ္ပတ္တိများ ရေးသားရန်ရှိသေးသဖြင့် ထိုခေတ်အားလျော်စွာ ထိုသာသနာ ထင်ရှားလတ္တံ့ဖြစ်၍ တရုတ် ပြည်၌ သာသနာတော် ၉၀၀-ကျော်, ၁၀၀၀-အတွင်း သာသနာဝင်ကား ဤမျှလောက် အပိုင်းအခြားဖြင့် နိဂုံးသတ်အပ်သတည်း။

**ဤမျှဖြင့် တရုတ်ပြည်သာသနာဝင်၌ သာသနာတော် ၉၀၀-ကျော်, ၁၀၀၀-အတွင်း ဖြစ်ပွားသော သာသနာဝင်ကား ပြီးပြည့်စုံပြီ။**

✪ ✪ ✪ ✪ ✪

## သာသနာနှစ် ၉၀၀-ကျော်အတွင်း အခြားနိုင်ငံ ဆုမတြ, ဂျာဝါး-စသည်တို့၌ ဖြစ်ပွားသော သာသနာအဖြစ်အပျက် သာသနာဝင်အကြောင်း

သာသနာတော်အနှစ် ၉၀၀-ကျော်, ၁၀၀၀-အတွင်းမှာ မဇ္ဈိမတိုင်းနယ်များ၌ မဟာယာနသာသနာများစွာတိုးတက်၍ ၎င်းဂိုဏ်းကြီး၏ အခြေအမြစ်တည်ရာဌာန ကြီးကျယ်ခမ်းနားလှသော နာလန္ဒကျောင်းတိုက်ကြီးလည်း တည်ထောင်လျက် ပန္တက်ချပြီး ကာ ထိုအခါက များစွာသောတိုင်းတပါးသို့လည်း ဝါဒဖြန့်ဖြူးကြသည့်အလျောက် အခြား

တိုင်းနိုင်ငံများသို့လည်း ၎င်းတို့သာသနာမှာ များစွာပျံ့နှံ့သွားရာ ထိုအခါက ပင်လယ်ရပ်ခြား ဖြစ်သော သုမတြာ-ဆုမတြာကျွန်း, ဂျာဝါးကျွန်းစသော ကျွန်းများသို့လည်း ၎င်းတို့အယူဝါဒ သာသနာများ ပျံ့နှံ့ရောက်သွားခဲ့လေသည်။

ထိုသာသနာအနှစ် ၉၀၀-ကျော်မှာ အပရန္တအနောက် ဂုဇရတ်တိုင်းမြို့တော် ဒွါရကမြို့မှ ထိုခေတ်က ဗုဒ္ဓဘာသာဖြစ်သည့်အလျောက် ဗုဒ္ဓသာသနာပြုနှင့် တိုင်းပြု, ပြည်ပြု တပ်ပေါင်းစုများ ထွက်ခွါသွားကြ၍ ပင်လယ်သမုဒ္ဒရာ လမ်းခရီးအားဖြင့် ရွက်လွှင့် သွားကြရာ ထို သုမတြာကျွန်း အနောက်ပိုင်းသို့ ဆိုက်ရောက်၍ ၎င်း၌တပ်စွဲကာ တိုင်းနိုင်ငံ ပြုစုလျက် ဗုဒ္ဓနိုင်ငံတော် ရှေးဦးစွာ ပန္နက်ချကြလေကုန်၏။

ထိုကျွန်း၌ မြတ်စွာဘုရားသာသနာတော် မရောက်မီ ရှေးခေတ်သာသနာတော် အနှစ် ၆၀၀-ကျော်လောက် သုမိတြ- သုမိတ္တမည်သော ကုန်သည်မှူးသည် များစွာသော သင်္ဘောများခြံရံလျက် တပ်ပေါင်းစုဖွဲ့ကာ ဝင်္ဂသမုဒ္ဒရာ ဘင်္ဂလားပင်လယ်ကွေ့ကို ဖြတ်ကျော် ပြီး ရေကြောင်းခရီးထွက်ခဲ့ရာ ၎င်းကျွန်းအရှေ့ပိုင်းသို့ ဆိုက်ရောက်၍ ၎င်း၌တပ်စွဲပြီး ၎င်းအရှေ့ပိုင်းတိုင်းနယ်များကို စိုးအုပ်နေထိုင်ကြောင်း၊ ၎င်းကိုအစွဲပြု၍ ၎င်းကျွန်းကို သုမတြာဟုခေါ်တွင်လာရာ ကာလကြာသဖြင့် သုမတြာ- ဆုမတြာဟု ပြောင်းလဲလာကြောင်း ၎င်းကျွန်းရာဇဝင်မှတ်တမ်းများ၌ ရေးသားကုန်၏။

၎င်းတို့မှာ ဗြာဟ္မဏဘာသာဝင်များ ဖြစ်ကြသည့်အလျောက် ၎င်းအရှေ့တိုင်းနိုင်ငံ များမှာ ၎င်းတို့ဘာသာအားဖြင့် ပြုစုတည်ထောင်ကြပြီးနောက် နှစ်ပေါင်း ၃၀၀-ကျော် လောက်မှ ဗုဒ္ဓဘာသာ သာသနာပြု တိုင်းပြုပြည်ပြုတပ်များ ဝင်ရောက်နေထိုင်ကြသော် လည်း ကာလကြာမြင့်သောအခါ ၎င်းတို့ ၂-ဘာသာ ရင်းနှီးကြလျက် ညီညွတ်စွာ နေထိုင်ကြ ပြီးလျှင် ၎င်းတို့ကိုးကွယ်သော ဘာသာအလျောက် များစွာသော ဗုဒ္ဓဘာသာကျောင်း, ပုထိုးစေတီများနှင့် ဟိန္ဒူဘုရားကျောင်း အမြောက်အများ တည်ထားဆောက်လုပ်ကြလေ-ကုန်၏။

၎င်းကျွန်းမှ ဗုဒ္ဓဘာသာ အယူဝါဒများသည် အနီးအနားကျွန်းနိုင်ငံများသို့လည်း ကျယ်ပြန့်ကာ ယဝကျွန်း, ဂျဝါကျွန်း, ဘာလီကျွန်းများနှင့်တကွ မလယ မလေးကျွန်းဆွယ်သို့ တိုင်ရောက်အောင် ဗုဒ္ဓသာသနာတော် ထောက်ပ၍ သာသနာ့နိုင်ငံတော်အောက်သို့ ရောက်ကြကြောင်း။

သို့ရာတွင် တရုတ်ရဟန်းတော် အရှင်ဖါဟိုင်း သီဟိုဠ်မှ တရုတ်ပြည်သို့အပြန် သင်္ဘောဖြင့် ၎င်းကျွန်းသို့ရောက်ခဲ့၍ ၎င်း၌ ၅-လမျှနေထိုင်ခဲ့ရာ အားနည်းနေသော ဗုဒ္ဓ

ထိုသို့အရပ်ဒေသအလျောက် ထွန်းပသော သာသနာကို အစွဲပြု၍ ထေရဝါဒ သာသနာကို တောင်ပိုင်းတိုင်းနိုင်ငံများနှင့် တောင်စွန်းကျသော သီဟိုဠ်ကျွန်းတို့၌ ထွန်းကားသဖြင့် **တောင်ပိုင်းသာသနာ**၊ အခြားဂိုဏ်းကား မြေပုံအားဖြင့် မြောက်ပိုင်း ကျသောကြောင့် **မြောက်ပိုင်းသာသနာ**အတွက် ဟူ၍ကွဲပြားလာခဲ့သည့်အပြင် မဟာသံဃိက အယူအားဖြင့်-

**ဟိနယာနသာသနာ** ထေရဝါဒအယူဝါဒမှာ လျှို့ဝှက်တိမ်မြုပ်၍ ခဲခက်သောကြောင့် **ဂုယှယာန, ကထိနယာန**

**မဟာယာနသာသနာ** မဟာသံဃိကအယူဝါဒမှာ ပေါ်လွင်သိမြင်လွယ်ကူသောကြောင့် **ဗျတ္တယာန, သဟဇယာန**-

ဟု အများဂိုဏ်းသားများ ထင်မြင်ယူဆခေါ်ဝေါ်ကြလျက် ၎င်းကား မဟာယာနဂိုဏ်းများ၌ ထင်ရှားကုန်၏။

ဤသို့ နှစ်ပေါင်း ၁၀၀၀-ကျော်အတွင်း ဖြစ်ပျက်ခဲ့သော အကြောင်းအရာများ ရေးသားခဲ့ပြီးသော အပိုင်းများ၌ ဖော်ပြခဲ့သည့်အတိုင်း ဓမ္မနှင့်ဆန့်ကျင်သော မိမိတို့ဂိုဏ်းဝါဒ များကို အများနှစ်သက်လိုက်နာအောင်ဆွဲဆောင်ကာ ပြာဟ္မဏဘာသာသို့ ညွတ်လျက် ရှိသော မဟာယာနအယူဝါဒကိုသာ အားလုံးတို့နှစ်သက်သည်များ၍ တရားဟုတ်မှန် ကောင်းမွန်ကျနသော ထေရဝါဒဂိုဏ်းကြီးမှာကား ကြပ်တည်းသော အကျင့်တရားရှိသည် အားလျော်စွာ လိုက်နာသူနည်းပါးလျက် တရားတော်ကို အလွန်ကြည်ညိုခင်မင်သော ပုဂ္ဂိုလ် များသာ ၎င်းဝါဒလိုက်နာကြသဖြင့် ၎င်းထေရဝါဒဂိုဏ်းကြီး တဖြည်းဖြည်းအားနည်း လာပြီးလျှင် အလယ်ပိုင်းတိုင်းနိုင်ငံတို့မှ လျော့ကျလာခဲ့လေသည်။

၎င်းပြင် နှစ်ပေါင်း ၁၀၀၀-ကျော်ခေတ်၌လည်း ထိုနည်းအတူ ၎င်းနိုင်ငံတို့၌ မဟာယာနဂိုဏ်းကြီးသာ ပွားစီးလျက် ၎င်း၏ ပင်မဌာနကြီးဖြစ်သော **နာလန္ဒကျောင်းတော်** ကြီးကား အထူးအားဖြင့်စည်ကားလာပြီး ကမ္ဘာ့အံ့ချီးဖွယ်တစ်ခု သာသနာဝင်တွင် ထင်ရှား လာ၍ ၎င်း၏မှတ်တမ်းများ၌လည်း ခမ်းနားကြီးကျယ် ကမ္ဘာဝယ် အကြီးဆုံးသော ဘာသာ ကြီးတစ်ခု ဖြစ်ထွန်းသည်တိုင်အောင် ကမ္ဘာကြီး၌ ဖြန့်ဖြူးလျက်ရှိကြောင်း ကမ္ဘာ့လူဦးရေ စာရင်းအားဖြင့် ထင်ရှားကြောင်း မှတ်သားအပ်၏။

ထေရဝါဒဂိုဏ်ကြီးကား တရားဆန့်ကျင်ကာ အများလိုက်နာတိုးပွားသည်ကို ပမာနမထားဘဲ ဘုရားရှင်လက်ထက်တော်ကအတိုင်း မပျက်မစီး အသီးသီးဆောင်ရွက်- တော်မူကြကာ ပိဋကတ်တော်နှင့်ညီညွတ်သော ကျင့်ဝတ်၊ ပဋိပတ်များကိုသာ ပမာန-

ထားလျက် သန့်ရှင်းသည်ထက်သန့်ရှင်းအောင် ကောင်းမွန်စွာ ဆောင်ရွက်လာကြ၍ ယခုခေတ်ကာလတိုင်အောင် ဦးရေပင်နည်းပါးသော်လည်း ထင်ရှားလျက်ရှိရာ အနာဂတ်သာသနာ၌လည်း သန့်ရှင်းကောင်းမွန်သောဝါဒ တိုးတက်လာရန် အားထုတ်ဆောင်ရွက်တော်မူကြကုန်၏။

၎င်းထေရဝါဒသာသနာတော်ကား အလယ်ပိုင်းနိုင်ငံများမှ နိမ့်ကျခဲ့သော်လည်း တောင်ပိုင်းနိုင်ငံများမှာ နှစ်ပေါင်း ၁၀၀၀-ကျော် အခါ၌ ရှေးအတိုင်းပင်စည်ကားလျက် အထူးအားဖြင့် ပရိယတ္တိသာသနာထွန်းကား၍ များစွာသောကျမ်းပြုမထေရ်များ သီဟိုဠ်ကျွန်းနှင့်အတူ ထွန်းကားသောခေတ်ဖြစ်သည့်အတိုင်း ထိုခေတ်က များစွာသော သာသနိက ကျမ်းဂန်များကို ပြုစုကြလေကုန်၏။

သာသနာဝင်မှတ်တမ်းများအရ နှစ်ပေါင်း ၉၀၀-ကျော်ခေတ်က အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ် ရေးသားစီရင်အပ်သော အဋ္ဌကထာများသည် မကျဉ်းမကျယ်မှတ်သားလွယ်သောကြောင့် ရှေးကအဋ္ဌကထာများရှိစေကာမူ ခေတ်မစားတော့ဘဲ တိမ်မြုပ်သွားကြသဖြင့် ၎င်းတို့၏အကြောင်းအရာ အမည်ပညတ်မှတပါး ရေးသားဖွယ်မကျန်သောကြောင့် အရှင်ဗုဒ္ဓဃောသ၏ အဋ္ဌကထာသစ်များကို ထေရဝါဒသာသနာဝင် ကျမ်းပြုခေတ်ကြီးတွင် အမွန်အစထားလျက် ရေးသားအပ်ကုန်၏။

၎င်းပြင် ထိုခေတ်တွင် အခြားကျမ်းပြုမထေရ်များရှိကြ၍ အရှင်မဟာဗုဒ္ဓဃောသအဋ္ဌကထာများ မပြုမီ အရှင်မဟာဗုဒ္ဓဒတ္တသည် ဗုဒ္ဓဝံသအဋ္ဌကထာနှင့် အဘိဓမ္မာ၏ သံခေပအဋ္ဌကထာတို့တွင်ပါဝင်သော အဘိဓမ္မာဝတာရ အဋ္ဌကထာကို ပြုစီရင်ကြောင်း၊ ထိုအရှင်ကား ရှေးဦးစွာ အဋ္ဌကထာပြုစု၍ ပိဋကတ်များ ကူးယူခွင့်တောင်းရာ ၎င်းဗုဒ္ဓဝင်အဋ္ဌကထာကို ထောက်ထား၍ စကားမလေးဟု သီဟိုဠ်မထေရ်ကြီးများက ခွင့်မပေးသဖြင့် ပြန်အလာတွင် အရှင်မဟာဗုဒ္ဓဃောသနှင့် သင်္ဘောချင်းဆုံ၍ အလုံးစုံပြောကြားသည်အားလျော်စွာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို ပြုစီရင်သဖြင့် လေးနက်သော အရေးအသားကိုအကြောင်းပြုလျက် ပိဋကတ်တော်ကို ကူးယူခွင့်ရကြောင်း အရှင်မဟာဗုဒ္ဓဃောသအတ္ထုပ္ပတ္တိတို့၌ လာ၏။

ထိုမှတပါး ကျမ်းပြုနှစ် အပိုင်းအခြား မရေးသားသော်လည်း ရာဇဝင်နှင့်မဟေယာရဲ မြတ် သီတင်းသုံးတော်မူသည့် ကျောင်းတိုက်တို့ကို ထောက်သ၍ ၁၀၀၀-အတွင်း, ၁၀၀၀ ကျော်သို့မဟုတ် သံခေပအဋ္ဌကထာများနောက် မကြာမီခေတ်တွင် စီရင်သည်ဟု ခန့်မှန်းရသည့်-

- **အဘိဓမ္မတ္ထသင်္ဂဟကျမ်း**

- **နာမရူပ ပရိစ္ဆေဒကျမ်း**

- **ပရမတ္ထဝိနိစ္ဆယကျမ်းများကို** ရေးသားစီရင်တော်မူသော **အရှင်အနုရုဒ္ဓါမထေရ်**

- **မောဟဝိစ္ဆေဒနီအဋ္ဌကထာကို** ပြုစီရင်တော်မူသော **အရှင်ကဿပမထေရ်**

စသော အဘိဓမ္မာဆိုင်ရာ **လက်သန်းအဋ္ဌကထာများအပြင်-**

- ဝိနည်းဘက်ဆိုင်ရာ **ခုဒ္ဒသိက္ခာ ဝိနည်းငယ်ကျမ်းကို** ပြုစီရင်သော **အရှင်ဓမ္မသီရိ** စသော ကျမ်းပြုမထေရ်တို့ ထင်ရှားရှိကြ၍ ၎င်းတို့ကို ပါဠိဘာသာအားဖြင့် ထေရဝါဒ အားလျော်စွာ ရေးသားစီရင်ကြကုန်၏။

ထိုခေတ်တွင်ပင် အခြားမဟာသံဃိကဂိုဏ်းတို့၌လည်း အလွန်များပြားသော သုတ်များ၏ အဖွင့်ကို ဗြာဟ္မဏဘာသာသက်ဝင်သည့်အတိုင်း သကတဘာသာပြန်ဆိုခြင်းပြု၍ ၎င်းတို့ဝါဒကိုလည်း အပြည်ပြည်သို့ ဖြန့်ဖြူးကြရာ များသောအားဖြင့် ၎င်တို့ဝါဒသည် အနောက်မြောက်ပိုင်းတိုင်းနိုင်ငံများသို့ရောက်၍ ၎င်းမှတဆင့် တရုတ်နိုင်ငံသို့၊ ၎င်းအနီးအနား ထက်ဝန်းကျင်နိုင်ငံများနှင့် ကျွန်းများသို့ပျံ့သွားကြလေသည်။

၎င်းတို့ရေးသားသော မဟာယာနဂိုဏ်းကျမ်းဂန်တို့တွင် **လလိတဝိတ္ထာရ**-သကတ ဗုဒ္ဓဝင်နှင့် **အရှင်အဿဃောသ** စီရင်သော **ဗုဒ္ဓစရိတ**-ဘုရားရှင်၏ အဖြစ်တော်ကျမ်းများ အပြင် **သုန္ဒြနန္ဒကာဗျကျမ်းများ**, ပိဋကတ်များမှ ထုတ်နုတ်၍ ဝေဒန္တဖြစ်သော **ယောဂကျမ်း**, **ဝိသေသိကကျမ်း** စသည်တို့နှင့် ညှိနှိုင်းကာ **ယောဂါစာရကျမ်းများ**စသည် ထင်ရှားသောကျမ်းများနှင့် အခြားများစွာသောကျမ်းများ ပြုစုဖြန့်ဝေလျက် ၎င်းတို့ဝါဒ လွယ်ကူသည် အားလျော်စွာ ကမ္ဘာအဝှမ်း၌များစွာ တိုးတက်ထွန်းကား အများဆုံးသောဝါဒကြီးတစ်ခု ဖြစ်ထွန်းခဲ့လေပြီ။

ထေရဝါဒသာသနာမှာ ၁၂၀၀-ခေတ်တိုင်အောင် ရဟန္တာမထေရ်များ သံဂါယနာ တင်တော်မူခဲ့အတိုင်း ပိဋကတ်တော်များနှင့် ၎င်းအားလျော်သော အဋ္ဌကထာများအရ လိုက်နာကျင့်သုံးကြသော်လည်း မဟာယာနဂိုဏ်း ကျမ်းဂန်များမှာမူ မြတ်စွာဘုရား တိုက်ရိုက်ဟောကြားတော်မူသော ဒေသနာတို့ကို 'နှလုံးသွင်း **မာနသိက**ဒေသနာ ခြွင်းချန်ထားသည်'ဟု ယူဆကာ ၎င်းတို့အလိုရှိရာ ဝါဒအယူများ စွက်ဖက်လျက် မိမိတို့လိုရာသို့ ဆွဲယူပြင်ဆင်ရေးသားသော သုတ်များသာ များကုန်၏။

သို့ဖြစ်၍ ၎င်းဂိုဏ်းသားတို့၏ အယူဝါဒအားဖြင့် အများလိုက်နာနိုင်အောင် ထင်ရှား ပေါ်လွင်သိမြင်လွယ်သော အနက်အဓိပ္ပာယ်တို့ကို ယူလျက်ကျင့်ကြံအားထုတ်သော ဂိုဏ်းကြီးဖြစ်၍ -

- သဟဇယာန-လွယ်ကူသောဂိုဏ်းယာဉ်ဟု ခေါ်ကြ၍
- ထေရဝါဒဂိုဏ်း အယူဝါဒကိုကား ခက်ခဲလေးနက် အသိခက်သောကြောင့် ကထိနယာန-ခဲခက်သောဂိုဏ်းယာဉ်-ဟု ခေါ်ဝေါ်သမုတ်ကြကုန်၏။

ဤသို့သာသနာတော်ကြီးသည် နှစ်ပေါင်း ၁၀၀၀-ကျော် ခေတ်ကြီးအတွင်းမှာ ၂-ဂိုဏ်းလုံးပင် စည်ပင်ထွန်းကား ပညာရှိအများတို့၏ များစွာသောကျမ်းဂန် ရေးသားခြင်း ဖြင့် သာသနာကို မြင့်တင်သော ခေတ်ကြီးဖြစ်၍ အလယ်ပိုင်းတိုင်းနိုင်ငံ နာလန္ဒကျောင်းတိုက် ကြီး အလွန်ကြီးပွားလျက် တက္ကသီလာ, ဂန္ဓာရစသော အနောက်မြောက်တိုင်းနယ်များ ထိအောင် ၎င်းတို့၏မဟာယာန အယူဝါဒ ပျံ့နှံ့ထွန်းကားလျက် ထေရဝါဒဂိုဏ်းသာသနာ မှာကား တောင်ပိုင်းတိုင်းနိုင်ငံများနှင့် သီဟိုဠ်ကျွန်းတို့အပြင် အခြားထေရဝါဒထွန်းကားသော မြန်မာ, ယိုးဒယား, ကမ္ဘောဒီးယား စသောနိုင်ငံများ၌ ထွန်းကား၍ ထိုခေတ်ကများစွာသော အဌကထာဋီကာများနှင့် သာသနာတော်နှင့်ဆိုင်ရာ ကျမ်းဂန်များစွာတို့ကို ရေးသားကာ သာသနာတော်ကြီးကို တိုးတက်ထွန်းကားစေကုန်၏။

ထိုခေတ်၌ပင် အရှင်မဟာဗုဒ္ဓဃောသစီရင်သည်မှ ကြွင်းကျန်သော အဌကထာ များကို စီရင်ရေးသားသည့်အပြင် မထေရ်မြတ်စီရင်သော အဌကထာများ၏အဖွင့် သံဝဏ္ဏနာဋီကာများ ရေးသားစီရင် သာသနာတော်စည်ပင်အောင် ဆောင်ရွက်အားထုတ် တော်မူကြကုန်၏။

## သာသနာနှစ် ၁၀၀၀-ကျော်က အဌကထာ, ဋီကာပြုသာသနာပြု

## အရှင်ဓမ္မပါလမထေရ်အကြောင်း

ဤသို့ သာသနာတော် ၁၀၀၀-ကျော်ခေတ်တွင် များစွာသောကျမ်းဂန်များ ရေးသားပြုစုကာ ပရိယတ္တိသာသနာတော်ကြီးကို ပွါးစီးတိုးတက်စေသည့်အပြင် မှန်ကန် သော ပဋိပတ္တိလမ်းစဉ်ကိုလည်း မြှင့်တင်တော်မူသော အထင်ရှားဆုံးမထေရ်မြတ်မှာ ကဋ္ဌိပူရ မြို့တော် ပဒရတိတ္ထကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူသော အရှင်ဓမ္မပါလမထေရ်ပဲ ဖြစ်၍ ထိုအရှင်မြတ်သည်လည်း အရှင်ဗုဒ္ဓဃောသမထေရ်ကဲ့သို့ သီဟိုဠ်ကျွန်းနှင့်ဟာပု

တောင်ပိုင်းတိုင်းနိုင်ငံများ၌ ထင်ရှား၍ အရှင်ဗုဒ္ဓဃောသမထေရ်၏ အဋ္ဌကထာများမှ ကြွင်းကျန်သော အဋ္ဌကထာများကို ဆက်ခံရေးသားတော်မူခဲ့လေသည်။

ထိုအရှင်သည်လည်း အရှင်ဗုဒ္ဓဃောသမထေရ်မြတ်ကဲ့သို့ သီဟိုဠ်ကျွန်းသို့ **အရှင်မဟာမဟိန္ဒ**လက်ထက်တော်မှစ၍ ကျွန်းသားတို့အလို့ငှာ သီဟိုဠ်ဘာသာဖြင့် ရေးသားခဲ့သော မဟာအဋ္ဌကထာနှင့် ရှေးအဋ္ဌကထာကြီးများ လေ့လာတော်မူရန် ကြွတော်မူပြီးလျှင် မဟာဝိဟာရဝါသီ ဂိုဏ်းသားတို့၏ အယူဝါဒနှင့် သီဟဠဘာသာကို လေ့လာတော်မူပြီး နောက်-

- အရှင်မဟာဗုဒ္ဓဃောသ ရေးသားသော **အဋ္ဌကထာများနှင့်**
- အရှင်ဗုဒ္ဓဒတ္တရေးသားတော်မူခဲ့သော **ဗုဒ္ဓဝံသအဋ္ဌကထာ**၊
- အရှင်မဟာနာမ ရေးသားတော်မူခဲ့သော **ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ**၊
- အရှင်ဥပသေနရေးသားခဲ့သော **စူဠနိဒ္ဒေသအဋ္ဌကထာ, မဟာနိဒ္ဒေသအဋ္ဌကထာ**-
- ကျမ်းပြုအရှင် မထင်ရှားသော **အပဒါန အဋ္ဌကထာ**မှတပါး-

၁။ **ဣတိဝုတ္တ အဋ္ဌကထာ**၊

၂။ **ဥဒါန အဋ္ဌကထာ**၊

၃။ **စရိယာပိဋက အဋ္ဌကထာ**၊

၄။ **ဝိမာနဝတ္ထု အဋ္ဌကထာ**၊

၅။ **ပေတဝတ္ထု အဋ္ဌကထာ**၊

၆။ **ထေရဂါထာ အဋ္ဌကထာ**၊

၇။ **ထေရီဂါထာ အဋ္ဌကထာ**၊

၈။ **နေတ္တိ အဋ္ဌကထာ**-

တို့ကြွင်းကျန်လျက် ရှိနေသေးသည်ကို ရေးသားရန် သီဟိုဠ်မထေရ်တို့ တောင်းပန်ကြ၍ ဆိုခဲ့ပြီးအဋ္ဌကထာများကို အရှင်ဗုဒ္ဓဃောသမူကို အခြေခံထားပြီးလျှင် ထိုမူအတိုင်း ရေးသားတော်မူခဲ့၏။

ထိုမှတပါး ဆိုခဲ့ပြီး အဋ္ဌကထာများမှတပါး အရှင်ဗုဒ္ဓဃောသ(ရေး) အဋ္ဌသာလိနီ အဘိဓမ္မာ အဋ္ဌကထာ၏ ခဲခက်သောအရာကို အရှင်အာနန္ဒာဖွင့်ဆိုသည့် လက်မွန်ဖြစ်၍

မူလဋီကာမည်သော ဋီကာမှာ သိပ်သည်းလွန်းလှသဖြင့် အသေးစိတ် ထပ်မံဖွင့်ဆိုအပ်သော-

- အဘိဓမ္မာ အနုဋီကာနှင့်
- ဝိသုဒ္ဓိမဂ်ဋီကာ
- ဒီဃနိကာယ်ဋီကာ
- မဇ္ဈိမနိကာယ်ဋီကာ
- သံယုတ္တနိကာယ်ဋီကာ

ဤဋီကာ ကျမ်းကြီးများကိုလည်း ပြုစုတော်မူ၍- အဘိဓမ္မာ၏အနက်အဓိပ္ပာယ်များကို အလွယ်နှင့်သိရန် သစ္စသင်္ခေပလက်သန်းအဋ္ဌကထာကျမ်းကို ပြုစုတော်မူ၏။

အရှင်အနုရုဒ္ဓါမထေရ်စီရင်တော်မူသော သင်္ဂဟအဋ္ဌကထာနှင့် ဝိနိစ္ဆယများကို ထောက်ဆလျှင် ထိုအရှင်လည်း အရှင်ဓမ္မပါလဆရာမြတ်တို့နှင့် မရှေးမနှောင်း မဝေးကွာသောခေတ်မှာပင် ဖြစ်နိုင်သည်ဟု ခန့်မှန်းနိုင်သည့်အပြင် ဝိနည်းအရာ အကျဉ်းသင်္ခေပ ခုဒ္ဒသိက္ခာကျမ်းကို ပြုစုတော်မူသော အရှင်ဓမ္မသိရိလည်း ၎င်းခေတ်မှာရေးသားခဲ့လိမ့်ဟု မှတ်ယူနိုင်ကုန်၏။

ထိုမှ နောက်ဖြစ်သော သာသနာခေတ်များ၌လည်း ရှေးကပြုစုတော်မူခဲ့ကြသော မထေရ်များ၏မှုကို အခြေခံထား၍ ထိုနည်းအားဖြင့်အဆက်ဆက်သော မထေရ်များတို့သည် ရှေးဖွင့်ဆိုတော်မူခဲ့ကြသော အဋ္ဌကထာ, ဋီကာများ၏ မပေါ်လွင်သော အနက်အဓိပ္ပာယ်တို့ကို ထုတ်ပြသော များစွာသောဂဏ္ဌိပဒကျမ်းတို့ပြင် သာသနာဝင်နှင့် စပ်ဆိုင်သော မဟာဝံသ, စူဠဝံသ, ဒီပဝံသ, ထူပဝံသ, ဒါဌာဓာတုဝံသ-ကျမ်းဂန်များ၊

ထိုမှတပါး နောက်ခေတ်များ၌ သကတဗျာကရဏ်းကျမ်းကိုမှီထားလျက် ပါဠိပိဋကတ် ကျမ်းဂန်များနှင့် သင့်တင့်ညီညွတ်သော ကစ္စာယန, မောဂ္ဂလာန စသော ဗျာကရဏ်းကျမ်း

ထိုအတူ သကတ အဘိဓာန်, ဆန်း, လင်္ကာကျမ်းများကို အမှီပြုကာ ပြုထားလျက် ပါဠိအားလျော်သော အဘိဓာန်, ဆန်း, လင်္ကာကျမ်းများ၊

ထို့အပြင် သဒ္ဒါနှင့်စပ်သော ပုတ်သားဖွယ် သဒ္ဒါငယ်ကျမ်းများ စသည်တို့ကို ရေးသားတော်မူကြကာ သာသနာနှင့်စပ်သော ပညာရှိများ ထွန်းပေါက်ခဲ့ကြလေတော့သည်။

ထိုမှတပါး ထေရဝါဒသာသနာတော် ပျံ့နှံ့ရာတိုင်းနိုင်ငံများ၌လည်း ပရိယတ္တိသာသနာတော်ထွန်းကား၍ ထိုခေတ်မှ နောက်လက်ထက်များ၌ ပါဠိအဋ္ဌကထာ ဋီကာကျမ်းများနှင့် သဒ္ဒါဗျာကရုဏ်းကျမ်းတို့နှင့် ဆိုင်ရာများစွာသော ကျမ်းဂန်များပြုစုရေးသားကာ ပိဋကတ်ဓမ္မက္ခန်တို့ကို ချီးမြှောက်လျက် ပရိယတ္တိသာသနာတော် တောက်ပစေကုန်၏။

ဤသို့လျှင် ပိဋကတ်ကျမ်းဂန်စာပေများကို ပြုစုကာ သာသနာတော်ကို ချီးမြှောက်လာသောခေတ်ကား ထိုအရှင်မဟာဗုဒ္ဓဃောသမထေရ်၊ အရှင်ဓမ္မပါလမထေရ်-စသောမထေရ်မြတ်တို့ လက်ထက်တော်မှစ၍ ယခုထက်တိုင်အောင်ပင် ထေရဝါဒသာသနာထွန်းလင်းသော တိုင်းနိုင်ငံများ၌ ခေတ်စားလျက်ပင် ရှိကြသေး၍ ၎င်းတို့ဆိုင်ရာတိမ်မြုပ်သောအနက်များ ထင်ရှားစေရန် များစွာသောကျမ်းဂန် နိသျည်းများ ရေးသားဖြန့်ဖြူးကာ သာသနာတော်ကို ဆောင်ရွက်ကြကုန်၏။

## ဗုဒ္ဓသာသနာ တွန်းလှန်သူများ၊ သက်ရာစရိယစသည်

ပိဋကတ်စာပေများ ထွန်းကား ပရိယတ္တိသာသနာတော်ကြီးပွားသော သီဟိုဠ်ကျွန်းမှာ ယခုအခါတိုင်အောင် ဘေးမရှိဘဲ စည်ပင်လျက်ရှိသော်လည်း ထေရဝါဒဂိုဏ်းကြီးပွားစီးဖြစ်ထွန်းရာ တောင်ပိုင်းနိုင်ငံများမှာကား သာသနာတော် ၁၃၀၀-ကျော်လောက်မှစ၍ သာသနာတော်နှင့်ဆန့်ကျင် ဗြာဟ္မဏဘာသာဝင်များ ၎င်းတို့အယူဝါဒများ ထုတ်ဖော်ဟောပြ ထိုဝါဒသို့တိမ်းညွတ်ကြကာ လိုက်နာသူများတိုးပွားလာကြသဖြင့် ဗုဒ္ဓသာသနာတော်နိုင်ငံတော်မှာ ယုတ်လျော့လျက် အချို့ရဟန်းသံဃာများလည်း သီဟိုဠ်ကျွန်းဘက်သို့ကူးသွားကြပြီး ၎င်းကျွန်း၌သာထင်ရှားကျော်ကြား၍ ၁၇၀၀-လောက်မှာကား ၎င်းတောင်ပိုင်းနိုင်ငံများ၌ သာသနာတော်မရှိသလောက် ကွယ်ပျောက်သွားသည့်အပြင် ဗြာဟ္မဏဘာသာဝင်တို့သာ ထင်ရှားကုန်ကြ၏။

ထို့ပြင် အလယ်ပိုင်းမဇ္ဈိမနိုင်ငံများ၌လည်း သာသနာတော် ၉၀၀-ကျော်က မဟာယာနမဟာသံဃိက သာသနာထွန်းကားလာသည်နှင့်အညီ နှစ်ပေါင်း ၁၀၀၀-ကျော်မှာ ၎င်းတို့သာသနာ သာလွန်စည်ကားလျက် ၎င်းတို့၏ မူလပဘဝ မူလတည်ထွန်းရာ နာလန္ဒကျောင်းတော်ကြီးမှာ များစွာသောပညာရှိများ စုဝေးလျက် ဗုဒ္ဓဘာသာ ကျမ်းဂန်ပညာအရပ်ရပ်များနှင့် ဝေဒင်္ဂကျမ်းဂန် ပညာအရပ်ရပ်များအပြင် လူတို့တတ်အပ်သော အဋ္ဌာရသဝိဇ္ဇာ သိပ္ပပညာ အရပ်ရပ်များကိုပါ သင်ကြားပို့ချသဖြင့် အနိုင်နိုင်ငံမှ ပညာသုတရှာဖွေကြသောသုတေသီ များစုဝေးရာ ဌာနကြီးတစ်ခုအဖြစ်သို့ရောက် ကြီးမြောက်ခဲ့လေသည်။

ထိုအတူ အနောက်မြောက်ပိုင်းတိုင်းနိုင်ငံများ၌လည်း မဟာယာန အများဂိုဏ်း သာသနာထွန်းကား၍ များစွာသော ကျမ်းပြု, သာသနာပြု ပုဂ္ဂိုလ်များပေါ်များသဖြင့် ၎င်းနှင့် ဆက်သွယ်လျက်ရှိသော **တရုတ်, တိဗက်**စသောတိုင်းနိုင်ငံများသို့လည်း သွားရောက်ကာ များစွာသော ပိဋကတ်ကျမ်းဂန်များကိုလည်း ဘာသာပြန်ဆို ရေးသားအားထုတ်ကြလျက် ၎င်းတို့ သာသနာ တိုးတက်ကြီးပွားကြောင်း အထူးသဖြင့် ဆောင်ရွက်အားထုတ်ကြကုန်၏။

ဤသို့ ဌာနအသီးသီး၌ သာသနာတော်ကြီး ပွားစီးစေရန် အားထုတ်ကြသောခေတ် မှာပင် သာသနာ့ဘေးရန်များ တဖြည်းဖြည်းတိုးပွားလာ၍ တစတစ ၎င်းတို့ဘာသာဝါဒ ဘက်သို့ တိမ်းညွတ်အောင် ဆွဲဆောင်ကြလျက် ၎င်းနှစ်ပေါင်း ၁၃၀၀-ကျော် ၎င်းအတွင်း၌ **သက်ရာစရိယ, မာဓဝါစရိယ, ရာမနုဇ**စသော ဝေဒန္တအယူဝါဒရှိသော ဆရာကြီးများ ၎င်းတို့ အယူဝါဒအားလျော်စွာ ကျမ်းဂန်များ, ဝေဒန္တသုတ်များ ရေးသားလျက် နယ်အရပ်ရပ်သို့ လှည့်လည်သွားကာ ဗြာဟ္မဏဘာသာတရားပြောကြားသဖြင့် ၎င်းတို့၏ ဘာသာဝါဒသို့ လိုက်နာသူများ တစတစတိုးပွားလာခဲ့၍ ဗုဒ္ဓဘာသာတရားမှာမူကား ထိုခေတ်က အသစ်ဟောကြားပြုစုသူ နည်းပါးသဖြင့် ၎င်းတို့ရောက်ရှိရာဒေသများ၌ အချို့ အယူဝါဒ ပျက်ပြား၍ အချို့ကား အားနည်းသွားကြလေသည်။

၎င်းတို့တွင် သက်ရာစရိယဆရာကား ၎င်းတို့၏ဝေဒန္တအယူအားလျော်စွာ အဒွိတ္တ အယူဝါဒရှိသူဖြစ်၍ ၎င်းဝါဒအရ ကျမ်းဂန်ထုတ်ဝေဖြန့်ဖြူးကာ တောင်ပိုင်းတိုင်းနိုင်ငံတို့၌ ဟောပြောပြီးလျှင် မြောက်ပိုင်းတိုင်းနိုင်ငံများဖြစ်သော **ကာသိ**စသော ဟိန္ဒူနယ်များ၌လည်း ဟောပြောကာလိုက်နာသူများ၍ ထင်ရှားလာခဲ့သည်မှာ ၎င်းတို့အတ္ထုပ္ပတ္တိရေးသားသော ဆရာတို့၏နှစ်အရ သာသနာတော် ၁၃၀၀-အတွင်းလောက်ကဖြစ်သဖြင့် သာသနာ တော်လည်း ထိုအခါက အချို့အရပ်တိုင်းနယ်ဒေသတို့၌ အားနည်းခိုက်ဖြစ်၍ မင်းများလည်း သာသနာမချီးမြှောက်သောခေတ်ဖြစ်သည့်အတိုင်း ၎င်းသို့ ကိုင်းရှိုင်းသူ များလာခဲ့လေသည်။

သို့ဖြစ်ရာ အချို့ဟိန္ဒူအယူဝါဒရှိသူများက သက်ရာစရိယသည် ဗြာဟ္မဏယမှ ဗုဒ္ဓအယူဝါဒ များကိုဖြိုဖျက်ကာ ဟိန္ဒူအဒွိတ္တအယူဝါဒ တည်ထောင်သောဆရာကြီးတစ်ဆူဖြစ်၍ ၎င်းကို အထူးချီးကျူးကာ ယခုအခါတိုင်အောင် ပြောလေ့ရှိကြသော်လည်း ဗုဒ္ဓသာသနာတော် ကြီးကား မင်းစသောချီးမြှောက်သူ အားနည်းခိုက် သာသနာတော်၌ နေထိုင်ကြသော ရဟန်း တို့မှာ မဟာယာနသာများသဖြင့် ၎င်းဝါဒကလည်း ဗြာဟ္မဏဘာသာ အားသည်းသည် အား လျော်စွာ ၎င်းတို့ဘက်ပါကြ၍ ထေရဝါဒအားကြီးသော ကဉ္စိပူရ (မဒရပ်နယ်) စသော တောင်ပိုင်းတို့မှာကား ၁၇၀၀-ကျော် ၂၀၀၀-နီးပါးတည်လျက်ရှိကြောင်း ကာလျှော် ကျောက်စာ စသည်တို့ကို ထောက်ထား၍ ထင်ရှား၏။

၎င်းနောက်လည်း, **မာဓဝါစရိယ, ရာမနုဇ** စသော ဟိန္ဒူဝါဒတည်ထောင်သူများ ထွန်းကားလာ၍ ဟိန္ဒူဝါဒကား ယခုခေတ်တိုင် တည်နေနိုင်သော်လည်း ဗုဒ္ဓအယူတည်းဟူသော ထူးမြတ်သောဝါဒမှာကား အစားထိုးလျက် တိုးတက်ထွန်းကားအောင် ပြုပြင်သူနည်းပါး၍ အားနည်းကာ ယိမ်းယိုင်တိမ်းပါး တစစပျက်ပြားလာခဲ့၍ သာသနာတော် ၁၂၀၀-ကျော်ခေတ်မှာ လုံးဝကွယ်ပနီးပါး ဖြစ်ပွားခဲ့လေသည်။

၎င်းတို့နောက် အိန္ဒိယအနောက်မြောက်ပိုင်းမှ မဟာမက် အယူဝါဒရှိသော မိုဆလင်ဘာသာဝင်ဘုရင်များ ခြေနင်းဝင်ရောက်ကာ ၎င်းတို့၏ အာဏာသည် တစစလွှမ်းမိုးလာခဲ့ရာ အလယ်ပိုင်းတိုင်းနယ်များသို့ သာသနာတော် ၁၅၀၀-ကျော်မှာ ရောက်လာကာ အခြားဝါဒများ၏ အဆောက်အဦးများ ဖြိုဖျက်ကြသည်တွင် ဟိန္ဒူဘာသာဝင်တို့ကား အစားထိုးကာ ဘာသာရေးအဆောက်အဦးများ ပြန်လည်ဆောက်လုပ်နိုင်ငြားသော်လည်း ဗုဒ္ဓဘာသာတို့ကား အားနည်းသောခေတ်ဖြစ်၍ အသစ်မထူထောင်နိုင်တော့ဘဲ ပြိုကွဲပျက်ဆီးရလေတော့သည်။

ဤသို့အားဖြင့် ဗုဒ္ဓဘာသာ ဘေးရန်များလည်း ၎င်းတို့အားရှိသောခေတ်၌ ဘာသာတော်မြတ်ကို တွန်းလှန်ကာ ၎င်းသို့ဘာသာသစ် ထူထောင်လျက် ပန္နက်ချစိုက်ပျိုးကာ ထူထောင်တိုးတက်လာကြသဖြင့် မွန်မြတ်လှသော ဗုဒ္ဓနိုင်ငံတော်ကြီးမှာ ထိုမူလအခြေခံ အမြစ်ကျရာတိုင်းဌာနမှ သူတော်ကောင်းတရားတို့ ထွက်ခွါ၍ ဆိပ်သုဥ်းကာ တည်ရှိခဲ့လေသတည်း။

## သာသနာတော် ၁၀၀၀-ကျော်၌ နိုင်ငံရေး, သာသနာရေးများ

ထိုသာသနာတော် ၁၀၀၀-ကျော်ခေတ်မှာ မဇ္ဈိမဒေသ အလယ်ပိုင်းတိုင်းနိုင်ငံများ၌ ဂုတ္တမင်းမျိုးများ အုပ်စိုးလွှမ်းမိုးသောခေတ်ဖြစ်၍ ၎င်းမင်းမျိုးများသည် ဗုဒ္ဓ-အယူဝါဒမဟုတ်ငြားသော်လည်း ဖျက်ဆီးခြင်းမပြုဘဲ ၎င်းတို့လက်ထက်၌ ဟိန္ဒူအယူဝါဒတိုးတက်သည်နှင့်အမျှ ဗုဒ္ဓဝါဒတော်လည်း ထွန်းကားတိုးတက်ကာ ၎င်းတို့ခေတ်အခါကတည်ဆောက်ခဲ့သော်လည်း ဗုဒ္ဓဘာသာဆိုင်ရာ အနုပညာရပ်များ ထိုထိုအရပ်၌ စိုက်ထူသောကျောက်စာများဖြင့် ထင်ရှားသည့်အပြင် အလယ်ပိုင်းတိုင်းနိုင်ငံများမှတပါး အခြားနိုင်ငံများတွင်လည်း ၎င်းခေတ်ဗုဒ္ဓဘာသာ အနုပညာရပ်များ တွေ့မြင်ကြရသောကြောင့် ဗုဒ္ဓနိုင်ငံတော်ကား စည်ကားလျက်ရှိကြောင်း ကောင်းစွာမှတ်သားအပ်၏။

ထိုဂုတ္တမင်းမျိုးများ၏ နောက်ခေတ်တွင်ကား ဗုဒ္ဓဘာသာဝင်ဘုရင်များ အုပ်စိုးလာသောခေတ်ဖြစ်၍ ၎င်းအလယ်ပိုင်းတိုင်းနိုင်ငံများတွင် ဗုဒ္ဓနိုင်ငံတော်ကြီး ပွားစီးကျယ်ပြန့်လာလေသည်။

သို့သော် ဧင်းကား မဟာယာနနိုင်ငံတော်ကြီး အားကြီးလာခြင်း, ထိုခေတ်က ဧင်းတို့ ဒေသရှိ မင်းများကလည်း ချီးမြှောက်ထောက်ပံ့လာခြင်း, လွယ်ကူသောအယူဝါဒ ဖြစ်၍ အများကလည်း လက်ခံလာခြင်းတို့ကြောင့် မဟာသံဃိက မဟာယာနဂိုဏ်း သားများ သာဖြစ်၍ ထေရဝါဒဂိုဏ်းသာသနာတော်ကား အရှေ့ပိုင်းတိုင်းနိုင်ငံများသို့၎င်း တောင်ပိုင်း တိုင်းနိုင်ငံများသို့၎င်း ရွှေ့ပြောင်းတည်ထောင်ကြရကုန်လေသည်။

## ဧင်းခေတ်၌ ဂုတ္တမင်းဆက်များ

ထိုဂုတ္တမင်းမျိုးများသည် အချို့မှတ်တမ်းများအရ အလယ်ပိုင်းတိုင်းနိုင်ငံ ကန္နောဇ္ဇ- ကန္နကုဇ္ဇကို မြို့တော်ပြုလုပ်တည်ထောင် အုပ်ချုပ်ကာ သာသနာ ၈၄၄-ခုတွင် ဧင်းတို့နိုင်ငံ အစပြုလျက် ဧင်းဂုတ္တမင်းဆက်အားဖြင့် -

၁။ မဟာရာဇ ဂုတ္တ၊
၂။ ဃာတောကစ္ဆ ဂုတ္တ၊
၃။ စန္ဒဂုတ္တ- (၁) သို့မဟုတ် ဝိက္ကမာဒိစ္စ၊
၄။ သမုဒ္ဒ ဂုတ္တ၊
၅။ စန္ဒ ဂုတ္တ (၂) သို့မဟုတ် ဝိက္ကမာဒိစ္စ၊
၆။ ကုမာရ ဂုတ္တ- သို့မဟုတ် မဟိန္ဒာဒိစ္စ၊
၇။ ခန္ဒဂုတ္တ-

ဟု ၇-ဆက်ရှိ၍ နှစ်ပေါင်း-၁၆၈-သာသနာတော်နှစ် ၁၀၀၀-ကျော်အောင် ဧင်းတို့ အာဏာတန်ခိုး လွှမ်းမိုးအုပ်ချုပ် စိုးစံခဲ့လေသည်။

ဧင်းမင်းဆက်များ အုပ်ချုပ်စိုးစံသည့် ခေတ်သမယအတွင်း ထွင်းထုစိုက်ထောင် ထားသော ကျောက်တိုင်, ကျောက်စာ အများအပြား, ဧင်းတို့လက်ထက် ထုလုပ်ကိုးကွယ် သော ရုပ်ပွားတော်များနှင့် အလွန်ပြောင်မြောက်သော အနုပညာလက်ရာများ ရှိကြသည် တွင် ၄-ဆက်မြောက် သမုဒ္ဒဂုတ္တမင်းတရား စိုက်ထူထားခဲ့သော ထင်ရှားသည့်ကျောက် စာတိုင်မှာ အလာဘတ်၌ တည်ရှိ၍ ဧင်းတို့နိုင်ငံတော်အကျယ်အဝန်းကို-

- တောင်ဘက် ကဉ္စိ, ကေရလာစသော တိုင်းများ
- မြောက်အပိုင်းအခြား အရိယာဝတ္တနယ်ပယ် အဆုံးနှင့်
- အရှေ့ဘက် အရှေ့ဝင်တိုင်း, သမတတ္ထ, အာသန်, ကာမရူပ

သို့တိုင်ရောက်အောင်စိုးပိုင်၍ လက်နက်နိုင်ငံတော်ပြုလုပ်ပြီး ၎င်းတို့မှ လက်ဆောင် ပဏ္ဏာတော်များ, အခွန်အတုပ်များ ဆက်သရကြောင်း ရေးသားထွင်းထုထားခဲ့လေသည်။

၎င်းပြင် အချို့မင်းများ ကောင်းမှုကုသိုလ်တော်များ တည်ထားပြုစုကြသည်တို့ကို ကမ္ပည်းကျောက်စာများ ရေးထိုးထားကြသည်တို့တွင် ၎င်းမင်းဆက် ၄-ဆက်မြောက် သမုဒ္ဒဂုတ္တ မင်းတရားနောက် အရိုက်အရာဆက်ခံသော စန္ဒဂုတ္တ (၂) မင်းတရားစိုက်ထူထားခဲ့သော ကျောက်စာမှာ **ဝေဒီသဂီရိ-ဆန်ချီ**မည်သော တောင်ငယ်၌ ကြီးကျယ်ခမ်းနားတင့်တယ်လှ စွာသော ရဟန်းသံဃာတော်တို့အတွက် ကျောင်းတော်ကြီးဆောက်လုပ် လှူဒါန်းတော်မူ သည့်အကြောင်းများဖြစ်၍ ၎င်းကျောင်းတော်ကြီး၏ အမည်ကား-**ကကနာဗောတ** *(ကကနဒဗောတ)*အမည်ဖြင့် ထင်ရှားလေသည်။ ထိုမှတပါး ထိုမင်းတရား၏ ကျောက်စာ များမှာ ဤမျှတွင်သာ မဟုတ် **မထုရာ(မဓုရာ)**မြို့တော်မှာလည်း တွေ့ရှိ၍ ၎င်း၏ အာဏာ ပျံ့ရာဌာနတို့၌ ကျောင်းအာရာမ်စသော ကောင်းမှုတော်များ ပြုလုပ်အားထုတ် တော်မူ ကြောင်း၊ ဤသို့ ရဟန်းသံဃာတော်တို့၏ နေထိုင်သီတင်းသုံးရာ ကျောင်းအာဝါသများ ပြုစုအားထုတ်သဖြင့် သာသနာတော်ပြုစု အားထုတ်တော်မူကြောင်းများ ထောက်ထား သဖြင့် ၎င်းမင်းဆက် များသည် သာသနာတော် ကိုင်းရှိုင်းကြည်ညိုကြ၍ သာသနာ့ဝင် ဘုရင်များဖြစ်ကြောင်း ကောင်းစွာမှတ်သား အပ်ကုန်၏။

၎င်းပြင်လည်း ထိုဂုတ္တမင်းဆက် ၆-ဆက်မြောက် **ကုမာရဂုတ္တ**မင်းတရားသည်ကား ဝံသတိုင်းနယ် ယခု**အလာဘတ်နယ် မနကုဝရ***(မနကုာရ)*မည်သောအရပ်၌ ဆင်းတု ရုပ်ပွားတော်ကြီးတစ်ဆူ တည်ထားကိုးကွယ်ပြီးလျှင် ထိုရုပ်တော်မြတ်ကို ဂုတ္တမင်းများ၏ နှစ်-၁၉၂ မှာ တည်ထားသည်ဟု ကမ္ပည်းကျောက်စာများစိုက်ထူစေကြောင်း ဖော်ပြ ရေးသား၍ ထိုမင်း များ၏နှစ် (သက္ကရာဇ်) အမှတ်အသားများမှာ **သာကမင်းများ၏နှစ်များ** ကဲ့သို့ ၎င်းမင်းမျိုးများ အုပ်ချုပ်စိုးမိုး တန်ခိုးအာဏာထွန်းကားသောနှစ်ကို ရေတွက်မှတ် သားကြောင်း၊ ၎င်းမှာ နောက်ကရေးသားပြီးအတိုင်း သာသနာတော် အနှစ် ၈၀၀- ကျော်လောက်မှစ၍ ရေတွက် လာကြောင်းများ မှတ်သားအပ်ကုန်၏။

ထိုမင်းများတို့သည် ထိုခေတ်က မဇ္ဈိမတိုင်းနိုင်ငံများနှင့်တကွ အစွန်ကျသော အရှေ့, အနောက်, တောင်ဘက်တိုင်းနိုင်ငံတို့ကို ၎င်းတို့အာဏာအောက်ရောက်စေလျက် လက်နက်နိုင်ငံတော် ပြုလုပ်ပြီးကာ ကြီးကျယ်ခမ်းနားစွာ ၎င်းတို့ကျောက်စာ၌ ဖော်ပြပြီး ရှေးကခေါ်ဝေါ်လာခဲ့သော **ဝိက္ကမာဒိစ္စ** ခုနှစ်များကို ဖြုံခွင်းလျက် ၎င်းတို့စိုးစံသော နှစ်များကို သာ အကြွင်းထားကာ ရေတွက်၍လာကြောင်း သာကနှစ်(သက္ကရာဇ်)များမှာ ၎င်းတို့၏ အာဏာထွန်းကားရာ အနောက်မြောက်ပိုင်း တိုင်းနိုင်ငံများ၌ ရေတွက်မှတ်သားကြောင်း မှတ်ယူအပ်၏။

ထိုဂုတ္တမင်းမျိုးများ၏ နောက်ဆုံးမင်းကား ခန္ဒဂုတ္တမင်းဖြစ်၍ ထိုမင်းသည် ၎င်း၏ တိုင်းနိုင်ငံများကို များစွာချဲ့ထွင်လျက် ဂုတ္တမင်းမျိုးများ၏ တန်ခိုးအာဏာနှင့် တိုင်းနိုင်ငံများ၏ အကြောင်းအရာများကို ကမ္ပည်းကျောက်စာစိုက်ထူကာ ခမ်းနားကြီးကျယ်စွာ အုပ်စိုးကြသော်လည်း ထိုစဉ်အခါက အနောက်မြောက်ပိုင်း တိုင်းနိုင်ငံများဖြစ်သော ဖါသိယတိုင်းနိုင်ငံများကို အောင်မြင်၍လာသော **ဟုန** သို့မဟုတ် **ဟွန်းလူမျိုး**တို့သည် ၎င်းတို့၏တန်ခိုးအာဏာများ ကြန္ဒမြစ်ဝှမ်းကို လွှမ်းနိုင်ရန် အားထုတ်နေသောခေတ် ဖြစ်သည့်အတိုင်း ၎င်းလူမျိုး **တောရမန**အမည်ရှိသော ဘုရင်မင်းကြီးသည် အနောက်တိုင်း **မလဝါနယ်**များမှ အလယ်ပိုင်းတိုင်းနိုင်ငံများသို့ဝင်ရန် ကြိုးစားအားထုတ်ရာ ထိုခန္ဒဂုတ္တမင်းကြီးသည်ဖျက်ဆီးတွန်းလှန်ခဲ့လေသည်။ သို့သော်ထိုခန္ဒဂုတ္တမင်းတရား ကွယ်လွန်သွားပြီးနောက် ဟွန်းလူမျိုး တောရမနမင်းကြီး၏သား **မိဟိရကုလ**သည် ခမည်းတော်၏ကြိုးပမ်းမှုကို ဆက်လက်တိုက်ခိုက်ရာ အလယ်ပိုင်းတိုင်းနိုင်ငံများသို့ ဝင်ရောက်နိုင်၍ ထိုဂုတ္တနိုင်ငံတော်ကြီးမှာ သာသနာတော်နှစ် ၁၀၀၀-ကျော်၌ ပြိုကွဲပျက်စီးသဖြင့် လက်အောက်ခံနိုင်ငံအသီးသီးများလည်း အစိတ်စိတ်ကွဲပြား အသီးအခြား ဖြစ်သွားကြကုန်၏။

ထိုဂုတ္တနိုင်ငံတော် ထွန်းကားစဉ်က နိုင်ငံတော်ကျယ်ပြန့်သလောက် သာသနာတော်တန်ခိုးလည်း တိုးတက်ပြန့်ပွား၍ သာသနာတော်နှင့်စပ်သော များစွာသော ကမ္ပည်းကျောက်စာများစိုက်ထူကာ သာသနာတော်မှတ်တမ်းများ၌ ထင်ရှားစေသဖြင့် ဗုဒ္ဓနိုင်ငံတော်ဝယ် ထင်ရှားသော မင်းမျိုးများဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။ ၎င်းမင်းမျိုးများ၏ ထင်ရှားသောကျောက်စာတစ်ခုမှာ အနောက်ပိုင်းတိုင်းနိုင်ငံများဖြစ်သော သုရဋ္ဌတိုင်း၌ **ဇုနဃရ**အရပ်ဝယ် ရှေးအသောကမင်းတရားကြီး ဆည်ဖို့တော်မူခဲ့သော ဂိရနာရ်တောင်အကူးတွင် တည်ထားဆောက်လုပ်ခဲ့သည့် ကန်တော်ကြီးများကို ထပ်မံပြုပြင်တော်မူခဲ့ကြောင်း စိုက်ယူထားရှိသည်ကို တွေ့ရှိရ၍ ရှေးဟောင်းရာဇဝင်လိုက်စားသော ရာဇဝင်ဆရာကြီးများ ရေးသားသည့်အတိုင်း ၎င်းတို့၏နိုင်ငံကျယ်ပြန့်စွာ သာသနာထွန်းကားသော်လည်း ၎င်းတို့၏သာသနာကား ထင်ရှားအောင် ဖော်ပြခြင်း မရှိသဖြင့် အခိုင်အမာမရေးသားနိုင်စေကာမူ ၎င်းခေတ်နှင့် ဌာနတို့ကိုထောက်ထား၍ မြောက်ပိုင်းသာသနာများသောအားဖြင့် ဖြစ်တန်ရာသည်ဟု ပိုင်းခြားမှတ်သားနိုင်ကုန်၏။

ထိုဂုတ္တမင်းများ ဣန္ဒိယနိုင်ငံ၌ တန်ခိုးအာဏာ ထွန်းကားကျယ်ပြန့်သောခေတ်၌ပင် **အရှင်ဗုဒ္ဓဃောသမထေရ်**မြတ် သီဟိုဠ်ကျွန်းသို့ကြွသွားကာ ပိဋကတ်တော်များ လေ့လာတော်မူပြီး ၎င်းကျွန်းရှိ သီဟိုဠ်ဘာသာ အဋ္ဌကထာများကို **မာဂဓီဘာသာ**ဖြင့် ပြန်လည်ရေးသားသော အခါသမယတူညီ၍ မဟာဝံသရေးသားဖော်ပြသည့်အတိုင်း အရှင်မဟာဗုဒ္ဓဃောသ

မထေရ်မြတ်မှာ ဗုဒ္ဓဂယာအနီး ကျောင်းတိုက်ကြီး၌ကြာမြင့်စွာ သီတင်းသုံးတော်မူကြောင်း ၎င်းမှာသာသနာတော် ၉၀၀-ကျော်က **ကိတ္တိသိရိမေဃဝဏ္ဏ** သီဟိုဠ်ဘုရင်မင်းမြတ်သည် မဟာရာဇာ **သမုဒ္ဒဂုတ္တ**မင်းတရား ခွင့်ပြုခြင်းရ၍ ဗုဒ္ဓဂယာဝဇီရာသနဖူးမျှော်ရန် သီဟိုဠ်မှ ကြွလာတော်မူခဲ့ကြသော ရဟန်းတော်များ သီတင်းသုံးရန် ဆောက်လုပ်သော ကျောင်းတော် ဖြစ်မည်။ သို့ဖြစ်၍ သီဟိုဠ်ပိဋကတ်စာပေများ ပြည့်စုံစွာရှိသည့်အကြောင်း, ၎င်းအနီးအနား ကျောင်းတိုက်ကြီးဖြစ်၍လည်း ၎င်းတို့ကိုဆွေးနွေးသိရှိခဲ့ရမည်ဟု မှတ်ယူနိုင်လေသည်။

## ၎င်းဂုတ္တခေတ်၌ ကနိသကမင်းဆက်များ ထင်ရှားရှိသေးကြောင်း

ထိုဂုတ္တမင်းများခေတ်၌ အလယ်ပိုင်းနှင့် အိန္ဒိယ တောင်ပိုင်း, မြောက်ပိုင်း, အရှေ့ပိုင်း တိုင်းနိုင်ငံများသို့ ၎င်းတို့အာဏာပျံ့နှံ့ကြောင်း ရေးသားခဲ့သော်လည်း အနောက်ပိုင်းတိုင်း နိုင်ငံများ၌ကား **ကနိသကမင်းဆက်များ** အုပ်ချုပ်စိုးစံလျက်ရှိကြသေး၍ ၎င်း**ကနိသက မင်းကြီး**၊ ၎င်းနောက် **အဘိမညုမင်း**စသည်တို့မှ **ဟိရည**မင်းတိုင်အောင် ၃၂-ဆက်ရှိ၍ နှစ်ပေါင်း ၄၇၂-နှစ်ကြာပြီး သာသနာတော် ၁၀၉၄-နှစ်သို့တိုင် တည်ရှိသောကြောင့် ၎င်းတို့မှာ **ဂုတ္တ**မင်းနှင့် ပြိုင်လျက်ပင်ရှိသေးကြောင်း မှတ်သားအပ်၏။

သို့ရာတွင် ဤမျှရှည်ကြာအောင် သာသနာပြု သံဃိယနာတင်မင်းတရားကြီး ကနိသကမင်းမြတ် အနွယ်အဆက်ဖြစ်ကြသော်လည်း အချို့မင်းများမှာ သာသနာတော်ကို ကြည်ညိုလေးစား အားထုတ်ပြုစုတော်မူကြ၍ အချို့မင်းတို့မှာကား သာသနာတော် မလေးစားကြဘဲ ဗြာဟ္မဏဘာသာကိုသာ ထောက်ပံ့ပြုစုကြ၍ သာသနာတော်တန်ခိုး ညှိုးမှိန်ကြသော်လည်း သာသနဝန်ထမ်း ရဟန်းတော်တို့မှာ မိမိတို့သာသနာတော်ကို ရိုသေလေးစားစွာ စောင့်ရှောက်တော်မူကြ၍ တည်တံ့လျက်ရှိခဲ့ပေသည်။

၎င်းတို့တွင် နောက်ပိုင်းမင်းဆက် ၂၉-ဆက်မြောက် သာသနာတော် ၁၁၃၀-ကျော်လောက်က ထီးနန်းသိမ်းပိုက်စိုးစံသော **မေဃဝါဟနမင်းတရားကြီး**ကား သာသနာ တော်ကို ယုံကြည်လေးမြတ်၍ အားထုတ်ပြုစုသည်တွင် ၎င်းမင်းကြီး၏မိဘုရားကြီးလည်း အလွန်သဒ္ဓါကြည်ညိုသည်အားလျော်စွာ များစွာသောကျောင်းအရာမ်တို့ကို ထိုထိုအရပ်ရပ် တို့၌ မင်းမိဘုရား ၂-ပါးတို့ ဆောက်လုပ်စေသည့်အပြင် ထိုဘုရင်မင်းတရားက များစွာသော တိုင်းနိုင်ငံတို့ကို အောင်မြင်တော်မူခဲ့၍ ၎င်းတို့ကိုလည်း ကုသိုလ်ကောင်းမှုပြုစေသည်သာမ က ၎င်းတို့အား နိုင်ငံတော်နှင့်တကွ သားသတ်ခြင်းများကို ပိတ်ပင်တားမြစ်တော်မူကြောင်း- ၎င်းတို့ရာဇဝင်မှတ်တမ်း၌လာသဖြင့် ၎င်းနှစ်ပေါင်း ၁၀၀၀-ကျော်တိုင်အောင် အနောက်

မြောက်တိုင်းနယ်များဖြစ်သော **ကသ္မီရ, ဂန္ဓာရ** နယ်ပယ်များမှာသာ သာသနာထွန်းကား လျက်ရှိကြောင်း မှတ်ယူအပ်၏။

ဂုဏ်ပြင် ထိုမင်းလွန်တော်မူပြီးနောက် သားတော်**သေဠသေနမင်း**နှင့် မြေးတော် **ဟိရညသေနမင်း**တို့ ဆက်ခံစိုးစံလျက် တိုင်းပြည်အရေး သာသနာတော်အရေးများကို အဘိုး, အဘေးများနည်းတူ ဆောင်ရွက်ပြုစုတော်မူကြရာ ၃၁-ဆက်မြောက် **ဟိရညမင်း**မှာ ထိုခေတ်အခါက တန်ခိုးအာဏာကြီးမားသော ဗြာဟ္မဏဘာသာဝင် ဘုရင်**ဝိက္ကမာဒိစ္စ**၏ လက်အောက်သို့ရောက်ကာ ဂုဏ်မင်းဆက်ပျက်ပြားမှေးမှိန်ကာ **ဝိက္ကမာဒိစ္စမင်း**၏ လက်အောက် **မန္တိဂုတ္တမင်း** ဆက်ခံအုပ်စိုးစေလျက် ထီးရိုးနန်းဆက် ပြောင်းလဲသောခေတ်သို့ ရောက်ခဲ့လေသည်။ ထိုစဉ်အခါက ဝိက္ကမာဒိစ္စမင်းကား **အဝန္တိ**တိုင်း **ဥဇ္ဇေနီ**မြို့တော်ကို ရာဇဓာနီထား၍ အုပ်စိုးကာ များစွာသော ပညာရှိများထွန်းကားသဖြင့် ဂုဏ်တို့ဘာသာတွင် ဂုဏ်မင်း ခုနှစ်များမှာ ယခုအခါတိုင်အောင် ထင်ရှားသုံးစွဲ လာကြကုန်၏။

ဤသို့အားဖြင့် မဇ္ဈိမအလယ်ပိုင်း တိုင်းနိုင်ငံများနှင့်တကွ အနောက်တိုင်း, အနောက် မြောက်တိုင်းနိုင်ငံများ၌ သာသနာတော်ကို ကြည်ညိုလေးစား အားထုတ်ပြုစုကြသော သာသနာပြု သာသနာ့ဒါယကာမင်းများမှာ ဤမျှလောက်သာလျှင် ထင်ရှား၍ တောင်ပိုင်း တိုင်းနိုင်ငံများ၌ကား ထို ၁၀၀၀-ကျော်ခေတ်က ဂုတ္တမင်းများ၏လက်အောက်ကျရောက် သဖြင့် ထင်ရှားသောသာသနာပြုမင်းများမရှိသော်လည်း **ပဒေသရာဇ်**နယ်စား မင်းကလေး များသာ အုပ်ချုပ်စိုးစံကာ ဂုဏ်တိုင်းနိုင်ငံတို့မှာ ထေရဝါဒဂိုဏ်းသာသနာတော်ကြီးပွားစီး သောခေတ်ဖြစ်၍ သာသနာတော်ကား ထွန်းကားလျက်ရှိကြောင်း မှတ်ယူအပ်ကုန်၏။

## ဂုဏ်ခေတ်တောင်ပိုင်းမှာ သီဟိုဠ်သာသနာနှင့် ဆက်စပ်ကြောင်း

ထိုမှတပါး ထိုစဉ်အခါက သာသနာတော်အစဉ်မပြတ် ထွန်းလင်းရာ သီဟိုဠ်ကျွန်း၌ ကား **အရှင်မဟာဗုဒ္ဓဃောသမထေရ်**မြတ် ပိဋကတ်ကျမ်းဂန် အဋ္ဌကထာများကို ရေးသား ပြုစုတော်မူသောခေတ်အခါ **မဟာနာမ**မင်းလက်ထက် တိုင်းပြည်နိုင်ငံနှင့်တကွ သာသနာ တော်ကြီး ပွားစီးပြန့်ပြောသော အခါသမယဖြစ်ခဲ့လေသည်။ သို့ရာတွင် ဂုဏ်မင်းတရား ၂၂-နှစ် စိုးစံပြီးနောက် လွန်တော်မူရာ ဂုဏ်း၏သားတော် သောတ္တိသေနမင်းဆက်ခံ စိုးစံစေကာမူ ဂုဏ်း၏ရန်သူဖြစ်သော ဒမိဠလူမျိုးများလုပ်ကြံမှုကြောင့် ကံတော်ကုန်ပြီးကာ ဂုဏ်းဒမိဠမင်းများဆက်ခံကာ ၂၅-နှစ်မျှကြာအောင် အုပ်ချုပ်နေစဉ် နိုင်ငံရေး, သာသနာ တော်အရေး ရှုပ်ထွေးညှိုးနွမ်းခဲ့ရလေသည်။

သို့သော်လည်း ထိုစဉ်အခါက ရှေးသီဟဠမင်းမျိုးဖြစ်သော **ဓာတုသေနမင်းသည်** လုယက်ဆက်ခံကြသော **ဒမိဠမင်း** ၆-ဆက်တို့ကိုအနက် နောက်ဖြစ်သော မင်း ၃-ဆက်ကို ဆက်ကာအောင်မြင် သုတ်သင်ပြီးလျှင် သာသနာတော် ၁၀၀၅-ခုနှစ်မှ ၎င်းတို့၏ မင်းဆက်များတည်ထောင်ကာ ဒမိဠလူမျိုးများ ဖျက်ဆီးထားခဲ့သော တိုင်းပြည်ရေးရာနှင့် သာသနာတော်ရေးရာတို့ကို အသစ်ပြင်ကာ နိုင်ငံသစ်, သာသနာတော်သစ် တဖန်ပြန်လည် ထူထောင် ပြုစုတော်မူသဖြင့် ၎င်းနှစ်ပေါင်း ၁၀၀၀-ကျော်မှာ သာသနာတော်အသစ် ထွန်းကားလာလေ၏။ အထူးအားဖြင့် ထိုမင်းလက်ထက်မှာ ၎င်းမင်း၏ဆရာဖြစ်သော **မဟာနာမ မထေရ်**မြတ်ကား ၎င်းမင်းတရား၏ ဦးရီးတော်သည့်အပြင် ကျမ်းဂန်ဗဟုသုတ သီလသိက္ခာ တော်နှင့် ပြည့်စုံတော်မူသောကြောင့် ၎င်းမထေရ်မြတ်အား သာသနာတော်ကို အပ်နှင်းတော် မူကာ သာသနာတော်ကြီး ဦးစီးဦးကိုင် ဆောင်ရွက်အားထုတ်တော်မူပြီး ထိုအရှင်မြတ်သည် **ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ**ကို ရေးသားပြုစုပြီးလျှင် သာသနာဝင်ဘုရင်များကို မှတ်သားဖွယ် ဖြစ်သောကြောင့် ဝိဇယမင်းသား ရောက်သည်မှစ၍ မဟာနာမမင်းတိုင်အောင် မင်းဆက် များနှင့် သာသနာရေး ဆောင်ရွက်အားထုတ်မှုများ ရေးသားဖော်ပြသော **မဟာဝံသ** အမည်ရှိသော မှတ်တမ်းရာဇဝင်ကျမ်းကြီး ရေးသားပြုစုကြတော်မူ၏။

ဤသို့အားဖြင့် သီဟိုဠ်ကျွန်း၌ သာသနာအစဉ်အဆက်ကား **အရှင်ဓမ္မပါလမထေရ်** မြတ်တို့လက်ထက် အနှစ် ၁၀၀၀-ကျော်အောင် ပိဋကတ်ကျမ်းဂန်များ ထွန်းကားသော ခေတ်ဖြစ်၍ ကျမ်းပြုမထေရ်များ ပေါ်များသည့်အတိုင်း တောင်ပိုင်း**အိန္ဒိယထေရဝါဒ** နိုင်ငံများ မှလည်း ၎င်းသို့လာရောက်ကာ သီဟိုဠ်ဘာသာ အဋ္ဌကထာများ လေ့ကျက်ပြီးလျှင် များစွာသော ပိဋကတ်အဋ္ဌကထာ, ဋီကာများ, ကျမ်းဂန်များပြုစုကြကြောင်း ၎င်းကျမ်းပြု မထေရ်များ၏ ကျမ်းဂန်နိဒါန်း, နိဂုံးများအရ သိရှိရကုန်၏။ သို့သော်လည်း ထိုတောင်ပိုင်း ထေရဝါဒဂိုဏ်း သာသနာတော်ကြီး ပွားစီးလျက်ရှိစေကာမူ တန်ခိုးအာဏာကြီးမားသော သာသနာပြုမင်းမျိုးများမဟုတ်သဖြင့် ထယ်ဝါခန့်ငြားသော မှတ်တမ်းကြီးများကား မထင် ရှားကုန်။

သို့မထင်ရှားစေကာမူ နောက်ကရေးသားခဲ့သောအတိုင်း ထို**ဒက္ခိဏာပထ** တောင်ပိုင်းနိုင်ငံများသို့ ခရီးစဉ်လှည့်လည်သော တရုတ်ရဟန်းတော် **ဝှင်သျှင်**၏မှတ်တမ်း၌ကား ၎င်းသည် **ကဉ္စီပူရ**သို့ရောက်သောကာလ သီဟိုဠ်မှရဟန်းတော်များ နိုင်ငံရေးအနှောက် အယှက်အားဖြင့် ၃၀၀-မျှရောက်လာကြကြောင်း ရေးသားသဖြင့် ဤမျှများပြားသောရဟန်း တော်များ အာဂန္တုဖြစ်နိုင်က **အာဝါသိက**မြို့နေ ရဟန်းတော်များလည်း ထိုထက်များစွာရှိခဲ့ လိမ့်မည်မှာ ကောင်းစွာမှတ်ယူနိုင်၏။ ၎င်းပြင် ထိုအရှင် **ဝှင်သျှင်**ရောက်စဉ်က တောင်ပိုင်း

တိုင်းနိုင်ငံဘုရင်တစ်ပါးထံ ထေရဝါဒဂိုဏ်းမှ မဟာယာနဂိုဏ်း၏ မှားယွင်းချက်များကို ဂါထာ ၇၀၀-ကျော် ရေးသားဆက်သွင်းရာ နာလန္ဒမှမထေရ်များ ပင့်ဖိတ်ရှင်းလင်းရသော အကြောင်းအရာများ ဖြစ်ပွား၍ ဤအဖြစ်အပျက်ကို ထောက်ထားလျှင် ထိုစဉ်အခါ ထေရဝါဒဂိုဏ်း သာသနာတော်ကို လေးစားပြုစုသော ဘုရင်များရှိကြောင်း ကောင်းစွာသိနိုင်ကုန်၏။

ဤသို့လျှင် ဒက္ခိဏပထတောင်ပိုင်း ထေရဝါဒဂိုဏ်း သာသနာတော်ကား သီဟိုဠ်ကျွန်းနှင့်ဆက်ဆံကာ သာသနာတော် ၁၀၀၀-ကျော်အောင် များစွာသောကျမ်းပြုဆရာတော်များထွန်းကား၍ ၎င်းတို့နိဒါန်း, နိဂုံးအားလျော်စွာ သီဟိုဠ်သင်္ဂဟအဋ္ဌကထာခေတ်၌ စီရင်တော်မူကြသော အဋ္ဌကထာတို့တွင်

- **အရှင်နာမမထေရ် ရေးသားသော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနှင့်**

- **အရှင်ဥပသေနမထေရ် ရေးသားသော နိဒ္ဒေသအဋ္ဌကထာမှတစ်ပါး** ကျန်အဋ္ဌကထာကြီးများကို-

- **အရှင်မဟာဗုဒ္ဓဒတ္တ၊ အရှင်မဟာဗုဒ္ဓဃောသ၊ အရှင်မဟာဓမ္မပါလ**-မထေရ်များတို့ ဇမ္ဗူဒီပမှ လာရောက် ပြုကြသည်များ၍ နောက်ခေတ်များ၌လည်း-

- **အရှင်ဗုဒ္ဓပိယမထေရ်စသော ဒမိဠ စောဠိယမထေရ်များ** များစွာသောကျမ်းဂန်များ ပြုတော်မူကြကြောင်း ရူပသိဒ္ဓိနိဂုံးစသည်ကို ထောက်ဆသိရသဖြင့် တောင်ပိုင်းထေရဝါဒသာသနာ ထွန်းကားလျက် သီဟိုဠ်ကျွန်းနှင့်လည်း ဆက်သွယ်ကြောင်း ၎င်းသာသနာတော်ကား ဤမျှဖြင့် ပိုင်းခြားသိသာနိုင်၍ ဤတွင် အပြီးသိအပ်သတည်း။

✪ ✪ ✪ ✪ ✪

## ၎င်းနှစ်ပေါင်း ၁၀၀၀-ကျော် တရုတ်ပြည်
## သာသနာ့နိုင်ငံတော်အကြောင်း

နှစ်ပေါင်း ၁၀၀၀-ကျော်အတွင်းက တရုတ်ပြည်မကြီး၌ သာသနာတော်ထွန်းကားကြောင်း၊ ၎င်းမှာအများဂိုဏ်း မဟာယာနသာသနာသာဖြစ်၍ ထေရဝါဒဆိုင်ရာကျမ်းဂန်အနည်းငယ်မျှ **အိန္ဒိယအလယ်ပိုင်းမှ** ဗဟုသုတ ရှာဖွေရရှိကြပါသော်လည်း မဟာယာန ကျမ်းဂန် ပိဋကတ်သာ များသောကြောင့် ၎င်းများရာသို့လိုက်နာယူဆဆုံးဖြတ်ကျင့်ကြံကြသဖြင့် ၎င်းဂိုဏ်းကြီးထွန်းကားသောခေတ် ဖြစ်ခဲ့လေသည်။ ထိုခေတ်ဝယ်

၎င်းမှသာသနာ ထွန်းလင်းရာ မဇ္ဈိမတိုင်းနိုင်ငံများသို့ စာပေကျမ်းဂန်များ ရေးသားပြန်ဆိုကြ၍ များစွာသော ကျမ်းဂန်ပိဋကတ်များ ရေးသားပြုစုကြသဖြင့် ၎င်းဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံတို့မှလည်း များစွာသောပညာရှိများ နိုင်ငံတော်ဘုရင်မင်းတရားတို့၏ ဖိတ်မံခြင်းအားဖြင့်၎င်း၊ အလိုအလျောက်ဝါဒဖြန့်ဖြူးရန်၎င်း တရုတ်ပြည်သို့ရောက်ကြ၍ ဗုဒ္ဓသာသနာပြုစုတော်မူကြခြင်း, ကျမ်းဂန်များကိုပြုကြခြင်း, မင်းတရားများကလည်း အားပေးထောက်ပံ့ခြင်းများကြောင့် သာသနာတော်ကြီး ထွန်းကားစည်ပင်လျက် ရှိခဲ့လေသည်။

ထိုသို့ သာသနာပြုမင်းအများတို့ တရုတ်နိုင်ငံ၌ သာသနာရောက်သည်မှစ၍ များစွာပေါ်ထွန်းလျက်လာရာ သာသနာတော် ၁၁၀၉-ခုနှစ်၌ တောင်းပိုင်းတရုတ်နိုင်ငံ **နန်းကင်းမြို့တော်ကြီး**မှာ ထီးနန်းစိုက်ထူတော်မူသော ဘုရင်မင်းမြတ် **လီယန်ဝူထီး**သည်ကား ကိုယ်တိုင်ပင် ကျမ်းဂန်ပိဋကတ်များ တတ်မြောက်ကျွမ်းကျင်လျက် များစွာသောကျမ်းဂန်များ လေ့လာအားထုတ်တော်မူသည့်အပြင် သာသနာတော်ကြီးကို အထူးကြည်ညိုသည့်အတိုင်း စေတီပုထိုးများနှင့် ကျောင်းအရာမ်များဆောက်လုပ်တည်ထောင်ကာ များစွာသော ပစ္စည်းများကိုလည်း သာသနာတော်၌စွန့်ကြဲ လှူဒါန်းတော်မူလေသည်။

ထိုသို့ သာသနာတော်ကြီးကို အထူးယုံကြည်လေးစား အားထုတ်ဆောက်ရွက်ချီးမြှောက်တော်မူသဖြင့် ထိုဘုရင်မင်းတရားကြီးသည် ၎င်းတို့သာသနာဝင်ခေတ်ကြီးဝယ်-ထေရဝါဒဂိုဏ်းသာသနာ၌ အသောကမင်းတရားကြီးတမျှ ထင်ရှားလှ၍ သာသနာတော်အတွက် အားတက်တော်မူနေစဉ် ဈာန်ကမ္မဋ္ဌာန်းကြိုးပမ်းအားထုတ်လေ့လာ အလေးပြုသော **အရှင်ဗောဓိဓမ္မ**သည် ဒက္ခိဏပထတောင်ပိုင်း၌ ကြီးပွားသော ၎င်း၏အယူဝါဒတရားများကို တရုတ်ပြည်ကြီး၌လည်း ထွန်းကားရန် ဝါဒဖြန့်ချိရေးကိစ္စနှင့် ကြွရောက်တော်မူလာခဲ့၍ ထိုဘုရင်မင်းမြတ် **လီယန်ဝူထီး**နှင့် ကိုယ်တိုင်တွေ့တော်မူပြီးနောက် အထိုက်အလျောက်ဖြစ်သော ခရီးဦးဝတ်များ ပြုတော်မူပြီးကား---

ဘုရင်မင်းတရားကြီးက "အရှင်ဘုရား၊ ဒကာတော်သည် ထီးနန်းစည်းစိမ်တော်ကို လက်ဝယ်သို့ရောက်သည်မှစ၍ အမြဲတစေ စာပေပြုစု ကိုးကွယ်တည်ထားခြင်း၊ ကျောင်းကန်ဘုရားပုထိုးများကိုလည်း အခွင့်အခါအားလျော်စွာ နေရာဌာနအလိုက် သိုက်မြိုက်တင့်တယ် ကြီးကျယ်ခမ်းနားစွာတည်ထောင်ခြင်း၊ သာသနာတော်၌ကျင့်ကြံအားထုတ်တော်မူကြသော များစွာသောရဟန်းတို့အား **ကျောင်းအာရာမ်စသည်**လှူဒါန်းလျက် ပစ္စည်း ၄-ပါးတို့ဖြင့် ရောင့်ရဲစေခြင်း- စသောသာသနာတော်၏ ကောင်းကျိုးကို နှစ်ပရိစ္ဆေဒရှိသလောက် ချီးမြှောက်ပြုစုခဲ့ပါသည် အရှင်ဘုရား၊ ဤကုသိုလ်များအကျိုးကား မည်ကဲ့သို့ ရပါမည်နည်း"ဟု မေးမြန်းလျှောက်ထားသောအခါ ထို**အရှင်ဗုဒ္ဓဓမ္မ**သည်ကား စကား

ပြန်တော်မမူ-တိတ်ဆိတ်တော်မူသည်တွင် တဖန်မင်းတရားကြီးက စိတ်နှလုံးတော် အလိုမပြည့်သဖြင့် "အရှင်ဘုရား၊ လျှောက်ထားတောင်းပန်သော စကားပြဿနာများ ဖြေကြားတော်မူပါ၊ သို့မဟုတ် ဤလျှောက်ထားခဲ့သော ကောင်းမှုကုသိုလ်များ၏အကျိုးတရား ထင်ရှားမရှိလျှင် မရှိကြောင်း မိန့်ကြားတော်မူပါ" ဟုထပ်မံလျှောက်ထားလျှင်-

**အရှင်ဗောဓိဓမ္မ** က "မင်းကြီးပြုခဲ့ပြီးသော ကောင်းမှုကုသိုလ်တော်အရပ်ရပ်တို့သည် ကောင်းမြတ်ပါသော်လည်း အကျိုးစုံလင်အောင် ပြည်စုံလုံလောက်သော အကြောင်းတရားများမဟုတ်၊ ၎င်းတို့သည် အမှန်သို့အစဉ်လိုက်သော အရိပ်ပမာမျှသာ၊ စင်စစ်မှန်ကန်သော အကျိုးတရားသို့ မရောက်နိုင်ကုန်"ဟုမိန့်တော်မူက မင်းတရားကြီးက တဖန်"ကောင်းမှု ကုသိုလ်အစစ်ကား အဘယ်တရားပါနည်း"ဟု ထပ်မံလျှောက်ထားပြန်ရာ-

အရှင်မြတ်က- "မင်းကြီး၊ ၎င်းတရားသည် သန့်ရှင်းတောက်ပ လေးနက်ပြည့်စုံ-သည့်အပြင် စိတ်တည်ကြည်ဝင်စား၍ မည်သည့်အနှောင့်အယှက် တရားမျှမရှိ ငြိမ်သက် လျက် တည်ရှိ၏။ ဤကဲ့သို့သော ကုသိုလ်အစစ်အမှန်ကိုကား လောကီသဘောအားဖြင့် သိနားလည်မှု မရှိနိုင်"ဟု အရှင်ဗောဓိဓမ္မ မိန့်ကြားတော်မူသောအခါ-

ဘုရင်မင်းတရားကြီးက-"အရှင်ဘုရား၊ မည်သည့်တရားကား သာ၍မြင့်မြတ်ပါသနည်း" ဟုထပ်မံလျှောက်ထားပြန်လျှင်---

အရှင်ဗောဓိဓမ္မက "ဘယ်အရာမျှ ထင်ရှားမရှိဘဲ မြင့်မြတ်သည်ဟု မည်သည့်အရာကို ဆိုနိုင်အံ့နည်း"ဟု-မိန့်ပြန်လျှင်-

"အရှင်ဘုရား၊ ထင်ရှားမရှိက မည်သူဖြေကြားပါသနည်း"-ဟု လျှောက်ထားက- "အထင်အရှား ငါတို့ကားမရှိကုန်"ဟု ဖြေကြားသောအခါ မင်းတရားကြီးကား စိတ်အား တက်၍ နှစ်သက်တော်မူခြင်းမရှိတော်မူလျှင် ထိုအရှင်လည်း မင်းကြီးနိုင်ငံတော် နန်းကင်း မြို့တော်မှ ထွက်ခွါကြွသွားတော်မူ၍ ရန်စီမြစ်ကို ဖြတ်ကျော်ကာ တရုတ်ပြည်ကြီးမြောက်ပိုင်း ဝီတိုင်းနိုင်ငံမြို့တော်ဖြစ်သော လိုရန်ပြည်၌ သီတင်းသုံးတော်မူပြီးလျှင် ၎င်း၏အယူဝါဒ ဖြန့်ဖြူးကာ မိမိလည်း ကမ္မဋ္ဌာန်းတရားအားထုတ်လျက် ကမ္မဋ္ဌာန်းဂိုဏ်း ဈာန်ဂိုဏ်းကြီးကို တည်ထောင်တော်မူခဲ့လေသည်။

ထိုအရှင်မြတ်၏ ဈာန်ဂိုဏ်းသည်ကား မြောက်ပိုင်းဝီမင်းမျိုးများ၏ နိုင်ငံ၌ထင်ရှား ၍ ထိုအရှင်(သည်)မိမိအယူဝါဒအားလျော်စွာ ၁၂-နှစ်တိုင်တိုင် နံရံ၌ကြည့်ရှုဆင်ခြင်လျက် မပျက်နေ့ဆက် ရက်စဉ်ဆင်ခြင်သုံးသပ်နေသောကြောင့် ၎င်းအား နံရံကြည့်အရှင်ဘုရား-ဟုထွင်ပြီး ထိုအရှင်၏အယူဝါဒများ ၎င်းတိုင်း၌ခေတ်စားကာ နိုင်ငံအရှင် ဘုရင်မင်းတရား

လည်း သာသနာဝင်ဘုရင်မင်းမြတ်ဖြစ်သည့်အတိုင်း ၁၃၀၀၀-သော ကျောင်းအာရာမ် ဘုရားပုထိုးများ တည်ထားကိုးကွယ်လျက် မြောက်ဘက်နိုင်ငံများတွင် ထိုအရှင်ဗောဓိဓမ္မ၏ အယူဝါဒထွန်းကားကြောင်း၊ ဘုရင်ဝူထီးမင်းတရားလည်း ကြားသိရ၍ ထိုအရှင်အား နိုင်ငံ တော်သို့ ထပ်မံပင်တော်မူရာ ကြွလာတော်မမူဘဲ ထိုမြောက်ပိုင်းတိုင်းနိုင်ငံမှာပင် အရွယ် တော်ကြီးလတ်၍ ခန္ဓာဝန် ချတော်မူခဲ့လေသည်။

၎င်းတို့မှတ်တမ်းအရ ထိုအရှင်ပြန်လွန်တော်မူရာ ထူးခြားသောအချက်မှာ ပြန်လွန် တော်မူကြောင်း ဘုရင်မင်းတရားနှင့်တကွ တိုင်းသူပြည်သားသိကြ၍ အလောင်းတော်ကို ပူဇော်ပြီးလျှင် ခေါင်းတော်တွင်ထည့်လျက်ထားရာ နောက်အခါ၌ ခေါင်းတော်ကိုဖွင့် ကြည့်လျှင် ဖိနပ်တော်တစ်ဖက်မှတပါး ဘာမှမတွေ့ရှိကြ၍ ၎င်းဖိနပ်တော်ကို ကိုးကွယ်ရာ အဖြစ်ဖြင့် ကျောင်းတော်မှာထားပြီးလျှင် ခေါင်းတော်နှင့်ကြွင်းကျန်သော အရာမ်တို့ကို ဟူနန်းနယ် ဟွန်ဂီရိတောင်တွင် သင်္ဂြိုဟ်မြှုပ်နှံတော်မူကြောင်း စသည်များစွာသော အံ့ဩ ဖွယ်များရေးသားကြကုန်၏။ ၎င်းပြင် ထိုအရှင် မြောက်ပိုင်း၌ သာသနာပြုတော်မူစဉ် ၃၀၀၀-မျှသော မဇ္ဈိမဒေသမှ သာသနာပြုများ ၎င်းစီနိုင်ငံသို့ ရောက်လာကြသည့်အပြင် တရုတ်ခရီးသည် **ဆွန်ယွန်သည်လည်း အရှင်ဗောဓိဓမ္မ** ပျံလွန်တော်မူသောအခါ မဇ္ဈိမတိုက်နယ်စသော သာသနာတော်ထွန်းပရာဒေသတို့မှ များစွာသောဗဟုသုတများ စုဆောင်းလျက်ရောက်လာရာ ထိုအရှင်၏ ရုပ်အလောင်းတော်မြတ်ကို ဖူးမျှော်ကန်တော့ရ ကြောင်းများလည်း ရေးသားကြကုန်၏။

ဤသို့ ရာဇဝင်စဉ်အလာနှင့် သာသနာဝင်ဘုရင်မင်းတရားတို့သည် သာသနာတော် အနှစ် ၁၀၀၀-ကျော်ကာလ၌ တရုတ်ပြည် နိုင်ငံတော်အသီးသီးတို့မှာ သာသနာတော်ကို ပြုစုအားထုတ်ကြလျက် ပစ္စယာနုဂ္ဂဟဖြင့် များစွာသောကျောင်းအာရာမ်ပုထိုးများ တည်ထား ပြုစုကာ သာသနာတော်ဝင် အရှင်မြတ်များလည်း အရှင်ဗောဓိဓမ္မကဲ့သို့ တရားအားထုတ် တော်မူကြလျက် သာသနာတော်ကျိုးသည်ပိုးဆောင်ရွက်တော်မူကြသဖြင့် ၎င်းတို့ မဟာယာန သာသနာတော်ကြီးကား အထူးစည်ကားသောခေတ်ကြီး ဖြစ်ခဲ့လေသည်။

✪ ✪ ✪ ✪ ✪

## တရုတ်ပြည်သို့ သျှာမ်း-ကမ္ဘောဒီးယား စသောနိုင်ငံများမှ သံတမန်ရောက်ရှိခြင်း

ထိုမှတပါး တောင်ပိုင်းတရုတ်ပြည် နန်းကင်မြို့တော်ကြီး၌ ထီးနန်းစိုက်ထူ အုပ်စိုးတော်မူသော ဘုရင်လီယန်ဝူထီးကား အထူးအားဖြင့် ဘုန်းတန်ခိုးနှင့်လည်းပြည့်စုံ သာသနာတော်ကိုလည်း ယုံကြည်ပြုစု ကောင်းမှုကုသိုလ်တော်များ ထီးနန်းစိုးမိုးလာသည်မှစ၍ အားထုတ်တော်မူလာသည်နှင့်အညီ ပတ်ဝန်းကျင်ဖြစ်သော တိုင်းနိုင်ငံများ၌ ကျော်ကြားပျံ့နှံ့သောကြောင့်များစွာသော ထက်ဝန်းကျင်တိုင်းနိုင်ငံများမှ လက်ဆောင်ပဏ္ဏာတော်များနှင့် သံတမန်တော်များ ရောက်လာကြကြောင်း-

၎င်းတို့တွင် သျှာမ်း, ကမ္ဘောဒီးယား, ဖနွန်းမြို့တော်မှ သဝဏ်လွှာနှင့်တကွ မြတ်စွာဘုရား၏ဓာတ်တော်, မွေတော်များ နန်းကင်မြို့တော်သို့ ရောက်လာ၍ ထိုက်တန်စွာ ကြိုဆိုဧည့်ခံတော်မူကြောင်း-

ထို့ပြင် ရှေးအခါက မြန်မာနိုင်ငံတော်တွင် ပါဝင်သော ပိန်ပန်ပြည်ရှင် ဘုရင်လည်း ဓာတ်တော်, ကြုတ်တော်နှင့်တကွ ဗောဓိရွက်များ လက်ဆောင်အားဖြင့်ယူလျက် ရောက်လာကြောင်း-

ထို့ပြင်လည်း မြန်မာနိုင်ငံ ကျွန်းဆွယ်ဒေသတိုင်းနိုင်ငံ၌ အုပ်ချုပ်သော မင်းတစ်ပါးမှာ ညဉ့်အခါ အိမ်မက်ထဲတွင် အရှင်ရဟန်းတော်တစ်ပါး ကြွလာတော်မူ၍ လီယန်ဘုရင်မင်းမြတ်မှာ ဗုဒ္ဓဘာသာတရားတော်ကြီးကို အထွဋ်အထိပ်ရောက် ချီးမြှောက်ပြုစုသောဘုရင်မင်းတရားဖြစ်၍ ၎င်းမင်းကြီးထံ တမန်တော်လွှတ်ဖို့ အမိန့်ရှိတော်မူကြောင်း-

သို့ရာတွင် အမှုမထား အမှတ်မဲ့နေရာ နောက်တစ်ကြိမ် ထိုရဟန်းတော်ပင် အိပ်မက်တွင် ထင်ရှားကြွလာတော်မူပြီးလျှင် "လီယန်ဝူထီး ဘုရင်မင်းတရား၏ အကြောင်းအရာများ ညွှန်ကြားရှေ့ဆောင်သွားသဖြင့် ၎င်းဘုရင်မင်းမြတ်ထံရောက်ကြောင်း၊ မြင်မက်တော်မူရာ နိုးလာသောသည့်အခါ ကိုယ်တိုင်ပန်းချီပညာ လေ့လာတော်မူသည့်အတိုင်း မြင်ရသော အာရုံများ ရေးဆွဲထားပြီး ပန်းချီတော်များနှင့် သံတမန်တော်များ စေလွှတ်ရေးဆွဲစေရာ သူကိုယ်တိုင်တွေ့မြင် ရေးဆွဲထားသော ပုံနှင့်အတူတူဖြစ်သဖြင့် ဗုဒ္ဓဘာသာတရားတော်ကို ပူဇော်ချီးမြှောက်သော ဘုရင်တစ်ပါးဖြစ်သည့်အလျှောက် နန်းစံ၂၆-နှစ်မြောက်၌ သာသနာတော်သို့ ဝင်ရောက်ထမ်းရွက်ပြီးလျှင် နန်းကင်းမြို့တော်သို့သွား၍ တွန်ထီးကျောင်းတော်ကြီးမှာ သီတင်းသုံးတော်မူကြောင်း၊ ၎င်းပြင် နှစ်မကြာမီအတွင်း ချန်သျှင်းမည်သော ကျောင်းတော်ကြီးကို ဆောက်လုပ်ကြောင်း ၎င်းကျောင်းတိုက်ကြီး

အတွင်းမှာ **အသောကမင်းတရားကြီး၏ စေတီတော်**တစ်ဆူ တည်ရှိကြောင်း၊ ၎င်းတို့ဘာသာ ဝင်မှတ်တမ်းများ၌ ရေးသားဖော်ပြကြ၍ ၎င်းတို့သာသနာ ထိုခေတ်အခါက အလွန်ချီးမြင့်လျက် ထွန်းတက်နေသော အချိန်အခါဖြစ်ကြောင်း ကောင်းစွာမှတ်အပ်ကုန်၏။

ထိုပြင်လည်း ထိုတရုတ်နိုင်ငံတော်ကြီးမှာ **ဆုန်မင်းမျိုး**များအုပ်စိုးစဉ် ၎င်းမင်းမျိုး ဘုရင်**ဝင်တိ** လက်ထက်၌ အနိုင်နိုင်ငံမှ များစွာသောသံတမန်များ လာရောက်သည်တွင် **ရက္ခပူရ-ရက္ခိုင်တိုင်း**မှ **ဝိသျှဓမ္မ**မည်သော ဘုရင်မင်းမြတ်သည် သဝဏ်လွှာ ၂-စောင်နှင့်တကွ သံတမန်စေလွှတ်ပြီးလျှင် ရာဇဝင်နှင့်သာသနာဝင်များ ဆွေးနွေးစေ့စပ် ပြောဆိုနှီးနှောကြကြောင်း။

ထိုမှတပါး **မဂဓတိုင်း**နိုင်ငံအရှင် ဘုရင်**ဇီဝဝဒ္ဓန**မင်းမြတ်သည် ဘုရင်**ဝင်တိ** နိုင်ငံတော်မှာ သာသနာတော်ထွန်းကား၍ ဓာတ်တော်, မွေတော်, ပုထိုးတော်တို့ကိုလည်း နိုင်ငံတော်အနှံ့အပြား တည်ထားကိုးကွယ်ကြောင်း၊ ဘုရား, တရား, သံဃာ ရတနာ ၃-ပါးလည်း မြင့်မိုရ်တောင်မင်းအလား ထင်ရှားတည်ရှိ၍ ဓမ္မက္ခန္ဓာများလည်း နေမင်းကြီးပမာ လွန်စွာတောက်ပ ထွန်းလင်းလှကြောင်း၊ ဤသို့ ရတနာ ၃-ပါး ထွန်းကားခြင်းနှင့်တကွ စည်ပင်သာယာ ဝပြောလှစွာသော မင်းမြတ်၏ နိုင်ငံတော်နှင့် ပင်လယ်ရပ်ခြား ဝေးကွာသော်ငြားလည်း မဂဓတိုင်းကြီးနှင့် ရင်းနှီးစွာ ဆက်စပ်လိုကြောင်းများ သဝဏ်လွှာနှင့် သံတမန်တော်များ ရောက်ရှိလာ၍ မိတ်ဆက်သဘင် ဆင်ယင်ပြုလုပ်ကျင်းပကြောင်း။

ထိုမှတပါးလည်း **သီဟိုဠ်ကျွန်း**နိုင်ငံတော်အရှင် **ဘုရင်မင်းမြတ်**သည်လည်း ထိုနည်းအတူ မွန်မြတ်ရည်ငံသော သဝဏ်လွှာနှင့်တကွ ဗုဒ္ဓသာသနာတော်ကို ကြည်ညိုလေးမြတ်သော ဘုရင်းမင်းတရားများ ဖြစ်ကြသည်နှင့်အညီ တူညီသောဝါဒဖြင့် နိုင်ငံတော် ၂-နိုင်ငံအတွင်း ရင်းနှီးစွာ မိတ်ဆက်လိုကြောင်းဖြင့် သံတမန်တော်များ ရောက်ရှိကြောင်း။

ထိုမှတပါးလည်း အထူးအားဖြင့် **ကပိလဝတ္ထုမြို့**တော်မှ ဘုရင်မင်းတရားလည်း ထို့အတူ စာသဝဏ်လွှာနှင့် သံတမန်တော် ရောက်ရှိကြောင်း။

ထိုမှတပါး အနီးအနားဖြစ်သော တိုင်းနိုင်ငံများအပြင် ဂျပန်နိုင်ငံသို့ ရောက်ရှိနေသော ဗုဒ္ဓဘာသာအယူများလည်း ထိုမင်းမျိုးတို့ အုပ်စိုးစဉ်အခါကာလ အခိုင်အမာတည်တံ့စွာရှိ၍ ရင်းနှီးစွာဆက်စပ်လျက်ရှိကြောင်းများလည်း ရေးသားသဖြင့် ၎င်းလက်ထက်မတိုင်မီက ၎င်းကျွန်းနိုင်ငံသို့ သာသနာရောက်ကြောင်း ၎င်းမှတ်တမ်းများအရ သိရသည့်အပြင် ၎င်းကျွန်းနိုင်ငံတွင်လည်း ထိုစဉ်မှ နောက်လက်ထက်များ၌လည်း ထွန်းကားလျက်ရှိကြောင်းများ မှတ်သားအပ်ကုန်၏။

## သာသနာပြုရဟန်းတော် ဝှင်သျှင်၏ အံ့ဖွယ်အတ္ထုပ္ပတ္တိမှတ်တမ်း

ဤသို့ တရုတ်နိုင်ငံကြီးအလုံးမှာ သာသနာ့ဗဟုသုတ ရှာမှီးကြ၍ တိုင်းသူပြည်သား ဘုရင်မင်းတရားတို့ပါ သာသနာတော်ကို အလေးအမြတ်ပူဇော်ချီးမြှောက်သော ခေတ်ဖြစ်သည်နှင့်အညီ ထိုနိုင်ငံမှသာသနာ့ ဗဟုသုတရှာမှီးကြသော သူမွန်ပုဂ္ဂိုလ်ကြီးများ ပေါ်ထွက်လာခဲ့ကြရာတွင် ၎င်းရှေးခေတ်က အထင်ရှားဆုံးဖြစ်ခဲ့သော ရဟန်းတော် **အရှင်ဖါဟိုင်**၏ ခရီးစဉ်ထက်ပင် ကျယ်ဝန်းရှည်လျား၍ အသက်ခန္ဓာညှာတာ ငဲ့ကွက်ခြင်း မရှိသော လုံ့လဖြင့် ၁၆-နှစ်တိုင်အောင် များစွာသော ကျမ်းဂန်တို့ကို လေ့လာစုဆောင်း ပြုစုခဲ့သောအရှင်ကား **အရှင်ဝှင်သျှင်- အရှင်ယွန်ချောင်**ဟုလည်းခေါ်သော တရုတ် ရဟန်းတော် အရှင်မြတ်ဖြစ်၍ ထိုအရှင်မှာ သာသနာတော် ၁၁၇၃-ခုနှစ်က ခရီးစ၍ ၁၁၈၉-ခုနှစ်မှာ တရုတ်ပြည်ကြီးသို့ ပြန်လည်ရောက်ရှိရာ များစွာသော သာသနာ့ဗဟုသုတ ကျမ်းဂန်အဝဝနှင့် ပြည်စုံလုံလောက်သဖြင့် ဘုရင်မင်းတရားနှင့်တကွ တိုင်းပြည်အလုံး ချီးကျူးမြှောက်စားကာ သာသနာတော်ပြုစုကျမ်းဂန်များ ပြုစုသဖြင့် အတိုင်းတိုင်း အပြည်ပြည်မှာလည်း ကျော်ကြားခဲ့လေသည်။

**ဆိုခဲ့ပြီး ရဟန်းတော်ဖါဟိုင်နှင့် ရဟန်းတော်ဝှင်သျှင်တို့မှာ** တရုတ်ပြည်မှ ပညာဗဟုသုတ ရှာဖွေကြသော ခရီးသည်တို့တွင် အထင်ရှားဆုံးနှင့် ၎င်းတို့၏ မှတ်တမ်းများလည်း အသေချာဆုံးဖြစ်၍ **တရုတ်ပြည်မဟာယာန** သာသနာဝင်တွင် အထူးထင်ရှားကြောင်းကား ရေးသားဖွယ်မရှိသော်လည်း ထို ၂-ပါးတို့တွင် **အရှင်ဝှင်သျှင်**သည်ကား သာသနာတွင် ထူးခြားသော အရှင်တစ်ပါးဖြစ်သဖြင့် အကျဉ်းမျှရေးသားရန် လိုအပ်သည့်အတိုင်း အောက်ပါ ၎င်း၏အတ္ထုပ္ပတ္တိအကျဉ်းကို မှတ်သားရန် ရေးသားရပါသည်။

## ရဟန်းတော်ဝှင်သျှင်၏ အကျဉ်းမှတ်ဖွယ်

ရဟန်းတော် ဝှင်သျှင်သည် သာသနာတော်နှစ် ၁၁၄၇-ခုနှစ် **ဟိုနန်နယ်၊ ချင်လျူမြို့**၌ဖွားမြင်၍ ၎င်း၏ညီအစ်ကို ၄-ယောက်တွင် အငယ်ဆုံးဖြစ်ပြီး ဒုတိယနောင်တော်ကား ဘုန်းကြီးဖြစ်သည့်အတိုင်း ၎င်းနှင့်အတူ ငယ်ရွယ်စဉ်ကပင် အရှေ့တိုင်းနယ် မြို့တော်ဖြစ်သော လိုယန်မြို့ကြီးသို့ လိုက်နေ၍ ၎င်း၏အသက် ၁၃-နှစ်မှာ သာမဏေအဖြစ်သို့ ရောက်ကာ ကျမ်းဂန်များသင်ကြားလေ့လာ အားထုတ်ကြိုးစားပြီးနောက် **ဆူအီ**မင်းမျိုးများ နိမ့်ကျ၍ တိုင်းရေးပြည်ရာ မငြိမ်သက်သဖြင့် ၎င်း၏နောင်တော်နှင့်အတူ **ချူအင်နယ် ရှင်ဘူမြို့**တော်သို့သွားရောက်ခိုလှုံနေရာ ၎င်းမှာ အသက် ၂၀-ပြည့်၍ ရဟန်းအဖြစ်သို့ ရောက်ပြီးလျှင် ဤအခါမှစ၍ တရုတ်ပြည်တွင်း နယ်အသီးသီးသို့ ခရီးထွက်ကာ ပညာဗဟုသုတ ရှာမှီးခဲ့လေသည်။

## ၎င်းချန်အန်မြို့မှ သာသနာနှစ် ၁၁၇၃-ခုတွင် စထွက်ခြင်း

ထိုသို့ လှည့်လည်ခဲ့ရာ သာသနာတော် အနှစ် ၉၀၀-ကျော်က မဇ္ဈိမဒေသသို့ သွားရောက်ကာ ၁၅-နှစ်ကြာမျှ သာသနာတော်ဗဟုသုတ ရှာမှီးဖူးသော အရှင်ဖါဟိုင်ခရီး စ၍ထွက်ရာ **ချန်အန်မြို့**သို့ရောက်ရှိသဖြင့် သာသနာတော်အတွက် သက်စွန့်ကြိုးပမ်း အားထုတ်ဆောင်ရွက်ကာ ပညာဗဟုသုတရှာမှီးတော်မူကြသော **အရှင်ဖါဟိုင်နှင့် အရှင်ချီယင်**တို့အကြောင်း အောင့်မေ့ကာ ထိုအရှင်များကဲ့သို့ အသက်ကို ပမာဏမထားဘဲ စွန့်စားလျက် လှိုင်လထက်သန်စွာနှင့် ပညာဗဟုသုရှာဖွေရန် စိတ်အားထက်သန်တော်မူသည့်အတိုင်း သက်တော် ၂၆-နှစ်၊ ဝါတော် ၆-ဝါအရ ၎င်းမြို့မှ သာသနာတော် ၁၁၇၃-ခုနှစ်တွင် အဖော်ရဟန်းတော်ဆင်ချောင်နှင့်အတူ ခရီးထွက်တော်မူခဲ့ကြလေပြီ။

ဤသို့ အရှင် ၂-ပါး အတူတကွ ထွက်ခွါသွားကြစေကာမူ အဖော်ရဟန်းတော်သည် ကား ခရီးပန်းသောအားဖြင့် **ကန်ဆူနယ်**မှာ ကျန်ရစ်ခဲ့သော်လည်း သာသနာတော်၌ အသက်စွန့်လွှတ်အပ်နှင်းကာ လွန်မင်းသော ဆန္ဒကြီးမားလှသော အရှင်ဖြစ်သည်နှင့်အညီ ပြန်လည်ဆုတ်နစ်သော စိတ်ဓာတ်ပယ်ကာ တစ်ပါးတည်းသာလျှင် တိဗက်ကုန်သည်များ နှင့် ၎င်းတိဗက်တိုင်းနယ်များကို ဖြတ်ကျော်ပြီး ယူဇနာ ၃၀၀-ကျော်, ၄၀၀-နီးပါး ဤမျှ ရှည်လျားခဲခက် အသက်စွန့်သွားရသော ခရီးခဲကြီးဝယ် ဘေးအန္တရာယ်တို့မှ လွတ်မြောက် ပြီးလျှင် **ဥတ္တရပထ**တိုင်းခေါ် အနောက်မြောက်တိုင်းနယ်များဖြစ်သော **ကမ္ဗောဇ, ဂန္ဓာရ** တိုင်းတို့သို့ ရောက်ခဲ့လေသည်။

ဤတိုင်းနယ်များတွင် သာသနာ့ဗဟုသုတ အဝဝတို့ကို ရှာဖွေဆည်းပူးကာ သာသနာတော် ၁၁၄၈-ခုနှစ်မှ **ဂန္ဓာရ, ကသ္မီရ, ဥဒျာန**တိုင်းတို့သို့ရောက်၍ ဗဟုသုတစာပေ ကျမ်းဂန်များ ရှာဖွေမှတ်သားပြီး ၎င်းအနီးအနားသို့ လှည့်လည်ကာ ၂-နှစ်ကြာမျှ လေ့လာ ပြီး ၁၁၇၇-ခုနှစ်မှာ ၎င်းနယ်မှ ထွက်ခွါခဲ့လေသည်။ ထိုတိုင်းနယ်များသို့ ဝင်လာစဉ် **ကာဗုလ် အာဖဂန်**တိုင်းပြည်များမှာပင် ဗုဒ္ဓတရားတော်များ ထွန်းကားစည်ပင်လျက် ရဟန်းအများ သီတင်းသုံးသော ကျောင်းအာရာမ် အမြောက်အမြားအပြင် အသောကမင်းတရားကြီး၏ စေတီပုထိုးများကိုလည်း ဖူးမျှော်ခဲ့ရကြောင်းရေးသားသဖြင့် ထိုအခါက ၎င်းဥတ္တရပထတိုင်း များ၌ ဗုဒ္ဓဘာသာတရား အစဉ်ထွန်းသစ်လျက်ရှိကြောင်း ကောင်းစွာသိရလေသည်။

အရှင်ဝှင်သျှင်သည် ထိုတိုင်းနိုင်ငံများ၌ ထင်ရှားရှိနေသော **တူရကီ, အာရဗီ**စသော ဘာသာများအပြင် **သိန္ဓု, အိန္ဒု** မြစ်ဝှမ်းတွင် အစဉ်အလာသုံးစွဲနေသော **အိန္ဒု, ဟိန္ဒု, ဟိန္ဒူ** ဘာသာများကိုလည်း တတ်မြောက်တော်မူ၍ သာသနာ့ဗဟုသုတများမှတပါး တိုင်းပြည်နိုင်ငံ

ပြည်, ရွာ, မြို့ပြ အခြေအနေအားလုံးတို့ကိုလည်း ၎င်းမှတ်တမ်း၌ သိမ်းရုံးသွင်းထားခဲ့လေသည်။

အထူးအားဖြင့် **တက္ကသီလ, ဂန္ဓာရတိုင်း**တို့၌ ဘုရားအလောင်းတော်မြတ် ပါရမီဖြည့်တော်မူစဉ်က ဖြစ်ခဲ့ဖူးသော အတ္ထုပ္ပတ္တိများ၏ အထိမ်းအမှတ် စေတီတော်များအပြင် **ကသ္မီရတိုင်း, ပုရိသပုရ - ပက်သျှဝါမြို့တော်** အနီးအနား-

- **ကနိသက** သာကဘုရင်မင်းတရားကြီးတည်ထား ကိုးကွယ်တော်မူခဲ့သော စေတီ-တော်များ၊
- ၎င်းစေတီတော်ကြီးကို အကြောင်းပြု၍ တည်ဆောက်တော်မူခဲ့သော ကျောင်း-တော်ကြီးများ၊
- ၎င်းအနီးအနား တိုင်းပြည်များဖြစ်သော **မနိကပုရ**-စသော တိုင်းပြည်များ-

သို့လည်း သွားရောက်ကာ ၎င်းတို့၌ အလောင်းတော်မြတ်သည် အစာငတ်၍ အားပြတ်နေသောကျားကြီးအား မိမိခန္ဓာအသက် မငဲ့ကွက်ဘဲ စွန့်လွှတ်လှူဒါန်းရာ **မနိစာလ** စေတီတော်ကြီးစသော စေတီများ အကြောင်းအရာများ မှတ်သားခဲ့လေသည်။

ရဟန်းတော်ဝှင်သျှင်သည် ၎င်းမှ ထွက်ခွါ၍ **ပဉ္စာပ ပန်ဂျပ်တိုင်းနယ်, ရာဇောရိတိုင်းနယ်, တာကတိုင်းနယ်**များကို ဖြတ်ကျော်ကာ **မဒ္ဒတိုင်း၊ သာဂလမြို့တော်**နှင့် **ကုသဝရမြို့တော်**များသို့ ရောက်ရှိကာ ၎င်းမှာလည်း ဗဟုသုတများစွာဆည်းပူးပြီး ခရီးထွက်ခဲ့ရာ သာသနာတော် ၁၁၇၈-ခုနှစ် နှစ်လယ်လောက်မှာ **စိနပတ္တိမြို့တော်** ရောက်ရှိ၍ ၎င်းမှာ-လည်း ၁-နှစ်ကျော်ကြာအောင် နေထိုင်ခဲ့ပြီး ၎င်းနယ်ဆိုင်ရာ ဗဟုသုတရှာဖွေတော်မူရင်း လှည့်လည်စူးစမ်းရာ များစွာသောအဆောက်အဦးများ တွေ့မြင်ရသည့်အပြင် မှတ်သားဖွယ်များကိုလည်း မှတ်သားခဲ့ရလေသည်။

၎င်းတို့အနက် **တကာမြို့တော်**သို့ ရောက်စဉ်က ကျောင်းတိုက်ကြီး ၁၀-တိုက်မျှ တွေ့ရှိရသည့်အပြင် ၎င်းမြို့မှ အရှေ့မြောက် ၁-ကောသလောက်အကွာတွင် အသောက ဘုရင်မင်းတရား တည်ထားတော်မူခဲ့သည့်, မြတ်စွာဘုရားကြွလာတော်မူ၍ တရားဓမ္မ ဟောပြတော်မူရာ အထိမ်းအမှတ်အဖြစ်ဖြင့် မှတ်သားရန် များစွာသောဓာတ်မွေသရီတော် ဌာပနာကာ အမြင့်သံတောင် ၁၃၀-ကျော်ရှိသော စေတီတော်ကြီးများလည်း ထင်ရှား ရှိသေးကြောင်း-


ထိုမှတပါး ရှေးနိပါတ်တော်ခေတ်က **ကုသမင်းကြီး**လာရောက်ကာ ၇-ပြည်ထောင်မင်းများ၏ ရန်ကိုဖြိုဖျက်အောင်မြင်တော်မူသည့် **မဒ္ဒတိုင်း၊ သာဂလမြို့တော်ဟောင်း**ကို သာသနာတော်အနှစ် ၅၀၀-ကျော်က **ဂရိတ်-ယောနက** တိုင်းနိုင်ငံများမှလာရောက်အုပ်စိုးတော်မူသော **မိလိန္ဒမင်းတရားကြီး**လက်ထက်မှာလည်း မြို့တော်ပြုလုပ်ကာ သာသနာတော်ပြုစုခဲ့သည့်အတိုင်း ဝှင်သျှင်ရဟန်းတော်ရောက်စဉ်ကလည်း ၎င်းမင်းကြီး တည်ထောင်ခဲ့သည်ဟု ထင်မှတ်ရသော ကျောင်းတိုက်ကြီးများစွာတို့ကို တွေ့ခဲ့ရကြောင်း။

၎င်းကျောင်းတိုက်ကြီးများ အနီးအနားမှာ ရှေးမြတ်စွာဘုရား ၃-ဆူတို့၏ ခြေတော်ရာများကို ဖုံးအုပ်လျက် တည်ထားသော စေတီတော်ကြီးမှာ အတောင် ၁၃၀-ခန့်မြင့်မားစွာ တည်ရှိသည့်အပြင် ၎င်းစေတီတော်ကြီးမှ အနောက်မြောက်ဘက်မှာလည်း ၎င်းစေတီတော်ကြီးတမျှ ဘုရား ၄-ဆူတို့၏ တရားဟောဌာန အထိမ်းအမှတ်အားဖြင့် တည်ထားတော်မူသော အသောကမင်းတရား၏ စေတီတော်ကြီးကို ဖူးမျှော်ရကြောင်းများ မှတ်သားခဲ့လေသည်။

ထိုမှတပါး ရဟန်းတော်ဝှင်သျှင်သည် **ကနိသက** မင်းတရားကြီးလက်ထက်က တရုတ်ပြည်မှ ရောက်ရှိလာကြသော ဧည့်သည်တော်တို့ကို ဧည့်ခံတော်မူရာ မြို့တော်ဖြစ်၍ **စိနပတ္တိ**-ဟု တွင်လာခဲ့သောမြို့သို့ရောက်၍ ၎င်းမှာလည်း ၁-နှစ်ကျော်မျှ သီတင်းသုံးတော်မူကာ-

- **သဒ္ဒါဗျာကရုဏ်း**တို့တွင် အမွန်အစဖြစ်၍ စာပေလောကတွင် အကျော်ကြားဆုံးဖြစ်သော **ပါဏိနီ**ဆရာကြီး၏ မွေးဖွားရာ **သလာတုရ**-ဟု ရှေးကခေါ်သော **လေဟာဝရ**-သို့မဟုတ် **လာဟိုရ်**မြို့တော်သို့၎င်း၊
- ထိုစဉ်က ထင်ရှားကျော်ကြားခဲ့သော **တာပသဝန**တောကျောင်းကြီး၏ မနီးမဝေး အရပ်မှာ တည်ရှိသော တောတန်းကြီးများသို့၎င်း၊
- ထိုထို အနီးအနား ဗုဒ္ဓဘာသာထွန်းကားရာ အရပ်ဒေသသို့၎င်း ဗဟုသုတများ ရှာဖွေခဲ့လေသည်။

၎င်းနောက် သာသနာတော် ၁၁၇၉-ခုနှစ်တွင် ၎င်း**စိနပတ္တိမြို့**မှ ထွက်ခွါခဲ့၍ ရှေးအခါက တိုင်းနယ်မြို့တော်တစ်ခုဖြစ်သော **ဇာလန္ဒရ**မြို့တော်သို့ရောက်ကာ ၎င်းတိုင်းနိုင်ငံ ရှင်ဘုရင် ဥဒိတမင်းတရားက ပင့်ဖိတ်လျောက်ထားသဖြင့် ၎င်းမှာပင် ၄-လကျော် သီတင်းသုံးတော်မူပြီး **ကုလုတ သတဒြုစ**သော မြစ်ဝှမ်းနယ်ပယ် တိုင်းနိုင်ငံများကို ဖြတ်ကျော်ကာ မဇ္ဈိမတိုင်း အလယ်ပိုင်းနိုင်ငံများတွင် အပါအဝင်ဖြစ်သည့် **မစ္ဆတိုင်း၊ ဝိရာတမြို့တော်**, **သူရသေနတိုင်း မထူရ**မြို့တော်များတို့သို့ ရောက်ရှိပြီး ဗဟုသုတများ လေ့လာပြီးကာ ၎င်းမှ အနောက်ဘက်




တရုတ်ရဟန်းတော် ဝှင်သျှင်၏ တူန္တိယ
ခရီးစဉ် နိုင်ငံများ

တိုင်းနိုင်ငံများတွင် အပါအဝင်ဖြစ်သော မဇ္ဈိမအနောက်ပိုင်းနယ်များသို့ သွားရောက်ပြီး **ဌနေသရ သုဃနမြို့**များ၌ ဆောင်း ၄-လ သီတင်းသုံးတော်မူပြီးကာ လိုအပ်သော မှတ်စရာများ ရှာဖွေတော်မူပြီး သာသနာတော် ၁၁၈၀-ပြည့်နှစ်၌ ၎င်းမှ **မာဝရမြို့**သို့ သွားကာ နွေခါသမယ ၄-လနားနေ ပညာဗဟုသုတများ ရှာဖွေခဲ့လေသည်။

၎င်းမှ **ယမုနာမြစ်ဝှမ်းမြို့**များဖြစ်သော **ဗြဟ္မပူရ ဂေါဝိသနမြို့**များသို့ သွားရောက်လှည့်လည်ပြီး

- ၎င်းမှ **ပဉ္စာလမြို့**တော်ဟောင်းဖြစ်ဖူးသော **အဟိဆတ္တမြို့**တော်
- ၎င်းမှ **ပိလောသနမြို့**
- ၎င်းမှ မြတ်စွာဘုရား တာဝတိံသာမှ ဆင်းသက်ကြွတော်မူရာ မြို့တော် ဖြစ်၍ ထေရဝါဒသာသနာဝင်တွင် အလွန်ထင်ရှားသော **သင်္ကဿမြို့**သို့ရောက်၍

၎င်း၌ မြတ်စွာဘုရား တာဝတိံသာမှ ဆင်းသက်တော်မူသော အထိမ်းအမှတ်နေရာတော်မှာ ရတနာတို့ဖြင့် ဆန်းကြယ်လှသော စောင်းတန်းလှေကားများ ပြုလုပ်ထားသည်ကို ဖူးမျှော်ခဲ့ရသည့်အပြင် အနီးအနား၌လည်း ကျောင်းတိုက်များကို တွေ့မြင်ခဲ့ရလေသည်။

၎င်းမှ- **ကန္နကုဇ္ဇမြို့**သို့, ၎င်းမှာ ၃-လမျှနားနေပြီး

၎င်းမှ- **အယုဒ္ဓယမြို့**တော်သို့၊

၎င်းမှ- **ဟယမုခမြို့**သို့

၎င်းမှ- ပယာဂ ဆိပ်ကမ်းမြို့၊ **ဂင်္ဂါ, ယမုနာ** မြစ်ဆုံသို့

၎င်းမှ- **ကောသမ္ဗီမြို့**တော်သို့၊

၎င်းမှ- **ကုသပူရမြို့**သို့

၎င်းမှ- တဖန် **အယုဒ္ဓ သာကေသမြို့**များသို့

၎င်းမှ- **ကောသလတိုင်း**၊ **သာဝတ္ထိမြို့**တော်သို့

၎င်းမှ - **သက္ကတိုင်း**၊ **ကပိလဝတ္ထုမြို့**တော်သို့

၎င်းမှ- **ရာမ ဂါမမြို့**တော်သို့

၎င်းမှ- **ကုသိနာရုံမြို့**တော်သို့-

ဤသို့ စသည်လှည့်လည်သွားလာ များစွာသော ဗဟုသုတများရှာဖွေကာ ၎င်းနှစ်ကို ကုန်လွန်စေခဲ့လေသည်။

ထိုရဟန်းတော် ရောက်ခဲ့သောမြို့တို့တွင် ထိုစဉ်က ဗုဒ္ဓသာသနာ ထွန်းကားလျက်ရှိသော မြို့များမှာ

| | | | |
|---|---|---|---|
| **မထုရ** | **သံကဿ** | **ကန္နောဇ္ဇ** | **အယုဒ္ဓယ** |
| **ပယာဂ** | **ကောသမ္ဗီ** | **သာဝတ္ထိ-** | စသော မြို့များဖြစ်၍ |

၎င်းမြို့များသည် သာသနာထွန်းကားရာ အလယ်ပိုင်းနိုင်ငံများ ဖြစ်ကြသော်လည်း အချို့များ၌ သာသနာနှင့်စပ်သော မှတ်သားချက်များမရှိကုန်။ ၎င်းတို့တွင် မထုရမြို့တော်မှ များစွာသော ရုပ်ပွားတော်များကို ဖူးတွေ့ရသည့်အပြင် ယိုယွင်းပျက်စီးနေသော ကျောင်းတိုက်ကြီးများကိုလည်း တွေ့ရှိခဲ့ရကြောင်း။

ထို့အပြင် ထိုအရှင်ရောက်စဉ်က **ကန္နောဇ္ဇ-ကန္နကုဇ္ဇ**မြို့သည်ကား ၎င်းခေတ်၌ အလွန်ထင်ရှား ဘုန်းလက်ရုံး တန်ခိုးအာဏာများ ကြီးမားသော အထိမ်းအမှတ် ခုနှစ်များ မှတ်သားခဲ့သော **ဝိက္ကမာဒိစ္စမင်း**, **သာကမင်း**များကဲ့သို့ ၎င်း၏ခုနှစ်များ မှတ်သားခဲ့သော **ဟာသဝဒ္ဓနမင်းတရားကြီး**၏ မြို့တော်ကြီးဖြစ်၍ ၎င်းမင်းတရားကြီးနှင့်လည်း **အရှင်ဝှင်သျှင်** ကိုယ်တိုင် ဖိတ်မံတွေ့ရှိ၍ အပြန်တွင်လည်း ဖိတ်မံသည့်အတိုင်း ထပ်မံတွေ့ကာ အရှင်မြတ်အား ဘွဲ့တံဆိပ်တော်များ ကပ်လှူတော်မူကြောင်း။

၎င်းပြင် ၎င်းမှသာကေတသို့ ရောက်သောအခါ-

- မြတ်စွာဘုရား ရပ်တော်မူရာ၌၎င်း
- စင်္ကြံကြွတော်မူရာ၌၎င်း
- ထိုင်တော်မူ၍ တရားဓမ္မဟောပြတော်မူရာ အရပ်တို့၌၎င်း-

စေတီတော်များ တည်ရှိကြောင်း။

၎င်းပြင် သာဝတ္ထိမြို့တော်ကြီးမှာ မြတ်စွာဘုရားလက်ထက်တော်က အလွန်ထင်ရှားသော မြို့တော်ကြီးဖြစ်သော်လည်း ထိုစဉ်က မကြီးကျယ်တော့ဘဲ လူနေအိမ်ခြေမှာ ဖါဟိုင်ရဟန်းတော်ရောက်စဉ်က ၂၀၀-ကျော်မျှရှိသော်လည်း အရှင်ဝှင်သျှင်ရောက်သောအခါ ပျက်စီးယိုယွင်း အလျှင်းမရှိသလောက် ဖြစ်နေကြောင်း၊ သို့သော်လည်း ဇေတဝန်ကျောင်းတော်ကြီးမှာကား ပျက်စီးလျက်ပင်ရှိနေသေးကြောင်း၊ ၎င်းအရှင်မြတ်၏မှတ်တမ်းအရ ထင်ရှားစွာမှတ်သားအပ်ကုန်၏။

ရဟန်းတော်ဝှင်သျှင်သည် မြတ်စွာဘုရားဖွားမြင်တော်မူရာ လုမ္ဗိနီစသော သာသနာဝင် ထင်ရှားရာအရပ်ဒေသများသို့ သွားရောက်ဖူးမျှော်ပြီးလျှင် သာသနာတော် **၁၁၈၁-ခုနှစ်**၊ ရာမဂါမ, **ကုသိနာရမြို့**တော်သို့ရောက်၍ ပရိနိဗ္ဗာန်စံတော်မူရာဌာနကို ဖူးမျှော်ပြီး အနီးအနားဖြစ်သော ပိပ္ပလိဝန **မောရိယမြို့**တော်သို့ငင်း၊ ၎င်း၏မနီးမဝေးတည်ရှိသော ဓာတ်တော်ဝေစုတွင် ပါဝင်ရရှိသည့် **ပါဝါမြို့**သို့ငင်း သွားရောက် စေတီအသီးသီးတို့ကို ဖူးမျှော်ကာ ၎င်းမှ **ဗာရာဏသီ**နေပြည်တော်သို့အသွား ထိုအခါက ထင်ရှားသော **ခုခုန္ဒ** မည်သော ပုဏ္ဏားရွာကြီးသို့လည်း ဝင်ပြီးကာ ထိုနှစ်မှာပင် သာသနာဝင် အထင်ရှားဆုံးသော ဗာရာဏသီ နေပြည်တော်ကြီးသို့ ဆိုက်ရောက်တော်မူလေ၏။

၎င်းဗာရာဏသီ၏ မြောက်မျက်နှာ ၃-ကောသ အကွာလောက်တွင် ဗုဒ္ဓဘာသာဝင်တို့ အစဉ်သဖြင့် ပူဇော်အပ်သော အဝိဇဟိတဌာန အရပ် ၄-ပါးတို့တွင် ပါဝင်သည့် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ရှေးဦးစွာ တရားဓမ္မဟောပြတော်မူရာဖြစ်သော **ဣသိပတန** မိဂဒါဝုံတောသို့ ရောက်ပြီးကာ ပဉ္စဝဂ္ဂီ ၅-ဦးတို့အား ဟောပြ၊ တရားဓမ္မစကြာလည်တော်မူရာ ဌာနအထိမ်းအမှတ်ဖြစ် တည်ထားသော **ဓမ္မေက-ဓမ္မဒေသကစေတီ**တော်ကြီးကို ဖူးမျှော်ကာ ကျောင်းတော်ရာများကိုလည်း ကြည့်ရှုမှတ်သားခဲ့ရလေသည်။

ထို့နောက် ဗာရာဏသီဝန်းကျင်သို့ လှည့်လည်လေ့လာစုံစမ်းပြီးလျှင် ၎င်းမှ **ရှေးက ဂါဇပတိပူရခေါ် ဂါဂျီပူရ်**သို့၊ ၎င်း၌ ထင်ရှားသော **အဝိဒ္ဓကန္နကျောင်းတိုက်ကြီး**များသို့ သွားရောက်ကြည့်ရှုပြီး ဝေသာလီအသွားလမ်းခရီးအကြား၌ မြတ်စွာဘုရားလက်ထက်တော်က လူသားစားကြူးဘီလူးကြီး အကျွတ်တရားရ၍ လူများကိုးကွယ်ရာ အထိမ်းအမှတ်နေရာ၌ အသောကမင်းကြီးတည်ထားသော စေတီသို့ငင်း ၎င်းမှ မြတ်စွာဘုရား ဓာတ်တော်များဝေဖန်ပြီး မိမိအဖို့ ဓာတ်တော်ချင်ခွက်သာ ကျန်တော့သဖြင့် ၎င်းကိုအရိုအသေထား တည်ထားကိုးကွယ်သော ဒေါနပုဏ္ဏားကြီး၏ **ကုမ္ဘာစေတီ**တော်သို့ငင်း။

၎င်းမှ မြတ်စွာဘုရားသည် ဝဇ္ဇီမင်းများနှင့် စပ်လျဉ်း၍ အရှင်အာနန္ဒာမထေရ်အား မေးမြန်းတော်မူရာဌာန၌ အထိမ်းအမှတ်တည်ထားသော **နဝန္ဒာဂရစေတီ**၊ **ဘူလီ အလ္လကပ္ပမင်း** ရသော ဓာတ်တော်, မွေတော်များကို ဌာပနာလျက်တည်ထားသော **အလ္လကပ္ပစေတီ**သို့ငင်း။

ဤသို့စသည် များလှစွာသော ဗုဒ္ဓသာသနာနှင့်ဆက်စပ်သော အရပ်ဌာနအသီးသီးတို့ကို ကြွရောက်ဗဟုသုတရှာဖွေကာ ထိုမှ **နေပါလ**တိုင်းသို့သွားပြီး နောက်တဖန် ဝေသာလီသို့ပြန်လည်ရောက်ခဲ့ပြီး ပညာဗဟုသုတဆည်းပူးပြီးကာ ထိုအခါက အလွန်ထင်ရှားကျော်ကြားသော မဂဓတိုင်း၊ နာလန္ဒကျောင်းတော်ကြီးသို့ ၎င်းသာသနာတော် ၁၁၈၁-

ခုနှစ် အကုန်လောက်တွင်ရောက်ရှိကာ ပညာအရပ်ရပ်တို့ကို ကြိုးစားအားထုတ် ရှာမှီးခဲ့လေသည်။

၎င်းနှစ်မှာပင် မဂဓတိုင်းနှင့်စပ်၍ သိမှတ်ဖွယ်ရာများ ၎င်းရာဇဂြိုဟ်မြို့တော်ဝန်းကျင်တည်ရှိသော ကျောင်းတိုက်ကြီးများသို့၎င်း အသောကမင်းတရားကြီး စိုးစံတော်မူရာ ပါဋလိပုတ်မြို့တော် ၎င်းဝန်းကျင်တွင်ထင်ရှားသော ကျောင်းတော်ကြီးများသို့၎င်း ဤသို့စသည် အလီလီသော သာသနာ့ ဗဟုသုတရှာမှီးတော်မူလျက် ၁၅-လမျှ လှည့်လည်သွားလာတော်မူပြီးလျှင် ၂-နှစ်နီးပါး နာလန္ဒကျောင်းတော်ကြီး၌ ပညာရပ်များစွာတို့ကို မနေမနား အားထုတ်ဆည်းပူးတော်မူကာ သီတင်းသုံးနေထိုင်ခဲ့လေသည်။

အထူးအားဖြင့် မဂဓတိုင်းကြီးကား သာသနာဝင်တွင် အထင်ရှားဆုံးဖြစ်၍ သာသနာ၏အခြေပြုရာ တိုင်းဌာနဖြစ်သည့်အပြင် နောင်အစဉ်အဆက်လည်း အဓွန့်ရှည်စွာ သာသနာတည်ထွန်း စည်ပင်ရာဌာနဖြစ်သောကြောင့် ရဟန်းတော်အရှင်ဝှင်သျှင်သည် ဗုဒ္ဓဂယာမဟာဗောဓိနှင့်တကွ ထိုစဉ်က **နာလန္ဒကျောင်းတော်ကြီး**အပြင် ထင်ရှားသော-

- **တိလဒကကျောင်းတော်**,
- မြတ်စွာဘုရား သီတင်းသုံးတော်မူဖူး၍ တရားနှလုံးသွင်းတော် မူဖူးသော တောင်ခြေ၌ တည်ရှိသည့် **ဂုဏမတိကျောင်းတော်**,
- ဆိတ်ငြိမ်လှသော တောင်ကုန်း၌ တည်ရှိသော **သီလာဘဒ္ဒကျောင်းတော်**,
- ထို့အတူ ဆိပ်ငြိမ်အေးချမ်းသော တောင်ထိပ်၌တည်ရှိသော **ကာပေါတိကကျောင်းတော်**,
- မြင့်မားသောတောင်ကြီး၌ တည်ရှိသော ကြီးကျယ်ခမ်းနားသည့် **အဝလောကိတေသရကျောင်းတော်ကြီး**၊

ဤသို့ကျောင်းတိုက်ကြီးများ၏ ပေါ်များထွန်းကားခြင်းကြောင့် ဝိဟာရ သို့မဟုတ် ဝိဟာနယ်အလုံးသို့ လှည့်လည်ကာ ၎င်းကျောင်းတိုက်ကြီးများနှင့်စပ်သော ဗဟုသုတများ မှတ်သားရေးယူခဲ့လေသည်။

ရဟန်းတော်ဝှင်သျှင်သည် ဒေသဗဟုသုတရှာဖွေပြီးသောအခါ အလိုရှိအပ်သော သာသနာတော်အယူဝါဒ များပြားစွာနှင့် များစွာသော ပိဋကတ်များကို သင်ကြားအားထုတ်ရန် တာဝန်ရှိသည်အားလျော်စွာ ပညာအရပ်ရပ်နှင့် ဘာသာအရပ်ရပ်တို့ကို သင်ကြားလျက်၊ ထိုခေတ်၌ နာလန္ဒကျောင်းတော်ကြီးကား အထူးအားဖြင့် နိုင်ငံအသီးသီးမှ ကျမ်းဂန်

အရပ်ရပ်တတ်မြောက် ကျွမ်းကျင်တော်မူကြသော ဆရာကြီးများ လာရောက်ပြသကာ မိမိတို့ အယူဝါဒများ ဖြန့်ဖြူးနေကြသော အခါသမယဖြစ်၍ မိမိတို့ တတ်မြောက်ကျွမ်းကျင်သော ပိဋကတ်များနှင့် ဝါဒအားလျော်စွာ ပြုစုစီရင်အပ်သောသုတ္တန်များကို သင်ကြားပို့ချခြင်းအားဖြင့် ၎င်းတို့အစဉ်အလာ သာသနာဝင်များ တိုးပွားစည်ပင်အောင် ဆွဲဆောင်နေကြသော ခေတ်ကြီးဖြစ်ခဲ့လေသည်။

ထိုအရှင်မရောက်မီကပင် ၂-သွယ်ကွဲပြားနေသော ဝါဒကြီး ၂-ခုရှိကြ၍ နောက်က ရေးသားခဲ့ပြီးသည့်အတိုင်း **မဇ္ဈိမိကဂိုဏ်း**နှင့် **ယောဂါစာရဂိုဏ်း**ဆရာကြီးများသည် ဤကျောင်းတိုက်ကြီး၌ ၎င်းတို့အယူဝါဒများ သင်ကြားကြသည့်အားလျော်စွာ ၎င်းအရှင် ရောက်စဉ်က **မဇ္ဈိမိကဂိုဏ်း**အယူဝါဒ ဆရာစဉ်ဆက်၌ ၄-ယောက်မြောက် အရှင် **သီဟပဘာ မထေရ်ကြီး** သင်ကြားပြသ ပို့ချနေသည့်အပြင် **ယောဂါစာရ** ဆရာစဉ်ဆက်၌လည်း ၈-ယောက်မြောက် အရှင်**သီလာဘဒ္ဒမထေရ်ကြီး** သင်ကြားပို့ချနေကြသောအခါဖြစ်၍ ထိုမထေရ်ကြီးတို့ထံ ထို ၂-ဂိုဏ်းတို့၏ အယူဝါဒများ လေ့လာသင်ကြားခဲ့ရလေသည်။

၎င်းပြင် အထူးအားဖြင့် တိဗက်မှတ်တမ်းများအရ အရှင်ဝှင်သျှင်သည် ဤနာလန္ဒ ကျောင်းတော်ကြီးသို့ ရောက်လျှင် **သကတ**ဘာသာ, **ပရာကရိတ**ဘာသာများနှင့် ဒေသ ဘာသာများ လေ့လာသင်ကြားပြီးနောက် အသက် ၁၀၆-နှစ် ရှိတော်မူသော အရှင်**ဒန္တဘဒ္ဒ** သို့မဟုတ် **ဒန္တသေန**မည်တော်မူသော ဆရာမြတ်ထံ ယောဂါစာရ ကျမ်းဂန်များ အားထုတ် ပြီးလျှင် ၎င်းကျောင်းတော်ကြီး၌ ထင်ရှားသော ဂိုဏ်းအယူဝါဒအမျိုးမျိုးများ သင်ကြား လေ့လာပြီးနောက် မဟာယာနဂိုဏ်းကြီးကို မူရင်းထား၍ ဂိုဏ်းအယူသည်းသူတို့ ပြေငြိမ်းရေးဖြစ်သော **သန္တိသမဂ္ဂ**-မည်သော ဂါထာ ၆,၆၀၀-ရှိကျမ်းကြီးကို ရေးသားသဖြင့် ထိုစဉ်က အားလုံးသော ပညာရှိများတို့သည် များစွာအံ့သြချီးမွမ်းကြလေကုန်၏။

သို့ရာတွင် ယောဂါစာရဝါဒကို မနှစ်မြို့သော အရှင်**ပဏ္ဍိတဟရပတာ**သည် ၎င်းဝါဒ နှင့် ဆန့်ကျင်သော ကျမ်းတစ်စောင်ကိုရေးသား၍ ၎င်းဆန့်ကျင်သော ပြဿနာများ ဖြေကြားသော **ကေန္တသိဒ္ဓိ**-အမည်ရှိ၍ ဂါထာ ၈,၀၀၀-ကျော်ရှိသော ကျမ်းစာကြီး တစ်စောင် ထပ်မံ ရေးသားတော်မူပြီးလျှင် ဆရာအရှင်ဖြစ်သော ဒန္တဘဒ္ဒမထေရ်မြတ်ကြီးထံ တင်ပြရာ ထို ဆရာမထေရ်အရှင်မြတ်သည်လည်း ၎င်းကျမ်းဂန်များကို သကတအားဖြင့် ရေးသား၍ နိုင်ငံခြားသားအရှင်သည် ဤသို့သကတကျမ်းဂန်များ ပြုစုသည့်အတွက် များစွာချီးမွမ်းပြီး လျှင် **ပဏ္ဍိတမဟာယာနဒေဝ**-ဟူသော ဘွဲ့ထူးဖြင့် ချီးကျူးသမုတ် ခေါ်ဝေါ်ကြလေကုန်၏။

၎င်းတွင်မက ထိုစဉ်က အလယ်ပိုင်းတိုင်းနိုင်ငံအရှင် ဘုရင်**သီလာဒိစ္စမင်း**မြတ်က လည်း **ပဏ္ဍိတ်**ဘွဲ့ထူးဖြင့် ချီးကျူးပေးအပ်သည့်အပြင် တောင်ပိုင်းတိုင်းနိုင်ငံ ဘုရင်မင်းများ

ထံမှလည်း လေးမြတ်စွာချီးကျူး၍ ထို့အတူဖြစ်သော **ပဏ္ဍိတ်ဘွဲ့**ထူးကို ရရှိ၍ ထိုလက်ထက်က ပညာရှိများ၏ ချီးကျူးခြင်းကို ထူးကဲထက်မြက်သော ပညာအလျောက် ရရှိခဲ့လေသည်။

ဤသို့အားဖြင့် ရဟန်းတော်အရှင်ဝှင်သျှင်သည် မဂဓတိုင်းနိုင်ငံ၌ ၃-နှစ်ကျော် ပညာဗဟုသုတ ဆည်းပူးပြီးလျှင် သာသနာတော် ၁၁၈၃-ခုနှစ်တွင် တရုတ်ပြည်သို့ ပြန်လည်ဖို့ရန် မဂဓတိုင်းကြီးမှ ခရီးစထွက်ရာ **ဟိရညပဗ္ဗတ**သို့ရောက်၍-

- ၎င်းမှ- **စမ္ပါနဂရ** စမ္ပါမြို့သို့၎င်း
- ၎င်းမှ- **ကံကဇလ** သို့မဟုတ် **ဂဇင်္ဂလ**သို့၎င်း
- ၎င်းမှ- **ပုန္ဒဝဒ္ဓန**မြို့သို့၎င်း
- ၎င်းမှ- **ကာမရူပ** အာသန်မြို့တော်သို့၎င်း၊ (၎င်းမှာ ဗြဟ္မပုတြမြစ်ကို ဖြတ်၍ သွားရ၏)
- ၎င်းမှ- **သမတိတ္တ**တိုင်း, **ဝင်္ဂ**တိုင်း အောက်ပိုင်းနိုင်ငံများသို့၎င်း
- ၎င်းမှ- ရှေးက ဆိပ်ကမ်းမြို့ကြီးဖြစ်သော **တာမလိတ္တိ**သို့၎င်း
- ၎င်းမှ- **ကိရဏ** သုဝဏ္ဏအရပ်သို့၎င်း
- ၎င်းမှ- **ဩဒြ** သို့မဟုတ် **ဩရိဿ**တိုင်းသို့၎င်း
- ၎င်းမှ- **ဂန်ဂျမ်** တိုင်းနယ်များသို့၎င်း
- ၎င်းမှ- **ကလိင်္ဂ**တိုင်းနိုင်ငံ နယ်များသို့၎င်း
- ၎င်းမှ- **ဒက္ခိဏ ကောသလ** တိုင်းနိုင်ငံသို့၎င်း
- ၎င်းမှ- တောင်ပိုင်းတိုင်းနိုင်ငံများဖြစ်သော **အန္ဓ**တိုင်းသို့၎င်း
- ၎င်းမှ- **ဓနကတ**တိုင်း မြို့တော်သို့၎င်း-

အစဉ်အတိုင်းသွား၍ ၎င်း၌ ၆-လမျှနားနေပြီး ၎င်းတိုင်းနယ်များတွင် ထင်ရှားသော ဗဟုသုတများ စုဆောင်းရှာဖွေလျက် သီတင်းသုံး နေထိုင်တော်မူခဲ့လေသည်။

၎င်းရဟန်းတော် သွားရောက်ခဲ့သော ခရီးစဉ်၌ ထင်ရှားသည့် ဆိပ်ကမ်းမြို့ကြီးဖြစ်သည့် **တာမလိတ္တိ**မြို့သို့၎င်း ဝင်္ဂတိုင်းအောက်ပိုင်း **ကိရဏ သုဝဏ္ဏ**တိုင်းသို့၎င်း ရောက်၍ ၎င်းတိုင်းနိုင်ငံအရှင် ဘုရင်သသက်သည်ကား ရဟန်းတော် မရောက်မီကာလက "ဗုဒ္ဓ

ဘာသာကို ဖျက်ဆီးသည့်အပြင် ဗောဓိပင်ကိုလည်းဖျက်ဆီးသော မင်းတစ်ပါး”ဟု သာသနာဝင်မှတ်တမ်းတွင် ထင်ရှားသော မင်းတစ်ပါးအုပ်ချုပ်သည့် တိုင်းနိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း ၎င်းမင်းဖျက်ဆီးသော ဗောဓိပင်မင်းကိုလည်း အလယ်ပိုင်းတိုင်းနိုင်ငံမင်းများ မကြာမြင့်မီပင် ပြင်ဆင်ပြုစု အားထုတ်နေတော်မူကြကြောင်းများကိုလည်း ရေးသားခဲ့လေသည်။

၎င်းပြင် ဩရိဿနယ်မှာ နောက်ကရေးသားခဲ့သည့်အတိုင်း ထေရဝါဒဂိုဏ်းထွန်းကား၍ အလယ်ပိုင်းတိုင်းနိုင်ငံ ဘုရင်တစ်ပါးနှင့် ၎င်တိုင်းနယ် ရဟန်းတော်များ စကားအကြောင်း အတ္တုပ္ပတ္တိ ဆက်စပ်ဖြစ်ပွားခဲ့ဖူးကြောင်း၊ ၎င်းတိုင်းနယ်တွင် ထင်ရှားသော **ဥဒယဂိရိ** စသည်၌ များစွာသော ဗုဒ္ဓဘာသာကျောင်းဂူများရှိသည့်အပြင် ၎င်းတို့အနီးအနားမှာလည်း စေတီတော်များနှင့် ကျောက်စာများလည်းရှိကြောင်း ရေးသားမှတ်ယူခဲ့လေသည်။

ထို့ပြင် ၎င်းဩရိဿနယ်မှ ထွက်ခွါ၍ **ကွန်ယုတခေါ်** **ဂန်ဂျမ်**သို့ ရောက်သောအခါ ၎င်းတိုင်းနယ်မှာ **ဘုရင်လလိတိန္ဒြကေသရီ** မည်သော မင်းတစ်ပါး အုပ်ချုပ်ငြားလည်း ၎င်းမှာ ဗြာဟ္မဏအယူဝါဒဖြစ်၍ ဗုဒ္ဓဘာသာနှင့် စပ်လျဉ်းသည့် မှတ်သားခြင်းများ မရှိကြောင်း၊ သို့ရာတွင် ၎င်းဘုရင်လည်း နောက် ၄-နှစ်လောက်မှာ **ကန္နောဇ** တိုင်းနိုင်ငံအရှင် **ဘုရင်ဟာသဝဒ္ဓနမင်းကြီး**နှင့် စစ်မက်ဖြစ်ပွားပြီး ၎င်းမင်းမှာ အရေးနိမ့်ကျလျက် ဟာသဝဒ္ဓနမင်းကြီး၏ လက်တွင်းသို့ ကျရောက်ပြီးလျှင် ဩရိသနယ်တွင်းသို့ သွတ်သွင်းထားကြောင်း၊ ၎င်းမင်းတရားကြီးကား သာသနာတော် ယုံကြည်လေးစား၍ သာသနာပြုမင်းတစ်ပါး ဖြစ်ခဲ့လေသည်။

၎င်းတိုင်းနယ်များမှ ခရီးအတိုင်း ကြွရောက်သော် ဒက္ခိဏပထ တောင်ပိုင်းတိုင်းနယ်များတွင်ပါဝင်သော ရှေးဟောင်းဗုဒ္ဓဘာသာတွင်လည်း ထင်ရှားကျော်စောသည့် **ကလိင်္ဂ**တိုင်းနယ်သို့ ရောက်တော်မူသဖြင့် ၎င်းတိုင်းနယ်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး နောက်မကြာမီ **လက်ဝဲစွယ်တော်**မြတ်သည် ၎င်းတိုင်းနယ် အုပ်ချုပ်သော ဗြဟ္မဒတ်မင်းထံ ရောက်ရှိသဖြင့် ထိုမြတ်စွာဘုရား **စွယ်တော်တည်ရာ** ဖြစ်ခြင်းကြောင့် **ဒန္တပူရ**မြို့တော်သို့လည်း ရောက်သည့်အပြင် ၎င်းမှ ဒက္ခိဏကောသလတိုင်းသို့ရောက်၍ ၎င်း၌ ပထဝီဝင်ဆရာများကဖြစ်နိုင်မည်ဟု ခန့်မှန်းသော အမရဝတီမြို့တော်သို့လည်း ရောက်ခဲ့လေသည်။

(၎င်း၌ မှတ်တမ်းအရ ရေးသားရသော်လည်း **ဒန္တပူရ**မြို့တော်နှင့် **အမရဝတီ** မြို့တော်တို့ကား ရှေးခေတ်ကပင် ထင်ရှားသော မြို့တော်များဖြစ်လေသည်။)

သို့ရာတွင် ၎င်းတိုင်းနယ်၌ အထူးအံ့ဩဖွယ်ရာဖြစ်သော ခမ်းနားကြီးကျယ်သည့် ဘုံ ၅-ဆင့်တို့ဖြင့် အဆန်းတကြယ် တဆင့်တဆင့်လျှင် ပုံသဏ္ဍာန်တစ်မျိုးစီ ခြယ်လှယ်ထုလုပ်

ထား၍ အထက်ဆုံးမှာကား ခိုသဏ္ဍာန်အားဖြင့် ထုလုပ်ထားသောကြောင့် တရုတ်အသံအားဖြင့် ပို-လို-ယု- ပါရာဝတ မည်သော ကျောက်သားပကတိ ထွင်းထုထားသော ကျောင်းတော်ကြီးမှာ ရှေးကဿပ မြတ်စွာဘုရား လက်ထက်တော်က ကျောင်းတော်ကြီးတစ်ဆောင်ဖြစ်ကြောင်း၊ အရှင်ဖါဟိုင်ဖော်ပြသော ရေပန်းရေတံခွန်တို့ဖြင့် တသွင်သွင်စီးကျလျက် အံ့ချီးဖွယ်ကောင်းလှသော ကျောင်းတော်ကြီးကို ရဟန်းတော် အရှင်ဝှင်သျှင်လည်း ရောက်တော်မူ၍ ၎င်းကျောင်းတော်ကြီးကို သူ့အလိုအားဖြင့် ပို-လို-မို-လို-ကိ-လိ-ပရ-မာလ-ဂီရိ ခေါ်တွင်ကြောင်း မှတ်တမ်းတင်ခဲ့၍ ၎င်းကျောင်းတော်ကြီးကို **သက္ကဝါဟန** သို့မဟုတ် **သာလိဝါဟန**-ဟု ခေါ်သော သာကမင်းများသည် **အရှင်နာဂါရဇ္ဇုန-နာဂဇ္ဇုန-နာဂအဇ္ဇုန** အား လှူဒါန်းကြောင်းများလည်း မှတ်သားခဲ့လေသည်။

၎င်းမှတဖန် ဆက်လက်ကြွတော်မူပြန်၍ အန္ဓတိုင်းသို့ ရောက်သောအခါ မြို့တော်ဖြစ်သော **ပင်ကိလ**၊ တရုတ်လို ပင်-ကိ-လိုခေါ် မြို့တော်သို့လည်း ရောက်သဖြင့် ၎င်းဒေသဆိုင်ရာ ဗဟုသုတ အဖြာဖြာတို့ကို လေ့လာဆည်းပူးပြီး ၎င်းမှ ဒိုနက ကောတသို့သွားရောက်ကာ ၎င်းတိုင်းနယ်ဘာသာများ အလယ်ပိုင်းတိုင်းနယ် ဘာသာစကားတို့နှင့် ကွာခြားသောကြောင့် ၎င်းတို့ကို လေ့လာဆည်းပူးလျက် လိုအပ်သော ဗဟုသုတတို့ကို ရှာဖွေကာ ၎င်း၌ ၆-လကြာမျှ သီတင်းသုံးခဲ့လေသည်။

၎င်းတိုင်းနယ်၌ ရှေးယောနက ဘုရင်များအုပ်စိုးစဉ်က တည်ထားကိုးကွယ်ခဲ့သော **စေတီတော်**ဟု ကျောက်စာဌာနက ပြန်ဆိုကြသော ကျောက်စာများကား-

| | |
|---|---|
| ပါကတိက | ဓနုကာကဓ ယဝနသ သီဟဓယာနထဘဒါန်- |
| ပါဠိ | ဓနုကာကဓ ယဝနဿ သီဟဓယာနထမ္ဘဒါန် - |

"ယဝနမင်း၏ ဓနုကာကဓ အရပ်၌ ခြင်္သေ့အထွဋ်တင် ကျောက်တိုင်အလှူတော်" ၎င်းပြင်-

| | |
|---|---|
| ပါကတ | ဓနုကကတ ဥသဘဒတ္တ ပုတ္တသ မိတဒေဝနကသ ထဘဒါန်- |
| ပါဠိ | ဓနုကကတေ ဥသဘဒတ္တပုတ္တဿ မိတ္တဒေဝနကဿ ထမ္ဘဒါန်- |

"ဓနုကကတ အရပ်၌ ဥသဘဒတ္တ၏သား မိတ္တဒေဝ၏ ကျောက်တိုင်အလှူတော်" စသည် ထွင်းထုစိုက်ထူအပ်သော ကျောက်တိုင်, ကျောက်စာတို့ဖြင့် ခမ်းနားကြီးကျယ်သော စေတီတော်ကြီးများ ဖူးမျှော်ခဲ့ရကြောင်းများ မှတ်သားခဲ့လေသည်။ ၎င်းဌာနနှင့် စပ်လျဉ်း၍ ထိုစေတီတော်များသည်-

**ဥပါသပသ ဓနုကကတေ ယသကုလပိယသ ဒတ**

**ဝသလာသာက ဒတု လေန-**

ပါဠိ ဥပါသကဿ ဓနုကကတေ ယသကုလ

ပိယဿ ဒသဝဿော သာကေ ဒတ္တံ လေနံ

“ဓနုကကတ အရပ်၌ ယသကုလပိယမည်သော ဥပါသကာ၏ သာကနှစ် ၁၀-နှစ်မြောက်မှာ လှူအပ်သော လိုဏ်ဂူတော်”ဟူ၍ ပြန်ဆိုကြသော လိုဏ်ဂူအနီး၌ စိုက်ထူ၍ ၎င်းလိုဏ်ဂူတော်များကား-

မြတ်ဘုရား ဓာတ်တော်မွေတော် ဝေဖန်ရာ ၈-ဌာနတို့တွင် ပါဝင်သော ရာမဂါမစေတီတော်မှ ဓာတ်တော်များ မြစ်ကမ်းပျက်ပြား လှိုင်းရေစားသဖြင့် ဓာတ်တော်ကြုတ်မြစ်စဉ်တလျှောက် မျောသွားရာ နဂါးများသိ၍ ၎င်းတို့တိုင်းနိုင်ငံသို့ ပင့်ဆောင်ပြီးလျှင် အထူးထူးသော ပူဇော်ဖွယ်များနှင့် ပူဇော်ပြီးကာ မပျက်စီးအောင် စေတီတော်ကြီးတည်ထားကိုးကွယ်ကြ၍ ၎င်းစေတီမှ သီဟိုဠ်ကျွန်း မဟာစေတီတည်အံ့သောငှာ ဒုဋ္ဌဂါမဏိမင်းမြတ်သည် ၎င်းနဂါးတို့ကိုးကွယ်ထားသော စေတီတော်မှ တစ်စရွတ်မျှ ရှိသော ဓာတ်တော်များကို **အရှင်သောဏုတ္တရမထေရ်** နဂါးပြည်မှ ပင့်ဆောင်အပ်သဖြင့် ကြွင်းကျန်လျက် ထားတော်မူခဲ့သော ဓာတ်တော်များကို ဆက်လက်တည်ထား၍ ၎င်းစေတီတော် အမှတ်အသားဖြင့် တည်းထားကိုးကွယ်သော စေတီလိုဏ်ဂူဖြစ်ကြောင်း မှတ်သားကြလေသည်။

၎င်းဓနုကကတ အရပ်၌ ၆-လခန့် အထွေထွေဗဟုသုတ ရှာဖွေတော်မူလျက် သီတင်းသုံးပြီးနောက် ၎င်းမှ သာသနာတော် ၁၁၈၄-ခုနှစ်မှာ အရှင်ဝှင်သျှင်သည် ခရီးဆက်၍ထွက်ခဲ့ရာ အစဉ်သဖြင့် **စောဠိယ** သို့မဟုတ် **စောဠတိုင်း**သို့ ရောက်၍မှတ်သားသင့်သော ဒေသဗဟုသုတ သာသနာ့ဗဟုသုတများ မှတ်သားပြီးကာ ရှေးအခါက **စိနပတ္တခေါ် မဒရပ်**ဟု ယခုထင်ရှားသော တိုင်းနယ်များကား ၎င်းစောဠမဏ္ဍလတွင် ပါဝင်သည်နှင့် ၎င်းဌာနသို့လည်း သွားရောက်ပြီးကာ ၎င်းမှ ယခု **ကန်ဂျီဝရာမ်**-ခေါ်သော **ကဉ္စိပူရမြို့တော်**သို့ ရောက်ခဲ့လေသည်။

၎င်းကား ပြဆိုခဲ့ပြီးသည့်အတိုင်း ဒမိဠတိုင်းမြို့တော်ဖြစ်၍ ၎င်းရဟန်းတော်ရောက်စဉ် တိုင်းရေးပြည်ရေး အေးဆေး ငြိမ်သက်မရှိခြင်းကြောင့် သီဟိုဠ်ကျွန်းမှ ရဟန်းတော် ၃၀၀-ကျော်မျှ ရောက်လာကြသဖြင့် ထိုကျွန်းမှာ တိုင်းရေးပြည်မှု မသာယာ၊ ရဟန်းသံဃာများလည်း အနှောင့်အယှက်ဖြစ်ခြင်းကြောင့် လာရကြောင်းသိရသဖြင့် သီဟိုဠ်သို့

ကူးရန် အစီအစဉ်ပင်ရှိသော်လည်း ဆိုင်းငံ့ကာ ၎င်းတိုင်းနယ်မှာ တွေ့ကြုံရသော မှတ်သားဖွယ်များ မှတ်သားပြီးနောက် အနောက်တိုင်းနယ်များဘက်သို့ ခရီးဆက်လက် ထွက်ဖို့ရန် စီစဉ်ရလေသည်။

၎င်းဒမိဠတိုင်းများ၌ ရဟန်းတော် အရှင်ဝှင်သျှင်ရောက်စဉ်က သာသနာတော်ကား ထွန်းကားလျက်ရှိ၍ ၎င်း၌အလွန်ထင်ရှားသည့်အပြင် သီဟိုဠ်ကျွန်း၌ပင် အလွန်ကျော်ကြားသော အဋ္ဌကထာကျမ်းပြုဆရာ အရှင်ဓမ္မပါလမထေရ်မြတ်နှင့် တွေ့ဆုံရကြောင်းကား ရေးသားချက်မတွေ့ရပေ၊ ၎င်းအရှင်ရောက်သောအခါကား အရှင်ဓမ္မပါလမထေရ်မြတ် သာသနာပြုချိန်နှင့် မရှေးမနှောင်းဖြစ်၍ သီဟိုဠ်ကျွန်းမှာ သီတင်းသုံးသောအခါလည်း ဖြစ်နိုင်ခဲ့ပေမည် ခန့်မှန်းနိုင်သည့်အပြင် ထိုအခါက ၎င်းတိုင်းမှာ ထေရဝါဒသာသနာထွန်းကားကြောင်း မှတ်သားအပ်၏။

ထို့နောက် အစီအစဉ်အတိုင်း အနောက်တိုင်းနယ်များသို့ ခရီးထွက်ခဲ့ရာ ရှေးဦးစွာ မလျကုတသို့ ရောက်ခဲ့လေသည်။ ၎င်းခရီးစဉ်မှာ-

**ကဥ္စိပူရမှ** မလျကုတသို့ရောက်၍ တဖန်ပြန်လာပြီး-

၎င်းမှ **ကောနိကနပူရ သို့**

၎င်းမှ မဟာရဋ္ဌသို့ (၎င်းမဟာရဋ္ဌမှာ အသောကမင်းတရားကြီး၏ သာသနာပြုဋ္ဌာနဖြစ်၍ ရဟန်းတော်ဝှင်သျှင်ရောက်စဉ်က၎င်း ရှေးသာသနာပြု မထေရ်ကြီးများ၏ ကျောင်းတော်ကြီးများ ရုပ်ပွားတော်ကြီးများတွေ့ရကြောင်း ၎င်းတိုင်း၏ ပတိဋ္ဌာနမြို့တော်အကြောင်းကိုလည်း ရေးသားဖော်ပြခဲ့လေသည်။)

၎င်းမှ- **ဘာရုကစ္ဆ-ယခု ဘရိုချ်ဘုံဘေတိုင်းနယ်သို့**

၎င်းမှ- **မလဝ-ယခု မလဗာ တိုင်းနယ်သို့**

၎င်းမှ- **ဗဒရီ-ဗဒရိကတိုင်းနယ်သို့**

၎င်းမှ- **ဝေဒ သို့မဟုတ် ဝဲရာတတိုင်းနယ်သို့**

၎င်းမှ- **ဝလ္လာဗိ-ဗလာဗီတိုင်းနယ်သို့**

၎င်းမှ- **အနန္ဒပူရမြို့သို့**

၎င်းမှ- **သုရဋ္ဌတိုင်းကျွန်းဆွယ်သို့၊** (၎င်းမှ ကသိယဝရတိုင်းနယ်ဖြစ်၍ ရှေးက မြို့တော်ဟောင်းမှာ ဒွါရာဝတီ သို့မဟုတ် ဒွါရကမြို့တော်ဖြစ်လေသည်။)

ၔင်းမှ- **ဝူဇရဋ္ဌ--ဝူဇရတ်တိုင်းနယ်**သို့ (ၔင်းမှာ သာသနာတော် ၁၁၈၅-ခုနှစ်သို့ ရောက်ခဲ့လေသည်။

ၔင်းမှ- **ဥဇ္ဇေနီ** မြို့တော်-**အဝန္တိ**တိုင်းသို့

ၔင်းမှ- **ဇုဈောတိ**မြို့သို့

ၔင်းမှ- **မဟေသုရပူရ**မြို့သို့

ၔင်းမှ- **သုရဋ္ဌ**တိုင်းသို့ တဖန် ပြန်လှည့်လာလေသည်။

ၔင်းမှ- **ဥဒုမ္ဗရ** သို့မဟုတ် **ကစ္ဆ**မြို့သို့

ၔင်းမှ- **လာနဂလ** သို့မဟုတ် **ဗလာချိစတန်**သို့

ၔင်းမှ- **ပဘာသိလ** သို့မဟုတ် **ပါတာလ**မြို့သို့

ၔင်းမှ- **ဗြာဟ္မဏ ဝဒ္ဓန**သို့ ရောက်ခဲ့လေသည်။

ၔင်းမှ- **သိန္ဓု**တိုင်း၊ **အလိုရ်**မြို့တော်သို့

ၔင်းမှ- **မူလတန်**မြို့သို့

ၔင်းမှ- **ပါလဝါဟ** သို့မဟုတ် **ရှောကော့**မြို့သို့ (ၔင်း၌ ဒေသဗဟုသုတ ရှာဖွေကာ ၂-လ နားနေခဲ့လေသည်။)

ၔင်းမှ- **မဂ**တိုင်းသို့ တဖန်ပြန်လည်ပြီးလျှင် သာသနာ ၁၁၈၆-ခု၌ ရောက်၍ မိမိယုံမှားသံသယရှိသည်များ ဖြေဖျောက်ကာ ၂-လကြာ သီတင်းသုံးတော်မူပြီးလျှင်-

ၔင်းမှ- **ကာမရူပ**တိုင်း **အာသန်နယ်**သို့ တဖန်သွားပြီး အတိုင်းတိုင်းသို့ သံတမန်များ စေလွှတ်လေသည်။

ၔင်းမှ- **ကန္နောဇ္ဇ သီလဒိစ္စ** ဘုရင်မင်းတရားနှင့်အတူ ခရီးထွက်တော်မူ၍ မြို့ရွာဒေသများသို့ လှည့်လည်ပြီးလျှင် ၔင်းနှစ်အကုန်လောက်မှာ ကန္နကုဇ္ဇသို့ ပြန်ရောက်၍ ၔင်းမှာ ကြီးကျယ်ခမ်းနားသော ဘာသာအစည်းအဝေးကြီး ပြုလုပ်သဖြင့် ၔင်းသို့ အစည်းအဝေးရက် ၁၈-ရက်ကြာမျှ တက်ရောက်ခဲ့လေသည်။

ၵင်းမှ- **ပယာဂဆိပ်ကမ်းမြို့တော်ကြီး**သို့ ၁၁၈၇-ခုနှစ်မှာ အလွန်ကြီးကျယ်သော ဘာသာအစည်းဝေးကြီးရှိ၍ ရောက်သဖြင့် ၎င်းကား အလွန်ခမ်းနားစည်ကားလှသည့် ၇၅-ရက်တိုင်စည်းဝေးရ၍ ၎င်းသို့တက်ရောက် ဘာသာရေး ဆွေးနွေးဆောင်ရွက်ခဲ့လေသည်။

၎င်းမှ- **ကောသမ္ဗီမြို့တော်**သို့

၎င်းမှ- **ပိလေသနမြို့**သို့, ၎င်း၌ ၂-လနားပြီး

၎င်းမှ- **သီဟပူရမြို့**သို့

၎င်းမှ- **ဇာလန္ဓရမြို့**သို့

၎င်းမှ- **သီဟပူရမြို့**သို့

၎င်းမှ- **တက္ကသီလာမြို့တော်**သို့

၎င်းမှ- **သိန္ဓုခံတပ်မြို့တော်**သို့

၎င်းမှ- ဆင်စီးနင်း ထွက်ခွါသွားခဲ့၍ **ဥတခန္ဓ**မြို့သို့ရောက်ပြီးလျှင် ၎င်း၌ ၂-လ မျှနားနေခဲ့လေသည်။

၎င်းမှ- **လမ်မိယာန်မြို့**သို့ သာသနာ ၁၁၈၈-ခုနှစ်၌ရောက်၍ ၎င်းမြို့တော် ဘုရင်-မင်းကြီးကပင့်ဖိတ် တွေ့ရှိသဖြင့် ၁-လခန့် သီတင်းသုံးခဲ့လေသည်။

၎င်းမှ- **ဖလနာ** သို့မဟုတ် **ဘာနုမြို့တော်**သို့

၎င်းမှ- **ဩပေါကိအင်**- **အာဖဂန်တိုင်းနယ်**သို့ရောက်၍ ၎င်းမှာရဟန်းတော် ရောက်စဉ်က ဗုဒ္ဓနိုင်ငံတော်များ ဖြစ်ကြလေသည်။

၎င်းမှ- **လာဇနီတိုင်းနယ်**သို့

၎င်းမှ- ဥဒရ သို့မဟုတ် ကာဗုလ်တိုင်းနယ်သို့

၎င်းမှ- **ကပိသမြို့တော်**သို့ရောက်၍ ၎င်း၌ ၇-ရက်တိုင်တိုင် ဘာသာရေး အစည်းအဝေးရှိသဖြင့် ၎င်းသို့တက်ရောက် ဆွေးနွေးခဲ့လေသည်။

၎င်းမှ- **အန္ဓရာဘ**သို့ ရေခဲတောင်ကျော်ပြီး ဖြတ်သွားခဲ့ရလေသည်။

၎င်မှ- ဟုခရမြို့သို့, ၎င်း၌ ၁-လနားနေသည်။

ငင်းမှ- **မုန်ခန်မြို့သို့**

ငင်းမှ- **ဟိမတလ-ဟိမဝန္တာနယ်များသို့**

ငင်းမှ- **ပဒကယှာမ်မြို့သို့**

ငင်းမှ- **ကီပိုကင်မြို့သို့**

ငင်းမှ- **လွိုလန်နူ** အရပ်သို့

ငင်းမှ- **ပါမိရအရပ်သို့**

ငင်းမှ- **ကိုပန်တုအရပ်သို့**, ငင်း၌ခေတ္တ အရက်၂၀-ခန့်နားခဲ့လေသည်။ ငင်းမှ ကြီးကျယ်သော ကျောက်တောင်ကြီးကို ကျော်တက်ဖြတ်သွားရလေသည်။

ငင်းမှ- **ဥရှ**အရပ်သို့

ငင်းမှ- **ကယှဂရ**အရပ်သို့

ငင်းမှ- **ကရကန္ဒ**အရပ်သို့

ငင်းမှ- **ကိုတန်, ခိုတန်, ဝူတန်**မြို့တော်သို့ ရောက်၍, ၇-ရက်နားခဲ့လေသည်။

ငင်းမှ- **ခိမာ**မည်သော သဲကန္တာရကြီး ဖြတ်ကျော်သွားခဲ့ရလေသည်။

ငင်းမှ- **နိဇဂ်**မည်သော တောနက်ကြီးကိုလည်း ဖြတ်ကျော်သွားခဲ့ရလေသည်။

ငင်းမှ- **တုခရာ**အရပ်သို့

ငင်းမှ- **စိမေတန**အရပ်သို့

ငင်းမှ- **နိုဖိုပို**-သို့မဟုတ် **နဗပါ**အရပ်သို့

ငင်းမှ- **တရုတ်ပြည်နယ်စပ်**သို့ ဝင်ရောက်လာခဲ့လေသည်။

ငင်းမှ- ထိုနှစ်မိုးဦးကျအခါ တရုတ်ပြည်ကြီး အနောက်ပိုင်းတိုင်းနိုင်ငံဖြစ်သော ချင်ကွမ်သို့ ၁၆-နှစ်မြောက်၌ ပြန်လည်ရောက်ရှိလာခဲ့လေသည်။

ထိုရဟန်းတော် **အရှင်ဟုင်သျှင်**သည် ဤကဲ့သို့ ခဲယဉ်းကျဉ်းမြောင်းကြပ်တည်း ရှည်လျားလှသော ခရီးခဲကြီးကို အသက်ပမာဏမထားဘဲ နှစ်ရှည်လများ စွန့်စားအားထုတ်မဆုတ်နစ်သော လုံ့လဝီရိယဖြင့် လွန်မြောက်ပြီးကာ ငင်းတို့နိုင်ငံတော်ကြီး၏အကျိုး သည်ပိုးဆောင်ရွက်တော်မူသည်နှင့်အညီ အတိုင်းတိုင်းအပြည်ပြည်မှ တွေ့ကြုံခဲ့ရသော ဗဟုသုတများစွာနှင့်တကွ အတူ ယူဆောင်လာခဲ့သည်မှာ-

၁။ မြတ်စွာဘုရား၏ **သရီရဓာတ်တော်**အဆူ- ၅၀၀

၂။ **စန္ဒကူး** ရုပ်ပွားဆင်းတုတော် ၁ -ဆူ

၃။ **ရွှေ**ဆင်းတုတော် ၂ -ဆူ

၄။ **ငွေ**ဆင်းတုတော် ၁ -ဆူ

၅။ မဟာယာန ဗုဒ္ဓဘာသာ ကျမ်းစာစောင် ၂၄ -စောင်

၆။ အခြား ကျမ်းစာစောင် ၅၂၀ -စောင်

ဤသို့သော နိုင်ငံအကျိုးရှိမည့် ကျမ်းစာစောင်ပေါင်းများစွာနှင့်တကွ ဓာတ်တော်, မွေတော်, ဆင်းတုတော်များကို မြင်း၂၂-စီးနှင့် ယူဆောင်တော်မူခဲ့လေသည်။

ထိုအခါ ဘုရင်မင်းမြတ်ကြီး ထိုင်ဆွန်သည် ဤကဲ့သို့ ရဟန်းတော်ဝှင်သျှင် ခမ်းနားစွာရောက်ရှိလာကြောင်း ကြားသိတော်မူ၍ ထိုအရှင်ကို ပင့်ဖိတ်ပြီးလျှင် နန်းတော်သို့ ရောက်ရှိ မျက်မှောက်တွေ့ဆုံသောအခါ "အရှင်ဘုရား၊ အခွင့်မယူဘဲ ဤမျှရှည်လျားသော ခရီးကို အဘယ်နည်းဖြင့်ကြွတော်မူကြောင်း" ဖြေကြားအမိန့်ရှိတော်မူရန် မင်းကြီးက လျှောက်ထားသောအခါ အရှင်မြတ်သည် "ခဲခက်ကြပ်တည်းစွာ ကန္တာရခရီးခဲကြီးများဖြတ်ကျော်ကာ အသက်ကို ပမာဏမထားဘဲ စွဲမြဲသောလုံ့လဝီရိယဖြင့် စွန့်စားခဲ့ရကြောင်း" များ ဖြေကြားလျှင် အရှင်မြတ်၏ ခဲယဉ်းအံ့ဩဖွယ်ကောင်းသော ပညာဗဟုသုတ ရှာဖွေဆည်းပူးတော်မူရကြောင်းများ ကြားသိရ၍ ဘုရင်မင်းတရားကြီးက အရှင်မြတ် တွေ့ကြုံခဲ့သမျှ တိုင်းနိုင်ငံများအကြောင်းနှင့် တွေ့ကြုံခဲ့ရသော သာသနာတော်၏ အဖြစ်အပျက်အလုံးစုံတို့ကို ရေးသားတော်မူရန် တောင်းပန်သောကြောင့် တတ်တန်ဆီယူကီ-ဟူသော အမည်ဖြင့် ၎င်း၏ ခရီးစဉ်မှတ်တမ်းကြီးတစ်စောင်ကို ရေးသားတော်မူခဲ့လေသည်။

၎င်းပြင် အရှင်ဝှင်သျှင်သည် ဘုရင်မင်းတရားကြီး၏ အကူအညီအထောက်အပံ့ဖြင့် စာပြုအဖွဲ့ကြီး ဖွဲ့စည်းတည်ထောင်တော်မူရာ-

လက်ထောက် စာပြုရဟန်းတော် ၁၂-ပါး

စာတည်း ရဟန်းတော် ၉-ပါး

ထားရှိလျက် အခြားသကတဘာသာ တတ်ကျွမ်းလိမ္မာသူများလည်း ကူညီထောက်ပံ့စေပြီးလျှင် ယှမ်းဖူးမြို့သို့ သွားရောက်ပြီး ၎င်းမြို့၌ အဖွဲ့တည်နေရာဌာနထားရှိကာ ဘာသာပြန်ဆိုရေးသားကျမ်းစာများ ပြုစုအားထုတ်ခဲ့လေသည်။

ထိုရဟန်းတော် အရှင်ဝုင်သျှင်လက်ထက်က နိုင်ငံတော်မှာ ကျောင်းပေါင်း ၃,၇၁၆-ကျောင်းရှိ၍ ၎င်းကျောင်းအားလုံးတို့သို့ ၎င်း၏ခရီးစဉ် ဗဟုသုတ အဝဝတို့ကို မှတ်သားစေရန် ရည်သန်လျက် မင်းတရားကြီးသည် ဖြန့်ချီဝေငှစေသည့်အပြင် ၎င်းအရှင်မြတ် ပြန်လည်ကြွရောက်တော်မူလာပြီးနောက် ၁၆-နှစ်ကာလပတ်လုံး များစွာသော ကျမ်းစာများပြုစုခြင်း, များစွာသော ကျမ်းစာများ ဘာသာပြန်ဆိုခြင်းတို့ဖြင့် ပြီးစီးစေအပ်သော ၇၄၀-သောကျမ်းစာ အပြည်အစုံများနှင့် စာစောင်ပေါင်း ၁၃၃၅-စောင်တို့ကိုလည်း ထိုနိုင်ငံတော်ရှိ ကျောင်းများသို့ ဖြန့်ဝေစေတော်မူခဲ့လေသည်။

ဤကဲ့သို့ သာသနာတော်၏အကျိုး, နိုင်ငံတော်၏အကျိုးကို သည်ပိုးဆောင်ရွက်တော်မူရာ များစွာသောဘေးအန္တရာယ် အသွယ်သွယ်သော အဖျက်အဆီး အနှောက်အရှက်များ တွေ့ကြုံရငြားသော်လည်း ကိုယ်နှင့်အသက် ငဲ့ကွက်ခြင်းမရှိဘဲ အလွန်အမင်း အဆင်းရဲခံကာ နေ့ရက်, နှစ်, လများစွာ ၁၆-နှစ်ကြာမျှ နိုင်ငံတော်အသီးသီး ခရီးအမျိုးမျိုး ဖြန့်ချီလျက် ခဲခက်သော ဘာသာရပ်များကို လေ့လာဆည်းပူးခဲ့ရသည့်အပြင် ထိုဘာသာရပ်များရှိ သိသင့်သိထိုက်မှတ်ယူထိုက်သော ပညာရပ်များ ရှာဖွေစူးစမ်းပြီး မိမိနိုင်ငံတော်၏ ကျက်သရေ, သာသနာတော်မြတ်၏ ကျက်သရေများ တိုးပွားစေခဲ့သော ရဟန်းတော်မြတ် အရှင်ဝုင်သျှင်၏ အတ္ထုပ္ပတ္တိအကျဉ်း မှတ်တမ်းသည်ကား ဤမျှဖြင့် အဆုံးသတ်အပ်လေပြီ။

✪ ✪ ✪ ✪ ✪

## သာသနာတော်နှစ် ၁၀၀၀-ကျော် တိဗက်သာသနာအကြောင်း

သာသနာတော်အနှစ် ၁၀၀၀-ကျော်ခေတ် သမယက **မဇ္ဈိမဒေသတိုင်းနိုင်ငံများ** နှင့်တကွ **ဥတ္တရပထ** အနောက်မြောက်ပိုင်း တိုင်းနိုင်ငံများ၊ ဒက္ခိဏပထ တောင်ပိုင်းနိုင်ငံများတွင် သာသနာတော် စည်ပင်ပြန့်ပွားထွန်းကားသောခေတ် ဖြစ်သည်နှင့်အညီ အတိုင်းတိုင်းအပြည်ပြည်မှ သာသနာတော်နှင့်ဆိုင်သော ဗဟုသုတများ အားထုတ်ရှာဖွေကြရာ တရုတ်နိုင်ငံကြီးမှ များစွာသော ပညာရှိများ လာရောက်လျက် သာသနာဝင်ကျမ်းဂန်များနှင့်တကွ အခြားဗဟုသုတတို့ကို လုံ့လစိုက်ထုတ်ကာ ရှာဖွေစုဆောင်းကြကြောင်း၊ ဆိုခဲ့ပြီးသော ရဟန်းတော်အရှင်များ၏ ခရီးစဉ်အားဖြင့် ထင်ရှားသည့်အပြင် များစွာသော**မဇ္ဈိမ, ဥတ္တရပထ, ဒက္ခိဏပထ**တိုင်းတို့မှလည်း ပညာရှိတို့သွားရောက် သာသနာပြုကြကြောင်းများ ရေးသားပြီးအပိုင်းများဖြင့် ထင်ရှားသိသာပြီဖြစ်သောကြောင့် အထူးရေးသားရန်မလိုတော့ပေ။

ထိုခေတ်အခါက ၎င်းတိဗက်နှင့်ဆက်သွယ်လျက်ရှိသော နိုင်ငံမှာကား ရှေး အသောကမင်းတရားကြီး သာသနာပြုရာမထေရ်များ သာသနာပြုဌာန ဟိမဝန္တာဒေသ၌ ပါဝင်ခဲ့သည်ဟုဆိုအပ်သော်လည်း အစွန့်ရှည်စွာ သာသနာတည်တံ့ကြီးပွားကြောင်းကား ထင်ရှားသောမှတ်တမ်းများ မရှိသည့်အပြင် ထိုဟိမဝန္တာသာသနာပြုစဉ်အခါကလည်း နေပါလ, ဘူတန်, ခိုတန်-စသော တိုင်းနိုင်ငံများမှ သာသနာတော် တစတစအနည်းငယ် အရိပ်အရောင်မျှသာ ရောက်ရှိမည်ဟု ခန့်မှန်းနိုင်ပေသည်။

သို့သော်လည်း ထိုအနှစ် ၁၀၀၀-ကျော် သာသနာတော်ခေတ်မှာ တိဗက်ပြည်ကြီး၌ တိုးတက်စည်ပင်ပြုပြင်အားထုတ်နေသောခေတ် ဖြစ်သည်နှင့်အညီ ထိုအခါသမယ တိဗက် ပြည်ကြီးကို အုပ်ချုပ်စိုးစံခဲ့သော ဘုရင်ဆရုန်-ဆန်-ဂွန်ပို-လက်ထက် သာသနာတော် ၁၁၀၀-ကျော်, ၁၂၀၀-အတွင်း အစလောက်ခေတ်၌ အခြားနိုင်ငံများနှင့် ဆက်သွယ် လာသည့်အပြင် အခြားနိုင်ငံများသို့လည်း သုတေသနအသင်းများ စေလွှတ်ပြီးကာ နိုင်ငံတော် ပြုပြင်တည်ထောင် အားထုတ်သောခေတ် ဖြစ်သည့်အတိုင်း ၎င်းဘုရင်၏ မိဖုရား ၂-ပါး တို့မှာ တိုင်းတပါးကချည်းဖြစ်ကြ၍ မိဖုရား ၁-ပါးမှာ နေပါလတိုင်းနိုင်ငံ အရှင်ဘုရင် အသုဝမ္မမင်း၏ သမီးတော်ဖြစ်၍ အခြား ၁-ပါးကား ကင်ယှင်ကွန်ဂျိုအမည်ရှိသော ထိုခေတ် အခါက တရုတ်ပြည်ကြီးတွင်ထင်ရှား၍ အရှင်ရဟန်းတော် ဝှင်သျှင်အကြောင်းပြုကာ သာသနာပြု ဘုရင်မင်းတရားတစ်ပါးဖြစ်သော ဘုရင်မင်းကြီး ထိုင်ဆွန်၏ သမီးတော် ဖြစ်သဖြင့် ၎င်း၂-ပါးလုံးကလည်း ဗုဒ္ဓဘာသာ မိဖုရားများဖြစ်ကြသည်အားလျော်စွာ ၎င်းတို့သည်မင်းကြီးအား ဗုဒ္ဓဘာသာသို့ ဆွဲဆောင်ကြသောကြောင့် ၎င်းတိဗက် ဘုရင်ကြီး ကား ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်ပြီးလျှင် သာသနာတော်အရေးကိုလည်း အားထုတ် ပြုစုတည်ထောင်လာကြောင်းများ တိဗက်မှတ်တမ်းများ၌ ရေးသားဖော်ပြလေသည်။

၎င်းပြင် ထိုအခါမှစ၍ တိဗက်ပြည်၌ ပညာဗဟုသုတ စာပေအရေးအသားများ လည်း ဖြစ်ထွန်းလာ၍ မှတ်တမ်းများအထင်အရှားရှိကြောင်း၊ ပညာဗဟုသုတအလို့ငှာ တရုတ်ပြည်ကြီးသို့၎င်း အိန္ဒိယတိုင်းနိုင်ငံများသို့၎င်း သံတမန်များနှင့် ပညာသုတေသန အဖွဲ့များ စေလွှတ်ကာ အရေးအသားပညာရပ်များနှင့် မှတ်အပ်မှတ်ထိုက်သော အခြားပညာ အရပ်ရပ်တို့ကို အားထုတ်ဆည်းပူးကြောင်းများလည်း လာသဖြင့် ထိုလက်ထက်မှအစပြု၍ စာပေရေးသားခြင်း, မှတ်တမ်းရာဇဝင်များ ထွန်းကားလာခြင်း ပညာဗဟုသုတ အားထုတ် လာခြင်းများ၊ ၎င်းတိုင်းနိုင်ငံ၌ ဗုဒ္ဓသာသနာတော်မြတ်ကြီးနှင့် တပြိုင်နက် အားထုတ် လာသော ခေတ်ကြီးဖြစ်ထွန်းလာကြောင်းများ မှတ်သားအပ်ကုန်၏။

ထိုဘုရင် ဆရုန်-ဆန်-ဂန်-ပိုသည် နိုင်ငံတော်အသစ် ပြုပြင်အားထုတ်ဆဲမှာ မွန်မြတ်လှစွာသော ဗုဒ္ဓဘာသာတရားတော်မြတ်သို့ သက်ဝင်ခဲ့သည်နှင့်အညီ နိုင်ငံတော်တရားဥပဒေများကိုလည်း မြတ်စွာဘုရား၏ တရားဒေသနာတော်မြတ်အရ အရင်းမူလထားလျက် ရေးသားစီရင်တော်မူသဖြင့် နိုင်ငံတော်သူ, နိုင်ငံတော်သားများကိုလည်း ဤယဉ်ကျေးသိမ်မွေ့လှစွာသော ဗုဒ္ဓဘာသာတရားတော်သို့ သက်ဝင်စေတော်မူခဲ့လေသည်။

၎င်းဘုရင်ကြီးလက်ထက် ဘုန်းတန်ခိုးကြီးမားကျော်ကြားသည် အားလျော်စွာ တရုတ်ပြည်ကြီးမှ၎င်း အနီးအနား နေပါလတိုင်းနိုင်ငံများမှ၎င်း ခိုထန်တိုင်းနိုင်ငံတို့မှ၎င်း သဝဏ်လွှာများနှင့် လက်ဆောင်ပဏ္ဏာတော်များ ဆက်သလာသောအခါ ထိုက်သည့်အားလျော်စွာဖြစ်သော လက်ဆောင်ပဏ္ဏာတော်များကိုလည်း စကားခြေင်ခြင်းဖြင့်သာ ပြောဆိုတုံ့ပြန်လိုက်ရသဖြင့် နိုင်ငံတော်၌ အရေးအသားချို့ယွင်းလျက်ရှိသည်ကို မင်းတရားကြီးသိရှိတော်မူသည့်အတိုင်း အနီးအနားရှိ တရုတ်နိုင်ငံတော် ဘာသာအရေးအသားများနှင့် မဇ္ဈိမတိုင်းနယ်များမှ ဆန်းကြယ်သော သက္ကတဘာသာကျမ်းဂန်များ, နာဂရီဘာသာအရေးအသားတို့ကို သင်ကြားလေ့လာစေရန် အနိုင်နိုင်ငံသို့ တတ်ကျွမ်းခြေင်သော ပညာရှိအမတ်များစေလွှတ်ရန် စီမံခန့်ခွဲတော်မူခဲ့လေသည်။

ဤသို့ စီမံရာတွင် အထူးအားဖြင့် မဇ္ဈိမတိုက်သို့ ၎င်းမင်းတရားကြီး၏ အမတ်ထဲမှ ဉာဏ်ပညာထက်မြက်လျင်မြန်သူ အမတ် ၇-ဦးတို့ကို ရွေးချယ်ပြီးလျှင် လမ်းပန်းစားရိတ်နှင့်တကွ ပညာသင်ကြားရန် ဆရာများအဖို့ပါ များစွာသောရွှေများကို ယူဆောင်စေလျက် ၎င်းအဖွဲ့ခရီးစထွက်ကြရာ နယ်ခြားဒေသသို့ရောက်လျှင် များသောအားဖြင့် ဟိမဝန္တာတောကန္တာရကြီး၏ ကြမ်းတမ်းသော နတ်ဆိုးများဘေး, ပြင်းထန်သော ဥတုရာသီများကြောင့်ဖျားနာကြမည့်ဘေးများနှင့် ရင်ဆိုင်နေကြရသည့်အပြင် မြွေဆိုး, သစ်ကျား, သားရဲ-စသောဘေးများတွေ့တောဆင်ခြင်မိလျှင် ထိုမှမိမိတို့နိုင်ငံသို့ ပြန်လည်ဖို့ တွန့်တိုသောစိတ်များဖြစ်ကြသော်လည်း အနုအမည်ရှိသော, ဘုရင်မင်းမြတ် သူကောင်းတစ်ယောက်၏သားနှင့် တွန်မိအမည်ရှိသော ရဲရင့်တည်ကြည်ထက်မြက်သော အမတ်ငယ်သည်ကား အသက်ဆံဖျားကြိုးစားအားထုတ်လိုသောစိတ်ရှိသည့်အတိုင်း အိန္ဒိယတိုင်းကြီးသို့ စွန့်စားရဲရင့်စွာ ထွက်ခွါသွားခဲ့လေသည်။

၎င်းအမတ်သည် ခဲခက်သောလမ်းခရီး ကန္တာရကြီးများကို ဖြတ်ကျော်ကူးခတ်ပြီး တောင်အရပ်သို့ လာခဲ့ရာ မဇ္ဈိမတိုင်းနယ်နိမိတ်ဒေသသို့ရောက်လျှင် ထိုစဉ်အခါက ထင်ရှားကျော်ဇောသော လိပိဒတ္တအမည်ရှိသော ဆရာကြီးထံသို့ရောက်သောအခါ ၎င်းအမတ်သည် လာရောက်ရသော အကြောင်းများကို ထုတ်ဖော်ပြောပြလျက် လက်ဆောင်ပဏ္ဏာများကို

ဆရာကြီးအားပေးရာ ဆရာကြီးလည်း ဝမ်းမြောက်စွာနှင့် ၎င်းအမတ်အား အတတ်ပညာ အရပ်ရပ်များနှင့် အရေးအသားပညာရပ်များကို ထက်သန်စူးရှ လျှင်မြန်လှသော ဉာဏ်ပဋိဘာန်ရှိသည့်အတိုင်း သင်ကြားပေးဖို့ တာဝန်ယူပြီး သင်ကြားပြသရာ မကြာမီပင် နာဂရီအက္ခရာများနှင့် သကတဘာသာရပ်များ အစီအကုံး ဂါထာဗန္ဓအဖွဲ့များကို ကောင်းစွာ တတ်မြောက်ခဲ့လေသည်။

ထိုနောက် **တွန်မီဆန်ဗိုတအမတ်**သည် ထိုစဉ်က ကြီးမား၍ အကျော်ကြားဆုံးဖြစ်သော သီရိနာလန္ဒကျောင်းတိုက်ကြီးသို့ ဆက်လက်ပညာဗဟုတများ ကြိုးစားအားထုတ်ရန် သွားရာ တရုတ်ပြည်တွင် ကျော်ကြားသည့် ရဟန်းတော်ဟုင်သျှင်နှင့်လည်း ထိုကျောင်းတိုက်ကြီးမှာ ပညာသင်ယူနေသောအခါနှင့် တွေ့ဆုံကြုံကြိုက်သဖြင့် ဝမ်းမြောက်စွာ နှီးနှောသင်ကြား၍၎င်းအမတ်မှာ **ဒေဝဝိဒသိဟ**-အမည်ရှိသော ပဏ္ဍိတ်ဆရာကြီးထံ ဗြာဟ္မဏဘာသာရပ်များနှင့် ဗုဒ္ဓဘာသာကျမ်းစာများကို သင်ကြားပြီးလျှင် ဆရာအမျိုးမျိုးထံတွင်လည်း ၁၈-ဂိုဏ်းသော မဟာယာနဂိုဏ်း အယူဝါဒများနှင့် **ဝေဒန္တ**ကျမ်းဂန်များအပြင် **ဟေတုဝိဇ္ဇာ၊ သဒ္ဒဝိဇ္ဇာ၊ စိကိစ္ဆဝိဇ္ဇာ** ရပ်များ၊ **အာတဗ္ဗဏ** စသောအတတ်၊ သင်္ချာအတတ် စသော နိုင်ငံတော်၌ ကျေးဇူးများဖြစ်ကြသောအတတ်များ စွမ်းအားရှိသလောက် သင်ကြားခဲ့လေသည်။

ထိုသို့အတတ်ပညာ အရပ်ရပ်များ သင်ကြားတတ်မြောက် အောင်မြင်ပြီးနောက် နိုင်ငံတော်သို့ပြန်လည်ခဲ့ပြီးလျှင် ထိုနိုင်ငံဘုရင်မင်းတရားကြီး **ဆရုန်-ဆန်-ဂန်-ပို**နှင့် နှီးနှောတိုင်ပင်၍ တိဗက်တိုင်းနိုင်ငံကြီးကို အသစ်ပြုပြင်တည်ထောင်ကြလျက် ၎င်းမှဆက်၍ နောက်လက်ထက်များ၌လည်း ထိုနည်းအတူ ဆက်လက်အားထုတ်လာကြသဖြင့် ၎င်းတိုင်းနိုင်ငံကြီးမှာ သာသနာတော်မြတ်နှင့်တကွ နိုင်ငံတော် စာပေပညာအရပ်ရပ်တို့သည် ကျယ်ပြန့်ကာ ကာလမြင့်ကြာ ယခုတိုင်အောင် ထွန်းလင်းလျက်ရှိကြောင်း ၎င်းတို့မှတ်တမ်းများ၌ ရေးသားဖော်ပြကြကုန်၏။

ဤဖော်ပြခဲ့ပြီးသော မှတ်တမ်းများအရ တိဗက်သနာတော် ထွန်းကားသော အချိန်အခါသမယသည် ဘုရင် **ဆရုန်-ဆန်-ဂန်-ပို** မင်းတရားလက်ထက်မှစ၍ ဖြစ်ထွန်းသည့်အပြင် ၎င်းဘုရင်လည်း တရုတ်ရဟန်းတော်ဟုင်သျှင်နှင့်အတူ သာသနာပြုတော်မူသော ဘုရင်မင်းမြတ်ကြီး **ထိုင်ဆွန်**နှင့် တစ်ခေတ်တည်းဖြစ်သဖြင့် ၎င်း၏သမီးတော်ကိုပင် မိဖုရားတင်မြောက်ကြောင်း၊ ၎င်းမိဘုရားအကြောင်းပြု၍ မင်းကြီးလည်း ဗုဒ္ဓဘာသာသို့ တိမ်းညွတ်တော်မူကြောင်း၊ ၎င်းပြင် အရှင်ဟုင်သျှင်နှင့်လည်း ထိုမင်းကြီး၏ ပညာတော်သင်အမတ်ကြီး **ဆွန်မီဆန်ပိုတ**တို့ နာလန္ဒကျောင်းတော်ကြီး၌ တွေ့ဆုံကြကြောင်း ရေးသားဖော်ပြသဖြင့်

လည်း ရဟန်းတော်အရှင်ဗုဒ်သျှင် တရုတ်ပြည်သာသနာတော် တိုးတက်ရန်အားထုတ်သော အချိန်ကာလနှင့် မရှေးမနှောင်းဖြစ်ကြောင်းများလည်း ကောင်းစွာ မှတ်အပ်ကုန်၏။

ထိုခေတ်မှ နောက်၌လည်း တိဗက်ပြည်ကြီးမှာ သာသနာတော်အရေး, တိုင်းနိုင်ငံအရေး တစတစတိုးတက်လျက် မင်းအဆက်ဆက်နှင့် တိုင်းသူပြည်သားအားလုံးတို့သည် နိုင်ငံတော်၏တိုးတက်ကြီးပွားရေးကို အားထုတ်ကြိုးပမ်း ဆောင်ရွက်လာခဲ့ကြရာ သာသနာတော် ၁၂၀၀-ကျော်ကာလ၌ တိုင်းပြု, ပြည်ပြု, သာသနာပြု မင်းတရားကြီးတစ်ပါး ထွန်းကားလာ၍ ထိုသာသနာပြု **ထိ-ဆရုန်-ချူ-ဆန်**အမည်ရှိသော မင်းတရားကြီးသည် တိုင်းပြည်၏ တိုးတက်ကြီးပွားရေးနှင့် သာသနာတော်၏ တိုးတက်ကြီးပွားရေးတို့ကို အထူးလိုလားသည့်အတိုင်း မဂဓတိုင်းတွင် ထင်ရှားသော နာလန္ဒကျောင်းတိုက်တော်ကြီးမှ ထင်ရှားသော ပါမောက္ခကြီးတစ်ပါး ပင့်ဖိတ်ရန် စီမံတော်မူခဲ့လေသည်။

ထိုသို့ စီမံတော်မူသည့်အတိုင်း ခြေင်မွန်ရည်သော အမတ်သံတမန်များ စေလွှတ်ပင့်ဖိတ်ရာ ၎င်းအရ ၎င်းကျောင်းတိုက်ကြီးမှ ဝင်္ဂတိုင်း၊ **ဂေါရ်မြို့**တွင် ဖွားရာဇာတိဖြစ်သော **အရှင်သန္တရက္ခိတ** မည်သော ၎င်းကျောင်းတိုက်ကြီးတွင် အမှူးတစ်ပါး ဖြစ်တော်မူသော မထေရ်မြတ်အား စေလွှတ်၍ တွေ့ဆုံတော်မူရလျှင် ထိုအရှင်၏ ပညာစွမ်းရည် ဂုဏ်သိက္ခာတို့ကို ဘုရင်မင်းတရားကြီး အလွန်းလေးမြတ်နှစ်သက်အပ်သည်ဖြစ်၍ သာသနာတော်၏ အကြီးအမှူး ဦးစီးဦးကိုင်အဖြစ်ဖြင့် အပ်နှင်းတော်မူပြီးလျှင် **အာစရိယ ဗောဓိသတ္တ**ဟူသော ဘွဲ့ထူးဂုဏ်ဖြင့် ချီးကျူးပေးအပ်တော်မူခဲ့လေသည်။

ထိုသို့ ဘုရင်မင်းတရားကြီးသည် အထူးချီးမြှောက်သောအားဖြင့် အရှင်မြတ်အား သာသနာ့ဦးစီးဦးကိုင်အဖြစ် လွှဲအပ်တော်မူပြီးနောက် ထိုအရှင်မြတ်သည် ဘုရင်မင်းတရားအား "ဗုဒ္ဓဘာသာဓမ္မသတ်အရ အုပ်ချုပ်စိုးစံသော သာသနာ့ဦးစီး ဘုရင်မင်းတရားကြီးအဖြစ်ဖြင့် အုပ်ချုပ်စေရန် နည်းလမ်းညွှန်ပြ"ပြီးလျှင် မိမိနှင့်အတူသာသနာပြုရန် ဥဒယာနမြို့သား **အရှင်ပဒုမသမ္ဘဝမထေရ်**ကိုပင့်ခေါ်၍ ၎င်းအရှင်နှင့် တိုင်ပင်ညီညွတ် ဆွေးနွေးကာ တန္တြဝါဒနှင့်လျော်သော မဟာယာနဂိုဏ်းသာသနာကို ပြုစုအားထုတ်ခဲ့ကြလေသည်။

ထိုသို့ သာသနာတော် အားထုတ်ပြုစုနေစဉ် တရုတ်ပြည်ကြီးမှ သာသနာပြု **အရှင်ဟိုဆန်**သည် ၎င်း၏မဟာယာနဂိုဏ်း အယူဝါဒများကို ၎င်းနိုင်ငံ၌ဖြန့်ဖြူးရာ ၎င်းဝါဒနှင့် **အရှင်သန္တရက္ခိတ, အရှင်ပဒုမသမ္ဘဝ**တို့၏ အယူဝါဒဆန့်ကျင်မှုကြောင့် ၎င်းတိုင်းနိုင်ငံအတွင်း ဝါဒရေးပြဿနာ ဖြစ်ပွားလာခဲ့ရာ အရှင်သန္တရက္ခိတသည် ၎င်းပြဿနာအတွက် ရှင်းလင်းဖြေကြားရန် မဂဓနိုင်ငံမှ ပညာရှိများ ဖိတ်ကြားသင့်ကြောင်း ဘုရင်မြတ်အား မိန့်ကြားတော်

မူရာ မင်းတရားလည်း သဘောတူညီသဖြင့် ထိုအခါက မဂဓတိုင်းတွင် ကျော်ကြားသော **အရှင်ကမလသီလာ**ကို ပင့်ဖိတ်ရန် ရည်ညွှန်းသည့်အတိုင်း ဘုရင်မင်းမြတ်သည် ထိုအရှင်ထံ "တိဗက်၌ပြဿနာများ ဖြေရှင်းရန် ကြွလာတော်မူဖို့အကြောင်း" သံတမန်စေလွှတ် ပင့်ဖိတ်တော်မူခဲ့လေသည်။

ထိုသို့ စေတမန်စေလွှတ်ပင့်ဖိတ်ရာ ထိုအရှင်လည်း လက်ခံတော်မူပြီးလျှင် ကြွတော်မူလာကာ မင်းကြီး၏နန်းတော်တွင် ဘာသာရေး အစည်းအဝေးသဘင်ကြီး ကြီးကျယ်ခမ်းနားစွာ ပြုလုပ်လျက် ကွဲပြားနေသောဝါဒများ ဆွေးနွေးကြရာ အရှင် ကမလသီလာသည် သုတ်, ဝိနည်းနှင့်တကွ အဘိဓမ္မာတို့၌ ကျွမ်းကျင်တော်မူသည့်အပြင် ဂိုဏ်အမျိုးမျိုးတို့၏ အယူဝါဒများကိုလည်း လေ့လာအားထုတ် တတ်မြောက်ပြီးဖြစ်သည် နှင့်အညီ ကျမ်းဂန်များနှင့်ညီညွတ်စွာ ဆုံးဖြတ်တော်မူသောအခါ **တရုတ်ရဟန်းတော်အရှင် ဟိုယှန်**၏ အယူဝါဒများ ကျမ်းဂန်နှင့်မညီညွတ်သောကြောင့် အပယ်ခံရသည့်အပြင် ထိုအရှင်ကိုလည်း နိုင်ငံမှထုတ်ပယ်ခြင်း ခံရလေသည်။

ထိုနောက် **ဘုရင်ဆရုန်ဒျူဆန်**သည် အရှင်ကမလသီလာမထေရ်မြတ်အား အဘိဓမ္မာဆိုင်ရာ မဟာပါမောက္ခအဖြစ်ဖြင့် နိုင်ငံတော်တွင် အစဉ်ကိုးကွယ်တော်မူသော ဆရာတော်တစ်ပါး ထားတော်မူ၍ ထိုအခါမှစပြီး ထိုအရှင်ကမလသီလာ, အရှင်သန္တရက္ခိတ, အရှင်ပဒုမသမ္ဘဝမထေရ်တို့နှင့်တကွ မဂဓတိုင်းမှ ထင်ရှားကျော်ကြားသော အရှင်ဓမ္မကိတ္တိ, **အရှင်ဝိမလမိတ္တ, အရှင်ဗုဒ္ဓဂုယှ, အရှင်သန္တိဂဗ္ဘ, အရှင်ဝိသုဒ္ဓိသီဟ**- အစရှိသော မထေရ်များကိုလည်း ပင့်ဖိတ်ပြီးလျှင် အစဉ်အဆက် သာသနာတော်ဆိုင်ရာ သက္ကတဘာသာအားဖြင့် ရှိပြီးဖြစ်သော ကျမ်းပေါင်းများစွာတို့ကို တိဗက်ဘာသာသို့ ပြန်ဆိုတော်မူကြပြီး မင်းတရားကြီးလည်း ပစ္စည်း ၄-ပါးတို့ဖြင့် ထောက်ပံ့ကာ သာသနာတော်ကြီးကို အားကြိုးသည်းထန်စွာ ပြုစုတော်မူခဲ့လေသည်။

ထိုနောက် တိဗက်ပြည်၌ ဘုရင်မင်းအဆက်ဆက်တို့လည်း ၎င်းကျမ်းဂန်အရပ်ရပ် ဘာသာပြန်ဆိုမှု၌ မထေရ်မြတ်တို့အား အထူးပြည့်စုံအောင် ပစ္စည်း ၄-ပါးတို့ဖြင့် ထောက်ပံ့ကာ သာသနာ့ဒါယကာ ယူတော်မူကြ၍ သာသနာတော်ကို အလွန်ကြည်ညိုတော်မူကြသည့် အတိုင်း ပြန်ဆိုရေးသားပြီး ပိဋကတ်များကိုလည်း နိုင်ငံတော်အတွင်းသို့ ဖြန့်ချီတော်မူစေကာ ၎င်းတိဗက်သာသနာတော်သည် တဖြေးဖြေး တစတစ ထွန်းပတိုးတက်လျက် ယခု လက်ထက်သို့ ရောက်သည်တိုင်အောင် ၎င်းတို့၏ သက္ကတဘာသာမှ ပြန်ဆိုအပ်သော မဟာယာနဂိုဏ်း သာသနာ အယူဝါဒကြီးသည် ပွါးစီးတိုးတက်လာခဲ့လေသည်။

ထိုတိဗက်တိုင်းပြည်နှင့် ဟိမဝန္တာသာသနာပြုဌာနများမှာ ပထဝီဝင်အားဖြင့် နီးကပ်သော်လည်း ၎င်းတိုင်းနိုင်ငံများ၏ သွားလာခဲခက်သော လမ်းခရီးကန္တာရများနှင့် တောတောင်ကြီးများ ကာဆီးလျက်နေသောကြောင့် တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ရောက်ပေါက်ကူးသန်းရန် မလွယ်ကူသည့်အတိုင်း ဟိမဝန္တာတိုင်းနယ်ပင်ဖြစ်စေကာမူ ထိုသာသနာပြုမထေရ်များ၏ သာသနာမှာ အစွန်အနား နယ်နိမိတ်မှာသာ အရိပ်အရောင်တောက်ပခဲ့မည်ဟုခန့်မှန်းအပ်သည်ကား 'နောက်အခါမှတ်တမ်းများနှင့် ရေးသားကြသော စာပေများ၌ ရှေးကရောက်နှင့်ဖူးသော သာသနာအကြောင်း တစ်စုံတစ်ရာရေးသား ဖော်ပြခြင်းမရှိသော အားဖြင့်' ကောင်းစွာ မှတ်သားအပ်ကုန်၏။

၎င်းပြင် နောက်သာသနာတော် ၁၀၀၀-ကျော်အခါက ရောက်လာခဲ့သော သာသနာ၏မူလမှာ မဂဓအလယ်ပိုင်းတိုင်းနိုင်ငံများတွင် ထိုစဉ်အခါက ခေတ်စား၍ နိုင်ငံရှင်ဘုရင်များနှင့် အတိုင်းတိုင်းအပြည်ပြည်မှ လေးစားရိုသေကြသော မဟာယာနဂိုဏ်း သာသနာ အခြေစိုက်ရာဌာန နာလန္ဒကျောင်းတော်ကြီးမှ ဖြစ်သည့်အပြင် နောက်အဆက်ဆက် ပညာရှိများ ၎င်းတိုင်းနိုင်ငံသို့ ပင့်ဖိတ်ခြင်းအားဖြင့်ဖြစ်စေ, အကြောင်းအားလျော်စွာ ကြွရောက်တော်မူကြ၍ဖြစ်စေ သာသနာပြုကြရာ၌လည်း များသောအားဖြင့် ၎င်းကျောင်းတော်ကြီး အရှင်များသာလျှင် ဖြစ်သောကြောင့် မဟာယာနဂိုဏ်း သာသနာကြီးသည် ယခုအခါတိုင်အောင်ပင် စည်ပင်ပြန့်ပြောလျက် ဗုဒ္ဓနိုင်ငံတော်ကြီး အဖြစ်ဖြင့် ကမ္ဘာတွင် ထင်ရှားစွာတည်ရှိနေခဲ့လေသည်။

ထိုနောက် သာသနာပြုအဆက်အနွယ် အချို့အရှင်များသည်ကား ထေရဝါဒဂိုဏ်းကြီး တည်ထွန်းရာနိုင်ငံများသို့ ၎င်းဂိုဏ်းအယူဝါဒ ပိဋကတ်များ သင်ကြားအားထုတ်ဆည်းပူးပြီးလျှင် သာသနာပြုစုကြကြောင်း ရေးသားကြသော်လည်း အားကြီးလှစွာသော မဟာယာနသာသနာကြီး အကြားမှာ အားနည်းလှစွာသော ထေရဝါဒအယူ စွက်ဖက်ခြင်းဖြင့် အရာမထင်သကဲ့သို့ မတွင်ကျယ်သည့်အပြင် များရာသို့လိုက်သောအားဖြင့် အများဂိုဏ်းသာသနာသို့သာ ယိမ်းယိုင်ပါဝင်သွားရကြောင်း၊ မဟာယာနသာသနာတည်ထွန်းသော နာလန္ဒကျောင်းတိုက်ကြီးမှာပင် ဂိုဏ်း ၁၈-ဂိုဏ်းတို့၏ အယူဝါဒများနှင့် ထေရဝါဒဂိုဏ်းဆိုင်ရာ ပိဋကတ်ကျမ်းစာများနှင့် ၎င်းတို့အယူဝါဒများကိုလည်း အားထုတ်လေ့ကျင့်ကြကြောင်း ၎င်းတို့မှတ်တမ်းများ၌ ရေးသားကြလေသည်။

သို့ပင် ရေးသားကြသော်လည်း ၎င်းတို့သင်ကြားအားထုတ်သော ပိဋကတ်များမှာ အမှန်အားဖြင့် ၎င်းတို့အလိုရှိရာကိုသာ ထုတ်နုတ်ရေးသားယူထားသော ပိဋကတ်များဖြစ်သည့်အပြင် ၎င်းတို့မဟာယာန ပိဋကတ်များကား အဆက်ဆက် ၎င်းတို့ထင်မြင်ယူဆချက်များ ထည့်စွက်ပြင်ဆင်ထားသည့် ကျမ်းဂန်များသာဖြစ်ကြောင်း၊ ၎င်းတို့ဂိုဏ်းအယူဝါဒ

ဝေဖန်ချက်အမျိုးမျိုး ရေးသားကြသောကြောင့် ထိုနာလန္ဒကျောင်းတိုက်ကြီး၌ သင်ကြားသော ထေရဝါဒပိဋကတ်များမှာ မဟာယာနဂိုဏ်း အယူဝါဒနှင့် မခြားနားလှသော ဝါဒများဖြစ်ကြောင်း ကောင်းစွာမှတ်သားအပ်ကုန်၏။

သို့ပင်ဖြစ်ပါသော်လည်း ၎င်းတို့၏သာသနာတော်၌ အလွန်လေးစား၍ သာသနာတော်ကိုလည်း အားထားယုံကြည်လျက် အသက်ကိုပင် ပမာဏမထားဘဲ သာသနာရေး, သာသနာမှု ပြုစုအားထုတ်တော်မူကြသော မထေရ်အဆက်ဆက်များသည် ၎င်းသာသနာမှု အရေးအရာများနှင့် နိုင်ငံတော်ကောင်းစားမှုများအတွက် အသက်စွန့်သွားကြရသော ဘုရင်များသည်၎င်း ကြီးပွားမှုပြုစုအားထုတ်ကြသည့်အတွက် စိတ်အားထက်သန်စွာ ချီးကျူးခြင်းကို ခံထိုက်ကြ၍ ထိုပုဂ္ဂိုလ်ကြီးများ အားထုတ်မှုကြောင့်၎င်း တိုင်းနိုင်ငံတော်၌ ယခုထက်တိုင် သာသနာတော် ခိုင်ခံ့တည်တံ့စွာ ထွန်းကားလျက် နေသေးကြောင်းကိုလည်း ကောင်းစွာ မှတ်သားအပ်ကုန်၏။

ဤသို့အားဖြင့် တိဗက်ပြည်ကြီးဟု ဆိုအပ်သော ဟိမဝန္တာတိုင်းနိုင်ငံကြီးများတွင် တည်ထွန်းနေသော သာသနာတော်ကြီးမှာ **မဟာသင်္ဃိကဂိုဏ်း**မှ ဖြစ်ထွန်းလာသော မဟာယာနဂိုဏ်းသာသနာပင် ဖြစ်သော်လည်း ၎င်းတို့သာသနာ၌ လေးစားအားထုတ်ခြင်း အကြောင်းအရာများနှင့် ၎င်းတို့သာသနာနှင့်စပ်လျဉ်းသော မွန်မြတ်သော စိတ်နှလုံးများဖြင့် ၎င်းတို့ဆိုင်ရာ အားထုတ်မှုများကြောင့် ဘဝ၏ဆုံးရာ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်စေနိုင်သည့်အတိုင်း ချီးမွမ်းအပ်သည်အားလျော်စွာ ၁၀၀၀-ကျော်, ၁၂၀၀-အတွင်း ဖြစ်ပွားသော တိဗက်သာသနာ ဗုဒ္ဓနိုင်ငံတော်အကြောင်းကား ဤတွင် ပြီးပြီ။

✪ ✪ ✪ ✪ ✪

## ကိုရီးယားပြည် သာသနာဝင်အကျဉ်း

တရုတ်ပြည်ကြီး၌ ဗုဒ္ဓနိုင်ငံတော်ကြီး ပွားစီးထွန်းကားကြောင်း နောက်ကအကျယ်အားဖြင့် သင့်တင့်သည်အတိုင်း ရေးသားခဲ့ရာ ၎င်းပြည်ကြီးနှင့်စပ်လျက် တည်ရှိကြသော နိုင်ငံများ၏ အကြောင်းအရာ ဗုဒ္ဓဘာသာ အခြေအနေများကိုလည်း ရေးသားရန် တာဝန်ရှိသည်နှင့်အညီ ၎င်းတိုင်းပြည်၌လည်း တရုတ်ပြည်ကြီးမှ ဆက်နွယ်ကာ ဗုဒ္ဓဘာသာနိုင်ငံတော်ဖြစ်ကြောင်း ပဏာမနိဒါန်းအားဖြင့် မှတ်သားအပ်လေသည်။

ဤသို့ တရုတ်ပြည်ကြီး၌ ဗုဒ္ဓနိုင်ငံတော်ကြီး ထွန်းကားချိန်မှာကား ကိုရီးယားပြည်တွင် တိုင်း ၃-တိုင်း, နိုင်ငံ ၃-နိုင်ငံ ကွဲပြား၍ ဗုဒ္ဓဘာသာတရားတော်မြတ်သည် ၎င်းပြည်ကြီး

မှ တစတစ ၎င်းနိုင်ငံသို့ သာသနာတော် ၁၀၀၀-လောက်မှ တိုးတက်ဝင်လာ အားလုံး ၃-နိုင်ငံမှပင် တဖြေးဖြေးထင်ရှားပြီး ၎င်းနိုင်ငံအားလုံးကပင် ၎င်းတရားတော်မြတ်ကို လက်ခံခဲ့ကြလေသည်။ သို့ရာတွင် သာသနာတော် ၁၁၄၀-ခုနှစ်၌ကား- ဆိလ္လာမင်းမျိုးများ အုပ်စိုးကာ ၎င်း ၃-နိုင်ငံလုံးကို အောင်မြင်သဖြင့် ကိုရီးယားနိုင်ငံအလုံးကို ဆိလ္လာနိုင်ငံပြုလုပ်ပြီးလျှင် ၎င်းမင်းမျိုးများ သာသနာတော် ၁၄၀၀-ကျော်အောင် အာဏာတန်ခိုး ၎င်းနိုင်ငံလုံး၌ လွှမ်းမိုးခဲ့လေသည်။

၎င်းမင်းမျိုးများ တန်ခိုးအာဏာ ထွန်းကားသောခေတ်မှာ ဗုဒ္ဓသာသနာတော် လည်းပွားစည်း၍ တရုတ်ပြည်ကြီးမှ တန်ဂိုဏ်းဗုဒ္ဓဘာသာဝင်ရောက်လာသဖြင့် များစွာသော ကိုရီးယားရဟန်းတော်များလည်း ၎င်းပြည်ကြီးသို့ သွားကြကာ ဗုဒ္ဓဘာသာအယူဝါဒ အလေ့အကျင့် ဆည်းကပ်ကိုးကွယ်ခြင်းစသည်များ လေ့လာအားထုတ်သင်ယူကြပြီး များစွာသော ထင်ရှားကျော်စောသည့် တရုတ်ရဟန်းတော်မထေရ်ကြီးများနှင့်လည်း တွေ့ဆုံနှီးနှောလျက် လေးနက်သော ဗုဒ္ဓနိုင်ငံတော်ကြီးကို တည်ထောင်ပြုစုခဲ့ကြလေသည်။

ထိုအခါက ထင်ရှား၍ မားမတ်စွာ တည်ထွန်းသော ရဟန်းတော်မထေရ်ကြီးမှာ အရှင်ဝမ်ယိုဖြစ်၍ ၎င်းသာသနာ ၁၁၀၀-ကျော်ခေတ်မှာ များစွာသော နိုင်ငံသူ, နိုင်ငံသားတို့အား တရားဓမ္မ ဟောပြဆုံးမတော်မူသည့်အပြင် များစွာသော ဗုဒ္ဓဘာသာတရားတော်မြတ်နှင့် ကျမ်းစာများကိုလည်း ကိုရီးယားဘာသာသို့ ပြန်ဆိုရေးသားလျက် ကိုရီးယားဗုဒ္ဓနိုင်ငံတော်ကြီး ခိုင်ဖြိုးအောင် အုတ်မြစ်ချကာ အခိုင်အမာ တည်ထောင်ခဲ့လေသည်။

၎င်း၏ဟောပြောချက်များ ရေးသားသော ကျမ်းဂန်စာပေများ သာသနာတော်အမှုကိစ္စဆောင်ရွက်အားထုတ်မှုများသည် တရုတ်ပြည်ကြီး အရှေ့ပိုင်းတိုင်းနိုင်ငံများနှင့် ဂျပန်နိုင်ငံများသို့တိုင်အောင် မြင့်တက်ကျော်ကြား၍ ၎င်းတို့၌ ၎င်း၏ဝါဒဟောပြောချက်များ ဝေဖန်နှိုင်းချိန်လာကြပြီး ၎င်းရာစုနှစ်ပိုင်း နောက်ခေတ်များ၌ တန်ဂိုဏ်းဗုဒ္ဓဘာသာ, စိတ်ကိုလေ့ကျက်အားထုတ်လျက်ရှိသော ယောဂါစာရ အယူဝါဒကို သင်ယူလိုက်နာကာ ၎င်းဝါဒများ ကိုရီးယား၌ ပျံ့သွားခဲ့လေသည်။

၎င်းပြင် ၎င်းဆိလ္လာမင်းမျိုးတန်ခိုး အာဏာထွန်းကားစဉ်က များစွာသော ဘာသာရေးကျောင်း, အာရာမ်, ဂူလိုဏ်စသော အဆောက်အဦးများ တည်ဆောက်ခဲ့ကြရာ ယခုအခါတိုင်အောင်ပင် ၎င်းလက်ထက်က ပြောင်မြောက်သောလက်ရာများ ဆိုကုရမ် ကျောက်သားလိုဏ်ဂူကြီးများ၌ အလွန်သပ္ပါယ်လှစွာသော ကျောက်ဆင်းတုတော်ကြီးများသည် ကျွန်ုပ်တို့အား ၎င်းလက်ထက်က အနုပညာလက်ရာအစွမ်းများ တင်ပြလျက်ရှိခဲ့လေသည်။

ဤသို့အားဖြင့် ကိုရီးယားပြည်၌ ဗုဒ္ဓသာသနာတော်ကား တရုတ်ပြည်ကြီးမှ ဆင်းသက်ပြန့်ပွားသောကြောင့် မဟာယာန **တန်ဂိုဏ်းသာသနာနှင့်** နောက်အခါ၌ ရောက်လာသော စိတ်ကိုလေ့ကျက် ကျင့်ကြံသည့် **ယောဂါစာရ ဈာန်ဂိုဏ်း** မဟာယာနဂိုဏ်းကွဲသာ လျှင်ဖြစ်ကြောင်း၊ ဤခေတ်က ၎င်းသာသနာမှာ ရေးသားခဲ့ပြီးသည်မှတပါး အခြားထွေထူးသော အကြောင်းအရာ ၎င်းတို့မှတ်တမ်း၌ မလာ၍ ဤမျှသာ ယခုရာစုနှစ်ပိုင်း၌ ဗုဒ္ဓနိုင်ငံတော် ထွန်းပသဖြင့် ၎င်းကိုရီးယား ဗုဒ္ဓသာသနာတော်အကြောင်း ဤတွင် အဆုံးသတ်အပ်ပြီ။

**ကိုရီးယား ဗုဒ္ဓသာသနာ ၁၂၀၀-ကျော်အကြောင်း ပြီးပြီ။**

✪ ✪ ✪ ✪ ✪

## သာသနာနှစ် ၁၀၀၀-ကျော်က ဂျပန်ကျွန်းနိုင်ငံ၌ ထွန်းလင်းကြောင်း အကျဉ်း

အရှေ့တိုင်းနိုင်ငံများ၌ ထေရဝါဒဂိုဏ်း သာသနာမှတပါး ယခုခေတ်တိုင်အောင် ထွန်းကားလျက်ရှိသော အခြားမဟာယာနဂိုဏ်း သာသနာမှာ တရုတ်ပြည်ကြီးက အမွန်အစဖြစ်ကြောင်း ရေးသားခဲ့ပြီးသော တိဗက်သာသနာ, ကိုရီးယားသာသနာတော်တို့ကို ထောက်ထား၍ ထင်ရှားသဖြင့် အထူးရေးသားရန် မလိုလှသည့်အတိုင်း ယခုဂျပန်ကျွန်းနိုင်ငံ သာသနာမှာလည်း ၎င်းတရုတ်ပြည်ကြီးမှပင် အရင်းမူလအခြေခံထား၍ နီးနားသော နိုင်ငံ-ချင်းဖြစ်သည့်အတိုင်း ကိုရီးယားမှပင် ဆင်းသက်လာကြောင်း ၎င်းတို့မှတ်တမ်းများ၌ ရေးသားကြလေသည်။

၎င်းဂျပန်ကျွန်းနိုင်ငံများမှာ ၎င်းတို့ရာဇဝင်မှတ်တမ်းများအရ "၎င်းရာဇဝင် အစောပိုင်းမူကား သဘာဝတော, တောင်, မြစ်ချောင်း, မြောင်း, ပင်လယ်, သမုဒ္ဒရာ-စသည်တို့ကို စိုးပိုင်သည့် မပိုင်းခြားနိုင်ငံသော နတ်များနှင့် လွန်လေပြီးသော သူတို့၏ ဝိညာဏ်မှ ဖြစ်ပွါးသည်"ဟု ယူဆကြသောနတ်များကိုသာ အားထားလျက် အဆက်ဆက် ကိုးကွယ်လာကြ၍ သဘာဝ နောက်ခံထားလျက် ကိုးကွယ်သော ရှင်တိုဘာသာ သာလျှင် ရှိပြီးနောက် တဖြေးဖြေးအားဖြင့် တရုတ်ယဉ်ကျေးမှု အနုပညာဘာသာဝါဒများ သာသနာတော် အနှစ် ၇၀၀-ကျော် လောက်က ရောက်လာပြီးလျှင် ၎င်းနောက် တစတစ သာသနာတော် ၁၀၀၀-ကျော်လောက်မှ ဗုဒ္ဓဝါဒနှင့် **တရုတ်ကွန်ဖြူးသျှင်းဝါဒများ** ရောက်လာခဲ့လေသည်။

ဤကျွန်းနိုင်ငံ၌ အသစ်ပေါ်ထွန်းလာခဲ့သော ဤဘာသာတော်မြတ်ကြီးကား ၎င်းအမျိုးသားတို့၏ ကြီးပွားရေးလမ်းစဉ်ကို ရှေးရှုလျက် ယဉ်ကျေးမှုတိုးတတ်ကာ စာပေပညာနှင့် သိပ္ပံပညာရပ်တို့အပြင် ဗုဒ္ဓဘာသာ အဘိဓမ္မာ သဘာဝပညာများကိုလည်း ၎င်းနိုင်ငံသားတို့သည် အထူးကြံစည်လိုက်စား စုံစမ်းလာကြ၍ ၎င်းဗုဒ္ဓဘာသာတရားတော်မြတ်နှင့် ၎င်း၏လေးနက်သော အဘိဓမ္မာစာပေများ ပြန့်ပွားရေးတို့ကိုလည်း တစတစကြိုးစားအားထုတ်လာကြ၍ သာသနာတော် နှစ်ပေါင်း ၁၁၀၀-ကျော်လောက်မှာ အတော်ပြည့်စုံသော ဗုဒ္ဓနိုင်ငံတော်ကြီး ဖြစ်ထွန်းလာခဲ့လေသည်။

ထို့နောက်သာသနာတော် ၁၂၀၀-ကျော် ရာစုနှစ်အတွင်းလောက်မှာ ဗုဒ္ဓဘာသာ ရဟန်းတော်များဖြစ်ထွန်းကာ ၎င်းသာသနာတော်၌ အကြီးအချုပ်များ တင်မြှောက်အုပ်ချုပ်လာကြသည့်အပြင် နိုင်ငံတော်ဘုရင်မင်းတို့၏ လွှတ်ရုံးသဘင်တို့၌လည်း ပေါင်းသင်းဆက်ဆံရေး, ဘာသာရေးများနှင့် နိုင်ငံရေးတို့ပါ ဗုဒ္ဓဘာသာ၏ လေးနက်သော တရားဓမ္မရှေ့ဆောင် နှီးနှောစွက်ဖက်ကာ ဗုဒ္ဓဘာသာခေါင်းဆောင်ကြီးများ ဦးစီးလာကြပြီးလျှင် ယဉ်ကျေးမှုအနုပညာရပ်များနှင့်တကွ ဗုဒ္ဓဘာသာဝါဒနှင့်လျော်သော နည်းဥပဒေပညာရပ်များလည်း ထွန်းကားလာခဲ့လေသည်။

ဤဂျပန်ကျွန်းနိုင်ငံများသို့ ထိုကဲ့သို့ ဗုဒ္ဓတရားတော်များ အစဖြစ်ထွန်းလာကြောင်း ရေးသားကြသည်မှာ သာသနာတော် ၁၀၃၄-ခုနှစ် ကိုရီးယားနိုင်ငံ **ကုဒရဘုရင်မင်းမြတ်** (ပိုက်သျှီ)သည် များစွာသော စာပေကျမ်းဂန်များ, သုတ္တန်များ, ရုပ်ပွားဆင်းတုတော်များကို လက်ဆောင်တော်အဖြစ်ဖြင့် ဂျပန်နိုင်ငံဘုရင်မင်းမြတ်ထံ သံတမန်တော်စေလွှတ်ပေးဆက်သည့်အပြင် မကြာမီပင် ရဟန်းတော်များ, သီလရှင်များနှင့်တကွ ဘာသာရေးလက်ဆောင်ပဏ္ဏာများ ဘုရင်မင်း၏ ရှေ့မှောက်သို့ ရောက်ရှိလာကြ၍ ၎င်းတို့နှင့်တကွ ဘာသာရေးဆိုင်ရာ အဆောက်အဦးပညာသည်များ, ရုပ်ပွားတော်ထုပညာသည်များ နောက်ထပ်လာကြပြီး ဘာသာရေးကျောင်းဘုရားများ တည်ထားဆောက်လုပ်လာခဲ့ကြကြောင်း ရေးသားဖော်ပြကြလေသည်။

၎င်းနောက် သာသနာတော် ၁၀၇၄-ခုနှစ်မှ ၁၁၁၄-ခုနှစ်တိုင် အုပ်စိုးတော်မူသော ဘုရင်မဇကေရီစုဤကို လက်ထက် ၎င်း၏လက်အောက်ခံ တိုင်းနိုင်ငံ၌ အုပ်ချုပ်သော **ယှိတိုကူ** အမည်ရှိသောမင်းသားသည် သာသနာတော်ကို အလွန်ကြည်ညိုလေးစား၍ နိုင်ငံတော်၌ နန်းတော်, အိမ်တော်, လွှတ်ရုံးတော်တို့ပါ ဗုဒ္ဓဘာသာတရားတော်အရ အုပ်ချုပ်သည့်အပြင် ၎င်းဗုဒ္ဓနိုင်ငံတော်ကြီး ပွါးစည်းမှု၌လည်း အသောကမင်းတရားကြီးသည် ဇမ္ဗူဒီပါအလုံး သာသနာတော် တန်ခိုးအာဏာ ဖြန့်ဖြူးတော်မူသကဲ့သို့ ၎င်းဂျပန်ကျွန်းနိုင်ငံအလုံးတို့သို့ ဤမွန်မြတ်သော ဝါဒတော်များ ပျံ့နှံ့အောင် အားထုတ်ကြိုးစား တရားလွှတ်ရုံးတို့၌လည်း

ဗုဒ္ဓဝါဒကို အခြေခံထား၍ တရားဥပဒေများ ပြုစုသည့်အပြင် ၎င်းအရ နိုင်ငံတော်ကိုလည်း အုပ်ချုပ်စီရင် ခန့်ခွဲတော်မူလေသည်။

၎င်းပြင် ထိုမင်းသားစီမံအုပ်ချုပ်သော အချိန်အခါ၌ပင် နိုင်ငံတော်မှာ များစွာသော ဝတ်ကျောင်းတန်ဆောင်းများ ဆောက်လုပ်သည့်အပြင် အသောကဘုရင် မင်းတရားကြီးကဲ့သို့ များစွာသော ကျောင်းအာရာမ်များ, များစွာသော ခိုကိုးရာမဲ့သူများ၏ အားထားရာ ဆေးဝါးလုံလောက်စွာနှင့် ဆေးရုံတော်များ, ခိုကိုးရာမဲ့သူတို့၏ တည်းခိုနေထိုင်ရာ ဇရပ်အာဝါသများ, မုဆိုးမ ခိုကိုးရာမဲ့သူ အသက်ကြီးသူတို့၏ ခိုလှုံရာဌာန အဆောက်အဦးကြီးများ နိုင်ငံတော်အနှံ့အပြား တည်ထားဆောက်လုပ်ကာ နိုင်ငံတော်၏အကျိုး, သာသနာတော်၏အကျိုး သည်ပိုးဆောင်ရွက်တော်မူခဲ့လေသည်။

ဤဆိုခဲ့ပြီးသောခေတ် ဗုဒ္ဓဘာသာကား ရှေးဦးစွာ တရုတ်ပြည်မြောက်ပိုင်း မဟာယာနသာသနာကြီးဖြစ်၍ ၎င်းတိုးတက်နေသော အချိန်အခါ ၎င်းသာသနာသည် ကိုရီးယားမှ၎င်း တရုတ်ပြည်ကြီးမှ၎င်း ရောက်ရှိလာကြပြီး ဘာသာဝါဒဂိုဏ်း မကွဲပြားဘဲ နှစ်များစွာ တည်ထွန်းလာခဲ့ရာ နောက်အခါ၌ကား များစွာသော ဂိုဏ်းအယူဝါဒများ ကွဲပြားလာခဲ့လေသည်။ သို့ရာတွင် ၎င်းဂိုဏ်းအယူဝါဒများအကြောင်း နောက်ရာစုနှစ်ပိုင်းများမှာ ရေးလတ္တံ့ဖြစ်၍ ယခု ရေးဆဲနှစ်ရာစုပိုင်း၌ကား ၎င်းနိုင်ငံတော်ထွန်းကားကြောင်း အကျဉ်းမျှရေးသားရန် လိုအပ်သည့်အတိုင်း ဤမျှဖြင့်ဂျပန်ပြည် တိုင်းနိုင်ငံများသို့ ဗုဒ္ဓနိုင်ငံတော် ထွန်းလင်းလာခဲ့သည့်အချိန်အခါနှင့် တိုးတက်သော အခြင်းအရာများဖြင့် ပြည့်စုံသဖြင့် ဤတွင် အပြီးသတ်အပ်ပြီ။

✪ ✪ ✪ ✪ ✪

## ၎င်းနှစ် ၁၀၀၀-ကျော်က ထေရဝါဒနိုင်ငံများနှင့် ဗုဒ္ဓနိုင်ငံတော် ထွန်းပခြင်း အကျဉ်းမျှပြဆိုခြင်း

ဆိုအပ်ခဲ့ပြီးသော အပိုဒ်များ၌ အိန္ဒိယအလယ်ပိုင်း သာသနာနှင့်တကွ တရုတ်, တိဗက်, ကိုရီးယား, ဂျပန်-စသောနိုင်ငံများ၏ ဗုဒ္ဓသာသနာ အာဏာတန်ခိုး လွှမ်းမိုးထွန်းတောက်လာခဲ့ခြင်းအကြောင်းများ ၎င်းတို့မှတ်တမ်းများအရ မဟာယာန အများဂိုဏ်းသာသနာကြီး ကျယ်ပြန့်သွားကြောင်းများ အကျယ်တဝင့်ဖြင့် သင့်တင့်စွာရေးသားခဲ့သည့်အတိုင်း မှတ်သားနိုင်လောက်သော်လည်း ကမ္ဘာ့အရှေ့ဖျားတိုင်းနိုင်ငံများ၌ ထွန်းကားသော ထေရဝါဒ ဗုဒ္ဓသာသနာတော်အကြောင်းများနှင့် ၎င်းဝါဒထွန်းကားသော နိုင်ငံများအကြောင်း(ကိုရေးရန်) တာဝန်ရှိနေခဲ့လေသည်။

သို့ရာတွင် ၎င်းထေရဝါဒနိုင်ငံများဖြစ်သော ယိုးဒယား(ထိုင်း), ကမ္ဘောဒီးယား (ကမ္ဘူဇ), လောၤ(လာအို), သီဟိုဠ်, မြန်မာ-ဟု ဆိုအပ်သော တိုင်းနိုင်ငံကြီးများ၏ အကြောင်းအရာကို နောက်အတွဲ၌ အကျယ်တဝင့် အသေးစိတ် ရေးသားရမည်ဖြစ်၍ ၎င်းခေတ်၌ကား ၎င်းနိုင်ငံတို့၌ ဗုဒ္ဓတရားတော်မြတ် ထွန်းပတိုးတက်နေသော အချိန်အခါဖြစ်၍ အထူးအားဖြင့် သီဟိုဠ်နိုင်ငံမှာ ပိဋကတ်စာပေ အလွန်ထွန်းကား အဌကထာကျမ်းကြီးများ ပြုစုနေကြသော ခေတ်ဖြစ်သည့်အပြင် မြန်မာနိုင်ငံအောက်ပိုင်း မွန်တိုင်းနိုင်ငံများနှင့် (ထိုင်း)ယိုဒယားမှလည်း အသောကမင်းတရားကြီး၏ သာသနာတော် အဆက်မပျက် သေးဘဲ တည်မြဲလျက် ရှိနေခဲ့လေသည်။

၎င်းပြင် ၎င်းယိုးဒယား နိုင်ငံနှင့်စပ်လျက် တည်ရှိနေသော ကမ္ဘောဒီးယား(ကမ္ဘူဇ) နိုင်ငံမှာကား ရှေးဦးစွာ ၎င်းတိုင်းနိုင်ငံသို့ ရာဇဝင်မှတ်တမ်းများအရ ဟိန္ဒူဝါဒများ ရောက်လာကာ ၎င်းဘာသာများ ကြီးစိုးလွှမ်းမိုးလာ၍ ၎င်းတို့ဝါဒအရ ကိုးကွယ်ကြသော ရုပ်ထုများနှင့် ပြာဟ္မဏများ ၎င်းခေတ်ရာဇဝင်ကဏ္ဍပြုပြင်လာကြ၍ မင်းမျိုးတို့မှာလည်း အိန္ဒိယမင်းမျိုးတို့၏ အမည်နာမဖြင့် (**ဇယဝမ်ရမ**) **ဇယဝမ္မ**အမည် စသည်တို့ကိုပင် တွင်ကျယ်စွာ သုံးစွဲကာ ၎င်းတို့သုံးစွဲသော **ခမာဘာသာ**မှာလည်း **နာဂရိဘာသာ**မှ ဆင်းသက်လာသော နီးကပ်သောဘာသာဖြစ်သည့်အပြင် အရေးအသားအက္ခရာများမှာလည်း နာဂရီအက္ခရာများနှင့် များစွာနီးကပ်၍ ၎င်းမှဆင်းသက်လာကြကြောင်းမှာ ထင်ရှားသိသာလေသည်။

## ၎င်းကမ္ဘောဒီးယား(ကမ္ဘူဇ)နိုင်ငံ သာသနာရောက်ခြင်း

ကမ္ဘောဒီးယားနိုင်ငံ၌ သာသနာတော် နှစ် ၁၀၀၀-ကျော်ကပင် ဟိန္ဒူဘာသာနှင့် မရှေးမနှောင်း မြောက်ပိုင်းမှမဟာယာန ဗုဒ္ဓဘာသာလည်း ယှဉ်တွဲလိုက်သောအခါ ထိုအခါ ထွန်းကားသော အိန္ဒိယမြောက်ပိုင်း ဂုတ္တမင်းမျိုးတို့၏လက်ထက်က အနုပညာလက်ရာများနှင့် တူညီစွာ ရှေးဟောင်း ရုပ်ထု, ကျောက်စာစသည်များ ၎င်းနိုင်ငံ၌တွေ့ရှိရ၍ ရှေးက နိုင်ငံအချင်းချင်း နီးစပ်လျက်တည်ရှိသော ယိုးဒယားနိုင်ငံမှ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ အနည်းငယ်ပျံ့နှံ့ ထွန်းကားလာခဲ့မည်ဖြစ်သော်လည်း ထိုခေတ်မှာ မဟာယာန သာသနာသာလျှင် လွှမ်းမိုး၍ ၎င်းတိုင်း **အမိကော်** ခေတ်တိုင်အောင်ပင် ၎င်းဝါဒကြီးစိုးလာခဲ့လေသည်။

ဤကမ္ဘောဒီးယားနိုင်ငံ၌ အစောဆုံးသာသနာနှစ်အားဖြင့် ဗုဒ္ဓဘာသာဆိုင်ရာ ကျောက်စာတွေ့ရသည်မှာ ၎င်းနိုင်ငံဘုရင်ကြီး **ဇယဝမ္မ** စိုက်ထူခဲ့သော သာသနာတော်နှစ် ၁၁၄၆-ခုနှစ် ကျောက်စာဖြစ်၍ ၎င်းသည်မင်းကြီး၏အလျှုဒါန သာသနာတော်၌ အားထုတ်ပြုစုကြောင်းများ ဖြစ်လေသည်။ သို့ရာတွင် ၎င်းထက်ရှေးကျသည်ဟု ခန့်မှန်းရသော,

ခုနှစ်များ မထင်ရှားသော ကျောက်စာလည်း တွေ့ရှိရသည်မှာ **ဖနွန်နယ်ပယ်၌ရှိသော(ဝပ်-ပရဆာဒ် ဝပ် ပါသာဒ)**ကျောက်စာဖြစ်၍ ၎င်း၌ **ခမင်ဘာသာအားဖြင့်** ဘုရားလောင်း ၃-ဆူတို့အား အထိမ်းအမှတ်ထား၍ လှူဒါန်းကြောင်း၊ **အဝလောကိတေသရစသော** ဘုရားလောင်းများ, ဟိန္ဒူနတ်များတို့ကိုလည်း ဖော်ပြသဖြင့် ထိုခေတ်သာသနာမှာ မဟာယာနဂိုဏ်းသာဖြစ်ကြောင်း ထင်ရှားလေသည်။

ထိုမှတပါး လော(လာအို)ပြည် သာသနာတော်ကား ၎င်းရာဇဝင် အစောပိုင်းကဏ္ဍများထင်ရှားအောင် မတွေ့ရကြောင်း ၎င်းဗုဒ္ဓဘာသာမှတ်တမ်းများ၌ ရေးသားသော်လည်း ၎င်းနိုင်ငံမှာယခုအခါ၌မူ ခိုင်မာသောထေရဝါဒ ဗုဒ္ဓသာသနာတော် တည်ရှိထွန်းကား၍ ၎င်းတိုင်းနိုင်ငံများ၌လည်း အနီးအနားဖြစ်သော ကမ္ဘောဒီးယား, ယိုးဒယား-နိုင်ငံများမှ ပြန့်ပွားလာနိုင်ကြောင်း ထင်ရှား၍ ၎င်းနိုင်ငံမှာလည်း ထိုအနှစ် ၁၀၀၀-ကျော်ပင် သာသနာတော် တည်ထွန်းလာခဲ့ဖြစ်ကြောင်း မှတ်သားအပ်ပေသည်။

ထိုမှတပါး မြန်မာနိုင်ငံအထက်ပိုင်း တိုင်းနိုင်ငံများ၌ကား ထိုသာသနာတော် ၁၀၀၀-ကျော် ၁၂၀၀-အတွင်းမှာ မဟာယာနမှ ဆင်းသက်ဆက်နွယ်လာခဲ့သည်ဟု မှတ်ယူအပ်သည့် အရည်းကြီးများ၏ အဆုံးအမဩဝါဒလက်အောက်မှာ ရှိနေသေး၍ သာသနာတော်နှင့် မသင့်လျော်သော လက်ထပ်ထိမ်းမြားပေးခြင်း, ပန်းဦးလှူဒါန်းစေခြင်း, ဗုဒ္ဓသာသနာပိဋကတ်ကျမ်းစာတို့၌ မလာသော ပရိတ်တရားတို့ကို ရွတ်ဖတ်လျက် တိုင်းသူပြည်သားတို့ထံမှ လာဘ်လာဘတို့ကို ရမှုအတွက်သာ ဆောင်ရွက်လေ့ကျင့်နေခြင်း-စသော များစွာသော အဓမ္မဝါဒီတရားတို့ဖြင့် စိုးမိုးအုပ်ချုပ်ကာ ၎င်းတို့အာဏာလွှမ်းမိုးနေသော ခေတ်ဆိုးကြီးထဲ၌ နမ်မြုပ်နေလျက်ရှိခဲ့၍ ၎င်းမှာနောက်ရေးလတ္တံ့ဖြစ်သော အနော်ရထာ ပုဂံခေတ်တိုင်အောင် တည်ထွန်းနေခဲ့လေသည်။

ဤသို့အားဖြင့် ထိုသာသနာတော် ၁၀၀၀-ကျော်ခေတ်အတွင်းက ထေရဝါဒဂိုဏ်း သာသနာတော်များ ထွန်းကားလျက်ရှိနေသော သီဟိုဠ်, မြန်မာ, ယိုးဒယား, ကမ္ဘောဒီးယား, လောနိုင်ငံများ၌ ဗုဒ္ဓသာသနာ နိုင်ငံတော်ဖြစ်ခဲ့ကြောင်းများ အမြွက်အားဖြင့် ရေးသားဖော်ပြခဲ့လေပြီး ဖြစ်သည့်အတိုင်း သာသာနာတော်နောက်ပိုင်း နောက်ကဏ္ဍများ၌ ၎င်းတို့၏ အကြောင်းအရာ သာသနာတော် အဖြစ်အပျက်စုံလင်စွာ ရေးသားရန်ရှိ၍ ၎င်းတိုင်းနိုင်ငံများမှာ ဗုဒ္ဓနိုင်ငံတော်သာသနာ တန်ခိုးလွှမ်းမိုးခဲ့ကြောင်းသည် ဤတွင် အဆုံးသတ်အပ်လေသည်။

## သာသနာတော် ၁၀၀၀-အတွင်းနှင့် ၁၀၀၀-ကျော်က သုမတြာ, ဂျာဝါကျွန်းများ၌ ဗုဒ္ဓသာသနာထွန်းလာခြင်း

ယခုခေတ်တွင် အရှေ့ဖျားနိုင်ငံများ၌ ထင်ရှားသော ကျွန်းနိုင်ငံတစ်ခုအပါအဝင်သည့် ဆုမတြာ, ဂျာဝါးကျွန်းနိုင်ငံများသည် ထိုခေတ်က ယဉ်ကျေးမှုများရှိသည့်အပြင် အိန္ဒိယအနောက်ပိုင်းတိုင်းနိုင်ငံများမှလည်း ပင်လယ်ခရီးဖြင့် ကုန်သည်များ သုဝဏ္ဏဘူမိတိုင်းနိုင်ငံတို့သို့၎င်း **သုဝဏ္ဏဒီပ(သုမတြာ)** ကျွန်းသို့၎င်း, **ယဝကျွန်း(ဂျဝ-ဂျာဝါကျွန်း)**သို့၎င်း, **ကမ္ဗုဇ (ကမ္ဘောဒီးယား)**သို့၎င်း သွားလာကူးသန်းရောင်းဝယ်လေ့ အစဉ်အလာအရ အရှေ့တိုင်းနိုင်ငံများသို့ ရောက်ကြရာ ဟိန္ဒူအယူဝါဒများ ရှေးဦးစွာ ရောက်ရှိကြ၍ ၎င်းကျွန်းရာဇဝင်အစောပိုင်းကပင် ရေးသားကြသော ၎င်းအကြောင်းအရာ မှတ်တမ်းများအရ သာသနာတော် အနှစ် ၅၀၀-ကျော်က **ကစ္စနနဒီ (ကဏ္ဍာနဒီ)** တောင်ပိုင်း အိန္ဒိယဒေသရှိ မြစ်ကမ်းဒေသမှ ကုန်သည်များသည် ဤကျွန်းသို့ လာရောက်နေထိုင်ကြကြောင်း, ၎င်း၌အခြေစိုက်ကာ မြို့, ရွာ, နိဂုံးများ တည်ထောင်ကြကြောင်း မှတ်သားကြကုန်၏။

၎င်း၌ထင်ရှားသော မှတ်တမ်းမှာ ဟိန္ဒူကုန်သည်ကြီးများသည် ရှေးဦးစွာ ဤကျွန်းသို့ရောက်ရှိကာ ပိုလီတိုင်းနယ် **အချင်အရပ်**၌ တည်ထောင်ပြီး ၎င်းတို့ခေါင်းဆောင် **သုမိတြ-သုမိတ္တ**-အမည်ဖြင့် ၎င်းနယ်ကို သမုတ်ပြီးလျှင် ၎င်းမှတဆင့် အနောက်ဘက်တိုင်းနယ်များသို့ ၎င်းတို့ပြည်နယ်များပြန့်ကျယ်သွားရာ နောက်တခါ တစ်ကျွန်းလုံး ၎င်းအမည်ဖြင့်ထင်ရှား၍ ၎င်း**သုမိတ္တ, သုမိတြ, သုမတြ**-၎င်းတို့ သကတအသံအားဖြင့် (ဆုမတြာ) ပြောင်းလဲလာခဲ့ကြောင်း ရေးသားခဲ့ကြလေသည်။

ဗုဒ္ဓအယူဝါဒကား ၎င်းမှတ်တမ်းအရ ဤကျွန်းသို့ သာသနာတော် ၉၀၀-အတွင်းမှာမှ အိန္ဒိယမှ အနောက်ပိုင်း ဂုဇရဋ္ဌ-(ဂူဇရတ်) **သိန္ဓု**တိုင်းနယ်များမှ ပင်လယ်ခရီး ထွက်ကြသောကုန်သည်များသည် ၎င်းတို့ဗုဒ္ဓဘာသာ အယူရှိကြသည့်အတိုင်း သီဟိုဠ်သို့သွားရောက်ပြီးနောက် ၎င်းမှ ၎င်း**သုမတြာကျွန်း**သို့ သွားရောက်ကာ ၎င်းကျွန်းမှာ ရှေးဦးစွာရောက်ရှိနေထိုင်ကြသော ဟိန္ဒူများကလည်း ကောင်းစွာဧည့်ခံကြသဖြင့် ၎င်းကျွန်းနိုင်ငံ၌ ၎င်းဝါဒ ၂-ပါးတို့သည် ယှဉ်ပြိုင်လျက် မြို့ရွာတည်ထောင် ဝါဒဖြန့်ဖြူးကာ နေထိုင်ခဲ့ကြလေသည်။ ၎င်းဗုဒ္ဓဘာသာ မှတ်တမ်းအရ ဂုဇရတ်တိုင်း၊ **ဒွါရက (ဒွါရာဝတီ)** မြို့တော်မှ ဗုဒ္ဓသာသနာတော်ကို ကြည်ညိုဆည်းကပ်သော မင်းတစ်ပါးသည် ၎င်းတို့၏ တိုင်းနယ်လက်အောက်ခံနိုင်ငံများ ရှာဖွေရာ ၎င်းကျွန်းကိုတွေ့ရှိ၊ မြို့တော်တည်ထောင် အုပ်ချုပ်စိုးစံကာ ၎င်းဗုဒ္ဓအယူဝါဒ လိုက်နာကျင့်သုံးကြ၍ တစတစ၎င်းဝါဒတော်များ ၎င်းကျွန်းနိုင်ငံ၌ ပျံ့နှံ့သွားခဲ့၍ ဗုဒ္ဓနိုင်ငံတော် တည်ထောင်ခဲ့လေသည်။

ထိုမှတပါး ၎င်းသုမတြာကျွန်းမှတဆင့် ပြန့်ပွားကာ ဗုဒ္ဓဘာသာသာသနာတော်ကြီးသည် အနီးအနားဖြစ်သော ဂျာဝါး(ယဝ)ကျွန်းသို့လည်း ရောက်ရှိ၍ ၎င်း၌ ဗုဒ္ဓနိုင်ငံတော်ကြီး တည်ထွန်းပြီးလျှင် ၎င်းကျွန်း၌ ကမ္ဘာတွင်ထင်ရှားသော အထိမ်းအမှတ် အဆောက်အဦးကြီး တစ်ခုပါဝင်သည့် ဗိုရိုဗုဓုရ် စေတီတော်ကြီး တည်ထောင်နိုင်အောင် ဘုရင်မင်းကြီးများ အုပ်စိုး၍ ဗုဒ္ဓနိုင်ငံတန်ခိုးများ ကြီးမားခဲ့ဖူးလေသည်။

၎င်းပြင် **သာသနာတော် နှစ်ပေါင်း ၉၀၀-ကျော်က** အိန္ဒိယတိုင်းနိုင်ငံကြီးများနှင့် တကွ အရှေ့ဖျားတိုင်းနိုင်ငံများသို့ ဗုဒ္ဓဘာသာ ပညာဗဟုသုတ ရှာဖွေတော်မူသော တရုတ်ရဟန်းတော် ဖါဟိုင်အရှင်မြတ်ရောက်စဉ်က ဤဆုမတြာ, ဂျာဝါးကျွန်းနိုင်ငံများ၌ ဗုဒ္ဓသာသနာနိုင်ငံတော်သည် ထွန်းကားစည်ပင်၍ ဘုရင်နှင့်တကွ တိုင်းသူပြည်သားများသည် ၎င်းဗုဒ္ဓတရားတော်မြတ်ကို ကြည်ညိုလေးစားကြကြောင်း၊ ၎င်းသို့လည်း မဇ္ဈိမတိုင်းနယ်များမှ လာရောက်သာသနာပြုကြကြောင်း၊ အားလုံးသော တိုင်းနိုင်ငံတော် အရပ်ရပ်တို့၌ ဗုဒ္ဓသာသနာတော် ထွန်းကား၍ အဆောက်အဦးများလည်း တွေ့ခဲ့ရကြောင်း ရေးသားခဲ့လေသည်။

ထိုမှတပါးလည်း ထိုခေတ်က ကျော်ကြားခဲ့သောမဂဓတိုင်းနယ်တွင် အလွန်ထင်ရှားသည့်နာလန္ဒကျောင်းတော်ကြီးနှင့်ပင် ၎င်းကျွန်းနိုင်ငံ သာသနာမှ ဆက်ဆံကြောင်းများ ၎င်းနာလန္ဒကျောင်းတော်ကြီး တူးဖော်ရာမှရရှိသော(*မှတ်တမ်းတွင်*) "သုဝဏ္ဏဒီပ (သုမတြာ) မှ ဘုရင်မင်းမြတ် **သီရိဗလဗုဒ္ဓဒေဝသည်** မဂဓတိုင်းမှ ရွာ ၅-ရွာကို မိမိတိုင်းနိုင်ငံ ဆုမတြာမှ ရွာ ၅-ရွာနှင့် လဲလှယ်ကာ ထိုနာလန္ဒကျောင်းတော်ကြီးအား လှူဒါန်းကြောင်း" ရေးသားထားသဖြင့်၎င်း ကျွန်းနိုင်ငံများနှင့် အနီးအနားတိုင်းနယ်များမှာ ရှေးခေတ်သာသနာ ၁၀၀၀-ကျော်က ဗုဒ္ဓနိုင်ငံတော်ထွန်းပခဲ့ကြောင်း ကောင်းစွာ ထင်ရှားလေသည်။

ဤသို့လျှင် ၎င်းကျွန်းစုအရှေ့ပိုင်းတိုင်းနိုင်ငံများ၌ သာသနာတော်အနှစ် ၁၀၀၀-ကျော် နှစ်ရာစုက ဗုဒ္ဓဝါဒ ထွန်းပစည်ပင် ဘုရင့်သာသနာတော် ဖြစ်ဖူးကြောင်း၊ ထိုသို့ ထွန်းပသဖြင့် ၎င်းကျွန်းနိုင်ငံများ၌ ယခုတိုင်အောင် ဗုဒ္ဓဘာသာ အထိမ်းအမှတ် ကမ္ဘာက သိမှတ်သည့် အဆောက်အဦး စေတီတော်ကြီးများ မားမတ်စွာ တည်ရှိနေသေးကြောင်း၊ ၎င်းပြင် သာသနာတော် ၆၀၀-ခေတ်ကလည်း ၎င်းကျွန်းတို့သို့ သာသနာတော်အစ ရောက်ကြောင်းများ ရေးသားခဲ့ပြီးဖြစ်၍ ၎င်းကျွန်းများ၏ ဗုဒ္ဓနိုင်ငံတော်ကား ဤမျှအကြောင်းအရာများဖြင့် အကျဉ်းသိနိုင်ပြီဖြစ်၍ ဤတွင် အဆုံးသတ်ထားလျက် ရေးသားအပ်သတည်း။

✪ ✪ ✪ ✪ ✪

## မလေး, မာလာယု ကျွန်းဆွယ်သာသနာတော် ထွန်းလင်းကြောင်းအကျဉ်း

ထိုမှတပါး ဆိုခဲ့ပြီးသော ကျွန်းနိုင်ငံစုနှင့်လည်း ဆက်စပ်၊ မြန်မာနိုင်ငံတော် ယိုးဒယားနိုင်ငံတော်နှင့်လည်း နီးကပ်လျက်တည်ရှိသော မာလာယု မလေးကျွန်းဆွယ်မှာလည်း ရှေးအခါက သာသနာတော်ပျံ့နှံ့ခဲ့ကြောင်း ယိုးဒယားရာဇဝင်အရအားဖြင့်၎င်း မြန်မာနိုင်ငံတော်ရာဇဝင်အရအားဖြင့်၎င်း ထင်ရှား၍ ရှေးအသောကမင်းတရား သာသနာပြုဌာန သုဝဏ္ဏဘူမိ သာသနာအဆက်အနွယ်များ ပြန့်ပွားကာ ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်ထွန်းခဲ့ဖူးကြောင်း၊ ၎င်းနှင့်ယိုးဒယားနိုင်ငံမှာ သာသနာရေး, နိုင်ငံရေးများလည်း ဆက်သွယ်ကြကြောင်း၊ ၎င်းတို့ရာဇဝင်၌ ရေးသားသည်အားလျော်စွာ ရှေးကလည်း သာသနာတော်ရောက်ရှိကြောင်း မှတ်သားအပ်ပေသည်။

ထိုမှတပါး ထိုသာသနာတော် ၁၀၀၀-ကျော်ခေတ်နှင့် မရှေးမနှောင်းမှ ရဟန်းတော်ဖါဟိုင်သည် ၎င်းနိုင်ငံကျွန်းဆွယ်သို့ ရောက်ရှိကာ သာသနာတော်နှင့်စပ်သော ဗဟုသုတများလည်း မှတ်သားခဲ့ရကြောင်း ၎င်းမှတ်တမ်း၌ရေးသားသဖြင့် ၎င်းမှနောက် ၁၀၀၀-ကျော်ခေတ်တိုင်အောင်ပင် ဗုဒ္ဓနိုင်ငံတော်အလင်းရောင် ထွန်းပြောင်ခဲ့မည်ဟု ခန့်မှန်းယူဆနိုင်လေသည်။

ဤသို့လျှင် ထေရဝါဒနိုင်ငံများနှင့်တတွ ၎င်းနိုင်ငံဆက်စပ်တည်ရှိသော ကျွန်းနိုင်ငံများ၌ ဗုဒ္ဓတရားတော်မြတ် ထွန်းလင်းတောက်ပခဲ့ကြောင်းများ ထင်ရှားသိသာနိုင်လောက်ပြီဖြစ်၍ဤတွင် ၎င်းတို့၏ ထို ၁၀၀၀-ကျော်ခေတ်တွင်း ထွန်းလင်းခဲ့သော ဗုဒ္ဓနိုင်ငံတော်အကြောင်း အဆုံးသတ်အပ်လေပြီ။

✪ ✪ ✪ ✪ ✪

## သာသနာတော် ၁၀၀၀-ကျော် ၁၂၀၀-အတွင်း ဘေးရန်များ ဖြစ်ပွားလာခြင်း အကြောင်း

ဤဆိုအပ်ခဲ့ပြီးသော သာသနာခေတ်အတွင်း၌ မြတ်စွာဘုရားလက်ထက်တော်မှ အယူဝါဒမပျက် အပြောင်းအလဲမရှိ ပကတိဟောကြားတော်မူသော ပိဋကတ်တော်အတိုင်း လေ့လာကျင့်သုံးပြီးလျှင် သာသနာတော်ကြီးကို ဆောင်ရွက်အားထုတ်တော်မူလာခဲ့ကြသော ထေရဝါဒဂိုဏ်းကြီးမှာ မဇ္ဈိမတိုင်းနိုင်ငံများ၌ တည်တံ့ခြင်းမရှိဘဲ ၎င်းမှတောင်ဘက်ပိုင်းနိုင်ငံများဖြစ်သည့် ကလိင်္ဂတိုင်း, အန္ဓတိုင်း, ဒမိလတိုင်း, စောဠတိုင်း, ပဏ္ဍတိုင်း-စသောနိုင်ငံများတွင် ဖြစ်ထွန်းပြန့်ပွား၍ အသောကမင်းတရားကြီး၏ သာသနာပြုဌာနတို့တွင်

လည်း သုဝဏ္ဏဘူမိ (မြန်မာ-ယိုးဒယား)၊ သီဟဠဒီပ သီဟိုဠ်ကျွန်းတို့၌သာ ၎င်းသာသနာ-တော် ထင်ရှားစွာတည်ထွန်းကြောင်း နောက်ကရေးသားခဲ့ပြီးဖြစ်သော သာသနာခေတ်များဖြင့် ထင်ရှားသိသာလောက်ပေပြီ။

၎င်းပြင်အများအပြား လိုက်နာကိုးစားကြသော မဟာသံဃိက မဟာယာနဂိုဏ်းအယူဝါဒများသည်ကား အလွန်ကျယ်ဝန်းပြန့်ပြောစွာ တရုတ်ပြည်ထောင်စုကြီးနှင့် အနီးအနား ကိုရီးယား, တိဗက်-စသော တိုင်းနိုင်ငံများသို့ အနှံ့အပြားတည်ထွန်းလျက်နေသော အချိန်အခါ ဖြစ်သည့်အပြင် အိန္ဒိယအလယ်ပိုင်းတိုင်းနိုင်ငံများနှင့် အနောက်မြောက်ပိုင်းတိုင်းနိုင်ငံများ၌လည်း ထွန်းကားနေ၍ ထို ၁၀၀၀-ကျော်သာသနာခေတ်ကြီးမှာ အများဂိုဏ်းသာသနာက သာလွန်ကျယ်ပြန့် ထွန်းကားလျက်ရှိခဲ့လေသည်။

ထိုမှတပါး အနောက်မြောက်တိုင်း သာသနာပြုဌာန အပါအဝင်ဖြစ်သော **ယောနက, ကမ္ဘောဇ**တိုင်း သာသနာတော်ကား ပထမသာသနာပြု မထေရ်များမှ ဆင်းသက်သော မထေရ်များ မည်မျှရှည်ကြာအောင် ထွန်းကားကြောင်း မှတ်တမ်းအခိုင်အမာ မရှိသော်လည်း ၎င်းတို့ အနွယ်အဆက်ဖြစ်နိုင်သော သမဏအယောင်ဖြစ်၍ **ဆရမဏ**-သို့မဟုတ် **သမန**-ဟုခေါ်တွင်သော ရဟန်းများ သာသနာတော် ၅၀၀-ကျော်ခေတ်တိုင်အောင် ရှိနေသဖြင့် ၎င်းတို့အမည်မှာ ထေရဝါဒဖြစ်သည်နှင့်အညီ **ထေရပိယုတ**မည်သော အရှင်နှင့် **ဣသိနိသ** မည်သော အရှင် ၂-ပါးတို့သည် **အလသန္ဒ(အယ်လက်ဇန္ဒာ)**နယ်နှင့် **ပါလစ္စတိန (ပါလစ္စတိုင်)**နယ်များ၌ ဗုဒ္ဓဘာသာတရားတော်များ ဟောကြားလျက် သာသနာပြုနေကြရာ ၎င်းတိုင်းနိုင်ငံရှိ **ဂျူး**ဘာသာ သို့မဟုတ် ယဟူဒီဘာသာနှင့်လည်း မဆန့်ကျင်စေဘဲ သုစရိုက်တရားနှင့် ကိုယ်ကျင့်တရားများ ဟောကြားကာ ဗုဒ္ဓဘာသာ သရဏဂုဏ်တည်စေပြီး ဘိသိက်ရေစင်ဖြင့် ဒေသဘာသာ ထုံးတမ်းလိုက်ရောကာ ဗုဒ္ဓဘာသာသို့ ဝင်စေကုန်၏။

## သာသနာ ၅၇၄-မှာ ဂျီဆပ်စ်ခရစ်တော်ထွန်းကားခြင်း

ထိုသို့ ထိုအရှင်များ ထိုနယ်များတွင် ဟောပြောနေခိုက် သာသနာ ၅၄၄-ခုနှစ်တွင် ဇေရုသလင်(ဂျေရုဆလင်မြို့နယ်၊ ဂါလိလဲင်ရွာ၌ ဂျီဆပ်ဒ်-ဂျီဆပ်စ်) ခရစ်တော်လောင်းဖွားမြင်၍ ၎င်း၏အသက် ၃၀-မှာ အရက်-၄၀ တောထွက်တရားအားထုတ်ကာ ပထမကဏ္ဍရေးသားခဲ့သည့်အတိုင်း လူအပေါင်းတို့အား တရားဟောပြ ၎င်းအယူဝါဒ ဖြန့်ဖြူးနေခဲ့ရာ ၎င်း၏ဟောပြောချက်အချို့ ကိုယ်ကျင့်တရားများကား များသောအားဖြင့် ဂျွန် အဘိသေက (ဂျွန် ဘပ္ပတစ်ဇ်မ်)နှင့် နှီးနှောလျက် ၎င်းနှင့်တွေ့ဆုံကာ အဘိသေကမင်္ဂလာယူပြီးနောက် ၎င်းထံမှရှိသော ဗုဒ္ဓဘာသာတရားများသာ ဖြစ်ကြောင်းမှတ်ယူကုန်၏။

ထိုဂျွန် အဘိသေကသည် ဂျီဆပ်စ်မဖွားမြင်မီ ဂျေရုဆလင်မှာ ၆-လကပင် ဖွားမြင်ခဲ့၍ ၎င်းလည်း အချိန်အရွယ်ရောက်၍ တောထွက်ရဟန်းပြုကာ အရှင်ဣသိနိသ အထံမှ အဘိသေကမင်္ဂလာနှင့် ဗုဒ္ဓဘာသာတရားတော်တို့ကို သင်ယူပြီးလျှင် ၎င်း**ဂျီဆပ်စ်**၏ ရှေးဦးကပင် ထိုနယ်ပယ်များ၌ ၎င်း၏ဝါဒဟောပြောနေနှင့်ကြောင်း ဂျီဆပ်စ်လည်း ၎င်း၏ သတင်းကျော်ကြားခြင်းဖြင့် ဂျော်ဒန်မြစ်၏အနီး **နဇရပ်အရပ်**ဒေသ၌ ၎င်းနှင့်တွေ့ဆုံကာ အဘိသေကရေးဖြန်း မင်္ဂလာယူကြောင်း၊ ၎င်းတို့၏ခရစ်ယာန်ကျမ်းစာ၌ ထင်ရှားစွာဆိုသဖြင့် ရှေးဟောင်းမှတ်တမ်းများအရ ၎င်းတရားတို့မှာ ဣသိနိသတရား (**အက်ဆက်နိုဇမ်**) များ ဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

ဤသို့အားဖြင့် မြတ်စွာဘုရားအဆုံးအမ ဗုဒ္ဓတရားတော်သည် အနောက်တိုင်း ယောနကလောက၌ ပျံ့နှံ့တည်ရှိနေခဲ့ရာ ၎င်းအဆက်အနွယ်များ ပြောင်းလဲသွား၍ ခရစ်ယာန်တရားတွင် အချို့ပါဝင်သော်လည်း ၎င်းမှာ များသောအားဖြင့် အိန္ဒိယတိုင်းနိုင်ငံများ ဘက်သို့ မဆင်းသက်ဘဲ ဥရောပတိုင်းဘက်သို့ နောက်တစ်ခါ ထွန်းကားခဲ့ကြောင်း၊ သို့ဖြစ်၍ တရုတ်ရဟန်းတော် အရှင်ဖါဟိုင်နှင့် အရှင်ဟုင်သျှင်တို့ လာရောက်ကြသောအခါ **ကာဗုလ် အာဖဂန်**စသော ယောနတိုင်းသားများနှင့် ဆက်စပ်နေသော တိုင်းနယ်များမှာ ဗုဒ္ဓတရားတော်ထွန်းလင်းလျက် ရှိနေသေးကြောင်း၊ ကာဗုလ်မှမျာစွာသော ဘုန်းကြီးကျောင်းများ တွေ့မြင်ခဲ့ရသေးကြောင်း ရေးသားသည်ကို ထောက်ဆ၍ သိမှတ်အပ်ကုန်၏။

ဤသို့ ဗုဒ္ဓနိုင်ငံတော်သည် အနောက်မြောက်ပိုင်း တစ်စိတ်တစ်ဒေသမှာ တစ်ဘာသာ ဖြစ်သွားသော်လည်း များသောအားဖြင့် အနီးအနားတိုင်းနိုင်ငံများမှာ သာသနာတော်အနှစ် ၁၀၀၀-ကျော် တည်ထွန်းနေသေးကြောင်း ဆိုခဲ့ပြီးသော တရုတ်ရဟန်းတော်များ၏ မှတ်တမ်းတော်တို့ကို ထောက်ဆသိအပ်သည့်အပြင် ၎င်းမှာထေရဝါဒကား ကနိသကမင်းတရားကြီး သံဂါယနာတင်ပြီးနောက် မဟာယာနသို့ ပြောင်းလဲသွားကြောင်း၊ သို့ဖြစ်၍ တရုတ်ရဟန်းတော်တို့ တွေ့ရှိသောအခါမှာ မဟာယာနသာဖြစ်ကြောင်း၊ ၎င်းမှတရုတ်ပြည်ကြီးသို့ဆောင်ယူသွားခဲ့သော သုတ္တန်ကျမ်းဂန်များလည်း ၎င်းသာသနိကကျမ်းများသာဖြစ်ကြောင်း၊ ၎င်းတိုင်း၌အခြားဘာသာများ အခြေတည် မရောက်သေးကြောင်း မှတ်သားအပ်ကုန်၏။

## ခရစ်နှစ် ၆၂၂-ခု၊ သာသနာ ၁၁၆၆-မှာ မဟာမက်ထွန်းကားခြင်း

ထိုခရစ်ယာန်ဘာသာကြီး ပေါ်လာပြီးနောက် ၎င်းတို့သာသနာ ဥရောပ၌ ထွန်းကားနေသောအခါ အာရပ်လူမျိုးတို့နေထိုင်ရာ **အာရဗီတိုင်းနိုင်ငံ**၊ မြို့တော် **မက္ကာမြို့ကြီး** ၌ ခရစ် ၆၂၂-ခု၊ သာသနာနှစ် ၁၁၆၆-ခုနှစ်တွင်စ၍ ဟဇရီ-နှစ်ဟု ရေတွက်လာခဲ့သော

ခုနှစ်မှာ ဘာသာတစ်ခုဖြစ်ပွား၍ ၎င်းဘာသာလည်း ကမ္ဘာတွင် ထင်ရှားသော ဘာသာကြီး တစ်ခု ဖြစ်သည့်အတိုင်း တိုင်းနိုင်ငံများစွာသို့ ဖြန့်ဖြူးကာ ကျယ်ပြန့်သောဘာသာကြီးဖြစ်လာ ခဲ့လေသည်။

၎င်းဘာသာကြီးကို တည်ထောင်သူကား **မဟာမက်**အမည်ရှိသော ၎င်းတို့ အလေး အမြတ်ပြုခေါ်သော ပရောဖက်ဆရာကြီးဖြစ်၍ ၎င်းပထမကဏ္ဍက ရေးပြခဲ့အတိုင်း ၎င်း သည်ခရစ်ယာန်နှစ် ၅၇၀-မှာ ဖွားမြင်ကာ ၎င်း၏အသက်၄၀-မှာ **ဟီရာ**မည်သော တောင်လိုဏ်ဂူတစ်ခုတွင် သွားရောက်နေလေ့ရှိရာ အလ္လာအရှင်ထံမှ ကောင်းကင်တမန် တော်များရောက်လာပြီး တရားသင်ပြအမိန့်ပေးကာ တရားတို့ကို ဟောပြစေကြောင်း၊ ထိုသို့ ဟောပြရာ ရုပ်ထုကိုးကွယ်နေသူတို့အား ဆန့်ကျင်စေ၍ များသောအားဖြင့် ၎င်းတို့ အထွဋ်အမြတ်ထားသော **ကအဗာ**ကျောင်းတော်ကြီးမှာလည်း ရုပ်ထုများစွာရှိ၍ မနှစ်သက် ကြသောကြောင့် အသက်၏အန္တရာယ်ကိုပင် စိုးရိမ်လာရသောအခါ ၎င်း၏အသက် ၅၂- နှစ်၊ ခရစ်သက္ကရာဇ် ၆၂၂-ခုနှစ်မှာ မဒိနာမြို့သို့ ထွက်သွားရ၍ ၎င်း၌ကား ၎င်း၏ ဟောပြောချက်များ နာယူသူရှိကြသဖြင့် ၎င်း၏ဝါဒ အခြေစိုက်ခဲ့လေသည်။

၎င်းမဟာမက်၏ ဟောပြောချက်များမှာမူကား ရှေးရဟူဒီလူမျိုးများ၏ ကျမ်း ဟောင်းများ, ၎င်း၌လာသော **အဒမ်, ဧဝ**မှ ဆင်းသက်သော အကြောင်းအရာများဖြစ်ကြ၍ ၎င်း၌ကွဲလွဲအချို့ အပိုဒ်များရှိရာ ၎င်းတို့နှင့်ဆန့်ကျင်သော အယူများ ဟောကြားရာ အစ၌ လူအပေါင်းတို့ မလိုက်နာသော်လည်း နောက်အခါ၌ ၎င်းအားလုံးသော နယ်များအပြင် အနီးအနား တိုင်းနိုင်ငံများသို့လည်း ပျံ့နှံ့ကာ ၎င်းဘာသာကို ကြီးစိုးသော **ခလီဖတ်** မင်းမျိုး တို့လည်း တန်ခိုးကြီးလာ၍ ရှေးက ဗုဒ္ဓနိုင်ငံတော်ဖြစ်ဖူးသော ကာဗုလ်, အာဖဂန်စသော နယ်များသို့ နောက်လက်ထက်ခေတ်များ၌ လွှမ်းမိုးလာခဲ့လေသည်။

ဤသို့ ၎င်းဘာသာကြီး ထွန်းကားလာသဖြင့် ၎င်းနယ်များ၌ရှိရင်း ဗုဒ္ဓဘာသာကား တဖြေးဖြေး နိမ့်ကျလာရာ ၎င်းနယ်သို့ မဟာမက်ဆက်ခံသော **ခလီဖတ်မင်း**များ **ဟေဇရတ်** နယ်တွင် ခိုင်မြဲအောင် အားထုတ်ပြီးနောက် ၎င်းမှတစတစ ရောက်လာကြ၍ ၎င်းတို့ဝါဒ အထူးအားထုတ်သည့်အတိုင်း ၎င်းတို့၏အချို့မှတ်တမ်းများအရ **ဟဇရီ**နှစ် ၂၀၀-ကျော် သာသနာတော် ၁၃၀၀-ကျော်တွင် မဟာမက်ဘင်ကာဇင်လက်ထက် အနောက်မြောက်ပိုင်း တိုင်းနိုင်ငံတို့၌ ၎င်းဘာသာကြီး အခြေစိုက်ခဲ့လေသည်။

ဤသို့ ဗုဒ္ဓဘာသာနိုင်ငံတော်ကြီး ၎င်းနယ်၌တိမ်းယိမ်း လှုပ်ရှားအားနည်းလာ၍ အိန္ဒိယနိုင်ငံကြီးဘက်သို့ ဆုတ်ခွါလာရသော ခေတ်ဆိုးကြီးနှင့် ရင်ဆိုင်လာရာ ၎င်းအချိန် အခါမှာပင် ပထမတည်ထွန်းရာ မဇ္ဈိမဗုဒ္ဓနိုင်ငံတော်ကြီးမှာလည်း ဗြာဟ္မဏအယူ, ဝေဒန္တ

အယူဝါဒ အယူသည်းကြသော ဝါဒတော်မြတ်ကို တိုက်ဖျက်ကြသည့် ဗြာဟ္မဏဆရာကြီးများ လှုပ်ရှားလာကြလာတွင်-

## ၎င်း ၁၃၀၀-ကျော် ကုမာရိလဘတ္တ-သင်္ကရာစရိယတို့ သာသနာတိုက်ခိုက်ခြင်း

**ကုမာရိလဘတ္တ**မည်သော ဆရာကြီးသည် ၎င်း၏ဖွားရာဇာတိဖြစ်သော **ဝိဟာရ**-သို့မဟုတ် **ဗိဟာနယ်**၌ ဝေဒန္တအယူဝါဒဖြင့် ဗုဒ္ဓဝါဒကို တိုက်ခိုက်လျက် ဟောပြောကာ ၎င်းဗုဒ္ဓနိုင်ငံတော်ကြီးကို တိုက်ခိုက်တွန်းလှန်စပြုလာသည့်အပြင် အနောက်ဘက် အပရန္တတိုင်းနိုင်ငံဖြစ်သော မလဗာနယ်တွင် ဖွားမြင်သော **သင်္ကရာစရိယ**မည်သော ဗြာဟ္မဏ ဆရာကြီးသည်လည်း ၎င်း၏အသက် ၃၂-နှစ်၊ သာသနာ ၁၃၅၄-ခုနှစ်အစပြု၍ အဒွိတ္တ-ဝေဒန္တ အယူဝါဒများကို ဟောပြလျက် ၎င်းအပရန္တတိုင်းနိုင်ငံများ၌၎င်း ဒက္ခိဏာပထ တောင်ပိုင်းနိုင်ငံများ၌၎င်း ဗုဒ္ဓနိုင်ငံတော်ကြီးကို တိုက်ခိုက်သိမ်းယူလာခဲ့၍ ဟိန္ဒူအများက ၎င်းဆရာကြီးသည် ဗုဒ္ဓဘာသာတော်မြတ်ကြီးကို အိန္ဒိယနိုင်ငံမှ တွန်းလှန်ဖြိုဖျက်သဖြင့် ပျက်ဆီးသွားရကြောင်း ပြောဆိုလေ့ရှိသည့်အတိုင်း ၎င်းနယ်များ၌ ဗုဒ္ဓဘာသာအာနည်းကာ တစတစပျက်ပြားလာသဖြင့် များစွာသောတိုင်းနိုင်ငံဘုရင်များလည်း ၎င်းဗြာဟ္မဏ အယူသို့ ယိမ်းညွတ်ကြပြီးလျှင် ၎င်းဘာသာဝင်များဖြစ်ကုန်ကြ၍ ၎င်းဗုဒ္ဓနိုင်ငံတော်ကြီး ပြိုကွဲစ ပြုလာခဲ့လေသည်။

## မဂဓစသော နယ်အဝှန်း၌ သာသနာတော် ၁၅၀၀-ကျော် ဗုဒ္ဓနိုင်ငံတော်ကြီး တည်ရှိကြောင်း

ဤသို့ဆိုခဲ့ပြီးသော အနောက်တိုင်းနှင့်တောင်ပိုင်းသာသနာ့နိုင်ငံတော်ကြီးမှာ နှောက်ယှက်ဖျက်ဆီးဘေးရန်ကြီးများနှင့် တွေ့ရသည့်အပြင် အလယ်ပိုင်းတိုင်းနိုင်ငံတို့မှာလည်း အချို့ဗြာဟ္မဏဘာသာဝင်များ လှုပ်ရှားထကြွကာ သာသနာတော်ကြီးကို တိုက်ခိုက်ကြပြုလာကြရာ ထိုတိုင်းနိုင်ငံများ၌ကား သာသနာပြုမင်းများ ထင်ရှားရှိသေး၍ အချို့မင်းများမူ ဗုဒ္ဓတရားတော်ကို ပူဇော်ကိုင်းရှိုင်းခြင်းမရှိဘဲ ဗြာဟ္မဏဘာသာကိုသာ ထောက်ပံ့အားပေးကြကာ သာသနာတော် ၁၄၀၀-ကျော် ၅၀၀-အတွင်းမှာ ဗုဒ္ဓနိုင်ငံတော်ကြီးကား ကွက်ကြား ဖြစ်ခဲ့လေသည်။

ထိုဆိုခဲ့သောခေတ်အတွင်း အချို့မင်းများမှာ သာသနာတော်ကို လေးစား၍ ရဟန်းမထေရ်ကြီးများ သာသနာ့ဝန်ကို အားသွန်ဆောင်ရွက်လျက်ပင်ရှိကြသေး၍ တိဗက်စသော နိုင်ငံခြားတိုင်းပြည်များသို့ သာသနာပြု သွားရောက်ပြုကြသောခေတ် ရှိသေးကြောင်း ၎င်းတိဗက်မှတ်တမ်းများ ထောက်ထားသောအားဖြင့် ထင်ရှားကုန်၏။

ဎင်းပြင် ထိုခေတ်မှနောက် သာသနာတော် ၁၅၀၀-ကျော်အောင်ပင် သာသနာ့အစဉ်အဆက် မပျက်မစီးရှိသေးကြောင်း **အရှင်ဒီပင်္ကရ သီရိညာဏ**၏ အတ္ထုပ္ပတ္တိနှင့် တိဗက်ဘုရင်များ အတ္ထုပ္ပတ္တိများကို ထောက်ထားသောအားဖြင့် ကောင်းစွာသိနိုင်သည့်အပြင် ထိုစဉ်အခါက မြန်မာနိုင်ငံတော်အောက်ပိုင်း ရာမညတိုင်းများ၌လည်း သာသနာတော်ထွန်းကားလျက် ပရိယတ္တိဂုဏ်များဖြင့် တိုင်းတစ်ပါးသို့တိုင်အောင် ကျော်ကြားသော မထေရ်ကြီးများ ထင်ရှားရှိနေကြောင်း ဎင်းအတ္ထုပ္ပတ္တိ ထောက်ထား၍ ထင်ရှား၏။

## အရှင်ဒီပင်္ကရ သီရိညာဏအကြောင်း

ထိုအရှင်ဒီပင်္ကရသီရိညာဏသည် ဝင်္ဂတိုင်းနှင့်မဂဓတိုင်းအားလုံး တန်ခိုးအာဏာလွှမ်းမိုးခဲ့သော **ပါလမင်းမျိုး**များ အုပ်စိုးခိုက်ဖြစ်၍ ဝင်္ဂတိုင်း **ဝိက္ကမနိပူရ်**မှာ သာသနာတော် ၁၅၂၄-ခုနှစ်၌ ဂေါရ်မင်းမျိုးအနွယ်ဖြစ်သော **ကလျာဏသီရိ**အမည်ရှိသော ခမည်းတော်နှင့် **ပဘာဝတီ**အမည်ရှိသော မိခင်တို့မှဖွားမြင်သည့် ငယ်စဉ်ကစန္ဒဂဗ္ဘမည်တွင်သော ဎင်းမထေရ်လောင်းသည် **ဇေတာရိ**မည်သောဆရာကြီးထံ အရပ်ရပ်သော ငယ်ရွယ်သူတို့ တတ်အပ်သောပညာရပ်များ သင်ကြားတတ်မြောက်ပြီးနောက် အရွယ်ရောက်သောအခါ သာသနာတော်သို့ ဝင်ပြီးလျှင် ထေရဝါဒဂိုဏ်း ပိဋကတ်များကိုဎင်း, မဟာယာနဂိုဏ်း ပိဋကတ်များကိုဎင်း, မဇ္ဈိမိကအယူဝါဒနှင့် ယောဂါစာရအယူဝါဒဆိုင်ရာ ကျမ်းဂန်များကိုဎင်း, ၄-ပါးသော တန္တြအယူဝါဒများကိုဎင်း တတ်မြောက်သင်ကြားပြီး၍ **ကဏှဂိရိ**မည်သော ကျောင်းတိုက်ကြီး၌ အရှင်ရာဟုလဂုတ္တမထေရ်မြတ်ထံ ကမ္မဋ္ဌာန်းတရားများ လေ့ကျင့်အားထုတ်ရာ ဎင်းဆရာတော်က ဎင်းအား ဂုယှညာဏဝဇိရ-ဟုအမည်ပေးအပ်ခဲ့လေသည်။

အသက် ၁၉-နှစ်ပြည့်သောအခါ **ဩဒန္တပုရိ**မည်သော အာရာမ်ကျောင်းကြီး၌ **အရှင်သီလရက္ခိတ**အမည်ရှိသော မဟာသံဃိကဆရာမြတ်ထံတွင် ရဟန်းသိက္ခာတင်ပြီးလျှင် **အရှင်ဒီပင်္ကရသီရိညာဏ**ဟုဘွဲ့မည်ပေး၍ ထိုစဉ်မှစပြီး မဂဓတိုင်းကြီးမှာ အထူးကျော်ကြား-လျက် ထိုထိုအရပ်များ၌သီတင်းသုံးကာ ပညာသုတရှာဖွေခဲ့ရာ-

သုဝဏ္ဏဘူမိတိုင်း၊ သုဓမ္မပူရမြို့တော်၌ ကျော်ကြားသော အရှင်**အာစရိယစန္ဒကိတ္တိ**မထေရ်မြတ်၏ အကြောင်းကြားရ(*သဖြင့်*) ဎင်းတိုင်းတပါးသို့ သွားလိုသောဆန္ဒ ရှိသည်အားလျော်စွာ သိက္ခာတော် ၁-ဝါ၌ ဎင်းတိုင်းသို့ သွားရောက်ကြသော ကုန်သည်များနှင့်အတူ ကြွတော်မူပြီး မထေရ်မြတ်ကြီးထံရောက်၍ မြတ်စွာဘုရား ဟောကြားတော်မူရင်းဖြစ်သော ထေရဝါဒပိဋကတ်ကျမ်းဂန်များ သင်ကြားအားထုတ်ဆည်းပူးခဲ့လေသည်။

ထိုစဉ်အခါက ၎င်းတိုင်းပြည်ကြီး၌ သာသနာတော် အလွန်စည်ပင်ထွန်းကားသော ခေတ်အခါဖြစ်၍ အသောကမင်းတရားကြီးနှင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်တို့ပြုအပ်သော သာသနာတော်အဆက် အရှင်သောဏ, အရှင်ဥတ္တရမထေရ်တို့၏ အနွယ်ဝံသမှ ဆင်းသက်လာခဲ့သော သာသနာတော်ဖြစ်၍ ၎င်းအရှင်ဒီပင်္ကရ ရောက်သော အခါမှာ ထင်ရှားကျော်စောသော အရှင်စန္ဒကိတ္တိမထေရ်မြတ်ဖြစ်၍ ၎င်းအရှင်ကား ၎င်းမထေရ်အစဉ်အဆက် အရှင်သောဏမထေရ်မှစ၍ အရှင်အရဟံသို့တိုင်အောင် တစ်ဆယ့်တစ်ဆက်တို့တွင် ၉-ဆက်မြောက် **အရှင်ဗျာနဒဿီ**မထေရ်နှင့် ညီမျှသော ခေတ်တွင် ဖြစ်မည်ဟု သာသနာတော်နှစ်နှင့် နှိုင်းစာထောက်ထား မှတ်သားအပ်၏။

ထိုစဉ်က အရှင်သောဏမထေရ်မှ အရှင်အရဟံတိုင်အောင် မထေရ်များမှာ ရဟန္တာမထေရ်များဖြစ်သည်ဟု အစဉ်အဆက်မှတ်သားခဲ့၍၎င်းမထေရ်များအစဉ်တွင် အရှင်စန္ဒကိတ္တိမထေရ် မပါဝင်သော်လည်း ၎င်းအရှင်သည် ပညာသုတပိဋကတ်ကျမ်းဂန် ထက်သန်သော ဉာဏ်ပဋိဘာန်တို့မှာ အရှေ့တိုင်းနိုင်ငံတို့တွင် အထူးထင်ရှား၍ မဂဓတိုင်းများ၌ပင် ၎င်း၏ ဂုဏ်သတင်းများ ကျော်ကြားခြင်းရှိသဖြင့် ၎င်းမှတ်တမ်းများတွင် ထင်ရှားသော ၎င်းအချိန်အခါကို ထောက်ဆသဖြင့်လည်း သုဝဏ္ဏဘူမိတိုင်း၊ သုဓမ္မပူရပြည်တော် သာသနာတော် ထွန်းကား၍ ထေရဝါဒဂိုဏ်းကြီးပွားစီးလျက်ရှိကြောင်းများလည်း မှတ်သားအပ်၏။

၎င်း၌ အရှင် ဒီပင်္ကရသီရိဉာဏသည် ပိဋကတ်ဂန်များ ပြည့်စုံသည်ထက်ပြည့်စုံစေရန် ၁၂-နှစ်မျှ နေထိုင်ပြီးလျှင် မဂဓတိုင်း ဗောဓိပင်၏အနီး ကျောင်းတိုက်ကြီးတွင် သီတင်း-သုံးလျက် ထိုစဉ်ကထင်ရှားသော အရှင်သန္တမထေရ်, အရှင်နရောပန္တမထေရ်, အရှင်ကုသလမထေရ်, အရှင်ဘဝဇုတိမထေရ်, အရှင်တောမ္ဘမထေရ်-စသော ပညာရှိမထေရ်များနှင့်လည်း တွေ့ဆုံနှီးနှောကာနေစဉ် အခြားပြာဟ္မဏ အယူဝါဒများနှင့်စပ်လျဉ်း၍ ၃-ကြိမ်တိုင်အောင် အစည်းအဝေး အကြီးအကျယ်ပြုလုပ်ကာ ဘာသာဝါဒ ဆွေးနွေးပွဲကြီး ဖြစ်ပွားခဲ့ရာ အစည်းအဝေးတိုင်းမှာပင် အခြားဘာသာဝါဒများ*(ကို)* တွန်းလှန်ဖြိုဖျက်ကာ ဗုဒ္ဓ-ဘာသာတော်ကြီးကို အထူးသစ်လွင် တောက်ပစေခဲ့လေသည်။

ဤသို့ ဂုဏ်အရည်းအချင်းနှင့်ပြည့်စုံတော်မူသည့် အရှင်မြတ်အား ၎င်းတိုင်းနိုင်ငံ အရှင်ဘုရင်မင်းမြတ် **နျာယပါလ**သည် ၎င်း ၂-တိုင်းကို အုပ်ချုပ်စိုးစံ ပါလနိုင်ငံတည်ထောင်သော **မဟီပါလ**မင်းကြီး၏ အရိုက်အရာကိုဆက်ခံ၍ သာသနာပြုမင်းတစ်ပါး ဖြစ်သည်နှင့် အညီ နေပြည်တော်၌ ဝိက္ကမသီလာမည်သော ကျောင်းတိုက်ကြီး၏ အမှူးနာယက ပါမောက္ခချုပ်အဖြစ်ဖြင့် တင်မြှောက်ကိုးကွယ်တော်မူပြီးလျှင် ထိုအရှင်မြတ်နှင့်အတူ သာသနာပြုစုကာ ၎င်း၏လက်ထက် သာသနာအပြင်ပ အယူဝါဒရှိသော **ကန္နောဇ**မင်းနှင့် စစ်ဖြစ်ပွားလျှင်

ထိုအရှင်သည်ပင် စစ်ပြေငြိမ်းအောင်ပြုလုပ်လျက် မဟာမိတ်စာချုပ်ပြုလုပ်ကာ ၎င်း ၂-နိုင်ငံအား မထေရ်မြတ်သည် ဩဝါဒပေး၍ ပြေအေးစွာ နေထိုင်စေခဲ့ကြလေသည်။

## ထိုကာလက တိဗက်မင်းများ သာသနာပြုစုကြကြောင်း

ထိုသို့ မဂဓနိုင်ငံ၌ ပါလနိုင်ငံတော်တည်ထောင်ကာ သာသနာပြုစု ထွန်းလင်းတောက်ပချိန်မှာ တိဗက်နိုင်ငံ၌လည်း ဗုဒ္ဓနိုင်ငံတော်ကြီး၏ ပွားစီးကြောင်းများ အားထုတ်နေသောခေတ် ဖြစ်သည်နှင့်အညီ **လာတ်လာမမင်းတရားသည်** ပူရန်-အရပ်၌ အလွန်မြင့်မားသောနေရာအပြင်မှာ အကြီးကျယ်ဆုံးသော ကျောင်းတိုက်ကြီးကို ဆောက်လုပ်ပြီးလျှင် သန့်ရှင်းစင်ကြယ်သော ဗုဒ္ဓတရားတော်အရ သန့်စင်သောသာသနာပြုမင်း ဖြစ်လိုသောကြောင့် လက်ရွေးစင် သူငယ် ၂-ယောက်, ၁၀-နှစ်ရွယ်လောက်ချည်း ရွေးချယ်ကာ ပညာသင်ကြား အားထုတ်စေပြီး ထိုနည်းတူ ထပ်မံရှာဖွေပြီးနောက် ၂၁-ယောက်တို့အား မိဘများခွင့်ပြုချက်အရ သာမဏေအဖြစ်မှ ရဟန်းအဖြစ်သို့ တက်ရောက်စေပြီး တိုင်းနိုင်ငံအသီးသီးတို့သို့ သာသနာတော်နှင့်စပ်သော ပညာအရပ်ရပ်တို့ကို သင်ကြားဆည်းပူးရန် စေလွှတ်တော်မူခဲ့လေသည်။

ထိုသို့ စေလွှတ်ရာ၌ ကသ္မီရတိုင်းနှင့် မဂဓတိုင်းတို့တွင် ထင်ရှားကျော်ကြားသော ဆရာကြီးများထံရောက်ကြ၍ ထိုဆရာကြီးများကိုလည်း တိဗက်သို့ သာသနာပြုဖိတ်မံရာ ထိုအခါ၌ ကသ္မီရတိုင်းမှာ ထင်ရှားသော အရှင်**အနန္တဂဗ္ဘမထေရ်**နှင့် အရှင်ရတနဝဇီရမထေရ်များသည် ထင်ရှားသော ၁၃-ပါးသော သာသနာပြုအဖွဲ့ရွေးချယ်၍ တိဗက်ပညာတော်သင် ရဟန်းအဖွဲ့နှင့် စေလွှတ်ရာ တိဗက်ပညာတော်သင်အဖွဲ့ တွင် လိချင်ဇန်ပို-မည်သော ရဟန်းတစ်ပါးနှင့် **လေဂ်ပတိဆေရတ်**မည်သော ရဟန်းတစ်ပါး ဤ ၂-ပါးသာ ဘေးရန်ကင်းစွာရောက်ကြ၍ ကျန် ၁၉-ပါးတို့မှာ ဥတုရာသီပူပြင်းသောကြောင့်၎င်း, ရောဂါဖိစီးမှုဖြင့်၎င်း, လမ်းခရီးတွင် မြွေဆိုးများကိုက်ခဲသဖြင့်၎င်း ပျက်စီးကွယ်ကြလေသည်။

၎င်းတိဗက်သို့ ပြန်ရောက်ကြသော အရှင် ၂-ပါးတို့သည် ၎င်းတို့တွေ့ကြုံလာခဲ့ရသော ခရီးစဉ်များနှင့် မဂဓတိုင်း ဝိက္ကမသီလာကျောင်းတိုက်ကြီးအကြောင်း, အရှင် **ဒီပင်္ကရသီရိဉာဏ**အကြောင်း ဘုရင်မင်းမြတ် လာတ်လာမအားပြောကြားလျှင် ထိုအရှင်ကို ဖူးမြင်လိုသော ဆန္ဒရှိသည်အားလျော်စွာ **ဂယာဆွန်ဂရုဆောင်ဂီ**အမည်ရှိသော တိဗက်ပညာရှိအား နောက်လိုက်အဖော် ၁၀၀-အပြင် အဖွဲ့ကြီးများမှာ များစွာသော ခက်ခဲကျဉ်းမြောင်းသည့် ခရီးခဲကြီးရင်ဆိုင်တွေ့ရှိ လွန်မြောက်ပြီးလျှင် မဂဓတိုင်း ဝိက္ကမသီလာကျောင်းတိုက်တော်ကြီးရောက်ရှိကာ အရှင်**ဒီပင်္ကရသီရိဉာဏ**နှင့် ဝမ်းမြောက်ဖွယ်စကား ပြောကြားဆွေးနွေးရလေသည်။

ဤသို့ အလ္လာပစကား ပြောကြားပြီးနောက် အဖွဲ့ခေါင်းဆောင် ပညာရှိကြီးသည် ဘုရင်မင်းမြတ် ပေးအပ်လိုက်သော သဝဏ်လွှာနှင့်တကွ မြောက်များလှစွာသော ရွှေတုံးများ မထေရ်မြတ်ရှေ့တွင် ပဏ္ဏာအဖြစ်ထားရှိကာ "အရှင်မြတ်အား ဘုရင်မင်းတရားသည် အလွန်တရာဖူးမြင်လိုသော ဆန္ဒပြင်းပြလျက် ဤမျှခဲခက်သော ခရီးခဲကြီးကို ပမာဏမထားဘဲ လွှတ်လိုက်တော်မူပါကြောင်း" လျှောက်ထားသောအခါ ရွှေ ငွေအတွက် ငဲ့ကွက်သည်ဟု စွပ်စွဲဖွယ်ရှိသည့်အပြင် ဤဝိက္ကမသီလာ ကျောင်းတိုက်ကြီး၏ ကြီးပွားခြင်းကို ဖျက်ဆီးရာ ရောက်မည်ဖြစ်သောကြောင့် ၎င်းရွှေလက်ဆောင်ပဏ္ဏာတို့ကို ပယ်ပြီးလျှင် စကားပြေငြိမ်းအောင်သာ မိန့်ကြားတော်မူလေသည်။

ထိုအခါ ဂယာဆွန်သည် ပြင်းပြစွာ ငိုကြွေးပြီးလျှင် "အရှင်မြတ်တည်းဟူသော အကြောင်းကြောင့် ဘုရင်မြတ်သည် များစွာသော အသက်များကို စွန့်လွှတ်စေပြီး ဤအဖွဲ့ကြီးစေလွှတ်ရာပါကြောင်း, ဘုရင်မြတ်ထံ ၎င်းအကြောင်းပြန်ကြားလျှင် မင်းတရားလည်း အလွန်ကြေကွဲဝမ်းနည်းသော်မူမည်ဖြစ်ကြောင်း, ၎င်းပြင် ကျွန်ုပ်တို့ကြိုးစားမှုမှာလည်း အချည်းနှီးသာ ဖြစ်ပါတော့မည်အကြောင်းများ" လျှောက်ထားပြီးလျှင် လက်ဆောင်တော်များကို ပြန်ယူပြီးကာ များစွာမသက်သာသောနှလုံးဖြင့် တိဗက်ပြည်သို့ ပြန်လည်ရောက်ရှိကြပြီး ဘုရင်မင်းမြတ်ထံရောက်ရှိကာ ဖြစ်ခဲ့သမျှသော အကြောင်းအရာများကို တင်လျှောက်လျှင် မင်းတရားကြီးသည် အလွန်ဝမ်းနည်းကျေကွဲတော်မူရှာခဲ့လေသည်။

## ၎င်းလာတ်လာမမင်း သာသနာအတွက် အသက်စွန့်လွှတ်ခြင်း

ထိုလာမဘုရင်မင်းမြတ်သည် သာသနာ့အကျိုး သည်းပိုးဆောင်ရွက်တော်မူလိုသော ဆန္ဒဖြင့် နိုင်ငံတော်အဝှမ်းမှာ ရတနာတွင်းများ စုံစမ်းစေရာ နေပါလနိုင်ငံ နယ်စပ်နယ်ခြား၌ ရွှေတွင်းရှိကြောင်း ကြားသိရတော်မူသည့်အတွက် ကိုယ်တိုင်တော်သိရန် အနည်းငယ်မျှသော စစ်သည်တော်များနှင့် နယ်ခြားသို့ ထွက်ခွါသွားခဲ့ရာ ဂူရပါလနိုင်ငံရှင် ဘုရင်မင်းသည် သတင်းကြား၍ စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့်တကွ ရွှေတွင်းသို့ချီတက်ပြီး လာမဘုရင်အား ဖမ်းယူပြီးနောက် ၎င်းမြို့တော်တွင် ချုပ်နှောင်ထားရာ ၎င်း၏တူတော် ချန်ချုဘသည် သတင်းစကားကြားသိရသည်နှင့် များစွာအရေးပြုလျက် ၁၀၀-သော မြင်းတပ်ဖြင့် ချီတက်ပြီး ၎င်းဂရလောဂဘုရင့်ထံသို့ အနည်းငယ်သောစစ်သည်များဖြင့် စွန့်စားဝင်ရောက်ပြီး ဘုရင်နှင့်စကားဆိုရာ "ဘုရင်လာတ်လာမသည်ကား ဗြာဟ္မဏဘာသာကို စွန့်ပစ်၍ အသစ်ဖြစ်သော ဗုဒ္ဓဘာသာတရားနှင့် ဗုဒ္ဓဘာသာဝင် ပညာရှိများ အားပေးချီးမြှောက်သူဖြစ်၍ မလွှတ်နိုင်ကြောင်း" ပြန်ကြားအခြေအတင် ပြောဆိုရာတွင် နောက်ဆုံး၌

ၚင်းဘုရင်က "လာမ၏ ကိုယ်နှင့်ညီမျှသော ရွှေများနှင့် သူ၏ဩဇာခံ၍ ဗုဒ္ဓဘာသာကို မချီးမြှောက်ပါ"ဟူသော စည်းကမ်း ၂-ချက်ဖြင့် လွှတ်နိုင်ကြောင်းပြောဆိုက လာမဘုရင်မင်းမြတ်သည်ကား "ရွှေကိုအလိုရှိတိုင်းပေးနိုင်သော်လည်း အာဏာနှင့်ဘဏ္ဍာရေးကိစ္စ ပိတ်ပင်မှုကိုမူ ဘယ်နည်းနှင့်မျှ ခွင့်မပြုနိုင်ကြောင်း၊ ၚင်းအကျဉ်းတွင်ပင် မိမိအသက် စွန့်လွှတ်မည်ဖြစ်ကြောင်း" မိန့်ကြားသော်လည်း ၚင်းတူတော်က ဝတ္တရားရှိသည်အတိုင်း အမြန်ပြန်လည်ကာ ရွှေများစုဆောင်းယူခဲ့ရာ ရွှေချိန်အနည်းငယ်လိုသည်ကို ရန်သူတော်ဘုရင်က ခွင့်မပြုနိုင်သဖြင့် တူတော်သည် ထပ်ဖြည့်ရန် ဂတိပေးစကား ပြောကြားရလေသည်။

သို့ရာတွင် ဘုရင်လာမမင်းတရားကား ၚင်းစကားကို ငြင်းပယ်ကာ "မိမိကား သာသနာတော်အတွက် မိမိအသက်ဖြင့် ပူဇော်လှူဒါန်းမည်၊ ၚင်းဘုရင်မိုက်ကို ရွှေတစ်ချင် ရွေးမျှမပေးဘဲ ၚင်းအတွက်သာသနာတော်ဘက်တွင် အစဉ်ထာဝရတည်တံ့ရန် စိုက်ထူတည်ထောင်သော ကျောင်းတိုက်တော်ကြီးကိုပြုပြင်ပြီးကာ သာသနာပြု ပညာရှိ အရှင်များ ပင့်ဆောင်အားထုတ်ပြုစုရန် အထူးအားဖြင့် အရှင်ဒီပင်္ကရသီရိဉာဏအား 'ဘုရင်မင်းမြတ်သည် အရှင်မြတ်အတွက် အသက်စွန့်လွှတ်ပါပြီ- ၚင်းရွှေကိုယ်လေးဖြင့် အရှင်မြတ်အတွက် လှူဒါန်းကာ သာသနာတော်ပြုစုရန် ထားခဲ့ပါပြီ။

အရှင်ဘုရားသည် ဒါယကာတော်မင်းမြတ်၏ စေတနာ သဒ္ဓါတရားကို ထောက်ထားကာ မြတ်စွာဘုရား သာသနာတော်မြတ် ထွန်းလင်းစေရန် အရှင့်တပည့်တို့ နိုင်ငံသို့ သာသနာပြုပါမည့်အကြောင်း' နောက်ဆုံးစကား စာအားဖြင့် လျှောက်ထားခဲ့ပြီး ရန်သူလက်ထက်တွင် အသက်ကို မငဲ့ကွက်ဘဲ စွန့်လွှတ်သွားရပါကြောင်း လျှောက်ထားပါ"ဟု ပြောကြားပြီးလျှင် ၚင်း၏တူတော်ကို လွှတ်တော်မူလိုက်လေ၏။

ၚင်း၏တူတော်သည်ကား အထူးကြေကွဲ ဝမ်းနည်းစွာနှင့် ပြန်လာပြီးလျှင် တိုင်းသူပြည်သားတို့အား ပြောကြားရာ တိုင်းပြည်အားလုံးကလည်း မိမိတို့ အရှင်ဘုရင်မင်းတရားအတွက် ယူကြုံးမရ အထူးကြေကွဲဝမ်းနည်းကြကာ အလွန်ညိုးငယ်စွာ ရှိကြသည့်အပြင် ဘုရင်မင်းတရားလည်း သာသနာတော်အတွက် ရန်သူ၏လက်တွင်ပင် အကျဉ်းထောင်မှာ ဆင်းရဲစွာဖြင့် ကံတော်ကုန်ရရှာခဲ့လေသည်။

ထိုဘုရင်မင်းမြတ် ရန်သူလက်တွင် မကျရောက်မီကပင် ၚင်းပညာရှိကြီး ဂယာဆွန်ကို ထပ်မံ၍ ဘုရင်မင်းတရားသည် ပဏ္ဍာတော်ကို ငြင်းဆန်သဖြင့် အလွန်ဝမ်းနည်း ကြေကွဲတော်မူပါကြောင်း အရှင်ဒီပင်္ကရသီရိဉာဏ ကိုယ်တော်တိုင် သာသနာတော်ကို ချီးမြှောက်ပြုစုတော်မမူနိုင်လျှင် အရှင့်ကိုယ်စား လက်အောက်သာသနာတော်ကို ချီးမြှောက်နိုင်စွမ်း

သော အရှင် ၂-ပါး, ၃-ပါး သနားတော်မူသောအားဖြင့် တိဗက်ပြည်သို့ သာသနာပြုစုရန် စေလွှတ်တော်မူပါမည်အကြောင်း” လျှောက်ထားတောင်းပန် အသနားခံရန် **မဂဓတိုင်း ဝိက္ကမသီလာ** ကျောင်းတိုက်ကြီးသို့ လွှတ်တော်မူခဲ့ရာ ထိုအခါမှာကား ပညာရှိ ဂယာဆွန် သည် အနည်းငယ်ခရီးစရိတ် လုံလောက်ရုံမျှဖြစ်သော ရွှေများနှင့် အလေ့အကျင့်ပြုပြီး လမ်းစခန်း ကျွမ်းကျင်သောသူ ၅-ယောက်ကို ရွေးချယ်ပြီး ထွက်ခွါလာခဲ့ရာ **ဂွန်ထန်**အရပ်၌ နေထိုင်သော အနွယ်အားဖြင့် **နဂတ်ချို** အမည်ရှိသော ရဟန်းငယ် ၁-ပါး တွေ့ရှိသဖြင့် ၎င်းက“နောက်လိုက်အဖြစ်အားဖြင့် လိုက်ပါလိုကြောင်း” ၎င်းပညာရှိအား တောင်းပန်ရာ သူသည် ဝိက္ကမသီလာကျောင်းတိုက်မှ ပြန်လာသည်တိုင်အောင် စောင့်ဆိုင်းရန် မှာထားခဲ့၍ မဂဓတိုင်းသို့ ဆက်သွားကာ၊ ဝိက္ကမသီလာ ကျောင်းတိုက်ကြီး၌ သာသနာတော်ချီးမြှောက် နိုင်မည့် ပညာရှိများ စူးစမ်းနေခိုက် ၎င်းပညာရှိအရှင်အား စေလွှတ်တော်မူသော လာတ်လာမဘုရင်မင်းမြတ်ကြီးသည် ရန်သူလက်တွင်ပင် နတ်ရွာသို့လားတော်မူခဲ့ရရှာ လေသည်။

ထိုဘုရင်မင်းတရားကြီး နတ်ရွာစံပြီးနောက် ၎င်း၏တူတော် **ချန်ချူဘ** သည် ဦးရီး တော်၏ အရိုက်အရာကို ခံယူပြီးလျှင် **လာတ်ဆွန်ပ** ဟူသော ဘွဲ့မည်တော်ဖြင့် ထီးနန်းသိမ်း ပိုက်ပြီးနောက် နိုင်ငံတော်ရှိပညာရှိအများနှင့် မှူးမတ်အစုံအညီတို့ကို စည်းဝေးစေပြီးလျှင် “ဦးရီးတော် ဘုရင်မင်းတရားကြီး လိုလားတောင့်တ ကြောင့်ကြစိုက်ထုတ်ပြုလုပ်တော်မူသော သာသနာတော်နှင့် စပ်လျဉ်းသည့် ကိစ္စအရပ်ရပ်တို့ကို တစ်ခုမကျန် ဆက်ခံပြီးမြှောက် အောင် တည်ဆောက်အားထုတ်ကြရန် အလိုရှိကြောင်း” အမည်ပညာရှိအပေါင်းတို့နှင့် တိုင်ပင် ဆွေးနွေးပြီးကာ-

- “လွန်တော်မူရှာသော မင်းတရားကြီး အထူးလိုလားတော်မူသော အရှင် **ဒီပင်္ကရ-သီရိဉာဏ** မထေရ်မြတ်ကို တိဗက်သို့ သာသနာပြုကြွရောက် ချီးမြှောက်တော်မူရန်-
- ထိုသို့ မဖြစ်နိုင်မူကား အရှင်မြတ်နှင့် အလားတူ သာသနာတော်ကို ပြုစုတော်မူနိုင် သော အရှင်မြတ်များကို အရှင်၏ကိုယ်စား စေလွှတ်ပြုစုတော်မူရန်” ဟူ၍-

ဘုရင်မင်းတရားကြီး ကံတော်ကုန်ကာနီးတွင် ကြေကွဲဝမ်းနည်းစွာ ရေးသားတော်မူခဲ့သော စာမူနှင့်တကွ ထိုအရှင်ထံသို့ သံတမန် ထပ်မံစေလွှတ်ဖို့ အထူးဆွေးနွေးခဲ့ကြလေသည်။

ဤသို့ ဆွေးနွေးရာတွင် ဘုရင်မင်းတရားကြီး ကံတော်မကုန်မီ ကြွသွားတော်မူသော ပညာရှိကြီး **ဂယာဆွန်**ကို ပင့်ဆောင်ရန်, အရှင်**ဒီပင်္ကရ သီရိဉာဏ** မထေရ်မြတ်ကိုလည်း တနည်းနည်းဖြင့် သာသနာပြုပင့်ဆောင်ရန်, ကိစ္စများရွေး အောင်မြင်စွာဆောင်ရွက်နိုင်ရန်

သင့်တော်သော ပညာရှိများရွေးချယ်ရာ အများက **"ဝွန်ထန်၌သီတင်းသုံးနေသော နဂတ်ချို အနွယ်သျှုလခရိမ်ဂယာလွမည်သော** ရဟန်းတော်မှာ အထူးသင့်တော်ကြောင်း၊ ထိုရဟန်း-တော်မှာ အသက် ၇-ဝါမျှနှင့်ပင် ဝိနည်းကျမ်းဂန်များတတ်ကျွမ်း၍ ဝိနယဓရ-ဟူသော ဘွဲ့ထူးကို ရတော်မူသည့်အပြင် မဂဓတိုင်းစသော အလယ်ပိုင်းတိုင်းနိုင်ငံများသို့လည်း သွားရောက်တွေ့ကြုံဖူးသော ဗဟုသုတနှင့်ပြည့်စုံ၍ ၎င်း၏ဥတုရာသီနှင့် အခြေအနေများ လေ့ကျက်ပြီးဖြစ်ကြောင်း" သို့ဖြစ်၍ ၎င်းအားဆုံးဖြတ်ပြီး ဘုရင်မင်းအား ပြောကြားရာ ဘုရင်လည်း ထိုအရှင်ကို ကြွလာတော်မူရန် သံတမန်စေလွှတ်တော်မူလေသည်။

ထိုအရှင့်ထံ တမန်တော်များ အမိန့်အတိုင်းရောက်သွားကာ ထိုအရှင်လည်း မကြာမီ မဇ္ဈိမတိုင်းနိုင်ငံတို့မှ ရောက်ပြီးစအခါပင်ဖြစ်၍ ၎င်းတိုင်းနိုင်ငံမှ ၂-နှစ်မျှ ဆည်းပူးလာခဲ့သော ကျမ်းစာများကို သကတဘာသာမှ တိဗက်ဘာသာသို့ ပြန်ဆိုခဲ့သည်မှာ-

- **အရိယသစ္စဒွယကျမ်း**နှင့် ၎င်းအဖွင့်**သာရသင်္ဂဟ**-
- အရှင် **ဒီပင်္ကရ**ဖွင့်ဆိုသော**ဋီကာ**-
- အရှင်**ဘူမိဂဗ္ဘ**ရေးသော **အနုဋီကာ**ကျမ်းများအပြင်
- **ရတနမာလာ**မည်သောကျမ်း **ယောဂါစာရ** ကျမ်းများဖြစ်၍---

ဘာသာပြန်ဆိုရေးသားခဲ့သည်မှတပါး **ကုသုမပူရီ** ကျောင်းတိုက်ကြီး၌ သီတင်းသုံးနေစဉ် **ဝဇိရ ဓမ္မဂီတ**မည်သော ဂါထာများကိုလည်း ပြန်ဆိုရေးသားခဲ့သဖြင့် သကတဘာသာကျမ်းကြေတော်မူသည့်အပြင် အဘိဓမ္မာကိုလည်း သင်ယူဆဲဖြစ်၍ ဆက်လက်သင်ကြားရန် ပညာရပ်များလည်း ရှိလေသည်။

ထိုရဟန်းတော် **နဂတ်ချို**သည် ဘုရင်မင်းမြတ် ဖိတ်မံအပ်သည်နှင့်အညီ ကြွရောက်တော်မူ၍ ဘုရင်မင်းမြတ်သည်လည်း အထူးလေးမြတ်စွာ ဧည့်ခံတော်မူပြီးလျှင် ဦးရီးတော်ဘုရင်မင်းကြီး အားသည်းသော ဆန္ဒတော်ရှိသည်အားလျော်စွာ အရှင်ဒီပင်္ကရကို ပင့်ဖိတ်ကာ "သာသနာပြုရန် သက်တော်ထင်ရှားရှိစဉ်က စေလွှတ်တော်မူသော အရှင်ဂယာဆွန်လည်း မလာရောက်သေး၊ ထိုအရှင်ဒီပင်္ကရနှင့်အလားတူ သာသနာတော်ကို ပြုစုအားထုတ်နိုင်သော ပညာရှိများ ပင့်ဆောင်ရန်နှင့် အရှင်ဂယာဆွန်ကိုလည်း ပြန်လည်ပင့်ဆောင်ရန် အရှင်သည် ဗဟုသုတနှင့်ပြည့်စုံသည့်အပြင် ထိုခရီးအခြင်းအရာကို လေ့လာပြီးဖြစ်သည့်အားလျော်စွာ အရှင်အား ထိုကိစ္စအတွက် နှစ်သက်သဘောတူပါ၍ အရှင်မြတ်အလိုရှိသော အရာဝတ္ထုများနှင့် အလိုရှိသော အကြောင်းအရာများ မိန့်ကြားရန်" လျှောက်ထားလျှင်-

"ထိုအရှင်အား ပင့်ဖိတ်ရလျှင် မိမိအလိုရှိသော ပညာရပ်များ ဆက်လက်သင်ကြား အားထုတ်နိုင်ရန် ထိုနိုင်ငံတွင် နေထိုင်ခွင့်ပြုစေလိုကြောင်း" အမိန့်ရှိရာ သဘောတူညီချက် ရရှိသဖြင့် ခရီးထွက်ရန် ပြင်ဆင်ကြလေကုန်၏။

ဘုရင်မင်းသည် ထိုအရှင်မြတ် လမ်းခရီး၌ သုံးစွဲရန်နှင့် အရှင်ဒီပင်္ကရအား လက်ဆောင်တော်ဆက်သရန် များစွာသော ရွှေအချိန်ပမာဏနှင့် နောက်လိုက် ၁၀၀-မျှ ခြံရံ-လျက် ခရီးထွက်ကြရန် ပြင်ဆင်ထားသော်လည်း အရှင်နဂတ်ချိုသည် များစွာသောသူများနှင့် သွားခြင်းကား ဒုက္ခများဖို့သာဖြစ်ကြောင်း သိရှိပြီးဖြစ်သဖြင့် ကျမ်းမာ၍ စွမ်းဆောင်နိုင်သော နောက်ပါတပည့် ၅-ယောက်ကိုသာ ရွေးချယ်ပြီးလျှင် လုံလောက်သော ခရီးရိက္ခာများကို ပြင်ဆင်ကာ မဂဓတိုင်း၊ ဝိက္ကမသီလာကျောင်းတော်ကြီးသို့ရောက်အောင် ရည်ဆောင်လျက် ခရီးထွက်ကြကုန်၏။

ထိုအရှင်နှင့်အပေါင်းအဖော်များသည် ကြမ်းတမ်းဆိုးဝါးသော နယ်များကိုဖြတ်ကျော်ကာ များစွာသောဘေးအန္တရာယ်များ တွေ့ကြုံလွန်မြောက်ပြီးနောက် ဝိက္ကမသီလာကျောင်းတိုက်ကြီးသို့ အဆင့်ဆင့်ခရီးညွှန်ကြားခြင်းအားဖြင့် ရောက်ကြ၍ ထိုအရှင်နဂတ်ချိုသည် ရှေးဦးစွာ**အရှင်ဂယာဆွန်**နှင့် တွေ့ဆုံပြီး ၎င်းနှင့်အကျိုးအကြောင်း တိုင်ပင်ဆွေးနွေးပြီးကာ **အရှင်ဒီပင်္ကရ**နှင့် တွေ့ရှိရန် ပြောရာတွင် "သင်လာသောအခါနှင့် အဆင်သင့်စွာ နက်ဖြန် ၈၀၀၀-ကျော် သံဃာတော်တို့၏ အစည်းအဝေးကြီးရှိပါသည်။ သို့အတွက် ၎င်းအရှင်ကို ယခုတွေ့ရန် ခဲယဉ်းပါသည်။ အစည်းအဝေးကြီး၌ ၎င်းအရှင်၏ အသရေကို မြင်ရပါလိမ့်မည်"ဟု ပြောဆိုပြီးနောက် ဆိုင်းငံ့လျက်နေရလေသည်။

နက်ဖြန်သို့ ရောက်သောအခါ သံဃာတော်အပေါင်းတို့လည်း ကြွလာတော်မူကြ၍ အရှင်**နဂတ်ချို**နှင့် အရှင် **ဂယာဆွန်**တို့လည်း ၎င်းအထဲတွင် ဝင်ရောက်ကြကာ လာရောက်ကြသော အရှင်များ၏ ဂုဏ်ထူးများ မေးမြန်းလျက် နေကြစဉ် ထိုအစည်းအဝေးကြီးကို အရှင် **ဝိဇ္ဇကောလိတ** မည်သော မထေရ်ကြီးကကြီးမှူးပြီး အစည်းအဝေးကြီး အစပြုလျှင် အရှင် **ဒီပင်္ကရသီရိဉာဏ**သည် အစည်းအဝေးဌာနသို့ ကြွလာတော်မူသောအခါ အားလုံးသော မထေရ်ကြီး, မထေရ်ငယ်များအပြင် အစည်းအဝေးသို့ လာရောက်ကြကုန်သော ဘုရင်များသည်လည်း ထ၍ အရိုအသေပြုကြပြီးနောက် အစည်းအဝေး၌ အထူးကျက်သရေမင်္ဂလာရှိစွာ ခင်းကျင်းထားအပ်သော နေရာဝယ် နေလျက် ဆွေးနွေးတိုင်ပင် စီရင်ဆောင်ရွက်ကြကုန်၏။

ထိုအရှင်နဂတ်ချိုသည် အစည်းအဝေးကြီး၌ တွေ့ရှိရသော မထေရ်များ၏အသရေကို များစွာလေးစားချီးမွမ်းအံ့သြလျက် "တိဗက်သို့သာသနာပြုရန် အရှင်ဒီပင်္ကရ မရပါမူ

သာသနာတော် ပြုစုနိုင်သော အရှင်များ များစွာရှိကြောင်း၊ ၎င်းအစည်းအဝေးတွင် ထင်ရှား၍ စိတ်အားထက်သန်စွာနှင့် အရှင်ဒီပင်္ကရနှင့် ကိုယ်တိုင်တွေ့ရှိရန် ဂယာဆွန်နှင့် ထိုအရှင်ထံသို့သွားပြီးလျှင် ယူဆောင်လာသော လက်ဆောင်ပဏ္ဏာတော်များ မထေရ်မြတ် ရှေ့တော်တွင် ခင်းကျင်းလျက် ဖြစ်ပျက်တွေ့ကြုံခဲ့ရသော အခြင်းအရာများနှင့် တိဗက်နိုင်ငံ တော်တွင် ဘုရင်မင်းများ သာသနာတော်၌ လေးစားပြုစုကြသော်လည်း သာသနာတော်ကြီး တိုးတက်အောင် စွမ်းဆောင်နိုင်သော အရှင်များမရှိသဖြင့် ဘုရင်မင်းမြတ်မှာ စိတ်အားရှိ သလောက် သာသနာတော်ကို မချီးမြှောက်နိုင်ပါကြောင်း" အရှင်နဂတ်ချိုက စုံလင်စွာ လျှောက်ထားသည့်ပြင် အရှင်ဂယာဆွန်ကလည်း-

"အရှင်မြတ်တည်းဟူသော အကြောင်းကြောင့်ပင် တိဗက်နိုင်ငံသားများ များစွာ အသက်စွန့်သွားရသည်ထက်မက အထူးအားဖြင့် တိဗက်နိုင်ငံကြီးနှင့် သာသနာတော် မြတ်အကျိုး အထူးကြိုးစား သည်ပိုးဆောင်ရွက်တော်မူ သော ဘုရင်လာတ်လာမမင်းမြတ် သည်လည်း ရန်သူလက်တွင် အသက်ကို အပ်နှံသွားရရှာပါပြီ၊ ၎င်းတွင်မက များစွာသော ပစ္စည်းဥစ္စာများလည်း ဆုံးပါးခဲ့ရပါပြီ။

သို့ဖြစ်၍ အရှင်မြတ်သည် အစဉ်အမြဲမဟုတ်သော်လည်း ၎င်းပြည်၌ သာသနာ တော်ကို ချီးမြှောက်ထောက်ပံ့ကာ ကြီးမြင့်လာသော အခြေသို့ရောက်အောင် ပြုစုပြီးလျှင် အရှင်မြတ်၏ဆန္ဒတော်အတိုင်း ပြန်ကြွတော်မူနိုင်ပါသည်"-

ဟု လျှောက်ထားရာ အရှင်မြတ်သည် စဉ်းစားဆင်ခြင်တော်မူပြီးလျှင် ရှေ့တွင် ရှိသော လက်ဆောင်များကို ၎င်းတို့အား ပြန်လည်ပေးအပ်၍ ၎င်းတို့အားပြောကြားသည်မှာ "တိဗက်နိုင်ငံသူ, နိုင်ငံသားတို့ မိမိအတွက် များစွာဆင်းရဲကြသဖြင့် သနားငဲ့ညှာပါသည်။ အထူးအားဖြင့် မိမိအတွက် အသက်စွန့်သွားတော်မူသော ဘုရင်မင်းတရားအတွက် သာလွန်၍ ကရုဏာဖြစ်မိပါသည်။ ၎င်းပြင် ဤကဲ့သို့ သူတော်စင်ဘုရင်မင်းမြတ်ကို ညှဉ်းဆဲသတ်ဖြတ်သော ဘုရင်မင်းယုတ်ကား လားရမည့် ငရဲဘေးကို တွေးတောကာ သနား ရပါသေးသည်။ ဤကဲ့သို့ မိမိအတွက် ပစ္စည်းဥစ္စာမြောက်များစွာနှင့် အသက်များ ဆုံးပါးရခြင်းကို အထူးမြော်တွေး ထောက်စာငဲ့ညှာမိပါသည်။

သို့သော်လည်း မိမိကား ဤဝိက္ကမသီလာကျောင်းတိုက်ကြီး၏ ဦးစီးနာယက၊ မဂဓတိုင်း သာသနာတော်ကြီး၏ အမှူးဦးကိုင် မထေရ်ကြီးတစ်ပါး ဖြစ်သည်အားလျော်စွာ ဆောင်ရွက်စရာများစွာသော ကိစ္စအဝဝတို့အပြင် ပြင်ဆင်သုတ်သင် စီရင်ရေးသား အားထုတ်လျက်ရှိသော ကျမ်းဂန်များလည်း မပြီးပြတ်သေး၍ ၎င်းကိစ္စအရပ်ရပ် ပြီးပြတ် စေရန် ၁၈-လမျှကြာသည်တိုင်အောင် စောင့်ဆိုင်းဖို့နှင့် ဤအတွင်း သင်တို့အားလည်း

လိုအပ်သောပညာရပ်များကို ဆည်းပူးလေ့ကျက်ရန် ထိုနောက်မှ ၎င်းခရီးထွက်ဖို့ စီစဉ်အား ထုတ်ရန်” စသည် မိန့်ကြားတော်မူလေသည်။

ထိုသို့မိန့်ကြားသည်ကို တိဗက်အရှင်များ အထူးအားဖြင့် စိတ်အားထက်သန်ကြလျက် “အရှင်မြတ်အမိန့်ရှိတော်မူတိုင်း ကိုယ်တိုင်တော် တပည့်များတိုင်းပြည်၌ သာသနာတော် ချီးမြှောက်တော်မူမည်ဆိုပါလျှင် တပည့်များမှာ ၁၈-လကြာမြင့်သောအခါမျှမက ၃-နှစ်မျှ စောင့်ဆိုင်းရပါသော်လည်း ဝန်မလေးပါကြောင်း” လျှောက်ထားကြလေ၏။

## အရှင်ဒီပင်္ကရ တိဗက်သို့ သာသနာပြုကြွခြင်း

ထိုသို့ တိဗက်ရဟန်းတော်များနှင့် အရှင်ဒီပင်္ကရအရှင်မြတ်တို့ ဆွေးနွေးပြီးနောက် ဆောင်ရွက်အားထုတ်အပ်သော ကျောင်းတိုက်ကြီးနှင့် သာသနာတော်တာဝန်များကို အားထုတ်ပြီးနောက် ၃-နှစ်မြောက်သို့ ရောက်လာခဲ့ကြရာ အရှင်ဂယာဆွန်နှင့် အရှင်နဂတ်ချိုတို့အား ခရီးသွားရန် ပရိက္ခရာများ ပြင်ဆင်ဖို့အမိန့်ပေးပြီးလျှင် **အရှင်ဒီပင်္ကရ**သည် တိဗက်ပြည်သို့ လိုက်ရန်နှင့် သာသနာပြုရန် အကျိုးဖြစ်ရာ တာရာနတ်သမီးအား ပူဇော်ပသ၍ ၎င်းက အိမ်မက်၌ ညွှန်ပြသည့်အတိုင်း ရသေ့မကြီးထံသွား*(ရာ ၎င်းရသေ့မကြီးက)* “အရှင်ဘုရားမှာ တိဗက်ပြည်သာသနာပြုစုရာ၌ အထူးသဖြင့် အောင်မြင်ပါလိမ့်မည်။

သို့ရာတွင် ဤမှာနေ၍ သာသနာပြုလျှင် ၉၂-နှစ် အသက်တော်ရှည်ပါမည်။ ထိုတိဗက်သို့ သာသနာပြုကြွသွားတော်မူပါက သက်တော် ၇၂-နှစ်သာလျှင် ရှည်ပါလိမ့်မည်”ဟု ညွှန်ကြား၍ *(ထိုအရှင်သည်)* စဉ်းစားတော်မူရာ “အသက်ကို ပမာဏမထားဘဲ သာသနာတော်အတွက် ငဲ့ကွက်ပြီးလျှင် ကြွသွားဖို့” ဆုံးဖြတ်တော်မူခဲ့လေသည်။

ထိုအရှင်မြတ်တို့ ဆုံးဖြတ်ပြီးသည်အားလျော်စွာ နောင်တဖန်ပြန်လာရန်ခဲယဉ်းသောကြောင့် ရောက်သင့်ရောက်ထိုက် ပူဇော်ထိုက်သော ဗောဓိမဏ္ဍိုင်, ဝဇီရာသနပလ္လင်တော်စသော နေရာဌာနများသို့ သွားရောက်ဖူးမျှော်ကြပြီးလျှင် **အရှင်ဒီပင်္ကရသီရိဉာဏ**သည် **ပဏ္ဍိတဘူမိဂဗ္ဘမထေရ်**နှင့် **အရှင်ဂယာဆွန်, အရှင် နဂတ်ချို, အရှင်ဘူမိသံဃ, အရှင်-ဝီရိယစန္ဒ**တို့အပြင် နောက်လိုက်နောက်ပါများစွာတို့နှင့် ခရီးစ၍ထွက်ခွါကြရာတွင် အရှင်-နဂတ်ချိုသည် ယူသင့်ယူထိုက်သော ကျမ်းဂန်များအပြင် သာသနာတော်မြတ်နှင့် စပ်ဆိုင်သော လက်ဆောင်တော်များကို အထုပ်-၆၀ ပြုလုပ်ပြီးကာ မြင်းအစီး ၃၀-တွင် တင်ယူလာခဲ့၍ လမ်းခရီးတွင်လည်း ဝင်ရောက်သင့်သော သာသနာတော်နှင့်ဆိုင်ရာ ဌာနများသို့ ဝင်ရောက်ကြလျက် ခရီးဆက်လက်ထွက်ကြပြီး များစွာအံ့ဩဖွယ်ရာများနှင့် များစွာခက်ခဲသော လမ်းခရီးများကို ကျော်လွန်ပြီးနောက် တိဗက်ပြည်ကြီး၏ နယ်စပ်သို့ ရောက်တော်မူခဲ့ကြလေသည်။

သို့ရာတွင် အရှင်ဂယာဆွန်မှာ အိန္ဒိယနယ်စပ်သို့ရောက်သောအခါ မကျန်းမမာဖြစ်သည်နှင့် စောင့်ဆိုင်းကုသပါသော်လည်း ၎င်းအရှင်၏ ကံကြမ္မာကား တိဗက်နိုင်ငံတော်သို့ သိုက်မြိုက်စွာ အခမ်းအနားဖြင့် ပြန်ကြွသွားဖို့ ခွင့်မကြုံ ကံကုန်တော်မူရာ တိဗက်နယ်အတွင်း များစွာသောမြင်းသည်တော်တို့နှင့် လာရောက်ကြိုဆိုကြ၍ ခမ်းနားသိုက်မြိုက်စွာ ပရိသတ်ဗိုလ်ပါတို့နှင့်တကွ ဘုရင်မင်းမြတ်ထံသို့ ရောက်ကြပြီးလျှင် သာသနာတော်အရေး ဆွေးနွေးတိုင်ပင်ကြပြီးကာ သာသနာတော် ပြုစုအားထုတ်ကြလျက် သာသနာတော်ကြီးမှာ အထူးသဖြင့် များစွာတိုးတက်ပြီးလျှင် ဘုရင်အဆက်ဆက်တောင့်တခဲ့သော အရှင်မြတ်ကို ကြည်ညိုနှစ်သက်ဖူးမျှော်ရ၍ တစ်တိုင်းပြည်လုံး လူအများလည်း အထူးအားဖြင့် ဝမ်းမြောက်ဝမ်းသာရှိကြသည့်အပြင် ဘုရင်မင်းမြတ်လည်း ထိုအရှင်အား သာသနာတော် အပ်နှင်းကာ မထေရ်မြတ်လည်း သာသနာတော်အကျိုး များစွာသည်ပိုး ကြိုးပမ်းဆောင်ရွက်လျက် များစွာသော မဟာယာနကျမ်းဂန်များကို တိဗက်ဘာသာသို့ ပြန်ဆိုကာ သာသနာတော် ကျယ်ပြန့်စေသဖြင့် ၎င်းတို့သာသနာတော်ကြီးကား အထူးအားဖြင့် စည်ကားဝပြောစွာ ၎င်းမထေရ်မြတ် သက်တော် ၇၃-နှစ် သာသနာတော် ၁၅၉၇-ခုနှစ်မှာ ဘဝနတ်ကွန်းသို့ ယွန်းတော်မူခဲ့ရှာလေသည်။

## ရှင်ဒီပင်္ကရရေး ကျမ်းပေါင်း-၂၀

ထိုအရှင်မြတ် ရေးသားတော်မူသော မဟာယာနနှင့်စပ်လျဉ်းသော ကျမ်းဂန်များမှာ-

| | |
|---|---|
| ၁။ ဗောဓိပထ ပဒီပ | ၂။ စရိယသင်္ဂဟ ပဒီပ |
| ၃။ သစ္စဒွယာဝတာရ | ၄။ မဇ္ဈိမောပဒေသ |
| ၅။ သင်္ဂဟဂဗ္ဘ | ၆။ ဟဒရိဒယနိစ္စိတ |
| ၇။ ဗောဓိသတ္တပဏျာဝလိ | ၈။ ဗောဓိသတ္တကမ္မာဒိမဂ္ဂါဝတာရ |
| ၉။ သရဏဂတာဒေသ | ၁၀။ မဟာယာနပထသာဓနဝဏ္ဏသင်္ဂဟ |
| ၁၁။ သာဓနသင်္ဂဟ | ၁၂။ ကမ္မဝိဘာဂ |
| ၁၃။ ဒသကုသလကမ္မောပဒေသ | ၁၄။ ကမ္မဝိဘင် |
| ၁၅။ သမာဓိသမ္ဘာရပရိဝတ္တ | ၁၆။ လောကုတ္တရ သတ္တဝိဓိ |
| ၁၇။ ဂုရုတြိယာကမ္မ | ၁၈။ စိတ္တောတပါဒသတ္တရဝိဓိကမ္မ |
| ၁၉။ သိက္ခသမုစ္စအဘိသမယ | ၂၀။ ဝိမလ ရတနလေခန |

ဤ ၂၀-သော ကျမ်းဂန်များ ရေးသားခဲ့လေသည်။

ဤကျမ်းဂန်အားလုံးတို့ကား မဟာယာနကျမ်းများဖြစ်သည့်အပြင် ၎င်းမထေရ်ကိုယ်တိုင်ပင် **တာရာနတ်သမီးကို** ပူဇော်ပသမေးမြန်းခြင်းကို ပြုလုပ်သဖြင့် ဗြာဟ္မဏဘာသာနတ်များကိုလည်း အလေးပြုကြောင်း ထင်ရှား၍ ၎င်းသာသနာမှာ မဟာယာနသာဖြစ်ကြောင်း ၎င်းမှာသာသနာတော် ၁၆၀၀-ကျော်အောင်ပင်တည်ရှိကြောင်း ၎င်းအရှင်၏အကြောင်း အတ္ထုပ္ပတ်များ ထောက်ထားသိအပ်ကုန်၏။

**ဤတွင် အရှင်သီရိဉာဏ ဒီပင်္ကရအကြောင်းနှင့်**
**တိဗက်သာသနာတော်အကြောင်း ပြည့်စုံပြီ။**

✪ ✪ ✪ ✪ ✪

## မဇ္ဈိမ ဗုဒ္ဓနိုင်ငံတော် ၁၆၀၀-ကျော် တည်ရှိကြောင်း

ဤဆိုခဲ့ပြီးသော သာသနာတော် ၁၂၀၀-ကျော်မှ ၁၆၀၀-တိုင်အောင် ၎င်းအတွင်း သာသနာတော် အလယ်ပိုင်းတိုင်းနယ်များမှာ မဟာယာနဂိုဏ်း သာသနာတော်ထွန်းကားကြောင်း **အရှင်ဒီပင်္ကရသီရိဉာဏ**တို့ လက်ထက်မှာ တန္တြ-မန္တြ အယူဝါဒများလည်း လွှမ်းမိုးလာ၍ ၎င်းတို့ကိုလိုက်စား လေ့ကျက်ကြသည်အားလျော်စွာ ၎င်းအရှင်ကိုယ်တိုင်ကပင် တစုံတခုပြုလုပ်လိုသော အကြောင်းရှိက ထင်ရှားစေရန် နတ်များမေးမြန်းကြောင်း၊ ၎င်းကျောင်းတိုက်တွင်လည်း နတ်ကွန်း, နတ်ကန္နားများရှိ၍ ပူဇော်ပသရန် ယဇ်ပလ္လင်များထားသဖြင့် ဗြာဟ္မဏဘာသာဝင်တို့ လေးစားသော တာရာစသော နတ်သမီးများကို ပူဇော်ပသတင်မြှောက်ကြကြောင်း၊ ၎င်းပြင် အလိုရှိသောအကျိုးများပြည့်စုံစေရန် ဘေးရန်အန္တရာယ်များကိုလည်း ပိတ်ပင်တားဆီးနိုင်စေရန် မန္တာန်, မန္တရားတို့ကိုလည်း လေ့လာသင်ကြားကြကြောင်း၊ ၎င်းမထေရ်၏အကြောင်း အတ္ထုပ္ပတ္တိထောက်ထား၍ ကောင်းစွာထင်ရှား၏။

ထိုခေတ်တွင် ၎င်းတိုင်းနယ်တို့၌ ထွန်းကားသော သာသနာတော်, ၎င်းမှဖြန့်ဖြူး၍ ပျံ့နှံ့သွားသော တိဗက်သာသနာတော်များသည် မဟာယာနတန္တြဘာသာ သာသနာသာလျှင်ဖြစ်ကြောင်း, သို့ဖြစ်၍ ၎င်းသည်တိဗက်ပြည်မှာ ယခုခါတိုင်အောင်ထွန်းကား၍ တာရာနတ်သမီးစသည်တို့ကို ကိုးကွယ်လျက်နေကြကြောင်း၊ သို့ရာတွင် ၎င်းအလယ်ပိုင်းတိုင်းနိုင်ငံများ၌မူ ယခုအခါတိုင်အောင် မရှိသော်လည်း ၎င်းမထေရ်၏အကြောင်း အတ္ထုပ္ပတ်ကို ထောက်ထားသော် ၁၆၀၀-ကျော်အောင် ဗုဒ္ဓနိုင်ငံတော် တည်ရှိသေးကြောင်း ကောင်းစွာ မှတ်သားအပ်ကုန်၏။

ထိုခေတ်များတိုင်အောင် အလယ်ပိုင်း၌ ဗုဒ္ဓနိုင်ငံတော်ကြီးကို ဖျက်ဆီးတိုက်ခိုက်ကာ ရန်ဆူး, ရန်ငြောင့် ပြုလုပ်လာခဲ့သော ပြာဟ္မဏဘာသာဝင် အတိုက်အခံ ဟောပြောလျက်ရှိသော ဆရာကြီးတို့၏ဝါဒကား မလွှမ်းမိုးနိုင်သေးကြောင်း၊ ၎င်းမထေရ်၏ အတ္ထုပ္ပတ္တိတွင် ၎င်းဘာသာဝင် ဆရာကြီးများနှင့် ၃-ကြိမ်တိုင်တိုင် စည်းဝေး၍ ဆွေးနွေးပြောဆိုခဲ့ဖူးရာ ထိုပြောဆိုခဲ့သော အစည်းအဝေးကြီးတိုင်းမှာပင် ထိုအရှင်သည် အခြားအယူဝါဒများကို တွန်းလှန်ခဲ့ကြောင်း၊ ၎င်းပြင်ထိုမထေရ်၏ ဟောပြောချက်ကြောင့် ထိုတိုင်းနယ်တို့၌ ဗုဒ္ဓဘာသာတော်ကို ပိုမိုနှစ်ချိုက်လာကြကြောင်း စသည်ရေးသားဖော်ပြသဖြင့် ကောင်းစွာ သိအပ်ကုန်၏။

ထိုအရှင်ဒီပင်္ကရလက်ထက် ခေတ်အခါ၌ကား အနောက်မြောက်ပိုင်းတိုင်းနိုင်ငံများမှ **တုရုသကခေါ်သော** မဟာမက်ဘာသာဝင်များလည်း တစတစချဉ်းနင်းဝင်ရောက်လာ၍ ဗုဒ္ဓနိုင်ငံတော်ကြီးကို ခြိမ်းခြောက်နေသည့်အပြင် အနောက်ဘက်တိုင်းနိုင်ငံများမှလည်း **ပြာဟ္မဏဆရာကြီး သင်္ကရာစရိယ** စသည်တို့သည် ဗုဒ္ဓဘာသာတော်မြတ်ကို တိုက်ဖျက်ဟောကြားလျက် ၎င်းမှ တောင်ဘက်တိုင်းနိုင်ငံများသို့ ပျံ့နှံ့ကာ ၎င်းတို့ဘာသာကြီး တဖြည်းဖြည်း တိုးတက်နေကြောင်းများမှာ-

ထိုအရှင် တိဗက်သို့လိုက်၍ သာသနာပြုမည့်အကြောင်း ကြားသိရသော်တိဗက်ရဟန်းတော် နဂတ်ချိုအား ပညာသင်ကြားပေးသောဆရာကြီး **သတ္ထဝီရ ရတနာကရမည်**သော ပညာရှိကြီးက **အရှင်ဒီပင်္ကရ**အတွက် နောက်အနာဂတ်ဖြစ်သော မဇ္ဈိမသာသနာကြီးမှာ ရန်သူများစွာ ဝိုင်းဝန်းနေ၍ တိဗက်နိုင်ငံ၌ သာသနာတော်ပြုစု အခြေစိုက်ထူပြီးလျှင် ပြန်လည်လာဖို့ရန် ညွှန်ကြားတောင်းပန်ရာတွင် ဆွေးနွေးပြောကြားသော စကားများအရ ယခုအခါ ဗုဒ္ဓဘာသာတော်မြတ်ကြီးမှာ ရန်သူဝိုင်းလျက်ရှိနေကြောင်း၊ အနောက်မြောက်ပိုင်း အနောက်တိုင်းတို့မှ တစတစ ဘာသာဝါဒတိုက်ဖျက်ကာ မဟာမက်ဘာသာများလည်း ဝင်လာကြောင်း၊ သာသနာ့ရန်စွယ်ကို တကယ်တန်း ပယ်လှန်နိုင်သောပညာရှိများ လိုအပ်ကြောင်း စသည်တို့ဖြင့် ထင်ရှားစွာ သိအပ်လေသည်။

သို့သော်လည်း အနောက်မြောက်ပိုင်းတိုင်းနိုင်ငံများတွင် ကသ္မီရ, ဂန္ဓာရစသောတိုင်းနယ်များနှင့် အနီးအနားတိုင်းနယ်များမှာ ထိုအရှင်၏ အတ္ထုပ္ပတ္တိခေတ်တွင် ဗုဒ္ဓသာသနာရောင်ဝါတောက်ပလျက်ရှိသေး၍ ထိုမထေရ်(ကို) ပင့်ဖိတ်ရန် ကြိုးစားအားထုတ်တော်မူခဲ့သော **တိဗက်လာတ်လာမဘုရင်လက်ထက်** ပညာရှိများ ပင့်ဖိတ်ရန်စေလွှတ်ရာများစွာသော တိဗက်သာသနာရေးအဖွဲ့များသည် ထိုတိုင်းနယ်များကိုရောက်၍ ၎င်းတွင်ထင်ရှားကျော်စောသော **အဘိဓမ္မဓရ အရှင်အာနန္ဒဂဗ္ဘ**စသော ပညာရှိကျမ်းဂန်တတ်

မထေရ်များ ထင်ရှားရှိနေသည့်အပြင် ၎င်းတိုင်းနိုင်ငံများမှ သာသနာပြုမထေရ်များကိုလည်း တိဗက်သာသနာပြုများ ပင့်ယူဖိတ်မန်သွားကြောင်း ထင်ရှားပြဆိုသောကြောင့် သာသနာတော်ကား ထိုတိုင်းတွင် ထွန်းကားလျက်ရှိကြောင်း မှတ်သားအပ်ကုန်၏။

သို့ရာတွင် ထိုခေတ်၌ ထေရဝါဒဂိုဏ်း တောင်ပိုင်းသာသနာတော် အကြောင်းအရာ မဖော်ပြသဖြင့် ၎င်းအတ္တုပ္ပတ္တိအရ မသိရသော်လည်း ထိုခေတ်က သုဝဏ္ဏဘူမိတိုင်း သာသနာနှင့် ၎င်းအရှင်မြတ်သည် ၎င်းတိုင်းမှ သီဟိုဠ်ကျွန်းသို့ သင်္ဘောဖြင့် ကြွသွားတော်မူခဲ့ကြောင်း၊ ၎င်းတိုင်းနိုင်ငံရှိ ထေရဝါဒဂိုဏ်း သာသနာကိုလည်း လေ့လာတော်မူခဲ့ကြောင်း၊ များ ရေးသားဖော်ပြ၍ ထိုအချိန်အခါက သုဝဏ္ဏဘူမိတိုင်း သီဟိုဠ်ကျွန်းတို့၌ ထေရဝါဒ သာသနာတည်ထွန်းနေသေးကြောင်း၊ ၎င်းမှဆက်သွယ်ကာ တောင်ပိုင်းမှာလည်း ထေရဝါဒ ဂိုဏ်းသားများ ထင်ရှားရှိနေသေးကြောင်း ကောင်းစွာ မှတ်သားအပ်ကုန်၏။

## ၁၂၀၀-ကျော် သာသနာတော် တရုတ်ပြည် သာသနာအကြောင်း အကျဉ်းမှတ်ဖွယ်

ဤသာသနာတော် ၁၂၀၀-ကျော်ခေတ်အတွင်းမှာ တရုတ်ပြည်ကြီး၌လည်း ရဟန်းတော်ဗုင်သျှင်မထေရ်မြတ်တို့ ပြုစုအပ်သော သာသနာတော်ကြီးမှာ စည်ပင်ထွန်းကားလျက်ပင်ရှိနေသေး၍ ထိုခေတ်က ထိုအရှင်များနောက် များစွာသောပညာရှိများ သာသနာနှင့် ပညာသုတရှာမှီးကြရန် မဇ္ဈိမတိုင်းနိုင်ငံသို့ သွားရောက်တော်မူကြသော သာသနာတော်ဆိုင်ရာ ကျမ်းစာများကို လေ့လာဆည်းပူးကြလျက် ရှိနေကြသေးကြောင်း။

ဤသို့ ဆည်းပူးတော်မူကြသော ရဟန်းတော်များအနက် ရဟန်းတော်**အရှင်အိသျှင်**သည် သာသနာတော် ၁၂၁၇-ခုနှစ်မှာ မဇ္ဈိမတိုင်းနိုင်ငံများသို့ သွားရောက်၍ အထူးအားဖြင့် နာလန္ဒကျောင်းတိုက်ကြီး၌ပင် ၁၀-နှစ်မျှပညာဆည်းပူးအားထုတ်ပြီး ဂါထာပေါင်း ငါးသိန်း-ကျော်ပါဝင်သော ကျမ်းဂန်ပေါင်း ၄၀၀-ကျော်တို့ကို ဘာသာပြန်ဆိုပြီးနောက် ရဟန်းတော်**အရှင်ဗုင်သျှင်**တို့ကဲ့သို့ ဗုဒ္ဓမြတ်စွာသာသနာတော်နှင့် ဆိုင်ရာအရပ်ဌာနများ တို့သို့သွားရောက်ကာ ဒေသဗဟုသုတရှာမှီးပြီး **တာမလိတ္တိဆိပ်ကမ်း**မှ သင်္ဘောဖြင့် လွှင့်သွားရာ သုမာတြာ, ဆုမတြာကျွန်း **သီရိဘောဇမြို့**သို့ ရောက်သွားတော်မူခဲ့လေသည်။

၎င်းမြို့၌ ခေတ္တနားနေတော်မူပြီးလျှင် သူ၏စာရေးသားခြင်းအားဖြင့် အချိန်ကုန်လွန်စေကာ ဒေသဗဟုသုတများနှင့် ၎င်းကျွန်းရှိ ဗုဒ္ဓဘာသာများကို လေ့လာနေစဉ် ပေစာ-ရွက်များကုန်သွား၍ ကုန်သည်သင်္ဘောတစ်စင်းသို့ သွားပြီးယူရာ ကြုံတွေ့ရသည်ကား

လေပြင်းမုန်တိုင်းကြောင့် ၎င်းသင်္ဘောလွင့်သွားပြီး တရုတ်ပြည်သို့ ရောက်သွားပြီးမှ တဖန်ကျန်ရှိသော ကျမ်းဂန်များကို သီရိဘောဇမြို့သို့ လာရောက်ယူရကြောင်း၊ ၎င်းပြင် တရုတ်ပြည်သို့ ပြန်လည်ရောက်ရှိသောအခါ ဆည်းပူးခဲ့သော ကျမ်းဂန်များကို ဘာသာပြန်ဆိုရကြောင်း၊ ၎င်းပြန်ဆိုပြီးသော ကျမ်းဂန်များမှာ အရေအတွက် ၅၆-ကျမ်း အပိုဒ်ပေါင်း ၂၃၀-မျှရှိကြောင်း စသည်၎င်းမှတ်တမ်း၌ ရေးသားသည့်အတိုင်း ၎င်း၏အသက် ၇၇-နှစ်၊ သာသနာတော် ၁၂၅၆-ခုနှစ်ဆုံးသည်တိုင်အောင် သာသနာတော်အရေးကိစ္စများ ဆောင်ရွက်သွားတော်မူခဲ့လေသည်။

## ဝှင်သျှင်တို့နောက် တရုတ်သာသနာပြုရဟန်းများ

ထိုမှတစ်ပါး နောက်ခေတ်များ၌လည်း ဤကဲ့သို့ အားထုတ်ဆောင်ရွက်တော်မူကြသော သာသနာပြုရဟန်းတော်များစွာရှိကြ၍ ၎င်းရဟန်းတော်တို့ကား-

**အရှင်ဝှင်ချူ**- ၎င်းသည်တရုတ်ပြည် **တာချောနယ် စင်ချန်**မြို့ဇာတိ ဖြစ်လေသည်။

**အရှင်တော်ထိ**- ၎င်းသည် တရုတ်ပြည် **လီသျှင်**မြို့ဇာတိ ဖြစ်လေသည်။

**အရှင်အာရယ ဝါမန်**- ၎င်းမှာ ကိုရီးယား အရှေ့တိုင်းနယ်ဇာတိဖြစ်၍ နာလန္ဒ ကျောင်းတိုက်ကြီးသို့ သွားရောက်ပညာ ဆည်းပူးပြီး ၎င်းမှ ရရှိသော ဘွဲ့အမည်ဖြစ်လေသည်။

**အရှင်ဗိုနီး**- ၎င်းလည်း ကိုရီးယားတိုင်းသားဖြစ်၍ နာလန္ဒကျောင်းတိုက်ကြီးမှာပင် ပညာသင်ကြား ဆည်းပူးခဲ့လေသည်။

**အရှင်ယုန်တီး**- ၎င်းမှာ တရုတ်ပြည် ပင်ချောင်မြို့ ဇာတိဖြစ်၍ ၎င်းသည်အနန်နယ်များသို့၎င်း မလေးကျွန်းဆွယ်များသို့၎င်း သွားရောက်ပညာသုတရှာမှီးပြီး ထိုမှမဇ္ဈိမတိုင်းနယ်များသို့ သွားရောက်ဆည်းပူးခဲ့လေသည်။

**အရှင်အိလောန်**- ၎င်းသည် တရုတ်ပြည်၊ လီချောမြို့ ဇာတိဖြစ်လေသည်။

**အရှင်ဝှင်တာ**- ၎င်းမှာ တရုတ်ပြည်၊ ကွန်ချိုမြို့ဇာတိဖြစ်၍ မြင့်မြတ်ထင်ရှားသော အမျိုးအနွယ်ထဲမှ ဖြစ်လေသည်။

၎င်းသည် ပင်လယ်ခရီးအားဖြင့် **ဆုမတြာ** သို့ရောက်ပြီးလျှင် ၎င်းကျွန်း**သီရိဘောဇ**မြို့မှာပင် ၆-လမျှ သက္ကတသဒ္ဒါကျမ်းများ လေ့လာကာနေခဲ့ရာ ၎င်းနိုင်ငံရှင်ဘုရင်မင်းလည်း လေးမြတ်ခြင်းခံယူရရှိ၍ ၎င်းမှ**မလေးကျွန်းဆွယ်**သို့, ၎င်းမှ**ကွက်ဓာ**သို့, ၎င်းမှ**အိန္ဒိယ**သို့-သွားရောက်ကာ အထူးထူးသော ပညာဗဟုသုတများ ရှာမှီးပြီး ၎င်းသီရိဘောဇမြို့သို့ ပြန်လာ၍ ၎င်းမှာများစွာသော ကျမ်းဂန်များကို ရဟန်းတော်**အိသျှင်**ကဲ့သို့ ငါးသိန်းမျှသော

ကျမ်း, ဂါထာများကို **နာလန္ဒ၌** ၁၂-နှစ်ကြာ လေ့လာအားထုတ်ခဲ့သည့်အတိုင်း ဘာသာပြန်ဆိုရေးသားလျက် ၎င်းသိရိဘောဇမြို့မှာပင် သီတင်းသုံးနေတော်မူကြောင်း ဖော်ပြလေသည်။

ဤဆိုအပ်ခဲ့ပြီးသော တရုတ်ရဟန်းတော် ခရီးသည်များ၏ အကြောင်းအတ္ထုပ္ပတ်များကိုထောက်ထား၍ ထိုသာသနာတော် ၁၅၀၀-ကျော်ခေတ်မှာလည်း တရုတ်ပြည်ကြီး၌ သာသနာတော် တိုးတက်ထွန်းကားနေသေးကြောင်း၊ ၎င်းပြင် ထိုခရီးသည်တို့ ရေကြောင်းအားဖြင့် သွားလာကြရာ များသောအားဖြင့် ဆုမတြာကျွန်း စသောကျွန်းများသို့ ရောက်ကြ၍ ၎င်းကျွန်းတို့၌လည်း ထိုခေတ်က ဗုဒ္ဓသာသနာတော် ထွန်းလင်းလျက်ပင် ရှိနေသေးကြောင်း ကောင်းစွာသိရှိရလေသည်။

၎င်းပြင် ထိုခေတ်က တရုတ်ပြည်နှင့် စပ်လျက်တည်ရှိသော ကိုရီးယားနိုင်ငံသို့လည်း ၎င်းမှဆက်သွယ်ကာ မဟာယာနသာသနာထွန်းကား၍ ထိုမဇ္ဈိမစသော တိုင်းနိုင်ငံတို့သို့ ပညာဗဟုသုတရှာဖွေကြသော ပညာရှိများအစဉ်တွင် ကိုရီးယားမှ ၂-ပါးပါဝင်သည်ကို ထောက်ဆ၍ ၎င်း၌လည်း သာသနာထွန်းကားကြောင်း ကောင်းစွာသိရလေသည်။

ဤတွင် တရုတ်ရဟန်းတော် သာသနာ ၁၅၀၀-ကျော် ခေတ်တွင်ထွန်းကားလျက်ရှိကြောင်း မှတ်တမ်းပြီးပြီ။

## မွန်ဂိုလီးယား ဗုဒ္ဓနိုင်ငံတော် ၁၅၀၀-ကျော်အတွင်း

ဆိုခဲ့ပြီးသော အပိုင်းကဏ္ဍအရ အရှေ့ပိုင်း တိုင်းနိုင်ငံကြီးများတွင် တရုတ်နိုင်ငံကြီးကား ဗဟိုချက်မကြီးကဲ့သို့ တည်နေ၍နိုင်ငံရေးဘာသာရေးများမှာလည်း ခေါင်းဆောင်နိုင်ငံကြီးဖြစ်သည်အားလျော်စွာ ၎င်းပြည်ကြီးသို့ သာသနာတော်ရောက်ပြီးနောက် ၎င်းမှအနီးအနားနိုင်ငံများသို့ ဖြန့်ချိကာ ၎င်းနှင့်စပ်လျက်တည်ရှိသော မွန်ဂိုလ်နိုင်ငံသို့ရောက်ပါသော်လည်း ၎င်း၌ တရုတ်သာသနာမထွန်းကားဘဲ များသောအားဖြင့် တိဗက်၌လေ့ကျင့်သော **တန္တြကအယူဝါဒ**နှင့် ဆက်စပ်သော ဗုဒ္ဓဘာသာကိုသာယူကြကြောင်း၊ ၎င်း၌ သာသနာတော် ၁၅၀၀-ကျော်မှ ၁၆၀၀-တိုင်ခေတ်မှာကား ဗုဒ္ဓတရားတော် အားသည်းစွာမယူကြသေးဘဲ ရှေးရိုးစဉ်လာ ၎င်းတို့နိုင်ငံမှာယူကြကာ **ဇရသူ-ဆတြီယံ-ဗိုရှိဆတြီယံ-အလင်း, အမှောင်-ကောင်းခြင်း, မကောင်းခြင်း** စသည်တို့ကိုစောင့်ရှောက်သော နတ်-စသည်တို့ကို ပူဇော်ပသသည့် ပါသီယံဘာသာများအပြင် မဟာမက်ဘာသာများလည်း

ဝင်ရောက်လာကြ၍ ၎င်းတို့လည်း ထွန်းကားလျက်ရှိနေသဖြင့် ၎င်းဘာသာများလည်း ချဲ့ထွင်နေသော ခေတ်ဖြစ်ခဲ့လေသည်။

သို့ရာတွင် ၎င်းနိုင်ငံ၌ ကျော်ကြားထင်ရှားသော ဇျင်-ဂိဇ်-ခမ်း-ဘုရင်ကြီးလက်ထက် သာသနာတော် ၁၆၀၀-ကျော် ၁၇၀၀-လောက်မှ တိဗက်နိုင်ငံ တိုက်ခိုက်အောင်မြင်သဖြင့် ၎င်းနိုင်ငံမှ ဆိုခဲ့ပြီးသော ဂါထာမန္တရားများ လေးစားယုံကြည်သည့် ဗြာဟ္မဏတို့ ပူဇော်ကြသော **တာရာစသောနတ်သမီးများ ဝဇီရပါဏိ** စသောနတ်များကိုလည်း ကိုးစားသော ဗုဒ္ဓဘာသာ ယောဂါစာရ မဟာယာနဂိုဏ်း သာသနာနှင့်စပ်သော တိဗက်သာသနာကား တိုးတက်လာခဲ့၍ တရုတ်ပြည်မှ ဆင်းသက်လာခဲ့သော ဂိုဏ်းသာသနာမှာ မထင်ရှားလှတော့ပြီ။

အထူးအားဖြင့် ၎င်းမွန်ဂိုလီးယားရာဇဝင်တွင် အထင်ရှားဆုံးရာဇာဓိရာဇ်ဖြစ်သော ဘုရင်မင်းကြီးလက်ထက်မှာကား ဗုဒ္ဓဘာသာတရားတော်မြတ်၏ ယဉ်ကျေးသိမ်မွေ့ခြင်းသည်သာ နိုင်ငံတော်၏ အေးချမ်းခြင်းနှင့်တကွ နိုင်ငံတော်သာယာဝပြောလျက် ရှိမည်ဟု ဆုံးဖြတ်သည့်အတိုင်း တိုင်းသူပြည်သားအပေါင်းတို့အား ၎င်းဗုဒ္ဓတရားတော်မြတ်ကို လေးစားခြင်းပြုရန် အားထုတ်တော်မူကာ သာသနာတော်ကြီး ဖန်တီးတည်ထောင် သာသနာရောင် ထွန်းသစ်စေတော်မူခဲ့လေသည်။

ထိုမှတပါး ၎င်းတိုင်းနိုင်ငံရှိ သာကိယကျောင်းတိုက်ကြီး၌ နိုင်ငံတော်အတွင်း သာသနာလုံး၏ဦးစီးဦးကိုင် အုပ်ချုပ်သူအဖြစ် **ရတ်ဆပလာမ**ကို ခန့်အပ်တော်မူ၍ ၎င်းသည်ထိုနိုင်ငံအတွင်း အထူးလေးစားခြင်းခံရသော ပညာရှိကြီးဖြစ်သည်အားလျော်စွာ မွန်ဂိုလီးယား အက္ခရာများ ရှေးဦးစွာ ကြံစည်အားထုတ်လေ့လာသူ ဖြစ်သည့်အပြင် ထိုမွန်ဂိုလီးယားဘာသာနှင့် တရုတ်ဘာသာဆိုင်ရာ ကျမ်းစာများနှင့် တရုတ်ဗုဒ္ဓသာသနာဆိုင်ရာကျမ်းစာများကို ညှိနှိုင်းကာ များစွာသောကျမ်းဂန်တို့ကို ရေးသားအားထုတ်ပြုစုခဲ့သော ပညာရှိကြီးတစ်ဦး ဖြစ်ခဲ့လေသည်။

ထိုမင်းကြီးလက်ထက်၌ တိဗက်ဘာသာ၊ ဉဂရိဘာသာ၊ တရုတ်ဘာသာ၊ သက္ကတဘာသာတို့ကို လေ့လာအားထုတ်ကျွမ်းကျင်ကြသော ပညာရှိစာရင်းဝင် ပဏ္ဍိတ်ပေါင်း ၂၉-ယောက်ရှိ၍ ထိုပညာရှိကြီးများသည် ၎င်းတို့ကျွမ်းကြေကြသော ဘာသာအားလျော်စွာ များစွာသော ကျမ်းဂန်များပြုစုအားထုတ်ကာ ဗုဒ္ဓဘာသာကျမ်းစာများ စုဆောင်းပျိုးထောင်လျက် ၎င်းနောက်လက်ထက်များ၌လည်း **ချာစကီ ဩဒဆာ**မည်သော သာကိယလာမ သည် ပိဋကကျမ်းစာများပြုစုအားထုတ်ကာ မွန်ဂိုလီးယားဘာသာနှင့် သာသနာတော်တိုးတက်စည်ပင် အစဉ်တည်တံ့ထွန်းကားအောင် ဆောင်ရွက်အားထုတ်ခဲ့လေသည်။

ဤမွန်ဂိုလီးယားဧကရာဇ်ဘုရင်မင်းတရားကြီး ကုဗလခန်သည် သာသနာတော်ကို လွန်စွာကြည်ညိုတော်မူသည်အားလျော်စွာ များစွာသောကျောင်းတိုက်ကြီးများကို တည်ထောင်၍ ၎င်းတို့ကို တိဗက်လာမရဟန်းများ အုပ်ချုပ်စေလျက် တိဗက်မဟာယာနတန္တြ အယူဝါဒများသာ ကြီးကဲအုပ်ချုပ်စေပြီးလျှင် တိဗက်သာသနာဝင်ဖြစ်ကြကုန်၍ ထိုနိုင်ငံ၌ သာသနာပြုကျော်ကြားသောအရှင်မှာ **အရှင်ဆွန်ခပအမည်ရှိ၍** ၎င်းဩဇာအာဏာများ မောန်ဂိုလီးယားတွင်မက **တိဗက်နိုင်ငံနှင့် တာတာတိုင်းနိုင်ငံတို့သို့ထိအောင်ပင်** ထင်ရှားကျော်ကြားကာ ဗုဒ္ဓသာသနာပြု မဟာထေရ်ကြီးဟု ထိုနိုင်ငံတို့က အသိအမှတ်ပြုကြကုန်၏။

## ၎င်းသာသနာပြု အရှင်ဆွန်ခပအကြောင်း အတ္ထုပ္ပတ်အကျဉ်း

ဤအရှင်ဆွန်ခပသာသနာပြုမထေရ်ကြီးကား တိဗက်တရုတ်နယ်ခြားဌာနဖြစ်သော **အမ်ဒိုမြို့**တွင်ဖွားမြင်၍ ငယ်စဉ်ကပင် ထင်ရှားကျော်ကြားသည်အားလျော်စွာ အချိန်အရွယ်ရောက်သောအခါ၌ ပညာများ ဆည်းပူးအားထုတ်သင်ကြားပြီးလျှင် ၎င်းပညာဗဟုသုတအလို့ငှါ ခရီးထွက်တော်မူပြီး တိဗက်သို့ရောက်သောအခါ ဗုဒ္ဓဘာသာ၏ အခြေခံတရားများ အားထုတ်ရှာဖွေလျက် တိဗက်ပြည်၌ ထင်ရှားကျော်စောသော-

- **သာကိ ကျောင်းတိုက်ကြီး**
- **ဘရစ်ခင် ကျောင်းတိုက်ကြီး**
- **လာတ်ဆာ ကျောင်းတိုက်ကြီးများ၌**

မြတ်စွာဘုရား၏ တရားအမှန်များ ရှာဖွေအားထုတ်သင်ကြားတတ်မြောက်တော်မူလျှင် တိဗက်သာသနာကို အပြစ်မြင်ပြီး သာသနာပြုစုလိုသောစိတ်များ ဖြစ်သည့်အတိုင်း များစွာသော ရဟန်းများကလည်း အားပေးချီးမြှောက်ကြကာ, ထိုသာသနာတော်သုတ်သင်ရေး အဖွဲ့ကြီးဖွဲ့စည်းတည်ထောင် အားထုတ်တော်မူခဲ့လေသည်။

ထိုအရှင်လက်ထက်က တိဗက်မှာ **အဝါဂိုဏ်း, အနီဂိုဏ်း**-ဟူ၍ တိဗက်သာသနာမှာ ဂိုဏ်း ၂-မြွာကွဲလျက်နေခဲ့ရာ အဝါဂိုဏ်းမှာ ၎င်းတို့ဂိုဏ်းသို့ရောက်ရှိ ၎င်းသာသနာအတိုင်း မတိမ်းမစောင်း ကောင်းစွာကျင့်ကြံသောဂိုဏ်းဖြစ်၍ အနီဂိုဏ်းမှာကား-လောက သဘောတရားများလိုက်စားကာ ၎င်းသာသနာဝင်ရဟန်းများမှာ နီမြန်းသော အဝတ်အရုံများ

အပြင်လူတို့အသွင် ဝတ်ဆည်းလျက် လက်ထပ်ခွင့်များပြုခြင်းတည်းဟူသော အဓမ္မ အမှုများ ကျူးလွန်ဖောက်ပြား မတရားဝါဒသို့ ရောက်သွားကြကုန်၏။

**အရှင်ဆွန်ခပ**သည် ဤသို့သော သာသနာတော်အဓမ္မဝါဒများ ကျူးကျော်လာသည်ကိုနှိမ်နင်းရန် အားသွန်ကြိုးပမ်းလျက် ကောင်းမြတ်သောအဝါဂိုဏ်းကြီး၏ မူလဖြစ်သော သာသနာတော်ကို စင်ကြယ်စေရန်နှင့် ၎င်းအယူဝါဒလိုက်နာသူများပြားရန် ပြောဟောအားထုတ်ပြုလုပ်သောအခါ များစွာသောရဟန်းများ ၎င်းအယူဝါဒနှစ်ချိုက်ကြ၍ **လာတ်ဆာကျောင်းတော်ကြီး**၏ မနီးမဝေးဟု ဆိုအပ်သော ၄-ယူဇနာခန့်မှာ အဝါဂိုဏ်း, တောဂိုဏ်းဖြစ်သော တောကျောင်းတိုက်ကြီး တည်ထောင်ပြီး ၎င်းကိုဂါလဒန်**အဝါဂိုဏ်း** တောကျောင်းတိုက်ကြီး-ဟု အမည်ပေး၍ ၎င်းမှာတိဗက်ပြည်၌ ရှေးဦးစွာသော တောရကျောင်းတိုက်ကြီးဖြစ်သည့်အတိုင်း အလွန်ထင်ရှားကျော်ကြားပြီး ရဟန်းသံဃာတော်များ လျင်မြန်စွာတိုးပွားလာသည့်အပြင် လာတ်ဆာကျောင်းတိုက်ကြီးနှင့်တကွ ၎င်း၏အနီးဖြစ်သော ဗရိပုန်ကျောင်းတိုက်ကြီး, ဆေရာကျောင်းတိုက်ကြီးများလည်း ၎င်းအရှင်ဆွန်ခပ၏ အယူဝါဒကိုနှစ်သက်ကြ၍ ၎င်း၏ဂိုဏ်းနှင့်ပေါင်းသင်းကာ ၎င်းဂိုဏ်းကြီးမှာ သံဃာ ၃-သောင်းကျော်ရှိအောင်ကြီးပွားလာသဖြင့် အထူးထင်ရှားကာ ထိုအရှင်မှာ မွန်ဂိုလီးယားနှင့် တိဗက်နိုင်ငံများ၏ အကြီးအမှူး သာသနာ့ဦးကိုင်အရှင်မထေရ်ကြီးတစ်ပါး ဖြစ်လာခဲ့လေသည်။

ဤမွန်ဂိုလီးယားသာသနာနှင့် တိဗက်သာသနာသည် ဆက်သွယ်ရင်းနှီးခဲ့ရာတွင် ထိုအရှင်ဆွန်ခပလက်ထက်၌ကား တစ်သာသနာတည်း ဖြစ်ပွား၍ ထို ၂-တိုင်းလုံး၏ သာသနာသည် ထိုအရှင်၏အာဏာအောက်ရောက်ကာ ၂-တိုင်းလုံးက ညွတ်ကိုင်းလာရာ မွန်ဂိုလီးယားဘုရင်မင်းမြတ်လည်း သာသနာရေးရာဌာနတို့၌ ထိုအရှင်အား လုံးဝလွှဲအပ်ထားသဖြင့် ၎င်းလက်ထက် မွန်ဂိုလီးယားတိုင်း၌ တိဗက်အဝါဂိုဏ်းဟုဆိုအပ်သော မူလအခြေခံ ရှေးသာသနာပြုများ တည်ထောင်ထားခဲ့သော မဟာယာနတန္တြအယူဝါဒ တိဗက်လာမ သာသနာထွန်းကားလာခဲ့၏။

ဤသို့အားဖြင့် တရုတ်ပြည်နှင့်စပ်လျက်ရှိသော မွန်ဂိုလီးယား ဗုဒ္ဓနိုင်ငံတော်ကား- အယူဝါဒအားဖြင့် တိဗက်သာသနာဖြစ်ကြောင်း မှတ်ယူအပ်ကုန်၏။

မွန်ဂိုလီးယား ၁၅၀၀-ကျော်ခေတ်အကြောင်း ပြီး၏။

✪ ✪ ✪ ✪ ✪

## သာသနာနှစ် (၁၅၀၀-၂၀၀၀)အတွင်း တရုတ်, တိဗက်, မွန်ဂိုလီးယားသာသနာ

တရုတ်ပြည်ကြီး၌ သာသနာတော်ရောက်သည်မှစ၍ မဟာယာနမြောက်ပိုင်းသာသနာတော်ကြီးမှာ တစတစတိုးပွားထွန်းတက်လာကြောင်း၊ များစွာသော တရုတ်ရဟန်းတော်ခရီးသည်တို့သည် ထေရဝါဒဂိုဏ်းအယူဝါဒများကို ၎င်းထွန်းပရာ သီဟိုဠ်ကျွန်းစသောနိုင်ငံများ၌ လေ့လာဆည်းပူးခဲ့ကြသော်လည်း ၎င်းတို့တိုင်းပြည်သို့ ရောက်သောအခါ ထိုတိုင်းနိုင်ငံဝယ် မင်းနှင့်တကွ ထင်ရှားကျော်ကြားသောမထေရ်ကြီးများ လိုက်နာကြသော အများဂိုဏ်းသို့သာလျှင် ညွတ်သွားကြ၍ ၎င်းဝါဒသာဖြစ်ကြောင်း စသည် နှစ်ပေါင်း ၁၅၀၀-မှ ၂၀၀၀-အတွင်း ဖြစ်ပွားခဲ့သော ဗုဒ္ဓနိုင်ငံတော်အကြောင်းများ ထင်ရှားသောအဖြစ်အပျက်တို့ကို ရှေ့အပိုင်းများ၌ ရေးသားခဲ့လေပြီ။

ထိုခေတ်များအတွင်းမှာ မဇ္ဈိမဒေသ သာသနာပြုမထေရ်အများနှင့် သာသနာ-တော်ပြုစုရန် ၎င်းထွန်းပရာ မဇ္ဈိမတိုင်းနိုင်ငံများနှင့် အနောက်မြောက်ပိုင်းတိုင်းနယ်များသို့ သာသနာ့ဗဟုသုတရှာဖွေကြသော ခရီးသွားသုတေသီရဟန်းတော်များ၏ အားထုတ်လုံ့လပြုစုကြသောအားဖြင့် သာသနာတော် ၁၅၀၀-အတွင်း မဟာယာနစာပေကျမ်းဂန်များကို တရုတ်ဘာသာသို့ စုံလင်သလောက် ပြန်ဆိုရေးသားကြပြီး၍ သာသနာတော် ၁၅၁၆-ခုနှစ်မှာ ကား သာသနာဦးကိုင် ဆရာတော်ကြီးများ ကြီးကြပ်အုပ်ချုပ်လျက် ဘုရင်မင်းမြတ်၏ အကူအညီ အထောက်အပံ့အားဖြင့် သစ်သားအက္ခရာများထွင်းထုကာ တရုတ်ဘာသာပိဋကတ်များ ပုံနှိပ်ခြင်းပြုခဲ့ကြလေသည်။

ဤသို့ တရုတ်ပြည်သို့ရောက်ရှိသော မဟာယာနပိဋကတ်များမှာ ထိုအချိန်မှစ၍ အဆက်ဆက်အားဖြင့် တိုးတက်ပြန့်ပွားထွန်းကားအောင် ဆောင်ရွက်အားထုတ်လာခဲ့ကြသဖြင့် တိုးတက်ကြီးပွား ကျမ်းဂန်များလည်း စုံလင်သလောက်ရှိခဲ့သော်လည်း ဗုဒ္ဓဘာသာမရောက်မီက ထွန်းကားနေခဲ့သော တာအိုဘာသာဝင်များ ရှိနေကြသေး၍ တစ်ခေတ်တစ်ခါ ၎င်းတို့ဘာသာဝင်ဘုရင်မင်းများ အုပ်ချုပ်စိုးမိုးလာသောအခါ ဗုဒ္ဓဘာသာတော်ကြီးမှာ အညှဉ်းပန်းခံရတတ်ရာ သာသနာတော် ၁၄၀၀-ကျော်တွင် တာအိုဘာသာ၏ ဘုရင်ကြီးအုပ်စိုးသော ခေတ်ဆိုးကြီးနှင့် ရင်ဆိုင်ကာ များစွာသော ကျောင်းတန်ဆောင်းပေါင်း ၄၀,၀၀၀-ကျော် ဖျက်ဆီးခြင်းခံရသည့်အပြင် ရဟန်း, မယ်သီလပေါင်း ၂၆၀,၀၀၀-ကျော်လည်း လူထွက်ရခြင်းတည်းဟူသော ညှဉ်းပန်းခြင်း ခံခဲ့ရသဖြင့် ထွန်းတက်နေသော သာသနာတော်ကြီးမှာ အလွန်ညှိုးနွမ်းဆုတ်ယုတ်ကာ နိမ့်ကျသွားခဲ့ဖူးလေသည်။

သို့သော်လည်း တာ-အို ဘာသာဝင် ဝူဆောင်ဘုရင်သည် ဤကဲ့သို့ သာသနာတော်ကြီး ထိခိုက်စော်ကား၍ ဖျက်ဆီးသောကံအားဖြင့် ၂-နှစ်လောက်အကြာတွင် မကျန်းမာ၍ ပကတိအဖြစ်မှ တခါတည်း စကားမပြောနိုင်ဘဲ ဆွံ့-အသွားသောကြောင့် အလွန်ထိတ်လန့်တုန်လှုပ်ပြီးလျှင် ထုတ်ထားသောအမိန့်များကို ရုပ်သိမ်းပြီး၍ အစဉ်အလာအတိုင်း ရဟန်းပြုလုပ်ကြရန်ခွင့်ပြုကာ ဗုဒ္ဓသာသနာတော်ကြီးမှာ ဆောက်တည်ရာ ရသွားခဲ့ပြီးနောက် တဖြည်းဖြည်း တိုးတက်စည်ကားခြင်းသို့ရောက်ရာ သာသနာတော် ၁,၈၀၀-ကျော်လောက်မှာ တဖန် တရုတ်ပြည်ကြီး၌ အထူးသဖြင့် စည်ပင်ပြန့်ပွားလာခဲ့လေသည်။

သာသနာတော် ၁၈၁၃-ခုနှစ်တွင် နန်းတက်တော်မူသော မွန်ဂိုလီးယားမင်းမျိုးအနွယ် ကုဗလခန်ဘုရင်မင်းတရားကြီးလက်ထက် သာသနာတော်ကို အထူးသက်ဝင်ကြည်ညိုသည်အားလျော်စွာ ဗုဒ္ဓနိုင်ငံတော်ကြီး တိုးတက်စည်ပင်ရန် ကြိုးပမ်းဆောင်ရွက်တော်မူသောကြောင့် ရှေးအခါ တာအိုဘာသာအုပ်စိုးစဉ်က ဆုတ်ယုတ်ပျက်ပြားခြင်းထက် အဆများစွာထွန်းတက်လာသည်၊ (ရှေးက ပျက်စီးယိုယွင်းနေသော ကျောင်း, တန်ဆောင်းတို့ကိုလည်းပြင်ဆင်၊ အသစ်တဖန်ထပ်မံ၍လည်း ဆောက်လုပ်စီရင်သဖြင့် ထိုမင်းကြီးလက်ထက် ကျောင်းပေါင်း ၄၂,၀၀၀-ကျော်မျှရှိ၍ ရဟန်းပေါင်း ၂,၁၅,၀၀၀-မျှရှိအောင် တိုးတက်ကာ ဗုဒ္ဓသာသနာတော်ကြီး အထူးပွားစီးတိုးတက်လာခဲ့လေသည်)။

ထိုကုဗလခန်ဘုရင်မင်းမြတ်လက်ထက်၌ သာသနာတော်ကား နောက်ကရေးသားခဲ့သောအတိုင်း တိဗက်မှဆင်းသက်သော မွန်ဂိုလီးယားသာသနာဖြစ်၍ ရှေးအစဉ်အလာအားဖြင့် ထွန်းကားလာခဲ့သော မဟာယာနမြောက်ပိုင်း သာသနာမှာကား ကျောင်း-တိုက်, ဘုရား, တန်ဆောင်း အဆောက်အဦးများနှင့်တကွ ကျမ်းဂန်စာပေများနှင့် ပညာရှိရဟန်းသူတော်မွန်တို့ပါ ဖျက်ဆီးနှိပ်စက်ခြင်းခံခဲ့ရသဖြင့် အလွန်အားနည်းနေရကြောင်း။

သို့သော်လည်း အဆက်အနွယ်ပြတ်ကင်းလောက်အောင် မဟုတ်သဖြင့်ကား ယခုအခါတိုင်အောင် ၎င်းသာသနာ တစတစတိုးပွားစည်ပင်လာခဲ့ကြောင်း တိဗက်သာသနာသည် မဟာယာနဖြစ်သော်လည်း နောက်ကရေးသားပြီးသည့်အတိုင်း ဂိုဏ်းအယူဝါဒခြားနား, တရုတ်ပြည် မူလသာသနာမှပျက်ပြားကာ ဘာသာကွဲလွဲကြောင်း ကောင်းစွာမှတ်သား အပ်ကုန်၏။

ထိုနောက် သာသနာတော် အနှစ် ၂၀၀၀-လောက်ကြာမြင့်စွာပင် ၎င်းတို့သာသနာတော်မြတ်ကြီးသည် စည်ပင်ထွန်းကား မင်းများလည်းလေးစားယုံကြည်စွာ သာသနာတော်ကို ပြုစုအားထုတ်ကြလျက် ရဟန်းများဘက်မှလည်း များစွာသောသူတို့ သာသနာ့ဘောင်ဝင်ရောက်ထမ်းဆောင်ကြကာ စဉ်လာမပျက်ပင် တိုးတက်လာခဲ့စဉ် ၂,၀၀၀-ကျော်လျှင်ကား

ခရစ်ယာန် သာသနာပြုများ စွန့်စားကြိုးပမ်းကာ ၎င်းတို့သာသနာကို လိုက်နာရာ လိုက်နာကြောင်း အားသွန်ပြုစုကြသဖြင့် ဗုဒ္ဓဘာသာဝင် အနည်းငယ်မျှသာ ၎င်းသို့ကူးပြောင်းကြကာ အနည်းငယ်မျှ အင်အားဆုတ်ယုတ်သွားသော်လည်း ဗုဒ္ဓဝါဒကိုကား သက်ဝင်သူပေါများသည့်အပြင် သာသနာ့ဝင် ရဟန်းတော်များလည်း မြောက်မြားစွာရှိသေး၍ ၎င်းတိုင်း၌ ဗုဒ္ဓနိုင်ငံတော်ကြီးကား မပျက်မစီးရှိလာခဲ့ကြလေသည်။

ထိုသို့ နိုင်ငံခြားဘာသာခြားတို့ ဝင်ရောက်ဖျက်ဆီး၍ အတန်ငယ်ပျက်စီးသော်လည်း ၎င်းတို့ဆည်းပူးလာခဲ့သော ပိဋကတ်ကျမ်းဂန်များနှင့်တကွ ကျမ်းဂန်တတ်မြောက်ကျွမ်းကျင်တော်မူကြသော ပညာရှိရဟန်းတော်တို့ကား သာသနာတော်တိုးပွားအောင် အားထုတ်ဆောင်ရွက်ကြကြောင်း၊ ၎င်းသာသနာပြုတို့သည်ကား သာသနာနှင့် ဆန့်ကျင်ဘက်ဖြစ်သော တာအိုဘာသာဝင် ဘုရင်များကဲ့သို့ အာဏာစိုးမိုးအုပ်ချုပ်လျက် ဖျက်ဆီးခြင်းမဟုတ်သောကြောင့် သာသနာ့ဝန်ထမ်း ရဟန်းများနှင့် ကျောင်း, ဘုရား, တန်ဆောင်းများ မဖျက်ဆီးနိုင်ကြဘဲ ၎င်းတို့ဘာသာထဲသို့အချို့ဝင်သွားကြ၍ အနည်းငယ်မျှသာ သာသနာအားနည်းခဲ့ကြောင်းကိုလည်း ကောင်းစွာမှတ်သားအပ်ကုန်၏။

ထိုနိုင်ငံခြား သာသနာပြုများ ဝင်ရောက်ကြသည့်အတွက် မူလသာသနာတော်မှာ ကျမ်းဂန်များနှင့်တကွ ခိုင်မြဲစွာတည်ရှိလာကြောင်းမှာ သာသနာ့ဆန့်ကျင်ဘက် တာအိုဘုရင်များလက်ထက် ဗုဒ္ဓစာပေများနှင့်ပညာရှိများ ဖျက်ဆီးကြသည့်အတွက် ၎င်းတို့တန်ခိုးအာဏာ နိမ့်ကျသွားသောအခါ ပညာရှိများ အထူးစည်းဝေးကြကာ ဗုဒ္ဓဘာသာကျမ်းဂန်စာပေများကို စုဆောင်းရှာဖွေကြပြီးလျှင် သာသနာတော် ၁၅၁၆-ခုနှစ်၌ ပိဋကတ်များကို စတင်ပုံနှိပ်ထုတ်ဝေ ဖြန့်ဖြူးခဲ့ရသည့်အပြင် (မင်းမည်သည်) မင်းမျိုးအနွယ်များတန်ခိုးအာဏာ တိုးတက်လာ၍ ၎င်းတို့သည် ဗုဒ္ဓသာသနာတော်ကို ယုံကြည်ကိုးစားသည်အားလျော်စွာ ၎င်းမင်းဆက် တွန်ဂူဘုရင်မင်းလက်ထက် ပိဋကတ်တော်များကို ထပ်မံစုဆောင်း ပုံနှိပ် ဖြန့်ဖြူးပျံ့နှံ့စေရာ သာသနာတော် ၁၆၁၉-ခုနှစ်မှာ ပြီးစီးသွားကြောင်း ၎င်းတို့မှတ်တမ်းတွင် ထင်ရှားစွာဆိုသောကြောင့် ကျမ်းဂန်များ မပျောက်မကွယ်, မတိမ်မမြုပ်ကြောင်းလည်း ကောင်းစွာမှတ်သားအပ်ကုန်၏။

ထိုမှတပါးလည်း ဤပိဋကတ်များ ရှာဖွေစုဆောင်းပုံနှိပ်ဖြန့်ဖြူးပြီးနောက် အနှစ် ၅၀-လောက်တွင် တွန်ယိုဘုရင်များ အာဏာတန်ခိုး လွှမ်းမိုးလာသောခါ၌လည်း ထပ်မံ၍ စာပေကျမ်းဂန်များ စုဆောင်းရှာဖွေ ပုံနှိပ်ဖြန့်ဖြူးပြန်ရာ ပထမပုံနှိပ်ဖြန့်ဝေသော ပိဋကတ်များနှင့် အနည်းငယ်ခြားနားသဖြင့် ရှေးကပုံနှိပ်ခဲ့သော ပိဋကတ်များကို တရုတ်ပြည်တောင်ပိုင်း မြို့တော်နန်းကင်မြို့တွင် ထုတ်ဝေဖြန့်ချိသောကြောင့် တောင်ပိုင်းပိဋကတ်ဟု ခေါ်

သည့်အပြင် ဒုတိယအကြိမ် ထပ်မံပုံနှိပ်ဖြန့်ဝေကာ ပိဋကတ်ကို တရုတ်ပြည်ကြီးမြောက်ပိုင်းဖြစ်သော ပီကင်းမြို့တော်မှာ ပုံနှိပ်ဖြန့်ဖြူးသောကြောင့် မြောက်ပိုင်းပိဋကတ်ဟု အသီးသီးခေါ်ဆိုကြကုန်၏။

ဤသို့လျှင် တရုတ်ပြည် သာသနာတော်ကြီးသည် အနှစ် ၂၀၀၀-တိုင်အောင် တည်ရှိ ထွန်းကားခဲ့ကြ၍ ၎င်းတို့အားလျော်စွာ သာသနာ၌ တိုးတက်ရာတိုးတက်ကြောင်းကောင်းစွာ အားထုတ်ဆောင်ရွက်ခဲ့ကြသည့်အပြင် ၎င်းပိဋကတ်ကျမ်းဂန်စာပေများကိုလည်း အထူး စုဆောင်းရှာဖွေကြလျက် မပျက်စီးစေရန် ပညာရှိအပေါင်း စုဝေးတိုင်ပင်ညီညွတ်စေပြီးလျှင် ပညာရှိသဘင်အလယ်၌ တည်းဖြတ်ပြင်ဆင် ၎င်းတို့မှတ်တမ်းတင်ကာ သာသနာတော်အကျိုး ကောင်းစွာသည်ပိုး ဆောင်ရွက်ခဲ့ကြလေသည်။

## မွန်ဂိုလီးယား မင်းမျိုးများလက်ထက် သာသနာနှင့် စာပေတိုးတက်ခြင်း

**တရုတ်ပြည်သာသနာမှာ**

- ဆိုခဲ့ပြီးအပိုင်းကဏ္ဍက ဖော်ပြသည့်အတိုင်း အိန္ဒိယအလယ်ပိုင်းနိုင်ငံများ၌ သာသနာ ၁၀၀၀-ကျော်ခေတ်က ထွန်းကားခဲ့သော မဟာယာန အယူဝါဒများနှင့်
- အနောက်ပိုင်းတိုင်းနယ်များ၌ ထွန်းပသော မဟာသံဃိကဂိုဏ်းဝါဒ များသာဖြစ်၍ စုဆောင်းပြုစုကြသော စာပေကျမ်းဂန်များလည်း
- ၎င်းတို့ဝါဒအားလျော်စွာ ရေးသားအပ်သော ထိုတိုင်းနယ်များမှ ယူဆောင်လာခဲ့သော ပိဋကတ်စာပေများသာဖြစ်ကြောင်း သိမှတ်ခဲ့ရပြီ။

သို့ရာတွင် မွန်ဂိုလီးယား သာသနာမှာ-

များသောအားဖြင့် တိဗက်မှ ဆင်းသက်လာ ၍ တိဗက်လာမ သာသနာဖြစ်ကြောင်း ဆိုခဲ့ပြီးသောအပိုင်းက ဖော်ပြခဲ့သည့်အတိုင်း ၎င်းတိဗက်မှာ အလယ်ပိုင်း မဇ္ဈိမတိုင်းမှ ရောက်လာသော်လည်း ထိုခေတ်၌ ၎င်းတိုင်းနယ် သာသနာတော်မှာ တန္တြ, မန္တြ ဗြာဟ္မဏဘာသာနှင့် ရောပြွမ်းနေကာမူလ ဘာသာမှ ပြောင်းလဲနေ၍ ၎င်းတို့တိဗက်ရောက်သွားသဖြင့် လာမဘာသာသို့ပြောင်းပြီး မူရင်း သဗ္ဗတ္ထိဝါဒဂိုဏ်း, ယောဂါစာရဂိုဏ်း, မဇ္ဈာမိကဂိုဏ်းတို့နှင့် များစွာခြားနားလာခဲ့ကြကုန်သည်။

တရုတ်ပြည်ကြီး၌ ၎င်းမွန်ဂိုလီးယားမင်းမျိုးများ တန်ခိုးကြီးလျက် ၎င်းတို့အာဏာစက်အောက် ရောက်သောအခါ ၎င်းတို့နှစ်သက်ရာ တိဗက်သာသနာကိုသာလျှင် ပြုစု

အားထုတ်ကာ ၎င်းစာပေများကိုသာ စုဆောင်းရှာဖွေအားပေးကြ၍ မူလမဟာယာန ဂိုဏ်းသားတို့မှာကား ၎င်းတို့၏ပညာရှိအများတို့နှင့် ညှိနှိုင်းကာ ၎င်းတို့သာသနာကို ဆောင်ရွက်အားထုတ်၊ ကျမ်းစာများ စုဆောင်းရှာဖွေကြကုန်၏။

အထူးအားဖြင့် ၎င်းရာဇဝင်တွင် ထင်ရှားသော ဧကရာဇ်ဘုရင်ကြီးကုဗလခန် လက်ထက်၌ ပညာရှိအစည်းရုံးကြီးဖွဲ့စည်းလျက် ၎င်းလာမသာသနာဆိုင်ရာ ကျမ်းဂန်စောင်ရေ ၁၄၁၁-မျှ မွန်ဂိုလီးယားဘာသာ ပြန်ဆိုပြုစု သုတ်သင်ကြကြောင်းများ ရေးသားခဲ့ရာ ၎င်းစာပေများမှာ ယခုရေးဆဲခေတ်၌ တောင်ပိုင်း, မြောက်ပိုင်း ပိဋကတ်စာပေစုဆောင်းရေးများနှင့် တခြားစီဖြစ်ခဲ့လေသည်။

**၎င်းတရုတ်ပြည် တောင်ပိုင်း, မြောက်ပိုင်း မဟာယာန သာသနာစာပေတို့မှာ-**

မူအားဖြင့် မဇ္ဈိမအလယ်ပိုင်းဌာနတွင် ဖြစ်ထွန်းသော မဟာယာနမူရင်းမှ ဘာသာပြန်ဆိုသော ပိဋကတ်စာပေများသာဖြစ်၍-

များသောအားဖြင့် **မွန်ဂိုလီးယားမင်းများလက်ထက် စုဆောင်းသော ပိဋကတ်စာပေများမှာကား** မဟာယာနမူရင်းမှ ပြင်ဆင်လာခဲ့ကြသော **လာမအယူ** ဝါဒကျမ်းဂန် စာပေများသာဖြစ်သောကြောင့် ၎င်းမဟာယာနမူရင်းမှလည်း ခြားနားကြကုန်၏။

၎င်းပြင် သာသနာတော် ၁၈၂၉-မှ ၃၀-ခုနှစ်တို့၌ စုဆောင်းထုတ်ဝေသော တရုတ်ပြည် စာပေကျမ်းဂန်များ၏ အကြောင်းအရာများရေးသားဖော်ပြသော **ချင်ချိယုန်အမည်ရှိ** တရုတ်ပညာရှိ ၁-ဦး ရေးသားသည့် **တရုတ်ပြည်ပိဋကတ်စာပေသမိုင်း၌**

သာသနာတော် ၁၈၁၁-ခုနှစ်မှ ၁၈၂၉-ခုနှစ်တိုင်အောင် ၂၂-နိုင်ငံမှ ပညာရှိ ၁၉၄-ယောက်ပါဝင်သော အဖွဲ့စည်းကြီးကို တည်ထောင်ပြီးလျှင် တရုတ်ပြည်ပိဋကတ်စာပေများကို **သုတ်သင်ပြင်ဆင် ပြန်ဆိုရေးသားသော ပိဋကတ်စာပေများမှာ-** စောင်ရေ ၁၄၄၀-ရှိ၍ ကဏ္ဍပေါင်း ၅၅၆၈-ကဏ္ဍရှိကြောင်း ၎င်းတို့မှာ အထူးထူးသော ဗုဒ္ဓဘာသာကျမ်းဂန်များနှင့် အယူဝါဒများကိုဖော်ပြသော အိန္ဒိယစာပေ ၉၅-စောင် တရုတ်စာပေ ၁၁၈-စောင် တို့ကိုလည်း တိဗက်မူလဘာသာစာပေများနှင့် ညှိနှိုင်းဝေဖန်လျက် ပြုစုရေးသားကြကြောင်း" ရေးသားဖော်ပြကုန်၏။

ဤသို့အားဖြင့် တရုတ်ပြည်ကြီး၌ မွန်ဂိုလီးယားမင်းမျိုးများ တန်ခိုးကြီးသော သာသနာ ၁၉၁၂-ခုနှစ်တိုင်အောင်သော တရုတ်မွန်ဂိုလီးယားခေတ် **ကုဗလခန် ဧကရာဇ်မင်း တရားကြီး**လက်ထက် ပညာရှိ ၂၈-ဦးပါဝင်သည့် အဖွဲ့ကြီးဖွဲ့စည်းကာ ပြီးလျှင် ပိဋကတ်များ သုတ်သင်ပြုစုသည့်အပြင် သာသနာတော် ၁၈၁၃-ခုနှစ်၌ ပညာရှိ ၁၉၄-ယောက်

ပါဝင်သော အဖွဲ့ကြီး ဖွဲ့စည်းကာ တိဗက်၊ မွန်ဂိုလီးယား၊ တရုတ်၊ အိန္ဒိယတိုင်းနယ်များရှိ မဟာယာနကျမ်းဂန် စာပေ အမြောက်အများကို ပြုစုစီရင် သုတ်သင်သန့်ရှင်းစေခြင်းကြောင့် ဗုဒ္ဓနိုင်ငံတော်ကြီးသည် ၎င်းတိုင်းနယ်တို့၌ တိုးတက်ထွန်းကားလာခဲ့လေသည်။

၎င်းမွန်ဂိုလီးယားမင်းမျိုးများ တန်ခိုးအာဏာ အရှိန်အဝါနည်းပါးလာသောအခါ သာသနာတော် ၁၉၁၂-ခုနှစ်မှ ၂၀၈၈-ခုတိုင် အောင်မင်းမည်သော မင်းမျိုးများ တန်ခိုးအာဏာလွှမ်းမိုးသောအခါ၌လည်း ပြဆိုရေးသားခဲ့ပြီးသော တရုတ်ပြည်မြောက်ပိုင်း ပိဋကတ်စာပေ စုဆောင်းပြုပြင်ရေးအဖွဲ့ကြီးများ တည်ထောင်ဖွဲ့စည်းကာ ကျမ်းစာများကို သုတ်သင်ပြုစုကြောင်း ဖော်ပြသည်နှင့်အညီ ဗုဒ္ဓသာသနာတော်မြတ်နှင့်တကွ ပိဋကတ်စာပေများ တိုးပွားပြန့်ပြောအောင် ဆောင်ရွက်အားထုတ်ခဲ့ကြသဖြင့် သာသနာတော် ၂၀၀၀-ကျော်အောင်ပင် တရုတ်, မွန်ဂိုလီးယား, တိဗက်ပြည်များ၌ ဗုဒ္ဓနိုင်ငံတော် ထွန်းလင်းလျက်တည်ရှိကြောင်း ကောင်းစွာ မှတ်ယူအပ်ကုန်၏။

ထိုစဉ်အခါ တိဗက်, မွန်ဂိုလီးယား သာသနာရေးမှာ ဆက်သွယ်ရင်းနှီးကာ တသာသနာတည်းကဲ့သို့ဖြစ်ပြီး တောရဂိုဏ်း, အဝါဂိုဏ်းကြီး ကြီးပွားတိုးတက်အောင် အားထုတ်ကြိုးပမ်းနေသောခေတ်ဖြစ်၍ ဗရိပုန်တောရကျောင်းတိုက်ကြီးနှင့် ဆေရာကျောင်းတိုက်ကြီးများ ထွန်းကားလာခဲ့ပြီ ၎င်းဂိုဏ်းဝင် ရဟန်းပေါင်းလည်း ၃၀,၀၀၀-(သုံးသောင်း) ကျော်မျှ တိုးတက်များပြားလာကြောင်း, ထိုသာသနာ ၁၅၀၀-မှ ၂၀၀၀ ကျော်အထိ ၎င်းတိုင်းနယ် သာသနာဝင်မှတ်တမ်းများ၌ ထူးခြားသော သာသနာ့ခေတ်ကြီး တစ်ခုဖြစ်ကြောင်း ရေးသားခဲ့ကြကုန်၏။

၎င်းနောက် သာသနာတော် ၂၀၀၀-ကျော်မှာကား ခရစ်ယာန်သာသနာပြုများ ဝင်ရောက်လာခြင်းအားဖြင့် သာသနာတော် အနည်းငယ်ညှိုးနွမ်းခဲ့ကြောင်း ဖော်ပြရေးသားခဲ့သည့်အပြင် သာသနာတော် ၂၂၀၀-ကျော်မှာလည်း မန်ချူရီးယား တန်ခိုးကြီးလာသောခေတ်၌ သာသနာတော် အားမပေးဘဲ ဖိနှိပ်ကွပ်ညှပ်သော ဥပဒေပညတ်ချက်များ ပြုလုပ်လာသဖြင့် သာသနာတော် အနည်းငယ်ညှိုးနွမ်းသော တဖန်ခေတ်ဆိုးကြီး ဆိုက်ရောက်လာသော်လည်း ၎င်းပြည်ကြီး၌ သာသနာတော်ဘက် ဆောင်ရွက်အားထုတ်ကြသော ရဟန်း-တော်များရှိကြ၍ ယခုတိုင်စည်ကားလျက်ရှိကြောင်း ကောင်းစွာ မှတ်အပ်ကုန်၏။

ဤတွင် တရုတ်၊ တိဗက်၊ မွန်ဂိုလီးယား ၂,၀၀၀-တိုင်အောင်
ဗုဒ္ဓသာသနာအကြောင်း အတ္ထုပ္ပတ္တိ ပြီးပြည့်စုံပြီ။

✪ ✪ ✪ ✪ ✪

## သာသနာနှစ် (၁၅၀၀-၂၀၀၀) အတွင်း ဂျပန်ပြည် ဗုဒ္ဓနိုင်ငံတော်

သာသနာတော် အနှစ် ၁၀၀၀-ကျော်ခေတ်က ဖြစ်ပွားခဲ့သော *(သာသနာသည်)* **အင်ပါရာဘုရင်မကြီး ဆူအီကိုလက်ထက်** ဂျပန်ပြည်သို့ ကိုရီးယားမှ ရောက်ရှိလာခဲ့ရာ

- ၎င်းသာသနာတော်မှာ ရှိရင်းဖြစ်သော ရှင်တိုဘာသာနှင့်လည်း မဆန့်ကျင်သဖြင့် တစ်ကြောင်း၊
- ၎င်းရှင်တိုဘာသာမှာ ကိုးကွယ်ဆည်းကပ်မှုသာရှိ၍ လိုက်နာကျင့်သုံးအပ်သော အဆုံးမတရားကား-ထင်ရှားစွာမရှိဘဲ ဗုဒ္ဓဘာသာတရားတော်မှာကား များစွာ ကျင့်သုံးလိုက်နာအပ်သော တရားများစွာရှိ၍ ၎င်းဘာသာအရ ကျင့်သုံးနိုင်သဖြင့် တစ်ကြောင်း-

ဤသို့သော အကြောင်းများကြောင့် ၎င်းရှင်တိုဘာသာကလည်း ဧည့်ခံသဖြင့် နန်းတော်, အိမ်တော်အစိုးရအဖွဲ့နှင့်တကွ တိုင်းသူပြည်သား လူအများတို့အား ကောင်းသောတရားတို့ကို ညွှန်ပြကာ ၎င်းကျွန်းဝယ် တိုးတက်ကြီးပွားလာခဲ့လေသည်။ ဤသို့ ဂျပန်တိုင်းနိုင်ငံကြီး၌ ဘုရား, တရား, သံဃာ ရတနာ ၃-ပါး၏ ဂုဏ်ရောင် ထွန်းပြောင်တောက်ပ ဗုဒ္ဓနိုင်ငံတော်ပေါ် ထွန်းလာစက ၎င်းနိုင်ငံ အရှင်ဧကရီဘုရင်မကြီးက ကိုရီးယားဘုရင် ညွှန်ပြသည့် တရားမှန်နှင့် ကြည်လင်တောက်ပသော ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ရသဖြင့် အလွန်ရွှင်ပြ ဝမ်းမြောက်စွာနှင့်-

"ဤသို့ချိုသော အေးမြမွန်မြတ်လှသော အဆုံးအမ တရားတော်ကား ကျွန်ုပ်ဘယ်အခါမှ မကြားခဲ့ဖူးသည်ကို ကြားရပါသည်။ ဤသို့တောက်ပြောင် လှပသပ္ပါယ်လှသော ဗုဒ္ဓမျက်နှာတော်ကဲ့သို့ ယဉ်ကျေးတည်ကြည် သပ္ပါယ်လှသည်ကို မဖူးမြင်ခဲ့ဖူးပါ"ဟု အလွန်ဝမ်းမြောက်လှသဖြင့် ပြောဆိုခဲ့လေသည်။

ဤသို့ဝမ်းမြောက်ဝမ်းသာ ကြားသိဖူးမြင်ရသောအခါ ၎င်းဘာသာတော်မြတ်အတွက် ဆွေးနွေးတိုင်ပင် မျှူးမတ်အစုံအလင်တို့၏ အကြံဉာဏ်များတောင်းရာ **ဆိုဂါအမျိုးသား** ခေါင်းဆောင်တစ်ဦးက "ဗုဒ္ဓတရားတော်ကို ကမ္ဘာတွင်ရှိနိုင်ငံများစွာက လက်ခံ-ခွင့်ပြုကာ လေ့လာအားထုတ်ကြပါသည်။ သို့ပါ၍ ဤဂျပန်နိုင်ငံတော်ကြီးက လက်မခံနိုင်ရန် အကြောင်းခြင်းရာ မရှိပါ"ဟု ပြောဆိုသည်တွင် **မို နို နို ဘီ** အမျိုးသား ခေါင်းဆောင်တစ်ဦးက "ဂျပန်နိုင်ငံတော် ဘုရင်အဆက်ဆက်တို့ ကိုးကွယ်ပသ အရိုအသေ ပူဇော်လာခဲ့ကြသော များပြားစွာသော နတ်တို့အား နှစ်စဉ်လတိုင်း ပူဇော်လာခဲ့ကြသော များပြားစွာသော နတ်တို့အား နှစ်စဉ်နှစ်တိုင်း ပူဇော်ပွဲများ ခင်းကျင်း ပူဇော်လာခဲ့ရာ နိုင်ငံခြားမှ ဗုဒ္ဓမြတ်စွာ ခွင့်ပြုလျှင် ၎င်းတို့နှင့် ဆန့်ကျင်ပါလိမ့်မည်"ဟု ကန့်ကွက်ပြောဆိုသဖြင့် ဘုရင်က ၎င်း

ဆိုဂါအမျိုးသားတို့အား ရုပ်ပွားတော်အပ်နှင်းကာ ၎င်းဘာသာတော်မြတ်ကို ပြုစုအားထုတ်စေတော်မူခဲ့လေသည်။

သို့ရာတွင် ၎င်းရှင်တိုဘာသာကား လွန်ပြီးသော မိဘဘိုးဘွား အစဉ်အလာများနှင့် တော, တောင်, ရေ, မြေ, နေ, လ, နက္ခတ်, တာရာ ကမ္ဘာ၏သဘာဝ နိယာမတို့၌ အုပ်စိုးသည့် အမျိုးမျိုးသော နတ်တို့ကို ကိုးကွယ်၍ ၎င်းတို့မှာ "ဟိန္ဒူဘာသာ၌ **အဒိတိ** မည်သော နတ်သမီးမှ ဆင်းသက်ဖြစ်ပွားလာသဖြင့် **အာဒိစ္စမည်သော** နေနတ်သား ဖြစ်ပေါ်လာသကဲ့သို့" **အမတေ-ရစုအိုမိကာမိ ကောင်းကင်ဘုရင်နေနတ်သမီးကြီးမှ** ဆင်းသက်ဖြစ်ပွားလာခဲ့၍ ၎င်းနတ်သမီးကြီး အမှူးထားသော (၈၀,၀၀,၀၀၀) ရှစ်သန်းမျှသော နတ်သား, နတ်သမီးတို့ကို ကိုးကွယ်ဆည်းကပ် ပူဇော်ခဲ့ကြလေသည်။

ဗုဒ္ဓဘာသာတော်ကြီးမှာ ဤကဲ့သို့ အဆက်ဆက်စွဲမြဲစွာ ကိုးကွယ်လာခဲ့သော ရှင်တိုဘာသာနှင့်လည်း ဆန့်ကျင်ခြင်းမရှိ ၎င်းရောက်လာသော မဟာယာနဘာသာများမှာလည်း နတ်များနှင့် ရောနှောသော ဗြာဟ္မဏဘာသာတမျှ ဖြစ်သည်အားလျော်စွာ ကျင့်စဉ်တရားများမှာကား ဗုဒ္ဓအယူဝါဒ ညွှန်ပြသည့်အတိုင်းဖြစ်၍ လောကအလိုက် နှစ်ချိုက်စွာ ယူနိုင်သောကြောင့် နောက်အခါ၌ ရှိရင်းရှင်တိုဘာသာနှင့် ရောနှောပေါင်းစည်းကာ ဗုဒ္ဓအယူဝါဒသာ များပြားတိုးတက်လာလျက် ဗုဒ္ဓနိုင်ငံတော်ကြီး ပြန့်ကျယ်ထွန်းကားသွားခဲ့လေသည်။

ထိုရှိရင်းဖြစ်သော ရှင်တိုဘာသာမှာလည်း အားနည်းလျက် ပျက်ကွယ်တိမ်မြုပ်ခြင်းမရှိဘဲ ၎င်းဝါဒစွဲမြဲသူများလည်း သာသနာ ၂၀၀၀-ကျော် ယခုတိုင်အောင်ပင် ထင်ရှားရှိကြ၍ ၎င်းတို့ဘာသာ သန့်ရှင်းစွာဖြစ်ဖို့ အားထုတ်ကြိုးစားကြသဖြင့် ၎င်းမှာ အနည်းငယ် မှေးမှိန်ညှိုးနွမ်းရာမှ လန်းဆန်းကာ သာသနာ ၂၃၀၀-ကျော်ခေတ်မှာ ပေါ်လွင်ထင်ရှား အနည်းငယ် စည်ပင်ပြန့်ပွား ကျယ်ပြန့်သွားခဲ့လေသည်။

## ဂျပန်ပြည်၌ ဂိုဏ်းကွဲပြားလာခြင်း

ဂျပန်ပြည်၌ ကိုရီးယားပြည်, တရုတ်ပြည်ကြီးတို့မှ သာသနာတော်ရောက်လာကာ ၎င်းသာသနာကြီး တိုးပွားကျယ်ပြန့်အောင် အားထုတ်ဆောင်ရွက် တိုးတက်ဖြစ်ထွန်းလာ၍ ရှင်တိုဘာသာနှင့်လည်း ယှဉ်တွဲကာ နိုင်ငံအလုံး ပျံ့နှံ့လျက် သာသနာတော် ၁၂၀၀-တိုင်အောင် ဂိုဏ်းဂဏမကွဲပြားဘဲ တစ်သာသနာတည်း ညီညွတ်စွာ သာသနာတော်အရောင်ထွန်းပြောင်တောက်ပလာခဲ့ရာ သာသနာတော် ၁,၂၀၀-ကျော်မှာ ဂျပန်ပြည်ကြီး၏ တောင်ပိုင်း **နာရမြို့တော်ကြီး** ကောင်းစားစဉ်က-

| | |
|---|---|
| ၁။ **ဆန်ရှန်ဂိုဏ်း** | ၂။ **ဂိုဂျိ-တ်ဆုဂိုဏ်း** |
| ၃။ **ဟူယှုဂိုဏ်း** | ၄။ **ရိ-တ်-စုဂိုဏ်း** |
| ၅။ **ဟိုစိုဂိုဏ်း** | ၆။ **ကီဂုန်ဂိုဏ်း** |

အားဖြင့် ၆-ဂိုဏ်းကွဲပြားခဲ့သည်တွင် (၁)ဆန်ရှန်ဂိုဏ်း (၂)ဂိုဂျိ-တ် ဆုဂိုဏ်း (၃)ဟူယှုဂိုဏ်း ဤ ၃-ဂိုဏ်းမှာ ကြာမြင့်စွာမတည်ဘဲ (၄)ရိ-တ်-စုဂိုဏ်း (၅)ဟိုစိုဂိုဏ်း (၆)ကီဂုန်ဂိုဏ်း၊ ဤ ၃-ဂိုဏ်းသာလျှင် ယခုတိုင် ကြီးပွားလျက် ရှိနေခဲ့လေသည်။

ဤတည်မြဲလျက်ရှိနေသော ဂိုဏ်းကြီး ၃-ဂိုဏ်းတွင်-

၁။ သာသနာ ၁၁၉၇-ခုနှစ်မှာ ဒိုးရှိဆရာတော်သည် **ဟိုစိုဂိုဏ်း**ကို တည်ထောင်ခဲ့လေသည်။

၂။ သာသနာ ၁၂၈၀-ခုနှစ်မှာ ဒိုးရှန်ဆရာတော်သည် **ကီဂုန်ဂိုဏ်း**ကို တည်ထောင်ခဲ့လေသည်။

၃။ သာသနာ ၁၂၉၈-ခုမှာ **ဂန်ဂျင်ဆရာတော်**သည် **ရိ-တ်-စုဂိုဏ်း**ကို တည်ထောင်ခဲ့လေသည်။

ထိုနောက် သာသနာတော် ၁၃၀၀-ကျော်မှာ ရှင်တိုဘာသာ၌ ထင်ရှားသော နတ်များကား 'ဗုဒ္ဓ အယူဝါဒအားလျော်စွာ ပူဇော်ကြသော နတ်များဖြစ်ကြောင်း'၊ ၎င်းနတ်တို့ကို ဗုဒ္ဓဘာသာသို့ သိပ်သွင်းကာ ဟောပြောလျက် ပြည်အလုံး ဗုဒ္ဓဘာသာသို့ ညွတ်လာအောင် သာသနာတော်ကြီးစားအားထုတ် ပြုစုကြသော ဆရာတော်ကြီး၂-ပါး ထွန်းကား၍ ၎င်းဆရာတော်ကြီး ၂-ပါးတွင်-

၁။ **ဆယ်ချိုဆရာတော်** သို့မဟုတ် **ဒင်ဂျိုဆရာတော်**

၎င်းဆရာတော်သည် သာသနာတော် ၁၃၁၁-ခုမှ ၁၃၆၆-ခုနှစ်အတွင်း **တင်ဒယ်ဂိုဏ်းကြီး** တည်ထောင်တော်မူပြီး တိုကျိုမြို့၊ အရှေ့မြောက်အရပ်တွင် တည်ရှိသော **ဟိအီတောင်ထိပ်**၌ ၎င်းဂိုဏ်းကြီး၏ အချက်အချာ ဗဟိုဌာနအဖြစ် ကျောင်းတော်ကြီးကို တည်ထောင်ဖန်ဆင်းပြီးလျှင် ဗုဒ္ဓဘာသာအယူဝါဒကို ဟောပြောကာ နေတော်မူခဲ့၍-

## ၂။ ကူကယ်ဆရာတော် သို့မဟုတ် ကိုဘိုဒယ်ရှိဆရာတော်

ဎင်းဆရာတော်ကြီးသည် သာသနာတော် ၁၃၁၀-ခုမှ ၁၃၇၉-ခုနှစ် အတွင်း ရှင်ဂုန်ဂိုဏ်းကြီးကို တည်ထောင်ပြီးကာ ဂျပန်ပြည်တောင်ပိုင်း နာရမြို့ တော်ကြီး၏တောင်ဘက် ကိုယမည်သောတောင်ထိပ်၌ ဎင်းဂိုဏ်းကြီး၏ အချက် အချာဗဟိုဌာနအဖြစ်ဖြင့် ကျောင်းတော်ကြီးကို တည်ထောင်ဖန်ဆင်းပြီးလျှင် ဎင်းနယ်အဝှန်း၌ တရားဓမ္မ ဟောပြတော်မူပြီး ဝါဒဖြန့်ဖြူးကာ သာသနာပြုစု အားထုတ်တော်မူခဲ့လေသည်။

ဤကျောင်းတော်ကြီး ၂-ကျောင်းသည် ဂျပန်ပြည်ကြီးတွင် အချက်အချာ အရင်း မူလဖြစ်သော ကျောင်းတော်ကြီးများဖြစ်ကြ၍ ဤဂိုဏ်းတော်ကြီး ၂-ဂိုဏ်းသည်လည်း ပင်မကြီးသဖွယ်ဖြစ်သော ဂိုဏ်းတော်ကြီးများ ဖြစ်ကြပြီးလျှင် ထိုစဉ်အခါမှစ၍ ကြီးပွား တိုးတက်လာရာ ၁၃၀၈-ကျော်မှ ၁၇၀၀-အတွင်း ဎင်းဂိုဏ်းကြီး ၂-ဂိုဏ်း၏ ဆရာစဉ်ဆက် ဆင်းသက်ဟောပြောမှုများကြောင့် တစ်ပြည်လုံး ဗုဒ္ဓဘာသာသို့ ညွတ်လာကြ၍ ဗုဒ္ဓနိုင်ငံ- တော်ကြီးမှာ ဤကျွန်းကြီး၌ အကျယ်ပြန့်ဆုံးသို့ ရောက်ခဲ့လေသည်။

သို့ရာတွင် အဆက်ဆက်ဆရာတော်တို့ကား မူလတည်ထောင်ဖန်ဆင်းခဲ့ကြသော ဆရာတော်ကြီးလောက် တရားဓမ္မအားထုတ်ကျင့်ကြံမှု တဖြေးဖြေး နည်းပါးလာခဲ့ကြ၍ တစတစ ပျက်ပြားလာခဲ့ကြရာ သာသနာတော် ၁၆၀၀-ကျော်မှာ-

၁။ ဇင်ရှူဂိုဏ်း

၂။ ဂျိုဒိုရှူဂိုဏ်း

၃။ ရှင်ရှူဂိုဏ်း

၄။ နိချိရင်ဂိုဏ်း-

အားဖြင့် ဂိုဏ်းသစ် ၄-ဂိုဏ်း နောက်ထပ်ဖြစ်ပွားခဲ့လေသည်။ ဎင်းတို့တွင်-

**၁။ ဇင်ရှူဂိုဏ်းမှာ-**

သာသနာတော် ၁၆၈၅-ခု မှ ၁၇၅၉-ခုနှစ်အတွင်း ထင်ရှားကျော်စော သော ဒိုဂျင်ဆရာတော်ကြီးတို့ တည်ထောင်ကြ၍ ဎင်းဂိုဏ်း၏အခြေအမြစ် မူရင်း ကား တရုတ်ပြည်တွင် ထင်ရှားသော အရှင်ဗောဓိဓမ္မ တည်ထောင်ဖန်ဆင်းခဲ့ သည့် ဈာန်ဂိုဏ်းဖြစ်၍ ဎင်းဂိုဏ်းအယူဝါဒအရ သီလ, သမာဓိ, ပညာနှင့် သမထ, ဘာဝနာ, ကမ္မဋ္ဌာန်းများ ပွားများအားထုတ်ကာ ခြိုးခြံစွာကျင့်ရ၍ ထိုခေတ်က ကျင့်ကြံလိုသူများ သက်ဝင်ကြလေသည်။

၂။ **ဂျိုဒိုရှူဂိုဏ်းမှာ-**

သာသနာတော် ၁၆၇၇-ခုမှ ၁၇၅၉-ခုနှစ်အတွင်း ကျော်စောထင်ရှားသော **ဟိုနင်ဆရာတော်ကြီး** တည်ထောင် ဖန်ဆင်းခဲ့လေသည်။

၃။ **ရှင်ရှူဂိုဏ်းမှာ-**

သာသနာတော် ၁၇၁၇-ခုနှစ်မှ ၁၈၁၆-ခုနှစ်အတွင်း ထင်ရှားကျော်စော ခဲ့သော ၎င်းဟိုနင်ဆရာတော်ကြီးတပည့် **ရှင်ရန်ဆရာတော်ကလေး** တည်ထောင်၍ ဝါဒဖြန့်ဖြူး အားထုတ်ခဲ့လေသည်။

၄။ **နိချီရန်ရှူဂိုဏ်းမှာ-**

သာသနာတော် ၁၇၆၆-ခု မှ ၁၈၂၆-ခုအတွင်း၌ ထင်ရှားကျော်စောခဲ့ သော **နိချီရင်ဆရာတော်**သည် တရုတ်ပြည်၌ ထင်ရှားသော **တင်တယ်ဂိုဏ်း**သားများ လေးစားသည့် **သဒ္ဓမ္မပုဏ္ဍရိကကျမ်း** သို့မဟုတ် သုတ္တန်မှ ဖွင့်ဆိုအပ်သော ဈာန် တရား, ကမ္မဋ္ဌာန်းအကျင့် တရားများချည့်သာ မဟုတ်ဘဲ စာပေပရိယတ်, မရွိမ ပဋိပတ် တရားများလည်း အားထုတ်လေ့လာအပ်သည်ဟု ညွှန်ပြသည့်အတိုင်း ၎င်းကျမ်းကြီးကို မူရင်းထား၍ တည်ထောင်ဖွဲ့စည်းထားသော ဂိုဏ်းကြီးဖြစ်ခဲ့ လေသည်။

ဤသို့အားဖြင့် ဂျပန်ကျွန်းနိုင်ငံအတွင်းမှာ ဗုဒ္ဓနိုင်ငံတော်ကြီး ချင်းနင်းဝင်ရောက် သည်မှစ၍ တစတစ တိုင်းပြည်နိုင်ငံနှင့် သာသနာတော်ကြီး တိုးတက်လာပြီးလျှင် သာသနာ တော်နှစ် ၂၀၀၀-အတွင်းမှာ ဆိုခဲ့ပြီးဂိုဏ်းကြီး ၁၁-ဂိုဏ်းမျှ အယူဝါဒမတူ၍ ကွဲပြားကြသော် လည်း သာသနာ့နိုင်ငံတော်ကြီးဦးရေကား များပြားတိုးတက် ထွန်းကားလာရာ ၎င်းခေတ်ကြီး အတွင်းမှာ **နာရမြို့တော်ကြီး** စည်ပင်ဝပြောလျက် သာသနာတော်လည်း မရေတွက်နိုင် အောင် ကျောင်း, ဘုရား, စေတီများ တည်ထားကိုးကွယ်ကြလေသည်။

ထိုခေတ်အခါကပင် ကမ္ဘာပေါ်တွင် ထင်ရှားကျော်စော ကြီးမားခန့်ထယ်လှသော ကြေးရုပ်ပွားတော်ကြီးများ, ရွှေအလွန်ကျ၍ အခိုင်ခံ့ဆုံးဖြစ်သော သစ်သားစေတီတော်

ကြီးများ-စသော ကမ္ဘာ့အံ့ချီးဖွယ်ရာထဲတွင် ပါဝင်မှတ်သားအပ်သည့် အဆောက်အဦး များအပြင် ဘုရင်မင်းတရားကြီးနှင့်တကွ မင်းမျိုး, ဆွေမျိုးတော်များ, နိုင်ငံတော်တွင် ထင်ရှား ကျော်ကြားသော သူဌေး သူကြွယ်များ, တိုင်းသူပြည်သားတို့ ဗုဒ္ဓတရားတော်ကို လေးစား ကြည်ညိုကြသည့်အလျောက် အမြောက်အမြား ကျောင်း, ကန်, ဘုရား, စေတီပုထိုးများကို လည်း တည်ထားကိုးကွယ်ကြ၍ မြန်မာနိုင်ငံတော်တွင် ပုဂံခေတ်ကောင်းစားစဉ် အဆုံးအစ မရှိသော သာသနာ့အဆောက်အဦးများ တိုးပွားဘိသကဲ့သို့ များပြားလှစွာသော အဆောက် အဦးများ တိုးပွားပြီးလျှင် အစဉ်ထာဝရ သာသနာကြီးပွားမှုကို အရင်းထား၍ ဝတ္ထုကံမြေ များလည်း လှူဒါန်းပူဇော်ကြသဖြင့် သာသနာရေး, သာသနာမှုများမှာ မြန်မာနိုင်ငံတော်၌ ပြုစုကြသည်နှင့်လည်း တူကြကုန်၏။

သို့ရာတွင် ဂျပန်ပြည် ဗုဒ္ဓဘာသာများမှာ အယူဝါဒဂိုဏ်းဂဏကား အလွန်များလှ၍ ဆိုခဲ့ပြီးသော ဂိုဏ်းမူရင်းမှ ၁၁-ဂိုဏ်းစသည် ကွဲပြားပြီး ၎င်းမှလည်း အဆက်ဆက် အဆင့်ဆင့် ကွဲပြားလာခဲ့ကြရာ ၎င်းတို့မှာ အယူဝါဒမခိုင်မြဲမှုအကြောင်းပြု၍ ဖြစ်သဖြင့် မဟာယာနသာသနာကား များသောအားဖြင့် လွယ်ကူသော ဂိုဏ်းအယူဝါဒသို့သာ လိုက်သွားကြသောကြောင့် ထေရဝါဒအယူဝါဒကဲ့သို့ လေးနက်ခိုင်မြဲသော အယူဝါဒ မရှိရကား ဤမျှလောက် များပြားသောဂိုဏ်းများ ဖြစ်ပွားလာခဲ့သည်။

## ၎င်းဂိုဏ်းအားလျော်စွာ ဝတ်ကျောင်းများ တိုးပွားလာကြောင်း

ဤများပြားသော ဂိုဏ်းများအကြောင်းကို ရေးသား၍ လေးနက်သော မှတ်သား ဖွယ်ရာများ မရှိသည့်အပြင် အကျိုးဖြစ်လောက်သော အချိန်လည်း ပြုန်းတီးမည်ဖြစ်သော ကြောင့် ၎င်းတို့ကို မရေးသားတော့ဘဲ ထင်ရှား၍ ပဓာနဖြစ်သော ဂိုဏ်းကြီးများ ရေးသားပြီး ဖြစ်သဖြင့် ၎င်းတို့၏ပူဇော်ရာ ဝတ်ကျောင်း *(ဘုရားရှိခိုးကျောင်း)*များတွင်-

- ဂျိုဒိုရှင်ရှုဂိုဏ်းမှာ ဂိုဏ်းငယ် ၁၀-ဂိုဏ်းမျှရှိ၍
- ဟိဂါရှိနှင့် နိရှိ ဟွန်ဂန်ဂျီ ၂-ဂိုဏ်း မှာ ကျိုတို၌ ထင်ရှားရှိရာ
- ဟိဂါရှိမှာ ၈,၇၇၀-ဝတ်ကျောင်းရှိ၍ နိရှိမှာ ၉,၈၃၀-ရှိခဲ့လေသည်။

ဤသို့စသည် ဝတ်ကျောင်းများ၏ အရေအတွက်များနှင့် ၎င်းဂိုဏ်းဝါဒလိုက်နာကြ သူများ အောက်ပါအတိုင်း မှတ်သားအပ်ကုန်၏။

| စဉ် | ဂိုဏ်း | ဝတ်ကျောင်း | လိုက်နာသူ |
|---|---|---|---|
| ၁။ | ဟောစိုရှု | ၈၃ | ၄၀၀ |
| ၂။ | ကီဝွန်ရှု | ၄၃ | ၅၀၉၀၀ |
| ၃။ | ရိတ်ရှု | ၂၀ | ၄၉၀၀ |
| ၄။ | တင်ဒယ်ရှု | ၄၉၀၀ | ၂၀၇၄၀၀ |
| ၅။ | ရှင်ဝွန်ရှု | ၁၁၈၆၅ | ၃၉၀၃၇၀၀ |
| ၆။ | ယုဆုနင်ဘုရှု | ၃၅၇ | ၃၅၀၀၀ |
| ၇။ | ဂျိုဒိုရှု | ၈၇၅၈ | ၃၉၀၃၇၀၀ |
| ၈။ | ရှင်ရှု | ၂၁၁၉၁ | ၉၈၅၀၇၀၀ |
| ၉။ | ဂျိရှု | ၄၂၀ | ၃၀၈၀၀ |
| ၁၀။ | ရင်ဇယ် | ၅၈၈၀ | ၂၀၂၅၇၀၀ |
| ၁၁။ | ဇင်ရှုဆိုတို | ၁၄၄၆၆ | ၁၂၉၅၂၀၀ |
| ၁၂။ | အိုဘကု | ၄၉၃ | ၄၀၆၀၀ |
| ၁၃။ | နိဂျိရင်ရှု | ၅၃၁၁ | ၁၇၀၄၀၀၀ |
| ၁၄။ | အခြားဂိုဏ်းများ | ၉၇၂ | ၃၁၈၅၀၀ |
| | အပေါင်း | ၇၂၉၁၈ | ၂၀၄၆၆၇၀၀ |

ဤသို့ ၎င်းတို့ မှတ်တမ်းများ၌ အကျဉ်းရေတွက်ခြင်းအားဖြင့် ဝတ်ကျောင်းပေါင်း ၇၀,၀၀၀-ကျော်နှင့် လိုက်နာကိုးကွယ်သူပေါင်း သန်း ၂၀-ကျော်ရှိကြောင်း မှတ်သား အပ်ကုန်၏။

ဤသို့ ဂျပန်ပြည် သာသနာတော် ၂၀၀၀-အတွင်း ဖြစ်ပွားခဲ့သော သာသနာတော်နှင့် ဂိုဏ်းအယူဝါဒ ကွဲပြားလာကြကြောင်း ရေးသားခဲ့သည့်အပြင် ၎င်းသာသနာတော် ၂၀၀၀-ကျော်မှာကား ဗုဒ္ဓဘာသာလူဦးရေ သန်း ၄၀-ကျော်ရှိကြောင်း ရေးသားကြရာ ၎င်းဦးရေတိုးပွားလာသည်ဟု ဆိုရစေကာမူ ကျင့်ဝတ်ပဋိပတ်ကား ၎င်း ၂၀၀၀-ခေတ်

ထက်ဝက်လောက်ကပင် ထင်ရှားစွာ ဆုတ်ယုတ်ပျက်ပြား၍ ကိုယ်ကျင့်တရားများလည်း အထူးယုတ်လျော့လာခဲ့လေသည်။

## ဂုဏ်ရိုင်းများ အသွင်သဏ္ဍာန် ကွဲပြားလာခြင်း

ဂုဏ်ရိုင်းဂဏကွဲပြားကြသည်မှာ ကျင့်ဝတ်တရားနှင့် အယူဝါဒများသာမဟုတ်၊ အပြင်အပအသွင်သဏ္ဍာန်များပါ ကွဲပြား၍ အချို့ဂိုဏ်းဘုန်းကြီးများ အနက်ဝတ်ဆင်, အချို့ကား အနီ, အချို့ကား အစိမ်း, အချို့ကား အဝါ, အချို့ကား အပြာ၊ ဤသို့စသည် ဂိုဏ်းအားလျော်စွာ အရောင်ခွဲခြားလျက် ဝတ်ဆင်ကြသည့်အပြင် နောက်အခါ၌ ညစာ အရက်သေစာမရှောင် အိမ်ထောင်ပင်ပြုကြသဖြင့် 'ဘုန်းကြီး'-ဟု ပြောဆိုသမုတ်အပ်သော သူများမှာ တရားအယူဝါဒ အလေ့အကျင့်များ၍ ဘာသာရေး၌ တတ်ကျွမ်းလိမ္မာသူများသာ အရောင်အသွေးအားဖြင့် ဂိုဏ်းခွဲခြင်းပြုကြရာ အကျင့်တရားများကား ၎င်းတို့၌ ဆင်တူ ယိုးမှား မခြားနားကြကုန်။

ဤသို့အားဖြင့် ဂျပန်ပြည် ဗုဒ္ဓနိုင်ငံတော်ကြီးမှာ တရုတ်ပြည်မှ မဟာယာန သာသနာ ရောက်သွားစေကာမူ ၎င်းတရုတ်ပြည် မူရင်းသာသနာနှင့် များစွာကွားခြားလျက် အကျင့်တရားဘက်ကလည်း လောကနှင့်ဆက်သွယ်ကာ များစွာယုတ်လျော့ပြီးလျှင် အသွင် အပြင်လည်း မတူမျှအောင် ညီညွတ်ခြင်းမရှိဘဲ အကွဲကွဲအပြားပြား တရုတ်ပြည်မူရင်း အသွင်အပြင်နှင့် များစွာခြားနားလျက်နေ၍ ကိုယ်ကျင့်တရားလည်း လောကီရေးလွှမ်းမိုးကာ ဗုဒ္ဓဘာသာ ဆိုရရုံမျှသာ များသောအားဖြင့် ရှိကြ၍ အချို့ဘာသာဝါဒ လေးစားသူ အချို့ ဘုန်းကြီးများကား ဝတ်ကျောင်းများ၌ အစဉ်အလာတရားများ လိုက်စားလေ့ကျင့်ကာ ၎င်းတို့ဝါဒအားလျော်စွာ အားထုတ်ကျင့်ကြံသောသူများ ရှိကြလေသည်။

ဤမျှဖြင့် ဂျပန်ပြည်ကြီး၌ ဗုဒ္ဓနိုင်ငံတော်ကြီး တည်ထွန်းတောက်ပကာ ဘာသာ တရား, ကိုယ်ကျင့်တရား အနုပညာရပ်များ ၎င်းလက်အောက်ရောက်သည်မှစ၍ တိုးပွားလာ ကြောင်း ရာဇဝင်မှတ်တမ်းများ ရေးသားကြသည်နှင့်အညီ သာသနာတော် နှစ်ပေါင်း ၄၀၀- ကျော်လောက်သာ ဗုဒ္ဓဘာသာ အကျင့်တရား သာသနာတော်တိုးပွားစည်ပင်လာခဲ့၍ ၎င်းမှ နောက်ခေတ်သာသနာတော်၌ကား လောကဘက်များ၍ တရားဘက်မှာ သိသာစွာ ဆုတ်ယုတ်လာသဖြင့် ဆိုခဲ့ပြီးသည့်အတိုင်း ဦးရေပင်တိုးပွားခဲ့သော်လည်း အကျင့်တရား အားနည်းပျက်ပြားခဲ့ကြောင်း၊ ဤအတိုင်းပင် ယခုအခါတိုင်အောင် ဗုဒ္ဓနိုင်ငံတော်ကား တည်ရှိသေးကြောင်း အကျဉ်းအားဖြင့် နိဂုံးထား၍ မှတ်သားအပ်သတည်း။

## သာသနာနှစ် (၁၅၀၀-မှ ၂၀၀၀)-အတွင်း စူဠဝင်အရ သီဟိုဠ် သာသနာဝင်အကျဉ်း

သီဟိုဠ်ကျွန်း ဗုဒ္ဓနိုင်ငံတော် သာသနာဝင်မှာ-

- ၎င်းရာဇဝင် မင်းစဉ်မင်းဆက်များနှင့် သာသနာတော် အဖြစ်အပျက်များပြဆိုရာ **မဟာဝံသမှတ်တမ်းနှင့်**
- ၎င်းနောက်မင်းဆက်များ ပြဆိုရာ **စူဠဝံသမှတ်တမ်းများ၌-**

မင်းများ၏ အဖြစ်အပျက်များ ရေးသားသော်လည်း ဗုဒ္ဓနိုင်ငံတော်ဖြစ်၍ သာသနာ့စက်အောက် ရောက်လာသည့်အချိန်မှစ၍ သာသနာတော် အရေးလည်း ရောထွေးယှက်တင် ပါဝင်လျက် သာသနာဝင်ဘက်သို့လည်း သက်ရောက်သော မှတ်တမ်းများ ဖြစ်သည့်အားလျော်စွာ သာသနာတော်နှင့်စပ်လျဉ်းသော အကြောင်းအရာများကို သီဟိုဠ်ကျွန်း မင်းစဉ်မင်းဆက်များ၌ ထူးခြားသောအချက်များ မှတ်သားရပေ မည်။

ဤသီဟိုဠ်မင်းဆက်များကို ပြဆိုရာ မဟာဝင်နှင့် စူဠဝင် ၂-ပိုင်းတို့တွင် **မဟာဝင် မင်းဆက်ကား** ၎င်းသီဟိုဠ်ကျွန်းနိုင်ငံသို့ လက်မွန်တည်ထောင်သော **ဝိဇယဗာဟုမင်းမှစ၍** မဟာသေနမင်းတိုင်အောင် မင်းဆက်ပေါင်း ၅၃-ဆက်၊ သာသနာတော်နှစ် ၈၄၃-ခုနှစ်တွင် အဆုံးသို့ရောက်၍-

၎င်းနောက် **သိရိမေဃဝနမင်းမှစ၍** နောက်မင်းဆက်တို့ကိုကား စူဠဝင်အားဖြင့် ရေတွက်ပိုင်းခြားရာ မဟာဝင်မင်းများမှာ များသောအားဖြင့် သာသနာတော်ချီးမြှောက် ထောက်ပင့်နိုင်သော မင်းဆက်များဖြစ်၍ သာသနာတော်စက်ကြီးသည် အထူးထွန်းတက် နေသော ခေတ်ကြီးဖြစ်ခဲ့သည်ကား နောက်ရေးသားခဲ့ပြီးသည့်အတိုင်း အထူးရေးသားဖွယ် မရှိကုန်။

သို့ရာတွင် စူဠဝံသနောက်ပိုင်းမှ မင်းစဉ်မင်းဆက်တို့မှာကား သီဟိုဠ်မင်းမျိုး စဉ်အလာအားဖြင့် သာသနာတော်ကို အထူးကြည်ညိုသောမင်းများ ဖြစ်သည်အားလျော်စွာ အားထုတ်ကြိုးစား သာသနာတော်ပြုစုသော မင်းများ ဖြစ်ပါသော်လည်း သာသနာတော်၏ အပြင်ပ ရန်သူများဖြစ်ကြသော ဗြာဟ္မဏအယူဝါဒ ဒမိဠလူမျိုးများ၏ ဝင်ရောက် နှောင့်ယှက်ခြင်းများ မကြာမကြာ တွေ့ကြရ၍ ၎င်းတို့ကလည်း သာသနာတော်ကို အားနည်း အောင် တတ်နိုင်သလောက် ဖျက်ဆီးကြ၍ သာသနာအဆက်အနွယ် မပျက်အောင် အစဉ် စောင့်ရှောက်ကာ တစ်ခေတ်တစ်ခါ သာသနာတော်ညိုးနွမ်း၍ တစ်ခေတ်တစ်ခါမှာကား သာသနာပြုမင်းများကြောင့် သာသနာတော် ပွင့်လန်းလာခဲ့ကြလေသည်။

ငင်းစူဠဝင်မင်းဆက် ၆၁-ဆက်မြောက် မ်တ္တသေနမင်း စိုးစံပြီးနောက် ၆၂-ဆက်မှာ **ဒမိဠမင်းဆက် ၆-ဆက်** မင်းပြုအုပ်စိုးလာ၍ သာသနာတော်မှာ များစွာညိုးမှိန်နွမ်းပါး သွားသော်ငြားလည်း ငင်းမင်းဆက် ၆၃-ဆက်တွင်ကား သီဟိုဠ်မင်းမျိုး **ဓာတုသေနမင်းကြီး** အုပ်စိုး၍ ငင်းလက်ထက်မှာ သာသနာတော် ထပ်မံပြုစုကာ အသစ်တဖန် ထွန်းလင်းလာခဲ့၍ သာသနာမှာ ဤသို့ နိမ့်တုံ, မြင့်တုံဖြင့် သာသနာတော်တည်တံ့အောင် ငင်းမင်းမျိုးများ ဆောင်ရွက်အားထုတ်လာခဲ့ကြလေသည်။

အထူးအားဖြင့် သာသနာတော် ၁၀၀၀-ကျော်သည်မှစ၍ သာသနာတော် စက်ရောင်သည် ပြောင်ချည်တစ်ခါ, မှိန်ချည်တစ်လှည့်ဖြစ်လာခဲ့ရာ မင်းဆက်များလည်း အပြောင်းအလဲများကာ သာသနာတော်လည်း ငင်းတို့အားလျော်စွာဖြစ်၍ မင်းဆက် အားဖြင့် ၁၂၂-ဆက်မြောက် သာသနာတော် ၁၆၀၉-ခုနှစ်မှာ များစွာသော လူမျိုးခြားဘေးရန် တို့ကို တွန်းလှန်ကာ သာသနာတော်ပြုစုတော်မူရသော **ဝိဇယဗာဟုမင်းကြီး** လက်ထက် ထူးခြားစွာ ဖြစ်ပွားလာခဲ့သည်မှာ ဤသီဟိုဠ်ကျွန်း၌ သာသနာအဆက် ပြတ်မည်ကဲ့သို့ရှိရာ အခြားနိုင်ငံမှ သာသနာတော် ဆောင်ယူရသည့်အခြေသို့ ဆိုက်ရောက်ခဲ့လေသည်။

ဤသို့ သာသနာတော် အားနည်းလာခဲ့သည့်အခါမှာ သာသနာတော် ၁၅၅၀-ကျော်တွင် ဒမိဠလူမျိုးတို့ ဝင်ရောက်နှောက်ယှက်ပြန်သဖြင့် တိုင်းပြည်နိုင်ငံအရေး အထူး ရှုပ်ထွေးကာ ၁၁၅-ဆက်မြောက် ပဋ္ဌမ မဟိန္ဒမင်းမှာ စောဠိယလူမျိုးများနှင့် စစ်ဖြစ်ပွား ပြီး စွမ်းအားရှိသလောက် ခုခံတိုက်ခိုက်ပါသော်လည်း အချည်းနှီးပင်ဖြစ်ကာ မင်းနှင့်မိဖုရား ပါ အားလုံးသော ဘဏ္ဍာတော်များနှင့်တကွ ရန်သူလက်သို့ရောက်ရသည့်အပြင် နောက် ၁၂-နှစ်အကြာ ငင်း၏နန်းစံဘိသိက်ယူသည်မှ ၄၈-နှစ်မြောက်တွင် ရန်သူများနိုင်ငံမှာပင် ကံတော်ကုန်ခဲ့ရလေသည်။

ဤကျွန်းနိုင်ငံ ရန်သူများ ဝင်ရောက်နှောင့်ယှက်သော ဤအခါဝယ် ငင်းနိုင်ငံသား တို့သည် ငင်းတို့မင်းမျိုးများ အုပ်စိုးစေရန် များစွာကြိုးစားအားထုတ်ကြသဖြင့် ငင်းတို့မင်းမျိုး ဖြစ်သောကိတ္တိသေနမင်း စိုးစံပြီးနောက်-

၁။ မဟာလာနကိတ္တိမင်း ၂။ ဝိက္ကမပဏ္ဍိတမင်း
၃။ ဇဂတိပါလမင်း ၄။ ပရက္ကမမင်း
၅။ လောကေသရမင်း-အားဖြင့်-

မင်း ၆-ဆက်မျှတို့သည် တိုင်းပြည်နိုင်ငံ ငြိမ်ဝပ်ခြင်းမရှိဘဲ နိုင်ငံခြားများ၏ နှောင့်ယှက်ခြင်း ဘေးရန်ဆိုးနှင့်ရင်ဆိုင်ကာ ခဲခက်သောနိုင်ငံအခြေအနေအရ အုပ်စိုးကြခဲ့ရလေသည်။

## ဝိဇယဗာဟုမင်းသည် ဒမိဠတို့ တိုက်ဖျက်ရန် မြန်မာနိုင်ငံသို့ စစ်ကူတောင်းခြင်း

၎င်းမင်းဆက်များနောက် နိုင်ငံခြားတို့၏ရန်ကို တွန်းလှန်ဖြိုဖျက်လျက် သာသနာတော်ကြီးကို အသစ်တဖန် ပြုစုအားထုတ်မည်ဖြစ်သော **ဝိဇယဗာဟုမင်းကြီး** နန်းတက်ပြီးလျှင် ၎င်းမှာစောဠတိုင်းသား ဒမိဠလူမျိုးများ နှင်ထုတ်ရန်နှင့် သာသနာတော်ကို အသစ်ပြုပြင်တည်ထောင်ရန် ကြီးလေးသော တာဝန်ကြီးများရှိနေ၍ ၎င်းတို့ ဒမိဠတို့အား နှင်ထုတ်ရန်မှာ ဘဏ္ဍာတော်မလုံလောက်သည့်အပြင် ရန်သူတပ်များ **ရာဇရဋ္ဌ**တိုင်းမှာ စုရုံးပြင်ဆင်အလုံးအရင်းနှင့် ရင်ဆိုင်ရန် ချီတက်လာသောအခါ မတတ်သာတော့ဘဲ တပ်မတော် ဆုတ်ခွါလျက် ကတရဂါမမှာ အခိုင်အမာခံတပ်ဆောက်လုပ်ပြီးလျှင် အကူအညီစူးစမ်းကာ ရပ်တည်နေခဲ့ရလေသည်။

ထိုသို့ စူးစမ်းရှာဖွေသည့်အတိုင်း မိမိတို့တိုင်းနိုင်ငံနှင့်ဘာသာအားဖြင့် တူညီသော မြန်မာတိုင်းနိုင်ငံသို့ "သာသနာတော်ကြီးမှာ မိစ္ဆာလူမျိုးခြား ဒမိဠတိုင်းသားများ ဝင်ရောက်နှောက်ယှက် ထိပါးလာသဖြင့် ပျက်စီးရမည့်အခြေသို့ ရောက်နေပါ၍ အချိန်မှီ အဆွေတော်များအထံမှ သာသနာတော် စောင့်ရှောက်ရန် အကူအညီရလိုကြောင်း" သံတမန်တော် အမြန်လွှတ်သည်အားလျော်စွာ ဘာသာချင်းချင်း ညီရင်းအကိုဖြစ်ကြသော နိုင်ငံဖြစ်သည့်အလျောက် မြန်မာနိုင်ငံတော်မှ လိုသလောက် အကူအညီရသဖြင့် ၎င်းမင်းကြီးသည် ဘာသာရေးစစ်ပွဲ ဆင်နွှဲတိုက်ခိုက်ရာ အဆုံးသတ်၌ စောဠတိုင်းသား ဒမိဠလူမျိုးများ၏ အနှောက်အယှက် ၎င်းလက်ထက်မရှိအောင် တွန်းလှန်ဖြိုဖျက်ပြီးလျှင် **အနုရာဓမြို့**တော်သို့ ဝင်ရောက်တော်မူကာ ၎င်းမှာ ၁၅-နှစ်ကြာမျှ ထီးနန်းစိုးစံအုပ်ချုပ် မင်းပြုလုပ်တော်မူခဲ့လေသည်။

## ပေါနရုဝ-ပူလတ္ထိမြို့တော်တည်၍ မြန်မာနိုင်ငံမှ သာသနာဆက်ယူရခြင်း

**ဝိဇယဗာဟုမင်း**တရားသည် ဤသို့ ဒမိဠရန် တွန်းလှန်ဖြိုဖျက်တော်မူပြီးကာ အနုရာဓမြို့တော်မှာ ၁၅-နှစ်ကြာ သာသနာပြုစုတော်မူပြီးနောက်-

သာသနာ ၁၆၀၈-ခုနှစ်၌ သီဟဠပေါနရုဝခေါ် ပုလတ္ထိမြို့တော်သစ်ကြီးကို တည်ထောင်တော်မူပြီး၍ ၎င်းသို့ပြောင်းရွှေ့စိုးစံတော်မူကာ တိုင်းရေး, နိုင်ငံရေးထက် သာလွန်အရေးကြီးသော သာသနာတော်အရေးကို ပြုစုတည်ထောင်ရန် စုံစမ်းစေသောအခါ စောဠတိုင်းသား ဒမိဠလူမျိုးများ၏ ဘေးရန်ကြောင့် နိုင်ငံတော်ကြီး ပျက်စီးသည့်အတိုင်း သာသနာတော်ကြီးမှာလည်း တနည်းနည်းဖြင့် ပျက်စီးလျက် သာသနာတော် အသစ်တဖန်ပြန့်ပြောစည်ပင်ရန် ဆောင်ရွက်နိုင်သည့် ရဟန်းကောင်း ၅-ပါးမျှ နိုင်ငံတော်၌ မကြွင်းကျန်ရစ်အောင် ပျက်စီးသည့်အပြင် သာသနာဘက်ဆိုင်ရာ အဆောက်အဦးများလည်း များသောအားဖြင့် ပျက်စီးကာ နိုင်ငံခြားမှ သာသနာတော်သစ်တဖန် ယူရမည့်အခြေသို့ ရောက်နေသည်ကို တွေ့ရှိခဲ့လေသည်။

ဤသို့ သာသနာတော် အရေးကြီးလေသည်ကို တွေ့ရှိတော်မူသဖြင့် သာသနာရေးကို ကူညီအားပေးရန် မြန်မာနိုင်ငံသို့ သာသနာပြုသံတမန်အဖွဲ့ စေလွှတ်တော်မူပြီး မြန်မာနိုင်ငံမှလည်း လက်ဆောင်ပဏ္ဏာတော်များနှင့် ရဟန်းတော်များပါ သာသနာပြုအဖွဲ့ ဆိုက်ရောက်လာသောအခါ ဝမ်းမြောက်စွာ ကြိုဆိုဧည့်ခံ၊ ၎င်းမြန်မာရဟန်းတော်များအထံဝယ် သီဟိုဠ်ရဟန်းများ သိက္ခာတော်အသစ် ထပ်မံယူစေကာ များစွာသော သာမဏေတို့ကိုလည်း သိက္ခာတင်လျက် သံဃာတော်များဘက်မှာ အသစ်တဖန် စင်ကြယ်စေပြီး ပျက်စီးယိုယွင်းသော သာသနာအဆောက်အဦးများကိုလည်း ပြင်ဆင်တော်မူစေသည့်အပြင် များစွာသော ကျောင်း, စေတီပုထိုးများကိုလည်း အသစ်တည်စေတော်မူလျက် သာသနာတော်အတွက် မနေမနား ဆောင်ရွက်အားထုတ်တော်မူခဲ့လေသည်။

ထိုမှတပါးလည်း ဒမိဠလူမျိုးများ၏ ဘေးရန်ကြောင့် နိုင်ငံတော်၌ မင်းအဆက်ဆက်တို့ ဆောင်ရွက်ပြုလုပ်လာတော်မူခဲ့ကြသော သာသနာတော်ကြီး၏ အထိမ်းအမှတ်ပွဲတော်ကြီးများနှင့် စေတီပုထိုး ပူဇော်ပွဲများလည်း ပျက်စီးလျက် အဆက်ပြတ်ကာ နိုင်ငံတော်၌ သာသနာရေး, ဘာသာရေး အထိမ်းအမှတ်ပွဲတော်များလည်း ဆိတ်သုဉ်းလာခဲ့ရာ ၎င်းတို့ကို အသစ်တဖန် ကြီးကျယ်ခမ်းနားစွာ ကျင်းပစေတော်မူသည့်အပြင် များစွာသော ပညာရှိ အဖွဲ့ကြီး ဖွဲ့စည်းတည်ထောင်ပြီးနောက် ရန်သူနှောင့်ယှက်၍ ပျောက်ပျက်သော ပိဋကတ်ကျမ်းဂန်များ ထပ်မံစုဆောင်းကာ ပိဋကတော်များကိုလည်း အသစ်တဖန် ပြုစုတော်မူခဲ့လေသည်။

၎င်းပြင် မင်းတရားကြီးသည် ပျက်စီးနေသော သာသနာတော်နှင့် တိုင်းတော်, ပြည်တော်များကို စည်ကားဝပြောရန် အားသွန်ကြိုးပမ်း ပြုစုနေခိုက် ပုရတ္ထိ-ပုလတ္ထိမြို့တော်ဝယ် ၁၅-နှစ်မျှ စိုးစံတော်မူသောအခါ စောဠိယတိုင်းသား ရန်သူများဘေး တဖန် ပေါ်လာ

ပြန်၍ ၎င်းတို့အလုံးအရင်းကို အကြွင်းအကျန်မရှိအောင် နောက်ဆုံးတွန်းလှန် ဖြိုဖျက်ကာ ၎င်း၏နန်းစံ ၄၅-နှစ်တိုင်အောင် အနှောင့်အယှက်မရှိဘဲ သာသနာတော်၏အကျိုး, တိုင်းနိုင်ငံတော်၏အကျိုး သည်ပိုးဆောင်ရွက် ပြုစုတော်မူခဲ့လေသည်။

ထိုမင်းတရားလက်ထက်မှာ ၎င်းတို့ရာဇဝင်အရ တိုင်းရေး, နိုင်ငံရေး အကူအညီ ရဖို့ရန် **ပထမအကြိမ် သံတမန်တော်များ မြန်မာနိုင်ငံသို့ စေလွှတ်ရသည့်အပြင် ဒုတိယတဖန်** သာသနာတော်အမရေးအားဖြင့် သံတမန်တော် ထပ်မံစေလွှတ်ရကြောင်းလာသဖြင့် ၎င်းသာသနာတော် ၁၆၀၀-ကျော်မှာ မြန်မာနိုင်ငံတော်အထက်ပိုင်း၌ သာသနာတော် ရောက်စ အလွန်ပင် တောက်ပထွန်းသစ်နေပြားသော်လည်း နိုင်ငံခြားသို့ သာသနာပြုစု နိုင်လောက်အောင် ပြန့်ပွားခြင်းမရှိသေး, သာသနာတော်အနှစ် ၂၀-ကျော်မျှသာရှိသေး၍ ရာမညတိုင်းကား သာသနာထွန်းကားသောခေတ်ဖြစ်ရာတွင် ဘုရင်သုဉ်းနေခိုက်လည်း ဖြစ်နေခဲ့လေသည်။

သို့ရာတွင် သာသနာပြု ရှေးဦးစွာ မြန်မာနိုင်ငံ၌ တည်ထောင်တော်မူသော **သီရိ အနိရုဒ္ဓဒေဝ အနော်ရထာမင်းတရားကြီးကား** မြန်မာနိုင်ငံတွင်မက မွန်ရာမညတိုင်း၊ ၎င်းစပ်သော ယိုးဒယားနိုင်ငံ, ကမ္ဘောဒီးယားနိုင်ငံသို့တိုင်အောင်ပင် ကျော်ကြား၍ ယိုးဒယား ရာဇဝင်များ၌ ၎င်းမင်းတရားကြီးအကြောင်း အထူးချီးကျူးရေးသားထားသည်ကိုလည်း တွေ့ရ၍ အထူးအားဖြင့်-

**၎င်း(ထိုင်း) ယိုးဒယားနိုင်ငံတော်တွင် ထင်ရှားကျော်ကြားသော မြဘုရားသည်ပင် ဘုရင်အနော်ရထာမင်းတရားကြီး သီဟိုဠ်မှ ယူဆောင်ခဲ့ရာ သမုဒ္ဒရာခရီး လှိုင်းလေကြီး၍ ကမ္ဘောဒီးယား(ကမ္ဗုဇ)တိုင်းနိုင်ငံသို့ ရောက်ရှိကာ ၎င်းမှပင့်ဆောင်မရဘဲ ၎င်းမှာ ကိုးကွယ်ရန်ထားခဲ့ရသော အကြောင်းဖြစ်ပွား၍ ထားခဲ့ပြီး၊ ၎င်းမှ နိုင်ငံရေးရာအရ တစတစ အယုဒ္ဓယသို့ရောက်ကြောင်း** ရေးသားသည်ကို ထောက်ဆကာ ၎င်းမင်းတရားကြီးပင် အကူအညီရောက်ကြောင်း မှတ်ထင်ဖွယ်ရှိခဲ့လေသည်။

၎င်းဝိဇယဗာဟုမင်းတရားကြီး ကံတော်ကုန်ရာ သားတော် **ဝိက္ကမဗာဟုမင်းသား** သည် **ရောဟနတိုင်းဝယ်** ဘုရင်ငယ်အဖြစ်ဖြင့် အုပ်ချုပ်စိုးစံလျက်နေသောကြောင့် ရဟန်း များ၏ အကူအညီအားဖြင့် ၎င်းမင်းကြီး၏ညီတော် **ဇယဗာဟုမင်းနန်းတင်ရာ** ဝိက္ကမဗာဟု မင်းသားသည် ဘထွေးတော်ဘုရားကို ပုန်ကန်တိုက်ခိုက်သောကြောင့် ၁-နှစ်သာ စိုးစံပြီး လျှင် သားတော် ဝိက္ကမဗာဟုမင်းသည်ပင် ထီးနန်းသိမ်းပိုက်စိုးစံရာ တရားဓမ္မမညီမျှသည့် အပြင် အခွန်တော်များခန့်ခွဲ အလွဲလွဲအမှားမှား အုပ်ချုပ်မှုများကြောင့် တိုင်းသူပြည်သား

လူအများနှင့် ဆန့်ကျင်သည်သာမက ၎င်းအား ဘိသိက်တင်မြှောက်ရေးကို ရဟန်းတော်များအားမပေးသည်ကို အမှတ်ရအညှိုးထားကာ ခမည်းတော် လှူဒါန်းတော်မူခဲ့သော ပစ္စည်းရတနာများကိုလည်း လုယက်ဖျက်ဆီး ဝတ္တကလယ်မြေများကိုလည်း သိမ်းဆည်းလုယူ သာသနာတော်၏ ဆန့်ကျင်ဘက် ရန်သူကဲ့သို့ဖြစ်လျက် ထိုမင်းလက်ထက် သာသနာတော်ကား မတိုးတက်ကုန်။

ထိုမင်းလက်ထက် ရဟန်းတော်များကား ၎င်း၏သာသနာတော် မလေးစားကြောင်း၊ ခမည်းတော်ပြုစုအားထုတ်တော်မူခဲ့သော ကောင်းမှုတော်များကို ဖျက်ဆီးနေကြောင်း သိရသောအခါ **မနဘရဏ**မည်သော ဝိဇယဗာဟုမင်း၏တူတော် မင်းသားအုပ်ချုပ်သော ရောဟနတိုင်းသို့သာ များသောအားဖြင့် ကြွသွားသီတင်းသုံးတော်မူကြ၍ စွယ်တော်နှင့် ဓာတ်တော်, မွေတော်များကိုလည်း ၎င်းအရှင်မထေရ်များ ပင့်ဆောင်တော်မူကာ ၎င်းတိုင်းမှာပင် မင်းသားအား အပ်ထားပူဇော်စေတော်မူခဲ့လေသည်။

၎င်းရောဟနတိုင်း အုပ်ချုပ်သော လက်အောက်ဘုရင်ငယ်အဖြစ်ဖြင့် အုပ်ချုပ်သော မနဘရဏမင်းသားသည်ကား **ဝိဇယဗာဟုမင်း**, ဇယဗာဟုမင်းတို့၏ နှစ်မတော် **အမိတာ**မှ ဖွားမြင်သော သားတော် ၃-ပါးတို့တွင် အကြီးဆုံးဖြစ်၍ ဒုတိယသားတော် **ကိတ္တိသိရိမေဃ**နှင့် တတိယသားတော် **သိရိဝလ္လဘ**တို့လည်း ရှိကြသေးသဖြင့် တိုင်းရေး, နိုင်ငံရေး ရှုပ်ထွေးနေခိုက်မှာ ရောဟနဘုရင်ငယ် မနဘရဏ ကွယ်လွန်သွားသောအခါ ၎င်းညီတော် **သိရိမေဃ**သည်ပင် အရိုက်အရာခံယူသိမ်းပိုက်ပြီး သာသနာတော်ကိုလည်း စောင့်ရှောက်ပြုစုနေသည်တွင် ဝိက္ကမဗာဟုမင်း နန်းစံ ၂၁-နှစ် ကံကုန်ခဲ့ရာ သားတော် **ဂဇဗာဟု** ထီးနန်းဆက်ခံရာ ခမည်းတော်ကဲ့သို့ သာသနာနှင့် ဖီလာမနေပါသော်လည်း ၎င်းလက်ထက် သာသနာတော် တိုးတက်ကြောင်း ရာဇဝင်မှတ်သားချက်ကား ထင်ရှားအောင် မရှိကုန်။

## ပရက္ကမဗာဟုမင်းစိုးစံ၍ သာသနာပြုစုကြောင်း

၎င်းမင်းလွန်ပြီးနောက် သီဟိုဠ်ရာဇဝင်တွင် အထူးထင်ရှားကျော်စောသော မင်းကြီးတို့တွင် အပါအဝင်ဖြစ်သည့် ဝိက္ကမဗာဟုမင်းနှင့် အမိဘက်မှ စပ်လျဉ်းကာ တူတော်၍ ဝိဇယဗာဟုမင်းကြီး၏ မြေးတော်ဖြစ်သော တူတော် **မနဘရဏ**မင်းသားနှင့် သမီးတော် **ရတနာဝလီ**တို့ကို စုံဘက်တော်မူရာမှ မြင်တော်မူသော သားတော် ပရက္ကမဗာဟုမင်းသားသည် ကိတ္တိသိရိမေဃမင်းသား ရောဟနတိုင်း အုပ်ချုပ်စဉ်က ထီးနန်းသိမ်းပိုက်ကာ

၎င်းမင်းသားမှာ သခ်လိတ္တိမြို့၌ ဖွားမြင်ပြီး ငယ်စဉ်ကပင် အလွန်အထင်ကြီးမား *(ခြင်းခံရသော)* မင်းသားကလေးတစ်ပါး ဖြစ်သည့်အလျောက် ရာဇဝင်မှတ်တမ်းများ၌ ကြိုတင်ရေးသားခြင်း ခံယူရသော, နောင်အခါ ဤကျွန်းနိုင်ငံတွင် ထင်ရှားသော မင်းတစ်ပါး ဖြစ်မည်ဟု ယုံကြည်ကြသော မင်းသားတစ်ယောက် ဖြစ်ခဲ့လေသည်။

၎င်းဖွားမြင်တော်မူသော တိုင်းနယ်မှာ သေးငယ်၍ ဤနိုင်ငံကလေး၌ အုပ်ချုပ်စိုးစံရန် မရည်ရွယ်ဘဲ တစ်ကျွန်းလုံး၏ အရှင်ဖြစ်ပြီးလျှင် နိုင်ငံတော်ကြီး အထူးစည်ကားဝပြော သာယာအောင် ပြုစုဆောင်ရွက်လိုသော ဆန္ဒများ အားသည်းတော်မူသည့်အလျောက် မင်းအဖြစ်သို့ ရောက်တော်မူသောအခါ သာသနာတော်အကျိုးနှင့် နိုင်ငံတော်အကျိုးကို အထူးသည်ပိုး ဆောင်ရွက်တော်မူခဲ့သဖြင့် ၎င်းရာဇဝင်မှတ်တမ်းများတွင် အထူးထင်ရှား ကျော်ကြားသော ဘုရင်ကြီးတစ်ပါး ဖြစ်ခဲ့လေသည်။

၎င်းပရက္ကမဗာဟုမင်းတရားကြီးသည် အထူးအသိဉာဏ် အမြော်အမြင်နှင့် ပြည့်စုံခြင်း၊ သတိ, ဝိရိယနှင့် ပြည့်စုံခြင်း၊ တည်ကြည်ရဲရင့်ခြင်း၊ စဉ်းစားဆင်ခြင်တတ်ခြင်း စသော ပကတိမြင့်မြတ်သော သဘောတရားနှင့် ပြည့်စုံသည့်အတိုင်းလည်း မင်းအဖြစ်သို့ရောက်တော်မူသောအခါ၌ ပညာအရပ်ရပ် မင်းသားတို့ တတ်သင့်တတ်အပ်သော မြင်းစီး, ဆင်စီး, လက်နက် စစ်မက် အရေးအရာ အတတ်ပညာ ဟူသမျှကိုလည်း အပြီးအဆုံးသို့တိုင်အောင် တတ်မြောက်တော်မူသည့်အပြင် စာပေကျမ်းဂန်အစီအကုံး အနုန်းအဖွဲ့ပညာရပ်များကို လည်း အထူးကျွမ်းကျင်တော်မူသည့်အလျောက် နိုင်ငံတော်၌ စာပေကျမ်းဂန်များ အထူး အားပေး တိုးတက်အောင် ဆောင်ရွက်တော်မူခဲ့လေသည်။

မင်းတရားကြီးသည် ဤသို့ အားထုတ်ကြိုးပမ်းတော်မူသဖြင့် သာသနာတော် ၁၆၉၇-ခုနှစ်မှာ အားလုံးသော လင်္ကာကျွန်းကြီး၏အရှင် ဘုရင်မင်းတရားကြီးအဖြစ်သို့ ရောက်တော်မူပြီးလျှင် ရှေးဘိုးလောင်းတော်, ဘေးလောင်းတော်တို့၏ လက်ထက်တော်က အထူးအားဖြင့် တင့်တယ်ခမ်းနားသော မြို့တော်ကြီးများဖြစ်ကြသည့် **အနုရာဓပူရမြို့**တော် နှင့် ပုလတ္ထိမြို့တော်ကြီးများကို အထူးကြီးကျယ်အောင် ပြုပြင်တော်မူပြီး ပုလတ္ထိမြို့တော်ကြီး တွင် ထီးနန်းစိုက်ထူပြီးနောက် တိုင်းပြည်ဝပြော သာယာရှိစေရန် ရှေးဘေးတော်, ဘိုးတော် များ ဆည်တော်မူခဲ့သော ကန်တော်များကို ပြုစုတော်မူခြင်း, လယ်တော်ပယ်တော်များ အကျိုးငှာ များစွာသော ရေမြောင်း, ရေသွင်းဌာနများကို စီမံတော်မူခြင်းစသော တိုင်းကျိုး, ပြည်ကျိုး အထူးသည်ပိုးတော်မူခဲ့လေသည်။

၎င်းမင်းတရား၏ အားထုတ်ကြိုးပမ်းတော်မူခြင်း လုံ့လဝီရိယ ထက်သန်ကောင်း မြတ်သော စိတ်အစွမ်းသတ္တိ ရှိတော်မူသည့်အလျောက် တိုင်းပြည်နိုင်ငံအလုံးမှာ ဆူးငြောင့်

မရှိ၊ ပကတိ အေးချမ်းသာယာသည့်အပြင် ၎င်း၏စွမ်းရည်သတ္တိ သိရှိကြသဖြင့် အပြင်အပရန်သူများဖြစ်သော တိုင်းတပါးသားတို့ ဝင်ရောက်နှောက်ယှက်ခြင်းဘေးမှ ကင်းဝေးလျက် အထူး အေးချမ်းသာယာစွာ အုပ်ချုပ်နိုင်ခြင်းစသော ဂုဏ်သတင်းများသည် ကျွန်းနိုင်ငံတော် အလုံးနှင့်တကွ အနီးအနား နိုင်ငံများတွင်မက ဝေးကွာလှသော မြန်မာနိုင်ငံ, ယိုးဒယားနိုင်ငံများသို့ပင် ပျံ့နှံ့ကျော်ကြားခဲ့လေသည်။

သီဟိုဠ်ကျွန်းသာသနာဝင်တွင် မဟာဝိဟာရဂိုဏ်း, အဘယဂိရိဂိုဏ်း, ဇေတဝနဂိုဏ်း-ဟူ၍ ဂိုဏ်းကြီး ၃-ဂိုဏ်း ကွဲပြားလာခဲ့ရာ မဟာဝိဟာရဂိုဏ်းကြီးသာ အရှင်မဟာကဿပ အနွယ်တော် အစဉ်အလာ ထေရဝါဒဂိုဏ်းကြီးမှ ဆင်းသက်ခဲ့၍ ပညတ်တော်မူတိုင်း ကျင့်ကြံတော်မူသောဂိုဏ်း-ဟု လေးစားကာ အဘယဂိရိဂိုဏ်း, ဇေတဝနဂိုဏ်းတို့မှာ ဂိဟိသံသဋ္ဌ အဓမ္မဝါဒီများ၍ အကျင့်တရားနည်းပါးသည်ဟု စွပ်စွဲလျက် ကွဲပြားလာခဲ့ကြောင်း သာသနာတော် ၆၀၀-အတွင်းက ရေးသားခဲ့လေပြီ။

ထိုသို့ ကွဲပြားလာခဲ့သော ဂိုဏ်းကြီး ၃-ဂိုဏ်းမှာ အသီးအသီး အားကြီးလှသော ဂိုဏ်းကြီးများဖြစ်သောကြောင့် စေ့စပ်ညီညွတ်ရန် အလွန်ခဲယဉ်းလှ၍ မည်သည့်အခါမှ စေ့စပ်ညီညွတ်ခဲ့သည်, မည်မျှသော ကာလပတ်လုံးကွဲပြားလျက် နေခဲ့ကြသည်, မည်သည့် မင်းလက်ထက် မည်ကဲ့သို့ အားထုတ်ကြိုးပမ်းမှုကြောင့် ညီညွတ်ခဲ့သည်-စသည် သာသနာတော်နှင့် စပ်လျဉ်းသော အရေးကြီးသည့် ပြဿနာကြီးကို ဖြေရှင်းသုတ်သင်နိုင်ရန် မင်းတရားကြီးလက်ထက်မှာ အခွင့်အခါ ဆိုက်ရောက်လာခဲ့လေပြီ။

ဤသို့လျှင် သီဟိုဠ်ကျွန်း သာသနာတော် တည်ထွန်းသည်မှစ၍ ၂၁၈-နှစ်တိုင်အောင် ဗုဒ္ဓနိုင်ငံတော် သာသနာကြီးမှာ ဘေးရန်ကင်းပ သာသနာ့ဆူးငြောင့် မရှိ၊ ပကတိ စင်ကြယ်စွာ တည်ထွန်းလာခဲ့ရာ အဘယဂိရိကျောင်းတိုက်ကြီး တည်ထားဆောက်လုပ်ကိုးကွယ်တော်မူသော **ဝဋ္ဋဂါမဏိ အဘယမင်းကြီး**သည် အရေးတော်နိမ့်စဉ် ထောက်ပံ့ခဲ့ဖူးသော ကျေးဇူးကို ထောက်ထား၍ တရားမစောင့်သော ရဟန်းတစ်ပါး အကြီးအမှူးထား၍ လှူဒါန်းခြင်းအားဖြင့် ဂိဟိသံသဋ္ဌများလျက် မဟာဝိဟာရဂိုဏ်းမှ ခွဲထုတ်ပြီးလျှင် **အဘယဂိရိ ဝါသီဂိုဏ်းကြီး**ဟု ဂိုဏ်းသီးဂိုဏ်းခြား ဖြစ်ပွားလာခဲ့သည့်အပြင် ထိုမှနောက် အနှစ် ၃၅၇-နှစ်သို့ ရောက်သောအခါ သာသနာတော် ၈၀၀-ကျော်၌ မဟာသေနမင်းလက်ထက် အဓမ္မဝါဒီဖြစ်သော တိဿမထေရ်အား ကြည်ညိုလေးစား၍ ဇေတဝနမည်သော ကျောင်းတော် သီးခြားဆောက်လုပ် လှူဒါန်းကိုးကွယ်ရာ မဟာဝိဟာရ ဝါသီ, အဘယဂိရိ ဝါသီတို့မှတပါး **ဇေတဝန ဝါသီဂိုဏ်း** သီးခြားနေထိုင်ခဲ့သည်တွင် ၎င်းနိုင်ငံတော်သာသနာ၌ ဂိုဏ်းကြီး ၃-ဂိုဏ်း ထင်ရှားစွာ ကွဲပြားလာခဲ့လေသည်။

ဤကဲ့သို့ ဂိုဏ်းကြီး ၃-ဂိုဏ်း ကွဲပြားလာခဲ့ရာ အနှစ် ၉၀၀-ကျော်အောင်ပင် စေ့စပ်၍မရဘဲ ခိုင်မြဲလျက် နေခဲ့သည်ကို ဤသီရိမဟာ ပရက္ကမဗာဟု မင်းတရားကြီးသည် ညီညွတ်ရာ ညီညွတ်ကြောင်း အထူးကြိုးစား ရှာဖွေတော်မူခဲ့သည်တွင် ၎င်းမင်းတရားကြီး၏ နန်းစံ ၁၈-နှစ်မြောက် သာသနာတော် ၁၇၀၈-ခုနှစ်သို့ ရောက်သောအခါ မင်းတရားကြီး ကိုယ်တိုင်ကလည်း ပညာဉာဏ်ထက်မြက်၍ ပိဋကတ်ကျမ်းဂန် တတ်မြောက်ကျွမ်းကျင်သည် အားလျော်စွာ အသောကမင်းတရားကြီးသည် ကိုယ်တိုင်ပင် အရှင်မောဂ္ဂလိပုတ္တ မထေရ်မြတ်ထံ အယူဝါဒ အမျိုးမျိုးကို သင်ယူတော်မူပြီး သာသနာ့အသွင် ယူနေသော အယူဝါဒအမျိုးမျိုးရှိသည့် တိတ္ထိတို့ကို သုတ်သင်ရှင်းလင်းဘိသကဲ့သို့ ဂိုဏ်းအားလုံး၌ရှိ မထေရ်မြတ်တို့ကို ကိုယ်တိုင်တော် စိစစ်ကာ မဟာဝိဟာရဂိုဏ်းမြတ်ကို ကိုယ်ထားလျက် အကျင့်တရားများကိုလည်း သုတ်သင်ပြီးလျှင် ဉဒုမ္ဗရဝါသီ အရှင်မဟာကဿပမထေရ်မြတ် အမှူးထားသော ဓမ္မဝါဒီ, မဟာဝိဟာရဝါသီဂိုဏ်းသား ရဟန်းတော်များကို အကြွင်းထား၍ အဓမ္မဝါဒီဂိုဏ်းသားများကို လူထွက်စေပြီးလျှင် သာသနာတော် သုတ်သင်ပြုစုတော်မူခဲ့ လေသည်။

ဤသီရိမဟာ ပရက္ကမဗာဟု မင်းတရားကြီးသည် တိုင်းပြည်နိုင်ငံတော် စည်ပင် ဝပြောသာယာစေရန် ၁၈-နှစ်ကြာ ပြုစုအားထုတ်ပြီးနောက် ဗုဒ္ဓနိုင်ငံတော် သာသနာတော် ကိုလည်း အထူးသန့်ရှင်းအောင် သုတ်သင်တော်မူခြင်းတည်းဟူသော သာသနာ့ဝင် အစဉ်အဆက်တွင် အထူးထင်ရှား ကျေးဇူးများအောင် ဆောင်ရွက်တော်မူပြီးလျှင် ရှေးအစဉ် အလာအရ မတရားသော အခွန်ဘဏ္ဍာတို့ကိုပယ်ဖျက် တိုင်းပြည်အတွက် တရားမျှတသော အခွန်ဘဏ္ဍာတော်များသာ ကောက်ခံစေလျက် တိုးတက်စည်ပင်စေရန် ရေကန်တော်, ရေမြောင်း, ဆည်တော်များ ဖောက်လုပ်ဆည်ဖို့တော်မူစေသည်။

နိုင်ငံတော် အကျိုးရှိရာ ဌာနများ တည်ထောင်ပြုစုတော်မူသည့်အပြင် မြတ်စွာ ဘုရား သာသနာတော်တွင်လည်း များစွာသော ကျမ်းဂန်ပိဋကတ် တတ်မြောက်တော်မူကြ၍ ပဋိပတ္တိအကျင့်သီလ သိက္ခာသမာဓိ ပညာနှင့် ပြည့်စုံတော်မူကြသော မထေရ်မြတ်တို့အား ပစ္စည်း ၄-ပါးတို့ဖြင့် ရောင့်ရဲစေတော်မူကာ များစွာသော ကျောင်း, ကန်, ပုထိုးများကိုလည်း နောင်သာသနာခေတ်တွင် မှတ်တမ်းတင်လောက်အောင် တည်ထားတော်မူပြီး ၃၃-နှစ် တိုင်အောင် ထီးနန်းစိုးစံတော်မူလျက် တိုင်းကျိုး, ပြည်ကျိုး, သာသနာတော်အကျိုး သည်ပိုး ဆောင်ရွက်တော်မူခဲ့လေသတည်း။

## ပရက္ကမဗာဟု မင်းတရား၏နောက် မင်းဆက်များ သာသနာ

ဤကဲ့သို့ မင်းတရားကြီး အဘက်ဘက်က တိုးတက်ပြည့်စုံအောင် နိုင်ငံတော်ကျိုးသည်ပိုးတော်မူပြီး နတ်ရွာစံတော်မူရာ ၎င်းမင်းတရားကြီးနောက် လက်ထက်မင်းများမှာကား မင်းတရားကြီးကဲ့သို့ သာသနာတော်တွင် အထူးထင်ရှားအောင် မဆောင်ရွက်ကြသော်လည်း ရှေးဘိုးတော်, ဘေးတော်များ တည်ထားခဲ့၍ ထွန်းပသော သာသနာ့အရောင်အဝါကို မညှိုးနွမ်းစေဘဲ တည်မြဲအောင် ဆောင်ရွက်လာခဲ့ကြသည်တွင် အစဉ်အလာ*(အတိုင်း)* အိန္ဒိယတောင်ပိုင်း ပဏ္ဍျ, စောဠ, ကလိင်္ဂတိုင်းတို့မှ ဘုရင်များ မကြာမကြာ ထိပါးနှောင့်ယှက်လာကြသည့်အပြင် သာသနာတော်ကိုပင် တခါတရံ ညှိုးနွမ်းနိမ့်ကျ အဓမ္မမင်းများလက်အောက်သို့ ရောက်ခဲ့ရလေသည်။

ဤသို့ သာသနာတော် အနှစ် ၂၀၀၀-ကျော်အောင် နိမ့်တုံမြင့်တုံဖြစ်ကာ သာသနာတော် ဂုဏ်သရေတော်ကို ထိန်းသိမ်းလျက် မင်းအဆက်ဆက် ဆောင်ရွက်လာခဲ့ရာ အထူးဖြစ်ပွားခဲ့သည်မှာကား ပရက္ကမဗာဟုမင်းတရားကြီး နတ်ရွာစံတော်မူပြီးနောက်-

- **ဒုတိယ ဝိဇယဗာဟုမင်း**
- **မဟိန္ဒမင်း**
- **ကိတ္တိနိသင်္က မလ္လမင်း**
- **ဝီရဗာဟုမင်း**
- **ဒုတိယ ဝိက္ကမဗာဟုမင်း**
- **စောဠဂင်္ဂမင်း**

ဟု-ဆိုအပ်သော မင်း ၆-ဆက်တို့ ဆက်လက် စိုးစံတော်မူကြပြီး မင်းဆက်မင်းလျာ မရှိ၍ **သီရိမဟာပရက္ကမမင်းတရားကြီး**၏ မိဖုရားကြီး **လီလာဝတီ**သည် အုပ်ချုပ်စိုးစံကာ သာသနာတော် ပြုစုသည့်အပြင် ၎င်းနောက် **သဟသမလ္လမင်း**စိုးစံပြီး မင်းဆက်သုဉ်းသည်တွင် **ကိတ္တိနိသင်္ကမလ္လမင်း**၏မိဖုရားကြီး **ကလျာဏဝတီ**သည် ဘုရင်မကြီးအဖြစ်ဖြင့် ဆက်ခံအုပ်ချုပ် သာသနာတော်ပြုစု အားထုတ်ခဲ့ရလေသည်။

ဤသို့လျှင် **ကလျာဏဝတီဘုရင်မကြီး** အုပ်ချုပ်စိုးစံကာ သာသနာတော်ပြုစုအားထုတ်ပြီးနောက် အနှစ် ၂၀၀၈-ခုသို့ ရောက်သောအခါ ၂၂-ဆက်မြောက် ဆဋ္ဌမ**ဘုဝနေကဗာဟုမင်း** နန်းတက်သည်အထိ အကြားအကြား၌ ဒမိဠ, ကလိင်္ဂ, ပဏ္ဍျတိုင်းသားတို့ ဝင်ရောက်နှောင့်ယှက်ခြင်း ဘေးရန်ပင်ရှိစေကာမူ သာသနာတော်ကို ဆက်လက်ပြုစု

အားထုတ်လာကြ၍ ၎င်းသီဟိုဠ်ကျွန်းမှာ မင်းအဆက်ဆက်နှင့်တကွ သာသနာပြုမထေရ်များ အဆက်ဆက် သာသနာတော်ကြီး ခိုင်ဖြိုးတည်တံ့အောင် ဆောင်ရွက်အားထုတ်တော်မူလာခဲ့ကြလေသည်။

ဤသို့ ဆက်လက်အားထုတ်ကာ သာသနာပြုလာခဲ့ကြရာ သီဟိုဠ်ကျွန်း၌-

- ဝိဇယဗာဟုမင်းကြီးမှစ၍ ပထမရှေးဦးစွာ အရှင်မဟာမဟိန္ဒမထေရ်မြတ် သာသနာပြုရောက်အပ်သော ပထမသာသနာပြု မင်းတရားဖြစ်သည့် **ဒေဝါနံပိယတိဿမင်းတရား တိုင်အောင် ၇-ဆက်၊**
- ၎င်းမင်းတရားမှစ၍ **ဘုဝနေကမင်းတိုင်အောင် ၁၅၀-မင်းဆက်-**

ရှိ၍ အကြားအကြားဝယ် သာသနာပမင်းများပါသော်လည်း သာသနာတော် **အနှစ် ၂၀၀၀-**ကျော်အောင် တည်တံ့ခိုင်မြဲစွာ သာသနာတော်ထွန်းပလျက် ရှိခဲ့ကြလေသည်။

သို့ရာတွင် တခါတရံ သာသနာပမင်းများ နှောင့်ယှက်ခြင်းအားဖြင့် သာသနာတော်ကြီး အနည်းငယ်ပင် ညှိုးနွမ်းသော်လည်း သာသနာဆက် ကင်းပလောက်အောင် မဖြစ်ဖူးဘဲ အားနည်း၍သာ အခြားသာသနာတော် ထွန်းပသော နိုင်ငံများမှ သာသနာတော် အကူအညီယူကာ သာသနာတော် တိုးတက်မှု ဆောင်ရွက်ခဲ့ကြလေသည်။

ဤမျှဖြင့် ဤသီဟိုဠ်ကျွန်း၌ **အနှစ် ၂၀၀၀-အတွင်း** ဗုဒ္ဓနိုင်ငံတော် သာသနာခေတ် ဗုဒ္ဓမြတ်စွာအာဏာ ပျံ့နှံ့ရာ အဖြစ်အပျက်များ အကျဉ်းအားဖြင့် ပြဆိုရာ စကားရပ်မှတ်တမ်းများ ဤတွင် အပြီးထားအပ်ပြီ။

**အနှစ် (၁၅၀၀-မှ ၂၀၀၀) အတွင်း စူဠဝင်အရ သီဟိုဠ်ကျွန်း သာသနာကား ဤတွင် ပြီးပြည့်စုံပြီ။**

✪ ✪ ✪ ✪ ✪

## သာသနာတော် ၁၆၀၀-ကျော် မြန်မာနိုင်ငံသို့ သာသနာရောက်ကြောင်း

မြန်မာနိုင်ငံသည် ရာမညတိုင်းကြီးနှင့် ဆက်စပ်လျက် တည်ရှိသော်လည်း ၎င်းမွန်တိုင်းနိုင်ငံမှာ သာသနာတော် ၃၀၀-အတွင်းက အသောကမင်းတရားကြီး ပြုစုကာ ထေရဝါဒဂိုဏ်း သာသနာတော်ရောက်ခဲ့ရာ ၎င်းနှင့်ဆက်စပ်လျက်နေသော ဇင်းမယ်, ယိုးဒယား စသည်တိုင်းနယ်များသို့ လှည့်သွားကာ-

ဤမြန်မာနိုင်ငံကြီးမှာ တိဗက်, မွန်ဂိုလီးယား, ကမ္ဘောဒီးယား စသည်တို့ အဆင့်ဆင့်ကျယ်ပြန့်လာသော တန္တြ-မန္တြ ရောယှက်သည့် မဟာယာန အယူဝါဒအနွယ်များဖြစ်သော အပြာရောင် အဝတ်အရုံများ ဝတ်ဆင်သည့် အရည်းရှင်ယောင်များသာ ထွန်းကားလာ၍-

၎င်းတို့မှာ သာသနာတော်အနှစ် ၁၀၀၀-ကျော်လောက်ကပင် ရောက်ရှိသည်ဟု ရာဇဝင်အရ ခန့်မှန်းရလေသည်။ ၎င်းတို့၏ အယူဝါဒများသည် ရာဇဝင်မှတ်တမ်းများကို ထောက်ဆခြင်းအားဖြင့် စေတီပုထိုး တည်ခြင်း, ပရိတ်မန္တာန် စသည်တို့ကို ရွတ်ဖတ်ခြင်း စသော ၎င်းတို့ဆိုင်ရာဝါဒ အမှုကိစ္စဖြန့်ဖြူးကြလျက် တိုင်းသူပြည်သားနှင့် ဘုရင်မင်းတရားတို့၏ အကိုးအကွယ်ခံယူကာ ဘာသာဝါဒ ပန္နက်စွဲပြီး တဖြည်းဖြည်း တိုးတက်ကျယ်ပြန့်လာပြီးလျှင် ၎င်းတို့အာဏာများ သည် ဘုရင်မင်းများပင် ရိုသေကျိုးနွံရခြင်းသို့ ရောက်သည်တိုင်အောင်တိုးပွားလျက် တိုင်းကားပြည်ရွာ အလုံးမှာ ၎င်းတို့အာဏာသာ လွှမ်းဖုံးနေခဲ့လေသည်။

၎င်းတို့ဝါဒကား ဗုဒ္ဓဝါဒနှင့် တန္တြ-မန္တြ အယူရောယှက်ကာ မဟာယာန အငွေ့အသက်မှ ဖြစ်ပွားပြီးလျှင် အရပ်ဒေသ နီးကပ်သည်အားလျော်စွာ ရှေးအခါက ကာမရူပခေါ်သော အာသန်တိုင်း, ဝင်္ဂတိုင်း တို့မှ အဆင့်ဆင့်ရောက်လာသည့် သက္ကတမန္တြအယူဝါဒများသာဖြစ်၍ ဗုဒ္ဓဘာသာသက်သက်ဟူ၍၎င်း သို့မဟုတ် ဗြာဟ္မဏဘာသာ ဟူ၍၎င်း မဆိုနိုင်သော မြန်မာဘာသာအားဖြင့် ရှင်အရည်းဘာသာဟူသော ဘာသာထွန်းကားဖြစ်ပွားပြီးလျှင် မြန်မာနိုင်ငံတွင် အနှစ် ၅၀၀-ကျော်မျှ ကြီးစိုး လွှမ်းမိုးအုပ်ချုပ်နေခဲ့ပေသည်။

ဤမြန်မာနိုင်ငံ၌ ထွန်းကားနေသော ရှင်အရည်းကြီးများ ဝါဒသည်ကား ကျယ်ပြန့်လွှမ်းမိုးကာ ပုဂံမင်းဆက် ၄၆-ဆက်တိုင်အောင် ကြီးစိုးလျက် ၎င်းတို့ဦးရေမှာလည်း-

- တစ်စုလျှင် ၃၀-မျှစီရှိသော
- အစုပေါင်း ၁၀၀၀-ရှိ၍
- ၎င်းတို့ဂိုဏ်းမှာ ၃၀၀၀-ကျော်ရှိကြောင်း-

၎င်းတို့လည်း **ရဟန်းဟူသော** အမည်ကိုပင်ခံယူကာ အရည်းများကို ရဟန်းဟူ၍၎င်း ၎င်းအမျိုးကို **သံဃရာဇာဟူ၍၎င်း** ခေါ်ဝေါ်သမုတ်သည့်အတိုင်း **သမုတိရာဇ်မင်းမှစ၍** မင်းဆက် **၂၃-ဆက်မြောက်မင်းမှာ** အရည်းရဟန်း အမျိုးတစ်ပါးကို ထီးနန်းသုဉ်းခိုက် မျူးမတ်, ပုရောဟိတ်, မိဖုရားကြီးတို့နှင့်တကွ အညီအညွတ်တိုင်ပင်ပြီးလျှင် ထီးနန်းတင်ရာ **ပုပ္ပါးစောရဟန်းမင်း** ဟူ၍၎င်းတို့ ဂိုဏ်း၏ ဦးစီးသံဃာတို့၏ အရှင်ဖြစ်၍ သံဃရာဇ်မင်းဟူ၍ ၎င်း တွင်ပြီး ဘုန်းကံသတ္တိ ကြီးမားသည့်အားလျော်စွာ ၎င်းလက်ထက် သက္ကရာဇ်ဖြိုလျက် ကိန်းသစ်ခန်းသစ် ပြောင်းသဖြင့် ရာဇဝင်တွင် ထင်ရှားသော မင်းတစ်ပါး ဖြစ်ခဲ့လေသည်။

ထိုသံဃရာဇ်မင်းသည်ကား အစစ်အမှန် သံဃာတို့ မရောက်သေးမီ ၎င်းအရည်းတို့ အား ရဟန်းဟူ၍၎င်း သံဃာဟူ၍၎င်း ၎င်းတို့ဂိုဏ်းကို ခေါ်ဝေါ်သမုတ်ကြ၍ သရေခေတ္တရာ ပြည်နယ်မှစ၍ ပုဂံပြည်နယ်များမှာ ၎င်းတို့အာဏာတန်ခိုး လွှမ်းမိုးနေခိုက်ဖြစ်သောကြောင့် ၎င်းရှင်အရည်းဂိုဏ်း သံဃာတို့၏ အမျိုးဖြစ်သော မင်းကြီးတစ်ပါး-ဟု မှတ်ယူအပ်၏။

၎င်းတို့သည် မြန်မာနိုင်ငံတော် တစ်ဝှန်းလုံး လွှမ်းဖုံးလုနီးပါး တန်ခိုးအာဏာ ကြီးမား လာခဲ့ရာ ၎င်းတို့ဝါဒ တစစချဲ့ထွင်ပြီး မင်္ဂလာပန်းဦးများ တင်မြောက်ကြရသည်တိုင်အောင် အကျင့်တရားချွတ်ယွင်း ပျက်ပြားကြသော်လည်း ဘုရင်နှင့်တကွ တိုင်းသူပြည်သားများ အားထားကိုးကွယ်ခြင်းကို ၎င်းပုဂံမင်း ၄၆-ဆက်မြောက် **စုက္ကတေးမင်းလက်ထက်**သို့ကျ အောင် ကိုးကွယ်လေးစား ၎င်းတို့၏တရားကို လိုက်နာလျက် အဆုံးအမ ခံယူလာခဲ့ကြလေသည်။

## အနော်ရထာမင်းတရား အရည်းတို့ကို မလေးစားခြင်း

၎င်းပုဂံမင်းဆက် ၄၇-ဆက်မြောက် **အနုရုဒ္ဓ** အမည်ရှိ **အနော်ရထာမင်းမြတ်**သည် ကား ၎င်းတို့အကျင့်အမူများကို ရှေးကဆည်းပူးခဲ့သော ပါရမီသမ္ဘာကြီးရင့်သည့်အပြင် ဉာဏ်အမြော်အမြင် ဆင်ခြင်တုံတရား ကြီးမားသော ဘုရင်မင်းတရားဖြစ်သည် အားလျော် စွာ မင်းသားဖြစ်စဉ်ကပင် ၎င်းတို့အကျင့်များကို လေးစားတော်မမူဘဲ ဘုရင်မင်းမြတ် အရိုက်အရာကို ရတော်မူသောအခါမှာကား သာလွန်စက်ဆုပ်တော်မူသဖြင့် ၎င်းတို့ကို အလေးမမူ၊ ရှေးမင်းများကဲ့သို့ မကိုင်းညွတ်သည်ကို အရည်းရဟန်းများ သိရှိကြသဖြင့် ၎င်းတို့အား လေးစားရန် ကြံစည်အားထုတ်ခဲ့ကြလေသည်။

၎င်းရှင်အရည်းများသည် ၎င်းတို့ကျမ်းစာများကို သရေခေတ္တရာပြည် မြို့တော် ဟောင်း သခွတ်ပင်ကြီးအလယ်မှာ ထွင်းဖေါက်ကာ ဌာပနာပြီး တဖန် အခွံအခေါက်များ ဖုံးလွှမ်းအောင် လုံ့လစိုက်ထူ ပြုလုပ်ကာ နှစ်အနည်းငယ်ကြာ၍ အခွံအခေါက်များ ဖုံးအုပ်

လာသောအခါ သမာဒေဝနတ်များ လာရောက်အိမ်မက်ပေးဟန်ဖြင့် သရေခေတ္တရာပြည် သခွတ်ပင်ကြီးအလယ်ဝယ် မှန်ကန်ကောင်းမြတ်သော တရားကျမ်းဂန်များရှိကြောင်း မင်းတရားကြီးအား ကြားသိစေခဲ့လေသည်။

မင်းတရားကြီးကား တရားအစစ်အမှန် လိုလားတောင့်တလျက် ရှိသည်နှင့်အညီ အကယ်ထင်မှတ်ပြီးလျှင် ဗိုလ်ပါအစုံအညီနှင့် ပြည်မြို့တော်သို့ ချီတက်တော်မူပြီး ထိုအရည်းကြီးတို့နှင့်အတူ ထိုသခွတ်ပင်ကြီး ထွင်းဖောက် ရှာဖွေရာ ၎င်းကျမ်းစာများ တွေ့ရှိသော်ငြားလည်း ပကတိပညာဓာတ်ခံ ရင့်သန်တော်မူသည်ဖြစ်၍ ၎င်းတို့ဉာဏ်ဖြင့် ပြုလုပ်ထားသော ၎င်းတို့ကျမ်းဂန်ပင်ဖြစ်သည်ဟု သိရှိတော်မူသောကြောင့် ထိုအရပ်တွင်ပင် ၎င်းတို့ကို မီးတိုက်ခဲ့ပြီး ဝမ်းနည်းစွာဖြင့် ပြန်ကြွတော်မူလာခဲ့ရလေသည်။

ဤသို့လျှင် **သီရိ အနုရုဒ္ဓါ-အနော်ရထာမင်းတရားကြီးသည်** ကောင်းမြတ်မှန်ကန်သော အယူဝါဒ၊ ကောင်းမြတ်စင်ကြယ်သော တရားတော်များကို စူးစမ်းရှာဖွေခိုက် ဘုရင်မင်းမြတ်၏ စိတ်အကြံကို သိတော်မူသကဲ့သို့ **"နော်ရထာဘုန်းကံ၊ အရဟံ၊ ခုံပျံကျလာဝဲ"** ဟူသော ရှေးလင်္ကာများနှင့်အညီ သုဝဏ္ဏဘူမိတိုင်းတွင် ထင်ရှားသော **အရှင်မဟာကာလ** မထေရ်မြတ်နှင့် **အရှင်သီလဗုဒ္ဓိ** မထေရ်မြတ်တို့၏ တပည့်**အရှင်ဓမ္မဒဿီ** အမည်ရှိ၍ နောက်အရှင်အရဟံ အမည်ရှိသော ရဟန္တာမထေရ်မြတ်သည် သီရိခေတ္တရာ ပြည်သို့ ကြွလာတော်မူရာ တောအုပ်တစ်ခုမှာ သီတင်းသုံးတော်မူခဲ့လေသည်။

ဤသို့ သီတင်းသုံးတော်မူစဉ် "ထိုအရှင်အား မင်းတရားကြီးနှင့် တွေ့ဆုံစေရန်" နတ်များတို့ မုဆိုးတစ်ယောက်ကို လှည့်ဖျားလျက် မထေရ်မြတ်၏ အနီးအပါးသို့ ရောက်သွား၍မြင်လျှင် အရှင်မြတ်ကို "လူမျိုးတစ်ခြား"ဟု ထင်မှတ်ကာ "မင်းတရားကြီးထံ ပို့မည်"ဟု ပင့်ခေါ်သွားရာ မထေရ်မြတ်လည်း မင်းတရားကြီးနှင့်တွေ့ဖို့ စိတ်အကြံတော်နှင့် ဤတိုင်းနိုင်ငံသို့ ကြွလာတော်မူသည်နှင့်အညီ မုဆိုးညွှန်ပြရာသို့ ကြွတော်မူပြီးလျှင် မင်းတရားကြီးနှင့် ပြည်မြို့မှာပင်တွေ့ကြုံကြောင်း ရှေးဟောင်းမှတ်တမ်းများအရ မင်းတရားကြီးနှင့်တွေ့ရ၍ သာသနာပြုကိစ္စများ အားထုတ်တော်မူရန် စိတ်သန်တော်မူခဲ့လေသည်။

အနော်ရထာမင်းတရားလည်း မုဆိုးပင့်လာသော အရှင်အား တွေ့မြင်ဖူးမြော်ရလျှင် ပင်ကိုယ်အဆင်ခြင်ဉာဏ် ထက်သန်တော်မူသည့်အပြင် တရားကောင်းနှင့် သူတော်ကောင်း အစစ်အမှန်တွေ့ရှိရန် စိတ်သန်တော်မူသည့်အတိုင်း ကိုင်းရှိုင်းသော စိတ်ဓာတ်ဖြင့် စူးစမ်းအပ်ပြီး "ဤအရှင်ကား တည်ကြည်သော ဣန္ဒြေသိက္ခာ အမူအရာတို့ကို ထောက်ဆ၍ မုချပင် အရှင်သန္တာန်၌ ကောင်းမြတ်သောတရား ကိန်းဝပ်မည်"ဟု ကြည်ညိုသော စိတ်ထား တော်ရှိသဖြင့် အရှင်အားသင့်တင့်သော အရပ်၌ သီတင်းသုံးတော်မူရန် ရိုသေစွာ

ဖိတ်မံတော်မူက မင်းတရားထက် မြတ်သောလကျာ်အရပ်၌ စမ္ပဓဏ်းပိုင်းခင်းကာ သီတင်းသုံးတော်မူခဲ့လေသည်။

ထိုအခါ ဘုရင်မင်းတရားကြီးမှာ အတိုင်းထက်အလွန် ဝမ်းမြောက်တော်မူ၍ "ယခုမှပင် ငါ၏တိုင်းနိုင်ငံတော်နှင့် ငါ၏နန်းအိမ်တော်တို့တွင် သွန်သင်ဆုံးမတော်မူမည့် အရှင် ရောက်တော်မူပြီ၊ ဤနေ့ကစ၍ မှန်ကန်ကောင်းမြတ်သော တရားတော်များကြားရ၊ သူတော်စဉ် အရှင်မြတ်များ အားထားကိုးကွယ်ရတော့မည်"ဟု စိတ်တွင် ဆင်ခြင်လျက် အလွန်နှစ်သက် ဝမ်းမြောက်တော်မူခဲ့လေသည်။

မထေရ်မြတ် ဤသို့ သီတင်းသုံးတော်မူပြီးနောက် ဘုရင်မင်းတရားကြီးသည် အရှင်မြတ်အား အလ္လာပစကားစ လျှောက်ထားရာ "အရှင်မြတ်မှာ အမျိုးအနွယ် အစဉ်အဆက် ဆောင်ရွက်တော်မူသော တရားတော် အဘယ်သို့ခေါ်တော်မူပါသနည်း"ဟု လျှောက်ထားလျှင်-

အရှင်မြတ်သည် "ငါတို့ကား လောကထွဋ်ထား ခပ်သိမ်းသော တရားတော်မြတ်ကို ဆရာမရှိ မိမိကိုယ်တိုင်တော်တိုင် ထိုးထွင်း၍ သိတော်မူသော သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား၏ အမျိုးအနွယ် တပည့်သား သာဝကဖြစ်ကြောင်း။

ငါတို့၏ အနွယ်တော်ဖြစ်သော သံဃာတော်များကား ထိုမြတ်စွာဘုရား၏ တရားတော်မြတ်ကို ကျင့်ကြံအားထုတ်တော်မူကြသော မြတ်စွာဘုရား၏ တပည့်များဖြစ်ကြောင်း ထိုမြတ်စွာဘုရား၏ တရားတော်ကား ရှစ်သောင်းလေးထောင်မျှ ရှိသည်"ဟု မိန့်ကြားတော်မူလျှင်-

ဘုရင်မင်းတရားကြီးသည် သာလွန်နှစ်သက် အားတက်တော်မူသဖြင့် "အရှင်ဘုရား တပည့်တော်အား နာကြားပါရန် အနည်းငယ်မျှ ဟောကြားတော်မူပါ"ဟု တောင်းပန်လျှောက်ထားလေသည်။

ထိုအခါ အရှင်အရဟံ မထေရ်မြတ်သည် "ဓမ္မာသောကမင်းတရားကြီးအား **နိဂြောဓ သာမဏေ** ဟောကြားဘိသကဲ့သို့" ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့အပ်ကြောင်း ဓမ္မပဒ အပ္ပမာဒဝဂ်လာ **အပ္ပမာဒ တရားတော်မြတ်**ကို ဟောကြားတော်မူလျှင်-

အလွန်ပင် သဒ္ဓါကြည်ညိုတရားတော်ကို နှစ်သက်တက်ကြွသော ပီတိဖြင့် "အရှင်မြတ်ဘုရား၊ ဤတရားတော်ကို ဟောကြားတော်မူသော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားကား ယခုအခါ အဘယ်မှာ သီတင်းသုံးတော်မူသနည်း"ဟု လျှောက်ထားသောကာလ-

အရှင်မြတ်က "ဒါယကာမင်းကြီး သုံးလူ့ထွဋ်ထား မြတ်ဘုရားသည်ကား ပရိနိဗ္ဗာန်စံဝင်တော်မူသည်မှာ နှစ်ပေါင်း ၁၀၀၀-ကျော် ရှည်မြင့်ကြာပြီ၊ သို့သော် မြတ်စွာဘုရား၏ တပည့်သံဃာတို့ကား ထိုအရပ်၌ များစွာပင်ရှိ၍ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို လက်ထက်တော်အခါက ကျင့်ကြံကြသကဲ့သို့ပင် အစဉ်အဆက် ဆောင်ရွက်အားထုတ်ကျင့်ကြံလျက် ရှိကြကုန်၏"ဟု အမိန့်တော်ရှိလျှင်-

ဘုရင်မင်းတရားကြီးသည် မြတ်စွာဘုရား၌ရှင်း, တရားတော်၌ရှင်း, အရှင်အရဟံ မထေရ်မြတ်နှင့်တကွ အမိန့်ရှိတော်မူသော သံဃာတော်မြတ်၌ရှင်း ပုထုဇဉ်တို့၏ သဒ္ဓါအားဖြင့် ယုံကြည်လေးမြတ်သည် အားလျော်စွာ ထိုအခါ အရည်းရှင်များလည်း အနီးအနားရှိကြ၍ ၎င်းတို့ကို ရည်ညွှန်းသောအားဖြင့် "ဤသူတို့ကား ဘုရား၏တပည့်သားများ ဖြစ်ပါသလော"ဟု လျှောက်ထားရာ-

"ဤသူတို့ကား မြတ်စွာဘုရား၏ တပည့်သား မဟုတ်၊ အတုအရောင်မျှသာ ဖြစ်ကုန်သည်။ မြတ်စွာဘုရား၏ အဆုံးအမတော်တည်းဟူသော တရားစစ်တရားမှန်ကို ကျင့်ကြံကြသောသူများ မဟုတ်ပါကုန်"ဟု မိန့်ကြားတော်မူလျှင်-

"အရှင်မြတ်သည် ယနေ့မှစ၍ တပည့်တော်တို့အား ဆုံးမသွန်သင်ပဲ့ပြင်တော်မူပါ။ အရှင်မြတ်၏ အဆုံးမကို တပည့်တော်နှင့် နန်းတော်သူ, နန်းတော်သား, တိုင်းသူပြည်သားတို့ပါ လိုက်နာကျင့်သုံးပါအံ့"ဟု ဆရာအဖြစ် ဖိတ်မံလျှောက်ထားပြီးလျှင် အနော်ရထာမင်းတရားကြီးသည် ၎င်းသီရိခေတ္တရာပြည်မြို့တော်မှ ပြန်လည်တော်မူရာ အရှင်မြတ်ကိုလည်း ပင့်လာတော်မူပြီး အရှင်မြတ်အား သင့်တင့်လျောက်ပတ် ကောင်းမြတ်သော နေပြည်တော်မှ အရှေ့ဘက် <u>ညောင်ဦးယျာဉ်အနောက်ဦးစွန် မှဌေးမြောက် အရှေ့ယွန်းတွင်အရည်ဝါသီတောကျောင်း</u> ဆောက်လုပ်လှူဒါန်း၍ မထေရ်မြတ်၏ အမိန့်အရ ဇေတဝန်ကျောင်းတော်ဟု သမုတ်ပြီးလျှင် အရှင်မြတ်အား တင်လှူတော်မူခဲ့လေသည်။

ထိုမထေရ်မြတ် သီတင်းသုံးတော်မူသောအခါ၌ကား မင်းတရားကြီးသည် သာသနာမှု သာသနာ့ကိစ္စများ၌ ကိုယ်တိုင်ဆောင်ရွက်တော်မူကြောင်း၊ မိဖုရားကြီးကိုယ်တိုင်ဆွမ်းအုပ်ကို ရွက်စေ၍ မိမိကိုယ်တိုင် ရေထမ်းခြင်း စသော မထေရ်၏ ဝေယျာဝစ္စ အမှုများပြုလုပ်တော်မူကြောင်း မှတ်တမ်းများ၌ လာသည့်အတိုင်း မင်းတရားကြီး ဤကဲ့သို့ ကိုင်းရှိုင်းတော်မူသည်ကို မနာလိုဝန်တို ကြသာတရား အမြဲထားကြသော ရဟန်းယောင် ရှင်အရည်းများ ဘေးမှကာကွယ်ရန် အစောင့်အရှောက်များထားလျက် မင်းတရားလည်း နေ့စဉ်နှင့်အမျှ ထွက်တော်မူ၍ တရားတော်နာယူတော်မူကာ သာသနာတော်အရေး ဆွေးနွေးလျှောက်ထား အားထုတ်ဆောင်ရွက်တော်မူခဲ့လေသည်။

မင်းတရားကြီးသည် သာသနာတော်ကို အကြွင်းမဲ့ ယုံကြည်တော်မူသည့် အလျောက် ၎င်းသာသနာတော်ကြီး၏ ကြီးပွားတိုးတက်ရန် အကြွင်းမဲ့ ထောက်ပံ့ပြုစုလိုပါကြောင်း လျှောက်ထားရာ အစောင့်အရှောက်အလို့ငှာ မထေရ်အား လှူထားသော အာရာမ်စောင့်များကို တရားသဖြင့် တော်လှန်စေပြီးလျှင် ရှင်ရဟန်းပြုလုပ်စေကာ သာသနာတော်၌ ဝင်ရောက်စေလျက် ပိဋကတ်ဓမ္မက္ခန်များ သင်ကြားတတ်မြောက်သောအခါ အခြားသံဃာများ ပင့်ဆောင်ပြီးနောက် ရဟန်းအဖြစ်သို့ရောက် ချီးမြှောက်တော်မူကာ သာသနာတော်ကြီး ပွားစီးစေတော်မူခဲ့လေသည်။

ဤသို့ မင်းတရားကြီးနှင့်တကွ အရှင်အရဟံမထေရ်မြတ်တို့ ပြုစုတည်ထောင်တော်မူသဖြင့် ဗုဒ္ဓနိုင်ငံတော် သာသနာ့နိုင်ငံတော်ကြီး ပွါးစီးပြန့်ပြောလာသောခါ ရှေးအလျင် ခမည်းတော်, ဘိုးလောင်းတော်, ဘေးလောင်းတော်တို့ခေတ်က အစဉ်အဆက် ကိုးကွယ်လာခဲ့ကြသော အရည်းရှင်ယောင်တို့ကိုကား တစတစ သုတ်သင်ကာ လူဝတ်လဲစေပြီး အဲမောင်းကိုင်, လှံတံကိုင်စသော မင်းအမှုထမ်းအဖြစ် သွတ်သွင်းထမ်းရွက်စေလျက် ဘုရင်မင်းတရားကြီးကား ရှေးဘေးလောင်းတော်, ဘိုးလောင်းတော်များကို တ,သ အောင့်မေ့တော်မူကာ "အကယ်၍ အချိန်ကာလ ဆွဲငင်၍ ရပါမူကား ပြန်၍ ဆွဲငင်လိုပါသည်" ညည်းညူတော်မူမိလေသည်။

✪ ✪ ✪ ✪ ✪

## အနော်ရထာမင်းတရား သာသနာတော် အရှည် တည်တံ့စေရန် ပိဋကတ်, ဓမ္မက္ခန်တို့ကို ပင့်ဆောင်ခြင်း

ဤသို့လျှင် မြန်မာနိုင်ငံတော်၌ မြတ်စွာဘုရားသာသနာ ဗုဒ္ဓနိုင်ငံတော်ကြီးသည် တဖြည်းဖြည်း တစတစတိုးတက်ကာ မင်းတရားကြီးလည်း မထေရ်မြတ်ထံ အမြဲခစား ဆည်းကပ်လျက် သာသနာတော်နှင့် စပ်လျဉ်းသော တရားတော်များကြားနာ ပညာသုတ ပြည့်ဝ၍ သာသနာ့ကိစ္စတော်၌ ကြောင့်ကြစိုက်တော်မူလာသည်နှင့်အညီ အရှင်မြတ်အား သာသနာတော် တည်တံ့ရာ တည်တံ့ကြောင်း လျှောက်ထားသည်တွင် အရှင်အရဟံ မထေရ်မြတ်က "ဒါယကာတော်မင်းကြီး၊ သာသနာတော်မြတ်ကား-

၁။ ပရိယတ္တိ သာသနာတော်

၂။ ပဋိပတ္တိ သာသနာတော်

၃။ ပဋိဝေဓ သာသနာတော်-

အားဖြင့် ၃-ပါးရှိကြောင်း။ ထိုတွင်-

- **ပရိယတ္တိ သာသနာတော်ဆိုသည်မှာ** မြတ်စွာဘုရားသည် တပည့်သာဝကတို့အား တရားဟုတ်မှန် ကျင့်ကြံအားထုတ်ကြရန် ဟောကြားညွှန်ပြဆုံးမတော်မူကာ တရားအစု ဓမ္မက္ခန်ပေါင်း ရှစ်သောင်းလေးထောင်မျှရှိသော သင်ယူအပ်သည့် တရားအဆုံးအမတော်သည် ပရိယတ္တိ သာသနာတော် မည်ကြောင်း။
- **ပဋိပတ္တိ သာသနာတော်မှာ** ထိုပရိယတ္တိ သာသနာတော်၌ ဟောကြားတော်မူသော တရားတော်တို့ကို ဟုတ်တိုင်းမှန်စွာ ကျင့်ကြံခြင်းသည် ပဋိပတ္တိ သာသနာတော် မည်ကြောင်း။
- **ပဋိဝေဓ သာသနာတော်မှာ** ထိုပဋိပတ္တိသာသနာတော်ကို ကျင့်ကြံကြိုးကုတ်အား ထုတ်လေ့လာတော်မူကြသဖြင့် ရရှိတော်မူသော မဂ်, ဖိုလ်, နိဗ္ဗာန် ၃-တန်သော တရားတော်တို့ကို ထိုးထွင်း၍သိခြင်းသည် **ပဋိဝေဓ** သာသနာတော် မည်ကြောင်း။

ထိုသာသနာတော် ၃-ရပ်တွင် ယခုအခါ သာသနာတော်၏ အခြေအမြစ်ဖြစ်သော ပရိယတ္တိသာသနာတော်ဟု ဆိုအပ်သော မြတ်စွာဘုရား၏ ပိဋကတ် ဓမ္မက္ခန်များလည်း မရှိသေးသည့်အပြင် အမြဲတည်ထားကိုးကွယ်ရန် မြတ်စွာဘုရားရှင်၏ သာရီရိက ဓာတ်တော်, မွေတော်များလည်း မရှိသေးကြောင်း။

ထိုမွေတော်, ဓာတ်တော်, ပိဋကတ် ကျမ်းဂန်တော်များရှိသော ပြည်ရွာတိုင်းကားသို့ မွန်မြတ်သော လက်ဆောင် ပဏ္ဏာတော်များဖြင့် စေလွှတ်တောင်းစေ၍ ထိုဓာတ်တော်, မွေတော်, ပိဋကတ်တော်များ ရရှိကာ ဤနိုင်ငံတော်၌ တည်ထားကိုးကွယ် လေ့လာ အားထုတ်မှသာ သာသနာတော်၏ပန္နက် အခြေခံအုတ်မြစ် ကျရောက်စေပြီးလျှင် သာသနာ တော်ကြီး အဓွန့်ရှည်စွာ တည်တံ့တော်မူနိုင်ကြောင်း သာသနာတော်၏ အခြေခံပြုစုရန် မိန့်ကြားတော်မူလျှင်-

မင်းတရားကြီးက "အရှင်ဘုရား၊ ဤသာရီရိက ဓာတ်တော်, မွေတော်, ပိဋကတ် တော်များ စုံလင်စွာ အဘယ်တိုင်းပြည်နိုင်ငံမှာ ရှိပါသနည်း"ဟု လျှောက်ထားရာ-

"ဒါယကာမင်းကြီး၊ မြတ်စွာဘုရား၏ သရီရဓာတ်တော်, မွေတော် မြောက်မြားစွာ နှင့် သုတ္တန်, ဝိနည်း, အဘိဓမ္မာ ၃-ဖြာသော ပိဋကတ်အစုံပေါင်း ၃၀-မျှ သုဝဏ္ဏဘူမိတိုင်း၊ သုဓမ္မပူရသထုံပြည်၌ရှိကြောင်း" မိန့်ဆိုတော်မူလျှင်-

ဘုရင်မင်းတရားကြီးသည် ထိုပိဋကတ်တော်, ဓာတ်တော်, မွေတော်များ ဤနိုင်ငံတော်သို့ ပင့်ဆောင်တော်မူနိုင်ရေး ကြောင့်ကြစိုက်တော်မူကာ စီမံခန့်ခွဲတော်မူခဲ့လေသည်။

ဤကဲ့သို့ ဓာတ်တော်, မွေတော်, ပိဋကတ်တော်များရရှိရန် အလွန်မွန်မြတ်ကောင်းမွန်စွာသော လက်ဆောင်ပဏ္ဏာတော်များကို ကောင်းစွာစီရင်အပ်ပြီးလျှင် လိမ္မာကျွမ်းကျင် ပညာအမြော်အမြင်နှင့်ပြည့်စုံသော အမတ်တစ်ယောက်ကို အမှူးထားကာ မြတ်စွာဘုရား၏ တရားတော်ကို ကြည်ညိုပြီးဖြစ်သော မင်းတရားဖြစ်သည်နှင့်အညီ စုံညီပြည့်ဝ သာယာချောင်လှစွာသော စကားတို့ဖြင့် ရေးသားပြောဆိုကာ သုဝဏ္ဏဘူမိတိုင်း၊ သုဓမ္မပူရပြည်သို့ တမန်တော်များစေလွှတ်၍ ပိဋကတ်တော်, ဓာတ်တော်, မွေတော်များ တောင်းဆိုတော်မူခဲ့လေသည်။

ဤသို့ ချောင်လှစွာ တောင်းဆိုရာတွင် သုဓမ္မပူရသထုံပြည်ကြီးရှင် ဘုရင်မနူဟာမင်းသည်ကား "မြတ်စွာဘုရား၏ ဓာတ်မွေတော်နှင့် ပိဋကတ်ကျမ်းစာတော်များသည် အရိုင်းများနှင့်ထိုက်တန်သလော"ဟု မရည်မင် ကြမ်းတမ်းခက်ထန်စွာ ပြောဆိုလိုက်ခြင်းကိုသာ ရရှိခဲ့၍ တောင့်တဖူးမျှော်လိုသော ဓာတ်တော်, မွေတော်များနှင့် ပိဋကတ်တော်များ မရရှိခဲ့ပေ။

မင်းတရားကြီးကား ဤသို့ သထုံမင်းက ဓာတ်တော်, မွေတော်, ပိဋကတ်တော်များအားထားတော်မူသည့်အတိုင်း ပေးတော်မမူသည့်အပြင် မင်းနှင့်မထိုက်မတန် မချောင်သောစကားတို့ဖြင့် ဆိုလိုက်ခြင်းကြောင့် အလွန်လျှင် မျက်မန်ရှိတော်မူပြီးကာ "အရိုင်းမျိုးများ၏ သတ္တိစွမ်းရည်ကို သိစေအံ့"ဟု နှလုံးပြုပြီးလျှင် စစ်အင်္ဂါအလုံးအရင်း ကြီးမားစွာ စီရင်စေတော်မူခဲ့လေသည်။

ဤသို့ စစ်တပ်ကြီးများ ကြီးမားစွာ စီရင်တော်မူပြီး ရေကြောင်းမှရေတပ်ကြီး အလုံးအရင်းကြီးမားစွာနှင့် ချီတက်စေသည့်အပြင် ကုန်းတပ်မှလည်း စစ်သူကြီးချုပ် ၄-ယောက်တို့ကို အုပ်ချုပ်စေလျက် တပ်မကြီး ၄-တပ်နှင့်တကွ ဆင်တပ်, မြင်းတပ်တို့ကို ရံစေလျက် အသိန်းမကသော စစ်သည်တော်များ ၂-ဖက်မှချီတက်စေပြီးနောက် ဘုရင်မင်းတရားကြီးကိုယ်တော်တိုင်လည်း တပ်မကြီးဖွဲ့စည်းကာ တပါတည်း ထွက်တော်မူရာ ရေတပ်တော်မှာတပ်ဦးပဲခူးသို့ရောက်သော်လည်း ပုဂံမှ လှေတပ်ထွက်၍ မကုန်သေး။ ကြည်းကြောင်းစစ်ဦးမှာလည်း သထုံကျေးလက်နယ်စပ်သို့ ရောက်သော်လည်း ပုဂံမှကြည်းတပ် မကုန်သေးအောင် အလွန်များပြား ကြီးကျယ်သော စစ်သည်တော်များ ချီတက်လာကြောင်း ကြားသိရ၍ သထုံဘုရင် မနူဟာမင်းသည် အလွန်ကြောက်ရွံ့လှသဖြင့် မြို့တော်ကို အခိုင်အလုံစီရင်ကာ တတ်နိုင်သလောက် ခုခံနိုင်ရန် ပြင်ဆင်လေ၏။

သို့ရာတွင် အနော်ရထာမင်းတရား၏ စစ်သည်တော်များသည် မြို့သို့ဝင်ရန် အဖန်ဖန် ကြိုးစားအားထုတ်ကာ ကြိမ်ဖန်များစွာ လုပ်ကြံစေသော်လည်း မအောင်မြင်ရှိ၍ ဟူးရားဖြူ, ဟူးရားညိုတို့အား မေးမြန်းရာ "မြို့တော်မှာ ဇော်ဂျီသားကို စားရသော ကုလားငယ်၏ ဦးခေါင်း, ပေါင်, လက် စသည်တို့ကို မြှုပ်နှံလျက် အစောင့်စီရင်ထားသော ကြောင့် မဝင်ရောက်နိုင်ပါကြောင်း" သံတော်ဦးတင်ကြလျှင် ၎င်းအစီအစဉ်ကို ဖယ်ရှားကာ သမုဒ္ဒရာသို့ချပစ်မှ မြို့တော်ကို အောင်မြင်တော်မူ၍ ဘုရင်မနုဟာမင်းနှင့်တကွ သထုံမင်း အဆက်ဆက် ရတနာ ပန်းတောင်းတွင်ထားကာ ကိုးကွယ်ပူဇော်တော်မူသော ဓာတ်တော်, မွေတော်များနှင့် ပိဋကတ်တော် အစုံ ၃၀-တို့ကို ထိုဘုရင်မနုဟာမင်း ရှိရင်းဖြစ်သော ဆင်ဖြူရတနာတော် ၃၂-စီးတွင် တင်စေလျက် ပုဂံပြည်သို့ပြန်လည် ချီတက်တော်မူခဲ့လေ သည်။

ထိုသို့ ဘုရင် **အနော်ရထာမင်းစောသည်** သာသနာတော်မြတ်ကို ကြည်ညိုလေး စားသည်အားလျော်စွာ ၎င်းအတွက် စစ်ဖြစ်ရ၍ အရေးနိမ့်ကျတော်မူသော ဘုရင်မနုဟာ အားလည်း ကြမ်းတမ်းသော အမူအရာများ မပြုလုပ်စေဘဲ မြင်းကပါအရပ်၌ အခြွေအရံ အလုပ်အကျွေးများနှင့် ချမ်းသာစွာ ထားသည့်အပြင် ၎င်းမင်းအလိုရှိသော ဒရာများကို လည်း ကူညီထောက်ပံ့လျက် နေစေပြီးနောက် ၎င်းမင်း၏ တိုင်းနိုင်ငံတော်မှ ယူဆောင်လာ ခဲ့သော ဓာတ်တော်, မွေတော်များကို ရတနာအတိပြီးသော ပတ္တမြားကြုပ်တွင် ဌာပနာ တော်မူပြီး အစဉ်အမြဲ ခေါင်းရင်းတော်တွင်ထားကာ ပူဇော်ကိုးကွယ်တော်မူခဲ့လေသည်။

ထိုမှတပါး ပင့်ဆောင်လာခဲ့သော ပိဋကတ်တော်များကိုလည်း ရတနာအတိပြီး သော ပြာသာဒ်တော်တွင်ထား၍ ၎င်းသာသနာဝင်မှတ်တမ်းများအရ သထုံမှ ပင့်ဆောင် လာတော်မူခဲ့သော အရိယာသံဃာတော်မြတ်တို့အား သင်ကြားပို့ချစေတော်မူသည့်အပြင် နိုင်ငံတော်အတွင်းမှ သာသနာတော်ကို ထမ်းရွက်ကြသောသူတို့အားလည်း အထူးသဖြင့် ချီးမြှောက်ကာ သာသနာတော်အတွင်းသို့ သွတ်သွင်းတော်မူ၍ ပိဋကတ်ကျမ်းစာများကို လည်း ကူးယူရေးသား သင်ကြားပို့သစေလျက် သာသနာတော်၏ တိုးတက်ကြီးပွားကြောင်း ကောင်းမြတ်သော ကိစ္စတို့ကို ဆောင်ရွက်တော်မူကာ သာသနာတော်ကျိုး အမြဲသည်ပိုး အားထုတ် ပြုစုတော်မူခဲ့လေသည်။

ထိုသို့ မင်းတရားကြီးလက်ထက်တော်မှာ ပုဂံမြို့တော်ကြီးမှာ ပြောစမှတ်အားဖြင့် "ညီးညီးညံညံ၊ ပုဂံဆော်သည့်မောင်း" ဟူသည်နှင့်အညီ အရပ်တစ်ကွက်လျှင် တစ်မောင်း ထား၍ အကြောင်းအားလျော်စွာ မောင်းထုနှိုးဆော်ရသော ရပ်ကွက်ပေါင်း ၃,၃၃၃- ရပ်ကွက်ရှိကြောင်း၊ အလွန်လျှင် စည်ကားဝပြောသည့်အပြင် လောကီရတနာ အမျိုးမျိုး

နှင့်တကွ အထွဋ်အမြတ်ဆုံး လောကုတ္တရာရတနာအပေါင်းနှင့် ပြည့်စုံတော်မူသောကြောင့် ပုဏ္ဏဂါမ-ဟုတွင်၍ ကာလရှည်မြင့်သောအခါ ပု-ဂါမ်ဟု နောက် အက္ခရာကျေပျောက်ကာ ခေါ်ဝေါ်ကြကြောင်း။

ထို့ကြောင့် **ကလျာဏီကျောက်စာ** အရေးအသားတို့၌လည်း-

**ဇေကုတ္တရဆသတာဓိကဝဿသဟဿေ ပန ကာလေ (၁၆၀၁) ရုဒ္ဓ ရူပ ဗေဒ သာကရာဇေ (၄၁၉) အရိမဒ္ဒနပူရိယံရေနာနိရုဒ္ဓဒေဝေန ရညာ သပိဋကတ္တယံ ဘိက္ခုသံဃံ အာနေတွာ ပုဂါမသချါတေ အရိမဒ္ဒနပူရေ သာသနံ ပတိဋ္ဌာပေသိ'တိ။**

သာသနာတော် **၁၆၀၁**-ခုနှစ်၊ သက္ကရာဇ် **၄၁၉**-တွင် အရိမဒ္ဒနပြည်ကြီးရှင် ဘုရင် **အနိရုဒ္ဓါ**မင်းတရားသည် ပိဋကတ်တော်များနှင့်တကွ ရဟန်းသံဃာတော်များကို ပင့်ဆောင် တော်မူ၍ ပုဂါမ်-ဟု ဆိုအပ်သော အရိမဒ္ဒနပြည်ကြီး၌ သာသနာတော် တည်စေတော်မူ အပ်ပြီ။

စသည်ဖြင့် **ပုဂါမသာသနာဝင်** အကြောင်းများရေးသား ဖော်ပြခဲ့လေသည်။

ထိုမင်းတရားကြီးလက်ထက်တော်မှာ နိုင်ငံတော်နှင့် သာသနာလည်း ထွန်းပေါ်စ အခါဖြစ်၍ မင်းတရားကြီးနှင့်တကွ တိုင်းသူပြည်သားအားလုံးတို့မှာ သာသနာတော်ကို ကိုင်းရှိုင်းကာ များစွာသော ကျောင်း, ဘုရား, ပုထိုးများကိုလည်း တည်ဆောက်ပြီးလျှင် တိုင်းရေး, နိုင်ငံအရေးထက် သာသနာတော်အရေးကို အလေးပြုလျက် ဆောင်ရွက် အားထုတ်ခဲ့ကြသောကြောင့် ၎င်းသာသနာတော်တည်းဟူသော ဗုဒ္ဓနိုင်ငံတော်ကြီး ထိုအခါမှ စ၍ ပွားစီးတိုးတက်လာခဲ့လေသည်။

ထိုမြန်မာနိုင်ငံ ဗုဒ္ဓသာသနာတော်ကြီးကို လက်မွန်ဦးစွာ ပြုစုတည်ထောင်တော်မူ သော **သိရိအနိရုဒ္ဓဒေဝ** ဘွဲ့မည်တော်ရသော အနော်ရထာမင်းတရားကြီးသည် သာသနာ တော်တည်မူ အခြေပြုအားထုတ်လျက် အရှင်အရဟံမထေရ်မြတ်ထံ မပြတ်ခစား တရား တော်နာယူကာ သာသနာတော်၏ အနှစ်သာရကို ကောင်းစွာသိရှိတော်မူသည့်အတိုင်း ပစ္စည်း ၄-ပါးတို့ဖြင့်၎င်း ကိုယ်တိုင်သာသနာရေး သာသနာမှုများ အားထုတ်သဖြင့်၎င်း ပြုစုတော်မူသည့်အပြင် **အရှင်မဟာဓမ္မဒဿီ** အမည်ရှိတော်မူသော အရှင်အရဟံ မထေရ် မြတ်လည်း သာသနာတော်ထမ်းဆောင်ကြသော အမျိုးကောင်းသားများ တိုးပွားစေလျက် ပိဋကတ်ဓမ္မက္ခန်များ သင်ကြားစေခြင်းတည်းဟူသော ပရိယတ္တိသာသနာတော်ကို အခြေပြု ကာ သထုံမှ ပင့်ဆောင်လာခဲ့သော သံဃာတော်တို့နှင့် တိုင်ပင်ညီညွတ်စေပြီးလျှင် သာသနာ တော်စည်ပင်မူ ပြုစုအားထုတ်တော်မူခဲ့ကြ၍ ရဟန်းသံဃာတော်တို့ဘက်မှလည်း တိုးတက်သော သာသနာတော်ခေတ် ထွန်းသစ်စေတော်မူခဲ့ကြလေပြီ။

## မင်းတရားကြီး သီဟိုဠ်ကျွန်းမှ ပိဋကတ်တော်များ ပင့်ဆောင်စေခြင်း

ထိုမှတပါး သထုံမြို့တော်မှ ပင့်ဆောင်လာခဲ့သော ပိဋကတ်တော်များနှင့် ညှိနှိုင်းရန် သာသနာတော်တည်ထွန်းလျက် အခြေခိုင်ခဲ့စွာ တည်ရှိသော သီဟိုဠ်ကျွန်းသို့လည်း သူရဲကောင်းသေနာပတိ အမှူးများ ၄-ဦးရှေ့ဆောင်ကာ ထိုက်တန်မွန်မြတ်သော လက်ဆောင်ပဏ္ဏာတော်များနှင့်တကွ တမန်တော်များ စေလွှတ်တော်မူ၍ ထိုစဉ်က သီဟိုဠ်ကျွန်းတွင် ဝိဇယဗာဟုမင်းတရားကြီး အုပ်ချုပ်ကာ သာသနာပြုနေခိုက်ဖြစ်သဖြင့် ၎င်းမင်းတရားကြီးသည် ပိဋကတ်တော် စုဆောင်းကာ ရရှိသော ပိဋကတ်တော်များ, ဓာတ်တော်မွေတော်များအပြင် စွယ်တော်ပွား, စွယ်တော်စားကိုလည်း တမန်တော်များ ပင့်ဆောင်လာခဲ့ရာ သထုံမှ ပိဋကတ်တော်များနှင့် တိုက်ဆိုင်ညီညွတ် မတိမ်းမချွတ်သော မူတော် ၂-ပါး ထင်ရှားတွေ့ရသဖြင့် မင်းတရားကြီးမှာ သာလွန်နှစ်သက် သဒ္ဓါတော်တိုးတက်ခဲ့လေသည်။

ဤသို့ မင်းတရားကြီးသည် တည့်မှန်ကောင်းမြတ်သော ပိဋကတ်မူတော် ၂-ရပ်ကို တိုက်ဆိုင်တည်းဖြတ်သောမူများနှင့် ပိဋကတ်တော်များကို ထပ်မံရေးကူးစေပြီးလျှင် ပိဋကတ်တိုက်တော်ကြီး ဆောက်လုပ်စေပြီးကာ ပိဋကတ်တော်များ တည်ထားကိုးကွယ်တော်မူသည့်အပြင် များစွာသော ပိဋကတ်တော်များကိုလည်း ရေးကူးစေ၍ တိုင်းပြည်နိုင်ငံတော် အဝှမ်းကိုလည်း ၎င်းပိဋကတ်တော်များ ဖြန့်ဖြူးကာ ပရိယတ်သာသနာတော်၏ ထွန်းကားခြင်းကို အားသည်း ဆောင်ရွက်တော်မူခဲ့လေသည်။

၎င်းပြင် အနော်ရထာ မင်းတရားကြီးသည် နောင်လာနောက်သား လူအများနှင့် သားတော် မြေးတော်အစဉ် မြစ်တော်အဆက် သာသနာတော်အစဉ်အလာကို ဆောင်ရွက်အားထုတ်ကြစေရန် ရည်သန်တော်မူ၍ သုဓမ္မပူရသထုံပြည်မှ ပင့်လာခဲ့သော သရီရဓာတ်တော်မြတ် ၇-ဆူတို့တွင် ၅-ဆူကို ဌာပနာတော်မူကာ အုံ့ဖွယ် ၉-ဖြာနှင့် ပြည့်စုံတော်မူသော စည်းခုံရှင် စေတီတော်မြတ်ကြီးကိုလည်း တည်ထားကိုးကွယ်တော်မူခဲ့လေသည်။

ထိုမှတပါး သာသနာလင်္ကာရ စာတန်းများအရ သီရိခေတ္တရာပြည် ဘုန်းတန်ခိုးကြီးမားလှသော ဒွတ္တဘောင်မင်းကြီး တည်ထားတော်မူသော မပြီးမြောက်သေးသော စေတီတော်ကြီးမှ ရရှိသည့် မြတ်စွာဘုရား၏ သင်းကျစ်တော်မြတ်ကိုလည်း ကမ်းယန်လူမျိုးတို့ထံမှ ရရှိတော်မူကာ ထိုစည်းခုံရှင်စေတီတော်မြတ်မှာပင် ထည့်သွင်းကိုးကွယ်တော်မူကြောင်း လာသဖြင့် သီရိခေတ္တရာ ပြည်မြို့တော်မှာပင် သာသနာထွန်းကားဖူး၍ စေတီပုထိုးများ တည်ထားကြောင်း ၎င်းပြင် ရှေးဟောင်းသုတေသနများ လိုက်စားရှာဖွေကြသော ကျောက်စာဌာန စာပေများအရ ထင်ရှားကုန်၏။

ထို့ပြင်လည်း သထုံပြည်ကြီးရှင် နန်းကျဘုရင်ကိုလည်း ၎င်း၏အာဏာစက် ညှဲ့စေခြင်းငှာ မနောလင်ပန်းနှင့် စည်းခုံရှင်စေတီတော်မှာ တင်စေပြီးမှ ပွဲတော်ဆက်သရသောကြောင့် စက်အာဏာတို့ ကွယ်ပလေလျှင် ၎င်းမင်းသည် သံဝေဂတရားဖြစ်သည်အားလျော်စွာ မိမိတွင်ပါတော်မူခဲ့သော မနောမယပတ္တမြားလက်စွပ်ကို ပုဂံသူဌေးထံရောင်း၍ လှည်း ၅-စီးတိုက် ရရှိသော ငွေသပြာတို့ဖြင့် ၎င်းစံနေရာ မြင်းကပါအရပ်၌ပင်-


- ထက်ဝယ် ဖွဲ့တော်မူဟန် ဆင်းတုတော် တစ်ဆူ
- လျောင်းတော်မူဟန် ဆင်းတုတော် တစ်ဆူ

ဤ ၂-ဆူသော **ဥဒ္ဒိဿစေတီတော်** တည်ထားပြီးလျှင် "သံသရာတွင် ကျင်လည်သမျှ သူနိုင်သည့်ကိုယ် ဘယ်ခါမှ မဖြစ်ရလို"ဟု ဆုတောင်းမြွက်ဆိုတော်မူခဲ့လေသည်။

ဤသာသနာဝင်နှင့် ရာဇဝင်မှတ်တမ်းများအရ **မနုဟာမင်းသည်** ဥဒ္ဒိဿရုပ်ပွားစေတီတော်တည်ထားကြောင်း လာသဖြင့် ၎င်းစိုးအုပ်တော်မူခဲ့သော သထုံပြည်ကြီးမှာ စေတီပုထိုး, ရုပ်ပွားဆင်းတုတော်များ တည်ထားကိုးကွယ်ကြောင်း၊ ၎င်း၌တည်ထားကြသော ထုံးတမ်းအရ ဤပုဂံပြည်သို့ရောက်သောအခါ ၎င်းဆင်းတုတော်များ တည်ထားကြောင်း၊ ဤအခါကစ၍ ပုဂံပြည်ကြီးမှာလည်း ရုပ်ပွားတော်များ တည်ထားကိုးကွယ်ကြကြောင်းကို မှတ်သားအပ်၏။

ထိုမှတပါးလည်း တရုတ်ပြည်မှာ စွယ်တော်မြတ်ရှိကြောင်း ကြားသိတော်မူသဖြင့် စွယ်တော်များ တောင်းဆိုပင့်ဆောင်ရန် စစ်သည်ဗိုလ်ပါ မြောက်များစွာနှင့် ချီတက်တော်မူပြီး ၎င်းပြည်ကြီးရှင် ဘုရင်ဥဒည်ပွားထံ တောင်းဆိုရာ စွယ်တော်ပွားကို ရရှိတော်မူ၍ ပြန်လည်တော်မူခဲ့ရာ လမ်းခရီးတစ်လျှောက်တွင် ဘုရင်မင်းတရား၏ တန်ခိုးအားဖြင့်၎င်း စွယ်တော်ပွား၏ တန်ခိုးအားဖြင့်၎င်း **ပြက်ခရွှေတောင်ကြီးစသော** စေတီတည်ထားသင့်သောအရပ်တို့၌ ဆင်ဖြူတော်ကိန်းဝပ်၍ စွယ်တော်မြတ်ပွားသောကြောင့် စေတီတော်များ တည်ထားတော်မူခဲ့ကြောင်း ရာဇဝင်များ၌ ထင်ရှားစွာလာ၍ ထိုထိုအရပ်တို့၌လည်း မင်းတရားကြီးသည် စေတီတော်များ တည်ထားကိုးကွယ်စေကြောင်း ကောင်းစွာမှတ်အပ်၏။

ထိုမှတပါးလည်း တိုင်းသူပြည်သား သတ္တဝါများအကျိုးကို မျှော်ကိုးရည်ရွယ်တော်မူလျက် မိထိလာကန်တော်စသော ကျေးဇူးများ၍ ထင်ရှားသော ကန်တော်, ဆည်တော်များစွာတို့ကိုလည်း ဆည်ဖို့စေတော်မူသည့်အပြင် တိုင်းပြည်ဝပြော စည်ပင် သာယာစေခြင်းငှာ ၉-ခရိုင်ဆည်မြောင်း စသည်တို့ကိုလည်း ဆည်ဖို့ပြင်ဆင်တော်မူခဲ့သဖြင့် တိုင်းပြည်



ပုဂံမြို့ - ရွှေစည်းခုံစေတီတော်

နိုင်ငံ ဝပြောသာယာ၍ သာသနာတော် စည်ပင်ထွန်းကားစေခြင်းအတွက် များစွာသော ဘက်မှ ဆောင်ရွက်သည်ပိုးတော်မူခဲ့လေသည်။

ထိုသို့ ကန်တော်, ဆည်တော်, မြောင်းတော်များ ဆည်ဖို့ပြင်ဆင်ရာ အရပ်ဒေသ များ၌လည်း ကျောင်း, ဘုရား, သိမ် စသည်များ တည်ထားတော်မူခဲ့သဖြင့် မိတ္ထိလာကန်တော် ဆည်ဖို့စဉ်အခါက ရဟန္တာအရှင်များနှင့် ညှိနှိုင်းတိုင်ပင် လျှောက်ထားပြီးလျှင် များစွာသော အရပ်တို့၌ သာသနာတော်မူလဖြစ်သော သိမ်တော်များ, ကိုးကွယ်ရန် စေတီတော်များ တည်ထားတော်မူ၍ ယခုတိုင် ထင်ရှားသော သိမ်တော် ၉-လုံး, ဂူ ပုထိုး ၉-ဆူတည်ထား ကြောင်း သမိုင်းထင်ရှားရှိသည့်အပြင် မန္တလေးနန္ဒာကန်တော် ဆည်ဖို့တော်မူစဉ်ကလည်း အရဟံသိမ်တော် စသောသိမ်တော်များ၊ ထို့အတူ စစ်ကိုင်းစသည်တို့၌လည်း ရဟန္တာ သိမ်တော်များ သမိုင်းအရ ထင်ရှားစွာရှိခဲ့လေသည်။

ထိုသို့ မင်းတရားကြီးသည် သာသနာတော်၏ မူလဘူတဖြစ်သော သိမ်တော်များ နှင့်တကွ စေတီပုထိုးတော်များ တည်ထားတော်မူခြင်းစသော သာသနာတော် အခြေအမြစ် တည်ထောင်ပြုစုတော်မူပြီးကာ သားတော်အစဉ် မြေးတော်အဆက်ဆက်တို့လည်း မိမိနှင့် အတူ သာသနာတော် အမှုကိစ္စဟူသမျှတို့၌ ဆောင်ရွက်ကြစေကာ သာသနာတော် အဓွန့်ရှည်ကြာအောင် ဆောင်ရွက်တော်မူခဲ့သည့်အတိုင်းလည်း ၎င်းမင်းတရားကြီး၏ အဆက်အနွယ် အစဉ်အလာ၌ သာသနာတော် ၃-ရပ်လုံးပင် စည်ပင်ပြန့်ပွားခဲ့လေသည်။

ဤမင်းတရားကြီးလက်ထက် သာသနာတော် ၃-ရပ်လုံး ထွန်းလင်းတောက်ပလျက် ရှိကြောင်းမှာ အရှင်အရဟံ သာသနာပြု မြန်မာနိုင်ငံတော်သို့ ကြွတော်မူလာပြီးနောက် မြန်မာနိုင်ငံတော်မှာ သာသနာတော် စည်ပင်ပြန့်ပွားနေခဲ့သော်လည်း **သုဓမ္မပူရသထုံပြည်** ကြီးမှာကား ထီးသုဉ်း, နန်းသုဉ်း, မင်းကားသုဉ်း၍ နိုင်ငံအလုံးလည်း ချောက်ချားလျက် ပြည်ရွာများ မငြိမ်မသက် ခေါင်းပါးနေကာ သာသနာ့ဝန်ထမ်း ရဟန်းတော်များမှာ ပစ္စယာမိသ မမျှတကြ၍ ငြိုငြင်စွာ သီတင်းသုံးတော်မူကြရသောကြောင့် အနော်ရထာ မင်းတရားကြီးသည် သာသနာတော် စည်ပင်ထွန်းကားရန် ရည်သန်တော်မူရင်းရှိသည့် အတိုင်း ပင့်ဆောင်ကြွလာတော်မူသော ရဟန္တာအရှင်များ ၁၀၀၀-ကျော်ရှိ၍ ပုထုဇဉ် သေက္ခမထေရ်များလည်း အလွန်များပြားလှကြောင်း ၎င်းသာသနာဝင် မှတ်တမ်းများ၌ ထင်ရှားစွာ ရေးသားမိန့်ဆိုကြကုန်၏။

ဤသို့လျှင် မင်းတရားကြီးသည် သာသနာတော် ၃-ရပ်တို့ကို အသက်တော်ရှည် သမျှ ပြုစုအားထုတ်တော်မူနိုင်သော ဘုန်းတော်သမ္ဘာတော် ကြီးမားသည်အားလျော်စွာ

မြန်မာရာဇဝင်နှင့် သာသနာဝင်များ၌ မင်းတရား၏ ဂုဏ်တန်ခိုးတို့သည် ယခုတိုင် မညှိုးနွမ်းဘဲ တည်ရှိသည့်အပြင် နိုင်ငံခြားဖြစ်သော သီဟိုဠ်ရာဇဝင်များ၌၎င်း, ယိုးဒယား (ထိုင်းနိုင်ငံ) ရာဇဝင်များ၌၎င်း, ကမ္ဘောဒီးယားစသော အရှေ့ဖျားတိုင်းများ၏ ရာဇဝင်များ၌၎င်း, မင်းတရား၏ ဂုဏ်ကျေးဇူးများ တခမ်းတနား ရေးသားပါရှိစေကာ ရာဇဝင်အရပ်ရပ်တွင် ထင်ရှားစေ၍ သာသနာတော် အဓွန့်ရှည်အောင် မွန်မြတ်စွာ ဆောင်ရွက်တော်မူဆဲမှာပင် မြင့်မြတ်သော ဘဝက်တော်ကုန်လွန်ကာ နတ်ရွာသို့ ပြောင်းတော်မူခဲ့လေသည်။

ဤသည်လျှင် မြန်မာနိုင်ငံတော်၌ သာသနာ ၃-ရပ် တည်ထွန်းစေကာ ဗုဒ္ဓနိုင်ငံတော်ကြီးကို အနော်ရထာမင်းတရားကြီး လက်မွန်ဦးစွာ အခြေတည်ဆောက်တော်မူခဲ့ကြောင်း အကျဉ်းမှတ်တမ်းကား ဤတွင် ပြီးပြီ။

✪ ✪ ✪ ✪ ✪

## ကျန်စစ်မင်းတရား သာသနာတော် ဆက်ဆံ ပြုစုတော်မူကြောင်း

၎င်းမင်းတရားကြီး ဘဝနတ်ထံ စံလွန်တော်မူပြီးသည့်နောက် သားတော် စောလူးမင်းသည် ခမည်းတော်၏ အရိုက်အရာ ထီးနန်းစည်းစိမ်တော်ကို ခံယူပါသော်လည်း ၎င်းလက်ထက်၌ကား တိုင်းရေး ပြည်ရေးကလည်း ရှုပ်ထွေးလျက် မငြိမ်မသက်ရှိနေသည့်အပြင် နန်းသက်ကလည်း မရှည်ကြာလှသောကြောင့် သာသနာ့နိုင်ငံတော် အတွက်ကား မှတ်သားလောက်အောင် မကျန်ရစ်ခဲ့ဘဲ ၎င်းမင်းလည်း ရန်သူလက်ထဲတွင် အသက်ပင် ဆုံးရှုံးတော်မူရရှာ၍ ရာဇဝင်မှာလည်း မလှဖြစ်ခဲ့လေသည်။

သို့ရာတွင် ခမည်းတော် အနော်ရထာမင်းတရားကြီး လက်ထက်တော်ကပင် သူကောင်းမြောက်စားတော်မူခြင်း ခံယူခဲ့ရသော ၎င်းစောလူးမင်း၏ နောင်တော် ကျန်စစ်မင်းကြီးမှာကား မိမိအရှင့်သားတော် မရှိသည့်နောက် ရန်သူများကို ဖြိုခွင်းဖျက်ဆီးပြီးလျှင် သာသနာတော် ၁၆၂၈-ခုနှစ်မြောက်၌ သိရိတြိဘုဝနာဒိစ္စ ဓမ္မရာဇာဟူသော ဘွဲ့မည်တော်ဖြင့် ထီးနန်းကို သိမ်းမြန်းစိုးစံတော်မူ၍ ဘုန်းသမ္ဘာတော်ကြီးမားသော မင်းတစ်ပါးဖြစ်သည့်ပြင် ခမည်းတော် အနော်ရထာမင်းတရားကဲ့သို့ သဒ္ဓါတရားပြည့်စုံ သာသနာတော်ကိုလည်း အလွန်ယုံကြည်လေးမြတ် ကိုးစားတော်မူအပ်သဖြင့် မင်းဖြစ်သည်မှစ၍ သာသနာတော် အရေးကိစ္စ အထူးလေးစားလျက် ဆောင်ရွက်တော်မူခဲ့လေသည်။

ရာဇဝင်နှင့် သာသနာဝင် မှတ်တမ်းများအရ ၎င်းမင်းတရားကြီးလက်ထက်မှာ ရဟန္တာအရှင်မြတ် ၈-ပါးတို့သည် မင်းတရားအား ချီးမြှောက်ရန် နန္ဒမူလိုဏ်မှ ကြွလာတော်မူ

ပြီးလျှင် ဘုရင်မင်းမြတ်၏ နန်းတော်၌ ဆွမ်းရပ်တော်မူရာ ပင်ကိုယ်သဒ္ဓါတော်ကား ကြီးမားသည့်အတိုင်း ရဟန္တာအရှင်မြတ်များ၏ သပိတ်တော်ကို ကိုယ်တော်တိုင်ယူပြီးလျှင် မွန်မြတ်လှစွာသော ဘောဇဉ်များ လှူဒါန်းတော်မူပြီး "အရှင်မြတ်များ အဘယ်အရပ်က ကြွလာတော်မူကြပါသနည်း"ဟု လျှောက်သည်တွင် အရှင်များက "နန္ဒမူလိုဏ်မှ မင်းကြီးအား ချီးမြှောက်သောအားဖြင့် ကြွလာတော်မူကြောင်း" အမိန့်ရှိတော်မူလျှင် အတိုင်းထက်အလွန်ပင် သဒ္ဓါတော်များ တိုးပွားလျက် အရှင်မြတ်တို့အား "တကာတော်ကို ချီးမြှောက်သောအားဖြင့် ဤဝါတွင်း ၃-လပတ်လုံး ဤမှာ သီတင်းသုံးတော်မူပါရန်" လျှောက်ထားသည်ကို အရှင်မြတ်များလည်း မင်းကြီးသဒ္ဓါတရားကို စောင့်ရှောက်သောအားဖြင့် သီတင်းသုံးတော်မူရန် ဝန်ခံတော်မူကြလေသည်။

ထိုအခါ မင်းကြီးလည်း အလွန်ဝမ်းမြောက်တော်မူ၍ သင့်တင့်လျောက်ပတ်ကောင်းမြတ်သောအရပ်၌ ဝါဆိုကျောင်း ဆောက်စေပြီး ဝါဆိုတော်မူကြ၍ ဝါတွင်း ၃-လပတ်လုံး နန်းတော်သို့ ဆွမ်းအလို့ငှာ ကြွတော်မူလျက် ချီးမြှောက်တော်မူကြရာ တစ်နေ့သောအခါ မင်းတရားသည် အရှင်မြတ်တို့အား "အရှင်ဘုရားများ သီတင်းသုံးတော်မူသော ဂန္ဓမာဒနတောင်၊ နန္ဒမူလိုဏ်ဂူကို ဖူးမျှော်လိုပါသည်။ အရှင်ဘုရားတို့၏ တန်ခိုးတော်အားဖြင့် တကာတော်အား ပြတော်မူပါ"ဟု လျှောက်ထားလျှင် မင်းကြီးသဒ္ဓါတရားကို စောင့်ရှောက်တော်မူကာ တန်ခိုးတော်အားဖြင့် ဖန်ဆင်းပြတော်မူသောအခါ မင်းတရားကြီးကား အတိုင်းထက်အလွန် သဒ္ဓါတော်တိုးပွား၍ ထိုလိုဏ်ဂူ အလားကဲ့သို့ ကြီးမားသောလိုဏ်ဂူကြီး တည်ဆောက်စေတော်မူပြီး ၎င်းလိုဏ်ဂူစေတီတော်ကြီးကို **နန္ဒဂူ**ဟု ဘွဲ့မည်တော်မူလျက် ယခုထက်တိုင် ထင်ရှားလာခဲ့လေသည်။

ဤသို့ အနော်ရထာ မင်းစော၏သားတော် **ထီးလှိုင်ရှင် ကျန်စစ်မင်းတရားကြီး** လက်ထက်မှာလည်း ခမည်းတော် မင်းတရားကြီးကဲ့သို့ သာသနာတော် ၃-ပါးလုံး တိုးပွားကြီးမြင့်စေကာ **ဂန္ဓမာဒန နန္ဒမူလိုဏ်ဂူ**မှပင် ရဟန္တာအရှင်တို့ ကြွရောက်ချီးမြှောက်တော်မူရကြောင်း၊ ထို့အတူ သာသနာတော် အဓွန့်ရှည်ကြသမျှ ကိုးကွယ်ကြစေရန် ရည်သန်တော်မူလျက် စေတီ, ပုထိုး, ဂူလိုဏ်, ဘုရားများ တည်ထားပြုစုတော်မူခဲ့၍ ထိုထိုအရပ်တို့၌ မင်းတရားကြီး အထိမ်းအမှတ် သမိုင်းဝင်ဌာနများနှင့် စေတီပုထိုးများ ထင်ရှားတွေ့ရကြောင်း၊ ဤသို့အားဖြင့် သာသနာတော်နှင့် လောကအကျိုး အားထုတ်ပြုစုတော်မူသောရာဇဝင်နှင့် သာသနာဝင်တွင် ထင်ရှားသော မင်းတရားကြီးတစ်ပါးဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

ဤသို့လျှင် မြန်မာနိုင်ငံတော် ပဋ္ဌမသာသနာပြု ဗုဒ္ဓနိုင်ငံတော် သာသနာဝင်တွင် ထင်ရှားသော အသောကမင်းတရားကြီးအလား ဘုန်းကံတော်လည်း ကြီးမား၍ ပညာသုတ

ပြည့်ဝစုံလင်တော်မူသော **သီရိအနိရုဒ္ဓဒေဝဘွဲ့အမည်**တော်ကို ခံယူတော်မူသော ဘုရင် **အနော်ရထာမင်းတရားကြီးလက်ထက်နှင့်** သားတော်ထီးလှိုင်ရှင် **သီရိတြိဘုဝနာဒိစ္စ** ဘွဲ့အမည်တော်ရှိ **ကျန်စစ်မင်းလက်ထက်**တို့၌ ရဟန္တာမထေရ်များ ထင်ရှားရှိသဖြင့် ထိုမင်းတရားကြီးများ လက်ထက်တော်၌ သာသနာတော် ၃-ရပ်လုံး မြန်မာတိုင်းနိုင်ငံကြီး၌ တည်ထွန်းသော ခေတ်ကြီးအဖြစ်သို့ ရောက်ခဲ့၍ သာသနာရောင် တောက်ပြောင်ခဲ့လေသည်။

ထိုကျန်စစ်မင်းကြီးကား သာသနာတော် ၁၆၂၈-ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်၍ မြန်မာနိုင်ငံတော် သာသနာ့ရောင်ဝါ ထွန်းလာသောခေတ်ကို ရေတွက်လျှင် အနှစ် ၂၇-နှစ်မျှသာ ရှိသေး၍ အနော်ရထာမင်းစောသည်ကား ထို ၂၈-နှစ်တွင် စောလူးမင်း နန်းစံ ၅-နှစ်ပယ်က ၂၂-မျှ သာသနာတော်ကို ပြုစုအားထုတ်တော်မူခဲ့သဖြင့် ဤမျှသော နှစ်အတွင်းမှာ များပြားလှစွာသော ကန်တော်, ဆည်မြောင်းတော်များ ဆည်ဖို့ပြုပြင်တော်မူခြင်း စသော တိုင်းပြည်အကျိုး ဆောင်ရွက်တော်မူခဲ့သည့်အပြင် အစဉ်ထာဝရ ကိုးကွယ်ရစ်ကြစေရန် ရည်သန်တော်မူကာ များစွာသော စေတီပုထိုးများ တည်ထားတော်မူခဲ့ကြောင်း။

ထို့အတူ သားတော် ကျန်စစ်မင်းတရားလည်း ခမည်းတော်မင်းတရားတမျှ ရာဇဓမ္မအဝဝနှင့်တကွ တိုင်းပြည်အကျိုး သည်ပိုးရွက်ဆောင်တော်မူကာ သာသနာတော်နှင့် စပ်သည့် များစွာသော ကောင်းမှုတော် အရပ်ရပ်တို့ကို ပြုစုတည်ထား အားထုတ်တော်မူခဲ့ကြောင်း ရာဇဝင်သာသနာဝင်တို့နှင့် ကျောက်စာများအရ သာ၍ထင်ရှားကုန်၏။

## ကျန်စစ်မင်းတရား သားတော် ရာဇကုမာရ စေတီတော်တည်၍ ကျောက်စာစိုက်ထူခဲ့ကြောင်း

ထိုမင်းတရား၏ သားတော် ရာဇကုမာရ မင်းသားသည် ခမည်းတော် သနားတော်မူသော ရွာများကို မြတ်စွာဘုရားအား လှူဒါန်းကြောင်း ရေးသားစိုက်ထူအပ်သော မြစေတီတော်ကျောက်စာ၌ အထင်အရှားဖြစ်၍ ၎င်းကိုလည်း မှတ်သားစေရန် အောက်ပါအတိုင်း ရေးသားခဲ့လေသည်။

## မြစေတီဘုရား ကျောက်စာ

(၁) ဂြိ။ နမော ဗုဒ္ဓါယ။ ပုရှား သခင် သာသနာအနှစ် တ
(၂) စ်ထောင် ခြောက်ရာ နှစ်ဆယ် ရှစ်နှစ် လွန်
(၃) လေပြီးရကား ဤအရိမဒ္ဒနပူရ မည်သောပြည်
(၄) နှိုက်အား ဂြိ တြိဘုဝနာဒိစ္စ ဓမ္မရာဇ် မည်သော
(၅) မင်း ဖြစ်၏။ ထိုမင်း၏ ပါယ်မယား တ
(၆) စ်ယောက်သူကား တြိလောက ဝဋံသကာ ဒေဝီ
(၇) မည်၏။ ထိုပါယ်မယား သားတမူလည်း ရာဇ
(၈) ရာဇကုမာရ မည်၏။ ထိုမင်းကား ကျွန် သုံးရွာ
(၉) တည်း ပါယ် မယားအား ပေး၏။ ထို ပါယ်မယား
(၁၀) သေခဲ့ရကား ထို ပါယ်မယား၏ တန်ဆာနှင့် ထို
(၁၁) ဝ် ကျွန် သုံးရွာသူနှင့်တည်း ထိုပါယ်မယား
(၁၂) သား ရာဇကုမာရ မည်သူအား မင်း ပေးတုံ၏။
(၁၃) ထိုမင်း အနှစ် နှစ်ဆယ့်ရှစ်နှစ်မူပြီး
(၁၄) လေ၏။ သေခဲ့မူ နာသ ရှောဝ်နှိုက်တည်း။ ထိုရာဇကု
(၁၅) မာရ် မည်သော ပါယ်မယားသား မိမိင ကို မွေးသောမင်း
(၁၆) ကြီး ကျေးဇူး အောက်မေ့ရကား ရွှေအတိသော ပုရှားသခင်
(၁၇) အဆင်းပြုလေ၏။ နှပ်လေ သူရှောင်တည်း ဤသို့
(၁၈) မိန့်၏။ ဤရွှေပုရှားကား င သခင် အဖို့ အတို့
(၁၉) ကျွန် ပြုသတည်း။ ကျွန် သုံးရွာ အတို့ ကျွ
(၂၀) န် င သခင် ပေးသည်ကား ဤရွှေပုရှားအား အတို့ ကျွ
(၂၁) န်ပေး၍။ ထို့ရှောဝ်တည်း မင်းနှစ်ကြိုက်ရကား ကောင်း

(၂၂) လှတည်း ကောင်းလှတည်း မိန့်လေ၏။ သင်ဂြိ
(၂၃) မဟာထေရ်။ သင်ဂြိ မုဂ္ဂလိ ပုတ္တတိဿ ထေရ်။ သင်ဂြိ သု
(၂၄) မေဓာ ပဏ္ဍိတ်။သင်ဂြိ ဗြဟ္မပါလ။ သင်ဂြိ ဗြဟ္မဒိ
(၂၅) ပ်။ သင်ဂြိ သောန။ သင်ဂြိ သဃ်သေန ဝရပဏ္ဍိတ်
(၂၆) တ်။ ထို သခင်တို့ အမှောက်တည်း မင်းရေသွန်၏
(၂၇) ထိုပြီးရကား ထိုရာဇကုမာရ်မည်သော ပါယ်မယားသား
(၂၈) ထို ရွှေပုရှား ထာပနာလေ၏။ ဤ ရွှေအထွက်မူသော
(၂၉) ကူ ပြု၏။ ပြုပြီးရေးသား ဤကူပုရှားလွှတ်
(၃၀) သူ ရှောဝ်နှိုက်တည်း။ သက်မုလွန်တစ်ရွာ။ ရပ
(၃၁) ယ် တစ်ရွာ။ ဟေန်ပို တစ်ရွာ။ ဤကျွန်နှ်
(၃၂) သုံးရွာ ယောလေ့၏။ ထိုဝ်ရာဇကုမာရ် မည်သော ပါယ်
(၃၃) မယားသား ဤပုရှားအား ရေသွန်လေ၏။ ဤသို့
(၃၄) မိန့်၏။ ဤအမှုကား သဗ္ဗညုတညာ
(၃၅) ဏ် ပညာရအံ့သော အကြောင်း ဖြစ်စေတည်း။ င
(၃၆) နောင်အား သားလည်းကောင်း။ ငမြေးလည်း
(၃၇) ကောင်း။ သူတထူးလည်းကောင်း။ ဤကူ ပုရှား
(၃၈) အား ငါလှူခဲ့သော ကျွန် အနှိပ် အစက်တည်း မူမူ
(၃၉) ကား အရိမေတ္တယျ ပုရှားသခင် မဖူးရစေ။ ။

**အဓိပ္ပါယ်ပြန်ဆိုချက်**

(၁) သီရိ နမော ဗုဒ္ဓါယ ကျက်သရေနှင့် ပြည့်စုံသော ဗုဒ္ဓမြတ်စွာအား ရှိခိုးပါ၏။ ဘုရားသခင် သာသနာအနှစ်
(၂) တစ်ထောင် ခြောက်ရာနှစ်ဆယ့်ရှစ်နှစ်လွန်
(၃) လေပြီးရကား ဤအရိမဒ္ဒနပူရ မည်သောပြည်

(၄) ၌ သီရိ တိဘုဝနာဒိစ္စ ဓမ္မရာဇာ မည်သော

(၅) မင်းဖြစ်၏။ ထိုမင်း၏ ချစ်မြတ်နိုးအပ်သော မိဖုရား

(၆) တစ်ယောက်သော်ကား တိလောကဝင့်သကာဒေဝီ

(၇) မည်၏။ ထိုပါယ်မယား (ချစ်မယား)၏ သားသည်လည်း ရာဇ

(၈) ကုမာရမည်၏။ ထိုမင်းကား ကျွန်သုံးရွာကို

(၉) ပါယ်မယား (ချစ်မယား) အားပေးခဲ့၏။ ထိုပါယ်မယား

(၁၀) သေခဲ့သော အခါ၌ကား ထိုချစ်မယား၏ တန်ဆာနှင့်

(၁၁) ထို ကျွန်သုံး ရွာသူများကို ထိုပါယ်မယား၏

(၁၂) သားတော် ရာဇကုမာရအား တဖန်မင်းကြီး ပေး၏။

(၁၃) ထိုမင်းကြီး အနှစ်နှစ်ဆယ့် ရှစ်နှစ် မင်းပြုတော်မူ

(၁၄) ခဲ့လေ၏။ သေခြင်း အဆုံးရှိသော ရောဂါသို့ ရောက်ခါ၌ ထိုရာဇကုမာရ

(၁၅) မည်သော ချစ်မယား၏ သားတော်သည် မိမိကို မွေးမြူ

(၁၆) သော မင်းကြီး၏ ကျေးဇူးကို အောက်မေ့ရကား ရွှေအတိပြီးသော ဘုရားသခင်

(၁၇) ဆင်းတုတော် ပြုလုပ်လေ၏။ နှပ်လေသူ ရှောဝ်တည်း သူ့ရှေ့သို့ မင်းကြီး ရှေ့မှောက်သို့ ချဉ်းကပ်ပြီးလျှင် ဤသို့

(၁၈) လျှောက်၏။ ဤရွှေဘုရားသည်ကား အရှင်မင်းမြတ် အဖို့ အကျွန်နို့ပ်တို့

(၁၉) ပြုလုပ်ပါသတည်း ကျွန်သုံးရွာကို အကျွန်နို့ပ်တို့အား ပေး

(၂၀) ခဲ့သည်ကား ဤရွှေဘုရားအား အကျွန်နို့ပ်တို့ ပေးလှူ

(၂၁) ခဲ့၍ ထိုသို့ သံတော်ဦးတင်သောအခါ ရွှေတော်တွင်ပင် မင်းနှစ်ချိုက်တော်မူ ရကား ကောင်း

(၂၂) လှပေ၏ ကောင်းလှပေ၏ဟု မိန့်တော်မူ၏။သံဃာထေရ်ကြီး

(၂၃) မဟာထေရ်။ သင်ဂြီး သံဃာ့ထေရ် မောဂ္ဂလိပုတ္တတိဿထေရ်။ သင်ဂြီသု

(၂၄) မဓာပဏ္ဍိတ်။ သံဃာ့ထေရ်ကြီး ပြဟ္မပါလ။ သံဃာထေရ်ကြီး

(၂၅) ပြဟ္မဒေဝ။ သံဃာ့ထေရ်ကြီး သောန။ သံဃာထေရ်ကြီး

သံဃသေနဝရပဏ္ဍိတ်

(၂၆) ထိုအရှင်တို့၏ ရှေ့မှောက်၌ မင်းကြီးရေစက်သွန်းချတော်မူ၏

(၂၇) ထိုသို့ ရေစက်သွန်းချပြီးရကာ ထိုရာဇကုမာရမည်သော

ချစ်မယား၏ သားသည်

(၂၈) ထိုရွှေဘုရား၌ ထာပနာတော်မူလေ၏။ ဤရွှေအထွင့်တင်သော

(၂၉) ဂူ ပုထိုး ပြုလုပ်တော်မူ၏။ ထိုသို့ ပြုပြီးရကား ဤဂူဘုရားလှူ

(၃၀) သူ ရွှေ၌တည်း သက်မုလွန် တရွာ ရပ

(၃၁) ယ် တရွာ။ ဟော်ပို တရွာ။ ဤကျွန်

(၃၂) သုံးရွာကို ထပ်မံ လှူဒါန်းလေ၏။ ထိုရာဇကုမာရမည်သော

(၃၃) ချစ်မိဘုရားသားသည် ဤရွှေဘုရားအား ရေစက်သွန်းချ၏။ ဤသို့

(၃၄) မိန့်တော်မူ၏။ ဤငါ့ကောင်းမှုကား သဗ္ဗညုတဉာဏ်

(၃၅) ပညာ ရအံ့သော အကြောင်း ဖြစ်စေသတည်း။ နောက်

(၃၆) နောင် အခါကာလ၌ ငါ့သားရင်း ငါ့မြေးရင်း

(၃၇) သူတထူးရင်း ဤဂူဘုရားအား

(၃၈) ငါလှူခဲ့သော ကျွန်ကို နှိပ်စက်မူကား

(၃၉) အရိမေတ္တေယျဘုရားသခင် မဖူးတွေ့ရစေသော်။

ဟူ၍ ကျောက်စာ ရေးထိုးတော်မူခဲ့လေ၏။

ဤမြစေတီဘုရား ကျောက်စာ၌ ဖော်ပြသော သာသနာတော်နှစ်များကို ရာဇဝင်နှင့် ညှိနှိုင်းသောအားဖြင့် ၁၆၀၁-ခုနှစ်မှာ သာသနာတော်ရောက်၍ ၁၆၂၈-ခုနှစ်၌ သီရိတြိဘုဝနာဒိစ္စ မည်သော ကျန်စစ်မင်းကြီး မင်းပြုတော်မူကြောင်း၊ ထိုမင်းကြီး သက်တော်ထင်ရှား ရှိစဉ်ပင်လျှင် ၎င်းမင်းကြီး၏သားတော် ရာဇကုမာရမင်းသားသည် ခမည်းတော်,

မယ်တော် ကျေးဇူးရှင်တို့ကို ရည်စူးလျက် ဤစေတီပုထိုးတော်ကို တည်ထားခဲ့ကြောင်း မင်းကြီး မရဏန္တိက ဝေဒနာရောက်တော်မူသောခါ သားတော်သည် မင်းကြီးအား သံတော်ဦးတင်၍ နှစ်ချိုက်တော်မူသဖြင့် ရေစက်သွန်းချတော်မူကြောင်းလာ၍ ၎င်းမင်း၏နန်းစံ ၂၈-နှစ်အရ ရေတွက်က သာသနာတော် ၁၆၅၆-ခုနှစ်ဟု မှတ်သားအပ်သည့်အပြင် သားမြေးတော်များသည် ဘိုးတော်, ခမည်းတော်များအတူ သာသနာတော် ယုံကြည်လေးစား အားထုတ်ကြောင်း မှတ်သားအပ်၏။

ထိုမှတပါး ဤကျောက်စာမှာ ၄-မျက်နှာရှိ၍ **ပါဠိဘာသာ, မြန်မာဘာသာ, မွန်ဘာသာ, ပျူဘာသာ**တို့ကို တစ်မျက်နှာစီ ထွင်းထုထားသောကြောင့် သာသနာတော်မူလဖြစ်သော ပါဠိဘာသာနှင့် ပျူ, မွန်, မြန်မာဘာသာတို့ ဤခေတ် ဤနိုင်ငံမှာ ထင်ရှားရှိ၍ နိုင်ငံတော်အောက်ပိုင်း မွန်တိုင်းနိုင်ငံများ၌၎င်း အနောက်ပိုင်း ပျူ, ကမ်းယန် တိုင်းဌာနများ၌၎င်း သာသနာတော် ဆက်စပ်တည်ရှိကာ ထွန်းတောက်လျက်ရှိကြောင်း အထူးအားဖြင့် မူလပရိယတ္တိ သာသနာတော် တည်ရာဖြစ်သည့် ပါဠိဘာသာတော်မြတ်သည် ထွန်းကားသဖြင့် ၎င်းဘာသာအမွှန်ထားလျက် ရေးသားထားကြောင်း မှတ်သားအပ်၏။

ထို့ပြင်လည်း **သင်္ဂြိုး** မဟာထေရ် စသော သံဃာမဟာထေရ်ကြီးများလည်း များစွာရှိကြ၍ ထိုမထေရ်ကြီးများ သာသနာတွင် ထင်ရှားကြောင်း-

၎င်းကျောက်စာပါဠိဘာသာ မျက်နှာ၌-

ဒယာပရော မဟာထေရော၊ ထေရော မုဂ္ဂလိပုတ္တကော။
သုမေဓာတ္တာ သုမေဓောတိ၊ လဒ္ဓနာမောစ ပဏ္ဍိတော။ ။
ဗြဟ္မပါလော တထာ ဗြဟ္မ-ဒေဝေါ သမ္မန္နသီလဝါ။
သောနော ဗဟုသုတော သံဃ-သေနဝှော ဝရပဏ္ဍိတော။ ။
ဧတေသံ ပန ဘိက္ခူနံ၊ သံမုခါ သော သုမာနသော။
ဇလံ ပါတေသိ ကတ္ဘာန၊ သက္ခိန္တု ဝသုဓာတလံ။ ။

မြန်မာဘာသာအားဖြင့်-

ကရုဏာအရှင် မဟာထေရ်၊ မထေရ်အရှင် မုဂ္ဂလိပုတ္တ၊
သုမေဓတ္တ သုမေဓဟု အမည်ရသော ပညာရှိ၎င်း။

အရှင်ဖြဟ္မပါလထေရ် ထို့ပြင် အရှင်ဖြဟ္မဒေဝထေရ်ရှင်း၊ ပြည့်စုံသောသီလရှိသော အရှင်သောနထေရ်ရှင်း၊ ဗဟုသုတရှိသော အရှင်သံဃသေနမည်သော ပညာရှိမြတ်ရှင်း။

ထိုရဟန်း မထေရ်မြတ်တို့၏ မျက်မှောက် ဝမ်းမြောက်သောစိတ်ဖြင့် ရေစက် သွန်းချခြင်း ပြုပြီးလျှင် ဤမြေပြင်ကိုလည်း သက်သေထားလေပြီ။

ဤသို့စသည် ရေးသားလေသည်။

ဤသာသနာ ရောက်သောအချိန်မှစ၍ မြန်မာနိုင်ငံ၌ သဒ္ဒါ၊ ဆန်း၊ အလင်္ကာစသော ကျမ်းဂန်ပညာများနှင့် အဘိဓမ္မာပညာရပ်စသည် ထွန်းကားလာ၍ ဘုရင်မင်းတရားတို့ လေးစားသည်အားလျော်စွာ နိုင်ငံတော်အဝှန်းလုံး ရှင်, လူ, ရဟန်း, ယောကျ်ား, မိန်းမတို့ လေ့ကျက်ကြ၍ တစ်နိုင်ငံလုံး ပါဠိသုံးစွဲကြသဖြင့် တောင်သူ, လယ်ယာလုပ်ကိုင်ရာတွင်ပင် မိန်းမများ ပါဠိဘာသာဖြင့် ပြောကြားကြောင်း၊ ၎င်းဘာသာနှင့် သိမ်မွေ့နက်နဲသော အဘိဓမ္မာပညာရပ်များကိုပင် မိန်းမများလေ့လာကာ ၎င်းတို့ အလုပ်အကိုင်ဖြစ်သော ဗိုင်းငင်ဝါဖန်ရာတို့၌လည်း ပဋ္ဌာန်းပစ္စည်းများတွန်းခြင်း, စက်လှည့်ခြင်း စသည် ခွဲလေ့ရှိကြကြောင်း ဥဒါန်းစကား ယခုတိုင် ထင်ရှားရှိကုန်၏။

ဤကျောက်စာ၌ရှိသော မွန်ဘာသာ, ပျူဘာသာတို့မှာ ထိုခေတ်က မွန်တိုင်းပြည်မှ သာသနာပြုမထေရ်မြတ် အရှင်အရဟံအပြင် နောက်ထပ်များစွာသော မွန်အရှင်မြတ်များကို လည်း ပင့်ဆောင်ကာ သာသနာပြုရကြောင်း ၎င်းမှတ်တမ်းများ၌ လာသဖြင့် မွန်ရဟန်း သံဃာတော်များလည်း အမြောက်အမြားရှိမည်ပြင် နိုင်ငံရေးအားဖြင့်လည်း ဆက်သွယ်ကာ များစွာသော မွန်လူမျိုးများလည်း ရှိကြမည်ဖြစ်ကြောင်း၊ ထိုမှတပါး ပျူဘာသာအားဖြင့် လည်း ထိုးထားသောကြောင့် ရှေးက ပျူမင်းမျိုးများ ကြီးစိုးခဲ့ဖူးသည်အားလျော်စွာ ၎င်း ဘာသာလည်း ၎င်းခေတ်က ထင်ရှားရှိသော ဘာသာတစ်ရပ်ဟု မှတ်သားအပ်ကုန်၏။

ဤသို့အားဖြင့် မြန်မာနိုင်ငံတော်၌ ပထမဦးစွာ သာသနာပြုမင်းတရားကြီး ဖြစ်တော်မူသော **သီရိအနိရုဒ္ဓ** ဒေဝဘွဲ့မည်တော်ရသော ခမည်းတော် အနော်ရထာမင်းမြတ်ကြီးနှင့် တကွ ၎င်းသားတော် စောလူးမင်း ၎င်းပြင် **ထီးလှိုင်ရှင် သီရိတြိဘုဝနာဒိစ္စ ဓမ္မရာဇာ မင်းတရားကြီး**လက်ထက် သာသနာတော်အလုံး စည်ပင်ပြန့်ပွား၍ တိုးတက်သော သာသနာ့ နိုင်ငံတော် ဗုဒ္ဓနိုင်ငံတော်ကြီး တည်ထွန်းလာခဲ့ကြောင်း ၎င်းသာသနာနှင့်စပ်၍ ဤမျှ မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## အလောင်းစည်သူ မင်းတရားကြီး သာသနာတော် ဆက်ခံကြောင်း

ထီးလှိုင်ရှင် **ကျန်စစ်မင်းတရားကြီး**သည် သာသနာတော်၏ အကျိုး, တိုင်းကျိုး ပြည်ကျိုး ဆောင်ရွက်တော်မူကာ **၂၈-နှစ်** ထီးနန်းစိုးစံတော်မူလျက် သာသနာတော် **၁၆၅၆-**ခုနှစ် နတ်ရွာသို့ လားတော်မူရာ ၎င်းမင်းတရားကြီး၏ မြေးတော် **အလောင်းစည်သူမင်း**သည် ခမည်းတော်တို့၏ အရိုက်အရာဖြစ်သော ထီးမွေ နန်းမွေကို ခံယူလျက် တိုင်းပြည်နိုင်ငံတော် အကျိုးနှင့် သာသနာတော်မြက်အကျိုးသည်ပိုးကာ အထူးဆောင်ရွက်တော်မူခဲ့သဖြင့် ၎င်းမင်းသည် မြန်မာနိုင်ငံတော် ရာဇဝင်တွင်၎င်း အစဉ်အဆက် ဆင်းသက်ကွင်းကျန်ခဲ့သော နောင်လာနောက်သား မှတ်သားခဲ့ကြသည့် ဥဒါန်းစကားတွင်၎င်း မင်းတကာတို့နှင့် မဆက်ဆံသော ဂုဏ်ထူးများ ရှိခဲ့လေသည်။

၎င်းမင်းတရားသည် ဘုန်းထူး, ကံထူး, သမ္ဘာတော်ထူးရှိသည် အားလျော်စွာ မြန်မာနိုင်ငံတော်တွင် အထင်ရှားဆုံးဖြစ်၍ မသိသူပင် မရှိသလောက်ဖြစ်ကြောင်း၊ ၎င်းမင်းတရား အထိမ်းအမှတ် အဖြစ်အပျက်များ မြန်မာနိုင်ငံတော် အနှံ့အပြား ထင်ရှား တွေ့မြင်ရကြောင်း၊ ၎င်းပြင် ရောက်လေရာ အရပ်တို့၌ သာသနာတော်၏အကျိုး သည်ပိုး ဆောင်ရွက်တော်မူသည့် အထိမ်းအမှတ်ဖြင့် တည်ထားပြုစုတော်မူခဲ့သည့် ရွှေစကြာဖြင့် ရောက်ရာအရပ် အမှတ်အသားလည်းဖြစ်သော ကောင်းမှုတော်များလည်း အနှံ့အပြား မြန်မာနိုင်ငံတော်တွင် ထင်ရှားရှိကြောင်း ထိုထိုဒေသ ရာဇဝင်တို့၌ ထင်ရှားကုန်၏။

သို့ဖြစ်၍ အစဉ်အလာ ဥဒါန်းစကား ပြောကြားကြသည်ကား-

"ထိုမင်းတရားကြီးသည် ဖောင်စကြာတော်ဖြင့် **ဇမ္ဗူဒီပါတစ်ကျွန်းလုံး လက်ညှိုး ညွှန်ရာ ရေဖြစ်လျက်** ထွက်စံမြန်းကြွ ဇမ္ဗူ့သပြေပင်သို့ကျအောင် ကြွရောက်တော်မူကြောင်း၊ ထိုအခါ မင်းတရား သည် 'ယခုအခါ ဘေးတော်ဘုရား, ဘိုးတော်ဘုရားများရှိက မင်းတကာတို့ မရောက်နိုင်ရာ သော အလွန်ဆန်းကြယ် အံ့ဩဖွယ်ကောင်းသော ဇမ္ဗူ့သပြေပင် စသည်များ ပြချင်ပါဘိ'ဟု တောင့်တတော်မူကြောင်း၊ ထိုသို့ ပြစ်မှားမိသဖြင့် မျက်လုံးတော်များ ကွယ်သောအခါ ဟူးရားတော်များ ညွှန်ကြားချက်အရ ၎င်းဘေးတော် ဘိုးတော်တို့၏ ရုပ်ပုံများ သွန်းထုပြီးကာ ကိုးကွယ်ပူဇော် ကန်တော့သောအခါမှ မျက်စိတော် အလင်းရကြောင်း" စသည် အစဉ်အလာ ဥဒါန်းစကား အဆင့်ဆင့် ပြောကြားလေ့ရှိကြ၏။

အမှန်အားဖြင့် ဤမင်းတရားကြီးသည် တိုင်းခန်းလှည့်လည်တော်မူခြင်း၌ နှစ်သက်တော်မူသည်အားလျော်စွာ ရောက်ရာအရပ်တို့၌ ကန်တော်, အင်းတော်, ဆည်တော် စသည် တို့ကို ဆည်ဖို့ပြုပြင်ဆင်တော်မူရာ ပြီးစီးသောအခါ မင်းပွဲသဘင် ဆင်ယင်ကျင်းပကာ ဖောင်

တော်ရတနာဖြင့် မိမိဆည်ဖို့ပြုစုတော်မူသော အင်းတော်, ကန်တော်များ လှည့်လည်ကြည့်ရှုတော်မူရာတွင် ၎င်းအထိမ်းအမှတ်အဖြစ်ဖြင့် အစွန့်ရှည်စွာ သာသနာတော်လည်း အကျိုးများစေခြင်းငှာ **ဖောင်တော်ဦးစေတီတော်** တည်ထားတော်မူစေ၍ များစွာသောအရပ်တို့၌ မင်းတရားကြီး အထိမ်းအမှတ် ဖောင်တော်ဦးစေတီတော်များ အထင်အရှား ရှိကြကုန်၏။

ထိုမှတပါးလည်း အစဉ်အလာအားဖြင့် ထင်ရှားပြောဆိုကြသည်ကား

"ထိုမင်းတရားကြီးသည် ဖောင်စကြာတော်ဖြင့် သီဟိုဠ်သို့ရောက်တော်မူ၍ ၎င်းကျွန်းအရှင် ဘုရင်မင်း ဆက်သတော်မူသော သင်းကနက်လှေတော်ဖြင့် လှည့်လည်တော်မူသည်တွင် ဘုရင်မင်းမြတ်၏ အလိုဆန္ဒပြည့်ဝစေတော်မူရန် သိကြားမင်း ဆက်သတော်မူသော **သရက္ခန်ဆင်းတုတော် ၆-ဆူ**တို့ကို ဆောင်ယူတော်မူခဲ့၍ **အညာသီဟ-တောစ**သော မြစ်စဉ်တလျှောက်သင့်တင့်သောအရပ်တို့၌ ၎င်းဆင်းတုတော်မြတ်ကိန်းဝပ်စံတော်မူရာ စေတီတော်များ တည်ထားစေ၍ ၎င်းဆင်းတုတော်များ ကိန်းဝပ်စံနေတော်မူခဲ့ကြောင်း" အလောင်းစည်သူ ဘုရားသမိုင်းစသည်၌ ယခုတိုင် ဥဒါန်းတွင်လျက်ရှိကြောင်းများ အစဉ်အလာပြောကြားလျက် ရှိကြကုန်၏။

၎င်းပြင် ထင်ရှားလှသော စေတီတော်ကြီးမှာ မင်းတရားကြီးသည် တရုတ်ပြည်မှ အပြန်တွင် "**ဝိသာခါသူဌေးသမီး** ဆောက်လုပ်လှူဒါန်းသော မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ကျော်ကြားသည့် သာဝတ္ထိပြည်၊ ပုဗ္ဗါရုံကျောင်းတော်ကြီးကို နည်းမှီးစံယူကာ" ဘုံ ၅-ဆင့်တို့ဖြင့် တန်ဆာဆင်ယင်၍ စီရင်ထားအပ်သော ဉာဏ်တော်အတောင် ၁၂၀-ကျော် မြင့်မားသည့် သဗ္ဗညုမည်သော စေတီတော်မြတ်ကြီးဖြစ်၍-

- ၎င်းစေတီတော်ကြီးမှာ မြောက်များစွာ ပိဋကတ်ကျမ်းဂန်ပေစာများ ထားရှိခြင်းတည်းဟူသော **ဓမ္မစေတီတော်**၊
- မြတ်စွာဘုရား၏ ကိုယ်တော်စား ရုပ်ပွားတော်များ ထားရှိခြင်းတည်းဟူသော **ဥဒ္ဒိဿစေတီတော်**၊
- မြတ်စွာဘုရား၏ သရီရဓာတ်တော်, မွေတော်များ ဌာပနာသွင်းထားခြင်းတည်းဟူသော **ဓာတုစေတီတော်**၊
- မြတ်စွာဘုရား၏ အသုံးအဆောင်တို့ကို ရည်မှန်းလျက် တည်ထားခြင်း တည်းဟူသော **ပရိဘောဂစေတီတော်**။

ဤစေတီတော် ၄-ပါး စုံလင်အောင် စီရင်စေတော်မူခြင်း၊ မင်းတရားကြီး ကိုယ်တော်တိုင် ဒေသဗဟုသုတ လှည့်လည်တော်မူခဲ့ရသဖြင့် မဇ္ဈိမဒေသ, သီဟဠနှင့် မြန်မာတို့၏ စေတီပုထိုး တည်ထားရိုးကို ယှဉ်တွဲကာ စီစဉ်ထား၍ ယခုကာလတိုင်အောင် ဆန်းကြယ်ထူးဆန်းသည့်ပုံတော်ဖြစ်သော စေတီတော်ကြီးဖြစ်လေသည်။

ထိုမင်းတရားကြီး လက်ထက်မှာလည်း သာသနာတော် ၃-ရပ် ထွန်းကားတော်မူရာ အထူးအားဖြင့် ပိဋကတ္တယပါရဂူ မထေရ်ကြီးများ ထင်ရှားရှိကြကုန်၍ ကျမ်းတတ်အကျော် ပရိယတ္တိ သာသနာတော်၌ ထင်ပေါ်တော်မူကြသည့် မထေရ်မြတ် ၃-ပါးရှိကြောင်း။ ၎င်း မထေရ်တို့မှာ-

- ဥပဇ္ဈာယ်ဆရာမြတ် ဖြစ်တော်မူသော **အရှင်မဟာအဂ္ဂပဏ္ဍိတ မဟာထေရ်**
- ၎င်း၏ ဥပဇ္ဈာယ်ယူ တပည့်ဖြစ်သော **ဒုတိယ အဂ္ဂပဏ္ဍိတမထေရ်**
- ထိုဆရာမြတ်၏ တပည့်၊ *(ပထမမထေရ်၏)*တူဖြစ်သော **တတိယ အဂ္ဂပဏ္ဍိတ** မြတ်သော ပညာရှိအနွယ်ဖြစ်သောကြောင့် **အဂ္ဂဝံသ**ဟူ၍လည်းတွင်သော မထေရ်-

ဤမထေရ် ၃-ပါးတို့ ဖြစ်ကြကုန်၏။

ထိုမထေရ်မြတ် ၃-ပါးတို့တွင် တတိယအဂ္ဂပဏ္ဍိတ၊ အဂ္ဂဝံသမထေရ်မြတ်သည် ပိဋကတ် ၃-ပုံနှင့် ညှိနှိုင်းကာ များစွာသော **သဒ္ဒါကျမ်းကြီးများကိုလည်း** နည်းမှီလျက် သဒ္ဒါနည်းနယ အထူးဆန်းကြယ်စွာ တန်ဆာဆင်၍ **သဒ္ဒနီတိကျမ်းကြီးကို** သာသနာလင်္ကာရ မှတ်တမ်းအရ သာသနာတော် ၁၆၉၇-ခုတွင် စီရင်ရေးသားတော်မူကြောင်း၊ မင်းတရားကြီး၏ နန်းစံ ၇၅-ဟု ရာဇဝင်၌လာသည့်အတိုင်း သာသနာတော် ၁၇၂၁-ခုနှစ်တိုင်အောင် စိုးစံတော်မူသဖြင့် ထိုမထေရ် ၃-ပါးတို့သည် မင်းတရားကြီး လက်ထက်မှာဖြစ်ကြောင်း ၎င်းရာဇဝင်သာသနာဝင်များအရ ထင်ရှားကုန်၏။

ထိုသဒ္ဒနီတိ **သဒ္ဒါကျမ်းကြီးမှာ** မြတ်စွာဘုရား ဟောကြားမိန့်ဆိုတော်မူသော နိရုတ္တိ နည်းများကို အရင်းထားလျက် **လောကီသက္ကတသဒ္ဒါကျမ်းကြီးများ၏** နည်းနာနယနှင့် ဓာတ်ပစ္စည်းတို့ထဲမှ မဂဓသဒ္ဒါအားလျော်သည်တို့ကိုယူ၍ **ပဒမာလာ, သုတ္တမာလာ, ဓာတုမာလာ**-ဟု ကဏ္ဍကြီး ၃-ပါးတို့ဖြင့် ခမ်းနားစွာ စီရင်ထား၍ သီဟိုဠ်သာသနာ စာပေကျမ်းဂန်ခေတ်မှာပင် ထင်ရှားသော ကျမ်းကြီးတစ်စောင်ဖြစ်လေသည်။

ထိုမှတပါး ရှေးဗျာကရုဏ်းတို့တွင် ထင်ရှားသည် ကစ္စည်းသဒ္ဒါကျမ်း၏ အဖွင့် ဉာသ်၊ န္យာသကျမ်းကို ဤမင်းတရားကြီးလက်ထက် ကျမ်းတတ်အကျော်-ဟု ထင်ပေါ်တော်

မူသော **အရှင်ဝိမလဗုဒ္ဓိမထေရ်ကြီး** စီရင်တော်မူကြောင်း၊ ၎င်းပြင် **အရှင်ဝိမလဗုဒ္ဓိငယ်လည်း** ကျမ်းတတ်တစ်ပါးဟု ထင်ရှား၍ **ဆန်း, ဋီကာဟောင်းကျမ်းကို** စီရင်ရေးသားကြောင်း ၎င်းကစ္စည်းသဒ္ဒါကျမ်းစသော ဗျာကရုဏ်း, အလင်္ကာ, ဆန်းကျမ်းတို့ကား အနော်ရထာမင်းတရားကြီး လက်ထက်ကပင် သီဟိုဠ်နှင့် ဆက်သွယ်ကာ ရောက်လာကြသည့်အပြင် ပိဋကတ်တော်များလည်း ၎င်းမင်းတရားလက်ထက်မှာပင် ရောက်လာကြောင်း သာသနာလင်္ကာရ စသော မှတ်တမ်းများ ယုံကြည်သောအားဖြင့် မှတ်သားအပ်ကုန်၏။

၎င်းမင်းတရားကြီးလက်ထက်၌ကား သာသနာတော်ခေတ်ဦးအစ ထွန်းလင်းတောက်ပချိန်ဖြစ်၍ ကျမ်းဂန်ပြုမထေရ်များ သာသနာဝင် မှတ်တမ်းများ၌ ထင်ရှားမရှိသော်လည်း ထိုမင်းတရား၏ သားတော်ကျန်စစ်မင်း၏ လက်ထက်၌မူကား **ကာရိကာမည်သော** မူလသဒ္ဒါငယ်ကျမ်းနှင့် ၎င်း၏အဖွင့်ဖြစ်သော **ကာရိကာဋီကာကျမ်းကို** ထိုမင်း တည်ထား-တော်မူသော **နန္ဒပဥ္စေတီတော်ကြီး**၏အနီး နန္ဒာကျောင်းတိုက်ကြီးတွင် သီတင်းသုံးတော်မူသော **အရှင်ဓမ္မသေနာပတိ** မထေရ်မြတ် စီရင်တော်မူအပ်ကြောင်း၊ ၎င်းသာသနာလင်္ကာရ၌ ရေးသားသဖြင့် ဆိုခဲ့ပြီးသော သဒ္ဒနီတိကျမ်းကြီးနှင့်တကွ **ကစ္စာယနအဖွင့်ဋီကာ, ည္ဃာသကျမ်းကြီးများ** မရေးသားမီ မြန်မာနိုင်ငံ သာသနာတော် ထွန်းတောက်သည်မှ ရှေးဦး ပထမရေးသားသော ကျမ်းဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

ဤသို့လျှင် အလောင်းစည်သူ မင်းတရားကြီးလက်ထက်၌ သာသနာတော် ၃-ရပ်လုံး စည်ပင်ပြန့်ပြောကာ အထူးအားဖြင့် ပရိယတ္တိသာသနာတော်ကြီး ထွန်းကားလျက် ကျမ်းဂန်စာပေဘက်၌ အထူးကျော်ကြား ကျမ်းတတ်မထေရ်ကြီးများ ထွန်းသစ်ကာ များစွာသော သဒ္ဒါကျမ်းကြီး နိဿျည်းများ စီရင်ရေးသား၍ ယခုတိုင် ထင်ရှားရှိနေကြောင်း၊ ၎င်းမင်းတရားကြီးကား မြန်မာနိုင်ငံတော် ရာဇဝင်တွင်၎င်း ဗုဒ္ဓနိုင်ငံတော် သာသနာ့နိုင်ငံတော်တည်းဟူသော သာသနာဝင်တွင်၎င်း အထူးသဖြင့် ထင်ရှားသော မင်းကြီးတစ်ပါး ဖြစ်ကြောင်း မှတ်အပ်ကုန်၏။

## နရပတိစည်သူမင်းကြီးလက်ထက် သာသနာတော်

- ရာဇဝင်အရ **အလောင်းစည်သူမင်းတရားကြီး** နတ်ရွာမြန်းတော်မူလျှင်,
- ၎င်း၏ သားတော် မင်းသျှင်စော တစ်ရက်မျှသာ မင်းဖြစ်ပြီး၍,
- ၎င်းနောက် **ညီတော် နရသူ** ၄-နှစ်မင်းဖြစ်ခဲ့ရာ ကုလားတို့ ပယောဂကြောင့် နန်းကျ၍ "ကုလားကျမင်း"-ဟု တွင်ပြီး,

- ၎င်းနောက် **ညီတော် နရသိခ** ၃-နှစ် နန်းစံကာ, ၎င်းမင်းများ လက်ထက်မှာကား သာသနာတော်အားဖြင့် ထင်ရှားမှတ်သားလောက်သော အဖြစ်အပျက်များ မရှိသဖြင့် ချန်လှပ်ကာ,
- ၎င်း၏**ညီတော် နရပတိစည်သူမင်း**ကား သာသနာတော်၌ ထင်ရှားသော မင်းတစ်ပါး ဖြစ်သည့်အပြင် ရာဇဝင်တွင်လည်း ကျော်ကြားသော မင်းတစ်ပါးဖြစ်၍ ၎င်း လက်ထက် သာသနာတော် အဖြစ်အပျက်များ ရေးသားဖွယ်များ ရှိလေသည်။

ထိုမင်းတရားကြီးလက်ထက် သာသနာတော်မှာ အလောင်းစည်သူမင်းတရား လက်ထက်ကကဲ့သို့ ထွန်းကား၍ ကျမ်းဂန်တတ်မြောက်သောမထေရ် များစွာရှိကြောင်း၊ ထိုမင်းတရားလက်ထက် ရေးသားသောကျမ်းတို့တွင် ထင်ရှားသောကျမ်းဂန်မှာ **ချာသအဖွင့် သံပြင်ဋီကာ**ဖြစ်၍ ၎င်းဋီကာကျမ်းအကြောင်း သာသနာ့မှတ်တမ်းများ၌ ရေးသားကြသည်မှာ "ကျမ်းဂန်တတ်မြောက် ကျနသင်ကြားပြီး ရဟန်းတစ်ပါးသည် မင်းကြီး၏အမြိတ် အစွန်းဖြင့် မင်းသမီးတစ်ပါး၌ တပ်မက်စွဲလမ်းကာ မအီမသာရှိကြောင်း မင်းကြီးသိတော်မူလျှင် "ထိုအရှင်အား မှတ်သားလောက်အောင် ကျမ်းတစ်စောင်တစ်ဖွဲ့ ရေးသားပြုစုရန်" မင်းကြီးမိန့်ဆိုလျှင် ဤအဖွင့်ဋီကာကျမ်းကို ပြုစုကြောင်း၊ ထိုနောက် လူထွက်လျှင် မြေတိုင်း သံပြင်အရာကို ပေးသောကြောင့် **သံပြင်အမတ်**-ဟု ထင်ရှား၍ ၎င်းရေးသော ကျမ်းလည်း ဤအမည်ဖြင့် ထင်ရှားကြောင်း" သာသနာဝင်များ၌ ရေးသားကြကုန်၏။

ထိုမင်းကြီးလက်ထက်၌ မထေရ်အစဉ်အဆက်အားဖြင့် ကျော်ကြားသော **အရှင်-ဥတ္တရာဇီဝ မထေရ်** သာသနာပြုတော်မူကြောင်း၊ ထို **ဥတ္တရာဇီဝမထေရ်**ကား သာသနာပြုဆရာ အစဉ်အဆက်အားဖြင့်-

၁။ ပဌမ မြန်မာနိုင်ငံတော် သာသနာပြု ရဟန္တာအရှင်မြတ် အရှင်အရဟံတွင်သော အရှင်**ဓမ္မဒဿီ**မထေရ်မြတ်

၂။ ၎င်းမထေရ်၏တပည့် အရှင်**ဂုဏသာရ**မထေရ်

၃။ ၎င်းမထေရ်၏တပည့် အရှင်**အဂ္ဂပဏ္ဍိတ** မထေရ်

၄။ ၎င်းမထေရ်၏တပည့် အရှင်**အဂ္ဂဝံသ**မထေရ်

ပဌမ အဂ္ဂပဏ္ဍိတမထေရ်မြတ်၏တူတော် တတိယ အဂ္ဂပဏ္ဍိတ မထေရ်ဖြစ်၍ သီဟိုဠ်တိုင် ထင်ရှားသော **သဒ္ဒနီတိ** ဗျာကရုဏ်း ကျမ်းကြီးကို စီရင်သော မထေရ် ဖြစ်ကြောင်း။

၅။ ၎င်းမထေရ်၏တပည့် အရှင်ဥတ္တရာဇီဝမထေရ်ဖြစ်၍ မြန်မာနိုင်ငံတော်၌ သာသနာတော်အရောင်ထွန်းလင်းသည်မှစ၍ အရှင်အရဟံမထေရ်မှ ၅-ဆက်မြောက် မထေရ်ဖြစ်ကြောင်း မှတ်သားအပ်၏။

ဤဥတ္တရာဇီဝ မထေရ်မြတ်သည်ကား **ကလျာဏီကျောက်စာ**၌-

ကောပ နေသ ဥတ္တရာဇီဝမဟာထေရောတိ အယံ ဟိ ထေရော ရာမညဒေသိယပုတ္တော အရိယဝံသထေရဿ သိဿော။

"အရှင်ဥတ္တရာဇီဝမထေရ်ကား အဘယ်မည်သော မထေရ်နည်း" ဤသို့မေးမူ-

"ဤအရှင်ကား ရာမညတိုင်းသား ဖြစ်သော **အရိယဝံသမထေရ်**၏တပည့်တည်း" စသည်ဖြင့် ဥတ္တရာဇီဝမထေရ်မြတ်၏ အန္ွယ်ဝံသစင်ကြယ်ကြောင်း ပြဆိုရာ၌-

၁။ အရှင်ဥတ္တရာဇီဝမထေရ်ကား နရပတိစည်သူ မင်းလက်ထက်တွင် ထင်ရှားသော သံဃာ့အမှူး ဖြစ်တော်မူသော မထေရ်တည်း။

၂။ ၎င်းမထေရ်၏ဆရာကား **အရိယဝံသ** မဟာထေရ်တည်း။

၃။ ၎င်းမထေရ်၏ဆရာကား ကပ္ပုင်္ဂမြို့နေ **မဟာကာလ**မထေရ်မြတ်တည်း။

၄။ ၎င်းမထေရ်၏ဆရာကား သုဓမ္မပူရ သထုံမြို့တော်တွင် သီတင်းသုံးတော်မူသော အရှင် **ပြာဏဒဿီ** မထေရ်မြတ်တည်း။

ထိုမထေရ်ကား လောကီစျာန်အဘိညာဏ်ရ၍ ဆွမ်းခံမဝင်မီ မဟာဗောဓိသို့ နံနက်တိုင်း ကြွတော်မူပြီးလျှင် ဗောဓိဝတ်ပြုတော်မူသည်ဟု ကျော်ကြားတော်မူသတည်း။

ကျောက်စာတွင် ဆရာစဉ်ဆက် ရေးသားဖော်ပြလေသည်။

အရှင်ဥတ္တရာဇီဝ မထေရ်သည် **နရပတိစည်သူမင်း**တရားလက်ထက်၌ သံဃာ့နာယက သံဃာ့ဦးကိုင် ဖြစ်တော်မူသော မထေရ်မြတ်ဖြစ်၍ ၎င်းမထေရ်မြတ်သည် နောက်လိုက် သံဃာများစွာတို့ဖြင့် သီဟိုဠ်ကျွန်းသို့ သာသနာတော်အရေးကိစ္စ ဆွေးနွေးရန်နှင့် ၎င်းကျွန်း၌ ထင်ရှားသော ဘုရားပုထိုးများ ရှိခိုးပူဇော်ရန် ကြွတော်မူလိုသဖြင့် မထေရ်မြတ်၏ တပည့်တို့တွင် ထင်ရှားသော ပုသိမ်ကျေးလက် **ဆပ္ပဒ**ရွာလျှင် ဖွားရာဇာတိရှိသော **ဆပ္ပဒသာမဏေ**လည်း အတူတကွ မထေရ်မြတ်၏ အလုပ်အကျွေးအဖြစ်ဖြင့် လိုက်ပါလျက် ပုသိမ်ဆိပ်ကမ်းမှ သီဟိုဠ်ကျွန်း ကူးတော်မူခဲ့လေသည်။

မထေရ်မြတ်သည် သီဟိုဠ်ကျွန်းသို့ ရောက်တော်မူလျှင် သီဟိုဠ်မထေရ်အရှင်များနှင့် သာသနာရေး သာသနာကိစ္စ ဆွေးနွေးပြောဆိုပြီးမှ ၎င်းသီဟိုဠ်မထေရ်များလည်း ၎င်းအရှင် **မောဂ္ဂလိပုတ္တတိဿ** မထေရ်မြတ်၏ အနွယ်ဝံသဖြစ်၍ အရှင် **ဥတ္တရာဇီဝ** မထေရ်လည်း ၎င်းမထေရ်မြတ်၏အနွယ် အရှင်သောဏ, ဥတ္တရ မထေရ်တို့မှ ဆင်းသက်သော မထေရ် ဖြစ်သဖြင့် အနွယ်ဝံသတူမျှသည့်အတိုင်း ၎င်းဆပ္ပဒသာမဏေကိုလည်း ထိုသီဟိုဠ်သံဃာ များနှင့်အတူ ဥပသမ္ပဒကံဆောင်တော်မူပြီး ရဟန်းဘောင်သို့ ချီးမြှောက်ကာ ရောက်သင့် ရောက်ထိုက်သော ဘုရားပုထိုးများသို့ ရှိခိုးပူဇော်ရန် ရောက်တော်မူပြီးလျှင် မြန်မာနိုင်ငံသို့ ကြွတော်မူကာ သာသနာတော်ကို ပြုစုအားထုတ်တော်မူခဲ့လေသည်။

✪ ✪ ✪ ✪ ✪

## နရပတိ စည်သူမင်းလက်ထက် မြန်မာနိုင်ငံ၌ ဂိုဏ်း ၂-ပါးကွဲလာခဲ့ခြင်း

သို့ရာတွင် ထိုအရှင်၏ တပည့်ဆပ္ပဒရဟန်းသည်ကား ဆရာမြတ်အား ခွင့်ပန်ပြီး လျှင် သီဟိုဠ်မှာပင် ကျမ်းဂန်ပိဋကတ် ကျနအောင် သင်ကြားပြီးနောက် ထေရသမုတိ မြောက်သော ၁၀-ဝါ အရတွင် သီဟိုဠ်မှ မြန်မာနိုင်ငံသို့ တစ်ဂိုဏ်းတစ်ဖွဲ့ဖြစ်လောက်သော သံဃာများနှင့် ကြွလာရန် ရည်မှန်းသည့်အတိုင်း-

၁။ တာမလိတ္တိမြို့သား အရှင်**သီဝလိမထေရ်**

၂။ ကမ္ဘောဇမင်းသား အရှင်**တာမလိန္ဒမထေရ်**

၃။ ကဉ္စိပူရမြို့သား အရှင်**အာနန္ဒာမထေရ်**

၄။ သီဟိုဠ်ကျွန်းသား အရှင်**ရာဟုလာမထေရ်**

ဤကျမ်းဂန်ဗဟုသုတ ပြည့်ဝစုံလင်ပြီးဖြစ်၍ လဇ္ဇီပေသလသိက္ခာကာမ အလိုရှိ တော်မူကြသော မထေရ် ၄-ပါးနှင့်အတူတကွ ပြန်လာ၍ ဝါလနီးသဖြင့် ပုဂံပြည်ကြီးသို့ မရောက်နိုင်ကြဘဲ ပုသိမ်မှာပင် ဝါကပ်တော်မူကြကုန်၏။

ဝါကျွတ်၍ ပဝါရဏာပြုပြီးနောက် ပုဂံပြည်ကြီးသို့ ရောက်တော်မူသောအခါ ၎င်း မထေရ်၏ ဆရာဖြစ်တော်မူသော အရှင်**ဥတ္တရာဇီဝ** မထေရ်မြတ်ကား မရောက်မီ ၄, ၅- ရက်လောက်ကပင် ပျံလွန်တော်မူ၍ မထေရ်မြတ်မှာ ဆရာအရှင်၏ ဂုဏ်တော်ကျေးဇူး တော်တို့ကို ရည်ရော်လျက် သင်္ဂြိုဟ်တော်မူရာသို့ သွားရောက်ကန်တော့ ပူဇော်ပြီးလျှင် သီဟိုဠ်မှကြွလာတော်မူကြသော မထေရ်များနှင့် တိုင်ပင်သည်ကား-

ရှေးက ဆရာအရှင်ဖြစ်တော်မူသော မထေရ်မြတ်သည် သီဟိုဠ်သံဃာတို့နှင့်ပင် အတူတကွ သံဃာ့ကံ ဆောင်ရွက်ပြုလုပ်ကြသဖြင့် အနွယ်တူမျှသော အရှင်သောဏ, ဥတ္တရ မထေရ်မြတ်တို့၏ အဆက်အနွယ် မြန်မာတိုင်းသား ရဟန်းများနှင့် အတူကံ ဆောင်ခြင်း အမှုပြုထိုက်ပါသော်လည်း မထေရ်မြတ်မလွန်မီ ရှေးက ရာမညတိုင်းသား ဆရာအရှင်မြတ်သည်သာ သံဃာအုပ်ချုပ်နေခဲ့ပါသည်။

ယခုမူကား မြန်မာတိုင်းသား ရဟန်းများသာလျှင် အုပ်ချုပ်နေသောကြောင့် ၎င်းတို့နှင့်အတူ သံဃာ့ကံဆောင်ခြင်း အမှုမပြုလုပ်တော့အံ့-ဟု တိုင်ပင်ကြ၍ ဂိုဏ်းသီး, ဂိုဏ်းခြား သံဃာ့ကံဆောင်ရွက်ကြကာ မြန်မာနိုင်ငံ သာသနာတော်အစဉ်မှာ နရပတိစည်သူမင်းကြီး လက်ထက်၌ ဂိုဏ်း ၂-ဖြာကွဲပြား၍ ကံကြီး, ကံငယ် အသီးအခြား ဖြစ်လာခဲ့ကြလေသည်။

ဤသို့လျှင် မြန်မာနိုင်ငံတော်၌ သာသနာတော် ထွန်းသစ်လာသည်မှစ၍ တစ်ရာ့ နှစ်ဆယ့်လေး ၁၂၄-နှစ်၊ သာသနာတော် ၁၇၂၅-ခုနှစ်တွင် ဂိုဏ်း ၂-ဖြာ ကွဲပြားခဲ့ကြောင်း **ကလျာဏီကျောက်စာ**၌ ရေးသားဖော်ပြသည်နှင့် ရာဇဝင်လာ မင်းစဉ်မင်းဆက် သက္ကရာဇ်များကား ညီညွတ်တိုက်ဆိုင်ခြင်း မရှိကြသော်လည်း အမှန်အားဖြင့် ကျောက်စာအရ မူရင်းထား၍ ၎င်းဖြစ်ပွားရန် အတ္ထုပ္ပတ္တိ အကြောင်းအရာသာ ပမာနအားဖြင့် အမှန်မှတ်ယူအပ်ကုန်၏။ ထို့ကြောင့် ၎င်း**ကလျာဏီကျောက်စာ**၌-

> တဒါ ပုဂါမနဂရေ နရပတိဇယသူရောနာမ ရာဇာ ရဇ္ဇံ ကာရေသိ၊ သော ပဉ္စသု မဟာထေရေသု အတိ ဝိယ ပသန္နော-
>
> ထိုအခါ ပုဂါမ်ပြည်ကြီး၌ နရပတိစည်သူမည်သောမင်းကြီး မင်းပြုတော်မူ၏။ ထို မင်းသည် မထေရ် ၅-ပါးတို့၌ အလွန်ကြည်ညိုတော်မူ၏။

စသည်ဖြင့် နရပတိစည်သူ မင်းတရားလက်ထက် ဂိုဏ်း ၂-ဖြာ ကွဲပြားခဲ့ကြောင်း ရေးသားခဲ့၏။

## ၎င်းနရပတိစည်သူမင်းလက်ထက် တစ်ဂိုဏ်း နောက်ထပ်ကွဲပြားလာခဲ့ခြင်း

ထိုနရပတိစည်သူမင်းတရားကား မထေရ် ၅-ပါး၌ အလွန်ကြည်ညို၍ မထေရ်များ၏ ဂိုဏ်းသာသနာကြီးပွားစေခြင်းငှာ ဧရာဝတီမြစ်မ၌ ကြီးစွာသော လှေဖောင်တော်ကြီး ဖွဲ့စည်းပြီး များစွာသော ရဟန်းလောင်းတို့အား မထေရ် ၅-ပါးတို့ဖြင့် ဥပသမ္ပဒကံဆောင် ရဟန်းဘောင်သို့ ရောက်အောင် ချီးမြှောက်တော်မူကာ မထေရ်မြတ်တို့၏ သာသနာပြန့်ပွား

အောင် အားထုတ်ခဲ့ရာတွင် အခါတပါး မင်းတရားကြီးသည် မထေရ် ၅-ပါး၌ သဒ္ဓါပွားတော်မူ၍ ခမ်းနားကြီးကျယ်စွာသော အလှူပွဲကြီး ဆင်ယင်ကျင်းပတော်မူရာ ချောမောလှပ ရုပ်ဆင်းသဏ္ဌာန် ကြည့်ရှုဖွယ်ကောင်းလှသည့် ကချေသည်မတစ်ဦးကို အရှင်ရာဟုလာ မထေရ် မြင်လျှင် သာသနာတွင်ငြီးငွေ့သောစိတ် ဖြစ်လာလျက် ၎င်းဖြင့်နှိပ်စက်ကာ သာသနာတော်မှသက်၍ လူထွက်လိုကြောင်း မထေရ်တို့အား လျှောက်ကြားလေသည်။

ထိုအခါ မထေရ်များသည်လည်း အနည်းနည်းဖြင့် တရားဓမ္မဟောပြပါသော်လည်း နာယူခြင်းငှာ မစွမ်းနိုင်သဖြင့် မထေရ် ၄-ပါးတို့က-

"ငါတို့၏ အဆုံးအမစကားကို မနာယူနိုင်လျှင် ဤနိုင်ငံတွင် လူပြုက ငါတို့နှင့်တကွ ဘုရင်မင်းတရားကြီး၏ သဒ္ဓါတရားကို ဖျက်ဆီးသကဲ့သို့ဖြစ်၍ အကျိုးယုတ်ရာသည်။ သို့ဖြစ်သောကြောင့် သင်သည် ရာမညတိုင်းသို့သွား၍ ၎င်းမှ သင်္ဘောစီးကာ မလယတိုင်းသို့ သွားပြီး လူဘောင်သို့ သက်ဆင်းလေတော့"ဟု တိုက်တွန်းကြသည့်အတိုင်း မထေရ်များ စကားကို အလေးပြုသောအားဖြင့် မလယ-မလေးကျွန်းဆွယ်သို့ သွားရောက်သောအခါ ၎င်းတိုင်းမှာ သာသနာထွန်းကား၍ တိုင်းနိုင်ငံရှင် ဘုရင်မင်းတရားလည်း သာသနာတော်ကို ကြည်ညိုယုံကြည်သော မင်းတစ်ပါးဖြစ်၍ ဝိနည်းတရားလည်း သင်ကြားတတ်မြောက်လိုလှသဖြင့် ထိုအရှင် ရာဟုလာမထေရ်အား တောင်းပန်လျှင် ဋီကာနှင့်တကွ **ခုဒ္ဒသိက္ခာ လက်သန်းအဋ္ဌကထာ**ကို သင်ကြားကာ ဝိနည်းတရား၌ အထူးကျွမ်းကျင်လျက် ကျေးဇူးတင်သည်အားလျော်စွာ ဆရာ့အဖို့ ပတ္တမြားတစ်သပိတ် လှူဒါန်းသည်ကို အရင်းပြုကာ ၎င်းမှာပင် လူ့ဘောင်သို့ ပြန်လည်ကာ အိမ်ထောင်ပြုနေခဲ့လေသည်။

သို့ဖြစ်၍ ပုဂံပြည်ကြီးမှာ သီဟိုဠ်ဂိုဏ်းကြီး၏နာယက ဆရာမထေရ်များ ၄-ပါးသာ ကျန်ရှိခဲ့ရာ အခါတပါး၌ မထေရ် ၄-ပါးတို့တွင် **ဆပ္ပဒမထေရ် ပျံလွန်တော်မူ**၍-

- **အရှင် သီဝလိမထေရ်**
- **အရှင် တာမလိန္ဒမထေရ်**
- **အရှင် အာနန္ဒမထေရ်** အားဖြင့်-

နာယက ၃-ပါးသာ ကျန်ရှိကာ သာသနာတော်ကို မဆုတ်ယုတ်အောင် ကြိုးစားအားထုတ်တော်မူကြသည်ကို နရပတိစည်သူမင်းတရားကြီးသည် လွန်စွာကြည်ညိုလှသောကြောင့် တစ်ပါးလျှင် ဆင်တော်တစ်စီးစီ လှူဒါန်းတော်မူသည်တွင် အရှင်သီဝလိ မထေရ်နှင့် အရှင်တာမလိန္ဒမထေရ်တို့ကား ရဟန်းတရားကို ထောက်ထား၍ လှူဒါန်းတော်မူသော ဆင်တော်တို့ကို တောသို့ ဘေးမဲ့လွှတ်ခဲ့သော်လည်း အရှင်အာနန္ဒာမထေရ်ကား ဆွေမျိုးတို့

ကို ငဲ့ကွက်သောအားဖြင့် ၎င်း၏ဆွေမျိုးများထံ ကဋ္ဌိပူရမြို့သို့ ပို့အံ့-ဟု ပုသိမ်သို့သွား၍ သင်္ဘောဖြင့် တင်ပို့ခဲ့လေသည်။

ထိုအခါ မထေရ် ၂-ပါးတို့က "ငါ့ရှင် ငါတို့ကား မအပ်သော ဆင်ရတနာကို ချမ်းသာ စွာတောသို့ လွှတ်စေပါလျက် အဘယ်အတွက်ကြောင့် သတ္တဝါအား ဆင်းရဲခြင်းသို့ ရောက် စေကာ ဆွေမျိုးဉာတကာတို့အား ချီးမြှောက်ပါသနည်း။ ငါ့ရှင်၏အမှုသည် မသင့်မလျော်" ဟု ဆုံးမသည်ကို မနာယူမူ၍ "ဆွေမျိုး စသည်တို့ကို ထောက်ပံ့သင့်သည် မဟုတ်ပါလော" စသည်ဖြင့် ပြန်လည်ခြေပသောအခါ "ငါ့ရှင်၊ ငါတို့တရားသဖြင့် ဆုံးမသည်ကို မနာယူလျှင် အသီးအခြားကံပြုလော"ဟု မိန့်တော်မူပြီးလျှင် သံဃာ့ကံပြုကြကာ ထပ်မံ၍ ဂိုဏ်းအသီး အခြား ကွဲပြားကြကုန်၏။

ဤသို့အားဖြင့် ပုဂံပြည်၌ သုဝဏ္ဏဘူမိ သထုံပြည်မှ ဆင်းသက်လာခဲ့သော သာသနာတော် ရောက်သည်ကစ၍ တည်ရှိသော-

၁။ အရှင် အရဟံဂိုဏ်း

ထိုနောက် အရှင်ဆပ္ပဒ သီဟိုဠ်မှ ပြန်ရောက်စဉ် သီဟိုဠ်ရောက် သံဃာ ၅-ပါး တို့ ကံပြုနေထိုင်ကြရာ-

၂။ သီဟိုဠ်မထေရ်များဂိုဏ်း

အားဖြင့် ၂-ဂိုဏ်းကွဲပြားလာခဲ့ရာတွင် ယခု ၎င်းသီဟိုဠ်ဂိုဏ်းမှလည်း အရှင်အာနန္ဒာ တစ်ဂိုဏ်းကွဲသဖြင့် ၁။ အရှင်အာနန္ဒာဂိုဏ်း ၂။ အရှင်သီဝလိဂိုဏ်း-ဟူ၍ ၂-ဂိုဏ်း ကွဲပြန်သောကြောင့်-

၁။ အရှင် အရဟံဂိုဏ်း

၂။ အရှင် အာနန္ဒာဂိုဏ်း

၃။ အရှင် သီဝလိဂိုဏ်း အားဖြင့် ၃-ဂိုဏ်း ကွဲပြားလာခဲ့လေသည်။

ထို့နောက်လည်း အရှင်တာမလိန္ဒမထေရ်သည် တပည့်တပန်းတို့အား ပစ္စည်း ၄-ပါးတို့ဖြင့် မဆင်းရဲစိမ့်သောငှါ လာကုန်, လာကုန်သော မင်း, ပုဏ္ဏား, သူဌေးစသော အမျိုး ၄-ပါးတို့အား တပည့်သံဃာတို့သည် ပရိယတ္တိသာသနာတော်ကို ဆောင်ရွက် အားထုတ်ကြကြောင်း၊ ပစ္စည်း ၄-ပါးဖြင့် ချမ်းသာမှ ပရိယတ္တိသာသနာတော် ပွါးစီးအောင် အားထုတ်နိုင်မည်ဖြစ်ကြောင်း ဝစီပယောဂ မိန့်မြွက်လျက် တပည့်များအတွက် ဟောကြား သည်ကို အရှင်သီဝလိမထေရ်မြတ် ကြားသိတော်မူလျှင်-

"ငါ့ရှင်၊ ဤသို့ ဝစီပယောဂကို ဖြစ်စေလျက် ပစ္စည်း ၄-ပါးရခြင်းသည်ကား ဘုရား စသော အရိယာသူတော်ကောင်းတို့ စက်ဆုပ်ရွံရှာတော်မူကြသည်။ ငါ့ရှင်သည် ဘုရား မနှစ်သက်သော အမှုကို မပြုသင့်၊ ရှောင်ကြဉ်လော"ဟု ဆုံးမစကား မိန့်ကြားတော်မူရာ-

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် မိမိအတွက် ဝစီပယောဂဖြစ်စေလျက်ရသော ပစ္စည်း ၄-ပါးတို့သာ ကဲ့ရဲ့ရှုတ်ချတော်မူပါသည်။ သူတပါးအတွက်ကား ကဲ့ရဲ့တော်မမူပါ။ တပည့်တော်ဟောပြသည်ကား ပရိယတ္တိသာသနာတော်ကို ချီးမြှောက်သောအားဖြင့် ဟော ကြားသည်ဖြစ်ပါ၍ သာသနာတော်သာ ကြီးပွားကြောင်း ဖြစ်ပါသည် မှတ်ထင်ပါသည်"ဟု ပြန်၍ လျှောက်ထားလေလျှင်-

"ငါ့ရှင်၊ မြတ်စွာဘုရား အလိုတော်အားဖြင့် ဆုံးမစကား ပြောကြားသည်ကို မနာယူပါလျှင် ငါ့ရှင်လည်း ယနေ့ကစ၍ အသီးအခြား သံဃာ့ကံပြုလေတော့၊ အချင်းချင်း ဝါဒမညီ မျှသော သူတို့အား ဆုံးမပြောကြားခြင်းငှာ မသင့်သောကြောင့် အသီးအခြား ဝါဒတူသူများ နှင့်သာ သံဃာ့ကံပြုလေ"-ဟု မိန့်ကြားပြောဆိုပြီးလျှင် မထေရ် ၂-ပါးတို့သည် ဂိုဏ်းအသီးအခြား နေထိုင်ကြကုန်၏။

## ပုဂံပြည် ဂိုဏ်း ၄-ဂိုဏ်း ကွဲပြားခြင်း

ထိုအခါ ပုဂံပြည်ကြီး၌-

၁။ **အရှင်အရဟံဂိုဏ်း** ၂။ **အရှင်အာနန္ဒာဂိုဏ်း**

၃။ **အရှင်တာမလိန္ဒဂိုဏ်း** ၄။ **အရှင်သီဝလိဂိုဏ်း**

ဟူ၍ ဂိုဏ်းကြီး ၄-ဂိုဏ်း ကွဲပြားလေသည်။

ဤသို့ ပုဂံပြည်ကြီး၌ ဂိုဏ်းအသီးသီးကွဲပြားလာခဲ့ကြရာ အရှင်အာနန္ဒာနှင့် အရှင် သီဝလိမထေရ်တို့ ကွဲပြားခြင်းကား နရပတိစည်သူမင်းတရား လှူဒါန်းသော ဆင်ရတနာကို အကြောင်းပြု၍ သီးခြားဖြစ်ပွားသောကြောင့် ထိုမင်းတရားလက်ထက်မှာ ဖြစ်ပွားသည်ကား အမှန်အားဖြင့် မှတ်သားနိုင်သော်လည်း အရှင်တာမလိန္ဒနှင့် အရှင်သီဝလိမထေရ်တို့ ဝါဒ မနာယူသဖြင့် ကွဲပြားခြင်းမှာ ရာဇဝင်အထောက်အထား အမှတ်အသား မရှိသောကြောင့် ထိုမင်းတရားလက်ထက်သော်ငြင်း၊ နောက်မင်းများ လက်ထက်သော်ငြင်း ဖြစ်ခဲ့မည်ဟုသာ ခန့်မှန်းရေးသားနိုင်လေသည်။

ထိုတွင် ရှေးကျသော **အရှင်အရဟံဂိုဏ်းကို**

- **ပုရိမ ဘိက္ခုသံဃဂဏ ရှေးသံဃာဂိုဏ်း။**
- **အရှင်သီဝလိအမှူးရှိသောဂိုဏ်းကို သီဟိုဠ်မှ ဆင်းသက်သောကြောင့် သီဟဠဘိက္ခုသံဃဂဏ သီဟိုဠ်သံဃာဂိုဏ်း၊ နောက်မှ ဖြစ်ပွားသောကြောင့် ပစ္ဆိမ ဘိက္ခုသံဃဂဏ နောက်သံဃာဂိုဏ်း- ဟူ၍ အသီးသီးခေါ်ဆိုကြကုန်၏။**

✪ ✪ ✪ ✪ ✪

## နရပတိစည်သူမင်းလက်ထက် ဂိုဏ်းသံဃာတို့သည် ရာမည တိုင်းသို့ရောက်အောင် ကွဲပြားသွားကြောင်း

မြန်မာနိုင်ငံတော်၌ သာသနာတော်ရောက်လျက် ထွန်းတက်စဖြစ်သော နေမင်းကဲ့သို့ ထွန်းလင်းတောက်ပနေခိုက် ၎င်းသာသနာတော် မူလတည်ထွန်းခဲ့ရာ ရာမညတိုင်းကြီးမှာလည်း သာသနာတော် ၃-ရပ်လုံး မယုတ်လျော့ဘဲ တည်မြဲတည်နေခဲ့သဖြင့် ရာမညတိုင်းမှ ပရိယတ္တိသာသနာ ဆည်းပူးရှာဖွေကြသော ရဟန်းတော်များသည် မြန်မာနိုင်ငံလာရောက် သင်ကြားကြကြောင်း ကလျာဏီကျောက်စာ၌ ထင်ရှားစွာ ရေးသားခဲ့လေသည်။

ပဒိပ္ပဇေယျမည်သော ဒလမြို့ကျေးလက်ရွာသား သာရိပုတ္တမည်သော သာမဏေတစ်ပါးသည် သီဟိုဠ်ဂိုဏ်းမထေရ်ဖြစ်သော အရှင်အာနန္ဒာထံ လာရောက်ပညာသင်ကြားကျမ်းဂန်များလေ့လာ၍ ဤမထေရ်ထံမှာပင် ရဟန်းအဖြစ်သို့ ရောက်ပြီးလျှင် အဋ္ဌကထာနှင့်တကွ သုတ်, ဝိနည်း, အဘိဓမ္မာ ၃-ဖြာသော ပိဋကတ်တို့ တတ်မြောက်ကျော်ကြား ထင်ရှားခဲ့ရာ တဖြည်းဖြည်းအားဖြင့် ဘုရင်မင်းတရားထံသို့ ပေါက်ရောက်၍ ချီးမြှောက်ဆည်းကပ်လိုသဖြင့် အင်္ဂါကြီး, ငယ်တို့ကို စုံစမ်းစေရာ ခြေမဖျား ပြတ်သောကြောင့် မင်းဆရာအဖြစ်ကား မကိုးကွယ်ငြားသော်လည်း ပညာဂုဏ်ကို လေးစားသဖြင့် များစွာပူဇော်သက္ကာရပြုပြီးလျှင် ဓမ္မဝိလာသထေရဟူသော ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပြီးနောက် "အရှင်ဘုရား၊ ရာမညတိုင်း သာသနာတော် ထွန်းပအောင် ပြုစုအားထုတ်တော်မူပါ"ဟု လျှောက်ထားတော်မူခဲ့လေသည်။

ထိုမထေရ်မြတ်သည်လည်း ရာမညတိုင်းသို့သွား၍ ဒလမြို့မှာပင် များစွာသော တပည့်တပန်း ရဟန်းပရိသတ်တို့ကို စာပေပရိယတ် ပို့ချကာ ရာမညတိုင်းသံဃာတို့မှ သီးခြားနေ၍ ထိုမထေရ်ဂိုဏ်းကို ပုဂံပြည် သီဟိုဠ်ဂိုဏ်းဖြစ်သော အရှင်အာနန္ဒာမထေရ်ထံ ရဟန်းပြု၍ ကြီးပွားသောဂိုဏ်းဖြစ်သောကြောင့် **သီဟိုဠ်ဂိုဏ်း**-ဟူ၍ ခေါ်ဝေါ်ကြောင်း၊ ထိုမှတပါး ရှေးဖြစ်သော **အရှင်သောဏဥတ္တရမထေရ်**တို့မှ ဆင်းသက်လာသော ဂိုဏ်းကို **အရိယအရဟန္တဂိုဏ်း**-ဟုသမုတ်ကြောင်း၊ ကလျာဏီကျောက်စာ၌ ထင်ရှားစွာ ရေးသားသောကြောင့် ၎င်းမထေရ်မရောက်မီ ရှေးအခါမှာ ရာမညတိုင်းဝယ် ဂိုဏ်းအယူဝါဒ ကွဲပြားခြင်းမရှိကြောင်း ကောင်းစွာ မှတ်ယူအပ်ကုန်၏။

သို့ရာတွင် ရာမညတိုင်းစိတ်ဖြစ်သော မုတ္တမတိုင်း၌ကား ဒလတိုင်းမှ၎င်း ပုဂံမြို့တော် မြန်မာတိုင်းမှ၎င်း သံဃာအများ ဂိုဏ်းဂဏအသီးအခြားနေကြ၍ ၆-ဂိုဏ်းမျှရှိရာ ၎င်း ၆-ဂိုဏ်းတို့ကား-

၁။ **ကမ္ဗောဇ သံဃပက္ခ** ရှမ်းဂိုဏ်းသံဃာ

၎င်းမှာ အရိယအရဟန္တဂိုဏ်းမှ ဗဟုသုတ, သီလ, သိက္ခာပြည့်စုံသော ပဏ္ဍိချောင်းအနီး ရှမ်းသုံ့ပန်းတို့နေထိုင်ရာ ဈေးနားတွင် တည်ရှိ၍ ရှမ်းဈေးကျောင်း ရှမ်းကျောင်းမထေရ်မြတ်၏ဂိုဏ်း၊ ဒလသံဃာတို့၏ ဂိုဏ်းဖြစ်၍ **ဒလအရိယအရဟန္တ**ဂိုဏ်း-ဟူ၍လည်း ခေါ်လေသည်။

၂။ **သီဝလိထေရဝံသ သံဃပက္ခ** သီဝလိဂိုဏ်း

၎င်းမှာ ပုဂံနေပြည်တော်၌ သီဟိုဠ်ဂိုဏ်း မထေရ်ကြီးဖြစ်သော အရှင်-သီဝလိမထေရ်၏ အဆက်အနွယ် သံဃာများ ဖြစ်ကြသည်။

၃။ **တာမလိန္ဒ ထေရဝံသ သံဃပက္ခ** တာမလိန္ဒဂိုဏ်း

၎င်းမှာ ပုဂံမြို့တော် သီဟိုဠ်ဂိုဏ်း အရှင်တာမလိန္ဒ မထေရ်၏ အနွယ်ဝံသဖြစ်သည်။

၄။ **အာနန္ဒထေရဝံသ သံဃပက္ခ** အာနန္ဒာဂိုဏ်း

၎င်းမှာ ပုဂံမြို့တော် သီဟိုဠ်ဂိုဏ်း အာနန္ဒာမထေရ်၏ အနွယ်ဝံသ ဖြစ်လေသည်။

**၅။ ဗုဒ္ဓဝံသ သီဟဠ သံဃပက္ခ-ဗုဒ္ဓဝံသ သီဟိုဠ်ဂိုဏ်း**

ဧင်းမှာ မုတ္တမမြို့တော် မိဖုရား၏ ဆရာဖြစ်သော အရှင်ဗုဒ္ဓဝံသသည် သီဟိုဠ်သို့ ကြွသွား၍ သိက္ခာယူပြီး ပြန်လာ၍ သီးခြားနေသောဂိုဏ်း ဖြစ်လေသည်။

**၆။ မဟာနာဂဝံသသီဟဠသံဃပက္ခ မဟာနာဂသီဟိုဠ်ဂိုဏ်း**

ထိုဂိုဏ်းမှာလည်း မုတ္တမမြို့တော်မှ အရှင်နာဂသည် သီဟိုဠ်သို့ကြွကာ သိက္ခာယူပြီးနောက် သီးခြားနေသောဂိုဏ်း ဖြစ်သည်။

ဤသို့ ဂိုဏ်းအသီးသီး နေထိုင်ကြ၍ ဧင်း ၆-ဂိုဏ်းသံဃာများသည် အသီးသီး သံဃကံပြုကြသောကြောင့် နာနာသံဝါသက နာနာနိကာယဖြစ်ကြောင်း ဧင်းကလျာဏီ **ကျောက်စာ၌ပင်** ထင်ရှားစွာ ရေးသားခဲ့လေသည်။

ဤကလျာဏီကျောက်စာအရ ရာမညတိုင်းမှာ သာသနာသည် မြန်မာနိုင်ငံ သာသနာနှင့် အစဉ်သဖြင့် ဆက်သွယ်ရင်းနှီးသဖြင့် စာပေကျမ်းဂန် သင်ကြားမှုများသည် အရှင်သာရိပုတ္တမထေရ် သာမဏေဖြစ်စဉ်က မြန်မာနိုင်ငံသို့ လာရောက်သင်ကြားလျက် ဥပသမ္ပဒအဖြစ်သို့ တက်ရောက်ပြီးလျှင် ရာမညတိုင်းတွင်ပင် သီးခြားနေထိုင်ကြောင်း ထောက်ထား၍ ပရိယတ္တိဘက်၌ ထိုခေတ်က ထွန်းသစ်ကျော်ကြားခြင်း ဧင်းပြင် မုတ္တမဂိုဏ်း အသီးသီး ဖော်ပြရာတွင်လည်း ပုဂံသာသနာ၌ ဂိုဏ်းသီးခြားဖြစ်ကြသော-

- **အရှင်သိဝလိဂိုဏ်း**
- **အရှင်တာမလိန္ဒဂိုဏ်း**
- **အရှင်အာနန္ဒာဂိုဏ်း**

ဟု ဆိုအပ်သော ၃-ဂိုဏ်းတို့၏ တပည့်အနွယ်များလည်း ဧင်းမြို့၌ ရှိကြ၍ ဧင်း ဂိုဏ်း အသီးသီးတို့၌ ပညာသင်ကြားကြကာ အာစရိယဝါဒအားလျော်စွာ သီးခြားနေထိုင် ကြကြောင်း ထင်ရှား၍ ထိုခေတ်က သီဟိုဠ်ဂိုဏ်း မထေရ်ကြီးများ၏ ဂုဏ်သတင်းများသည် ရာမညတိုင်းသို့တိုင် ရောက်အောင် ကျယ်ပြန့်ကြောင်း ကောင်းစွာ မှတ်သားအပ်ကုန်၏။

ဧင်းပြင် ဤကျောက်စာကို ထောက်ထားသောအားဖြင့် သီဟိုဠ်မှ ကြွလာတော်မူ ကြ၍ သာသနာပြုကြသော မထေရ်တို့ကို အကြောင်းပြုလျက် တိုးတက်ကြီးပွားသော ပရိယတ္တိသာသနာတော် ရှိကြသည့်အပြင် ရှေးဦးစွာ ဂိုဏ်းကွဲပြားမှုသည်လည်း ဧင်းပရိယတ္တိ

အမှီပြု၍ ဖြစ်သဖြင့် နောက်အခါ၌ကား ပုဂ္ဂိုလ်အားလျော်စွာ ဂိုဏ်းအသီးအခြားများ ဖြစ်လာကြသောကြောင့် ၎င်းမထေရ်တို့ကို အစွဲပြု၍ပင် ဖြစ်ပွားလာကြောင်းများလည်း မှတ်သားအပ်ကုန်၏။

ထိုမှတပါးလည်း သီဟိုဠ်မှ ရောက်လာသော မထေရ် ၄-ပါးအနက် လူထွက်လိုသော အရှင်ရာဟုလာသည် သီတင်းသုံးဖော်ချင်း ဆုံးမတိုက်တွန်းခြင်းဖြင့် မာလာယုကျွန်းသို့ ကြွသွားပြီး ၎င်း၌ ဝိနည်းတတ်မြောက်လိုသော ဘုရင်အား ဝိနည်းသင်ကြားပို့ချ၍ ရသော လာဘ်လာဘကို အမှီပြုကာ လူထွက်သော မထေရ်၏အကြောင်း ၎င်းကျောက်စာ၌ ဖော်ပြသဖြင့် ထိုခေတ်က မာလာယုတိုင်း မလေးနိုင်ငံမှာလည်း ဗုဒ္ဓသာသနာတော် ပြန့်ပွားလျက်ရှိကြောင်း၊ ၎င်းသာသနာမှာ နီးစပ်သောအားဖြင့် ရာမညတိုင်းမှ ဆက်သွယ်လာသော သာသနာဖြစ်ကြောင်း ကောင်းစွာ မှတ်သားအပ်ကုန်၏။

ဤသို့အားဖြင့် ပုဂံသာသနာခေတ် **၁၆၀၀**-ကျော်မှ **၁၈၀၀**-အတွင်း မြန်မာနိုင်ငံအဝှန်းနှင့်တကွ ရာမညတိုင်းအလုံးတို့၌၎င်း, ၎င်းနှင့်ဆက်သွယ်လျက်ရှိသော မာလာယုမလေးကျွန်းဆွယ်၌၎င်း ဗုဒ္ဓနိုင်ငံတော် အာဏာစက်တို့ သက်ရောက်ကာ သာသနာတော်ထွန်းကားစည်ပင်ပြန့်ပွား၍ နီးစပ်သောအားဖြင့် ယိုးဒယားနှင့်လည်း သာသနာဆက်သွယ်လျက်ရှိကြောင်း၊ သို့ဖြစ်၍ အရှေ့တိုင်းနိုင်ငံအားလုံးတို့၌ သာသနာရောင် ဖုံးလွှမ်းကာ ရောင်ဝါထွန်းလင်းသော ခေတ်ဖြစ်ကြောင်း ကောင်းစွာမှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

ဤဆိုခဲ့ပြီးသော သာသနာတော် **၁၇၀၀**-ကျော် **၁၈၀၀**-ခေတ်အတွင်း မြန်မာနိုင်ငံတော်နှင့်တကွ ရာမညတိုင်းအလုံးမှာ **ပရိယတ္တိသာသနာတော်** အားသွန်ကြိုးပမ်း ထမ်းရွက်တော်မူကြသည်ကား ဂိုဏ်းအားလုံးတူမျှကြ၍ မလေးကျွန်းဆွယ်ကျအောင်ပင် ထွန်းကားကြောင်း ကလျာဏီကျောက်စာ၌ ဖော်ပြခဲ့ရာ **ပဋိပတ္တိသာသနာတော်**မှာ မဖော်ပြသော်လည်း မြန်မာသာသနာဝင်မှတ်တမ်းများ၌ကား မြန်မာနိုင်ငံပထမ သာသနာပြုမင်းတရားကြီး **သီရိအနိရုဒ္ဓဒေဝ** အနော်ရထာမင်းစောလက်ထက် အရှင်အရဟံမထေရ်မှစ၍ ပဋိပတ္တိတရား အားထုတ်တော်မူကြကာ ရဟန္တာမထေရ်များထင်ရှားရှိကြောင်း၊ သားတော် **ထီးလှိုင်ရှင် ကျန်စစ်မင်း**တရား လက်ထက်၌လည်း နန္ဒမူလိုဏ်ဂူမှ ရဟန္တာများ ကြွတော်မူကာ မင်းကြီးအား ချီးမြှောက်တော်မူကြကြောင်း ရာဇဝင်နှင့် သာသနာဝင်တို့၌ ထင်ရှားစွာ ရေးသားဖော်ပြကြကုန်၏။

## နရပတိစည်သူမင်းတရားလက်ထက် ငစွယ်ရှင်၊ အရှင်ပုံ့သကူအကြောင်း

ဘေးတော်, ဘိုးတော်တို့၏ လက်ထက်တော်၌ ပဋိပတ္တိသာသနာတော် ထွန်းကား၍ ပဋိဝေဓသာသနာတော်လည်း ပြန့်ပွားကြောင်း ရေးသားခဲ့သည်နှင့်အတူ နရပတိစည်သူမင်းတရားကြီး လက်ထက်တော်၌လည်း ပရိယတ္တိသာသနာတော်၌ ကျော်ကြားတော်မူသော အရှင်ဥတ္တရာဇီဝမထေရ်၏ အဆက်အနွယ်ဝံသတို့ကို မင်းတရားကြီးလေးစားတော်မူသကဲ့သို့ ပဋိပတ္တိသာသနာတော်မြတ်ကိုလည်း ကိုးစားတော်မူသည်နှင့် ပဋိပတ်၌ အားထုတ်တော်မူကြသော အရှင်မြတ်တို့ကိုလည်း အထူးညွတ်တွား ဆည်းကပ်ကြောင်း ငစွယ်ရှင်၊ ပုံ့သကူ အရှင်မြတ်၏ အတ္ထုပ္ပတ္တိကို ထောက်ထား၍ ထင်ရှားသိသာနိုင်၏။

ထိုအရှင်မြတ်၏ဘွဲ့တော်မှာ **အရှင်သီလဝုမ္မိ** မထေရ်ဖြစ်၍ ရှေးသာသနာဝင် အရှင်အရဟံဂိုဏ်း ဖြစ်သဖြင့် ဂဏပါမောက္ခ မထေရ်တစ်ပါး မဟုတ်ငြားသော်လည်း မထေရ်မြတ်၏ သိက္ခာ ၃-ရပ်၌ လေးစားတော်မူခြင်းတည်းဟူသော ပဋိပတ္တိဂုဏ်၊ ပိဏ္ဍပါတ်စသော ဓူတင်တို့ကို ဆောင်တော်မူ၍ ဒကာတို့လှူဒါန်းသော သင်္ကန်းတို့ကို မသာယာဘဲ သုသာန်တစ သွားရောက်၍ သူကောင်လွှမ်းသော အဝတ်စသည် ပုံ့သကူစင် သင်္ကန်းကိုသာလျှင် သုံးဆောင်တော်မူခြင်းစသော ဂုဏ်၊ ဤသို့ ခြိုးခြံစွာ ကျင့်ကြံတော်မူခြင်းတည်းဟူသော ဂုဏ်တို့ကြောင့် **အရှင်ပုံ့သကူမထေရ်**ဟု ကျော်ကြားပျံ့နှံ့ရာ နရပတိစည်သူမင်းတရားလည်း မထေရ်မြတ်၏ ဂုဏ်တော်တို့ကို ကြည်ညိုသောအားဖြင့် ဆရာအရှင်အဖြစ် လျှောက်ထားအပ်သော မထေရ်မြတ်တစ်ပါးဖြစ်ခဲ့လေသည်။

ထိုအရှင် ပုံ့သကူတွင်သော အရှင်သီလဝုမ္မိမထေရ်မြတ်သည် တရံသောအခါ ပုံ့သကူသင်္ကန်းအလို့ငှာ ကြွတော်မူရာ အရှင်မြတ်ဂုဏ်ကို နွားကျောင်းသားတိုင်အောင် သိကြသည်အားလျော်စွာ ငစွယ်ငယ်နှင့်အတူ နွားကျောင်းသူငယ်ဖော်အများတို့သည် ထက်သန်သော စေတနာဖြစ်ပွားသဖြင့် အချင်းချင်းတိုင်ပင်ကြသည်မှာ-

ငစွယ်ငယ်က သူငယ်ဖော်တို့အား "အချင်းတို့၊ သင်တို့လည်း ကုသိုလ်ဖြစ်စေ, ငါလည်း ကုသိုလ်ဖြစ်စေ ငါသေ ကျွန်ပြုမည်။ ငါ့ကိုယ်ပေါ်တွင် သင်တို့အဝတ်ပုဆိုးကို လွှမ်းပြီးလျှင် အရှင်မြတ်အား ပုံ့သကူကောက်တော်မူပါဟု လျှောက်ထားကြကုန်"ဟု ပြောပြီး သူသည် သေဟန်ဆောင်လျက်နေသောအခါ-

သူငယ်ဖော်များလည်း ၎င်းပြောတိုင်း ပြုလုပ်ကြပြီးလျှင် အရှင်မြတ်အား လျှောက်ကြားရာ အရှင်မြတ်လည်း သူငယ်များလျှောက်ထားသည့်အတိုင်း တစပြင်သို့ ကြွသွားတော်မူ၍ ငစွယ်ငယ်ကိုယ်ပေါ်၌ လွှမ်းထားသောအဝတ်ကို ကောက်ယူတော်မူပြီး ကြွသွားတော်မူ

သော် ဧစွယ်ငယ်လည်း သူသေအစစ်ဖြစ်၍ အသက်မရှူဘဲနေသဖြင့် သူငယ်ဖော်များ ၎င်းအခြင်းအရာကို မြင်ကြလျှင် ထိတ်လန့်အံ့ဩစိုးရိမ်ကြလျက် ဧစွယ်ငယ်မိဘတို့အား ပြောကြားသောအခါ မိဘ သားချင်းတို့လည်း အရှင်မြတ်အား လျှောက်ကြားလေသော် အရှင်မြတ်လာ၍ ပရိတ်မေတ္တာပြုမှ ဧစွယ်ငယ်ထ၍ အရှင်မြတ်အားရှိခိုးလျှင် အရှင်မြတ်ကိုပင် ၎င်းအားလှူဒါန်းရာ ထိုအခါစ၍ ၎င်းအကြောင်းအရာများ လူအားလုံးတို့သိကြကာ မထေရ်၏ဂုဏ်များ ကျော်ကြားပြီး **ဧစွယ်ရှင်ပုံ့သကူ**ဟု ထင်ရှားခဲ့လေသည်။

အခါတပါး နရပတိစည်သူမင်းတရားကြီးသည် တူရွင်းတောင်သို့ ထွက်တော်မူပြီးလျှင် ၎င်းတောင်မှအပြန် ချောက်တစ်ခုသို့ရောက်တော်မူသောအခါ ပတ္တမြားအရောင်တောက်သည်ကို မြင်တော်မူရာ "ဤနေရာတွင် ငါ့အား ဘုရား ပုထိုး တည်ဆောက်စေလိုတကား"ဟု စိတ်ထားရှိတော်မူသည့်အတိုင်း ၎င်းချောက်ကြီးကို စေတီတည်ထားအံ့သောငှာ ဖို့-စေတော်မူသည်တွင် အရှင်ပုံ့သကူသိမြင်တော်မူ၍ မင်းတရားကြီး ဖိတ်မံထားသည့်အတိုင်း မင်းကြီးအား တရားသွန်သင်ပြသတော်မူသည်မှာ-

"သင်မင်းကြီးသည် ကုသိုလ်ကောင်းမှုဖြစ်စိမ့်မည်ဟု ရည်ရွယ်ကာ နက်လှစွာသော ဤချောက်ကြီးကို ဆည်ဖို့စေရာ၌ ကုသိုလ်ကား မဖြစ်၊ အပြစ်သာလျှင် စင်စစ်ဖြစ်ဘိ၏"ဟု-

ပြစ်တင်ဆုံးမတော်မူရာ မင်းကြီးမနှစ်သက်သောကြောင့် "မင်းကြီးဆွမ်းကို ငါအလှူမခံ"ဟု မိန့်ကြားတော်မမူဘဲ ဆွမ်းအလှူမခံနေတော်မူသည်တွင်-

"ဘုန်းတော်ကြီး၊ ငါဆွမ်းကို ဘုဉ်းပေးတော်မမူသော် ငါ့ပြည်တွင် နေတော်မမူသည်ဖြစ်မှ လွတ်တော်မူမည်။ ပြည်သူတို့ လှူသောဆွမ်းလည်း ငါ့ဆွမ်းမဟုတ်တုံလော"ဟု မရည်မငံ မင်းကြီးလျှောက်ထားပြောဆိုသည်ကို မထေရ်မြတ်သိတော်မူ၍ "မင်းကြီး သို့ဆိုလေတပြီးကား၊ သီဟိုဠ်ကျွန်းသို့ ကူးတော့အံ့"ဟု ကြံတော်မူပြီးလျှင် စွယ်ကြိုတောဝယ် ခေတ္တ သီတင်းသုံးနေတော်မူခဲ့လေသည်။

ထိုရောအခါ မထေရ်မြတ်အား ယုံကြည်လေးစားသော သရပါတံခါးစောင့်ဘီလူးသည်သိ၍ နရပတိစည်သူမင်းတရားကြီး ထွက်တော်မူသောအခါ တံခါးပေါ်မှ မဖယ်ရှားဘဲ ကားရားရပ်လျက် နေသည်ကို လွှဲဖယ်ပေးရန် အတန်တန်သော ဆေးဝါးမန္တရားတို့ဖြင့် လွှဲဖယ်စေပါသော်လည်း နေမြဲနေရာ ၎င်းအကြောင်း ဟူးရားဖျို၊ ဟူးရားညိုတို့အား မေးမြန်းရာတွင် မင်းကြီးသည် **ဧစွယ်ရှင် အရှင်ပုံ့သကူ**မထေရ်မြတ်အား မချေမငံ ပြောကြားသဖြင့် မထေရ်မြတ် ကြွသွားတော်မူသောကြောင့် မဖယ်မရှားဘဲနေကြောင်း ဟူးရားအပေါင်းတို့က ဟုတ်မှန်တိုင်း သံတော်ဦးတင်ကြလေသည်။

ထိုအခါမှ မင်းတရားကြီးသည် မထေရ်မြတ်၏ ဂုဏ်ကျေးဇူးကို သတိရတော်မူသဖြင့် အကြိမ်ကြိမ်ပင့်စေရာ မကြွလာတော်မူလျှင် ပညာရှိအမတ်ကြီး တုရင်ပစ္စည်းကို "မရ,ရအောင် ပင့်ရမည်"ဟု အမိန့်တော်ရှိရာ ပညာရှိအမတ်ကြီးသည်လည်း အကြောင်းအရာကို တိုင်းထွာနိုင်းချိန်ပြီးလျှင် ရွှေဖြင့်ပြီးသော မြတ်စွာဘုရားတစ်ဆူကို လှေတော်ဒွါရ၌ တင်ဆောင်တော်မူပြီး ပုသိမ်သို့ အပြင်းစုံရာ ငုံးပုသိမ်မှာပင် မထေရ်အရှင်ကို သီဟိုဠ်သို့ ကူးမည့်ဆဲဆဲ မှီ၍ သင်္ဘောဆိပ်သို့ ကြွတော်မူသည့်ခရီးတွင် အရှင်အား "ဘုရားအရှင် ဤအရပ်သို့ ရောက်တော်မူပါပြီ၊ အရှင်ပုံသုကူ မထေရ် လာစေသတည်း"ဟု လျှောက်ထားရာ မထေရ်မြတ်လည်း ဘုရားအရှင် အာဏာတော်ကို မလွန်ဆန်သောကြောင့် လိုက်ပါကြွလာတော်မူ၍ လှေတော်ဒွါရသို့ တက်တော်မူပြီး မြတ်စွာဘုရားအား ဝတ်ပြုတော်မူခိုက် မထေရ်မြတ်နှင့်တကွ လှေတော် အပြင်းလှော်ခတ် ဆန်တက်ကာ မထေရ်မြတ်ကို ပင့်ဆောင်ခဲ့လေသည်။

ဤသို့ အမတ်ကြီးလည်း ပင့်ဆောင်တော်မူစဉ်က လှေတော်ပေါ်တွင် အရှင်မြတ်အား သာသနာတော်ကို ပြုစုတော်မူပါမည့်အကြောင်း အနည်းနည်း တောင်းပန်လျှောက်ထား အသနားခံသည့်အတိုင်း အရှင်ပုံသုကူမထေရ်လည်း သာသနာတော်ကို ပြုစုရန် ဝန်ခံတော်မူလျှင် မထေရ်မြတ် ကြွလာတော်မူကြောင်း မင်းကြီးအား အကြောင်းကြားရာ မင်းတရားကြီးလည်း အမတ်အပေါင်းခြံရံလျက် ခရီးဦးကြိုထွက်တော်မူကာ ဒွါရသို့တက်၍ မထေရ်မြတ်၏ လက်တော်ကို မ,ကာ နန်းတော်သို့ ပင့်ဆောင်တော်မူလာသည်တွင် သရပါ တံခါးစောင့်ဘီလူးမြင်၍ တံခါးမှဆင်းသက်ပြီး မထေရ်အား ဦးချသည်ကို မင်းတရားကြီးတွေ့ရှိက အထူးဝမ်းမြောက်တော်မူခဲ့လေသည်။

ဤသို့လျှင် မင်းတရားသည် မထေရ်မြတ်အား လေးစားကြည်ညိုတော်မူ၍ နန်းတော်သို့ရောက်လျှင် မင်းတရားကြီးကိုယ်တိုင်ပင်လျှင် လက်ဖြင့်ဆွမ်းဘောဇဉ်စသည်ပြင်၍ ဆွမ်းလုပ်ကျွေးတော်မူပြီးနောက် မင်းတရားကြီးက "အရှင်ဘုရား ယနေ့ကစ၍ အရှင်မြတ်၏ အဆုံးမတော်ကို ခံယူတော့မည်။ သာသနာရေးကိစ္စ အဝဝ၌ ဆုံးမတော်မူပါ" ဟု လျှောက်ထားပြီးလျှင် **ဇေယျသူရ, ရာဇသိခ်, ရာဇသူ, ကဂ်သူ, ပုံချီ** ဟူသော သားတော် ၅-ပါးကို အရှင်မြတ်အား လှူဒါန်းတော်မူလေသည်။

သို့လှူတော်မူ၍ မင်းသား ၅-ပါးတို့သည် ပုံသုကူမထေရ်မြတ်နှင့်အတူ လိုက်သွားကြသော်လည်း လမ်းခရီးအကြားမှာ မြေထက်၌အဝန်းအဝိုင်း ၅-ကွက်သား၍ မင်းသားအားလုံးတို့ကို ပြန်စေရာ သားတော်တို့လည်း ပြန်လာကြ၍ ထိုအကြောင်းကို မင်းတရားကြီးအား လျှောက်ထားကြလေလျှင် "ငါ့သားတို့ကို ကောင်းမှုပြုစေတော်မူလိုသည်"ဟု

အောက်မေ့တော်မူကာ သားတော်တို့ ရွှေကိုယ်လေးချိန်စက်ပြီး ထိုရွှေလေးဖြင့် ကံကျေး ပြုလုပ်စေလျက် မြတ်စွာဘုရား လက်ထက်တော်က ပသေနဒီ ကောသလမင်းတရားကြီး ပြုလုပ်စေတော်မူသော စန္ဒကူးသရက္ခန်ဆင်းတုတော်နှင့်အမျှ-

**၁။ စာကြိုဘုရားလှတစ်ဆူ**

**၂။ မြေဘုံသာဘုရားလှတစ်ဆူ**

**၃။ ကန်စွန်းတောင်ဘုရားလှတစ်ဆူ**

**၄။ သိကြားတောင်ဘုရားလှတစ်ဆူ**

**၅။ ချောက်ဘုရားတစ်ဆူ**

ဤ ၅-ဆူသော ဘုရားမြတ်စွာတို့ကို ပြုလုပ်တည်ထားစေတော်မူခဲ့လေသည်။

ၾငင်းပြင် မင်းတရားကြီး ဆည်ဖို့တော်မူသော ချောက်ကိုလည်း ဆက်လက်ဖို့လုပ် စေပြီးလျှင် မြေကို နက်စွာတူး၍ ဌာပနာတိုက်ဖွဲ့ကာ များစွာသော ဓာတ်တော်, မွေတော်များ ဌာပနာသွင်းထားလျက် ပစ္စယာ, စိန်တောင်, တုရင်, မှင်ဦးစသည်တို့၌ အဆန်းတကြယ် စီခြယ်ပြုလုပ်သော စဉ်ကွင်း, စဉ်ပန်းများနှင့် ကုလားကျောင်း ၂-ထပ်ခံပြီးလျှင် ကွမ်းတော် တင်ကာ စေတီတော်တည်ထားပြီးလျှင် **စူဠာမဏိစေတီတော်**-ဟု မှည့်ခေါ်သမုတ်ကြောင်း သမိုင်းရာဇဝင်တို့တွင် ထင်ရှားစွာဆိုသဖြင့် မင်းတရားကြီးသည် မထေရ်မြတ်၏ အဆုံးအမကို နာယူကာ သာသနာတော် ၃-ရပ်ကို ချီးမြှောက်ထောက်ပံ့တော်မူသော ဘုရင်မင်းတရားကြီးဖြစ်၍ အခွန့်ရှည်စွာ တည်ထွန်းမှတ်သားရန် များစွာသော စေတီ ပုထိုးတော်များ တည်ထားတော်မူခဲ့လေသည်။

ဤသို့အားဖြင့် နရပတိစည်သူမင်းတရားကြီး လက်ထက် **အရှင်ဥတ္တရာဇီဝ** မထေရ် တို့မှစ၍ သီဟိုဠ်သာသနာပြု မထေရ်အရှင်မြတ်တို့စသည် မြန်မာနိုင်ငံတော် သာသနာဝင် တွင် ထင်ရှားကျော်ကြား သာသနာတော်၌ ကျေးဇူးများသော မထေရ်များထွန်းကား ဖြစ်ပေါ် လာသည့်အလျောက် ချီးမြှောက်ထောက်ပံ့တော်မူသည့်အပြင် ပဋိပတ္တိ, ပဋိဝေဓ သာသနာ တော်မြတ် ထမ်းရွက်တော်မူသော **စွေယ်ရှင် အရှင်ပံ့သုကူ** မထေရ်စသည့် အရှင်မြတ်တို့ အားလည်း အထူးသဖြင့် လေးမြတ်ပူဇော်ကာ တစ်သက်လျှာ ဆရာအဖြစ် ဖိတ်မံအဆုံးမ တော်ခံယူပြီးလျှင် သာသနာတော် ပြုစုအားထုတ် မဆုတ်နစ်သော သဒ္ဓါတရားနှင့် ပြည့်စုံ သော သာသနဒါယကာ ဘုရင်မင်းတရားကြီးလည်း ဖြစ်ခဲ့လေသည်။

သို့ရာတွင် ဤမင်းတရားကြီးလက်ထက်မှာ သာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားခဲ့သော်လည်း အနော်ရထာမင်းတရားလက်ထက် သာသနာတော်ရောက်သည်မှ အနှစ် ၁၀၀-ကျော်မှာ ဂိုဏ်းဂဏမကွဲပြားဘဲ ညီညွတ်စွာရှိလျက် ၎င်းမင်းတရား လက်ထက်မှာကား ဂိုဏ်းအသီးသီး ကွဲပြား၍ ၎င်းဂိုဏ်းများသည် ရာမညတိုင်း, မုတ္တမတိုင်းနယ်များ သို့ပင် ပျံ့နှံ့သွားသဖြင့် ကလျာဏီကျောက်စာအရ သာသနာတော်အားနည်းခြင်း အကြောင်းရင်းဖြစ်သော ဂိုဏ်းဂဏကွဲပြားခြင်းများ ဖြစ်ပွားခဲ့လေသည်။

ဤဆိုခဲ့ပြီးသော ဂိုဏ်းအသီးအခြား ကွဲပြားလာခြင်းတို့ကား ၎င်းကလျာဏီကျောက်စာအရ နရပတိစည်သူမင်းတရားကြီး နန်းစံ ၇-နှစ်၊ သာသနာတော် ၁၇၂၅-ခု၊ သက္ကရာဇ် ၅၄၃-ခုဖြစ်သဖြင့်-

- အနှစ် ၁၂၄-နှစ်သာ မြန်မာနိုင်ငံတော်သို့ သာသနာတော်ရောက်သည်မှ စ၍ ရေတွက် ရကြောင်း၊
- ထိုနှစ်ပေါင်း ၁၇၀၀-ကျော် ၁၈၀၀-အတွင်း မြန်မာနိုင်ငံတော်၌ အထူးအားဖြင့် ပရိယတ္တိသာသနာတော်မှာ အလွန်တိုးပွားထွန်းကား၍ ကျမ်းဂန်တတ် အမြောက်အမြားပေါ်ထွန်းကာ ကျမ်းပြုဆရာများလည်း များပြားလာခဲ့ကြောင်း မှတ်သားအပ်၏။

ဤနှစ်ရာစု သာသနာခေတ်များမှာ ရာမညတိုင်းမှ ဆက်သွယ်လာသည်မှစ၍ ဘုန်းကံကြီးမားကြသော **အနော်ရထာမင်းတရား**, သားတော်ကျန်စစ်မင်း, မြေးတော် **အလောင်းစည်သူ**, မြစ်တော် **နရပတိစည်သူမင်း** ဤမင်းများလက်ထက်ဖြစ်၍ ဤမင်းတို့ ဘုန်းကံနှင့် သာသနာတော်၏ ထွန်းလင်းချိန်တန်သည့်အတိုင်း သာသနာပြု **အရှင်ဥတ္တရာဇီဝ**စသော မထေရ်များကို ထွန်းကားတော်မူကာ သာသနာတော် ၃-ရပ်လုံး ထွန်းလင်းတောက်ပ ရာမညတိုင်းနှင့်လည်း ဆက်စပ်လျက် အထူးတိုးတက်သော ဗုဒ္ဓနိုင်ငံသာသနာတော်ဖြစ်ကြောင်း ကောင်းစွာမှတ်သားအပ်ကုန်၏။

ဤမျှဖြင့် နရပတိစည်သူမင်းလက်ထက် ဗုဒ္ဓနိုင်ငံတော် သာသနာဝင်
အပြီးသို့ ရောက်ပြီ။

✪ ✪ ✪ ✪ ✪

## ပုဂံနောက်မင်းဆက်များ သာသနာ

နရပတိစည်သူမင်းတရားကြီးသည် သာသနာတော် ၃-ရပ်၏ တိုးပွားကြီးမြင့်ခြင်းကို အဦးထားလျက် တိုင်းကား ပြည်ရွာ စည်ပင်သာယာအောင် အထူးဆောင်ရွက် ပြုစုတော်မူသော မင်းတရားကြီး တစ်ပါးအဖြစ်ဖြင့် ရာဇဝင်နှင့် သာသနာဝင်အများတို့တွင် မှတ်တမ်းတွင်ရစ်စေပြီး သာသနာတော် ၁၇၅၅-ခုနှစ်မှာ နတ်ရွာသို့ မြန်းပြီးနောက်-

- ၎င်းမင်း၏ သားတော် **ဇေယျသိခ**

- သို့မဟုတ် **နန်းတောင်းမင်း** ဟူ၍လည်း ထင်ရှားကျော်စောသည့်အပြင်

- **ဥဇနာ ထီးလို မင်းလို**-ဟုပင် မှတ်သားအပ်သော မင်းသည်လည်း ခမည်းတော်အရိုက်အရာဖြစ်သော ထီးနန်းအမွေနှင့် သာသနာ့အမွေကိုပါ ဆက်ခံတော်မူကာ သာသနာကို ပြုစုတော်မူခဲ့သည်ကား ၎င်းမင်းကိုးကွယ်တည်ထားတော်မူခဲ့သော မဟာဗောဓိစေတီတော်အားဖြင့် ထင်ရှား၏။

ထိုမင်းတရား တည်ထားသော စေတီတော်မြတ်သည် ရှေးဘေးတော်, ဘိုးတော်များ တည်ထားခဲ့သော-

- **အနော်ရထာ** မင်းတရား၏ **စည်းခုံရှင်စေတီတော်**
- **ကျန်စစ်** မင်းတရား၏ **နန္ဒဂူစေတီတော်**
- **အလောင်းစည်သူ** မင်းတရား၏ **သဗ္ဗညုစေတီတော်**
- **နရပတိစည်သူ** မင်းတရား၏ **စူဠာမဏိစေတီတော်**

စသည်တို့နှင့် သဏ္ဌာန်တော်ခြားနားသော မဇ္ဈိမဗုဒ္ဓဂယာမှ အသောကမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သည့် မဟာဗောဓိ စေတီတော်မြတ်၏ပုံတော်ကို သွားရောက်ကူးယူစေပြီးလျှင် ၎င်းပုံတော်အရ တည်တော်မူကာ **မဟာဗောဓိစေတီတော်**ဟု အမည်သမုတ်တော်မူခဲ့လေသည်။

ဤ **ဇေယျသိခ** ဘွဲ့ခံ **နန်းတောင်းများမင်း** တည်ထားကိုးကွယ်သော မဟာဗောဓိစေတီတော်ကို ထောက်ထား၍ ပုဂံမင်းများလက်ထက်မှာ မဇ္ဈိမတိုက်နယ်များနှင့် ဆက်သွယ်သွားလာ၊ ဘာသာရေးအားဖြင့် ရောက်ပေါက်ကြကြောင်း၊

၎င်းမှ မဟာဗောဓိစေတီ ပုံစံယူကာ စေတီတော်တည်ထား၍ ၎င်းအမည်အားဖြင့် ဘွဲ့မည်တော်သမုတ်ကြောင်း ထင်ရှား၏။

- သို့ရာတွင် ထိုအချိန်အခါ မဇ္ဈိမသာသနာတော်ကား ညှိုးလျော်ညစ်နွမ်းလျက် မဟာယာနသာသနာ မူလပင် ပျောက်ကွယ်ခါနီး တန္တြ-မန္တြ အယူဝါဒများ ဖိစီးလာသော အချိန်အခါဖြစ်၍ ၎င်းဌာနရှိသာသနာတော်နှင့်သော်ကား အလျှင်းပင် ဆက်သွယ်ခြင်း မရှိကြောင်း။
- ဗုဒ္ဓနိုင်ငံတော် သာသနာတော်၏ မူလဖြစ်ထွန်းရာဌာန အဝိဇဟိတဒေသ ဖြစ်သောကြောင့်သာ ၎င်းတိုင်းနယ်များသို့ သွားလာဆက်သွယ် ပူဇော်ဖွယ်ဌာန များသို့ သွားရောက် ပူဇော်ကြကြောင်း။
- ၎င်းတို့ရောက်ရာဌာနများ၌ တွေ့ရှိသော သာသနာ့ဗဟုသုတများ ဆည်းပူး ယူဆောင်လာကြ၍ မိမိတို့တိုင်းဌာနသို့ ရောက်လာသောအခါ အထိမ်းအမှတ် အားဖြင့် ၎င်းဘုရားပုထိုးတို့ အတုယူကာ အမျိုးမျိုးသော ပုံသဏ္ဍာန်များဖြင့် တည်ထားကိုးကွယ်ကြောင်း။
- သို့ဖြစ်၍ ပုဂံနေပြည်တော်ဝယ် တည်ထားသော စေတီတော်များမှာ ပုံသဏ္ဍာန်အားဖြင့် များပြားဆန်းကြယ်ကြောင်း ကောင်းစွာ မှတ်သားအပ်၏။
- ဤနန်းတောင်းများ မင်းလက်ထက်မှာလည်း ပရိယတ္တိသာသနာနှင့်တကွ သာသနာတော် ၃-ရပ်လုံးပင် စည်ပင်ထွန်းကားလျက်ရှိကြောင်း။
- ၎င်းမင်း၏ဆရာတော် ပြည်မှာ သီတင်းတော်မူခိုက် ပဲခူး, ဟံသာဝတီ ဆင်ဖြူရှင်မင်း နတ်ရွာစံလွန်ရာ ၎င်းခဏ၌ပင် အရှင်မထေရ်မြတ် သိလတ်၍ "အို အဘ"ဟု နှုတ်တော်က မြွက်ဆိုမိကာ အများက အကြောင်းလျှောက်ထားရာ ၎င်းအကြောင်းပြောကြား၍ အချိန်ကာလကား အမှန်ဖြစ်ကြောင်း။

၎င်းပြင်လည်း အခါတပါး နွားတစ်ကောင် ကမ်းပါးကကျသည်တွင် "အို နွားသေပြီ" ဟု မြွက်ဆိုမိရာ အမှန်ဖြစ်နေသည်ကို ထောက်ဆလျက် မထေရ်မြတ်သည် အဘိညာဏ် အားဖြင့်သာ သိနိုင်ရာသည်ဟု သာသနာဝင်မှတ်တမ်းများ ရေးသားသဖြင့် သူတော်ကောင်း တရား လျှို့ဝှက်အပ်သည် အားလျော်စွာ မထေရ်မြတ်ကား မိန့်ကြားတော်မူခြင်း မရှိသည်ဟု မှတ်သားအပ်ကုန်၏။

ဤသို့အားဖြင့် ဤမင်းလက်ထက်မှာ ဤမျှသာလျှင် သာသနာတော်၏ အကြောင်း အရာများ မှတ်သားအပ်ကုန်၏။

## ကျမ်းဂန်ကျနသော ကျစွာမင်းအကြောင်း

ထီးလိုမင်းလို နန်းတောင်းများမင်း လွန်သည့်နောက် သာသနာတော် ၁၇၇၈-ခု နှစ်သို့ ရောက်သောအခါ ဗုဒ္ဓဘာသာ စာပေလောကတွင် ရှေးရာဇဝင်များ၌ပင် ထင်ရှား ကျော်စောခြင်းကို ပြုခဲ့သော ကျစွာမင်းကြီးသည် ထီးနန်းသိမ်းပိုက် ခမည်းတော် အရိုက်အရာ ယူပါသော်လည်း ထီးစည်နန်းနှင့် တိုင်းခန်းအမှုအခင်းစသည်တို့ကို မလေ့လာဘဲ များစွာသော စာပေကျမ်းဂန်များ၌ ကျနစွာ တတ်မြောက်သဘောညာဏ် ထိရောက်စွာရှိသော ကြောင့် ကျနစွာ သို့မဟုတ် ကျစွာ-ဟု ခေါ်တွင်ကာ ၎င်းမင်းတရားလက်ထက်မှာ ပရိယတ္တိ သာသနာလွန်စွာထွန်းကား ကိုယ်တိုင်အားဖြင့်လည်း လေ့ကျင့်ကာ ရာဇဝင်အဆိုအရ ပိဋကတ်တော် ၉-ခေါက်မျှ ပေါက်ရောက်အောင် သင်ကြားခဲ့ဖူးကြောင်း မှတ်သားကြကုန်၏။

၎င်းမင်းတရားသည် ပိဋကတ်တော်များ သင်ကြားတတ်မြောက်သည်အားလျော်စွာ တူရွှင်းခြေ၌ ကန်တော်ကို ဆည်ဖို့စေတော်မူပြီးကာ ၎င်းကန်တော်အနီးမှာ သာယာလှစွာ သော မင်းတဲကြီးဆောက်လုပ်စေပြီးလျှင် စီရင်စေရာ တိုင်းရေးပြည်ရာ အဖြာဖြာတို့ကို သားတော်အကြီး အိမ်ရှေ့ဥပရာဇာမင်းအား လွှဲအပ်တော်မူကာ မင်းတရားကိုယ်တိုင်မှာ တစ်နေ့ စာ ၇-ဝါမျှ ပို့ချတော်မူလျက် စာပေကျမ်းဂန်ဘက်၌သာ မွေ့လျော်၍ နေထိုင်တော် မူခဲ့လေသည်။

၎င်းမင်းကြီးလက်ထက်၌ တိုင်းသူပြည်သားအားလုံးတို့ပင် စာပေကျမ်းဂန်လေ့လာ ဆည်းပူးအားထုတ်ကြ၍ တတ်မြောက်လိမ္မာ များစွာသော နန်းတော်သားများ ပါဠိစကား ပြောကြားကြသည့်အပြင် တောသူတောင်သား တောင်ယာလုပ်ကိုင် စားသောက်ကြသူများ ပင် ပါဠိစကား ပြောဆိုလေ့လာ ညအခါဗိုင်းဝါလုပ်ကိုင်ရင်း ပဌာန်းပစ္စည်း များ တွန်းကြသည် ဟု ဥဒါန်းစကား အစဉ်အဆက်အားဖြင့် တွင်ကျယ်ရစ်အောင် ပရိယတ္တိသာသနာတော် ထွန်းကားကြောင်း။

စာပေကျမ်းဂန် ကျန၍ ကျမ်းဂန်ပြုသူများပေါ်များ၊ ကျမ်းငယ်တွေလည်း များလှ သောကြောင့် ပြုစုကြသော ကျမ်းဂန်များ ညှိနှိုင်းဆုံးဖြတ်ရန် ပညာရှိများ အစည်းအဝေး ပြုကာ များစွာသော စာပေကျမ်းဂန်များကို ၎င်းအစည်းအဝေးသို့ တင်ပြ၍ တူမျှသော အဓိပ္ပါယ်ရှိသော ကျမ်းဂန်များ ပယ်ဖျက်ရကြောင်း။

ဘုရင်မင်းတရားကိုယ်တိုင်ကပင် စာပေပို့ရင်း သဒ္ဒါအရာ၌ အကျဉ်းမှတ်သားရန် **သဒ္ဒဗိန္ဒုကျမ်း**, အဘိဓမ္မာအရာ၌ အကျဉ်းမှတ်သားရန် **ပရမတ္ထဗိန္ဒုကျမ်း**ကို ရေးသားစီရင် တော်မူကြောင်းများ ရာဇဝင်မှတ်တမ်းတို့၌ ရေးသားကြကုန်၏။

ထိုမင်းကြီးလက်ထက် ပိဋကတ်ကျမ်းဂန်များ၌သာ မွေ့လျော်သည့်အတိုင်း နောင်သမိုင်းတွင်ရစ်ရန် အုတ်ပြုလုပ်သည်မှစ၍ ကန္တက်(ပန္တက်)ချခြင်း, အုတ်မြစ်ချခြင်း စသည် အလုံးစုံသော နေ့အခါတို့မှာ ပြဿဒါးကိုသာလျှင် ရွေးချယ်စီရင်တော်မူသော ကြောင့် **ပြဿဒါးစေတီတော်**-ဟု တွင်သော ကောင်းမှုတော်မှာ အပြုအလုပ် အနှီးအဆော် ညံ့သဖြင့် ရာဇဝင်တွင် မပြီးစီးသော်လည်း ၎င်းမင်းကြီး၏ အထိမ်းအမှတ်သမိုင်းမှာကား ထင်ရှားပြည့်စုံ၍ ကျန်ရစ်ခဲ့လေသည်။

၎င်းပြင် ၎င်းမင်းကြီးလက်ထက် များစွာသော ကျမ်းဂန်များ ရေးသားကြသော်လည်း သဘောတူ ကျမ်းဂန်များပယ်ချကာ နောက်အခါ၌ သာသနာဘေးရန်များ ဖြစ်ပွားများပြား သော ကျမ်းဂန်တို့ကို မီးတိုက်သုတ်သင်ခြင်း ခံရကြောင်း၊ ကြွင်းကျန်သော ကျမ်းဂန်များကို သာ ရှာဖွေစုဆောင်းလျက် မပျက်ပြားစေရန် အားထုတ်ပြုစုရေးသား ဖြန့်ချိရကြောင်း များ စဉ်လာဥဒါန်းစကား ထင်ရှားရှိ၍ ရေးသားကြသောကျမ်းဂန်များကား ၎င်းဥဒါန်းမှတ် တမ်းမှတပါး အခြားမကျန်ရစ်တော့ဘဲ မင်းကြီးရေးသားသော သဒ္ဒဗိန္ဒုကျမ်း, ပရမတ္ထဗိန္ဒု ကျမ်းမျှသာ ကျန်ရှိခဲ့လေသည်။

၎င်းမင်းလက်ထက် ရာဇဝင်သမိုင်းတွင် ပရိယတ္တိသာသနာတော်သာ ကျော်ကြား သော်လည်း ပဋိပတ္တိသာသနာဝံသ အဆက်အနွယ်များမှာကား ပုဂံခေတ်ကုန်သည်တိုင် အောင် ထင်ရှားရှိသောကြောင့် ထူးခြားသော ပရိယတ္တိသာသနာအပြင် ပဋိပတ္တိသာသနာ တော်လည်း ထွန်းကားလျက်ရှိကြောင်း မှတ်သားအပ်ကုန်၏။

၎င်းမင်းကား **"သမုဒ္ဒရာဇ်, နော်ရထာ, ကျစွာ ၃-ဖြစ်တူ"**ဟူသည် နှင့်အညီ ပျက်ခရေ တောင်ခြေ၌ နော်ရထာမင်းစောဝိဋ္ဌာန်ကာ "နောင်အခါ ငါမင်းတစ်ကြိမ်ဖြစ်မှ ပေါက်စေ- သား"ဟု စိုက်ပျိုးတော်မူခဲ့သော ပေပင်များလည်း ၎င်းလက်ထက်၌ပေါက်သဖြင့် နော်ရထာ- မင်းအဖြစ်ကိုလည်း ရခဲ့၍ သာသနာတော်ပြုစုခဲ့ရဖူးကြောင်း၊ ၎င်းမင်းတရား သိတော်မူကာ များစွာဝမ်းမြောက်တော်မူလှသည်ဟု မှတ်တမ်းများလည်းရှိ၍ ၎င်းမှတ်တမ်းအရ သာသနာတော်ယုံကြည်လှသည့်အတိုင်း သမိုင်းရာဇဝင်တွင်အောင် ဖြစ်နိုင်စေရာ အကြောင်းရှိကြောင်းများလည်း မှတ်သားအပ်ပေသည်။

ဤမျှဖြင့် ဤမင်းတရားသည် နောင်အနာဂတ်ရာဇဝင်နှင့် သာသနာဝင်အစဉ် အလာ ဥဒါန်းစကား မှတ်သားဖွယ်များ ကျန်ရစ်စေရန် ဗုဒ္ဓနိုင်ငံတော်တွင် ထင်ရှားစွာ အားထုတ်ခဲ့သော မင်းတရားကြီးအဖြစ်ဖြင့် ပါဝင်ဆောင်ရွက်တော်မူခဲ့ကြောင်း အဆုံးထား ၍ မှတ်သားအပ်ကုန်၏။

## သာသနာတော် ၁၈-ရာစုနှစ်အတွင်း ပုဂံနောက်ဆက်

## မင်းများသာသနာ

- **ကျစွာမင်းတရားကြီး**သည် ဤသို့ ထင်ရှားစွာ သာသနာတော် ပြုစုတော်မူကာ သာသနာ ၁၇၉၄-ခုနှစ်တွင် လွန်တော်မူ၍-
- ၎င်းသားတော် **ဥဇနာမင်း** စိုးစံ ဆက်ခံခဲ့လေသည်။ ၎င်းမင်းလည်း ၅-နှစ်မျှစိုးစံပြီးနောက်-
- ၎င်း၏သားတော် **တရုတ်ပြေးမင်းဆက်ခံ** စိုးစံခဲ့လေသည်။ ၎င်းမှာငယ်မည်အားဖြင့် **မင်းခွေးချေး**-ဟုလည်း တွင်ခဲ့၍ ၎င်းမင်း၏ အဘိသေက ဘွဲ့မည်တော်ကား **သီရိတိဘုဝနာ-ဒိတျပဝရမဟာရာဇာနရသီဟပတိ** ဖြစ်ခဲ့သည်။

၎င်းမင်းလက်ထက် ထင်ရှားသော သာသနာတော် အဖြစ်အပျက်ကား **ဦးကျည်ပွေ့** အမည်ရှိသော **ဒိသာပါမောက္ခ**ဘွဲ့မည်တော်ရ အသက် ၆၀-ကျော်မှ ရဟန်းပြု၍ နန်းတော်တွင် ကန့်ကူဆံအလှူခံဝင်ရာ "အရှင်ဘုရား၊ ကျည်ပွေ့အတက်ပေါက်မှ စာပေတတ်မြောက်နိုင်တော့မည်"ဟု မင်းကြီးဆို၍ ကန့်ကူဆံလှူသည်ကို ၎င်းပုဂ္ဂိုလ် အမှတ်အသားပြု၍ ပြန်လာပြီးလျှင် သဒ္ဒါ၊ သင်္ဂြိုဟ်မှစ၍ တစ်နေ့ဒန်ပူ တစ်ပြန်မျှ မိမိရရ တက်အံလေ့ကျက်မပျက်သောလုံ့လဖြင့် သဘောသကံရမိအောင် အားထုတ်ကြိုးစားရာ မကြာမြင့်မီ ကျမ်းဂန်ကျနတတ်မြောက်သော ပုဂ္ဂိုလ်အဖြစ်သို့ရောက်သောအခါ ကျည်ပွေ့၌ သစ်ခက်များစည်းပြီး မင်းကြီးထံတဖန် ဝင်ရောက်ခဲ့လေသည်။

ဘုရင်မင်းတရားက အကြောင်းအားလျော်စွာ မေးတော်မူလျှင် "အရှင်မင်းကြီး၊ ကျည်ပွေ့အတက်ပေါက်သဖြင့် ယခုနန်းတော်သို့ဝင်ရောက်လာပါကြောင်း" အမိန့်ရှိက မင်းကြီးလည်း ဤရဟန်းကြီးကား မိမိမြွက်ဆိုဖူးသော စကားအရ အကြောင်းသိရန် နန်းတော်သို့ ဝင်လာသည်ကိုသိ၍ ခြောက်ကျောင်းသား ကျမ်းတတ်အကျော် ဆရာသံဃာတော်တို့ကို စည်းဝေးစေပြီးနောက် ၎င်းသံဃာတော်တို့ မေးစိစစ်ရာ မေးလာသမျှ ပြဿနာများကို မဆိုင်းမတွ ဖြေကြားပြီးကာ "အရှင်တို့မေးတော်မူသည်ကိုသာ ဖြေကြားရပါသည်၊ တပည့်တော် တဖန် မေးမြန်းခွင့်ပြုတော်မူပါ"ဟု လျှောက်ထားရာ မထေရ်များက ခွင့်ပြုသဖြင့် "အညသမာန စေတသိတ်အရ အညအပါဒါန်ခံတော်မူပါ"ဟု လျှောက်ထားလျှင် ရုတ်တရက်မထေရ်များ အပါဒါန်မခံ ထည့်နိုင်သည်ကို **မင်းကြီးနရသီဟပတိ** သိတော်မူလျှင် အလွန်ကြည်ညိုလေးမြတ်စွာ ဆရာတော်အဖြစ်ထား၍ **ဒိသာပါမောက္ခ**ဟူသော ဘွဲ့တံဆိပ်တော်မှတ်သားကာ အမြဲပင် အဆုံးအမ ခံတော်မူခဲ့လေသည်။

ဤနရပတိသီဟမင်းကြီးလက်ထက် တရုတ်တို့နှင့်ဖြစ်ပွားရာ စစ်ရေးတော် မသာဘဲ ရှောင်လွှဲပုန်းအောင်းနေရသောကြောင့် နောင်ရာဇဝင်၌ **တရုတ်ပြေးမင်း**-ဟု တွင်ရစ်အောင် အရေးတော် ဖြစ်ပွားခဲ့သည့်အခါ **အရှင်ဒိသာပါမောက္ခ** ဆရာတော်သည်ပင်လျှင် ရန်သူ စစ်သည်တို့အား သစ်ပင်ဥပမာထား၍ ရှေးဦးစွာ စောင့်ရှောက်ပြုစုရကြောင်း၊ နောက်မှ သာ အလိုရှိသောအကျိုးများ ပြည့်စုံနိုင်မည်ဖြစ်ကြောင်း စသည်စကားပြေ မိန့်ကြားတော် မူက တရုတ်စစ်သည်တော်တို့ တုံ့ပြန်ဆုတ်သွား၍ နိုင်ငံတော်အေးချမ်းသာယာရှိသည်ကို တွေ့ရ၍ မင်းကြီးသည်သာလွန်လျက် မထေရ်မြတ်အား လေးစားတော်မူကြောင်း ရာဇဝင်၌ လာသည်ကို ထောက်ဆ၍ မထေရ်မြတ်ကား ပညာဂုဏ်ရည် ထင်ရှားသလောက် အရာ ရောက်သည်၌ ချောင်စွာ စကားအရာ၌ လိမ္မာကျွမ်းကျင်တော်မူကြောင်း မှတ်သားအပ်၏။

ထိုမှတပါး ဤမင်းတရားကြီးလက်ထက် အရှင်ဒိသာပါမောက္ခ ဦးကျည်ပွေ့အား ခြောက်ကျောင်းသားတို့ ခဲရာခဲဆစ် မေးမြန်းကြကြောင်းလာသဖြင့် မြို့တော်၌ထင်ရှား သော ကျောင်းတိုက်ကြီးများ ပဓာနအားဖြင့် ၆-တိုက်ရှိ၍ ၎င်းမှတပါး အခြားကျောင်း တိုက်များလည်း ရှိမည်ဖြစ်ကြောင်းတို့သာ ပဓာနထားကာ ရာဇဝင်ရေးသားကြောင်း မှတ် သားအပ်၏။

✪ ✪ ✪ ✪ ✪

## ပုဂံပြည် သာသနာဝင်မင်းဆက် ကုန်ဆုံးခဲ့ကြောင်း

၎င်းတရုတ်ပြေးမင်း, နရပတိသီဟနောက်ဆက်ခံ စိုးစံအုပ်ချုပ်သော မင်းတို့မှာ

၎င်း၏သားတော်ဒလစား, ကျော်စွာမင်း, နန်းစံ ၁၂-နှစ်

၎င်း၏သားတော်, စောနစ်မင်း, နန်းစံ ၂၇-နှစ်

၎င်း၏သားတော်, စောမွန်နစ်မင်း, နန်းစံ ၄၃-နှစ်တို့ဖြစ်ကြ၍-

၎င်းမင်းများ၏ လက်ထက်တို့မှာကား သာသနာတော် အစဉ်အဆက်မပျက်ပင် ဆောင်ရွက်လျက်ရှိကြသော်လည်း သာသနာဝင် ဗုဒ္ဓနိုင်ငံတော်တွင် ထင်ရှားထူးခြားသော အကြောင်းအရာ အတ္ထုပ္ပတ္တိများရေးသားရန် မရှိကြသဖြင့် ၎င်းတို့သည် သာသနာဝင် မင်းဆက်များ၌ သာမညစာရင်းထား၍ မှတ်သားအပ်ကုန်၏။

ဤသို့လျှင် မြန်မာနိုင်ငံတော် ပုဂံပြည်ကြီး၌ သီရိအနိရုဒ္ဓဒေဝ ဘွဲ့မည်တော်ရှိသော အနော်ရထာမင်းတရားကြီးလက်ထက် သာသနာတော် ၁၆၀၀-ခုနှစ်တွင် သာသနာတော် ရောက်၍ သာသနာ၀င် မင်းတရားကြီးတစ်ပါး ဖြစ်လာသည်မှ အစပြုပြီး ၎င်းမင်းဆက်ကား နောက်ဆုံး စောမွန်နစ်တိုင်အောင် ၁၅-ဆက်မျှရှိသော်လည်း ဗုဒ္ဓနိုင်ငံတော် သာသနာ၀င် တွင် မှတ်သားလောက်အောင် ထူးခြားစွာဆောင်ရွက် ဥဒါန်းအစဉ်အဆက် ကျန်ရစ်ခဲ့ကာ ရာဇ၀င်, သာသနာ၀င်များ၌ ထင်ရှားသော မင်းတရားတို့မှာ-

၁။ **သီရိအနိရုဒ္ဓဒေဝ အနော်ရထာ** မင်းတရားကြီး

၂။ **သီရိတိဘုဝနာဒိစ္စ သားတော် ကျန်စစ်မင်း**

၃။ မြေးတော် **အလောင်းစည်သူ** မင်းတရားကြီး

၄။ ဒုတိယ **နရပတိစည်သူ** မင်းတရားကြီး

၅။ **ဇေယျသိခ နန်းတောင်းများမင်း**

၆။ **ကျစွာ** မင်းတရားကြီး

ဤမင်း ၆-ပါးသာရှိ၍ ကျန်မင်း ၉-ဆက်တို့မှာကား သာသနာတော်စဉ်ဆက် မပျက်တည်ရှိသော သာသနာ၌ ကိုးကွယ်အားထား သာသနာ၀င်မင်းများလောက်သာ မှတ်သားလျက် ၎င်းတို့လက်ထက် ဥဒါန်းစဉ်၌ တင်လောက်အောင် မရှိကြကုန်။

အရိမဒ္ဒန ရန်သူအပေါင်းတို့ကို နှိမ်နင်းအောင်မြင်ရာ ပုဂါမ ပုဂံပြည်ကြီး၌ နောက်ဆုံးစိုးစံအုပ်ချုပ်သော ဘုရင်စောမွန်နစ်သည် ၄၃-နှစ် နန်းစံပြီးလျှင် သာသနာတော် ၁၉၁၄-ခု၊ မြန်မာသက္ကရာဇ် ၇၃၂-ခုနှစ်မှာ တိုင်းနိုင်ငံချောက်ချား၍ နေပြည်တော်ပျက်ပြား သာသနာ၀င်မင်းဆက်များလည်း သုဉ်းခဲ့ရလေပြီ။

ဤသို့လျှင် အရိမဒ္ဒန ပုဂံနေပြည်တော်၀ယ် ဗုဒ္ဓနိုင်ငံတော် ၁၆၀၀-ခုတည်ထောင် ကာ ၁၉၁၄-ခုတိုင်အောင် နှစ်ပေါင်း ၃၁၃-နှစ် ရှည်ကြာစွာ သာသနာရောင်ထွန်းလင်းခဲ့၍ နေပြည်တော်နှင့်တကွ နိုင်ငံတော်အ၀ှမ်းအပြင် အနီးအနားနိုင်ငံများတို့ပါ သာသနာရောင် ဖုံးလွှမ်းစေလျက် တိုးတက်သော သာသနာအထိမ်းအမှတ် စေတီပုထိုးများ တည်ထားကြ သဖြင့် "လှည်း၀င်ရိုးသံ၊ တည်ည်၊ ပုဂံဘုရားပေါင်း"ဟု ဥဒါန်းတွင်ရစ်ခဲ့လောက်အောင် များပြား ကြောင်း၊ ပိဋကတ်ကျမ်းဂန် စာပေများလည်း အထူးလေ့လာခဲ့သော ခေတ်ကြီးဖြစ်ကြောင်း မှတ်သားကာ ဤမျှဖြင့် ပုဂံသာသနာ၀င် နိုင်ငံတော်ကား အဆုံးထားအပ်သတည်း။

✪ ✪ ✪ ✪ ✪

## မြန်မာနိုင်ငံနှင့် ရှမ်းပြည်နယ်သာသနာတော် ဆက်စပ်ပြန့်ပွားကြောင်း

မြန်မာနိုင်ငံတော်၌ သာသနာတော် ၁၆၀၁-ခုနှစ် အနော်ရထာမင်းတရားကြီး လက်ထက် ရောက်ရှိတော်မူရာ ၎င်းသာသနာတော်ကြီးသည် အလွန်ပွားစီးကျယ်ပြန့်လျက် အနီးပတ်ဝန်းကျင် နိုင်ငံငယ်များသို့လည်း ၎င်းမင်းတရားကြီးလက်ထက်မှာပင် သာသနာတော် ဖြန့်ဖြူးခဲ့၍ ကောင်းမြတ်သော ဗုဒ္ဓဝါဒတော်သည် တစတစ တိုးချဲ့ထွန်းကား ပြန့်ပွား လာခဲ့လေသည်။

၎င်းတို့တွင် ရှမ်းပြည်နယ်ဒေသများသည်ကား မြန်မာနိုင်ငံတော်နှင့် အနီးကပ်ဆုံးဖြစ်၍ ရှေးယခင်ကပင် နိုင်ငံရေးများလည်း ဆက်စပ်ကြသည့်အပြင် **"မြန်မာအစတကောင်းက"**ဟု အစဉ်အလာအတိုင်း မြန်မာတို့ကား တကောင်းက ဆင်းသက်လာသကဲ့သို့ ၎င်းရှမ်းအမျိုးသားများလည်း ၎င်းမှပင် အမွန်အစရှိကြောင်း ၎င်းတို့ရာဇဝင်၌ အထင်အရှား ဆိုထားသဖြင့် မြန်မာရာဇဝင် အစဉ်အလာအရ သာကီယနွယ်များပင်ဖြစ်ကြောင်း ကောင်းစွာ မှတ်သားအပ်၏။

ရှမ်း-ဟု မြန်မာများက ခေါ်ဆိုကြသော်လည်း ၎င်းတို့ဘာသာအားဖြင့် တ်-ဟု ကော်မာကဲ့သို့ အမှတ်လက္ခဏာဖြင့်ရေး၍ တိုင် သို့မဟုတ် တာဤ-ဟု ထွက်ဆိုကာ **လွတ်လပ်ခြင်း** အဓိပ္ပါယ်ရှိသော ထိုင်း-ယိုးဒယားနှင့် ဆင်တူဖြစ်သည့်အပြင် ဘာသာအားဖြင့်လည်း အမည်ဝေါဟာရ များသောအားဖြင့် တူညီကြ၍ နိုင်ငံချင်းမှာလည်း ဆပ်စပ်လျက် ရှိကြလေသည်။

၎င်းပြည်ထောင်စုငယ်များသို့ သာသနာတော်ပျံ့နှံ့သွားခဲ့သည်မှာ ရာဇဝင်အရ **စောမွန်လှ-ရှင်မွန်လှ** အကြောင်းအတ္ထုပ္ပတ်တွင် ဘုရင်နော်ရထာမင်းတရားအား ရှမ်းပြည်နယ်မှ သမီးကညာ ဆက်သတော်မူရာ ရုပ်ရည်ဆင်းဝါပြည့်စုံသည့်အတွက် နှစ်သက်တော်မူသည်ကို မနာလိုသော မောင်းမအများ ဂုံးချောစကားကြောင့် တိုင်းပြည်ရင်းသို့ ပြန်လည်ရကြောင်း၊ ၎င်းလမ်းခရီးတွင် အထိမ်းအမှတ်ဖြစ်စေရန် **ရွှေစာရံစေတီ**စသည် တည်ထားခဲ့ကြောင်း၊ ၎င်းပြင် နေရင်းပြည်ဌာနသို့ရောက်သောအခါလည်း ၎င်း၏ခမည်းတော် ကြိုဆိုနေ၍ ၎င်းနေရာ၌လည်း အထိမ်းအမှတ် ပေါ်ကြို- အဘကြိုသောအရပ် အထိမ်းအမှတ်အဖြစ်ဖြင့် စေတီတည်ထားခဲ့ကြောင်း၊ ၎င်းမှာ ယခုအခါ ဘော်ကြို ဘုရားဟု သီပေါမြို့တော် အနီးမှာ ထင်ရှား၍ ၎င်းအတ္ထုပ္ပတ်များဖြင့် ၎င်းမင်းတရားကြီး လက်ထက်ကပင် ရောက်ကြောင်း ထင်ရှားလေသည်။

ထိုမှတပါးလည်း ၎င်းမင်းတရား၏မြေးတော် **အလောင်းစည်သူမင်းတရားကြီး** လက်ထက် တိုင်းခမ်းလှည့်လည်တော်မူရာ ညောင်ရွှေမြို့တော်သို့လည်း ရောက်သဖြင့် ၎င်း၌လည်း မင်းတရားသည် နယ်သူနယ်သားအပေါင်းနှင့် ၎င်းတိုင်းနယ် စိုးစံကြသော ပဒေသရာဇ်မင်း အဆက်ဆက်တို့ ဆင်းသက်ကိုးကွယ်ရစ်စေရန် ကောင်းမှုတော် **ဖောင်တော်ဦး သင်းယနက်** ရုပ်ပွားတော်များ တည်ထားခဲ့ကြောင်း။

ထို့ပြင်လည်း **နရပတိစည်သူ** မင်းတရားကြီးလက်ထက် အဘိညာဏ် ရသည်ဟု ထင်ရှားကျော်ကြား၍ ၎င်းအရှင်မြတ်သည် **ပေါင်းလောင်း(ပလောင်း)အရပ်** ရှမ်းပြည်နယ်သို့လည်း သွားတတ်လေရာ ၎င်းလူမျိုးများ ကြည်ညိုလေးစားခြင်း ခံရသည့်အပြင် ၎င်း ပေါင်းလောင်သူငယ်များပင် အလုပ်အကျွေးထည့်သဖြင့် ၎င်းတပည့်ငယ်များဖြင့် နေထိုင်လေ့ရှိသောကြောင့် **ပေါင်းလောင် ရှင်ကဿပ**-ဟု ရာဇဝင်တွင် တွင်ခဲ့သော ၎င်းမထေရ်မြတ်၏ အတ္ထုပ္ပတ်အားဖြင့်လည်း ကောင်းစွာ ထင်ရှားကြောင်း။

ဤအကြောင်းအရာများဖြင့် မြန်မာနိုင်ငံတော်နှင့် ရှမ်းပြည်နယ်တို့မှာ နိုင်ငံရေး အားဖြင့် ရှေးမဆွကပင် ဆက်ဆံလျက်ရှိရာ နောက်အခါများ၌ သာသနာတော်ရောက်လာစဉ်အခါမှာလည်း သာသနာတော်အားဖြင့် ဆက်စပ်လျက်ရှိကြောင်း၊ သို့ဖြစ်၍ သာသနာတော် ၁၆၀၀-ကျော်မှာပင် ၎င်းပြည်ထောင်စုတိုင်းနယ်များ၌ ဗုဒ္ဓနိုင်ငံတော် တည်ထွန်းကာ များစွာသော စေတီပုထိုးများလည်း တည်ထားကိုးကွယ်ခဲ့ကြောင်း၊ သို့ရာတွင် ထိုခေတ်အခါက သာသနာတော်နှင့် စပ်လျဉ်းသည့် ထူးထွေသော အဖြစ်အပျက်များ ထင်ရှားလောက်အောင် မရှိသဖြင့် သာသနာဝင်မှတ်တမ်းများ၌ အထူးမရေးသားကြကြောင်း မှတ်သားအပ်၏။

၎င်းပြင် **အနော်ရထာမင်းတရားကြီး** ကိုယ်တိုင်တော်ပင် တရုတ်ပြည်မှ မြတ်စွယ်တော်ပွားမွေသရီတော်များ ပင့်ဆောင်ခဲ့၍ ပြန်လည်တော်မူခဲ့ရာ **၎င်းတိုင်း-ရှမ်း** ပဒေသရာဇ်မင်းများ၏ တိုင်းနယ်များကို ဖြတ်ကျော်လာခဲ့ရာ ၎င်းစွယ်တော်ပွား ကိန်းဝပ်တော်မူရာ ပြက်ခရွှေတောင်စသည်များ၌ စေတီများတည်ထားခဲ့ကြောင်း၊ ရာဇဝင်အရ ၎င်းတို့ကို **မောမင်းများ**ဟု ရေးသား၍ ၎င်းတို့နယ်ခြားသတ်မှတ်ရန် မြန်မာနိုင်ငံတော်မြောက်ဖျား **ကလေး, ရာဇပြိုဟ်, ငရန်း, ခေါသမ္ဘီ**- စသော **ပဥ္စာလ** ၅-မြို့ စသည်တို့မှစ၍ **အလ္လကပ္ပ, ကောသမ္ဗီ, သာဝတ္ထိ** -စသော ပိဋကတ်တော်၌ ထင်ရှားသော မြို့ကြီးများ၏ အမည်တို့ကို သမုတ်ကာ မြို့ပေါင်း ၂၀-ကျော် မြန်မာနိုင်ငံတော် တောင်ဖျားအထိ တည်ထားတော်မူခဲ့ကြောင်းများ အချို့ရာဇဝင်များ၌ ရေးသားခဲ့လေသည်။

ထိုပြင်လည်း မြန်မာနိုင်ငံတော် သာသနာတော်မရောက်မီ ရှေးအခါက ကိုးကွယ်ကြသော ရှင်အရည်းရဟန်းများသည် သာသနာတော် ရောက်သည့်အချိန်၌ ၎င်းတို့တန်ခိုးမေးမှိန်ကာ မြန်မာနိုင်ငံတော် အရှေ့ပိုင်း တိုင်းဒေသများသို့ ရွှေ့ပြောင်းကြကာ တစတစ ၎င်းပဒေသရာဇာ စော်ဘွားများနယ်ပယ်သို့ ကျရောက်အောင် ရောက်သွားကြကြောင်းမှာ မိတ္ထီလာနယ်၌ ၎င်းရှင်အရည်းတို့ နေထိုင်ခဲ့ရာ ရှင်တစ်ထောင်နတ်ကွန်းများပင် ထင်ရှားရှိသဖြင့် ၎င်းတို့ရွှေ့ပြောင်းနေထိုင်သောအရပ် အထိမ်းအမှတ်များ ကျန်ရှိနေခဲ့သည်ကို ထောက်ဆသိရပေသည်။

၎င်းရှမ်းပြည်နယ် တိုင်းနယ်များမှာ အနောက်ဘက်ဒေသကား မြန်မာနယ်များနှင့် စပ်၍ မြောက်, အရှေ့မြောက် နယ်ပယ်များမှာ တရုတ်ယူနန်နယ်များနှင့် ဆက်စပ်သဖြင့် ထိုအချိန် အခါမှ တရုတ်ပြည်ကြီး၌ မဟာယာန သာသနာတော်ထွန်းကား စည်ပင်သည့် ခေတ်ဖြစ်သည့် အတိုင်းလည်း ၎င်းနှင့်နီးစပ်ရာ တိုင်းဒေသများမှ မဟာယာနဂိုဏ်း သာသနာရောင်များလည်း လွှမ်းမိုးကာ မြန်မာနိုင်ငံမှ ရောက်လာသော အရည်းရဟန်း သာသနာနှင့်လည်း ပေါင်းစပ်လျက် ၎င်းတို့လက်ထက်၌ ဖြစ်ပွားလာခဲ့သော သာသနာ အတုအယောင်များသာ ရှိခဲ့မည်ဟု ခန့်မှန်းသိရှိနိုင်ပေသည်။

ဤတိုင်းနယ်ဒေသများ၌ သာသနာတော် ၁၆၀၀-ကျော်မှ ၂၀၀၀-အတွင်းမှာ ထူးခြားသော အတ္ထုပ္ပတ္တိများ မှတ်သားလောက်အောင်မရှိသဖြင့် အထူးရေးသားဖွယ် မရှိသော်လည်း ၎င်းနှစ်ပေါင်း ၂၀၀၀-ကျော်မှာကား ဂိုဏ်းဂဏအများ ဖြစ်ပွားလာခဲ့ကာ သာသနာတော်လည်း တည်မြဲခိုင်ခံ့လျက် တိုင်းနယ်အသီးသီးမှ ပဒေသရာဇာ မဟာ စော်ဘွားကြီးများလည်း သာသနာတော်၌ သက်ဝင်ကြကာ သာသနာတော် အားထုတ်ပြုစုကြလျက် ဗုဒ္ဓနိုင်ငံတော်ကြီး ပွားစီးတိုးတက်လာခဲ့လေသည်။

ထိုမှတပါး ၎င်းရှမ်းပြည်နယ်တောင်ဘက် အရှေ့တောင်ဘက် တိုင်းနယ်များမှာ မွန်ခမာ, ယိုးဒယား တိုင်းနယ်များနှင့် စပ်လျက်ရှိရာ ၎င်းတိုင်းနယ်များ၌ကား သုဝဏ္ဏဘုမ္မိ သာသနာတော်ထွန်းကား၍ ၎င်းနယ်များမှ ယိုးဒယား ရာမညဂိုဏ်းသာသနာ ပြန့်ပွားလာခဲ့မည်ဖြစ်ကြောင်း၊ ၎င်းမှာ မြန်မာနိုင်ငံသို့ ပြန့်ကျယ်လာသည်တိုင်အောင် ထေရဝါဒ အဆက်အနွယ်မပျက် ဆင်းသက်လာခဲ့သဖြင့် ၎င်းသာသနာသာဖြစ်ကြောင်း၊ သို့သော်လည်း ယိုးဒယားမှ ဆင်းသက်လာသည်ဟု မှတ်သားကြသော ယွန်းဂိုဏ်း သာသနာမှာကား အတုအယောင်မျှသာ၊ ထေရဝါဒ အယူဝါဒနှင့် များစွာခြားနားလျက်ရှိကြောင်း ကောင်းစွာ မှတ်သားအပ်၏။

၎င်း တိုင်း ခေါ် ရှမ်း အမျိုးသားတို့မှာ ရာဇဝင်အရ သာကီယနွယ်ဝင် အစဉ်အဆက်မင်းမျိုးများ ဖြစ်ကြ၍ ၎င်းသက္ကတိုင်းမှ ဆင်းသက်ပြန့်ပွားလာခဲ့သည်ကား မြတ်စွာဘုရားမပွင့်မီကပင်ဖြစ်ရာ ၎င်းတိုင်းနယ် ထိုခေတ်က ထင်ရှားသော ပြာဟ္မဏအယူဝါဒများလည်း ရှိခဲ့ကြမည့်အပြင် အလျှင်က ၎င်းတိုင်းနယ်များ၌ နတ်များ ကိုးကွယ်ကြမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရှမ်းပဒေသရာဇ် ပြည်ထောင်စုများနှင့် လူး လဝတိုင်းနယ်များ၌ သာသနာတော် ၂၀၀၀-အတွင်းမှာ ထူးခြားသောအဖြစ်အပျက်များ မရှိကြောင်းများလည်း ကောင်းစွာ မှတ်သားအပ်၏။

ဤသို့လျှင် တိုင်း ခေါ် ရှမ်း ပဒေသရာဇ် တိုင်းနယ်များ၌ ဖြစ်ပွားလာခဲ့သော သာသနာတော်များမှာ နီးစပ်သော တိုင်းနယ်များမှ ဆင်းသက်သော သာသနာတော်သာလျှင်ဖြစ်၍ ၎င်းခေတ်အတွင်း အထူးရေးသားဖွယ်မရှိသဖြင့် ဤမျှနှင့် ဤခေတ်သာသနာတော်ကား အဆုံးထားအပ်ပေသတည်း။

၎င်း ရှမ်း-တိုင်း သာသနာ ၁၆၀၀-ကျော် ၂၀၀၀ အတွင်း အထူးမရှိ၊ ဤတွင် ပြီးပြီ။

✪ ✪ ✪ ✪ ✪

## ယိုးဒယား, ကမ္ဘောဒီယားနှင့် မလယကျွန်းဆွယ် စသည်
## ၂၀၀၀-အတွင်း ဗုဒ္ဓသာသနာ

မြန်မာနိုင်ငံ၌ သာသနာတော် မထွန်းလင်းမီကပင် ၎င်းတို့ရာဇဝင်အရ ရာမညတိုင်းနှင့်ဆက်စပ်၍ သောဏမထေရ်ဥတ္တရမထေရ်မြတ်တို့ရောက်လာ၍ သာသနာပြုချိန်မှာပင် ၎င်းတို့တိုင်းနယ်သို့ရောက်ကာ နခုံ ပထုံ သုဝဏ္ဏဘူမိမည်သော အရပ်သို့ရောက်ကြောင်း၊ ၎င်းမထေရ်မြတ်များသည် ၎င်းတိုင်းနယ်၌ သာသနာပြုကာ ထိုအခါမှစ၍ သာသနာတော် ထွန်းကားလာခဲ့ကြောင်း ရေးသားခဲ့ကြသဖြင့် အသောကမင်းတရားကြီး သာသနာပြု ၁-၄၁နတွင် ပါဝင်၍-

> သုဝဏ္ဏဘူမိအရ ကမ္ဘောဒီးယား, ယိုးဒယား, မလေး, ရာမည -စသော ကျွန်းဆွယ်ရှိတိုင်းနယ်အားလုံးကို ယူဆနိုင်ကြောင်း မှတ်သားအပ်၏။

ယိုးဒယား-ဟု မြန်မာများက ခေါ်ဆိုကြသည်မှာ အယုဒ္ဓယခေတ်နောက်မှ ဖြစ်ပွားလာသည်ဟုပင် ဥဒါန်းစကားရှိ၍ ၎င်းလူမျိုးများကို သီဟိုဠ်မှ **သိယာမ သျှာမ**-ဟု ခေါ်ဆို ရေးသား၊ ၎င်းတိုင်းနယ်များကို **သိယာမရဋ္ဌ-သျှာမရဋ္ဌ-သျှာမ်း**-ဟု ခေါ်ဆိုကြသဖြင့် မြန်မာ တိုင်းနှင့်စပ်လျက်ရှိသော ရှမ်းပြည်ကိုကား မြန်မာ, ရှမ်းဟု မှတ်သားကြလေသည်။ ယိုးဒယား နှင့် ရှမ်းတို့မှာ

ဘာသာအားဖြင့် တူညီကြ၍ များသောအားဖြင့် လူမျိုးချင်းလည်း နီးစပ်ကာ ရှမ်းဘာသာဖြင့် **တိုင်း-တာ၍-**ဟု ခေါ်၍ ယိုးဒယားဘာသာဖြင့် **ထိုင်း-ထာ ၍** ခေါ်ဆိုကာ ၎င်း၏အဓိပ္ပါယ်မှာ လွတ်လပ်သောအမျိုးသား, တက်သစ်သောအမျိုးသားများ-ဟု ဖွင့်ပြလေသည်။

၎င်းထိုင်း-ယိုးဒယား တိုင်းနယ်မှာ ၎င်းတို့ရာဇဝင်ဆရာများ ရေးသားကြသည့်အတိုင်း **မြောက်ဖက်တရုတ်ပြည်နယ်ကြီးမှ ခွဲထွက်ခဲ့၍ လွတ်လပ်သော တိုင်းနယ်တစ်ခုဖြစ်ပွားကာ** သာသနာမှာလည်း တရုတ်ပြည်သာသနာနှင့်လည်း ရှေးကနီးစပ်သည့်အပြင် ယခုခေတ်တိုင်အောင်ပင် ၎င်းယိုးဒယားနိုင်ငံ၌ တရုတ်မဟာယာန သာသနာအဆက်များ ရှိနေသဖြင့် ၎င်းတရုတ်ပြည်နှင့်လည်း နိုင်ငံရေး, သာသနာတော်အရေးများ ရင်းနှီးဆက်သွယ်ကြောင်း၊ ယခုခေတ်မှာကား အဓိကစီးပွားရေးအားဖြင့် ဆက်သွယ်နေသည်ကား သာ၍ထင်ရှားကြောင်း ကောင်းစွာ မှတ်သားအပ်၏။

၎င်းယိုးဒယားနိုင်ငံတော်၌ သုဝဏ္ဏဘူမိ သာသနာပြုဌာန အပါအဝင်ဖြစ်သည့်အတိုင်း ထိုအချိန်အခါမှစ၍ သာသနာတော်အဆက်ကား မပျက်တည်ရှိသဖြင့် ၎င်းနိုင်ငံ၌ တိုင်းပြည်ရေးရာ ပြောင်းလဲသော်လည်း သာသနာတော် အရေးများမှာ အစဉ်အလာအတိုင်း ထွန်းကား၍ ၎င်းတိုင်းအစိတ်အပိုင်းဖြစ်သော ရှေးက တစ်ထီးတစ်နန်း တည်ဆောက်လာခဲ့သည့် **ချိန်မာ၍-(ချိန်မိုင်)-ချိန်မဲ-ဇင်းမယ်-ဟရိပုဥ္စတိုင်းမှာ** ပါဠိဘာသာထွန်းကား၊ များစွာကျမ်းတတ် ပုဂ္ဂိုလ်ကြီးများ ရှိခဲ့သည်အားလျော်စွာ များစွာသော ကျမ်းဂန်စာပေများ ရေးသားခဲ့ကြကြောင်း၊ ၎င်းတို့တွင် အထူးထင်ရှားသည်ကား

※ သာသနိကကျမ်းများ မှီငြမ်းပြုကာ အဆန်းတကြယ် အသွယ်သွယ်သော ဝတ္ထုတို့ဖြင့် တန်ဆာဆင်လျက် ရေးသားစီရင်သော ဇင်းမယ် ပဏ္ဏာသကျမ်းကြီး ဖြစ်ကြောင်း မှတ်သားအပ်၏။

ထိုင်း-ယိုးဒယား ရာဇဝင်များ၌ သာသနာတော် ၁၀၀၀-အတွင်းက ၎င်းတို့၏တိုင်းနိုင်ငံရေး ဖြစ်ပွားမှု မင်းရေးမင်းရာများမှတပါး သာသနာတော် အရေးအားဖြင့် ထင်ရှားအောင် မရှိစေကာမူ နောက်ကဏ္ဍက ရေးသားခဲ့ပြီးဖြစ်သော တရုတ်ပြည် သာသနာပြုမင်းတရားကြီးတစ်ပါးဖြစ်သည့် ဟန်မင်းမျိုး- ဘုရင်မင်းထီး လက်ထက်မှာ အေးငြိမ်းချမ်းသာစွာ နေထိုင်ရန် အခွင့်အရေးရရှိသည်အားလျော်စွာ မဟာမိတ်စာချုပ်များ ချုပ်ဆိုကြကြောင်း၊ ၎င်းမှဆက်လက်ကာ တရုတ်ပြည်ကြီးမှာ အလွန်ထင်ရှားသော ဘုရင်ကုဗလခန်တိုင်အောင် ဆက်သွယ်ကြောင်း၊ ၎င်းတို့ရာဇဝင်များ၌ ထင်ရှားစွာဆိုသဖြင့် ထိုအချိန်အခါမှာ ဗုဒ္ဓနိုင်ငံတော် ထွန်းကားနေသော ပြည်ကြီးဖြစ်သည့်အလျောက် ဘာသာရေး, သာသနာရေးအားဖြင့်လည်း ဆက်သွယ်ရင်းနှီးခဲ့ပေမည်-ဟု မှတ်ယူခန့်မှန်းနိုင်ပေသည်။

ဤသို့ တရုတ်ပြည်ကြီးနှင့် အေးငြိမ်းချမ်းသာရေး စာချုပ်ပြုလုပ်ပြီးနောက် လွတ်လပ်တည်ထွန်းလာသော နိုင်ငံအဖြစ်ဖြင့် (**ထိုင်း ပရဒေသ**) **ထိုင်းနိုင်ငံတော်**-ဟု တည်ထောင်လာခဲ့သော်လည်း အနီးအနားဖြစ်သော မွန်, ခမာ တိုင်းနိုင်ငံများနှင့်ကား နီးကပ်သည့်အတိုင်း နိုင်ငံရေးအားဖြင့်၎င်း နယ်ပယ်ဒေသ အရေးအားဖြင့်၎င်း မကြာမကြာ စစ်ဖြစ်ပွားလေ့ရှိကြသဖြင့် မြို့တော်အတည်တကျ ရာဇဝင်များ၌ ထင်ရှားအောင်မရှိကြသည့်အပြင် သာသနာတော်အရေးအားဖြင့်လည်း ထင်ရှားအောင် မှတ်တမ်းများ မရှိကြကုန်။)

## သုခေါဒယ-သုခေါထိုင်း နေပြည်တော်တည်ထောင်ကြောင်း


၎င်း ထိုင်း လူမျိုးများသည် ၎င်းတို့ရာဇဝင် ဥဒါန်းစကားများအရ တရုတ်ပြည်ကြီးမှ လွတ်လပ်သော လူမျိုးအဖြစ် တိုးတက်လာပြီးနောက်-

- သုဝဏ္ဏကျွန်းဆွယ် တောင်ဘက် **ထိုင်း-ရှမ်း** နယ်များ၌ တိုးချဲ့ကာ ရှေးဦးစွာ **မုအန်ဖန်မြို့**ကို တည်ထောင်အခြေစိုက်ပြီး,
- နောက်ကာလကြာမြင့်သောအခါ ၎င်းမှ ရွှေ့ပြောင်းတိုးချဲ့ကာ ၎င်းအနောက်ဖက် တိုင်းနယ်၌ **မုအန်စော-မုအန်ကားမြို့**တော် အဓိပ္ပါယ်ရှိ၍ **စော**-သို့မဟုတ် **စိုး-စ**-အိုမြို့တော်တည်ထောင်ကာ လူမျိုးစုအဖြစ် တည်ဆောက်ခဲ့ကြလေသည်။


- သို့သော်လည်း တိုင်းပြည် နီးနား မွန်, ခမာ လူမျိုးများ၏ အနှောင့်အယှက် ဘေးရန်များလှ၍ **နန်ချို-နန်-ခ-အို** ဒေသနယ်ပယ်ရှိ လူမျိုးများနှင့် စုပေါင်းပြီး တောင်ဘက်သို့ တဖန်တိုးချဲ့ပြီးလျှင် ၎င်းတို့ရန်သူ **ကမ္ဘောဒီးယား ခမာ**များနှင့် အကြီးအကျယ်တိုက်ခိုက် အောင်မြင်ကာ နိုင်ငံတော်ကြီးအဖြစ် ပြောင်းလဲ၍ **စုခေါထိုင်-သုခေါဒယ**မှ ချမ်းမြေ့သော ထိုင်းမြို့တော်ဟု အမည်သမုတ်ပြီး နိုင်ငံတော်မြို့တော်ကြီးတစ်ခု တည်ထောင်ခဲ့လေသည်။

- ၎င်းတိုင်းပြည်မြို့တော်ကြီး တည်ထောင်သော ဘုရင်မင်းကြီးမှာ **ရာမဂမ္ဘဟင်** အမည်ရှိ၍ ၎င်းမြို့တော်ကြီးကို သာသနာတော် **၁၈၀၀**-အတွင်းမှာ တည်ဆောက်ခဲ့၍ ၎င်း မင်းတရားကြီးကား ၁၇၅၇-ခုနှစ်မှ ၁၇၉၇-ခုတိုင်အောင် အနှစ် ၄၀-အုပ်စိုးကာ နိုင်ငံတော်ကိုလည်း တောင်ဘက် ဘင်္ဂလားပင်လယ်အထိ ကျွန်းဆွယ်တစ်ခုလုံး တိုးချဲ့လျက် နိုင်ငံတော်၏ တိုးတက်ရာ တိုးတက်ကြောင်းများ အားထုတ်ပြုစုတော်မူသည့်အပြင်,

❊ - ၎င်း ဘုရင်မင်းတရားကြီးလက်ထက် **ထိုင်း အက္ခရာ**များကို ရှာဖွေစုဆောင်း ပြုစုလာခဲ့လေသည်။



ယိုးဒယားပြည် နဂေါ်ရ်ပထုမ် နဂရပထမစေတီတော်။
သာသနာတော်ရောက်စဦးစွာတည်ရှိသောစေတီတော်



ကမ္ဘောဇ – ကမ္ဘောဒီယ အံကော်ဝပ် ကျောက် ကျောင်းတော်ကြီး

- ၎င်း ထိုင်း ယိုးဒယား လူမျိုးများမှာ ရှေးအခါက လူမျိုးစုအပေါင်း ဖွဲ့စည်းထားသည်အားလျော်စွာ ဘာသာအမျိုးမျိုးဖြစ်သော **ကန်ဂျီ-တရုတ်ဘာသာ**၊ ပါဠိ၊ ခမာ ဘာသာတို့ကို အက္ခရာအမျိုးမျိုးတို့နှင့် ရေးသားခဲ့ကြ၍ ၎င်း၏လက်ထက်၌ ပါဠိကို မူတည်ပြီးလျှင် ယိုးဒယား ထိုင်းဘာသာနှင့်လည်း ညီညွတ်အောင် ယခုတိုင် သုံးစွဲနေသော ထိုင်းအက္ခရာတို့ကို ဖန်တီးပြုစုခဲ့လေသည်။

၎င်းမင်းတရားကြီး လက်ထက်တိုင်းပြည်နှင့်တကွ သာသနာတော်၏ တိုးတက်ရာတိုးတက်ကြောင်း အထူးအားထုတ် ကြိုးစားဆောင်ရွက်တော်မူသဖြင့် ရှေးမင်းများ လက်ထက်အခါမှာ သာသနာတော်ကား အစဉ်အလာအားဖြင့် ဆင်းသက်တည်ရှိသော်လည်း ၎င်းတို့လက်ထက်မှာမူ နိုင်ငံရေး အရှုပ်အထွေးမျှသာ ရာဇဝင် တင်ထားကာ သာသနာတော်အရေး မထင်ရှားသောကြောင့် ထိုင်း-ယိုးဒယားနိုင်ငံတော်တွင် ဤမင်းတရားသည် ရှေးဦးစွာ သာသနာပြု မင်းတရားကြီးဖြစ်ခဲ့လေသည်။

ဤသို့သာသနာပြု မင်းတရားကြီးဖြစ်သည့်အတိုင်း ၎င်းထိုင်းနိုင်ငံတော်၌ရှိသော သာသနာတော်၏ ကောင်းမွန်တိုးတက်ခြင်းနှင့် မှန်ကန်တည်မြဲစေခြင်းကို မူတည်လျက် ၎င်းလက်ထက်နိုင်ငံတော်မှ ပညာရှိ ရဟန်းများကို ရွေးချယ်ကာ သာသနာတော် ချစ်မြတ်နိုးသော မထေရ်များကို သီဟိုဠ်သို့ သာသနာတော်၏ စည်ပင်ထွန်းကားခြင်းနှင့် ပိဋကတ်တော်များကို ကူးယူပင့်ဆောင်ရန် စေလွှတ်တော်မူလျက် ၎င်းပိဋကတ်တော်များကို ကူးယူကာ ထေရဝါဒ ပိဋကတ်တော်များ ထိုအခါမှစ၍ တိုးတက်ပြန့်ပွားလာခဲ့လေသည်။

------xx-----

## အနော်ရထာမင်းတရား ယိုးဒယားသို့ သာသနာပြုလွှတ်ကြောင်း

## ထိုင်း-ယိုးဒယား သာသနာဝင် မှတ်တမ်းအရ

မြန်မာရာဇဝင်များ ထင်ရှားမရှိငြားသော်လည်း အချို့ယိုးဒယားရာဇဝင်နှင့် သာသနာဝင် မှတ်တမ်းများအရ-

"မြန်မာနိုင်ငံတော် ရှေးဦးစွာသာသနာပြု မင်းတရားကြီး ဖြစ်တော်မူသော **အနော်ရထာ သီရိအနိရုဒ္ဓဒေဝ** မင်းတရားကြီးသည် မတုန်လှုပ်သော သဒ္ဓါတရားဖြင့် အသောကမင်းတရားကြီးအလားကဲ့သို့ နိုင်ငံတော်တွင်း ဗုဒ္ဓနိုင်ငံတော် ပြန့်ပွားအောင် ပြုစုတော်မူသည့်အပြင် အနီးအနားနိုင်ငံများသို့လည်း အသောကမင်းတရား ကြီးထုံးနှင့်အညီ ဖြန့်ချိပြန့်ပွားစေလိုသော ဆန္ဒအရ ရှေးအသောကမင်းတရားကြီးလက်ထက်

သာသနာပြုသည့် တိုင်းပြည်နိုင်ငံများ၏အမည် သမုတ်ကာ အရှင်အရဟံ မထေရ်မြတ်နှင့် တိုင်ပင်တော်မူ၍ ၎င်းမထေရ်မြတ် အမှူးပြုလျက် သာသနာပြုများ စေလွှတ်တော်မူကြောင်း” ရေးသားကြလေသည်။

ထိုပြင် “ယိုးဒယားတို့ကလည်း ၎င်းအနော်ရထာမင်းတရားကြီး သာသနာတော် ပြုစုခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ၎င်းမင်းတရားကြီး ဂုဏ်ကျေးဇူးများ အထူးချီးကျူး ရေးသားကြကြောင်း”၎င်းပြင် အချို့မှတ်တမ်းများ၌

“ယိုးဒယား၌ မင်းအစဉ်အဆက် ကိုးကွယ် ၍ အလွန်ထင်ရှားသော **မြဘုရားကိုပင်** အနော်ရထာမင်းတရားကြီးသည် ယိုးဒယားသို့ သာသနာပြုရောက်တော်မူရာ သီဟိုဠ်မထေရ် ၃-ပါး ပင့်ဆောင်လာခဲ့သော **မြဆင်းတုတော်** နှင့် သီဟိုဠ်ရှင် အမည်ရှိသော ရုပ်ပွားတော်တစ်ဆူတို့ကို နိုင်ငံတော်သို့ ပင့်ဆောင်သည်တွင် မိုးသက်လေပြင်းမုန်တိုင်း ကျရောက်ကာ **လန်ကွမ်မှာ** ဆိုက်ကပ်လျက်ရှိသဖြင့် ပင့်မရဘဲ ၎င်းတွင်ပင် တည်ထား ခဲ့ရကြောင်း”များလည်း ရေးသားကြကုန်၏။

၎င်းမှတ်တမ်းများအရ “မင်းတရားကြီးဖြန့်ဖြူးတော်မူသော တိုင်း၅ာနတို့ကား-

၁။ **သီပေါ, ညောင်ရွှေ, မိုးနဲ** စသော မြို့တော်တို့၏ တည်ရာတိုင်းနယ်များကို **ကမ္ဘောဇတိုင်း**

၂။ **ဗန်းမော်, ခွန်လုံ, စန္ဒာ** စသော တိုင်းနယ်များကို **စိန့်တိုင်း**

၃။ **ကျိုင်းတုံ, ကျိုင်းခိုင်** စသောမြို့တော်များ၏ တည်ရာတိုင်းနယ်များကို **ခေမာဝရတိုင်း**

၄။ **ဇင်းမယ်, ကျိုင်းသေဉ်** စသော မြို့တော်တို့၏ တည်ရာတိုင်းနယ်များကို **ဟရိဘုဥ္စတိုင်း**

၅။ **ကျိုင်းတုံ, မိုင်းဆည်** စသောမြို့တော်တို့၏ တည်ရာတိုင်းနယ်များကို **မဟာနဂရတိုင်း** ဟု-

အသီးသီး တိုင်းခွဲပြီးလျှင် သံလွင်မြစ် အနောက်ဘက် **စောလို ရှမ်း ၉-ပြည်ထောင်,** အရှေ့ဘက် **ယွန်း ၉-ပြည်ထောင်** တိုင်းစိတ်ငယ်များကိုလည်း ခွဲခြားမှတ်သား ထားခဲ့လေ သည်”။

၎င်းမင်းတရားကြီးသည် သာသနာတော်ကို အလွန်သက်ဝင်ကြည်ညိုလေးစား အားထုတ်ပြုစုတော်မူလိုသော ဆန္ဒတော်များရှိသည်အားလျော်စွာ ကိုယ်တိုင်လည်း သာသနာတော်နှင့်စပ်လျဉ်းသည့် ဗဟုသုတ အဝဝ ပြည့်စုံလုံလောက်အောင် မထေရ်များ ထံမှ ဆည်းပူးရရှိသည့်အတိုင်း မိမိ၏တိုင်းပြည်နိုင်ငံတော်အတွင်း၌ မြို့သစ်များစွာ တည်ထောင်တော်မူ၍ ၎င်းတို့၏အမည်များကိုလည်း ဘုရားရှင်လက်ထက်က ထင်ရှားသော မြို့တော်များ၏ အမည်များကို မှည့်ခေါ် သမုတ်တော်မူကြောင်း၊ ၎င်းတို့မှာ ယခုတိုင် အချို့မြို့

တို့၏ အမည်များ ထင်ရှားရှိနေသေးကြောင်း နောက်ရှမ်းပြည်သာသနာ၀င် အခန်းက ရေးသားခဲ့သည့်အတိုင်း မှတ်ယူအပ်၏။

ထိုမှတပါး သာသနာလင်္ကာရမှတ်တမ်း၌ ရေးသားချက်အရ "သာသနာ ၁၈၃၃-ခုနှစ်မှာ လပုဥ် မြို့တော်မှ ကျိုင်းရဲမြို့တော်ကို တည်ထောင်သော ဗညားစောမင်းရဲ လက်ထက် မဇ္ဈိမဒေသမှ အရှင်မဟာကဿပအမှူးရှိသော မထေရ် ၅-ပါး ကြွရောက်တော်မူလာကြ၍ ထိုအရှင်များကို ဗညားစောမင်းရဲသည် ကြည်ညိုလေးမြတ်သည်အားလျော်စွာ ကျောင်းတော်ဆောက်လုပ်၍ ၎င်းမထေရ်မြတ်တို့အား လှူဒါန်းတော်မူသည့်အပြင် နောက်ထပ် သီဟိုဠ်ကျွန်းမှ မထေရ်တစ်ပါး ဓာတ်တော်များပင့်ဆောင်ကာ ကြွတော်မူလာရာ မင်းကြီးသည် ဓာတ်တော်များကို ဖူးမျှော်ရောင်ခြည်တော်ကွန့်မြူးသည်ကို မြင်ရသောအခါ သဒ္ဓါတရားလွန်စွာပွား၍ ၎င်းမထေရ်အားလည်း သင့်အပ်သော ပူဇော်ခြင်းဖြင့် ပူဇော်တော်မူပြီး မထေရ်မြတ်အား လျှောက်ထားပြီးလျှင် ၎င်းဓာတ်တော်များကို ဌာပနာတော်မူလျက် လပုံးမြို့၌ စေတီတော်မြတ် တည်ထားကိုးကွယ်တော်မူခဲ့လေသည်"။

ဤမှတ်တမ်း၌ "ရေးသားသော သာသနာတော်နှစ်မှာ မြန်မာပြည်ပုဂံ သာသနာတော်ခေတ် ထွန်းသစ်နေသောအချိန်အခါဖြစ်၍ ၎င်းတိုင်းဌာနတို့မှာလည်း ဤခေတ်သို့တိုင်အောင်ပင် အစဉ်အလာမပျက် သာသနာတော်ဆင်းသက်လာကြောင်း ဘုရင်မင်းတရားမှစ၍ တိုင်းနိုင်ငံတော်၌ သာသနာတော်ကို ယုံကြည်မြတ်နိုး ကိုးကွယ်ကြ၍ အထိမ်းအမှတ် စေတီတော် ပုထိုးတော်များကို တည်ထားတော်မူကြကြောင်း"*(ရေးသားသဖြင့်)* ၎င်းမှတ်တမ်းအထ္ထုပ္ပတ္တိများဖြင့် ထင်ရှားသိနိုင်ကုန်၏။

ထိုနောက် သာသနာတော် ၁၉၇၄-ခုနှစ်မှာ တရုတ်ဘုရင် ဥဒိပ္ပားနှင့် စစ်ဖြစ်ပွားသဖြင့် တိုင်းပြည်နိုင်ငံ မငြိမ်သက်ဘဲရှိရာ သာသနာတော်မှာလည်း ထောက်တည်ရာမရရှိခဲ့၍

ဇင်းမယ်မြို့မှ အရှင်မဟာဓမ္မဂမ္ဘီရမထေရ်နှင့် အရှင်မဟာမေဓင်္ကရ မထေရ် ၂-ပါးတို့သည် နောက်လိုက်နောက်ပါ သံဃာတော်အများနှင့် သီဟိုဠ်ကျွန်းသို့ ကူးတော်မူကြသောအခါ ထိုကျွန်းမှာလည်း ဒုဋ္ဌိကုဋ္ဌရကပ်နှင့် ရင်ဆိုင်တွေ့ကြုံရပြန်ကာ တဖန် ပြန်ကြွလာတော် မူကြပြီးနောက် သောက္ကတဲမြို့မှာ ခေတ္တ သီတင်းသုံးပြီးလျှင် လကွန်းမြို့သို့ သွား-ရောက်ကာ သာသနာတော်ကို ပြုစုတော်မူခဲ့ကြလေသည်။

မထေရ်မြတ်များသည် လကွန်းမြို့သို့ ရောက်တော်မူလျှင် ရှိရင်းရဟန်းများကို စစ်ဆေးမေးမြန်း၍ သိက္ခာအသစ် ထပ်မံတင်ယူစေပြီး သာသနာတော်ခိုင်မြဲအောင် သုတ်သင်ပြုစုတော်မူကာ ရှမ်းပြည်, ယိုးဒယားပြည်အလုံးတို့၌ သာသနာတော်သုတ်သင်

တည် ထွန်းစေပြီးလျှင် အရပ်ရပ်သို့လည်း ဖြန့်ဖြူးပြန့်နှံ့စေကြောင်း ၎င်းမှတ်တမ်းများ၌ ရေးသားသည့်အတိုင်း သာသနာ ၂၀၀၀-တိုင်အောင် ထိုတိုင်းနယ်များ၌ ထွန်းကားခဲ့ကြောင်း ၎င်းမထေရ်များမှာ သီဟိုဠ်၌ သိက္ခာတင်ကြောင်းကား မလာသဖြင့် မိမိတို့တိုင်းနိုင်ငံမှာ သိက္ခာစင်ကြယ်စွာရှိ၍ ၎င်းတို့သည် ရှေးသာသနာပြု မထေရ်မြတ်တို့၏ အနွယ်ဝံသ သာသနာကိုသာ ပြုစုတော်မူကြောင်း မှတ်သားအပ်၏။

ထိုမှတပါးလည်း သာသနာ ၂၀၀၇-ခုနှစ်၌ **သီရိသဒ္ဓမ္မလောက ပတိစက္ကဝတ္တိရာဇာ** ဘွဲ့အမည်တော် ခံယူသော ဗညာကျမ်း လက်ထက်တွင်လည်း သီဟိုဠ်မှ ပင့်ဆောင်ယူလာသော ဓာတ်တော်မြတ်တို့ကို ဌာပနာတော်မူလျက် **ဗညားစော** တည်ထားခဲ့သော စေတီတော်ကို ထပ်မံတည်တော်မူကြောင်း၊ ၎င်းလပုံး**စေတီတော်**၏ ပတ်ဝန်းကျင်၌လည်း ကျောင်းတော်ကြီး ၄-ဆောင် ဆောက်လုပ်စေတော်မူပြီး **အရှင်မဟာမေဓင်္ကရနှင့် အရှင်သာရိပုတ္တ** မထေရ် ၂-ပါးတို့အား တင်လျှုဒါန်းတော်မူ၍ သာသနာတော်ကို ပြုစုစေကြောင်း၊ ၎င်းရာဇဝင်၌လာသဖြင့် ထိုတိုင်းပြည်များမှာ ရှေးသာသနာတော်မပျက် တည်ထွန်းလာခဲ့ကြောင်းလည်း ကောင်းစွာ မှတ်သားအပ်ကုန်၏။

ထို့ပြင်လည်း တိုင်းစိတ် ၅၇-ခရိုင်ရှိသော ဇင်းမယ်တိုင်းကို ဟံသာဝတီ ဆင်ဖြူများရှင် သားတော်နော်ရထာဇောအား ပေးအပ်တော်မူ၍ ထိုတိုင်း၌ ဘုရင်ငယ်တစ်ပါးအဖြစ်ဖြင့် စိုးအုပ်နေသောအခါ **အရှင်သဒ္ဓမ္မစက္ကသာမိ** မထေရ်မြတ်ကို ပင့်ဆောင်တော်မူပြီး သာသနာတော်ပြုစုစေကြောင်း၊ ၎င်းမထေရ်မြတ်လည်း **မင်္ဂလဒီပနီ** စသော ကျမ်းဂန်များကို ပြုစုစီရင်တော်မူ၍ ပရိယတ္တိသာသနာတော် စည်ပင်ထွန်းကားစေကြောင်း ၎င်းနောက် ထိုဆရာအစဉ်အဆက်ဖြစ်သော မထေရ်များ အဆက်ဆက်တို့လည်း ၎င်းပရိယတ္တိ သာသနာတော်မြတ် စောင့်ရှောက်ကြ၍ များစွာသောကျမ်းဂန်များ ပြုစုတော်မူခဲ့ကြကြောင်း ၎င်းတို့ ရာဇဝင်အရ ထင်ရှားစွာ သိရလေသည်။

ထိုအရှင်မြတ်တို့ ပြုစုကြသော ကျမ်းဂန်များမှာ-

၁။ **သချ်ာပကာသက စာကိုယ်၊** ဇင်းမယ် အရှင်**ဉာဏဝိလာသ** စီရင်တော်မူသည်။

၂။ ၎င်း**ဋီကာ**ကျမ်း၊ ၎င်းသီဟိုဠ်ရောက် ကျောင်းတိုက် အရှင်**သီရိမင်္ဂလ**စီရင်တော်မူသည်။

၃။ **ဝိသုဒ္ဓိမဂ္ဂဒီပနီ၊** ဇင်းမယ် သံညတ်တောကျောင်း အရှင်**ဥတ္တမာရာမ** မထေရ် စီရင်တော်မူသည်။

၄။ **ဥပ္ပါတသန္တိကျမ်း၊** ဇင်းမယ် မထေရ်များပြု၊ ကျမ်းပြု မထင်ရှား။

ဤသို့အားဖြင့် ၎င်းတိုင်းနယ်၌ မထေရ် အဆက်ဆက်တို့သည် ပရိယတ္တိသာသနာတော် ဆောင်ရွက်အားထုတ်တော်မူကြကာ သာသနာတော်ကို စောင့်ရှောက်တော်မူခဲ့ကြလေသည်။

ထိုမှတပါး ထိုတိုင်းနယ်များ၌ ပရိယတ္တိ သာသနာတော်သာ စည်ပင်ပြန့်ပွားသည်မဟုတ်သေး၊ ၎င်းမှတ်တမ်းများအရ

- **အရှင်သဒ္ဓမ္မစက္ကသာမိ** မထေရ်မြတ် အစဉ်အဆက်၌ပင် လက္ကွန်းမြို့ တောကျောင်းနေ မထေရ်မြတ်တစ်ပါးသည် အရပ်ထဲမှာ လူများသေဆုံးတိုင်း အမှတ်မဲ့ပြောကြားတတ်၍ ထိုအရှင်ပြောတိုင်းလည်း အမှန်ချည်းဖြစ်သဖြင့် ထိုအရှင်ကား အဘိညာဏ်ရ မထေရ်ဖြစ်သည်ဟု ထက်ဝန်းကျင်ကျော်ကြားသည့်အပြင်

- ၎င်းလက္ကွန်းမြို့၌ပင် **အရှင်မဟာမင်္ဂလဓရ** မထေရ်လည်း ဆင်ဖြူရှင်မင်းတရားကြီး ဇင်းမယ်သို့ ချီတက်တော်မူလာရာ "ယခုမင်းတရားကြီး ချီတက်တော်မူလာပြီ၊ ငါ့ကို မင်းတရားကြီး ပင့်လာလိမ့်မည်"ဟု ကြိုတင်အမိန့်ရှိတော်မူသည့်အတိုင်း မှန်ကန်၍ ထိုအရှင်လည်း အဘိညာဏ်ရသည်ဟု ကျော်ကြားသဖြင့် ၎င်း၌သာသနာ ၂၀၀၀-တိုင်အောင် သာသနာတော် ၃-ရပ် ထွန်းကားကြောင်း အထက်ပါ အတ္ထုပ္ပတ်တို့ဖြင့် ထင်ရှား၏။

ဤသို့အားဖြင့် ဗုဒ္ဓနိုင်ငံတော်ကြီးသည် ရာမညမွန်တိုင်း ၃-ရပ်နှင့်တကွ ယွန်း, ယိုးဒယား, ရှမ်းပြည်ထောင်များအပြင် ၎င်းတို့နှင့် ဆက်စပ်သည့် မာလာယုကျွန်းဆွယ် အရပ်ဒေသ စသည်အရှေ့ဖျားတိုင်းနိုင်ငံများ၌ မြတ်စွာဘုရား လက်ထက်တော်က အစဉ်အလာအတိုင်း ကျင့်ကြံတော်မူခဲ့သော ထေရဝါဒဂိုဏ်း သာသနာတော်အရ ထွန်းပလျက်ရှိသည့်အပြင် မြန်မာတိုင်းကြီးနှင့်တကွ ရက္ခပူရဟု ဆိုအပ်သော ရခိုင်တိုင်းများပါ သာသနာတော်မြတ်၏အရောင် ထွန်းပြောင်လာခဲ့ကြောင်း မှတ်သားအပ်၏။

ဤတွင် မွန် ၃-ရပ် အဝင်အပါ ရာမညတိုင်းကြီးနှင့် သုနာပရန္တတမ္ဗဒီပတိုင်းတို့ဖြင့် ထင်ရှားသော မြန်မာတိုင်း နိုင်ငံတော်အပြင် ၎င်းတို့နှင့် ဆက်စပ်တည်ရှိသော ရှမ်း, ယွန်း, ယိုးဒယားနိုင်ငံများ၌ ဗုဒ္ဓနိုင်ငံတော် တည်ထွန်းလျက် သာသနာစက် ပျံ့နှံ့လာခဲ့ကြောင်း ၎င်းသာသနာတော် ၂၀၀၀-တိုင်အောင်သော ခေတ်ကြီးသည် အပြီးအဆုံးသို့ ရောက်လေပြီ။

✪ ✪ ✪ ✪ ✪

## ဟံသာဝတီ သတင်းစာ ဝေဖန်ချက်

## ဗုဒ္ဓနိုင်ငံတော် အတွဲ - ၁

## ဖျာပုံ အရှင်သံဝရာဘိဝံသ စုဆောင်းရေးသားပြုစုသည်။

ဘာသာရေး ကျမ်းစာများသည် အမွှန်းတင်ကျမ်းစာနှင့် ပင်ကိုယ်သဘာဝပြ ကျမ်းစာ ၂-မျိုး ၂-စားရှိရာ ရှေးခေတ်က လူများသည် အမွှန်းတင် ကျမ်းစာမျိုး ကြိုက်နှစ်သက်ကြသော်လည်း ယခုခေတ် လူများစုသည်ကား ပင်ကိုယ်သဘာဝပြ ကျမ်းစာမျိုးကို အကြိုက်များလာကြ၏။ ကြံစည်စိတ်ကူး ဉာဏ်ပထ္ဓာ ဖြန့်ဖြူး၍ ချီးကျူးထားသော စာသည်သဘာဝအမှန်တရားကို သိလိုသူတို့အဖို့ ရှည်ဝေးကွေ့ကောက်သော လမ်းမကြီး လျှောက်နေရသည်နှင့်တူ၏။ ဤကျမ်းစာကား ထိုသို့မဟုတ်ပေ။ ဤဗုဒ္ဓနိုင်ငံတော် ကျမ်းစာကို ပြုစုရေးသားတော်မူသော ဖျာပုံ အရှင်သံဝရာဘိဝံသ ဆရာတော်မှာ ပါဠိဘာသာ, သက္ကတဘာသာ, ဟိန္ဒူဘာသာနှင့် ဘင်္ဂလီ, နာဂရီ, အင်္ဂလိပ်စသော ဘာသာပေါင်းစုံကို အိန္ဒိယနိုင်ငံတွင် နှစ်ပေါင်းများစွာနေထိုင်သင်ကြား၍ ဘာသာပေါင်းစုံ တတ်ကျွမ်းသောအခါ ခရစ်ယာန်, မဟာမေဒင်, ဟိန္ဒူ, ဂျိန်းစသည် ဘာသာအယူဝါဒများကို ဇစ်မြစ်လိုက်ကာ သုတေသနလုပ်ပြီးမှ ဘာသာရေးသုတေသန လုပ်လိုသူနှင့် ဘာသာကြီး ၄-ဘာသာတို့၏ မူလဘူတဖြစ်ပေါ်ပုံ အကြောင်းမှန်သိလိုသူတို့အတွက် ဤကျမ်းစာကို ရေးသားဟန်တူပေသည်။

ဤကျမ်းတွင် ပါဝင်သည့် အချက်အလက်များကို သိသာရန်အမြွက်မျှ ဖော်ပြရပါလျှင် ခရစ်ယာန်ဘာသာဖြစ်ပေါ်လာပုံ, မူစလင်ဘာသာဖြစ်ပေါ်လာပုံ, ဟိန္ဒူဘာသာဖြစ်ပေါ်လာပုံ, ဂျိန်းဘာသာဖြစ်ပေါ်လာပုံများ, ထိုဘာသာတို့၏ မေတ္တာ, ဒေါသ, မစ္ဆေရဖြစ်ပုံများထိုဘာသာတို့၏ ပညတ်တော်များ, ထိုဘာသာတို့၏ မူလဘူတ ဖန်ဆင်းပုံများ, ဘာသာတစ်ခုနှင့်တစ်ခု ဖန်ဆင်းပုံ ဖန်းဆင်းနည်း ခြားနားသော်လည်း တန်ခိုးဖြင့် ဖန်ဆင်းခြင်းဟူသောမူသဘောအားဖြင့် တူနေပုံများ, ဗုဒ္ဓဘာသာသည် ဘာသာကြီး ၃-ဘာသာနှင့်မတူဘဲ တန်ခိုးဖြင့် ဖန်ဆင်းခြင်းဟူသော မူလသဘောကို ပစ်ပယ်၍ ကိုယ့်အမှု ကိုယ်ခံ ကိုယ်စံဟူသော(ကမ္မံ သတ္တေ ဝိဘဇတိ) သဘောများ၊ နောက်ဆုံးတွင် ဗုဒ္ဓဝင်ကို အနည်းငယ် ဖော်ပြပြီးလျှင်ဘုရားဖြစ်တော်မူသည်မှ ယခုခေတ်တိုင်အောင်ပင် သာသနာဝင်ကို ပြဆိုထားသည့်ပြင်တိုင်းကြီးသောဋ္ဌသနှင့် ဘုရားသခင် သီတင်းသုံးတော်မူဖူးသည့် ဌာနမြို့ရွာများကို မြေပုံဖြင့်ဖော်ပြလျက် ရှေးအခေါ် ယခုခေတ်အခေါ်များကိုထည့်သွင်းထားသဖြင့် **ဤစာအုပ်ကို** ဘာသာရှင်းတမ်းဟုရင်း, ဗုဒ္ဓဝင်အကျဉ်းချုပ်ဟုရင်း, သာသနာဝင် ကျမ်းငယ်ဟုရင်း, ဗုဒ္ဓသာသနာ့ ပထဝီဝင် ကျမ်းစာဟုရင်း ခေါ်ဆိုထိုက်ပေသည်။

## ရန်ကုန်သတင်းစာဝေဖန်ချက်

## ဗုဒ္ဓနိုင်ငံတော်

စာအုပ်အမည်မှာ ခန့်ညားသလောက် စာအုပ်အရွယ်မှာလည်း စာမျက်နှာ ၅၄၄-ပါရှိ၍ ကပ်ထူဖုံးပေါ်တွင် ဆေးရောင်စုံ ကြွေစက္ကူပတ်လျက် ကြီးမားပေသည်။

အတွင်းဝယ် မဇ္ဈိမဒေသ အိန္ဒိယပြည်၏ ရှေးဟောင်းတိုင်းကြီး သောဠသခရိုင်တိုင်းနယ်များပါရှိသည့် **ဗုဒ္ဓခေတ်မြေပုံများ ဗုဒ္ဓမြတ်စွာပွင့်တော်မူရာဌာနတွင်** ယခုတိုင်ဖူးမြင်နိုင်သည့် ဓာတ်ပုံများကိုလည်း ထည့်သွင်းဖော်ပြထားပေသည်။

ထို့အပြင် ထူးခြားချက်မှာ ဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းလင်းချိန်ခေတ်က နိုင်ငံများကို ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းကြီး ကျမ်းခိုင် အစောင်စောင်တို့နှင့် တိုက်ဆိုင်ညှိနှိုင်း ဝေဖန်ထားခြင်းပင် ဖြစ်၏။

ယခုလတွင် တွေ့မြင်နေကြရသော အယူဘာသာ အရပ်ရပ်တို့တွင် ဗုဒ္ဓဘာသာသာသနာတော်မြတ်ကြီး၏ မွန်မြတ်လေးနက် မှန်ကန်တိကျပုံကို ထင်ရှားပေါ်လွင် သိမြင်စေရကား။ ကျမ်းပြုအရှင် **သက္ကျသီဟ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဖျာပုံနယ်လုံးဆိုင်ရာ ရွှေကျောင်းနာယက ဆရာတော် အရှင်သံဝရာဘိဝံသသည်** ကျမ်းဦးအစတွင် ကမ္ဘာ့သာသနာကြီးများဖြစ်သော ခရစ်ယာန်၊ ဟိန္ဒူ မူဆလင်တို့ အားကိုးအားထား ပြုကြသည့် ဗိုက်ဗယ်, ဝေဒတ္တနှင့် ကိုရန်ကျမ်းဂန်တို့ ကောက်နုတ်ချက်များကိုလည်း ဖော်ပြကာ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည့် အနှစ်သာရများနှင့် နှိုင်းယှဉ်၍ ကြည့်နိုင်ရန် တင်ပြထားတော်မူလေ၏။

✪✪✪✪✪

# မှတ်သားဖွယ်ရာ အက္ခရာစဉ်

[ က ]


ကကနာဗောတ ၃၁၀
ကကုသန် မြတ်စွာဘုရား အရှင် ၂၃၂
ကင်္ခါဝိတရဏီ ၂၇၁
ကင်္ခါဝိတရဏီ ပါတိမောက် ၂၇၄
ကင်္ဂသူ ၄၄၅
ကဉ္စိပူရ (ကန်ဂျီဝရမ်) ၂၅၉
ကဉ္စိပူရ မယူရဒူတပတ ၂၆၀
ကဉ္စိပူရမြို့ ၃၁၄၊ ၃၃၄
ကဉ္စိကေရလာ ၃၀၉
ကစ္စာယန ၃၀၅
ကစ္စာယနအဖွင့်ဋီကာ ၄၃၁
ကစ္ဆ ၁၁၂
ကစ္ဆမြို့ ၃၃၆
ကဉ္ဇိပူရ မြို့တော်ပဒရတိတ္ထကျောင်း ၃၀၃
ကဉ္ဇိပူရ ၃၃၅
ကဏကမုနိ ၁၅၃
ကဏှနဒီ-ကစ္စနား ၁၄၁၊ ၃၅၄
ကဏ္ဍက ၁၈၅
ကဏ္ဍဂိရိ ၃၆၁
ကဏ္ဍကုဋ္ဌမြို့ ၃၄
ကတမဏ္ဍ ၁၅၂
ကထာဝတ္ထု ၁၀၊ ၇၈၊ ၁၈၅
ကထိနယာန ၃၀၀၊ ၃၀၃
ကထိယာဝရ ၁၉၅
ကနိရဇနတိဿမင်း ၂၂၃၊ ၂၂၄
ကနိသက ၁၃၀၊ ၂၃၃၊ ၂၄၅၊ ၃၂၄
ကနိသကကျောင်းတိုက်တော် ၂၃၁
ကနိသက စေတီတော် ၂၃၁၊ ၂၃၅
ကနိသက ဘုရင်မင်း ၂၁၂
ကနိသက သာကဘုရင် ၃၂၃
ကနိသကပူရ ၈၆၊ ၂၂၉
ကနိသကမင်း ၂၃၃၊ ၂၃၄၊ ၂၃၅၊ ၃၁၂၊၂၂၆၊ ၃၂၄
ကနိသကမင်းကြီး ၃၁၂
ကနိသကမင်းတရားကြီး ၂၂၉၊ ၂၃၇
ကနိသျှက ကနိသက ၈၅
ကနိဋ္ဌတိဿမင်း ၂၅၅
ကန်ဆူနယ် ၃၂၂
ကန္နကုဇ္ဇ ၂၉၀၊ ၂၆၁
ကန္နကုဇ္ဇမြို့ ၃၂၆
ကန္နောဇ ၂၉၀၊ ၃၃၂၊ ၃၂၇
ကန္နောဇ-ကန္နကုဇ္ဇမြို့ ၃၂၇
ကန္နောဇမင်း ၃၆၂
ကန္နောဇပြည်ရှင်ဘုရင်ဟာသဝမ္မုနမင်းကြီး၈၅
ကန္နောဇ သီလဒိစ္စ ၃၃၆
ကပိလဝတ္ထု ၃၂၀
ကပိသမြို့ ၃၃၇
ကပိလဝတ္ထုမြို့ ၃၂၆
ကပ္ပင်္ဂမြို့နေ မဟာကာလ ၄၃၃
ကမ္ဗုဇ (ကမ္ဗောဒီးယား) ၃၅၄
ကမ္ဗောဇခေါ် ကာဗူလ်တိုင်း ၂၁၁
ကမ္ဗောဇတိုင်း ၁၂၉၊ ၁၉၅၊ ၂၆၁၊ ၂၂၈၊ ၃၂၂၊ ၄၆၄

ကမ္ဘောဇ သံဃပက္ခ ၄၄၀
ကမ္ဘောဒီးယား ၁၄၂၊ ၂၉၇၊ ၃၁၉၊ ၄၅၈
ကမ္ဘောဒီးယား ခမာများနှင့် ၄၁၉၊ ၄၆၀
ကမလသီလာ၊ အရှင် ၃၄၅
ကမ္မဋ္ဌာနဂိုဏ်း ၂၉၄
ကမ္မဝိဘာဂ ၃၇၁
ကမ္မဝိဘင်္ဂ ၃၇၁
ကမ်ယှင်း ၁၃၂
ကယှဂရ ၃၃၈
ကရဘိန ၁၁၆
ကရကန္ဒ ၃၃၈
ကလေး ၄၅၆
ကလိင်္ဂကျောက်စာ ၇၁
ကလိင်္ဂတိုင်း ၆၄၊ ၂၀၆၊ ၂၂၈၊ ၃၃၀၊ ၃၃၂
ကလျာဏ ၁၁၉
ကလျာဏသီရိ ၃၆၁
ကလျာဏီကျောက်စာ ၁၃၇၊ ၄၁၄၊ ၄၃၃၊ ၄၃၅၊ ၄၄၁
ကလျာဏပဏ္ဍိတ ၈၈
ကလျာဏဝတီ ၄၀၃
ကလျာနီမြို့ ၁၁၉
ကသ္မိရဂန္ဓာရ ၈၀၊ ၈၁
ကသ္မိရတိုင်း ၈၆၊ ၉၄၊ ၂၀၀၊ ၂၂၉၊ ၂၆၁၊ ၂၈၉၊ ၃၁၃၊ ၃၂၂၊ ၃၂၃
ကသ္မိရ လဓကေ ၂၂၉
ကအဗာ ၃၅၉
ကဿပဂေါတ္တ၊ အရှင် ၁၃၀
ကဿပိကဂိုဏ်း ၄၂
ကဿပဂေါတ္တထေရော ၁၃၅
ကဿပမထေရ်၊ အရှင် ၃၀၂
ကဿပမာတင်္ဂ၊ အရှင် ၂၄၈၊ ၂၅၀
ကဿပ မြတ်စွာဘုရား၊ အရှင် ၂၃၂
ကာကဝဏ္ဏ ၂၆
ကာနင်ဂဟာန် ၈၉၊ ၉၃
ကာပေါတိကကျောင်းတော် ၃၂၉
ကာဗုလ်အာဖဂန်နစ်စတန် ၂၈၉
ကာဗုလ်တိုင်း ၃၃၇
ကာဗုလ ၂၂၉၊၂၉၄
ကာဗုလ် အာဖဂန် ၃၂၂၊ ၃၅၈
ကာဗုလ် ဥဒယာနတိုင်း ၁၂၉
ကာဗုလီ ၁၉၅
ကာဘူလနယ် ၂၃၃
ကာဘူလမြို့နယ် ၂၂၉
ကာမရူပ ၃၀၉၊ ၃၃၁၊ ၃၃၆
ကာရလိ ၁၂၂
ကာရိကဋ္ဋီကာကျမ်း ၄၃၁
ကာရိကာ ၄၃၁
ကာလသုမန မထေရ်၊ အရှင် ၂၁၇
ကာလာသောကမင်း ၂၉၊ ၄၄
ကာလီ ၂၄၀
ကာသိ ၃၀၇
ကာသိတိုင်း ၂၀၂
ကာဠကာရာမသုတ္တန် ၁၂၃
ကိရဏ ၃၃၁
ကိရဏ သုဝဏ္ဏတိုင်း ၃၃၁
ကိရာတမိလက္ခမင်း ၈၈
ကိတ္တိနိသင်္က မလ္လမင်း ၄၀၃
ကိတ္တိသီရိမေဃဝဏ္ဏ ၃၁၂
ကိတ္ထိသေနမင်း ၃၉၅
ကိတ္ထိသီရိမေဃ ၃၉၉
ကီဂုန်ဂိုဏ်း ၃၈၈
ကီပိုကင်မြို့ ၃၃၈
ကေရလပုတတိုင်း ၉၉

ကေရလာ ၁၀၂
ကေလာသကျောင်းတိုက် ၂၀၃
ကေလာသတောင်ရံ-
မဟောသရနတ်မင်း ၂၄၁
ကေဝဋ္ဋကနန္ဒ ၄၅
ကေသပုတ္တကာလာမမင်းမျိုး ၄၇
ကောကနမြို့ ၁၀၁
ကောကနက ၁၁၈
ကောန်ညောခ ၂၄၂
ကောင့်ပုတ္တော ၁၃၅
ကောဏ္ဍည ၂၉၇
ကောဏာဂုံ ၁၅၃
ကောဏာဂုံ မြတ်စွာဘုရား အရှင် ၂၃၂
ကောန္တပုတ္တတိဿမထေရ် ၇၇
ကောနိကနကပူရ ၃၃၅
ကောရဏ္ဍဝဏ္ဏ ၄၅
ကောရဗျ ၄၅
ကောသလမင်းကြီး ၁၇
ကောသလတိုင်း ၂၈၀၊ ၃၂၆၊ ၃၃၁
ကောသမ္ဗီ ၃၂၇၊ ၄၅၆
ကောသမ္ဗီမြို့ ၃၃၇၊ ၃၂၆
ကောသိယပုတ္တ ၂၄
ကံကဇလ ၃၃၁
ကံနိုင်ငံ ၂၀၇
ကောင်- ဖူ- စီ ၂၅၄
ကောင်- ဖူ- စီ- ဦ ၂၅၃၊ ၂၅၄
ကောန်ညောခ ၂၄၂
ကောင်းကင်ဘုရင်နေနတ် ၃၈၇
ကောင်းခြင်း, မကောင်းခြင်း ၃၇၆
ကုဋိကဏ္ဏတိဿ ၂၂၃
ကုဋိကဏ္ဏတိဿမင်း ၂၂၃
ကုဏာလ ၇၄
ကုဏာလငှက်မင်း ၇၃
ကုဒရဘုရင်မင်းမြတ် (ပိုက်သျှီ) ၃၅၀
ကုနာလမင်း ၁၈၇
ကုနာလမင်းသား ၁၈၉
ကုန်ဆုံးခြင်း ၁၅၄
ကုပိဂ်လတိဿ မထေရ် ၂၁၆
ကုဗလခန်ဘုရင်မင်း ၃၈၁
ကုဗလခန် ဧကရာဇ်မင်းတရားကြီး ၃၈၄
ကုမ္ဘစေတီ ၃၂၈
ကုမာရကဿပ မထေရ် ၂၇၃
ကုမာရ ဂုတ္တ ၃၀၉
ကုမာရဂုတ္တမင်း ၃၁၀
ကုမာရဇီဝ၊ အရှင် ၂၈၈၊ ၂၈၉၊ ၂၉၁၊
၂၉၃၊ ၂၉၄
ကုမာရဗောဓိ၊ အရှင် ၂၉၂
ကုမာရလိလာ ၂၈၇
ကုမာရိလဘတ္တ ၃၆၀
ကုရုတိုင်း ၁၀၅
ကုရုန္ဒီ အဋ္ဌကထာ ၂၇၁
ကုလားကျမင်း ၄၃၁
ကုလုတ သတဒြု ၃၂၄
ကုသပူရမြို့ ၃၂၆
ကုသမင်း ၃၂၄
ကုသဝရမြို့တော် ၃၂၃
ကုသိနာရုံပြည် ၂၉၀
ကုသိနာရမြို့ ၃၂၈
ကုသိနာရုံမြို့ ၃၂၆
ကုသုမပူရိ ၃၆၇
ကုက္ကုဋ္ဋာရာမ ၇၃၊ ၁၈၄
ကုက္ကုဋ္ဋာရာမကျောင်းတိုက် ၇၃
ကူကယ်ဆရာတော် ၃၈၉
ကိုတန် ၃၃၈

ကိုပန်တု ၃၃၈
ကိုဘိုဒယ်ရှိဆရာတော် ၃၈၉
ကိုယ ၃၈၉
ကိုရီးယား ၂၉၉
ကိုယ်တော်မြတ်နှင့်အတူ ၂
ကင်ယှင်ကွန်ဂျို ၃၄၁
ကင်းဘရိတ် ၁၉၄၊ ၁၉၅
ကန်ဂျီ-တရုတ်ဘာသာ ၄၆၃
ကန်ဂျီဝရာမ် ၃၃၄
ကန်စွန်းတောင်ဘုရားလှတစ်ဆူ ၄၄၆
ကွက်ခာ ၃၃၅
ကွန်ယုတ ၃၃၂
ကျစ္စာ ၄၅၀၊ ၄၅၁၊ ၄၅၄
ကျစ္စာမင်းတရားကြီး ၄၅၂
ကျေရ ၁၀၁
ကျေး ၁၀၁
ကျော်စွာမင်း ၄၅၃
ကျောက်တိုင် သိလာထမ္ဘ-
အနုသာသနီ ၁၅၃
ကျောင်းတိုက် စေတီ ၂၆၂
ကျောင်းအာရာမ် ၃၁၆
ကျိုင်းခိုင် ၄၆၄
ကျိုင်းထုံ ၄၆၄
ကျိုင်းရဲမြို့တော် ၄၆၅
ကျိုင်းသေဉ် ၄၆၄
ကျောက်ပြား, ကျောက်တိုင် ၁၅၃
ကျန်စစ်မင်း ၄၄၃၊ ၄၄၈၊ ၄၅၄၊
၄၁၉၊ ၄၂၀
ကျမ်းစာ ၂၄၉
ကြေးပြာသာဒ်တော်ကြီး ၂၀၅


------- × -------

[ ခ ]


ခတ္တရောဇ ၂၃
ခတြပ ၁၁၂၊ ၁၁၅
ခန္တီ ၂၄၀
ခန္ဒဂုတ္တ ၃၀၉
ခန္ဒဂုတ္တမင်း ၃၁၁
ခန္ဓဝဂ် ၁၂
ခမင် ၁၄၂၊ ၃၅၃၊ ၄၆၃
ခမင်ဘာသာ ၃၅၂၊ ၃၅၃
ခရစ်တော်ဂျီဆပ်စ် ၂၂၄
ခလီဖတ်မင်း ၃၅၉
ခလီဖတ် မင်းမျိုး ၃၅၉
ခုခုန္ဒ ၃၂၈
ခုဇ္ဇုသောဘိတ ၃၃
ခုဇ္ဇသောတိတ၊ အရှင် ၃၉
ခုဒ္ဒကနိကာယ ၁၃
ခုဒ္ဒကပါဠ ၁၁
ခုဒ္ဒကသံဂီတိ ၉
ခုဒ္ဒက သိလာပတ္တာနုသာသနီ ၁၈၁
ခုဒ္ဒက သိလာထမ္ဘာလေခါ ၁၈၁
ခုဒ္ဒသိက္ခာ လက်သန်း အဌကထာ ၄၃၆
ခုဒ္ဒသိက္ခာ ဝိနည်းငယ်ကျမ်း ၃၀၂
ခေဒ ၁၁၂
ခေမဓမ္မ ၂၃
ခေမ၊ အရှင် ၂၁၈
ခေမာဝရတိုင်း ၄၆၄
ခေမာ၊ အရှင် ၂၃၉
ခူစီနယ် ၂၈၉
ခူတန် ၁၃၂
ခေါ်သာန္တီ ၄၅၆
ခိုတန ခိုတန်ပြည် ၂၂၉

ခိုတန် ၂၄၅၊ ၁၃၂၊ ၃၄၁၊ ၃၃၈
ခိုတန်မြို့တော် ၁၃၃
ခိုထန်တိုင်း ၃၄၂
ခိုထန် ၁၃၃
ခိုထန်ပြည် ၂၅၂
ခိုထန်မြို့ ၁၃၂
ခိုးမှူးကြီးနန္ဒ ၄၆
ခုန်အန်မြို့ ၂၈၉
ချဖဟု ၂၅၂
ချာစကီ ဩဒဆာ ၃၇၇
ချီမင် ၂၉၂
ချီလောန် ၂၅၀
ချိဝမ်တီမင်း ၁၃၂
ချီယင်၊ အရှင် ၃၂၂
ချူဆူဟင် ၂၅၂
ချူယှင် ၂၅၀
ချူယှင်၊ အရှင် ၂၄၉
ချူအင်နယ် ရှင်ဘူမြို့ ၃၂၁
ချောက်ဘုရား ၁-ဆူ ၄၄၆
ချောင်သင် ၂၅၀
ချောင်ဝမ် ၂၄၆
ချင်ကွမ် ၃၃၈
ချင်ချီယုန် ၃၈၄
ချင်ဌန် (ချီနဌာန-စိနဌာန) ၁၃၂
ချင်နာဗ် ၁၉၇
ချင်အန်မြို့ ၂၉၂
ချန်ချူဘ ၃၆၆
ချန္ဒြဘာဂါ စန္ဒဘာဂါ မြစ် ၁၉၇
ချန်မင်းမျိုး ၂၅၃
ချန်သျှင်း ၃၁၉
ချန်အီယမ် ၂၄၆
ချန်အန်မြို့ ၃၂၂

ချိန်မာဤ-ချိန်မဲ-ဇင်းမယ်-ဟရိပုဥ္စ ၄၅၉
ခွန်လုံ ၄၆၄

------- × -------

[ ဂ ]

ဂင်္ဂါ ၃၂၆
ဂဇဗာဟု ၃၉၉
ဂဇင်္လရွာ ၁၉၉
ဂဇင်္လ ၃၃၁
ဂန္ဓမာဒန နန္ဒမူလိုဏ်ဂူ ၄၂၀
ဂန္ဓာရ ၂၃၃၊ ၂၆၁၊ ၃၂၂၊ ၂၉၀၊ ၂၉၃၊ ၂၉၄
ဂန္ဓာရကမ္ဗောဇ ၄၈
ဂန္ဓာရတိုင်း ၉၄၊ ၂၀၀၊ ၂၂၈၊ ၂၉၀၊ ၃၂၃၊ ၂၃၃
ဂယာဆွန် ၃၆၄၊ ၃၆၅၊ ၃၆၆၊ ၃၆၈
ဂယာဆွန်ဂရုဆောင်ဂီ ၃၆၃
ဂယာဆွန်၊ အရှင် ၃၆၇၊ ၃၆၈၊ ၃၇၀
ဂရိတ် ယောနက ၂၂၉၊ ၃၂၄
ဂါဇပတိပူရခေါ် ဂါဂျိပူရ် ၃၂၈
ဂါထာ ၁၄
ဂါမန္တရကပွဲ ၃၀
ဂါလဒန်အဝါဂိုဏ်း ၃၇၉
ဂါလိလဲင်ရွာ ၃၅၇
ဂါသဘဂါမိ၊ အရှင် ၃၉
ဂိရ်နာရ်တောင် ၁၀၉၊ ၃၁၁
ဂိရ်နာရ် ၁၀၉၊ ၁၁၂
ဂုဇရတ်တိုင်း ၂၉၅
ဂုဏမတိကျောင်းတော် ၃၂၉
ဂုဏသာရ၊ အရှင် ၄၃၂
ဂုဏမဟိ၊ အရှင် ၂၈၁
ဂုတ္တမင်း ၃၁၂၊ ၃၁၃၊ ၃၅၂

ဂုတ္တမင်းမျိုး ၁၁၂၊ ၂၆၁၊ ၃၀၈
ဂုယှဉာဏဝဇီရ ၃၆၁
ဂုယှယာန ၂၃၉၊ ၃၀၀
ဂုရုတြိယာကမ္မ ၃၇၁
ဂုဟာ လေခါ ၁၈၁
ဂေယျ ၁၃
ဂေါကုလိကဂိုဏ်း ၄၁
ဂေါစရဂါမ် ၉၅
ဂေါဋ္ဋိနိပုတ္တော ၁၃၅
ဂေါတမမြတ်စွာဘုရား၊ အရှင် ၂၃၂
ဂေါတမီပုတ္တ ၂၀၈
ဂေါတမီပုတ္တမင်း ၁၁၆
ဂေါတမီပုတ္တဝိဟာရ ၁၁၅၊ ၁၁၆၊ ၂၆၂
ဂေါတိပုတ္တော ၁၃၅
ဂေါနဒ္ဓ ၈၇
ဂေါဒ္ဓ ၁၀၆
ဂေါလမတ္တိကမြို့တော် ၁၃၇
ဂေါဝိသာဏကနန္ဒ ၄၅
ဂေါဒါဝရီမြစ် ၁၁၈
ဂေါသာလမိတ္တ ၁၉၄
ဂေါဒ့်က္ကဿရ ၂၂၄
ဂေါရ်မင်း ၃၆၁၊ ၃၆၁
ဂေါရ်မြို့ ၃၄၄
ဂိုမတီဝိဟာရ ၁၃၃
ဂျရာဋ် ဇရာဇ်နယ် ဒါရကမြို့တော် ၁၄၁
ဂျဝါကျွန်း ၂၉၅
ဂျာဝါးကျွန်း ၁၃၈၊ ၂၉၇၊ ၂၉၆၊
၂၉၁၊ ၂၉၅၊ ၃၅၄
ဂျာဝါး(ယဝ)ကျွန်း ၃၅၅
ဂျီဆပ်ဒီ-ဂျီဆပ်စ် ၃၅၇
ဂျိဝမ်တီ ဆလနူ ၁၃၂
ဂျူဆက ဇူသက ၂၂၀
ဂျူး ၁၂၈
ဂျူးဘာသာ ၃၅၇
ဂျီဆပ်စ် ၁၂၈၊ ၃၅၈
ဂျီရှူ ၃၉၂
ဂျေရုဆလင် မြို့နယ် ၃၅၇
ဂျိုဒိုရှူဂိုဏ်း ၃၈၉၊ ၃၉၀
ဂျိုဒိုရှင်ရှူဂိုဏ်း ၃၉၁
ဂျိုဒိုရှူ ၃၉၂
ဂျိုးဇက်ပ် ၂၂၅
ဂျင်-ဂိဇ်-ခမ်း-ဘုရင်ကြီး ၃၇၇
ဂိုဂျိ-တ်ဆုဂိုဏ်း ၃၈၈
ဂန်ဂျင်ဆရာတော် ၃၈၈
ဂန်ဂျမ် ၃၃၁၊ ၃၃၂
ဂွန်ထန် ၃၆၆၊ ၃၆၇
ဂ္လွန်-ဂျောန်-အဘိသေက ၂၂၅
ဂ္လွန်ဘတ်ပတစ်ဇမ်-
ဂ္လွန်-ဂျောန်-အဘိသေက ၂၂၅
ဂ္လွန် အဘိသေက
(ဂ္လွန် ဘပ္ပတစ်ဇ်မ်) ၃၅၇

------- x -------

[ ဃ ]

ဃာတောကစ္ဆ ဂုတ္တ ၃၀၉
ဃောသ ၂၅၇၊ ၂၅၈
ဃိုသ- ဃိုသျှ ၂၅၇
ဃောသ ၂၅၈

------- x -------

[ င ]

ငစွယ်ငယ် ၄၄၃
ငစွယ်ရှင်ပုံ့သကူ ၄၄၃၊ ၄၄၄

ငစွယ်ရှင် အရှင်ပုံသုကူ ၄၄၅၊ ၄၄၆
ငရနဲ ၄၅၆
ငွေ ၃၇၉
ငွေဆင်းတုတော် ၁-ဆူ ၃၇၉

------- × -------

[ စ ]

စဏ္ဍာသောကမင်း ၆၁
စတုတ္ထ ပေါတ္ထကာရုဋ္ဌ ၂၁၄
စတုတ္ထလိပိဝယ် ၁၄၈
စရကဆေးကျမ်း ၁၅၉
စရိယာပိဋက ၁၁၊ ၂၇၁
စရိယာပိဋက အဋ္ဌကထာ ၃၀၄
စရိယသင်္ဂဟ ပဒီပ ၃၇၁
စမ္ပဝတီ ၁၀၆
စမ္ပါနဂရ ၃၃၁
စန္ဒကိတ္တိ၊ အရှင် ၂၈၁
စန္ဒကူး ၃၇၉
စန္ဒဂဗ္ဗ ၃၆၁
စန္ဒဂုတ္တ ၄၆၊ ၄၉၊ ၅၁
စန္ဒဂုတ္တ-၁ ၃၀၉
စန္ဒဂုတ္တ-၂ ၃၀၉
စန္ဒဂုတ္တမင်း ၄၈၊ ၁၈၉
စန္ဒဂုတ္တမင်းကြီး ၄၉၊ ၆၄
စန္ဒဂုတ္တမင်းသား ၄၇
စန္ဒဂုတ္တဘုရင်မင်း ၅၃
စန္ဒဂုတ္တ၊ အရှင် ၂၀၃
စန္ဒဝဍ္ဎိမထေရ်၊ အရှင် ၅၂၊ ၅၃
စန္ဒဝံသ ၄၆
စန္ဒဝံသ, လမင်းနွယ် ၂၆
စန္ဒာ ၄၆၄
စန္ဒိကာနတ်သမီး ၂၄၀
စာကြိုဘုရားလှ ၁-ဆူ ၄၄၆
စာဏကျ ပုဏ္ဏားကြီး ၄၈
စာနကျ ပုဏ္ဏားကြီး ၄၇
စာရုမတီ ၁၅၂၊ ၁၅၃
စိကိစ္ဆဝိဇ္ဇာ ၃၄၃
စိတ္တဂုတ္တ၊ အရှင် ၂၀၃
စိတ္တောတပါဒသတ္တရဝိမိကမ္မ ၃၇၁
စိနပတ္တခေါ် မဒရပ် ၃၃၄
စိနပတ္တိ ၃၂၄
စိနပတ္တိမြို့ ၂၃၆၊ ၃၂၄
စိနပတိမြို့တော် ၃၂၃
စိနရဋ္ဌ-စိန့်တိုင်း ၁၃၂
စိနရာဇပုတ္ထိ, စိန ရာဇပတ္ထိ ၂၃၆
စိမေတန ၃၃၈
စုက္ကတေးမင်း ၄၀၆
စုခေါ်ထိုင်-သုခေါဒယ ၄၆၀
စုဒ္ဒသသီလာပတ္တာနုသာသနီ ၁၇၈
စုဒ္ဒသသီလာလိပိ ၁၄၈
စုဒ္ဒသသီလာလိပိ ပဥ္စမလိပိ ၁၄၈
စူဠဝံသကျမ်း ၂၆၈
စူဠတိဿမင်း ၂၂၃
စူဠဒေဝ၊ အရှင် ၂၁၈
စူဠနာဂ၊ အရှင် ၂၁၇
စူဠနိဒ္ဒေသအဋ္ဌကထာ ၃၀၄
စူဠဗုဒ္ဓဃောသမထေရ် ၂၇၂
စူဠာဘယ၊ အရှင် ၂၁၈
စူဠာမဏိစေတီတော် ၄၄၆၊ ၄၄၈
စူဠရထဝိမာနဝတ္ထု ၁၀၈
စူဠဝံသ ၃၀၅၊ ၃၉၄
စူဠဟတ္ထိပဒေါပမ ၁၄၅
စေတိယဂိုဏ်း ၄၂
စေတီတော် ၃၂၀

| | |
|---|---|
| စေတီတိုင်း၊ သဟာဇာတိမြို့ | ၃၄ |
| စေရ | ၁၀၁ |
| စော | ၄၆၀ |
| စောလူးမင်း | ၄၁၉ |
| စောရနာဂဘေး | ၂၁၄ |
| စောရနာဂမင်း | ၂၂၂ |
| စောနစ်မင်း | ၄၅၃ |
| စောမွန်နစ်မင်း | ၄၅၃ |
| စောမွန်လှ-ရှင်မွန်လှ | ၄၅၅ |
| စောလို | ၄၆၄ |
| စောဠုမဏ္ဍလ-စောဠုတိုင်း | ၉၃ |
| စောဠုဂဂ်မင်း | ၄၀၃ |
| စောဠုတိုင်း | ၂၂၈၊ ၉၉ |
| စောဠုမဏ္ဍလ | ၉၅၊ ၉၉၊ ၂၆၀ |
| စောဠိယ | ၃၃၄ |
| စောဠိတိုင်း | ၃၃၄ |
| စင်ချန်မြို့ | ၃၇၅ |
| စစ်သူကြီးနန္ဒက | ၁၀၇ |
| စည်းခုံရှင် | ၄၁၅၊ ၄၄၈ |
| စို-စ-အိုမြို့ | ၄၆၀ |
| စိန့်တိုင်း | ၄၆၄ |
| စွယ်တော်စား | ၄၁၅ |
| စွယ်တော်ပွား | ၄၁၅ |


------- × -------

[ ဆ ]


| | |
|---|---|
| ဆန္ဒာဂါရိယဂိုဏ်း | ၄၂ |
| ဆရမဏ | ၃၅၇ |
| ဆရမဏ-သမဏ | ၂၂၆ |
| ဆရာကြီးစရဏဇိဝက | ၅၄ |
| ဆရှန်-ဆန်-ဂန်-ပို | ၃၄၃ |
| ဆန်းလင်းဒ် | ၂၄၀ |
| ဆပ္ပဒမထေရ် ပျံလွန် | ၄၃၆ |
| ဆပ္ပဒရဟန်း | ၄၃၄ |
| ဆပ္ပဒရွာ | ၄၃၃ |
| ဆပ္ပဒသာမဏေ | ၄၃၃ |
| ဆလနု | ၁၃၂ |
| ဆလနုမင်း | ၁၃၂ |
| ဆဋ္ဌာဘိညာပဋိသမ္ဘိဒါပတ္တ | ၇၉ |
| ဆိက္ကန် | ၁၃၀ |
| ဆိရိယ | ၅၀၊ ၇၀ |
| ဆေရာကျောင်းတိုက်ကြီး | ၃၇၉၊ ၃၈၅ |
| ဆိုကန်ဒါရ်မင်း | ၈၉ |
| ဆိုဂါ | ၃၈၆ |
| ဆိလ္လာ | ၃၄၈ |
| ဆိလ္လာမင်း | ၃၄၈ |
| ဆိစ်သီယန် သာကမင်း | ၂၂၀ |
| ဆီရိယတိုင်း | ၁၂၇ |
| ဆီလာကော့တ် သီလကုဋ္ဋ | ၁၉၇ |
| ဆီလောန်၊ အရှင် | ၂၄၉ |
| ဆီလျူကောဆနိကေတရ | ၁၂၅ |
| ဆီလျူကောသန်ကေထ | ၁၂၅ |
| ဆန်ချီ | ၁၃၄၊ ၂၉၀ |
| ဆန်ရှန်ဂိုဏ်း | ၃၈၈ |
| ဆန်း | ၃၀၅၊ ၄၃၀ |
| ဆံချီ | ၁၅၇ |
| ဆုမာတြာ | ၁၄၀ |
| ဆုမတြာ | ၃၅၄၊ ၃၇၅၊ ၁၃၈ |
| ဆုမတြာ သုမတြာ | ၁၃၈ |
| ဆုမတြာကျွန်း သီရိဘောဇမြို့ | ၃၃၄ |
| ဆူအိမင်း | ၃၂၀ |
| ဆစ်သီယန် | ၂၁၁ |
| ဆစ်သီယန် သာကနိုင်ငံတော် | ၂၁၁ |
| ဆိုက်ရိယဘုရင် ဆိုလျူကော့ | ၅၀ |

ဆိုက်ရုံနီ ၁၂၇
ဆိုက်သီယမ် ၂၂၉
ဆွန်မီဆန်ပိုတ ၃၄၃
ဆွန်ယွန် ၃၁၈
ဆုန်မင်း ၃၂၀
ဆုန်မြစ် ၄၉
ဆင်ချောင် ၃၂၂
ဆိုကုရမ် ၃၄၈
ဆွံ့-အ ၃၈၁
ဆယ်ချိုဆရာတော် ၃၈၈
ဆွန်ခပ၊ အရှင် ၃၇၈၊ ၃၇၉

------- × -------

[ ဇ ]

ဇဂတိပါလမင်း ၃၉၅
ဇတိံ ဂရာမေသျှရ ၉၉
ဇနက ၂၆
ဇမ္ဗူဒီပ ၁၃၈
ဇရသန္ဓမင်းကြီး ၂၆
ဇရသူ-ဆတြိယံ ၃၇၆
ဇယပိဒ ၈၉
ဇယပူရ ၈၉
ဇလောကမင်းသား ၁၈၉
(ဇယဝမ်ရမ) ဇယဝမ္မ ၃၅၂
ဇယဝမ္မ ၃၅၂
ဇယဗာဟုမင်း ၃၉၈၊ ၃၉၉
ဇဋ္ဌောဂီပိဝန ၃၁
ဇာတက ၁၁၊ ၁၄
ဇာတရူပ ရဇတ ၃၁
ဇာတတ္တကီ ၂၆၄
ဇာတတ္တကီနိဒါန်း ၂၇၊ ၂၆၅၊ ၂၇၃
ဇာတတ္တကီနိဒါန ၂၇၁
ဇာနက္က ၄၇
ဇာနက္ကပုဏ္ဏားကြီး ၄၅၊၄၆
ဇာလန္ဓရမြို့ ၃၂၄၊ ၃၃၇
ဇာလိက ၄၅
ဇိနပဘာအရှင် ၂၈၁
ဇိနပုတ္တ၊ အရှင် ၂၈၁
ဇီဝက၊ အရှင် ၂၇၃
ဇီဝဝဒ္ဓနမင်းမြတ်သည် ၃၂၀
ဇုနယရ ၃၁၁
ဇုဈောတိမြို့ ၃၃၆
ဇူသကမြို့ ၂၂၀
ဇူသကပုရမြို့ ၂၂၀
ဇေတဝနဝိသီ ၂၁၇
ဇေတဝန် ၁၅၁
ဇေတဝနဝိသီဂိုဏ်း ၂၆၇၊ ၂၆၇
ဇေတာရီ ၃၆၁
ဇေယျသူရ ၄၄၅
ဇေယျသိခ ၄၄၈
ဇေယျသိခ နန်းတောင်း ၄၅၄
ဇေတဝန် ကျောင်းတော် ၄၀၉
ဇေတဝန ဝိသီဂိုဏ်း ၂၁၇၊ ၄၀၁
ဇောတိပါလ၊ အရှင် ၂၇၃
ဇောတိပါလ မထေရ်၊ အရှင် ၂၇၂
ဇောတိသတ္တကျမ်း ၂၃၆
ဇာတ်အဋ္ဌကထာ ၂၇၁၊၂၇၃
ဇင်ရှူဂိုဏ်း ၃၈၉
ဇင်ရှူဆိုတို ၃၉၂
ဇင်းမယ် ၄၆၄
ဇင်းမယ် ပဏ္ဏာသကျမ်းကြီး ၄၅၉
ဇိုရိုဆတြိယံ ၃၇၆

[ ဈ ]

ဈာနိဂိုဏ်း ၂၉၄

------- × -------

[ ည ]

ဉာဏစန္ဒ၊ အရှင် ၂၈၁၊ ၂၈၁
ဉာဏောဒယကျမ်း ၂၆၉
ဉာဏပဘာ၊ အရှင် ၂၈၁
ဉာဏဝိလာသ၊ အရှင် ၄၆၆
ညီတော် နရပတိစည်သူမင်း ၄၃၂
ညီတော် နရသီခ ၄၃၂
ညီတော် နရသူ ၄၃၁
ညောင်ရွှေ ၄၆၄

------- × -------

[ ဋ ]

ဋီကာကျမ်း ၄၆၆
ဋီကာဟောင်းကျမ်း ၄၃၁

------- × -------

[ ဌ ]

ဌနေသရ သုဃနမြို့ ၃၂၆

------- × -------

[ တ ]

တက္က-သိရ ၉၂
တက္က-သိလ ၉၂
တက္ကသိရစေတီတော် ၉၃
တက္ကသိလ ၃၂၃
တက္ကသိလာ ၂၉၃
တက္ကသိလာ့မြို့ ၃၃၇
တက္ကသိလာမြို့တော် ၂၉၀
တက္ခ-သိရ ၉၂
တကာမြို့တော် ၃၂၃
တတိယ သံဂါယနာတင် ၇၉၊ ၁၉၁
တတိယအဂ္ဂပဏ္ဍိတ ၄၃၀
တတ္တိကာဘယမင်း ၂၂၃
တထာဂတဂုတ္တမင်း ၂၈၂
တန္တြ-မန္တြ ဗြာဟ္မဏဘာသာ ၃၈၃
တပတီမြစ် ၁၁၀
တပိ ၁၁၆
တမ္ဗပဏ္ဏိ ၈၀
တရားမိုးကြီး၏
  တန်ခိုးသတ္တိသြဇာဓာတ် ၂
တရုတ် ၂၈၉၊ ၃၀၇
တရုတ်ကွန်ဖြူးသျှင်းဝါဒ ၃၄၉
တရုတ်ပြည် ၂၃၅၊ ၂၄၀
တရုတ်ပြည်နယ်စပ် ၃၃၈
တရုတ်ပြည်မဟာယာန ၃၂၁၊ ၄၅၇
တရုတ်ပြေးမင်း ၄၅၂၊ ၄၅၃
တရုတ်ဘုရင် ဥဒိပွား ၄၆၅
တရုတ်ရဟန်းတော် ၈၅
တရုတ်ရဟန်းတော်ဖာဟိုင် ၂၈၂
တရုတ်ရဟန်းတော်အရှင် ဟိုယျန် ၃၄၅
တာကတိုင်းနယ် ၃၂၃
တာချောနယ် ၃၇၅
တာတာနိုင်ငံ ၂၄၈
တာမလိတ္တိ ၂၉၁၊ ၃၃၁
တာမလိတ္တိမြို့ ၃၃၁
တာမလိတ္တိဆိပ်ကမ်း ၃၇၄
တာတာတိုင်းနိုင်ငံ ၃၇၈
တာရာ ၂၄၀၊ ၂၈၅၊ ၃၇၇

တာရာနတ်သမီး ၃၇၂
တာပသဝန ၃၂၄
တာမသဝန ဝိဟာရ ၂၃၆
တာမလိန္ဒ ထေရဝံသ သံဃပက္ခ ၄၄၀
တာမလိန္ဒမထေရ်၊ အရှင် ၄၃၄၊ ၄၃၆
တာမလိန္ဒ၊ အရှင် ဂိုဏ်း ၄၃၈၊ ၄၄၁
တာဉ္ဇု ၄၅၅
တာ-အို ၃၈၁
တာ- အို- စီ ၂၅၃
တာ- အို- ဝါ- စီ ၂၅၄
တာအိုဘာသာဝင် ၃၈၀
တိဗက် ၁၃၁၊ ၂၃၅၊ ၂၄၀၊ ၃၀၇
တိဗက်နိုင်ငံ ၃၇၈၊ ၃၇၉
တိဗက်လာတ်လာမဘုရင် ၃၇၃
တိလဒကကျောင်းတော် ၃၂၉
တိဝရမင်းသား ၁၈၉
တိဝလမယ်တော် ကာရုဝါကီ ၁၈၀
တိဿ ၉၅၊ ၂၁၅
တိဿပြဟ္မာကြီး ၅၂
တိဿဒတ္တအရှင် ၂၁၇
တိဿနာဂဥပဂုတ္တ ၇၅
တိဿ၊ အရှင် ၂၁၇၊ ၂၁၈
တိတ္ထိ ၅
တုခရာ ၃၃၈
တုဏ္ဍော ဝတ ၁၉၇
တုရဂ်ပစ္စည်း ၄၄၅
တုရုသက ၂၂၀၊ ၃၇၃
တုလမယဘုရင် ၆၉
တုဝနေကဗာဟုမင်း ၄၀၃
တုလမယ ၁၂၇
တုလမယ-တိုလမီ ၁၆၅
တုသိတာနတ်ထီး ၂၀၅
တူရကီ ၂၉၃၊ ၃၂၂
တေနာဟု ပေါ်ရာဏာ ၂၆၈
တေဟု ၂၄၆
တေဝိဇ္ဇ ဆဋ္ဌာဘိည-
ပဋိသမ္ဘိဒါပတ္တမထေရ် ၇၆
တောရမန ၃၁၁
တော်ထိ အရှင် ၃၇၅
တို- ဦ- စီ ၂၅၀၊ ၂၄၉
တင်တယ်ဂိုဏ်း ၃၉၀
တင်ဒယ်ရှူ ၃၉၂
တောက်ဘာသာ ၂၄၉
တောင်ပိုင်းသာသနာ ၂၆၂၊ ၂၆၅၊ ၃၀၀
တွန်မိ ၃၄၂
တံတြိက ၃၇၆
တံတြဝါဒ ၃၄၄
တံပပါဏိ ၉၉
တြိပူရိ ၁၀၆
တြိလောကဗတံမြို့ လမ်ပေါ်နယ် ၁၄၂
တွန်ဂူဘုရင်မင်း ၃၈၂
တန်ဂိုဏ်း ၃၄၈
တန်ဂိုဏ်းသာသနာ ၃၄၉
တွန်မိဆန်ဗိုတ ၃၄၃
တွန်ယိုဘုရင် ၃၈၂
တတ်တန်ဆီယူကီ ၃၃၉
တိုင်း ၄၅၅၊ ၄၅၈
တိုင်း-တာဉ္ဇု ၄၅၉
တိုင်း-ရှမ်း ၄၅၆


------- × -------

[ ထ ]


ထေရဂါထာ ၁၁
ထေရပိယုတ ၃၅၇

ထေရပုတ္တ ၇၁
ထေရဝါဒ ၁၉၂၊ ၂၃၈၊ ၂၃၉၊ ၂၆၃
ထေရဝါဒကျမ်းဂန် ၂၉၃
ထေရဝါဒဂိုဏ်း ၂၃၉၊ ၂၅၆၊ ၃၀၃
ထေရဝါဒဂိုဏ်း ၁၂-ဂိုဏ်း ၄၂
ထေရဂါထာ အဋ္ဌကထာ ၃၀၄
ထေရဝါဒမထေရ် ၂၄၂
ထေရိကာ ၁၆
ထေရီဂါထာ ၁၁
ထေရီဂါထာ အဋ္ဌကထာ ၃၀၄
ထူပဝံသ ၃၀၅
ထိုင်ဆွန် ၃၃၉၊ ၃၄၁၊ ၃၄၃
ထိရမတိ၊ အရှင် ၂၈၁
ထီ-ဆရှန်-ချူ-ဆန် ၃၄၄
ထီးလှိုင်ရှင် ကျန်စစ်မင်း ၄၂၀၊ ၄၄၂
ထီးလှိုင်ရှင် သီရိ တိဘုဝနာဒိစ္စ-
ဓမ္မရာဇာ မင်းတရားကြီး ၄၂၇
ထိုင်း ၄၆၀
ထိုင်း-ထာ ဤ ၄၅၉
ထိုင်း-ယိုးဒယား ၄၅၅
ထိုင်း-ရှမ်း ၄၆၀
ထိုင်း အက္ခရာ ၄၆၀


------- x -------

[ ဒ ]


ဒက္ခိဏာ ၃၃၁
ဒက္ခိဏာ ပထ ၅၇၊ ၃၁၄၊ ၂၄၂၊
၁၆၅၊ ၂၅၆၊ ၃၁၆
ဒက္ခိဏာပထတိုင်း ၁၀၅၊ ၁၈၁၊ ၃၄၀
ဒဒသဘဝိသာဘိသိတေန ၁၅၀
ဒတာရိ ၁၀၉
ဒန္တကုမာရမင်းသား ၂၇၉
ဒန္တပူရမြို့တော် ၃၃၂
ဒန္တဘဒ္ဒ အရှင် ၃၃၀
ဒန္တသေန ၃၃၀
ဒမန ၁၁၆
ဒသနမင်း ၁၈၇
ဒမိလ ၉၈
ဒမိလ မဏ္ဍလ-ဒြဝိဒ ၉၅
ဒမိဠ ၉၇
ဒမိဠ စောဠိယ ၃၁၅
ဒမိဠမင်း ၃၁၃၊ ၃၁၄၊ ၃၉၄
ဒလအရိယအရဟန္တဂိုဏ်း ၄၄၀
ဒသကုသလကမ္မပထဒေသ ၃၇၁
ဒသဘူမိသုတ် ၂၅၁
ဒသရထမင်း ၁၈၇၊ ၁၈၈
ဒသရထမင်းသား ၁၈၉
ဒဟုနက ၁၁၆
ဒါဌာဓာတုဝံသ ၃၀၅
ဒါန ၂၄၀
ဒါသက ၂၃၊ ၂၄
ဒါသက မထေရ် ၈၂၂
ဒွင်္ဂိုလကပ္ပ ၃၀
ဒိဂ္ဂနာ၊ အရှင် ၂၈၁
ဒိဗျာဝဒါန ၁၈၈
ဒီဃနိကာယ ၁၂၊ ၂၇၁
ဒီဃနိကာယ် ၁၀၊ ၂၉၃၊ ၂၉၃
ဒီဃနိကာယ်ဋီကာ ၃၀၅
ဒီဃသုမန မထေရ်အရှင် ၂၁၇
ဒီဃသံဂီတိ ၉
ဒီပ ၁၃၈
ဒီပဝံသ ၃၀၅
ဒီပဝံသကျမ်း ၂၆၈

ဒီပင်္ကရ သီရိညာဏ　၃၆၃
ဒီပင်္ကရသီရိညာဏ၊ အရှင်　၃၆၁၊ ၃၆၂၊
၃၆၅၊ ၃၆၆၊
၃၆၈၊ ၃၇၀၊ ၃၇၂
ဒီပင်္ကရ၊ အရှင်　၃၆၇၊ ၃၆၈၊
၃၇၀၊ ၃၇၃
ဒီသာပါမောက္ခ၊ အရှင်　၄၅၂၊ ၄၅၃
ဒုဋ္ဌဂါမဏိမင်း　၂၀၄၊ ၂၀၅၊ ၂၀၆
ဒုဋ္ဌဂါမဏိမင်းတရားကြီး　၂၀၂
ဒုတိယ　၃၈
ဒုတိယ ဂေါတမီပုတ္တ　၂၆၂
ဒုတိယ ဝိဇယဗာဟုမင်း　၄၀၃
ဒုတိယ ဝိက္ကမဗာဟုမင်း　၄၀၃
ဒုတိယသံဂါယနာ　၇၉
ဒုတိယ အဂ္ဂပဏ္ဍိတမထေရ်　၄၃၀
ဒုန္ဒုဘိသ မထေရ်၊ အရှင်　၁၃၁
ဒုန္ဒုဘိသာရထေရော　၁၃၅
ဒုလဘဆွာမိ ဒုလဘသာမိ　၈၅
ဒုဘလရာဇာ　၈၅
ဒုလဘ　၈၈
ဒေဝဂီရိ　၁၂၁
ဒေဝဂီရိမြို့　၁၁၆၊ ၁၁၉
ဒေဝဒူတသုတ္တန်　၉၄၊ ၁၄၅
ဒေဝဓမ္မမင်း　၁၈၈
ဒေဝပတန　၁၅၃
ဒေဝပါလ　၁၅၂၊ ၁၅၃
ဒေဝပါလမင်း　၂၈၆
ဒေဝဘူတိမိတ္တ　၁၉၄
ဒေဝဘူတိမင်း　၂၀၇
ဒေဝဝိဒသီဟ　၃၄၃
ဒေဝသရာ　၂၉၂
ဒေဝါနံ ပိယာတိဿမင်း　၄၀၄
ဒေဝါနံ ပိယ ပိယဒသိ　၆၈၊ ၆၉
ဒေဝါနံပိယဒသပိယဒသိ-
မင်းတရားကြီး　၆၃
ဒေဝါနံပိယသပိယဒသိ-
ဒေဝါနံပိယဒသီရာဇာ　၆၃
ဒေဝါနံ ပိယ ပိယဒသိ အသောကဝဒ္ဓန-
မဟာဓမ္မရာဇာ မင်းတရားကြီး　၇၉
ဒေဝီ　၂၈၆
ဒေသနာ　၁၁
ဒေဝရဋ္ဌ　၁၁၇
ဒင်ဂျီဆရာတော်　၃၈၈
ဒေါလ္လာ　၁၃၂
ဒိုဂျင်ဆရာတော်ကြီး　၃၈၉
ဒိုနက ကောဘ　၃၃၃
ဒိုးရှိဆရာတော်　၃၈၈
ဒိုးရွှန်ဆရာတော်　၃၈၈
ဒွါရက (ဒွါရာဝတီ)　၃၅၄
ဒွါရကမြို့　၁၁၃၊ ၂၉၅၊ ၃၃၅
ဒွါရာဝတီ　၁၁၃၊ ၃၃၅
ဒွတ္တဘောင်မင်းကြီး　၄၁၅

------- × -------

[ ဓ ]

ဓနကတတိုင်း　၃၃၁
ဓနနန္ဒ　၄၅၊ ၄၈
ဓနနန္ဒမင်း　၄၅၊ ၄၆၊
ဓမ္မ　၁၁
ဓမ္မနိယုတ္တ　၁၂၆
ဓမ္မာအမည်ရှိသော မင်းသမီး　၅၄
ဓမ္မေက-ဓမ္မဒေသက　၃၂၈
ဓမ္မက္ခန္ဓ　၁၅
ဓမ္မက္ခန္ဓာ　၁၅

ဓမ္မကိတ္တိ၊ အရှင် ၂၈၁၊ ၃၄၅
ဓမ္မဂုတ္တိကဂိုဏ်း ၁၉၂
ဓမ္မဂုတ္တဂိုဏ်း ၄၂
ဓမ္မစကြာမြက်ဉာဏ် ၉၄
ဓမ္မစေတီတော် ၄၂၉
ဓမ္မုတ္တရိယဂိုဏ်း ၄၂
ဓမ္မဒဿီ၊ အရှင် ၂၂၈၊ ၄၀၇၊ ၄၃၂
ဓမ္မနန္ဒ၊ အရှင် ၂၉၃
ဓမ္မပဒ ၁၁၊ ၂၇၁
ဓမ္မပဒ အဋ္ဌကထာ ၂၇၃
ဓမ္မပါလမထေရ်၊ အရှင် ၂၈၂၊ ၃၁၄
ဓမ္မပါလ၊ အရှင် ၉၈၊ ၂၈၁
ဓမ္မပါလိတ၊ အရှင် ၂၁၇
ဓမ္မပိယ၊ အရှင် ၂၉၂
ဓမ္မဗောဓိ၊ အရှင် ၂၉၂
ဓမ္မ မဟာမတ္တ ၇၁၊ ၁၂၆၊ ၁၇၂
ဓမ္မမဟာမတ္တ တရားဌာနမှူး-
ဓမ္မသုတ္တ တရားဓမ္မ ၁၄၉
ဓမ္မိယ ၂၄
ဓမ္မယုတ္တ ဓမ္မမဟာမတ္တ ၁၀၂
ဓမ္မရာဇာ မင်းတရားကြီး ၄၂၇
ဓမ္မရက္ခိတ၊ အရှင် ၂၀၂၊ ၂၁၅
ဓမ္မရက္ခိတမထေရ်၊ အရှင် ၂၉၂
ဓမ္မရုစိ၊ အရှင် ၂၉၂
ဓမ္မဝိလာသတ္ထေရ ၄၃၉
ဓမ္မဝါဒီ လင်္ဒီ ပေသလမထေရ်ကြီး
မဟာသံဃိတိ ၄၁
ဓမ္မသီရိ၊ အရှင် ၃၀၂
ဓမ္မသေန၊ အရှင် ၂၀၂
ဓမ္မသေနာပတိ၊ အရှင် ၄၃၁
ဓမ္မသောက ၆၂
ဓမ္မသင်္ဂဏီ ၁၀၊ ၂၇၀
ဓမ္မသင်္ဂဏီ အဋ္ဌကထာ ၂၇၂
ဓာတုကထာ ၁၀
ဓာတုစေတီတော် ၄၂၉
ဓာတုမာလာ ၄၃၀
ဓာတုသေနမင်း ၃၁၄၊ ၃၉၄
ဓိမာ ၃၃၈
ဓာတ်တော် ၂၄၉
ဓာတ်တော်တိုက်ကြီး ၉၀
ဓာတ်မွေ့ သရီတော် ၁၈၂


------- x -------

[ န ]


နခုံ ပထုံ ၄၅၈
နဂရာဟာရတိုင်း ၂၇၃
နဂတ်ချို ၃၆၆၊ ၃၆၇၊ ၃၆၈
နဂတ်ချို၊ အရှင် ၃၇၀
နဇရပ် ၃၅၈
နတ္တုန္ဒ၊ အရှင် ၂၀၃
နန္ဒကာဗျကျွမ်း ၂၃၄
နန္ဒဂူ ၄၂၀
နန္ဒဂူစေတီ ၄၃၁၊ ၄၄၈
နန္ဒ၊ အရှင် ၂၈၁
နန္ဒိဝမုန ၂၆၊ ၄၅
နဗပါ ၃၃၈
နဘာရဏ ၃၉၉
နမ္မဒါ ၁၁၀၊ ၁၀၆
နမ္မဒါ နရ်မဒါ နရ်ဗဒ္ဒါမြစ် ၁၀၆
နမ္မဒါမြစ် ၁၁၀
နရဇတ် ၂၂၅
နရပတိစည်သူ ၄၄၈၊ ၄၅၄၊ ၄၅၆
နရပတိစည်သူမင်း ၄၃၃၊ ၄၄၇
နရပတိသီဟ ၄၅၃

နရသီဟမြို့ ၂၀၁
နရသီဟပတိမင်းကြီး ၄၅၂
နရ်ဂဒါ ၁၀၆
နရိန္ဒာဒိစ္စမင်း ၂၆၂
နဝအဋ္ဌကထာ ၂၇၁
နဝန္ဒာဂရစေတီ-ဘူလီ အလ္လကပ္ပမင်း ၃၂၈
နဟပနမင်း ၁၂၁
နဟပန ဝိဟာရ ၁၁၅
နာဂဒါသကမင်း ၂၉၊ ၄၆
နာဂရီဘာသာ ၃၅၂
နာဂသေန ၁၉၉
နာဂသေနမထေရ်၊ အရှင် ၈၆၊ ၁၉၆
နာဂသေနမည်သောနတ်သား ၁၉၈
နာဂ၊ အရှင် ၂၁၇
နာဂအဇ္ဇုန၊ အရှင် ၂၄၀၊ ၂၄၂၊ ၂၈၀
နာဂါရဇုန၊ အရှင် ၂၄၀
နာဂါရဇုန-
နာဂဇ္ဇုန-နာဂ အဇ္ဇုန၊ အရှင် ၃၃၃
နာမမထေရ်၊ အရှင် ၃၁၅
နာမရူပ ပရိစ္ဆေဒကျမ်း ၃၀၂
နာရဒကဿပဇာတ် ၁၁၄
နာရဘုရင်လက်ထက် ၈၇
နာရမြို့တော်ကြီး ၃၈၇၊ ၃၉၀
နာရာယနမင်း ၂၀၇
နာလန္ဒ ၁၈၅၊ ၃၁၅၊ ၃၇၆
နာလန္ဒကျောင်း ၃၀၀၊ ၃၀၃၊ ၃၂၉၊ ၃၅၅
နာဂဗောဓိ၊ အရှင် ၂၈၀
နာသိကတောင် ၁၁၆၊ ၁၁၇၊ ၂၆၂
နာသိကမြို့ ၁၁၉
နာသိကာ ၁၁၁
နိကာယ ၁၅
နိကာယ် ၁၂
နိကာယ်အားဖြင့် ၅-ပါး ၁၃
နိဂလီဟဝါ ၁၅၃
နိဂျီရင်ရှူ ၃၉၂
နိဂြောဓ ၆၀
နိဂြောဓ သာမဏေ ၄၀၈
နိဇဂ် ၃၃၈
နိဒါနဝဂ် ၁၂
နိဒ္ဒေသ ၁၁၊ ၂၇၁
နိဒ္ဒေသအဋ္ဌကထာ ၃၁၅
နိပါတ သင်္ဂဟ ၁၅
နိရုတ္တိနည်း ၄၃၀
နိရှိ ဟွန်ဂန်ဂျိ ၃၉၁
နိဟာရရဉ္စန်ရေး ကလကတ္တား-
ယူနီဗာစီတီပါမောက္ခဆရာကြီး ၂၇၈
နေတ္တိ အဋ္ဌကထာ ၃၀၄
နေပါလ ၅၅၊ ၁၅၄၊ ၁၃၁၊
၃၂၈၊ ၃၄၁၊ ၃၄၂
နေပါလတိုင်း ၃၄၁
နေပါလနယ် ၁၃၁
နော်ရထာ ၄၅၁
နန်းကင် ၃၁၇၊ ၃၁၉
နန်းကင်မြို့ ၃၁၆
နန်ချို-နန်-ခ-အို ၄၆၀
နန်းတောင်းမင်း ၄၄၈
နံရံကြည့် ၃၁၇
နျာယပါလ ၃၆၂
နျာသကျမ်း ၄၃၁
နျာသအဖွင့် သံပြင်ဋီကာ ၄၃၂
နိုချိရင်ဂိုဏ်း ၃၈၉
နိုချိရင်ဆရာတော် ၃၉၀
နိုချိရန်ရှူဂိုဏ်း ၃၉၀
နိုဖိုပို ၃၃၈

နိုင်ငံတော်ဘာသာကြီး ၆၁
နောက်ဆုံး စောမွန်နစ် ၄၅၄
နောက်သံဃာဂိုဏ်း ၄၃၉

------- x -------

[ ပ ]

ပက္ကုသာတိ ၉၀
ပက္ကုသာတိမင်းကြီး ၈၆
ပစ္စယာနုဂ္ဂဟ ၃၁၈
ပဉ္စသတိကသံဂါယနာ ၃၊ ၇
ပပဉ္စသူဒနီ ၂၆၀၊ ၂၇၁၊ ၂၇၂
ပဉ္စပကရဏ ၂၇၀
ပဉ္စာပ ပန်ဂျပ်တိုင်းနယ် ၅၀၊ ၂၂၉၊ ၃၂၃
ပဉ္စမက ၄၅
ပဉ္စသတ ၁၆
ပဉ္စာလမြို့ ၃၂၆၊ ၄၅၆
ပဉ္စာပ ပန်ဂျပ်တိုင်း ၁၉၆
ပဉ္စိရမဏ ၂၀၃
ပစ္စေကဗုဒ္ဓယာန ၂၈၁၊ ၂၇၉
ပစ္စည်းဘဏ္ဍာတော် အရေးအားဖြင့် ၉၁
ပစ္စန္တရာဇ် ၈၀
ပစ္စရိတ် အဋ္ဌကထာ ၂၇၁
ပစ္ဆိမ ဗုဒ္ဓဝစန ၁၂
ပစ္ဆိမ ဘိက္ခုသံဃဂဏ-
နောက်သံဃာဂိုဏ်း ၄၃၉
ပဋ္ဌောတ ၂၆
ပဋ္ဌောတန ၂၆
ပညာ ၂၄၀
ပညာဂုတ္တ ၂၆၃
ပညာပါရမီတာ ၂၉၃
ပညာရသ္မိ၊ အရှင် ၂၆၄
ပဋိပတ္တိ ၁၈၆၊ ၄၁၀
ပဋိပတ္တိသာသနာတော် ၄၄၂၊ ၄၄၃
ပဋိဝေဓ ၁၈၆၊ ၄၁၀
ပဋိဝေဓ သာသနာတော် ၄၁၀၊
၄၁၁၊ ၄၄၃
ပဋိဝေဒက အဆောတလျှင် ၁၆၁
ပဋိသာရဏီယ ဝိနည်းက ၃၂
ပဋိသမ္ဘိဒါမဂ္ဂ ၁၁
ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ၃၀၄၊
၃၁၄၊ ၃၁၅
ပဌမဗုဒ္ဓဝစန ၁၂
ပဌမသံဂါယနာ ၇၉
ပဌာန ၁၀
ပဏ္ဍု ၂၂၈၊ ၂၆၀
ပဏ္ဍုကနန္ဒ ၄၅
ပဏ္ဍုဂဘိနန္ဒ ၄၅
ပဏ္ဍိတဟာရပတာ ၃၃၀
ပဏ္ဍိတမဟာယာနဒေဝ ၃၃၀
ပဏ္ဍိတဘူမိဂဗ္ဘမထေရ် ၃၇၀
ပဏ္ဍိတ်ဘွဲ့ ၃၃၀၊ ၃၃၁
ပဏ္ဍု မဏ္ဍလ ၉၅
ပဏ္ဍုတိုင်း ၉၇၊ ၉၉
ပဏ္ဏာသ သင်္ဂဟ ၁၅
ပဏ္ဏတ္တိဂိုဏ်း ၄၁
ပတိဋ္ဌာန ၁၁၉
ပတိဋ္ဌာနမြို့ ၁၁၈
ပတ္တသောဘာမြို့ ၈၃
ပတ္တာနန္ဒ၊ အရှင် ၂၀၃
ပထမ သီလာထမ္ဘာနုသာသနီ ၁၄၉
ပဒကယျာမ်မြို့ ၃၃၈
ပဒမပူရ ၈၆
ပဒမာလာ ၄၃၀
ပဒုမနန္ဒမင်း ၄၈

ပဒုမသမ္ဘဝမထေရ်၊ အရှင် ၃၄၄
ပဒေသရာဇ်နယ်စား ၃၁၃
ပဓာနဖြစ်သောကျောက်တိုင်-
အမိန့်တော် ၇-ရပ် ၇၂
ပဓာန သီလာလေခ တတိယ ဓမ္မလိပိ ၁၄၈
ပဗ္ဗတမင်းသား ၄၆
ပဘာသိလ ၃၃၆
ပဘာဝတီ ၃၆၁
ပဘူဇယဘယမင်းသား ၂၉၇
ပဒ္မပါဏိ ဗောဓိသတ္တ ၂၄၁
ပယာဂ ၃၂၇၊ ၃၃၇
ပယာဂ ဆိပ်ကမ်းမြို့ ၃၂၆
ပရက္ကမမင်း ၃၉၅
ပရစိတ္တဝိဇာနနညာဏ် ၂၅၈
ပရတာပါဒိစ္စ ၈၈
ပရဒ ၁၁၆
ပရမတ္ထဇောတိ ၂၇၁
ပရမတ္ထဗိန္ဒုကျမ်း ၄၅၀
ပရမတ္ထဝိနိစ္ဆယကျမ်း ၃၀၂
ပရမတ္ထသစ္စာ ၂၄၀
ပရဒေသ ထိုင်းနိုင်ငံတော် ၄၆၀
သာရိပုတ္တ ၄၃၉
ပရဘူဇယာဘယ ၂၄၄
ပရဝါဒ ၇၈
ပရာကရိတ ၃၃၀
ပရိနိဗ္ဗာနသုတ် ၂၅၃
ပရိယတ္တိ ၂၆၃၊ ၄၁၀
ပရိယတ္တိ သာသနာတော် ၄၁၁
ပရိဘောဂစေတီတော် ၁၈၂၊ ၄၂၉
ပလ္လဝ ၉၇
ပရိဟာသပူရမြို့တော် ၈၉
ပါကတိက ၃၃၃
ပါကဘာ ၃၃၃
ပါဋလိပုတ် ၄၉၊ ၂၉၀
ပါဋလိပုတ်မြို့သစ် ၄၄
ပါဏိနီ ၃၂၄
ပါတာလမြို့ ၃၃၆
ပါတိမောက် ၂၇၁
ပါမိရအရပ် ၃၃၈
ပါလက ၂၆
ပါလစ္စတိန (ပါလစ္စတိုင်) ၃၅၇
ပါလမင်း ၂၈၆၊ ၃၆၁
ပါလမင်းမျိုး ၂၆၁
ပါလဝါဟ ၃၃၆
ပါဝါမြို့ ၃၂၈
ပါဝါရိ-ကမ္ဗဝန ၁၈၅
ပါဝါရိကသရက်တော-
ကျောင်းတိုက်ကြီး ၂၇၉
ပါဝါရိကာရုံကျောင်းတော်ကြီး ၁၈၅
ပါဝါရိကမ္ဗာဝနဝိဟာရ- ၂၇၉
ပါသိယ ၅၀၊ ၂၉၄
ပါသိယတိုင်း ၃၁၁
ပါသိယံ ၁၂၈
ပါသိရတိုင်း ၂၅၂
ပါသီ ၁၉၅
ပါဠိ ၃၃၃၊ ၄၆၃
ပါဠိဘာသာ ၄၂၆
ပိဋက ၁၁၊ ၁၅
ပိပ္ပလိတိုင်းငယ် ၁၉
ပိပ္ပလိဝန မောရိယမြို့ ၃၂၈
ပိယုတထေရ၊ အရှင် -
အလက္ကဇန္ဒြိယပြည်သား ၁၂၇
ပိလေသနမြို့ ၃၃၇
ပိလောသနမြို့ ၃၂၆

ပိဂ်လမင်း ၁၀၇
ပိဂ်လဝစ္ဆဇိဝ ၅၆
ပိန်ပန ၃၁၉
ပိယဇာလိ ၂၄
ပိယဒဿိ ၂၄
ပိယပါလ ၂၄
ပုဂါမသာသနာ ၄၁၄
ပုဂါမ် ၄၁၄
ပုဂ္ဂလပညတ္တိ ၁၀
ပုဂ္ဂလဝါဒ ၁၈၆
ပုဏ္ဏာဂါမ ၄၁၄
ပုန္ဒဝဒ္ဓနမြို့ ၃၃၁
ပုနိသုတ္တန် ဒေသနာတော် ၁၇၇
ပုပ္ပါးစောရဟန်းမင်း ၄၀၆
ပုပ္ဖမိတ္တ ၁၉၄
ပုဗ္ဗသေလိကာဂိုဏ်း ၄၃
ပုရိသပူရ ၂၄၅
ပုရိသပူရ ပက်သျှဝါမြို့ ၂၂၉
ပုရူသပုရ-ပက်သျှဝါမြို့တော် ၂၃၅
ပုရိသပူရ ပေသျှဝါမြို့တော် ၂၉၀
ပုလိန္ဒမိတ္တ၁၉၄
ပုသျှမိတ္တသုင်အမတ် ၁၉၀
ပုသျှာမိတြ ပုပ္ဖ မိတ္တ ၁၉၄
ပူရိမ ဘိက္ခုသံဃဂဏ-
ရှေးသံဃာဂိုဏ်း ၄၃၉
ပူရိသပူရ ၃၂၃
ပူရိသပူရမြို့ ၂၃၁
ပူရာဏ်ကျမ်း ၁၈၇
ပူရတ္ထိ-ပူလတ္ထိမြို့ ၃၉၇
ပူလတ္ထိမြို့ ၄၀၀
ပူလတ္ထိမြို့တော်သစ်ကြီး ၃၉၇
ပူရန် ၃၆၃
ပေတဝတ္ထု ၁၁၊ ၁၀၇၊ ၁၄၅
ပေတဝတ္ထု အဋ္ဌကထာ ၃၀၄
ပေယျာလ သင်္ဂဟ ၁၅
ပုံသုကူမထေရ်၊ အရှင် ၄၄၃၊ ၄၄၅
ပိုလီတိုင်း ၃၅၄
ပို-လို-ယု- ပါရာဝတ ၃၃၃
ပက်သျှဝါ ၉၀
ပက်သျှဝါ မြို့တော် ၃၂၃
ပိုက်- မာ- စီ ၂၄၉၊ ၂၅၀
ပိုင် နယူချင်မင်း ၂၅၁
ပင်ကိလ ၃၃၃
ပင်-ကိ-လို ၃၃၃
ပေါကြို- အဘကြိုသောအရပ် ၄၅၅
ပေါင်းလောင် ရှင်ကဿပ ၄၅၆
ပေါင်းလောင်း(ပလောင်း)အရပ် ၄၅၆
ပျံချီ ၄၄၅
ပျံ့နှံ့ရေးမှုးများ ၁၀၂
ပျူဘာသာ ၄၂၆
ပြဿဒါးစေတီတော် ၄၅၁
ပြာဏဒဿီ၊ အရှင် ၄၃၃
ပြက်ခရွှေတောင်ကြီး ၄၁၆


------- × -------

[ ဖ ]


ဖလနာ ၃၃၇
ဖန္ဒန်း ၃၁၉
ဖရန့်က်ဂျီကာပင်တား ၂၉၈
ဖန္ဒန် ၃၅၃
ဖာလင် ၂၄၆
ဖါဟိုင် ၉၂၊ ၁၃၃၊ ၁၃၅
ဖါဟိုင်း၊ အရှင် ၂၉၁၊ ၂၉၃၊ ၂၉၄
ဖါဟိုင်၊ အရှင် ၉၃၊ ၉၇၊ ၁၃၀၊

၃၂၁၊ ၃၂၂
ဖါဟိုင် ဖါဟီယန်၊ အရှင် ၁၂၈
ဖိလစ်ဒလ ၁၂၇
ဖုဿဒေဝ၊ အရှင် ၂၁၇
ဖူရီ ၂၄၇
ဖောင်တော်ဦးစေတီတော် ၄၂၉
ဖောင်တော်ဦး သင်းယနက် ၄၅၆
ဖျာပုံ အရှင်သံဝရာဘိဝံသ ၄၆၈

------- x -------

[ ဗ ]

ဗညားစော ၄၆၆
ဗညားစောမင်းရဲ ၄၆၆
ဗဒမိမြို့ ၁၁၉
ဗဒရီ-ဗဒရီကတိုင်း ၃၃၅
ဗန္ဓုပါလိတမင်း ၁၈၇
ဗရိပုန်တောရကျောင်းတိုက်ကြီး ၃၈၅
ဗရိပုန်ကျောင်းတိုက်ကြီး ၃၇၉
ဗလာချိစတန် ၃၃၆
ဗဟလတိဿမထေရ် ၂၁၆
ဗဟုဿုတိကဂိုဏ်း ၄၁
ဗာကုလ အရှင်၊ စေတီတော် ၁၅၆
ဗာရာဏသီ-
ဣသိကပတန မိဂဒါယ ၂၉၁
ဗာရာဏသီ ၂၉၁၊ ၃၂၈
ဗာလာဒိစ္စ ၂၈၂
ဗာလီ ၂၉၆
ဗာလီကျွန်း ၁၃၈
ဗာလီမျောက်မင်း ၂၉၆
ဗာဝရီ ၉၅
ဗာဝရီဆရာကြီး ၁၁၅
ဗိမ္ဗိသာရ ၂၇
ဗိန္ဒုသာရမင်း ၁၈၉
ဗိန္ဒုသာရ အမိတ္တဃာတမင်း ၅၃
ဗိဿနု ၂၄၀၊ ၂၄၁၊ ၂၉၇
ဗီဟာနယ် ၃၆၀
ဗန္ဓုပဘာ၊ အရှင် ၂၈၁
ဗုဒ္ဓဂယာဝဇီရာသန ၃၁၂
ဗုဒ္ဓဂုတ္တမင်း ၂၈၂
ဗုဒ္ဓဂုယှ၊ အရှင် ၃၄၅
ဗုဒ္ဓဃောသမထေရ်၊ အရှင် ၂၈၂၊ ၃၁၁
ဗုဒ္ဓဃောသုပ္ပတ္တိကျမ်း ၂၅၇
ဗုဒ္ဓစရိတ ၂၃၄
ဗုဒ္ဓဒေဝမထေရ် ၂၇၄
ဗုဒ္ဓဒေဝ၊ အရှင် ၂၆၅
ဗုဒ္ဓဓမ္မ၊ အရှင် ၃၁၆
ဗုဒ္ဓနန္ဒိ၊ အရှင် ၂၉၃
ဗုဒ္ဓနိုင်ငံတော် ၂၅၁
ဗုဒ္ဓပိယမထေရ်၊ အရှင် ၉၈၊ ၃၁၅
ဗုဒ္ဓဘာသာမှု ၂၂၆၊ ၄၆၈
ဗုဒ္ဓမိတ္တ၊ အရှင် ၂၆၅၊ ၂၇၄
ဗုဒ္ဓဝစန ၁၂၊ ၁၅
ဗုဒ္ဓဝံသ ၁၁
ဗုဒ္ဓဝံသ သီဟဠ သံဃပက္ခ-ဗုဒ္ဓဝံသ ၄၄၁
ဗုဒ္ဓဝံသအဋ္ဌကထာ ၃၀၁၊ ၃၀၄
ဗုဒ္ဓယာန ၂၃၉၊ ၂၈၀
ဗုဒ္ဓရက္ခိတ၊ အရှင် ၂၀၂၊ ၂၁၇
ဗုဒ္ဓသီရိ၊ အရှင် ၂၇၂
ဗူလီမင်း ၁၉
ဗောဓိမဏ္ဍိုင် ၂၀၃
ဗောဓိပင် ၂၃၁
ဗောဓိသတ္တာယာန ၂၃၉၊ ၂၈၀
ဗောဓိသတ္တ ၂၄၂
ဗောဓိသတ္တကမ္မာဒိမဂ္ဂါဝတာရ ၃၇၁

ဗောဓိပထ ပဒီပ ၃၇၁
ဗောဓိသတ္တပဏျာဝလိ ၃၇၁
ဗောဓိဉာဏ၊ အရှင် ၂၉၂
ဗောဓိမွက၊ အရှင် ၃၁၇
ဗောဓိမွ၊ အရှင် ၃၁၆၊ ၃၁၈၊ ၃၈၉
ဗြဟ္မဇာလသုတ် ၁၃၇
ဗြဟ္မဏဂီရိ ၉၉
ဗြာဟ္မဏ ဘာသာဝင် ၂၉၆
ဗြာဟ္မဏမှတ်တမ်း ၁၈၇
ဗြာဟ္မဏ ဝဒ္ဓန ၃၃၆
ဗြာဟ္မဏ ဝေဒန္တ ၂၃၈
ဗြဟ္မပုတြမြစ်ဝှမ်း ၂၆၁
ဗြဟ္မပူရ ဂေါဝိသနမြို့ ၃၂၆
ဗြဟ္မာ ၂၄၀
ဗိုရိုဗုဒုရ် ၂၉၆၊ ၃၅၅
ဗိုရို-ဗုဒုရ် မဟာစေတီတော်ကြီး ၂၉၇
ဗျာကရုဏ်းကျမ်း ၃၀၅
ဗျာကရုဏ်းကျမ်းကြီး ၂၉၂
ဗျတ္တယာန ၂၃၉၊ ၃၀၀
ဗျာနဒဿီ၊ အရှင် ၃၆၂
ဗန်းမော် ၄၆၄

------- × -------

[ ဘ ]

ဘက္ကတြိယမင်း ၁၉၅
ဘက္ကတြိယမ် ၂၄၈
ဘကိယ ၂၀၀
ဘဂဝတမိတ္တ ၁၉၄၊ ၁၉၅
ဘဒ္ဒဇိ ၂၄
ဘဒန္တဗုဒ္ဓပုတ္တမထေရ်၊ အရှင် ၂၇၂
ဘဒ္ဒနာမ မထေရ်၊ အရှင် ၂၁၇
ဘဒ္ဒသေန ၄၅
ဘဒ္ဒယာနဂိုဏ်း ၄၂
ဘဏ္ဍုက ၁၄၄
ဘရိဂု ကစ္ဆ ၁၀၆
ဘရုကစ္ဆ ၁၁၂
ဘရိုးချ် ၁၀၆
ဘရိချ်ဘုံဘောတိုင်း ၃၃၅
ဘရစ်ခင် ကျောင်းတိုက်ကြီး ၃၇၈
ဘဝဝိဝေက၊ အရှင် ၂၈၁
ဘာဏ ပဏ္ဍိတ၊ အရှင် ၂၄၈
ဘန္တြယာန ၂၈၀
ဘာနုမြို့ ၃၃၇
ဘာမလိတ္တိ ၂၉၁
ဘာရုကစ္ဆ ၁၀၆၊ ၁၁၂၊ ၃၃၅
ဘာလီကျွန်း ၂၉၅ ၊ ၂၉၇
ဘာသာဝါဒမျိုး ၁၀၂
ဘိက္ခုနီနိဒါန်း ၂၉၂
ဘိက္ခုနီမ ၂၅၀၊ ၂၉၂
ဘိရု ၁၁၂
ဘီစိ ၂၂၅
ဘုရား ဗုဒ္ဓ ၂၉၆
ဘုရင် ဆရုန်-ဆန်-ဂွန်ပို ၃၄၁၊ ၃၄၂၊ ၃၄၃
ဘုရင် ကာလာသောကမင်း ၄၀
ဘုရင် ကုဗလခန်း ၄၅၉
ဘုရင် ဂူဟာသီဝမင်း ၂၁၃
ဘုရင် စဏ္ဍပဇ္ဇောတမင်းကြီး ၁၈
ဘုရင် ဆရုန်ဒျူဆန် ၃၄၅
ဘုရင် မနုဟာ ၄၁၃
ဘုရင်မ ဧကရီစုဉ်ကို ၃၅၀
ဘုရင် မင်းတရားကြီး ကုဗလခန် ၃၇၈
ဘုရင် မင်းထီး ၂၅၁
ဘုရင် မင်းမြတ် ၃၂၀

ဘုရင် လလိတိန္ဒြကေသရီ ၃၃၂
ဘုရင် လီယန်ဝူထီး ၃၁၉
ဘုရင် လာတ်လာမ ၃၆၉
ဘုရင် ဝင်တီ ၃၂၀
ဘုရင် သသက် ၃၃၁
ဘုရင် သီလာဒိစ္စမင်း ၂၄၂၊ ၃၃၀
ဘုရင် ဟာသဝဒ္ဒနမင်း ၃၃၂
ဘုရင် အဇာတသတ်မင်း ၁၈၊၁၉
ဘုရင် အာယ်လီမင်းကြီး ၂၁၆
ဘုရင် ဥဒည်ပွား ၄၁၆
ဘုရင် ဥတေနမင်းကြီး ၁၇
ဘုဝနေကမင်း ၄၀၄
ဘောဃ ၁၂၂
ဘက်ဒဆာ ၁၂၂
ဘူတပါလနန္ဒ ၄၅
ဘူတန် ၁၃၁၊ ၁၃၁၊ ၃၄၁
ဘူတန်နယ် ၂၃၃
ဘူမိဂဗ္ဘအရှင် ၃၆၇
ဘူမိမိတ္တမင်း ၂၀၇
ဘူမိသံဃ၊ အရှင် ၃၇၀
ဘောဇတိုင်း ၁၀၆
ဘောဇဘဒြ ၂၄၀
ဘောလရ တောင်ယက္ခ ၂၂၉
ဘေသလဟင် ၂၂၅
ဘတ်ပတစ်ဇမ် အဘိသေက ၂၂၅
ဘင်ဒယ်ဂိုဏ်းကြီး ၃၈၈
ဘော်ကြိုဘုရား ၄၅၅

------- × -------

[ မ ]

မကမဂစ်မင်း ၁၂၇
မက္ကာမြို့ ၃၅၈
မကုံရ ၄၅
မဂ ၁၆၅
မဂတိုင်း ၃၃၆
မဂဓတိုင်း ၂၀၂၊ ၂၀၃၊ ၃၂၀
မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်တော် ၅
မဂဓမင်း ၄၄
မဂဓမင်းဆက် ၂၅
မဂဓဝါစရိယရာမနုဇ ၃၀၈
မဂဓတိုင်း ဝိက္ကမသီလာ ၃၆၆
မဂဓအမတ်ကြီးများ ၄၄
မဂါဘုရင် ၆၉
မဂ်လဒီပနီ ၄၆၆
မစ္ဆတိုင်း ဝိရာတမြို့တော် ၃၂၄
မဥ္စုပတန ၁၅၂
မဥ္စုသီရိ ၂၄၁
မဇ္ဈန္တိက ၈၀၊ ၈၁
မဇ္ဈန္တိက၊ အရှင် ၈၉၊ ၉၄
မဇ္ဈိမ ၈၀၊ ၃၄၀
မဇ္ဈိမ ဗုဒ္ဓဝစန၊ ၁၂
မဇ္ဈာမိကဂိုဏ်း ၂၈၁၊ ၃၈၃
မဇ္ဈိမိက ၂၄၀
မဇ္ဈိမိကဂိုဏ်း ၃၃၀
မဇ္ဈိမတိုင်း ၂၄၈
မဇ္ဈိမဒေသတိုင်း ၃၄၀
မဇ္ဈိမထေရော ၁၃၅
မဇ္ဈိမနိကာယ ၂၇၁
မဇ္ဈိမနိကာယ အဋ္ဌကထာ ၂၇၂
မဇ္ဈိမနိကာယ် ၉၊ ၁၀၊ ၁၂
မဇ္ဈိမနိကာယ်ဋီကာ ၃၀၅
မဇ္ဈိမနိကာယ် အဋ္ဌကထာ ၂၆၀
မဇ္ဈိမပဏ္ဏာသ ဓာတုဝိဘင်္ဂသုတ် ၈၆
မဇ္ဈိမပဏ္ဏာသဉ္စသုတ်ပေါင်း-၅၀ ၉

မဇ္ဈိမ မထေရ်၊ အရှင် ၁၃၀
မဇ္ဈိမသံဂီတိ ၉
မဇ္ဈိမောပဒေသ ၃၇၁
မဏ္ဍလ ၄၇
မဏ္ဍလ မိုက်ဆိုးရ် ၉၅
မထုရာ(မဓုရာ) ၂၃၀
မထုရာပြည်နယ် ၂၃၃
မထုရ ၃၂၇
မထုရမြို့ ၃၂၇
မထုရာမြို့ ၂၉၀
မထုရာ(မဓုရာ)မြို့နယ် ၂၁၁၊၃၁၀
မထေရ်မြတ် ကြွတော်မမူမီ-
တရုတ်ရဟန်းတော် ဖါဟိုင် ၂၆၇
မဒ္ဒတိုင်း ၃၂၃၊ ၃၂၄
မဓုရမြို့နယ် ၁၉၆
မဈျာမိက-မဇ္ဈိမိက ၂၄၀၊၂၄၂
မဈျာဓိက-မဇ္ဈိမကဂိုဏ်း ၂၈၀
မနဘာရဏ ၃၉၉
မနဘာရဏမင်းသား ၃၉၉
မနိကပူရ ၉၃၊ ၃၂၃
မနိက ၉၃
မနိစာလ ၉၃၊ ၃၂၃
မနိစာလစေတီ ၂၃၃
မနိစာလမြို့ ၂၃၃
မနုဟာမင်း ၄၁၂၊ ၄၁၆
မနောရထပူရဏီ ၉၇၊ ၂၅၉၊ ၂၇၁၊ ၂၇၃
မနောဟိတမထေရ်၊ အရှင် ၂၃၁
မန္တလေးတောင် ၉၀
မန္တိဂုတ္တမင်း ၃၁၃
မန္ဒာရဝ-နတ်ပန်း ၃
မလဗာနယ်ပယ် ၁၀၂
မလဘာတိုင်း ၃၃၅
မလယ-မလေးကျွန်းဆွယ် ၂၉၇
မလဝ ၁၁၂၊ ၃၃၅
မလဝါ ကနာရ် ၂၂၂
မလဝါတိုင်း ၁၁၈
မလဝါနယ် ၃၁၁
မလသ ၂၉၅
မလ္လမင်း ၁၉
မလ္လာဝဘောဂ ၂၀၃
မလေး ၄၅၈
မလေးကျွန်းဆွယ် ၃၇၅
မလေး-မလယ ၁၃၈
မလျကုတ ၃၃၅
မဟာကာလ၊ အရှင် ၄၀၇
မဟာကစ္စာနမထေရ်၊ အရှင် ၁၀၈
မဟာကပ္ပိန ၉၀
မဟာကပ္ပိန၊ အရှင် ၈၆
မဟာကဿပ၊ အရှင် ၂
မဟာကဿပမထေရ်၊ အရှင် ၂၃၆
မဟာကဿပ၊ အရှင် စေတီတော် ၁၅၆
မဟာခတြပ မင်းမျိုး ၁၂၁၊ ၁၁၉
မဟာစူဠတိဿ ၂၂၂
မဟာစူဠိက ၂၂၃
မဟာဒါဒိကမင်း ၂၂၃
မဟာဒေဝ၊ အရှင် ၂၀၃
မဟာဓမ္မဂမ္ဘီရ၊ အရှင် ၄၆၅
မဟာဓမ္မဒဿီ၊ အရှင် ၄၁၄
မဟာဓမ္မပါလ၊ အရှင် ၃၁၅
မဟာဓမ္မရက္ခိတ ၈၀
မဟာဓမ္မရက္ခိတ၊ အရှင် ၂၁၄
မဟာနဂရ ၄၆၄
မဟာနာဂဝံသသီဟဠသံဃာပက ၄၄၁
မဟာနာမထေရ် ၃၁၄

မဟာနာမမင်း ၃၁၃
မဟာနိဒ္ဒေသအဋ္ဌကထာ ၃၀၄
မဟာပဒုမ၊ အရှင် ၂၁၈
မဟာပရိနိဗ္ဗာနသုတ် ၂၉၂
မဟာပုထိုးတော်ကြီး ၂၉၆
မဟာဗုဒ္ဓဃောသ ၂၅၉
မဟာဗုဒ္ဓဃောသ၊ အရှင် ၁၂၉၊ ၂၉၇၊
၁၂၉၊ ၁၈၄၊ ၁၈၆၊ ၂၅၆၊ ၂၆၁၊
၂၆၆၊ ၂၉၁၊ ၃၀၁၊ ၃၁၃၊ ၃၁၅
မဟာဗုဒ္ဓဃောသမထေရ်မြတ်၊ အရှင် ၈၂၊
၂၇၁
မဟာဗုဒ္ဓဃောသအတ္ထုပ္ပတ်၊ အရှင် ၂၈၈
မဟာဗုဒ္ဓဒတ္တ၊ အရှင် ၂၆၃၊ ၃၀၁၊ ၃၁၅
မဟာဗောဓိ သီရိအောင်မြေ ၁၅၁
မဟာဗောဓိစေတီတော် ၄၄၈
မဟာမဟိန္ဒ၊ အရှင် ၃၀၄
မဟာမေဒင်ဘုရင် ၂၈၇
မဟာမေခေါ်ရ၊ အရှင် ၄၆၅၊ ၄၆၆
မဟာမောဂ္ဂလိပုတ္တတိဿ၊ အရှင် ၈၉
မဟာမောဂ္ဂလာန်မထေရ်၊ အရှင် ၂
မဟာမင်္ဂလခရ၊ အရှင် ၄၆၇
မဟာမက် ၃၅၉
မဟာမက်ဘင်ကာဇင် ၃၅၉
မဟာယာန ၂၃၉၊ ၂၄၀၊ ၃၀၀၊ ၃၁၈
မဟာယာနဂိုဏ်း ၂၃၉၊ ၂၉၃
မဟာယာနပထသာခနေဝဏ္ဏသင်္ဂဟ ၃၇၁
မဟာယာနပိဋကတ်ကျမ်းစာ ၂၉၁
မဟာယာန သာသနာ ၂၃၈
မဟာယာနသုတ္တန် ၂၉၁
မဟာယာန အမိတာဘာသုတ္တန် ၂၈၉
မဟာရဋ္ဌ ၈၀၊ ၁၀၉၊ ၁၁၅၊
၂၂၂၊ ၃၃၅
မဟာရဋ္ဌ ရဋ္ဌိက ဒေဝရဋ္ဌ ၁၁၈
မဟာရာဇ ဂုတ္တ ၃၀၉
မဟာရာဇာနရ သီဟပတိ ၄၅၂
မဟာရေဝ ၈၀
မဟာရေဝတမထေရ် အရှင် ၄၀၊ ၉၄၊ ၁၃၁
မဟာရက္ခိတ ၈၀
မဟာရက္ခိတ၊ အရှင် ၁၂၃
မဟာလာနကိတ္တိမင်း ၃၉၅
မဟာဝင် မင်းဆက် ၃၉၄
မဟာဝင်မှတ်တမ်း ၁၄၄
မဟာဝိဟာရဂိုဏ်း ၄၀၁
မဟာဝိဟာရဝါသီဂိုဏ်း ၂၁၆၊ ၂၆၇
မဟာဝံသ ၃၀၅၊ ၃၁၄၊ ၃၉၄
မဟာဝံသကျမ်း ၂၆၈
မဟာဝုံကျောင်းတော် ၂၉၀
မဟာဝင် ၁၂
မဟာသီဝ၊ အရှင် ၂၁၈
မဟာသေနမင်း ၃၉၄
မဟာသံဂီတိ သဗ္ဗတ္ထိဝါဒီ ၂၃၁
မဟာသံဂီတိ ၄၁
မဟာသံဃိက ၂၁၂၊ ၂၂၀၊ ၂၃၈
မဟာသံဃိကဂိုဏ်း ၄၁
မဟာသံဃိတိသံဂါယနာ ၄၁
မဟာသံဃိတိဂိုဏ်း ၆-ဂိုဏ်း ၄၂
မဟိသမတိ ၁၀၆
မဟိသာသကဂိုဏ်း ၄၂၊ ၂၆၅၊
၁၉၂၊ ၂၉၃
မဟီပါလမင်းကြီး ၃၆၂
မဟေသရ ၂၄၀၊ ၂၄၃
မဟေသရ-မဟာဒေဝ ၂၄၂
မဟေသုရပူရမြို့ ၃၃၆
မဟိံသတိ ၁၀၆

မဟီံသကတိုင်း ၁၉၂
မဟီံသက မဏ္ဍလ ၈၀၊ ၉၉၊ ၂၆၀
မဟိန္ဒ ၈၀
မဟိန္ဒကုမာရ ၂၉၀
မဟိန္ဒာဒိစ္စ ၃၀၉
မဟိန္ဒမင်း ၃၉၅၊ ၄၀၃
မဟိန္ဒမင်းသား ၇၆၊ ၅၈
မဟိန္ဒ၊ အရှင် ၂၁၇
မဟာအဂ္ဂပဏ္ဍိတ၊မဟာထေရ် အရှင် ၄၃၀
မာဂဓီဘာသာ ၃၁၁
မာဆေဒမ် ၇၁
မာတင်္ဂမထေရ် ၂၅၁
မာဓဝါစရိယ ၃၀၇
မာနသိက ၃၀၂
မာနိစာလ ၉၃
မာန္ဓခေတကမြို့ ၁၁၉
မာဘင်္ဂ၊ အရှင် ၂၈၈
မာလကုဋ္ဌတိုင်း ၉၇
မာလခေဒ ၁၁၉
မာလဗာနယ် ကမ်းခြေတလျှောက် ၁၀၃
မာဝရမြို့ ၃၂၆
မိဂဒါယ သီလာသမ္ဘ ၁၅၅
မိတ္တသေနမင်း ၃၉၄
မိတြိဂုတ္တ ၈၈
မိထိလာကန်တော် ၄၁၆
မိလိန္ဒ ၈၆၊ ၁၉၆
မိလိန္ဒမင်း ၁၉၅၊ ၂၁၁၊ ၂၂၉၊ ၃၂၄
မိဿကတောင် ၁၄၄
မိဟိရကုလ ၃၁၁
မုဋ္ဌသီဝမင်းကြီး ၁၄၃
မုဏ္ဍမင်း ၂၉
မုနိသုတ္တန် ၁၇၇
မုအန်စော-မုအန်ကားမြို့ ၄၆၀
မုအန်ဖန်မြို့ ၄၆၀
မူလဋီကာ ၃၀၅
မူလတန်မြို့ ၃၃၆
မူလပဏ္ဏာသဦ သုတ်ပေါင်း-၅၀ ၉
မေကရ ၁၃၂
မေဃဝါဟန ၈၇
မေတ္တယျ ၉၅
မေတ္တေယျနာထ၊ အရှင် ၂၈၀
မေဃဝါဟနမင်း ၃၁၂
မေရကမြို့ ၁၃၂
မေရီ ၂၂၅
မဲခေါင်မြစ်ဝှမ်း ၂၉၇
မောတိုင်းနယ် ၁၄၃
မောနေယျသုတ္တန်ဒေသနာတော် ၁၇၇
မောမင်း ၄၅၆
မောရိယ ၄၇
မောရိယမင်း ၄၅၊ ၁၀၇
မောရိယမင်းမျိုးအနွယ် ၁၉
မောဂ္ဂလာန ၃၀၅
မောဂ္ဂလာန၊အရှင် ၁၅၅
မောဂ္ဂလိပုတ္တတိဿ ၂၄၊ ၄၃၄
မောဂ္ဂလိပုတ္တတိဿ၊မထေရ် ၈၊ ၂၂၊၂၃
မောဂ္ဂလိပုတ္တတိဿ၊မထေရ်၊အရှင် ၅၃၊ ၇၂
မောဟဝိစ္ဆေဒနီအဋ္ဌကထာ ၃၀၂
မောဟိနီ ၁၀၉
မောဟိနီမြစ် ၁၁၀
မောဟိနီမြစ်ဝ ၁၁၀
မက်ဆီဒိုနီယာတိုင်း ၁၂၇
မင်းကြီးနရသီဟပတိ ၄၅၂
မင်းခွေးချေး ၄၅၂
မင်းဘုရား ၂၀၄

မင်းထီး ၂၄၇၊ ၂၄၉၊ ၂၅၁
မင်းသျှင်စော ၄၃၁
မန်ချူရီယား ၃၈၅
မွန်ဂိုလ် ၂၄၀
မြောက်ပိုင်းသာသနာ ၂၃၈၊ ၂၆၂၊ ၂၆၅၊ ၃၀၀
မွေတော် ၂၄၉
မြဆင်းတုတော် ၄၆၄
မြန်မာနိုင်ငံ ၃၉၇
မြန်မာနိုင်ငံဘုရင်ခံ မင်းထံ ၉၀
မြန်မာဘာသာ ၄၂၆
မြန်မာ, ရှမ်း ၄၅၉
မြန်မာအစ တကောင်းက ၄၅၅
မြဘုရား ၄၆၄
မြေးတော် ၁-ပါး ၁၈၉
မြေဘုံသာဘုရားလှ ၁-ဆူ ၄၄၆
မြို့တော်နန်းကင်မြို့ ၃၈၂
မွန်ခမာ, ယိုးဒယား ၄၅၇
မွန်ဂိုလီးယား ၂၉၉၊ ၃၇၉
မွန်ဘာသာ ၄၂၆
မိုနို နို ဘီ ၃၈၆
မိုးနဲ ၄၆၄
မိုးမခမယ်ရတနာ ၂၉၈
မိုင်းဆည် ၄၆၄
မုံဟာဉ်, ဗုံဟာဉ်, ဗုံဗိုင် ၂၂၂
မုန်ခန်မြို့ ၃၃၈

------- × -------

[ ယ ]

ယက္ခ ၁၃၂
ယညသီရိဂေါတမီပုတ္တမင်း ၁၂၁
ယထာဓမ္မ ၁၁
ယထာနုလောမ ၁၁
ယထာပရာဓ ၁၁
ယမက ၁၀
ယမုနာ မြစ်ဆုံ ၃၂၆
ယမုနာမြစ်ဝှမ်း ၃၂၆
ယဝကျွန်း ၂၉၅
ယဝကျွန်း(ဂျဝ-ဂျာဝါကျွန်း) ၃၅၄
ယဝ-ဂျာဝါးကျွန်း ၂၉၆
ယသကကဏ္ဍကပုတ္တ ၃၇
ယသ၊ အရှင် ၃၁၊ ၃၉
ယသိတ၊ အရှင် ၂၉၃
ယဟူဒီဘာသာ ၃၅၇
ယာဒုယသီရိကျောင်း ၁၁၆၊ ၁၂၁
ယာဒုယသီရိ ဝိဟာရ ၁၁၅
ယောဂကျမ်း ၃၀၂
ယောဂါစာရ ၃၄၈၊ ၃၆၇
ယောဂါစာရဂိုဏ်း ၂၈၀၊ ၂၈၁၊ ၂၉၄၊ ၃၀၂၊ ၃၃၀
ယောဂါစာရ ဈာန်ဂိုဏ်း ၃၄၉
ယောနက ၂၁၅၊ ၃၅၇
ယောနက ကမ္ဗောဇ ၁၈၁
ယောနက ကမ္ဗောဇတိုင်း ၅၁၊ ၂၀၆
ယောနကတိုင်း ၈၀၊ ၂၀၃၊ ၂၀၄၊ ၂၁၅
ယောနက ဓမ္မရက္ခိတ ၈၀
ယောနကဘုရင် ၅၀၊ ၆၃
ယောနက ရက္ခိတ ၁၀၄
ယောနကဓမ္မရက္ခိတ၊ အရှင် ၈၀၊ ၂၀၃
ယူချိမင်း ၁၁၉
ယှဲ-ချပ်-ကောန်မ ၁၃၂
ယှန်တီး၊ အရှင် ၃၇၅
ယွန်ချောင်၊ အရှင် ၃၂၁
ယွန်းဂိုဏ်း ၄၅၇

ယွန်း ၉-ပြည်ထောင် ၄၆၄
ယွန်း, ဂျွန်း, ဂရိတ် ၁၉၅
ယိုးဒယား ၁၄၂၊ ၄၅၈၊ ၄၅၉
ယိုးဒယား (ထိုင်းနိုင်ငံ) ၄၁၉
ယုဆုနင်ဘုရှု ၃၉၂
ယုဒတိုင်း နိုင်ငံ ၂၂၅
ယုတ်နိမ့်သောယာဉ် ၂၃၈
ယိုတိုကူ ၃၅၀
ယှမ်းဖူးမြို့ ၃၃၉
ယူချီ ၂၄၈
ယူသိဒိပုမင်း ၁၉၈

------- × -------

[ ရ ]

ရက္ခပူရ ၃၂၀၊ ၄၆၇
ရက္ခိတ ၈၀၊ ၁၀၀
ရဋ္ဌပါလနန္ဒ ၄၅
ရဋ္ဌိက ၁၁၇
ရတနဂီရိမြို့ ၁၁၉
ရတနမာလာ ၃၆၇
ရတနဝဇိရ၊ အရှင် ၃၆၃
ရတနာဝလီ ၃၉၉
ရဗိ ၁၉၇
ရဝဏ ၈၇
ရဝိန္ဒရာနာထယိုသ ၂၅၇
ရသ ဓမ္မ ၁၅
ရဟန္တဂိုဏ်း ၄၄၀
ရဟူဒီလူမျိုး ၃၅၉
ရဟန်း ၄၀၆
ရဟန်းတော် နဂတ်ချို ၃၆၇
ရဟန်းတော်ဖါဟိုင် ၂၀၀၊ ၃၂၁၊ ၂၉၃
ရဟန်းတော်ဝှင်သျှင် ၃၂၁၊ ၃၄၃၊ ၃၇၄
ရဟန်းတော်အီသျှင် ၃၇၅
ရာဇဂိရိကာဂိုဏ်း ၄၃
ရာဇဂီရိမြို့ ၃၂၉
ရာဇဂုရု ၂၃၁
ရာဇဂြိုဟ် ၄၅၆
ရာဇတရင်္ဂိနီ ၈၈
ရာဇပုတ္တပြည်နယ် ၂၃၃
ရာဇပုတ္တ ဝူဇရာတ သိန္ဓု နယ် ၂၂၉
ရာဇရဋ္ဌ ၃၉၆
ရာဇဝင် ၄၁၉
ရာဇဝင်အချို့၌ မရေးမနှောင်း-
ရောက်ကြောင်း ၂၆၇
ရာဇသူ ၄၄၅
ရာဇသိန် ၄၄၅
ရာဇာဓိရာဇ ၃၇၇
ရာဇာဘိသေက မင်္ဂလာသဘင် ၆၀
ရာမဂါမ ၃၂၈
ရာမဂါမမြို့ ၃၂၆
ရာဇောရိ တိုင်းနယ် ၃၂၃
ရာမည ၄၅၈
ရာမညဂိုဏ်း ၁၄၅
ရာမညတိုင်းကြီး ၄၆၇
ရာမဂမ္ဘဟင် ၄၆၀
ရာမနုဇ ၃၀၇
ရာမဝတ္ထု ၂၉၆
ရာဟုလာမထေရ်၊ အရှင် ၄၃၄၊ ၄၃၆
ရာဟုလောဝါဒသုတ္တန် ၁၇၇
ရိပုဥ္စယမင်း ၂၆
ရုဒြဒမန ၁၂၁
ရုဒြာယန ၁၁၂
ရေဝတ ၂၄၊ ၃၇
ရေဝတ၊ အရှင် ၂၁၇

ရေဝမထေရ်၊ အရှင် ၃၄၊ ၃၈၊ ၃၉
ရောရုက ၁၁၂
ရောဟဏ မထေရ်၊ အရှင် ၁၉၉
ရောဟန ၃၉၈
ရင်ဇယ် ၃၉၂
ရှင်ကိုဘာသာ ၃၄၉
ရှင်ဂုန်ဂိုဏ်းကြီး ၃၈၉
ရှင်ဝွန်ရှု ၃၉၂
ရှင်တို ၃၈၆
ရှင်တိုဘာသာ ၃၈၇
ရှင်တစ်ထောင်နတ်ကွန်း ၄၅၇
ရှင်ရန်ဆရာတော်ကလေး ၃၉၀
ရှင်ဘုရင်ဂုဟသိဳ ၂၇၉
ရှင်ရှုဂိုဏ်း ၃၈၉၊ ၃၉၀၊ ၃၉၂
ရှင်ဝိုမင်း ၂၉၂
ရှင်အရည်း ၄၀၅၊ ၄၅၇
ရှမ်း ၁၄၃၊ ၄၅၅၊ ၄၅၈၊ ၄၅၉
ရှမ်း ၉-ပြည်ထောင် ၄၆၄
ရတ်ဆပလာမ ၃၇၇
ရိတ်ရှု ၃၉၂
ရိ-တ်-စုဂိုဏ်း ၃၈၈
ရွှေ ၃၃၉
ရွှေစာရံစေတီ ၄၅၅
ရုပ်ပွားတော် ၂၄၉
ရှောကော့မြို့ ၃၃၆
ရှေးဟန်မင်းမျိုး ၂၈၉
ရှေးဦးအဋ္ဌကထာ ဝိသုဒ္ဓိမဂ်ကျမ်း ၂၇၅


------- × -------

[ လ ]


လကွန်းမြို့ ၄၆၅
လင်္ကာကျမ်း ၃၀၅
လင်္ဂီ သီလဝန် ၂၅
လပုဉ်မြို့ ၄၆၅
လပုံးစေတီတော် ၄၆၆
လပုံးမြို့ ၄၆၅
လလိတ ပတန ၁၅၂
လလိတဝိတ္ထာရ ၃၀၂
လလိတဝိတ္ထာရ ဗုဒ္ဓဝင် ၂၃၄
လလိတာဒိစ္စ ၈၈၊ ၈၉
လလိတာဒိစ္စ မင်းတရားကြီး ၈၉
လလိဘဝိတ္ထာရ ၂၅၇
လာဇနီတိုင်း ၃၃၇
လာနဂလ ၃၃၆
လာမ ၃၈၄
လာမဘာသာ ၃၈၃
လာတ်လာမမင်း ၃၆၃
လာဟိုရ်မြို့ ၃၂၄
လာအို ၁၄၂
လာ- အို- စီ- ဦ လောက်ဇူ ၂၅၃
လာတ်ဆာ ကျောင်းတိုက်ကြီး ၃၇၈
လာတ်ဆာ ကျောင်းတော်ကြီး ၃၇၉
လာတ်ဆွန်ပ ၃၆၆
လိခါပိတာ ၁၄၉
လိချင်ဇန်ပို ၃၆၃
လိစ္ဆဝိမင်း ၁၉
လိပိဒတ္တ ၃၄၂
လီဖန် ၂၄၆
လီယန် ၃၁၉
လီယန်ဝူထီး ၃၁၆၊ ၃၁၉
လီလာဝတီ ၄၀၃
လီသျှင်မြို့ ၃၇၅
လုမ္ဗိနီ ၂၉၀
လုမ္ဗိနီကျောက်တိုင် ၇၂

လုမ္ဗိနီဥယျာဉ် ၁၅၁
လုမ္ဗိနီ အထိမ်းအမှတ်ကျောက်စာ ၁၅၁
လူမျိုးရေးအားဖြင့် ၉၁
လူး လဝ ၄၅၈
လေဟာဝရ ၃၂၄
လေင်္ဂပတိဆေရတ် ၃၆၃
လော ၁၄၂
လောကီသက္ကတသဒ္ဒါကျမ်းကြီး ၄၃၀
လောကေသရမင်း ၃၉၅
လောကုတ္တရ သတ္တဝိဓိ ၃၇၁
လော(လာအို) ၃၅၃
လောဟပါသာဒ လောကဝိဝရဏ ၇၆
လန်ကွမ်မှာ ၄၆၄
လမ်မိယာန်မြို့ ၃၃၇
လက်ဝဲစွယ်တော် ၃၃၂
လက်သန်းအဌကထာ ၃၀၂
လင်အမျိုး ၂၄၇
လိုရန် ၃၀၇
လိုယန်မြို့ ၃၂၁
လိုယန်နယ် ၂၄၈၊ ၂၅၃
လိုယန်နိုင်ငံ ၂၅၂
လှည်းဝင်ရိုးသံ တည်ည်-
ပုဂံဘုရားပေါင်း ၄၅၄
လှေတော်ဒွါရ၌ ၄၄၅
လွတ်လပ်ခြင်း ၄၅၅
လွိလန်နု ၃၃၈


------- × -------

[ ဝ ]


ဝင်္ဂတိုင်း ၃၀၉၊ ၃၃၁၊ ၄၀၅
ဝင်္ဂတိုင်းဘုရင်သသက် ၁၉၀
ဝဂ္ဂ သင်္ဂဟ ၁၅
ဝဇ္ဇာဇီဝ အရှင် ၅၆
ဝဇီရ ဓမ္မဂီတ ၃၆၇
ဝဇီရပါဏိ ၃၇၇
ဝဇီရပါဏိ ဗောဓိသတ္တ ၂၄၂
ဝဇီရမိတ္တ ၁၉၄
ဝဇီရာသန- ကြာပလ္လင် ၂၄၁
ဝဇ္ဇီပုတ္တက ၄၂
ဝဇ္ဇီပုတ္တကဂိုဏ်း ၁၉၂၊ ၂၆၅
ဝဇ္ဇီတိုင်း ၁၉၂၊ ၂၀၂
ဝဋ္ဋဂါမဏိမင်း ၂၁၃၊ ၂၁၄
ဝဋ္ဋဂါမဏိ အဘယမင်းကြီး ၄၀၁
ဝတ္တနိယကျောင်းတိုက် ၁၉၉၊ ၂၀၃
ဝနဝါသိ ၈၀
ဝနဝါသီ ၂၀၃
ဝနဝါသီတိုင်း ၁၀၁၊ ၁၀၃၊ ၁၁၇၊
၂၂၂၊ ၂၂၈
ဝဒရီ ဝလာဘိ ၁၁၂
ဝပနသေန ၈၃
ဝလ္လာဗီ-ဗလာဗီတိုင်း ၃၃၅
ဝသုဗန္ဓု၊ အရှင် ၂၃၄၊ ၂၈၀
ဝသုဗန္ဓုမထေရ်၊ အရှင် ၂၃၁၊ ၂၃၅
ဝဿကာရအမတ်ကြီး ၄၉
ဝါဇိရိယာဂိုဏ်း ၄၃
ဝါလိကာရုံကျောင်း ၃၈၊ ၄၀
ဝါသတဂါမိတ ၃၇
ဝါသိကမထေရ်၊ အရှင် ၂၃၄
ဝါသုဇေဋ္ဌ ၁၉၄
ဝါသုဒေဝကံန ၂၀၇
ဝါသုဒေဝကံန္ဓမင်း ၂၀၇
ဝါသုဒေဝမိတ္တမင်း ၁၉၅
ဝါသုဗန္ဓု၊ အရှင် ၂၃၄
ဝါသုမိတ္တ ၁၉၄

ဝိက္ကမပဏ္ဍိတမင်း ၃၉၅
ဝိက္ကမနီပူရ် ၃၆၁
ဝိက္ကမဗာဟုမင်းသား ၃၉၈
ဝိက္ကမသီလာ ၃၆၂
ဝိက္ကမာဒိစ္စ ၃၀၉၊ ၃၁၀၊ ၃၁၃
ဝိက္ကမာဒိစ္စမင်း ၃၁၃၊ ၃၂၇
ဝိဇယပူရမြို့ ၈၃
ဝိဇယဗာဟုမင်း ၃၉၄၊ ၃၉၆၊ ၃၉၉
ဝိဇယဗာဟုမင်းကြီး ၃၉၅၊ ၃၉၆၊ ၄၁၅
ဝိဋ္ဌကောလိတ၊ အရှင် ၃၆၈
ဝိဠျာင္ခဝီတောအုပ် ၂၀၃
ဝိတသောက ၅၆
ဝိဒရဘာနိုင်ငံ ၂၄၀
ဝိဒေဟတိုင်း ၁၀၅
ဝိနယ ၁၁၊ ၁၅
ဝိနယပိဋက ၁၃
ဝိနယ ဗျာချာသာတ္ထ ၂၃၅
ဝိနည်း ၂၇၀
ဝိနည်းပိဋကတ် ၂၆၁
ဝိပ္ပလိပနမောရိယမြို့ ၃၂၈
ဝိဘင် ၁၀
ဝိဘင်း ၂၇၀
ဝိဘီသန (၁) ၈၇
ဝိဘီသန (၂) ၈၇
ဝိမလက္ခ၊ အရှင် ၂၈၉
ဝိမလစန္ဒ၊ အရှင် ၂၈၁
ဝိမလမိတ္တ၊ အရှင် ၃၄၅
ဝိမလဗုဒ္ဓိငယ် အရှင် ၄၃၁
ဝိမလဗုဒ္ဓိမထေရ်ကြီး အရှင် ၄၃၁
ဝိမလ ရတနလေခန ၃၇၁
ဝိမာနဝတ္ထု ၁၁၊ ၁၄၅
ဝိမာနဝတ္ထု အဋ္ဌကထာ ၃၀၄
ဝိမုတ္တိရသ ၁၁
ဝိမင်တြုမင်း ၁၉၈
ဝိရိယစန္ဒ အရှင် ၃၇၀
ဝိဝက္ချာ- ဗျာချာ ၂၃၆
ဝိဝတ္တသျှ ဝိဝက္ခာ- ဗျာချာန် ၂၃၅
ဝိသယူပ ၂၆
ဝိသာခါသူဌေးသမီး ၄၂၉
ဝိသေသမိတ္တ၊ အရှင် ၂၈၁
ဝိသေသိကကျမ်း ၃၀၂
ဝိသုဒ္ဓဇနဝိလာသိနီ ၂၇၁
ဝိသုဒ္ဓိမဂ္ဂဒီပနီ ၄၆၆
ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ၂၆၆
ဝိသုဒ္ဓိမဂ်ဋီကာ ၃၀၅
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ၃၀၁
ဝိသုဒ္ဓိသီဟ အရှင် ၃၄၅
ဝိသျှမမ္ဘ ၃၂၀
ဝိဟာဒဋ္ဌမင်း ၁၈၈၊ ၁၈၉၊ ၁၉၀
ဝိဟာသတိမိတ္တမင်း ၁၉၅
ဝိဟာရ ၃၆၀
ဝီတိုင်းနိုင်ငံမြို့တော် ၃၁၇
ဝီထီးမင်း ၃၁၈
ဝီနိုင်ငံ ၃၁၈
ဝီရဒေဝ အရှင် ၂၃၂
ဝီရဗာဟုမင်း ၄၀၃
ဝီရိယ ၂၄၀
ဝုမ္မပဗ္ဗဇိတရဟန်းကြီး ၃
ဝုတ္တံပိ စေတံ ဒီပဝံသေ ၂၆၈
ဝုတ္တံပိ စေတံ မဟာဝံသေ ၂၆၈
ဝူဂျရာင်ဌ ဝူဇရာဇ်နယ်-
ဒါရကမြို့တော် ၁၄၁
ဝူဆောင်ဘုရင် ၃၈၁
ဝူဇရဋ္ဌ-ဝူဇရတ် ၃၃၆

ဝူဠန် ၁၃၂၊၁၃၃
ဝူ-ဠန် ၁၃၂
ဝူတန်မြို့ ၃၃၈
ဝူထန် ၁၃၁၊ ၁၃၂၊ ၂၅၂
ဝူမင်းမျိုး ၂၅၂
ဝေတဒေဝီ ၂၉၈
ဝေတ္တနိက ၁၉၆
ဝေဒ ၃၃၅
ဝေဒိသမြို့ ၁၉၄
ဝေဒန္တကျမ်း ၃၄၃
ဝေဒလ္လ ၁၄
ဝေဒိဿကမြို့ ၅၇
ဝေဒိဿဂီရိမြို့ ၁၄၄
ဝေဒိဿ စေတီယတောင် ၁၃၄
ဝေဒီဿဂီရိ-ဆန်ချီ ၃၁၀
ဝေပလ္လပရိနိဗ္ဗာနသုတ် ၂၆၁
ဝေဿာကရဏ ၁၄
ဝဲရာတတိုင်း ၃၃၅
ဝှင်သျှင် ၈၅၊ ၈၈၊ ၉၂၊ ၉၃၊ ၂၉၃၊
၁၀၁၊ ၁၁၆၊ ၁၃၅၊ ၃၁၄၊
၃၁၅၊ ၃၂၀၊ ၃၂၂၊ ၃၂၈၊ ၃၄၃
ဝှင်ချူ ၃၇၅
ဝှင်တာ၊ အရှင် ၃၇၅
ဝှင်သျှင်၊ အရှင် ၉၅၊ ၁၂၉၊ ၃၂၁၊
၃၂၂၊ ၃၂၇၊ ၃၂၈၊
၃၃၀၊ ၃၃၈၊ ၃၇၄
ဝင်ဆင် ဆမစ်သ် ၁၄၆
ဝင်တိ ၃၂၀
ဝံသတိုင်း ၂၀၂၊ ၂၀၆
ဝင်ဆင်ဆမစ် ၁၈၅
ဝပ်-ပရဆာဒ် ဝပ် ပါသာဒ ၃၅၃
ဝမ်ဆွမ် ၂၄၈
ဝမ်ဆွမ်ဆိုက်ယင်- သျှင်ကင် ၂၄၈
ဝမ်-မင်းမျိုး ၂၉၂
ဝမ်ယို အရှင် ၃၄၈
ဝှုအင်သျှင် ၂၉၈
ဝှိနီး၊ အရှင် ၃၇၅

------- × -------

[ သ ]

သကတ ၂၃၂၊ ၂၃၅၊ ၂၅၂၊
၂၈၉၊ ၃၃၀
သကတသဒ္ဒါကျမ်းကြီး ၄၃၀
သကဘုရင် ကနိသကမင်းကြီး ၈၆
သက ဝဿ ၂၃၆
သကဝါဒ ၇၈
သက်န္တိကဂိုဏ်း ၄၂
သက်ရသာမိ အရှင် ၂၈၁
သက်ရာစရိယ ၃၆၀၊ ၃၀၇၊ ၃၇၃
သက်ရာစာရယ ၂၈၇
သက်ဿမြို့ ၃၄၊ ၃၂၆
သက္ကတသဒ္ဒါကျမ်းကြီး ၄၃၀
သက္ကတိုင်း ၁၅၄၊ ၃၂၆
သက္ကရာဇ် ၂၄၅
သက္ကဝါဟန ၃၃၃
သက္ကာဒိစ္စမင်း ၂၈၂၊ ၂၈၆
သခေ်ပ အဋ္ဌကထာ ၂၇၁၊ ၃၀၁
သခေ်ပအဋ္ဌကထာသစ် ၂၆၆
သခ်လိတ္တိမြို့ ၄၀၀
သချာပကာသက စာကိုယ် ၄၆၆
သချေ်ယျပရိဝေဏကျောင်းတိုက် ၁၉၉
သဂါထာဝဂ် ၁၂
သင်္ဂတမင်း ၁၈၈

| | |
|---|---|
| သင်္ဂဟဂ္ဂ | ၃၇၁ |
| သင်္ဂီတိကာရက မထေရ် | ၄ |
| သစ္စဒွယာဝတာရ | ၃၇၁ |
| သစ္စသံယုတ် | ၁၄၅ |
| သစ္စသင်္ခေပလက်သန်းအဋ္ဌကထာ | ၃၀၅ |
| သဉ္စယ | ၄၅ |
| သဍ္ဍီ | ၁၅၇ |
| သတိယပုတ | ၉၉ |
| သတ္တပဏ္ဏိလိုဏ်ဂူ တံခါးအနီး | ၅ |
| သတ္တမသီလာထမ္ဘာနု-<br>သာသနီ ကျောက်တိုင် | ၁၄၉ |
| သတ္တဝိရ | ၇၃ |
| သတ္တဝိရ ရတနာကရ | ၃၇၃ |
| သတ္တဝိရစီလုကက္ခ၊ အရှင် | ၂၅၁ |
| သတ္တဝိရ၊ အရှင် | ၂၉၂ |
| သတ္တသတိက | ၃၈ |
| သတ္တသီလာထမ္ဘာနုသာသနီ | ၁၈၁ |
| သဒ္ဒနီတိ ဗျာကရဏ်း | ၄၃၂ |
| သဒ္ဒဝိန္ဒု | ၃၄၃ |
| သဒ္ဒဗိန္ဒုကျမ်း | ၄၅၀ |
| သဒ္ဓမ္မပုဏ္ဏရိကကျမ်း | ၃၉၀ |
| သဒ္ဓမ္မစက္ကသာမိ၊ အရှင် | ၄၆၆၊ ၄၆၇ |
| သဒ္ဓမ္မပဇ္ဇောတိက | ၂၇၁ |
| သဒ္ဓမ္မပုဏ္ဏရိကသုတ် | ၂၅၂ |
| သဒ္ဒါငယ်ကျမ်း | ၃၀၅ |
| သဒ္ဒါဗျာကရဏ်း | ၃၂၄ |
| သန္တရက္ခိတ၊ အရှင် | ၃၄၄ |
| သန္တိဒေဝ၊ အရှင် | ၂၈၁ |
| သန္တိဝဇ္ဇ၊ အရှင် | ၃၄၅ |
| သန္တိသမဂ္ဂ | ၃၃၀ |
| သန္ဓေဟ | ၂၄ |
| သမစိတ္တ | ၁၄၅ |
| သမဏ သုဝိနယ၊ အရှင် | ၂၅၁ |
| သမတတ္တ | ၃၀၉ |
| သမတိတ္တတိုင်း | ၃၃၁ |
| သမန | ၃၅၇ |
| သမတိတ္တကာမရူပ | ၂၆၁ |
| သမန္တပါသာဒိက | ၁၃၁၊ ၁၃၇၊ ၂၇၀ |
| သမန္တပါသာဒိက ဝိနည်း | ၂၇၂ |
| သမာဓိ | ၂၄၀ |
| သမာဓိသမ္ဘာရပရိဝတ္တ | ၃၇၁ |
| သမိတိဂိုဏ်း | ၄၂ |
| သမီးဥတ္တရ | ၁၀၇ |
| သမုတိရာဇ်မင်း | ၄၀၆ |
| သမုတိသစ္စာ | ၂၄၀ |
| သမုဒ္ဒ ဂုတ္တ | ၃၀၉ |
| သမုဒ္ဒဂုတ္တမထေရ် | ၆၁ |
| သမုဒ္ဒဂုတ္တမင်း | ၃၁၂ |
| သမုဒ္ဒဂုတ္တမင်းတရား | ၃၀၉ |
| သမုဒ္ဒရာ | ၁၁၈ |
| သမုဒ္ဒရာဇ် | ၄၅၁ |
| သမ္ဗုတိမင်း | ၁၈၇ |
| သမ္ဗလ၊ အရှင် | ၂၁၇ |
| သမ္ဘူတသာဝါသီ | ၃၇ |
| သမ္ဘူတမထေရ်၊ အရှင် | ၃၃ |
| သမ္မောဟဝိနောဒနီ | ၂၇၀ |
| သဗ္ဗကာမိ | ၃၇ |
| သဗ္ဗကာမိမထေရ်၊ အရှင် | ၃၆၊ ၃၈၊ ၄၀ |
| သဗ္ဗကာမိ၊ အရှင် | ၃၆၊ ၃၇၊ ၃၉ |
| သဗ္ဗဇဟ | ၄၅ |
| သဗ္ဗညု | ၄၂၉ |
| သဗ္ဗညုစေတီ | ၄၄၈ |
| သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင် | ၁ |
| သဗ္ဗတ္တဝါဒီ | ၂၃၃ |

သဗ္ဗတ္ထိဂိုဏ်း ၄၂
သဗ္ဗတ္ထိဝါဒ ၁၈၆၊ ၁၉၁၊ ၂၃၀
သဗ္ဗတ္ထိဝါဒဂိုဏ်း ၁၉၂၊ ၂၃၄၊ ၃၈၃
သဗ္ဗတ္ထိဝါဒီဂိုဏ်း ၂၈၈၊ ၂၃၃၊ ၂၃၄၊
၂၃၉၊ ၂၉၂
သဗ္ဗတ္ထိဝါဒီဂိုဏ်းကြီး ၂၃၁
သန္ဒေဟ ၂၄
သရဏဂတာဒေသ ၃၇၁
သရီရဓာတ်တော် ၃၃၉
သရက္ခန်ဆင်းတုတော် ၆-ဆူ ၄၂၉
သလာတုရ ၃၂၄
သဝိဒ္ဓကနန္ဒ ၄၅
သဝတ္ထိ ၃၂၇
သဟဇယာန ၃၀၀၊ ၃၀၃
သဟဇာတိမြို့ ၃၅
သဟသမလ္လမင်း ၄၀၃
သဠာယတနဝဂ် ၁၂
သာကနိုင်ငံ ၂၄၈
သာကဗ္ဒ = သာက + အဗဒ ၂၃၆
သာကမင်း ၂၁၆၊ ၃၁၀၊ ၃၂၇
သာကမင်းမျိုး ၂၁၁၊ ၂၉၆
သာကရာဇ ၂၄၅
သာကီကျောင်းတိုက်ကြီး ၃၇၈
သာကီယလာမ ၃၇၇
သာကေတ ၂၈၀၊ ၂၉၀
သာဂရမတိ၊ အရှင် ၂၆၄
သာဂလမြို့ ၁၉၆၊ ၃၂၃၊ ၃၂၄
သာဏ သမ္ဘူတ၊ အရှင် ၃၉
သာနေသင်္ဂဟ ၃၇၁
သာဓာရဏဓမ္မ ၂၄၀
သာမဏော ၄၃၉
သာရသင်္ဂဟ ၃၆၇
သာရတ္ထပကာသနီ ၂၇၁၊ ၂၇၂
သာရိပုတ္တရာ ၂၄
သာရိပုတ္တရာ၊ အရှင် ၂
သာရိပုတ္တသုတ္တန် ဒေသနာတော် ၁၇၇
သာရိပုတ္တ၊ အရှင် ၂၊ ၁၅၅၊ ၄၃၉၊ ၄၆၆
သာလဓမ္မနမင်း ၁၈၈
သာလိဝါဟန ၃၃၃
သာလိသုကမင်း ၁၈၈
သာဝကယာန ၂၈၁၊ ၂၃၉
သာဝတ္ထိ ၃၂၇၊ ၄၅၆
သာဝတ္ထိမြို့ ၂၉၀၊ ၃၂၆
သာသနာ ၇၁
သာသနာတော် ၃၅၅
သာသနာတော် ၁၄၀၀-ကျော် ၃၄၈
သာသနာရေးအားဖြင့် ၉၁
သာသနာလင်္ကာရ ၂၂၈
သာသနာ ဝံသဒီပနီ ၂၂၈
သာသနိကကျမ်းဂန် ၂၅၆
သာဠှ ၃၇
သာဠှမထေရ်၊ အရှင် ၃၅
သာဠှ၊ အရှင် ၃၉
သားတော်အကြီး သုသိမ ၉၁
သားသုဇာတာ သတို့သား ၁၀၈
သိက္ခာသမုစ္စအဘိသမယ ၃၇၁
သိကန်ဒါရ် ၈၉
သိကြားတော်ဘုရားလှ ၁-ဆူ ၄၄၆
သိခဏ္ဍီမင်းသား ၁၁၂
သိဂ္ဂဝ ၂၄
သိဂ္ဂဝမထေရ် ၈၊ ၂၂
သိဂ္ဂဝမထေရ်၊ အရှင် ၅၂
သိင်္ဂီလောဏကပ္ပ ၃၀
သိန္ဒု ၃၂၂

သိန္ဓုခံတပ်မြို့ ၃၃၇
သိန္ဓုတိုင်း ၁၄၁၊ ၃၃၆၊ ၃၅၄
သိန္ဓုမြစ် ၂၀၆
သိန္ဓုသောဝီရတိုင်း ၂၃၇
သိန္နာရ ၁၁၆
သိဒ္ဓပူရ ၉၉
သိဒ္ဓိတ္ထိကာဂိုဏ်း ၄၃
သိပရက အန္ဓတိုင်းသား ၂၀၇
သိယာ ၁၅၀
သိယာမရဋ္ဌ-သျှာမရဋ္ဌ-သျှာမ်း ၄၅၉
သိယာမ သျှာမ ၄၅၈
သိရိယ ၅၁
သိသုနာဂ ၂၆
သီတပဘာ၊ အရှင် ၂၈၁
သီရိကုလမ ၁၄၁
သီရိကုမ္ဘ ၁၄၁
သီရိခေတ္တရာ ၂၇၅
သီရိခေတ္တရာပြည်မြို့ ၄၁၅
သီရိတိဘဝနာ-တိတျပဝရ-
မဟာရာဇာနရ သီဟပတိ ၄၅၂
သီရိတိဘဝနာ-တိတျပဝရ-
သီရိအနိရုဒ္ဓဒေဝ အနော်ရထာ ၄၅၄
သီရိတိဘုဝနာဒိစ္စ ၄၅၄
သီရိတြိဘုဝနာဒိစ္စ ၄၂၁
သီရိတြိဘုဝနာဒိစ္စ ဓမ္မရာဇာ ၄၁၉
သီရိနဂရမြို့ ၈၅
သီရိဗလဗုဒ္ဓဒေဝ ၃၅၅
သီရိ ဗလပုတ္တဒေဝမင်း ၂၈၆
သီရိဘောဇ မြို့ ၃၇၅
သီရိမဟာပရက္ကမမင်းတရားကြီး ၄၀၃
သီရိမာသောကမင်းကြီး ၁၃၇
သီရိမေဃ ၃၉၉
သီရိမေဃဝနမင်း ၃၉၄
သီရိမင်္ဂလ၊ အရှင် ၄၆၆
သီရိဝိဇယနိုင်ငံ ၂၉၈
သီရိဝလ္လဘ ၃၉၉
သီရိသဒ္ဓမ္မလောက-
ပတိစက္ကဝတ္တိရာဇာ ၄၆၆
သီရိသဒ္ဓမ္မလောက-
သုနာပရန္တတမ္ဗဒီပတိုင်း ၄၆၇
သီရိသာရတ် စုန္ဒြဒါသ-
အဂျာလိပညာရှိကြီး ၂၄၀
သီရိအနိရုဒ္ဓဒေဝ ၃၉၈၊ ၄၁၄၊ ၄၂၁၊
၄၄၂၊ ၄၂၇၊ ၄၆၄
သီရိ အနိရုဒ္ဓဒေဝ-အနော်ရထာမင်း ၄၅၄
ပိုလီတိုင်း ၃၅၄
သီရိ အနုရုဒ္ဓါ-အနော်ရထာမင်း ၄၀၇
သီပေါ ၄၆၄
သီလ ၂၄၀
သီလဗုဒ္ဓိ အရှင် ၄၀၇
သီလရက္ခိတ ၃၆၁
သီလဝုမို့၊ အရှင် ၄၄၃
သီလာဘဒ္ဒကျောင်းတော် ၃၂၉
သီလာဘဒ္ဒမထေရ်ကြီး ၃၃၀
သီလာဘဒြ၊ အရှင် ၂၆၄၊ ၂၈၁၊ ၂၈၅
သီဝ ၂၄၃၊ ၂၈၅
သီဝလိထေရဝံသ သံဃပက္ခ ၄၄၀
သီဝလိမထေရ်၊ အရှင် ၄၃၄၊ ၄၃၆
သီဝ၊ အရှင် ၂၁၈
သီဝလိ အရှင်၊ ဂိုဏ်း ၄၃၇၊ ၄၃၈၊
၄၃၉၊ ၄၄၁
သီဟပဘာ မထေရ်ကြီး ၃၃၀
သီဟပူရမြို့ ၃၃၇
သီဟရဿိ၊ အရှင် ၂၆၄

သီဟိုဠ်ကျွန်း ၂၉၁၊ ၃၂၀
သီဟိုဠ်ဂိုဏ်း ၄၄၀
သီဟိုဠ်မထေရ်များဂိုဏ်း ၄၃၇
သီဟိုဠ်ရာဇဝင် ၄၁၉
သီဟဠဘိက္ခုသံဃဂဏ-
သီဟိုဠ်သံဃာဂိုဏ်း ၄၃၉
သီဟဠမင်း ၃၁၄
သုဂီဝမျောက်မင်း ၂၉၆
သုင်္ဂမင်း ၁၉၀၊ ၁၉၃၊ ၁၉၅
သုင်္ဂ ကံန္ဓ မင်းမျိုး ၂၀၆
သုတ္တ ၁၃
သုတ္တနိပါတ ၁၁၊ ၂၇၁
သုတ္တမာလာ ၄၃၀
သုတ္တန္တဓမ္မ ၁၁
သုတ္တဝါဒဂိုဏ်း ၄၂
သုတ္တန်ပိဋက ၂၆၁
သုဒဿ ၁၀၉
သုဒတ္တ ၂၄
သုဒ္ဒ ၄၆
သုဒ္ဒမျိုး မုရာ ၄၇
သုနာပရန္တတမ္ဗဒီပတိုင်း ၄၆၇
သုနိခ ၄၉
သုန္ဒြ ၇၄
သုန္ဒြနန္ဒကာဗျကျမ်း ၃၀၂
သုဓမ္မပူရ ၄၁၅၊ ၄၃၃
သုဓမ္မပူရသထုံပြည် ၄၁၁၊ ၄၁၈
သုဓမ္မပူရ သထုံမြို့ ၁၈၆
သုနိတ ၂၆
သုနိခ, ဝဿကာရ ၄၃
သုပ္ပါရက ၁၀၆၊ ၁၁၀
သုပ္ပါရက သဘော်ဆိပ် ၁၁၀၊ ၁၁၂
သုပ္ပါရက သုပ္ပါရား ၁၂၂
သုဘဒ်ရဟန်းကြီး ၆
သုဘဒ္ဒရံဂိဒေဝီ ၅၆
သုဘဒ္ဒရံဂိမိဖုရား ၅၆
သုမဏသာမဏေ ၁၄၄
သုမတြာ ၂၉၅
သုမတြာကျွန်း ၁၃၈၊ ၁၄၁၊ ၃၅၄၊
၂၉၁၊ ၂၉၇
သုမတြာ- ဆုမတြာ ၂၉၅
သုမန ၃၇
သုမန၊ အရှင် ၃၉၊ ၂၁၇၊ ၂၁၇၊ ၂၁၈
သုမာတြာ ၃၇၄
သုမိတ္တ ၁၄၁၊ ၃၅၄
သုမိတ္တနယ် ၁၄၁
သုမိတ္တ-သုမိတြ ၁၄၁
သုမိတြ ၃၅၄
သုမိတြာ ၁၄၁
သုမိတြာမြို့ ၁၄၁
သုမိတြ သုမိတ္တ ၂၉၅၊ ၃၅၄
သုမင်္ဂလဝိလာသိနီ ၂၇၁
သုမုန္ဒရီ မင်းကြီး ၂၇၅
သုယသမင်း ၁၈၈၊၁၈၉
သုရဋ္ဌ ၁၁၂၊ ၁၁၃၊ ၁၁၅
သုရဋ္ဌတိုင်း ၁၀၆၊ ၃၁၁၊ ၃၃၆
သုရဋ္ဌတိုင်းကျွန်းဆွယ် ၃၃၅
သုရဋ္ဌမဟာရဋ္ဌ ၂၆၁
သုဝဏ္ဏဒီပ ၁၃၈၊ ၂၈၆
သုဝဏ္ဏဒီပ (သုမတြာ)ကျွန်း ၃၅၄၊ ၃၅၅
သုဝဏ္ဏပဘာသ ၂၄၈
သုဝဏ္ဏပဏ္ဍိတ၊ အရှင် ၂၅၁
သုဝဏ္ဏဘူမိ ၈၀၊ ၁၃၈၊ ၂၂၈၊ ၄၅၇
သုဝဏ္ဏဘူမိတိုင်း ၂၀၆၊ ၂၂၈၊ ၂၅၅၊
၂၉၇၊ ၄၁၁

သုဝဏ္ဏဘူမိအရ ၄၅၈
သုဝဏ္ဏမြစ် ၄၉
သုသမနမင်း ၂၀၇
သုသုတဆေးကျမ်း ၁၅၉
သုသုနာဂမင်း ၂၉၊ ၄၄၊ ၄၇
သူဌေးကြီးဥပါလိ ၂၈၀
သူရသေနတိုင်း မထုရမြို့တော် ၃၂၄
သူရိယဂုတ္တ၊ အရှင် ၂၀၃
သေဋ္ဌသေန ၈၈
သေဋ္ဌသေနမင်း ၃၁၃
သေဥဏတိုင်း ၁၁၆
သောက္ကတဲမြို့ ၄၆၅
သောဏ ၈၀
သောဏက ၂၄
သောဏက မထေရ် ၂၂
သောဏမထေရ် ၈၊ ၂၇၄
သောဏမထေရ်၊ အရှင် ၂၃၊ ၁၃၆
သောဏဥတ္တရ၊ အရှင် ၄၄၀၊ ၄၃၄
သောဏုတ္တရ၊ အရှင် ၃၃၄
သောဘိတ ၂၄
သောမသမနမင်း ၁၈၈
သောမဒတ္တပရမိန္ဒြ စူဋာလင်္ကာရ ၁၄၂
သောရေယျမြို့ ၃၄
သောဝိရတိုင်း ၁၁၂
သံကရပူရ ၈၉
သံကရဝမ္မ ၈၉
သံကဿ ၃၂၇
သံခေပ ၃၀၁
သံဂါယနာတင်မင်း ၄၀
သံဂါယနာမတင်မီ ၉-နှစ်-
ကပင်ဖြစ်ကြောင်း ၇၀
သံဃဓမ္မ၊ အရှင် ၂၉၂
သံဃဗောဓိမင်း ၂၅၅
သံဃမိတ္တာ ၅၈
သံဃမိတ္တာ မင်းသမီး ၇၆
သံဃာတော် ၃၀,၀၀၀-ကျော် ၁၈၄
သံဃာတော် ၆-သန်းကျော် ၁၈၄
သံယုတ္တနိကာယ ၁၂၊ ၂၇၁
သံယုတ္တနိကာယ အဋ္ဌကထာ ၂၇၂
သံယုတ္တနိကာယ် ၉၊၁၀
သံယုတ္တနိကာယ်ဋီကာ ၃၀၅
သံယုတ္တနိကာယ်သုတ္တန် ၂၉၃
သံယုတ္တ သင်္ဂဟ ၁၅
သံယုတ္တသံဂီတိ ၉
သံဃရာဇာ ၄၀၆
သံဃရက္ခိတ၊ အရှင် ၂၀၂
သံပြင်အမတ် ၄၃၂
သင်ကြီး မဟာထေရ် ၄၂၆
သျှရိကုလမြို့ ၁၄၁
သျှာမနိကာယ သျှာမ်းဂိုဏ်း- ၁၄၅
သျှူလခရိမ်ဂယာလွ ၃၆၇
သျှာမ်း ၃၁၉
သျှမ်စီ ၂၄၅
သျှိဝမ်ထိ ၂၄၆
သျှိဦး ၂၅၀


------- × -------

[ ဟ ]


ဟဇရီ ၃၅၉
ဟတ္ထိနဂရမြို့ ၂၃၃
ဟယမုခမြို့ ၃၂၆
ဟရိဒယနိစ္ဆိတ ၃၇၁
ဟရိဘုဉ္ဇတိုင်း ၄၆၄
ဟဝိသက ၂၁၂

ဟဝိသကမင်း ၂၁၆
ဟသကမင်း ၂၁၂
ဟာသဝဒ္ဓနမင်း ၃၂၇
ဟိဂါရှီ ၃၉၁
ဟိနယာန ၂၃၈၊ ၂၈၁၊ ၃၀၀
ဟိန္ဒိယောဂကျမ်း ၂၈၀
ဟိန္ဒု ၃၂၂၊ ၃၂၂
ဟိန္ဒူ ၃၂၂
ဟိန္ဒူကူသတောင် ၂၁၁
ဟိန္ဒူကုသတိုင်း ၂၂၉
ဟိန္ဒူနတ် ၂၉၇
ဟိမတလ-ဟိမဝန္တာ ၃၃၈
ဟိမဝန္တာ ၈၀
ဟိမဝန္တဒေသ အာစရိယ ၁၃၅
ဟိမဝန္တာနယ်ပယ် ၁၈၁
ဟိမဝန္တာ သာသနာပြုမထေရ်များ- ၁၃၅
ဟိမာလယ ၂၂၉
ဟိရည ၈၈
ဟိရညပဗ္ဗတ ၃၃၀
ဟိရညဘူမိ ၁၃၈
ဟိရညမင်း ၃၁၂၊ ၃၁၃
ဟိရညဝတီ ၄၉
ဟိရညသေနမင်း ၃၁၃
ဟီအီတောင်ထိပ် ၃၈၈
ဟီဝျှန်ရှူ ၃၉၂
ဟီရာ ၃၅၉
ဟီရော့ဒ်ဘုရင် ၂၂၅
ဟုခရမြို့ ၃၃၇
ဟုဆက ဟုသက မင်းသား ၂၁၁
ဟုန ၃၁၁
ဟုသကပူရမြို့တော် ၂၁၁
ဟူနန်း ၂၅၂
ဟူနန်းနယ် ဟွန်ဂီရိတောင် ၃၁၈
ဟူယ့်ဂိုဏ်း ၃၈၈
ဟူသကပုရမြို့တော် ၂၂၀
ဟူသကမင်း ၂၂၀
ဟူသကမြို့ ၂၂၀
ဟူသျှကပူရ ၈၆
ဟေဇရတ် ၃၅၉
ဟေတုဝိဇ္ဇာ ၃၄၃
ဟေမမာလာ ၂၇၉
ဟေမဝတာဂိုဏ်း ၄၃
ဟောစိုရှူ ၃၉၂
ဟောသဂီတိဂိုဏ်း ၃၄၇
ဟိုစိုဂိုဏ်း ၃၈၈
ဟိုဆန်အရှင် ၃၄၄
ဟိုနင်ဆရာတော်ကြီး ၃၉၀
ဟိုနန်နယ် ချင်လျှူမြို့ ၃၂၀
ဟက်ဗရူးဘာသာ ၂၂၄
ဟက်ဘရူး ၁၂၈၊ ၂၂၆
ဟန်မင်း ၂၄၆၊ ၂၄၇
ဟန်မင်းမျိုး -ဘုရင်မင်းထီး ၄၅၉
ဟွန်းလူမျိုး ၃၁၁

------- × -------

[ အ ]

အကြီးဆုံး ၁၅၄
အချင်နယ် ၁၄၁၊ ၃၅၄
အခြားဂိုဏ်းများ ၃၉၂
အင်္ဂါ ၁၅
အင်္ဂါရစေတီ ၄၇
အဂ္ဂပဏ္ဍိတ၊ အရှင် ၄၃၂
အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး ၅၄
အဂ္ဂဝံသ၊ အရှင် ၄၃၀၊ ၄၃၂

အင်္ဂငူပူရမြို့ ၃၄
အင်္ဂိခန္ဓုပမ သုတ္တန် ၁၀၄၊ ၁၁၀
အင်္ဂိမိတ္တ ၁၉၄
အင်္ဂုတ္တရနိကာယ ၁၀၊ ၁၃၊ ၂၇၁
အင်္ဂုတ္တိုရ် အဋ္ဌကထာ ၉၇၊ ၁၈၆၊
၂၅၉၊ ၂၇၃
အင်္ဂုတ္တရသံဂီတိ ၉
အဂျန္တ ၁၁၀
အဆရ ၂၀၀
အဇယန္တိ ၁၀၆
အဇန္တာ ၁၀၆
အဇာတသတ် ၇၉၊ ၂၃၆
အဇာတသတ္တုမင်း ၂၈
အဇိတ၊ အရှင် ၃၇၊ ၉၅
အဇိတသာက ၂၄၄၊ ၂၉၇
အဇ္ဇ၊ အချင်တိုင်းနယ် ၁၄၁
အဇျန္တ အဇန္တ ၁၁၀
အဇ္ဈုနအရှင် ၂၈၀
အညာသိဟတော ၄၂၉
အဋ္ဌကထာများ ၃၀၄
အဋ္ဌသာလိနီ ၂၇၀၊ ၂၇၂
အဋ္ဌသာလိနီအဋ္ဌကထာ ၂၆၉
အဋ္ဌမသီလာနုသာသနီ ၈-ခုမြောက်
တရားကျောက်စာ ၁၅၀
အတိဆတ္တမြို့တော် ၃၂၆
အထွင့်အထိပ် ၁၅၄
အဒသက နိသီဒန ၃၁
အဒိတိ ၃၈၇
အဒမ် ၃၅၉
အန္ဒြ ၁၁၆၊ ၁၁၈
အန္ဒြတိုင်းနယ် ၆၅
အန္ဒြဘရိတျ ၂၀၇
အန္ဒြမင်းမျိုး ၁၂၁၊ ၂၆၂
အန္ဓတိုင်း ၃၃၁
အန္ဓဘစ္စ ၂၀၇
အန္ဓမင်း ၁၁၆၊ ၂၁၉
အန္ဓလူမျိုး ၂၀၇
အန္ဓ- အန္ဓရ ၂၂၇
အန္ဓ အဋ္ဌကထာ ၂၇၁
အန္တတိုင်း ၂၈၀
အနမတဂ္ဂ ပရိယာယ ကထာ ၁၀၀
အနာဂတဘယ ဒေသနာတော် ၁၇၇
အနိရုဒ္ဓါမင်း ၄၁၄
အနိဂိုဏ်း ၃၇၈
အနု ၃၄၂
အနုမတိကပ္ပ ၃၀
အနုရာဓမြို့ ၃၉၆
အနုရာဓပူရမြို့ ၄၀၀
အနုရီကာ ၃၆၇
အနုရုဒ္ဓါ ၂၉၊ ၄၀၆
အနုရုဒ္ဓါမထေရ်၊ အရှင် ၃၀၂၊ ၃၀၅
အနုလာ ဒေဝီမိဖုရားကြီး ၁၄၅
အနုဠာဒေဝီ မိဖုရား ၂၂၃
အနင်္ဂလေခါ ၈၅
အနင်္ဂဘပန ၈၅
အနန္ဒပူရမြို့ ၃၃၅
အနန္တဂဏ္ဍ [illegible] ၃၆၃
အန္ဒရဘ ၃၃၇
အနန် ၁၄၂၊ ၂၉၇
အနော်ရထာ [illegible] ၄၀၆၊ ၄၂၁၊ ၄၄၇၊
၄၄၈၊ [illegible]၊ [illegible]
အနော်ရထာမင်းစော [illegible]
အနောက်မြောက်ပိုင်း [illegible]
အနောက် ဝနဝါသီတိုင်းနယ်များ [illegible]

အနည်းဂိုဏ်း ၂၃၈
အနှစ် ၂၀၀၀ ၄၀၄
အပဒါန ၁၁၊ ၂၇၁
အပဒါန အဋ္ဌကထာ ၃၀၄
အပရသေလိကာဂိုဏ်း ၄၃
အပရန္တ ၈၀၊ ၁၁၅၊ ၂၆၁၊ ၂၉၅
အပရန္တတိုင်း ၁၀၅၊ ၁၁၇၊ ၁၈၁၊
၂၀၃၊ ၂၀၄၊ ၂၂၂၊ ၂၂၈
အပ္ပမာဒ တရားတော်မြတ် ၄၀၈
အပွိရောဆ်တိုင်း ၁၂၇
အပိမိတြ အဂ္ဂမိတ္တ ၁၉၄
အမ္ဗကာပမြို့ ၁၉၇
အဗ္ဘုတ ဓမ္မ ၁၄
အဗူဖဇရ် ၈၉
အဘယဂီရိဂိုဏ်း ၂၁၆၊ ၂၆၇
အဘယဂီရိဝါဒီဂိုဏ်း ၂၆၇
အဘယဂီရိ ဝါသီဂိုဏ်းကြီး ၄၀၁
အဘိဓမ္မ ၁၁
အဘိဓမ္မဓရ အရှင်အာနန္ဒဂုတ္တ ၃၇၃
အဘိဓမ္မပိဋက ၁၃
အဘိဓမ္မ ဗျာချာသာတ္တ ၂၃၅
အဘိဓမ္မတ္ထသင်္ဂဟကျမ်း ၃၀၂
အဘိဓမ္မာဝတာရ ၃၀၁
အဘိဓမ္မာသာတ္တ ၂၈၅
အဘိဓမ္မာ ၂၅၈၊ ၂၇၀
အဘိဓမ္မာ အနုဋီကာ ၃၀၅
အဘိဓမ္မာကောက်နှုတ်ချက်များ ၂၆၁
အဘိဓာန် ၃၀၅
အဘိမညျမင်း ၃၁၂
အဘိမနျူ ၈၇
အမတေ-ရစုအိုမိကာမိ-
ကောင်းကင်ဘုရင်နေနတ် ၃၈၇
အမမိတကပ္ပ ၃၀
အမရဝတီ ၂၆၂၊ ၃၇၂
အမရဝတီမြို့တော် ၂၁၀
အမရပူရဂိုဏ်း ၁၄၅
အမိကော် ၃၅၂
အမိတာ ၃၉၉
အမိန့်တော် ၇၁
အမြတ်ဆုံး ၁၅၄
အမည်တော်သဘင်ပွဲ ၇၃
အယုဒ္ဓယ ၂၈၀၊ ၂၉၀၊ ၃၂၇
အယုဒ္ဓ သာတေသမြို့ ၃၂၆
အယုဒ္ဓယမြို့ ၃၂၆
အရဋ္ဌန် (အရိယာဋ္ဌာန) ၁၃၂
အရဝါဠနဂါးမင်းကြီး ၈၁၊ ၉၀
အရသာ ၁၁
အရဟံအရှင် ၂၂၈
အရဟံ၊ အရှင် ဂိုဏ်း ၄၃၇၊ ၄၃၈၊ ၄၃၉
အာရဟံ အက္ခရာ ၁၃၂
အရိဋ္ဌအရှင် ၂၁၇
အရိယသစ္စဒွယ ၃၆၇
အရိယပါသိကမထေရ်အရှင် ၂၃၀
အရိယဝံသ တရားတော် ၁၇၇
အရိယာကာသအရှင် ၂၅၁
အရိယာဝံသ ၄၃၃
အရိယာဝတ္တနယ်ပယ် ၃၀၉
အရိယာအရဟန္တဂိုဏ်း ၄၄၀
အရှေ့ဝင်္ဂတိုင်း ၃၀၉
အလက္ကဇန္ဒာ ၄၈၊ ၅၀၊ ၁၆၅
အလက္ကဇန္ဒရိယ ၁၉၆
အလသန္ဒ ၇၁၊ ၁၉၆၊ ၂၀၃၊ ၂၀၄
အလသန္ဒ အလက္ကဇန္ဒြ ၇၁၊ ၁၉၈
အလသန္ဒ(အယ်လက်ကဇန္ဒာ) ၃၅၇

အလာဘတ် ၃၀၉
အလာဘတ်နယ် မနကုဝရ ၃၁၀
အလိကသုဒရ ၁၂၇
အလိကသုဒရမင်း ၁၆၅
အလိကသံဒရဘုရင် ၆၉
အလိက္ကဇန္ဒာကာနင်ဂဟံ ၁၃၄
အလ္လကပ္ပ ၄၅၆
အလ္လကပ္ပစေတီ ၃၂၈
အလင်း, အမှောင် ၃၇၆
အလောင်းစည်သူမင်း ၄၂၈
အလောင်းစည်သူ ၄၄၇၊ ၄၄၈၊ ၄၅၄
အလိုရ်မြို့ ၃၃၆
အဝလောကိကမ္မ ၂၄၀
အဝလောကိတေသရ ၂၄၁၊ ၃၅၃
အဝလောကိတေသရကျောင်းတော်ကြီး ၃၂၉
အဝါဂိုဏ်း ၃၇၈
အဝိဇဟိဘဌာန ၁၅၁
အဝိဒ္ဓကန္နကျောင်း ၃၂၈
အဝန္တိတိုင်း ၂၀၂၊ ၂၀၃၊ ၃၃၆
အဝန္တိတိုင်း ဥဇ္ဇေနီမြို့တော် ၃၁၃
အဝန္တိပူရ ၈၆
အသောက ၅၆၊ ၆၀၊ ၆၄၊ ၁၈၉၊ ၃၂၀
အသောကဓမ္မရာဇာ မင်းတရားကြီး ၂၃
အသောကမင်းသား ၉၁
အသောကဝဒ္ဓနမင်းတရား ၆၂
အသောကာရာမ ၁၈၄
အသောကာရာမ ကျောင်းတိုက်ကြီး ၇၃
အသောကာရုံ ၂၀၃
အသောကာရုံကျောင်းတိုက် ၇၃၊ ၁၈၅
အသောကာဝဒါန ၅၅၊ ၁၅၁၊ ၁၅၄
အသံ ၂၃၂
အသင်္ဂအရှင် ၂၈၀
အသုဝမ္မမင်း ၃၄၁
အသွယောသ၊ အရှင်-
စီရင်သော ဗုဒ္ဓစာရိတ ၃၀၂
အဿက ၁၀၆
အဿယောသ ၂၃၄
အဿကတိုင်း ၁၀၈
အဿဂုတ္တမထေရ်၊ အရှင် ၁၉၆
အဟောဂင်္ဂါ ၃၃၊ ၇၂၊ ၇၈
အဠကရော မထေရ်၊ အရှင် ၁၃၁
အာကာသ ပုပ္ဖ ဓမ္မ ၂၄၃
အာဂရာ ၂၃၀
အာစရိယ ဗောဓိသတ္တ ၃၄၄
အာစရိယစန္ဒကိတ္တိ၊ အရှင် ၃၆၁
အာစိဏ္ဏကပ္ပ ၃၀
အာတဗ္ဗဏ ၃၄၃
အာဒိစ္စ ၃၈၇
အာဒိစ္စဝံသ မဟာခတ္တိယ အနွယ် ၂၆
အာနန် ၂၉၇
အာနန္ဒထေရဝံသ သံယပက္ခ ၄၄၀
အာနန္ဒာ အရှင် ဂိုဏ်း ၄၃၇၊ ၄၃၈၊ ၄၄၁
အာနန္ဒာမထေရ်၊ အရှင် ၄၃၄၊ ၄၃၆
အာနန္ဒာ၊ အရှင် ၂
အာနန္ဒာ၊ အရှင် စေတီတော် ၁၅၆
အာဖဂန်တိုင်း ၃၃၇
အာမဏ္ဍာဂါမဏိမင်း ၂၂၃
အာယုပါလမထေရ်မြတ်ကြီး ၁၉၉
အာရဗီ ၃၂၂
အာရဗီတိုင်း ၃၅၈
အာရဘီယံ ၁၂၈
အာရယ ဝါမန်၊ အရှင် ၃၇၅
အာရိသိယ၊ အရှင် ၂၅၂
အာလောကလိုဏ် ၂၁၄

အာလောကိ-တေသရကျောင်း ၃၂၉
အာဝါသိကမြို့ ၃၁၄
အာဝါသကပွဲ ၃၀
အာသိဝိသောပမ ၈၂
အာသံနိုင်ငံ ၂၆၁
အာသန် ၃၀၉
အာသန်တိုင်း ၄၀၅
အာသန်နယ် ၃၃၆
အိန္ဒူ ၃၂၂
အိန္ဒူ မြစ်ဝှမ်း ၃၂၂
အိန္ဒိယ ၃၁၅၊ ၃၇၅
အိန္ဒိယထေရဝါဒ ၃၁၄
အိန္ဒိယနိုင်ငံဘုရင်ခံချုပ် ၉၀
အိန္ဒိယရာဇဝင်ဆရာကြီး ၁၉၄
အိလောန်၊ အရှင် ၃၇၅
အိသျှင်၊ အရှင် ၃၇၄
အဲလိုရာ ၁၀၆၊ ၁၁၁
အော်ရစ္ဆာ ၂၄၃
အံတိဂိုနော့ ၁၆၅
အံတိယောဂ ၆၉၊ ၉၉၊ ၁၂၅
အံတိအိုက ၁၂၇
အံတိကိနဘုရင် ၆၉
အံတိယာလဆိဒ ၁၉၅
အံတိကိနိဘုရင် ၁၆၅
အိုဘကု ၃၉၂
အို န္ဒွားသေပြီ ၄၄၉
အို အဘ ၄၄၉
အုံတိကိနီ ၁၂၇
အင်ကြင်း ၂၉၀
အင်ကြင်းဥယျာဉ် ၁၅၁
အင်ဒိုချိုင်းနား ၂၉၇
အင်ပါရာဘုရင်မကြီး ဆူအိကို ၃၈၆
အမ်ဒိုမြို့ ၃၇၈
အေဒီ ၂၂၅
အောင်မင်း ၃၈၅
အက်ဆက်နိုဇမ် ၃၅၈
အက်ဆင်နိဇမ်- က္လသိနိသ ၂၂၅
အက်ပိုလိုဒ ၁၉၈
အက်ပိုလိုဒိုတု (၁) ၁၉၈
အက်ပိုလိုဒိုတု (၂) ၁၉၈
အပ်ဂျ် အဇ္ဇ ၁၄၁


------- x -------

[ က္လ ]


ကလဂျိစ် ၇၁
ကလွိုယအရှင် ၂၁၇
ကလတိဝုတ္တက ၁၁၊ ၁၄
ကလတိဝုတ္တ အဋ္ဌကထာ၊ ၃၀၄
ကလဒ္ဒိပါဠိဟာရိယ ၂
ကလန္ဒဝုတ္တမထေရ် ၇၆
ကလန္ဒဝုတ္တ၊ အရှင် ၂၀၂
ကလန္ဒြိဇိတ ၈၇
ကလန္ဒြဒီပ ၁၃၈
ကလန္ဒြပါလိတ ၁၈၇
ကလဘ ၁၁၆
ကလသရေလယ ၂၂၄
ကလသိနိသ ၂၂၅၊ ၃၅၇
ကလသိနိသ အက်ဆင်နိဇမ် ၂၂၅
ကလသိပတန မိဂါဒါဝုံ ၁၅၁၊ ၃၂၈
ကလသေန ၇၁
ကလသေနေသ၊ အရှင် ၁၂၇


------- x -------

[ ဥ ]

ဥက္ခေပနိယကံ ၃၃
ဥဂ္ဂသေန ၄၆
ဥဂ္ဂသေနနန္ဒ ၄၅
ဥဇနာ ထီးလို မင်းလို ၄၄၈
ဥဇနာမင်း ၄၅၂
ဥဇ္ဇေနီ ၁၀၆၊ ၂၃၃
ဥဇ္ဇေနီမြို့ ၃၃၆
ဥဇ္ဇေနီမြို့စား ၁၅၆
ဥဋ္ဋိယ၊ အရှင် ၂၀၇
ဥဏှိသ ၂၃၃
ဥတခန္ဓမြို့ ၃၃၇
ဥတ္တရ ၈၀
ဥတ္တရပထ ၅၇၊ ၁၀၅၊ ၃၂၂၊ ၃၄၀
ဥတ္တရမထေရ်၊ အရှင် ၁၃၆
ဥတ္တရ၊ အရှင် ၃၆၊၂၀၃
ဥတ္တရာဇီဝ ၄၃၂၊ ၄၃၃၊ ၄၃၄
ဥတ္တရာဇီဝ၊ အရှင် ၄၃၂၊ ၄၃၃၊
၄၃၃၊ ၄၄၆၊ ၄၄၇
ဥတ္တိယမထေရ်၊ အရှင် ၂၀၇
ဥတ္တမာရာမ၊ အရှင် ၄၆၆
ဥဒယဂိရိ ၃၃၂
ဥဒယဘဒ္ဒမင်း ၂၈၊ ၄၉
ဥဒယာနတိုင်း ၂၀၀
ဥဒရ ၃၃၇
ဥဒါန ၁၁၊၁၄
ဥဒါန သင်္ဂဟ ၁၅
ဥဒါန အဋ္ဌကထာ၊ ၃၀၄
ဥဒိတမင်း ၃၂၄
ဥဒိစ္စပြာဟ္မဏမျိုး ၅၆
ဥဒ္ဒိဿစေတီတော် ၄၁၆၊ ၄၂၉
ဥဒုပ္ပရ ၁၁၂
ဥဒုမ္ဗရ ၃၃၆
ဥဒုမ္ဗရမြို့ ၃၄
ဥဒုမ္ဗရဝါသီ ၄၀၂
ဥဒျာန ၂၈၉၊ ၃၂၂
ဥပဂုတ္တမထေရ်၊ အရှင် ၇၃၊ ၁၅၄
ဥပဇ္ဈာယ် မထေရ် ၅၃
ဥပတိဿ၊ အရှင် ၂၁၈
ဥပဒေသ ဗျာချာသာတ္ထ ၂၃၅
ဥပရိပဏ္ဏာသ၌ သုတ်ပေါင်း-၅၀ ၉
ဥပသေနမထေရ်၊ အရှင် ၃၁၅
ဥပါလိမထေရ်၊ အရှင် ၇၊ ၈၊ ၂၂
ဥပါသကာဘုရင်မင်း ၂၄၉
ဥပ္ပါတသန္တိကျမ်း ၄၆၇
ဥရှ ၃၃၈
ဥဘက ၄၅
ဥသက ဟုသျှ ၈၅
ဦးကျည်ပွေ့ ၄၅၂
ဦးခန္တီ ၉၀

--- × -------

[ ဧ ]

ဧကန္တသိဒ္ဓိ ၃၃၀
ဧကဗျောဟာရဂိုဏ်း ၄၁
ဧရာဝတီ ၁၉၇
ဧဝ ၃၅၉

------- × -------

[ ဩ ]

ဩဒန္တပုရိ ၃၆၁
ဩဒြ ၃၃၁

| | |
|---|---|
| ဩဒြကမိတ္တမင်း | ၁၉၅ |
| ဩဒြက ဩဒက | ၁၉၄ |
| ဩရိသ | ၂၄၃ |
| ဩရိသတိုင်း | ၃၃၁ |
| ဩပေါကိအင် | ၃၃၃ |
| | |
| ၉-ခရိုင် | ၄၁၆ |
| ၁၄-ရပ်သော ပဓာန-<br>ကျောက်စာကြီးများ | ၇၁ |
| ၁၅၀-မင်းဆက် | ၄၀၄ |
| ၁၉၀-သော မောင်းမ | ၂၅၀ |
| ၁၁၀၀-ကျော်, ၁၂၀၀-အတွင်း | ၃၄၁ |
| ၁၁၈၁-ခုနှစ် | ၃၂၈ |



အမှတ် ၃.၈.၈၂
ရက်စွဲ ...............
သုတေသနစာကြည့်တိုက်

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤဗုဒ္ဓနိုင်ငံတော် ကျမ်းကြီး ၃-ကျမ်းတို့ကို အဆက်မပြတ်
လည်ပတ်ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ
ပညာသံဝေဂ္ဂနိကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာများ

(ဦးမြင့်လွင်) + ဒေါ်သင်းသင်း

သား

ဒေါက်တာချမ်းငြိမ်း+ဒေါက်တာစိုးစိုးညွန့်

ကိုစောငြိမ်း, ကိုလှမျိုး, ကိုမင်းသန့်

ခြံအမှတ် (၈၈/၃)၊ ၈၅-လမ်း
၃၂×၃၃-လမ်းကြား၊ မန္တလေးမြို့

ကောင်းမှု